http://www.dhammadownload.com



ဤကျမ်းစာ

- သန္ဓိပုဒ်ဖြတ်၊ ပုဒ်စပ်ပုံများ
- ထူးခြားသော ရှပ်ပြီးပုံများ
- ကျမ်းရင်းအဓိပ္ပါယ်များ
- သိမ်မွေ့နက်နဲ ခက်ခဲသော အဆုံးအဖြတ်များ

အကုန်အစင် အစုံအလင် ပါဝင်စေလျက်
စာချ/စာသင် သံဃာတော်အရှင်မြတ်တို့အတွက်
အကျိုးသက်ရောက်မှုရှိအောင်
ရေးသားတင်ပြထားသောကျမ်းစာတစ်ဆူဖြစ်သည်။

ပဲခူးမြို့

ဝင်းနိမ္မိတာရုံကျောင်းတိုက်

ပဓာန နာယကဆရာတော်

ဝိနယာဓိကပရိယတ္တိ ပထမကျော်
နိုင်ငံတော်အစိုးရ ပထမကျော်
သကျသီဟ၊ စေတိယင်္ဂဏ၊ အစိုးရဓမ္မာစရိယ
အင်္ဂုတ္တရနိကာယပါဋ္ဌိပါရဂူ၊ ဒီဃဘာဏက
အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ
အဂ္ဂမဟာပဏ္ဍိတ

အရှင်ပုနိဋ္ဌာဘိဝံသ

(ကြခတ်ဝိုင်း)

၏

ရူပသိဒ္ဓိရှင်းတမ်း

http://www.dhammadownload.com

ပဲခူးမြို့
ဝင်းနီမွဲတာရုံကျောင်းတိုက်

ဝိနယာဓိကပရိယတ္တိ ပထမကျော်
နိုင်ငံတော်အစိုးရ ပထမကျော်
သက္ကသီဟ၊ စေတိယင်္ဂဏ၊ အစိုးရမဟာစရိယ
အဂ်ုံတ္တရနိကာယပါဠိပါရဂူ၊ ဒီဃဘာဏက
အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ

အရှင်မုနိန္ဒာဘိဝံသ

၏

ရူပသိဒ္ဓိရှင်းတမ်း

http://www.dhammadownload.com

(ပုံနှိပ်မှတ်တမ်း)

စာမူခွင့်ပြုချက် - (၃၂၀၅၁၆၀၉၀၉)

မျက်နှာဖုံးခွင့်ပြုချက် - (၃၂၀၀၅၁၀၆၀၁)

ဆဋ္ဌမ အကြိမ်

ဖေဖော်ဝါရီလ

အုပ်ရေ (၁၀၀၀)

တန်ဖိုး ( )

ထုတ်ဝေသူ - ဦးကျော်ဟင်း

ယုံကြည်ချက်စာပေ

၁၁၃၊၃၃လမ်း၊ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ - ဒေါ်အေးအေး

- စန်းသော်တာ ပုံနှိပ်တိုက်

၈/၅၃၊၅၅လမ်း၊ ပုဇွန်တောင်မြို့နယ်

စာအုပ်ချုပ် - စန်းသော်တာ

http://www.dhammadownload.com

မြတ်ဒါန အလှူရှင်

ကျေးဇူးရှင် နှစ်ပက် မိဘများဖြစ်ကြသော

ဦးကြင်ရှိန်+ဒေါ်တင်လှ (ဓောင်မြင့်ကြည်ရွှေဆိုင်)၊

ဦးယုံ+ဒေါ်ဖြူတို့အား အမှူးထား၍

ဦးအောင်သန်းမြင့် +ဒေါ်ရင်ရင်

သမီး- မယုဉ်ယဉ်ထက်၊ မယဉ်ယဉ်လဲ့၊

မသန္တာအောင်၊ မရတီပြိုးမိသားစု၊

အမှတ်-၂၉၄ (ခ)၊ ၇-ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊

တောင်ဥက္ကလာပ၊၊ ရန်ကုန်မြို့။

http://www.dhammadownload.com

"ကျေးဇူးမော်ကွန်း"

ဤ "**ကြေတ်ဝိုင်း ရူပသိဒ္ဓိရှင်းတမ်း**"ကျမ်းစာကို ပထမအကြိမ် ရိုက်နှိပ်ရာ၌ ထက်သန်ကြိုးမားသော သဒ္ဓါ၊ ပြတ်သားသော စေတနာ၊ အကာ, အနှစ် စိစစ် ဝေဖန် အမှန်ကို သိစွမ်းနိုင်သော ဉာဏ်ပညာတို့ဖြင့်-

ကျေးဇူးရှင် နှစ်ဖက်မိဘများဖြစ်ကြသော ဦးကြင်ရိန်+ဒေါ်တင်လှ (အောင်မြင့်ကြည်ရွှေဆိုင်)၊ ဦးယုံ+ဒေါ်ဖြူတို့ကို ရည်စူး အမှူးထား၍ ကြည်နူးရွှင်ပျ ဒါနပါရမီ, ပညာပါရမီ ဖြည့်ကြသော ရန်ကုန်မြို့၊ တောင်ဥက္ကလာပ၊ (ဂ)ရပ်ကွက်၊ ရာဇာမိရာဇ်လမ်း၊ အမှတ်-၂၉၄ နေ **ဦးအောင်သန်းမြင့်+ဒေါ်ရင်ရင်၊ သမီး- မယဉ်ယဉ်ထက်၊ မယဉ်ယဉ်လဲ့၊ မသန္တာအောင်၊ မရတီဖြူး** မိသားစုအားလည်းကောင်း၊ စာမူချော ရေးကူးပေးသော တပည့်များဖြစ်ကြသည့် **အရှင်ပညာသီရိ** (ထန်းတပင်)၊ **အရှင်ဝိသုဒ္ဓ** (သာသနဓဇ ဓမ္မာစရိယ၊ ကြေတ်ဝိုင်းစာချ ကထိက၊ စစ်ကိုင်း)၊ **အရှင်ဝါယာမ** (သာသနဓဇ ဓမ္မာစရိယ၊ ကြေတ်ဝိုင်းစာချ ကထိက၊ တောင်သာ)၊ **အရှင်သုမန** (သာသန ဓဇဓမ္မာစရိယ၊ ကြေတ်ဝိုင်းစာချ ကထိက၊ မြင်းခြံ)တို့အားလည်းကောင်း၊ ကျမ်းစာများ အဆက်မပြတ် ရိုက်နှိပ်ထုတ်ဝေနိုင်ရေးအတွက် လိုအပ်ချက်မှန်သမျှကို အထူးကြောင့်ကြ စိုက်ဆောင်ရွက်ပေးလျက်ရှိကြသော **အရှင်သုအဂ္ဂ** (တက္ကသိုလ်ဓမ္မာစရိယ၊ BA buddhism အင်းတကော်)နှင့် အရှင်သုခေမိတ (ဓမ္မာစရိယ၊ စာချကထိက၊ ဓမ္မစေတီကျောင်းတိုက်၊ စမ်းချောင်း၊ ရန်ကုန်မြို့)၊ မိမိကျမ်းစာအုပ်များ ဖြန့်ချိရေးကိစ္စတွင် လိုအပ်သမျှကို စေတနာထက်ထက်သန်သန်ဖြင့် တာဝန်ခံဆောင်ရွက်ပေးနေကြသော **အရှင်ကေသရ** (ဓမ္မာစရိယ၊ ကောလင်း)၊ ကွန်ပျူတာဆိုင်ရာကိစ္စများကို အမြဲတစေ ဆောင်ရွက်ပေးလျက် လိုအပ်သော ကွန်ပျူတာပစ္စည်းများကိုပါ လျှဒါန်းနေကြသော **မင်္ဂလာသောင်း ဦးတင်အေး-ဒေါ်မြင့်မြင့်ဦးမိသားစု**နှင့် စာအုပ်များ သယ်ယူခြင်း, ပို့ဆောင်ခြင်းစသောကိစ္စတို့ကို အမြဲကမ်းရွှင်ရွှင်လန်းလန်းဖြင့် စိတ်ပါလက်ပါ ဆောင်ရွက်ပေးနေကြသော ဒကာ **မောင်ဝင်းလွင်၊ မောင်သိန်းထွန်း**တို့အားလည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မော်ကွန်းထိုးမှတ်တမ်းကင်အပ်ပါသည်။

အရှင်မုနိန္ဒာဘိဝံသ
ကြေတ်ဝိုင်းပရိယတ္တိစာသင်တိုက်
ပဲခူးမြို့။

http://www.dhammadownload.com

ဆရာဂုဏ်တော် – မှန်းပူဇော်

အာစေရာနံ ပဂ္ဂဟေန၊ ပတ္တော'ဟမနုဝဓိတံ။
တေသံ ဂုဏော'ဘိပူဇေမိ၊ အဂ္ဂါယ ဓမ္မပူဇယာ။

ဆရာအမြတ် ကျေးဇူးဆပ်

ကြခတ်ဝိုင်းဆရာ၊ ထေရ်မဟာမှ၊
စ၍ဥသုံ၊ ဂုဏ်ပေါင်းစုံနှင့်၊
ကုံလုံပြည့်ငြား၊ ဆရာများ၏။
ကြီးမားကျေးဇူး၊ မြင့်မိုရ်ဦးကို၊
ရည်စူးမျှော်မှန်း၊ ဤရွေကျမ်းဖြင့်၊
ကြိုးပမ်း၍သာ၊ ပေးဆပ်ပါသည်။
ရင်မှာ ပီတိလွှမ်းစေသောဝ်။

http://www.dhammadownload.com

အသင့်ကိုဆင် မသင့်ပြင်

ရူပသိဒ်သင်၊ ရဟန်းရှင်တို့၊
လန်းရွှင်ချမ်းမြ၊ ရှုနိုင်ကြဖို့၊
ရေးပြလိုက်ရာ၊ ကျမ်းရွေစာကို၊
သေချာဉာဏ်ဖြင့်၊ ဝေဖန်ချင့်၍
အသင့်ကို ဆင်၊
မသင့် ပြင်လော့။

http://www.dhammadownload.com

ကြဓတ်ဝိုင်းရူပသိဒ္ဓိရုင်းတမ်း
နိဒါန်းစာလွှာ



ယေ်ယေ်ကပင် စ၍သင််။ ။ မိမိသည် ပဒရူပသိဒ္ဓိကျမ်းစာကို ပထမငယ်တန်းဝင်ရန် သက်ဆိုင်ရာ ကျမ်းစာများကို အားထုတ်စဉ် အသက် ၁၂-နှစ်အရွယ်ကပင် စတင်လေ့လာ သင်ကြားခဲ့ရပါသည်။ ပထမလတ်တန်း, ပထမကြီးတန်းများကို ဝင်ရောက်ဖြေဆိုရန် အားထုတ်သော အခါ၌ အဓိပ္ပာယ်အဖွင့်များ၊ ဟိတ်ပါဠိများ၊ ဂါထာများကို အာဂုံနှုတ်တက် ကျက်မှတ်လျက် သင်ယူခဲ့ပါသည်။

ကွဲပြားစွာ ခွဲခြားနားမလည်။ ။ ထို့နောက် အစိုးရစာချတန်း၊ စေတိယင်္ဂဏစာသင်တန်း, စာချတန်း၊ သကျသီဟစာသင်တန်း, စာချတန်းများကို ဝင်ရောက်ဖြေဆိုသောအခါ၌ကား သက်ဆိုင်ရာ အဖွင့်ဋီကာများ၊ နိဿယများ၊ ဘာသာဋီကာ၊ ဂဏ္ဌိများနှင့် တွဲဖက်ကာ အကြိမ်ပေါင်း မြောက်မြားစွာ ကျယ်ကျယ်ပြန့်ပြန့်, လေ့လာသင်ယူခဲ့ပါသည်။ ထိုမျှ လေ့လာသင်ယူခဲ့သော်လည်း ရူပသိဒ္ဓိလာ အချို့အဓိပ္ပာယ်များကို ကွဲပြားစွာ ခွဲခြားနားမလည်ခဲ့ပါ။ အယူအဆ ကွဲပြားသော နေရာဌာနများ၌ ပိုင်းခြားဝေဖန်၍ ကောန်ကော ဆုံးဖြတ်ချက် မချနိုင်ခဲ့ပါ။

ဆရာကောင်းထံ နည်းခံသင်ယူ။ ။ သကျသီဟစာမေးပွဲ အောင်မြင်ပြီးနောက် ၁၃၃၂-ခုနှစ်တွင် မန္တလေးမြို့, အနောက်ပြင် အဘယာရာမရွှေဂူတိုက်သို့ သွားရောက်နေထိုင်၍ ထိုစဉ်က ဒုတိယ နာယက, ယခု ပဓာန နာယက၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်၊ အမေရိကန်နိုင်ငံ ဟာ့မွန်ဗေးမြို့, ဓမ္မာနန္ဒဝိဟာရကျောင်းတိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ, အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ (D. Litt)ထံ ဘာသန္တရစာပေများ သင်ယူရင်း ရူပသိဒ္ဓိကျမ်းစာကို ပါဏိနီ, ကာတန္တစသော သက္ကတသဒ္ဒါကျမ်းများနှင့် တွဲဖက်နှိုင်းယှဉ်ကာ လေ့လာသင်ကြားရသောအခါမှသာ မိမိ၏တစ်သက်တာတွင် ပင်ကိုယ် အနေအားဖြင့် ဘယ်လိုနည်းနှင့်မျှ အမှန်သိမြင်နိုင်မည်မဟုတ်သော သဒ္ဒါဆိုင်ရာ အနက်အဓိပ္ပာယ် ပေါင်း မြောက်မြားစွာကို သိရှိနားလည်ခွင့်ရခဲ့ပါသည်။ ထိုမျှသာမက ပါဠို, အဋ္ဌကထာ, ဋီကာဆိုင်ရာ ခက်ခဲနက်နဲသော အနက်အဓိပ္ပာယ် အဆုံးအဖြတ် အသွယ်သွယ်ကိုလည်း သိရှိနားလည်ခွင့်ရခဲ့သဖြင့် စာပေနှင့်စပ်၍ ဆရာသခင် ကျေးဇူးရှင်၏ ကျေးဇူးဂုဏ်များမှာ ဆပ်မကုန် ပြောမကုန်နိုင်အောင်ပင် ဖြစ်ရပါတော့သည်။ မိမိ စာချသောအခါ နေ့စဉ်နေ့စဉ် ဆရာသခင် ကျေးဇူးရှင်၏ ဂုဏ်ကို မပြောမိသောနေ့ မရှိသလောက်ပင် ဖြစ်ပါသည်။

နှံ့စပ်ကျွမ်းကျင် မြတ်ခထရ်ရှင်။ ။ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာသဘင်တွင် ပါဝင်၍ ဆဋ္ဌသင်္ဂါယနာတစ်ခေတ်လုံး ရန်ကုန်မြို့, ကမ္ဘာအေးကုန်းမြေတွင် သီတင်းသုံးနေထိုင်ကာ ဝိသောဓက, ပဋိဝိသောဓကစသော တာဝန်များကို ထမ်းဆောင်ခဲ့သည့်ပြင် တိပိဋကာ ပါဠိပြန်မာ

http://www.dhammadownload.com

အဘိဓာန်ကျမ်းကြီးကို စတင်ဦးဆောင် အကောင်အထည်ဖော် ရေးသားခဲ့သောပုဂ္ဂိုလ် ဖြစ်သည့် အားလျော်စွာ ပါဠိ, အဋ္ဌကထာ, ဋီကာများတွင် အလွန်နှံ့စပ်ကျွမ်းကျင်သူ ဖြစ်ပါသည်။ ''ဘယ် ပါဠိတော်, ဘယ်အဋ္ဌကထာ, ဘယ်ဋီကာ ဘယ်နားမှာ ဘာရှိသည်၊ ဘာ မှားနေသည်၊ ဘယ် လို ပြင်ရမည်''စသည်ကို ထိုင်ရာမထ တစ်ခဏချင်းပင် ထောက်ပြနိုင်သောပုဂ္ဂိုလ် ဖြစ်ပါ သည်။ ဘာသန္တရစာပေများကိုလည်း သူမတူအောင် တတ်ကျွမ်းသောပုဂ္ဂိုလ်တစ်ပါးဖြစ်၍ စာပေသင်ကြားပို့ချရာ၌ ဝါဒကွဲပြားသော နေရာများတွင် အထောက်အထား သာဓကများဖြင့် ပိုင်းခြားဝေဖန်ကာ ''ဟောဒါက မှန်တယ်၊ ဟောဒါက မှားတယ်''ဟု ပြတ်ပြတ်သားသား မိန့် ကြားဆုံးဖြတ်နိုင်သည့် ရှာမှရှားသော မထေရ်တစ်ပါး ဖြစ်ပါသည်။ ဆရာတော်ထံမှောက်သို့ ရောက်၍ ၃-နှစ်ကျော်မျှ ဘာသန္တရစာပေများနှင့် သဒ္ဒါဆိုင်ရာ ကျမ်းစာများကို သင်ကြားလိုက်ရခြင်း သည် မိမိဘဝအတွက် ထူးခြားသောအလှည့်အပြောင်းကို ဖြစ်စေ၍ မိမိငယ်စဉ်က တောင့်တခဲ့ သောဆန္ဒကို ပြည့်ဝစေခဲ့ပါသည်။

သတ္တိ ဗျတ္တိ ရရှိ၍လာ။ ။ မိမိသည် စာသင်သားဘဝ ငယ်စဉ်ကာလကပင် သပြေကန် ဆရာတော်, ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပထမစံကျောင်းဆရာတော်, ပထမ အဘယာ ရာမဆရာတော်, ဘာသာဋီကာဆရာတော်တို့၏ ကျမ်းစာများကို ကြည့်ရှုကာ ထိုဆရာတော် ဘုရားကြီးများကို လွန်စွာ အားကျခဲ့သူဖြစ်ပါသည်။ သို့သော် မိမိ၏အရည်အချင်းမှာ ထိုဆရာတော် ဘုရားကြီးများ၏ အရည်အချင်းနှင့် နှိုင်းစာလျှင် နှိုင်းယှဉ်စရာ ဥပမာ ရှာမရလောက်အောင်ပင် အလှမ်းကွာဟ နိမ့်ကျလျက်ရှိပါသည်။ သကျသီဟအောင်ပြီးမှ ဆရာတော် ဘဒ္ဒန္တ သီလာနန္ဒာ ဘိဝံသထံ ရောက်ရှိသွားရခြင်းမှာ မိမိ၏ အရည်အချင်းကို အားမရသဖြင့် အရည်အချင်းပြည့် အောင် ဖြည့်လိုသည့် ကြီးမားသောဆန္ဒကြောင့် ဖြစ်ပေသည်။ ဆရာတော်ထံ ရောက်ရှိသွားခြင်းမှာ မှန်ကန်သော ရောက်ရှိသွားခြင်းဖြစ်ကြောင်း ဆရာတော်၏ သင်ကြားပို့ချချက်များက သက်သေခံခဲ့ ပေသည်။ မှန်ပါသည်- လောကဋ္ဌ လောကီဆရာဖြစ်စေ, လောကုတ္တရာဆရာဖြစ်စေ ဆရာ အတော်များများသည် ''ဆရာစားချန်''၍ သင်ပြလေ့ရှိကြပေသည်။ ဆရာတော်ကား ထိုအမျိုး အစားမျိုး မဟုတ်။ ဆရာစားမချန်ဘဲ ဒိဗိသိသမျှ တတ်သမျှကို တစ်စွန်းတစ်စမျှ မကျန်မကြွင်းရ အောင် လှစ်ဟမိန့်ကြားလေ့ရှိသည့် ထူးထူးခြားခြား ပုဂ္ဂိုလ်တစ်ပါး ဖြစ်သည်။ ဆရာတော်၏ သင်ကြားပို့ချချက်များ, လှစ်ဟမိန့်ကြားချက်များကို ကြားနာရသောအခါကျမှ ကျမ်းစာအတော် များများရှိ သတိလစ်ဟင်း မှားယွင်းရေးသားထားသော အချက်အလက် အတော်များများကို တွေ့မြင်သိရှိရ၍ ''လောကတွင် ပုထုဇဉ်မှန်သမျှ အမှားကင်းသူ မရှိပါတကား''ဟူသော အသိဉာဏ် ကို ရရှိကာ ကျမ်းစာများ ရေးသားဝံ့သောသတ္တိမှာ မိမိသန္တာန်တွင် ကိန်းအောင်းလာပါတော့သည်။ ထိုသတ္တိကို အခြေခံ၍ ကျမ်းစာများကို တကယ်လက်တွေ့ရေးသားဖြစ်သဖြင့် ဗျတ္တိကိုပါ ရရှိခဲ့ သည်ဟု ဆိုရပါမည်။

ဆရာ့စွမ်းရည် အမှီပြု ရေး။ ။ မိမိ ကျမ်းစာများကို ရေးသားရာ၌ ဆရာမြတ်၏ သင် ကြားပို့ချချက်များ၊ မှတ်တမ်းမှတ်ရာများကလည်း များစွာ အထောက်အကူ ပြုခဲ့ပါသည်။ ပထမဆုံး ရေးသားထုတ်ဝေခဲ့သော ''ဆန္ဒောသာရတ္ထဒီပက''ကျမ်းစာမှ စ၍ ရေးသားထုတ်ဝေပြီးသမျှ

http://www.dhammadownload.com

ကျမ်းစာများမှာ ''**ယဿ ပဘာဝမဝလမ္မ မယေဒိသောပိ၊ သမ္မာဒိတော'ဘိမတသိဒ္ဓိကရော ပရတ္ထော**''ဟူသော ဝုတ္တောဒယဆန်းကျမ်းနိဂုံးလာ စကားရပ်ကဲ့သို့ပင် ကျေးဇူးရှင်ဆရာမြတ်၏ စွမ်းရည်သတ္တိကို အမှီပြု၍သာ ဖြစ်ပေါ်လာသော ကျမ်းစာများ ဖြစ်ပါသည်။

အထူးအားဖြင့် ဤ ''ကြခတ်ဝိုင်းရူပသိဒ္ဓိရှင်းတမ်း''ကျမ်းစာမှာ ဆရာသခင် ကျေးဇူးရှင်၏ သင်ကြားပို့ချချက်များ၊ မှတ်စုမှတ်တမ်းများ၊ တိကျပြတ်သားသော အဆုံးအဖြတ်များဖြင့် ထုံမွှမ်းပြုစုထားသော ကျမ်းစာ ဖြစ်ပါသည်။ ထိုအရာများကို ဖယ်ရှားလိုက်လျှင် ဤ ''ကြခတ်ဝိုင်းရူပသိဒ္ဓိရှင်းတမ်း'' ကျမ်းစာမှာ အနှစ်မရှိ အကာအတိသာဖြစ်သော ငှက်ပျောပင်အလားသာ ဖြစ်ပါလိမ့်မည်။

နှစ်ပေါင်းရှည်ကြာ ပို့ချလာ။ ။ မိမိသည် ကျေးဇူးရှင်ဆရာမြတ်ထံမှ အမိမြေကြခတ်ဝိုင်းသို့ ပြန်ရောက်သည့် ၁၃၃၆-ခုနှစ်မှစ၍ ရူပသိဒ္ဓိကျမ်းစာကို နှစ်ပေါင်းရှည်ကြာ တပည့်ပေါင်းမြောက်မြားစွာတို့အား သင်ကြားပို့ချခဲ့သည်မှာ ယခုနှစ် ယခုအချိန်အထိပင် ဖြစ်ပါသည်။ နှစ်အားဖြင့် ရေတွက်ကြည့်လျှင် (၂၈)နှစ်ရှိပါပြီ။ ဤကျမ်းစာကို ပို့ချရင်းရေးသားခဲ့ရာ ပထမဆုံး ပြီးစီးသော ခုနှစ်ကို ထိုစဉ်က မှတ်တမ်းတင်ခဲ့သော စာအုပ်မရှိတော့သဖြင့် မမှတ်မိတော့ပါ။ ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက် ရေသားပြီးသော ခုနှစ်သက္ကရာဇ်မှာ ၁၃၅၂-ခုနှစ်၊ ဝါဆိုလပြည့်နေ့ ည ၉-နာရီ ၃၃-မိနစ် အချိန်ဖြစ်ပါသည်။ ထိုနှစ်မှစ၍ ရေတွက်လျှင်ပင် ဤကျမ်းစာ ရေးသားပြီးနှစ်မှာ (၁၂)နှစ် ရှိခဲ့ပါပြီ။ ကိစ္စတစ်ခု ပြီးမြောက်သည်ဆိုရာ၌ ''ပစ္စယသမဝါယ''ခေါ် အကြောင်းညီညွတ်မှုသည် ပဓာနဖြစ်၏။ အကြောင်းမညီညွတ်လျှင် ကိစ္စတစ်ခု မပြီးမြောက်နိုင်ပေ။ ဤကျမ်းစာကို စက်တင်ပုံနှိပ်ရန် ကြိမ်ဖန်များစွာ ကြံစည်စဉ်းစားခဲ့သော်လည်း အထမမြောက် မပြီးမြောက်ခဲ့။ ဤကျမ်းစာကို မရိုက်နှိပ်ခင် ဤကျမ်းစာကို အခြေခံ၍ ရေးသားစီကုံးခဲ့သော ''ကြခတ်ဝိုင်းရူပသိဒ္ဓိနိယံ''ကိုကား (၁၃၆၁)ခုနှစ်တွင် ရိုက်နှိပ်ထုတ်ဝေဖြစ်ခဲ့ပြီး ဖြစ်ပါသည်။

နိယံရှင်းတမ်း အဖွင့်ကျမ်း။ ။ ယခုမှသာ အကြောင်းညီညွတ်လာသဖြင့် ဤ ''ကြခတ်ဝိုင်းရူပသိဒ္ဓိရှင်းတမ်း''ကျမ်းစာကို ရိုက်နှိပ်ထုတ်ဝေဖြစ်ပါတော့သည်။ ဤကျမ်းစာသည် ပထမရိုက်နှိပ်ထုတ်ဝေခဲ့သော ''ကြခတ်ဝိုင်းရူပသိဒ္ဓိနိယံကျမ်း''၏ အဖွင့်သဘောမျိုးလည်း ဖြစ်ပါသည်။ ထို့ကြောင့် ဤကျမ်းစာ၌ နိယံများကို ထည့်သွင်းမရိုက်နှိပ်တော့ဘဲ အဓိပ္ပာယ်ရှင်းလင်းချက်များကိုသာ (ရူပသိဒ္ဓိနိယံကျမ်းနှင့် ရှေ့နောက် အစီအစဉ် တူနိုင်သမျှတူအောင်) ရေးသား ရိုက်နှိပ်စေခဲ့ပါသည်။

ပြဿနာစုံစွာ ဖြေရှင်းမှာ။ ။ ဤကျမ်းစာကို စာသင်သားများအတွက်သာမက စာချဆရာတော်များအတွက်ပါ ရည်ရွယ်ရေးသားထားပါသည်။ ဤကျမ်းစာကို ကြည့်ရှုလေ့လာသော စာချဆရာတော်များ, ကြည့်ရှုသင်ယူသော စာသင်သားများအနေဖြင့် ယနေ့အထိ ထွက်ပေါ်ပြီး ရူပသိဒ္ဓိဆိုင်ရာ မြန်မာဘာသာရေး ကျမ်းစာတို့တွင် မည်သည့်ကျမ်းစာမှာမှ မမြင်ဖူး မတွေ့ဖူးသေးသည့် ထူးခြားပြတ်သားသော အဆုံးအဖြတ်များ၊ အယူအဆများ၊ အနက်အဓိပ္ပာယ်များကို မျက်ဝါးထင်ထင် တွေ့မြင်ရမည် ဖြစ်ပါသည်။

ဤ ''ကြခတ်ဝိုင်းရူပသိဒ္ဓိရှင်းတမ်း'' ကျမ်းစာသည် ရူပသိဒ္ဓိဆိုင်ရာ ပြဿနာအားလုံးကို

http://www.dhammadownload.com

ရာခိုင်နှုန်းပြည့် ဖြေရှင်းပေးနိုင်မည် မဟုတ်သော်လည်း **အဓိက**ကျသော ပြဿနာ အတော်များများ ကိုကား ပြတ်သားစွာ ဖြေရှင်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

၁၃၆၄-ခုနှစ်၊ နယုန်လဆန်း ၂-ရက်၊
၂၀၀၂-ခုနှစ်၊ ဇွန်လ ၁၂-ရက်၊
ဗုဒ္ဓဟူးနေ့။

အရှင်မုနိန္ဒာဘိဝံသ
ကြခတ်ဝိုင်းကျောင်းတိုက်
ပဲခူးမြို့။

http://www.dhammadownload.com

မာတိကာ

နံပါတ်	အကြောင်းအရာ	စာမျက်နှာ
၁။	မြတ်ဒါန အလှူရှင်	(က)
၂။	ကျေးဇူးမှတ်တမ်း	(ခ)
၃။	ဆရာ့ဂုဏ်တော် မှန်းပူဇော်	(ဂ)
၄။	ဆရာအမြတ် ကျေးဇူးဆပ်	(ဂ)
၅။	အသင့်ကိုဆင် မသင့်ပြင်	(ဃ)
၆။	နိဒါန်းစာလွှာ	(င၊ စ၊ ဆ)
၇။	မာတိကာ	(စျ၊ ည)
၈။	ပဏာမနှင့် ပဋိညာဉ်	(၄)

(၁) သန္ဓိကပ္ပ (သန္ဓိကဏ္ဍ)

၁။	ပဌမကဏ္ဍ	၁-၃၀
၂။	ဒုတိယကဏ္ဍ	၃၀-၄၅
၃။	တတိယကဏ္ဍ	၄၅-၅၉
၄။	စတုတ္ထကဏ္ဍ	၅၉-၆၉
၅။	ပဉ္စမကဏ္ဍ	၆၀-၇၄
၆။	သန္ဓိ ပုဒ်စပ် + ပုဒ်ဖြတ်များ	၇၅-၁၀၅

(၂) နာမကပ္ပ (နာမကဏ္ဍ)

၁။	ပဌမကဏ္ဍ	၁၀၆-၁၃၃
၂။	ဒုတိယကဏ္ဍ	၁၃၃-၁၄၂

http://www.dhammadownload.com

၃။ တတိယကဏ္ဍ ၁၄၂–၁၅၉

၄။ စတုတ္ထကဏ္ဍ ၁၅၉–၁၇၁

၅။ ပဉ္စမကဏ္ဍ ၁၇၁–၁၇၆

၆။ နာမ်ရုပ်ထူးများ ၁၇၇–၁၇၈

(၃) ကာရကကပ္ပ (ကာရကကဏ္ဍ) ၁၇၉–၂၅၂

(၄) သမာသကပ္ပ (သမာသကဏ္ဍ) ၂၅၃–၃၁၇

(၅) တဒ္ဓိတကပ္ပ (တဒ္ဓိတကဏ္ဍ) ၃၁၈–၃၇၅

(၆) အာချာတကပ္ပ (အာချာတကဏ္ဍ) ၃၇၆–၄၈၂

၁။ ပဌမကဏ္ဍ ၃၇၆–၄၀၃

၂။ ဒုတိယကဏ္ဍ ၄၀၃–၄၄၃

၃။ တတိယကဏ္ဍ ၄၄၃–၄၆၂

၄။ စတုတ္ထကဏ္ဍ ၄၆၃–၄၈၈

(၇) ကိတကပ္ပ (ကိတကဏ္ဍ) ၄၈၉–၅၆၉

၁။ ပဌမကဏ္ဍ ၄၈၉–၅၁၇

၂။ ဒုတိယကဏ္ဍ ၅၁၈–၅၃၇

၃။ တတိယကဏ္ဍ ၅၃၇–၅၅၂

၄။ စတုတ္ထကဏ္ဍ ၅၅၂–၅၆၃

၅။ ပဉ္စမကဏ္ဍ ၅၆၃–၅၆၉

(၈) ဥဏာဒိကပ္ပ (ဥဏာဒိပစ္စယန္တနယ) ၅၇၀–၆၀၉

(ရူပသိဒ္ဓိ) နိဂမန ၆၁၀

ကြခတ်ပိုင်းရူပသိဒ္ဓိရှင်းတမ်း ကျမ်းပြီးနိဂုံး ၆၁၁–၆၁၂

http://www.dhammadownload.com

ပဏာမနှင့် ပဋိညာဉ်



အနန္တညာဏိကံ ဗုဒ္ဓံ၊ ရူပသိဒ္ဓတ္ထဒေသကံ။
သက္ကစ္စံ နမ္မ ကဿာ'ဟံ၊ ရူပသိဒ္ဓတ္ထဒီပကံ။

(အဟံ၊ ကျေးဇူးမဟော်, ကြခတ်ဝိုင်းထေရ်အကျော်က, မှည့်ခေါ်ငယ်က, ''မုနိန္ဒ'' တဲ့, နောက်မှတဖန်, ''အဘိဝံသ'', ဘွဲ့ပုံရသဖြင့်, ''မုနိန္ဒာဘိဝံသ'' နာမထင်ပေါ်, တပည့်တော် သည်။) ရူပသိဒ္ဓတ္ထဒေသကံ၊ ပုဒ်အသီးသီး, ရှုပ်ပြီးအသွယ်သွယ်, နက်ဓိပ္ပာယ်ကို, သိလွယ်ထင်ရှား, မြင်ဉာဏ်ပွားအောင်, မနားမနေ, များဝေနေတို့အား, ဟောကြားပြသ, ဆိုဆုံးမတော်မူပေထသော။ အနန္တညာဏိကံ၊ အန္တနိမသိ, ဆုံးမရှိသည့်, ကြီးဘိလျင်မြန်, ပညာဉာဏ်နှင့်, ကေန်မုချ, စုံပြည့် ဝသဖြင့်, အနန္တညာဏ်ရှင်, အမှန်ပင် ဖြစ်တော်မူပေထသော။ ဗုဒ္ဓံ၊ သစ္စာသိတတ်, သိစေတတ်သည့်, နတ်နက်ထွတ်ထား, ရှင်တော်မြတ်ဘုရားကို။ ဝါ၊ ရှင်တော်ဘုရား, အဦးထား၍, တရား– သံဃာ ရတနာနှင့် ဆရာသခင်, ကျေးဇူးရှင်အပေါင်းကို။ သက္ကစ္စံ၊ ရိုသေလေးမြတ်စွာ။ နမ္မ၊ ဂုဏ်တော်အလိလီ, မှန်းမျှော်ရည်လျက်, ရွှင်ကြည်ဖောကပ်, သောမနသ်ဖြင့်, အထပ်ထပ် ညွတ်လျှိုး, ရှိခိုးပြီး၍။ ရူပသိဒ္ဓတ္ထဒီပကံ၊ ရူပသိဒ္ဓိ, မည်ရှိခေါ်မှန်း, လက်သုံးကျမ်း၏, **အဆန်း** တကြယ်, နက်ဓိပ္ပာယ်ကို, အလွယ်သိရန်, နည်းတန်တန်ဖြင့်, ဝေဖန်ရှင်းဘိ, ဗျုပ္ပတ္တိကြောင့်, ''**ကြခတ်ဝိုင်းရူပသိဒ္ဓိရှင်းတမ်း**'', အမည်ဆန်းဖြင့်, တင့်လျှမ်းဝေဆာ, ကျမ်းရွေစာကို။ ကဿံ၊ ရူပသိဒ္ဓိသင်, ရဟန်းရှင်တို့, လန်းရွှင်ချမ်းမြေ့, ရှုနိုင်ကြဖို့, ဆရာ့ဆရာ, သာ့ထက်သာတို့, ကောင်းစွာ ညွှန်ပြ, နည်းနယနှင့်, ရှေးကရေးပြီး, ကျမ်းသီးသီးလာ, ကောင်းနိုးရာကို, မှီးကာမသွေ, ရေးသား စီရင်ပေအံ့သတည်း။

ကောင်း–မြင့်–မြတ်သူ

စိတ်ထား ကောင်းမှ၊ လူ ကောင်းမယ်၊ စိတ်ထား ဆိုး၊ လူဆိုး ဖြစ်လိမ့်မယ်။
စိတ်ထား မြင့်မှ၊ လူ မြင့်မယ်၊ စိတ်ထား နိမ့်၊ လူနိမ့် ဖြစ်လိမ့်မယ်။
စိတ်ထား မြတ်မှ၊ လူ မြတ်မယ်၊ စိတ်ထား ယုတ်၊ လူယုတ် ဖြစ်လိမ့်မယ်။
လူကောင်းတစ်ဆူ၊ ဖြစ်လိုမူ၊ ထိုသူ စိတ်ထား ကောင်းရမယ်။
လူမြင့်တစ်ဆူ၊ ဖြစ်လိုမူ၊ ထိုသူ စိတ်ထား မြင့်ရမယ်။
လူမြတ်တစ်ဆူ၊ ဖြစ်လိုမူ၊ ထိုသူ စိတ်ထား မြတ်ရမယ်။
ကောင်း–မြင့်–မြတ်သူ၊ ဖြစ်ခဲ့မူ၊ ဇမ္ဗူကျော်လို့, တင့်လိမ့်မယ်။

http://www.dhammadownload.com

ကြေတံဝိုင်းရူပသိဒ္ဓိရှင်းတမ်း

''နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ''

''နမော မဟာဝေယျာကရဏဿ အနုန္တဂုဏဿ သတ္ထုနော''

၁။ သန္နိကပ္ပ (သန္နိကဏ္ဍ)

ပဌမကဏ္ဍ

မေး။ အဘယ့်ကြောင့် ''ပဒရူပသိဒ္ဓိကျမ်း''ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ နာမ်, အာချာတ်, ဥပသာရ, နိပါတ်ဟုဆိုအပ်သော လေးပါးသောပုဒ်တို့၏ ရုပ်ပြီးရာ, ပြီးကြောင်းဖြစ်သောကြောင့် ''ပဒရူပသိဒ္ဓိကျမ်း''ဟုခေါ်ဆိုရပါသည်။ (ရူဋီ၊ ၄။)

မေး။ အရှင်ဗုဒ္ဓပိုယမထေရ်သည် ရူပသိဒ္ဓိကျမ်းကို စတင်အားထုတ်ရာ၌ အဘယ်အကျိုးငှါ ''ဝိသုဒ္ဓသဒ္ဒမ္မသဟဿဒီဓိတိ''အစရှိသောဂါထာ ၂-ဂါထာတို့ကို မိန့်ဆိုတော်မူရပါ သနည်း။

ဖြေ။ ရတနတ္တယပဏာမ ရှေ့သွားရှိသော သညာဒိပုဗ္ဗင်္ဂမကို ပြခြင်းအကျိုးငှါ ထိုဂါထာတို့ကို မိန့်ဆိုတော်မူပါသည်။ (၄င်း)

မှတ်ချက်။ ။ ထို ၂-ဂါထာတို့တွင် ပထမဂါထာသည် ဝံသဋ္ဌဂါထာဖြစ်၍၊ ဒုတိယဂါထာသည် ကြန္ဒဝဇ်ရာဂါထာ ဖြစ်၏။

မေး။ ဝိသုဒ္ဓသဒ္ဒမ္မသဟဿဒီဓိတိ-အစရှိသော ဂါထာ၂-ဂါထာတို့၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးပြပါ။

ဖြေ။ ''ဝိသုဒ္ဓသဒ္ဒမ္မသဟဿဒီဓိတိ-အစရှိသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော, တရား သံဃာနှင့် တကွဖြစ်သော ဘုရားရှင်ကိုလည်းကောင်း၊ အရှင်မဟာကစ္စည်းထေရ်ကိုလည်းကောင်း ရှိခိုးပြီး၍ ပဒရူပသိဒ္ဓိကျမ်းကို စီရင်မည်''ဟု ဆိုလိုရင်း ဖြစ်ပါသည်။

မေး။ ဝိသုဒ္ဓသဒ္ဒမ္မသဟဿဒီဓိတိ-အစရှိသော ဂါထာ၌ အဘယ်ပါဠိဖြင့် အဘယ်ကို ပြပါသနည်း၊ အသီးသီး ဖြေဆိုပါ။

ဖြေ။ ဝိသုဒ္ဓသဒ္ဒမ္မသဟဿဒီဓိတိ-ပါဠိဖြင့် လာဘ်လာဘကို ငဲ့ကွက်ခြင်းစသည် ကင်းလျက် တရားဟောခြင်းစသည်လျှင် မှတ်ကြောင်းရှိသော သူတစ်ပါးတို့၏ အစီးအပွားကို ကျင့်ခြင်း၏ ပြည့်စုံခြင်းကို ပြပါသည်။

သုဗုဒ္ဓသမ္မောဓိယုဂန္ဓရောဒိတံ-ပါဠိဖြင့် အနာဝရဏဉာဏ် (သမ္ဗညုတဉာဏ်)ကို ရခြင်း၏ ပြည့်စုံခြင်း၊ ဒသဗလ-စသော ဂုဏ်အာနုဘော်တို့ကို ရခြင်း၏ ပြည့်စုံခြင်းကို ပြပါသည်။

တိဗုဒ္ဓခေတ္တေကဒိဝါကရံ-ပါဠိဖြင့် ဇာတိ, အာဇာ, ဥာဏ, ကမ္မဒို, ဒေသနာ စသည်တို့၏ အာနုဘော်နှင့် ပြည့်စုံခြင်းကိုလည်းကောင်း၊ သူတစ်ပါးတို့နှင့် မတူ ထူးခြားသည်၏အဖြစ်ကိုလည်းကောင်း ပြပါသည်။

http://www.dhammadownload.com

သဓမ္မသံယံ–ပါဠိဖြင့် ဓမ္မကာယ အခြေအရံ, ရူပကာယ အခြေအရံတို့နှင့် ပြည့်စုံခြင်းကို ပြပါသည်။

သိရသာဘိဝန္ဒိယ–ပါဠိဖြင့် ဆိုအပ်ခဲ့ပြီးသော ဂုဏ်တို့ဖြင့် ထူးသော ပူဇော်ထိုက်သော မြတ်စွာဘုရား၌ ကိုယ်, နှုတ်, စိတ်တို့ဖြင့် ဂုဏ်တော်တို့၌ ညွတ်ကိုင်းခြင်း လက္ခဏာရှိသော အလိုရှိအပ်သောအကျိုးကို ပြီးစေတတ်သော ပဏာမကို ပြပါသည်။ (ရူဋ္ဌီ၊ ၃။)

မေး။ ပဋိဝေဓာရေ ဇိတဝါတိ ဇိနော–အရ ဘုရားရှင်၏ မာရ်ငါးပါးအောင်မြင်ပုံကို ရေးပြပါ။

ဖြေ။ ဒေဝပုတ္တမာရ်ကို ဗိလိပါရဲမက်ကို ချေဖျက်ခြင်းခြင်း (ဗလဝိဓမန)၏အစွမ်းဖြင့် အောင်မြင်တော်မူပါသည်။

ကိလေသမာရ်ကို အကြွင်းမဲ့ပယ်ဖြတ်ခြင်း (သမုစ္ဆေဒ)၏အစွမ်းဖြင့် အောင်မြင်တော်မူပါသည်။

အဘိသင်္ခါရမာရ်ကို ပယ်စွန့်ခြင်း (ပဟာန)၏အစွမ်းဖြင့် အောင်မြင်တော်မူပါသည်။

ခန္ဓမာရ်ကို ခန္ဓာဖြစ်ခြင်း၏ အကြောင်းရင်းကို ပယ်ဖြတ်ခြင်း (နိဒါနုပစ္ဆေဒ)အားဖြင့် အောင်မြင်တော်မူပါသည်။

မစ္စုမာရ်ကို နယ်ပယ်ကို လွန်မြောက်ခြင်း (ဝိသယတိက္ကမ)၏အစွမ်းဖြင့် အောင်မြင်တော်မူပါသည်။ (၄င်း)

မှတ်ချက်။ ။ ဆရာမြတ်တို့က သမုစ္ဆေဒ–နှင့် ပဟာန–ကို စာစီခုတည်းဟု ယူဆတော်မူကြသည်။

မေး။ အရှင်ပုဒ္ဓပိုယမထေရ် ချီကျူးထောမနာမူပြုသော ဘုရားရှင်၏ ဂုဏ်ပုဒ်များကို ဖော်ထုတ်ဖြေဆိုပါ။

ဖြေ။ ၁။ အထူးသဖြင့် စင်ကြယ်သော ပရိယတ္တိသဒ္ဓမ္မတည်းဟူသော အထောင်မကသော ရောင်ခြည်ရှိတော်မူခြင်း။

၂။ ကောင်းစွာ ၁ရအပ် သိအပ်သော အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တည်းဟူသော ယုဂန္ဓိရ်ရိတောင်ထက်၌ ပေါ်ထွက်တော်မူလာခြင်း။

၃။ ဇာတိ, အာဇာ, ဗိသယ–ဟူသော သုံးပါးသောပုဒ္ဓဓေတ်၌ တစ်ဆုတည်းသော နေမင်းဖြစ်တော်မူခြင်းတို့ ဖြစ်ပါသည်။

မေး။ ကစ္စာယနဉ္စာစရိယံ နမိတ္စာ–စသော ဂါထာ၌ အဘယ်ပါဠိဖြင့် အဘယ်ကို ပြပါသနည်း၊ အသီးသီး ဖြေဆိုပါ။

ဖြေ။ ကစ္စာယနဉ္စာစရိယံ နမိတ္စာ–ပါဠိဖြင့် ရူပသိဒ္ဓိကျမ်း၏မှီရာ ကစ္စည်းကျမ်းပြု အရှင်မဟာကစ္စည်းမထေရ်ကို ရှိခိုးခြင်းကို ပြပါသည်။

နိဿာယ ကစ္စာယနဝဏ္ဏနာဒီ–ပါဠိဖြင့် မှီရာကျမ်းများကို ပြပါသည်။ (အာဒိ သဒ္ဒါဖြင့် ကစ္စည်းကျမ်းအဖွင့် ရာသကျမ်းနှင့် သဒ္ဒနီရုတ္တိကျမ်းစသည်တို့ကို ယူပါ)။

ဗာလပဗောဓတ္ထံ–ပါဠိဖြင့် ကျမ်း၏အကျိုးကို ပြပါသည်။

ပဒရူပသိဒ္ဓိ–ပါဠိဖြင့် ကျမ်း၏အမည်ကို ပြပါသည်။

ပဒရူပသိဒ္ဓိ–၌ ပဒ–ဟူသော ပုဒ်တစ်စိတ်ဖြင့် အဘိဓေယျကို ပြပါသည်။

ဥဇုံ ဗျတ္တံ သုကတ္ထံ–ပါဠိဖြင့် ကျမ်းပြုပုံအခြင်းအရာ(ကရဏပွကာရ)ကို ပြပါသည်(၄င်း)။

http://www.dhammadownload.com

မေး။ ဂါထာ ၂-ဂါထာဖြင့် သညာဒီပုဗ္ဗပဋ္ဌကကို ပြသည်-ဟုဆိုရာ အဘယ်ပါဠိဖြင့် အဘယ်ကို ပြပါသနည်း။

ဖြေ။ **ပဒရူပသိဒ္ဓိ**-ပါဠိဖြင့် သညာကို ပြပါသည်။
ဗာလပ္ပဗောဓတ္ထံ-ပါဠိဖြင့် နိမိတ်ကို ပြပါသည်။
ကရီဿံ-ဟူသောပါဠိဖြင့် ကတ္တားကို ပြပါသည်။
သုကတ္ထံ-ပါဠိဖြင့် ပရိမာဏကို ပြပါသည်။
ဗာလပ္ပဗောဓတ္ထံ-ဝယ် **ပဗောဓ-ဟူသော ပုဒ်တစ်စိတ်**ဖြင့် ပယောဇဉ်ကို ပြပါသည်

သိမှတ်ဖွယ်များ

နိမိတ် ၂-မျိုး။ ။ သဒ္ဒါအရာ မလိမ္မာကြသေးသည့် စာသင်သားကလေးများသည် **ဗာဟိရနိမိတ်**၊ ထိုစာသင်သား ကလေးများကို အာရုံပြုကာ ခန္ဓာကိုယ်တွင်းမှာ ဖြစ်ပေါ်လာသည့် ကရဏာသည် **အဗ္ဘန္တရနိမိတ်** ဖြစ်သည်။ ဗာဟိရနိမိတ်ကို တိုက်ရိုက်ပြ၍ အဗ္ဘန္တရနိမိတ်ကို ကာရဏူပစာအားဖြင့် ပြသည်-ဟု မှတ်ပါ။

ပရိမာဏ ၂-မျိုး။ ။ အပိုအလွန်နှင့်တကွဖြစ်သော ၁ရ-ဘာဏဝါရသည် **'ဂန္ထ ပရိမာဏ'**ဖြစ်၍၊ သန္ဓိ, နာမ်စသော အပိုင်းအခြားသည် **'ပရိစ္ဆေ ပရိမာဏ'** ဖြစ်သည်။

ပယောဇဉ် ၂-မျိုး။ ။ ရူပသိဒ္ဓိကျမ်းကို သင်ယူခြင်းကြောင့် ရုပ်ပြီးခြင်း,အကွရကောသလ္လညာဏ်နှင့် ပြည့်စုံခြင်းသည် **'မုချပယောဇဉ်'** ဖြစ်သည်။ ထိုအကွရကောသလ္လညာဏ်ကို အရင်းခံ၍ အနက်အဓိပ္ပာယ်မှန်ကို သိရခြင်း, သိသည့်အတိုင်း ကျင့်ခြင်း, ကျင့်သဖြင့် နတ်ရွာသုဂတိနှင့် နိဗ္ဗာန်အထိ ရောက်ရှိနိုင်ခြင်းတို့သည် **'အနုသင်္ဂိက ပယောဇဉ် = ပရမ္ပရပယောဇဉ်'** ဖြစ်သည်။

မေး။ ပဒရူပသိဒ္ဓိကျမ်းကို ရေးသားပုံ အခြင်းအရာ = ရေးသားပုံ အစီအစဉ်ကို ဖော်ပြပါ။

ဖြေ။ ၁။ ကစ္စည်းသုတ်စဉ်အတိုင်း မဆိုပဲ ရုပ်ပြီးပုံအစဉ်အားဖြင့် ဖြောင့်မတ်အောင်၊
၂။ သုတ်၏အရာကို မှတ်သားခြင်းနှင့် ပြယုဂ်ပြီးခြင်း ထင်ရှားအောင်၊
၃။ သန္ဓိ , နာမ်စသည်တို့၌ သဘောတူရာစကားရပ်များကို ပေါင်းစပ်ပြခြင်းအားဖြင့် ကောင်းမြတ်သော အခန်းကဏ္ဍရှိအောင် ရေးသားစီစဉ်ထားပါသည်။

မေး။ ပဒရူပသိဒ္ဓိကျမ်း၏ ဂုဏ်ရည်များကို ဖော်ပြပါ။

ဖြေ။ ၁။ ဥဒု = ကစ္စည်းသုတ်စဉ်အတိုင်း မဆိုပဲ ရုပ်ပြီးပုံအစဉ်အားဖြင့် ဆိုထားသောကြောင့် ဖြောင့်မတ်ခြင်း။
၂။ ဗျတ္တ = သုတ်၏အရာကို မှတ်သားခြင်းနှင့် ပြယုဂ်ပြီးခြင်း၏ ထင်ရှားခြင်း။
၃။ သုကဏ္ဏ = သန္ဓိ,နာမ်စသည်တို့၌ သဘောတူရာစကားရပ်များကို ပေါင်းစပ်ပြထားသောကြောင့် ကောင်းမြတ်သော အခန်းကဏ္ဍရှိခြင်း-တို့ ဖြစ်ပါသည်။

မေး။ အရှင်ပုဒ္ဓပ္ပိယမထေရ်သည် ဤပဒရူပသိဒ္ဓိကျမ်းကို အဘယ်အကျိုးငှါ ကြိုးပမ်းတီထွင်စီရင်ရေးသားတော်မူရပါသနည်း ဖြေဆိုပါ။

ဖြေ။ သဒ္ဒလက္ခဏာကို မသိမမြင်ကြကုန်သေးသော စာသင်ငယ်တို့ သိလွယ်ခြင်း (=ဗာလပ္ပဗောဓ) အကျိုးငှါ ကြိုးပမ်းတီထွင် စီရင်ရေးသားတော်မူခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

သိမှတ်ဖွယ်။ ။ ''သဒ္ဒလက္ခဏာ''ဟူသည် ''ဗျာကရဏ်း''ခေါ် ''သဒ္ဒါကျမ်း'ပင်တည်း။ သဒ္ဒါ လက္ခဏာနှင့် နိပ္ပါဒိယနှင့် တေနာတိ သဒ္ဒလက္ခဏံ၊ ဗျာကရဏာသဿ ကွဒံ အနွတ္ထနာမံ။ (မောဂ်–သျှ၊ ၁၊ ၄၅)

၁၊ ၁။ အတ္ထော အက္ခရသညာတော။ (၁)

မေး။ အတ္ထောအက္ခရသညာတော–ဟူသော အဘိဓေယျပယောဇနဝါကျကို အဘယ်ကို ပြခြင်းအကျိုးငှါ အရှင်မဟာကစ္စည်းဆရာ မိန့်တော်မူရပါသနည်း။

ဖြေ။ မြတ်စွာဘုရားသာသနာတော်ကို သိရခြင်းသည် အက္ခရကောသလ္လဉာဏ်လျှင် အရင်းခံရှိသောကြောင့် ထိုအက္ခရကောသလ္လဉာဏ်ကို ပြည့်စုံစေရမည်–ဟု ပြခြင်းအကျိုးငှါ ''အတ္ထော အက္ခရသညာတော''ဟူသော အဘိဓေယျပယောဇနဝါကျကို အရှင်ကစ္စည်းဆရာ မိန့်တော်မူခြင်း ဖြစ်ပါသည်။

မေး။ အတ္ထော အက္ခရသညာတော–သည် ရူပသိဒ္ဓိဆရာတော်အလို ''သုတ်''ဟုတ် / မဟုတ် စစ်တမ်းထုတ်ခဲ့ပါ။

ဖြေ။ အတ္ထော အက္ခရသညာတော–သည် ရူပသိဒ္ဓိဆရာတော်အလို ''သုတ်'' မဟုတ်ပါ။ ဗျာကရဏ်းကျမ်း၏ ဟောနက်ဖြစ်သော အက္ခရာ(ပုဒ်)တို့၏ အကျိုးကို ပြတတ်သော ''အဘိဓေယျပယောဇနဝါကျ''သာ ဖြစ်ပါသည်။

မေး။ ''အဘိဓေယျပယောဇနဝါကျမိဒမုစ္စတေ''၌ အဘိဓေယျ, အဘိဓေယျပယောဇန, အဘိဓေယျပယောဇန ဝါကျတို့၏ အရတို့ကို တိကျစွာ ကောက်ပြပါ။

ဖြေ။ အဘိဓေယျ–အရ ဗျာကရဏ်းကျမ်း၏ ဟောနက်ဖြစ်သော အက္ခရာ(ပုဒ်)ကို ရပါသည်။

အဘိဓေယျပယောဇန–အရ ပိဋကတ်တော်လာ သဒ္ဒါအရပ်ရပ်၏ အနက်အဓိပ္ပါယ်ကို သိရခြင်းဟူသောအကျိုးကို ရပါသည်။

အဘိဓေယျပယောဇနဝါကျ–အရ ထိုအဘိဓေယျပယောဇနကို ပြတတ်သော ''အတ္ထော အက္ခရသညာတော''ဟူသော ဝါကျကို ရပါသည်။

မေး။ ကစ္စည်းကျမ်း၏ အဘိဓေယျ–ကို ဖော်ပြပါ။

ဖြေ။ အက္ခရာ(ပုဒ်) တို့ ဖြစ်ပါသည်။

မေး။ မြတ်စွာဘုရားသာသနာတော်ကို သိရခြင်း၏အကြောင်းရင်းကို ဖော်ပြပါ။

ဖြေ။ အက္ခရကောသလ္လဉာဏ် ဖြစ်ပါသည်။

မေး။ အက္ခရကောသလ္လဉာဏ်–ဟူသည် အဘယ်နည်း ဖြေဆိုပါ။

ဖြေ။ သရ, ဗျည်းစသည်ပြားသောအက္ခရာတို့၌လည်းကောင်း၊ အက္ခရာအပေါင်းဟူသော နာမ်ပုဒ်စသည်တို့၌လည်းကောင်း လိမ္မာသောသူ၏ ဖြစ်ကြောင်းဖြစ်သောဉာဏ်ကို ''အက္ခရကောသလ္လဉာဏ်''ဟု ခေါ်ဆိုရပါသည်။ (ဋီ၊ ၅။)

မေး။ ရူပသိဒ္ဓိဆရာတော်သည် ''အက္ခရကောသလ္လံ သမ္မာဒေတဗ္ဗံ = အက္ခရကောသလ္လဉာဏ်ကို ပြည့်စုံစေရမည်''ဟု အဘယ့်ကြောင့် တိုက်တွန်းတော်မူရပါသနည်း။

ဖြေ။ မြတ်စွာဘုရားသာသနာတော်ကို သိရခြင်းသည် အက္ခရကောသလ္လဉာဏ်လျှင် အရင်းခံရှိ

http://www.dhammadownload.com

သောကြောင့် ရှုပသိဒ္ဓိဆရာတော်က ယင်းသို့တိုက်တွန်းတော်မူရခြင်း ဖြစ်ပါသည်။

မေး။ အကွရကောသလ္လညာဏ်၏ မြတ်စွာဘုရားသာသနာတော်ကို သိရခြင်း၏ အကြောင်းရင်း ဖြစ်ပုံကို ထင်လင်းအောင် ရှင်းပြပါ။

ဖြေ။ အကွရာ(ပုဒ်)တို့၌ ကျွမ်းကျင်လိမ္မာသောသူ၏ ဖြစ်ကြောင်းဖြစ်ရာ အကွရ ကောသလ္လ ညာဏ်ရှိလျှင် အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံဟုဆိုအပ်သော ပရိယတ္တိသာသနာတော်ကို သိနိုင်ပါသည်။

ပရိယတ္တိသာသနာတော်ကို သိလျှင် သီလ,သမာဓိ, ပညာ သိက္ခာသုံးရပ်တည်းဟူသော ပဋိပတ္တိသာသနာတော်ကို သိနိုင်, ကျင့်နိုင်ပါသည်။

ပဋိပတ္တိသာသနာတော်ကို သိ၍ သိသည့်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်လျှင် လောကုတ္တရာတရားကိုးပါးဟု ဆိုအပ်သော ပဋိဝေဓသာသနာတော်ကို ရရှိနိုင်ပါသည်။

အကွရကောသလ္လညာဏ် မရှိက အစဉ်အတိုင်း မရနိုင် မသိနိုင်ပါ။

ဤသို့လျှင် အကွရကောသလ္လညာဏ်သည် မြတ်စွာဘုရားသာသနာတော်ကို သိရခြင်း၏ အကြောင်းရင်း ဖြစ်ပါသည်။ (ဋီ၊ ၅။)

မေး။ အတ္ထော အကွရသညာတော-၌ အတ္ထော-အရကို ရှုပသိဒ္ဓိဆရာအလိုကျ ဖော်ပြပါ။

ဖြေ။ အတ္ထော-အရ လောကိယတ္ထ, လောကုတ္တရတ္ထ, ဝေါဟာရတ္ထ(=ပညတ္တိအတ္ထ) တို့ကို ယူရပါသည်။

သိမှတ်ဖွယ်။ ။ တေဘူမကဝဋ္ဋတရား၌ အကျုံးဝင်သော ကုသိုလ်စသည်, ခန္ဓာ အာယတနစသည်ဖြင့် ပြားသော သာသဝတရားသည် **လောကိယတ္ထ**၊ မဂ်, ဖိုလ်, နိဗ္ဗာန်, သမ္မုတပညတ်, သန္တာနပညတ် စသည်ဖြင့်ပြားသော ပညတ်များသည် **ဝေါဟာရတ္ထ**။ (ဋီ)။

မေး။ အတ္ထော-ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ အဓိပ္ပါယ်ကိုလည်း ရေးပြပါ။

ဖြေ။ အရီယတိ ဉာယတီတိ အတ္ထော။
သဒ္ဒါတစ်ခုကို မြင်၍, ကြား၍ သိအပ်သောအရာဟူသမျှသည် ''အတ္ထ=အနက်'' မည်ပါသည်။

မေး။ အကွရသညာတော-ပုဒ်ကို ဝိဂြိုဟ်ဆိုပြပါ။

ဖြေ။ သမ္မာ ဉာယတီတိ သညာတော ။
အကွရေဟိ သညာတော အကွရသညာတော။ (ဋီ၊ ၆။)

မေး။ အဘယ့်ကြောင့် ခပ်သိမ်းသော သဒ္ဒါတို့၏အနက်ကို အကွရာတို့ဖြင့်သာ သိအပ်မှတ်အပ်ပါသနည်း ဖြေဆိုပါ။

ဖြေ။ အကွရဝိပတ္တိဖြစ်ခဲ့သော် အနက်ကို ဖေါက်ဖေါက်ပြန်ပြန် မှားမှားယွင်းယွင်း သိရပါသည်၊ (သို့မဟုတ်) ခဲခဲယဉ်းယဉ်း ကြံစည်စဉ်းစားပြီးမှ သိရပါသည်။ (သို့မဟုတ်) လုံးဝ မသိအပ် မသိနိုင်ပါ။ ထို့ကြောင့် ခပ်သိမ်းသော သဒ္ဒါတို့၏အနက်ကို အကွရာတို့ဖြင့်သာ သိအပ်မှတ်အပ်ပါသည်။

http://www.dhammadownload.com

မေး။ ''အက္ခရဝိပတ္တိ''၏ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ရွှတ်ဆို, ရေးသားရာတို့၌ သိထိုလအက္ခရာ၏ ခနိတအက္ခရာ ဖြစ်ခြင်း၊ ခနိတ အက္ခရာ၏ သိထိုလအက္ခရာဖြစ်ခြင်း၊ ဒီဃ၏ ရဿဖြစ်ခြင်း၊ ရဿ၏ ဒီဃဖြစ် ခြင်း–စသည်ဖြင့် အက္ခရာတို့၏ တစ်မျိုးတစ်ဖုံ ဖောက်ပြန်မှားယွင်း ပျက်စီးခြင်းကို ''အက္ခရဝိပတ္တိ''ဟု ဆို ပါသည်။

ဥပမာ– ''အက္ခရဝိပတ္တိယံ''ဟု ဆိုသင့်လျက် ''အက္ခရဝိဘတ္တိယံ''ဟု ရွှတ်ဆို ရေးသားကဲ့သို့ ဖြစ်ပါသည်။

ဆရာမိန့်ဆိုချက်။ ။ဆရာသခင် ကျေးဇူးရှင်ဖြစ်တော်မူသော အဘယာရာမ နာယကဆရာတော် ''အရှင်သီလာနန္ဒာဘိဝံသ''က ''အက္ခရာတို့ စောင်းရွဲ့ လိမ်ဖယ်နေခြင်းကိုလည်း အက္ခရဝိပတ္တိ''ဟုပင် ဆိုချင်ကြောင်း မိန့်တော်မူပါသည်။အကြောင်းမှာ– အက္ခရာတို့ စောင်းရွဲ့လိမ်ဖယ်နေလျှင်လည်း ဒုန္နယ ဖြစ်သောကြောင့်တည်း။

အတ္ထဒုန္နယ။ ။ အနက်ကို ဖောက်ဖောက်ပြန်ပြန် မှားမှားယွင်းယွင်း သိရခြင်း၊ ခဲခဲယဉ်းယဉ်း ကြံစည်စဉ်းစားပြီးမှ သိရခြင်း၊ လုံးဝ မသိအပ်မသိနိုင်ခြင်းကို **"အတ္ထဒုန္နယ"** ဟု ဆိုပါသည်။

မေး။ အက္ခရကောသလ္လဉ္ဉာဏ်သည် အဘယ့်ကြောင့် ဘုရားဟောဖော် ပါဠိတော်တို့၌ ကျေးဇူးများရပါသနည်း။

ဖြေ။ လောကီ, လောကုတ္တရာစသည်အပြားရှိသော ခပ်သိမ်းသောသဒ္ဒါတို့၏ အနက်ကို အက္ခရာတို့ဖြင့်သာလျှင် ကောင်းစွာသိအပ် မှတ်အပ်သောကြောင့် အက္ခရကောသလ္လဉ္ဉာဏ်သည် ဘုရားဟောဖော် ပါဠိတော်တို့၌ ကျေးဇူးများပါသည်။

မေး။ အတ္ထော အက္ခရသညာတော–၌ အက္ခရ–အရကို ဖော်ပြပါ။

ဖြေ။ အက္ခရ–အရ အက္ခရာနှင့် ပုဒ်တို့ကို ယူရပါမည်။

မေး။ အတ္ထော အက္ခရသညာတော–၌ အက္ခရ–အရ အဘယ့်ကြောင့် ပုဒ်တို့ကိုပါ သွင်းယူရပါသနည်း။

ဖြေ။ ''ပုဒ်''ဟူသည် အက္ခရာတို့၏ ပေါင်းဆုံစုဝေးရာ သဘောရှိသောကြောင့် အတ္ထော အက္ခရသညာတော–၌ အက္ခရ–အရ ပုဒ်တို့ကိုပါ သွင်းယူရခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ ''အက္ခရသမူဟော ပဒံ။ ပဒသမူဟော ဝါကျံ။
ဝါကျသမူဟော ဂန္ထော''။

မေး။ ပုဒ်သည်သာ အနက်ကို သိစေတတ်သောကြောင့် ''အတ္ထော ပဒသညာတော''ဟု သုတ်တည်သင့်သည် မဟုတ်ပါလော?အဘယ့်ကြောင့် ယင်းသို့မတည်ဘဲ ''အတ္ထော အက္ခရသညာတော''ဟု သုတ်တည်ရပါသနည်း။

ဖြေ။ ''ပုဒ်''ဟူသည် အစိတ်အက္ခရာတို့၏ ပေါင်းဆုံစုဝေးရာ သဘောရှိသည်ဖြစ်၍ ထိုပုဒ်တို့ကိုလည်း အက္ခရာတို့၌သာ သွင်းယူအပ်သောကြောင့် ''အတ္ထော ပဒသညာတော''ဟု သုတ်မတည်ပဲ ''အတ္ထော အက္ခရသညာတော''ဟု တည်ခြင်းဖြစ်ပါသည်။

အက္ခရသန္ဓိပါတရူပတ္တာ။ ။ အက္ခရ–သန္ဓိပါတရူပတ္တာ–၌ ရူပ–သဒ္ဒါ ''သဘာဝ = သဘော'' အနက်ဟောဟု မှတ်ပါ။

http://www.dhammadownload.com

မေး။ အတ္ထော အက္ခရသညာတော-ဟု ဆိုသောကြောင့် "ပုဒ်တို့ဖြင့် အနက်ကို မသိအပ်" ဟု မှတ်ရပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ "ပုဒ်"ဟူသည် အစိတ်အက္ခရာတို့၏ ပေါင်းဆုံစုဝေးရာသဘောရှိသည်ဖြစ်၍ ထိုပုဒ်တို့ ကိုလည်း အက္ခရာတို့၌သာ သွင်းယူရေတွက်အပ်သောကြောင့် ပုဒ်တို့ဖြင့်လည်း အနက်ကို သိအပ် သိနိုင်ပါသည်။ ထို့ကြောင့် "ပုဒ်တို့ဖြင့် အနက်ကို မသိအပ်"ဟု မမှတ်ရပါ။

မေး။ သာသနာဓိဂမအကျိုးကို လိုလားတောင့်တသော 'သောတုဇန'ခေါ်ဆို စာသင်ပျိုတို့ လိုက်နာကျင့်သုံးရမည့် ရှေးထုံးနည်းလမ်းကို ဖော်ညွှန်းခဲ့ပါ။

ဖြေ။ အက္ခရကောသလ္လဉာဏ်သည် ဘုရားဟောဖော် ပါဠိတော်တို့၌ ကျေးဇူးများသောကြောင့် သာသနာဓိဂမအကျိုးကို လိုလားသော 'သောတုဇန'ခေါ်ဆို စာသင်ပျိုတို့ သည် ဥဌာန, ဥပဌာန-စသော တပည့်ဝတ်ငါးပါးတို့ဖြင့် ဆရာကို လုပ်ကျွေးလျက် အက္ခရကောသလ္လ ဉာဏ်ကို ပြည့်စုံစေရ, ဖြစ်စေရပါမည်။

ဥဌာနာဒီဟိ ပဌဟိ-ဟူသောဂါထာ၌ ပဌ-သရုပ်

၁။ ဥဌာန ၂။ ဥပဌာန ၃။ သုဿူသာ ၄။ ပါရိစရိယာ
၅။ သက္ကစ္စံ သိပ္ပုဂ္ဂဟဏ-တို့ ဖြစ်ပါသည်။

၁။ ဆရာကြွလာသည်ကို မြင်လျှင် နေရာမှထခြင်းသည် "ဥဌာန" မည်၏။
၂။ အနီး၌ အမြဲမပြတ် ချဉ်းကပ်တည်နေခြင်းသည် "ဥပဌာန" မည်၏။
၃။ အဆုံးအမကို ယုံယုံကြည်ကြည် နာယူခြင်းသည် "သုဿူသာ" မည်၏။
၄။ ဆရာက မခိုင်းသော်လည်း အလိုက်သိစွာ မျက်နှာသစ်ရေတည်ခြင်း, ဒန်ပူကပ်ခြင်း စသည်ဖြင့် ပြုစုလုပ်ကျွေးခြင်းသည် "ပါရိစရိယာ" မည်၏။
၅။ စာသင်သောအခါ ရှိသေလေးစားစွာ တတ်မြောက်လိုသော စိတ်ထားဖြင့် မှတ်သား သင်ယူခြင်းသည်"သက္ကစ္စံ သိပ္ပုဂ္ဂဟဏ"မည်၏။ (ညီညာထက္ခြ၊ ဆုံးမနာယူ-စသော လက်ာ အတိုင်းပင်တည်း။

ဥဌာနာ ဥပဌာနာ စ၊ သုဿူသာ ပါရိစရိယာ။
သက္ကစ္စံ သိပ္ပုဂ္ဂဟဏာ၊ ဂရုံ အာရာဓယေ ဗုဓော။

၂၊ ၂။ အက္ခရာပါဒယော ဧကစတ္တာလီသံ။ (၂)

မေး။ အဘယ့်ကြောင့် သညာသုတ်များကို ရှေးဦးစွာ မိန့်ဆိုရပါသနည်း။

ဖြေ။ အမည်မသိအပ်သောဝတ္ထုကို ခေါ်ဝေါ်သုံးစွဲ၍မဖြစ်နိုင်သောကြောင့် "သဒ္ဒလက္ခဏာ" ခေါ် ကစ္စာယနဗျာကရဏ်းကျမ်း၌ သရ, ဗျည်း, ဃောသစသော အက္ခရာတို့၏ အမည်နာမ ဝေါဟာရတို့ကို သိစေခြင်းအကျိုးငှါ ကစ္စည်းကျမ်း၏ အစဖြစ်သော သန္ဓိခန်း၌ သညာသုတ် များကို ရှေးဦးစွာ မိန့်ဆိုရခြင်းဖြစ်ပါသည်။

မေး။ အက္ခရာပါဒယော ဧကစတ္တာလီသံ-သုတ်ကို ပုဒ်ဖြတ်ပြခဲ့ပါ။

ဖြေ။ အက္ခရာ + အပိ + အာဒယော + ဧကစတ္တာသီလံ-ဟု ပုဒ်ဖြတ်ရပါသည်။

http://www.dhammadownload.com

မေး။ အက္ခရာပါဒယော ကေစတ္တာလီသံ-သုတ်၌ သညာ, သညီ, ဝိသေသနများကို ခွဲခြားဖော်ပြပါ။

ဖြေ။ အက္ခရာ-သည် သညာ။ အာဒယော-သည် သညီ ။
ကေစတ္တာလီသံ-သည် သညီ၏ ဝိသေသနဖြစ်ပါသည်။ (ဋီ၊ ၈။)

သိမှတ်ဖွယ်

''သညာ''ဟူသည် အမည်နာမ ဝေါဟာရပညတ်တည်း။
''သညီ'' ဟူသည် အမည်နာမ ဝေါဟာရပညတ်၏တည်ရာ အထည်ကိုယ်ဒြပ်တည်း။
''ဝိသေသန'' ဟူသည် သညာ, သညီ ပုဒ်တို့ကို အထူးပြုတတ်သော ပုဒ်တည်း။
သညာကို အထူးပြုလျှင် သညာဝိသေသန။ သညီကိုအထူးပြုလျှင် သညီဝိသေသန-ဟု မှတ်ပါ။

သညီတိ ဝုစ္စတေ ဒဗ္ဗံ ၊ သညာတိ တဿ ဝေါဟာရော။
သညီသညာ သဒါ ဘေဒါ၊ သညာတိ ပညတ္တိ မတာ ။

မေး။ အက္ခရာပါဒယော ကေစတ္တာလီသံ-သုတ်အရ အ, အာ-စသော ၄၁-လုံး ပေါင်းမိမှ အက္ခရာမည်ပါသလော ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အ, အာ-စသော ၄၁-လုံးပေါင်းမိမှ အက္ခရာမည်သည် မဟုတ်ပါ၊ ''ပစ္စေကံ အက္ခရာ နာမ ဟောန္တိ''ဟု ရူပသိဒ္ဓိ၌ ဖွင့်သောကြောင့် အ-တစ်လုံး အာ-တစ်လုံး စသည်ဖြင့် တစ်လုံးစီပင် အက္ခရာမည်ပါသည်။

မေး။ အက္ခရာပါဒယော ကေစတ္တာလီသံ-သုတ်နှင့် စပ်၍ သိအပ်သိထိုက်သော ဝါကျပရိသမတ္တိ ၂-မျိုးကို ထုတ်ပြခဲ့ပါ။

ဖြေ။ ၁။ အဝယဝဝါကျပရိသမတ္တိ = အစိတ်၌ ဝါကျအနက်၏ ပြီးစီးခြင်း။
၂။ သမုဒါယဝါကျပရိသမတ္တိ = အပေါင်း၌ ဝါကျအနက်၏ ပြီးစီးခြင်း-တို့ ဖြစ်ပါသည်။

မေး။ ဝါကျပရိသမတ္တိ ၂-မျိုးကို ပုံစံထုတ်ကာ ရှင်းပြခဲ့ပါ။

ဖြေ။ ''**ဂဂ္ဂကုလဿ သတံ ဒဇ္ဈော** = ဂဂ္ဂအမျိုးအား ဒဏ်တစ်ရာတပ်စေ''၊ ဤပုံစံ၌ ဂဂ္ဂအမျိုးတွင် တစ်ယောက်စီကို ဒဏ်တစ်ရာစီ တပ်ရမည်မဟုတ်။ ဂဂ္ဂအမျိုးရှိ လူအပေါင်း (ဂဂ္ဂတစ်မျိုးလုံး)ကိုမှ ဒဏ်တစ်ရာတပ်ရမည်ဟု ဆိုလိုသည်။ ဤသို့ အပေါင်း၌ ဝါကျအနက် ပြီးသောကြောင့် ''သမုဒါယဝါကျပရိသမတ္တိ'' မည်ပါသည်။

''**အက္ခရာပါဒယော ကေစတ္တာလီသံ**''၊ ဤပုံစံ၌ အ,အာစသော လေးဆယ့် တစ်လုံး ပေါင်းမိမှ အက္ခရာ အမည်ရသည်မဟုတ်။ အ,တစ်လုံး အာ, တစ်လုံးစသည် ဖြင့် တစ်လုံးစီပင် အက္ခရာမည်၏။ ဤသို့ အစိတ်၌ ဝါကျအနက်ပြီးသောကြောင့် ''အဝယဝဝါကျပရိသမတ္တိ''မည်ပါသည်။ (ဋီ၊ ၈။)

မှတ်ချက်။ ။ မောဂ္ဂလ္လာန် (၁၊ ၁။)၌ အဝယဝဝါကျပရိသမတ္တိအတွက် ပုံစံကို ''**ဒေဝဒတ္တယညဒတ္တဝသုဒတ္တာ ဘောဇီယန္တု**''ဟု ထုတ်ပြသည်။ ယင်းပုံစံ၌ ''ဒေဝဒတ်ကိုလည်း ကျွေးအပ်စေ၊ ယညဒတ်ကိုလည်း ကျွေးအပ်စေ၊ ဝသုဒတ်ကိုလည်း ကျွေးအပ်စေ''ဟု တစ်ယောက်စီ တစ်ယောက်စီ၌ ကျွေးခြင်းကြိယာပြီးသောကြောင့် ''အဝယဝ

http://www.dhammadownload.com

ဝါကျပရိသမတ္တိ''မည်၏-ဟု အဓိပ္ပါယ်မှတ်ပါ။

မေး။ အဘယ့်ကြောင့် ''အက္ခရာ'' မည်ပါသနည်း? ရူပသိဒ္ဓိဆရာအလိုကျ ရေးပြပါ။

ဖြေ။ မပျက်စီးနိုင်သောကြောင့် ''အက္ခရာ'' မည်ပါသည်။

မှတ်ချက်။ ။ အခြားကျမ်းတို့၌ ''နက္ခရန္တိ နခီယန္တိ အက္ခရာ = ပိဋကတ်သုံးပုံသို့ ရောက်သော်လည်း မကုန်နိုင်သောကြောင့် အက္ခရာတို့ မည်ကုန်၏''စသည်ဖြင့် ဖွင့်ဆိုကြပါသည်။

မေး။ အက္ခရာ-ဟူသောပုဒ်၌ (က) ခရာ-အရနှင့် (ခ)အက္ခရာ-အရတို့ကို ဖော်ပြပါ။

ဖြေ။ (က) ခရာ-အရ ပျက်စီးတတ်သောသင်္ခတ တရားတို့ကိုရပါသည်။
(ခ) အက္ခရာ-အရ အ, စသော နာမပညတ်ကိုရပါသည်။ (ဋီကာ)

ဝစနတ္ထ။ ။ ခရန္တိ ဝိနဿန္တီတိ ခရာ။ နခရာ အက္ခရာ-ဟု ဝစနတ္ထပြုပါ။

မေး။ နက္ခရန္တိ-အရ အက္ခရာတို့ မပျက်စီးနိုင်ပုံကို ရေးပြပါ။

ဖြေ။ ''ရူပံ ဇီရတိ မစ္စာနံ၊ နာမဂေါတ္တံ နဇီရတိ = သတ္တဝါတို့၏ ရုပ်ခန္ဓာ ဟူသော ပရမတ္ထတရားသာ ဆွေးမြေ့ပျက်စီးတတ်၍ အမည်, အနွယ် ဟူသော ပညတ်ကား မဆွေးမြေ့ မပျက်စီး''ဟု သံယုတ်ပါဠိတော်၌ ဟောတော်မူပါသည်။

ထိုပါဠိတော်နှင့်အညီ အက္ခရာ-ဟူသည် အ-စသောနာမပညတ်ဖြစ်၍ ပရမတ္ထတရားမဟုတ်သောကြောင့် မပျက်စီးနိုင်ခြင်း ဖြစ်ပါသည်။

မေး။ အဘယ်အကျိုးငှါ ''အက္ခရာ''ဟု ဂရုသညာကို ပြုရပါသနည်း။

ဖြေ။ အနွတ္ထသညာ၏အစွမ်းဖြင့် အ-စသောနာမပညတ်၏ မပျက်စီးခြင်းသဘောကို ပြခြင်းအကျိုးငှါ ''အက္ခရာ''ဟု ဂရုသညာကို ပြုရခြင်း ဖြစ်ပါသည်။ (ဋီ၊ ၈)။

(ဆောင်) - ရုဇ္ဇီ, လဟုက၊ မည်နှစ်ဝ၊ ဝေါဟာရသုခါ။
-မည် အနွတ္ထ၊ ဂရုကမှာ၊ သဘာဝလည်း၊ ပြသတည်း၊
မှတ်နည်း သေကွေစွာ။ (မောင်းထောင်နိယံ)

မေး။ အာဒယော-ပုဒ်ကို ဝစနတ္ထပြု၍၊ အရကောက်ပြခဲ့ပါ။

ဖြေ။ အ အာဒိ ယေသံ တေ အာဒယော။
တဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗီဟိသမာသ်ဖြစ်သောကြောင့် အစဖြစ်သော အ-နှင့်တကွ အက္ခရာ (၄၁)လုံးကို ရပါသည်။

မေး။ အာဒယော-၌ အာဒိသဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါ မရိယာဒအနက်ရှိပါသည်။ ဋီကာ၌ကား ''ပကာရအနက်''ဟု ဖွင့်ပြပါသည်။
မရိယာဒေ ပကာရေ စ၊ သမီပါယဝဝေပိ စ။
စတုဗ္ဗိဓပွကာရော'ယံ၊ အာဒိသဒ္ဒဿ လက္ချတေ။ (နျာသ-စသည်)။

အဆုံးအဖြတ်

ဋီကာအောက်ခြေ၌ ''မရိယာဒတ္ထော(သီ)'' ဟု မူကွဲပြထားသည်။ နျာသ, မောဂ္ဂလ္လာန်

http://www.dhammadownload.com

ပဋိကာ, ဗုဒ္ဓိပသာဒနီ စသည်တို့၌ မရီယာဒ–ဟုချည်း ဖွင့်သောကြောင့်လည်းကောင်း၊ သီဟိုဠ် ရှုပသိဒ္ဓိဗျာချာတို့၌လည်း ''မရိယာဒတ္ထ''ဟုချည်း ဖွင့်ပြကြသောကြောင့် လည်းကောင်း သီဟိုဠ်မူသာ အမှန်ဟု ကျေးဇူးရှင် 'အဘယာ' ဆရာမြတ် ဆုံးဖြတ်တော်မူပါသည်။

မေး။ အ, အာ–စသောအက္ခရာတို့ကို အဘယ်သို့ ရွေနောက်စဉ်ထားပါသနည်း။

ဖြေ။ ဌာန်အစဉ်ကိုလည်းကောင်း၊ နီသယ, နီသိတ စသောအစဉ်ကိုလည်းကောင်း မှီ၍ အ, အာ–စသော အက္ခရာတို့ကို ရွေနောက်စဉ်ထားပါသည်။ (စာကိုယ် ၂–လာ စုတ္ထိယပါဠိနှင့် ၃–လာ ဂါထာ။)

မေး။ အ, အာစသော ဝဏ္ဏ(အက္ခရာ)တို့၏ ဖြစ်ကြောင်းများကို ဖော်ပြပါ။

ဖြေ။ ဌာန်, ကရိဏ်း, ပယတ်တို့ဖြစ်ပါသည်။

မေး။ ဌာန်, ကရဏ်း, ပယတ်တို့၏ အဓိပ္ပါယ်ကို ရေးသားဖြေဆိုပါ။

ဖြေ။ ''**တီဋ္ဌန္တိ ဝဏ္ဏာ ဧတ္ထ တဒါယတ္ထာဝုတ္တိတာယာတိ ဌာနံ၊ ကရဏ္တာဒီ**''ဟူသော ဝစနတ္ထနှင့်အညီ အက္ခရာတို့၏ တည်ရာဖြစ်သောကြောင့် ကဏ္ဌ–စသည်တို့ကို ''ဌာန်''ဟု ခေါ်ဆိုရပါသည်။

''**ကရီယန္တေ ဥစ္စာရီယန္တေ ဧတေနာတိ ကရဏံ**''ဟူသော ဝစနတ္ထနှင့်အညီ အက္ခရာတို့ကို ရွတ်ဆိုအပ်ကြောင်းဖြစ်သောကြောင့် ဇိဝှါမဇ္ဈ–စသည်ကို ''ကရိဏ်း'' ဟု ခေါ်ဆိုရပါသည် (ဋီ။)

''**ပယတနံ သံဝုတာဒိကရဏာဝိသေသော**''ဟူသည်နှင့်အညီ ဌာန်, ကရိဏ်းတို့ကို ပိတ်ခြင်းစသော ရွတ်ဆိုသူ၏ အားထုတ်မှု အမူအရာအထူးကို ''ပယတန''ဟု ခေါ်ဆိုရပါသည်။ (စာကိုယ်)

မှတ်ချက်။ ။ ပုဒ်စစ်၌ ''အက္ခရာတို့ကို ရွတ်ဆိုခြင်းငှါ အားထုတ်ခြင်း–ဟုဆိုအပ်သော ပယတနတို့သည်''ဟု ဆိုရိုးပြုသည်။ ထိုဆိုရိုးသည် ''ပကာရေန ယတနံ ပယတနံ၊ ဝဏ္ဏာနံ ဥစ္စာရဏာသာဟော ပယတနော''ဟူသော သီဟိုဠ်နိဿယ၊ ''ဝဏ္ဏာနံ ဥစ္စာရဏာသာဟော ပယတနံ'' ဟူသော ပယောဂသိဒ္ဓိတို့နှင့် ညီ၏။ ပယောဂသိဒ္ဓိ၌ ''တံ ကိ – သံဝုတာဒိကရဏာဝိသေသော'' ဟု ဆက်လက်ဖွင့်ပြထားပါသည်။

မေး။ ဌာန် ၆–ပါး၊ ရ–ပါးတို့ကို ရေးသားဖြေဆိုပါ။

ဖြေ။ ဌာန် ၆–ပါးမှာ –

၁။	ကဏ္ဌဌာန်	=	လည်ချောင်းအရပ်။
၂။	တာလုဌာန်	=	အာစောက်အရပ်။
၃။	မုဒ္ဓဌာန်	=	လျှာထိပ်(အာထိပ်) အရပ်။
၄။	ဒန္တဌာန်	=	သွားအရပ်။
၅။	သြဋ္ဌဌာန်	=	နှုတ်ခမ်းအရပ်။
၆။	နာသိကာဌာန်	=	နှာခေါင်းအရပ်တို့ ဖြစ်ပါသည်။

ဥရဌာန် ထည့်လျှင် ''ဌာန် ရ–ပါး'' ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ ကဏ္ဍ–စသော ဌာန်တို့၌ ဖြစ်သော အက္ခရာတို့ကို အသီးသီး တွဲစပ်ဖော်ပြခဲ့ပါ။

ဖြေ။ **ကဏ္ဍဌာန်၌ ဖြစ်သော အက္ခရာများမှာ** – အဝဏ် ၂–လုံး၊ ကဝဂ် ၅–လုံး၊ ဟ–အက္ခရာ၊ ဧသရ၊ ဩသရ၊ ပေါင်း (၁၀) လုံးဖြစ်ပါသည်။

တာလုဌာန်၌ ဖြစ်သော အက္ခရာများမှာ – ဣဝဏ် ၂–လုံး၊ စ ဝဂ် ၅–လုံး၊ ယ–အက္ခရာ၊ ဧ–သရ၊ ပေါင်း (၉) လုံးဖြစ်ပါသည်။

မုဒ္ဓဌာန်၌ ဖြစ်သော အက္ခရာများမှာ – ဋ ဝဂ် ၅–လုံး၊ ရ အက္ခရာ၊ ဋ အက္ခရာ၊ ပေါင်း (၇) လုံးဖြစ်ပါသည်။

ဒန္တဌာန်၌ ဖြစ်သော အက္ခရာများမှာ– တ ဝဂ် ၅–လုံး၊ လ, ဝ, သ အက္ခရာ ၃ လုံး၊ ပေါင်း (၈) လုံးဖြစ်ပါသည်။

ဩဋ္ဌဌာန်၌ ဖြစ်သော အက္ခရာများမှာ–ဥဝဏ် ၂ လုံး၊ ပဝဂ် ၅–လုံး၊ ဝ အက္ခရာ၊ ဩ–သရ ၊ ပေါင်း (၉) လုံး ဖြစ်ပါသည်။

နာသိကာဌာန်၌ ဖြစ်သော အက္ခရာများမှာ– နိဂ္ဂဟိတ်(အံ) နှင့် င, , ဏ, နှ, မ–တို့ ဖြစ်ပါသည်။

ကဏ္ဍဌာန်	အ, အာ	က, ခ, ဂ, ဃ, င	ဟ	ဧ, ဩ
တာလုဌာန်	ဣ, ဤ	စ, ဆ, ဇ, စျ, ည	ယ	ဧ
မုဒ္ဓဌာန်		ဋ, ဌ, ဍ, ဎ, ဏ	ရ, ဋ	
ဒန္တဌာန်		တ,ထ, ဒ, ဓ, နှ	လ, ဝ,သ	
ဩဋ္ဌဌာန်	ဥ , ဦ	ပ, ဖ, ဗ, ဘ, မ	ဝ	ဩ
နာသိကာဌာန်		င, ဥ, ဏ, နှ, မ	အံ	
ဥရဌာန်		ငှ, ဥ, ဏှ, နှ, မှ	ယှ, ရှ, လှ, ဝှ	

မေး။ ဌာန် ၂–ခု၌ဖြစ်သော 'ဒွိဇ အက္ခရာများ'ကို ဖြစ်ရာဌာန်များနှင့်တကွ ဖော်ပြခဲ့ပါ။

ဖြေ။ ဧ–သရသည် ကဏ္ဍဌာန်၊ တာလုဌာန်တို့၌ ဖြစ်၏။
ဩ–သရသည် ကဏ္ဍဌာန်၊ ဩဋ္ဌဌာန်တို့၌ ဖြစ်၏။
ဝ–သည် ဒန္တဌာန်၊ ဩဋ္ဌဌာန်တို့၌ ဖြစ်၏။
င–သည် ကဏ္ဍဌာန်၊ နာသိကာဌာန်တို့၌ ဖြစ်၏။
ဥ–သည် တာလုဌာန်၊ ။
ဏ–သည် မုဒ္ဓဌာန်၊ ။
နှ–သည် ဒန္တဌာန်၊ ။
မ–သည် ဩဋ္ဌဌာန်၊ ။

(ဆောင်)–ကဏ္ဍ တာလု၊ ဧ–ကို ရှုလော၊ ဩ အတွက်မှာ၊ ကဏ္ဍောဌာ၊ ဝ–မှာ ဒန္တောဌ။
–င,ဥ,ဏ,နှ,မ၊ ဤငါးဝကား၊ သကဌာနာ၊နာသိကာ၊ နှစ်ဖြာစီမှာ ဖြစ်ကြသည်။
–လည်, အာစောက်မှာ၊ ဧ–ဖြစ်လာ၊ဩ–မှာ လည်,နှုတ်ခမ်း၊
–သွား နှုတ်ခမ်းမှာ၊ ဝ–ဖြစ်လာ၊ မိန့်မှာ သဒ္ဒါကျမ်း။

မေး။ ဟ–အက္ခရာ၏ ဖြစ်ရာဌာန်ကို မှန်ကန်စွာ ဖော်ပြပါ။

http://www.dhammadownload.com

ဖြေ။ ၅–လုံးမြောက် ၈, ၉, ဏ, နှ, မ အက္ခရာတို့နှင့် ယှဉ်တွဲနေသော ဟ–အက္ခရာ၊ ''အန္တဋ္ဌာ'' မည်သော ယ, ရ, လ, ဝ လေးလုံးတို့နှင့် ယှဉ်တွဲနေသော ဟ–အက္ခရာ သည် ဥရဌာန်၌ ဖြစ်၏။ ထိုအက္ခရာ ၉–လုံး နှင့် မတွဲမဖက် သက်သက်သော ဟ အက္ခရာကား ကဏ္ဌာန်၌ ဖြစ်ပါသည်။ (အထက်၌ ပြခဲ့သော ဇယားကို ပြန်ကြည့်ပါ)။

ဌာန် ၈–ပါး။ ။ ရှေ့၌ပြခဲ့သော ဌာန် ၇–ပါးတွင် ဥရဌာန်ကို ထပ်ထည့်သော် ဌာန် ၈–ပါးဖြစ်ကြောင်း သတိပြုပါ။

သိမှတ်ဖွယ်များ

၈–စသည်နှင့်ယှဉ်တွဲနေပုံ – ၄, ၉, ဏ, နှ, မှ, ယှ, ရှ, လှ, ဝှ။
ထိုတွင် ၄, ရှ တို့သည် ပါဠိသုံးမရှိပါ။

"အန္တဋ္ဌာ"ဟူသည် – ဝဂ် ၅ ခုတို့၏အဆုံး၌ တည်သောကြောင့် ယ, ရ, လ, ဝ တို့ကို ''အန္တဋ္ဌာ'' ဟု ခေါ်ဆိုရပါသည်။

အမှာ။ ။ ''ဥရဌာန်၌ဖြစ်သော အက္ခရာများကို ဖော်ပြပါ''ဟူသော အမေးကို ဖြေဆိုတတ်ပါစေ။

မေး။ ကရိုဏ်း ၄–ပါးကို အဓိပ္ပာယ်နှင့်တကွ ရေးသားဖြေဆိုပါ။

ဖြေ။
၁။ ဇိဝှါမဇ္ဈ = လျှာလယ်အရပ်။
၂။ ဇိဝှေါပဂ္ဂ = လျှာဖျား၏ အနီးအရပ်။
၃။ ဇိဝှဂ္ဂ = လျှာဖျားအရပ်။
၄။ သကဌာန = မိမိတို့၏ ဌာန်။

ဇိဝှေါပဂ္ဂ။ ။ ''ဇိဝှေါပဂ္ဂ''ကို ''ဇိဝှါ+ဥပဂ္ဂ''ဟု ပုဒ်ဖြတ်။
ဥပဂ္ဂ–ကို ''ဥပ+အဂ္ဂ''ဟု ပုဒ်ဖြတ်။ အဂ္ဂ=အဖျား၏ + ဥပ=အနီး။ အဂ္ဂသ သမီပံ ဥပဂ္ဂံ၊ ဇိဝှါယ ဥပဂ္ဂံ ဇိဝှေါပဂ္ဂံ။ လျှာဖျား၏အနီး ကပ်နေသောအရပ်ကို ''ဇိဝှေါပဂ္ဂ''ခေါ်သည်ဟု မှတ်ပါ။

မေး။ ကရိုဏ်းနှင့် အက္ခရာတို့ကို တွဲစပ်ဖော်ပြခဲ့ပါ။

ဖြေ။ ဇိဝှါမဇ္ဈ သည် တာလုဇ အက္ခရာ (၈)လုံးတို့၏ကရိုဏ်း။
ဇိဝှေါပဂ္ဂ သည် မုဒ္ဓဇအက္ခရာ (၇)လုံးတို့၏ကရိုဏ်း။
ဇိဝှဂ္ဂ သည် ဒန္တဇ အက္ခရာ (၇)လုံးတို့၏ကရိုဏ်း။
သကဌာန သည် ကြွင်းသော ကဏ္ဌဇ, ဩဋ္ဌဇ, နိဂ္ဂဟိတ်ဟူသော အက္ခရာ (၁၉)လုံး တို့၏ ကရိုဏ်း ဖြစ်ပါသည်။

မေး။ ပယတ် ၄ ပါးကို ဖော်ပြပါ။

ဖြေ။
၁။ သံဝုတ ၂။ ဝိဝဋ္ဌ
၃။ ဖုဋ္ဌ ၄။ ဤသံဖုဋ္ဌ–တို့ ဖြစ်ပါသည်။

မေး။ သံဝုတ စသော ပယတ် ၄–ပါးတို့၏ အဓိပ္ပါယ်ကို ရေးသားဖြေဆိုပါ။

ဖြေ။ ၁။ ဌာန်, ကရိုဏ်းတို့ကို ပိတ်ခြင်းသည် ''သံဝုတ''မည်၏။
၂။ ။ ဖွင့်ခြင်းသည် ''ဝိဝဋ္ဌ''မည်၏။

http://www.dhammadownload.com

၃။ ဌာန်, ကရိဏ်းတို့ကို ကောင်းစွာထိခြင်းသည် ''ဖုဋ္ဌ''မည်၏။
၄။ ။ စဉ်းငယ်ထိခြင်းသည် ''ဤသံဖုဋ္ဌ'' မည်၏။
သိမှတ်ဖွယ်။ ။ ပုဒ်စစ်၌ကား ''နှုတ်ခမ်းတို့၏ ပိတ်ခြင်းသည် သံဝုတ–မည်၏။ နှုတ်ခမ်းတို့၏ ဖွင့်ခြင်းသည် ဝိဝဋ–မည်၏''ဟု ဆိုပါသည်။

မေး။ ပယတ်နှင့် အက္ခရာတို့ကို တွဲစပ်ဖြေဆိုပါ။
ဖြေ။ သံဝုတသည် အ–အက္ခရာ၏ ပယတ်မည်၏။
ဝိဝဋသည် ကြွင်းသောသရ ၎–လုံးနှင့် ဝ–ကွရာ, ဟ အက္ခရာတို့၏ ပယတ်မည်၏။
ဖုဋ္ဌသည် ဝဂ် အက္ခရာ ၂၅–လုံးတို့၏ ပယတ်မည်၏။
ဤသံဖုဋ္ဌသည် ယ, ရ, လ, ဝ အက္ခရာ ၄–လုံးတို့၏ ပယတ်မည်၏။

မေး။ အက္ခရာတို့ သည် အဘယ့်ကြောင့် အမျိုးမျိုးအစားစား ကွဲပြားရပါသနည်း၊ အက္ခရာတို့ ကွဲပြားရခြင်း အကြောင်းများကို ဖော်ပြပါ။
ဖြေ။ ဌာန်, ကရိဏ်း, ပယတ်, သုတိ, ကာလ တို့ကြောင့် အက္ခရာတို့ ကွဲပြားကြခြင်း ဖြစ်ပါသည်။

မေး။ နိဿယ, နိဿိတ အက္ခရာများကို အကြောင်းနှင့်တကွ ဖော်ပြပါ။
ဖြေ။ ဗျည်းတို့သည် မှီအပ်သောကြောင့် (ဗျည်းတို့၏ မှီရာဖြစ်သောကြောင့်) သရ ၈–လုံးတို့သည် ''နိဿယအက္ခရာ''တို့ မည်ကြပါသည်။
ဗျည်း ၃၃–လုံးတို့ကား သရတို့ကို မှီတတ်သောကြောင့် ''နိဿိတအက္ခရာ'' တို့ မည်ကြပါသည်။
သာဓက – ဗျဥ္ဇနေဟိ နိဿိယန္တိတိ နိဿယာ။ (ဋီ)

မေး။ အက္ခရာတို့ကို ရှေ့နောက်စဉ်ရာ၌ အဘယ့်ကြောင့် သရတို့ကို ရှေ့၊ ဗျည်းတို့ကို နောက်ထား၍ ဆိုရပါသနည်း။
ဖြေ။ မှီအပ်သော သရတို့ကို မှီအပ်သောကြောင့်ပင် ရှေ့ထား၍ ဆိုပါသည်။
မှီတတ်သော ဗျည်းတို့ကို မှီတတ်သောကြောင့်ပင် နောက်ထား၍ ဆိုပါသည်။

မေး။ ကဇသရ, ဒွိဇသရတို့တွင် အဘယ့်ကြောင့် ကဇသရတို့ကို ရှေးဦးစွာဆိုရ ပါသနည်း။
ဖြေ။ ကဇသရသည် ၆–လုံးရှိ၍ ဒွိဇသရကား ၂–လုံးသာရှိသဖြင့် ဒွိဇသရထက် ကဇသရက များသောကြောင့် ကဇသရတို့ကို ရှေးဦးစွာဆိုရပါသည်။
သိမှတ်ဖွယ်။ ။ **ကဇသရ ၆–လုံး** – အ, အာ၊ ဣ, ဤ၊ ဥ, ဦ။
ဒွိဇသရ ၂–လုံး – ဧ, ဩ။

မေး။ ကဇသရ ၆–လုံး ရှေ့နောက်စဉ်ပုံကို ရေးပြပါ။
ဖြေ။ ကဏ္ဌဌာန်, တာလုဌာန်, ဩဋ္ဌဌာန်ဟူသော ဌာန်အစဉ်အားဖြင့် ကဇသရ ၆–လုံးတို့ကို ရှေ့နောက်စဉ်ထားခြင်း ဖြစ်ပါသည်။

မေး။ အဝဏ် ၂–လုံးတို့တွင် အဘယ့်ကြောင့် အ–ကိုရှေးဦးစွာ ဆိုရပါသနည်း။
ဖြေ။ အ–သည် လဟုဖြစ်သောကြောင့် အ–ကိုရှေးဦးစွာ ဆိုပါသည်။

http://www.dhammadownload.com

အမှာ။ ။ ကွနှင့် ဤ၊ ဥနှင့် ဦတို့၌လည်း နည်းတူသိပါ။
ရဿသရများနှင့် အယောသဗျည်းတို့ကို ''လဟု''ဟုယူ၍၊ ဒီဃသရ
များနှင့် ယောသဗျည်းတို့ကို ''ဂရု''ဟု ယူပါ။

မေး။ နှင့် သြတို့တွင့် အဘယ့်ကြောင့် ဇ–ကို ရွေ့ထား၍ ဆိုရပါသနည်း။

ဖြေ။ ဇ–သည် ကဏ္ဌတာလုဇ၊ သြ–သည် ကဏ္ဌသြဋ္ဌဇ ဖြစ်၍ တာလုဋ္ဌာန်အတွက် ဋ္ဌာန်အားဖြင့်
ရွေ့ကျသောကြောင့် ဇ–ကို ရွေ့ထား၍ ဆိုရခြင်း ဖြစ်ပါသည်။

မေး။ ဝဂ်နှင့်အဝဂ် အက္ခရာတို့တွင် အဘယ့်ကြောင့် ဝဂ်အက္ခရာတို့ကို ရှေးဦးစွာ ဆိုရပါသနည်း။

ဖြေ။ ဝဂ်နှင့် အဝဂ်အက္ခရာတို့တွင် ဝဂ်အက္ခရာက ၂၅–လုံးရှိ၍ အဝဂ်အက္ခရာက ၈–လုံးသာ
ရှိသဖြင့် ဝဂ်အက္ခရာက များသောကြောင့် ဝဂ်အက္ခရာတို့ကို ရှေးဦးစွာ (ကဏ္ဌဋ္ဌာန်စသော
ဋ္ဌာန်အစဉ်အားဖြင့်) ဆိုရခြင်းဖြစ်ပါသည်။

မေး။ ဝဂ်အက္ခရာတို့တွင် ကေဇဝဂ်အက္ခရာတို့ကို အဘယ့်ကြောင့် ရှေးဦးစွာ ဆိုရပါသနည်း။

ဖြေ။ ဝဂ်အက္ခရာတို့တွင် ရှေ့ ၄–လုံးစီသည် ကေဇ၊ အဆုံးဖြစ်သော ဇ, ဉ, ဏ, န, မ–
တို့သည် ဒွိဇဖြစ်ရကား ကေဇဝဂ်အက္ခရာတို့က များ၍ ဒွိဇဝဂ်အက္ခရာတို့က
နည်းသောကြောင့် ကေဇဝဂ်အက္ခရာတို့ကို ရှေးဦးစွာဆို၍ ဒွိဇဝဂ်အက္ခရာတို့ကို နောက်၌
ဆိုရပါသည်။

သိမှတ်ဖွယ်။ ။ ကဝဂ်တွင် က,ခ–တို့သည် အယောသ, လဟုဖြစ်သောကြောင့်
ယောသ, ဂရုဖြစ်သော ဂ, ဃတို့၏ရှေ့၌ ဆိုသည်။ က, ခ တို့တွင်လည်း က–သည်
သိထိလ, လဟုဖြစ်သောကြောင့် ဓနိတ, ဂရုဖြစ်သော ခ–၏ရှေ့၌ ဆိုပါသည်။

မေး။ အဝဂ်အက္ခရာတို့တွင် အဘယ့်ကြောင့် ကေဇအဝဂ်အက္ခရာတို့ကို ရှေးဦးစွာ ဆိုရပါသနည်း။

ဖြေ။ အဝဂ်အက္ခရာတို့တွင်လည်း ကေဇ အဝဂ်အက္ခရာက များသောကြောင့် ၎င်းတို့ကို
ရှေးဦးစွာ ဆိုရခြင်းဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ ယ, ရ, လ ၃–လုံးတို့သည် ကေဇ ဝ–သည် ဒွိဇဖြစ်၏။

မေး။ အဝဂ်အက္ခရာတို့တွင် အဘယ့်ကြောင့် ယ, ရ, လ, ဝ တို့ကို ရှေးဦးစွာ ဆိုရပါ
သနည်း။

ဖြေ။ အဝဂ်အက္ခရာတို့တွင် များသောကြောင့် ယောသဖြစ်သော ယ, ရ, လ, ဝ–တို့ကို
ရှေးဦးစွာ ဆိုပါသည်။

မေး။ သ–ကို ယ, ရ, လ, ဝ–တို့နောက်၌ထားရခြင်းအကြောင်းကို ဖြေဆိုပါ။

ဖြေ။ သ–ကိုကား အယောသဖြစ်သောကြောင့်လည်းကောင်း နည်းသောကြောင့် လည်း ကောင်း
ယ, ရ, လ, ဝ–တို့၏ နောက်၌ ထားပါသည်။ (၌)

မေး။ ဟ–သည် ကဏ္ဌဇလည်းဖြစ်, ယောသလည်းဖြစ်၍ ၎င်းကို အဝဂ်အစ၌ ထားသင့်လျက်
အဘယ့်ကြောင့် မထားပါသနည်း။

ဖြေ။ ဟ–သည် ကဏ္ဌဇလည်းဖြစ်, ယောသလည်းဖြစ်၍ အဝဂ်အစ၌ ဆိုသင့်သော်လည်း
ဋ္ဌာန်အစဉ်မဟုတ်သောအားဖြင့်လည်း အက္ခရာတို့၏ ဖြစ်ပုံကို ပြခြင်းအကျိုးငှါ အဝဂ်အစ၌

http://www.dhammadownload.com

မထားဘဲ သ-ဇ၏နောက်၌ ဆိုထားခြင်း ဖြစ်ပါသည်။ (၎)

မေး။ ဥ-အက္ခရာကို ဟ-ဇ၏နောက်၌ ထားရခြင်းအကြောင်းကို ဖြေဆိုပါ။

ဖြေ။ အချို့က ဥ-အက္ခရာကို "ဂရုဒု-ဂရုဥ" စသည်ဖြင့် ဒု-အက္ခရာ၏ နေရာ၌ ရွှတ်ဆို ကြကုန်၏။ ဤကစ္စည်းကျမ်း၌ကား ယင်း ဒု-အက္ခရာ၏ နေရာ၌ မရွှတ်ဆိုအပ်-ဟု ပြခြင်း အကျိုးငှါ ဟ-ဇ၏ နောက်၌ ထားပါသည်။

အမှာ။ ။ "ဥကာရံ ပန ကေစိ ဒုကာရဋ္ဌာနေ ပဋ္ဌန္တိ၊ ဣဓ န ဒုကာရဋ္ဌာနေတိ ဒဿနတ္ထံ သော ပစ္ဆာ ဝုတ္တော"ဟူသော သီဟိဠဋီကာနှင့်အညီ ရေးပါသည်။

မေး။ အက္ခရာ ၄၁-လုံးတို့ကို စဉ်ပြရာ၌ အဘယ့်ကြောင့် နိဂ္ဂဟိတ်ကို နောက်ဆုံးထားရပါသနည်း။

ဖြေ။ နိဂ္ဂဟိတ်သည် သရမဟုတ်သောကြောင့်လည်းကောင်း၊ ဝဂ်အက္ခရာမဟုတ်သောကြောင့် လည်းကောင်း၊ ယောသ, အယောသနှစ်မျိုးမှ အလွတ်ဖြစ်သောကြောင့် လည်းကောင်း နောက်ဆုံး၌ ထားရခြင်း ဖြစ်ပါသည်။

မေး။ "ကေစတ္တာလီသံ" ဟူသော ဂဏနပရိစ္ဆေဒသဒ္ဒါဖြင့် ပြအပ်သောအဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ "ကေစတ္တာလီသံ" ဟူသော ဂဏနပရိစ္ဆေဒသဒ္ဒါဖြင့် "ဤ ၄၁-လုံးသော အက္ခရာ ထက် ပိုလွန်သောအက္ခရာရှိသော ဘာသာစကားတို့သည် မြတ်စွာဘုရားစကား မဟုတ် ကုန်" ဟူသော အနက်အဓိပ္ပါယ်ကို အရှင် မဟာကစ္စည်းဆရာ ပြတော်မူ ပါသည်။

ဝစနတ္ထ - ကေန အဓိကာ စတ္တာလီသံ ကေစတ္တာလီသံ။

မေး။ အက္ခရာပါဒယော ကေစတ္တာလီသံ-၌ အပိ-သဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ အပိ-သဒ္ဒါသည် အောက် အတ္ထော အက္ခရသညာတော-ဟူသော ဝါကျ(သုတ်)၌ ဆိုအပ် ခဲ့ပြီးသော အက္ခရာတို့ကို ငဲ့ခြင်း "အပေက္ခာ" အနက်ရှိပါသည်။ ဋီကာ (စာ-၈)၌ကား သမုစ္စည်းအနက်ရှိ၏-ဟု ဆိုပါသည်။

၃၊ ၃။ တတ္ထောဒန္တာ သရာ အဋ္ဌ။ (၄)

မေး။ သြဒန္တာ-ပုဒ်ကို ဝစနတ္ထ ပြုပြခဲ့ပါ။

ဖြေ။ သြ အန္တော ယေသံ တေတိ သြဒန္တာ။

မေး။ တတ္ထောဒန္တာ-နေရာ၌ 'တတ္ထောတန္တာ'ဟု ရှိခဲ့လျှင် သင့် / မသင့် အကြောင်းပြ ဆုံး ဖြတ်ချက်ချခဲ့ပါ။

ဖြေ။ "ဒကာရော ပဒသန္ဓိဇော (= သြဒန္တာ-ပုဒ်၌ ဒအက္ခရာသည် စကားပြေပြစ်ချောမောခြင်း အကျိုးငှါ အာဂမသန္ဓိ၏အစွမ်းဖြင့် လာထားသော အက္ခရာဖြစ်သည်)"ဟု ရူပသိဒ္ဓိဆွင့်သောကြောင့် "တတ္ထောဒန္တာ"နေရာ၌ "တတ္ထောတန္တာ"ဟု ရှိလျှင် မသင့်ပါ။

မေး။ "သရ" အဓိပ္ပါယ်ကို ရူပသိဒ္ဓိဆရာ ဖွင့်ဆိုသည့်အတိုင်း ပြည့်စုံစွာ ရေးပြပါ။

ဖြေ။ ၁။ "သရန္တိ ဂစ္ဆန္တိတိ သရာ"ဟူသော် ဝစနတ္ထနှင့်အညီ ဗျည်းတို့ကဲ့သို့ သူတပါး ကို မမှီဘဲ မိမိဘာသာ ဖြစ်တတ်သောကြောင့် (မိမိဘာသာ ရပ်တည်နိုင်, မိမိဘာသာ အသံ ပီပီသသထွက်အောင် ရွတ်လို့ရနိုင်သောကြောင့်) "သရ"မည်ပါသည်။

http://www.dhammadownload.com

၂။ ''ဗျဥ္ဇနေ သာရေန္တီတိပိ သရာ''ဟူသော ဝစနတ္ထနှင့်အညီ ဗျည်းချည်းသက်သက် အသံပီပီသသ မထွက်နိုင်ရကား အသံပီပီသသ ထွက်အောင်ပြုသောအားဖြင့် ဗျည်းတို့ကို ဖြစ်စေတတ်သောကြောင့် ''သရ''မည်ပါသည်။

သိမှတ်ဖွယ်။ ။ ''အဋ္ဌ'' ဟူသော ဂဏနပရိစ္ဆေဒသဒ္ဒါဖြင့် တစ်ပါးသော သက္ကတဗျာကရဏ်းကျမ်းတို့၌ ''ရိ, ရီ'' စသည်ဖြင့် ၈-လုံးထက်ပိုလွန်သော သရများရှိသေး၏'' ဟု သိစေပါသည်။ (ဋီ၊ ၁၀။)

၄၊ ၄။ လဟုမတ္တာ တယော ရဿာ။ (၄)

မေး။ လဟုမတ္တာ-ပုဒ်ကို ဝစနတ္ထ ပြုပြခဲ့ပါ။
ဖြေ။ လဟု မတ္တာ(ပမာဏ) ယေသံ တေတိ လဟုမတ္တာ။

မေး။ လဟုမတ္တာ-၌ မတ္တာ-သဒ္ဒါ၏ဟောနက်ကို ဖော်ပြပါ။
ဖြေ။ မတ္တာ-သဒ္ဒါသည် လက်ဖျစ်တစ်တွက်၊ မျက်စိတစ်မှိတ် ဟူသော ကာလကို ဟောပါသည်။

မေး။ ရဿ, ဒီဃ, ဗျည်းတို့၏ အတိုင်းအရှည်မတြောကို အသီးသီး ဖော်ပြပါ။
ဖြေ။ ရဿ သရတို့သည် တစ်မတြောကာလ ရှိကြပါသည်။
ဒီဃသရတို့သည် နှစ်မတြောကာလ ရှိကြပါသည်။
ဗျည်းတို့သည် မတြောဝက်ကာလ ရှိကြပါသည်။

မေး။ တစ်မတြော-ဟူသည် အဘယ်မျှ အတိုင်းအရှည်ရှိပါသနည်း။
ဖြေ။ လက်ဖျစ်တစ်တွက်၊ မျက်စိတစ်မှိတ် (လျှပ်တစ်ပြက်) ကာလမျှသာ အတိုင်းအရှည် ရှိပါသည်။

မေး။ မတြောဝက်မျှ ကာလရှိသော ဗျည်းတို့ကို မည်သို့ ရွတ်ဆိုရပါမည်နည်း၊ ရှင်းပြပါ။
ဖြေ။ ဗျည်းတို့သည် မတြောဝက်မျှ ကာလမျှသာ ရှိသောကြောင့် ထိုဗျည်းတို့ကို ရွတ်ဆိုသည့်အခါ 'က'ကို ရွတ်သလို အသံပီသစွာ မထွက်စေပဲ မတြောဝက်သံ (လေသံကလေး)မျှသာ ထွက်စေရပါမည်။ **ဥပမာ**-အင်္ဂလိပ်အက္ခရာ ''s (အက်စ်)'' ကို ရွတ်ဆိုသကဲ့သို့ ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ သုံးမတြော, သုံးမတြောထက် ပိုလွန်သော ကာလရှိသော အသံကိုကား ''လျှတ''ဟု ဆိုရသည်။ ထို လျှတ-အက္ခရာများကား သီးခြားမရှိပေ။

၁။ အဝေးသို့လှမ်း၍ ဟစ်အော်သောအခါ၊
၂။ ဖွဲ့နွဲ့သံချို သီချင်းဆိုသောအခါ၊
၃။ ကျူးကျော်ဖွဲ့ဆို ငိုယိုသောအခါတို့၌ လျှတအသံ ဖြစ်နိုင်သည်။
အချို့ဆရာတို့ကား ငြီးတွားသံကိုပါထည့်၍ လျှတအသံ ၄-မျိုးဟု ဆိုကြပါသည်။

- ဇကမတ္တော ဘဝေ ရဿော၊ ဒ္ဝိမတ္တော ဒီဃ ဥစ္စတေ။
တိမတ္တော တု လျှတော ဥဒ္ဒေယျော၊ ဗျဥ္ဇနဉ္စ'ပုမတ္တကံ။
ဒူရာဝှါနေ စ ဂါနေစ၊ ရောဒနေ စ လျှတော မတော။

http://www.dhammadownload.com

(ဆောင်) အဝေးလှမ်းအော်၊ ခေါ်သည်တခင်း၊ သီချင်းသီဆို၊
ငိုယို, ငြီးတွား၊ ပေါင်းလေးပါး၊ ဖြစ်ငြား လ္လုတ။

မေး။ တစ်မတြာရှိသောသရသည် ရဿမည်သောကြောင့် "ဧကမတ္တာ တယော ရဿာ" ဟု သုတ်တည်သင့်သည် မဟုတ်ပါလော အဘယ့်ကြောင့် ယင်းသို့မတည်ဘဲ "လဟုမတ္တာ တယော ရဿာ" ဟု တည်ရပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဆန်းအရာ၌ ဗျည်းနှင့်တွဲ၍ တစ်မတြာခွဲကာလရှိသော က,ကိ,ကု-စသည်တို့ကို လည်း ရဿဟုယူခြင်းအကျိုးငှါ (ယူစေလိုသောကြောင့်) "ဧကမတ္တာ တယော ရဿာ"ဟု သုတ်မတည်ဘဲ "လဟုမတ္တာ တယော ရဿာ"ဟု သုတ်တည်ရခြင်း ဖြစ်ပါသည်။

မေး။ "လဟုမတ္တာ တယော ရဿာ"ဟု သုတ်မတည်ဘဲ "ဧကမတ္တာ တယော ရဿာ" ဟု သုတ်တည်ခဲ့သော် ဖြစ်ပေါ်လာမည့်အပြစ်ကို ဖော်ပြပါ။

ဖြေ။ ယင်းသို့ သုတ်တည်ခဲ့သော် တစ်မတြာရှိသော အ, ဣ, ဥ သရသုံးလုံးတို့သာ ရဿမည်၍ က, ကိ, ကု စသည်တို့ ရဿ မမည်-ဟူသောအပြစ် ဖြစ်ပေါ်လာပါမည်။

မေး။ လဟုမတ္တာ တယော ရဿာ-၌ ရဿ အရကို ဖြစ်နိုင်သမျှ အပြည့်အစုံ ဖော်ပြပါ။

ဖြေ။ အ, ဣ, ဥ-ဟူသော ရဿသရသုံးလုံးနှင့် က, ကိ, ကု စသည်တို့ ဖြစ်ပါသည်။

မေး။ "ရဿ"၏ အဓိပ္ပါယ်ကို ရူပသိဒ္ဓိဆရာ ဖွင့်ဆိုသည့်အတိုင်း ပြည့်စုံစွာ ရေးပြပါ။

ဖြေ။ ၁။ "ရဿေ နိယုတ္တာတိ ရဿာ"ဟူသော ဝစနတ္ထနှင့်အညီ တိုသော ရွတ်ရာ ကာလ၌ ယှဉ်သောကြောင့် အ, ဣ, ဥ ဟူသော သရသုံးလုံးတို့ကို "ရဿ"ဟု ခေါ်ဆိုရပါသည်။

တစ်နည်း - အတိုဂုဏ်၏ ရဿ-ဟူသောအမည်ကို ဂုဏေးဖြစ်သော အ, ဣ, ဥ သရဒြပ်၌ တင်စား၍ ဂုဏူပစာအားဖြင့် ယင်းသုံးလုံးကို "ရဿ"ဟု ခေါ်ဆိုရပါသည်။

၂။ "ရဿော ဧတေသံ အတ္ထီတိ ရဿာ"ဟူသော ဝစနတ္ထနှင့်အညီ တိုသော ရွတ်ရာကာလရှိသောကြောင့် အ, ဣ, ဥ ဟူသော သရသုံးလုံးကို "ရဿ"ဟု ခေါ်ဆိုရပါသည်။

သိမှတ်ဖွယ်။ ။ " ရဿကာလယောဂတော ရဿာ " ဟူသော ရူပသိဒ္ဓိအဖွင့်ကို နိယုတ္တတဒ္ဓိတ် ဝစနတ္ထပြ-ဟု လည်းကောင်း၊ ဂုဏူပစာပြဟုလည်းကောင်း နှစ်မျိုးကြံကြသောကြောင့် ဝိဂြိုဟ် ၂-မျိုးသာဖြစ်သော်လည်း အဓိပ္ပါယ် ၃-မျိုးဖြစ်ရပါသည်။

အထက်ပါ အဓိပ္ပါယ်များကို ကြည့်၍ "အဘယ့်ကြောင့် ရဿ-ဟု ခေါ်ဆိုရပါသနည်း။ ရဿမည်ခြင်း၏ အကြောင်းများကို ရေးပါ"ဟူသော မေးခွန်းများကို ဖြေဆို တတ်ပါစေ။

၅၊ ၅။ အညေ ဒီဃာ။ (၄)

မေး။ နှစ်မတြာရှိသော သရသည် ဒီဃမည်သောကြောင့် "ဒ္ဓိမတ္တာ ဒီဃာ"ဟု သုတ်တည်သင့်သည် မဟုတ်ပါလော? အဘယ့်ကြောင့် ယင်းသို့ မတည်ဘဲ "အညေ ဒီဃာ"ဟု တည်ရပါသနည်း ဖြေဆိုပါ။

http://www.dhammadownload.com

ဖြေ။ ဆန်းအရာ၌ ဗျည်းနှင့်တွဲ၍ ၂-မတြာခွဲကာလရှိသော ကာ,ကီ,ကူ,ကေ,ကော-စသည်တို့ကိုလည်း ''ဒီဃ''ဟု ယူခြင်းအကျိုးငှါ (ယူစေလိုသောကြောင့်) ဒွိမတ္တာ ဒီဃာ-ဟု သုတ်တည်သင့်လျက် မတည်ဘဲ ''အညေ ဒီဃာ''ဟု တည်ရခြင်း ဖြစ် ပါသည်။

မေး။ ''အညေ ဒီဃာ''ဟု သုတ်မတည်ဘဲ ''ကွတရေ ဒီဃာ''ဟု သုတ်တည်ခဲ့လျှင် ဖြစ်ပေါ်လာမည့် အပြစ်ကို ဖော်ပြပါ။

ဖြေ။ ''ကွတရေ ဒီဃာ''ဟု သုတ်တည်ခဲ့လျှင် အ, ကွ, ဥ ဟူသော ရဿသရ သုံးလုံး တို့၏ တွဲဖက်ဖြစ်သော အာ, ဤ, ဦ-တို့သာ ဒီဃမည်၍ ဧ, ဩ တို့ ဒီဃမမည် ဟူသောအပြစ် ဖြစ်ပေါ်လာပါမည်။

သတိပြု။။ ''ကွတရသဒ္ဒါ ဝုတ္တပဋိယောဂဝစနော = ကွတရ သဒ္ဒါသည် ဆိုခဲ့ပြီး သောအရာ၏ ယှဉ်ဖက်တွဲဖက်ကို ဟောသောသဒ္ဒါဖြစ်၏''ဟူသော ရူပသိဒ္ဓိအဖွင့် (စာ-၁၀၀)ကို သတိပြုပါ။

မေး။ အညေ ဒီဃာ-၌ ဒီဃ-အရကို အပြည့်အစုံ ဖော်ပြခဲ့ပါ။

ဖြေ။ အာ, ဤ, ဦ, ဧ, ဩ - ဟူသော ဒီဃသရ ၅-လုံးနှင့် ကာ,ကီ,ကူ,ကေ, ကော-စသည်တို့ကို ယူရပါမည်။

အမှာ။ ။ ''အည-အရကို ရေးပါ''ဟု မေးလျှင်လည်း နည်းတူ ဖြေပါ။

မေး။ ''ဒီဃ'' အဓိပ္ပာယ်ကို ရူပသိဒ္ဓိဆရာ ဖွင့်ဆိုသည့်အတိုင်း ပြည့်စုံစွာ ရေးပြပါ။

ဖြေ။ ၁။ ''ဒီဃေ နိယုတ္တာ ဒီဃာ''ဟူသော ဝစနတ္ထနှင့်အညီ ရှည်သော ရွတ်ရာကာလ၌ ယှဉ်သောကြောင့် အာ, ဤ, ဦ, ဧ, ဩ-ဟူသော သရ ၅-လုံးတို့ကို ''ဒီဃ''ဟု ခေါ်ဆိုရ ပါသည်။

တစ်နည်း - အရှည်ဂုဏ်၏ ဒီဃ-အမည်ကို အာ-စသော သရ ၅-လုံးတို့၌ တင်စား၍ ဂုဏ္ဍပစာအားဖြင့် အာ-စသောသရ ၅-လုံးတို့ကို ''ဒီဃ''ဟု ခေါ်ဆိုရပါသည်။

၂။ ''ဒီဃော ဇေတသံ အတ္ထိတိ ဒီဃာ''ဟူသော ဝစနတ္ထနှင့်အညီ ရှည်သော ရွတ်ရာကာလရှိသောကြောင့် အာ-စသော သရ ၅-လုံးတို့ကို ''ဒီဃ''ဟု ခေါ်ဆိုရပါသည်။

မေး။ ဧ, ဩ-ဟူသော ဒီဃသရတို့ကို အမြဲတမ်း ဒီဃကဲ့သို့ ရွတ်ဆိုရပါသလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဒီဃသရတို့ကို အမြဲတမ်း ဒီဃကဲ့သို့ မရွတ်ဆိုရပါ။ ''ဇော္ထ, သေယျော,ဩဋ္ဌော, သောတ္ထိ''စသော ကေပဒသံယုက်အရာ၌ သံယုက်မှရှေ့ဖြစ်သော ဧ, ဩတို့ကို ရဿကဲ့သို့ ရွတ်ဆိုရပါမည်။

''မံ **ဧ**ဝ တွံ နိက္ခဏံ ဝနေ၊ **ပုတ္တော**တျာဟံ မဟာရာဇ'' တို့၌ကား ဧ-၌ ဧသရ, ပုတ္တော-၌ ဩသရတို့သည် တွံ, တျာ-ဟူသော သံယုက်တို့၏ ရှေ့ဖြစ် သော်လည်း ထိုသံယုက်များနှင့် ကေပဒ မဟုတ်၊ နာနာပဒဖြစ်သောကြောင့် ၎င်းတို့ကို ရဿကဲ့သို့ မရွတ်ဆိုရပါ။ ဒီဃကဲ့သို့ပင် ရွတ်ဆိုရပါမည်။

မေး။ ကေပဒသံယုက်, နာနာပဒသံယုက်တို့ကို ပုံစံမျှားဖြင့် ထင်ရှားစေခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ ကေပဒသံယုဂ် –ထွေ, သေ**ယျော**,ဩ**ဌော**, သော**ထွိ**။
နာနာပဒသံယုဂ် –မံ စေ **တွံ** နိက္ခဏံ ဝနေ၊ ပုတ္တော **တျာ**ဟံ မဟာရာဇ။

မေး။ ၈, ဩ ရွတ်ဖတ်နည်း ၂–မျိုးကို ဖော်ပြခဲ့ပါ။

ဖြေ။ ၁။ "ထွေ, သေယျော, ဩဌော, သောထွိ"စသော ကေပဒသံယုဂ်အရာ၌ သံယုဂ်မှ ရှေ့ဖြစ်သော ၈, ဩတို့ကို ရွတ်သကဲ့သို့ **ရဿသံဖြင့် ရွတ်ဖတ်နည်း**။
၂။ "မံ စေ တွံ နိက္ခဏံ ဝနေ၊ ပုတ္တော တျာဟံ မဟာရာဇ" ပြယုဂ်များဝယ် စေ–၌ သေရ, ပုတ္တော–၌ ဩသရတို့ကို ရွတ်သကဲ့သို့ **ဒီဃသံဖြင့် ရွတ်ဖတ်နည်း**တို့ ဖြစ်ပါသည်။

မေး။ သတ္ထဟာရကံ ဝါဿ ပရိယေသေယျ–၌ "သတ္ထဟာရကံ ဝသ်သ"ဟု ရွတ်သင့် ပါသလော? "သတ္ထဟာရကံ ဝါ–ဿ"ဟု ရွတ်သင့်ပါသလော? အထောက်သာဓကဖြင့် စိစစ်ဆုံးဖြတ်ပါ။

ဖြေ။ ရူပသိဒ္ဓိ၌ "ကွစိ သံယောဂပုဗ္ဗာ ကောရောကာရာ ရဿာ ဣဝ ဝုစ္စန္တေ = အချို့ သောပြယုဂ်၌ သံယုဂ်၏ရှေ့ဖြစ်သော ၈, ဩတို့ကို ရဿကဲ့သို့ ရွတ်ရမည်" ဟုသာ ဖွင့်ဆို၍ အာ–အက္ခရာကို ရဿကဲ့သို့ ရွတ်ရမည်–ဟု မဖွင့်ဆိုသောကြောင့် 'အာချာတ' ပုဒ်ကို ရွတ်သကဲ့သို့ "သတ္ထဟာရကံ ဝါ–ဿ"ဟုသာ ရွတ်သင့် ပါသည်။

၆၊ ၈။ သေသာ ဗျဉ္ဇနာ။ (၅)

မေး။ သေသာ ဗျဉ္ဇနာ–သုတ်၌ သေသ–အရ နှင့် သေသအပါဒါန်တို့ကို ဖော်ပြပါ။

ဖြေ။ "သေသ"အရ က–အစ နိဂ္ဂဟိတ်အဆုံး ဗျည်း ၃၃–လုံးကို ယူရပါမည်။
"သေသအပါဒါန်"ကား သရ ၈–လုံး ဖြစ်ပါသည်။

မေး။ ဗျဉ္ဇနာ–ပုဒ်ကို "ဗျည်း"ဟု အနက်မြန်မာ ပြန်ဆိုကြရာ ယင်း "ဗျည်း"၏အဓိပ္ပါယ်ကို ပြည့်စုံစွာ ရေးပြပါ။

ဖြေ။ "ဗျဉ္ဇီယတိ အတ္ထော ဧတေဟိတိ ဗျဉ္ဇနာ။ (အဝုတ္တကတ္တုသာဓန ၊ တစ်နည်း–ကရဏသာဓန)။

အနက်ကို ထင်ရှားပြတတ်သောကြောင့်၊ **(တစ်နည်း)** သရတို့က အနက်ကို ထင်ရှားပြကြောင်း ဖြစ်သောကြောင့် က–အစ နိဂ္ဂဟိတ်အဆုံး ၃၃–လုံးသော အက္ခရာတို့ကို "ဗျည်း"ဟု ခေါ်ဆိုရပါသည်။၏

မှတ်ချက်။ ။ အခြားနေရာတို့၌ သရ, ပုဒ်, ဝါကျတို့ကိုလည်း ဗျည်းဟု ခေါ်နိုင်သည်။

ဝိဂြိုဟ်အနက်။ ။ ဧတေဟိ၊ ဤအက္ခရာတို့သည်။ အတ္ထော၊ အနက်ကို။ ဗျဉ္ဇီယတိ၊ ပြအပ်၏။ ဣတိ၊ ဤသို့အနက်ကိုထင်ရှားပြ**တတ်**သောသတ္တိကြောင့်၊ ဗျဉ္ဇနာ၊ ဗျည်းတို့မည် ကုန်၏။ (ပေးရိုးအနက်)

(တစ်နည်း) ဧတေဟိ၊ ဤအက္ခရာတို့ဖြင့်။ (သရေဟိ၊ သရတို့သည်။) အတ္ထော၊ အနက်ကို။ ဗျဉ္ဇီယတိ၊ အနက်ကို ထင်ရှားပြအပ်၏။ ဣတိ၊ ဤသို့သရတို့က အနက်ကို

http://www.dhammadownload.com

ထင်ရှားပြကြောင်းဖြစ်သော သတ္တိကြောင့်။ ဗျဥ္ဇနာ၊ ဗျည်းတို့မည်ကုန်၏။ (သက္ကတ ပဋ္ဌိကာဒို့ကာအလို)။

သိမှတ်ဖွယ်များ

သရတို့သည် ထမင်းနှင့်တူ၍ ဗျည်းတို့သည် ဟင်းနှင့်တူ

ဗျည်းသက်သက်က အနက်ကို ထင်ရှားမပြတတ်၊ သရတို့က အနက်ကိုဟောရာ၌ ထိုအနက်ကို ထင်ရှားပေါ်လွင်အောင် ကူညီ၍ ထွန်းပြတတ်သောကြောင့် ''ဗျည်း'' မည်၏–ဟု ဆိုလိုသည်။ သရတို့သည် ထမင်းနှင့်တူ၍ ဗျည်းတို့သည် ဟင်းနှင့်တူသည်–ဟု ဥပမာ ပြကြသည်။

သရတို့ကို ဗျည်းဟု မခေါ်နိုင်။ ။ သရ ၈–လုံးတို့သည် အနက်ကို ထင်ရှားပြတတ်သော်လည်း 'သရ'ဟူသော အမည်ထူးကို ရပြီးဖြစ်သောကြောင့်လည်းကောင်း၊ ဗျည်းဟူသောအမည်သည် သရ ၈–လုံးပေါ်၌ မထင်ရှား၊ က–စသော ၃၃–လုံးသော အက္ခရာတို့အပေါ်၌သာ ထင်ရှားသောကြောင့်လည်းကောင်း သရတို့ကို ဗျည်း–ဟု မခေါ်သင့်၊ မခေါ်နိုင်ပါ။

မေး။ 'အဗုမတ္တာ ဗျဥ္ဇနာ'ဟု သုတ်မတည်ဘဲ 'သေသာ ဗျဥ္ဇနာ'ဟု သုတ်တည်ခြင်းကြောင့် ရအပ်သောအကျိုးကို ဖော်ပြပါ။

ဖြေ။ ယင်းသို့ သုတ်တည်ခြင်းကြောင့် ဤသုတ်၌ က–အစရှိသော အက္ခရာတို့သည် ဗျည်း–မည်ကုန်၏။ အခြားသော နေရာဌာနတို့၌ သရတို့သည်လည်းကောင်း၊ သရနှင့်ရောသော ဗျည်းတို့သည်လည်းကောင်း၊ ပုဒ်တို့သည်လည်းကောင်း၊ (ဝါကျတို့သည်လည်းကောင်း) 'ဗျည်း'မည်ကုန်၏–ဟု သိရခြင်းအကျိုးရှိပါသည်။

မေး။ နိဂ္ဂဟိတ်ကို အဘယ့်ကြောင့် ''ဗျည်း''ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ သရမဟုတ်သောကြောင့်လည်းကောင်း၊ အနက်ကို ထင်ရှားပြတတ်သောကြောင့် လည်းကောင်း၊ ''သေသာ ဗျဥ္ဇနာ''ဟူသောသုတ်ဖြင့် ဗျည်းဟူသောအမည်ကို ရသောကြောင့် လည်းကောင်း နိဂ္ဂဟိတ်ကို ဗျည်း–ဟု ခေါ်ဆိုရပါသည်။ (ရူပ်ဒီ၊ နယေ ပရံ ယုတ္တေ–သုတ်အဖွင့်။)

မေး။ ရူပသိဒ္ဓိကျမ်း၌ နိဂ္ဂဟိတ်ကို 'ဗျည်း'ဟူသောအမည်ဖြင့် မသုံးဘဲ ကစ္စည်းကျမ်းမှာသာ အဘယ့်ကြောင့် ဗျည်း–ဟူသောအမည်ဖြင့် အသုံးပြုရပါသနည်း။

ဖြေ။ နိဂ္ဂဟိတ်သည် မြတ်စွာဘုရားပါဠိတော်အား ကျေးဇူးများသောကြောင့် ဤကစ္စည်းကျမ်း၌ နိဂ္ဂဟိတ်ကို ဗျည်းဟူသောအမည်ဖြင့် အသုံးပြုခြင်းဖြစ်ပါသည်။ (ဋီ၊ ၁၄)။

မှတ်ချက်။ ။ ရူပသိဒ္ဓိကျမ်း၌ နိဂ္ဂဟိတ်ကို 'အနုသ္သာရ'ဟူသော အမည်ဖြင့် အသုံးပြုသည်။ ၄င်းကျမ်း ဝဂ္ဂန္တံ ဝဂ္ဂေ–သုတ်အဖွင့် ကြည့်။

မေး။ ဗျည်းသရုပ်ကို ထုတ်ပြရာ၌ ''က်, ခ်, ဂ်, ဃ်, င်''စသည်ဖြင့် မပြဘဲ ''က, ခ, ဂ, ဃ, င''စသည်ဖြင့် အဘယ့်ကြောင့် အ သရကို ထည့်၍ ထုတ်ပြရပါသနည်း။

ဖြေ။ ''က်, ခ်, ဂ်, ဃ်, င်''စသည်ဖြင့် ဗျည်းချည်းသက်သက်ဆိုလျှင် ရွတ်ဆို၍ မလွယ်ကူ၊ အသရပါမှ ရွတ်ဆို၍ လွယ်ကူသည်။ ထို့ကြောင့် ရွတ်ဆို၍ လွယ်ကူခြင်းအကျိုးငှါ (လွယ်ကူစေလိုသောကြောင့်) ''က, ခ, ဂ, ဃ, င''စသည်ဖြင့် အ–သရထည့်၍

http://www.dhammadownload.com

သရုပ်ထုတ်ပြရခြင်း ဖြစ်ပါသည်။

ရှင်းလင်းချက်။ ။ ရူပသိဒ္ဓိ၌ ''ကကာရာဒိသွကာရော ဥစ္စာရဏာတ္ထော''ဟု ဖွင့်သော ကြောင့် ရွတ်ဆိုရခြင်း(ရွတ်ဆိုလို့ဖြစ်နိုင်ခြင်း) အကျိုးငှါ''ဟု အဓိပ္ပါယ်ရေးကြသည်။ သီဟိဠ် နိဿယ၌ ''သုခေါစ္စာရဏာပယောဇနရှိသည်''ဟုဆိုသောကြောင့်လည်းကောင်း၊ သာရသွတ ကျမ်း၌ ''တေသွကာရော သုခုစ္စာရဏာတ္ထော''ဟု ဖွင့်ဆိုသောကြောင့် လည်းကောင်း အထက်ပါအတိုင်း အဓိပ္ပါယ်မှတ်ပါ။ က်,ခ်-စသော ဗျည်းချည်းသက်သက်မှာ ရွတ်လို့ခက်ခြင်းသာ ဖြစ်သည်။ ရွတ်လို့ မဖြစ်နိုင်ခြင်း မဟုတ်၊ ရွတ်လို့တော့ ဖြစ်သည်သာ။

၇၊ ၉။ ဝဂ္ဂါ ပဋ္ဌပဋ္ဌသော မန္တာ။ (၅)

မေး။ ကဝဂ်, စဝဂ်စသည် ခေါ်ဆိုရပုံကို ရေးပြပါ။

ဖြေ။ ပထမက္ခရာ (တစ်ဝဂ်တစ်ဝဂ်တွင် အစဆုံးဖြစ်သော အက္ခရာ)၏ အစွမ်းဖြင့် ကဝဂ်, စဝဂ်-စသည် ခေါ်ဆိုရပါသည်။

မေး။ ''ဝဂ်''ဟူသည် အဘယ်နည်း၊ ၎င်း၏ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ဌာနိတူမူကို အကြောင်းပြု၍ ၅-လုံးစီ ပေါင်းစုထားသော အက္ခရာအပေါင်းကို ''ဝဂ်''ဟု ခေါ်ဆိုရပါသည်။

သီမှတ်ဖွယ်။ ။ ဝဂ္ဂါတိ သမူဟော = ဝဂ္ဂသဒ္ဒါသည် သမူဟ(အပေါင်း)အနက်ကို ဟောသော အနိပ္ပန္နပါဋိပဒိကပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ် မဆိုကောင်းပါ။ ထို့ကြောင့် ရူပသိဒ္ဓိ၌ ''ဝဂ္ဂါတိ သမူဟော''ဟု ဖွင့်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ အက္ခရာ, သရ-စသော အမည်များနှင့်စပ်၍ သိအပ်သိထိုက်သော အမည် ၂-မျိုးကို ဖော်ပြ၍၊ ကဝဂ်, စဝဂ်-စသောအမည်သည် အဘယ်အမည်ဖြစ်ပါသနည်း? အကြောင်း နှင့်တကွ ဖော်ပြခဲ့ပါ။

ဖြေ။ အမည် ၂-မျိုးမှာ- ၁။ အာဒိလဒ္ဓနာမ (= အစဍ်တည်သော အက္ခရာ, ပုဒ်စသည် တို့၏အစွမ်းဖြင့် ရအပ်သောအမည်)။ ၂။သဗ္ဗလဒ္ဓနာမ (= အလုံးစုံသောပုဒ်တို့၏အစွမ်း ဖြင့် ရအပ်သောအမည်)တို့ ဖြစ်ပါသည်။

ဤ ကဝဂ်, စဝဂ်-စသောအမည်သည် အစဍ်တည်သော ''က''စသည်တို့၏ အစွမ်း ဖြင့် ရအပ်သောအမည်ဖြစ်သောကြောင့် အာဒိလဒ္ဓနာမ-ဖြစ်ပါသည်။

မေး။ ပဋ္ဌပဋ္ဌသော-ပုဒ်ကို ဝိဂြိုဟ် ဆိုပြခဲ့ပါ။

ဖြေ။ ပဋ္ဌ ပဋ္ဌ ဝိဘာဂေနာတိ ပဋ္ဌပဋ္ဌသော။ (ဝိဘာဂတဒ္ဓိတ်)
(တစ်နည်း) ပဋ္ဌ ပဋ္ဌ ဇေတသံ အတ္ထိဂတိ ပဋ္ဌပဋ္ဌသော။

ရှင်းချက်။ ။ **ပထမဝိကပ်ဖြင့်** ပဋ္ဌပဋ္ဌ-နောင် ''ဝိဘာဂေ ဓာ စ''သုတ်၌ စသဒ္ဒါ ဖြင့် ဝိဘာဂအနက်၌ သော-ပစ္စည်းသက်ထားသည်ဟုလည်းကောင်း၊ ထို့နောင် နာဝိဘတ် ကျေနေသည်ဟုလည်းကောင်း ပြ၏။

ဒုတိယဝိကပ်ဖြင့် ပဋ္ဌပဋ္ဌ-နောင် တဒဿတ္ထိတိ ဝိ စ-၌ စသဒ္ဒါဖြင့် သော-ပစ္စည်းသက် ထားသည်ဟုလည်းကောင်း။ ၎င်းနောင် ယောဝိဘတ် ကျေနေသည်ဟု

http://www.dhammadownload.com

လည်းကောင်း ပြ၏။

မေး။ ပဥ္စပဥ္စသော-၌ ''ပဥ္စပဥ္စ''သည် ဒွန်သမာသ်ပုဒ် ဖြစ်ပါသလော? မည်သည့်ပုဒ်အမျိုး အစား ဖြစ်ပါသနည်း။

ဖြေ။ ပဥ္စ ပဥ္စ-သည် ဒွန်သမာသ်ပုဒ် မဟုတ်၊ ဝိစ္ဆာပုဒ်သာ ဖြစ်ပါသည်။

သာဓက – ဝဂ္ဂါ ပဥ္စ ပဥ္စသော မန္တာတိ ဧတ္ထ ပဥ္စပဥ္စသောတိ နိဒ္ဒေသေနေဝ ဝိစ္ဆာ-ပယောဂသိဒ္ဓိယာ ဉာပိတတ္တာ။ (ရူ၊ စာ ၄၅၊ သရူပါနမေကသေသွသကိသုတ်အဖွင့်)။

မေး။ ပဥ္စပဥ္စသော-ဟု မိန့်ဆိုခြင်းဖြင့် အရှင်မဟာကစ္စည်းထေရ်သည် အဘယ်ကို သိစေပါ သနည်း။

ဖြေ။ ပဥ္စပဥ္စသော-ဟု မိန့်ဆိုခြင်းဖြင့် ပိဋကတ်တော်၌ ဝိစ္ဆာပြယုဂ် ပြီးစီးကြောင်း (ဝိစ္ဆာပြယုဂ် ရှိကြောင်း)ကို အရှင်မဟာကစ္စည်းထေရ် သိစေပါသည်။

အမှာ။ ။ ''ပိဋကတ်တော်၌ ဝိစ္ဆာပြယုဂ်ရှိကြောင်း အထောက်အထားကို ဖော်ပြ ပါ''ဟူသော မေးခွန်းကို ဖြေဆိုတတ်ပါစေ။

မေး။ အရှင်မဟာကစ္စည်းထေရ်သည် ''ဝဂ္ဂါ မန္တာ''လောက်သာဆိုက လိုအပ်သောအနက် ပြီးပါလျက် ယင်းသို့ သုတ်မတည်ဘဲ အဘယ်အကျိုးငှါ ပဥ္စ ပဥ္စသော-သဒ္ဒါကို ထည့်၍ သုတ်တည်ရပါသနည်း။

ဖြေ။ ''ဝဂ္ဂါ မန္တာ''လောက်တင်ဆိုက လိုအပ်သောအနက် ပြီးပါသော်လည်း ''၂၅-လုံး ပေါင်းရုံး ဖွဲ့စည်း တစ်စုတည်းရွတ်ဆိုအပ်သောကြောင့် ဝဂ်-မည်သည် မဟုတ်။ ၅-လုံးတစ်စု, ၅-လုံးတစ်စုပြု၍ ရွတ်ဆိုအပ်သောကြောင့် ဝဂ်-မည်၏''ဟူ သောအနက်အဓိပ္ပါယ်ကို သိစေခြင်းအကျိုးငှါ ပဥ္စပဥ္စသော-သဒ္ဒါကို ထည့်၍ သုတ်တည်ရခြင်း ဖြစ်ပါသည်။

မေး။ အဝဂ်အမည်မှည့်သော သညာသုတ်ကို အဘယ့်ကြောင့် သီးခြား မဆိုပါသနည်း။

ဖြေ။ က-အစ မ-အဆုံး ၂၅-လုံးသောဗျည်းတို့ကို ဝဂ်အမည်မှည့်လိုက်သဖြင့် ယ-စ သော ကြွင်းသောဗျည်း ၈-လုံးသည် အဂတ္တသိဒ္ဓိနည်းဖြင့် အဝဂ်အမည် ရပြီးဖြစ်သောကြောင့် အဝဂ်အမည်မှည့်သော သညာသုတ်ကို သီးခြား မဆိုခြင်း ဖြစ်ပါသည်။ (''ဤသုတ်ဖြင့်ပင် အဝဂ် အမည်မှည့်ရသည်''ဟုလည်း ဆိုကြပါသည်။)

မေး။ မန္တာ-ပုဒ်ကို ဝိဂြိုဟ် ဆိုပြခဲ့ပါ။

ဖြေ။ မော အန္တော ယေသံ တေ မန္တာ။

၈၊ ၁၀။ အံ ဣတိ နိဂ္ဂဟိတံ။ (၆)

မေး။ ကစ္စည်း၌ ''အံ ဣတိ နိဂ္ဂဟိတံ''ဟု ရှိ၍၊ ရူပသိဒ္ဓိ၌ ''အံ ဣတိ နိဂ္ဂဟိတံ''ဟု ရှိနေရာ ယင်းပါ၌နှစ်မျိုးတို့၏ အမှား / အမှန်ကို ဝေဖန်သုံးသပ် ဆုံးဖြတ်ပါ။

ဖြေ။ နိဂ္ဂဟိတံ-၌ နိပုဗ္ဗ ဂဟဓာတ်+တပစ္စည်း၊ ဣအာဂုံ ဖြစ်၏။ မောဂ္ဂလ္လာန်ပဥ္စကာဋီကာ၌ နိဂ္ဂဟိတံ-ပုဒ်ကို ရုပ်တွက်ပြရာဝယ် နိ-၌ ဣ-ကို ဒီဃပြုရန် ညွှန်ပြထားသော ကြောင့် ထိုမောဂ္ဂလ္လာန်ပဥ္စိကာဋီကာသို့ လိုက်၍ ရူပသိဒ္ဓိ၌ ''နိဂ္ဂဟိတံ''ဟု ဒီဃနှင့်

http://www.dhammadownload.com

ရှိနေခြင်း ဖြစ်ပါသည်။ ''အဂ္ဂဟိတ၊ ပဂ္ဂဟိတ၊ ပရိဂ္ဂဟိတ''စသော အလားတူပုဒ်များကို ထောက်ထားလျှင် ကစ္စည်းကျမ်းလာအတိုင်း ဣရဿနှင့် ''နိဂ္ဂဟိတံ''ပါဠိကိုသာ ယုတ္တတရ-ဟု ဆိုရဖွယ်ရှိပါသည်။

မေး။ အ-သရမဖက် ဗိန္ဒုပြောက်သက်သက်သာ နိဂ္ဂဟိတ်မည်ပါလျက် အဘယ့်ကြောင့် အသရကို ထည့်စွက်၍ 'အံ'ဟု ဆိုရပါသနည်း။

ဖြေ။ အသရမဖက် ဗိန္ဒုပြောက်သက်သက်သာ နိဂ္ဂဟိတ်မည်သော်လည်း ထိုဗိန္ဒုပြောက်ကို သူချည်းသက်သက် အသံပီသစွာ ရွတ်ဆို၍ မဖြစ်နိုင်သောကြောင့် ရွတ်ဆို၍ဖြစ်နိုင်ခြင်းအကျိုးငှါ အ-သရကို ထည့်ဆိုထားရခြင်း ဖြစ်ပါသည်။

မေး။ အံ ဣတိ နိဂ္ဂဟိတံ-၌ ဣတိ သဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ ဣတိ-သဒ္ဒါသည် အ-သရ၏နောက်, ဣတိ-ဟူသော မိမိ၏အခြားမဲ့ ရှေ့နား၌ ကပ်လျက် ရွတ်ဆိုအပ်သော ဗိန္ဒုပြောက်ကို ညွှန်ပြခြင်း ''နိဒဿန''အနက် ရှိပါသည်။

မေး။ ''အံ နိဂ္ဂဟိတံ''ဟုသာ မဆိုဘဲ အဘယ်အကျိုးငှါ ''အံ ဣတိ နိဂ္ဂဟိတံ''ဟု ဣတိ-သဒ္ဒါကို ထည့်ဆိုရပါသနည်း။

ဖြေ။ ''အ-သရနှင့်တကွသော ဗိန္ဒုပြောက်သည် နိဂ္ဂဟိတ် မမည်, အသရ၏နောက်၌ ရွတ်ဆိုအပ်သော ဗိန္ဒုပြောက်သည်သာ နိဂ္ဂဟိတ်မည်၏''ဟု ညွှန်ပြခြင်းအကျိုးငှါ ဣတိ-သဒ္ဒါကို ထည့်ဆိုရပါသည်။

မေး။ ဣတိသဒ္ဒါ မထည့်ဘဲ ''အံ နိဂ္ဂဟိတံ''ဟု သုတ်တည်လျှင် ကျရောက်သွားမည့် အဓိပ္ပါယ်ကို ရေးသားဖြေဆိုပါ။

ဖြေ။ ယင်းသို့ သုတ်တည်လျှင် ''အံ''တစ်ခုလုံး နိဂ္ဂဟိတ်မည်၏-ဟု အဓိပ္ပါယ် ကျရောက်သွားပါမည်။

မေး။ အဘယ့်ကြောင့် ''နိဂ္ဂဟိတ်''မည်ပါသနည်း၊ ၄င်း၏ အဓိပ္ပါယ် ၂-မျိုးကို ရှု-ဆရာဖွင့်ဆိုသည့်အတိုင်း ရေးသားဖော်ပြပါ။

ဖြေ။ (၁) **''ရဿသရံ နိဿာယ ဂယှတီတိ နိဂ္ဂဟိတံ''**ဟူသော ဝစနတ္ထနှင့်အညီ ရဿသရသုံးလုံးကို မှီ၍ ရွတ်ဆိုအပ်သောကြောင့် ''နိဂ္ဂဟိတ်'' မည်ပါသည်။

(၂) **"ကရဏံ နိဂ္ဂဟေတွာ ဂယှတီတိ နိဂ္ဂဟိတံ"**ဟူသော ဝစနတ္ထနှင့်အညီ ဌာန်,ကရိုဏ်းကို ဖိနှိပ်၍ မဖွင့်အပ်သော (ဖွင့်ဟမထားသော) ခံတွင်းဖြင့် ရွတ်ဆိုအပ်သောကြောင့် ''နိဂ္ဂဟိတ်''မည်ပါသည်။

(ဂါထာ) ကရဏံ နိဂ္ဂဟေတွာန၊ မုခေနာ'ဝိဝဋေန ယံ။
ဝုစ္စတေ နိဂ္ဂဟိတန္တိ၊ ဝုတ္တံ ဗိန္ဒု သရာနဂံ။

အမှာ။ ။ အထက်ပါ အဓိပ္ပါယ်များကို ကြည့်၍ ''နိဂ္ဂဟိတ်၏ မှီရာသရတို့ကို ဖော်ပြပါ'' ဟူသောမေးခွန်းနှင့် ''နိဂ္ဂဟိတ်ရွတ်နည်းကို ရှု-အလိုကျ ရေးပြပါ''ဟူသော မေးခွန်းများကိုလည်း ဖြေတတ်ပါစေ။

http://www.dhammadownload.com

မေး။ နိဂ္ဂဟိတ်–ဟု ဂရုသညာ ပြုရခြင်းအကျိုးကို ဖြေဆိုပါ။

ဖြေ။ အန္တတ္ထအမည်ကို သိစေရခြင်း အကျိုးရှိပါသည်။ (ဋီ၊ ၁၁။)

မေး။ နိဂ္ဂဟိတ်ကို ရွတ်ဆိုရာ၌ ''ဌာန်, ကရိဏ်းကို နှိပ်၍ ရွတ်ရမည်''ဟုဆိုရာ ဌာန်, ကရိဏ်း နှိပ်ပုံကို ရေးပြပါ။

ဖြေ။ သစ်ကိုင်းပေါ် နားနေသောငှက်သည် အထက်သို့ ပျံတက်လိုက်သည့်အခါ သစ်ကိုင်းကို ဖိနှိပ်သလို ဖြစ်သွားသကဲ့သို့, ထို့အတူ နိဂ္ဂဟိတ်သံသည် အထက် နှာခေါင်းပေါက်သို့ ဆန်တက်ရမည်ဖြစ်သောကြောင့် ''ကံ–စံ–ဠံ–တံ–ပံ''စသည်ဖြင့် ရွတ်ဆိုလိုက်သည့်အခါ က စ ဋ တ ပ–တို့၏ ဌာန်, ကရိဏ်းကို ဖိနှိပ်ထားခဲ့သလို ဖြစ်သည်ကို ''ဌာန်, ကရိဏ်းကို နှိပ်''ဟု ဆိုပါသည်။

တစ်နည်း – နိဂ္ဂဟိတ်သံနှင့် ဝိမုတ်သံသည် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်၏။ ဝိမုတ္တ–ဟူသော သဒ္ဒါသွားအလိုက် ဝိမုတ်အက္ခရာကို ရွတ်သည့်အခါ ဌာန် ကရိဏ်းများကို ဟာလာဟင်းလင်း ရှင်းရှင်းလွတ်လွတ် လွှတ်၍ ရွတ်ဆိုရ၏။ နိဂ္ဂဟိတ်ကိုကား ထိုကဲ့သို့ ဌာန်နှင့် ကရိဏ်းကို မလွှတ်လိုက်ဘဲ မြစွာယူထားပြီး ရွတ်သည်ကို ''ဌာန်, ကရိဏ်းကို နှိပ်''ဟု ဆိုပါသည်။ (ရူပသိဒ္ဓိဘာသာဋီကာ)

မှတ်ချက်။ ။ ဒုတိယနည်းသည် နိဂ္ဂဟေတွာ–ကို အဝိဿဇ္ဇေတွာ–ဟု ဖွင့်သော ပရိဝါအဋ္ဌကထာနှင့် အညီဖြစ်၏။

မေး။ နိဂ္ဂဟိတ်ရွတ်နည်းကို အများနားလည်အောင် ရေးပြပါ။

ဖြေ။ နိဂ္ဂဟိတ်ကို ရွတ်ရာ၌ အချို့က ခံတွင်းကို ပိတ်ပြီး ရွတ်ကြသည်။ မိမိတို့၏ ကျေးဇူးရှင် အဘယာရာမ တတိယမြောက် နာယကဆရာတော် ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ က ''မုခေနာ'ဝိဝဠေန''၌ အဝိဝဠေန–ပုဒ်ကို 'ဖွင့်ဟ မထားသော' အနက်ပေး၍ ဝိမုတ္တဖြစ်သော 'အာ'ကို ရွတ်သလို ဟာလာဟင်းလင်း ဖွင့်ဟမထားသော ခံတွင်းဖြင့် ရွတ်ရမည်–ဟု မိန့်တော်မူပါသည်။ (ခံတွင်းကို ပိတ်ရွတ်လျှင် နာသိကာဌာန် မဖြစ်ဘဲ သြဋ္ဌဌာန် ဖြစ်သွားပါလိမ့်မည်။)

အမှာ။ ။ နိဂ္ဂဟိတ်ရွတ်နည်းနှင့် ပတ်သက်၍ အကျယ်ကို ဆရာမြတ်၏ ''ဌာန် ကရိဏ်း ပယ်တ်အဖွင့်ကျမ်း''၌ ရှုကြပါလေ။

မေး။ ဣနိဂ္ဂဟိတ်–ဟူသောအမည်သည် အဘယ်ကျမ်း၌လာသောအမည် ဖြစ်ပါသနည်း။

ဖြေ။ ဣနိဂ္ဂဟိတ်–ဟူသောအမည်သည် သာသနာတော်ကျမ်း၌လာသော အမည် ဖြစ်ပါ သည်။ လောကီသက္ကတသဒ္ဒါကျမ်းတို့၌ကား ၎င်းကို ''အနုသွာရ''ဟု ခေါ်ပါသည်။ (ရူပသိဒ္ဓိ၌လည်း ''အနုသွာရ''ဟုပင် ဆိုသည်။ ဝဂ္ဂန္တီ ဝါဝဂ္ဂေ–သုတ် ကြည့်)။

မေး။ ''ကံ္ဂ ကတိ နိဂ္ဂဟိတံ'' ''ဥံ ကတိ နိဂ္ဂဟိတံ''ဟု သုတ်တည်လျှင် ဖြစ်/မဖြစ် စိစစ်ဖြေဆိုပါ။

ဖြေ။ အံ ကတိ နိဂ္ဂဟိတံ–ဝယ် အံ–၌ အ သရသည် ပဓာနမဟုတ်, ဗိန္ဒုပြောက်သာ ပဓာနဖြစ်သောကြောင့်လည်းကောင်း၊ ထိုဗိန္ဒုပြောက်–ဟူသော နိဂ္ဂဟိတ်သည် အ, ကွ, ဥ ရဿသရ ၃–လုံးကို မှီသောကြောင့်လည်းကောင်း ''ကံ္ဂ ကတိ နိဂ္ဂဟိတံ'' ''ဥံ ကတိ နိဂ္ဂဟိတံ''ဟု သုတ်တည်လျှင်လည်း ဖြစ်ပါသည်။

http://www.dhammadownload.com

၉၊ ၁၁။ ပရသမညာ ပယောဂေ။ (၆)

မေး။ ပရသမညာ ပယောဂေ-သုတ်သည် သုတ် ၄-မျိုးတို့တွင် အဘယ်သုတ် ဖြစ်ပါသနည်း။

ဖြေ။ ပရိဘာသာသုတ်ဖြစ်ပါသည်။

မှတ်ချက်။ ။ ပရိဘာသာသုတ် ၃-မျိုးတွင်ကား အမည်သညာကို ပရိဘာသာပြုသော ''သညဂ်ပရိဘာသာသုတ်'' ဖြစ်ပါသည်။

ပရိဘာသာသုတ် ၃-မျိုး

၁။ သညဂ်ပရိဘာသာသုတ် ၂။ ဝိဓျဂ်ပရိဘာသာသုတ် ၃။ အနျဂ်ပရိဘာသာသုတ်

(ဆောင်) သညင် ဝိဓျင်၊ အနင်-ကိုထည့်၊ သုံးမျိုးရှိ၊ ပရိဘာသာသုတ်။

ပရိဘာသာအဓိပ္ပါယ်

ပရိတော ဗျတ္တာ (ဗျာပိတာ) ဘာသာ ပရိဘာသာ။

တစ်နေရာ၌ ဆိုလိုက်ရုံမျှဖြင့် တစ်ကျမ်းလုံး ပျံ့နှံ့သွားသော စကားရပ် (သုတ်)ကို ''ပရိဘာသာ''ဟု ဆိုရပါသည်။

သာ ပနေကဒေသဋ္ဌာပိ သကလံ သတ္ထုံ အဘိဘာသယတိ ဂန္ထနိဗ္ဗာဟနတ္ထံ ပရိသံဒိတ္တစိဟနေန ဘာသိယတေတိ ဝါ ပရိဘာသာ။

ရှု၊ ဋီ(၁၂)၌ ''ပရိ သမန္တတော ဘာသီယတေတိ ပရိဘာသာ''ဟု ဖွင့်သည်။

ထက်ဝန်းကျင်၌ ရွတ်ဆိုအပ်သောကြောင့် ပရိဘာသာ မည်၏'-ဟူလို။

မေး။ အရှင်မဟာကစ္စည်းဆရာသည် ပရသမညာ ပယောဂေ-သုတ်ကို အဘယ်အကျိုးငှါ မိန့်ဆိုရပါသနည်း။

ဖြေ။ ဤကစ္စည်းကျမ်း၌ တိုက်ရိုက်မဆိုအပ်, နာမည်မှည့် မထားအပ်သော သက္ကတကျမ်းလာ ယောသ, အယောသ စသော နာမည်တို့ကိုလည်း အကျိုးများလျှင် ယူနိုင်ခြင်းအကျိုးငှါ ဤ''ပရသမညာပယောဂေ''ဟူသော ပရိဘာသာသုတ်ကို အရှင် မဟာကစ္စည်းဆရာ မိန့်ဆိုရခြင်းဖြစ်ပါသည်။

မေး။ ပရသမညာ-ပုဒ်၏ ဝစနတ္ထနှင့် အဓိပ္ပါယ်ကို ပြည့်စုံစွာ ရေးသားဖြေဆိုပါ။

(၁) ''ပရသ္မိ သမညာ ပရသမညာ''ဟူသော ဝစနတ္ထနှင့်အညီ တစ်ပါးသော သက္ကတသဒ္ဒါကျမ်းတို့၌ အမည်သညာတို့သည် ''ပရသမညာ''တို့ မည်ကြပါသည်။

(၂) ''ပရေသံ သမညာ ပရသမညာ''ဟူသော ဝစနတ္ထနှင့်အညီ တစ်ပါးသော ဗျာကရဏ်းဆရာတို့၏ အမည်သညာတို့သည် ''ပရသမညာ''တို့ မည်ကြပါသည်။

မေး။ ပရသမညာ-၌ (က) ပရ-အရ၊ (ခ) သမညာ-အရ၊ (ဂ) ပရသမညာ-အရတို့ကို အသီးသီးကောက်ပြခဲ့ပါ။

ဖြေ။ (က) ပရ-အရ ကစ္စည်းသဒ္ဒါကျမ်းမှတစ်ပါးသော သက္ကတသဒ္ဒါကျမ်းကို ရပါသည်။

တစ်နည်း - ကစ္စည်းဆရာမှ တစ်ပါးသော ဗျာကရဏ်းဆရာတို့ကို ရပါသည်။

(ခ) သမညာ၊ (ဂ) ပရသမညာ-တို့အရကား ယောသ, အယောသ, လောပ, သဝဏ္ဏ, သံယောဂ, လိင် စသော အမည်သညာတို့ကို ရပါသည်။

http://www.dhammadownload.com

မေး။ (က) ဃောသအက္ခရာ (ခ) အဃောသအက္ခရာ (ဂ) ၎င်း ၂-မျိုးမှ အလွတ်ဖြစ်သော အက္ခရာများကို ခွဲခြားဖော်ပြခဲ့ပါ။

ဖြေ။ (က) **ဃောသအက္ခရာများမှာ** – ဂ ဃ င၊ ဇ ဈ ည၊ ဍ ဎ ဏ၊ ဒ ဓ န၊ ဗ ဘ မ၊ ယ ရ လ ဝ ဟ ဠ၊ ပေါင်း (၂၁)လုံး ဖြစ်ပါသည်။

(ခ) **အဃောသအက္ခရာများမှာ** – က ခ၊ စ ဆ၊ ဋ ဌ၊ တ ထ၊ ပ ဖ၊ သ၊ ပေါင်း (၁၁) လုံး ဖြစ်ပါသည်။

(ဂ) **၎င်း ၂-မျိုးမှအလွတ်ဖြစ်သော အက္ခရာများမှာ** – သရ ၈-လုံးနှင့် အံ တို့ ဖြစ်ပါသည်။

မေး။ ဃောသ, အဃောသ-ပုဒ်တို့၏ ဝစနတ္ထနှင့် အဓိပ္ပါယ်များကို ရေးသားဖြေဆိုပါ။

ဖြေ။ ဃောသော ဇတေသံ အတ္ထီတိ ဃောသော။

ပင်ကိုယ်သဘောအားဖြင့် ကျယ်ကျယ်လောင်လောင် ထွက်သော အသံရှိသောကြောင့် ''ဃောသ''ဟု ဆိုရပါသည်။

နတ္ထိ ဃောသော ဇတေသန္တိ အဃောသာ။

ပင်ကိုယ်သဘောအားဖြင့် ကျယ်ကျယ်လောင်လောင်ထွက်သော အသံမရှိ (မကျယ်မလောင် အသံထွက်)သောကြောင့် ''အဃောသ''ဟု ဆိုရပါသည်။

မေး။ သိထိလ, ဓနိတ အက္ခရာများနှင့် ၎င်း ၂-မျိုးမှ အလွတ်ဖြစ်သောအက္ခရာများကို ဖော်ပြပါ။

ဖြေ။ ဝဂ် ၅-ဝဂ်တို့တွင် ပဌမက္ခရာ ၅-လုံး, တတိယက္ခရာ ၅-လုံး၊ ပေါင်း ၁၀-လုံး တို့သည် **သိထိလအက္ခရာများ**ဖြစ်ကြပါသည်။

ဒုတိယက္ခရာ ၅-လုံး, စတုတ္ထက္ခရာ ၅-လုံး၊ ပေါင်း ၁၀-လုံးတို့သည် **ဓနိတ အက္ခရာများ**ဖြစ်ကြ၏။

ပဉ္စမက္ခရာ ၅-လုံးနှင့် အဝဂ်အက္ခရာ ၈-လုံးတို့ကား ၎င်း ၂-မျိုးမှ အလွတ် ဖြစ်သော အက္ခရာများဖြစ်ပါသည်။

အယူအဆတစ်မျိုး။ ။အ ချို့ဆရာတို့က ပဉ္စမက္ခရာ ၅-လုံးနှင့် အဝဂ် အက္ခရာ ၈-လုံး တို့ကို သိထိလ၌ထည့်သွင်း ရေတွက်ကြသည်။

ထိုအယူသည် ''ဇတ္ထ စ ဝဂ္ဂါနံ ဒုတိယစတုတ္ထာ ဓနိတာတိပိ ဝုစ္စန္တိ၊ ဣတရေ သိထိလာ'' ဟူသော ရူပသိဒ္ဓိစာကိုယ်။ '' သိထိလဓနိတာဒီသု သိထိလံ နာမ ဝဂ္ဂေသု ပဌမတတိယာ၊ ဓနိတံ နာမ ဒုတိယစတုတ္ထာ''ဟူသော ၎င်းဋီကာ။ ''သိထိလံ နာမ ပဉ္စသု ဝဂ္ဂေသု ပဌမတတိယံ''ဟူသော ပရိဝါအဌကထာတို့နှင့် မညီပါ။

မေး။ ရူပသိဒ္ဓိ စာကိုယ်လာ ''ဣတရေ သိထိလာ'' ၌ ဣတရေ-အရတွင် ပဉ္စမက္ခရာများ ပါသင့် / မပါသင့် နှိုင်းချင့်ဝေဖန်ပြပါ။

ဖြေ။ ရူပသိဒ္ဓိ နာမ်ကျမ်း(စာ-၁၀၀)၌ ''ဣတရသဒ္ဒေါ ဝုတ္တပဋိယောဂဝစနော = ဣတရ သဒ္ဒါသည် ဆိုအပ်ပြီးသောအရာ၏ ယှဉ်ဖက် တဲဖက်ကို ဟော၏''ဟု ဆိုသောကြောင့် ဣတရ-အရ ဆိုခဲ့ပြီး ဒုတိယ, စတုတ္ထအက္ခရာတို့၏ ယှဉ်ဖက်တွဲဖက် ဖြစ်သော ပဌမ, တတိယ အက္ခရာတို့ကိုသာ ယူရပါမည်။ ထို့ကြောင့် ပဉ္စမက္ခရာများ ''ဣတရေ''အရတွင် မပါဝင်သင့်ပါ။

http://www.dhammadownload.com

မေး။ သိထိလ, ဓနိတ-တို့၏ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ လျော့လျော့မှန်မှန် မပြင်းထန်သောအသံဖြင့် ရွတ်ဆိုအပ်သောကြောင့် "သိထိလ"ဟု ခေါ်ဆိုရပါသည်။

ရိုးရိုးမှန်မှန် အသံထက်တင်း၍ ခပ်ပြင်းပြင်းရွတ်ဆိုအပ်သောကြောင့် "ဓနိတ"ဟု ခေါ်ဆိုရပါသည်။

မေး။ ဃောသနှင့် ဓနိတတို့၏အထူးကို ရေးသားဖြေဆိုပါ။

ဖြေ။ ပင်ကိုယ်သဘောအတိုင်းပြီးသော (=နဂိုအတိုင်းပင် ကျယ်လောင် မြည်ဟိန်းသော) "သဘာဝသိဒ္ဓ"အသံမျိုးသည် "ဃောသ"မည်၏။

လုံ့လပယောဂ စိုက်၍ပြီးသော တင်းတင်းမာမာ ရွတ်အပ်သော "ပယောဂသိဒ္ဓ" အသံမျိုးသည် "ဓနိတ"မည်၏။ ဤသို့ထူးပါသည်။

မေး။ လောပ-အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ သရဖြစ်စေ, ဗျည်းဖြစ်စေ ထင်းရှားသော အနေမှ ကျပျောက် ပျက်စီးခြင်းသည် "လောပ" မည်ပါသည်။ (သရာ သရေ လောပ် သုတ်၌ တစ်မျိုးဆိုသည်။ ကြည့်ပါ)။

မေး။ သဝဏ္ဏ, သရူပ-တို့၏အဓိပ္ပါယ်ကို ရေးသားဖြေဆိုပါ။

ဖြေ။ "သမာနာ ဝဏ္ဏာ သဝဏ္ဏာ"ဟူသော ဝစနတ္ထနှင့်အညီ ဌာန်အားဖြင့်တူကုန်သော အ နှင့် အာ၊ က္က နှင့် ဉ္ဂ၊ ဥ နှင့် ဦ၊ ဤသရ ၆-လုံးတို့သည် အချင်းချင်းအပြန်အလှန် "သဝဏ္ဏ"တို့ မည်ကြပါသည်။

"သမာန် ရူပံ ယေသန္တိ သရူပါ"ဟူသော ဝစနတ္ထနှင့်အညီ ဌာန်တူသော သဘော ရှိသော အ နှင့် အာ၊ က္က နှင့် ဉ္ဂ၊ ဥ နှင့် ဦ၊ ဤသရ ၆-လုံးတို့သည် "သရူပ"တို့ မည်ကြပါသည်။ (ရူပ-သဒ္ဒါ 'သဘာဝ'အနက်ဟောဟု ဋီကာ စသည်တို့၌ ဖွင့်ဆိုကြ၏)။

သာဓက -ရဿသရာ သကဒီဃေဟိ အညမညံ သဝဏ္ဏာ နာမ။ (ရူ-၆။)
-သဝဏ္ဏာတိ အန္ဓတ္ထာယံ သညာ "သမာနာ ဝဏ္ဏာသဝဏ္ဏာ"တိ၊
သမာနတ္တံ ပနေသံ ဌာနကတံ။ (မောဂ်-ပဋိကာ၊ ၁၊ ၃၊ သုတ်အဖွင့်။)

မေး။ "သံယောဂ=သံယုဂ်"ဟူသည် ဖြေဆိုပါ။

ဖြေ။ သရတို့သည် ခြားကွယ်ခြင်းကို မပြုအပ်ကုန်သော (= ကြား၌ သရအခြားအကွယ် မရှိကုန်သော)ဗျည်းတို့ကို "သံယောဂ=သံယုဂ်"ဟု ခေါ်ဆိုရပါသည်။

ဥပမာ- က္က (ဂ်က် + -) စသည်။

ဤ၌ "ဂ်"၂-လုံးသည် အသရတစ်လုံးတည်းမှာ တည်မှီနေသည် ဖြစ်၍ ယင်းတို့၏ အကြား၌ သရအခြားအကွယ် မရှိပါ။

သာဓက - သရာနန္တရိတာနိ ဗျဉ္ဇနာနိ သံယောဂေါ။ (ရူ)

မေး။ "ဂ်"သည် သံယုဂ် ဟုတ် / မဟုတ် ရှင်းတမ်းထုတ်ခဲ့ပါ။

ဖြေ။ ဤ "ဂ်"ဟူသောပုံစံ၌ အ-သရတစ်လုံးတည်းမှာ 'ဂ်'ဗျည်း, နိဂ္ဂဟိတ်ဗျည်း ၂-လုံး တည်မှီနေသော်လည်း ယင်းတို့၏အကြား၌ အ-သရခြားနေသောကြောင့် သံယုဂ်

http://www.dhammadownload.com

မဟုတ်ပါ။ အောက်ပါ ပုံစံကို ကြည့်ပါ။

က် + − +

မေး။ ''လိင်္ဂ=လိင်''ဟူသည် အဘယ်နည်း ဖြေဆိုပါ။

ဖြေ။ ဓာတ်, ပစ္စည်း, ဝိဘတ်တို့သည် ကြဉ်အပ်သော (ဓာတ်လည်း မဟုတ်၊ ပစ္စည်းလည်း မဟုတ်၊ ဝိဘတ်လည်း မဟုတ်သော) ယောကျ်ား စသော အနက်ဒြပ်ကို ဟောသော ပုရိသ-စသော သဒ္ဒါမျိုးကို ''လိင်္ဂ=လိင်''ဟု ခေါ်ဆိုရပါသည်။

မေး။ လိင်၏ အင်္ဂါ(၄)ပါးကို ရေးသားဖြေဆိုပါ။

ဖြေ။ ၁။ ဓာတုဝဇ္ဇိတ = ဓာတ်မဟုတ်ခြင်း။
၂။ ပစ္စယဝဇ္ဇိတ = ပစ္စည်း, ပစ္စည်းရှိသောပုဒ်မဟုတ်ခြင်း။
၃။ ဝိဘတ္တိဝဇ္ဇိတ = ဝိဘတ်, ဝိဘတ်ဆုံးနေသောပုဒ်မဟုတ်ခြင်း။
၄။ အတ္ထဝါ = ယောကျ်ားစသော အနက်ဒြပ်ကို ဟောခြင်း တို့ဖြစ်ပါသည်။

သာဓက - ဓာတုပစ္စယဝိဘတ္တိဝဇ္ဇိတ မတ္ထဝံ လိင်္ဂံ။

မေး။ ''ပဒ=ပုဒ်''ဟူသည် ဖြေဆိုပါ။

ဖြေ။ ပုရိသော, ပုရိသာ-စသော ဝိဘတ်အဆုံးရှိသော သဒ္ဒါမျိုးကို ''ပဒ=ပုဒ်''ဟု ခေါ်ဆိုရပါသည်။

မေး။ လိင်နှင့် ပုဒ်တို့၏အထူးကို ရေးသားဖြေဆိုပါ။

ဖြေ။ ထိုထိုဝိဘတ်မသက်အပ်သေးမီ တည်ထားအပ်သော''ပုရိသ'' စသည်သည် ''လိင်'' မည်၏။ ထိုထိုဝိဘတ် သက်အပ်ပြီးသော ''ပုရိသော''စသည်သည် ''ပုဒ်'' မည်၏။ ဤသို့ ထူးပါသည်။

၁၀၊ ၁၂။ ပုဗ္ဗမဓောဠိတမဿရံ သရေန ဝိယောဇယေ။ (၇)

မေး။ ပုဗ္ဗမဓောဠိတမဿရံ သရေန ဝိယောဇယေ-သုတ်ကို အဘယ်အကျိုးငှါ တည် ထားရပါသနည်း။

ဖြေ။ အလုံးစုံသော သန္ဓိစပ်ရာဌာနဠ် ဗျည်းကို မယှဉ်စေခြင်း (ဗျည်းကို သရမှ ခွင်းခြင်း)အကျိုးငှါ ဤသုတ်ကို တည်ရပါသည်။

မေး။ သရေန-ဠ် ဝိဘတ်အနက်ကို ဖော်ပြပါ။

ဖြေ။ သရေန-ဠ် နာဝိဘတ်သည် အပါဒါန်အနက်။ (တစ်နည်း) သဟယောဂအနက်ဠ် သက်ပါသည်။

မေး။ သုတ်ဠ် ပုဗ္ဗံ-ကို ဝုတ္တိဠ် ပုဗ္ဗဗျဉ္ဇနံ-ဟု အဘယ့်ကြောင့် ဖွင့်ဆိုနိုင်ပါသနည်း။

ဖြေ။ အဿရံ-သဒ္ဒါ၏ အစွမ်းသတ္တိ သာမတ္ထိယအားဖြင့် ဗျဉ္ဇနံ-ဟူသောအနက်ကို ရအပ် သောကြောင့် ''ပုဗ္ဗဗျဉ္ဇနံ''ဟု ဖွင့်ဆိုနိုင်ခြင်း ဖြစ်ပါသည်။

မေး။ ပုဗ္ဗဗျဉ္ဇနမဓောဠိတမဿရံ သရေန ဝိယောဇယေ-ဟု ဗျဉ္ဇန-သဒ္ဒါကို ထည့်၍ သုတ် မတည်ဘဲ အဘယ့်ကြောင့် ''ပုဗ္ဗမဓောဠိတမဿရံ သရေန ဝိယောဇယေ''ဟု

http://www.dhammadownload.com

တည်ရပါသနည်း? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အဿရံ-သဒ္ဒါ၏ အစွမ်းသတ္တိ သာမတ္ထိယအားဖြင့်ပင် ဗျဥ္ဇနံ-ဟူသောအနက်ကို ရအပ်သောကြောင့် ပုဗ္ဗဗျဥ္ဇနမဓေဋ္ဌိတမဿရံ သရေန ဝိယောဇယေ-ဟု ဗျဥ္ဇန-သဒ္ဒါကို ထည့်၍ သုတ်မတည်ဘဲ ပုဗ္ဗမဓေဋ္ဌိတမဿရံ သရေန ဝိယောဇယေ-ဟု တည်ရခြင်း ဖြစ်ပါသည်။ (ဋီ၊ ၁၃။)

မေး။ အဿရံ-သဒ္ဒါ၏အစွမ်းသတ္တိ သာမတ္ထိယအားဖြင့် ဗျဥ္ဇနံ-ဟူသောအနက်ကို ရအပ် ပုံကို ရှင်းပြပါ။

ဖြေ။ ''အဿရံ = သရမရှိ = သရကင်း''ဆိုလျှင် ဗျည်းမှတစ်ပါး အခြားသော သရ မဖြစ်သင့်, ဗျည်းသာ ဖြစ်သင့်ပါသည်။ ထို့ကြောင့် ''အဿရံ'' ဟူသောသဒ္ဒါ၏ အစွမ်းသတ္တိ သာမတ္ထိယ အားဖြင့် ''ဗျဥ္ဇနံ''ဟူသော အနက်ကို ရအပ်ခြင်း ဖြစ်ပါသည်။

မေး။ ပုဗ္ဗဗျဥ္ဇနံ-အရကို ဖော်ပြပါ။

ဖြေ။ သရနှင့်တကွဖြစ်သော ပရာသယ ရှေ့ဗျည်းကို ယူရပါမည်။

မေး။ ပုဗ္ဗဗျဥ္ဇနံ-ပါဠိဖြင့် သိစေအပ်သောအဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ သရနှင့်ဗျည်း ပူးတွဲနေရာ၌ ရှေ့ကနေ၍ နောက်သရကိုမှီသော က-အစ ဠ-အဆုံး ၃၂-လုံးသော ပရာသယဗျည်းတို့ကိုသာ ခွင်းရမည်။ နိဂ္ဂဟိတ်ကိုကား နောက်ကနေ၍ ရှေ့သရကိုမှီသော ပုဗ္ဗသယဗျည်းဖြစ်သောကြောင့် သရမှ မခွင်းရ ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

မေး။ ''အဓောဋ္ဌိတံ = အောက်၌တည်သည်ကို''ဟုဆိုသောကြောင့် ရုပ်တွက်ရာ၌ တကယ့်ကို စာကြောင်း၏အောက်၌ တည်နေအောင် ပြုရပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''အဓောဋ္ဌိတံ = အောက်၌တည်သည်ကို''ဟုဆိုသော်လည်း ရုပ်တွက်ရာ၌ တကယ့်ကို စာကြောင်း၏အောက်၌ တည်နေအောင် ပြုရမည်မဟုတ်ပါ။ ရုက္ခာရုဠ္ဟနည်း အားဖြင့် ''ရှေ့''ကိုပင် ''အောက်''ဟု ဆိုထားခြင်းဖြစ်သောကြောင့် မှီရာနောက် သရမှ ရှေ့၌ တည်နေအောင် ပြုရပါမည်။

မေး။ ရှေ့-ဟုဆိုအပ်သော အောက်၌တည်ထားပုံကို ရှင်းပြပါ။

ဖြေ။ ''ရှေ့''ဟုဆိုအပ်သော ''အောက်''၌ တည်ထားသောအခါ အစဉ်ကို မလွန်စေပဲ (အစဉ်မပျက်စေပဲ) တည်ထားရပါမည်။ ဥပမာ-

''တတြ''၌ တြံ-ဗျည်းကိုခွင်း၍ ရှေ့၌ တည်ထားသောအခါ ''တ''၏ ရှေ့သို့ ရောက်အောင် အစဉ်ကို မလွန်စေရပါ။ မှီရာနောက်သရ၏ ရှေ့နားမှာပင် ကပ်၍တည်ထားရပါမည်။

၁၁၊ ၁၄။ နယေ ပရံ ယုတ္တော။ (၈)

မေး။ နယေ ပရံ ယုတ္တော-သည် ပရိဘာသာသုတ် ၃-မျိုးတို့တွင် အဘယ်ပရိဘာသာသုတ် ဖြစ်ပါသနည်း။

http://www.dhammadownload.com

ဖြေ။ ဤသုတ်သည် ပုဗ္ဗမဓောဌိတ–စသောသုတ်ဖြင့် ခွင်းထားအပ် ပြီးသော–သရကင်းသော–ရှေ့ဟုဆိုအပ်သောအောက်၌ အစဉ်မပျက် တည်နေသော ဗျည်းကို နောက်အက္ခရာသို့ ဆောင်ကပ်ခြင်း အစီအရင်ကို ပရိဘာသာပြုသော ''ဝိဗျင် ပရိဘာသာသုတ်''ဖြစ်ပါသည်။

မေး။ နယေ ပရံ ယုတ္တေ–ဟူသော ဤပရိဘာသာသုတ်ကို အဘယ်အကျိုးငှါ မိန့်ဆိုရပါသနည်း။

ဖြေ။ ပြေပြစ်ညက်ညော ချောမောစွာရွတ်ဆိုလိုရာ၌ ရှေ့ဗျည်းကို နောက်အက္ခရာသို့ ဆောင်ကပ်၍ သန္ဓိစပ်ခြင်းအကျိုးငှါ ''နယေ ပရံ ယုတ္တေ''ဟူသော ဤပရိဘာသာသုတ်ကို မိန့်ဆိုရခြင်း ဖြစ်ပါသည်။

မေး။''သရကင်းသော ရှေ့ဗျည်းကို နောက်သို့ ကပ်ရမည်''ဆိုရာ၌ ဘယ်အရာများသို့ ကပ်ရပါမည်နည်း၊ နောက်သရသို့ ကပ်ရမည်လော? နောက်ဗျည်းသို့ ကပ်ရမည်လော? ရှင်းပြပါ။

ဖြေ။ သုတ်၌ ''ပရံ''ကို ဝုတ္တိ၌ ''ပရသရံ''ဟု မဖွင့်ပဲ ''ပရက္ခရံ''ဟု ဖွင့်သောကြောင့် သရကင်းသော ရှေ့ဗျည်းကို နောက် သရ, ဗျည်း နှစ်မျိုးလုံးသို့ ကပ်ရပါမည်။

နောက်သရသို့ ကပ်သောပုံစံ – တတြာယမာဒိ။

နောက်ဗျည်းသို့ ကပ်သောပုံစံ – မျာယံ။

မေး။ နယေ ပရံ ယုတ္တေ–သုတ်၌ ''ယုတ္တေ'' သဒ္ဒါကို ဆိုရကျိုးကို ဖော်ပြပါ။

ဖြေ။ ''အက္ကောစ္ဆိ မံ အဝဓိ မံ''စသောပြယုဂ်တို့၌ မ–ဗျည်းကို မှီနေသော နိဂ္ဂဟိတ်နှင့် နောက်အသရတို့သည် ဆောင်ကပ်၍ သန္ဓိစပ်သင့်သော ယုတ္တဌာန မဟုတ်သောကြောင့် နိဂ္ဂဟိတ်ကို နောက်သရသို့ ဆောင်ကပ်ခြင်းကို တားမြစ်ခြင်းအကျိုးငှါ ''ယုတ္တေ''သဒ္ဒါကို ဆိုရပါသည်။

မေး။ နိဂ္ဂဟိတ်၏ ရှေ့သရကိုမှီသော ပုဗ္ဗာသယဗျည်း ဖြစ်ကြောင်းကို အဘယ့်ကြောင့် သိရပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ ''ယုတ္တေတိ ကသ္မာ၊ အက္ကောစ္ဆိ မံ အဝဓိ မံ အဇိနိ မံ အဟာသိ မေ။ တ္ထေ ပန ယုတ္တံ န ဟောတိ''ဟု နိဂ္ဂဟိတ်ကို နောက်သရသို့ ဆောင်ကပ်ခြင်းကို တားမြစ်သောကြောင့် နိဂ္ဂဟိတ်၏ ရှေ့သရကိုမှီသော ပုဗ္ဗာသယဗျည်းဖြစ်ကြောင်း သိရပါသည်။

ပဌမကဏ္ဍပြီး၏ ။

□□□□□

ဒုတိယကဏ္ဍ

၁၂၊ ၁၃။ သရာ သရေ လောပံ။ (၇)

မေး။ သရာ သရေ လောပံ–သုတ်၌ ''လောပ''အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ မမြင်ရခြင်း, မရွတ်ဆိုရခြင်းသည် ''လောပ''မည်ပါသည်။

http://www.dhammadownload.com

သိမှတ်ဖွယ်။ ။ ရှေ့ပရသမညာ ပယောဂေ-သုတ်၌ ''လောပေါတိ ဝိနာသော''ဟု ဖွင့်ခဲ့သည်။ ယင်းအဓိပ္ပါယ်သည် အနိစ္စဝါဒီဆရာတို့အလိုကျဖြစ်၍၊ ဤသုတ်လာ အဓိပ္ပါယ်သည် နိစ္စဝါဒီဆရာတို့အလိုဖြစ်သည်-ဟု ဆိုကြသည်။ **"အဒဿနံ လောပေါ။ (ပါ၊ ၁၊ ၁၊ ၆၀။) အဒဿန မဿဝဏ မနုစ္စာရဏ မနုပလဒ္ဓိ အဘာဝေါ ဝဏ္ဏ နာသော ဣတျနတ္ထန္တရံ''**ဟူသော ကာသိကာဝုတ္တိကို ထောက်လျှင်ကား ထိုအဓိပ္ပာယ်နှစ်မျိုး သည် သဘောအားဖြင့် အတူတူပင်ဟု ဆိုရပါမည်။

''လောပေါတိ အဒဿနံ''သည် ရေးထားသော ပြယုဂ်ကို ရည်ရွယ်သော စကားဖြစ်၍၊ အနုစ္စာရဏံ-ကား နှုတ်ဖြင့် ရွတ်ဆိုသော ပြယုဂ်ကို ရည်ရွယ်သော စကားဖြစ်သည်-ဟု မှတ်ပါ။

မေး။ သရာ သရေ လောပံ-သုတ်၌ ကာရိယီ, ကာရိယ, နိမိတ္တ နိဒ္ဒေသများကို ခွဲခြားဖော်ပြပါ။

ဖြေ။

သရာ	=	ကာရိယီနိဒ္ဒေသ။
သရေ	=	နိမိတ္တနိဒ္ဒေသ။
လောပံ	=	ကာရိယနိဒ္ဒေသ။

မေး။ လောပဝိဓိသုတ်စသည်တို့၌ ခွဲခြားလေ့ရှိသော ကာရိယီ(=ကာရီ), ကာရိယ, နိမိတ္တ, ဝိသေသနတို့၏အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ပြု၍ မပြီးဆုံးသေးသော (အပြုခံရသော)ပုဒ်သည် ''ကာရိယီ (=ကာရီ)'' မည်၏။
ချေခြင်း, ဒီဃပြုခြင်း, ရဿပြုခြင်းစသောအမှုကို ပြုစီရင်ပြီးသောပုဒ်သည် ''ကာရိယ'' မည်၏။
ထိုကာရိယ၏အကြောင်းသည် ''နိမိတ်''မည်၏။
ကာရိယီ(ကာရီ), ကာရိယ, နိမိတ်တို့ကို အထူးပြုသောပုဒ်သည် ''ဝိသေသန''မည်၏။

(ဆောင်) -ကာရီ၊ ကာရိယ၊ နိမိတ္တ ဝိသေ၊ ခွဲစိတ်ဝေ၊ လော, ဒေ, ဒီ, ရသ်သုတ်။

(ဂါထာ) - အနိဋ္ဌိတံ ပဒံ ကာရီ၊ နိဋ္ဌိတံ ကာရိယံ ဘဝေ။
တဿ ဟေတု နိမိတ္တန္တိ၊တဗ္ဘေဒကံ ဝိသေသနံ။
- ပြု၍မဆုံး၊ ပြင်ဆင်တုန်း၊ စွဲသုံး ကာရီသာ။
ဒီဃ, ရဿ၊ အာဂမနှင့်၊ လောပ, အာဒေသ၊
ပြီးစီးက၊ စွဲထ ကာရိယာ။ (ရွှေကျင်နိယံ)

မှတ်ချက်။ ရူပသိဒ္ဓိ၌ ''ကာရီ''ကို ''ကာရိယီ''ဟု သုံးသည်။

မေး။ သရေ-ဟူသော နိမိတ်အားလျော်စွာ သရော-ဟု ဧကဝုစ်ဖြင့် ဆိုသင့်ပါလျက် မဆိုပဲ အဘယ့်ကြောင့် ''သရာ''ဟု ဗဟုဝုစ်ဖြင့် ဆိုရပါသနည်း။

ဖြေ။ တစ်လုံးတစ်လုံးသော သရနှောင်းရာ၌ များစွာသောသရတို့ ကျေနိုင်ကြောင်းကို သိစေခြင်းအကျိုးငှါ သရေ-ဟူသော နိမိတ်အားလျော်စွာ ''သရော''ဟု ဧကဝုစ်ဖြင့်မဆိုပဲ ''သရာ''ဟု ဗဟုဝုစ်ဖြင့် ဆိုခြင်းဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ သရတစ်လုံးကြောင့် များစွာသောသရတို့ ကျေပုံကို ဥဒါဟရုဏ်ထုတ်၍ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ သခတော ဂဿေ ဝါ–သုတ်၌ ဂဿေ–ကို ''ဂသ+ဇ''ဟု ပုဒ်ဖြတ်ပြီးလျှင် ''ဇ''ကို အ စ အာ စ က္ခ စ ဤ စ ဇ စာတိ ဇ''ဟု ဒွန်သမာသ် ဝစနတ္ထပြု၊ ''အ အာ က္ခ ဤ ဇ''ဟု ဖြစ်နေသောအခါ ဤ ''သရာ သရေ လောပဲ'' ဟူသော သုတ်ဖြင့် နောက် ဇ–သရကြောင့် ရှေ့''အ အာ က္ခ ဤ'' သရ ၄–လုံးတို့ကို နောက်မှစ၍ အစဉ်အတိုင်း ချေရပါသည်။ (ရူ–၆၃၊ သခတော ဂဿေ ဝါ–သုတ်ကြည့်။)

မှတ်ချက်။ ။ အာ–ကြောင့် အ–ကိုချေ၊ က္ခ–ကြောင့် အာ–ကိုချေ၊ ဤ–ကြောင့် က္ခ–ကိုချေ၊ ဇ–ကြောင့် ဤ–ကိုချေ၊ ဤသို့လည်းချေပုံကို ဆိုကြပါသည်။

မေး။ သရာ သရေ လောပံ–သုတ်၌ နိမိတ်,ကာရီဖြစ်နိုင်သောသရများကို ဖော်ပြပါ။

ဖြေ။ နိမိတ်ဖြစ်နိုင်သောသရမှာ–နောက်သရ စ–လုံးဖြစ်၍ ကာရီဖြစ်နိုင်သော သရမှာ–ရှေ့ သရ (၆၄)လုံး ဖြစ်ပါသည်။

မေး။ သရေ–၌ သတ္တမီ ဝိဘတ်၏အနက်ကို ဖော်ပြပါ။

ဖြေ။ နိမိတ်အနက်ဖြစ်ပါသည်။

မေး။ ''သရေ''ဟူသော သတ္တမီနိမိတ်ကို ယူရ ဆိုရခြင်း၏ အစွမ်းသတ္တိကြောင့် သိရသော အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ''သရေ''ဟူသော သတ္တမီနိမိတ်ကို ယူရ ဆိုရခြင်း၏ အစွမ်းသတ္တိ သာမတ္ထိယကြောင့် ဝဏ္ဏခြားရာ, ကာလခြားရာတို့၌ သန္ဓိအစီအရင် မဖြစ်နိုင်ဟူသော အဓိပ္ပါယ်ကို သိရပါသည်။

ကာလ–အရှု။ ။ ရွတ်ဆိုနေစဉ် အပန်းဖြေ ရပ်နားချိန်ကာလကို ဆိုလိုပါသည်။
ရွတ်ရာကာလကို မဆိုလိုပါ။

မေး။ (က) ဝဏ္ဏခြားရာ (ခ)ကာလခြားရာတို့၌ သန္ဓိအစီအရင် မဖြစ်နိုင်ပုံကို ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ (က) ''သကိ ဇဝ''ဟူသော ပုံစံ၌ ကိ–၌ က္ခ–သရနှင့် နောက် ဇ–သရတို့၏အကြား၌ နိဂ္ဂဟိတ်တည်းဟူသော ဝဏ္ဏခြားနေသည်ဖြစ်၍ သရာ သရေ လောပံ–သုတ်ဖြင့် နောက် ဇ–သရကြောင့် ရှေ့ က္ခ–သရကို ချေခြင်းဟူသော သန္ဓိအစီအရင် မဖြစ်နိုင်ပါ။ (ထိုသို့ ပထမ သန္ဓိအစီအရင် မဖြစ်နိုင်သောကြောင့် က–ကို ဇ–သရသို့ ကပ်၍ ''သကေဝ''ဟု မဖြစ်နိုင်ကြောင်းမှာ ဆိုဖွယ်ရာပင် မရှိပါ)။

ထို့ပြင် က္ကဝဏ္ဏော ယံ နဝါ–သုတ်ဖြင့် က္ခ–ကို ယ–ပြုခြင်းဟူသော သန္ဓိအစီအရင်လည်း မဖြစ်နိုင်ပါ။ (ထိုသို့ ပထမ သန္ဓိအစီအရင် မဖြစ်နိုင်သောကြောင့် ယ–ကို ဇ–သို့ကပ်၍ ''သကျေဝ''ဟု မဖြစ်နိုင်ကြောင်းမှာ ဆိုဖွယ်ရာပင် မရှိပါ။)

(ခ) ''သဗ္ဗေ သခီရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ သေ မဂ္ဂေါ ဝိသုဒ္ဓိယာ'' ဟူသော ဂါထာ၌ ပဿတိ–ဟူသော ဒုတိယပါဒ၏အဆုံးနှင့် အထ–ဟူသော တတိယပါဒ၏ အစကို ထုံးစံအတိုင်း အနည်းငယ်ရပ်နားပြီးမှ ဆက်ရွတ်ရမည်ဖြစ်၍ ရပ်နားရာကာလ ခြားနေသောကြောင့် က္ကဝဏ္ဏော ယံ နဝါ–သုတ်ဖြင့် တိ–၌ က္ခ–ကို ယ–ပြုခြင်းဟူသော သန္ဓိအစီအရင် မဖြစ်နိုင်ပါ။ (ထိုသို့ ပထမ သန္ဓိအစီအရင် မဖြစ်နိုင်သောကြောင့် ယ–ကို အ–သို့ ကပ်၍

http://www.dhammadownload.com

"ပဿတျထ"ဟု မဖြစ်နိုင်ကြောင်းမှာ ဆိုဖွယ်ရာပင် မရှိပါ။)

ဂါထာအရာ၌သာ မက "ကတမာ စာနန္ဒ + အနိစ္စသညာ"ကဲ့သို့သော စုဏ္ဏိယ အရာ၌လည်း ကတမာ စာနန္ဒ-ကို ရွတ်ပြီးလျှင် ခေတ္တရပ်တန့်နားနေရဦးမည်ဖြစ်၍ ကာလခြားလျက်ရှိသောကြောင့် နောက် အ-သရကြောင့် ရှေ့အ-သရကို ချေခြင်း ဟူသော သန္ဓိအစီအရင် မဖြစ်နိုင်ပါ။ (ထို့ကြောင့် "ကတမာ စာနန္ဒာနိစ္စသညာ"ဟု မဖြစ်နိုင်ကြောင်းမှာ အထူးဆိုဖွယ်ရာပင် မရှိပါ။)

မေး။ ဝဏ္ဏ, ကာလစသည် ခြားကွယ်ရာ၌ သန္ဓိအစီအရင်သာ မဖြစ်ဟု မှတ်ရပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဝဏ္ဏ, ကာလစသည် ခြားကွယ်ရာ၌ သန္ဓိ အစီအရင်သာမက နာမ်အစီအရင်, ကိတ် အစီအရင်များလည်း မဖြစ်ပါ။

"တိဿန္ဒံ"ပုံစံ၌ ဿံ-အပြု ခြားနေသောကြောင့် ဣဏ္ဏမိဏ္ဏန္ဒံ တီဟိ သချာဟိ-သုတ်ဖြင့် ဣ-သရ၏ ဣဏ္ဏံ-အပြု မဖြစ်။

ရန္ဓတိ-၌ အ-ပစ္စည်းခြားနေသောကြောင့် ဓဗဘဟေဟိ ဓဗာ စ-သုတ်ဖြင့် တ-၏ ဓ-အပြု မဖြစ်။ အာရာဓိတော-၌ ဣအာဂုံ ခြားနေသောကြောင့် တ-၏ ဓ-အပြု မဖြစ်ပါ။

မေး။ သရာ သရေ လောပံ-သုတ်ကို အဘယ့်ကြောင့် "ပုဗ္ဗလောပဝိဓိသုတ်"ဟု သိရပါသနည်း။

ဖြေ။ အထက်ဖြစ်သော "ဝါ ပရော အသရူပါ"သုတ်၌ နောက်သရ ချေခြင်းကို စီရင်သော ကြောင့် ဤ"သရာ သရေ လောပံ"သုတ်ကို "ပုဗ္ဗလောပဝိဓိသုတ်"ဟု သိရပါသည်။

မေး။ နိမိတ် ၂-မျိုးကို ပုံစံနှင့်တကွ ဖော်ပြပါ။

ဖြေ။ ၁။ပဉ္စမီ နိမိတ် = ဝါ ပရော အသရူပါသုတ်၌ အသရူပါ-ပုဒ်။
၂။သတ္တ မီနိမိတ် = သရာသရေ လောပံ သုတ်၌ သရေ-ပုဒ်။

မေး။ ပဉ္စမီနိမိတ်နှင့် သတ္တမီနိမိတ်တို့၏ အထူးကို ရေးသားဖြေဆိုပါ။

ဖြေ။ ပဉ္စမီဝိဘတ်ဖြင့် ညွှန်ပြရာ၌ နောက်ကိုသာ စီရင်ရ၏။
သတ္တမီ နိမိတ်ဖြင့် ညွှန်ပြရာ၌ ရှေ့ကိုသာ စီရင်ရ၏။ ဤသို့ထူးပါသည်။

၁၃၊ ၁၅။ ဝါ ပရော အသရူပါ။ (၈)

မေး။ ဝါ ပရော အသရူပါ-သုတ်၌ သရူပ, အသရူပ-တို့၏ အဓိပ္ပါယ်ကို ရေး၍၊ အရလည်း ကောက်ပြခဲ့ပါ။

ဖြေ။ "သမာနံ ရူပံ အဿာတိ သရူပေါ"ဟူသော ဝစနတ္ထနှင့်အညီ ဌာန်တူသော သဘော ရှိသော (တူသော သုတိရှိသော၊ တူသောရုပ်သွင်သဏ္ဌာန်ရှိသော) သရတို့သည် "သရူပ" တို့ မည်ကြပါသည်။

"န သရူပေါ အသရူပေါ"ဟူသော ဝစနတ္ထနှင့်အညီ ဌာန်တူသော သဘောမရှိသော (သုတိမတူသော၊ ရုပ်သွင်သဏ္ဌာန်မတူသော) သရတို့သည် "အသရူပ"တို့ မည်ကြ

http://www.dhammadownload.com

ပါသည်။

သရူပ-အရ အ, အာ၊ ဣ, ဤ၊ ဥ, ဦ၊ သရ ၆-လုံးတို့ကို ရပါသည်။

အသရူပ-အရ အ, အာ၊ ဣ, ဤ၊ ဥ, ဦ၊ ၉, ဩ သရ ၈-လုံးတို့ကို ရပါသည်။

မေး။ အ, အာ-စသော သရ ၆-လုံးတို့၏ သရူပဖြစ်ပုံကို ဝါဒစုံအောင် ရေးပြ၍၊ အဘယ်ဝါဒသာ ရူပသိဒ္ဓိဆရာ အလိုကျဖြစ်သည်ဟု ဖော်ပြပါ။

ဖြေ။ အ နှင့် အာ တို့သည် ကဏ္ဌဌာန်၌ဖြစ်ခြင်းအားဖြင့် သဘောတူကြပါသည်။ ဣ နှင့် ဤ-တို့သည် တာလုဌာန်၌ ဖြစ်ခြင်းအားဖြင့် သဘောတူကြပါသည်။ ဥ နှင့် ဦ တို့သည် ဩဋ္ဌဌာန်၌ဖြစ်ခြင်းအားဖြင့် သဘောတူကြပါသည်။

တစ်နည်း -အ နှင့်အာ၊ ဣ နှင့် ဤ၊ ဥနှင့် ဦတို့သည် အသံအတို,အရှည်မျှသာ ကွာခြား၍ နား၌ကြားအပ်သော အသံ=သုတိအားဖြင့် တူကြပါသည်။

တစ်နည်း - ရုပ်သွင်သဏ္ဌာန်အားဖြင့်လည်း တူကြပါသည်။ ထို့ကြောင့် အချင်းချင်း အပြန်အလှန် "သရူပ" ဖြစ်ကြပါသည်။

ထို ၃-ဝါဒတို့တွင် ရူပ-ပုဒ်ကို "သဘာဝ"ဟု ဖွင့်ဆိုသော ရူပသိဒ္ဓိဋီကာနှင့် သီဟိုဋ္ဌ ဗျာချာများကို ထောက်ထားလျှင် "ဌာန်သဘောတူ"ဟူသော ဝါဒသာ ရူပသိဒ္ဓိ ဆရာအလိုကျ ဖြစ်ဖွယ်ရှိပါသည်။

မေး။ အ, အာ-စသော သရ ၆-လုံးတို့၏ အသရူပဖြစ်ပုံကို ရေးပြပါ။

ဖြေ။ အဝဏ် ၂-လုံးသည် ကြွင်းသော သရ ၆-လုံးနှင့်၊
ဣဝဏ် ၂-လုံးသည် ကြွင်းသော သရ ၆-လုံးနှင့်၊
ဥဝဏ် ၂-လုံးသည် ကြွင်းသော သရ ၆-လုံးနှင့်၊
၉-သည် ကြွင်းသော သရ ၇-လုံး၊ (တစ်နည်း) ၉-နှင့်တကွ သရ ၈-လုံးနှင့်၊
ဩ-သည် ကြွင်းသော သရ ၇-လုံး၊ (တစ်နည်း) ဩနှင့်တကွ သရ ၈-လုံးနှင့် ဌာန် တူသောသဘောမရှိပါ။ နား၌ကြားရသော အသံ သုတိ မတူပါ။ ရုပ်သွင်သဏ္ဌာန် မတူပါ။ ထို့ကြောင့် "အသရူပ" ဖြစ်ကြရပါသည်။

မေး။ ဝါပရော အသရူပါ-သုတ်၌ နိမိတ်, ကာရီဖြစ်နိုင်သော သရများကို အရေအတွက်မျှ တိကျစွာ ဖော်ပြပါ။

ဖြေ။ နိမိတ်ဖြစ်နိုင်သောသရ - သရ ၈-လုံးဖြစ်ပါသည်။
ကာရီဖြစ်နိုင်သောသရ - နောက်သရ အလုံး ၅၀၊
(တစ်နည်း) ၅၂လုံးဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ ၉-နောင် ၇-လုံး၊ ဩ-နောင် ၇-လုံးယူလျှင် (၅၀)၊
၉-နောင် ၈-လုံး၊ ဩ-နောင် ၈-လုံးယူလျှင် (၅၂)လုံးဟု သိပါ။

မေး။ ဝါသဒ္ဒါ ၂-မျိုးနှင့် ဤသုတ်၌လိုအပ်သော ဝါသဒ္ဒါကို ဖော်ပြပါ။

ဖြေ။ ၁။ ဝိကပ်အနက်ဟော ဝါသဒ္ဒါ။
၂။ ယထာဝဝတ္ထိတရူပပရိဂ္ဂဟ(ဝဝတ္ထိတဝိဘာသာ)အနက်ဟောဝါသဒ္ဒါတို့ ဖြစ်ပါသည်။
ဤသုတ်ပါ ဝါသဒ္ဒါကား ယထာဝဝတ္ထိတရူပ ပရိဂ္ဂဟ(ဝဝတ္ထိတဝိဘာသာ)အနက် ဟော ဝါသဒ္ဒါ ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ ဝဝတ္ထိတဝိဘာသာအနက်ရှိသော ဝါသဒ္ဒါဖြင့်ပြအပ်သော ဝိဓိ ၃-မျိုးကို ပုံစံများနှင့်တကွ ဖော်ပြခဲ့ပါ။

ဖြေ။ **နိစ္စဝိဓိ** – စက္ခုန္ဒြိယံ။
အနိစ္စဝိဓိ – ယဿဒါနိ = ယဿ + ဣဒါနိ၊
သညာတိ = သညာ + ဣတိ–စသည်။
အသန္တဝိဓိ – ပဋိန္ဒြိယာနိ၊ ၊သဒ္ဓိန္ဒြိယံ စသည်။

ဝိဓိ ၃-မျိုး အဓိပ္ပာယ်။ ။ အဂ်ိညီသော် အမြဲစီရင်ရသောဝိဓိသည် ''နိစ္စဝိဓိ'' မည်၏။ အဂ်ိညီသော် ရံခါ စီရင်ရသော ဝိဓိသည် ''အနိစ္စဝိဓိ''မည်၏။ အဂ်ိညီသော်လည်း ဘယ်အခါမျှ မစီရင်ရသော ဝိဓိသည် ''အသန္တဝိဓိ''မည်၏။

ဝဝတ္ထိတဝိဘာသာအနက်ရှိသော ဝါသဒ္ဒါက ထိုဝိဓိ ၃-မျိုးလုံးကို အမြဲ ပြုသည်မဟုတ်။ ပါဠိတော်၌ သတ်မှတ်အပ်ပြီးသော ရုပ်က နိစ္စဝိဓိတစ်မျိုးသာရှိလျှင် ထိုနိစ္စဝိဓိတစ်မျိုးကိုသာ။ အနိစ္စ, အသန္တဝိဓိ နှစ်မျိုးသာရှိလျှင် ထိုနှစ်မျိုးကိုသာ ပြုပါလိမ့်မည်။

မေး။ ဝဝတ္ထိတဝိဘာသာ ဝါသဒ္ဒါဖြင့် ဝိဓိ ၃-မျိုးအပြင် အခြားသတ်မှတ်ပုံကိုလည်း ဖော်ပြပါ။ (အသရူပ အဝဏ်, ဣဝဏ်, ဥဝဏ်, ဇ, ဩသရများနောင် ကျေနိုင် သောသရများကို အသီးသီး ဖော်ပြပါ။)

ဖြေ။ အသရူပ အဝဏ်သရ ၂-လုံးနောင် ဣဒါနိ, ဣတိ, ဣဝ, ဇ၀-စသောပုဒ်တို့၏ အစဖြစ်သော ဣ-နှင့် ဇ-သရများသာကျေ၍ ကြွင်းသရများ မကျေနိုင်ပါ။

အသရူပ ဣဝဏ်, ဥဝဏ်, ဇ, ဩ သရတို့နောင် အာသိ, ဇ၀-စသောပုဒ်တို့၏ အစဖြစ်သော အာ, ဇ ဒီဃသရများနှင့် ရဿသရများသာ ကျေနိုင်ပါသည်။ ကြွင်းသော ဒီဃသရများ မကျေနိုင်ပါ။

မေး။ ''မောဂ္ဂလ္လာနောသိ''ကို ''မောဂ္ဂလ္လာနော+အသိ''ဟု ပုဒ်ဖြတ်သင့် / မသင့် နှိုင်းချင့်ဖြေဆိုပါ။

ဖြေ။ ''နှ လုပ္ပတည်တော ဒီယော၊ အာသေဝါဒိ ဝိဝဒိတော=အသရူပ ဣဝဏ်, ဥဝဏ်, ဇ, ဩ သရတို့နောင် အာသိ, ဇ၀-စသောပုဒ်တို့၏ အစဖြစ်သော အာ, ဇ ဒီဃ သရများနှင့် ရဿသရများသာ ကျေနိုင်သည်။ ကြွင်းသော ဒီဃသရများ မကျေနိုင်''ဟု ရူပသိဒ္ဓိ ဖွင့်ဆိုထားသောကြောင့် ''မောဂ္ဂလ္လာနော+အသိ''ဟု ပုဒ်မဖြတ် သင့်ပါ။''မောဂ္ဂလ္လာနော+အာသိ''ဟုသာ ပုဒ်ဖြတ်ရပါသည်။

၁၄၊ ၁၆။ ကွစာသဝဏ္ဏံ လုတ္တေ။ (၁၀)

မေး။ ကွစာသဝဏ္ဏံ လုတ္တေ-သုတ်သို့ လိုက်လာသောပုဒ်များကို ဖော်ပြပါ။

ဖြေ။ ဝါပရော အသရူပါ-သုတ်မှ ပရော, အသရူပါပုဒ်တို့သည် ယထာနုပုဗ္ဗီက **အဓိကာရ** နည်းအားဖြင့်လည်းကောင်း၊ ဣဝဏ္ဏော ယံ နဝါ-သုတ်မှ ဣဝဏ္ဏ-သဒ္ဒါ၊ **ဝမောဒုဒန္တာနံ**-သုတ်မှ ဥ-သဒ္ဒါတို့သည် သီဟဂတိကအဓိကာရနည်းဖြင့်လည်းကောင်း လိုက်လာကြပါသည်။

http://www.dhammadownload.com

မေး။ ကွစာသဝဏ္ဏံ လုတ္တေ–သုတ်ကို လိုက်ပုဒ်များ စုံလင်စွာထည့်၍ ရူပသိန္ဓိအလိုက္ယ အနက်ပေးပြခဲ့ပါ။

ဖြေ။ (အသရူပေ၊ ဌာန်တူသော သဘောရှိသည်မဟုတ်သော။ သရေ၊ အဝဏ်သရသည်)။ လုတ္တေ၊ ကျေပြီးသည်ရှိသော်။ (ပရော နောက်ဖြစ်သော၊ ကွဝဏ္ဏော စ၊ ကွဝဏ်လည်း ဖြစ်သော။ ဥ စ၊ ဥ–လည်းဖြစ်သော။ သရော၊ သရသည်။) ကွစိ၊ အချို့သောပြယုဂ်၌ အဝသဏ္ဏံ၊ ဇ, သြ–ဟူသော အသဝဏ်အဖြစ်သို့။ ပပ္ပေါတိ ရောဂ်၏။

မေး။ ကွစာသဝဏ္ဏံ လုတ္တေ–သုတ်၌ နိမိတ်, ကာရီ, ကာရိယဖြစ်ထိုက်သောသရများကို ရူပသိန္ဓိ ဆရာအလိုက္ယ ဖော်ပြပါ။

ဖြေ။ **နိမိတ်** – ရှေ့ အသရူပ အဝဏ်သရ ကျေခြင်း။
ကာရီ – ကွဝဏ်နှင့် ဥ သရ။
ကာရိယ – ဇ နှင့် သြ သရ။

မေး။ ကွစာသဝဏ္ဏံ လုတ္တေ–သုတ်၌ နိမိတ်, ကာရီ, ကာရိယ ဖြစ်ထိုက်သမျှ သရများကို ဖော်ပြခဲ့ပါ။

ဖြေ။ **နိမိတ်** – ရှေ့ အဝဏ်, ကွဝဏ်သရ ကျေခြင်း။
ကာရီ – ကွဝဏ်, ဥဝဏ်။
ကာရိယ – တူပြီ။

မေး။ ကွစာသဝဏ္ဏံ လုတ္တေ–သုတ်၌ အသဝဏ္ဏ ၂–မျိုးကို ဖော်ပြ၍၊ ဤသုတ်၌ လိုအပ်သော အသဝဏ္ဏကိုလည်း ဖော်ပြပါ။

ဖြေ။ (၁) န သဝဏ္ဏော အသဝဏ္ဏော။
နောက်သရနှင့် ဌာန်မတူသော ရှေ့သရ ၆–လုံး, ဂ–လုံး၊
(တစ်နည်း) ၆–လုံး, ၈–လုံးသည် ''အသဝဏ္ဏ''မည်၏။
(၂) နတ္ထိ သဝဏ္ဏော ဇေတသန္တိ အသဝဏ္ဏော။
အမြဲ ဌာန်တူသရမရှိသော ဇ, သြ ၂–လုံးသည် ''အသဝဏ္ဏ'' မည်၏။
ဤသုတ်၌ လိုအပ်သော အသဝဏ္ဏမှာ အမှတ်(၂)ပြု အသဝဏ္ဏ ဖြစ်ပါသည်။

မှတ်ချက်။ ။ အမှတ်(၁)ပြု အသဝဏ္ဏမှာ ဝါ ပရော အသရူပါ–သုတ်လာ အသရူပ–ပုဒ်၏ ပရိယာယ်ဖြစ်သော = ယင်းအသရူပပုဒ်နှင့် သဘောတူသော အသဝဏ္ဏ ဖြစ်ပါသည်။

မေး။ ဇ, သြ အသဝဏ်ပြုရပုံကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဌာန်တစ်စိတ်အားဖြင့် နီးစပ်သောကြောင့် ကွဝဏ်ကို ဇ အသဝဏ်ပြု၍၊ ဥ–ကို (အခြားကျမ်းများအလို–ဥဝဏ်ကို) သြ အသဝဏ်ပြုရပါသည်။

မေး။ ''ဌာန်တစ်စိတ်အားဖြင့် နီးစပ်သောကြောင့် ကွဝဏ်ကို ဇ အသဝဏ်, ဥ–ကို (အခြားကျမ်းများအလို–ဥဝဏ်ကို)သြ အသဝဏ်ပြုရသည်''ဆိုရာ၌ 'ဌာန်နီးပုံ'ကို ရေးပြပါ။

ဖြေ။ ကွဝဏ်သည် တာလုဌာန်၌ ဖြစ်၍၊ ဇ–သည် ကဏ္ဌ,တာလု ဌာန် ၂–ခုခု ဖြစ်သောကြောင့် ကွဝဏ်နှင့် ဇ–တို့သည် တာလုဌာန်တစ်စိတ်အားဖြင့် နီးစပ်ကြပါသည်။

http://www.dhammadownload.com

ဥဝဏ်သည် သြဋ္ဌဉာန်၌ဖြစ်၍၊ သြ-သည် ကဏ္ဌ, သြဋ္ဌ ဌာန်နှစ်ခု၌ဖြစ်သော ကြောင့် ဥဝဏ်နှင့် သြ-တို့သည် သြဋ္ဌဉာန်တစ်စိတ်အားဖြင့် နီးစပ်ကြပါသည်။

မေး။ (က) သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
(ခ) သဗ္ဗပါပဿ အကရဏံ၊ ကုသလဿုပသမ္ပဒါ-ဟု ပါ၌ နှစ်မျိုး တွေ့နေရပေရာ ရူပသိဒ္ဓိဆရာအလို အဘယ်ပါ၌သာ သင့်မြတ်ပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ရူပသိဒ္ဓိဆရာအလို - ''ကုသလဿ ဥပသမ္ပဒါ''ဝယ် လုတ္တေ-သဒ္ဒါ တားမြစ်၍ ကုသလဿ-၌ အသရူပ အ-သရ မချေရသောကြောင့် ''ကုသလဿ ဥပသမ္ပဒါ'' ပါ၌သာ သင့်မြတ်ပါသည်။

မေး။ မာတုပဋ္ဌာနံ (မာတု+ဥပဋ္ဌာနံ)၌ နောက် ဥ-သရကို အဘယ့်ကြောင့် သြ-အသဝဏ် မပြုရပါသနည်း။

ဖြေ။ ရှေ့ဆရသည် အသရူပသရမဟုတ်, သရူပသရဖြစ်နေသောကြောင့် နောက် ဥ-သရံကို သြ-အသဝဏ် မပြုရခြင်းဖြစ်ပါသည်။

မေး။ အောက်''ဝါ ပရော အသရူပါ''သုတ်၌ ဝါ-သဒ္ဒါရှိပြီးဖြစ်၍ ထို ဝါ-သဒ္ဒါကို အလိုက် ခံလျှင် ပြီးနိုင်ပါလျက် အလိုက်အခံပဲ ကွစိ-သဒ္ဒါထည့်၍ သုတ်တည်ရခြင်းသည် အဘယ်အကျိုးရှိပါသနည်း။

ဖြေ။ အောက် ''ဝါ ပရော အသရူပါ''သုတ်မှ ဝါ သဒ္ဒါအလိုက်မခံပဲ ကွစိသဒ္ဒါကိုထည့်၍ သုတ်တည်ခြင်းကြောင့် ''အဝဏ်ကျေရာ တချို့တလေ၌သာ ဇ, သြ အသဝဏ် ပြုရ၏''ဟူသော အဓိပ္ပါယ်ကို သိရခြင်းအကျိုးရှိပါသည်။

မေး။ ဒိဇ္ဇောပါဒါနံ-ဟု ရုပ်ရှိသင့် / မရှိသင့် နှိုင်းချင့် ဖြေဆိုပါ။

ဖြေ။ မရှိသင့်ပါ။ အကြောင်းကား - အောက် ''ဝါ ပရော အသရူပါ''သုတ်မှ ဝါသဒ္ဒါကို အလိုက်မခံပဲ ကွစိသဒ္ဒါကိုထည့်၍ သုတ်တည်ခြင်းကြောင့် အဝဏ်ကျေရာ တချို့တလေ၌သာ ဇ, သြ-အသဝဏ်ပြုရ၏-ဟုသိရပါသည်။ ''ဒိဇ္ဇ+ဥပါဒါနံ''၌ ရှေ့မှကျေသော သရသည် ကသရဖြစ်နေရကား ၎င်းကိုချေပြီးနောက် ဥ-သရကို သြ အသဝဏ် မပြုနိုင်ပါ။ ထို့ကြောင့် ''ဒိဇ္ဇောပါဒါနံ''ဟု ရုပ်မဖြစ်နိုင်ပါ။

အမှာ။ ။ ပဗ္ဗဟုပါလိ = ပဗ္ဗဟိ+ဥပါလိ၊ မုဒါန္ဒြိယံ= မုဒု+ကန္ဒြိယံ၊ ယော မိဿရော= ယော မေ+ကသရော''တို့၌လည်း နည်းတူသိပါ။

ဝါသဒ္ဒါနှင့် ကွစိသဒ္ဒါအထူး။ ။ ဝါသဒ္ဒါသည် ဝိကပ်အနက်, ဝဝတ္ထိတဝိဘာသာ အနက် တစ်ချက်ချက်ကို ပြ၏။ ကွစိသဒ္ဒါကား စီရင်ဖွယ်ရာ အနည်းငယ်သာရှိသည် (တချို့တလေ၌သာ စီရင်သည်)ဟု ပြ၏။ ဤသို့ထူးပါသည်။ သဒ္ဒါနှစ်ခုတို့ အနက် ချင်းကွာခြားသဖြင့် ရှေ့သုတ်မှ ဝါသဒ္ဒါကို အလိုက်မခံဘဲ ကွစိ-သဒ္ဒါကို ထည့်စွက်၍ သုတ်တည်ခြင်းဖြစ်သည်-ဟု မှတ်ပါ။

၁၅၊ ၁၇။ ဒီဃံ။ (၁၁)

မေး။ ''အဓိကာရ''လိုက်ပုံနှင့် ''ဝတ္တတေ''လိုက်ပုံ ထူးခြားချက်ကို ဖော်ပြပါ။

http://www.dhammadownload.com

ဖြေ။ ''အဓိကာရ''လိုက်ပုံသည် ၄-သုတ်, ၅-သုတ်တိုင်အောင် တစ်ဆက်တည်း လိုက်၏။ ''ဝတ္တတေ''လိုက်ပုံကား ထိုသို့မဟုတ်။ တစ်သုတ်ချင်းသာ လိုက်သည်။

သိမှတ်ဖွယ်။ ။ ဤသုတ်၌ အဓိကာရော-သဒ္ဒါဖြင့် ပြအပ်သော ကွစိသဒ္ဒါသည် ကွဝဏ္ဏော ယံ နဝါ-သုတ်တိုင်အောင်လိုက်ပါသည်။ ဝတ္တတေ-ဖြင့် ပြအပ်သော ပရော, လုတ္တေ တို့ကား ဒီယံ သုတ်တစ်သုတ်သာ လိုက်ပါသည်။

မေး။ ဒီယံ-အရ ဒီယသရများကို ယူရပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဒီယံ-ကို ဒီယဘာဝံ-ဟု ဖွင့်သောကြောင့် ဒီယံ-ပုဒ်၏ ဘာဝပွဓာနပုဒ်ဖြစ်ကြောင်း ရူပသိဒ္ဓိဆရာ သိစေပါသည်။ ထို့ကြောင့် ဒီယံ-အရ ဒီယသရများကို မယူရ၊ 'ဒီယ အဖြစ်'ဟူသော ဘောဂုဏ် (ဒီယပြုခြင်းဟူသော အာဒေသ)ကို ယူရပါမည်။

မေး။ ဒီယံ-သုတ်၌ ဒီယ ၂-မျိုးကို ဖော်ပြ၍၊ ဤသုတ်၌ အလိုရှိအပ်သောဒီယကိုလည်း ညွှန်ပြပါ။

ဖြေ။ ဒီယသည် သဝဏ္ဏဒီယ, အသဝဏ္ဏဒီယဟု ၂-မျိုးရှိပါသည်။ ထိုတွင် ဤသုတ်၌ သဝဏ္ဏဒီယကိုသာ အလိုရှိအပ်ပါသည်။

မေး။ သဝဏ္ဏဒီယသရ၊ အသဝဏ္ဏဒီယသရများကို ခွဲခြားဖြေဆိုပါ။

ဖြေ။ သဝဏ္ဏဒီယသရ – အာ၊ ဤ၊ ဦ။
အသဝဏ္ဏဒီယသရ – ဧ၊ ဩ။

မေး။ ဒီယံ-သုတ်ဖြင့် ဒီယပြုရပုံကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဌာန်နိုးသည်၏အစွမ်းဖြင့် အ-ရဿကို အာဒီယ၊ ဣ-ရဿကို ဤဒီယ၊ ဥ-ရဿကို ဦဒီယ-ဟူ၍ သဝဏ္ဏသရချင်း ပြုရပါသည်။

မေး။ ဒီယံ-သုတ်၌ နိမိတ်၊ ကာရီ၊ ကာရိယများကို ဖော်ပြပါ။

ဖြေ။ နိမိတ် – ရှေ့သရကျေခြင်း။
ကာရီ – အ၊ ဣ၊ ဥ ဟူသော ရဿသရ ၃-လုံး။
ကာရိယ – အာ၊ ဤ၊ ဦ ဟူသော ဒီယသရ ၃-လုံးတို့ ဖြစ်ပါသည်။

မေး။ ''ရှေ့သရကျေခြင်း' ဟူရာ၌ 'ရှေ့သရ'အရ သရူပသရ, အသရူပသရ နှစ်မျိုး တို့တွင် အဘယ်သရကို ယူရပါမည်နည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ သရူပသရ, အသရူပသရ ၂-မျိုးလုံးပင် ယူရပါမည်။

- တတြာယံ = တတြ + အယံ၊
  ဗုဒ္ဓါနုဿတိ = ဗုဒ္ဓ + အနုဿတိ၊ ဤပုံစံတို့၌ သရူပသရ ကျေပါသည်။
- ယောပါယံ = ယောပိ + အယံ
  ကွဒါနာဟံ = ကွဒါနိ + အဟံ
  သစာယံ = သစေ + အယံ၊ ဤပုံစံတို့၌ အသရူပသရ ကျေပါသည်။

သိမှတ်ဖွယ်။ ။ စာကိုယ်ပါဠိ၌ တတြာယံ-မှစ၍ သူပဓာရိတံ-တိုင်အောင် သရူပသရမှ နောက်ဖြစ်သော သရကို ဒီယပြုသော ပုံစံများဖြစ်သည်၊ ယောပါယံ-မှစ၍ ဂူပသမော-

http://www.dhammadownload.com

တိုင်အောင် အသရူပသရမှ နောက်ဖြစ်သောသရကို ဒီဃပြုသော ပုံစံများ ဖြစ်သည်-ဟုမှတ်ပါ။

မေး။ တဿတ္ထော၊ ပဥ္စဂိကော-ပြယုဂ်တို့၌ တဿ, ပဥ္စ-တို့၌ရှိသော အ-သရတို့ကို အဘယ့်ကြောင့် ဒီဃမပြုရပါသနည်း? ရူ-အလို, ရူဋီအလိုအားဖြင့် ခွဲခြား ဖြေဆိုပါ။

ဖြေ။ ထိုပြယုဂ်တို့၌ ရူ-အလို ကွစိသဒ္ဒါ တားမြစ်သောကြောင့် ဒီဃမပြုရခြင်း ဖြစ်ပါသည်။ ရူဋီအလိုကား သံယုဂ်အဆုံးရှိသော သရသည် သဘောအားဖြင်သာလျှင် ဂရု ဖြစ်နေသော ကြောင့် ဒီဃ မပြုရခြင်း ဖြစ်ပါသည်။ (ရူဋီ၊ ၁၅။)

၁၆၊ ၁၈။ ပုဗ္ဗော စ။ (၁၂)

မေး။ ပုဗ္ဗော စ-သုတ်၌ စသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါသည် ကွစာသဝဏ္ဏံ လုတ္တေ-သုတ်မှ လုတ္တေသဒ္ဒါနှင့် ဒီဃံသုတ်တို့ကို ဆွဲငင်ခြင်း အနုကဗုနအနက်ရှိပါသည်။

မေး။ စ-သဒ္ဒါဖြင့် မငင်သော်လည်း အနုဝတ္တနသဘောအားဖြင့် လုတ္တေ, ဒီဃံ ပုဒ်တို့ လိုက်လာကြပါလျက် စ-သဒ္ဒါဖြင့် တမင်တကာ ငင်ရခြင်းအကျိုးကို ရေးပါ။

ဖြေ။ စသဒ္ဒါဖြင့် တမင်တကာ ငင်ခြင်းကြောင့် ထိုစသဒ္ဒါဖြင့် ငင်အပ်သော လုတ္တေ, ဒီဃံ ပုဒ်တို့သည် နောက်သုတ်သို့ မလိုက်တော့ဟု သိစေရခြင်း အကျိုးရှိပါသည်။

မေး။ အနုကဗုန ၂-မျိုးကို ဖော်ပြပါ။

ဖြေ။ (၁) ရှေ့သုတ်များက လိုရာပုဒ်ကို မိမိသုတ်သို့ရောက်အောင် ဆွဲငင်သော စသဒ္ဒါ။
ပုံစံ - ဃပတော စ ယောနံ လောပေါ-သုတ်၌ စသဒ္ဒါ။

(၂) ရှေ့သုတ်များမှ လိုက်လာသောပုဒ်များ နောက်သုတ်များသို့ အလိုက် လွန်သွားမည်စိုး၍ ဆွဲငင်သော စသဒ္ဒါ။
ပုံစံ - ပုဗ္ဗော စ-၌ စသဒ္ဒါ။

၁၇၊ ၁၉။ ယမေဒန္တဿာဒေသော။ (၁၂)

မေး။ ဤသုတ်ဖြင့် တားမြစ်အပ်သောသုတ်ကို ဖော်ပြပါ။

ဖြေ။ "ပုဗ္ဗလောပေ သမ္ပတ္တေ(ရှေ့သရကျေခြင်း ရောက်လုလတ်သော်)"ဟု ရူပသိဒ္ဓိ ဖွင့်သောကြောင့် သရာ သရေ လောပံ-သုတ်ကို တားမြစ်သောသုတ် ဖြစ်ပါသည်။

မေး။ ယမေဒန္တဿာဒေသော-သုတ်၌ နိမိတ်၊ ကာရီ၊ ကာရိယဖြစ်ထိုက်သောအရာများကို ဖော်ပြပါ။

ဖြေ။ နိမိတ် - အသရ တစ်လုံးသာ ဖြစ်ပါသည်။
ကာရီ - မေ, တေ, ယေ-အစရှိသော သဒ္ဒါတို့၏ အဆုံးဖြစ်သော ဧ-သရ ဖြစ်ပါသည်။
ကာရိယ- 'ယ်' ဖြစ်ပါသည်။

http://www.dhammadownload.com

အမှာ။ ။ ''ဒေန္တသ-၌ ၉-အရကိုဖော်ပြပါ''၊
''ယမေဒန္တဿာဒေသော သုတ်ဖြင့် အဘယ်သဒ္ဒါတို့၏ သေရကို ယ-ပြုရပါ မည်နည်း''ဟူသောမေးခွန်းများကိုဖြေတတ်ပါစေ။

မေး။ ယံ + ဒေန္တသ + အာဒေသော-၌ ''ယံ''သည် ''အကြင်''ဟူသော အနက်ကိုဟော သည့် အနိယမဝါစက သဗ္ဗနာမ်ပုဒ် ဖြစ်ပါသလော? အဘယ်အရာ ဖြစ်ပါသနည်း။

ဖြေ။ ယံ-သည် ''အကြင်''ဟူသော အနက်ကိုဟောသည့် အနိယမဝါစကသဗ္ဗနာမ်ပုဒ် မဟုတ်ပါ။ ''ယံ''ဟူသော ရုပ်တစ်မျိုးသာ ဖြစ်ပါသည်။

မေး။ ''ဒေန္တော''ပုဒ်ကို ဝစနတ္ထပြုပြပါ။

ဖြေ။ ၉ ၀ အန္တော ဒေန္တော။ (အဝဓာရဏ ကမ္မဓာရည်းသမာသ်၊ ဒ်-လာ၍ 'ဒေန္တော'ဟု ရုပ်ပြီးသည်။)

မေး။ အာဒေသော-ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ အဓိပ္ပါယ်လည်း ရေးပြပါ။

ဖြေ။ အာဒေသိဌာနေ အာဒိဿတီတိ အာဒေသော။
အာဒေသီဖြစ်သော ၉-၏အရာ၌ ရှုအပ်, ရွတ်ဆိုအပ်သောကြောင့် ယ-ကို ''အာဒေသ'' ဟု ခေါ်ဆိုရပါသည်။

အာဒေသသည် ရန်သူနှင့်တူ။ ။ ရန်သူတစ်ယောက်သည် ရန်သူတစ်ယောက်ကို နှိမ်နင်းဖျက်ဆီး၍ ထိုနေရာ၌ တည်သကဲ့သို့၊ ထို့အတူ အာဒေသသည် အာဒေသီကို ဖျက်ဆီး၍ ထိုအာဒေသီ၏ နေရာ၌ တည်ပါသည်။ ထို့ကြောင့် **''သတ္တု ဣဝ အာဒေ-သော''**ဟု သာရသွတ-စသော သက္ကတသဒ္ဒါကျမ်းတို့၌ ဆိုပါသည်။

မေး။ ယမေဒန္တဿာဒေသော-သုတ်၌ အာဒေသနှင့် အာဒေသီတို့ကို ခွဲခြားပြခဲ့ပါ။

ဖြေ။ ၉-ကို ယ-ပြုရာ၌ ယ-အပြုသည် ''အာဒေသ''မည်၏။
၉-သည် ထို ယ-အပြုတည်းဟူသော အာဒေသရှိသောကြောင့် ''အာဒေသီ''မည်၏။
ဝစနတ္ထ - အာဒေသော ယဿ အတ္ထိတိ အာဒေသီ။

မေး။ ယမေဒန္တဿာဒေသော-သုတ်ဖြင့် ယ-ပြုရာ၌ သရပါ/ မပါကို စိစစ်ဖြေဆိုပါ။

ဖြေ။ ''ဗျဉ္ဇနေတိ အဓိကိစ္စ ဒီဃန္တိ ဒီဃော''ဟု ရူပသိဒ္ဓိဆရာ ဖွင့်သောကြောင့် ယ-၌ သရ မပါပါ။

မေး။ ဓမ္မစက္ကံ ပဝတ္တေန္တော, ဒမေန္တော စိတ္တံ-ပုံစံများဝယ် တ္တေ, မေ-တို့၌ ၉-သရကို အဘယ့် ကြောင့် ယ-မပြုရပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ထို တ္တေ, မေ-တို့၌ ၉-သရတို့သည် ပုဒ်၏အဆုံးသရများ မဟုတ်ကြသောကြောင့် ယ-မပြုရခြင်း ဖြစ်ပါသည်။

-ပဝတ္တ် + ၉ နွှော။ - ဒမ် + ၉ နွှော။

မေး။ အန္တ-သဒ္ဒါ၏ အနက် ၂-မျိုးကို ဖော်ပြ၍၊ ယမေဒန္တဿာဒေသော-သုတ်ပါ အန္တ-သဒ္ဒါကို ''အစိတ်''ဟူ၍လည်းကောင်း၊ ''အဆုံး''ဟူ၍လည်းကောင်းလည်း အနက်နှစ်မျိုး

http://www.dhammadownload.com

ပေးကြရာ အဘယ်အနက်သော သင့်မြတ်ပါသနည်း၊ အထောက်သာဓကနှင့်တကွ ဆုံးဖြတ် ဖြေဆိုပါ။

ဖြေ။ ထိုအနက်နှစ်မျိုးတို့တွင် ရှုပသိဒ္ဓိ၌ ကိုရှပ်ထုတ်ထားသော ''ပဝတ္တေန္တော, ဒမေန္တော'' ပုံစံများဝယ် တွေ့, မေ-တို့၏ ေ-သည် ပုဒ်၏ အစိတ်ဖြစ်သော်လည်း ပုဒ်၏အဆုံး မဟုတ်သောကြောင့် ယ-မပြုနိုင်ပုံကိုထောက်၍ ဤသုတ်၌ ''အဆုံး''ဟူသော အနက်သာ သင့်မြတ်ပါသည်။

အောက်ပါ သက္ကတသဒ္ဒါကျမ်းအဖွင့်နှင့် ကစ္စည်းကျမ်းလာ အသုံးအနှုန်းများကိုလည်း ရှုပါလေ။

- သတိ အညသ္မိ ယသ္မာ ပုဗ္ဗံ နတ္ထိ ပရံ အတ္ထိ၊ သော **အာဒိ** ကတျုစ္စတေ။
  သတိ အညသ္မိ ယသ္မာ ပရံ နတ္ထိ ပုဗ္ဗံ အတ္ထိ၊ သော **အန္တော** ကတျုစ္စတေ။
  (မဟာဘာသ၊ ၁၊၁၂၊၂၁။)
- ဝဂ္ဂန္တ၊ အကာရန္တ၊ လိင်္ဃသန္တော၊ ပဒန္တေ၊ ဓာတုန မန္တေ၊ သမာသန္တဂတာနံ-စသည်။ (ကစ္စည်း)။

မြန်မာလို အလွယ်ဆုံး မှတ်ဖွယ်ကား -'အာဒိ' က 'အစ'ဖြစ်လျှင်၊
၄င်း၏ တွဲဖက်သော 'အန္တ' က 'အဆုံး'သာ ဖြစ်ရမည်။

၁၈၊ ၂၀။ ဝမောဒုဒန္တာနံ။ (၁၃)

မေး။ ဝမောဒုဒန္တာနံ-သုတ်၌ ဩ-အရကို ဖော်ပြပါ။

ဖြေ။ က, ခ, ယ, တ-အစရှိသော သဒ္ဒါတို့၏ အဆုံးဩကို ယူရပါ့မည်။

အမှာ။ ။ ''အဘယ်သဒ္ဒါတို့၏ အဆုံးဩကို ဝ-ပြုရမည်နည်း'' ဟူသော အမေးကို ဖြေဆိုတတ်ပါစေ။

မှတ်ချက်။ ။ ရှုပသိဒ္ဓိ၌ ဩ-ကိုသာ သတ်မှတ်ပြု၍ ဥ-ကို သတ်မှတ် မပြခြင်းမှာ ဝ-ပြုရမည့် ဥ-အက္ခရာ အများအပြားပင်ရှိသောကြောင့် ဖြစ်သည်ဟု မှတ်ပါ။

မေး။ ဝမောဒုဒန္တာနံ-သုတ်၌ အာဒေသနှင့် အာဒေသီတို့ကို ဖော်ပြပါ။

ဖြေ။ ဝ-သည် အာဒေသ။ ပုဒ်၏အဆုံးဖြစ်သော ဩ,ဥ တို့သည် အာဒေသီ ဖြစ်ပါသည်။

မေး။ (က) ဗဟွာဗာဓော (ခ) ဗဝှါဗာဓော-ပုဒ်နှစ်ခုတို့၏ ရုပ်ပြီးပုံကို အသီးသီး ရေးပြပါ။

ဖြေ။ (က) ဗဟု+အာဗာဓော-ဟု ပုဒ်ဖြတ်၍တည်း၊ ဝမောဒုဒန္တာနံ-သုတ်ဖြင့် ဥ-ကို ဝ-ပြု၍ ''ဗဟွာဗာဓော''ဟု ရုပ်ပြီးပါသည်။

(ခ) ဥ-ကို ဝ-ပြုပြီးနောက် (ဗဟ်ဝ အာဗာဓော)ဟု ဖြစ်နေသောအခါ ဒေါ ဓသ စ-သုတ်၌ စသဒ္ဒါဖြင့် ဟ်-နှင့် ဝ-ကို ရှေ့နောက်ပြန်၍ ''ဗဝှါဗာဓော''ဟု ရုပ်ပြီးပါသည်။

မေး။ ဝမောဒုဒန္တာနံ-သုတ်ပါ အန္တသဒ္ဒါ၏အကျိုးကို ရေးသားဖြေဆိုပါ။

ဖြေ။ သဝနီယံ, ဝိရဝန္တိ-စသောပုံစံတို့၌ ဥ, (တစ်နည်း) ဩ-ကို ဝ-ပြုသင့်သော်လည်း ပုဒ်အဆုံးမဟုတ်သောကြောင့် မပြုရဟု တားမြစ်ခြင်း အကျိုးရှိပါသည်။

သဝနီယံ - သု+အနီယံ၊ သော+ အနီယံ။
ဝိရဝန္တိ - ဝိ + ရ + အန္တိ၊ ဝိ +ရော + အန္တိ။

http://www.dhammadownload.com

၁၉၊ ၂၂။ သဗ္ဗော စံ တိ။ (၁၄)

မေး။ သဗ္ဗော စံ တိ–သုတ်၌ တိ–အရကို ဖော်ပြပါ။

ဖြေ။ တိ–အရ အတိ, ပတိ, ကွတိ–သဒ္ဒါတို့၏ အဆုံးဖြစ်သော တိ–ကို ယူရပါမည်။

အမှာ။ ။ ''သဗ္ဗော စံ တိ–သုတ်ဖြင့် အဘယ်သဒ္ဒါတို့၏ တိ–ကိုသာ စ–ပြုရမည်နည်း ဖြေဆိုပါ''ဟူသော အမေးကို ဖြေဆိုတတ်ပါစေ။

မေး။ သဗ္ဗော စံ တိ–သုတ်ဖြင့် တျ–ကို စပြုရမည်လော? (သို့မဟုတ်) တိ–ကိုပင် စ–ပြုရမည်လော? အကြောင်းပြ ဆုံးဖြတ်ပါ။

ဖြေ။ ''သဗ္ဗော စံ တျော''ဟု မဆိုဘဲ ''သဗ္ဗော စံ တိ''ဟု ''တိ''သဒ္ဒါဖြင့် ညွှန်ပြထားသောကြောင့် မပြုအပ်သော ယ–အက္ခရာရှိသော (ကွ–ကို ယ–မပြုထားသော) 'တိ'ကိုသာ စ–ပြုရပါမည်။ 'တျ'ကို စ–မပြုရပါ။

မေး။ ဤသုတ်ဖြင့် တိ–ကို စ–မပြုဘဲ (နျာသအဆိုအတိုင်း) တျ–ကို စ–ပြုသည်–ဟုဆိုလျှင် ဖြစ်လာမည့်အပြစ်ကို ဖော်ပြပါ။

ဖြေ။ တျ–ကို စ–ပြုသည်ဟု ဆိုလျှင် ဤသုတ်ပါ ကွစိသဒ္ဒါနှင့် အတီဿ စန္တဿ–သုတ်တို့ အကျိုးမရှိခြင်း ဟူသောအပြစ် ဖြစ်နိုင်ပါသည်။

ရှင်းချက်။ ။ ကွစိ–သဒ္ဒါအတွက် ကိ်ပုံစံထုတ်သောအခါ 'ကွတိဿ မုဟုတ္တမွိ'ဟု ကစ္စည်းကျမ်း၌ ထုတ်ပြထားသည်။ အကယ်၍ နျာသဆိုသည့်အတိုင်း တျ–ကို စ–ပြုလျှင် 'ကွတိဿ'၌ တိ–ကို စ–မပြုရဟု ကွစိသဒ္ဒါက တားမြစ်ဖွယ်မလိုသောကြောင့် ကွစိ သဒ္ဒါသည် အကျိုးမဲ့ ဖြစ်ရာသည်။

ထို့ပြင် – အတီဿ စန္တဿ–သုတ်သည် 'အတီရိတံ (အတိ+ဣရိတံ)'စသော ပြယုဂ်များ ပြီးစေခြင်းအကျိုးငှါ တိ–၏ စ–အပြုကို တားမြစ်သောသုတ်ဖြစ်၏။ တျ–ကို စ–ပြုသည်ဆိုလျှင် တိ–၏ စ–အပြုကို တားမြစ်ဖွယ် မလိုသောကြောင့် ထိုအတီဿ စန္တဿ သုတ်လည်း အကျိုးမဲ့ အနက်မဲ့သာ ဖြစ်ရာသည်။ **စင်စစ်ကား** – ဤသဗ္ဗော စံ တိ–သုတ်ဖြင့် တိ–ကိုသာ စ–ပြုရ မည်ဖြစ်သောကြောင့် ထိုကွစိသဒ္ဒါနှင့် အတီဿ စန္တဿ သုတ်တို့၏ တားမြစ်မှုသည် အကျိုးမဲ့ မဟုတ်, အကျိုးရှိသည်သာ ဖြစ်ပါသည်။

မေး။ သဗ္ဗော စံ တိ–ဟု 'သဗ္ဗ'သဒ္ဒါ ထည့်တည်ရကျိုးကို ဖော်ပြပါ။

ဖြေ။ ကာရိယ က စ–ဟု အက္ခရာတစ်လုံးတည်းဖြစ်၍ ကာရီ, ကာရိယ ညီမျှအောင် ကွသရ မပါသော တ–ကိုသာ စ–ပြုရလေမည်လား?ဟု ယုံမှားဖွယ်ရှိသောကြောင့် ''ကွသရနှင့် တကွဖြစ်သော တ်–ဗျည်း (တိ–တစ်ခုလုံး)ကို စ–ပြုရမည်''ဟု သိစေခြင်းအကျိုးငှါ 'သဗ္ဗ'သဒ္ဒါကို ထည့်ဆိုရခြင်း ဖြစ်ပါသည်။ (ဋီ၊ ၁၆။)

မေး။ နျာသကျမ်း၌ ''သဗ္ဗ–သဒ္ဒါသည် က–အက္ခရာနှင့်စပ်နေသော ယ–အက္ခရာ၏လည်း စ–အပြုရောက်ခြင်းအကျိုးငှါ ဖြစ်၏။ ထို့ကြောင့် 'တိသဒ္ဒါ ဗျဉ္ဇနော'ဟု ကစ္စည်းဝုတ္တိ၌ ဆိုထားခြင်းဖြစ်သည်''ဟု ဖွင့်ဆိုထားရာ ထိုဖွင့်ဆိုချက် သင့်/မသင့်ကို အကြောင်းယုတ္တိဖြင့် နှိုင်းချင့်ဖြေဆိုပါ။

ဖြေ။ (၁) နျာသကျမ်း၌ ဆိုသည့်အတိုင်း တျ–၏ စ–အပြုကို ဤသုတ်၌ အလိုရှိအင်

http://www.dhammadownload.com

သည်ဆိုလျှင် ''သဗ္ဗော စံ တိ''ဟု သုတ်မတည်ဘဲ ''သဗ္ဗော စံ တျော''ဟု ကစ္စည်းဆရာ သုတ်တည်ခဲ့ရာ၏။ တည်ကား မတည်ခဲ့ပါ။

(၂) ကိံ ဥဒါဟရုဏ်ကိုလည်း 'ကျတိသ မုဟုတ္တမ္ပိ'ဟု မထုတ်ခဲ့ရာ၊ ယခု သော်ကား ထုတ်ထားခဲ့ပါသည်။

(၃) 'အတီရိတံ'စသော ပြယုဂ်များပြီးဖို့ရာ အတိသ စန္တသ-သုတ်ကိုလည်း ကစ္စည်းဆရာ မဆိုခဲ့ရာ။ ယခုသော်ကား ဆိုခဲ့ပါသည်။ ထို့ကြောင့် ဒျာသဆရာ ဖွင့်ဆိုချက်မှာ မသင့်ပါ။ (ရူဋ္ဌီ၊ ၁၆။)

အဖြောင့်အဓိပ္ပာယ်။ ။ (၁) ဒျာသကျမ်း၌ ဆိုသည့်အတိုင်း တျ-၏ စ-အပြုကို ဤသုတ်၌ အလိုရှိအပ်သည်ဆိုလျှင် ''သဗ္ဗော စံ တိ''ဟု သုတ်မတည်ဘဲ ''သဗ္ဗော စံ တျော''ဟု ကစ္စည်းဆရာ သုတ်တည်ခဲ့ရာသောကြောင့်လည်းကောင်း၊ (၂) ကိံ ဥဒါဟရုဏ်ကို 'ကျတိသ မုဟုတ္တမ္ပိ'ဟု ထုတ်ခဲ့သောကြောင့်လည်းကောင်း၊ (၃) 'အတီရိတံ' စသော ပြယုဂ်များပြီးဖို့ရာ အတိသ စန္တသ-သုတ်ကို ကစ္စည်းဆရာ ဆိုခဲ့သောကြောင့်လည်းကောင်း ဒျာသဆရာ ဖွင့်ဆိုချက်မှာ မသင့်ပါ။

မေး။ ဤသုတ်၌ နိမိတ်ဖြစ်ထိုက်သော သရများကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ အတိသ စန္တသ-သုတ်က ကျဝဏ်နှောင်းရာ၌ အတိသဒ္ဒါ၏ အဆုံးဖြစ်သော တိ-ကို စ-မပြုရဟု တားမြစ်သောကြောင့် ဤသုတ်၌ အဝဏ်, ဥဝဏ်, ၉, ဩသရတို့သာ နိမိတ်ဖြစ်ထိုက်ပါသည်။

မေး။ သဗ္ဗော စံ တိ-သုတ်၌ နိမိတ်, ကာရီ, ကာရိယတို့ကို ဖော်ပြပါ။

ဖြေ။ နိမိတ် - အဝဏ်, ဥဝဏ်, ၉, ဩသရများ။
ကာရီ - အတိ, ပတိ, ကျတိ သဒ္ဒါတို့၏ အဆုံးဖြစ်သော တိ။
ကာရိယ - စ။

၂၀၊ ၂၇။ ဒေါ ဓသ စ။ (၁၆၊ ၃၁)

မေး။ ဒေါ ဓသ စ-သုတ်ဖြင့် ဒ-ပြုရမည့် ''ဓ''ကို ဖော်ပြပါ။

ဖြေ။ ဧက-သဒ္ဒါမှ နောက်ဖြစ်သော ကျဓ-သဒ္ဒါ၏ ဓ-ကိုသာ ဒ-ပြုရပါမည်။
ဧကမိဒါဟံ = ဧကံ + ကျဓ + အဟံ။

သိမှတ်ဖွယ်။ ။ ဧကမိဒါဟံ-၌ ကျဓ နိပါတ်ဟုလည်းကောင်း၊ ကျဒ နိပါတ်ဟုလည်းကောင်း နှစ်ဝါဒကွဲသည်။

မေး။ သန္ဓိ ၂-မျိုးကို အဓိပ္ပာယ်နှင့်တကွ ဖော်ပြပါ။

ဖြေ။ ယသ+ကျန္ဒြိယာနိ = ယသိန္ဒြိယာနိ စသည်တို့ကဲ့သို့ နှစ်ပုဒ်စပ်သော သန္ဓိကို ''ပဒသန္ဓိ''ဟု ခေါ်ဆိုရပါသည်။

ဤ ဒေါ ဓသ စ-သုတ်-ဖြင့်စီရင်အပ်သည့် သာဟု, သုဂတော စသည်တို့ကိုကား အကွရာပြန်ရုံမျှစပ်သောကြောင့် ''ဝဏ္ဏသန္ဓိ''ဟု ခေါ်ဆိုရပါသည်။ (ရူပသိဒ္ဓိဂဏ္ဌိ၌ကား 'ဟဝဏ္ဏနှင့် ဥဝဏ္ဏစပ်သည်ပင် ဝဏ္ဏသန္ဓိ မည်၏'ဟု ဆိုသည်)။

http://www.dhammadownload.com

(ဆောင်) နှစ်ပုဒ်အရ၊ စပ်သမျှ၊ ပဒသန္ဓိမှတ်လေ။
တစ်ပုဒ်တည်းမှာ၊ အက္ခရာမျှ၊ စပ်တုံက၊ ဝဏ္ဏသိန္ဓိမှတ်လေ။ (မန်လည်)

မေး။ ဒေါ ဓဿ စ–သုတ်ဖြင့် ဒ–ကို ဓ–ပြုရာ၌ သရ ပါ / မပါ စိစစ်ဖြေဆိုပါ။

ဖြေ။ ရူပသိဒ္ဓိ၌ ''သရလောပဒီဃာ = ရှေ့သရကိုချေ၊ နောက်သရကို ဒီဃပြု''ဟုဆိုသော ကြောင့် ဓ–ပြုရာ၌ သရပါ ပါသည်။

မေး။ ဒေါ ဓဿ စ–သုတ်ပါ စသဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ သာဓု–သဒ္ဒါ၏ ဓ–ကို ဟ–ပြုခြင်း၊ ရ, ဟ, န– စသောအက္ခရာ၏ ယ, ဝ စသောအက္ခရာ တို့နှင့် ရှေ့နောက် အထက်အောက်ပြန်ခြင်း စသော အစီရင်များကို ဆည်းခြင်း အဝုတ္တ သမုစ္စည်းအနက်ရှိပါသည်။

- ပရိယုဒါဟာသိ ပယိရုဒါဟာသိ။
- အရိယဿ အယိရဿ။
- ဗဟွာဗာဓော ဗဝှါဗာဓော။
- 'န အဘိနေယျ အနဘိနေယျ။

၂၁၊ ၂၁။ ဣဝဏ္ဏော ယံ နဝါ။ (၁၄)

မေး။ ဣဝဏ္ဏော–ပုဒ်ကို ဝစနတ္ထပြု၍၊ အရလည်း ကောက်ပြခဲ့ပါ။

ဖြေ။ ဣ ဇေ ဝဏ္ဏော ဣဝဏ္ဏော။ ဣ, ဥ်တို့ကို ရပါသည်။

မေး။ ကုစာသဝဏ္ဏံ လုတ္တေ–သုတ်မှ ကုစိသဒ္ဒါအလိုက်ခံလျှင် ပြီးပါလျက် အလိုက်မခံပဲ အဘယ့်ကြောင့် နဝါသဒ္ဒါကို ထည့်၍ သုတ်တည်ရပါသနည်း။

ဖြေ။ ကုစာသဝဏ္ဏံ လုတ္တေ–သုတ်မှ ကုစိသဒ္ဒါအလိုက်ခံလျှင် ပြီးပါသော်လည်း နဝါသဒ္ဒါသည် ကုစိသဒ္ဒါ၏ ပရိယာယ်ဖြစ်ကြောင်းကို ပြလိုသောကြောင့် နဝါ–သဒ္ဒါကိုထည့်၍ သုတ် တည်ရခြင်းဖြစ်ပါသည်။

မေး။ ဣဝဏ္ဏော ယံ နဝါ–သုတ်၌ နိမိတ်ဖြစ်ထိုက်သောသရများကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဥ်သုတ်သို့ ဝါ ပရော အသရူပါ–သုတ်မှ အသရူပသဒ္ဒါ လိုက်လာသောကြောင့် အသရူပသရနောင်းရာ၌သာ ရှေ့ဣဝဏ်ကို ယ–ပြုနိုင်ပါသည်။ သရူပဖြစ်သော ဣဝဏ် နောင်းရာ၌ ရှေ့ဣဝဏ်ကို ယ–မပြုနိုင်ပါ။ ထို့ကြောင့် အသရူပဖြစ်သော အဝဏ်, ဥဝဏ်, ဇ, ဩ သရတို့သာ နိမိတ်ဖြစ်ထိုက်ပါသည်။

အမှာ။ ။ ''ဣဝဏ္ဏော ယံ နဝါ–သုတ်ဖြင့် သရူပသရ နောင်းရာ၌ ရှေ့ဣဝဏ်ကို ယ–ပြုနိုင် / မပြုနိုင် အကြောင်းခိုင်အောင်ပြ၍ ဖြေဆိုပါ''ဟူသော မေးခွန်းကို ဖြေဆို တတ်ပါစေ။

မေး။ (က) ပဋ္ဌဟိ+အင်္ဂေါဟိ (ခ) ဣတိဟိ+ဣဒံ–တို့၌ ဣဝဏ္ဏော ယံ နဝါ–သုတ်ဖြင့် ဣ– ကို ယ–ပြု၍ ပဋ္ဌဟျင်္ဂေါဟိ, ဣတိဟျိဒံ–ဟု ရုပ်ဖြစ်နိုင် / မဖြစ်နိုင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ဆုံးဖြတ်ပါ။

http://www.dhammadownload.com

ဖြေ။ (က)၌ အဂိုညီသော်လည်း နဝါ-သဒ္ဒါ တားမြစ်သောကြောင့် က္က-ကို ယ-မပြုနိုင်ရကား ''ပဋ္ဌဟျဂ်ေဟိ''ဟု ရုပ် မဖြစ်နိုင်ပါ။

(ခ)၌ကား နောင်းသောသရသည် အသရူပသရ မဟုတ်, သရူပသရ ဖြစ်နေသောကြောင့် ဤသုတ်ဖြင့် က္က-ကို ယ-မပြုနိုင်ရကား ''က္ကတိဟျိဒံ''ဟု ရုပ် မဖြစ်နိုင်ပါ။

သိမှတ်ဖွယ်။ ။ တာနိ အတ္တာနိ၊ ဂစ္ဆာမဟံ (ဂစ္ဆာမိ+အဟံ)၊ မုတ္တစာဂီ အနုဒ္ဓတော-တိ၌ ပဋ္ဌဟဂ်ေဟိ-နည်းတူ။ အဂ္ဂိဝ၊ အတ္ထိတိ-တို့၌ က္ကတိဟိဒံ-နည်းတူ မှတ်ကြပါလေ။

မေး။ ကွဝဏ္ဏော ယံ နဝါ-သုတ်ဖြင့် ဤ-ကို ယ-ပြုသောပုံစံကို ထုတ်ပြပါ။

ဖြေ။ နဒျာသန္နော-ဖြစ်ပါသည်။ (နဒီ+အာသန္နော)။

၂၂၊ ၂၈။ ဇဝါဒီဿ ရီ ပုဗ္ဗော စ ရဿော။ (၁၇)

မေး။ ဤသုတ်ဖြင့် ရီ-ပြုရမည့် ဇ-ကို ဖော်ပြပါ။

ဖြေ။ ယထာ, တထာ သဒ္ဒါ ၂-ခုမှနောက်ဖြစ်သော ဇဝ-သဒ္ဒါ၏ အစ ဇ-သရ ဖြစ်ပါသည်။ (ယင်း ဇ-သရကိုသာ ရီ-ပြုရမည်-ဟူလို။)

ယထရိဝ = ယထာ + ဇဝ
တထရိဝ = တထာ + ဇဝ

မေး။ ဇဝါဒီဿ ရီ ပုဗ္ဗော စ ရဿော-သုတ်ပါ စ-သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ 'အာ-ဒီဃသရမှ နောက်ဖြစ်သော ဇဝ-သဒ္ဒါ၏ အစ ဇ-ကို ရီ-ပြုခြင်း'ဟူသော ပထမအနက်ပေါ်၌ 'ရွှေ့အာဒီဃသရကို ရဿပြုခြင်း'ဟူသော ၂-ခုမြောက် အနက်ကို ပေါင်းသောကြောင့် ဤသုတ်ပါ စ-သဒ္ဒါ ဒုတိယတ္ထသမ္ပိဏ္ဏာနအနက် ရှိပါသည်။

ဒုတိယကဏ္ဍပြီး၏။

□□□□□

တတိယကဏ္ဍ

၂၃၊ ၃၆။ သရာ ပကတိ ဗျဉ္ဇနေ။ (၂၄)

မေး။ သရသန္ဓိ၏ အခြားမဲ့၌ အဘယ်အကျိုးငှါ ပကတိသန္ဓိကို ပြဆိုရပါသနည်း။

ဖြေ။ သရတို့၏ပင် ချေခြင်း, ပြုခြင်းစသော သန္ဓိကာရိယ ရောက်လုလတ်သော် ထိုသန္ဓိကာရိယကို တားမြစ်ခြင်းအကျိုးငှါ သရသန္ဓိ၏ အခြားမဲ့၌ ပကတိသန္ဓိကို ပြဆိုရခြင်း ဖြစ်ပါသည်။

မေး။ သရာ ပကတိ ဗျဉ္ဇနေ-သုတ်၌ ''ပကတိရူပ=ပကတိရုပ်''ဟူသည် အဘယ်နည်း ပြေဆိုပါ။

http://www.dhammadownload.com

ဖြေ။ များသောအားဖြင့် ဒီဃပြုခြင်း, ရဿပြုခြင်း, ချေခြင်းတို့ဖြင့် ဖေါက်ပြန်မှုမရှိဘဲ ပင်ကိုယ်အတိုင်း တည်ရှိနေသောရုပ်ကို ''ပကတိ ရူပ=ပကတိရုပ်''ဟု ခေါ်ဆိုရပါသည်။

မေး။ သရာ ပကတိ ဗျဥ္ဇနေ–သုတ်ဖြင့် ပကတိပြုရကျိုးကို ဖော်ပြပါ။

ဖြေ။ ဤသုတ်ဖြင့် ပကတိပြုရခြင်းသည် ဗျည်းနှောင်းရာ၌ စီရင်သော ဒီဃ်, ရဿံ, လောပဥ္စ တတြာကာရော–သုတ်တို့၏ အစီအရင်ကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

မေး။ ပကတိပြုသောသုတ်ချင်း အတူတူဖြစ်ပါလျက် သရေ ကွစ်–သုတ်၌ ကွစ် သဒ္ဒါကို ထည့်၍ သုတ်တည်ပြီး သရာ ပကတိ ဗျဥ္ဇနေ–သုတ်၌ ကွစ် သဒ္ဒါ မထည့်ဘဲ သုတ်တည်ရပုံကို ရှင်းပြပါ။

ဖြေ။ သရေ ကွစ်သုတ်သည် ဒုတိယပိုင်းလာ သရာ သရေ လောပံ–စသောသုတ်တို့ကို တားမြစ်သောသုဝဏ်ဖြစ်၏။ ပိဋ္ဌကတ်တော်ဝယ် ထိုသရာ သရေ လောပံ–စသော သုတ်တို့ဖြင့် စီရင်ရသောရုပ်တွေက အလွန်များ၍ တားမြစ်ရမည့်ရုပ်က နည်းပါးသောကြောင့် ထိုသုတ်၌ ကွစ်–သဒ္ဒါကို ထည့်၍ သုတ်တည်ရသည်။

ဗျည်းနှောင်းရာ၌ကား ဒီဃံ–စသော ၃–သုတ်တို့ဖြင့် စီရင်ရသောရုပ်က နည်းပါး၍ တားမြစ်ရ (ပကတိပြုရ)သောရုပ်တွေက များသောကြောင့် ကွစ်သဒ္ဒါ မထည့်ဘဲ သုတ်တည်ရခြင်း ဖြစ်ပါသည်။

မှတ်ချက်။ ။ ဗျည်းနှောင်းရာ၌ ပကတိပြုရသောရုပ်တွေ များကြောင်းကို ရူပသိဒ္ဓိစာကိုယ်လာ ''ယေဘုယျေန ဒီဃရဿလောပေဟိ ဝိကာရာဘာဝေါ''၌ ''ယေဘုယျေန''ပုဒ်ဖြင့် သိစေပါသည်။

မေး။ ဝေဒနာက္ခန္ဓော + ဝေဒနက္ခန္ဓော–ဟူသော ပါဠိနှစ်မျိုးတို့တွင် အဘယ်ပါဠိသာ သင့်မြတ်ပါသနည်း? အကြောင်းပြကာ ဆုံးဖြတ်ပါ။

ဖြေ။ သရာ ပကတိ ဗျဥ္ဇနေ–သုတ်ဖြင့် ပကတိရုပ်အတိုင်းထားရမည့် ပြယုဂ်တို့တွင် 'ဝေဒနာက္ခန္ဓော' ပြယုဂ်ကို ထည့်သွင်း၍ ရူပသိဒ္ဓိဆရာ ပြဆိုထားသောကြောင့်လည်းကောင်း၊ ''ဝေဒနာက္ခန္ဓောတိအာဒီသု ရဿတ္တာဘာဝေါ''ဟု ဋီကာဆရာ ဖွင့်ဆိုထားသောကြောင့်လည်းကောင်း နာ–၌ အာဒီယသရနှင့် ''ဝေဒနာက္ခန္ဓော'' ပါဠိသာ သင့်မြတ်ပါသည်။

မေး။ တုဏ္ဍိဘူတော + တုဏ္ဍိဘူတော–ဟူသော ပါဠိနှစ်မျိုးတို့တွင် သင့်မြတ်သောပါဠိကို အကြောင်းပြကာ ဆုံးဖြတ်ပါ။

ဖြေ။ သရာ ပကတိ ဗျဥ္ဇနေ–သုတ်ဖြင့် ပကတိရုပ်အတိုင်း ထားရမည့် ပြယုဂ်တို့တွင် 'တုဏ္ဍိဘူတော'ကို ထည့်သွင်း၍ ရူပသိဒ္ဓိဆရာပြဆိုထားသောကြောင့် ဏ္ဍိ–၌ ဒီဃနှင့် ''တုဏ္ဍီဘူတော'' ပါဠိသာ သင့်မြတ်ပါသည်။

သိမှတ်ဖွယ်။ ။ ဒီဃေ ဝတ္တမ္ဗေ ရဿန္တိ သော တုဏ္ဍီ အဿာတိ ဝတ္တမ္ဗေ သော တုဏ္ဍိ အဿာတိ။ (ဝဇိရဗုဒ္ဓိ၊ ၅၇၉။) –အချို့ဆရာတော်များကား ဤကာရဏ္ဍ နိပါတ်မရှိသောကြောင့် ''တုဏ္ဍိဘူတော''သာသင့်–ဟု ဆုံးဖြတ်ကြသည်။ ထိုအဆုံးအဖြတ်ကို မမှတ်အပ်။ (သဒ္ဒနီတိ၊ သုတ္တ၊ စာ–၁၂၅ လာ စကားများကို ကြည့်ပါ။)

http://www.dhammadownload.com

၂၄၊ ၃၅။ သရေ ကွစ်။ (၂၂)

မေး။ သရေ ကွစ်-သုတ်၌ ''ပကတိရူပ = ပကတိရုပ်''ဟူသည် အဘယ်နည်း? ဖြေဆိုပါ။

ဖြေ။ ချေခြင်း, အာဒေသပြုခြင်းဟုဆိုအပ်သော ဖောက်ပြန်ခြင်းသို့ မရောက်ဘဲ ပင်ကို တိုင်း တည်ရှိနေသောရုပ်ကို ''ပကတိရူပ=ပကတိရုပ်''ဟု ခေါ်ဆိုရပါသည်။

မေး။ သရေ ကွစ်-သုတ်ဖြင့် ပကတိပြုရကျိုးကို ဖော်ပြပါ။

ဖြေ။ ဤသုတ်ဖြင့် ပကတိပြုရခြင်းသည် သရနှောင်းရာ၌ ရှေ့သရကို စီရင်သော သန္ဓိ ဒုတိယ ပိုင်းလာ သရာ သရေ လောပ်, ပုဗ္ဗော စ, ယမေဒန္တသာဒေသော, ဝမောဒုဒန္တာနံ, ဣဝဏ္ဏော ယံ နဝါ-သုတ်တို့၏ အစီရင်ကိုတားမြစ်ရခြင်း အကျိုးရှိပါသည်။

မှတ်ချက်။ ။ ဝါ ပရော အသရူပါ ကွစာသဝဏ္ဏံ လုတ္တေ, ဒီဃံ သုတ်တို့ကိုပါ တားမြစ်သည်ဟု ဆိုကြပါသေးသည်။

မေး။ သရေ ကွစ်-သုတ်ဖြင့် ပကတိပြုရာဌာနများကို အကျဉ်း+အကျယ် နည်းနှစ်သွယ်ဖြင့် ဖော်ပြပါ။

ဖြေ။ (၁) ဂါထာအရာဝယ် ချေမှု, အာဒေသပြုမှု တစ်ခုခုစီရင်လိုက်လျှင် ဆန်းပျက်ဖွယ်ရှိသော ဌာန။

(၂) စုဏ္ဏိယပါဠိဉ်ဖြစ်စေ, ဂါထာဉ်ဖြစ်စေ တခုခုစီရင်လိုက်လျှင် ရွတ်၍ မလွယ် (အထစ်ထစ် အငေါ့ငေါ့ ဖြစ်ဖွယ်ရှိသော) ဌာန။

(၃) သန္ဓိစပ်လိုခြင်းမှကင်းသော (သန္ဓိစပ်၍ မရွတ်လို မရေးသားလိုသော)ဌာနတို့ဖြစ်ပါသည်။ **(အကျဉ်း)**

(၁) ကွတိသဒ္ဒါလည်း မနှောင်းရာ, ဆန်းစောင့်ဖွယ်လည်း မလိုရာ အာလုပ်ပုဒ်၏ အဆုံးသရ။

(၂) သမာသ်မဟုတ်သော ဝါကျအရာ၌ ပုဒ်အဆုံးဖြစ်သော ဒီဃသရ။

(၃) တိတ်ကြိယာစသည် နှောင်းရာ၌ နာမ်ပုဒ်၏အဆုံးဖြစ်သော ကွ သရ, ဥ သရ စသည်တို့ ဖြစ်ပါသည်။ **(အကျယ်)**

အစဉ်အတိုင်းပုံစံများ

(၁) ကတမာ စာနန္ဒ + အနိစ္စသညာ။ သာရိပုတ္တ + ကွဓေကစ္စော။
(၂) အာယသ္မာ + အာနန္ဒော။ ဂါထာ + အဖ္ဖာသိ။
ဒေဝါ + အာဘသရာ ယထာ။ အရေ + အဟမ္မိ။
သစေ + ကွမသ္မ ကာယသ္မ။
(၃) ဂါထာဟိ + အဖ္ဖာသိ။ ပုပ္ဖါနိ + အာဟရိ သု။ သတ္ထု + အဒါသိ။

မေး။ ''ကတမာ စာနန္ဒ အနိစ္စသညာ'' ပြယုဂ်ဝယ် အာနန္ဒ-၌ ''န္ဒ''၏ အ-သရကိုချေ၍ သန္ဓိစပ်သင့်/မသင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ သရေ ကွစ်-သုတ်က အာလုပ်ပုဒ်၏ အဆုံးဖြစ်သော အ-သရကို, ပင်ကိုအတိုင်း ထားရမည်ဟု သတ်မှတ်ထားသောကြောင့် အာနန္ဒ-၌ ''န္ဒ'' ၏ အ-သရကိုချေ၍ သန္ဓိ မစပ်သင့်ပါ။

http://www.dhammadownload.com

မေး။ (က) သာဓု မဟာရာဇာတိ။ (ခ) ဇဝံ ကိရ ဘိက္ခူတိ – ပြယုဂ်တို့၌ အဘယ့်ကြောင့် ပကတိ မပြုရပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ ယင်းပြယုဂ်တို့၌ သရမနောင်းသောကြောင့်၊ **တစ်နည်း** – နောက်သရနိမိတ် မဟုတ်, ရှေ့သရ နိမိတ်ဖြစ်နေသောကြောင့် ပကတိ မပြုရခြင်း ဖြစ်ပါသည်။

ရှင်းချက်။ ။ မဟာရာဇာ+ကျတိ၊ ဝါ ပရော–သုတ်ဖြင့် နောက် ကျသရကို ချေလိုက်သောအခါ 'မဟာရာဇာ+တိ'ဟု ဗျည်းနောင်းလျက် ရှိလေပြီ။

ဂဏ္ဌိ၌ကား ''သရေ–ဟူသော သတ္တမီနိမိတ်ဖြင့် ဗျည်းကို ကန့်သည် မဟုတ်၊ သရာ–ဟူသော ရှေ့နိမိတ်ကိုသာ ကန့်သည်''ဟု ဆို၍ ''မဟာရာဇာ+ကျတိ–ဟုတည်။ သရေ ကွစိ သုတ်ဖြင့် ရာဇာ–၌ အာသရကြောင့် ကျတိ ၌ ကျသရကို ပကတိရုပ်အဖြစ်ဖြင့် မြစ်မြဲမြစ်စေပါလော၊ မမြစ်စေရ၊ အဘယ့်ကြောင့် မမြစ်စေရသနည်းဟူမူကား (ရှေ့နိမိတ်သရဖြစ်နေ၍) နောက်သရနိမိတ် မဟုတ်သောကြောင့် မမြစ်စေရ၊ ဝါ ပရော အသရွှပါ သုတ်ဖြင့် နောက်သရ ကို ချေ၊ မဟာရာဇာတိ ပြီး၏''ဟု ရုပ်တွက်ပြသည်။

မေး။ ''အာယသ္မာ အာနန္ဒော''၊ ''တေဝိဇ္ဇာ ကွန္ဒိပ္ပတ္တာ စ'' ပြယုဂ်တို့၌ ''အာယသ္မာနန္ဒော'' ''တေဝိဇ္ဇိန္ဒိပ္ပတ္တာ စ''ဟု သန္ဓိ စပ်သင့် / မသင့် အကြောင်းပြကာ ဆုံးဖြတ်ပါ။

ဖြေ။ သရေ ကွစိ–သုတ်က သမာသ်မဟုတ်သော ဝါကျအရာ၌ ပုဒ်အဆုံးဖြစ်သော ဒီဃသရကို ပကတိပြုရမည်ဟု သတ်မှတ်ထားသောကြောင့် ရှေ့ အာသရကို ချေ၍ ''အာယသ္မာ နန္ဒော'' ''တေဝိဇ္ဇိန္ဒိပ္ပတ္တာ စ''ဟု သန္ဓိ မစပ်သင့်ပါ။

မေး။ (က) အရေ အဟမ္ပိ (ခ) သစေ ကျမဿ ကာယဿ–တို့၌ အဘယ့်ကြောင့် ရှေ့သရကို ချေခြင်းစသော သန္ဓိအစီအရင် မဖြစ်ပါသနည်း။

ဖြေ။ အရေ, သစေ–တို့သည် နိပါတ်ပုဒ်များ ဖြစ်ကြ၏။ ''သမာသ်မဟုတ်သော ဝါကျအရာ၌ ပုဒ်အဆုံးဖြစ်သော သရကို ပကတိပြုရမည်''ဟူသော သတ်မှတ်ချက်၌ နိပါတ်ပုဒ်များလည်း ပါဝင်သောကြောင့် ထိုပြယုဂ်တို့၌ ရှေ့သရကို ချေခြင်းစသော သန္ဓိအစီအရင် မဖြစ်ခြင်း ဖြစ်ပါသည်။

မေး။ (က) အာဂတာ+အတ္ထ (ခ) အပ္ပဿုတော+အယံ ပုရိသော–တို့၌ သမာသ်လည်း မဟုတ်, ပုဒ်အဆုံး၌ အာ, ဩ ဒီဃသရများလည်း ရှိနေပါလျက် အဘယ့်ကြောင့် အာဂတတ္ထ, အပ္ပဿုတာယံ ပုရိသော–ဟု သန္ဓိ ဖြစ်နိုင်ပါသနည်း ဖြေဆိုပါ။

ဖြေ။ ကွစိ သဒ္ဒါက ပကတိအဖြစ်ကို တားမြစ်သောကြောင့် သန္ဓိ ဖြစ်နိုင်ခြင်း ဖြစ်ပါသည်။

မေး။ (က) သွေဝ (ခ) နေတ္ထ–တို့ကို ရနိုင်သမျှ ပုဒ်ဖြတ်ပြပါ။

ဖြေ။ (က) သွေ + ဇဝ၊ သော + ဇဝ။ (ခ) န + ဇတ္ထ၊ နေ + ဇတ္ထ။

မေး။ ဇဝှါ+အာယတနံ၊ အဝိဇ္ဇာ+ဩဃော–တို့၌ ပုဒ်အဆုံးဝယ် အာဒီဃသရများ ရှိနေပါလျက် ပကတိမပြုဘဲ အဘယ့်ကြောင့် ''ဇဝှါယတနံ၊ အဝိဇ္ဇောဃော''ဟု ဖြစ်ရပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ယင်းပြယုဂ်တို့၌ ပုဒ်အဆုံးဝယ် အာဒီဃသရများ ရှိနေပါသော်လည်း အသမာသမဟုတ်, သမာသ်ပုဒ်များဖြစ်သောကြောင့် ပကတိမပြုဘဲ ရှေ့ အာ–သရကို ချေ,

http://www.dhammadownload.com

နောက် အာ–သရ, ဩ–သရတို့သို့ ကပ်၍ ''ဇိဂ္ဂါယတနံ၊ အဝိဇ္ဇောယော''ဟု ဖြစ်နေရခြင်း ဖြစ်ပါသည်။

မေး။ (က) **သန္ဓိဝ** ဝိတ္တံ ပုရိသဿ သေဋ္ဌံ (ခ) **ယော မိဿရော** တတ္ထ အဟောသိ ရာဇာ– တို့၌ သန္ဓိဝ, ယော မိဿရော–တို့သည် သမာသ်လည်း မဟုတ်, ပုဒ်အဆုံး၌ 'သဒ္ဓါ + ဣဓ၊ ယော မေ + ဣဿရော'ဟု ဒီဃသရလည်း ရှိနေပါလျက် ဒ္ဓါ, မေ–တို့ကို ပကတိမပြုဘဲ အဘယ့်ကြောင့် သန္ဓိစပ်ထားရပါသနည်း။

ဖြေ။ သမာသ်လည်း မဟုတ်, ပုဒ်အဆုံး၌ ဒီဃသရလည်း ရှိနေပါသော်လည်း ဆန်းစောင့်ရမည့်ဌာန ဖြစ်သောကြောင့် ပကတိ မပြုဘဲ သန္ဓိ စပ်ထားခြင်း ဖြစ်ပါသည်။

ရှင်းချက်။ ။ သန္ဓိမစပ်ဘဲ ပကတိပြုထားလျှင် ဣန္ဒဝဇိရာ ဂါထာပါဒ မဟုတ်တော့၍ ဆန်းပျက်သွားပါမည်။ ထို့ကြောင့် ဆန်းစောင့်ခြင်းအကျိုးငှါ ပကတိမပြုဘဲ သန္ဓိ စပ်ထားရသည်–ဟူလို။

သိမှတ်ဖွယ်။ ။''အသမာသေ ပဒန္တဒီဃာ စ''ဟူသော ဒုတိယဌာနၭ ''အစ္ဆာနုရက္ခဏော'' မပါသော်လည်း ပဌမဌာနမှ လိုက်လာသောကြောင့် ဤဒုတိယဌာနၭ ''အစ္ဆန္ဒာနုရက္ခဏောတိ ကိ''ဟု ဆိုရခြင်းဖြစ်ကြောင်း သိပါ။

၂၅၊ ၃၇။ ဒီဃံ။ (၂၄)

မေး။ ဒီဃံ–သုတ်ဖြင့် ဒီဃပြုရမည့်ဌာနများကို ဖော်ပြပါ။

ဖြေ။ ၁။ စုဏ္ဏိယ ပါဠိဝယ် ရွတ်လွယ်စေလိုရာဌာန၊

၂။ ဂါထာဝယ် ဆန်းစောင့်သင့်ရာဌာန–တို့ ဖြစ်ပါသည်။

အစဉ်အတိုင်းပုံစံ

–တျာဿ ပဟီနာ ။ သွာဿ။

–မဓုဝါ မညတိ ဗာလော

မေး။ (က) သွဿ (ခ) သွာဿ–ဟု ပါဠိနှစ်မျိုးကို တွေ့နေရပေရာ သင့်မြတ်သောပါဠိကို အကြောင်းပြကာ ဆုံးဖြတ်ပါ။

ဖြေ။ ရူပသိဒ္ဓိဝယ် ဝမောဒုဒန္တာနံ–သုတ်ဖြင့် ဩ–ကို ဝ–ပြုသော ပုံစံများကို ထုတ်ပြရာ၌ 'သွဿ''ဟု ရဿရုပ်ကို ထုတ်ပြထားသည်။ တတိယပိုင်း ဒီဃံ–သုတ်ဖြင့် ဒီဃပြုရသောရုပ်များကို ထုတ်ပြရာ၌ ''သွာဿ''ဟု ဒီဃရုပ်ကို ထုတ်ပြထားပြန်သည်။ တစ်ဖန် ထိုတတိယပိုင်း ဒီဃံ–သုတ်၌ပင် ကွစိရုပ်များကို ထုတ်ပြရာ၌ ''သွဿ''ဟူသော ရဿရုပ်ကို ထုတ်ပြထား ပြန်သည်။ ထိုအားလုံးကို ကောက်ချက်ချကြည့်လျှင် ဒီဃံ–သုတ်ဖြင့် ဒီဃပြုရမည့် ရုပ်ဖြစ်သောကြောင့် ''တျာဿ''ကဲ့သို့ ''သွာဿ'' ပါဠိသည် အသင့်မြတ်ဆုံး ဖြစ်၍၊ ''သွဿ''သည် သင့်ကာမတ္တ သင့်ရုံမျှ ပါဠိဖြစ်သည်ဟု ဆိုရပါမည်။

မေး။ အောက်ဖော်ပြပါ ပါဠိတို့၌ အမှား / အမှန်ကို ဝေဖန်သုံးသပ် ဆုံးဖြတ်ပါ။

(က) မဓုဝ မညတိ ဗာလော + မဓုဝါ မညတိ ဗာလော။

http://www.dhammadownload.com

(ခ) ကာမတော ဇာယတိ သောကော + ကာမတော ဇာယတိ သောကော။

(ဂ) အနုပဝါဒေါ အနုပဃာတော + အနူပဝါဒေါ အနူပဃာတော။

ဖြေ။ (က) တတိယပိုင်း ဒီဃံ-သုတ်ဖြင့် ဆန္ဒာနုရက္ခဏာအရာဝယ် နောက် မ-ဗျည်းကြောင့် ဝ-၏ အ-ကို အာဒီဃပြု၊ နောက် ဗ-ဗျည်းကြောင့် တိ-၌ ကွသရကို ဤဒီဃပြု၍ ရုပ်ပြီးသောကြောင့် ''မဓုဝါ မညတိ ဗာလော'' ပါဠိသာ အမှန် ဖြစ်ပါသည်။

(ခ) (ဂ) ဇာယတိ-နှင့် အနု-တို့၌ ကွ, ဥ-သရတို့ကို ဤဒီဃ, ဦဒီဃပြုရမည် ဖြစ်သော ကြောင့် ရူပသိဒ္ဓိအလို ''ကာမတော ဇာယတိ သောကော''၊ ''အနူပဝါဒေါ အနူပဃာတော'' ပါဠိတို့သာ အမှန် ဖြစ်ပါသည်။

မေး။ မဓုဝါ မညတိ ဗာလော-ကို ပုဒ် ၂-နည်း ဖြတ်ပြ၍၊ ယင်းသို့ ဖြတ်ရပုံကိုလည်း ရှင်းပြခဲ့ပါ။

ဖြေ။ (၁) မဓုဝ မညတိ ဗာလော။ (၂) မဓု ဝါ မညတိ ဗာလော။

၁။ ဤပြယုဂ်ကို ဒီဃံ-သုတ်၌ ''မဓုဝ မညတိ ဗာလော (ပဒစ္ဆေဒ)၊ မဓုဝါ မညတိ ဗာလော(နိပ္ပန္နံ)''ဟု ရူပသိဒ္ဓိဆရာ ထုတ်ပြထားသောကြောင့်လည်းကောင်း၊ ဗဟုဗ္ဗီဟိ သမာသ် ကွစာဒိမဏ္ဍူတ္တရာနံ-သုတ် ဥတ္တရပဒီဃပုံစံကို ''မဓုဝါဒီသု''ဟု ထုတ်ပြထားသောကြောင့်လည်းကောင်း အမှတ်(၁)အတိုင်း ပုဒ်ဖြတ်ရခြင်း ဖြစ်ပါသည်။

၂။ ရူပသိဒ္ဓိဋီကာ၊ နေပါတိကပဒအဖွင့် (စာ-၈၀)၌ ''**ဝါ**ကွတိ နိပါတော ဝိကပ္ပနာဒီသု၊ **...ဥပမာနေ** 'မဓု ဝါ မညတိ''ဟု ဖွင့်ပြထားသည်ကို ထောက်လျှင် ဝါ-သည် ဥပမာနဖောတက နိပါတ်ပုဒ်ဖြစ်သောကြောင့် အမှတ်(၂)အတိုင်း ပုဒ်ဖြတ်ရခြင်း ဖြစ်ပါသည်။

၂၆၊ ၃၈။ ရဿံ (၂၅)

မေး။ ရဿံ-သုတ်ဖြင့် ရဿပြုရမည့်ဌာနများကို ရှာဆရာအလိုကျ အတိအကျ ဖော်ပြပါ။

ဖြေ။ ၁။ ဆန်းစောင့်သင့်ရာဌာန၊

၂။ အာဂုံနှောင်းရာဌာန၊

၃။ သံယုဂ်နှောင်းရာဌာန-တို့ ဖြစ်ပါသည်။

အစဉ်အတိုင်း ပုံစံများ

(၁) ယိဋ်ဝ ဟုတံဝ လောကော။ ယဒိ ဝသာဝကော။ ပုဂ္ဂလ ဓမ္မဒသာ တော။

(၂) ယထယိဒံ။ သမ္မဒက္ခာတော။

(၃) ပရက္ကမော။ အဿဒေါ။ တဏှက္ခယော။

မေး။ ရဿံ-သုတ်နှင့် ကွစာဒိမဏ္ဍူတ္တရာနံ-သုတ်တို့၏ ရဿပြုရာ ဌာနများကို ခွဲခြားသတ်မှတ်ပြခဲ့ပါ။

ဖြေ။ ရဿံ-သုတ်ဖြင့် ရဿပြုရမည့်ဌာနများမှာ - ဆန်းစောင့်သင့်ရာဌာန၊ အာဂုံနှောင်းရာဌာန၊ သံယုဂ်နှောင်းရာဌာန-တို့ဖြစ်ပါသည်။

ကွစာဒိမဏ္ဍူတ္တရာနံ-သုတ်ဖြင့် ရဿပြုရာဌာနကား - သမာသ်အလယ်, တဒ္ဓိတ်အလယ် ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ ပရက္ကမော-ပုဒ်ကို ပုဒ် ၂-နည်းဖြတ်ပြ၍၊ ယင်း ၂-နည်း ဖြတ်ရပုံကိုလည်း ရှင်းပြပါ။

ဖြေ။ (၁) ပရာ + ကမော။ (၂) ပရံ + အာ + ကမော။

ပရ ဒွေဘာဝေါ ဌာနေ-သုတ်ဖြင့် အာ-သရနောင် က-ကို ဒွေးဘော်ပြုရမည် ဖြစ်သောကြောင့်လည်းကောင်း၊ ''ပရက္ကမော အဿာဒေါတိ ကဝဂ္ဂါဒိတော့ ယာဝ သကာရာ သုံယောဂေ ပရာ အာဥပသဂ္ဂါန မုဒါဟရဏံ = ပရက္ကမော အဿာဒေါ စသည်သည် အစဖြစ်သော ကဝဂ်မှ သ-အက္ခရာတိုင်အောင် သံယုဂ်ကြောင့် ပရာ, အာဥပသာရပုဒ်တို့၏ ဥဒါဟရဏ်တည်း''ဟု ဖွင့်သော ရူပသိဒ္ဓိဋီကာအဖွင့်ကို ထောက်ထား၍လည်းကောင်း ''ပရာ + ကမော''ဟု ပုဒ်ဖြတ်ရခြင်း ဖြစ်ပါသည်။

''ပရံ ပရံ ဌာနံ အက္ကမနဝသေန ပရက္ကမော''ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာ အဖွင့်ကို ထောက်၍ ''ပရံ + အာ + ကမော''ဟု ပုဒ်ဖြတ်ပြလိုက်ခြင်း ဖြစ်ပါသည်။ (ကွစိ လောပံ-သုတ်ဖြင့် နိဂ္ဂဟိတ်ကို ချေပြီးမှ က-ကို ဒွေးဘော်ပြု၊ အာ-ကို အ-ရသပြုပါ)။

မှတ်ချက်။ ။ ဘာသာဋီကာ၌ ရူပသိဒ္ဓိဋီကာ ပါဠိပျက်ကို ကိုး၍ အဓိပ္ပာယ်တစ်မျိုး ရေးထားသည်။

မေး။ (က) ယိဋ္ဌံ ဝ ဟုတံ ဝ လောကေ + ယိဋ္ဌံ ဝါ ဟုတံ ဝါ လောကေ။

(ခ) အဋ္ဌ စ ပုဂ္ဂလ ဓမ္မဒသာ တေ + အဋ္ဌ စ ပုဂ္ဂလာ ဓမ္မဒသာ တေ။

(ဂ) တဏှာကွယော + တဏှာကွယော-တို့၌ အမှား/အမှန်ကို ရူပသိဒ္ဓိဆရာ အလိုကျ ဝေဖန်သုံးသပ် ဆုံးဖြတ်ပါ။

ဖြေ။ (က) (ခ)တို့၌ ဆန္ဒာနုရက္ခဏအရာဝယ် ရဿ-သုတ်ဖြင့် ရဿ ပြုမည်ဖြစ်သော ကြောင့် ''ယိဋ္ဌံ ဝ ဟုတံ ဝ လောကေ''၊ ''အဋ္ဌ စ ပုဂ္ဂလ ဓမ္မဒသာ တေ''ပါဠိတို့သာ သင့်ပါသည်။

(ဂ) ၌ က္ခ-သံယုဂ်ကြောင့် ဏှာ-၌ အာ-ကို ရဿံ သုတ်ဖြင့် ရဿပြုရမည်ဖြစ်သော ကြောင့် ''တဏှကွယော''ပါဠိသာ သင့်ပါသည်။

မေး။ ရူပသိဒ္ဓိစာကိုယ်မြန်မာမူ ရဿံ-သုတ်(စာ-၂၅)၌ ''တဏှကွယော''ရဿဖြင့် ရှိ၍၊ ဝဂ္ဂေ ယောသာယောသာနံ-သုတ် (စာ-၃၁)၌ ''တဏှာကွယော''ဟု ဒီဃဖြင့်ရှိနေရာ အဘယ်ကဲ့သို့ ရှိခြင်းသည်သာ အမှန်ဖြစ်သည်ဟု ဝေဖန်သုံးသပ် ဆုံးဖြတ်ပါ။

ဖြေ။ 'တဏှာ+ ခယော' ဟု ပုဒ်ဖြတ်၊ ဝဂ္ဂေ ယောသာယောသာနံ-သုတ်ဖြင့် အာ-သရမှ နောက်ဖြစ်သော ခ-ကို အသဒိဒွေးဘော် က္ခ-ပြုပြီးနောက် ရဿံ-သုတ်ဖြင့် နောက်က္ခ-သံယုဂ်ကြောင့် ဏှာ-၌ အာ-ကို အ-ရဿ ပြုရမည်ဖြစ်သောကြောင့် လည်းကောင်း၊ သီဟိဠ်မူ ရူပသိဒ္ဓိ ၌ ''အာကာရတော - အာခါတော၊ အက္ခာတော'' စသည်ဖြင့် ရဿဖြင့်သာ ရှိသောကြောင့်လည်းကောင်း၊ ယင်းသို့ ရဿဖြင့် ရှိမှသာလျှင် ရှေ့ နောက်ညီ မည်ဖြစ်သောကြောင့်လည်းကောင်း၊ ပါဠိ, အဋ္ဌကထာ, ဋီကာတို့၌ ''အစ္ဆာဒယတိ၊ အစ္ဆိန္နတိ၊ အတ္ထရတိ၊ အပ္ပါဒ္ဓေတိ''စသော အလားတူပုဒ်တို့၌ ရဿဖြင့်သာ ရှိနေသော ကြောင့်လည်းကောင်း ''တဏှကွယော''ဟု ရဿဖြင့်ရှိခြင်းသာ အမှန်ဖြစ်ပါသည်။

မှတ်ချက်။ ။ ထို ဝဂ္ဂေ ယောသာယောသာနံ-သုတ်လာပုဒ်တို့တွင် 'သညာကွန္ဓော'

http://www.dhammadownload.com

ပုဒ်ကား ရဿမပြုဘဲ ပကတိအတိုင်းကားရမည့် ဝေဒနာက္ခန္ဓော-ပုဒ်နှင့် အလားတူ ဖြစ်သောကြောင့် ဒီဃဖြင့်ပင် ရှိသင့်ကြောင်း ဆရာမြတ်တို့ မိန့်တော်မူကြပါသည်။

မေး။ **ဝသီမှိ၊ လာဘီမှိ**-ပုဒ်ကို၌ ပါဋ္ဌိ, အဌကထာများဝယ် **ဝသီမှိ, လာဘီမှိ**-ဟုလည်း ရဿဖြင့် တွေ့နေရပေရာ ရူပသိဒ္ဓိကျမ်းအလို မည်သည့်ပုဒ်သာ သင့်ပါသနည်း? စိစစ်ဖြေဆိုပါ။

ဖြေ။ ရူပသိဒ္ဓိကျမ်းအလို "ဝသီ+အမှိ၊ လာဘီ+အမှိ"-ဟု ပုဒ်ဖြတ်၊ နောက် အ-သရ ကိုချေပြီးနောက် နောက် မ် နှင့် ဟ သံယုဝ်ကြောင့် ဤ-ကို ဣ-ရဿပြုရမည်ဖြစ်သောကြောင့် "**ဝသီမှိ၊ လာဘီမှိ**"ဟုသာ ရှိသင့်ပါသည်။

၂၇၊ ၃၉။ လောပဉ္စ တတြာကာရော။ (၂၆)

မေး။ ဤသုတ်ဖြင့် အဘယ်သဒ္ဒါတို့၏ အဘယ်သရကိုသာ ချေရပါမည်နည်း။

ဖြေ။ ဇတ-သဒ္ဒါ, တ-သဒ္ဒါ၏ အဆုံးဖြစ်သော ဩသရကိုသာ ချေရပါမည်။

ဇသော + ဓမ္မော = ဇသ ဓမ္မော။
သော + သီလဝါ = သ သီလဝါ။

မေး။ လောပဉ္စ တတြာကာရော-သုတ်၌ စသဒ္ဒါအနက်ကို ဖော်ပြပါ။

ဖြေ။ ဗျဉ္ဇနေ-ဟူသောနိမိတ်နောင် ထိုင်သော စသဒ္ဒါသည် ဗျည်းကြောင့်သာ ချေရသည် မဟုတ်၊ သရကြောင့်လည်း ဇတ-သဒ္ဒါ၏ အဆုံး ဩကို ချေရသေးသည်ဟု သရနိမိတ်ကို ဆည်းခြင်း သမုစ္စည်းအနက်ရှိပါသည်။

ပုံစံ - ဇသ အတ္ထော၊ ဇသ အာဘောဂေါ-စသည်။

မေး။ လောပဉ္စ တကြာကာရော-သုတ်၌ တတြာကာရော-ဟူသောယောဂဝိဘာဂ၏ အကျိုးကို ရေးပြပါ။

ဖြေ။ "တတြာကာရော"ဟူသော ဒွိဓာကရဏယောဂဝိဘာဂဖြင့် "တဒမိနာပိ ဇာနာထ" ဟူသော ပြယုဂ်၌ ပရော ဝါ သရော-သုတ်ဖြင့် နိဂ္ဂဟိတ်မှနောက် ဖြစ်သော ဣသရကို ချေပြီးနောက် အ-လာရခြင်း အကျိုးရှိပါသည်။

တံ + ဣမိနာပိ = တဒမိနာပိ။ (ရူ၊ ၄၀။)

၂၈၊ ၄၀။ ပရ ဒွေဘာဝေါ ဌာနေ။ (၂၆)

မေး။ ပရ ဒွေဘာဝေါ ဌာနေ-သုတ်သည် ဘယ်နှပုဒ်ရှိသောသုတ် ဖြစ်ပါသနည်း။

ဖြေ။ 'ပရ + ဒွေဘာဝေါ + ဌာနေ' ဟု သုံးပုဒ်ရှိသောသုတ် ဖြစ်ပါသည်။

မေး။ ပရ ဒွေဘာဝေါ ဌာနေ-သုတ်သည် ဝိဓိသုတ် ၈-မျိုးတို့တွင် အဘယ်ဝိဓိသုတ် ဖြစ်ပါသနည်း။

ဖြေ။ အာဒေသဝိဓိသုတ် ဖြစ်ပါသည်။ ဆရာမြတ်တို့ကား အာဂမဝိဓိသုတ်ဟု မိန့်ဆိုကြပါသည်။

မေး။ ပရ-ပုဒ်၌ ကျေနေသောဝိဘတ်ကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ "ပရဿ ဗျဉ္ဇနဿ"ဟု ဝုတ္တိ၌ ဖွင့်သောကြောင့် ပရ-၌ ကျေနေသောဝိဘတ်မှာ

http://www.dhammadownload.com

ဆဋ္ဌီကေဝုစ် သ-ဝိဘတ်ဖြစ်ပါသည်။ (''ပရသ'' ဟုဆိုလိုလျက် သုတ်ကြီးဖြင့် သဝိဘတ်ကို ချေထားခြင်းဖြစ်သည်။)

မေး။ ဒွေဘာဝေါ-ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ အဓိပ္ပါယ်လည်း ရေးပြပါ။

ဖြေ။ ဒွိန္နံ ဘာဝေါ ဒွိဘာဝေါ၊ ဒွိဘာဝေါ ဝေ ဒွေဘာဝေါ။

နှစ်လုံးတို့၏ ဖြစ်ကြောင်းဖြစ်ရာ တစ်လုံးကို နှစ်လုံးဖြစ်အောင် ပြုခြင်းသည် ''ဒွေးဘော်'' မည်ပါသည်။

တစ်နည်း - ဘဝနံ ဘာဝေါ၊ ဒွိ စ သော ဘာဝေါ စာတိ ဒွိဘာဝေါ၊ ဒွိဘာဝေါ ဝေ ဒွေဘာဝေါ။

တစ်လုံးမှ နှစ်လုံးဖြစ်လာခြင်း = နှစ်လုံးဖြစ်အောင် ပြုခြင်းသည် ''ဒွေးဘော်''မည်ပါသည်။

မေး။ ဒွေးဘော်သည် အာဂမဝိဓိလော၊ အာဒေသဝိဓိလော ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဒွေးဘော်သည် အာဂမဝိဓိမဟုတ်၊ အာဒေသဝိဓိသာ ဖြစ်ပါသည်။ ရှေးက ''ပ-ကို သဒိသဒွေးဘော် ပွ-ပြု''စသည်ဖြင့်သာ ဆိုရိုးပြုခဲ့ကြပါသည်။ အာချာတ်ကျမ်းလာ ဒွေးဘော်၌လည်း ''တိ-ကို တိတိ-ဟု ဒွေးဘော်ပြု''ဟု တညီတည်း ဆိုရိုးပြုတော်မူကြပါသည်။ ရူပသိဒ္ဓိ စာမျက်နှာ ၅၇-လာ ''ဩဘာဝေါ ကွစိ ယောသု ဝကာရသ'' ဟူသောသုတ်၌ 'ဩဘာဝေါ'သည် ဩ-အပြုဖြစ်၍၊ ရူပသိဒ္ဓိ (စာ-၃၂၀)လာ ''ကရသ ကာတိယောဂဝိဘာဂေန ကာဘာဝေါ စ ဟိယျတ္တနိယံ သိဒ္ဓေါ ဟောတိ''ဟူသော အဖွင့်၌လည်း 'ကာဘာဝေါ'ဟူသည် ကာ-အပြုပင် ဖြစ်ပါသည်။ ထို့ကြောင့် ဒွေဘာဝေါ-အရ ''ဒွေးဘော်''ဟူသည်မှာလည်း အာဒေသသာဖြစ်၍ အာဂမ မဟုတ်ကြောင်း သိသာထင်ရှားပါသည်။ သက္ကတသဒ္ဒါကျမ်းတို့ အဆိုအရလည်း ဒွေးဘော်မှာ အာဒေသဝိဓိသာ ဖြစ်ပါသည်။

ထို့ပြင် ရူပသိဒ္ဓိစသည်တို့၌ အချို့နေရာများသယ် ''ဒွေဘာဝေါ''ပုဒ်ကို ''ဒွိတ္တံ'' ဟု ဝေဝုစ် ပရိယာယ် စကားလှယ်သုံးသည်။ ယင်း ဒွိတ္တံ-ပုဒ်ကို အတ္တံ, အာနတ္တံ, ကာသတ္တံ, သီဒတ္တံ-ပုဒ်တို့နှင့် ယှဉ်ကြည့်လျှင်လည်း ဒွေဘာဝသည် အာဒေသဝိဓိဖြစ်ကြောင်း ထင်ရှားပါသည်။ မှန်၏ - ''အတ္တံ = အ အဖြစ်'' ဟူသည် အ-ပြုခြင်း၊ ''အာနတ္တံ = အာနအဖြစ်''ဟူသည် အာန ပြုခြင်း၊ ''ကာသတ္တံ = ကာသအဖြစ်''ဟူသည် ကာသပြုခြင်း၊ ''သီဒတ္တံ = သီဒအဖြစ်''ဟူသည် သီဒ-ပြုခြင်းပင် ဖြစ်သကဲ့သို့၊ ထို့အတူ ''ဒွိတ္တံ = နှစ်လုံးတို့၏ အဖြစ်''ဟူသည်လည်း နှစ်လုံး ပြုခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ''ဒွေးဘော်သည် အာဂမဝိဓိ မဟုတ်၊ အာဒေသဝိဓိသာ ဖြစ်သည်''ဟု ကေန်မုချ မှတ်သားသင့်လှပါသည်။

ခိုင်မာသော သာဓကများ

ဘဝနံ ဘာဝေါ၊ ဒွိ စ သော ဘာဝေါ စာတိ ဒွိဘာဝေါ၊ ဒွိဘာဝေါ ဝေ ဒွေဘာဝေါ။
(ကာတန္တဋီကာ၊ ၎င်းပဋိကာ)

တေ ဒွိဘာဝံ အာပဇ္ဇန္တေ၊ ဒွေ ဘဝန္တီတိ ဣဒတ္ထော။ (သာရသွတ၊ စန္ဒကိတ္တိဋီကာ)

ဒွိဝစနံ ဘဝတီတိ ဒွေ ပဒါနိ အာဒေသာ ဘဝန္တီတျတ္ထော။
(သိဒ္ဓါန္တကောမုဒီ၊ ဗာလမာနောရမာဋီက

http://www.dhammadownload.com

တေသမန္တော သြ ဟောတီတိ ဝတ္တဗ္ဗေ သြတ္တမာပဇ္ဇတီတိ ဝစနံ အာဒေသ-ပါကဋီကရဏတ္ထံ။ (ရူ-ဋီ၊ ၂၆။)

မေး။ ဒွေးဘော်အပြားကို ပုံစံများနှင့်တကွ ဖော်ပြ၍၊ ဒွေးဘော်ပြုပုံ ပြုနည်းကိုလည်း ရှင်းပြပါ။

ဖြေ။ ၁။ ဗျဥ္ဇနဒွေးဘော် = ပက္ကမော၊ ပရက္ကမော-စသည်။
၂။ ဝိဘတ္တိန္တပဒဒွေးဘော် = ရုက္ခံ ရုက္ခံ-စသည်။
၃။ ဓာတုဒွေးဘော် = တိတိက္ခတိ-စသည်။
၄။ ပစ္စယဒွေးဘော် = ဘုတ္တော၊ ဘုတ္တာဝိ-စသည်။

ဒွေးဘော်ပြုရာ၌ အခ်ိုက ဆင့်လျက် ပြုကြသည်။ အခ်ိုက ရှေ့နောက်ပြုပြီးမှ ကပ်ကြသည်။ ထို နှစ်ပါဒတွင် ဝိဘတ္တိန္တပဒဒွေးဘော်, ဓာတုဒွေးဘော်တို့ကို ထောက်၍ နောက်ဝါဒသာ ယုတ္တတရဖြစ်၏-ဟု ဆိုကြပါသည်။

မေး။ ဒွေးဘော် ၄-မျိုး အဓိပ္ပာယ်ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ၁။ သရမဖက် ဗျည်းသက်သက်ကိုသာ ပြုသောဒွေးဘော်သည် ''ဗျဥ္ဇနဒွေးဘော်''မည်၏။
၂။ သရနှင့်တကွဖြစ်သော အစဗျည်းကို ပြုသောဒွေးဘော်သည် ''ဓာတုဒွေးဘော်''မည်၏။
၃။ ဝိဘတ်နှင့်တကွဖြစ်သော ပုဒ်ကို ပြုသောဒွေးဘော်သည် ''ပဒဒွေးဘော်'' မည်၏။
၄။ တ-ပစ္စည်းစသည်ကို ပြုသောဒွေးဘော်သည် ''ပစ္စယဒွေးဘော်''မည်၏။

မှတ်ချက်။ ။ သဒ္ဒါကျမ်းတို့၌ ''ဒွေးဘော် ၃-မျိုး''ဟုသာ ဆိုကြပါသည်။ ဤကျမ်း၌ကား ရသင့်သမျှ ထုတ်ဆောင်၍ ၄-မျိုးဟု ဆိုလိုက်ခြင်း ဖြစ်ပါသည်။

မေး။ သရမှာ ပရဿ ဗျဥ္ဇနဿ-၌ သရ-အရကို ဖော်ပြပါ။

ဖြေ။ ရဿသရ(၃)လုံး,အာဒီဃသရနှင့် ပုဒ်အဆုံးမဟုတ်သော ဤ, ဦ, ဧ သရ တို့ကို ယူရပါမည်။

မေး။ ဒွေးဘော်ပြုရာ၌ (က) နိမိတ်ဖြစ်ထိုက်သော သရ (ခ) သဒိသဒွေးဘော်အဖြစ်သို့ ရောက်ထိုက်သော အက္ခရာတို့ကို ဖော်ပြပါ။

ဖြေ။ (က) နိမိတ်ဖြစ်ထိုက်သော သရမှာ - ရဿသရ ၃-လုံး,အာဒီဃသရနှင့် ပုဒ်အဆုံးမဟုတ်သော ဤ, ဦ, ဧ သရ တို့ ဖြစ်ပါသည်။

(ခ) သဒိသဒွေးဘော်အဖြစ်သို့ ရောက်ထိုက်သော အက္ခရာတို့ကား - ဝဂ်အက္ခရာတို့တွင် ပထမက္ခရာ ၅-လုံး၊ တတိယက္ခရာ ၅-လုံး၊ စ-မှတစ်ပါးသော ပဉ္စမက္ခရာ ၄-လုံး၊ အဝဂ်အက္ခရာများမှ ယ, လ, ဝ, သ ၄-လုံး၊ ပေါင်း (၁၈)လုံး ဖြစ်ပါသည်။

(ဆောင်) ဝဂ်တွင် ပ, တ၊ ပဉ္စမနှင့်၊ ယ လ ဝ သာ၊ ဗျည်းတို့မှာ၊
ဒွေဘာ သဒိသပြု။

မေး။ သဒိသဒွေးဘော်ပြုရာဌာနများကို စုံလင်စွာ ရေးပြပါ။

ဖြေ။ - ရဿ သရ ၃-လုံး,အာဒီဃသရမှနောက်ဖြစ်သော ပ, ပတိ, ပဒို, ကမု, ကုသ, ကုဓ, ကီ, ဂဟ, ဇတ, ဥ, သိ, သု, သမ္ဘု, သရ, သသ-အစရှိ သောဓာတ်တို့၏ အစဗျည်း။
- တိက, တယ, တိသ, ဝဝ-စသည်တို့၏ အစဗျည်း။
- ဝတု, ဝဠု, ဒိသ-စသည်တို့၏ အဆုံးဗျည်း။

http://www.dhammadownload.com

- ဥ, ဒု, နီ, ဥပသာရပုဒ်၊ တ, စတု, ဆ, သန္တသဒ္ဒါ၏ အာဒေသဖြစ်သော သ-စသည်တို့မှ နောက်ဖြစ်သောဗျည်း။
- ပုဒ်အဆုံးလည်းမဟုတ်, အာအက္ခရာလည်းမဟုတ်သော (ဣ, ဦ, ဧ) ဒီဃသရမှ နောက်ဖြစ်သော ယ အက္ခရာစသည်။
- ယဝတံ-စသောသုတ်၏ အာဒေသဖြစ်သော စ, လ, ဉ, ဇ ဗျည်းများ။
- သ ယေစ သုတ်စသည်တို့၏ အာဒေသဖြစ်သောဗျည်းများ။ (ဇေဟ ဉံ, သယေ စ, သဗ္ဗော စံ တိ သုတ်တို့၏ အာဒေသဖြစ်သော ဗျည်းများ။)
- တသ စဝဂ္ဂ-စသောသုတ်တို့ဖြင့် စီရင်သည့် ဓာတွန်နှင့်တကွဖြစ်သော ယ ပစ္စည်း၏ အာဒေသ။
- တပ-သဒ္ဒါစသည်တို့မှ နောက်ဖြစ်သော သီပစ္စည်း၏ သအက္ခရာ။
- ဆန်းစောင့်သင့်ရာဌာန စသည်တို့ဖြစ်ပါသည်။

မေး။ မာ စ **ပမာဒေါ်၊ ပတိ**ဂဏှာတိ၊ ဝစီ**ပ**ကောပံ ရက္ခေယျ-ပြဃုဂ်တို့၌ ပ, ပတိ-တို့ဝယ် အဘယ့်ကြောင့် ဒွေးဘော်**မ**ရောက်ပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ ဌာနေ-သဒ္ဒါ တားမြစ်သောကြောင့် (စာကိုယ်)၊ ဒွေးဘော်ပြုရာဌာန မဟုတ်သောကြောင့် (ဋီကာ) ဒွေးဘော်မရောက်ခြင်း ဖြစ်ပါသည်။

ဂဏ္ဌိအဆို။ ။ မာ စ ပမာဒေါ်-၌ ပ ဥပသာရ၊ ပတိဂဏှာတိ-၌ ပတိ ဥပသာရ တို့သည် ဓာတွတ္ထာနုဝတ္တက ဥပသာရဖြစ်၍ ဒွေးဘော်မရောက်၊ ဓာတွတ္ထဝိသေသက ဥပသာရ, ဓာတွတ္ထဗာဓက ဥပသာရဖြစ်မှ ဒွေးဘော်ရောက်သည်။

မေး။ ယခုအခါ အချို့ပုဂ္ဂိုလ်များက ''ဇနပတိ၊ နရပတိ''စသည်ဖြင့် မိမိတို့၏ ဘွဲ့အမည်များကို ပ-ဒွေးဘော်နှင့် ရေးသားနေကြရာ ယင်းသို့ ရေးသင့် / မသင့်ကို နှိုင်းချင့်ဝေဖန်ပြပါ။

ဖြေ။ ဒွေးဘော်ပြုရသော ပတိ-မှာ ပတိ ဥပသာရပုဒ်သာ ဖြစ်ပါသည်။ 'အရှင်သခင်'အနက်ဟော 'ပတိ'သဒ္ဒါ မဟုတ်ပါ။ သို့ဖြစ်၍ အရှင်သခင်အနက်ဟော ပတိ-သဒ္ဒါနှင့် သမာသ်တွဲစပ်ရာ၌ကား ''ဂဟပတိ၊ ဒါနပတိ''စသည်ဖြင့် ဒွေးဘော်မဲ့ ပါဠိများကိုသာ ပါဠို, အဋ္ဌကထာ, ဋီကာတို့၌ တွေ့ရပါသည်။ (''ဝနပ္ပတိ''ပုဒ်ကား သက္ကတ၌ ''ဝနသ္ပတိ'' ဟု ရှိသောကြောင့် ပါဠိ၌ ပျောက်သွားသော သ်-အစား ပ-ကို ဒွေးဘော်ပြုပေးရသဖြင့် ''ဝနပ္ပတိ''ဟု ရှိနေခြင်း ဖြစ်ပါသည်။) ထို့ကြောင့် ''ဇနပ္ပတိ၊ နရပ္ပတိ''စသည်ဖြင့် မရေးသင့်၊ ''ဇနပတိ၊ နရပတိ''စသည်ဖြင့် ဒွေးဘော်မဲ့သာ ရေးသင့်ပါသည်။

မေး။ နိကာယော, နိဒါနံ, နိဝါသော, နိဝါတော, တတော, စတုဝီသတိ ဆသဒ္ဒိ-ပုံစံတို့၌ နိ, တ, စတု, သ-သဒ္ဒါများနောင်ဖြစ်ပါလျက် သဒိသဒွေးဘော် မပြုရပါသနည်း။

ဖြေ။ ထိုပုံစံတို့၌ နိ, တ, စတု, သ-သဒ္ဒါများနောင်ဖြစ်သော်လည်း ''ဌာနေ''သဒ္ဒါ တားမြစ်သောကြောင့် (သဒိသဒွေးဘော် ပြုရမည့် ဌာန မဟုတ်သောကြောင့်) သဒိသဒွေးဘော် မပြုရခြင်းဖြစ်ပါသည်။

သတိ - ''နိက္ကာယော၊ နိဒ္ဒါနံ'' စသည်ဖြင့် ချပ်မရှိကြောင်း သတိပြုပါ။

ရူပသိဒ္ဓိဂဏ္ဌိအဆို - နိကာယော-စသည်တို့၌ နိ-သဒ္ဒါ ဓာတွတ္ထာနုကူလဖြစ်၍ ဌာန မဟုတ်ဟုမှတ်။ တ စတု ဆ သဒ္ဒါရှိသမျှ ဒွေးဘော်ဌာနချည်းသာ မမှတ်အပ်ဟု

http://www.dhammadownload.com

သိစေလို၍ ''တတော စတုဝိသတိ ဆသဋ္ဌိ''ဟု ပြသည်။

မေး။ သူယတိ (စာ–၂၉၊ ၃၁၁)၊ သုယျတိ (စာ–၃၁၁)၊ သူယျတိ(စာ–၂၅၊ ၂၉)–ဟု ပုဒ်အနေအထား သုံးမျိုးသုံးစား တွေ့မြင်နေရပေရာ သင့်မြတ်သောပါဠိကို ခိုင်လုံသော အထောက်သာဓကပြလျက် ဆုံးဖြတ်ချက်ချခဲ့ပါ။

ဖြေ။ ''**ကမ္မေ** ယပ္ပစ္စယေ ''ကွစိ ဓာတူ''တိအာဒိနာ ဒီယော၊ သူယတေ၊ သူယန္တေ။ **သူယတိ**၊ သူယန္တိ။ ဒွိတ္တေ ရဿတ္တံ၊ **သုယျတိ**၊ သုယျန္တိ။ **သူယျတိ**၊ သူယျန္တိ ဝါ''ဟူသော ရူပသိဒ္ဓိ စာမျက်နှာ (၃၁၁)လာ အဖွင့်အရ ပါဠိ ၃–မျိုးလုံးကိုပင် အသင့်ဟု ဆိုရပါမည်။

ရုပ်ပြီးပုံများ – သုဓာတ်တည်၊ တေဝိဘတ်သက်၊ ယပစ္စည်းသက်၊ ကွစိ ဓာတု–သုက်ကြီးဖြင့် ဥ–ကို ဦဒီဃပြု၊ တေ–ကို တိ–ပြန်၊ သူယတိ–ပြီး၏။ ယ–ကို ဒွေးဘော်ပြု၊ သူ–၌ ဦ–ကို ဥ–ရဿပြုလျှင် သုယျတိ–ဟု ပြီး၏။ ဦ–ကို ဥ–ရဿ မပြုလျှင် သူယျတိ–ဟု ပြီး၏။

မေး။ ဒွေးဘော်ပြုရန် အင်္ဂါညီတိုင်း ဒွေးဘော်ပြုရပါမည်လော ခိုင်လုံသော သာဓကများဖြင့် ပိုင်းခြားသုံးသပ် ဆုံးဖြတ်ပါ။

ဖြေ။ (၁) ''**စတု**, ဆ သဒ္ဒါသဒ္ဒါတို့နောင် ဒွေးဘော်ပြုရမည်''ဟု သတ်မှတ်ထားသော်လည်း စတုဝိသတိ, ဆသဋ္ဌိ–တို့ကို ဌာနေ–ပုဒ် ကိုရုပ်အဖြစ်ဖြင့် ထုတ်ပြထားသောကြောင့် လည်းကောင်း၊ (၂) ''ပုဒ်အဆုံးမဟုတ်သော ဤ, ဦ, ဧ–တို့နောင် ဒွေးဘော်ပြုရမည်'' ဟူသော သတ်မှတ်ချက်အရ သူယျတိ–ဟု ထုတ်ပြပြီးနောက် ''ဌာနေတိ ကိ သူယဝိ–ဟု ဒွေးဘော်မပြုသောရုပ်ကို ကျမ်းဆရာကိုယ်တိုင် ထုတ်ပြထားသောကြောင့် လည်းကောင်း၊ အာချာတ် သွာဒိဂိဏ်း သုဓာတ်အရာ၌လည်း အလားတူပင် သူယတိ, သူယျတိ–ဟု ဒွေးဘော်ပြု, မပြုရုပ်တို့ကို ထုတ်ပြထားသောကြောင့်လည်းကောင်း၊ ပါဠို, အဋ္ဌကထာ, ဋီကာတို့၌လည်း သောတာပတ္တိမဂ္ဂဉဏ်, သဗ္ဗညုတညာဏ်–ဟု ဉာဓာတ် ကို ဒွေးဘော်ပြု, မပြုရုပ်တို့ကို တွေ့မြင်ရသောကြောင့်လည်းကောင်း ဒွေးဘော်ပြုရန် အင်္ဂါညီတိုင်း ဒွေးဘော်ပြုရမည်ဟု မမှတ်သင့်ပါ။

၂၉၊ ၄၂။ ဝဂ္ဂေ ယောသာယောသာနံ တတိယပဌမာ။ (၃၀)

မေး။ ဤသုတ်ကိုမိန့်ဆိုရာ၌ ရည်ရွယ်ချက်အကျိုးကို ဖော်ပြပါ။

ဖြေ။ ဝဂ်၌ စတုတ္ထကွရာ, ဒုတိယကွရာတို့၏ ပရ ဒွေဘာဝေါ ဌာနေ သုတ်ဖြင့် သဒိသ ဒွေးဘော်ရောက်လုလတ်သော် ထို စတုတ္ထကွရာ, ဒုတိယကွရာတို့ကို တတိယကွရာ, ပဌမကွရာ အသဒိသဒွေးဘော်ပြုဟု သတ်မှတ်ခြင်းအကျိုးငှါ ဤသုတ်ကို မိန့်ဆိုရပါသည်။

မေး။ ဝဂ္ဂေ ယောသာယောသာနံ တတိယပဌမာ–သုတ်သည် မည်သည့်သုတ် ဖြစ်ပါသနည်း၊ ရူပသိဒ္ဓိဆရာအလိုကျ ဖော်ပြပါ။

ဖြေ။ စတုတ္ထကွရာ, ဒုတိယကွရာတို့ကို တတိယကွရာ, ပဌမကွရာ အသဒိသဒွေးဘော်ပြုဟု သတ်မှတ်ပြသော နိယမသုတ် ဖြစ်ပါသည်။

မေး။ ဝဂ္ဂေ ယောသာယောသာနံ–သုတ်ဖြင့် အသဒိသဒွေးဘော်ပြုရပုံကို ရှင်းပြပါ။

http://www.dhammadownload.com

ဖြေ။ ဌာနနိဒ်းစပ်သည်၏ အစွမ်းဖြင့် (ဌာနတူသည်၏ အစွမ်းဖြင့်) အကြင်ဝဂ် က ယောသ စတုတ္ထကွရာကို ထိုဝဂ်ထဲကပင် တတိယကွရာ အသဒိသဒ္ဒေးဘော်ပြု၊ အကြင်ဝဂ် က အယောသ ဒုတိယကွရာကို ထိုဝဂ်ထဲကပင် ပဌမကွရာ အသဒိသ ဒ္ဒေးဘော်ပြုရ ပါမည်။

မေး။ ဝဂ္ဂေ ယောသာယောသာနံ တတိယပဌမာ-သုတ်၌ ယောသ, အယောသ-တို့၏အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ တစ်ဝဂ် တစ်ဝဂ်၌ ယောသ ၃-လုံး, အယောသ ၂-လုံးစီရှိသော် လည်း ဤသုတ်သည် သဒိဒ္ဒေးဘော်ရောက်မည်စိုး၍ သတ်မှတ်ပြသော နိယမသုတ်ဖြစ်သောကြောင့် ယောသ-အရ တတိယကွရာ, ပဌမကွရာ တို့ကို မယူနိုင်၊ အယောသ-အရ ပဌမကွရာ ကို မယူနိုင်။ ထို့ကြောင့် ယောသ-အရ စတုတ္ထကွရာကိုသာ၊ အယောသ-အရ ဒုတိယ ကွရာကိုသာ ယူရပါသည်။

မေး။ ဝဂ္ဂေ ယောသာယောသာနံ-၌ ယောသ-အရ ပဌမကွရာကိုပါယူလျှင် ဖြစ်နိုင်သော အပြစ်ကို ဖော်ပြပါ။

ဖြေ။ ယောသ-အရ ပဌမကွရာကိုပါယူလျှင် ဒ္ဒေးဘော်ပြုရမည့် အကွရာက တတိယအကွရာ ဖြစ်သောကြောင့် အလိုမရှိအပ်သော ပြယုဂ်များ ကပ်ငြိပါဝင်လာခြင်း-ဟူသော အပြစ် ဖြစ်ပါသည်။

မေး။ ပဌမကွရာတို့သည် ယောသဖြစ်ပါလျက် အဘယ့်ကြောင် တတိယကွရာနှင့့် အသဒိသ ဒ္ဒေးဘော် မဖြစ်ပါသနည်း။

ဖြေ။ ယောသ-သဒ္ဒါဖြင့် စတုတ္ထကွရာကိုသာ, အယောသ-သဒ္ဒါဖြင့် ဒုတိယကွရာကိုသာ ယူရသောကြောင့်၊ (တစ်နည်း) ဌာနသဒ္ဒါလိုက်လာသောကြောင့် ပဌမကွရာတို့ ယောသ ဖြစ်သော်လည်း တတိယကွရာနှင့် အသဒိသဒ္ဒေးဘော် မဖြစ်ပါ။

မေး။ ဤသုတ်ဖြင့် အသဒိသဒ္ဒေးဘော်ပြုရာဌာနကို ဖော်ပြပါ။

ဖြေ။ ရဿ သရ ၃-လုံး၊ အာဒီယသရမှနောက်ဖြစ်သော ဃရ, ဧော့, ဓံသု, ဘမ စသည်တို့၏ အစဖြစ်သော ဝဂ်တို့၏ စတုတ္ထကွရာ၊ ဒုတိယကွရာတို့ ဖြစ်ပါသည်။

မေး။ အသဒိသဒ္ဒေးဘော်အဖြစ်သို့ရောက်ထိုက်သော အကွရာများ (အသဒိသဒ္ဒေးဘော် ပြုရမည့်အကွရာများ)

ဖြေ။ ဝဂ် တတိယကွရာ, ပဌမကွရာတို့ဖြစ်ပါသည်။

မေး။ ''ဝဂ္ဂေ ယောသာယောသာနံ တတိယပဌမာ''သုတ်၏ အဖြောင့်အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ သင့်လျော်ရာဌာန၌ ဝဂ်ထည်းက ယောသဖြစ်သော တတိယကွရာသည် ထိုဝဂ် ထည်း က ယောသဖြစ်သော စတုတ္ထကွရာ၏ ဒ္ဒေးဘော် အဖြစ်သို့ရောက်၏။

ဝဂ်ထည်းက အယောသဲ ပဌမကွရာသည် ထိုဝဂ်ထည်းက အယောသဖြစ်သော ဒုတိယကွရာ၏ ဒ္ဒေးဘော်အဖြစ်သို့ရောက်၏-ဟု ဆိုလိုပါသည်။

မေး။ ဤသုတ်၏ ဆိုလိုရင်းအချုဂ်ကို အနှစ်ထုတ် ဖော်ပြပါ။

ဖြေ။ ဝဂ်စတုတ္ထကွရာကို မြှင့်လျှင် ထိုဝဂ်ထဲက တတိယကွရာ ဒ္ဒေးဘော်ပြု။

http://www.dhammadownload.com

ဝဂ် ဒုတိယကွာရာကို မြင်လျှင် ထိုဝဂ်ထဲက ပဌမကွာဒွေးဘော်ပြု–ဟု ဆိုလိုရင်း ဖြစ်ပါသည်။

မေး။ (က) စတုဓာ + စတုဒ္ဒါ၊ (ခ) ဆဓာ + ဆဒ္ဒါ–တို့၏ အမှား / အမှန်ကို ဝေဖန်သုံးသပ် ဆုံးဖြတ်ပါ။

ဖြေ။ ရူပသိဒ္ဓိအလို ရဿသရသုံးလုံးမှနောက်ဖြစ်သော စတုတ္ထအကွာရာ ဓ–ကို တတိယကွာရာ အသဒိသဒွေးဘော်ပြုရမည်ဖြစ်သောကြောင့် စတုဒ္ဒါ, ဆဒ္ဒါပါဠိတို့ကို ယုတ္တတရ ဟု ဆိုရပါမည်။

မေး။ မဟာဓနံ + မဟဒ္ဓနံ ပါဠိနှစ်ထွေတို့တွင် အဘယ်ပါဠိသာ သင့်မြတ်ပါသနည်း၊ ရူဆရာ အလိုကျ ဆုံးဖြတ်ပါ။

ဖြေ။ မဟာဓနံ–ပါဠိကို ဌာနေ–သဒ္ဒါ၏ ကိုရုပ်အဖြစ်ဖြင့် ရူဆရာကိုယ်တိုင် ထုတ်ပြထားသော ကြောင့် ၄င်းအလို မဟာဓနံ–ပါဠိသာ သင့်ပါသည်။

မှတ်ချက်။ ။ မဟဒ္ဓနော–ကိုကား ဒွေးဘော်ပြုရမည့်ရုပ်အဖြစ် ထုတ်ပြထားပါသည်။

မေး။ ရွှေကျင်ဂိုဏ်းသား အချို့ဆရာတော်များက "**အဘိဓဇ မဟာရဋ္ဌဂုရု**"ဟူသော မင်းပေး ဘွဲ့အမည်ကို "**အဘိဒ္ဓဇ မဟာရဋ္ဌဂုရု**"ဟု ရေးတော်မူကြရာ ယင်းသို့ ရေးသင့်/ မရေး သင့်ကို နှိုင်းချင့်ဝေဖန်ပြပါ။

ဖြေ။ ရူပသိဒ္ဓိကျမ်း၌ ဒွေးဘော်ပြုရန် အဂ်ိညီပါလျက် ဒွေးဘော်မပြုရသော ရုပ်များကို ကျမ်းဆရာ ကိုယ်တိုင် ထုတ်ပြထားသောကြောင့်လည်းကောင်း၊ ထို"အဘိဓဇ မဟာရဋ္ဌဂုရု"ဟူသော ဘွဲ့အမည်သည် မင်းကပေးသော အမည်သည်ရာ (သညာသဒ္ဒါ)ဖြစ်သောကြောင့် လည်း ကောင်း ယင်းသို့ မရေးသင့်ကြောင်း ဆရာမြတ်တို့ မိန့်တော်မူကြပါသည်။

မေး။ အာကာရတော – အာခါတော **အာက္ခာတော** ၊ ဇဝံ **တထာက္ခယော**။ (မြန်မာ ဆဋ္ဌမ္ပ)
အာကာရတော – အာခါတော **အက္ခာတော**၊ ဇဝံ **တထာက္ခယော**။ (သီဟိဠ်မူ)

ဖြေ။ အာဒီယသရ မှနောက်ဖြစ်သော ဒုတိယကွာရာ ခ–ကို ပဌမကွာရာ အသဒိသဒွေးဘော် ပြုပြီးနောက် "ဆန္ဒာနုရက္ခဏော အာဂမေ သံယောဂေ စ ရဿတ္တံ" အရ ရဿသုတ်ဖြင့် အာ–ကို အ–ရဿ ပြန်၍ပြုရမည်ဖြစ်သောကြောင့် သီဟိဠ်မူအတိုင်းသာ ရှိသင့်ကြောင်း ဆရာမြတ်တို့ ဆုံးဖြတ်တော်မူကြပါသည်။

မေး။ ကမ္မဖလံ+ကမ္မပ္ဖလံ–ဟူသော ပါဠိနှစ်ထွေတို့တွင် သင့်မြတ်သောပါဠိကို ရူဆရာအလို ကျ ဆုံးဖြတ်ပါ။

ဖြေ။ ကမ္မဖလံ–ပုဒ်ကို ဌာနေ–သဒ္ဒါ၏ ကိုရုပ်အဖြစ်ဖြင့် ရူဆရာကိုယ်တိုင် ထုတ်ပြထားသော ကြောင့် ၄င်းအလို ထို ကမ္မဖလံ–ပါဠိသာ သင့်ပါသည်။

မှတ်ချက်။ ။ မဟာပ္ဖလံ၊ နိပ္ဖလံ–တို့၌ကား ဒွေးဘော်နှင့်သာ သင့်သည်ဟု မှတ်ပါ။

တတိယကဏ္ဍပြီး၏ ။။

http://www.dhammadownload.com

စတုတ္ထကဏ္ဍ

၁၀၊ ၅၈။ အံ ဗျဥ္ဇနေ နိဂ္ဂဟိတံ။ (၁၀၊ ၈၀)

မေး။ ဤသုတ်ကို အဘယ်အကျိုးငှါ မိန့်ဆိုရပါသနည်း။

ဖြေ။ ''ဝေံ ဝုတ္တေ၊ တံ သာဓု'' စသော ပြယုဂ်တို့၌ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ, ဇဟေ ဥံ, သယေ စ, ဗျဥ္ဇနေ စ–စသောသုတ်တို့ဖြင့် ချေခြင်း, ပြုခြင်း ဟူသော ကာရိယရောက်လုလတ်သော်များသောအားဖြင့် ထိုကာရိယကို တားမြစ်အကျိုးငှါ(တားမြစ်၍ ပကတိအတိုင်းဖြစ်ခြင်းအကျိုးငှါ) ဤသုတ်ကို မိန့်ဆိုရခြင်း ဖြစ်ပါသည်။

အမှာ။ ။ အံ ဗျဥ္ဇနေ နိဂ္ဂဟိတံ–သုတ်ဖြင့် အံပြုရခြင်း အကျိုးကိုဖော်ပြပါ'')ဟု မေးလျှင်လည်း ဖြေတတ်ပါစေ။

သိမှတ်ဖွယ်။ ။ သုသုဟာရက မန်လည်နိယံအလို ဤသုတ်သည် မဒါ သရေ, ကွစိ လောပံ သုတ်တို့၏ အစီအရင်ကိုလည်း တားမြစ်၏ဟု မှတ်ပါ။ ဆရာတို့ကားသရနှောင်းရာ၌စီရင်သောသုတ်များ ဖြစ်သောကြောင့် ၎င်း ၂–သုတ်တို့ကို မထည့်လိုကြပါ။

မေး။ ''အံ'' ဟု အ အက္ခရာထည့်ဆိုရကျိုးကို ဖော်ပြပါ။

ဖြေ။ ရွတ်ဆိုရခြင်းအကျိုးငှါ ထည့်ဆိုထားခြင်းဖြစ်ပါသည်။

မေး။ အံ ဗျဥ္ဇနေ နိဂ္ဂဟိတံ–သုတ် ၏ အဓိပ္ပါယ်ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''အံ ဣတိ ဟောတိ''ဟုဖွင့်သော ကစ္စည်းဝုတ္တိနှင့် ''အံ ဣတိ ဟောတိ၊ အကာရော ဥစ္စာရဏတ္ထော''ဟုဖွင့်သော ရူပသိဒ္ဓိတို့အလို – ဤသုတ်သည် ဗျည်းနှောင်းရာ၌ နိဂ္ဂဟိတ်ကို နိဂ္ဂဟိတ်ထပ်ပြုသောသုတ် ဖြစ်ပါသည်။

''သရလောပေါတိ အာဒိနာ ပုဗ္ဗသရလောပေါ ဝါ''ဟု တစ်နည်း ဖွင့်သော ရူပသိဒ္ဓိအလို – ဤသုတ်သည် နိဂ္ဂဟိတ်ကို အံပြုသောသုတ် ဖြစ်ပါသည်။ (ပထမနည်းအလို သရ မပါ၊ ဒုတိယနည်းအလို အ–သရပါသည် ဟု မှတ်ပါ။)

မေး။ ဤသုတ်သည် မည်သည့်သုတ် အမျိုးအစား ဖြစ်ပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''နိဂ္ဂဟိတ်ကို နိဂ္ဂဟိတ်ပြု'' ဟူသော ရူပသိဒ္ဓိ ပဌမဝိကပ်အလို ပဋိသေဓဝိဓိသုတ် ဖြစ်ပါသည်။

''နိဂ္ဂဟိတ်ကို အံပြု'' ဟူသော ဒုတိယဝိကပ်အလို အာဒေသဝိဓိသုတ် ဖြစ်ပါသည်။

မှတ်ချက်။ ။ အချို့ဆရာတို့က ဒုတိယဝိကပ်အလိုလည်း ပဋိသေဓဝိဓိသုတ် ဟုပင် ဆိုကြပါသည်။

မေး။ နိဂ္ဂဟိတ်ကို အံ–ပြုခြင်းသည် မည်သည့်သန္ဓိ အမျိုးအစား ဖြစ်ပါသနည်း။

ဖြေ။ နိဂ္ဂဟိတ်ကို အံ–ပြုခြင်းသည် နိဂ္ဂဟိတ်ကို နိဂ္ဂဟိတ်ထပ်ပြုခြင်းပင် ဖြစ်သောကြောင့် ပကတိသန္ဓိမျိုး ဖြစ်ပါသည်။

မေး။ ဝေံ ဝုတ္တေ–ကို ရုပ် ၂–နည်း ဟွတ်ပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ ဇေံ + ဝုတ္တော၊ အံ ဗျဥ္ဇနေ နိဂ္ဂဟိတံ–သုတ်ဖြင့် နောက် ဝ–ဗျည်းကြောင့် နိဂ္ဂဟိတ်ကို နိဂ္ဂဟိတ်ပင် ထပ်၍ပြု၊ ဇေံ ဝုတ္တော–ကား ပြီး၏။

(တစ်နည်း) ဤသုတ်ဖြင့် နိဂ္ဂဟိတ်ကို အံ ပြု၊ သရလောပေါ–စသောသုတ်ဖြင့် နောက် အံ–အပြုနှောင်းသောကြောင့် ရှေ့ ဝ–၏ အသရကို ချေ။ နောက် အံ–ကို လည်း အံ–ဟု ပကတိပြု၊ ဝ အံ–သို့ကပ်၊ ဇေံ ဝုတ္တော–ကား ပြီး၏။

မေး။ အံ ဗျဥ္ဇနေ နိဂ္ဂဟိတံ–သုတ်၌ ဗျဥ္ဇနေ–အရကို ဖော်ပြပါ။

ဖြေ။ အံ–မှတပါးသော ဗျည်း ၃၂–လုံးကို ယူရပါမည်။ (ရူပသိဒ္ဓိ ဂဏ္ဌိ၌ကား ၄၁–လုံးသော ဝဏ္ဏကို ယူပါသည်။)

ယေဘုယျအားဖြင့်ကား – ဝဗျည်း, သဗျည်းတို့ကို ယူရပါမည်။

အမှာ။ ။ ''နိဂ္ဂဟိတ်ကို အံပြုရာဌာနကို ရေးပြပါ''ဟု မေးလျှင် ''များသော အားဖြင့် ဝဗျည်း, သဗျည်းနှောင်းရာဌာန၌ နိဂ္ဂဟိတ်ကို အံ–ပြုရပါမည်''ဟု ဖြေပါ။

၃၁.၄၉။ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ။ (၃၅)

မေး။ ဝဂ္ဂန္တ–အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ''ဝဂ္ဂသ အန္တော ဝဂ္ဂန္တော''ဟူသော ဝစနတ္ထနှင့်အညီ ဝဂ်ငါးခုတို့၏ အဆုံးဖြစ်သော ''င, ဉ, ဏ, န, မ'' ငါးလုံးကို ''ဝဂ္ဂန္တ''ဟု ခေါ်ဆိုရပါသည်။

မေး။ ဤသုတ်ဖြင့် အဘယ့်ကြောင့် ဝဂ်၏ ပဥ္စမက္ခရာ ဝဂ္ဂန္တသာ ပြုရပါသနည်း။ (ဝဂ္ဂန္တပြုရပုံကို ရေးပြပါ။)

ဖြေ။ ဝဂ်၏ ပဥ္စမက္ခရာသည် နိမိတ်ဖြစ်သော ဝဂ်အက္ခရာ, ကာရီဖြစ်သော ''အနုသွာရ'' ခေါ် နိဂ္ဂဟိတ်တို့နှင့် ဌာနအားဖြင့် နီးစပ်သောကြောင့် ဤသုတ်ဖြင့် နိမိတ်ဖြစ်သော ဝဂ်၏ ပဥ္စမက္ခရာ ဝဂ္ဂန္တသာ ပြုရပါသည်။

ဥပမာ – ''တဏှက်ရော = တဏှံ + ကရော'' ပုံစံ၌ နိမိတ်ဖြစ်သော က–သည် ကဏ္ဌဌာန်၌ ဖြစ်၏။ ဏှံ–၌ ကာရီဖြစ်သော နိဂ္ဂဟိတ်သည် နာသိကာဌာန်၌ ဖြစ်၏။ က–ဝဂ္ဂန္တ င–ကား ကဏ္ဌဌာန်, နာသိကဌာန် ၂–ပါးတို့၌ ဖြစ်၏။ ဤသို့လျှင် ကဝဂ္ဂန္တ ဖြစ်သော င–သည် နိမိတ်ဖြစ်သော က–ဗျည်းနှင့်လည်းကောင်း၊ ကာရီဖြစ်သော နိဂ္ဂဟိတ်နှင့်လည်းကောင်း ဌာနအားဖြင့် နီးစပ်သောကြောင့် (ဌာနတူသောကြောင့်) ကဝဂ္ဂန္တ င–သာ ပြုရပါသည်။

မေး။ ''အနုသွာရ''ဟူသည် အဘယ်နည်း ဖြေဆိုပါ။

ဖြေ။ ''အနုသွာရ''ဟူသည် ရဿသရတို့သို့ အစဉ်လိုက်သော နိဂ္ဂဟိတ် ဖြစ်ပါသည်။

အနုသွာရ = အနုဿာရ။ ။ ဆဋ္ဌမူ ရူပသိဒ္ဓိ၌ ''နိမိတ္တာနုသွာရာနံ''ဟုရှိ၏။ နိမိတ္တာနုသွာရာနံ''သာ အမှန် ဖြစ်ပါသည်။ သက္ကတသဒ္ဒါကျမ်းတို့၌ ''အနုသွာရ'' ဟုရှိ၏။ ''**သွရဝဏ္ဏာ ဧဝ သွာရာ၊ အနုဂတော သွာရေ**''ဟု ဖွင့်ပြကြသည်။ ''သွရေ အနုဂတော အနုသွာရော'' ဟု ဝစနတ္ထ ပြုရပါမည်။ ထို အနုသွာရ–ပုဒ်ကို ပါဠိစစ်စစ်ပြန်လျှင်ကား ''အနုဿာရ''ဟု ဖြစ်ရပါမည်။ ''သရေ အနုဂတော

http://www.dhammadownload.com

အနုဿာရော''ဟု ပါဠိဝစနတ္ထ စစ်စစ်ကိုလည်း မှတ်သားပါ။

မေး။ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ–သုတ်လာ ဝါ–သဒ္ဒါ၏အနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ ဝါသဒ္ဒါ ဝဝတ္ထိတဝိဘာသာအနက်ရှိပါသည်။ ထို ဝါသဒ္ဒါဖြင့် ''တဏှက်ရော, ရဏ–ဥဟော၊ သဏ္ဌိတော၊ ဇုတိန္ဓရော၊ သမ္မတော'' စသည်တို့၌ **နိစ္စဝိဓိ**။ ''တက်ရောတိ၊ တံ ကရောတိ။ တခ်ဏံ၊ တံ ခဏံ'' စသည်တို့၌ **အနိစ္စဝိဓိ**။ ''နတံ ကမ္မံ ကတံ သာဓု၊ သရဏံ ဂစ္ဆာမိ'' စသည်တို့၌ **အသန္တဝိဓိ**။ ဤဝိဓိသုံးပါးကို ပိုင်းခြားသတ်မှတ်ပြပါသည်။

သိမှတ်ဖွယ်။ ။ တဏှက်ရော–စသော အမည်သညာဟော သဒ္ဒါ၊ သဂ်ါဟက, သဥ္ဇာနနက–စသော ကိတ်ပစ္စည်းအဆုံးရှိသော သဒ္ဒါ၊ ဥဏာဒ်ပစ္စည်းအဆုံးရှိသော သဒ္ဒါတို့၌ နိစ္စဝိဓိ–ဟု မှတ်ပါ။ (ဋီ၊ ၂၇။)

မေး။ ဣအက္ခရာ, ဥအက္ခရာတို့နောင် နိဂ္ဂဟိတ်ကို ဝဂ္ဂန္တပြု / မပြု သာဓကဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ ရူပသိဒ္ဓိ၌ ကိက်တော, ဒါတုဂ်တော–ဟူသော ပြယုဂ်များ ထုတ်ပြထားသည်ကို ထောက်၍ ဣအက္ခရာ, ဥအက္ခရာတို့နောင်လည်း နိဂ္ဂဟိတ်ကို ဝဂ္ဂန္တပြုကြောင်း သိရပါသည်။

မေး။ ဗုဒ္ဓံ သရဏဂ်စ္ဆာမိ–ဟု ရုပ်ဖြစ်နိုင် / မဖြစ်နိုင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ မဖြစ်နိုင်ပါ၊ အကြောင်းကား–ဝဂ္ဂန္တံဝါ ဝဂ္ဂေ သုတ်၌ပါသော ဝါသဒ္ဒါက ''သရဏံ ဂစ္ဆာမိ'' ၌ နိဂ္ဂဟိတ်ကို ဘယ်သောအခါမှ ကဝဂ္ဂန္တ င–မပြုရဟု ပိုင်းခြားသတ်မှတ်ထားသော ကြောင့်ဖြစ်ပါသည်။

မေး။ အထက် ပရော ဝါ သရော–သုတ်၌ ဝါသဒ္ဒါရှိသောကြောင့် ထိုဝါသဒ္ဒါကို သီဟဂတိက နည်းဖြင့် အလိုက်ခံလျှင် ဤသုတ်၌ ဝါသဒ္ဒါမပါပဲ ဝိဓိသုံးပါးကို ပိုင်းခြားသတ်မှတ်ခြင်း ကိစ္စ ပြီးနိုင်သည်။ ဝါသဒ္ဒါမလိုက်စေကာမူ အံ ဗျဥ္ဇနေ နိဂ္ဂဟိတံ–သုတ်ဖြင့် နိဂ္ဂဟိတ်ကို အံပြုခြင်းဟူသော အစီအရင်တစ်မျိုးရှိနေသောကြောင့် ဤသုတ်အစီအရင် မမြဲ ကြောင်း ထင်ရှားသည်။ ထိုသို့ဖြစ်ပါလျက် ဤသုတ်၌ ဝါသဒ္ဒါကို တိုက်ရိုက်ထည့်ဆိုခြင်းသည် အဘယ်အကျိုးရှိပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဤသုတ်၌ ဝါသဒ္ဒါကို တိုက်ရိုက်ထည့်ဆိုခြင်းသည် ပဋိသလ္လီနော, ပုလ္လိဂ်–စသော ပြယုဂ်တို့၌ လ–ကြောင့် သံ ဥပသာရပုဒ်၏အဆုံးဖြစ်သော နိဂ္ဂဟိတ်, ပုမသဒ္ဒါ၏ အဆုံးဖြစ်သော နိဂ္ဂဟိတ်ကို လ–ပြုရခြင်းတည်းဟူသော အနက်တစ်မျိုးကို သိစေခြင်း အကျိုးရှိပါသည်။

ပဋိသံ + လီနော။ ပုမ + လိဂ်။

၃၂၊ ၅၀။ ဧဟေ ဥံ။ (၃၆)

မေး။ ဧ–ကြောင့်ဖြစ်သော ဥ–နှင့်, ဟ–ကြောင့်ဖြစ်သော ဥ–တို့၏ အထူးကို ရေးပါ။

ဖြေ။ ဧ–ကြောင့်ဖြစ်သော ဥ–ကို သဒိသဒွေးဘော် ပြုရပါသည်။ ဟ–ကြောင့်ဖြစ်သော ဥ–ကို သဒိသဒွေးဘော် မပြုရပါ။ ဤသို့ ထူးပါသည်။

မေး။ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ သုတ်မှ ဤသုတ်သို့လိုက်လာသော ဝါသဒ္ဒါ၏ အနက်ကို ဖော်ပြ၍၊ ထိုဝါသဒ္ဒါ၏ သတ်မှတ်ချက်ကိုလည်း ဖော်ပြပါ။

ဖြေ။ လိုက်လာသော ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိပါသည်။။။ ထို ဝါသဒ္ဒါကြောင့်

http://www.dhammadownload.com

ဇဝနိပါတ်ပုဒ်မှ ဇ၊ ဟိနိပါတ်ပုဒ်မှ ဟနှောင်းရာ၌သာ နိဂ္ဂဟိတ်ကို ဥ–ပြုရပါသည်။ အခြားသော ဇ–နှင့် ဟ–တို့နှောင်းရာ၌ ဥ–မပြုရပါ။

မေး။ ဇဝမေတံ (ဇဝံ + ဇေတံ)၊ ဇဝံ ဟောတိ–ပုံစံတို့၌ ဇေဟ ဥ–သုတ်ဖြင့် နိဂ္ဂဟိတ်ကို ဥ–ပြုနိုင် / မပြုနိုင် ခိုင်လုံသော အကြောင်းဖြင့် ဆုံးဖြတ်ချက်ချခဲ့ပါ။

ဖြေ။ ဇေဟ ဥ–သုတ်သို့ လိုက်လာသည့် ဝဝတ္ထိတဝိဘာသာအနက်ရှိသော ဝါသဒ္ဒါက ဇဝ နိပါတ်ပုဒ်မှ ဇ, ဟိ နိပါတ်ပုဒ်မှ ဟအက္ခရာတို့ နှောင်းရာ၌သာ ဥ–ပြုရမည်ဟု သတ်မှတ်ထားသောကြောင့် အထက်ပါပုံစံတို့၌ ဤသုတ်ဖြင့် နိဂ္ဂဟိတ်ကို ဥ မပြုနိုင်ပါ။

၃၃၊ ၅၁။ သ ယေ စ။ (၃၆)

မေး။ သုတ်၌ သ–ကို ဝုတ္တိ၌ ''သဟ ယကာရေန''ဟု ဖွင့်ဆိုနိုင်ပုံကို ရှင်းပြပါ။

ဖြေ။ ယေ–ဟူသော နိမိတ်မှတစ်ပါး အခြားသောအရာကို သုတ်၌ မကြားအပ် (မတွေ့မမြင်ရ)သောကြောင့် ''သဟ ယကာရေန''ဟု အနက်အားဖြင့် ပြီးစီးထင်ရှားပါသည်။ ထို့ကြောင့် သ–ကို ''သဟ ယကာရေန''ဟု ဖွင့်ဆိုနိုင်ခြင်း ဖြစ်ပါသည်။ (ဋီ၊ ၂၈။)

မေး။ ဤသုတ်သို့ လိုက်လာသော ဝါသဒ္ဒါအနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ လိုက်လာသော ဝါသဒ္ဒါ ဝဝတ္ထိတဝိဘာသာအနက်ရှိပါသည်။ ထိုဝါသဒ္ဒါက သံ–၏အဆုံးဖြစ်သော နိဂ္ဂဟိတ်, သဗ္ဗနာမ် ယအက္ခရာ နှောင်းလျက်ရှိသော နိဂ္ဂဟိတ်တို့ကိုသာ ဤသုတ်ဖြင့် ဥ–ပြုရမည်၊ အခြားနေရာ၌မပြုရ–ဟု သတ်မှတ်ပါသည်။

ပုံစံ – သညောဂေါ = သံ + ယောဂေါ
ယညဒေဝ = ယံ + ယဒေဝ

မှတ်ချက်။ ။ ဤ သ ယေ စ–သုတ်ဖြင့်စီရင်ထားသော ဥ–ကိုလည်း သဒိသဒ္ဒေးဘော် ပြုရပါသည်။

မေး။ ဇတံ + ယောဇနံ၊ တံ + ယာနံ၊ သရဏံ + ယန္တိ ပုံစံတို့၌ သ ယေ စ သုတ်ဖြင့် နိဂ္ဂဟိတ်ကို ဥ–ပြုနိုင် / မပြုနိုင် အကြောင်းယုတ္တိဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ သယေစ–သုတ်သို့ လိုက်လာသည့် ဝဝတ္ထိတဝိဘာသာအနက်ရှိသော ဝါ သဒ္ဒါက သံ–၏အဆုံးဖြစ်သော နိဂ္ဂဟိတ်၊ သဗ္ဗနာမ် ယအက္ခရာနှောင်းလျက်ရှိသော နိဂ္ဂဟိတ်ကိုသာ ဥ–ပြုရမည်၊ အခြားနေရာတို့၌ မပြုရ–ဟု သတ်မှတ်ထားသောကြောင့် အထက်ပါ ပုံစံတို့၌ ဤသုတ်ဖြင့် နိဂ္ဂဟိတ်ကို ဥ–မပြုနိုင်ပါ။ (အသန္တဝိမိ–ဟု မှတ်ပါ။)

မေး။ ''သဟ ယေ စ''ဟု ဆိုသင့်လျက် မဆိုပဲ ''သ ယေ စ''ဟု ဆိုရပုံကို ရှင်းပြပါ။

ဖြေ။ ''သဟ ယေ စ''ဟုဆိုလိုလျက် သုခုစ္စာရဏာအကျိုးငှါ တေသု ဝုဒ္ဓိ–သုတ်ကြီးဖြင့် ဟ–ကိုချေ၍ ''သ ယေ စ''ဟု ဆိုထားခြင်းဖြစ်ပါသည်။

မေး။ ''သဟ ယေ စ'' ဟု ဆိုသင့်လျက် မဆိုပဲ ''သ ယေ စ''ဟု ဆိုခြင်းကြောင့် ရရှိသော အကျိုးကို ဖော်ပြပါ။

ဖြေ။ ''သဟ ယေ စ'' ဟု ဆိုသင့်လျက် မဆိုပဲ ''သ ယေ စ'' ဟု ဆိုခြင်းကြောင့် ဝိဋ္ဌကတ်သုံးပုံတို့၌ ရွတ်လွယ်ခြင်း (သုခုစ္စာရဏာ)အကျိုးငှါ အက္ခရာကို ချေခြင်းလည်း ရှိ၏–ဟု သိရမှတ်ရခြင်း အကျိုးရှိပါသည်။

http://www.dhammadownload.com

ထိုကြောင့်-ပဋိသင်္ခါ ယောနိသော၊ သယံ အဘိညာ၊ သစ္ဆိကတ္တာ၊ ပရိယေသနာ'' စသောပြယုဂ်များ ပြီးပါသည်။

ပယျေသနာ။ ။ သီဟိုဠ်မူ၌ ''ပရိယေသနာ ပယျေသနာ''ဟု ရှိ၏။ ပယျေသနာ-ကို ပရိ+ဧသနာ-ဟု ပုဒ်ဖြတ်၍တည်၊ ဣဝဏ္ဏော ယံ နဝါ-သုတ်ဖြင့် ဣ-ကို ယ-ပြု၊ သ ယေ စ-ဟူသော နိပါတနကြောင့် သုတ်ကြီးဖြင့် ရ်-ကို ချေ (ပယဧသနာ)၊ ပရ ဒွေဘာဝေါ ဌာနေ-သုတ်ဖြင့် ယ-ကို ဒွေဘော်ပြု၊ ယျ, ဧ-သို့ကပ်၍ ''ပယျေသနာ''ဟု ပြီး၏။ ရူပသိဒ္ဓိဘာသာဋီကာ၌ တစ်မျိုးတွက်ပြထားသည်။ မကောင်းဟု ထင်ပါသည်။

၃၄၊ ၅၂။ မဒါ သရေ။ (၃၇)

မေး။ မဒါ သရေ-သုတ်ဖြင့် အဘယ့်ကြောင့် အဘယ်နိဂ္ဂဟိတ်ကို ဒ-ပြုရပါမည်နည်း။

ဖြေ။ ဤသုတ်သို့လိုက်လာသော ဝါသဒ္ဒါက ဝဝတ္ထိတဝိဘာသာ အနက်ရှိသောကြောင့် ယ, တ, ဧတ သဒ္ဒါတို့မှ နောက်ဖြစ်သော နိဂ္ဂဟိတ်ကိုသာ ဒ-ပြုရပါမည်။

မ-အပြုကား အလွန်နယ်ကျယ်သဖြင့် သတ်မှတ်၍မဖြစ်နိုင်သောကြောင့် ရူပသိဒ္ဓိ၌ သတ်မှတ်၍ မပြခဲ့ပါ။

မေး။ မဒါ သရေ-သုတ်၌ လိုက်လာသော ဝါသဒ္ဒါဖြင့် သတ်မှတ်ပြသော ဝိဓိ ၂-မျိုးကို ပြယုဂ်များနှင့်တကွ ဖော်ပြပါ။

ဖြေ။ တမဟံ, တံ အဟံ၊ ယမာဟု, ယံ အာဟု၊ တေဒဝေါစ, ဧတံ အဝေါစ-စသော ပြယုဂ်တို့၌ ရံခါ မ, ဒ ပြုရခြင်းသည် အနိစ္စဝိဓိ။

အက္ကောစ္ဆိ မံ အဝဓိ မံ-စသော ပြယုဂ်တို့၌ လုံးဝ မ, ဒ မပြုရခြင်းသည် အသန္တဝိဓိ ဖြစ်ပါသည်။

မေး။ မဒါ သရေ-သုတ်၌ သရေ-ပုဒ်ကို ဖြုတ်၍ ''မဒါ''ဟု ဒွိဓာကရဏ ယောဂဝိဘာဂ ကြဲလျှင် ရရှိလာမည့် အကျိုးကို ရေးပြပါ။

ဖြေ။ မဒါ-ဟု ဒွိဓာကရဏ ယောဂဝိဘာဂကြဲလျှင် ယင်းယောဂဝိဘာဂဖြင့် ဗျည်းနောင်းရာ၌ လည်း နိဂ္ဂဟိတ်ကို မ်, ဒ်-ပြုရခြင်း အကျိုးရှိပါသည်။ (စာကိုယ်နှင့်ဋီကာ)

မ်-ပြုသောပုံစံ - ဗုဒ္ဓံ + သရဏံ + ဂစ္ဆာမိ = ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ။
ဒ်-ပြုသောပုံစံ - တံ + ဟိတံ = တဒ္ဒိတံ။

မေး။ ''ယဒနိစ္စံ၊ တဒနတ္တာ'' ပုံစံတို့၌ ''ယဒ-နိစ္စံ၊ တဒ-နတ္တာ''ဟု ရွတ်ဖတ်နေကြရာ သဘာဝ ကျ / မကျ ရှင်းပြခဲ့ပါ။

ဖြေ။ ယင်းသို့ဖတ်နေကြခြင်းမှာ သဘာဝ မကျပါ၊ တေဒဝေါစ-ပုံစံ၌ နိဂ္ဂဟိတ်ကိုပြုထားသော ဒ-အက္ခရာကို နောက်ပုဒ်၏အစ အနေဖြင့် ဖတ်သကဲ့သို့ အထက်ပါပုံစံတို့၌လည်း 'ယ-ဒနိစ္စံ၊ တ-ဒနတ္တာ' ဟု ဖတ်သင့် ပါသည်။ ထိုသို့ဖတ်မှသာ သဘာဝ ကျပါသည်။

သာဓက- ယာ'ဒေသာဒိ ပရာ'ဒိဝ (အလင်္ကာ၊ ၅၀။)

မှတ်ချက်။ ။ ''ယသ္မာ-ဒပေတိ ဘယ-မာဒတ္တေ ဝါ တ-ဒပါဒါနံ''ဟု ဖတ်ပါ။ စက္ခုံ ဥ-ဒပါဒိ-ဟု ဖတ်သင့်ပါသည်။ ''စက္ခုံ ဥဒ-ပါဒိ''ဟု မဖတ်သင့်ပါ။

http://www.dhammadownload.com

၃၅၊ ၃၄။ ယ ဝ မ ဒ နံ တ ရ လာ စာဂမာ။ (၁၈)

မေး။ ဤသုတ်ပါ စသဒ္ဒါ၏ အနက်ကို ရေးပြပါ။

ဖြေ။ အတိပ္ပဂေါ–စသောပုံစံတို့၌ ဂ–အက္ခရာလာခြင်းကိုဆည်းခြင်း သမုစ္စည်းအနက် ရှိပါသည်။ (ရူအလို ဤသုတ်ဖြင့် လာနိုင်သောအက္ခရာ ၉–လုံးရှိသည် ဟု မှတ်ပါ။)

ကစ္စည်းအလို။ ။ ကစ္စည်းဝုတ္တိအလိုကား မ–၏ ပ–အပြု၊ က–၏ ဒ–အပြု၊ ဒ–၏ တ–အပြုတို့ကို ဆည်းခြင်းသမုစ္စည်းအနက်ရှိပါသည်။

မေး။ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ –သုတ်မှ ဤသုတ်သို့လိုက်လာသော ဝါသဒ္ဒါ၏အနက်နှင့်သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိ၏။ ထိုဝါသဒ္ဒါက–

–ပရိယန္တံ၊ ပရိယာဒါနံ–စသည်တို့၌ အမြဲ ယ–လာခြင်း နိစ္စဝိဓိ။

–ယထယိဒံ, ယထာ ဣဒံ၊ ယထာယေဝ, ယထာ ဇေ၊ ဝိယဥ္ဇနာ ဝိအဥ္ဇနာ–စသည်တို့၌ ရံခါ ယ–လာခြင်း အနိစ္စဝိဓိ။

–ပရိကမ္မတော၊ ဥပရိကမ္မတိ–စသည်တို့၌ လုံးဝ ယ–မလာခြင်း အသန္တဝိဓိ–စသော အဓိပ္ပါယ်တို့ကိုပြပါသည်။ (အသရူပသရကြောင့် ပရိ–နောင် ယ–အမြဲလာ၊ သရူပသရကြောင့် လုံးဝ မလာရ၊ ဣ, ဇေ စသော သဒ္ဒါတို့ကြောင့် ရံခါ ယ–လာဟု မှတ်ပါ)

အမှာ။ ။ ''ယဝမဒနစသောသုတ်ဖြင့် ယ–အက္ခရာလာရာ၌ ဝိဓိ ၃–မျိုးကို ပိုင်းခြားသတ်မှတ်ပါ''ဟူသော မေးခွန်းကို ဖြေတတ်ပါစေ။

မေး။ ယဝမဒန–စသောသုတ်ဖြင့် ယ–စသော အက္ခရာတို့၏ လာရာဌာနများကို ရေးသားဖော်ပြပါ။

ဖြေ။ **ယ**–အက္ခရာသည် ဣအက္ခရာ, ဇေ သဒ္ဒါ, ဣက္ခေ သဒ္ဒါ စသည်တို့ကြောင့် ယထာ, မာ, တံ, နံ, နဝ, ပါဠို–စသောသဒ္ဒါနောင် လာပါသည်။
ထိုမှတစ်ပါး နောက်သရကြောင့် ဝိ, ပရိ, နိ စသောဥပသာရပုဒ်တို့နောင် လာပါသည်။

ဝ– အက္ခရာသည် အဝဏ်, ဥ သရတို့ကြောင့် တိသဒ္ဒါစသည် တို့နောင် လာပါသည်။

မ– အက္ခရာသည် ဆန္ဒာနုရက္ခဏ, သုခုစ္စာရဏအရာတို့၌ နောက်သရကြောင့် လဟု–စသော သဒ္ဒါနောင် လာပါသည်။

ဒ– အက္ခရာသည် ဥ–ဥပသာရပုဒ်၊ သကိ, ကေနစိ, ကိဉ္စိ, ကိသို့ဉ္စိ ကောစိ, သမ္မာ, ယာဝ, တာဝ, ပုန နိပါတ်ပုဒ်များနှင့် ယ, တ, ဧတ, အတ္တ, သ, အည စသော နာမ်ပုဒ်တို့နောင် လာပါသည်။

နံ–အက္ခရာသည် အာယတိ သဒ္ဒါ၏အစ၌ လာပါသည်။

တ–အက္ခရာသည် ဣဟ, အဂ္ဂ စသော သဒ္ဒါတို့ကြောင့် ယသ္မာ, တသ္မာ, အဇ္ဇ စသော သဒ္ဒါတို့နောင် လာပါသည်။

ရ–အက္ခရာသည် နိ, ဒု, ပါတု, ပုန, ဓိ, ပါတ, စတု စသော သဒ္ဒါတို့နောင် လာပါသည်။
ထိုမှတစ်ပါး ဆန္ဒာနုရက္ခဏအရာ၌ ဣဝ, ဧဝတို့ကြောင့် သရနောင် လာပါသည်။

လ–အက္ခရာသည် ဆ သခ်္ခသဒ္ဒါတို့နောင် လာပါသည်။

http://www.dhammadownload.com

မေး။ ယထာ + ဇေ-ကို ရနိုင်သမျှ ပုဒ်စပ်ပြခဲ့ပါ။

ဖြေ။ ယထာယေဝ (ယ်-လာ)။
ယထေဝ (ထိ ခွင်း, ချေ, ကပ်)။
ယထရိဝ (ဇေ-သဒ္ဒါ၏ အစ ဧ-ကို ရိ-ပြု၊ အာ-ကိုလည်း အ-ရသပြု)။

မေး။ တံ + ဇေ-ကို ရနိုင်သမျှ ပုဒ်စပ်ပြခဲ့ပါ။

ဖြေ။ တံယေဝ (ယ်-လာ)။
တညေဝ (နိဂ္ဂဟိတ်ကို ဉ-ပြု၊ ဉ-ကို သဒိသဒ္ဒေးဘော် ည-ပြု)။
တဒေဝ (နိဂ္ဂဟိတ်ကို ဒ်-ပြု)။

မေး။ ဓာတု+ဇေ-ကို ရနိုင်သမျှ ပုဒ်စပ်ပြခဲ့ပါ။

ဖြေ။ ဓာတုယေဝ (ယ်-လာ)။
ဓာတုရေဝ (ရ်-လာ)။

မေး။ နိ+အာယောဂေါ-ကို ရနိုင်သမျှ ပုဒ်စပ်ပြခဲ့ပါ။

ဖြေ။ နိယာယောဂေါ (ယ်-လာ)။
ဣယောဂေါ (ဣ-ကို ယ်-ပြု၊ ယ် အာ-သို့ကပ်၊ နိ ယာ-သို့ကပ်)။

မေး။ ဒ-အက္ခရာလာရာ၌ နိစ္စ, အနိစ္စ ဝိဓိများကို ပိုင်းခြားသတ်မှတ်ပြပါ။

ဖြေ။ ဥ-ဥပသာရပုဒ်နောင် အမြဲ ဒ-လာရခြင်းသည် နိစ္စဝိဓိ။
သင်္ကိ, ကေနစိ, ကိဉ္စိ, ကိသ္မိဉ္စိ ကောစိ, သမ္မာ, ယာဝ, တာဝ, ပုန နိပါတ်ပုဒ်များနှင့် ယ, တ, ဧတ, အတ္တ, သ, အည-စသောနာမ်ပုဒ် တို့နောင် ရံခါ ဒ-လာရခြင်းသည် အနိစ္စဝိဓိ ဖြစ်ပါသည်။

မှတ်ချက်။ ။ ဘာသာဋီကာ၌ ''ကေနစိ အတ္ထကာမေန''စသော ပုံစံများကို အသန္တဝိဓိ-ဟု ဆို၍ ဂဏ္ဌိဆရာတော်က အနိစ္စဝိဓိဟု ဆိုသည်။ ဤကျမ်း၌ ဂဏ္ဌိနောက်သို့ လိုက်၍ ရေးပြလိုက်ခြင်း ဖြစ်ပါသည်။

မေး။ ဥ + အဂ္ဂေါ၊ ဥ + အယော၊ ဥ + အပါဒိ-တို့ကို အကြောင်းပြကာ ပုဒ်စပ်ပြခဲ့ပါ။

ဖြေ။ ယဝမဒနတရလာ စာဂမာ သုတ်၌ ''ဥ-ဥပသဂ္ဂတော နိစ္စံ''ဟု ရူပသိဒ္ဓိဆရာ သတ်မှတ်ထားသောကြောင့် ဥ-ဥပသာရပုဒ်နောင် ဒ-အက္ခရာလာ၍ ဥဒဂ္ဂေါ၊ ဥဒယော၊ ဥဒပါဒိ-ဟု ပုဒ်စပ်ရပါမည်။

ဥဒပါဒိ။ ။ ဥဒပါဒိ-ကို ဥ-ဒဂ္ဂေါ၊ ဥ-ဒယော-တို့နှင့် အလားတူ ဥ-ဒပါဒိ-ဟု ဖတ်ပါ။

မေး။ သကဒါဂါမိ-ပုဒ်ကို ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ သကိ + အာဂါမိ-ဟု ပုဒ်ဖြတ်၍တည်၊ ယဝမဒန-စသောသုတ်ဖြင့်၊ ဒ်-လာ၊ ဒ် အာ-သို့ကပ်၊ တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် ဣ-ကို အ-ပြု၊ သကဒါဂါမိ-ကား ပြီး၏။

တစ်နည်း - သကိ + အာဂါမိ-ဟု ပုဒ်ဖြတ်၍တည်၊ ကွစိ လောပံ-သုတ်ဖြင့် နိဂ္ဂဟိတ်ကို ချေ။ ဣ-ကို အ-ပြု။ ဒ်-လာ၊ ပြီး၏။

http://www.dhammadownload.com

မေး။ သမ္မဒတ္ထော–ပုဒ်ကို ရှုပ်တွက်ပြခဲ့ပါ။

ဖြေ။ သမ္မာ+အတ္ထော–ဟု ပုဒ်ဖြတ်၍တည်၊ ဤသုတ်ဖြင့် ဒိ–လာ၊ ရသံ–သုတ်ဖြင့် သမ္မာ–၌ အာ–ကို အ–ရသပြု၊ ဒိ အ–သို့ကပ်၊ ပြီး၏။

မေး။ ပုနဒေဝ + ပုနရေဝ–ဟူသော ပါဠိနှစ်မျိုးတို့တွင် သင့်မြတ်သောပါဠိကို အကြောင်းယုတ္တိပြလျက် ဆုံးဖြတ်ချက်ချပြီးလျှင်၊ ပို၍ သင့်မြတ်သောပါဠိကိုလည်း အကြောင်းယုတ္တိဖြင့် ညွှန်ပြခဲ့ပါ။

ဖြေ။ ရူပသိဒ္ဓိ၌ ဒ–အက္ခရာလာရမည်ဌာန၊ ရ–အက္ခရာလာရမည်ဌာန၊ ၂–မျိုးလုံးတွင် ပုန–နိပါတ်ပုဒ်ပါနေသောကြောင့် ပါဠိ ၂–ထွေလုံးပင် သင့်မြတ်ပါသည်။

သက္ကတ၌ ''ပုနရ်''ဖြစ်၍ ပုနရေဝ–ပါဠိကို ပို၍ သင့်မြတ်သည်ဟု ဆိုရပါမည်။

မေး။ ယဒတ္ထံ၊ သဒတ္ထပသုတော–တို့ကို ရူပသိဒ္ဓိအလိုက္ခ ပုဒ်ဖြတ်ပြခဲ့ပါ။

ဖြေ။ ''ဒကာရော ။ ။ ။ယတေ'တတ္တသာဒီဟိ''ဟု ရူပသိဒ္ဓိ၌ ဖွင့်ဆိုထားသောကြောင့် ၄င်းအလို ''ယ + အတ္ထံ''၊ ''သ + အတ္ထပသုတော''ဟု ပုဒ်ဖြတ်ရပါမည်။

မေး။ ''ယဝမဒနတရလာ စာဂမာ'' သုတ်နှင့် ''ဆဠဘိညာ''ပြယုဂ်တို့ မဆန့်ကျင်အောင်ညှိပြခဲ့ပါ။

ဖြေ။ ''လဠာနမဝိသေသော = လ နှင့် ဠမထူး'' ဟု ရူပသိဒ္ဓိဆရာ ဆိုသောကြောင့် သုတ်၌ လ–ငယ်နှင့် ရှိသော်လည်း ပြယုဂ်၌ ဠ–ကြီးလာ၍ ဆဠဘိညာ–ဟု ရှုပ်ပြီးနေခြင်းဖြစ်ပါသည်။ ထိုကြောင့် သုတ်နှင့် ပြယုဂ် မဆန့်ကျင်ပါ။

၃၆၊ ၄၇။ ကွစိ ဩ ဗျဥ္ဇနေ။ (၃၄)

မေး။ ကွစိ ဩ ဗျဥ္ဇနေ–သုတ်ဖြင့် ဩ အက္ခရာလာရာဌာနကို ဖော်ပြပါ။

ဖြေ။ အတိပ–နှင့် ပရ–သဒ္ဒါတို့နောက်၌သာ ဩ အက္ခရာလာရပါသည်။

- အတိပဂေါ ခေါ (အတိပ + ခေါ)
- ပရောသတံ၊ ပရောသဟဿံ (ပရ + သတံ၊ ပရ + သဟဿံ)

မေး။ အတိပဂေါ–ခေါကို 'အတိပဂ–ခေါ'ဟု ပုဒ်ဖြတ်တတ်ကြရာ ရှု–အလို ယင်းပုဒ်ဖြတ်ပုံမှန် / မမှန် ဝေဖန်သုံးသပ် ဆုံးဖြတ်ပါ။

ဖြေ။ ''အတိပ ပရသဒ္ဒေဟိ ဩကာရာဂမော, ယဝမဒ ဣစ္စာဒိသုတ္တေ စသဒ္ဒေန အတိပတော ဂ–ကာရာဂမော စ''ဟု ရူပသိဒ္ဓိဖွင့်ဆို သောကြောင့် ၄င်းအလို ''အတိပဂ + ခေါ'' ဟု ပုဒ်ဖြတ်လျှင် မမှန်ပါ။ ''အတိပ + ခေါ''ဟု ပုဒ်ဖြတ်မှ မှန်ပါသည်။

မေး။ ပရောသတံ–ကို ရှုပ်တွက်ပြခဲ့ပါ။

ဖြေ။ ပရ+သတံ–ဟု ပုဒ်ဖြတ်၍တည်၊ ကွစိ ဩ ဗျဥ္ဇနေ–သုတ်ဖြင့် ဩ–အက္ခရာလာ၊ ရ် ခွင်း အ–ကြွင်း၊ သရာ သရေ လောပံ–သုတ်ဖြင့် နောက် ဩ–သရနှောင်းသောကြောင့် ရ္ရေ့ အ–သရကို ချေ၊ ရ် ဩ–သို့ကပ်၊ ပရောသတံ–ကား ပြီး၏။

http://www.dhammadownload.com

၃၇၊ ၅၇။ နိဂ္ဂဟီတဥ္စ။ (၃၉)

မေး။ နိဂ္ဂဟီတဥ္စ-သုတ်ဖြင့် နိဂ္ဂဟီတ်လာရာဌာနကို ဖော်ပြပါ။ (လိုက်လာသော ကွစ်-အရကို ဖော်ပြပါ။)

ဖြေ။ သုခုစ္စာရဏာ (ရွတ်လွယ်စေလိုရာ)ဌာန တစ်ခုခု၌သာ ဖြစ်ပါသည်။

မေး။ နိဂ္ဂဟီတ်လာရာ သရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ နိဂ္ဂဟီတ်သည် ရဿသရသို့ အစဉ်လိုက်သောကြောင့် (ရဿသရကို မှီသောကြောင့်) ရဿသရ ၃-လုံး နောင်သာ လာရပါသည်။

၃၈၊ ၅၃။ ကွစ် လောပ်။ (၃၇)

မေး။ ကွစ် လောပ်-သုတ်ဖြင့် နိဂ္ဂဟီတ်ချေရာဌာနများကို ဖော်ပြပါ။ (ကွစ်-အရကို ဖော်ပြပါ)။

ဖြေ။ ၁။ ဆန္ဒာနုရက္ခဏာ (ဆန်းစောင့်ရမည်နေရာ)ဌာန၊
၂။ သုခုစ္စာရဏာ(ရွတ်လွယ်စေလိုရာ)ဌာနတို့ ဖြစ်ပါသည်။

၃၉၊ ၅၄။ ဗျဥ္ဇနေ စ (၃၈)

မေး။ ဗျဥ္ဇနေ စ-သုတ်ဖြင့် နိဂ္ဂဟီတ်ချေရာ ဌာနများကို ဖော်ပြပါ။

ဖြေ။ ဆန္ဒာနုရက္ခဏာ၊ သုခုစ္စာရဏာ ဌာနတို့ပင် ဖြစ်ပါသည်။
- အရိယ သစ္စာန ဒဿနံ။
- တေ ဗုဒ္ဓါန သာသနံ။
- သာရတ္တော၊ သာရာဂေါ။

မေး။ သာရတ္တော-ကို ရှုပ်တွက်ပြခဲ့ပါ။

ဖြေ။ သံ+ရတ္တော-ဟု ပုဒ်ဖြတ်၍တည်၊ ဗျဥ္ဇနေ စ-သုတ်ဖြင့် နောက် ရ-ဗျည်းနောင်းသောကြောင့် ရှေ့ သ-ထက်၌ နိဂ္ဂဟီတ်ကို ချေ၊ ဒီဃ်-သုတ်ဖြင့် နောက် ရဗျည်းနောင်းသောကြောင့် သ-၏ အ-ကို အာဒီဃပြု၊ ပြီး၏။

မှတ်ချက်။ ။ သာရာဂေါ၊ သာရမ္ဘော-တို့၌လည်း နည်းတူ။ အဝိသာဟာရော-၌ နောက် ဟ-ဗျည်းနောင်းသောကြောင့် ဒီဃပြုဟု ဆိုရုံသာ။

မေး။ စိရပ္ပဝါသီ-ကို ရူပသိဒ္ဓိဆရာအလိုက္ပ ရှုပ်တွက်ပြခဲ့ပါ။

ဖြေ။ စိရံ+ပဝါသီ-ဟု ပုဒ်ဖြတ်၍တည်၊ ဗျဥ္ဇနေ စ-သုတ်ဖြင့် နောက် ပ-ဗျည်းနောင်းသောကြောင့် ရှေ့ ရ-အထက်၌ရှိသော နိဂ္ဂဟီတ်ကို ချေ၊ ပရ ဒွေဘာဝေါ ဌာနေ-သုတ်ဖြင့် ပ-ကို သဒိသဒွေးဘော် ပွ-ပြု၊ စိရပ္ပဝါသီ-ကား ပြီး၏။

မေး။ စိရပ္ပဝါသီ-ကို ရနိုင်သမျှ ရှုပ်အမျိုးမျိုး တွက်ပြခဲ့ပါ။

ဖြေ။ **ရူ-အလို** အထက်ပါအတိုင်း တွက်ပါ။
ကစ္စည်းအလို - စိရံ+ပဝါသီ-ဟု ပုဒ်ဖြတ်၍တည်၊ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ-သုတ်ဖြင့် နောက် ပ-ဗျည်းနောင်းသောကြောင့် ရှေ့ ရ-ထက်၌ရှိသော နိဂ္ဂဟီတ်ကို ပဝဂ္ဂန္တ မ်-ပြု၊ မ် ပ-

http://www.dhammadownload.com

သို့ကပ် (စိရမ္ပဝါသီ)၊ ယဝမဒနသုတ်၌ စသဒ္ဒါဖြင့် မ်–ကို ပ်–ပြု၊ ပြီး၏။

ချာသ အလို – စိရံ+ပဝါသီ–ဟု ပုဒ်ဖြတ်၍တည်၊ ဗျွန္ဇနေ စ–သုတ်၌ စသဒ္ဒါဖြင့် နိဂ္ဂဟိတ်ကို ပ–ပြု၊ ပြီး၏။

မှတ်ချက်။ ။ မဒါ သရေ–သုတ်၌ ''မဒါ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် နိဂ္ဂဟိတ်ကို မ်–ပြု၍လည်း ရုပ်ပြီးနိုင်ပါသည်။

၄၀၊ ၅၅။ ပရော ဝါ သရော။ (၃၈)

မေး။ ပရော ဝါ သရော သုတ်ဖြင့် နိဂ္ဂဟိတ်မှ နောက်ဖြစ်သော သရချေရပုံကို ပြည့်စုံစွာ ဖော်ပြပါ။ (ဝဝတ္ထိတဝိဘာသာ ဝါသဒ္ဒါ၏သတ်မှတ်ချက်ကို ဖော်ပြပါ။)

ဖြေ။ ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိသောကြောင့် ကွတိ, ကွဝ, ကွဒါနိ, အသိ, အပိ, ဧဝ, အဿ, အဿာ, ကွမိနာ–သဒ္ဒါတို့၏ အစသရကိုသာ ချေရပါမည်။ အခြားသဒ္ဒါတို့၏ သရကို မချေရပါ။

ပုံစံများ – ကတန္တိ = ကတံ + ကွတိ။
ဥတ္တတ္တံဝ = ဥတ္တတ္တံ + ကွဝ။
ကလိန္ဒာနိ = ကလိ + ကွဒါနိ။
တံသိ = တံ + အသိ။
ကွဒမိ = ကွဒံ + အပိ။
သဒိသံဝ = သဒိသံ + ဧဝ။
ဧဝံ သ တေ = ဧဝံ + အဿ တေ။
ပုပ္ဖံသာ = ပုပ္ဖံ + အဿာ။
တဒမိနာပိ = တံ + ကွမိနာပိ။

၄၁၊ ၅၆။ ဗျွန္ဇနော စ ဝိသညောဂေါ။ (၃၉)

မေး။ ဗျွန္ဇနော စ ဝိသညောဂေါ–သုတ်၌ ဗျွန္ဇနော–အရကို ဖော်ပြပါ။

ဖြေ။ ''ဗျွန္ဇနော''ဟု သာမညဆိုသော်လည်း ''ဝိသညောဂေါ''ဟူသော သဒ္ဒန္တရိုက်ကို ထောက်၍ ဝိသညောဂဗျည်းဖြစ်ထိုက်သော သညောဂဗျည်းကိုသာ ယူရပါမည်။ (''ဝိသညောဂ ဗျည်းပြု'' ဟုဆိုလျှင် သညောဂဗျည်းမှ တစ်ပါး အခြားဗျည်း မဖြစ်နိုင်ပါ)။

မေး။ ''ဝိသညောဂ'' အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ဝိသညောဂ–ဟူသည် သံယုဂ်၏ တစ်စိတ်တစ်ဒေသဖြစ်သော အစဗျည်း ရှေ့ဗျည်းကို ချေခြင်း ဖြစ်ပါသည်။

မေး။ ''ဝိသညောဂ ပြုခြင်း''သည် အဘယ်သန္ဓိမျိုး ဖြစ်ပါသနည်း။

ဖြေ။ ''ဝိသညောဂပြုခြင်း''ဟူသည် သံယုဂ်၏ တစ်စိတ်တစ်ဒေသဖြစ်သော ရှေ့ဗျည်းကို ချေခြင်း ဖြစ်သောကြောင့် လောပသန္ဓိမျိုးဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ ထိုသို့ချေပစ်လိုက်ခြင်းကိုပင် စကားအသုံးအနှုန်း ယဉ်ကျေးအောင်

http://www.dhammadownload.com

''ဝိသညောဂပြု''ဟု ဆိုခြင်းဖြစ်သည်။ ဥပမာ- ရှင်ဘုရင်သေသည်ကို ''နတ်ရွာစံတော်မူသည်''ဟု လည်းကောင်း၊ ဘုန်းကြီးသေသည်ကို ''ပျံလွန်တော်မူသည်''ဟု လည်းကောင်း သုံးနှုန်းသကဲ့သို့တည်း။

- ဝိသညောဂေါတမိ ဂ္ဂမိနာ ပန လောပံ အာဟာ၊ ဒေဝလောကံ ဂတောဘာ'' တိဝစနေန မရဏံ ဝိယ။ (နျာသ)

မေး။ ''သညောဂ=သံယုဂ်'' အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ဗျည်း ၂-လုံး(၃-လုံး)တို့၏ သရတစ်လုံးတည်း၌တည်နေခြင်း ကြိယာသည် မုချအားဖြင့် ''သညောဂ=သံယုဂ်)''မည်၏။

ထိုသို့တည်နေခြင်းရှိသော ဗျည်း ၂-လုံး(၃-လုံး)ကိုလည်း ဌာန၌ပစာအားဖြင့် ''သညောဂ=သံယုဂ်''ဟု ဆိုရပါသည်။

မေး။ သညောဂ, ဝိသညောဂ-ပုဒ်တို့ကို ဝစနတ္ထပြု၍ ထိုဝစနတ္ထနှင့်လျော်သော အဓိပ္ပါယ်ကို ရေးပြီးလျှင်၊ အရကိုလည်း ကောက်ပြခဲ့ပါ။

ဖြေ။ ''သံယုဇ္ဈတီတိ သညောဂေါ''။ နောက်ဝဏ္ဏသို့ကပ်၍ ယှဉ်စပ်အပ်သောကြောင့် ''သညောဂ''မည်၏။ ဗျည်း ၂-လုံးဆင့်နေရာ၌ (နယေ ပရံ ယုတ္တော-သုတ်ဖြင့် ဆောင်ကပ်အပ်သော) ရှေ့ဗျည်းကိုရပါသည်။

ဥပမာ-''သ''ဟု နှစ်လုံးဆင့်နေရာ၌ ရှေ့ဖြစ်သော သ်-ဖြစ်ပါသည်။

''ဝိဂတော သညောဂေါ အသ်ာတိ ဝိသညောဂေါ''။ ကင်းသွားသော သညောဂ ဗျည်းရှိသောကြောင့် ''ဝိသညောဂ'' မည်၏။

သံယုဂ်ဗျည်းကင်းသွားသော နောက်ဗျည်းကို ရပါသည်။

ဥပမာ-''သ''ဟုနှစ်လုံးဆင့်နေရာ၌ ရှေ့သ်-ကို ချေလိုက်သဖြင့် ကျန်နေသော နောက် သ-ဗျည်း ဖြစ်ပါသည်။

- ဇေံ + အသ်ာ တေ အာသဝါ = ဇေံ + သ တေ အာသဝါ။

မေး။ ''ဗျဥ္ဇနော စ ဝိသညောဂေါ'' သုတ်၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ''နိဂ္ဂဟိတ်မှ နောက်ဖြစ်သောသရကို ချေပြီးသည်ရှိသော် သံယုဂ်ဖြစ်သော ရှေ့ဗျည်းကို ချေပစ်ရမည်''ဟု ဆိုလိုရင်းဖြစ်ပါသည်။

အသ-၌ သ-ဗျည်းတွင် ရှေ့ သ်-တစ်လုံးကို ချေပစ်ရမည်-ဟူလို။

မေး။ ဗျဥ္ဇနော စ ဝိသညောဂေါ-သုတ်၌ စသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါသည် အဂ္ဂဂါရံ, ဝုတ္တသ-စသောပြယုဂ်တို့၌ ဗျည်း ၃-လုံးတွဲနေရာဝယ် သဘောတူ သံယောဂဗျည်း ၂-လုံးကို ဝိသညောဂ ပြုခြင်း (ဗျည်း၂-လုံးတို့၏ အစ တစ်လုံးကို ချေခြင်း)ကို ဆည်းခြင်း သမုစ္စည်းအနက်ရှိပါသည်။

စတုတ္ထကဏ္ဍပြီး၏။

http://www.dhammadownload.com

ပဋ္ဌမကဏ္ဍ

၄၂၊ ၃၂။ ဂေါ သရေ ပုထဿာဂမော ကွစိ။ (၁၈)

မေး။ အာဂမော–ပုဒ်ကို ဝစနတ္ထ ပြု၍၊ အဓိပ္ပါယ်လည်း ရေးပြပါ။

ဖြေ။ အာဂစ္ဆတီတိ အာဂမော။

ထင်ရှားမရှိသေးသော အကွရာ၏ ထင်ရှားဖြစ်ပေါ်လာခြင်းသည် ''အာဂမ'' မည်ပါသည်။

မှတ်ချက်။ ။ အာဂစ္ဆတီတိ အာဂမော–သည် ဝစနတ္ထဖြစ်၍၊ အသန္တုပ္ပတ္တိ အာဂမော–သည် အဓိပ္ပာယ်ဖွင့် ဖြစ်သည်ဟု မှတ်သားပါ။

ဝိနာသော ဝိဇ္ဇမာနဿ၊ လောပေါ ဣတိ ပဝုစ္စတိ။
အဝိဇ္ဇမာနဿုပ္ပတ္တိ၊ အာဂမောတိ ပဝုစ္စတိ။

မေး။ သုတ်၌လည်း တိုက်ရိုက်မပါ၊ ရှေ့သုတ်များမှလည်း လိုက်မလာပဲ ဝုတ္တိ၌ အဘယ့်ကြောင့် ''အန္တေ''ဟု ထည့်ဖွင့်နိုင်ပါသနည်း။

ဖြေ။ သရေ–ဟူသော သတ္တမီနိမိတ်နှင့် နီးကပ်သည်၏အစွမ်းဖြင့် ''ပုထ နိပါတ်၏အဆုံး'' ဟူသောအနက်ကို ရအပ်သောကြောင့် သုတ်၌လည်း တိုက်ရိုက်မပါ။ ရှေ့သုတ်များမှလည်း လိုက်မလာပဲ ''အန္တေ''ဟု ထည့်ဖွင့်နိုင်ခြင်း ဖြစ်ပါသည်။

ရှင်းချက်။ ။ ''သရေ၊ နောက်သရကြောင့်။ ပုထဿ၊ ပုထနိပါတ်ပုဒ်၏'' ဟူသော စကား၌ သရေ–ဟူသော သတ္တမီနိမိတ်၏အစွမ်းကြောင့် ကာလခြားရာ, ဝတ္ထုခြားရာတို့၌ သန္ဓိအစီအရင် မဖြစ်နိုင်ရကား ပုထနိပါတ်ပုဒ်၏ အစ, အလယ်တို့၌ ဂ–အကွရာ မလာနိုင်၊ နောက်သရနိမိတ်နှင့် ဆက်စပ်နီးကပ်လျက်နေသော ပုထနိပါတ်ပုဒ်၏ အဆုံး၌သာ လာရမည်ဖြစ်ကြောင်း ထင်ရှားသောကြောင့် ''အန္တေ''ဟူသောပုဒ်ကို ထည့်ဖွင့်နိုင်သည်ဟု ဆိုလိုပါသည်။

၄၃၊ ၃၃။ ပါဿ စန္တော ရဿော။ (၁၈)

မေး။ ပါဿ စန္တော ရဿော–သုတ်၌ စသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ ပါ နိပါတ်ပုဒ်အဆုံး၌ ဂ–အကွရာလာခြင်းဟူသော ပထမအနက်ပေါ်၌ ရဿပြုခြင်း ဟူသော ဒုတိယအနက်ကိုပေါင်းသော ဒုတိယတ္ထသမ္ပိဏ္ဍန အနက်ရှိပါသည်။

မေး။ သုတ်၌ ''အန္တော ရဿော = အဆုံးသရကို ရဿပြု''ဟု အနိယမအားဖြင့် ဆိုအပ်ပါလျက် ဝုတ္တိ၌ အဘယ့်ကြောင့် ''ပါဿ အန္တော စ သရော ရဿော''ဟု နိယမအားဖြင့် ဖွင့်ဆိုနိုင်ပါသနည်း။

ဖြေ။ သုတ်၌ အနိယမအားဖြင့် ဆိုအပ်ပါသော်လည်း ယင်းသုတ်၌ပင်လျှင် ''ပါဿ''ဟု ဆိုထားသောကြောင့် ''ထိုပါနိပါတ်၏ အဆုံး''ဟူသောအနက်ကို ရအပ်ပါသည်။ထို့ကြောင့် ''ပါဿ အန္တော စ သရော ရဿော''ဟု ဖွင့်ဆိုနိုင်ခြင်း ဖြစ်ပါသည်။

သာဓက – ''အန္တော စာ''တိ အနိယမေန ဝုတ္တေပိ ''ပါဿာ''တိ သုတ္တေ ဝုတ္တတ္တာ (သုတတ္တာ) ''တသ္သေဝ အန္တော''တိ လဒ္ဓတိ။ (ရူ–ဋီ၊ ၂၀။)

http://www.dhammadownload.com

သတိ။ ။ ''အန္တေ စာ''တိ'' ''တသ္သေဝ အန္တေ''ဟူသော ဋီကာပါဠိပျက်ကို ထောက်ထား၍ အဓိပ္ပါယ်အယူအဆ လွဲမှား, အရေးအသား မှားကြသည်။

၄၄၊၂၄။ အဗ္ဘော အဘိ။ (၁၅)

မေး။ အဘိ-သည် အဘယ်ဝိဘတ္တန္တ ဖြစ်ပါသနည်း၊ ရူဆရာအလိုကျ ဖော်ပြပါ။

ဖြေ။ ပဌမာဝိဘတ္တန္တ ဖြစ်ပါသည်။

သီမှတ်ဖွယ်။ ။ ''ဝုတ္တိဒ္ဓ အဘိက္ကစ္စေတဿ''ဟု ဆဋ္ဌန္တဖြင့်ဖွင့်ပုံကို ထောက်၍ သုတ်ဒ္ဓလည်း အဘိဿ-ဟုဆိုလိုလျက် သဗ္ဗာသမာဝုသော စသော သုတ်ဖြင့် သဝိဘတ်ကိုချေထားသည်''-ဟု ဏာသဒ္ဒ ဖွင့်ဆိုပါသည်။ ရူဆရာအလိုကား - အဘိနောင် သဝိဘတ်သက်ပြီး ထိုသဝိဘတ်ကို သေသတော လောပံ ဂသိပိ-သုတ်ဖြင့် ချေထားပါသည်။

မေး။ သုတ်ဒ္ဓ အဘိ-ဟူသောပဌမန္တပုဒ်ကို ဝုတ္တိဒ္ဓ အဘယ့်ကြောင့် ''အဘိက္ကစ္စေတဿ''ဟု ဆဋ္ဌန္တဖြင့် ဖွင့်ဆိုရပါသနည်း၊ ဥပမာဆောင် ထင်ရှားအောင် ဖြေဆိုပါ။

ဖြေ။ အဗ္ဘာဒေသော-ဒ္ဓ အာဒေသကို ငဲ့သောကြောင့် သုတ်ဒ္ဓ, အဘိ-ဟူသော ပဌမန္တကို ဝုတ္တိဒ္ဓ ''အဘိက္ကစ္စေတဿ''ဟု ဆဋ္ဌန္တဖြင့် ဖွင့်ဆိုရခြင်း ဖြစ်ပါသည်။ **ဥပမာ**-အံမော နိဂ္ဂဟိတံ စျလပေဟိ-သုတ်ဒ္ဓ ''အံမော''ဟူသော ပဌမန္တကို ဝုတ္တိဒ္ဓ အံဝစနဿ မကာရဿ စ-ဟု ဆဋ္ဌန္တဖြင့် ဖွင့်ဆိုသကဲ့သို့ ဖြစ်ပါသည်။

အဘိတိ ပဌမန္တဿ၊ ဝုတ္တိယံ ဆဋ္ဌိယောဇနံ။
အာဒေသာပေက္ခတော ဝုတ္တံ၊ အံမောတိ အာဒိကေ ဝိယ။ (ရူ)

မှတ်ချက်။ ။ ဤဂါထာသည် ဏာသအဆိုကို မနှစ်သက်သောကြောင့် ၄င်းကို စောင်းသောဂါထာ ဖြစ်သည်-ဟု မှတ်ပါ။

မေး။ အဗ္ဘော အဘိ-သုတ်ကို ရူပသိဒ္ဓိ အလိုကျ အနက်ပေးပြခဲ့ပါ။

ဖြေ။ ပရေ၊ နှောင်းသော။ သရေ၊ သရကြောင့်။ အဘိ၊ အဘိဥပသာရပုဒ်သည်။ အဗ္ဘော၊ အဗ္ဘသည်။ ဟောတိ၊ ဖြစ်၏။

ထင်မြင်ချက်။ ။ ဆရာမြတ်တို့က ''အဗ္ဘော-အဗ္ဘအပြုသည်''ဟု အနက်ပေးတော်မူကြသည်။ ''အပြု''ဟူသော စကားလုံးထည့်ပေးလျှင် ''အဘိ-ဥပသာရပုဒ်၏''ဟု ဆဋ္ဌန္တပင် ဖြစ်သင့်မည်ထင်ပါသည်။ ဘာ့ကြောင့်နည်း - ''အပြု''ဟူသည် အာဒေသပင် ဖြစ်သောကြောင့်တည်း။

မေး။ အဘိ-သည် ဥပသာရ အတုလော? အစစ်လော? စိစစ်ဆုံးဖြတ်ပါ။

ဖြေ။ ''အဘိ''သည် ဥပသာရအစစ်မဟုတ်၊ ဥပသာရအစစ်ကို အတုပြုထားသော ပုဒ်သာ ဖြစ်ပါသည်။ (ရူဋီ၊ ၁၈။)

မေး။ ဤသုတ်ဖြင့် အဘိ-ကို အဗ္ဘ-ပြုရာဒ္ဓ သရ ပါ / မပါ ရူဆရာအလိုကျ ဆုံးဖြတ်ပါ။

ဖြေ။ ပုဗ္ဗဿရလောပေါ-ဟု ရူပသိဒ္ဓိဒ္ဓ ဖွင့်ပြထားသောကြောင့် ရူဆရာအလို အဘိ-ကို အဗ္ဘ-ပြုရာဒ္ဓ သရ ပါ ပါသည်။

http://www.dhammadownload.com

၄၅၊ ၂၅။ အဇ္ဈော အဓိ။ (၁၆)

ဤသုတ်၌ ရူပသိဒ္ဓိ အထူးဖွင့်ဆိုချက် မရှိပါ။

ရှပ် ၂-နည်း။ ။ အဇ္ဈာဂမာ, အဇ္ဈပဂတော-စသောရုပ်များကို ဤသုတ်ဖြင့် မစီရင်ဘဲ ယဝတံ-စသောသုတ်ပါ ကာရဏဒွါပိုဖြင့် စီရင်လျှင်လည်း ဖြစ်နိုင်၏-ဟု သိပါ။

၄၇၊ ၂၃။ အတိဿ စန္တဿ။ (၁၅)

မေး။ ''အတိဿ''၌ အဘယ့်ကြောင့် သ-ဝိဘတ်မကျေပါသနည်း။

ဖြေ။ ''အတိဿ''သည် အတိဥပသာရပုဒ်ကို အတုပြုထားသော ''ဥပသဂ္ဂါနုကရဏ'' သဒ္ဒါ ဖြစ်သောကြောင့် ''အတိဿ''၌ သ-ဝိဘတ် မကျေခြင်း ဖြစ်ပါသည်။

မေး။ ''အတိဿ စန္တဿ'' သုတ်ပါ အတိ-သဒ္ဒါသည် ဥပသာရ အစစ်လော? အတုလော? စိစစ်ဖြေဆိုပါ။

ဖြေ။ အတိဿ-၌ သ-ဝိဘတ်မကျေသည်ကို ထောက်၍ ဤသုတ်လာ အတိ-သည် ဥပသာရ အစစ်မဟုတ်, အတုသာ ဖြစ်ပါသည်။

မေး။ အတိဿ စန္တဿ-သုတ်ပါ အန္တ-အရကို ဖော်ပြပါ။

ဖြေ။ သဒ္ဒါအစီအရင်ကို တားမြစ်သော အရာဌာနဖြစ်သောကြောင့် အန္တ-အရ အတိ-သဒ္ဒါ၏အဆုံးဖြစ်သော တိ-တစ်ခုလုံးကို ယူရပါမည်။ ကွဝဏ်သက်သက်ကိုသာ မယူရပါ။

မေး။ ''အန္တသဒ္ဒါသည် တိ-ကို မဟောဘဲ၊ ကွဝဏ်ကိုဟော၏''ဟု ယူလျှင် ဖြစ်လာမည့်အပြစ်ကို ဖော်ပြပါ။

ဖြေ။ ထိုသို့ယူလျှင် အတိဿ စန္တဿ-သုတ်တစ်သုတ်လုံး အကျိုးမရှိခြင်း-ဟူသော အပြစ် ဖြစ်နိုင်ပါသည်။

မေး။ ဤသုတ်ပါ စသဒ္ဒါ၏အနက်နှင့် အကျိုးကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါသည် သုတ်၌တိုက်ရိုက်မဆိုအပ်သော ကွတိ, ပတိ သဒ္ဒါတို့ကို ဆည်းခြင်း အဝုတ္တသမုစ္စည်း အနက်ရှိပါသည်။

ထို့ကြောင့် ကွတိ, ပတိ သဒ္ဒါတို့၏ အဆုံးဖြစ်သော တိကိုလည်း စ-ပြုရပါသည်။

မေး။ အစ္ဆိသိဂဏော, ကွစ္ဆိတိ, ပစ္ဆိတော-ဟု ရုပ်ရှိနိုင်/ မရှိနိုင် ဆုံးဖြတ်ပါ။

ဖြေ။ အတိဿ စန္တဿ-သုတ်က ကွဝဏ်နှောင်းရာ၌ အတိ, ကွတိ, ပတိ သဒ္ဒါတို့၏ အဆုံး ဖြစ်သောတိ-ကို စ မပြုရ-ဟု တားမြစ်သောကြောင့် ထိုကဲ့သို့ ရုပ်မရှိနိုင်ပါ။ အတိသိဂဏော, ကွတိတိ, ပတိတော-ဟုသာ ရုပ်ရှိရပါသည်။

၄၈၊ ၄၃။ ကွစိ ပဠိ ပတိဿ။ (၃၂)

မေး။ ဝုတ္တိ၌ အဘယ့်ကြောင့် ''သရေ ဝါ ဗျဉ္ဇနေ ဝါ''ဟု ဖွင့်ဆိုနိုင်ပါသနည်း။

ဖြေ။ သုတ်၌ အဘယနိမိတ်ကြောင့်-ဟု အထူးမဆိုပဲ သာမညဆိုထားသောကြောင့် ဝုတ္တိ၌

http://www.dhammadownload.com

"သရေ ဝါ ဗျဥ္ဇနေ ဝါ"ဟု ဖွင့်ဆိုနိုင်ခြင်း ဖြစ်ပါသည်။ (ရူဋ္ဌီ၊ ၂၆။)

မေး။ (က) ပတိရူပဒေသဝါသော စ (ခ) ပဋိရူပဒေသဝါသော စ-ဟု ပါဠိနှစ်မျိုးရှိရာ အဘယ်ပါဠိသာ သင့်မြတ်ပါသနည်း အကြောင်းပြ ဆုံးဖြတ်ပါ။

ဖြေ။ ကစ္စည်း၌ "ကွစီတိ ကသ္မာ? ပစ္စန္တိမေသု ဇနပဒေသု၊ ပတိလီယတိ၊ ပတိရူပဒေသ-ဝါသော စ"ဟု ပတိ-ဥပသာရပုဒ်ကို ပဋိ-မပြုရသော ကိုရုဝ်အဖြစ် ထုတ်ပြထားသော ကြောင့် (က)အမှတ်ပြပါဠိသာ သင့်ပါသည်။

၄၉၊ ၄၄။ ပုထဿု ဗျဥ္ဇနေ။ (၃၃)

မေး။ "ပုထဿ အ ပုထ" ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ကြွလျှင် "ပုထနိပါတ်ပုဒ်၏ အ" ဟု လိုအပ်သောအနက် ပြီးနိုင်ပါလျက် လိုက်လာသော အန္တ-သဒ္ဒါကို၏ အကျိုးကို ရေးပါ။

ဖြေ။ "ပုထဿ အ ပုထ"ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ကြွလျှင် လိုအပ်သော အနက်ပြီးနိုင်ပါ လျက် လိုက်လာသော အန္တသဒ္ဒါပိုဖြင့် နောက်သရကြောင့် ပုထ-မှတပါး မနော-စသော သဒ္ဒါ၏အဆုံး သရကို ဥ-ပြုရခြင်းအကျိုးရှိပါသည်။

- မနုညံ (မနော+အညံ) - ဤသုတ် အန္တသဒ္ဒါပိုဖြင့် ဩ ကို ဥ ပြု၊ နောက် အ-သရကို ချေ။
- ဇဝုမံ (ဇဝံ+ကုမံ) - ကွစီ လောပ်-ဖြင့် နိဂ္ဂဟိတ်ကို ချေ၊ ကု ကို ဥ ပြု။ နောက် ကုသရကို ချေ။
- ကုတ္တေဝံ (ကုတိ+ဇဝံ) - တိ-၏ ကု ကို ဥ ပြု၊ ဝမောဒုဒန္တာနံ သုတ်ဖြင့် ၄င်းကို ဝ-ပြု။

၅၁၊ ၅၉။ အနုပဒိဋ္ဌာနံ ဝုတ္တယောဂတော။ (၄၀)

မေး။ ဥပဒိဋ္ဌ, အနုပဒိဋ္ဌ အရများကို ဖော်ပြပါ။

ဖြေ။ "ဥပဒိဋ္ဌ"အရ သန္ဓိကျမ်း၌ ဝိသေသအားဖြင့် ပြအပ်ခဲ့ပြီးသော အဘိ, အဓိ-စသော ဥပသာရပုဒ်၊ ပုထ, ပါ-စသောနိပါတ်ပုဒ်များနှင့် နာမ်ပုဒ်, အာချာတ်ပုဒ်တို့ကို ယူရပါမည်။

"အနုပဒိဋ္ဌ" အရ သန္ဓိကျမ်း၌ ဝိသေသအားဖြင့် မပြအပ်ကုန်သော ဥပသာရပုဒ်, နိပါတ်ပုဒ်, နာမ်ပုဒ်, အာချာတ်ပုဒ်တို့.ကိုယူရပါမည်။

မေး။ ဝုတ္တယောဂ-အဓိပ္ပါယ်ကို ရှုပသိဒ္ဓိအလိုကျ ရေးပြပါ။

ဖြေ။ သရသန္ဓိ စသည်တို့၌ ဆိုအပ်ခဲ့ပြီးသောနည်းကို "ဝုတ္တယောဂ"ဟု ဆိုပါသည်။

မေး။ အနုပဒိဋ္ဌာနံ ဝုတ္တယောဂတော-သုတ်ဖြင့်ပြအပ်သော ကာရိယ ၄-မျိုးကို ဖော်ပြပါ။

ဖြေ။ လောပ, အာဂမ, ဝိကာရ, ဝိပရိယယ-တို့ဖြစ်ပါသည်။

မေး။ အနုပဒိဋ္ဌာနံ ဝုတ္တယောဂတော-သုတ်ဖြင့် လောပ, အာဂမ, ဝိကာရ, ဝိပရိယယ-ဟူသော ကာရိယ ၄-မျိုးကို ပြသည်ဟုဆိုရာ ၄င်း ၄-မျိုးအနက် "ဝိပရိယယ"၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

http://www.dhammadownload.com

ဖြေ။ ''ဝိပရိယယ''ဟူသည် ပရိယုဒါဟာသိ–စသောပုဒ်တို့၏ ရ, ဟ, န–စသော အက္ခရာတို့ကို ယ, ဝ–စသည်တို့နှင့် ရှေ့ နောက် အထက် အောက် ပြန်ခြင်း ဖြစ်ပါသည်။

မေး။ ပယိရုဒါဟာသိ၊ အယိရသ၊ ဗဂျိဗာဓော၊ အနဘိနေယျ–တို့ကို ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ ပယိရုဒါဟာသိ–ကို ပရိယုဒါဟာသိ–ဟု တည်၊ အနုပဒိဋ္ဌာနံ ဝုတ္တယောဂတော–သုတ်ဖြင့် ဥွန်ပြသောကြောင့် ဒေါ် ဓသ စ–သုတ်၌ စသဒ္ဒါဖြင့် ရ် နှင့် ယ် ကို ရှေ့ နောက်ပြန်၊ ပြီး၏။

အယိရသ–ကို အရိယသ–ဟု တည်၊ နည်းတူ တွက်ပါ။

ဗဂျိဗာဓော–ကို ဗဟု+အာဗာဓော–ဟု တည်၊ ဝမောဒှ ဒန္တာနံ–သုတ်ဖြင့် ဥ ကို ဝ–ပြု၊ ဝ် အာ–သို့ကပ်, ဟ် ဝါ သို့ကပ် (ဗဟွာဗာဓော)၊ ဒေါ် ဓသ စ–သုတ်၌ စသဒ္ဒါဖြင့် ဟ် နှင့် ဝ် ကို ရှေ့ နောက် အထက် အောက် ပြန်၊ ပြီး၏။

အနဘိနေယျ–ကို န+အဘိနေယျ–တည်၊ အ သရနှင့် န ဗျည်းကို ရှေ့နောက်ပြန်၊ ပြီး၏။

အနဘိနေယျ–ကို သမာသ်ရုပ်လည်း တွက်နိုင်။ ။ အနဘိဇ္ဈာ–ပုဒ်ကဲ့သို့ ကမ္မဓာရည်းသမာသ်အမည်မှည့်၍ သရေ အန်–သုတ်ဖြင့် အန်–ပြုလျှင် 'အနဘိနေယျ'ဟု ပြီးနိုင်သည်။ သို့သော် ဝိပရိတ်နည်းဖြင့်လည်း ပြီးနိုင်သေး၏–ဟု ပြခြင်းအကျိုးငှါ ဤ၌ ဆိုထားသည်ဟု မှတ်ပါ။

မေး။ ရူပသိဒ္ဓိကျမ်း သန္ဓိကဏ္ဍ၌ ပြဆိုအပ်သော အရာများကို ဖော်ပြပါ။

ဖြေ။ ၁။ သညာဝိဓာနအခန်း

၂။ သရသန္ဓိ

၃။ နိသေဓနသန္ဓိ (ပကတိသန္ဓိ)

၄။ ဗျဉ္ဇနသန္ဓိ

၅။ နိဂ္ဂဟိတသန္ဓိ–တို့ဖြစ်ပါသည်။

ပဥ္စမကဏ္ဍပြီး၏။

http://www.dhammadownload.com

သန္ဓိ ပုဒ်စပ် + ပုဒ်ဖြတ်များ

သရာ သရေ လောပ်။

လောကဂ္ဂပုဂ္ဂလော	လောက	+	အဂ္ဂပုဂ္ဂလော
ပညိန္ဒြိယံ	ပညာ	+	ဣန္ဒြိယံ
တီဏိမာနိ	တီဏိ	+	ဣမာနိ
နောဟေတံ	နော ဟိ	+	ဧတံ
ဘိက္ခုနောဝါဒေါ	ဘိက္ခုနီ	+	ဩဝါဒေါ
မာတုပဋ္ဌာနံ	မာတု	+	ဥပဋ္ဌာနံ
သမေတာယသ္မာ	သမေတု	+	အာယသ္မာ
အဘိဘာယတနံ	အဘိဘူ	+	အာယတနံ
ဓနာမတ္ထိ	ဓနာ မေ	+	အတ္ထိ
သဗ္ဗေဝ	သဗ္ဗေ	+	ဧဝ
တယဿု ဓမ္မာ	တယော	+	အဿု ဓမ္မာ
အသန္တေတ္ထ နဒိဿန္တိ	အသန္တော	+	ဧတ္ထ န ဒိဿန္တိ

ဝါပရော အသရူပါ။

စက္ခုန္ဒြိယံ	စက္ခု	+	ဣန္ဒြိယံ
ယဿဒါနိ	ယဿ	+	ဣဒါနိ
သညာတိ	သညာ	+	ဣတိ
ဆာယာဝ	ဆာယာ	+	ဣဝ
ကထာဝ ကာ	ကထာ	+	ဧဝ ကာ
ဣတိပိ	ဣတိ	+	အပိ
အဿမဏိသိ	အဿမဏီ	+	အသိ
စက္ခုန္ဒြိယံ	စက္ခု	+	ဣန္ဒြိယံ
အကတညူသိ	အကတညူ	+	အသိ
အာကာသေဝ	အာကာသေ	+	ဣဝ
တေပိ	တေ	+	အပိ
ဝန္ဒေဟံ	ဝန္ဒေ	+	အဟံ
သောဟံ	သော	+	အဟံ
စတ္တာရောမေ	စတ္တာရော	+	ဣမေ
ဝသလောတိ	ဝသလော	+	ဣတိ
မောဂ္ဂလ္လနောသိ ဗိဇ္ဇကော	မောဂ္ဂလ္လောနော	+	အာသိ ဗိဇ္ဇကော
ပါတောဝ	ပါတော	+	ဧဝ

http://www.dhammadownload.com

၀၊ သဒ္ဒါ ကိုရုပ်များ

ပဉ္စိန္ဒြိယာနိ	ပဉ္စ	+	ဣန္ဒြိယာနိ
သဒ္ဓိန္ဒြိယံ	သဒ္ဓါ	+	ဣန္ဒြိယံ
သတ္တုတ္တမော	သတ္တ	+	ဥတ္တမော
ကျေနဝီသတိ	ကေ	+	ဦနဝီသတိ
ယသေတေ	ယသ	+	ဧတေ
သုဂတောဝါဒေါ	သုဂတ	+	ဩဝါဒေါ
ဒိဋ္ဌာသဝေါ	ဒိဋ္ဌိ	+	အာသဝေါ
ဒိဋ္ဌောဃော	ဒိဋ္ဌိ	+	ဩဃော
စက္ခာယတနံ	စက္ခု	+	အာယတနံ
တံ ကုတေတ္ထ လဗ္ဘာ	တံ ကုတော	+	တ္ထေ လဗ္ဘာ

ကွစာသဝဏ္ဏံ လုတ္တေ။

ဗန္ဓုသေဝ	ဗန္ဓုသ	+	ဣဝ
ဥပေက္ခတိ	ဥပ	+	ဣက္ခတိ
ဥပေတော	ဥပ	+	ဣတော
အဝေစ္စ	အဝ	+	ဣစ္စ
ဇိနေရိတံ	ဇိန	+	ဤရိတံ
နောပေတိ	န	+	ဥပေတိ
စန္ဒောဒယော	စန္ဒ	+	ဥဒယော
ယထောဒကေ	ယထာ	+	ဥဒကေ

ကွစိ ကိုရုပ်များ

တတြိမေ	တတြ	+	ဣမေ
ယသိန္ဒြိယာနိ	ယသ	+	ဣန္ဒြိယာနိ
မဟိဒ္ဓိကော	မဟာ	+	ဣဒ္ဓိကော
သဗ္ဗိတိယော	သဗ္ဗာ	+	ဤတိယော
တေနုပသက်မိ	တေန	+	ဥပသက်မိ
လောကုတ္တရော	လောက	+	ဥတ္တရော

လုတ္တေ ကိုရုပ်များ

ဆ ဣမေ ဓမ္မာ	ဆ	+	ဣမေ ဓမ္မာ
ယထာဣဒံ	ယထာ	+	ဣဒံ
ကုသလသ ဥပသမ္ပဒါ	ကုသလသ	+	ဥပသမ္ပဒါ

အသရုပေ–ကိုရုပ်များ

စတ္တာရိမာနိ	စတ္တာရိ	+	ဣမာနိ
မာတုပဋ္ဌာနံ	မာတု	+	ဥပဋ္ဌာနံ

http://www.dhammadownload.com

ကွစ် အကျိုးပြု ရုပ်များ

ဒိဋ္ဌပါဒါနံ	ဒိဋ္ဌ	+	ဥပါဒါနံ
ပဋိဟုပါလိ	ပဋိဟာ	+	ဥပါလိ
မုဒါန္ဒြိယံ	မုဒု	+	ကျန္ဒြိယံ
ယောမိဿရော	ယော မေ	+	ကျဿရော

ဒီဃ။

တတြာယံ	တတြ	+	အယံ
ဗုဒ္ဓါနုဿတိ	ဗုဒ္ဓ	+	အနုဿတိ
သာတ္ထိကာ	သ	+	အတ္ထိကာ
ပညတ်ိဿ	ပညတ်ိ	+	အဿ
တဒါဟံ	တဒါ	+	အဟံ
ယာနီဓ ဘူတာနိ	ယာနိ	+	ကျဓ ဘူတာနိ
ဂစ္ဆာမိတိ	ဂစ္ဆာမိ	+	ကျတိ
အတီတော	အတိ	+	ကျတော
ကိကိဝံ	ကိကိ	+	ကျဝ
ဗဟူပကာရံ	ဗဟု	+	ဥပကာရံ
မဓူဒကံ	မဓု	+	ဥဒကံ
သူပဓာရိတံ	သု	+	ဥပဓာရိတံ
ယောပါယံ	ယောပိ	+	အယံ
ကျဒါနာဟံ	ကျဒါနိ	+	အဟံ
သစာယံ	သစေ	+	အယံ
အပ္ပဿုတာယံ	အပ္ပဿုတော	+	အယံ
ကျတရိတရေန	ကျတရ	+	ကျတရေန
သဒ္ဓိဓ ဝိတ္တံ	သဒ္ဓါ	+	ကျဓ ဝိတ္တံ
ကမ္မူပနိဿယော	ကမ္မ	+	ဥပနိဿယော
တထူပမံ	တထာ	+	ဥပမံ
ရတ္တူပရတော	ရတ္တိ	+	ဥပရတော
ဝူပသမော	ဝိ	+	ဥပသမော

ကွစ် ကီ ရုပ်များ

အစိရံ ဝတ'ယံ ကာယော	အစိရံ ဝတ	+	အယံ ကာယော
ကိမ္မိမာယ	ကိမ္မိ	+	ကျမာယ
တီဏိမာနိ	တီဏိ	+	ကျမာနိ
ပဋ္ဌသုပါဒါနက္ခန္ဓေသု	ပဋ္ဌသု	+	ဥပါဒါနက္ခန္ဓေသု
တဿတ္ထော	တဿ	+	အတ္ထော
ပဋ္ဌဂိကော	ပဋ္ဌ	+	အဂိကော
မုနိန္ဒော	မုနိ	+	ကျန္ဒော

http://www.dhammadownload.com

သတိန္ဒြိယံ	သတိ	+	ကျန္ဒြိယံ
လဟုဌာနံ	လဟု	+	ဥဌာနံ
ဂစ္ဆာမဟံ	ဂစ္ဆာမိ	+	အဟံ
တတြိဒံ	တတြ	+	ကျဒံ
ပဋုဟုပါလိ	ပဋုဟိ	+	ဥပါလိ
နတ္ထည်ံ	နတ္ထိ	+	အည်ံ

ယုတ္တေ ကိ'ရုပ်များ

ယထာ အယံ	ယထာ	+	အယံ
နိမိ ကျဝ ရာဇာ	နိမိ	+	ကျဝ ရာဇာ
ကိကီ ကျဝ	ကိကီ	+	ကျဝ
သု ဥပဓာရိတံ	သု	+	ဥပဓာရိတံ

ပုဗ္ဗော စ။

၃လောကဿာတိ	လောကဿ	+	ကျတိ
ဒေဝါတိ	ဒေဝ	+	ကျတိ
ဝိတိပတန္တိ	ဝိ	+	အတိပတန္တိ
ဝိတိနာမေန္တိ	ဝိ	+	အတိနာမေန္တိ
သံဃာဋိပိ	သံဃာဋိ	+	အပိ
ဇိဝိတဟေတူပိ	ဇိဝိတဟေတု	+	အပိ
ဝိဇ္ဈဝ	ဝိဇ္ဈ	+	ကျဝ
ကိသူဓ ဝိတ္တံ	ကိသု	+	ကျဓ ဝိတ္တံ
သာဓူတိ	သာဓု		ကျတိ

ကွစိ ကိ'ရုပ်

ယဿဒါနိ	ယဿ	+	ကျဒါနိ
ကျတိဿ	ကျတိ	+	အဿ
ကျဒါနိပိ	ကျဒါနိ	+	အပိ
တေသုပိ	တေသု	+	အပိ
စက္ခုန္ဒြိယံ	စက္ခု	+	ကျန္ဒြိယံ
ကိန္နုမာဝ	ကိန္နု	+	ကျမာဝ

ယမေဒန္တိဿာဒေသော။

အဓိဂတော ခေါ မျာယံ ဓမ္မော အဓိဂတော ခေါ မေ + အယံ ဓမ္မော

ပုတ္တော တျာဟံ	ပုတ္တော တေ	+	အဟံ
တျာဿ ပဟီနာ	တေ	+	အဿ ပဟီနာ
ပဗ္ဗတျာဟံ	ပဗ္ဗတေ	+	အဟံ
ယျာဿ	ယေ	+	အဿ

http://www.dhammadownload.com

ကွစီ ကိုရုပ်များ

တေ နာဂတော	တေ နု	+	အာဂတာ
ပုတ္တာ မတ္ထိ	ပုတ္တာ မေ	+	အတ္ထိ

အန္တသဒ္ဒါ ကိုရုပ်များ

ဓမ္မစက္ကံ ပဝတ္တေန္တော	ဓမ္မစက္ကံ ပဝတ္တေ	+	နော
ဒမေန္တော စိတ္တံ	ဒမေ	+	နော စိတ္တံ

ဝမောဒုဒန္တာနံ။

ယာဝတကွသ ကာယော	ယာဝတကော	+	အသ ကာယော
ယာဝတကွသ ဗျာမော	ယာဝတကော	+	အသ ဗျာမော
ကွတ္ထော	ကော	+	အတ္ထော
အထခွသ	အထ ခေါ	+	အသ
အဟံ ခွဇ္ဇ	အဟံ ခေါ	+	အဇ္ဇ
ယွာယံ	ယော	+	အယံ
သွသ	သော	+	အသ
သွေဝ	သော	+	ဧဝ
ယတွာဓိကရဏံ	ယတော	+	အဓိကရဏံ
အန္ဓွမာသံ	အနု	+	အဒ္ဓမာသံ
အန္ဒွေတိ	အနု	+	ဧတိ
သွာဂတံ	သု	+	အာဂတံ
သွာကာရော	သု	+	အာကာရော
ဒွိကာရော	ဒု	+	အာကာရော
စက္ခွာပါထံ	စက္ခု	+	အာပါထံ
ဗဟွာဗာဓော	ဗဟု	+	အာဗာဓော
ပါတွာကာသိ	ပါတု	+	အကာသိ
နတွေဝ	နု တု	+	ဧဝ

ကွစီ ကိုရုပ်များ

ကော အတ္ထော	ကော	+	အတ္ထော
အထ ခေါ အညတရာ	အထ ခေါ	+	အညတရာ
ယောဟံ	ယော	+	အဟံ
သောဟံ	သော	+	အဟံ
စတ္တာရောမေ	စတ္တာရော	+	ကွေ
သာဂတံ	သု	+	အာဂတံ
သာဓုသော	သာဓု	+	အာဝုသော
ဟောတူတိ	ဟောတု	+	ကွတိ

http://www.dhammadownload.com

အန္တသဒ္ဒါ ကိုရုပ်များ

သဝနိယံ	သု	+	အနိယံ
ဝိရဝန္တိ	ဝိရ	+	အန္တိ

သဗ္ဗော စံ တိ။

အစ္ဆန္တံ	အတိ	+	အန္တံ
အစ္ဆောဒါတာ	အတိ	+	ဩဒါတာ
ပစ္စယော	ပတိ	+	အယော
ပစ္စာဟရတိ	ပတိ	+	အာဟရတိ
ပစ္စေတိ	ပတိ	+	ဧတိ
ကုစ္ဆသ	ကုတိ	+	အသ
ကုစ္ဆေတံ	ကုတိ	+	ဧတံ
ကုစ္ဆာဒိ	ကုတိ	+	အာဒိ

ကွစိ ကိုရုပ်များ

ကုတိသ	ကုတိ	+	အသ
ကုတိ အာကာဒ်မာနေန	ကုတိ	+	အာကာဒ်မာနေန

ဒေါ ဓသ စ။

ကေမိဒါဟံ	ကေမိဓ	+	အဟံ

ကွစိ ကိုရုပ်

ကုဓေဝ	ကုဓ	+	ဧဝ

စ သဒ္ဒါ ပြယုဂ်များ

သာဟု ဒဿနံ	သာဓု-ဒဿနံ
နိက္ခမတိ	နိကမတိ (စာ-၃၁)
နိပ္ပတ္တိ	နိပတ္တိ
နိစ္ဆယော	နိစယော
နိစ္ဆရတိ	နိစရတိ
နိတ္ထရဏံ	နိတရဏံ
ကုဗ္ဘန္တော	ကုဂန္တော
ကုဗ္ဘာနော	ကုဝါနော
ကုဗ္ဘန္တိ	ကုဝန္တိ
ဒိဗ္ဘတိ	ဒိဝတိ
ဒိဗ္ဘန္တော	ဒိဝန္တော
သိဗ္ဘတိ	သိဝတိ
သိဗ္ဘန္တော	သိဝန္တော

http://www.dhammadownload.com

ပဗ္ဗဇတိ	ပဝဇတိ
ပဗ္ဗဇန္တော	ပဝဇန္တော
နိဗ္ဗာနံ	နိဝါနံ
နိဗ္ဗုတော	နိဝုတော
နိဗ္ဗိန္ဒတိ	နိဝိန္ဒတိ
ဥဒယဗ္ဗယံ	ဥဒယဝယံ
ပလိပန္နော	ပရိပန္နော
ပလိဗောဓော	ပရိဗောဓော
ပလ္လင်္ကံ	ပရိ + အင်္ကံ
တလုနော	တရုနော
မဟာသာလော	မဟာသာရော
မာလုတော	မာရုတော
သုခုမာလော	သုခုမာရော
ဒုက္ကဋံ	ဒုက္ကတံ
သုကဋံ	သုကတံ
ပဟဋ္ဌော	ပဟတော
ပတ္ထဋ္ဌော	ပတ္ထတော
ဥဒ္ဓဋ္ဌော	ဥဒ္ဓတော
ဝိသဋ္ဌော	ဝိသတော
နိယကော	နိယတော
နိယံ ပုတ္တံ	နိဇံ ပုတ္တံ
ကုလူပကော	ကုလူပဂေါ
ပဏိပါတော	ပနိပါတော
ပဏာမော	ပနာမော
ပဏီတံ	ပနီတံ
ပရိဏာတော	ပရိနတော
ပရိဏာမော	ပရိနာမော
နိဏ္ဏယော	နိန္နယော
ဥဏ္ဏတော	ဥန္နတော
သြဏာတော	သြနတော

ရုပ်တွက်

နိက္ခမတိ – နိ+ကမတိ၊ ဒေါ ဓဿ စ–သုတ်၌ စသဒ္ဒါဖြင့် က–ကို ခ–ပြု၊ ဝဂ္ဂေ ယောသာယောသာနံ–သုတ်ဖြင့် ခ–ကို အသဒိသဒ္ဒေးဘော် က္ခ–ပြု၊ ပြီး၏။ နိပ္ပတ္တိ–စသည်၌လည်း နည်းတူ တွက်ပါ။

ကုဗ္ဗန္တော၊ ကုဗ္ဗာနော၊ ကုဗ္ဗန္တိ–တို့၌ ဝ–ကို သဒိသဒ္ဒေးဘော်ပြုပြီးမှ ဒေါ ဓဿ စ–သုတ်၌ စသဒ္ဒါဖြင့် ဂ–နှစ်လုံးကို ဗ္ဗ–နှစ်လုံးပြုရ၏။

ဒိဗ္ဗတိ (ပ) သိဗ္ဗန္တော–တို့၌ ဒိဝ် + ယ + တိ၊ သိဝ် + ယ + တိ၊

http://www.dhammadownload.com

ဓာတွန်နှင့်တကွ ယ–ပစ္စည်းကို ဝ–ပြု၊ ၎င်းကို သဒိသဒွေးဘော်ပြုပြီးမှ ဝွ–နှစ်လုံးကို ဗ္ဗ–နှစ်လုံးပြု ရ၏။

ဣဝဏ္ဏော ယံ နဝါ။

ပဋိသန္ဆာရဝုတျသ	ပဋိသန္ဆာရဝုတ္တိ	+	အသ
သဗ္ဗာ ဝိတျာနဘူယျတေ	သဗ္ဗာ ဝိတ္တိ	+	အနဘူယျတေ
ဗျဉ္ဇနံ	ဝိ	+	အဉ္ဇနံ
ဗျာကတော	ဝိ	+	အာကတော
နဒျာသန္ဒော	နဒီ	+	အာသန္ဒော

နဝါသဒ္ဒါ ကိုရပ်များ

ပဉ္စဟင်္ဂေဟိ	ပဉ္စဟိ	+	အင်္ဂေဟိ
တာနိ အတ္တနိ	တာနိ	+	အတ္တနိ
ဂစ္ဆာမဟံ	ဂစ္ဆာမိ	+	အဟံ
မုတ္တစာဂီ အနုဒ္ဓတော	မုတ္တစာဂီ	+	အနုဒ္ဓတော

အသရူပေ ကိုရပ်များ

ဣတိဟိဒံ	ဣတိ	+	ဣဟ + ဣဒံ
အဂ္ဂိဝ	အဂ္ဂိ	+	ဣဝ
အတ္ထိတိ	အတ္ထိ	+	ဣတိ

ဝေါဒိဿ ရိ ပုဗ္ဗော ဧ ရသော။

ယထရိဝ	ယထာ	+	ဝေ
တထရိဝ	တထာ	+	ဝေ

သရာ ပကတိ ဗျဉ္ဇနေ။

အစ္စယော	အစ္စ	+	ယော
ပစ္စယော	ပစ္စ	+	ယော
ဘာသတိ ဝါ ကရောတိ ဝါ	ဘာသတိ	+	ဝါ ကရောတိ + ဝါ
ဝေဒနာကွန္ဓော	ဝေဒနာ	+	ကွန္ဓော
ဘာဂျဝါ	ဘာ	+	ဂျဝါ
ဘဒြော ကသာမိဝ	ဘဒြော ကသာ	+	မိဝ
ဒီယတိ	ဒီ	+	ယတိ
တုဏ္ဏီဘူတော	တုဏ္ဏီ	+	ဘူတော
သော ဓမ္မံ ဒေသေတိ	သော	+	ဓမ္မံ ဒေသေတိ

http://www.dhammadownload.com

သရေ ကွစီ။

အာလုပ်ပုဒ်၏ အဆုံးသရကို ပကတိပြုပုံ ပြယုဂ်များ

ကတမာ စာနန္ဒ အနိစ္စသညာ	ကတမာ စာနန္ဒ + အနိစ္စသညာ
ကတမာ စာနန္ဒ အာဒီနဝသညာ	ကတမာ စာနန္ဒ+ အာဒီနဝသညာ
သာရိပုတ္တ ကြဓေကစ္စော	သာရိပုတ္တ + ကြဓေကစ္စော
ဟေ သိဝိက ဥဒ္ဒေဟိ	ဟေ သိဝိက + ဥဒ္ဒေဟိ
ဥပါသကာ ကြဓေကစ္စော	ဥပါသကာ + ကြဓေကစ္စော
ဘောတိ အယျေ	ဘောတိ + အယျေ
ဘိက္ခု အရောဂံ တဝ သီလံ	ဘိက္ခု + အရောဂံ တဝ သီလံ
သိဠ ဘိက္ခု ကြမံ နာမံ	သိဠ ဘိက္ခု+ ကြမံ နာဝံ
ဘိက္ခဝေ ဝေံ ဝဒါမိ	ဘိက္ခဝေ + ဝေံ ဝဒါမိ
ပဠိမေ ဂဟဂတယော အာနိသံသာ	ပဠမေ ဂဟပတယော + အာနိသံသာ

သမာသ်မဟုတ်သော ဝါကျအရာ၌ ပုဒ်အဆုံးဖြစ်သော ဒီဃသရကို ပကတိပြုပုံ ပြယုဂ်များ

– အာယသ္မာ အာနန္ဒော	အာယသ္မာ + အာနန္ဒော
ဂါတာ အဖ္ဖာသိ	ဂါတာ + အဖ္ဖာသိ
ဒေဝါ အာဘဿရာ ယထာ	ဒေဝါ + အာဘဿရာ ယထာ
တေဝိဇ္ဇာ ကြဒ္ဓိပ္ပတ္တာ စ	တေဝိဇ္ဇာ + ကြဒ္ဓိပ္ပတ္တာ စ
ဘဂဝါ ဥဒ္ဒါယာသနာ	ဘဂဝါ + ဥဒ္ဒါယာသနာ
ဘဂဝါ တေဒဝေါစ	ဘဂဝါ + တေဒဝေါစ
အဘိဝါဒေတွာ ကေမန္တံ အဋ္ဌာသိ	အဘိဝါဒေတွာ + ကေမန္တံ အဋ္ဌာသိ
ဂန္ဓာ သြလောကေန္တော	ဂန္ဓာ + သြလောကေန္တော
ဘူတဝါဒီ အတ္ထဝါဒီ	ဘူတဝါဒီ + အတ္ထဝါဒီ
ယံ ကြတ္ထိ အရဟာ အသာ	ယံ ကြတ္ထိ + အရဟာ + အသာ
သာမာဝတီ အာဟ	သာမာဝတီ + အာဟ
ပါပကာရီ ဥဘယတ္ထ တပွတိ	ပါပကာရီ + ဥဘယတ္ထ တပွတိ
နဒီ သြတ္ထရတိ	နဒီ + သြတ္ထရတိ
ယေ တေ ဘိက္ခူ အပ္ပိစ္ဆာ	ယေ တေ ဘိက္ခူ + အပ္ပိစ္ဆာ
ဘိက္ခူ အာမန္တေသိ	ဘိက္ခူ + အာမန္တေသိ
ဘိက္ခူ ဥဇ္ဈာယိသု	ဘိက္ခူ + ဥဇ္ဈာယိသု
ဘိက္ခူ ဝေမာဟံသု	ဘိက္ခူ + ဝေမာဟံသု
ကြမသြိ ဂါမေ အာရက္ခကာ	ကြမသြိ ဂါမေ + အာရက္ခကာ
သဗ္ဗေ ကြမေ	သဗ္ဗေ + ကြမေ
ကတမေ ကောဒသ	ကတမေ + ကောဒသ
ဂမ္ဘီရေ သြဒကန္တိကေ	ဂမ္ဘီရေ + သြဒကန္တိကေ
အပွမာဒေါ အမတပဒံ	အပွမာဒေါ + အမတပဒံ

http://www.dhammadownload.com

သံယော အာဂစ္ဆတု	သံယော	+	အာဂစ္ဆတု
ကော ဣမံ ပထဝိ ဝိစ္စေဿတိ	ကော	+	ဣမံ ပထဝိ ဝိစ္စေဿတိ
အာလောကော ဥဒပါဒိ	အာလောကော	+	ဥဒပါဒိ
ကော ကောဃ	ကော	+	ကောဃ
စတ္တာရော ဩဃာ	စတ္တာရော	+	ဩဃာ

နိပါတ်ပုဒ်တို့၌ ပကတိပြုပုံ ပြယုဂ်များ

အရေ အဟမ္ပိ	အရေ	+	အဟမ္ပိ
သစေ ဣမဿ ကာယဿ	သစေ	+	ဣမဿ ကာယဿ
နော အဘိက္ကမော	နော	+	အဘိက္ကမော
အဟော အစ္ဆရိယော	အဟော	+	အစ္ဆရိယော
အထော အန္တော စ	အထော	+	အန္တော စ
အထခေါ အာယသ္မာ	အထခေါ	+	အာယသ္မာ
အထော ဩဒဉ္စိတ္တကာ	အထော	+	ဩဒဉ္စိတ္တကာ
တတော အာမန္တယိ သတ္ထာ	တတော	+	အာမန္တယိ သတ္ထာ

အတိတ်ကြိယာစသည် နှောင်းရာ၌ နာမ်ပုဒ်၏အဆုံးဖြစ်သော ဣ, ဥ တို့ကို ပကတိပြုပုံ ပြယုဂ်များ

ဂါထာဟိ အဇ္ဈဘာသိ	ဂါထာဟိ	+	အဇ္ဈဘာသိ
ပုပ္ဖါနိ အာဟရိသု	ပုပ္ဖါနိ	+	အာဟရိသု
သတ္ထု အဒါသိ	သတ္ထု	+	အဒါသိ

ကွစိ သဒ္ဒါ အကျိုးပြ ရုပ်များ

သက္ကာ ဒေဝိတိ	သက္ကာ ဒေဝိ	+	က္ကတိ
နမော တေ ဗုဒ္ဓ ဝီရတ္ထု	နမော တေ ဗုဒ္ဓ ဝီရ	+	အတ္ထု
အာဂတတ္ထ	အာဂတာ	+	အတ္ထ
အာဂတမှာ	အာဂတာ	+	အမှာ
ကတမာဿု စတ္တာရော	ကတမာ	+	အဿု စတ္တာရော
အပ္ပဿုတာယံ ပုရိသော	အပ္ပဿုတော	+	အယံ ပုရိသော
က္ကတ္ထိတိ	က္ကတ္ထိ	+	က္ကတိ
စမရီဝ	စမရီ	+	က္ကဝ
သဗ္ဗဝ	သဗ္ဗ	+	က္ကဝ
သွေဝ	သော	+	ဇဝ
ဇသေဝ နယော	ဇသော	+	ဇဝ နယော
ပရိသုဒ္ဓေတ္ထာယသ္မန္တော	ပရိသုဒ္ဓါ	+	တ္တေ + အာယသ္မန္တော
နေတ္ထ	နေ	+	တ္ထ
တံ ကုတေတ္ထ လဗ္ဘာ	တ ကုတော	+	တ္ထေ လဗ္ဘာ

http://www.dhammadownload.com

သစေသ ဗြာဟ္မဏ	သစေ	+	သေ ဗြာဟ္မဏ
တထူပမံ	တထာ	+	ဥပမံ
ယထာဟ	ယထာ	+	အာဟ
မနသကာသိ	မနသိ	+	အကာသိ

သရေ ကိ်ုရုပ်များ

သာဓု မဟာရာဇာတိ	သာဓု မဟာရာဇာ + ဣတိ
ဇဝံ ကိရ ဘိက္ခူတိ	ဇဝံ ကိရ ဘိက္ခူ + ဣတိ

အသမာသေ ကိ်ုရုပ်များ

ဇိဂ္ဂိယတနံ	ဇိဂ္ဂိ	+	အာယတနံ
အဝိဇ္ဇောယော	အဝိဇ္ဇာ	+	ဩယော
ဣတ္ထိုန္ဒြိယံ	ဣတ္ထိ	+	ဣန္ဒြိယံ
အဘိဘာယတနံ	အဘိဘူ	+	အာယတနံ
ဘယတုပဋ္ဌာနံ	ဘယတော	+	ဥပဋ္ဌာနံ

အစ္ဆန္နာနုရက္ခဏေ ကိ်ုရုပ်များ

သဒ္ဓိဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ	သဒ္ဓါ	+	ဣဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ
ယော မိဿရော	ယော မေ	+	ဣဿရော

ဒီဃ။

တျာဿ ပဟီနာ	တျ	+	ဿ ပဟီနာ
သွာဿ	သွ	+	ဿ
မဓုဝါ မညတိ ဗာလော	မဓုဝ	+	မညတိ + ဗာလော
ဇဝံ ဂါမေ မုနီ စရေ	ဇဝံ ဂါမေ မုနိ	+	စရေ
ခန္ဓီ ပရမံ တပေါ တိတိက္ခာ	ခန္ဓီ	+	ပရမံ တပေါ တိတိက္ခာ
နု မက်ုံ ဘဝိဿမိ	နု မက်ုံ	+	ဘဝိဿာမိ
သွာက္ခာတော	သွ	+	က္ခာတော
ယွာဟံ	ယွ	+	ဟံ
ကာမတော ဇာယတိ သောကော	ကာမတော ဇာယတိ + သောကော		
ကာမတော ဇာယတိ ဘယံ	ကာမတော ဇာယတိ + ဘယံ		
သက္ကော ဥဇု စ သုဟုဇု စ	သက္ကော ဥဇု + စ သုဟုဇု + စ		
အနုပဃာတော	အနု	+	ပဃာတော
ဒူရက္ခံ	ဒု	+	ရက္ခံ
ဒူရမံ	ဒု	+	ရမံ
သူရက္ခံ	သု	+	ရက္ခံ
ဒူဟရတာ	ဒု	+	ဟရတာ

http://www.dhammadownload.com

ကွစ် ကိ်ရုပ်များ

တျဒ္ဓ	တျ	+	ဒ္ဓ
သွဿ	သွ	+	ဿ
ပတိလိယျတိ	ပတိလိ	+	ယျတိ

ရဿံ။

ဆန်းစောင့်သင့်ရာဌာနဌ် ရဿပြုပုံ ပြယုဂ်များ

ယိဋ္ဌံ ဝဟုတံ ဝ လောကေ	ယိဋ္ဌံ ဝါ + ဟုတံ ဝါ + လောကေ
ယဒိ ဝ သာဝကေ	ယဒိ ဝါ သာဝကေ
ပုဂ္ဂလ ဓမ္မဒဿာ တေ	ပုဂ္ဂလာ + ဓမ္မဒဿာ တေ
ဘောဝါဒိ နာမ သော ဟောတိ	ဘောဝါဒိ + နာမ သော ဟောတိ
ယထာဘာဝိ ဂုဏောန သော	ယထာဘာဝိ + ဂုဏောန သော

အာဂုနောင်းရာဌာနဌ် ရဿပြုပုံ ပြယုဂ်များ

ယထယိဒံ	ယထာ	+	ယိဒံ
သမ္မဒက္ခာတော	သမ္မာ	+	ဒက္ခာတော

သံယုဂ်နောင်းရာဌာနဌ် ရဿပြုပုံ ပြယုဂ်များ

ပရက္ကမော	ပရာ	+	ကမော
အဿာဒေါ	အာ	+	သာဒေါ
တဏှက္ခယော	တဏှာ	+	ခယော
စျာနဿ လာဘိမှိ	စျာနဿ လာဘိ	+	မှိ
ဝသိမှိ	ဝသိ	+	မှိ
ထုလ္လစ္စယော	ထူ	+	လ္လစ္စယော (ထူလ + အစ္စယော)

ကွစ် ကိ်ရုပ်များ

မာယိဒံ	မာ	+	ဣဒံ
မနသာ ဒညာ ဝိမုတ္တာနံ	မနသာ	+	အညာ ဝိမုတ္တာနံ
ယထာဣမံ	ယထာ	+	ဣမံ
အာချာတိကံ	အာ	+	ချာတိကံ
ဒီယျတိ	ဒီ	+	ယျတိ
သူယျတိ	သူ	+	ယျတိ

လောပဥ္စ တတြာကာရော။

သေ ခေါ ဗျန္တိ ကာဟိတိ	သေော	+	ခေါ ဗျန္တိ ကာဟိတိ
သ ဂစ္ဆံ နု နိဝတ္တတိ	သော	+	ဂစ္ဆံ နု နိဝတ္တတိ

http://www.dhammadownload.com

သေ ဓမ္မော	ဇသော	+	ဓမ္မော
သေ ပတ္တောသိ	ဇသော	+	ပတ္တောသိ
သ မုနိ	သော	+	မုနိ
သ သီလဝါ	သော	+	သီလဝါ

● သဒ္ဒါ အကျိုးပြု ရုပ်များ

သေ အတ္ထော	ဇသော	+	အတ္ထော
သေ အာဘောဂေါ	ဇသော	+	အာဘောဂေါ
သေ ကွဒါနိ	ဇသော	+	ကွဒါနိ

ကွစိ ကိ ရုပ်များ

ဇသော ဓမ္မော	ဇသော	+	ဓမ္မော
သော မုနိ	သော	+	မုနိ
သော သီလဝါ	သော	+	သီလဝါ

<u>ပရဒွေဘာဝေါ ဒွာရေ။</u>

ကုဓပွမာဒေါ	ကုဓ	+	ပမာဒေါ
အပွမာဒေါ	အ	+	ပမာဒေါ
ဝိပွယုတ္တော	ဝိ	+	ပယုတ္တော
သုပွသန္ဒော	သု	+	ပသန္ဒော
သမ္ဗပွဓာနံ	သမ္ဗာ	+	ပဓာနံ
အပွတိဝတ္တိယော	အ	+	ပတိဝတ္တိယော
အဓိပတိပွစ္စယော	အဓိပတိ	+	ပစ္စယော
သုပွတိဋ္ဌတော	သု	+	ပတိဋ္ဌတော
အပွဋိပုဂ္ဂလော	အ	+	ပဋိပုဂ္ဂလော
ဝိပွဋိသာရော	ဝိ	+	ပဋိသာရော
သုပွဋိပန္နော	သု	+	ပ ဋိပန္နော
သုပွဋိပတ္တိ	သု	+	ပဋိပတ္တိ
ပက္ကမော	ပ	+	ကမော
ပဋိက္ကမော	ပဋိ	+	ကမော
ဟေတုက္ကမော	ဟေတု	+	ကမော
အက္ကမတိ	အာ	+	ကမတိ
ပရက္ကမတိ	ပရာ	+	ကမတိ
ယထာက္ကမံ	ယထာ	+	ကမံ
ပက္ကောသတိ	ပ	+	ကောသတိ
ပဋိက္ကောသတိ	ပဋိ	+	ကောသတိ
အနုက္ကောသတိ	အနု	+	ကောသတိ
အက္ကောသတိ	အာ	+	ကောသတိ

http://www.dhammadownload.com

အက္ကုဒ္ဓေါ	အ	+	ကုဒ္ဓေါ
အတိက္ကောဓော	အတိ	+	ကောဓော
ဓနက္ကီတော	ဓန	+	ကီတော
ဝိက္ကယော	ဝိ	+	ကယော
အနုက္ကယော	အနု	+	ကယော
ပဂ္ဂဟော	ပ	+	ဂဟော
ဝိဂ္ဂဟော	ဝိ	+	ဂဟော
အနုဂ္ဂဟော	အနု	+	ဂဟော
နိဂ္ဂဟော	နိ	+	ဂဟော
စန္ဒဂ္ဂဟော	စန္ဒ	+	ဂဟော
ဒိဋ္ဌဂ္ဂါဟော	ဒိဋ္ဌ	+	ဂါဟော
ပဇ္ဇောတော	ပ	+	ဇောတော
ဝိဇ္ဇောတတိ	ဝိ	+	ဇောတတိ
ဥဇ္ဇောတော	ဥ	+	ဇောတော
ကတညူ	ကတ	+	ညူ
ဝိညူ	ဝိ	+	ညူ
ပညာဏံ	ပ	+	ညာဏံ
ဝိညာဏံ	ဝိ	+	ညာဏံ
အနုညာ	အနု	+	ညာ
သမညာ	သံ + အာ	+	ညာ (သမ+ညာ)
အဝဿယော	အဝ	+	သယော
နိဿယော	နိ	+	သယော
သမုဿယော	သမု	+	သယော
အပ္ပဿုတော	အပ္ပ	+	သုတော
ဝိဿုတော	ဝိ	+	သုတော
ဗဟုဿုတော	ဗဟု	+	သုတော
အဿဝါ	အာ	+	သဝါ
ပဿမ္ဘန္တော	ပ	+	သမ္ဘန္တော
ဝိဿမ္ဘတိ	ဝိ	+	သမ္ဘတိ
အဿရော	အ	+	သရော
ဝိဿရတိ	ဝိ	+	သရတိ
အနုဿရတိ	အနု	+	သရတိ
ပဿသန္တော	ပ	+	သသန္တော
ဝိဿသန္တော	ဝိ	+	သသန္တော
မဟုဿသန္တော	မဟု	+	သသန္တော
အဿာသော	အာ	+	သာသော
အဝိဿဇ္ဇန္တော	အဝိ	+	သဇ္ဇန္တော
ဝိဿဇ္ဇန္တော	ဝိ	+	သဇ္ဇန္တော

http://www.dhammadownload.com

ပရိစ္ဆေန္တော	ပရိ	+	စဆေန္တော
ဥပဒ္ဒဝေါ	ဥပ	+	ဒဝေါ
ဥပက္ကိလိဋ္ဌော	ဥပ	+	ကိလိဋ္ဌော
မိတ္တဒ္ဒု	မိတ္တ	+	ဒု
အာယဗ္ဗယော	အာယ	+	ဝယော
ဥဒဗ္ဗဟိ	ဥဒ	+	ဗဟိ
ကုသလတ္တိကံ	ကုသလ	+	တိကံ
ပီတိတ္တိကံ	ပီတိ	+	တိကံ
ဟေတုတ္တိကံ	ဟေတု	+	တိကံ
ဝေဒနာတ္တိကံ	ဝေဒနာ	+	တိကံ
လောကတ္တယံ	လောက	+	တယံ
ဗောဓိတ္တယံ	ဗောဓိ	+	တယံ
ဝတ္ထုတ္တယံ	ဝတ္ထု	+	တယံ
ကေတ္တိ ံသ	ကေ	+	တိ်သ
ဒွတ္တိ်သ	ဒွ	+	တိ်သ
စတုတ္တိ်သ	စတု	+	တိ်သ
သီလဗ္ဗတံ	သီလ	+	ဝတံ
သုဗ္ဗဘော	သု	+	ဝတော
သပ္ပိတိကော	သ	+	ပီတိကော
သမန္နာဂတော	သမ	+	နာဂတော
			(သံ+အနု+အာဂတော)
ပုနပ္ပုနံ	ပုန	+	ပုနံ
ဝတ္တတိ	ဝ	+	တတိ
ဝတိ	ဝ	+	ဋ္ဌတိ
ဒဿနံ	ဒ	+	သနံ
ဖဿော	ဖ	+	သော
ဥက္ကံသော	ဥ	+	ကံသော
ဒုက္ကရံ	ဒု	+	ကရံ
နိက္ကခေါ	နိ	+	ကခေါ
ဥဂ္ဂတံ	ဥ	+	ဂတံ
ဒုစ္စရိတံ	ဒု	+	စရိတံ
နိဇ္ဇံ	နိ	+	ဇံ
ဥညာတံ	ဥ	+	ညာတံ
ဥန္နတိ	ဥ	+	နတိ
ဥတ္တရော	ဥ	+	ကရော
ဒုက္ကရော	ဒု	+	ကရော
နိဒ္ဒရော	နိ	+	ဒရော
ဥန္နတော	ဥ	+	နတော

http://www.dhammadownload.com

ဒုပ္ပညော	ဒု	+	ပညော
ဒုဗ္ဗလော	ဒု	+	ဗလော
နိမ္မလော	နိ	+	မလော
ဥယျုတ္တော	ဥ	+	ယုတ္တော
ဒုလ္လဘော	ဒု	+	လဘော
နိဗ္ဗတ္တော	နိ	+	ဗတ္တော
ဥဿာဟော	ဥ	+	သာဟော
ဒုဿဟော	ဒု	+	သာဟော
နိဿာရော	နိ	+	သရော
တက္ကရော	တ	+	ကရော
တဇ္ဇော	တ	+	ဇော
တနိန္ဒော	တ	+	နိန္ဒော
တပ္ပဘဝေါ	တ	+	ပဘဝေါ
တမ္မယော	တ	+	မယော
စတုက္ကံ	စတု	+	ကံ
စတုဒ္ဒိသံ	စတု	+	ဒိသံ
စတုပ္ပါဒေါ	စတု	+	ပါဒေါ
စတုဗ္ဗိဓံ	စတု	+	ဗိဓံ (ဗိဓံ)
စတုဿာလံ	စတု	+	သာလံ
ဆက္ကံ	ဆ	+	ကံ
ဆနုဝုတိ	ဆ	+	နဝုတိ
ဆပ္ပဒိကာ	ဆ	+	ပဒိကာ
ဆဗ္ဗဿာနိ	ဆ	+	ဗဿာနိ(ဝဿာနိ)
သက္ကာရော	သ	+	ကာရော
သက္ကတော	သ	+	ကတော
သဒ္ဒိဋ္ဌိ	သ	+	ဒိဋ္ဌိ
သပ္ပုရိသော	သ	+	ပုရိသော
မဟဗ္ဗလော	မဟ	+	ဗလော
နိယျတိ	နိ	+	ယတိ
သူယျတိ	သူ	+	ယတိ
အဘိဘူယျ	အဘိဘူ	+	ယ
ဝိစေယျ	ဝိစေ	+	ယ
ဝိနေယျ	ဝိနေ	+	ယ
ဓေယျံ	ဓေ	+	ယံ
နေယျံ	နေ	+	ယံ
သေယျော	သေ	+	ယော
ဇေယျော	ဇေ	+	ယော
ဝေယျာကရဏော	ဝေ	+	ယာကရဏော

http://www.dhammadownload.com

တ္တောဝတာ	တ	+	တောဝတာ
ဇစ္စန္ဓော	ဇာတိ	+	အန္ဓော *
ဝိပလ္လာသော	ဝိပလိ	+	အာသော *
အညာယော	အနိ	+	အာယော *
ယဇ္ဇေဝံ	ယဒိ	+	ဇဝံ *
အပ္ပေကစ္စေ	အပိ	+	ကေစ္စေ *
အပ္ပေကဒါ	အပိ	+	ကေဒါ *
တပသီ	တပ	+	သီ
ယသသီ	ယသ	+	သီ
နပ္ပဇ္ဇဟေ ဝဏ္ဏဗလံ ပုရာဏံ	နဝ	+	ပဇဟေ ဝဏ္ဏဗလံ ပုရာဏံ
ဥဇ္ဇုဂတေသု သေယျော		ဥ +	ဇုဂတေသု သေယျော
ဂစ္ဆန္တိ သုဂ္ဂတိ		ဂစ္ဆန္တိ သု +	ဂတိ

* ဤအမှတ်ပြရုပ်တို့၌ ဣဝဏ္ဏော ယံ နဝါ, ယဝတံ–သုတ်တို့ဖြင့် စီရင်ပြီးမှ ဒွေးဘော်ပြုပါ။

သရမှာ ကိုရုပ်များ

သမ္ပယုတ္တော	သံ	+	ပယုတ္တော
သမ္ပတိဇာတော	သံ	+	ပတိဇာတော
သမ္ပဋိစ္ဆန္ဒံ	သံ	+	ပဋိစ္ဆန္ဒံ
သင်္ကမန္တော	သံ	+	ကမန္တော
သင်္ဂဟော	သံ	+	ဂဟော
အဥာယော	အ	+	ဥာယော (အနိ အာယော)
အာကာသာနဥ္စာယတနံ	အာကာသာနံ	+	စာယတနံ

ဌာနေ ကိုရုပ်များ

မာ စ ပမာဒေါ	မာ စ	+	ပမာဒေါ
ပတိ ဂယှတိ	ပတိ	+	ဂယှတိ
ဝစီပကောပံ ရက္ခေယျ	ဝစီ	+	ပကောပံ ရက္ခေယျ
ယေ ပမတ္တာ ယထာ မတာ ယေ		+	ပမတ္တာ ယထာ မတာ
မနောပကောပံ ရက္ခေယျ	မနော	+	ပကောပံ ရက္ခေယျ
ဣဓ မောဒတိ	ဣဓ မော	+	ဒတိ
ပေစ္စ မောဒတိ	ပေစ္စ မော	+	ဒတိ
နိကာယော	နိ	+	ကာယော
နိဒါနံ	နိ	+	ဒါနံ
နိဝါသော	နိ	+	ဝါသော
နိဝါတော	နိ	+	ဝါတော

http://www.dhammadownload.com

တတော	တ	+	တော
စတုဝိသတ	စတု	+	ဝိသတိ
ဆသဋ္ဌိ	ဆ	+	သဋ္ဌိ
ဥပနိယတိ	ဥပနီ	+	ယတိ
သူယတိ	သူ	+	ယတိ
တောယံ	တော	+	ယံ

အနာကာရ သဒ္ဒါ ကိ ့ ရုပ်များ

မာလာယ	မာလာ	+	ယ
ဒေါလာယ	ဒေါလာ	+	ယ
သမာဒါယ	သမာဒါ	+	ယ

ဝဂ္ဂေ ယောသာယောသာနံ တတိယပဥ္စမာ။

ပဿရတိ	ပ	+	ဃရတိ
ဥဿရတိ	ဥ	+	ဃရတိ
ဥဿိဒ္ဓေတိ	ဥ	+	ဃာဒ္ဓေတိ
ဒုလ္လေသော	ဒု	+	ဃောသော
နိလ္လေသော	နိ	+	ဃောသော
စဇ္ဈာနဖလော	စ	+	ဈာနဖလော
ပဌမဇ္ဈာနံ	ပဌမ	+	ဈာနံ
အဘိဇ္ဈာယတိ	အဘိ	+	ဈာယတိ
ဥဇ္ဈာယတိ	ဥ	+	ဈာယတိ
ဝိဒ္ဓံသေတိ	ဝိ	+	ဓံသိတော
ဥဒ္ဓံသိတော	ဥ	+	ဓံသိတော
ဥဒ္ဓါရော	ဥ	+	ဓာရော
နိဒ္ဓါရော	နိ	+	ဓာရော
နိဒ္ဓနော	နိ	+	ဓနော
နိဒ္ဓုတော	နိ	+	ဓုတော
ဝိဘ္ဘန္တော	ဝိ	+	ဘန္တော
ဥဘ္ဘတော	ဥ	+	ဘတော
ဒုဘိက္ခံ	ဒု	+	ဘိက္ခံ
နိဘ္ဘယံ	နိ	+	ဘယံ
တဘ္ဘာဝေါ	တ	+	ဘာဝေါ
စတုဒ္ဓါ	စတု	+	ဓာ
စတုဘ္ဘိ	စတု	+	ဘိ
ဆဒ္ဓါ	ဆ	+	ဓာ
သဒ္ဓမ္မော	သ	+	ဓမ္မော
သဘ္ဘုတော	သ	+	ဘူတော

http://www.dhammadownload.com

မဟဒ္ဓနော	မဟာ	+	ဓနော
မဟဗ္ဘယံ	မဟာ	+	ဘယံ
ဗောဇ္ဈင်္ဂါ	ဗောဓိ	+	အင်္ဂါ
သဗ္ဘံ	သဘာ	+	ယ
အာသဗ္ဘံ	အာသဘ	+	ယ
ဗုဇ္ဈိတဗ္ဗံ	ဗု + ဓျိတဗ္ဗံ (ဗုဓ + ယ + ဣ + တဗ္ဗ)		
ဗုဇ္ဈတိ	ဗု	+	ဓျတိ (ဗုဓ + ယ + တိ)
ပဏ္ဍကွန္ဓာ	ပဏ္ဍ	+	ခန္ဓာ
ရူပကွန္ဓာ	ရူပ	+	ခန္ဓာ
အကွမော	အ	+	ခမော
အဘိကွဏံ	အဘိ	+	ခဏံ
အဝိကွေပေါ	အဝိ	+	ခေပေါ
ဇာတိကွေတ္တံ	ဇာတိ	+	ခေတ္တံ
ဓာတုကွောဘော	ဓာတု	+	ခေါဘော
အာယုကွယော	အာယု	+	ခယော
သေတစ္ဆတ္တံ	သေတ	+	ဆတ္တံ
သဗ္ဗစ္ဆန္နံ	သဗ္ဗ	+	ဆန္နံ
ဝိစ္ဆိန္နံ	ဝိ	+	ဆိန္နံ
ဗောဓိစ္ဆာယာ	ဗောဓိ	+	ဆာယာ
ဇမ္ဗုစ္ဆာယာ	ဇမ္ဗု	+	ဆာယာ
သမုစ္ဆေဒေါ	သမု	+	ဆေဒေါ
တတြဋ္ဌိတော	တတြ	+	ဋ္ဌိတော
ထလဋ္ဌံ	ထလ	+	ဋ္ဌံ
ဇလဋ္ဌံ	ဇလ	+	ဋ္ဌံ
အဓိဋ္ဌိတံ	အဓိ	+	ဋ္ဌိတံ
နိဋ္ဌိတံ	နိ	+	ဋ္ဌိတံ
စတ္တာရိဌာနာနိ	စတ္တာရိ	+	ဌာနာနိ
ဂရုဌာနိယော	ဂရု	+	ဌာနိယော
သမုဋ္ဌိတော	သမု	+	ဋ္ဌိတော
သုပ္ပဌာနော	သုပ္ပ	+	ဌာနော
ယသတ္ထေရော	ယသ	+	ထေရော
ယတ္ထ	ယ	+	ထ
တတ္ထ	တ	+	ထ
ပတ္ထရတိ	ပ	+	ထရတိ
ဝိတ္ထာရော	ဝိ	+	ထာရော
အဘိတ္ထုတော	အဘိ	+	ထုတော
ဝိတ္ထမ္ဘိတော	ဝိ	+	ထမ္ဘိတော
အနုတ္ထုနံ	အနု	+	ထုနံ

http://www.dhammadownload.com

စတုတ္ထော	စတု	+	ထော
ကုတ္ထ	ကု	+	ထ
ပပ္ပါဒ္ဒေတိ	ပ	+	ဖါဒ္ဒေတိ
မဟပ္ဖလံ	မဟာ	+	ဖလံ
နိပ္ဖလံ	နိ	+	ဖလံ
ဝိပ္ပါရော	ဝိ	+	ဖာရော
ပရိပ္ပုဿေယျ	ပရိ	+	ဖုဿေယျ
မဓုပ္ပါဏိတံ	မဓု	+	ဖာဏိတံ
အာကာ္ခာတော	အာ	+	ခါတော
တဏှာက္ခယော	တဏှာ	+	ခယော
အာဏာက္ကေတ္တံ	အာဏာ	+	ခေတ္တံ
သညာက္ခန္ဓော	သညာ	+	ခန္ဓော
အာစ္ဆားယတိ	အာ	+	ဆာဒယတိ
အာစ္ဆိန္ဒတိ	အာ	+	ဆိန္ဒတိ
နာဝါဠံ	နာဝါ	+	ဠံ
အာတ္ထရတိ	အာ	+	ထရတိ
အာပ္ပေါဒ္ဒေတိ	အာ	+	ဖောဒ္ဒေတိ

သရမှာ ကိုရုပ်များ

သခါရော	သံ	+	ခါရော
တခ်ဏော	တံ	+	ခဏော
သဉ္ဆန္ဒံ	သံ	+	ဆန္ဒံ
တဏှာနံ	တံ	+	ဏှာနံ
သန္ထုတော	သံ	+	ထုတော
တမ္ဖလံ	တံ	+	ဖလံ

ဏှာနေ-ကိုရုပ်များ

သီလဝန္တသ္သ ဗျာယိနော	သီလဝန္တသ္သ	+	ဗျာယိနော
ယေ ဗျာနုပ္ပသုတာ ဓီရာ	ယေ	+	ဗျာနုပ္ပသုတာ ဓီရာ
နိဓာနံ	နိ	+	ဓာနံ
မဟာဓနံ	မဟာ	+	ဓနံ
ပူဝဓဇကံ	ပူဝ	+	ဓဇကံ
တဿ ဆဝိယာဒိနိ ဆိန္ဒိတ္တာ	တဿ	+	ဆဝိယာဒိနိ ဆိန္ဒိတ္တာ
ယထာ ဋ္ဌိတံ	ယထာ	+	ဋ္ဌိတံ
ကထံ	က	+	ထံ
ကမ္ဖလံ	ကမ္	+	ဖလံ

http://www.dhammadownload.com

အ် ဗျဉ္ဇနေ နိဂ္ဂဟိတ်။

ဝေံ ဝုတ္တေ	ဝေံ	+	ဝုတ္တေ
တံ သာရ	တံ	+	သာရ
ကေံ သမယ် ဘဂဝါ	ကေံ	+	သမယ် ဘဂဝါ
အဂ္ဂိဝ သန္ဓမ်	အဂ္ဂိ	+	ဝ သန္ဓမ်

ဝဂ္ဂန္တ် ၀ါ ဝဂ္ဂေ။

(နိစ္စဝိဓိ)

တဏှက်ရော	တဏှံ	+	ကရော
ရဏဥ္ဇဟော	ရဏံ	+	ဇဟော
သဏ္ဌိတော	သံ	+	ဌိတော
ဇုတိန္ဓရော	ဇုတိ	+	ဓရော
သမ္ဗတော	သံ	+	မတော

(အနိစ္စဝိဓိ)

တက်ရောတိ	တံ	+	ကရောတိ
တခ်ဏ်	တံ	+	ခဏ်
သဂ်ဟော	သံ	+	ဂဟော
တဃ်တံ	တံ	+	ဃတံ
ဓမ္မဥ္ဇရေ	ဓမ္မံ	+	စရေ
တဥ္ဆန္ဒံ	တံ	+	ဆန္ဒံ
တဥ္ဇာတံ	တံ	+	ဇာတံ
တညာဏ်	တံ	+	ညာဏ်
တဏ္ဌာနံ	တံ	+	ဌာနံ
တဏ္ဍဟတိ	တံ	+	ဍဟတိ
တန္တနောတိ	တံ	+	တနောတိ
တန္ထိရံ	တံ	+	ထိရံ
တန္ဒာနံ	တံ	+	ဒါနံ
တန္ဓနံ	တံ	+	ဓနံ
တန္ဒိစ္စုတံ	တံ	+	နိစ္စုတံ
တမ္ပတ္တော	တံ	+	ပတ္တော
တမ္ဗလံ	တံ	+	ဗလံ
တေသမ္ဗောဓော	တေသံ	+	ဗောဓော
သမ္ဘူတော	သံ	+	ဘူတော
တမ္ပိတ္တံ	တံ	+	မိတ္တံ
ကိက်တော	ကိ	+	ကတော
ဒါတုဂ်တော	ဒါတုံ	+	ဂတော

http://www.dhammadownload.com

(အသန္တိဝိဓိ)

နတံ ကမ္မံ ကတံ သာဓု သရဏံ ဂစ္ဆာမိ	နတံ သရဏံ	+	ကမ္မံ ကတံ သာဓု ဂစ္ဆာမိ

ဝါသဒ္ဒါအကျိုးပြု ရုပ်များ

ပဋိသလ္လီနော	ပဋိသံ	+	လီနော
ပဋိသလ္လာဏော	ပဋိသံ	+	လာဏော
သလ္လက္ခဏာ	သံ	+	လက္ခဏာ
သလ္လေခါ	သံ	+	လေခါ
သလ္လာပေါ	သံ	+	လာပေါ
ပုလ္လိင်	ပုံ	+	လိင်

ဧဟေ ဉံ။

ပစ္စတ္တညေဝ	ပစ္စတ္တံ	+	ဧဝ
တညေဝ	တံ	+	ဧဝ
တဋ္ဌိ တဿ	တံ	+	ဟိ တဿ
ဧဝဋ္ဌိ ဧါ	ဧဝံ	+	ဟိ ဧါ

ဝါသဒ္ဒါအကျိုးပြု ရုပ်များ

ဧဝမေတံ	ဧဝံ	+	ဧတံ
ဧဝံ ဟောတိ	ဧဝံ	+	ဟောတိ

သယေ စ။

သညောဂေါ	သံ	+	ယောဂေါ
သညောဇနံ	သံ	+	ယောဇနံ
သညတော	သံ	+	ယတော
သညာစိကာယ	သံ	+	ယာစိကာယ
ယညဒေဝ	ယံ	+	ယဒေဝ
အာနန္ဒရိကညမာဟု	အာနန္ဒရိကံ	+	ယမာဟု

ဝါသဒ္ဒါအကျိုးပြု ရုပ်များ

ဧတံ ယောဇနံ	ဧတံ	+	ယောဇနံ
တံ ယာနံ	တံ	+	ယာနံ
သရဏံ ယန္တိ	သရဏံ	+	ယန္တိ

http://www.dhammadownload.com

သဟ ယေ စ-ဟု ဆိုသင့်လျက် မဆိုဘဲ
သ ယေ စ-ဟု ဆိုခြင်းကြောင့် ရအပ်သော အကျိုးပြရုပ်များ

ပဋိသခီ ယောနိသော	ပဋိသခီယ + ယောနိသော
သယံ အဘိညာ သစ္ဆိကတွာ	သယံ အဘိညာယ + သစ္ဆိကတွာ
ပရိယေသနာ	ပရိယေသနာယ

မဒါ သရေ။

တမဟံ ဗြူမိ	တံ	+	အဟံ ဗြူမိ
ယမာဟု	ယံ	+	အာဟု
ဧနမေဝ	ဧနံ	+	ဧဝ
ကိမေတံ	ကိံ	+	ဧတံ
နိန္ဒိတုမရဟတိ	နိန္ဒိတုံ	+	အရဟတိ
ယဒနိစ္စံ	ယံ	+	အနိစ္စံ
တဒနတ္တာ	တံ	+	အနတ္တာ
ဧတဒဝေါစ	ဧတံ	+	အဝေါစ
ဧတဒေဝ	ဧတံ	+	ဧဝ

ဝါသဒ္ဒါ ကိရုပ်များ

တံ အဟံ	တံ	+	အဟံ
ဧတံ ဧဝ	ဧတံ	+	ဧဝ
အက္ကောစ္ဆိ မံ အဝဓိမံ	အက္ကောစ္ဆိ မံ + အဝဓိ မံ		

"မဒါ"ဟူသော ယောဂဝိဘာဂပြယုဂ်

ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

("မဒါ" ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် သ-ဗျည်း, ဂ-ဗျည်းကြောင့် နိဂ္ဂဟိတ်ကို မ်-ပြု။)

ယဝမဒနတရလာ စာဂမာ။

ယ-လာသောပြယုဂ်များ (အနိစ္စဝိဓိ)

ယထယိဒံ	ယထာ	+	ဣဒံ
ယထာယေဝ	ယထာ	+	ဧဝ
မာယိဒံ	မာ	+	ဣဒံ
မာယေဝံ	မာ	+	ဧဝံ
တံယိဒံ	တံ	+	ဣဒံ
တံယေဝ	တံ	+	ဧဝ
နယိဒံ	နံ	+	ဣဒံ

http://www.dhammadownload.com

နယိမသ	နဲ	+	ဣမသ
နယိမာနိ	နဲ	+	ဣမာနိ
နဝယိမေ ဓမ္မာ	နဝ	+	ဣမေ ဓမ္မာ
ဗုဒ္ဓါန် ယေဝ	ဗုဒ္ဓါန်	+	ဧဝ
သန္တိယေဝ	သန္တိ	+	ဧဝ
ဗောဓိယာယေဝ	ဗောဓိယာ	+	ဧဝ
သတိယေဝ	သတိ	+	ဧဝ
ပထဝိယေဝ	ပထဝိ	+	ဧဝ
ဓာတုယေဝ	ဓာတု	+	ဧဝ
တေသုယေဝ	တေသု	+	ဧဝ
သောယေဝ	သော	+	ဧဝ
ဝိယဥ္ဇနာ	ဝိ	+	အဥ္ဇနာ
ဝိယာကာသိ	ဝိ	+	အာကာသိ

(နီဇွဝိဓိ)

ပရိယန္တ်	ပရိ	+	အန္တ်
ပရိယာဒါန်	ပရိ	+	အာဒါန်
ပရိယုဋ္ဌာန်	ပရိ	+	ဥဋ္ဌာန်
ပရိယေသတိ	ပရိ	+	သေတိ
ပရိယောသာန်	ပရိ	+	ဩသာန်
နိယာယောဂေါ	နိ	+	အာယောဂေါ
ပါဋိယေက္ကံ	ပါဋိ	+	ဧက္ကံ

ဝ–လာသောပြယုဂ်များ

တိဝဂ်လ်	တိ	+	အဂ်လ်
တိဝဂိက်	တိ	+	အဂိက်
ဘူဝါဒယော	ဘူ	+	အာဒယော
မိဂီ ဘန္တာ ဝုဒိကွတိ	မိဂီ ဘန္တာ	+	ဥဒိကွတိ
ပဝုစ္စတိ	ပ	+	ဥစ္စတိ
ပါဂုညဝုဇုတာ	ပါဂုည	+	ဥဇုတာ

မ–လာသောပြယုဂ်များ

လဟုမေသတိ	လဟု	+	သေတိ
ဂရုမေသတိ	ဂရု	+	သေတိ
ဣဓမာဟု	ဣဓ	+	အာဟု
ဣဓ မိဇ္ဇတိ	ဣဓ	+	ဣဇ္ဇတိ
ဘဒြော ကသာမိဝ	ဘဒြော ကသာ	+	ဣဝ
အာကာသေ မဘိပူဇယိ	အာကာသေ	+	အဘိပူဇယိ

http://www.dhammadownload.com

ကေမေကဿ	ကေ	+	ကေဿ
ယေန မိဓေကစ္စေ	ယေန	+	ဣဓေကစ္စ
အာသတိမေဝ	အာသတိ	+	ဝေ

၁-လာသောပြယုဂ်များ

(နိစ္စဝိဓိ)

ဥဒဂ္ဂေါ	ဥ	+	အဂ္ဂေါ
ဥဒယော	ဥ	+	အယော
ဥဒပါဒိ	ဥ	+	အပါဒိ
ဥဒါဟဋ္ဌံ	ဥ	+	အာဟဋ္ဌံ
ဥဒိတော	ဥ	+	ဣတော
ဥဒီရိတံ	ဥ	+	ဤရိတံ
ဥဒေတိ	ဥ	+	ဧတိ

(အနိစ္စဝိဓိ)

ကေနစိဒေဝ	ကေနစိ	+	ဝေ
သကိဒေဝ	သကိ	+	ဝေ
သကဒါဂါမိ	သကိ	+	အာဂါမိ
ကိဥ္စိဒေဝ	ကိဥ္စိ	+	ဝေ
ကိသ္မိဥ္စိဒေဝ	ကိသ္မိဥ္စိ	+	ဝေ
ကောစိဒေဝ	ကောစိ	+	ဝေ
သမ္မဒတ္ထော	သမ္မာ	+	အတ္ထော
သမ္မဒက္ခာတော	သမ္မာ	+	အက္ခာတော
သမ္မဒညာ ဝိမုတ္တာနံ	သမ္မာ	+	အညာ ဝိမုတ္တာနံ
သမ္မဒေဝ	သမ္မာ	+	ဝေ
ယာဝဒတ္ထံ	ယာဝ	+	အတ္ထံ
ယာဝဒေဝ	ယာဝ	+	ဝေ
တာဝဒေဝ	တာဝ	+	ဝေ
ပုနဒေဝ	ပုန	+	ဝေ
ယဒတ္ထံ	ယ	+	အတ္ထံ
တဒတ္ထံ	တ	+	အတ္ထံ
ယဒန္တရာ	ယ	+	အန္တရာ
တဒန္တရာ	တ	+	အန္တရာ
တဒဂ်ဝိမုတ္တိ	တ	+	အဂ်ဝိမုတ္တိ
တေဒတ္ထံ	တေ	+	အတ္ထံ
အတ္တဒတ္ထံ	အတ္တ	+	အတ္ထံ
သဒတ္ထပသုတော သိယာ	သ	+	အတ္ထပသုတော သိယာ

http://www.dhammadownload.com

အညဒတ္ထံ	အညံ	+	အတ္ထံ
မနသာဒညာ ဝိမုတ္တာနံ	မနသာ	+	အညာ ဝိမုတ္တာနံ
ဗဟုဒေဝ ရတ္တိံ	ဗဟု	+	ဒေဝ ရတ္တိံ
အဟုဒေဝ ဘယံ	အဟု	+	ဒေဝ ဘယံ

နှ-လာသော ပြယုဂ်များ

ကတော နာယတိ	ကတော	+	အာယတိ
စိရံ နာယတိ	စိရံ	+	အာယတိ

တ-လာသောပြယုဂ်များ

တသ္မာတိဟ	တသ္မာ	+	ကိဟ
အဇ္ဇတဂ္ဂေ	အဇ္ဇ	+	အဂ္ဂေ
ယသ္မာတိဟ	ယသ္မာ	+	ကိဟ

ရ-လာသောပြယုဂ်များ

နိရန္တရံ	နိ	+	အန္တရံ
နိရာလယော	နိ	+	အာလယော
နိရိန္ဓနော	နိ	+	ကိန္ဓနော
နိရီဟကံ	နိ	+	ဣဟကံ
နိရုတ္တရော	နိ	+	ဥတ္တရော
နိရောဇံ	နိ	+	ဩဇံ
ဒုရတိက္ကမော	ဒု	+	အတိက္ကမော
ဒုရာဂတံ	ဒု	+	အာဂတံ
ဒုရုတ္တံ	ဒု	+	ဥတ္တံ
ပါတုရဟောသိ	ပါတု	+	အဟောသိ
ပါတုရဟေသုံ	ပါတု	+	အဟေသုံ
ပုနရာဂစ္ဆေယျ	ပုန	+	အာဂစ္ဆေယျ
ပုနရုတ္တံ	ပုန	+	ဥတ္တံ
ပုနရေဝ	ပုန	+	ဧဝ
ပုနရေတိ	ပုန	+	ဧတိ
မိရတ္ထု	မိ	+	အတ္ထု
ပါတရာသော	ပါတ	+	အာသော
စတုရင်္ဂိကံ	စတု	+	အင်္ဂိကံ
စတုရာရက္ခာ	စတု	+	အာရက္ခာ
စတုရိဒ္ဓိပါဒပဋိလာဘော	စတု	+	ကိဒ္ဓိပါဒပဋိလာဘော
စတုရောဃနိတ္ထရဏတ္ထံ	စတု	+	ဩဃနိတ္ထရဏတ္ထံ
ဘတ္တုရတ္ထေ	ဘတ္တု	+	အတ္ထေ

http://www.dhammadownload.com

ဝုတ္တိရေသာ	ဝုတ္တိ	+	ဧသာ
ပထဝီဓာတုရေဝေသာ	ပထဝီဓာတု	+	ဧဝေသာ
နက္ခတ္တရာဇာရိဝ တာရကာနံ	နက္ခတ္တရာဇာ	+	ကဝ တာရကာနံ
ဝိဇ္ဇုရိဝဗ္ဘာကူဋေ	ဝိဇ္ဇု	+	ကဝဗ္ဘာကူဋေ
အာရဂ္ဂေရိဝ သာသပေါ	အာရဂ္ဂေ	+	ကဝ အာသပေါ
သာသပေါရိဝ အာရဂ္ဂေ	သာသပေါ	+	ကဝ အာရဂ္ဂေ
ဥသဘောရိဝ	ဥသဘော	+	ကဝ
သတ္တိရေဝ	သတ္တိ	+	ဧဝ

လ(ဠ)-လာသောပြိယုဂ်များ

ဆဠဘိညာ	ဆ	+	အဘိညာ
ဆဠင်္ဂ်	ဆ	+	အင်္ဂ်
ဆဠာသီတိ	ဆ	+	အသီတိ
ဆဠံသာ	ဆ	+	အံသာ
သဠာယတနံ	သ	+	အာယတနံ
	(ဆ	+	အာယတနံ)

ဝါသဒ္ဒါ ကိ်ရုပ်များ

ကေနစိ အတ္ထကာမေန	ကေနစိ	+	အတ္ထကာမေန
သမ္မာ အညာယ	သမ္မာ	+	အညာယ
ယာဝါဟံ	ယာဝ	+	အဟံ
တာဝါဟံ	တာဝ	+	အဟံ
ပုနာပရံ	ပုန	+	အပရံ
အတ္တတ္ထံ	အတ္တ	+	အတ္ထံ
ဒွါဒိဋ္ဌိတံ	ဒု	+	အဒိဋ္ဌိတံ
ပါတွာကာသိ	ပါတု	+	အကာသိ
ပုနပိ	ပုန	+	အပိ
ဆ အဘိညာ	ဆ	+	အဘိညာ

ကွစိ သြ ဗျဉ္ဇနေ။

အတိပွဂေါ ခေါ တာဝ	အတိပု	+	ခေါ တာဝ
ပရောသတံ	ပရ	+	သတံ
ပရောသဟဿံ	ပရ	+	သဟဿံ

နိဂ္ဂဟီတဉ္စ။

စက္ခုံ ဥဒပါဒိ	စက္ခု	+	ဥဒပါဒိ
အဝံသိရော	အဝ	+	သိရော

http://www.dhammadownload.com

ယာဝဒ္ဓိဓ ဘိက္ခဝေ	ယာဝ	+	စိဓ ဘိက္ခဝေ
အဏ္ဏံ ထူလာနိ	အဏ္ဏ	+	ထူလာနိ
တံသမ္ပယုတ္တာ	တ	+	သမ္ပယုတ္တာ
ဝေဒံ တာခ်ဏော	ဝေဒံ တ	+	ခဏော
တံ သဘာဝေါ	တ	+	သဘာဝေါ

ကွစိ ကိ်ရုပ်များ

နဟိ ဧတေဟိ	နဟိ	+	ဧတေဟိ
ကွဓ စေဝ	ကွဓ	+	စေဝ

ကွစိ လောပ်။

တာသာဟံ သန္တိကေ	တာသံ	+	အဟံ သန္တိကေ
ဝိဒူနဂ္ဂံ	ဝိဒူနံ	+	အဂ္ဂံ
တဿ အဒါသာဟံ	တဿ အဒါသိ	+	အဟံ
တထာဂတာဟံ	တထာဂတံ	+	အဟံ
ဧဝါဟံ	ဧဝံ	+	အဟံ
ကျာဟံ	ကိ	+	အဟံ

ကွစိ သဒ္ဒါ ကိ်ရုပ်များ

ဧဝမဿ	ဧဝံ	+	အဿ
ကိမဟံ	ကိ	+	အဟံ

ဗျဉ္ဇနေ စ။

အရိယသစ္စာန ဒဿနံ	အရိယသစ္စာနံ	+	ဒဿနံ
တေ ဗုဒ္ဓါန သာသနံ	တေ ဗုဒ္ဓါနံ	+	သာသနံ
သာရတ္တော	သံ	+	ရတ္တော
သာရောဂေါ	သံ	+	ရောဂေါ
သာရမ္ဘော	သံ	+	ရမ္ဘော
အဝိသာဟာရော	အဝိသံ	+	ဟာရော
စိရပ္ပဝါသိ	စိရံ	+	ပဝါသိ

ကွစိ သဒ္ဒါ ကိ်ရုပ်

တေ မင်္ဂလမုတ္တမံ	တေ	+	မင်္ဂလမုတ္တမံ

ပရော ဝါ သရော။

ကတန္တိ	ကတံ	+	ကုတိ
ကိန္တိ	ကိ	+	ကုတိ

http://www.dhammadownload.com

သန္ဓိ ပုဒ်စပ် + ပုဒ်ဖြတ်များ

အဘိနန္ဒုန္တိ	အဘိနန္ဒုံ	+	ဣတိ
ဥတ္တတ္တံဝ	ဥတ္တတ္တံ	+	ဣဝ
စက္ကံဝ	စက္ကံ	+	ဣဝ
ကလိန္ဒာနိ	ကလီ	+	ဣဒါနိ
ကိန္ဒာနိ	ကိ	+	ဣဒါနိ
တွံသိ	တွံ	+	အသိ
ဣဒမ္ပိ	ဣဒံ	+	အပိ
ဥတ္တရိမ္ပိ	ဥတ္တရိ	+	အပိ
ဒါတုမ္ပိ	ဒါတုံ	+	အပိ
သဒိသံဝ	သဒိသံ	+	ဝေ

ဝါသဒ္ဒါ ကိ်ရုပ်များ

ကတံ ဣတိ	ကတံ	+	ဣတိ
ကိမိတိ	ကိ	+	ဣတိ
ဒါတုမပိ	ဒါတုံ	+	အပိ
သာမ် ဝေ	သာမ်	+	ဝေ

ဝါသဒ္ဒါအကျိုးပြ ရုပ်များ

အဟ် တ္ထေ	အဟ်	+	တ္ထေ
တေ် အဟောသိ	တေ်	+	အဟောသိ

ဗျဉ္ဇနော ၈ ဝိသညောဂေါ။

ဝေ် သတေ အာသဝါ	ဝေ်	+	အသ တေ အာသဝါ
ပုပ္ပံသာ ဥပ္ပဇ္ဇတိ	ပုပ္ပံ	+	အသာ ဥပ္ပဇ္ဇတိ

လုတ္တေ ကိ်ရုပ်

ဝေမသ	ဝေ် + အသ		

ဆေဒ္ဒါအကျိုးပြ ရုပ်များ

အဂျာဂါရံ	အဂ္ဂိ	+	အာဂါရံ
ဝုတျသ	ဝုတ္တိ	+	အသ

ဂေါ သရေ ပုထသာဂမော ကွစီ။

ပုထဂေဝ	ပုထ	+	ဝေ

ကွစီသဒ္ဒါ ကိ်ရုပ်

ပုထ ဝေ	ပုထ	+	ဝေ

http://www.dhammadownload.com

ပါ'သ စန္ဓော ရသော။

ပဂေဝ ဝုတ္ဟသ	ပါ	+	ဇေ ဝုတ္ဟသ

ကွစိ သဒ္ဒါ ကိ'ရုပ်

ပါ ဇေ	ပါ	+	ဇေ

အဇ္ဇော အဘိ။

	အဘိ	+	အက္ခာနံ
အဇ္ဇက္ခာနံ	အဘိ	+	ဥဂ္ဂတော
အဇ္ဇုဂ္ဂတော	အဘိ	+	သြကာသော
အဇ္ဇောကာသော			

အဇ္ဈော အဓိ။

	အဓိ	+	အဂမာ
အဇ္ဈဂမာ	အဓိ	+	ဥပဂတော
အဇ္ဈုပဂတော	အဓိ	+	သြဂါဟော်တွာ
အဇ္ဈောဂါဟော်တွာ			

တေန ဝါ ဣဝဏ္ဏော။

	အဘိ	+	ဣစ္ဆိတံ
အဘိစ္ဆိတံ	အဓိ	+	ဤရိတံ
အဓီရိတံ			

ဝါသဒ္ဒါ ကိ'ရုပ်

	အဘိ	+	ဤရိတံ
အဘ္ဘီရိတံ	အဓိ	+	ဣဏမုတ္တော
အဓ္ဓိဏမုတ္တော	အဓိ	+	ဣဋ္ဌော
အဓ္ဓိဋ္ဌော			

အတိသ စန္ဒသ။

	အတိ	+	ဣသိဂဏော
အတီသိဂဏော	အတိ	+	ဣတော
အတီတော	အတိ	+	ဤရိတံ
အတီရိတံ	ဣတိ	+	ဣတိ
ဣတီတိ	ဣတိ	+	ဣဒံ
ဣတီဒံ	ပတိ	+	ဣတော
ပတီတော			

ကွစိ ပဒ္ဓိ ပတိသ။

	ပတိ	+	အဂ္ဂိ
ပဒ္ဓဂ္ဂိ	ပတိ	+	ဟညတိ
ပဒ္ဓိဟညတိ			

http://www.dhammadownload.com

ကွစိ သဒ္ဒါ ကိုရုပ်များ

ပစ္စတ္တံ	ပတိ	+	အတ္တံ
ပတိ လီယတိ	ပတိ	+	လီယတိ

ပုထဿု ဗျူနေ။

ပုထုဇ္ဇနော	ပုထ	+	ဇနော
ပုထုဘူတံ	ပုထ	+	ဘူတံ

အန္တသဒ္ဒါအကျိုးပြု ရုပ်များ

မနုညံ	မနော	+	အညံ
ဇဝုမံ	ဇဝံ	+	ဂ္ဂုမံ
ဂ္ဂုတ္တေဝံ	ဂ္ဂုတိ	+	ဇဝံ

ဩ အဝဿ။

ဩကာသော	အဝ	+	ကာသော
ဩနဒ္ဓေါ	အဝ	+	နဒ္ဓေါ
ဩဝဒတိ	အဝ	+	ဝဒတိ
ဩသာနံ	အဝ	+	သာနံ

ကွစိ သဒ္ဒါကိုရုပ်များ

အဝ သာနံ	အဝ	+	သာနံ
အဝ သုဿတု	အဝ	+	သုဿတု

ဗျူနေ ကိုရုပ်များ

အဝယာဂမနံ	အဝ	+	အာဂမနံ
အဝေဂ္ဂတိ	အဝ	+	ဂ္ဂဂ္ဂတိ

အနုပဒိဋ္ဌာနံ ဝုတ္တယောဂတော။

ပယိရုဒါဟာသိ	ပရိယုဒါဟာသိ
အယိရဿ	အရိယဿ
ဗဝါဗာဓော	ဗဟွာဗာဓော
အနဘိနေယျ	နာ အဘိနေယျ
တဒမိနာပိ	တံ + ဂ္ဂမိနာပိ

ပုဒ်စပ် + ပုဒ်ဖြတ်များ ပြီး၏။
သန္ဓိကပ္ပ (သန္ဓိကဏ္ဍ)ပြီး၏။

http://www.dhammadownload.com

၂။ နာမကာဏ္ဍ (နာမကဏ္ဍ)

ပဌမကဏ္ဍ

မေး။ နာမ်, အာချာတ်, ဥပသာရ, နိပါတ်–ဟူသော ပုဒ်(၄)မျိုးတို့တွင် အာချာတ်ပုဒ်ကို ရှေးဦးစွာ မပြဘဲ အဘယ့်ကြောင့် နာမ်ပုဒ်ကို ရှေးဦးစွာပြရပါသနည်း။

ဖြေ။ ပုဒ် ၄–မျိုးတို့တွင် ကြီယာသည် ဒြပ်ကိုမှီရသောကြောင့် ထိုဒြပ်ဟော နာမ်ပုဒ်၏ **ရုပ်ပြီးမုံကို** ပြခြင်းအကျိုးငှါ နာမ်ပုဒ်ကို ရှေ့ဦးစွာပြဆိုရခြင်း ဖြစ်ပါသည်။ (ရူပီ့ ၃၀။)

မေး။ ပုဒ်(၄)မျိုးကို ပုံစံများနှင့်တကွ ဖော်ပြခဲ့ပါ။

ဖြေ။ ၁။ နာမ်ပုဒ် – အသော။
၂။ အာချာတ်ပုဒ် – ဓာဝတိ။
၃။ ဥပသဂ္ဂ (ဥပသာရ)ပုဒ် – အဘိ။
၄။ နိပါတ်ပုဒ် – ခလု။

ပဒံ စတုဇ္ဇိမံ ဝုတ္တံ၊ နာမာချာတောပသဂ္ဂဉ္စ။
နိပါတဉ္စာတိ ဝိညူဟိ၊ အသော ခလွာဘိဓာဝတိ။ (ရူပီ့–၃၀။)

ဆရာမြတ်တို့က ဒုတိယပါဒ၌ ''နာမာချာတောပသဂ္ဂိကံ''၊ (သို့မဟုတ်) **သီဟိဠ်** နိဿယများအတိုင်း ''နာမာချာတောပသဂ္ဂဇံ''ဟု ရှိစေလိုကြပါသည်။

မေး။ အဘယ့်ကြောင့် အဘယ်ကို ''နာမ်''ဟုခေါ်ဆိုရပါသနည်း ဖြေဆိုပါ။

ဖြေ။ အနက်သို့ ရှေးရှုညွှတ်တတ်သောကြောင့်လည်းကောင်း၊ မိမိသို့ အနက်တို့ကို ညွှတ်စေတတ်သောကြောင့်လည်းကောင်း ဒြပ်ဟောပုဒ်ကို ''နာမ်''ဟုခေါ် ဆိုရပါသည်။

ဝိဂ္ဂဟ– အတ္ထာဘိမုခံ နမတီတိ နာမံ။ (ဝဒန္တအလို)။
အတ္တနိ အတ္ထေ နာမေတီတိ နာမံ။ (သုဏန္တအလို)။

မေး။ နာမ် ၂–မျိုး၊ ၃–မျိုး၊ ၄–မျိုး၊ ၈–မျိုးတို့ကို သက်ဆိုင်ရာပုံစံများနှင့်တကွ အသီးသီး သရုပ်ထုတ် ဖြေဆိုပါ။

ဖြေ။ **နာမ် ၂–မျိုး** – ၁။ အန္ဓတ္ထနာမ် = ပုရိသော။
၂။ ရူဠှိနာမ် = တိဿော၊ သိရိဝမော။
နာမ် ၃–မျိုး – ၁။ ပုလ္လိင်နာမ် = ရုက္ခော။
၂။ ကုတ္ထိလိင်နာမ် = မာလာ။
၃။ နပုလ္လိင်နာမ် = ဓနံ။
နာမ် ၄–မျိုး – ၁။ သာမညနာမ် = ရုက္ခော။
၂။ ဂုဏနာမ် = နီလော။
၃။ ကြိယာနာမ် = ပါစကော။
၄။ ယဒိစ္ဆာနာမ် = သိရိဝမော။
နာမ် ၈–မျိုး – ၁။ အကာရန္တနာမ် = ပုရိသ။

http://www.dhammadownload.com

၂။ အာကာရန္တနာမ် = သာ။
၃။ ဣကာရန္တနာမ် = အဂ္ဂိ။
၄။ ဤကာရန္တနာမ် = ဒဏ္ဍီ။
၅။ ဥကာရန္တနာမ် = ဘိက္ခု။
၆။ ဦကာရန္တနာမ် = အဘိဘူ။
၇။ ဩကာရန္တနာမ် = ဂေါ၊ သုတနော။
၈။ နိဂ္ဂဟိတန္တနာမ် = ကိံ၊ ဣဒံ။

မှတ်ချက်။ ။ အကာရန္တနာမ်စသော ၈-မျိုးကို ပကတိဘေဒအားဖြင့် ပြားသော နာမ် ၈-မျိုး ဟု သိပါ။

အန္ဓတ္ထနာမ်နှင့် ရုဠိနာမ် - ''အတ္ထံ အနုဂတံ အန္ဓတ္ထံ''ဟူသော ဝစနတ္ထနှင့်အညီ အနက်သို့ အစဉ်လိုက်သော (ဝိဂြိုဟ်ဝါကျလုပ်၍ ရကောင်းသော, ထိုဝိဂြိုဟ်၏ အနက်နှင့် လည်း လိုက်လျောသော) နာမ်ဟူသမျှသည် ''အန္ဓတ္ထနာမ်'' မည်ပါသည်။

ဝိဂြိုဟ်ဝါကျ လုပ်၍ မရသော နာမ်သည်လည်းကောင်း၊ ဝိဂြိုဟ်ဝါကျ လုပ်၍ရသော်လည်း ထိုဝိဂြိုဟ်၏အနက်နှင့် မလိုက်လျောသော (ထိုဝိဂြိုဟ်အနက်အတိုင်း မမှန်ကန်သော) နာမ်သည်လည်းကောင်း ''ရုဠိနာမ်'' မည်ပါသည်။ တိသော-သည် ဝိဂြိုဟ်ဝါကျ လုပ်၍ မရသော ရုဠိနာမ်ဖြစ်၍၊ သိရိဝဗော-ကား ဝိဂြိုဟ်ဝါကျ လုပ်၍ရသော်လည်း ထို အနက်နှင့် မလိုက်လျောသောနာမ် ဖြစ်သည်-ဟု မှတ်ပါ။

၅၂။ ဇိနဝစနယုတ္တံ ဟိ။ (၄၁)

မေး။ ဇိနဝစနယုတ္တံ-ပုဒ်ကို ဝစနတ္ထပြု၍၊ အရလည်း ကောက်ပြခဲ့ပါ။

ဖြေ။ ပဥမာရေ ဇိတဝါတိ ဇိနော၊ မြတ်စွာဘုရားကိုရ၏။
ဇိနဿ ဝစနံ ဇိနဝစနံ၊ မြတ်စွာဘုရားဟောကြားတော်မူအပ်သည့် ပိဋကတ်သုံးပုံ ဟူသော မဂဓတိုင်းသားတို့ ဥစ္စာ သဘာဝနိရုတ္တိကို ရ၏။
ဇိနဝစနဿ ယုတ္တံ ဇိနဝစနယုတ္တံ၊ ထိုသဘာဝနိရုတ္တိအားလျော်သော သုတ်, ဝုတ္တိ, ဥဒါဟရုဏ် အလုံးစုံကို ရ၏။

သိမှတ်ဖွယ်။ ။ ဇိနဝစန = တေပိဋက = ဗုဒ္ဓဝစန = မာဂဓိက = သဘာဝနိရုတ္တိ = အဝိပရီတနိရုတ္တိ = ယာထာဝနိရုတ္တိ = မာဂဓီ = မာဂဓဘာသာ = မူလဘာသာ - ဟူသည်တို့ကို အတူတူဟုမှတ်ပါ။

မေး။ မူလဘာသာဖြစ်သော မာဂဓီဘာသာကို ပြောဆိုသောပုဂ္ဂိုလ်များကို ဖော်ပြပါ။

ဖြေ။ ကမ္ဘာဦးလူများ၊ ဗြဟ္မာများ၊ လူစကားသံကို မကြားဖူးသေးသောပုဂ္ဂိုလ်များနှင့် ဘုရားရှင်တို့ ဖြစ်ပါသည်။

ဂါထာ - သာ မာဂဓီ မူလဘာသာ၊ နရာ ယာယာဒိကပ္ပိကာ။
ဗြဟ္မာနော စာသုတာလာပါ၊ သမ္ဗုဒ္ဓါစာပိ ဘာသရေ။

မေး။ အဓိကာရသုတ် ၃-မျိုးကို ဖော်ပြပါ။

http://www.dhammadownload.com

ဖြေ။ ၁။ သီဟဂတိက အဓိကာရသုတ်
၂။ မဏ္ဍူကဂတိက အဓိကာရသုတ်
၃။ ယထာနုပုဗ္ဗိက အဓိကာရသုတ်တို့ ဖြစ်ပါသည်။

မေး။ ဇိနဝစနယုတ္တံ ဟိ–သုတ်သည် အဓိကာရသုတ် ၃–မျိုးတို့တွင် အဘယ်အဓိကာရ သုတ် ဖြစ်ပါသနည်း၊ အကြောင်းပြကာ ဖြေဆိုပါ။

ဖြေ။ ဇိနဝစနယုတ္တံ ဟိ–သုတ်သည် ခြေသုံ့ကဲ့သို့ ရှေ့နောက်ကိုကြည့်သောကြောင့် (ရှေ့နောက်လိုက်သောကြောင့်) သီဟဂတိက အဓိကာရသုတ်ဖြစ်ပါသည်။
(တစ်နည်း) အစဉ်အတိုင်းလိုက်သောကြောင့် ယထာနုပုဗ္ဗိက အဓိကာရသုတ်ဖြစ်ပါသည်။

မေး။ ဇိနဝစနယုတ္တံ ဟိ–သုတ်ကို နာမ်ကျမ်းအစဉ် ဆိုထားသောကြောင့် သန္ဓိကျမ်းလာ စကား ရပ်တို့သည် ဘုရားဟောဖော် ပါဠိတော်နှင့် မလျော်–ဟု မှတ်ရပါမည်လော? ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ ဤဇိနဝစနယုတ္တံ ဟိ–သုတ်သည် ရှေ့နောက်လိုက်သော သီဟဂတိက အဓိကာရသုတ် ဖြစ်သောကြောင့် သန္ဓိကျမ်းလာ စကားရပ်တို့သည်လည်း ဘုရားဟောဖော် ပါဠိတော်နှင့် လျော်သည်သာဟု မှတ်ရပါမည်။

၅၃။ ၆၁။ လိင်္ဂ နိပ္ပန္နတော။ (၄၂)

မေး။ လိင်္ဂ နိပ္ပန္နတော–သုတ်ကို အဘယ်အကျိုးငှါ တည်ရပါသနည်း? ယင်းသုတ်ကို တည် ရခြင်း၏ အကျိုးကို ဖော်ပြပါ။

ဖြေ။ သက္ကတနှင့် မတူသည်ကိုပြ၍ ဘုရားဟောပါဠိတော်အား လျော်သည်၏အစွမ်းဖြင့် ပကတိရုပ်ကို၊ တည်ထားခြင်းအကျိုးငှါ ''လိင်္ဂ နိပ္ပန္နတော''သုတ်ကို တည်ထားရခြင်း ဖြစ်ပါသည်။

မေး။ ''လိင်''ဟူသည် အဘယ်နည်း ဖြေဆိုပါ။

ဖြေ။ ''လိင်''ဟူသည် ပါဠိပဒိက (= ပုဒ်တိုင်းပုဒ်တိုင်း၌ ပါဝင်နိုင်သောသဒ္ဒါ) ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ ''ပါဠိပဒိက'' ဟူသော ရှေ့ဦးစွာတည်ထားအပ်သော ''ပုရိသ''ကဲ့သို့ သော ပကတိရုပ် ဖြစ်၏။ ထိုပုရိသ–သဒ္ဒါသည် ပုရိသော, ပုရိသာ, ပုရိသံ, ပုရိသေ–စသည်ဖြင့် ဝိဘတ္တန္တပုဒ်တိုင်း၌ ပါဝင်နိုင်သည်။

မေး။ လိင်္ဂ နိပ္ပန္နတော–သုတ်နှင့်စပ်၍ သိအပ်သိထိုက်သော လိင် ၂–မျိုးကို ဖော်ပြ၍၊ ဤသုတ်၌ လိင်္ဂ–အရ ယူရမည့်လိင်ကိုလည်း ဖော်ပြပါ။

ဖြေ။ လိင် ၂–မျိုးကား နိပ္ပန္နလိင်, အနိပ္ပန္နလိင်တို့ ဖြစ်ပါသည်။
ဤသုတ်၌ လိင်္ဂ–အရ ယူရမည့်လိင်မှာ အနိပ္ပန္နလိင် ဖြစ်ပါသည်။

မေး။ လိင်္ဂ နိပ္ပန္နတော–သုတ်ကို ရူပသိဒ္ဓိ အလိုကျအနက်မှန်ကန်စွာပေးပြခဲ့ပါ။

ဖြေ။ ယထာ ယထာ၊ အကြင်ကြင်သို့သော အခြင်းအရာအားဖြင့်။ နိပ္ဖာဒီယမာနေ၊ ပြီးစေအပ်

http://www.dhammadownload.com

သည်ရှိသော်။ ဝါ–တည်ထားအပ်သည်ရှိသော်။ ဇိနဝစနယုတ္တံ ဟိ=ဇိနဝစနယုတ္တံ ဝေ၊ မြတ်စွာဘုရားပါဠိတော်အားလျော်သည်သာလျှင်ဖြစ်သော။ လိင်္ဂံ လိင်သည်။ ဟောတိ၊ ဖြစ်၏။ တထာ တထာ၊ ထိုထိုသို့သောအခြင်းအရာအားဖြင့်။ ဣဓ၊ ဤကစ္စည်းကျမ်း၌။ လိင်္ဂံဉ္စ၊ လိင်ကိုလည်း။ နိပ္ပဇ္ဇတေ၊ ပြီးစေအပ်၏။ ဝါ–တည်ထားအပ်၏။

(တစ်နည်း) လိင်္ဂံဉ္စ၊ လိင်ကိုလည်းကောင်း၊ ဓာတု စ၊ ဓာတ်ကိုလည်းကောင်း။ နိပ္ပဇ္ဇတေ၊ ပြီးစေအပ်၏။ ဝါ–တည်ထားအပ်၏။

၅၄၊ ၆၂။ တတော စ ဝိဘတ္တိယော။ (၄၂)

မေး။ တတော စ ဝိဘတ္တိယော–သုတ်၌ စ–သဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ စ–သဒ္ဒါသည် တဝေ, တုန စသောပစ္စည်းအဆုံးရှိသော နိပါတ်ပုဒ်တို့ကို ဆည်းခြင်းအဝုတ္တသမုစ္စည်းအနက်ရှိပါသည်။ (ထိုနိပါတ်ပုဒ်တို့နောင် ဤသုတ်ပါ စ–သဒ္ဒါဖြင့် ဝိဘတ်သက်ရမည်–ဟူလို။)

မေး။ ဝိဘတ္တိယော–ပုဒ်ကို ဝစနတ္ထပြု၍၊ အဓိပ္ပါယ်ကိုလည်း ရေးပြပါ။ (အဘယ့်ကြောင့် ''ဝိဘတ်''ခေါ်ပါသနည်း ဖြေဆိုပါ။)

ဖြေ။ ကမ္မာဒိဝသေန ကေတ္တာဒိသေန စ လိင်္ဂံတ္ထံ ဝိဘဇန္တီတိ ဝိဘတ္တိယော။
ကံအစရှိသည်တို့၏ အစွမ်းဖြင့်လည်းကောင်း၊ ကေဝုစ်–အစရှိသည်တို့၏ အစွမ်းဖြင့်လည်းကောင်း ပုရိသ–စသောလိင်္ဂ၏အနက်ကို ဝေဖန်တတ်ကြသောကြောင့် သိ, ယော, အံ, ယော–စသည်တို့ကို ''ဝိဘတ်''ဟု ခေါ်ဆိုရပါသည်။

၅၅၊ ၆၃။ သိ, ယော၊ အံ, ယော၊ နာ , ဟိ၊ သ, နံ၊ သ္မာ, ဟိ၊ သ, နံ၊ သ္မိံ, သု။ (၄၂)

မေး။ သိ, ယော၊ အံ, ယော–စသောသုတ်သည် သုတ်(၄)မျိုးတို့တွင် အဘယ်သုတ် ဖြစ်ပါသနည်း အကြောင်းပြ ဖြေဆိုပါ။

ဖြေ။ ဝုတ္တိ၌ ''ဝိဘတ္တိက္ကစ္စနေန ကတ္ထော၊ အမှသ မမံ သဝိဘတ္တိသ သေ'' ဟုဆိုသောကြောင့် ဤသုတ်သည် သုတ်(၄)မျိုးတို့တွင် သညာသုတ် ဖြစ်ပါသည်။

မေး။ ဤသုတ်ကို ''သညာသုတ်မဟုတ်၊ ဝိဘတ်သရုပ်ကို ပြသောသုတ်''ဟု ယူခဲ့သော် အဘယ်ကဲ့သို့ ပြုသင့်ပါသနည်း။

ဖြေ။ ယင်းသို့ယူခဲ့သော် ရှေ့ဖြစ်သော တတော စ ဝိဘတ္တိယော–သုတ်နှင့် တစ်သုတ်တည်း ပြုသင့် တည်သင့်ပါသည်။

မေး။ ''ပဌမာ''စသောအမည်, ''ကေဝုစ်''စသောအမည်သည် အနွတ္ထသညာ, ရဋ္ဌိသညာတို့တွင် အဘယ်သညာဖြစ်၍၊ သကသမညာ, ပရသမညာတို့တွင် အဘယ်သမညာ ဖြစ်ပါသနည်း ဖြေဆိုပါ။

ဖြေ။ ''ပဌမာ''စသောအမည်, ''ကေဝုစ်''စသောအမည်သည် အနွတ္ထသညာ, ရဋ္ဌိသညာတို့တွင် အနွတ္ထသညာဖြစ်၍၊ သကသမညာ, ပရသမညာတို့တွင် ပရသမညာ ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ ကေဝစနံ ဗဟုဝစနံ, ဒုတိယာ–ဟူသော ပုဒ်တို့ကို ဝစနတ္ထပြု၍ အဓိပ္ပါယ်လည်း ရေးပြပါ။

ဖြေ။ ကေသ ဝစနံ ကေဝစနံ။ တစ်ခုသောအနက်ကို ဟောသောဝိဘတ်သည် ''ကေဝစန = ကေဝုစ်''မည်ပါသည်။

ဗဟူနံ ဝစနံ ဗဟူဝစန။။ များသောအနက်ကိုဟောသော ဝိဘတ်သည် ''ဗဟုဝစန = ဗဟုဝုစ်''မည်ပါသည်။

ဒွိန္ဒံ ပူရဏီ ဒုတိယာ။ နှစ်သွယ်တို့၏ ပြည့်ကြောင်းဖြစ်သော ဝိဘတ်သည် ''ဒုတိယာ ဝိဘတ်''မည်ပါသည်။

မေး။ ပဌမာ စသောအမည်, ကေဝုစ်စသောအမည်သည် အနွတ္ထ, ပရသမညာ၏အစွမ်း ဖြင့် မပြီးပဲ ဧျာသ၌ကဲ့သို့ ''တတော စ ဝိဘတ္တိယော''သုတ်ပါ စသဒ္ဒါဖြင့် မှည့်ရသည်ဆိုလျှင် ဖြစ်သောအပြစ်ကို ဖော်ပြပါ။

ဖြေ။ အရာမဟုတ်သော, အကျိုးမရှိသော အစီအရင်၏ ကပ်ငြိပါဝင်ခြင်း (အရာမဟုတ် သည်၌ စီရင်သော အကျိုးမရှိသော အစီအရင်၏ ကပ်ငြိပါဝင်ခြင်း)ဟူသော အပြစ် ဖြစ်ပါသည်။

၅၆၊ ၆၄။ တဒနုပရောဓေန။ (၄၃)

မေး။ ဤ ပရိဘာသာသုတ်ကို အဘယ်အကျိုးငှါ မိန့်ဆိုရပါသနည်း ဖြေဆိုပါ။

ဖြေ။ ဤကစ္စည်းကျမ်း၌ ပုဒ်ကိုပြီးစေခြင်းသည်လည်း မြတ်စွာဘုရားပါဠိတော်အား မဆန့်ကျင်သဖြင့်ဖြစ်၏–ဟု သိစေခြင်းအကျိုးငှါ ဤပရိဘာသာသုတ်ကို မိန့်ဆိုခြင်းဖြစ်ပါသည်။

မေး။ လိင်္ဂ နိပ္ပဇ္ဇတေ–သုတ်မှ ဤသုတ်သို့လိုက်လာသော စ–သဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ လိုက်လာသောစ–သဒ္ဒါသည် အာချာတ်ကိုဆည်းခြင်း အဝုတ္တသမုစ္စည်းအနက် ရှိပါသည်။

မေး။ တဒနုပရောဓေန–ဟု ပရိဘာသာပြုခြင်းကြောင့် (ဤသုတ်ထပ်တည်ခြင်းကြောင့်) ရရှိအပ်သောအကျိုးကို ဖော်ပြပါ။

ဖြေ။ ထိုသို့ပရိဘာသာပြုခြင်းကြောင့် (ဤသုတ်ကို ထပ်တည်ခြင်းကြောင့်) ဤနာမ်ကျမ်း၌ လည်းကောင်း, အာချာတ်ကျမ်း၌လည်းကောင်း ဒွိဝုစ်ကိုမယူရခြင်း၊ သက္ကတနှင့် မတူသောအားဖြင့် ဝိဘတ်, ပစ္စည်းစသည်ကို စီရင်ရခြင်းဟူသော အကျိုးကို ရပါသည်။

မေး။ လိင်္ဂ နိပ္ပဇ္ဇတေ–သုတ်နှင့် တဒနုပရောဓေန–သုတ်တို့၏ ထူးခြားချက်ကို ဖော်ပြပါ။

ဖြေ။ လိင်္ဂ နိပ္ပဇ္ဇတေ–သုတ်သည် မမြစ်မူ၍ ပရိဘာသာပြု၏။ တဒနုပရောဓေန–သုတ်ကား မြစ်၍ ပရိဘာသာပြု၏။ ဤသို့ ထူးပါသည်။

၅၈၊ ၂၉။ ဣဝဏ္ဏုဝဏ္ဏာ ဈလာ။ (၁၇)

မေး။ ဤသုတ်၌ ဝဏ္ဏ–သဒ္ဒါထည့်ဆိုရကျိုးကို ဖော်ပြပါ။

ဖြေ။ ဝဏ္ဏသဒ္ဒါထည့်ဆိုသဖြင့် ဣ–နှင့် သဝဏ္ဏဖြစ်သော ဤ၊ ဥ–နှင့် သဝဏ္ဏဖြစ်သော ဦ–တို့ကို ယူရခြင်းအကျိုးရှိပါသည်။

မေး။ ဈလသညာနှင့် ပသညာတို့၏ အထူးကို ဖြေဆိုပါ။

http://www.dhammadownload.com

ဖြေ။ စျလသညာကို ကုဗ္ဗန္ဓိ-စသော အာချာတ်၌လည်းကောင်း၊ ကုဗ္ဗန္ဓော, ပုလ္လိင်-စသော ပုလ္လိင်၏အလယ်၌လည်းကောင်း၊ အဂ္ဂိ, အဒ္ဒိ-စသော ပုလ္လိင်, နပုလ္လိင် နှစ်လိင်တို့၏ အဆုံးဆို့၌လည်းကောင်းမှည့်ရ၏။

ပသညာကိုကား ရတ္တိ, ကုတ္ထိ, ယာဂု, ဝဓူ-စသော ကုတ္ထိလိင်၏ အဆုံး၌ သာမှည့်ရ၏။ ဤသို့ထူးပါသည်။

၅၉၊ ၁၂၈။ တေ ကုတ္ထိချာ ပေါ။ (၈၄)

မေး။ ကုတ္ထိချာ-ပုဒ်ကို ရှုပသိဒ္ဓိအလိုက္ခ ဝစနတ္ထပြု၍၊ အရကောက်လည်း ကောက်ပြပါ။

ဖြေ။ ကုတ္ထိယာ အာချာ ကုတ္ထိချာ။ ကုတ္ထိလိင်၏အမည်ဖြစ်သော ကုဝဏ်, ဥဝဏ်တို့ကို ရပါသည်။

မေး။ တေ ကုတ္ထိချာ ပေါ-သုတ်ကို ရှုပသိဒ္ဓိအလိုက္ခ အနက်ဟောဖွင့်ပြပါ။

ဖြေ။ လိင်္ဂသန္တာ၊ လိင်၏အဆုံးဖြစ်ကုန်သော။ တေ၊ ထိုကုဝဏ်, ဥဝဏ်တို့သည်။ ယဒါ၊ အကြင်အခါ၌။ ကုတ္ထိချာ၊ ကုတ္ထိလိင်၏ အမည်ဖြစ်ကုန်၏။ တဒါ၊ ထိုအခါ၌။ ပေါ၊ ပ-မည်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

မေး။ တေ ကုတ္ထိချာ ပေါ-သုတ်ဖြင့် အဘယ်ကုဝဏ်, ဥဝဏ်တို့.ကိုသာ ပ-အမည်မှည့်ရပါမည်နည်း။

ဖြေ။ လိင်၏အဆုံးဖြစ်သော ကုဝဏ်, ဥဝဏ်၊ ပုဒ်၏အဆုံးဖြစ်သော ကုဝဏ်, ဥဝဏ်(၂)မျိုးတို့တွင် ဤသုတ်ဖြင့် လိင်၏အဆုံးဖြစ်သော ကုဝဏ်, ဥဝဏ်ကိုသာ ပ-အမည်မှည့်ရပါမည်။

၆၀၊ ၁၇၇။ အာယော။ (၈၁)

မေး။ အာ ယော-သုတ်၌ အာ-အရကို ဖော်ပြပါ။

ဖြေ။ လိင်၏အဆုံးဖြစ်သော အာ-အက္ခရာကို ယူရပါမည်။

၆၁၊ ၈၆။ သာဂမော သေ။ (၄၉)

မေး။ သာဂမော သေ-သုတ်ဖြင့် သ-လာရာလိင်ကို သက်ဆိုင်ရာပုံစံများနှင့်တကွ ဖော်ပြပါ။

ဖြေ။ ကုတ္ထိလိင်, ပုလ္လိင်, နပုလ္လိင်-ဟူသော လိင် ၃-ပါးလုံးနောင် လာပါသည်။

ပုရိသသ - ပုလ္လိင်။
စိတ္တသ - နပုလ္လိင်။
ဝိဘတ္တိသ - ကုတ္ထိလိင်။

၆၂၊ ၂၀၆။ သံသာသ္မေကဝစနေသု စ။ (၉၉)

မေး။ သံအပြု, သာအပြုတို့သည် ကေဝစန မဟုတ်ပါဘဲလျက် အဘယ့်ကြောင့် ''သံသာ-

http://www.dhammadownload.com

သွေကဝစနေသု စ''ဟုရှင်မဟာကစ္စည်းဆရာ သုတ်တည်ရပါသနည်း။

ဖြေ။ သံအပြု, သာအပြုတို့သည် ကေဝစနမဟုတ်သော်လည်း ကေဝစနဖြစ်သော သို့, သ ဝိဘတ်တို့၏ အရာ၌တည်သောကြောင့် ''သံသာသွေကဝစနေသု စ''ဟု အရှင်မဟာ ကစ္စည်းဆရာ သုတ်တည်ရခြင်း ဖြစ်ပါသည်။

မေး။ သံသာသွေကဝစနေသု စ-သုတ်ကို မုချတ္ထ, ဥပစာရတ္ထထင်ရှားအောင် အနက်ပေး ပြပါ။

ဖြေ။ ကေဝစနေသု၊ ကေဝုစ်ဖြစ်ကုန်သော (ဥပစာရတ္ထ)။ ဝါ-ကေဝုစ်အရာ၌ ဖြစ်ကုန် သော (မုချတ္ထ)။ သံသာသု စ၊ သံအပြု, သာအပြုတို့ကြောင့်လည်း။ သာဂမော၊ သ-၏ လာခြင်းသည်။ ဟောတိ၊ ဖြစ်၏။

သိမှတ်ဖွယ်။ ။ ''ကေဝစနေသု''သည် ဌာနအကြောင်းဖြစ်သော သို့, သဝိဘတ် တို့၏အမည်ကို ဌာနီအကျိုးဖြစ်သော သံ, သာ အပြုတို့၌ တင်စား၍ဆိုထားသောကြောင့် ဌာနူပစာ, ကာရဏူပစာစကားတည်း။ ဘူတပုဗ္ဗဂတိကနည်း-ဟု မှတ်ပါ။

၆၃၊ ၂၁၇။ ဧတိမာသမိ။ (၁၀၄)

မေး။ ''ဧတိမာသံ''၌ ဆဋ္ဌီဝိဘတ်သည် အဘယ်ဆဋ္ဌီမျိုး ဖြစ်ပါသနည်း။

ဖြေ။ ''ဧတိမာသံ''၌ ဆဋ္ဌီဝိဘတ်သည် အန္တသဒ္ဒါကိုင်သော အန္တာပေက္ခဆဋ္ဌီမျိုး ဖြစ်ပါသည်။

မေး။ ဧတိဿာယ ဣမိဿာယ-ပုံစံတို့၌ တော, ဣမာသဒ္ဒါတို့၏ အဆုံးဖြစ်သောအာ-ကို အဘယ်သုတ်ဖြင့် ဣ-ပြုရမိမည်နည်း။

ဖြေ။ ဿာယ-အပြုသည် ဿာ-အပြုနှင့် အလားတူသောကြောင့် ဿာယ-အပြုနှောင်းရာ ၌လည်း တော, ဣမာသဒ္ဒါတို့၏ အဆုံးဖြစ်သော အာ-ကို ဧတိမာသမိ-သုတ်ဖြင့်ပင် ဣ-ပြုရပါမည်။

မေး။ ဧတိမာသမိ-သုတ်သို့ လိုက်လာသော စ-သဒ္ဒါ၏အကျိုးကို ရေးပါ။

ဖြေ။ စသဒ္ဒါလိုက်လာခြင်းကြောင့် အညာ, ကောအစရှိသော သဒ္ဒါတို့၏ အဆုံးဖြစ်သော အာ-ကိုလည်း ဣ-ပြုရခြင်း အကျိုးရှိပါသည်။

မေး။ ဧတိမာသမိ-သုတ်ဖြင့် အာ-ကို ဣ-ပြုရသောပုဒ်ပေါင်း မည်မျှရှိပါသနည်း? ဖော်ပြပါ။

ဖြေ။ တော, ဣမာ, အညာ, ကော, ဣတရာ, အညတရာ, အညတမာ, ကတရိဿာ, ကတမိဿာ-ဟု ၉-ပုဒ် ရှိပါသည်။

(ဆောင်) တေ'မေ'ကာ၊ ပုဒ်အညာနှင့်၊ တဖြာအည၊ ကိမိမမှ၊ တရ, တရော၊ ပုဒ်ကိုနှော၊ မှတ်လော ကိုးပုဒ်တည်း။ (စည်ရှင်)

၆၇၊ ၂၂၉။ နော စ ဒွါဒိတော နံမှိ။ (၁၁၀)

မေး။ နော စ ဒွါဒိတော နံမှိ-သုတ်ပါ စ-သဒ္ဒါ၏အနက်ကို ပြည့်စုံစွာ ဖော်ပြပါ။

ဖြေ။ ဒွါဒိတော-နောင်ထိုင်သော စ-သဒ္ဒါသည် ဂု-အပြုစသည်ကို ဆည်းခြင်း သမုစ္စည်း

http://www.dhammadownload.com

အနက်ရှိပါသည်။

နော-နောင်ထိုင်သော စ-သဒ္ဒါကား တိဿန္ဒံ, စတဿန္ဒံ-စသောပြယုဂ်တို့၌ ဣတ္ထိလိင်ဝယ် တိ, စတုသချာ်သဒ္ဒါတို့နောင်ဿံ-လာခြင်းကို ဆည်းခြင်း သမုစ္စည်းအနက်ရှိပါသည်။

သာဓက - ''သု ဟိ နာသု စာ''တိ ဇတ္တေ စသဒ္ဒေန နံမှိ ဂုအာဒေသော၊ ''နော စ ဒွါဒိတော နံမှိ'' တိ သုတ္တေ စသဒ္ဒေန နကာရာဂမော စ။ (ရူ၊ ၈၀)

မေး။ နော စ ဒွါဒိတော နံမှိ-သုတ်၌ စသဒ္ဒါဖြင့် ဿံ-လာသလော? ဿဒွေးဘော်နှင့်တကွ န-အက္ခရာ လာသလော? ရူပသိဒ္ဓိဆရာအလိုကျ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ စသဒ္ဒဂ္ဂဏေန ဣတ္ထိယံ တိ, စတုသဒ္ဒတော **ဿဥာဂမော** (ဿံ + စ + အာဂမော) နံမှိ ဝိဘတ္တိမှိ။ (ရူ၊ ၁၁၀-၁။)

ဣတ္ထိယံ-တိဿော ဣတ္ထိယော၊ တိဿော၊ တီဟိ, တီဘိ၊ နံမှိ ဿဥာဂမော၊ တိဿန္ဒံ၊ **ဿံဗျဝဓာနတော** ဣဏ္ဍာဘာဝေါ။

အထက်ပါ သာဓကပါဌ်များကိုထောက်၍ ''ဿဒွေးဘော်နှင့် တကွ နအက္ခရာ လာ'' ဟူသော ရှေးက ရေးသားချက်မှာ ရူပသိဒ္ဓိအလို မကျပါ။ (မျဉ်းသားထားသော စကားရပ်ကို သတိပြု။)

မေး။ စတဿန္ဒံ-ကို ရုပ် ၄-နည်း တွက်ပြခဲ့ပါ။

ဖြေ။ (၁) စတု-သချာ်သဒ္ဒါတည်၊ နံဝိဘတ်သက်၊ နော စ ဒွါဒိတော နံမှိ-သုတ်၌ ပါသော စသဒ္ဒါဖြင့် နောက်နံဝိဘတ်ကြောင့် စတု-သချာ်သဒ္ဒါနောင် ဿံ-လာ (စတုဿံနံ)၊ တ် ခွင်း ဥ-ကြွင်း၊ တေသု ဝုဒ္ဓိသုတ်ကြီးဖြင့် ဥ-ကို အ-ပြု၊ တ် အ-သို့ကပ်၊ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ-သုတ်ဖြင့် နောက်နံဝိဘတ်နှောင်းသောကြောင့် ရှေ့ ဿ-ထက်၌ရှိသော နိဂ္ဂဟိတ်ကို တဝဂ္ဂန္တ နှ-ပြု၊ နှ နံ-သို့ကပ်၊ ပြီး၏။ (ရူ-အလို။)

(၂) စတု+နံ၊ နော စ ဒွါဒိတော နံမှိ-သုတ်၌ ပါသော စသဒ္ဒါဖြင့် နောက်နံဝိဘတ်ကြောင့် စတု-သချာ်သဒ္ဒါနောင် ဿ-ဒွေးဘော်နှင့်တကွ နှ-အက္ခရာလာ (စတုဿန်နံ)၊ တေသု ဝုဒ္ဓိသုတ်ကြီးဖြင့် တု-၌ ဥ-ကို အ-ပြု၊ နှ နံ-သို့ကပ်၊ ပြီး၏။ (ကစ္စည်းအဖွင့် ချာသအလို)။

(၃) စတု+နံ၊ နော စ ဒွါဒိတော နံမှိ-သုတ်၌ ပါသော စသဒ္ဒါဖြင့် နောက်နံဝိဘတ်ကြောင့် စတု-သချာ်သဒ္ဒါနောင် ဿ-ဒွေးဘော်နှင့်တကွ နှ-အက္ခရာလာ (စတုဿန်နံ)၊ လောပဥ္စ တတြာကာရော-သုတ်ဖြင့် တု-၌ ဥ-သရကိုချေ, ထိုကျေရာ၌ အ-အက္ခရာ လာ၊ နှ နံ-သို့ကပ်၊ ပြီး၏။ (၄င်း။)

(၄) စတု+နံ၊ ပဥ္စာဒီနမတ္တံ-သုတ်၌ အတ္တံ-ဟူသော ဘာဝနိဒ္ဒေသဖြင့် ဿ-လာ၊ စတု သချာ်သဒ္ဒါ၏ အဆုံး ဥ-ကိုလည်း အ-ပြု (စတဿနံ)၊ နော စ ဒွါဒိတော နံမှိ-သုတ်ဖြင့် နှ-အက္ခရာလာ၊ ပြီး၏။ (ကစ္စည်းအလို။)

မှတ်ချက်။ ။ ရူပသိဒ္ဓိအလို တစ်နည်းသာ ဖြစ်၍၊ ကစ္စည်း, ချာသတို့အလို ၃-နည်း ဖြစ်သည်-ဟု ခွဲခြားမှတ်သားပါ။

၆၈၊ ၁၈၄။ အမာ ပတော သို့ သ္စာနံ ဝါ။ (၈၄)

မေး။ ဤသုတ်၌ ပတော-အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

http://www.dhammadownload.com

ဖြေ။ ဝါသဒ္ဒါ ဝဝတ္ထိတဝိဘာသာအနက်ရှိသောကြောင့် ဥဝဏ်နောင်သို့, သဝိဘတ်တို့၏ အံ, အာအပြုမဖြစ်နိုင်ရကား ပတော-အရ ဣဝဏ်ကိုသာ ယူရပါမည်။

မေး။ အမာ ပတော သို့သွာနံ ဝါ-သုတ်၌ ဝါသဒ္ဒါဖြင့် ပြအပ်သော ဝိဓိ ၂-မျိုးကို ရေးပြပါ။

ဖြေ။ ပ-မည်သောဥဝဏ်နောင် သို့, သဝိဘတ်တို့ကို အံ, အာ လုံးဝမပြုရခြင်းသည် အသန္တဝိဓိ၊ ဣဝဏ်နောင်ပြယုဂ်အားလျော်စွာ ပြုရခြင်းသည် အနိစ္စဝိဓိ ဖြစ်ပါသည်။

မေး။ အမာ ပတော သို့သွာနံ ဝါ-သုတ်၌"အာပတော"ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂ၏ အကျိုးကို ရေးသားဖြေဆိုပါ။

ဖြေ။ ထိုယောဂ ဝိဘာဂဖြင့် ဇစ္စာ, ပထဗျာ-စသောပြယုဂ်တို့၌ နာဝိဘတ်,သ ဝိဘတ်တို့ကိုလည်း အာ-ပြုရခြင်း အကျိုးရှိပါသည်။ (ရူ၊ ၈၇)

ပုံစံ – နဇစ္စာ ဝသလော ဟောတိ၊ ပထဗျာ ဧကရဇ္ဇေန။

၆၉၊ ၁၀၆။ အာဒိတော ဩ စ။ (၈၅)

မေး။ ဤသုတ်၌ စ-သဒ္ဒါ၏အကျိုးကို ရေးပြပါ။

ဖြေ။ စ-သဒ္ဒါဖြင့် အာဒိသဒ္ဒါမှ တပါးသော သဒ္ဒါတို့နောင်လည်း သို့-ဝိဘတ်ကို အာ, အံ, ဩပြုရခြင်း အကျိုးရှိပါသည်။

ပုံစံ – ရတျာ၊ ရတ္တိ၊ ရတ္တော။

၇၁၊ ၅၀၅။ ယဝကာရာ စ။ (၃၀၃)

မေး။ "ဝမောဒုဒန္တာနံ" သုတ်နှင့် ဤ "ယဝကာရာ စ"သုတ်တို့၏ အစီအရင်ချင်း ထူးခြားပုံကို ရေးသားဖြေဆိုပါ။

ဖြေ။ "ဝမောဒုဒန္တာနံ" သုတ်က ပုဒ်အဆုံးဖြစ်သော ဥ-ကို ဝ-ပြု၍ ဤ"ယဝကာရာ စ"သုတ်က ပုဒ်အဆုံးမဟုတ်သော ဥ-ကို ဝ-ပြု၏။ ဤသို့ထူးခြားပါသည်။

ပုံစံ – စက္ခာပါထံ (စက္ခု + အာပါထံ)။
ဇုဟွတိ (ဇုဟုတိ)။

သာဓက – အပဒန္တဿ ဥကာရဿ ဝ ကာရော။ (ရူ၊ ၃၀၃။)
အပဒန္တဿာတိ ဝိသေသနံ ပဒန္တဿ ဝမောဒုဒန္တာနန္တိ ဣမိနာ သိဇ္ဈနတော ဝုတ္တံ။ (ရူ၊ ဋီ။ ၁၉၈။)

မေး။ "ယဝါ စ"ဟု သုတ်မတည်ပဲ "ယဝကာရာစ"ဟု ကာရ-သဒ္ဒါကိုထည့်၍ သုတ်တည်ရခြင်း အကျိုးကို ဖော်ပြပါ။

ဖြေ။ ယုံမှားသံသယကို ပယ်ဖျောက်ခြင်းအကျိုးငှါ "ယဝါစ"ဟု သုတ်မတည်ပဲ "ယဝကာရာ စ"ဟု တည်ခြင်း ဖြစ်ပါသည်။

သာဓက – ဧတ္ထ ကာရဂ္ဂဟဏ မသန္ဒေဟတ္ထံ။ (ရူ ဋီ။ ၁၉၈။)

ရှင်းချက်။ ။ "ယဝါ စ"ဟု သုတ်ဟည်လျှင် ယသဒ္ဒါ, ဝ-သဒ္ဒါ (ယဝသဒ္ဒါ)

http://www.dhammadownload.com

လေလား?ဟု ယုံမှားသံသယ ဖြစ်ဖွယ်ရှိ၏။ ထိုယုံမှားသံသယကို ပယ်ဖျောက်ခြင်းအကျိုးငှါ "ယဝါ စ"ဟု မတည်ပဲ "ယဝကာရာ စ"ဟု သုတ်တည်ခြင်း ဖြစ်ပါသည်။ ယ-သဒ္ဒါ ဝ-သဒ္ဒါ (ယဝ-သဒ္ဒါ) မဟုတ်။ ယ-အက္ခရာ, ဝ-အက္ခရာဖြစ်၏-ဟူလို။

၇၂၊ ၁၈၅။ ပသညဿ စ။ (၈၅)

မေး။ ဤသုတ်၌ နိမိတ်ဖြစ်ထိုက်သော သရများကို တိကျစွာ ဖော်ပြပါ။

ဖြေ။ တတော ယောနမော တု-သုတ်၌ တု-သဒ္ဒါဖြင့်ပြုထားသော ယောဝိဘတ်၏ ဩသရ၊ အမာပတော သို့သွာနံ ဝါ-သုတ်ဖြင့်ပြုထားသော သို့, သွာ ဝိဘတ်တို့၏ အံ, အာသရတို့ ဖြစ်ပါသည်။ (ဝိဘတ်အပြုဖြစ်သော ဩ, အံ, အာ-သရ ဟုလိုရင်းမှတ်ပါ။)

မေး။ ပသညဿ စ-သုတ်၌ ပသည-အရ ယူရမည့်သရ, မယူရမည့်သရတို့ကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဤသုတ်သို့ ယဝကာရာ စ-သုတ်မှ ယကာရ-ပုဒ်သာ လိုက်လာသောကြောင့် "ပသည" အရ ဣဝဏ်ကိုသာ ယူရပါမည်။ ဥဝဏ်ကို မယူရပါ။

မေး။ ပသညဿ စ-သုတ်၌ စသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ ရတ္တော-စသော ပြယုဂ်တို့၌ ယ-အပြုကိုနှစ်စေခြင်း နိဝတ္တာပနာဝဓာရဏာအနက် ရှိပါသည်။

၇၃၊ ၁၇၄။ ဂါဝ သေ။ (၈၀)

မေး။ ဂါဝ သေ-သုတ်သည် ဘယ်နှပုဒ်ရှိသောသုတ် ဖြစ်ပါသနည်း။

ဖြေ။ "ဂေါ + အာဝ + သေ"ဟု ၃-ပုဒ်ရှိသောသုတ် ဖြစ်ပါသည်။

မှတ်ချက်။ ။ ချာသအလိုကား "ဂါဝ + သေ"ဟု ၂-ပုဒ်သာရှိသောသုတ် ဖြစ်ပါသည်။

မေး။ ဂါဝ သေ-သုတ်ကို ရူ-အလို၊ ချာသအလို အနက် ၂-နည်းပေးပြပါ။

ဖြေ။ **ရူအလို** - သေ၊ သဝိဘတ်ကြောင့်။ ဂေါ၊ ဂေါ-သဒ္ဒါ၏ အဆုံး ဩ-သည်။ အာဝ၊ အာဝ-(အပြု)သည်။ ဟောတိ၊ ၏။

ချာသအလို - သေ၊ ကြောင့်။ ဂါဝ၊ ဂေါ-သဒ္ဒါ၏ ဩ-၏ အာဝ-အပြုသည်။ ဟောတိ၊ ဖြစ်၏။

အမှာ။ ။ အစိုးရပထမပြန်စာမေးပွဲ ပုစ္ဆာတစ်ခုၦ "ဂါဝ သေ-သုတ်ကို ဒွိပဒ၊ တိပဒ၊ စတုပ္ပဒ ကြဲ၍ အနက်ပေးပြပါ"ဟု မေးထားသည်ကို တွေ့ရသည်။ အတွက်နောမတိဖြင့် ကြဲဆ၍ မေးထားဟန်ရှိသည်။ ၄င်းပဋ္ဌကအလို "ဂေါ + ဩ + အာဝ + သေ"ဟု ပုဒ်ခွဲရပါမည်။ "သေ၊ ကြောင့်။ ဂေါ၊ ဂေါ သဒ္ဒါ၏။ ဩ၊ ဩ-၏။ အာဝ၊ သည်။ ဟောတိ၊ ၏"ဟု ပေးပါ။

မေး။ ဂေါ-ပုဒ်ကို ဝစနတ္ထပြု၍၊ အရလည်း ကောက်ပြခဲ့ပါ။

ဖြေ။ ဂေါသ ဩ ဂေါ။ (ဆဋ္ဌီ သုဒ္ဓတပ္ပုရိသ်သမာသ်။)
ဂေါသဒ္ဒါ၏ ဩ-ကို ရပါသည်။

http://www.dhammadownload.com

သိမှတ်ဖွယ်။ ။ နာသအလိုကား – ဂါဝ–ပုဒ်ကို ''ဂေါသ သြ ဂေါ၊ ဂေါသ အာဝေါ ဂါဝေါ''ဟု ဝစနတ္ထပြုပါ။

မေး။ ဤသုတ်၌ ''ဂါဝ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂ၏ အကျိုးကို ရေးသား ဖြေဆိုပါ။

ဖြေ။ ထိုယောဂဝိဘာဂဖြင့် ''ဂါဝိ=နွားမသည်''စသောပြယုဂ်တို့၌ နောက် ဤ–ပစ္စည်း ကြောင့် ဂေါသဒ္ဒါ၏ အဆုံးသြ ကို အာဝ–ပြုရခြင်း အကျိုးရှိပါသည်။

၇၄. ၂၉။ ယောသု စ။ (၇၈)

မေး။ စ–သဒ္ဒါ၏အကျိုးကို [illegible]

ဖြေ။ စသဒ္ဒါဖြင့် နာ, သ္မာ, သ္မိံ သု ဝိဘတ်တို့ကြောင့်လည်း ဂေါ–သဒ္ဒါ၏ သြ ကို အာဝ ပြုရခြင်းအကျိုးရှိပါသည်။ (အဝုတ္ထသမုစ္စည်းအနက်–ဟု မှတ်ပါ။)

မေး။ ဂါဝိ–ကို ရုပ် ၂–နည်း တွက်ပြခဲ့ပါ။

ဖြေ။ ဂေါ–တည်၊ ယောဝိဘတ်သက်၊ ယောသု စ–သုတ်ဖြင့် နောက်ယောဝိဘတ် နှောင်းသောကြောင့် ဂေါ သဒ္ဒါ၏ အဆုံး သြ–ကို အာဝ–ပြု၊ တေသု ဝုဒ္ဓိ–သုတ်ကြီး ဖြင့် ယောဝိဘတ်ကို ဤ–ပြု၊ ပြီး၏။

(တစ်နည်း) ဂေါ–တည်၊ နဒါဒိတော ဝါ ဤ–သုတ်ဖြင့် ဤ–ပစ္စည်းသက်၊ တေသု ဝုဒ္ဓိ–သုတ်ကြီးဖြင့်၊ တစ်နည်း–ဂါဝ သေ သုတ်၌ ဂါဝ–ဟူသော ဒွိဓာကရဏ ယောဂ ဝိဘာဂဖြင့် ဂေါ–သဒ္ဒါ၏ အဆုံးသြ–ကို အာဝ–ပြု၊ ဝ် ခွင်း, ချေ, ကပ် (ဂါဝိ)၊ နာမ်ခဲ့၊ ယောသက်၊ ချေ။ (ကစ္စည်း ဂေါဏ နံမှိ ဝါ–သုတ်လာ ဂါထာနှင့် ရူပ သိဒ္ဓိ စာမျက်နှာ–၈၈ ကြည့်ပါ။)

အမှာ။ ။ ''ပုလ္လိင် ဂါဝိ, ဣတ္ထိလိင် ဂါဝိ–တို့ကို ရုပ်တွက်ပြခဲ့ပါ''၊ ''ဂါဝိ ဂစ္ဆန္တိ–၌ ဂါဝိ၊ သဗ္ဗာ ဂါဝိ ဥဇုံ ယန္တိ–၌ ဂါဝိ–တို့ကို ရုပ်တွက်ပြခဲ့ပါ''ဟူသော မေးခွန်းများကို ဖြေ တတ်ပါစေ။

၇၅၊ ၁၇၀။ အဝံမှိ စ။ (၇၉)

မေး။ စ–သဒ္ဒါအနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါသည် ဂါဝသေ–သုတ်မှ အာဝ အပြုကို ငင်ခြင်းအနုကဗုနအနက်၊ ဂါဝ သေ, ယောသုစ–နှစ်သုတ်တို့၌ဆိုအပ်ခဲ့ပြီး ဝိဘတ်ရှစ်လုံးတို့ကြောင့် အဝ–အပြုကိုဆည်းခြင်း အဝုတ္ထသမုစ္စည်းအနက်ရှိပါသည်။

(ဆောင်) သုံးသုတ်ပေါင်းမိ၊ သိ, ဟိ, နံ ချ၊ ကြွင်း ကိုးဝ အာဝ အဝစုံ။ (ဝိသုဒ္ဓါရုံ)

၇၆။ ၁၇၁။ အာဝဿု ဝါ။ (၇၉)

မေး။ အာဝဿု ဝါ–၌ အာဝ–အရကို ဖြေဆိုပါ။

ဂေါသဒ္ဒါ၏ သြကို ပြုထားသော အာဝသဒ္ဒါ၏ အဆုံး အ–သရကို ယူရပါမည်။

ဝစနတ္ထ – အာဝဿ အ အာဝ။ (ဆဋ္ဌီ သုဒ္ဓတပ္ပုရိသ်သမာသ်)

http://www.dhammadownload.com

၇၇၊ ၁၇၅ တတော နမံ ပတိမှာလုတ္တော စ သမာသေ။ (၈၀)

မေး။ စ-သဒ္ဒါအနက်ကို ဖော်ပြပါ။

ဖြေ။ စ-သဒ္ဒါသည် သမာသ်မဟုတ်သောဝါကျအရာ၌လည်း ဂေါသဒ္ဒါမှ နောက်ဖြစ်သော နံ ဝိဘတ်၏ အံ အပြု, ဂေါသဒ္ဒါ၏ အဆုံးဩ-၏ အဝ-အပြုကိုဆည်းခြင်း အဝုတ္တ သမုစ္စည်းအနက်ရှိပါသည်။ ပြယုဂ် - ဂဝံ။

မေး။ ဂဝံ-ကို ရုပ်(၂)နည်း တွက်ပြခဲ့ပါ။

ဖြေ။ ဂေါ-တည်၊ အံ-သက်၊ အဝံမှိ စ-သုတ်ဖြင့် နောက် အံဝိဘတ်ကြောင့် ဂေါသဒ္ဒါ၏ အဆုံးဩ ကို အဝပြု၊ ဝ-ခွင်း, ဧ၊ ကပ်၊ ဂဝံ-ပြီး၏။

(တစ်နည်း) ဂေါ-တည်၊ နံ-ဝိဘတ်သက် တတော နမံ ပတိမှာလုတ္တော စ သမာသေ-သုတ်၌ပါသော စ-သဒ္ဒါဖြင့် သမာသ်မဟုတ်သောဝါကျ၌ ဂေါ-သဒ္ဒါမှ နောက်ဖြစ်သော နံ ဝိဘတ်ကို အံပြု, ဂေါ-သဒ္ဒါ၏ အဆုံးဩ-ကိုလည်း အဝ-ပြု၊ ဝ-ခွင်း, ဧ၊ ကပ်၊ ပြီး၏။

(ဆောင်) ပတာ ပရမိး အမှုသွမိး၊ အမိးပြီး နမိးပြီးကိုင်။ (ကဝိလက္ခဏာ၊ ၄၃၉)။
''ဂဝံ''သည် အံဝိဘတ်နှင့်လည်း ပြီး နံဝိဘတ်နှင့်လည်း ပြီး၏-ဟူလို။

၇၈၊ ၃၁။ ဩ သရေ စ။ (၁၈)

မေး။ စ-သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စ-သဒ္ဒါသည် ဘုဝိ, ပသဝေါ-ပြယုဂ်တို့၌ သ္မိဝိဘတ်, ယော ဝိဘတ်တို့ကြောင့် ဥဝဏ်၏ ဥဝ, အဝ-အပြုကို ဆည်းခြင်းသမုစ္စည်း အနက်ရှိပါသည်။
(ကစ္စည်း၌ကား- ဂုရဝေါ, စတုရောပြယုဂ်တို့၌ ဥရ-အပြုကိုလည်းဆည်း၏-ဟုဆိုပါသည်)။

မေး။ ဘုဝိ, ပသဝေါ-တို့ကို ရူပသိဒ္ဓိနှင့်အညီ ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ ဘုဝိ-ကို ဘူ-တည်၊ သ္မိဝိဘတ်သက်၊ တတော သ္မိမိ-သုတ်၌ တတော-သဒ္ဒါပိုဖြင့် သ္မိဝိဘတ်ကို ဣ-ပြု၊ ဘ် ခွင်း ဦ ကြွင်း၊ ဩ သရေ စ-သုတ်၌ စသဒ္ဒါဖြင့် နောက် သ္မိဝိဘတ်နောင်းသောကြောင့် ဘူ-သဒ္ဒါ၏အဆုံး ဦ-ကို ဥဝ-ပြု၊ ဘ် ဥ-သို့ကပ်၊ ဝ် ခွင်း, ဧ၊ ကပ်၊ ပြီး၏။

ပသဝေါ-ကို ပသု-တည်၊ ယောဝိဘတ်သက်၊ ဩ သရေ စ-သုတ်၌ စသဒ္ဒါဖြင့် နောက် ယောဝိဘတ်နောင်းသောကြောင့် ဥ-ကို အဝ-ပြု၊ တတော ယောနမော တု-သုတ်၌ တု-သဒ္ဒါဖြင့် ယောဝိဘတ်ကို ဩ-ပြု၊ ဝ် ခွင်း, ဧ၊ ကပ်၊ ပြီး၏။

မေး။ ပသဝေါ-ကို ရုပ် ၂-နည်း တွက်ပြခဲ့ပါ။

ဖြေ။ ရူ-နည်း အထက်ပါအတိုင်း။

(တစ်နည်း) ပသဝေါ-ကို ပသု-တည်၊ ယောသက်၊ သ် ခွင်း ဥ-ကြွင်း၊ ဥ-ကို လ-အမည်မှည့်၊ လတော ဝေါကာရော စ-သုတ်ဖြင့် လ မှနောက်ဖြစ်သော ယောဝိဘတ်ကို ဝေါ-ပြု၊ ဝေဝေါသု လော စ-သုတ်ဖြင့် လ မည်သော ဥ-ကို အ-ပြု၊ သ် အ-သို့ကပ်၊ ပြီး၏။

အမှာ။ ။ ဂုရဝေါ-ကို နှည်းတူတွက်ပါ။ စတုရော-ရုပ်တွက်ပုံကို တတော ယောနမော

http://www.dhammadownload.com

တု–သုတ်၌ ကြည့်ပါ။

၇၉၊ ၄၆။ တဗ္ဗိပရိဇူပပဒေ ဗျဥ္ဇနေ စ။ (၃၄)

မေး။ တဗ္ဗိပရိတော–ပုဒ်ကို ဝစနတ္ထပြု၍၊ အရလည်း ကောက်ပြခဲ့ပါ။

ဖြေ။ တဿ ပိဟရိတော တဗ္ဗိပရိတော။
ဩ–၏ ပိဟရိတ်ဖြစ်သော ဥ–ကို ပုဗ္ဗိပရိဟ ဟုဆိုသည်။

မေး။ ပိဟရိတ်အပြားနှင့် ဂျ်သုတ်၌ လိုအပ်သော ပိဟရိတ်ကို ဖော်ပြပါ။

ဖြေ။ ၁။ အ–ပိဟရိတ် (အာမှဖောက်ပြန်)၊
၂။ ဂ္ဂ–ပိဟရိတ် (ဂြ်, တို့မှ ဖောက်ပြန်)၊
၃။ ဥ–ပိဟရိတ် (ဒြ်, ဩတို့မှဖောက်ပြန်)–ဟု(၃)မျိုးရှိပါသည်။

ထိုတွင် ဂျ်သုတ်၌ ဥ–ပိဟရိတ်ကို လိုအပ်ပါသည်။

မေး။ ဥပဒံ–ပုဒ်ကို ဝစနတ္ထပြု၍၊ အဓိပ္ပါယ်လည်း ရေးပြပါ။

ဖြေ။ ဥပေါ်စ္စာရိတံ ပဒံ ဥပပဒံ။
ဝိသေသနအဖြစ်ဖြင့် ကိတ်နာမ်ပုဒ်, အာချာတ်ပုဒ်တို့၏ အနီး၌ ရွတ်ဆိုအပ်သော ပုဒ်ကို "ဥပပဒ"ဟု ခေါ်ဆိုရပါသည်။
ဤသုတ်၌ကား ထို ဥပပဒအရာ၌တည်သော အဝ–ဥပသာရပုဒ်ကို ကောက်ယူရပါမည်။ (ဥပေါစ္စာရိတံ–ကို "ဥပ + ဥစ္စာရိတံ" ဟုခွဲ)။

မေး။ ဤသုတ်ဖြင့် အဝ–သဒ္ဒါကို ဥ–ပြုရခြင်းဖြစ်၍ "အဝဿုကာရော ဗျဥ္ဇနေ စ" ဟုတည်လျှင်ထင်ရှားသိသာပါလျက် မတည်ပဲ အဘယ်အကျိုးငှါ "တဗ္ဗိပရိတူပပဒေ ဗျဥ္ဇနေ စ"ဟု တည်ရပါသနည်း။

ဖြေ။ ယင်းသို့တည်လျှင် ထင်ရှားသိပါသော်လည်း ဥ–အက္ခရာ၏ "ဩ–၏ ပိဟရိတ်" ဟူသော အမည်သညာကို သိစေခြင်းအကျိုးငှါ "တဗ္ဗိပရိတူပပဒေ ဗျဥ္ဇနေ စ"ဟု တည်ခြင်းဖြစ်ပါသည်။

သာဓက – အဝဿုကာရောတိ အဝတွာ ဇေဝံ ဝစနံ ဥကာရဿ ဩကာရဝိပရိတသညာ ဝိညာပနတ္ထန္တိ ဒဋ္ဌဗ္ဗံ။ (ရူ ဋီ၊ ၂၆။)

မေး။ ပိဟရိတ်နှင့် ဝုဒ္ဓိတို့၏ အထူးကို ရေးပြပါ။

ဖြေ။ ဩ–ကို ဥ–ပြုခြင်းသည် ပိဟရိတ်။
ဥ–ကို ဩ–ပြုခြင်းသည် ဝုဒ္ဓိ၊ ဤသို့ ထူးပါသည်။

မေး။ ဤသုတ်သို့ လိုက်လာသော အဝ–သဒ္ဒါသည် အာဒေသ အဝ–လော? ဥပသာရ အဝ–လော? အထောက်သာဓကဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ ဥပပဒေ–ဟူသောပုဒ်ကိုထောက်၍ ဤသုတ်သို့လိုက်လာသော အဝ–သဒ္ဒါသည် အာဒေသ အဝ–မဟုတ်၊ ဥပသာရ အဝ–ဖြစ်ကြောင်း သိရပါသည်။

http://www.dhammadownload.com

မေး။ ဤသုတ်၌ စ-သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စ-သဒ္ဒါ အဝသာနေ, အဝကိရဏေ, အဝကိရတိ အစရှိသော အချို့သော ပြယုဂ် တို့၌ အဝ-သဒ္ဒါ၏ ဝိပရိတ် ၉-အပြုကိုတားမြစ်ခြင်း နိဝတ္တာပနာဝကရဏ အနက်ရှိပါသည်။

၈၀၊ ၁၇၃။ ဂေါဏ နံမှိ ဝါ။ (၇၉)

မေး။ ဂေါ-သဒ္ဒါကို ဂေါဏပြုရခြင်း၏ အကျိုးကို ဖော်ပြပါ။

ဂေါဏသဒ္ဒါ၏ ဂေါ-သဒ္ဒါ၏ ပရိယာယ်အဖြစ်ကို ပြခြင်းအကျိုးငှါ ဂေါ-သဒ္ဒါကို ဂေါဏ ပြုခြင်းဖြစ်ပါသည်။

[illegible] - ဂေါဏသဒ္ဒသ ဂေါပရိယာယဘာဝဒဿနတ္ထံ ဂေါသဒ္ဒသ ဂေါဏာဒေသ ဝိဓာနံ။ (ရူ ဋီ၊ ၅၂။)

၈၁၊ ၁၇၂။ သုဟိနာသု စ။ (၇၉)

မေး။ စ-သဒ္ဒါ၏အကျိုးကို ရေးပြပါ။

ဖြေ။ စ-သဒ္ဒါ ဂေါဏ နံမှိ ဝါ, သုဟိနာသု စ-နှစ်သုတ်တို့၌ ဆိုအပ်ခဲ့ပြီးဖြစ်သည့် နံ ဝိဘတ် ၂-လုံး, သု-ဝိဘတ်, ဟိ-ဝိဘတ်၂-လုံး၊ နာဝိဘတ်တို့မှ ကြွင်းသော သိ၊ ယော၊ အံ၊ ယော၊ သ၊ သွာ၊ သ၊ သွိ-ဟူသော ဝိဘတ်(၈)လုံးတို့ကြောင့် ဂေါ-သဒ္ဒါကို ဂေါဏ ပြုရခြင်း အကျိုးရှိပါသည်။

(ကစ္စည်း၌ကား - ၇-အပြု၊ ၈၀ယ-အပြုကိုလည်း ဆည်း၏ ဟုဆိုပါသည်။)

၈၂၊ ၁၄၉။ အံမော နိဂ္ဂဟိတံ ဈလပေဟိ။ (၆၈)

မေး။ အံမော-သည် အဘယ်ပုဒ်မျိုး ဖြစ်ပါသနည်း။

ဖြေ။ ''အံမော နိဂ္ဂဟိတံ ဈလပေဟိတိ ဧတ္ထ 'အံမော'တိ နိဒ္ဒေသဒဿနတော ကတ္ထစိ (အချို့သော သမာဟာရဒွန်သမာသ်၌) နပုံသကလိင်တ္တံ နဟောတိ''ဟု ရူပသိဒ္ဓိ(၂၁၂) တထာ ဒွန္ဒေ-သုတ်၌ ဖွင့်သောကြောင့် သမာဟာရဒွန်သမာသ်ပုဒ် ဖြစ်ပါသည်။

မေး။ အံမော နိဂ္ဂဟိတံ ဈလပေဟိ-သုတ်၌ အံမော-ဟု ညွှန်ပြထားသောကြောင့် အဘယ်ကို သိရပါသနည်း။

ဖြေ။ တထာ ဒွန္ဒေ-စသောသုတ်အရ သမာဟာရဒွန်သမာသ်၌ နပုလ္လိင်, ဧကဝုစ်ဟု ဆိုသော်လည်း အချို့သော သမာဟာရဒွန်သမာသ်၌ နပုလ္လိင် မမြဲကြောင်းကို သိရပါသည်။

၈၃၊ ၆၇။ သရလောပေါ' မာဒေသပစ္စယာဒိမှိ သရလောပေ တု ပကတိ။ (၄၄)

မေး။ ''သရလောပေါ''ဟု ဆိုလျှင် ပြီးပါလျက် အဘယ်အကျိုးငှါ ''သရလောပေ''ဟု ထပ်ဆိုရပါသနည်း။

ဖြေ။ ဤသုတ်ဖြင့် ရှေ့သရကိုချေပြီးခြင်းဟူသော အကြောင်းကြောင့်သာလျှင် နောက် သရ၏ ဒီဃစသော ဖောက်ပြန်မှု ရောက်လုလတ်သော် ယင်းဖောက်ပြန်မှုကို တားမြစ်၍

http://www.dhammadownload.com

ပကတိပြုခြင်း အကျိုးငှါ ''သရလောပေ''ကို ထပ်ဆိုရခြင်း ဖြစ်ပါသည်။

ရှင်းချက်။ ။ ''သရလောပေါ = ရှေ့သရကို ချေ၊ သရလောပေ တု ပကတိ = ရှေ့သရကို ချေပြီးလျှင် နောက်သရကို ပကတိပြု''ဟု သရလောပေ–ကို ထပ်ဆိုခြင်း ကြောင့် ဤသုတ်ဖြင့် ချေပြီးခြင်းဟူသော အကြောင်းကြောင့်သာ (ဤသုတ်ဖြင့် ရှေ့သရကို ချေပြီးရာအခါ၌သာ) ပကတိပြု–ဟု သိသာပါသည်။

မေး။ သရလောပေါ–စသောသုတ်၌ နိမိတ်ဖြစ်သော အာဒေသ, ပစ္စည်း, အာဂုံတို့သည် အဘယ်ကဲ့သို့သော အာဒေသ, ပစ္စည်း, အာဂုံများ ဖြစ်ကြပါသနည်း စိစစ်ဖြေဆိုပါ။

ဖြေ။ နောက်သရ၏ ပကတိအဖြစ်ကို စီရင်ခြင်းဟူသော အစွမ်းသတ္တိ သာမတ္ထိယကြောင့် (နောက်သရကို ပကတိပြု–ဆိုလျှင် နှောင်းသောနိမိတ်သည် သရမှတစ်ပါး အခြား မဖြစ်နိုင်ခြင်းဟူသော အညထာနုပပတ္တိနည်းအားဖြင့်) နိမိတ်ဖြစ်သော အာဒေသ, ပစ္စည်း, အာဂုံတို့သည် အစဉ်သရပါသော အာဒေသ,ပစ္စည်း,အာဂုံတို့သာဖြစ်ကြောင်း သိသာထင်ရှားပါသည်။

မေး။ သရလောပေါ–စသောသုတ်ကို ဝုတ္တိဖွင့်ရာ၌ အဘယ့်ကြောင့် ''အာဒေသပစ္စယာဒိ–ဘူတေ သရေ ပရေ''ဟု 'သရေ'ဟူသောပုဒ်ကို ထည့်ဖွင့်နိုင်ပါသနည်း ဖြေဆိုပါ။

ဖြေ။ နောက်သရ၏ ပကတိအဖြစ်ကို စီရင်ခြင်းဟူသော အစွမ်းသတ္တိ သာမတ္ထိယကြောင့် နိမိတ်ဖြစ်သော အာဒေသ, ပစ္စည်း, အာဂုံတို့သည် အစဉ်သရပါသော အာဒေသ, ပစ္စည်း,အာဂုံတို့သာဖြစ်ကြောင်း သိသာထင်ရှားသောကြောင့် 'သရေ'ဟု ထည့်ဖွင့် နိုင်ခြင်း ဖြစ်ပါသည်။

မေး။ သရလောပေါ–စသောသုတ်၌ အာဒေသ–အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ အမာဒေသပစ္စယာဒိမှိ–ဟု လိင်, ဓာတ်–ဟူသော ပကတိနောင်သက်သော ဝိဘတ် ပစ္စည်းကို ညွှန်ပြသည့် 'ပစ္စယ'သဒ္ဒါနှင့်တကွ တွဲဖက်၍ဆိုထားသောကြောင့် လိင်, ဓာတ်ဟူသောပကတိမှ နောက်ဖြစ်သော ဝိဘတ်, ပစ္စည်းတို့၏ အာဒေသကိုသာ ယူရပါမည်။

မေး။ အာဒေသ ၂–မျိုးကို ဖော်ပြ၍၊ ဤသုတ်၌လိုအပ်သော အာဒေသကို ညွှန်ပြပါ။

ဖြေ။ အာဒေသသည် (၁) ''အဘိ–၏ အဿ–အပြု၊ ပြုဓာတ်၏ အာဟ–အပြု'' စသော ပကတိ လိင်,ဓာတ်ဖြစ်သောပုဒ်ကို ပြုသော ပဒါဒေသ။ (၂) ''သိဝိဘတ်၏ သြ–အပြု၊ ယျဝိဘတ်၏ ဧ–အပြု''စသော ပကတိ လိင်, ဓာတ်နောင်သက်သည့် ဝိဘတ်, ပစ္စည်းကိုပြုသော ဝိဘတ္တာဒေသ–တို့ ဖြစ်ပါသည်။

ထိုတွင် ဤသုတ်၌ ပကတိ လိင်,ဓာတ်နောင်သက်သည့် ဝိဘတ်, ပစ္စည်းကိုပြုသော ဝိဘတ္တာဒေသကို ယူရပါမည်။

အမှာ။ ။ အကြောင်းကို အထက်အဖြေ၌ ပြန်ကြည့်ပါ။

မေး။ သရလောပေါ–စသောသုတ်ဖြင့် ပုဒ်အဆုံးဖြစ်သော သရကို ချေနိုင် / မချေနိုင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ဝိနိစ္ဆယ ချခဲ့ပါ။

ဖြေ။ ဤသုတ်၌ နိမိတ်ဖြစ်သော အာဒေသ–အရ လိင်, ဓာတ်ဟူသော ပကတိမှနောက်

http://www.dhammadownload.com

ဖြစ်သော ဝိဘတ်, ပစ္စည်းတို့၏ အာဒေသကိုသာ ယူရသောကြောင့် ''ကိတ္တိသဒ္ဒေါ + အဿဂုတော''၌ အဘိ-ကိုပြုထားသော အဿ, ''သတ္ထာ+အာဟ''၌ ဖြူဓောတ်ကို ပြုထားသော အာဟ-တို့၏ သရများနောင်းသော်လည်း ကိတ္တိသဒ္ဒေါ-ပုဒ်၏အဆုံး ဖြစ်သော သြသရ၊ သတ္ထာ-ပုဒ်၏အဆုံးဖြစ်သော အာသရတို့ကို ဤသုတ်ဖြင့် မချေနိုင်ပါ။

မေး။ အာဒေသပစ္စယာဒိမှိ-၌ 'ပစ္စယ'အရှေ့၌ အာဒိ-သဒ္ဒါဖြင့် ယူရမည့်အရာတို့ကို ဖော်ပြပါ။

ဖြေ။ 'ပစ္စယ'အရ တဒ္ဓိတ်, ကိတ်ပစ္စည်းတို့ကိုသာမက တိ-အစရှိသော အာချာတ်ဝိဘတ်တို့ကိုလည်း ယူရပါမည်။

အာဒိ-သဒ္ဒါဖြင့် အာချာတ်နှင့် ကိတ်တို့၌ အာဂုံသရတို့ကို ယူရပါမည်။

သိမှတ်ဖွယ်။ ။ အာချာတ်၌ 'အာဂုံသရ'ဟူသည် ကွကာရာဂမော အသမ္ဘဓာတုကမှိ-သုတ်ဖြင့်လာသော ကွသရဖြစ်၍၊ ကိတ်၌ 'အာဂုံသရ'ဟူသည် ယထာဂမ မိကာရော-သုတ်ဖြင့်လာသော ကွသရ ဖြစ်၏။

မေး။ ဤသုတ်ပါ တု-သဒ္ဒါ၏ အကျိုးကို ဖော်ပြပါ။

ဖြေ။ တု-သဒ္ဒါသည် ဘိက္ခုနီ, ဂဟပတာနီစသော ပြယုဂ်တို့၌ ရှေ့သရကိုချေခြင်းကို တားမြစ်ခြင်း အကျိုးရှိပါသည်။

၈၄၊ ၁၄၄။ အယော ရဿမေကဝစနယောသွပိ စ။ (၆၇)

မေး။ ဤသုတ်ပါ (က) အယော-အရ (ခ) ကေဝစန, ယော-အရတို့ကို အသီးသီး ကောက်ပြခဲ့ပါ။

ဖြေ။ (က) အယော-အရ ယ-အမည်မရသော အာ-ဒီဃသရနှင့် စျ, လ, ပ-အမည်ရသော ဤ, ဦ ဒီဃသရတို့ကိုယူရပါမည်။

(ခ) ကေဝစန, ယော-အရ န သိသို့မနပုံသကာနိ-သုတ်ကိုထောက်၍ ကွတ္ထိလိင်, ပုလ္လိင်တို့၌ သိမှတစ်ပါးသော ကေဝုစ်ဝိဘတ်များနှင့် ယောဝိဘတ်၊ နပုလ္လိင်၌ သိနှင့်တကွသော ကေဝုစ်ဝိဘတ်များနှင့် ယောဝိဘတ်တို့ ဖြစ်ပါသည်။

မှတ်ချက်။ ။ စျလပါရသဲ, အာကာရော-သုတ်တို့ကိုထောက်၍ ကေဝစန-အရ၌ ဂသိ-မပါ ဟုလည်း သိပါ။

မေး။ ''**လုံကိုင်-ခွေးခေါ်၊ တဖော်ဖျားရက်၊ နည်းနှစ်ချက်၊ မိန်မြွက် စ, အပိ**'' ဟူသော နိပါ နှင့်အညီ အယော ရဿ-သုတ်ပါ အပိသဒ္ဒါနှင့် စ-သဒ္ဒါတို့၏ အနက်များကို ရေးသား ဖော်ပြပါ။

ဖြေ။ အပိ-သဒ္ဒါသည် သိဝိဘတ်ကြောင့် ကွတ္ထိလိင်, ပုလ္လိင်တို့ကို ရဿမပြုရ-ဟု တားမြစ်ခြင်း နိဝတ္တာပနာဝဓာရဏာအနက်ရှိပါသည်။

စ-သဒ္ဒါကား ကွတ္ထိလိင်, ပုလ္လိင်၌ သိ-ဝိဘတ်မှတစ်ပါးသော ဂကေဝုစ်ဝိဘတ်, ယော-ဝိဘတ်တို့ကြောင့်လည်းကောင်း၊ နပုလ္လိင်၌ သိဝိဘတ်နှင့်တကွ ဂကေဝုစ်ဝိဘတ် ယောဝိဘတ်တို့ကြောင့်လည်းကောင်း ရဿပြုခြင်းကို မြဲစေခြင်း သန္နိဋ္ဌာနာဝဓာရဏာ အနက်ရှိပါသည်။

မေး။ ''လုံကိုင်-ခွေးခေါ်၊ တဖော်ဖျားရက်၊ နည်းနှစ်ချက်၊ မိန်မြွက် စ, အပိ'' ဟူသော

http://www.dhammadownload.com

နိယံအရ ဥပမာ+ဥပမေယျတို့ကို အများနှားလည်အောင် စပ်ဟပ်ပြခဲ့ပါ။

ဖြေ။ မလိုသည့်ခွေး ပြေးစေဖို့ရာ လှံကိုင်၍ ပြ၏။ လိုသည့်ခွေး လာဖို့ရာ ခေါ်၏။ စ–သဒ္ဒါက သုတ်ရင်းဖြင့် ရဿပြုခြင်း အစီအရင်ကို မြဲစေသောကြောင့် လိုသည့်ခွေးကို လာဖို့ရာ ခေါ်ခြင်းနှင့် တူသည်။ အပိ–သဒ္ဒါက သုတ်ရင်းဖြင့် ရဿပြုခြင်း အစီအရင်ကို တားမြစ်သောကြောင့် မလိုသည့်ခွေး ပြေးစေဖို့ရာ လှံကိုင်ပြခြင်းနှင့် တူသည်။

ဗျာရက်ရာ၌ လက်တစ်ဖက်ဖြင့် လိုသည့်နှီးကို သွင်း၍ လက်တစ်ဖက်ဖြင့် မလိုသည့်နှီးကို ထုတ်၏။ စ–သဒ္ဒါက သုတ်ရင်းဖြင့် ရဿပြုခြင်း အစီအရင်ကို မြဲစေသောကြောင့် လိုသည့်နှီးကို သွင်းခြင်းနှင့်တူသည်။ အပိ–သဒ္ဒါက သုတ်ရင်းဖြင့် ရဿပြုခြင်း အစီအရင်ကို တားမြစ်သောကြောင့် မလိုသည့်နှီးကို ထုတ်ခြင်းနှင့် တူသည်။

၈၅၊ ၅၀။ နု သိသ္မိ မနပုံသကာနိ။ (၆၉)

မေး။ အယော ရဿမေကဝစနယောသ္မပိ စ–သုတ်၌ အပိသဒ္ဒါဖြင့်ပင် ''သိ–ဝိဘတ်ကြောင့် ရဿအဖြစ်မရှိခြင်း'' ဟူသော လိုအပ်သောအနက်ရှိပြီးပါလျက် အဘယ်အကျိုးငှါ ဤသုတ်ကို ထပ်ဆိုရပါသနည်း။

ဖြေ။ အယော ရဿမေကဝစနယောသ္မပိ စ–သုတ်၌ အပိသဒ္ဒါဖြင့်ပင် လိုအပ်သော အနက်ပြီးနိုင်ပါသော်လည်း ''မည်သည့်လိင်၌ မည်သည့်ဝိဘတ်ကြောင့် ရဿမပြုရ'' ဟု မသတ်မှတ်အပ်သေးသောကြောင့် လိင်နှင့်ဝိဘတ်ကို သေချာတပ်အပ် သတ်မှတ်ပြခြင်းအကျိုးငှါ ဤသုတ်ကို ထပ်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ သုခကာရိ–သဒ္ဒါ၏ နပုလ္လိင်ဖြစ်ကြောင်းကို အဘယ့်ကြောင့် သိရပါသနည်း။

ဖြေ။ သုခကာရိ ဒါနံ–ဟု ဒါန–သဒ္ဒါကို ယှဉ်စပ်သုံးစွဲအပ်သောကြောင့် သုခကာရိ–သဒ္ဒါ၏ နပုလ္လိင်ဖြစ်ကြောင်းကို သိရပါသည်။ (ဋီ၊ ၄၈။)

မေး။ ''နပုံသကဝဇ္ဇိတာနိ လိင်္ဂါနိ (အနပုံသကာနိ လိင်္ဂါနိ)'' ၌ လိင်္ဂ–အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ သွားခြင်းစသည်တို့၌ သန့်ရှင်းသောအရာဟုဆိုအပ်သော 'ဝိသဒါကာရဝေါဟာရ'၊ မသန့်ရှင်းသောအရာဟုဆိုအပ်သော 'အဝိသဒါကာရဝေါဟာရ'၊ ယင်းနှစ်မျိုးမှ လွတ်သော (သန့်ရှင်းသည်လည်းမဟုတ်, မသန့်ရှင်းသည်လည်း မဟုတ်သော) အခြင်းအရာဟုဆိုအပ်သော 'နေဝဝိသဒ နာဝိသဒါကာရဝေါဟာရ' တို့သည် ပုမ= ယောကျ်ား, ကွတ္ထိ=မိန်းမ, နပုံသက= နပုံးတို့ကို သိခြင်း၌ အကြောင်းဖြစ်သောကြောင့် ''လိင်္ဂ (လိင်)'' မည်ပါသည်။

သိမှတ်ဖွယ်။ ။ ('ဝေါဟာရ' ဟူသည် ပညတ်တည်း။ လိင်္ဂ–သဒ္ဒါ အကြောင်းအနက်ဟော ဖြစ်၏။ လိင်္ဂေတိ ဂမေတိ ဗောဓေတီတိ လိင်္ဂံ–ဟု ဝစနတ္ထပြု)။

မေး။ ကွတ္ထိလိင်, ပုလ္လိင်, နပုလ္လိင်တို့၏ လက္ခဏာများကို ရေးသားဖော်ပြပါ။

ဖြေ။ ကွတ္ထိလိင်၏ လက္ခဏာမှာ – 'သော' နှင့် အနက်အရတူ တုလျာဓိကရဏဖြစ်ခြင်း ဖြစ်ပါသည်။

ပုလ္လိင်၏ လက္ခဏာမှာ – 'ဧသော' နှင့် အနက်အရတူ တုလျာဓိကရဏဖြစ်ခြင်း ဖြစ်ပါသည်။

နပုလ္လိင်၏ လက္ခဏာမှာ – 'တေံ' နှင့် အနက်အရတူ တုလျာဓိကရဏဖြစ်ခြင်း

http://www.dhammadownload.com

ဖြစ်ပါသည်။

- ဝိသဒါဝိသဒါကာရ-ဝေါဟာရောဘယမုတ္တကာ။
  ပုမာဒိဇာနနေ ဟေတု-ဘာဝတော လိင်္ဂမီရိတာ။ (ရူ၊ ၆၉။)

- ဧသေ'သော တေ မိတိ စ၊
  ပသိဒ္ဓိ အတ္ထေသု ယေသု လောကသ။
  ထီ ပုန္ဒပုံသကာနိတိ၊
  ဝုစ္စန္တေ တာနိ နာမာနိ။ (စာကိုယ်၊ ၁၁၁။)

- တ္ထေဒန္တိ ဣမသ္မိံ ဌာနေ ဣတ္ထိပုမနပုံသကလက္ခဏဒီပကံ ဧသေ'သောတိအာဒိကံ ဣဒံ သင်္ဂဟဝစနံ ဝုစ္စတိ။ (ဋီ၊ ၆၈။)

အမှာ။ ။ ''ဝိသဒါဝိသဒါကာရ''စသောဂါထာဖြင့် 'အတ္ထလိင်'ကို ပဓာနအားဖြင့် ပြ၍၊ 'သဒ္ဒလိင်'ကို အပဓာနအားဖြင့် ပြသည်။ ''ဧသေသော တေမိတိ စ''စသော ဂါထာဖြင့် သဒ္ဒလိင်ကို ပြသည်ဟု မှတ်ပါ။

မေး။ 'ဝိသဒါဝိသဒါကာရ'စသောဂါထာဖြင့် အပဓာနအားဖြင့် ပြအပ်သော သဒ္ဒလိင် ၃-ပါးတို့၏ အဓိပ္ပာယ်ကို ရေးပြပါ။

ဖြေ။ ရုပ်နေ (ဂိုဏ်းစဉ်) သန့်ရှင်းသော ရုက္ခော, ပုရိသော-စသော သဒ္ဒါသည် ''ပုလ္လိင်'' မည်၏။

ရုပ်နေ (ဂိုဏ်းစဉ်) မသန့်ရှင်းသော မာလာ, ကညာ-စသော သဒ္ဒါသည် ''ဣတ္ထိလိင်''မည်၏။

ရုပ်နေ (ဂိုဏ်းစဉ်) သန့်ရှင်းသည်လည်း မဟုတ်, မသန့်ရှင်းသည်လည်း မဟုတ်သော ဓနံ, စိတ္တံ-စသော သဒ္ဒါသည် ''နပုလ္လိင်''မည်၏။

မေး။ ''ဧသေသော တေမိတိ စ''စသော ဂါထာဖြင့် ပြအပ်သော သဒ္ဒလိင် ၃-မျိုးတို့၏ အဓိပ္ပာယ်ကို ရေးပြပါ။

ဖြေ။ 'အဖို'အနက်ဟော ဧသော-ဟူသော သဗ္ဗနာမ်ပုဒ်နှင့် အနက်အရတူ တုလျာဓိကရဏဖြစ်သော ရုက္ခော, ပုရိသော-စသော သဒ္ဒါသည် ''ပုလ္လိင်'' မည်၏။

'အမ'အနက်ဟော သော-ဟူသော သဗ္ဗနာမ်ပုဒ်နှင့် အနက်အရတူ တုလျာဓိကရဏဖြစ်သော မာလာ, ကညာ-စသော သဒ္ဒါသည် ''ဣတ္ထိလိင်''မည်၏။

'အဖို, အမ'ဟု မသတ်မှတ်အပ်သော အနက်ကိုဟောသည့် တေံ-ဟူသော သဗ္ဗနာမ်ပုဒ်နှင့် အနက်အရတူ တုလျာဓိကရဏဖြစ်သော ဓနံ, စိတ္တံ-စသော သဒ္ဒါသည် ''နပုလ္လိင်''မည်၏။

၈၆၊ ၂၂၇။ ဥဘာဒိတော နမိန္ဒံ။ (၁၀၉)

မေး။ ဥဘ-သဒ္ဒါသည် အဘယ်သဒ္ဒါမျိုး ဖြစ်ပါသနည်း။

ဖြေ။ ဥဘ-သဒ္ဒါသည် ဒွိ-သဒ္ဒါ၏ ဝေဝုစ်ပရိယာယ်ဖြစ်သောသဒ္ဒါ ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ ဥဘော ပုရိသာ-၌ ဥဘော-ကို ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ ဥဘ-တည်၊ ပဌမာယောဝိဘတ်သက်၊ တတော ယောနမော တု-သုတ်၌ တုသဒ္ဒါဖြင့် ဥဘ သဒ္ဒါမှနောက်ဖြစ်သော ယောဝိဘတ်ကို သြ-ပြု၊ ပြီး၏။ (သြ-မပြုလျှင် သဗ္ဗ ယောနီနမာ၄ သုတ်ဖြင့် ယောဝိဘတ်ကို ၄-ပြု၍ ဥဘေ-ဟု ပြီးသည်)။

မေး။ ဥဘ သဒ္ဒါနောင် ဟိ, သု ဝိဘတ်တို့ဖြင့် ပြီးနိုင်သောရုပ်တို့ကို ဖော်ပြ၍၊ ရုပ်ပြီးပုံကို လည်း ညွှန်းပါ။

ဖြေ။ ဥဘောဟိ, ဥဘောဘိ၊ ဥဘေဟိ, ဥဘေဘိ။
ဥဘောသု, ဥဘေသု-တို့ ဖြစ်ပါသည်။
ဥဘ-တည်၊ ဟိ, သုဝိဘတ်များသက်၊ သုဟိသွကာရော ၄-သုတ်ဖြင့် ဥဘ သဒ္ဒါ၏ အ-ကို ၄-ပြု၊ ကေသု ဝုဒ္ဓိ-သုတ်ကြီးဖြင့် ဟိ, သုဝိဘတ်တို့နှောင်းရာ၌ ၄-ကို သြ-ပြုလျှင် ဥဘောဟိ, ဥဘောသု-ဟု ရုပ်ပြီး၍၊ မပြုလျှင် ဥဘေဟိ, ဥဘေသု-ဟု ရုပ်ပြီးပါသည်။

၈၇၊ ၂၃၁။ ဣဏ္ဍမိဏ္ဍနုံ တီဟိ သချ်ဟိ။ (၁၁၀)

မေး။ "တိဿန္ဒံ, စတဿန္ဒံ" ပြယုဂ်တို့၌ အဘယ့်ကြောင့် ဤသုတ်ဖြင့် နံ-ဝိဘတ်ကို ဣဏ္ဍံ-မပြုပါသနည်း။

ဖြေ။ ထိုပြယုဂ်တို့၌ တိ, စတု-သချ်သဒ္ဒါနှင့် နံဝိဘတ်တို့၏အကြား၌ သံ-အာဂုံခြားနေသောကြောင့် ဤသုတ်ဖြင့် နံဝိဘတ်ကို ဣဏ္ဍံ-မပြုခြင်း ဖြစ်ပါသည်။

၈၈၊ ၁၄၇။ ယောသု ကတနိကာရလောပေသု ဒီဃံ။ (၆၈)

မေး။ ဤသုတ်ဖြင့် ဒီဃပြုရမည့်သရများကို ဖော်ပြပါ။

ဖြေ။ လိင်၏အဆုံးဖြစ်သော ရဿသရအားလုံး ဖြစ်ပါသည်။

မေး။ ကတနိကာရလောပေသု-ပုဒ်ကို ဝစနတ္ထပြု၍၊ အရကောက်ပြခဲ့ပါ။

ဖြေ။ နိကာရော စ လောပေါစ နိကာရလောပါ။
ကတာ နိကာရလောပါ ယေသံ တေ ကတနိကာရလောပါ။ တေသု။
နိ-ပြုပြီး, ချေပြီးသော ယောဝိဘတ်တို့ကို ရပါသည်။

မေး။ ဤသုတ်ဖြင့် ကတနိကာရယောဝိဘတ်ကြောင့် ဒီဃပြုသောပုံစံ၊ ကတလောပ ယောဝိဘတ်ကြောင့် ဒီဃပြုသောပုံစံတို့ကို ဖော်ပြပါ။

ဖြေ။ ကတနိကာရကြောင့် ဒီဃပြုသောပုံစံများမှာ စိတ္တာနိ၊ အဌီနိ၊ အာယူနိ-စသည်ဖြစ်၍၊ ကတလောပကြောင့် ဒီဃပြုသောပုံစံများမှာ အဂ္ဂီ၊ ရတ္တီ၊ အဌီ-စသည်တို့ ဖြစ်ပါသည်။

၈၉၊ ၈၇။ သုနံဟိသု စ။ (၄၉)

မေး။ ဤသုတ်ဖြင့် အဘယ်ရဿသရများကို ဒီဃပြုရပါမည်နည်း အကြောင်းနှင့်တကွ ဖော်ပြပါ။

http://www.dhammadownload.com

ဖြေ။ မည်သည့်ရဿသရဟု သတ်မှတ်ချက်မရှိသောကြောင့် လိင်၏အဆုံးဖြစ်သော အလုံးစုံသော ရဿသရကိုပင် ဒီဃပြုရပါမည်။ (စာကိုယ်နှင့် ရူဋီ၊ ၃၉။)

မေး။ ဤသုတ်ပါ စ-သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စ-သဒ္ဒါသည် အချို့သောပြယုဂ်တို့၌ ဣအက္ခရာ ဥအက္ခရာတို့၏ ဒီဃအဖြစ်ကို တားမြစ်ခြင်း နိဝတ္တာပနာဝဓာရဏအနက် ရှိပါသည်။

ပြယုဂ်-ဗြဟ္မစာရိသု၊ ဘိက္ခုနံ၊ ပါဏိဘိ။

၉၀၊ ၂၅၂။ ပဥ္စာဒီနမတ္တံ။ (၁၀၇)

မေး။ ပဥ္စာဒီနံ-၌ အာဒိ-အရနှင့် အာဒိဝန္တအရတို့ကို ခွဲခြားဖော်ပြပါ။
အာဒိ အရ- ပဥ္စ သဒ္ဒါ ဖြစ်ပါသည်။
အာဒိဝန္တအရ- ဆ မှစ၍ အဌာရသတိုင်အောင်သော သင်္ချာသဒ္ဒါများ ဖြစ်ပါသည်။

အမှာ။ ။ ''အာဒိ-သဒ္ဒါနှင့် တွဲနေသောသဒ္ဒါသည် အာဒိ-အရ ဖြစ်၏''ဟု ပုံသေမှတ်ပါ။ ''အာဒိ သဒ္ဒါဖြင့် ယူရမည့် သဒ္ဒါများကို ဖော်ပြပါ''ဟု မေးလျှင်ကား ''ဆ-မှစ၍ အဌာရသတိုင်အောင်သော သင်္ချာသဒ္ဒါများ ဖြစ်ပါသည်''ဟု ဖြေပါ။ မေးခွန်းအားလျော်စွာ ဖြေဆိုတတ်အောင် သတိဆောင်ကာ မှတ်သားကြပါလေ။

မေး။ ပဥ္စာဒီနမတ္တံ-သုတ်ဖြင့် အ-ကို အ-ထပ်ပြုခြင်းဖြင့် ရှေးရုပ်အစဉ်မှ မထူးခြားသည် မဟုတ်ပါလော? အ-ကို အ-ထပ်ပြုခြင်းသည် အဘယ်အကျိုးရှိပါသနည်း ဖြေဆိုပါ။

ဖြေ။ ဤသုတ်ဖြင့် အ-ကို အ-ထပ်ပြုရခြင်းဖြင့် ရှေးရုပ်အစဉ်မှ မထူးသော်လည်း ဤသုတ်ဖြင့် အ-ကို အ-ပင် ထပ်၍ပြုခြင်းသည် သုဟိသွကာရော ၉-သုတ်ဖြင့် ဧပြုခြင်း၊ သုနံဟိသု စ-သုတ်ဖြင့် ဒီဃပြုခြင်းတို့ကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

၉၁၊ ၁၉၄။ ပတိဿိနီမှိ။ (၈၉)

မေး။ ဂဟပတာနီ-ကို ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ ဂဟပတိ-တည်၊ ပတိဘိက္ခုရာဇီကာရန္တေဟိ ဣနီ-သုတ်ဖြင့် ဣနီ ပစ္စည်းသက် (ဂဟပတိ ဝိနီ)၊ တ် ခွင်း ဣ ကြွင်း (ဂဟပတ် ဝိ ဝိနီ)၊ ပတိဿနီမှိ-သုတ်ဖြင့် နောက်ဣနီ ပစ္စည်းကြောင့် ပတိ-သဒ္ဒါ၏ အဆုံး ဣ-ကို အ-ပြု (ဂဟပတ် - ဝိနီ)၊ ဝါ ပရော အသရူပါ-သုတ်ဖြင့် အ-သရမှနောက်ဖြစ်သော ဣသရကို ချေ (ဂဟပတ် - နီ)၊ ပုဗ္ဗော စ-သုတ်ဖြင့် နောက်ဣသရကျေပြီးသည်ရှိသော် ရှေ့ အ-သရကို အာဒီဃပြု၊ တ် အာ (-ာ) သို့ကပ်၊ နာမ်ငဲ့ သိသက် ချေ၊ ပြီး၏။

၉၂၊ ၁၀၀။ န္တုဿန္တော ယောသု စ။ (၅၄)

မေး။ ဤသုတ်ပါ စသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စ-သဒ္ဒါသည် သုနံဟိသု စ-သုတ်၌ဆိုအပ်ခဲ့ပြီးသော သုနံဟိ-ဝိဘတ်တို့ကို ငင်ခြင်း အနုကပုနအနက် ရှိပါသည်။

http://www.dhammadownload.com

(တစ်နည်း) အံ, နာ, သွာ, သွီဝိဘတ်တို့ကို ဆည်းခြင်းသမုစ္စည်းအနက် ရှိပါသည်။ (ထိုဝိဘတ်တို့ကြောင့်လည်း နှု ပစ္စည်းတို့၏ အဆုံး ဥ-ကို အ-ပြုပါ ဟူလို။)

မေး။ ''နှု-ပစ္စည်း၏ အဆုံးဖြစ်သော ဥ-ကို အ-ပြုရမည်''ဟူသောအနက်သည် ''နှုဿ'' ဟူသော အန္တာပေက္ခဆဋ္ဌီဖြင့်ပင် ပြီးပါလျက် ထည့်ဆိုသော အန္တသဒ္ဒါပို၏အကျိုးကို ဖြေဆိုပါ။

ဖြေ။ ဂုဏဝန္တိ-ပုံစံ၌ ယောဝိဘတ်ကို ဣပြုရခြင်း အကျိုးရှိပါသည်။ (ကစ္စည်း၌ကား-နှုပစ္စည်း၏အဆုံးဖြစ်သော ဥ-ကို အ-ပြု, ယောဝိဘတ်ကိုလည်း ဣပြု-ဟု ဆိုပါသည်။)

မေး။ ဂုဏဝန္တိ-ရုပ်သည် ပုလ္လိင်ရုပ်လော ? နပုလ္လိင်ရုပ်လော? ယုတ္တိပြကာ ဆုံးဖြတ်ပါ။

ဖြေ။ ဤ ဂုဏဝန္တိ-ရုပ်ကို သဒ္ဒနီတိပဒမာလာ(၁၉၄)၌ နပုလ္လိင်ဟု ဆိုသည်။ ရူပသိဒ္ဓိဝယ် ဤ နှုဿန္တော ယောသု စ-သုတ်၌ ဟစ်ခါထုတ်ပြ၍ နပုလ္လိင်အရာ(စာ-၉၄)၌ ထပ်မံ ထုတ်ပြထားပြန်သည်။ ပုလ္လိင်အရာ၌ ထုတ်ပြထားခြင်းသည် အန္တသဒ္ဒါပို၏ အကျိုးကို ထင်ရှားအောင်ပြလို၍ ထုတ်ပြထားခြင်းသည် ဖြစ်သည်။ ထုတ်ပြလိုရင်း မဟုတ်ပါ။ ထို့ကြောင့် ဂုဏဝန္တိ-သည် နပုလ္လိင်ရုပ်သာ ဖြစ်သည်ဟု အဘယာဆရာမြတ် မိန့်တော်မူပါသည်။

၉၃၊ ၁၀၆။ သဗ္ဗဿ ဝါ အံသေသု။ (၅၅)

မေး။ ဤသုတ်ပါ ဝါသဒ္ဒါ၏ သတ်မှတ်ချက်ကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဝါသဒ္ဒါ ဝဝတ္ထိတဝိဘာသာအနက်ရှိသောကြောင့် သတိမန္တု, ဗန္ဓုမန္တု-သဒ္ဒါတို့၏ နှု-ကိုသာ အ-ပြုရပါသည်။ ၎င်းတို့မှတစ်ပါး ဂုဏဝန္တု, ဟိမဝန္တု စသော သဒ္ဒါတို့၏ နှု-ကို အ-မပြုရ ဟု သတ်မှတ်ပြပါသည်။

သိမှတ်ဖွယ်။ ။ ရူပသိဒ္ဓိဆရာက ထိုသို့ဖွင့်ဆိုထားသော်လည်း ပါဠိတော်တို့၌ ''ဟိမဝံ ပဗ္ဗတံ ဣဝ''၊ ''ယံ ယံ ဟိ ရာဇ ဘဇတိ၊ သန္တံ ဝါ ယဒိ ဝါ အသံ''၊ ''ကိစ္စာနုကုဗ္ဗဿ ကရေယျ ကိစ္စံ''၊ ''အနာပတ္တိ ဣဒ္ဓိမဿ ဣဒ္ဓိဝိသယေ''စသော ပြယုဂ်တို့ကို တွေ့မြင်ရသောကြောင့် ထိုအဆိုကို ဆရာမြတ်တို့ နှစ်သက်တော် မမူကြပါ။

၉၄၊ ၁၀၅။ သိမှိ ဝါ။ (၅၅)

မေး။ သဗ္ဗဿ ဝါ အံသေသု-သုတ်မှ ဝါသဒ္ဒါကိုအလိုက်ခံလျှင် ပြီးပါလျက် တစ်ဖန်ထပ်ဆိုသော ဝါသဒ္ဒါ၏အကျိုးကို ရေးပြပါ။

ဖြေ။ ဝါသဒ္ဒါကို တစ်ဖန်ထပ်ဆိုခြင်းသည် ဟိမဝန္တု-သဒ္ဒါမှတစ်ပါး ဂုဏဝန္တု-စသောသဒ္ဒါတို့၌ သိဝိဘတ်ကြောင့် နှုပစ္စည်း၏ အဆုံးဖြစ်သော ဥ-၏ အ-အပြုကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

မေး။ ဂုဏဝန္တု-သဒ္ဒါနောင် သိဝိဘတ်ဖြင့် 'ဂုဏဝန္တော'ဟု ရုပ်ရှိနိုင်/ မရှိနိုင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ဆုံးဖြတ်ချက်ချခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ သိမှိ ဝါ-သုတ်၌ ဝဝတ္ထိတဝိဘာသာအနက်ရှိသော ဝါသဒ္ဒါက ဟိမဝန္တ-သဒ္ဒါမှတစ်ပါသော သဒ္ဒါတို့၌ နှုပစ္စည်း၏ အဆုံးဖြစ်သော ဥ-ကို အ-မပြုရဟု သတ်မှတ်ပြသောကြောင့် ဂုဏဝန္တ-သဒ္ဒါနောင် သိဝိဘတ်ဖြင့် 'ဂုဏဝန္တော'ဟု ရုပ်မရှိနိုင်ပါ။

သိမှတ်ဖွယ်။ ။ အထက်ပါ ဆုံးဖြတ်ချက်မှာ ရူပသိဒ္ဓိဆရာ၏ အလိုမျှသာ ဖြစ်သည်-ဟု မှတ်ပါ။ ''အတုလော နာမ နာမေန၊ ပညဝန္တော ဇုတိန္ဓရော''၊ သီလဝန္တော ဓိတိမန္တော၊ ပညဝန္တော စ ယော ဣသိ''စသော ပါဠိတော်ပြယုဂ်တို့ကို တွေ့မြင်ရသောကြောင့် ထို ဆုံးဖြတ်ချက်ကိုလည်း ဆရာမြတ်တို့ နှစ်သက်တော်မမူကြပါ။

၉၈၊ ၁၈၉။ မာတုလာဒီနမာနတ္တမီကာရေ။ (၈၇)

မေး။ မာတုလာဒီနံ-၌ အာဒိသဒ္ဒါဖြင့် ယူရမည့်သဒ္ဒါများကို ဖော်ပြပါ။

ဖြေ။ မာတုလသဒ္ဒါနှင့် အကာရန္တချင်းတူသော (ဤပစ္စည်း မသက်သော် ပုလ္လိင်ဟောချင်း တူသော) အယျက, ဝရုဏစသောသဒ္ဒါတို့ကိုယူရပါမည်။ (အာဒိသဒ္ဒါ ပကာရအနက် ရှိ၏-ဟု သိပါ။)

မေး။ မာတုလာဒီနံ-၌ ဆဋ္ဌီသည် အဘယ်ဆဋ္ဌီ ဖြစ်ပါသနည်း။

ဖြေ။ အန္တာပေက္ခဆဋ္ဌီ ဖြစ်ပါသည်။ (ထို့ကြောင့် ဝုတ္တိ၌ အန္တ-သဒ္ဒါကို ထည့်၍ ဖွင်ဆိုနိုင်ခြင်း ဖြစ်သည်-ဟု မှတ်ပါ။)

မေး။ နဇ္ဇော-ကို (က) ရူအလို (ခ) ကစ္စည်းအလိုအားဖြင့် ခွဲခြားပြီး ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ (က) နဒီ + ယော၊ ဤ-ကို ပ-အမည်မှည့်၊ တတော ယောနမောတု သုတ်၌ တု-သဒ္ဒါဖြင့် ယောဝိဘတ်ကို ဩ-ပြု။ ဒ် ခွင်း ဤကြွင်း၊ ပသညဿ စ သုတ်ဖြင့် ပ-မည်သော ဤ-ကို ယ-ပြု၊ ဒ် ယ-သို့ကပ် (နဒျယော)၊ ယဝတံ-စသောသုတ်ဖြင့် ဒျ-ကို ဇ-ပြု။ ပရ ဒွေဘာဝေါ ဌာနေသုတ်ဖြင့် ဇ-ကို သဒိသဒွေဘော် ဇွ-ပြု၊ ခွင်း၊ ချေ၊ ကပ်၊ ပြီး၏။

(ခ) နဒီ+ယော၊ မာတုလာဒီနမာနတ္တမီကာရေ-သုတ်၌ အာနတ္တသဒ္ဒါပိုဖြင့် နဒီ သဒ္ဒါ၏ ဒီ-ကို ယောဝိဘတ်နှင့်တကွ ဇ္ဇော-ပြု၊ ပြီး၏။

မေး။ နဇ္ဇော-ကို ရူပသိဒ္ဓိဆရာ စီရင်သည့်နည်းအတိုင်း တတော ယောနမော တု သုတ်၌ တု သဒ္ဒါစသည်တို့ဖြင့် စီရင်လျှင် ပြီးနိုင်ပါလျက် ကစ္စည်းကျမ်းဝယ် အဘယ်အကျိုးငှါ (အဘယ့်ကြောင့်) မာတုလာဒီနမာနတ္တမီကာရေ-သုတ်၏ ဝုတ္တိ၌ 'အာနတ္တ' သဒ္ဒါပိုဖြင့် ရုပ်ပြီးစေရပါသနည်း။

ဖြေ။ အတြဇ၊ သုဂတ-စသည်တို့ကဲ့သို့ ရုပ်ပြီးပုံ နည်းဥပါယ်တစ်မျိုးကို ပြခြင်းအကျိုးငှါ (တစ်နည်း တစ်ဖုံ ရုပ်ပြီးပုံကို ပြခြင်းအကျိုးငှါ) ကစ္စည်းကျမ်းဝယ် မာတုလာဒီနမာနတ္တ မီကာရေ-သုတ်၏ ဝုတ္တိ၌ အာနတ္တသဒ္ဒါပိုဖြင့် ရုပ်ပြီးစေခြင်း ဖြစ်ပါသည်။

သတိပြု။ ။ **အတြဇော**-ကို ဒေါ ဓဿ စ-သုတ်၌ 'တြော တ္တဿ'ဟူသော သုတ္တဝိဘာဂ (စသဒ္ဒါ)ဖြင့်လည်းကောင်း၊ သ္မာ နာ-သုတ်၌ တတော သဒ္ဒါပိုဖြင့် လည်းကောင်း ရုပ် ၂-နည်းပြီးစေရခြင်း။ **သုဂတော**-ကို ဒေါ ဓဿ စ-သုတ်၌ ဘော

http://www.dhammadownload.com

ဒဿ-ဟူသော သုတ္တဝိဘာဂ (စသဒ္ဒါ)ဖြင့်လည်းကောင်း၊ ယဝမဒန-စသောသုတ်၌ စသဒ္ဒါဖြင့်လည်းကောင်း ရုပ် ၂-နည်းပြီးစေရခြင်းတို့ကို သတိပြုပါ။

၉၉၊ ၈၁။ သ္မာသိသ္မိံနံ မှာဘိမှိ ၀ါ။ (၄၈)

မေး။ ဤသုတ်ဖြင့် သ္မာ, ဟိ, သ္မိဝိဘတ်တို့ကို မှာ, ဘိ, မှ်ပြုရာဝယ် အဘယ်လိင်၌ ပြုရပါသနည်း။

ဖြေ။ လိင်သုံးပါးလုံး၌ ပြုရပါသည်။

ဣတ္ထိလိင်၌ မှိပြုသောပုံစံ - သေ ဝိဘတ္တိမှိ။

၁၀၁၊ ၈၀။ သုဟိသွကာရော ဧ။ (၄၈)

မေး။ သုဟိသွကာရော ဧ-သုတ်၌ အကာရော-အရကို ဖော်ပြပါ။

ဖြေ။ လိင်နှင့်စပ်နေသော အ-အက္ခရာကိုယူရပါသည်။

၁၀၃၊ ၇၉။ အတော နေန။ (၄၈)

မေး။ အတော နေန-ဝယ် ဧန-၌ ဝိဘတ်ကို ဖော်ပြပါ။

ဖြေ။ ဧန-ပုဒ်သည် ဝိဘတ်မပါပဲ ဝိဘတ်ကို ချေ၍ ညွှန်ပြထားသော အဝိဘတ္တိက နိဒ္ဒေသပုဒ် ဖြစ်ပါသည်။ သို့သော် ''လုတ္တေ ပဌမာ''ဟူသော ပရိဘာသာအရ ပဌမာဧကဝုစ် သိဝိဘတ် ဆုံးနေသောပုဒ်ဟု ဆိုရပါမည်။

၁၀၄၊ ၆၆။ သော။ (၄၄)

မေး။ သော-သုတ်သည် ဘယ်နှပုဒ်ရှိသောသုတ် ဖြစ်ပါသနည်း။

ဖြေ။ ''သိ + ဩ''ဟု ၂-ပုဒ်ရှိသောသုတ် ဖြစ်ပါသည်။

သိ, ဩ ဣတိ ဒ္ဝိပဒမိဒံ။ ။ ဈာသ၌ ''သိဿ ဩ သော''ဟု ဝစနတ္ထပြု၍ တစ်ပုဒ်တည်းဖြစ် ကြောင်း ဖွင့်ဆိုထားသည်။ ထိုဖွင့်ဆိုချက်ကို မနှစ်သက်သောကြောင့် ရူပသိဒ္ဓိဆရာတော်က ''သိ, ဩဣတိ ဒ္ဝိပဒမိဒံ''ဟု ရေးခဲ့ခြင်း ဖြစ်သည်။

ဋီကာက ပယ်။ ။ ယင်းဈာသအဆိုကို ''သိဿ+ဩ-ဟု ဝစနတ္ထပြုခိုက် သိ-သာ ထင်ရှားရှိ၍ သမ္ဗန္ဓိဖြစ်သော ဩ-သည် ထင်ရှားမရှိသေးသောကြောင့် လည်း ကောင်း၊ ပြုအပ်ဆဲဖြစ်သော ဩ-အက္ခရာ၏လည်း အာဒေသ-ဟူသော ပုဒ်တစ်ပါးကို ငဲ့နေသည့်အတွက် သိ-နှင့် သမာသ်မဖြစ်သင့်သော ကြောင့်လည်းကောင်း မသင့်သည် သာ''ဟု ရူပသိဒ္ဓိဋီကာဆရာက ပယ်ချထားပါသည်။

မေး။ ''သိ-ဝိဘတ်ကို ဩ-ပြုရမည်''ဆိုရာ၌ အဘယ်သိ-ကို ဩ-ပြုရပါမည်နည်း။

ဖြေ။ လိင်၏အဆုံးဖြစ်သော အ-အက္ခရာမှ နောက်ဖြစ်သော သိ-ဝိဘတ်ကို ဩ-ပြုရပါမည်။

သိမှတ်ဖွယ်။ ။ တတော စ ဝိဘတ္တိယော-သုတ်ဖြင့် ဝိဘတ်တို့ကို လိင်နောင် စီရင်အပ်သောကြောင့်လည်းကောင်း၊ အ-အက္ခရာ၏လည်း လိင်၏အစိတ်ဖြစ်သောကြောင့်

http://www.dhammadownload.com

လည်းကောင်း ''လိင်၏အဆုံးဖြစ်သော အ-အက္ခရာမှ နောက်''ဟူ၍ အနက်အားဖြင့် ပြီးစီးပါသည်။ (ရူဋီ၊ ၃၄-၅။)

မေး။ သုတ်၌ ''သိ''ဟု ပဋ္ဌမာဝိဘတ်ဖြင့် ညွှန်ပြထားသော ကာရိယီကို ဝုတ္တိ၌ အဘယ့်ကြောင့် သိဝစနဿ-ဟု ဆဋ္ဌီဝိဘတ်ဖြင့် ဖွင့်ဆိုရပါသနည်း။

ဖြေ။ ဩကာရော ဟောတိ-ဟူသော အာဒေသကို (ဩကာရာဒေသော ဟောတိ-၌ အာဒေသကို) ငဲ့၍ သိဝစနဿ-ဟု ဆဋ္ဌီဝိဘတ်ဖြင့် ဖွင့်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ သော-သုတ်ကို ရူပသိဒ္ဓိဆရာအလိုကျ အနက်ပေးပြခဲ့ပါ။

ဖြေ။ (လိင်ဿ၊ လိင်၏။ အကာရတော၊ အ-အက္ခရာမှ။ ပရော၊ နောက်ဖြစ်သော။) သိ၊ သိဝိဘတ်သည်။ ဩ၊ ဩ-သည်။ ဟောတိ၊ ဖြစ်၏။

အထူးမှာထားချက်။။ ''ဩ၊ ဩ-အပြုသည်''ဟု ''အပြု''ဟူသော စကားလုံး ထည့်ပေးလျှင် ''သိ၊ သိဝိဘတ်သည်''ဟု မပေးနိုင်၊ ''သိ၊ သိဝိဘတ်၏''ဟုသာ ပေးရပါမည်။ ဘာ့ကြောင့်နည်း? ''အပြု''ဟူသည် ''အာဒေသ''ဖြစ်၍ အာဒေသ သည် သမ္ဗန်ကို ငဲ့သောကြောင့်တည်း။ သို့ဖြစ်၍ ရူပသိဒ္ဓိဆရာအလိုကျ-ဟု မေးခဲ့လျှင် ''အပြု''ဟူသော စကားလုံး မပါအောင် သတိဆောင်ကာ ပေးကြပါလေ။

မေး။ သိ + ဩ ၌ သိ-ဟု သာမညဆိုထားပါလျက် အဘယ့်ကြောင့် သိဝိဘတ်ကို ယူရပါသနည်း ဖြေဆိုပါ။ (သိ-အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။)

ဖြေ။ သိ-ဟု သာမညဆိုထားပါသော်လည်း ဝိဘတ်တို့၏ ကာရိယကို ပြုစီရင်သည့် အတော နေန-စသော သုတ်တို့၏ အရာဌာနဖြစ်သောကြောင့်၊ **(တစ်နည်း)** တတော စ ဝိဘတ္တိယော-သုတ်မှ ဝိဘတ္တိသဒ္ဒါလိုက်လာသောကြောင့်၊ သိ-အရ ဝိဘတ်ကိုသာ ယူရခြင်း ဖြစ်ပါသည်။

၁၀၇၊ ဖိ၉။ သဗ္ဗယောနီနမာ ။ (၄၅)

မေး။ သဗ္ဗယောနီနမာ-သုတ်၌ ကာရီ, ကာရိယတို့ကို တွဲစပ်ပြခဲ့ပါ။

ဖြေ။ ပဋ္ဌမာယော၊ ၎င်း၏ကာရိယဖြစ်သော နိ အက္ခရာ = အာ ပြု။
ဒုတိယာယော၊ ၎င်း၏ကာရိယဖြစ်သော နိ အက္ခရာ = ၉ ပြု။

မေး။ ''ယောနီနမာ''ဟု သုတ်မတည်ပဲ အဘယ်အကျိုးငှါ ''သဗ္ဗယောနီနမာ''ဟု သဗ္ဗသဒ္ဒါကို ထည့်၍ သုတ်တည်ရပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ကာရိယဖြစ်သော အာ, ၉-တို့သည် သရမျှသာဖြစ်၍ ယော,နိ တို့၏ အစိတ်ဖြစ်သော ဩ, ဣ-သရတို့ကိုသာ အာ, ပြုရမည်လား? ဟု လျဉ်းပါးဖွယ်ရှိသောကြောင့် ယင်းသို့မဟုတ်၊ ''ယော တစ်ခုလုံး, နိ တစ်ခုလုံးကို အာ, ပြုရမည်''ဟု သိစေခြင်း အကျိုးငှါ ''သဗ္ဗယောနီနမာ''ဟု သဗ္ဗသဒ္ဒါကို ထည့်၍ သုတ်တည်ရခြင်း ဖြစ်ပါသည်။

မှတ်ချက်။ ။ ချာသ၌ကား- ပဋ္ဌမာ, ဒုတိယာယော နှစ်ခုလုံး၊ ၎င်းတို့၏ ကာရိယဖြစ်သော နိ-နှစ်ခုလုံးကို ယူဟု သိစေခြင်းအကျိုးရှိ၏-ဟု ဆိုပါသည်။

http://www.dhammadownload.com

မေး။ သဗ္ဗယောနိနမာဇ–သုတ်သို့ လိုက်လာသော ဝါသဒ္ဒါ၏အနက်နှင့် သတ်မှတ်ချက်တို့ကို ဖော်ပြပါ။

ဖြေ။ ဝါသဒ္ဒါ ဝဝတ္ထိတဝိဘာသာအနက်ရှိပါသည်။ ထို ဝါသဒ္ဒါ က–
ပုလ္လိင်၌ ပဌမာယော, ဒုတိယာယော ဝိဘတ်တို့ကို အမြဲ အာ, ပြုရခြင်းဟူသော နိစ္စ ဝိဓိ။ နပုလ္လိင်၌ ပဌမာ နှ၊ ဒုတိယာ နှ–တို့ကို ရံခါ အာ, ဇ ပြုရခြင်း–ဟူသော အနိစ္စ ဝိဓိ။ စျမည်သော–ဣ ကို အ–ပြုပြီးသောအခါ ယောဝိဘတ်တို့ကို အာ, ဇ မပြုရခြင်း ဟူသော အသန္တဝိဓိတို့ကို သတ်မှတ်ပြပါသည်။

ပုံစံ – ပုရိသာ၊ ပုရိသေ။
ရူပါ, ရူပါနိ၊ ရူပေ, ရူပါနိ။
အဂ္ဂယော။

မေး။ သဗ္ဗယောနိန မာဇ–သုတ်ဖြင့် ယောဝိဘတ်တို့၏ ကာရိယဖြစ်သော နှ–တို့ကို အာ, ဇ–ပြုရမည်ဟုဆိုရာ နေရာတိုင်းမှာပင် ပြုရပါမည်လော ရှင်းလင်းဖြေဆိုပါ။

ဖြေ။ နေရာတိုင်းမှာ ပြုရမည် မဟုတ်ပါ။ ''နပုလ္လိင် အကာရန္တနောင် ယောဝိဘတ်တို့ကို ပြုထားသော နှ–၏ သဗ္ဗယောနိနမာဇ–သုတ်ဖြင့် စီရင်အပ်သော အာ, ဇ အဖြစ်သည် တစ်ချို့တစ်လေ၌သာ ဖြစ်၏''ဟု အတော နိစ္စ–သုတ်၌ ရူပသိဒ္ဓိဆရာ ဖွင့်ဆိုထားသောကြောင့် စိတ္တ–စသော သုဒ္ဒနာမ်အရာ၌သာ ပြုရပါမည်။ သဗ္ဗ–စသော သဗ္ဗနာမ်ပုဒ်တို့၌ မပြုရပါ။

၁၁၀၊ ၂၀၁။ တယော နေဝ စ သဗ္ဗနာမေဟိ။ (၉၈)

မေး။ ဤသုတ်ပါ သဗ္ဗနာမ အရကို ဖော်ပြပါ။

ဖြေ။ အကာရန္တဖြစ်သော သဗ္ဗ, ကတရစသော သဗ္ဗနာမ်ပုဒ်တို့ကို ယူရပါမည်။

မေး။ တယော နေဝ စ သဗ္ဗနာမေဟိ–သုတ်ပါ စ–သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စ–သဒ္ဒါသည် ပုဗ္ဗ, ပရ–စသော အကာရန္တသဗ္ဗနာမ်တို့မှနောက်ဖြစ်သော သွာ,သ္မိဝိဘတ်တို့၏ အာ, ဧအပြုကို တားမြစ်ခြင်းကို တဖန်နစ်စေခြင်း နိဝတ္တာပနာဝဓာရဏာအနက် ရှိပါသည်။

မေး။ တယော နေဝ စ သဗ္ဗနာမေဟိ–သုတ်က ''အကာရန္တ သဗ္ဗနာမ်ပုဒ်တို့နောင် သွာ, သ္မိ, သ–ဝိဘတ်တို့ကို အာ, ဇ, အာယ မပြုရ''ဟု တားမြစ်ထားသောကြောင့် သွာ, သ္မိ ဝိဘတ်တို့ဖြင့် ပုဗ္ဗာ, ပုဗ္ဗေ–စသောရူပ်များ မရှိနိုင်ဟု မှတ်ရပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ သုတ်ရင်းက ယင်းသို့ တားမြစ်ထားသော်လည်း စသဒ္ဒါက ပုဗ္ဗ, ပရ–စသော သဗ္ဗနာမ်ပုဒ်တို့၌ ထိုတားမြစ်ချက်ကို တစ်ဖန်နစ်စေသောကြောင့် သွာ, သ္မိဝိဘတ်တို့ဖြင့် ပုဗ္ဗာ, ပုဗ္ဗေ–စသောရူပ်များ ရှိနိုင်ပါသည်။

သတိပြုဖွယ်။ ။ **''နေန နိဒ္ဒိဋ္ဌ မနိစ္စ – န ပဋိသေဓဖြင့် ညွှန်ပြအပ်သော အစီအရင်သည် မမြဲ''**ဟူသော သက္ကတ 'ပရိဘာသေန္ဒုသေခရ'ကျမ်းလာ ပရိဘာသာကို

http://www.dhammadownload.com

သတိပြုပါ။ ယင်းပရိဘာသာကို အဘိဓာန်ဋီကာ၌ သုံးထားသည်ကို တွေ့မြင်နိုင်ပါသည်။

မေး။ **''၀ေ လည်းထိုင်၊ စ လည်းထိုင်၊ လုံကိုင် ခွေးခေါ်နည်း'' "၀ေ လည်းဆို၊ စ လည်းဆို၊ ဘိုးအို ဗျာရက်နည်း''**ဟု နိယံများဆိုကြရာ ထိုနိယံများကို ရှင်းပြခဲ့ပါ။

ဖြေ။ မလိုသည့်ခွေး ပြေးစေဖို့ရာ လုံကိုင်၍ ပြ၏။ လိုသည့်ခွေး လာဖို့ရာ ခေါ်၏။ ဤသုတ်၌ ၀ေ-သဒ္ဒါက သုတ်ရင်းဖြင့် သဗ္ဗ, ကတရစသော အကာရန္တသဗ္ဗနာမ်ပုဒ်တို့မှ နောက်ဖြစ် သော သ္မာ, သ္မိ, သ ဝိဘတ်တို့၏ အာ, ဇ, အာယအပြုတို့ကို မြစ်ခြင်း အစီအရင်ကို မြဲစေသောကြောင့် လုံကိုင်ခြင်းနှင့် တူသည်။ စ-သဒ္ဒါက ပုဗ္ဗ, ပရ-စသော အကာရန္တ သဗ္ဗနာမ်ပုဒ်တို့မှ နောက်ဖြစ်သော သ္မာ, သ္မိဝိဘတ်တို့၏ အာ, ဇ အပြုတို့ကို မြစ်ခြင်း အစီအရင်ကို နစ်စေသောကြောင့် (သ္မာ, သ္မိဝိဘတ်တို့၏ အာ, ဇ-ပြုခြင်းအစီအရင်ကို တစ်ဖန်ခွင့်ပြုသောကြောင့်) လိုသည့်ခွေး လာဖို့ရာ ခေါ်ခြင်းနှင့် တူပါသည်။

ဗျာရက်ရာ၌ လက်တစ်ဖက်ဖြင့် လိုသည့်နှီးကို သွင်း၍ လက်တစ်ဖက်ဖြင့် မလိုသည့်နှီးကို ထုတ်၏။ ၀ေ-သဒ္ဒါက သုတ်ရင်းဖြင့် တားမြစ်ခြင်း အစီအရင်ကို မြဲစေသောကြောင့် မလိုသည့်နှီးကို ထုတ်ခြင်းနှင့် တူသည်။ စ-သဒ္ဒါက သုတ်ရင်းဖြင့် တားမြစ်ခြင်း အစီအရင်ကို နစ်စေ၍ တစ်ဖန်ခွင့်ပြုပြန်သောကြောင့် လိုသည့်နှီးကို သွင်းခြင်းနှင့် တူပါသည်။

၁၁၃၊ ၁၃၂။ သခတော ဂဿ ဝါ။ (၆၃)

မေး။ သခတော ဂဿ ဝါ-သုတ်၌ ဝါ-သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ ဝါ-သဒ္ဒါသည် ဘဒ္ဒန္တေ, ကြသေ-ပုံစံတို့၌ သခ-သဒ္ဒါမှတစ်ပါးသော ဘဒ္ဒန္တ, ကြသိ-သဒ္ဒါတို့နောင် ဂ-သိ၏ ဇ-အပြုကို ဆည်းခြင်း အဝုတ္တသမုစ္စည်းအနက်ရှိပါသည်။

အဝုတ္တသမုစ္စည်း = အဝုတ္တဝိကပ်။ ။ သီလက္ခန်ဋီကာသစ်စသော ဋီကာကြီးတို့ အလို ဝါသဒ္ဒါ ''သုတ်၌ တိုက်ရိုက်မဆိုအပ်သော အနက်ကို ပြုစီရင်ခြင်း အဝုတ္တဝိကပ္ပနအနက်''ဖြစ်ပါသည်။ သဒ္ဒါဋီကာတို့၌ကား ထိုအဝုတ္တဝိကပ္ပနအနက်ကို အဝုတ္တသမုစ္စည်းအနက်ဟု ဖွင့်ပါသည်။ - သုနမံသု ဝါတိ ဇေတ္ထ ပုန ဝါဂ္ဂဟဏကရဏံ သမုစ္စယတ္ထံ။ (ရူဋီ၊ ၄၅။)

မေး။ ''ဘဒ္ဒန္တေ, အို အရှင်''ဟူသောပုဒ်ကို နာမ်ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ ဘဒ္ဒန္တ-တည်၊ အာလုပ် သိသက်၊ ဂ-အမည်မှည့်၊ သခတော ဂဿ ဝါ-သုတ်၌ပါသော ဝါသဒ္ဒါဖြင့် ဂ-မည်သော သိ-ကို ဇ-ပြု၊ ခွင်း, ချေ, ကပ်၊ ပြီး၏။

အမှာ။ ။ ကြသေ-ကို နည်းတူတွက်ပါ။

မေး။ ဂဿ-ကို ပုဒ်ဖြတ်၍၊ ဇ-ကို ဝစနတ္ထပြုပြီး ရုပ်ပြီးပုံကိုလည်း ရေးပါ။

ဖြေ။ ဂဿ + ဇ-ဟု ပုဒ်ဖြတ်ရပါသည်။

ဇ-ကို ''အ စ အာ စ ကြ စ ဤ စ ဇ စ ဇ''ဟု ဒွန်သမာသ်ဝစနတ္ထ ပြုရ ပါမည်။

'အ အာ ကြ ဤ ဇ'ဟုဖြစ်သောအခါ နောက် ဇ-သရကြောင့် ရှေ့ ဤ-ကို ချေ၊ နောက် ဇ-ကြောင့် ရှေ့ ကြ-ကိုချေ၊ ထို့အတူ အာ-ကိုချေ၊ အ-ကိုချေ၍ ''ဇ''ဟု ရုပ်ပြီးပါသည်။

http://www.dhammadownload.com

နောက် အာ-ကြောင့် ရှေ့ အ-ကိုချေ။ နောက် ကွ-ကြောင့် ရှေ့ အာ-ကိုချေ။ နောက် ဤ-ကြောင့် ရှေ့ ကွ-ကိုချေ။ နောက် ဇ-ကြောင့် ရှေ့ ဤ-ကိုချေ၍ ''ဇ''ဟု ရုပ်ပြီးပါသည်။ (တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် ချေသည်ဟု သိပါ)။
(ရှာသ-၌ကား တစ်ပြိုင်နက်ချေပါသည်။ သရာ သရေလောပံ-သုတ်ပြန်ကြည့်ပါ)။

၁၁၇၊ ၁၂၄။ ဗျလဒတာ သဿ နော ဝါ။ (၆၁)

မေး။ လ-နောင်ဖြစ်ပါလျက် သဝိဘက်ကို နော-ပြုရသောပြယုဂ်ကို ထုတ်ပြ၍၊ နော-မပြုရပုံကိုသည်း ရှင်းပြပါ။

ဖြေ။ အမုဿ-ဖြစ်ပါသည်။
ဤပြယုဂ်၌ ပုလ္လိင် အမု-သဒ္ဒါ၏ ဥ-ကို လ-အမည်မှည့်၍ ၎င်းနောင် သ-ဝိဘတ်ရှိနေသော်လည်း ထို သ-ဂိဘတ်ကို နော-မပြုရပါ။ သ်-လာ၍ အမုဿ-ဟုသာ ရုပ်ပြီးရပါသည်။ (ရူ ၁၀၇။ နှ နော သဿ-မောဂ် ၂၊ ၈၇-သုတ်။)

အမှာ။ ။ ''အမု-သဒ္ဒါနောင် သဝိဘတ်ဖြင့် အမုနော-ဟု ရုပ်ရှိနိုင် / မရှိနိုင် ဆိုးဖြတ်ပါ''ဟူသော မေးခွန်းကို ဖြေတတ်ပါစေ။

၁၁၈၊ ၁၄၆။ ဃပတော စ ယောနံ လောပေါ။ (၆၇)

မေး။ ဃပတော စ ယောနံ လောပေါ-သုတ်၌ စ-သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စ-သဒ္ဒါသည် ရှေ့သုတ်မှ ဗျလတော-ကိုငင်ခြင်း အနုကဗနအနက် ရှိပါသည်။

မေး။ ဃပတော စ ယောနံ လောပေါ-သုတ်သို့ လိုက်လာသော ဝါသဒ္ဒါ၏ အနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ ဝါ သဒ္ဒါ ဝဝတ္ထိတဝိဘာသာ အနက်ရှိပါသည်။ ထိုဝါသဒ္ဒါက-
ယောဝိဘတ်ကို နိ-မပြုရာ, ဝေါ-မပြုရာတို့၌ (အဋ္ဌ, အမ္ဗ, ကတိ-စသောပြယုဂ်တို့၌) အမြဲချေခြင်း နိစ္စဝိဓိ။ ကညာ,ကညာယော-စသည်တို့၌ ယောဝိဘတ်ကို ရံခါချေရခြင်း အနိစ္စဝိဓိ၊ ယောဝိဘတ်ကို နိ-ပြုရာ၌ မချေရခြင်း အသန္တဝိဓိတို့ကို သတ်မှတ် ပါသည်။

သာဓက - အညတ္ထ နိစ္စံ ယောလောပေါ။ အဋ္ဌိ။ (နှာ၊ ၉၅)
နိစ္စံ ယောလောပေါ ဒီဃော စ။ အမ္ဗ ပုရိသာ (၁၀၇)
နိစ္စံ ယောလောပါဒိ၊ ရဿတ္တံ။ ကတိ။ (၁၂၀)

၁၁၉၊ ၁၅၅။ လတော ဝေါကာရော စ။ (၇၂)

မေး။ လတော ဝေါကာရော စ-သုတ်၌ ကာရ သဒ္ဒါပို့၏ အကျိုးကို ရေးပြပါ။

ဖြေ။ ကာရသဒ္ဒါပို့ဖြင့် ဇန္ဆနော, သဗ္ဗညုနော-စသောပြယုဂ်တို့၌ လ နောင် ယောဝိဘတ်တို့ကို နော-ပြုရခြင်းအကျိုးရှိပါသည်။

မေး။ လတော ဝေါကာရော စ-သုတ်၌ ကာရ-သဒ္ဒါပို့ပုံကို ရေးပြပါ။

ဖြေ။ လတော ဝေါ စ-ဟုဆိုလျှင် လိုအပ်သောအနက်ပြီးပါလျက် လတော ဝေါကာရော စ-

http://www.dhammadownload.com

ဟုဆိုခြင်းကြောင့် ကာရ-သဒ္ဒါ ပိုပါသည်။

မေး။ လတော ဝေါကာရော စ-သုတ်၌ စသဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါသည် အမူ-စသော အချို့သော ပြယုဂ်တို့၌ ယောဝိဘတ်တို့၏ ဝေါ-အပြုကို နစ်စေခြင်း နိဝတ္တပနာဝဓာရဏအနက်ရှိပါသည်။

(တစ်နည်း) စျလတော သဿ နော ဝါ-သုတ်မှ နော-သဒ္ဒါကိုငင်ခြင်း အနုကပုနအနက် ရှိပါသည်။

မေး။ လတော ဝေါကာရော စ-သုတ်၌ အနုကပုနအနက်ရှိသော စသဒ္ဒါက စျလတော သဿ နော ဝါ-သုတ်မှ နော-ကို ငင်ခြင်းကြောင့် ရရှိသောအကျိုးကို ဖော်ပြပါ။

ဖြေ။ အနုကပုနအနက်ရှိသော စသဒ္ဒါက စျလတော သဿ နော ဝါ-သုတ်မှ နော-ကို ငင်ခြင်းကြောင့် ဇန္တု, သဗ္ဗညု စသောသဒ္ဒါတို့နောင် ယောဝိဘတ်တို့ကို နော-ပြုရခြင်း အကျိုးရှိပါသည်။

မေး။ လတော ဝေါကာရော စ-သုတ်သို့ လိုက်လာသော ဝါ-သဒ္ဒါ၏အနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိပါသည်။ ထိုဝါသဒ္ဒါက-
ဘိက္ခု-အစရှိသော သဒ္ဒါတို့နောင် ယောဝိဘတ်တို့ကို အမြဲ ဝေါပြုရခြင်း နိစ္စဝိဓိ၊
ဟေတု-အစရှိသော သဒ္ဒါတို့နောင် ယောဝိဘတ်တို့ကို အချို့ ဝေါပြုရခြင်း အနိစ္စဝိဓိ၊
အမု-အစရှိသော သဒ္ဒါတို့နောင် ယောဝိဘတ်တို့ကို ဝေါ, နော-လုံးဝမပြုရခြင်း အသန္တဝိဓိတို့ကို ပိုင်းခြားသတ်မှတ်ပြပါသည်။

ပဌမကဏ္ဍ ပြီး၏။

□□□□□

ဒုတိယကဏ္ဍ

၁၂၁၊ ၂၃၃။ မယံ ယောမှိ ပဌမေ။ (၁၁၂)

မေး။ ''မယံ ဂစ္ဆာမ''ဟူသောပြယုဂ်၌ မိမိတယောက်တည်းဖြစ်ပါလျက် အဘယ့်ကြောင့် ''မယံ''ဟု ဗဟုဝုစ်ဖြင့် သုံးနှုန်းရေးသားနိုင်ပါသနည်း ဖြေဆိုပါ။

ဖြေ။ တယောက်တည်း၌လည်း မိမိကိုယ်ကို ရိုသေလေးစားခြင်း၊ များစွာ မြတ်နိုးခြင်းကြောင့် များသည်၏အဖြစ်ကို တင်စားသောအားဖြင့် ''မယံ ဂစ္ဆာမ'' ဟု ဗဟုဝုစ်ဖြင့် သုံးနိုင်ခြင်း ဖြစ်ပါသည်။

၁၂၄၊ ၉စ။ အာ သိမှိ။ (၅၃)

မေး။ ဂုဏဝါ-၌ ဝန္တုပစ္စည်းဖြစ်ပါလျက် ဤသုတ်ဝုတ္တိ၌ ''သဗ္ဗဿေဝ နွှုပစ္စယဿ''ဟု

http://www.dhammadownload.com

ဖွင့်ဆိုရပါသနည်း။

ဖြေ။ နှာ–သည် ဝန္တ ပစ္စည်း၏ တစ်စိတ်တစ်ဒေသဖြစ်သောကြောင့် ''သဗ္ဗသော၀ နှာ ပစ္စယသ'' ဟုဖွင့်ဆိုရခြင်း ဖြစ်ပါသည်။ (ရူ ဋီ၊ ၄၂။)

၁၂၅၊ ၁၉၈။ အံ နပုံသကော။ (၄၉)

မေး။ ဤသုတ်ဖြင့် အံ–ပြုရမည့် နှာပစ္စည်းကို ဖော်ပြပါ။

ဖြေ။ နပုလ္လိင်၌ဖြစ်သော လိင်၏ သမ္ဗန္ဓီဖြစ်သော (လိင်နှင့်စပ်ခြင်းရှိသော) နှာ–ပစ္စည်းဖြစ်ပါသည်။

၁၃၀၊ ၂၂၅။ အမုဿာဒုံ။ (၁၀၇)

မေး။ သဝိဘတ္တိသ, ံအံ သိ သု နပုံသကေ–ဟူသော လိုက်ပုဒ်များ မပါသည့် ''အမု–ဿာဒုံ''ဟူသော ဝိနာဓိကာရယောဂဝိဘာဂ၏ အကျိုးကို ဖော်ပြပါ။

ဖြေ။ ''အမုဿာဒုံ'' ဟူသော ဝိနာဓိကာရယောဂဝိဘာဂဖြင့် ''အဒုဿ''ဟူသော ပြယုဂ်၌ သဝိဘတ်ကြောင့်လည်း အမု–သဒ္ဒါကို အဒုံ–ပြုရခြင်း အကျိုးရှိပါသည်။

မေး။ အမုဿာဒုံ–သုတ်ဖြင့် အံ, သိဝိဘတ်တို့ကြောင့်သာ အမု–သဒ္ဒါကို အဒုံ–ပြုနိုင်ပါသလော? အခြားပြုနိုင်သောအရာရှိက ပုံစံနှင့်တကွ ဖော်ပြပါ။

ဖြေ။ သဝိဘတ္တိသ, အံ သိ သု နပုံသကေ–ဟူသော လိုက်ပုဒ်များ မပါသည့် ''အမု–ဿာဒုံ'' ဟူသော ဝိနာဓိကာရယောဂဝိဘာဂဖြင့် ''အဒုဿ ခေတ္တပါလဿ'' ဝယ် ''အဒုဿ''ဟူသော ပြယုဂ်၌ သဝိဘတ်ကြောင့်လည်း အမု–သဒ္ဒါကို အဒုံ–ပြုရပါ ဖေးသည်။

မေး။ အဒုဿ–ပုဒ်ကို ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ အမု–တည်၊ သဝိဘတ်သက်၊ အမုဿာဒုံ–ဟူသော ဝိနာဓိကာရယောဂဝိဘာဂဖြင့် အမု–သဒ္ဒါကို အဒုံ–ပြု၊ သ်–အာဂုံလာ (အဒုံဿ)၊ သံယုဂ်နောင်းသောအခါ ရဿ၏ ဒီဃသဘောရွှေ့လျောသဖြင့် နိဂ္ဂဟိတ်တည်ခွင့်မရသောကြောင့် (ရုကွသကုဏနည်းဖြင့်) နိဂ္ဂဟိတ်အလိုလိုကျေပျောက်ပြီး ''အဒုဿ''ဟု ရုပ်ပြီးပါသည်။

(တစ်နည်း) ဗျဥ္ဇနေ စ–သုတ်ဖြင့် နိဂ္ဂဟိတ်ကို ချေ၊ ပြီး၏။

မှတ်ချက်။ ။ ရူပသိဒ္ဓိ စာ–၁၀၈ လာ 'ကိဿ'ပုဒ် ရုပ်တွက်ပုံကိုထောက်၍ နိဂ္ဂဟိတ်ကို တမင်တကာ ချေရသည်ဟု မှတ်ပါ။

၁၃၂၊ ၂၂၈။ ယောသု ဒ္ဝိန္နံ ဒွေ စ။ (၁၀၉)

မေး။ ဒ္ဝိ–အစရှိသော သင်္ချာသဒ္ဒါတို့သည် သင်္ချာဟောလော? သင်္ချေယျဟောလော? ပုံစံများနှင့်တကွ ဖြေဆိုး၍၊ ၎င်းတို့၏ ဝုစ်ကိုလည်း အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဒ္ဝိ–အစရှိသော သင်္ချာသဒ္ဒါတို့သည် သင်္ချာ, သင်္ချေယျ နှစ်မျိုးလုံးကို ဟောသော သဒ္ဒါများ ဖြစ်ပါသည်။

ပုံစံ – ဒွေ ဘိက္ခူသတာနိ = ရဟန်း နှစ်ရာတို့။ (သင်္ချာဟော)

http://www.dhammadownload.com

ဒွေ စိတ္တာနိ = နှစ်ပါးသော စိတ်တို့။ (သခ္ခ်ယျဟော)
တီဏိ ဘိက္ခဝေတာနိ = ရဟန်း သုံးရာတို့။ (သခ္ခ်ာဟော)
တီဏိ ကုသလမူလာနိ = သုံးခုသော ကုသိုလ်မူလတို့။ (သခ္ခ်ယျဟော)
စတ္တာရိ ဝဿသဟဿာနိ = နှစ် လေးထောင်တို့။ (သခ္ခ်ာဟော)
စတ္တာရိ သစ္စာနိ = လေးပါးသော သစ္စာတို့။ (သခ္ခ်ယျဟော)။

၄င်းတို့သည် များစွာသောအနှက်တို့ကို ဟောသောကြောင့် အမြဲတမ်း ဗဟုဝုစ်သာ ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ အရေအတွက် သခ္ခ်ာက ပဓာနဖြစ်လျှင် သခ္ခ်ာဟောဖြစ်၍၊ ရေတွက်အပ်သော အရာဝတ္ထုဟူသော သခ္ခ်ယျက ပဓာနဖြစ်လျှင် သခ္ခ်ယျဟော ဖြစ်သည်ဟု မှတ်ပါ။

ဂဏ္ဌိအဆို။ ။ ရူပသိဒ္ဓိဂဏ္ဌိ၌ သခ္ခ်ာဟော, သခ္ခ်ယျဟောနှင့် သခ္ခ်ာပဓာန, သခ္ခ်ယျပဓာန မတူ-ဟု ဆိုသည်။ ထိုအဆိုကို ဆရာမြတ်တို့ နှစ်သက်တော်မမူကြ။ အတူတူပင်ဟု ယူလိုကြပါသည်။

သခ္ခ်ာဟောလျှင် ပကတိ+ဝိကတိ၊ **သခ္ခ်ယျဟောလျှင်** ဝိသေသန+ဝိသေသျ-ဟု လည်း ခွဲခြားတော်မူသည်။

တီဏိ၊ သုံးခုတို့သည်။ ဘိက္ခဝေတာနိ၊ ရဟန်းအရာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တီဏိ၊ သုံးခုကုန်သော။ ကုသလမူလာနိ၊ ကုသိုလ်မူတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏-ဟု အနက်ပေးပါ။

မှတ်ချက်။ ။ ပဒသာဓန, မဟာဘာသ-စသောပါဠိ,သက္ကတသဒ္ဒါကျမ်းနှင့် အဘိဓာန်ကျမ်းတို့၌ကား ''ဇော-အစ အဋ္ဌာရသအဆုံးရှိသော သခ္ခ်ာသဒ္ဒါတို့သည် သခ္ခ်ယျဝစန''ဟု ဆိုကြပါသည်။

မေး။ ယောသု ဒ္ဝိန္နံ ဒွေ စ-သုတ်၌ စ-သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါသည် ယောဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ ဒ္ဝိသခ္ခ်ာသဒ္ဒါ၏ ဒုဓေ-အပြု၊ နံ ဝိဘတ်ကြောင့် ဒုဝိ-အပြုတို့ကိုဆည်းခြင်း သမုစ္စည်းအနက်ရှိပါသည်။

မေး။ ဒ္ဝိ သခ္ခ်ာသဒ္ဒါ တစ်ခုတည်းဖြစ်ပါလျက် ဒ္ဝိန္နံ-ဟု ဗဟုဝုစ်ဖြင့်ဆိုရခြင်း အကျိုးကို ရေးပြပါ။

ဖြေ။ ဒ္ဝိ သခ္ခ်ာသဒ္ဒါ တစ်ခုတည်းဖြစ်သော်လည်း ထို ဒ္ဝိ သခ္ခ်ာသဒ္ဒါနောင် ဗဟုဝုစ်ဝိဘတ် သာသက်ရ၏-ဟု သိစေခြင်းအကျိုးငှါ ''ဒ္ဝိန္နံ''ဟု ဗဟုဝုစ်ဖြင့်ဆိုထားခြင်း ဖြစ်ပါသည်။

၁၃၄၊ ၂၅၁။ ပဋ္ဌာဒီနမကာရော။ (၁၁၇)

မေး။ (က) ပဋ္ဌ-အစ အဋ္ဌာရသအဆုံးရှိသော သခ္ခ်ာသဒ္ဒါ (ခ) ကတိ သဒ္ဒါတို့သည် အဘယ့်ကြောင့် လိင်သုံးပါးတို့၌ ပဋ္ဌ, ပဋ္ဌ၊ ကတိ, ကတိ-စသည်ဖြင့် ရုပ်တူရပါသနည်း။

ဖြေ။ (က) ပဋ္ဌ-အစ အဋ္ဌာရသ အဆုံးရှိသော သခ္ခ်ာသဒ္ဒါ (ခ) ကတိ သဒ္ဒါတို့သည် လိင်ကြောင့် ရုပ်အထူးမရှိသော အလိင်သဒ္ဒါများဖြစ်သောကြောင့် လိင်သုံးပါးတို့၌ ပဋ္ဌ, ပဋ္ဌ၊ ကတိ, ကတိ-စသည်ဖြင့် ရုပ်တူရပါသည်။

မှတ်ချက်။ ။ ရှေးရူပသိဒ္ဓိစာအုပ်တို့၌ ''ပဋ္ဌာဒီနမဋ္ဌာရသန္တာနံ, ကတိသဒ္ဒသ စ

http://www.dhammadownload.com

ဝါစွလိင်္ဂတ္တာ တိလိင်္ဂေဒိ သမာနံ ရူပံ''ဟု ပါဠိမှားရှိခဲ့သဖြင့် အချို့အဓိပ္ပါယ်ရေးစာအုပ်တို့၌ ထိုအမှားသို့ လိုက်ရေးထားကြသည်ကို တွေ့ရပါသည်။

မေး။ ကတိ-သဒ္ဒါ၏ ဝုစ်ကို ဖော်ပြ၍၊ ရုပ်ကျဉ်းလည်း တွက်ပြခဲ့ပါ။

ဖြေ။ ကတိ-သဒ္ဒါ အမြဲ ဗဟုဝုစ်သာ ဖြစ်ပါသည်။

ကတိ-ကို ကတိ-တည်၊ ယော ဝိဘတ်သက်၊ တ် ခွင်း ဣ ကြွင်း၊ ဣ-ကို ဈ အမည်မှည့်၊ ဃပတော စ ယောနံ လောပေါ-သုတ်ဖြင့် ယောဝိဘတ်ကို ချေ၊ ယောသု ကတနိကာရလောပေသု ဒီဃံ-သုတ်ဖြင့် ချေအပ်ပြီးသော ယောဝိဘတ် ကြောင့် ဣ-ကို ဤဒီဃပြု၊ ကွစာဒိမဇ္ဈတ္တရာနံ-သုတ်ဖြင့် ဤ-ကို ဣရဿပြု၊ တ် ဣ-သို့ကပ်၊ ပြီး၏။ (ရူ၊ ၁၂၀)။

မှတ်ချက်။ ။ အချို့ကျမ်းတို့၌ ပ-အမည်မှည့်၍ တွက်သည်။ ရူပသိဒ္ဓိဂဏ္ဌိ၌ ''ကတိ-ဟူသောအလိင်၌ ဣ-ကို ဣဝဏ္ဏုဝဏ္ဏာ ဈလာ-သုတ်ဖြင့် ဈ-အမည်မှည့်ပါ။ ဣဝဏ္ဏုဝဏ္ဏာ ဈလာ-သုတ်သည် တေ ဣတ္ထိချာ ပေါ, အာဃော-သုတ်တို့ကဲ့သို့ လိင်ဝိသေသ မဆိုသောကြောင့်ကည်း''ဟု ဆိုသည်။ အချို့ကျမ်းတို့၌ကား ရုပ်တွက်ပုံ လုံးဝ လွဲမှားနေသည်ကို တွေ့ရပါသည်။

မေး။ ကတိ-ကို နာမပဒမာလာ စဉ်ပြခဲ့ပါ။

ဖြေ။ ကတိ၊ ကတိ၊ ကတိဟိ ကတိဘိ၊ ကတိနံ၊ ကတိဟိ ကတိဘိ၊ ကတိနံ၊ ကတိသု။

သတိ။ ။ ကတိသဒ္ဒေါ ဗဟုဝစနန္တောဝ-ကို သတိပြုပါ။

ကတိသဒ္ဒါသည် ''အဘယ်မျှအတိုင်းအရှည်''ဟူသောအနက်ဟော သဒ္ဒါဖြစ်၍ မည်၍ မည်မျှဟု မပိုင်းခြားမသတ်မှတ် မဆုံးဖြတ်အပ်သော အနက်အများဖြစ်သောကြောင့် ဗဟုဝစနန္တသာ ဖြစ်ရခြင်း ဖြစ်ပါသည်။ (မုဒ္ဓဗောဓဋီကာ ဋ္ဌိပ္ပဏီ)

ကတိနံ-ဟု ရှိသင့်။ ။ **''သုနံဟိသု စာ"တိ ဧတ္ထ စဂ္ဂဟဏေန သုဟိသု ဒီဃာဘာဝေါ**''ဟူသော ရူပသိဒ္ဓိဋီကာ (၇၃)အလို ဆဋ္ဌီဗဟုဝုစ် နံဝိဘတ်၌ 'ကတိနံ'ဟု ဒီဃဖြင့် ရှိရပါမည်။ သက္ကတသဒ္ဒါကျမ်းတို့၌လည်း ''ကတိနံ''ဟုပင်ရှိ၍ မောဂ္ဂလ္လာန် (၂၊ ၄၄)သုတ်၌ ''ကတိန္ဒံ''ဟုရှိသည်။ နံ-လာ၍ ပြီးသည်ဟု မှတ်ပါ။ ရူပသိဒ္ဓိစာကိုယ်၌ ဋီကာအလိုကျ ''ကတိနံ''ဟုရှိလျှင် သက္ကတသဒ္ဒါကျမ်း, မောဂ္ဂလ္လာန်ကျမ်းတို့နှင့် တစ်ညီတည်းဖြစ်သွားပါမည်။

သာဓက - ဆဋ္ဌီဗဟုဝစနေ ဝိကတိသမ္ဘဝါ ဣစ္စတ္ထော။ (ကဝိရာဇဋီကာ။)

အောက်ပါတို့ကို ယှဉ်ကြည့်ပါ။

ကတိနံ (ဆဋ္ဌမူ ရူ)။	ကတိနံ (ရူဋီ၊ သက္ကတ)။	ကတိန္ဒံ (မောဂ်)။
ပိတူနံ (ကစ္စည်း)။	ပိတုန္ဒံ (မောဂ်)။	
ဗဟူနံ (ကစ္စည်း)။	ဗဟုန္ဒံ (မောဂ်)။	

မေး။ ပဉ္စ-အစရှိသော သင်္ချာသဒ္ဒါတို့နောင် အာ, ဤ, ဣနီ ဣတ္ထိလိင်ပစ္စည်း သက်နိုင် ခွင့် ရှိ/မရှိ အကြောင်းယုတ္တိဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ ပဉ္စ အစရှိသော သင်္ချာသဒ္ဒါတို့သည် လိင်ကြောင့်ရုပ်အထူးမရှိသော အလိင်သဒ္ဒါများ

http://www.dhammadownload.com

ဖြစ်ကြသောကြောင့် ၎င်းတို့နောင် ကုတ္ထိလိင်ပစ္စည်း သက်နိုင်ခွင့် မရှိပါ။

မေး။ သုတ်၌ ပဋ္ဌာဒီနံ-ကို ဝုတ္တိ၌ အဘယ့်ကြောင့် ''ပဋ္ဌာဒီနံ အဋ္ဌာရသန္နာနံ သချံာနံ ကုတ္ထိ ပုမနပုံသကေ ဝတ္တမာနာနမန္တသ''ဟု ''အန္တသ''ပုဒ်ကို ထည့်၍ ဖွင့်ဆိုနိုင်ပါသနည်း။

ဖြေ။ ပဋ္ဌာဒီနံ-သည် အန္တ-သဒ္ဒါကို ငဲ့သော အန္တာပေက္ခဆဋ္ဌီ ဖြစ်သောကြောင့် ယင်းသို့ ဖွင့်ဆိုနိုင်ခြင်း ဖြစ်ပါသည်။

မေး။ ရုပ်မထူးပါပဲလျက် ပဋ္ဌာဒီနမကာရော-သုတ်ဖြင့် ပဋ္ဌအစရှိသော သချံာသဒ္ဒါတို့၏ အဆုံး အ-ကို အ-ထပ်ပြုခြင်းသည် အဘယ်အကျိုးရှိပါသနည်း။

ဖြေ။ ပဋ္ဌ အစရှိသော သချံာသဒ္ဒါတို့၏ အဆုံး အ-ကို အ-ထပ်ပြုခြင်းသည် ရုပ်မထူးသော်လည်း သဗ္ဗယောနိနမာဇ သုတ်ဖြင့် ယောဝိဘတ်၏ အာ, ဇ-အပြုကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

၁၄၀၊၂၃၂။ တွမဟံ သိမှိ စ။ (၁၁၂)

မေး။ တုမှ သဒ္ဒါ, အမှသဒ္ဒါတို့သည် အဘယ့်ကြောင့် လိင်သုံးပါး၌ ရုပ်တူရပါသနည်း။

ဖြေ။ တုမှသဒ္ဒါ, အမှသဒ္ဒါတို့သည် လိင်ကြောင့် ရုပ်အထူးမရှိသော အလိင်သဒ္ဒါမျိုး ဖြစ်သောကြောင့် လိင်သုံးပါး၌ ရုပ်တူရခြင်း ဖြစ်ပါသည်။

မေး။ တွမဟံ သိမှိ စ-သုတ်၌ စ-သဒ္ဒါ၏ အကျိုးကို ဖော်ပြပါ။

ဖြေ။ စ-သဒ္ဒါဖြင့် သိဝိဘတ်ကြောင့် တုမှ-သဒ္ဒါကို တုဝံ ပြုရခြင်းအကျိုးရှိပါသည်။ (စ-ကို တွဲ အဟံ-နောင်ထိုင်၍ အနက်ပေးပါ။)

၁၄၁၊၂၄၁။ တဝ မမ သေ။ (၁၁၄)

မေး။ တဝ မမ သေ-သုတ်ဖြင့် သဝိဘတ်ကြောင့်တုမှ အမှ သဒ္ဒါတို့ကို ဝိဘတ်နှင့်တကွ တဝ, မမ ပြုခြင်းသည် နိစ္စဝိဓိလော? အနိစ္စဝိဓိလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဤသုတ်၌ ဝိကပ္ပနတ္ထ ဝါသဒ္ဒါမပါသော်လည်းတုယှံ မယှဉ္စ-သုတ်ဖြင့် သိဝိဘတ် ကြောင့် တုမှ, အမှ-သဒ္ဒါတို့ကို ဝိဘတ်နှင့်တကွ တုယှံ, မယှံ-ပြုခြင်းစသော အစီအရင်တစ်မျိုး ရှိနေသေးသောကြောင့် ဤသုတ်ဖြင့် တဝ, မမ-ပြုခြင်းသည် ''အနိစ္စဝိဓိ'' ဖြစ်ပါသည်။

မှတ်ချက်။ ။ ''တုယှံ မယှံ-ပြုခြင်းစသော''၌ ''စသော''ဖြင့် တေမေကဝစနေသု စ-သုတ်ဖြင့် တေ, မေ-ပြုခြင်း၊ သဿံ-သုတ်ဖြင့် သဝိဘတ်ကို အံ-ပြုခြင်း၊ အမှဿ မမံ သဝိဘတ္တိဿ သေ-သုတ်ဖြင့် မမံ-ပြုခြင်းတို့ကို ယူပါ။

၂၄၇၊၂၄၆။ ပဒတော ဒုတိယာစတုတ္ထီဆဋ္ဌီသု ဝေါနော။ (၁၁၅)

မေး။ သုတ်၌ ဒုတိယာစတုတ္ထီဆဋ္ဌီသု-ဟု သာမညဆိုပါလျက် ဝုတ္တိ၌ အဘယ့်ကြောင့် ''ဗဟု-ဝစနေသု''ဟု ထည့်၍ ဖွင့်ဆိုနိုင်ပါသနည်း။

ဖြေ။ သုတ်၌ သာမညဆိုပါသော်လည်း တေမေကဝစနေသု စ-သုတ်၌ ကေဝစနေသု-ဟု

http://www.dhammadownload.com

ဆိုလတ္တံ့ဖြစ်သောကြောင့် ဗဟုဝစနေသု–ဟူသောအနက်ကို ရအပ်သဖြင့် ဝုတ္တိ၌ ဗဟုဝစနေသု–ဟု ထည့်၍ ဖွင့်နိုင်ခြင်းဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ စည်ရှင် ရှုပသိဒ္ဓိနိဿယ၌ အတ္ထာပန္နနည်း, ဗျတိရေကနည်းဟု ဆို၍၊ ဘာသာဋီကာ၌ကား အဝုတ္တသိဒ္ဓိနည်း, ပါရိသေသနည်းဟု ဆိုပါသည်။

မေး။ ပဒတော ဒုတိယာစတုတ္ထီဆဋ္ဌီသု ဝေါနော–သုတ်၌ ဒုတိယာစတုတ္ထီဆဋ္ဌီသု–ဟု သာမည ဆိုထားပါလျက် အဘယ့်ကြောင့် ဗဟုဝုစ်ဝိဘတ်နှင့်တကွ တုမှ အမှသဒ္ဒါ တို့ကို ဝေါ, နောပြုရပါသနည်း။

ဖြေ။ သာမညဆိုထားသော်လည်း နောက်၌ဆိုလတ္တံ့ဖြစ်သော တေမေကဝစနေသု စ–သုတ်က ကေဝုစ်ဝိဘတ်နှင့်တကွ စိရင်သောကြောင့် ဗဟုဝုစ်ဝိဘတ်နှင့်တကွ တုမှ, အမှ–သဒ္ဒါတို့ကို ဝေါ, နောပြုရခြင်း ဖြစ်ပါသည်။

မေး။ ပဟာယ ဝေါ ဘိက္ခဝေ ဂမိဿာမိ၊ မာ နော အဇ္ဈ ဝိကန္တိံသု–တို့၌ ပဟာယ, မာ–ဟူသောပုဒ်တို့ကို အဘယ်အကျိုးငှါ ထည့်ဆိုထားရပါသနည်း။

ဖြေ။ ဝေါ–ဟူသောပုဒ်၏ ပဒတော ပရအဖြစ်ကိုလည်းကောင်း၊ ဒုတိယန္တအဖြစ်ကို လည်းကောင်း ပြခြင်းအကျိုးငှါ ပဟာယ–ကို ထည့်ဆိုထားခြင်းဖြစ်၍၊ နော–၏ ပဒတောပရအဖြစ်ကို ပြခြင်းအကျိုးငှါ မာ–ကို ထည့်ဆိုထားခြင်း ဖြစ်ပါသည်။ (ဋီ၊ ၇၁။)

မှတ်ချက်။ ။ ဝိကန္တိံသု–ဖြင့် နော–၏ ဒုတိယန္တအဖြစ်ကို သိစေသည်။

မေး။ ဓမ္မံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ၊ သံဝိဘဇေထ နော ရဇ္ဇေန–တို့၌ ဒေသေဿာမိ, သံဝိဘဇေထ–တို့ဖြင့် အဘယ်ကို ပြပါသနည်း။

ဖြေ။ ဒေသေဿာမိ–ဖြင့် ဝေါ–၏ စတုတ္ထန္တအဖြစ်ကို ပြပါသည်။
သံဝိဘဇေထ–ဖြင့် နော–၏ ပဒတောပရအဖြစ်ကိုလည်းကောင်း၊ စတုတ္ထန္တအဖြစ်ကိုလည်းကောင်း ပြပါသည်။ (၄၄း)

၁၄၈၊ ၂၄၇။ တေမေကဝစနေသု စ။ (၁၁၅)

မေး။ တေမေကဝစနေသု စ–သုတ်၌ ကေဝစန–အရကို အကြောင်းနှင့်တကွ ဖြေဆိုပါ။

ဖြေ။ ဤသုတ်သို့ ပဒတော ဒုတိယာစတုတ္ထီဆဋ္ဌီသုဝေါနော–သုတ်မှ ''ဒုတိယာစတုတ္ထီဆဋ္ဌီသု''သဒ္ဒါ လိုက်သင့်သော်လည်း နှ အံမှိ–သုတ်က ဒုတိယာကေဝုစ် အံဝိဘတ်ကြောင့် တေ,မေ မပြုရ–ဟုတားမြစ်လတ္တံ့ဖြစ်သောကြောင့် စတုတ္ထီ, ဆဋ္ဌီ ကေဝုစ်ဝိဘတ်တို့ကိုသာ ယူရပါသည်။ (ရူဋီ၊ ၇၀။)

မေး။ ဣဒံ စိဝရံ **တုယှံ** ဝိကပ္ပနတ္ထာယ ဒမ္မိ၊ သုဏာထ ဝစနံ **မမ**–ဟူသော ပြယုဂ်တို့၌ တုမှ, အမှ သဒ္ဒါတို့သည် ပဒတောပရဖြစ်ပါလျက် အဘယ့်ကြောင့် ဝေါ, နော မပြုရပါသနည်း။

ဖြေ။ ထိုပြယုဂ်တို့၌ တုမှ, အမှ သဒ္ဒါတို့သည် ပဒတော ပရဖြစ်သော်လည်း တဝံ မမဉ္စ နဝါ–သုတ်မှ လိုက်လာသော ဝါသဒ္ဒါ တားမြစ်သောကြောင့် ဝေါ, နော မပြုရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ ဝေါ, နော, တေ, မေ အပြုတို့ မဖြစ်နိုင်ရာဌာနများကို သက်ဆိုင်ရာပုံစံများနှင့်တကွ ဖော်ပြပါ။

ဖြေ။ တဝံမမဋ္ဌ နဝါ-သုတ်မှ နဝါ-သဒ္ဒါ လိုက်လာသောကြောင့် ဂါထာပါဒ၏ အစဦးလည်း ကောင်းစ, ဝါ, ဇေ-စသော နိပါတ်ပုဒ်တို့ နှင့် မုချတိုက်ရိုက်ယှဉ်ရာ၌ လည်းကောင်း ဝေါ, နော, တေ, မေ အပြုတို့မဖြစ်ပါ။

(စ ဝါဇေါဒိ-၌ အာဒိဖြင့် ဟ,အဟ နိပါတ်တို့ကိုယူပါ။)

ရှင်းချက်

"နံ သောစာမိ နံ ရောဒါမိ၊ တဝ သုတ္တာန မာဏဝ"

ဤပုံစံ၌ တဝ-သည် နံ ရောဒါမိ-ပုဒ်နောင်နှောင်းသော်လည်း ဂါထာ၏ စတုတ္ထ ပါဒ အစဖြစ်သောကြောင့် တုမှသဒ္ဒါကို တေ-မပြုပဲ တဝ မမ သေ-သုတ်ဖြင့် တဝ ပြုထားသော ပုံစံဖြစ်သည်။ (ဒုတိယပါဒ အစဖြစ်သောကြောင့်-ဟု အရေးမှားကြသည်။ ဂါထာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

သွာဟံ အဇ္ဇုဇ္ဇုသလ္လောသ္မိ၊ သီတိဘူတောသ္မိ နိဗ္ဗုတောဘ။

နံ သောစာမိ နံ ရောဒါမိ၊ တဝ သုတ္တာန မာဏဝ။ (မဇ္ဈကုဏ္ဍလီ ဝိမာနဝတ္ထု)။

ရူပသိဒ္ဓိ၌ နံ သောစာမိ နံ ရောဒါမိ၊ တဝ သုတ္တာန မာဏဝ။

တုယှဉ္စာပိ မဟာရာဇ၊ မယှဉ္စ ရဋ္ဌဝဗုန္။ ဟု တဆက်တည်းရိုက်ထားသော်လည်း တဆက်တည်း မဟုတ်၊ တခြားစီသာ ဖြစ်ကြောင်း သတိပြုပါ။

"တုယှဉ္စာပိ မဟာရာဇ၊ မယှဉ္စ ရဋ္ဌဝဗုန"

''တုယှဉ္စာပိ မဟာရာဇ''-ပုံစံ၌ နံ ဟေဿတိ-ပုဒ်နောင်နှောင်းသော်လည်း ဂါထာ၏ တတိယပါဒ အစဖြစ်သောကြောင့်လည်းကောင်း, စ နိပါတ်ပုဒ်နှင့် ယှဉ်သောကြောင့် လည်းကောင်း တေ-မပြုပဲ တုယှံ-ပြုထားခြင်းဖြစ်ပါသည်။ (သဓေ ဣဓ ဝသန္တာနံ၊ အန္တရာယော နံ ဟေဿတိ-ဟု ရှေ့ နှစ်ပါဒနှင့်ဆက်စပ်၍ ကြည့်ပါ)။

''မယှဉ္စ ရဋ္ဌဝဗုန''-ဟူသောပုံစံ၌ မဟာရာဇ-ပုဒ်နောင်နှောင်းသော်လည်း ဂါထာ၏ စတုတ္ထပါဒ အစဖြစ်သောကြောင့်လည်းကောင်း, စ-နိပါတ်ပုဒ်နှင့်ယှဉ်သောကြောင့်လည်း ကောင်း မေ-မပြုပဲ မယှံ ပြုထားခြင်း ဖြစ်ပါသည်။

"ဇဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ"-ပုံစံတို့၌ သံသရိတံ-ပုဒ်နောင်နှောင်းသော်လည်း ဇဝနိပါတ်, စ နိပါတ်တို့နှင့်ယှဉ်သောကြောင့် မေ-မပြု, ဝေါ-မပြုပဲ မမံ ပြု၊ တုမှသဒ္ဒါနောင် နံ ဝိဘတ်ကို အာကံပြု ထားခြင်း ဖြစ်ပါသည်။ **(ဝါ-အတွက်ပုံစံ**ကို ''ဂါမော တဝ ဝါ ပရိဂ္ဂဟော, မမ ဝါ ပရိဂ္ဂဟော'' ဟု ထုတ်ပါ။)

မှတ်ဖွယ်။ ။ ''ပုတ္တော မေ ဝါ ပဗုတ္တော ဝါ ''ဟူသော (ရာဇကုမာရ) ကျောက်စာ၌ ဝါ-သည် ''တေ'' ကို ဝိကပ်ပြုသည် မဟုတ်၊ ''ပဗုတ္တော'' ကို ဝိကပ်ပြုသည်ဖြစ်၍ ဝါ-နိပါတ်ပုဒ်နှင့် မုချတိုက်ရိုက် ယှဉ်သည် မဟုတ်သောကြောင့် အမှသဒ္ဒါကို မေ-ပြုထားခြင်းဖြစ်သည်-ဟု မှတ်ပါ။

မေး။ ''တဝ ဉာတိ၊ မမ ဉာတိ''ပုံစံတို့၌ တုမှ, အမှသဒ္ဒါတို့ကို အဘယ့်ကြောင့် တေ, မေ-မပြုရပါသနည်း။

http://www.dhammadownload.com

ဖြေ။ ပဒတောပရ မဟုတ်သောကြောင့် (ပုဒ်နောင်မနောင်းသောကြောင့်) မပြုရခြင်း ဖြစ်ပါသည်။

မေး။ ဝေါ, နော, တေ, မေ အပြုတို့နှင့်စပ်၍ ရူပသိဒ္ဓိ ဖွင့်ဆိုချက်အားလုံးကို ကောက်ချက်ချ၍ (က) ဝေါ, နော ပြုရာ၌ ရသင့်ရထိုက်သော အင်္ဂါ (ခ) တေ, မေ ပြုရာ၌ ရသင့်ရထိုက်သော အင်္ဂါတို့ကို အသီးသီး ဖော်ပြပါ။

ဖြေ။ (က) ဝေါ, နော ပြုရာ၌ –

၁။ တုမှ, အမှသဒ္ဒါဖြစ်ခြင်း။ ၂။ ပုဒ်နောင်နောင်းခြင်း။ ၃။ ဒုတိယာ, စတုတ္ထီ, ဆဋ္ဌီဝိဘတ်များဖြစ်ခြင်း။ ၄။ ဗဟုဝုစ်ဖြစ်ခြင်း။ ၅။ တစ်ဝါကျ တည်းဖြစ်ခြင်း–ဟူ၍ အင်္ဂါ ၅–ချက် ရပါသည်။

(ခ) တေ, မေ ပြုရာ၌ –

၁။ တုမှ, အမှသဒ္ဒါဖြစ်ခြင်း။ ၂။ ပုဒ်နောင်နောင်းခြင်း။ ၃။ စတုတ္ထီ, ဆဋ္ဌီဝိဘတ်များဖြစ်ခြင်း။ ၄။ ကေဝုစ်ဖြစ်ခြင်း။ ၅။ တစ်ဝါကျတည်း ဖြစ်ခြင်း–ဟူ၍ အင်္ဂါ ၅–ချက် ရပါသည်။

၁၅၁။ ၂၅၀။ ဗဟုဝစနေသု ဝေါနော။ (၁၁၇)

မေး။ တတိယာဗဟုဝုစ်သည် တစ်လုံးတည်းဖြစ်သောကြောင့် ''ဗဟုဝစနေ ဝေါနော'' ဟု တည်လျှင် ပြီးပါလျက် ဗဟုဝုစ်ဝိဘတ်ဖြင့် ''ဗဟုဝစနေသု''ဟု သုတ်တည်ခြင်းသည် အဘယ်အကျိုးရှိပါသနည်း။

ဖြေ။ ''ဂါမံ ဝေါ ဂစ္ဆေယျာထ၊ ဂါမံ နော ဂစ္ဆေယျာမ'' ပြဃုဂ်တို့၌ ပဌမာဗဟုဝုစ် ယောဝိဘတ်ကြောင့် ၎င်းယောဝိဘတ်နှင့်တကွ တုမှ, အမှ သဒ္ဒါတို့ကို ဝေါ, နောပြုရခြင်း အကျိုးရှိပါသည်။

မေး။ ဝေါ ၆–မျိုး၊ နော ၆–မျိုးတို့ကို ဖော်ပြပါ။

ဖြေ။ ၁။ ပဌမာဝိဘတ်၏ ကာရိယဖြစ်သော ဝေါ, နော။ (ဗဟုဝစနေသု ဝေါနော–သုတ်၌ ဗဟုဝုစ်သဒ္ဒါလွန်)

၂။ ဒုတိယာဝိဘတ်၏ ။ (ပဒတော ဒုတိယာ–သုတ်)
၃။ တတိယာဝိဘတ်၏ ။ (ဝါ တတိယေ စ–သုတ်)
၄။ စတုတ္ထီဝိဘတ်၏ ။ (ပဒတော ဒုတိယာ–သုတ်)
၅။ ဆဋ္ဌီဝိဘတ်၏ ။ (။)
၆။ နိပါတ်ဖြစ်သော ဝေါ, နော–တို့ ဖြစ်ပါသည်။

၁၅၂။ ၃၃၆။ ပုမန္တသာသိမှိ။ (၆၄)

မေး။ 'ပုမသာသိမှိ' ဟု သုတ်တည်လျှင် ပြီးနိုင်ပါလျက် ထည့်တည်သော အန္တသဒ္ဒါပို၏ အကျိုးကို ဖော်ပြပါ။

ဖြေ။ သိဝိဘတ်ကြောင့် မဃဝ, ယုဝစသော သဒ္ဒါတို့၏ အဆုံးဖြစ်သော အ–ကို ဝိဘတ်နှင့်တကွ အာ–ပြုရခြင်းအကျိုးရှိပါသည်။

http://www.dhammadownload.com

၁၅၇၊ ၁၄၀။ ဟိဝိဘတ္တိမှိ စ။ (၉၅)

မေး။ ''ဟိမှိ စ'' ဆိုလျှင် ပြီးနိုင်ပါလျက် ထည့်ဆိုသော 'ဝိဘတ္တိ'သဒ္ဒါပို့၏ အကျိုးကို ဖော်ပြပါ။

ဖြေ။ အမှဿ မမံ သဝိဘတ္တိဿ သေ-သုတ်မှ လိုက်လာသော သဝိဘတ္တိ-သဒ္ဒါကို နှစ်စေခြင်း အကျိုးရှိပါသည်။

မေး။ ဟိဝိဘတ္တိမှိ စ-သုတ်၌ စ-သဒ္ဒါ၏ အနက်ကို ရေးပြပါ။

ဖြေ။ စ-သဒ္ဒါသည် ဝိဘတ်ခုနစ်သွယ်တို့ကြောင့် မယဝ, ယုဝ-စသော သဒ္ဒါတို့၏ အဆုံး အ-၏ ဝိကပ် အာန-အပြုကိုဆည်းခြင်း သမုစ္စည်းအနက်ရှိပါသည်။(''စသော'' ဖြင့် ထာမ, အဒ္ဓ တို့ကို ယူပါ။)

မှတ်ချက်။ ။ ကစ္စည်း၌ကား-သိ, ယော, အံ, ယော-ဝိဘတ် လေးလုံးတို့ကြောင့် မယဝ, ယုဝသဒ္ဒါတို့၏အဆုံးအ-ကို ဥ ပြု-ဟု ဆိုပါသည်။

ကစ္စည်းအဆို။ ။ ထို့ပြင် ''စ သဒ္ဒါဖြင့် သ, သ္မာ ဝိဘတ်တို့ကြောင့် ပုမ, ကမ္မ, ထာမ, အဒ္ဓ-သဒ္ဒါတို့၏ အဆုံး အ-ကို ဝိကပ် ဥ-ပြု''ဟုလည်း ကစ္စည်း၌ ဆိုပါသည်။ ရူပသိဒ္ဓိ၌ကား နောက် ဥ နာမှိ စ-သုတ်၌ စသဒ္ဒါဖြင့် ပြုပါသည်။

၁၅၉၊ ၁၄၉။ ဥ နာမှိ စ ။ (၆၅)

မေး။ ဥ နာမှိ စ-သုတ်၌ စ-သဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ စ သဒ္ဒါသည် သ, သ္မာ ဝိဘတ်တို့ကြောင့် ပုမ, ကမ္မ, ထာမ, အဒ္ဓ-သဒ္ဒါတို့၏ အဆုံး အ-၏ ဝိကပ် ဥ-အပြုကိုဆည်းခြင်း သမုစ္စည်းအနက်ရှိပါသည်။

မှတ်ချက်။ ။ ကစ္စည်း၌ကား သုသ္မိ မာဝါ-သုတ်မှ အာ-ကို ငင်ခြင်း အနုကဗုန အနက်ရှိ၏-ဟု ဆိုပါသည်။

၁၆၀၊ ၁၅၇။ အကမ္မန္တဿ စ။ (၉၃၊ ၆၆)

မေး။ အ ကမ္မန္တဿ စ-သုတ်၌ အန္တသဒ္ဒါ၏ အကျိုးကို ရေးပြပါ။

ဖြေ။ အန္တ-သဒ္ဒါဖြင့် နာဝိဘတ်ကြောင့် ထာမ, အဒ္ဓ စသော သဒ္ဒါတို့၏ အဆုံးအ-ကို ဥ-ပြုရခြင်းအကျိုးရှိပါသည်။

မေး။ အ ကမ္မန္တဿ စ-သုတ်၌ စ-သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါ နာဝိဘတ်ကြောင့် အတ္တ-သဒ္ဒါ၏ အဆုံးအ-၏ ဝိကပ် အ-အပြု၊ (စာ-၆၁။)

နာဝိဘတ်, သုဝိဘတ်တို့ကြောင့် မယဝ, ယုဝ စသောသဒ္ဒါတို့၏ အဆုံးအ-၏ အချို့ အာ-အပြုတို့ကို ဆည်းခြင်း သမုစ္စည်းအနက်ရှိပါသည်။

မေး။ အတ္တနာ-ကို ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ အတ္တ-တည်၊ နာသက်၊ တ္တံ ခွင်း အ-ကြွင်း၊ အ ကမ္မန္တဿ စ-သုတ်၌ စသဒ္ဒါဖြင့် အတ္တ-သဒ္ဒါ၏ အဆုံး အ-ကို အ-ထပ်ပြု၊ တ္တံ အ-သို့ကပ်၊ ပြီး၏။ (အ-ကို အ-ထပ်မပြုလျှင် ဇ-ပြု၍ 'အတ္တေန'ဟု ပြီးသည်။)

http://www.dhammadownload.com

မေး။ အ ကမ္မန္တသ စ-သုတ်၌ စသဒ္ဒါဖြင့် အတ္တ-သဒ္ဒါ၏ အဆုံး အ-ကို အ-ပင် ထပ်ပြုရခြင်း အကျိုးကို ရေးသားဖြေဆိုပါ။

ဖြေ။ အ ကမ္မန္တသ စ-သုတ်၌ စသဒ္ဒါဖြင့် အတ္တ-သဒ္ဒါ၏ အဆုံး အ-ကို အ-ပင် ထပ်ပြုရခြင်း သည် အတော နေန-သုတ်ဖြင့် နာ-ဝိဘတ်၏ ဇေန-အမြဲပြုခြင်းကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

သာဓက – အကာရန္တသော အတ္တကရဏံ စ ပကတိဘာဝတ္ထံ။ (ရူဋီ၊ ၄၅။)
ပကတိပြုခြင်း-ဟူသည် ပဋိသေဓဝိဓိတည်း။

ဒုဘိယကဏ္ဍ ပြီး၏။

□□□□□

ကတိယကဏ္ဍ

၁၆၁၊ ၂၄၄။ တုမှမေ့ဟိ နမာကံ။ (၁၁၄)

မေး။ တုမှမေ့ဟိ နမာကံ-သုတ်ဖြင့် ပြုသောကာရိယများကို အကြောင်းနှင့်တကွ ဖော်ပြခဲ့ပါ။

ဖြေ။ သသံ-သုတ်မှ သီဟဂတိကနည်းဖြင့် အံ-သဒ္ဒါလိုက်လာသောကြောင့် အာကံ နှင့် အံ-တို့ ဖြစ်ပါသည်။

မေး။ တုမှ, အမှသဒ္ဒါတို့နောင် နံ-ဝိဘတ်သက်၍ ပြီးနိုင်သော ရုပ်များကို ရနိုင်သမျှ သက်ဆိုင်ရာ သုတ်များနှင့်တကွ ထုတ်ပြခဲ့ပါ။

ဖြေ။ တုမှံ၊ တုမှာကံ။ (တုမှမေ့ဟိ နမာကံ)။
ဝေါ။ (ပဒတော ဒုတိယာစတုတ္ထီဆဋ္ဌီသု ဝေါနော)

အမှံ၊ အမှာကံ၊ အသ္မာကံ။ (တုမှမေ့ဟိ နမာကံ၊ တေသုဝုဒ္ဓိ သုတ်ကြီးဖြင့် အမှ-ကို အချို့ အသ္မ-ပြု)
နော။ (ပဒတော ဒုတိယာစတုတ္ထီဆဋ္ဌီသု ဝေါနော)။

၁၆၂၊ ၂၃၇။ ဝါ ယုပ္မဒ္ဌမော။ (၁၁၃)

မေး။ ကစ္စည်းကျမ်း၌ ဤသုတ်ဝါသဒ္ဒါဖြင့် ပဌမာ, ဒုတိယာယော ဝိဘတ်တို့ ကို အံ, အာနံပြု၍ ''တုမှံ တုမှာနံ၊ အမှံ အမှာနံ''ဟူသော ရုပ်များကိုပြဆိုထားရာ ယင်းရုပ်များကို ရူပသိဒ္ဓိ ဆရာက လက်ခံ / မခံ ဝေဖန်စိစစ်ပြပါ။

ဖြေ။ ရူပသိဒ္ဓိဆရာက ဤသုတ်၌ ဘာမျှ အထူးအထွေ မဖွင့်ဆိုသောကြောင့် ထိုရုပ်များကို လက်မခံပါ။

http://www.dhammadownload.com

၁၆၄၊ ၂၀၀။ သဗ္ဗနာမကာရတေ ပဌမော။ (၉၇)

မေး။ ''သဗ္ဗနာမ်''ဟူသည် အဘယ်နည်း၊ ''သဗ္ဗနာမ်''၏ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ''သဗ္ဗေသံ (ကုတ္ထိပုမနပုံသကာနံ) နာမာနိ သဗ္ဗနာမာနိ'' ဟူသော ဝစနတ္ထနှင့်အညီ အလုံးစုံသော ကုတ္ထိလိင်, ပုလ္လိင်, နပုလ္လိင်တို့၏ အမည်ဖြစ်သောကြောင့် ''သဗ္ဗနာမ်''ဟု ခေါ်ဆိုရပါသည်။

မေး။ ရူပသဒ္ဒါ အလို သဗ္ဗနာမ်ပုဒ် ၂၇-ပုဒ်ကို ရေတွက်ပြခဲ့ပါ။

ဖြေ။ သဗ္ဗ, ကတရ, ကတမ, ဥဘယ, ကုတရ, အည, အညတရ, အညတမ, ပုဗ္ဗ, ပရ, အမရ, ဒက္ခိဏ, ဥတ္တရ, အဓရ, ယ, တ, ဧတ, ကုမ, အမု, ကိ, ကေ, ဥဘ, ဒ္ဒိ, တိ, စတု, တုမှ, အမှ-တို့ဖြစ်ပါသည်။

သဗ္ဗံ ကတရံ ကတမံ၊ ဥဘယံ ကုတရံ ပိစ။
အညံ အညတရံ အည-တမံ ပုဗ္ဗံ ပရာပရံ။
ဒက္ခိဏ'တ္တရာ'ဓရံ ယံတံ၊ ဧတိ'မံ' မုကိ'မေက စ။
ဥဘံ ဒ္ဒိ တိ စတု ပဉ္စ၊ တုမှ'မှန္တ္ဟ ဌဝီသတိ။
(ရူပသိဒ္ဓိ၌ ပဉ္စ-မပါ ၂၇-ပုဒ်သာရှိ၏။)

မှတ်ချက်။ ။ ထိုသဗ္ဗနာမ်ပုဒ်(၂၇)ပုဒ်တို့တွင် အမု-သဒ္ဒါတစ်ခုသာ ဥ-ကာရန္တဖြစ်၍ ကြွင်းသဗ္ဗနာမ်ပုဒ်တို့မှာ အ-ကာရန္တချည်းသာ ဖြစ်ပါသည်။

မေး။ သဗ္ဗ, ကတရ, ကတမ-စသော ၂၇-ပုဒ်တို့သည် အဘယ့်ကြောင့် တိလိင်ဖြစ်ရပါသနည်း။

ဖြေ။ ထို(၂၇)ပုဒ်တို့သည် သဗ္ဗနာမ်ဖြစ်သောကြောင့် တိလိင်ဖြစ်ရပါသည်။

မေး။ ဝါစွလိင်သို့လိုက်သောသဒ္ဒါများကို ဖော်ပြပါ။

ဖြေ။ နီလ အစရှိသော ဂုဏနာမ်ပုဒ်၊ ဗဟုဗ္ဗီဟိသမာသ်ပုဒ်၊ သာမညတဒ္ဓိတ်ပုဒ်၊ အတီတ-စသော ကိတန္တပုဒ်တို့ ဖြစ်ပါသည်။

မေး။ သဗ္ဗ-စသော သဗ္ဗနာမ်ပုဒ်တို့၏ အနက်များကို အသီးသီး ဖော်ပြပါ။

ဖြေ။ ''သဗ္ဗ''သဒ္ဒါ နိရဝသေသ (အကြွင်းအကျန်မရှိသော ခပ်သိမ်းဥဿုံ အလုံးစုံ) ဟူသော အနက်ကို ဟောပါသည်။

''ကတရ ကတမ'' သဒ္ဒါတို့သည် ပုစ္ဆန(မေးခြင်း) အနက်ကို ဟောပါသည်။

''ဥဘယ'' သဒ္ဒါ ဒွိအဝယဝသမုဒါယ (အစိတ်နှစ်ခုတို့၏အပေါင်း) ဟူသော အနက်ကို ဟောပါသည်။

''ကုတရ''သဒ္ဒါ ဝုတ္တပဋိယောဂ (ဆိုအပ်ပြီးသောအရာ၏ ယှဉ်တွဲဘက်) အနက်ကို ဟောပါသည်။

''အည''သဒ္ဒါ အဓိကတာပရ (ဆိုအပ်ပြီး, သိအပ်ပြီးသည်မှ တစ်ပါးသော)အနက်ကို ဟောပါသည်။

''အညတရ, အညတမ''သဒ္ဒါတို့သည် အနိယမ (မံမှတ်သားအပ်သော)အနက်ကို

http://www.dhammadownload.com

ဟောပါသည်။

''ပုဗ္ဗ, ပရ, အပရ, ဒက္ခဏ, ဥတ္တရ, အဓရ'' သဒ္ဒါတို့သည် ဒိသာဒိဝဝတ္ထာန (အရပ်မျက်နှာစသည်တို့ကို ပိုင်းခြားခြင်း)အနက်ကို ဟောပါသည်။

''ယ''သဒ္ဒါ အနိယမ (မမှတ်သားအပ်သေးသော) အနက်ကို ဟောပါသည်။

''တ''သဒ္ဒါ ပရမ္မုခ (မျက်ကွယ် ဟူသော)အနက်ကို ဟောပါသည်။

''ဇတ''သဒ္ဒါ သမီပ (အနီး ဟူသော)အနက်ကို ဟောပါသည်။

''ဣမ''သဒ္ဒါ အစ္စန္တသမီပ (အလွန်နီး ဟူသော)အနက်ကို ဟောပါသည်။

''အမု''သဒ္ဒါ ဒူရ (အဝေး ဟူသော)အနက်ကို ဟောပါသည်။

''ကိ''သဒ္ဒါ ပုစ္ဆန (မေးခြင်း)အနက်ကိုဟောပါသည်။

''ဧက''သဒ္ဒါ သင်္ခ်ာ (=အရေအတွက်), အတုလျ (=အတူမရှိ), အသဟာယ (=အဖော်မရှိ), အညာ (=တစ်ပါးတစ်ခြား)ဟူသော အနက်တို့ကိုဟောပါသည်။

မေး။ အညတရ, အညတမ သဒ္ဒါတို့လည်း အနိယမအနက်ကို ဟော၍၊ ယ သဒ္ဒါလည်း အနိယမအနက်ကိုပင် ဟောရာ ထိုအနိယမအနက် ၂-ခုတို့၏ ထူးခြားချက်ကို ရေးပြပါ။

ဖြေ။ အညတရ, အညတမ-သဒ္ဒါတို့၏ အနိယမအနက်သည် မည်သူ မည်ဝါဟု သေချာပြီး ဖြစ်သော်လည်း အမည်, အန္ဓယ်အားဖြင့်ဖြင့် မထင်ရှား၍ မမှတ်သားအပ်သော အနိယမအနက် ဖြစ်၏။ ယ-သဒ္ဒါ၏ အနိယမအနက်ကား မည်သူမည်ဝါဟု သေချာစွာ မသတ်မှတ်အပ်သေးသော အနိယမအနက် ဖြစ်၏။ ဤသို့ ထူးပါသည်။

အထူးသတိပြု ။ ။ ဣတရ-နှင့် အည-တို့၏ ဟောနက်ချင်းခြားနားပုံကို အထူးသတိပြုပါ။ ၎င်းတို့၏ ဟောနက်ချင်း ခြားနားပုံကို ကွဲပြားစွာ သိနည်းလည်မှ ''ထွေ စဝဂ္ဂါနံ ဒုတိယစတုတ္ထာ ဓနိတာတိပိ ဝုစ္စန္တိ၊ ဣတရေ သိထိလာ''စသော ပါဠိတို့၌ အဓိပ္ပာယ်မှန်ကို သိနိုင်ပါလိမ့်မည်။

မေး။ အာလုပ်ရုပ် မရှိနိုင်သော သဗ္ဗနာမ်ပုဒ်တို့ကို ဖော်ပြပါ။

ဖြေ။ ယ, တ, ဇတ, ဣမ-စသော နောက်ပိုင်း သဗ္ဗနာမ်ပုဒ်များ ဖြစ်ပါသည်။

မေး။ ဣတ္ထိလိင်, နပုလ္လိင် သဗ္ဗနာမ်နောင် ပဌမာဗဟုဝုစ် ယော-ဝိဘတ်ကို သဗ္ဗနာမကာရတော ပဌမော-သုတ်ဖြင့် ဇ-ပြုရ / မပြုရ ဆုံးဖြတ်ချက်ချပါ။

ဖြေ။ ဇ-မပြုရပါ။ ဣတ္ထိလိင် သဗ္ဗနာမ်ပုဒ်နောင် ပဌမာဗဟုဝုစ် ယောဝိဘတ်ကို သဗ္ဗယောနီန မာဇ-သုတ်ဖြင့် အာ-ပြု၍၊ နပုလ္လိင် သဗ္ဗနာမ်ပုဒ်နောင် အတော နီစွံ-သုတ်ဖြင့် နိ-ပြုရပါမည်။

မှတ်ချက်။ ။ ဤစကားအရ သဗ္ဗနာမကာရတော ပဌမော-သုတ်၌ သဗ္ဗနာမ-အရ ပုလ္လိင် အကာရန္တ သဗ္ဗနာမ်ပုဒ်များကိုသာ ယူရမည်ဟု သိပါ။

မေး။ သဗ္ဗနာမကာရတော ပဌမော-သုတ်ဖြင့် ပုဗ္ဗ-စသော သဗ္ဗနာမ်တို့နောင် ပဌမာ ဗဟုဝုစ် ယောဝိဘတ်ကို အမြဲတမ်း ဇ-ပြုရပါမည်လော ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဓာတုလင်္ဂဟိ ပရာ ပစ္ဆယာ-သုတ်၌ ''ပရာ''ဟူ၍ ညွှန်ပြထားသောကြောင့် ပုဗ္ဗ-စသော သဒ္ဒါတို့နောင် ပဌမာဗဟုဝုစ် ယောဝိဘတ်ကို အမြဲတမ်း ဇ-မပြုရပါ။ ဝိကပ်သာ ပြုရပါသည်။ (ရူ၊ ၁၀၀။)

http://www.dhammadownload.com

မေး။ (က) ပုလ္လိင် သဒ္ဒ သဒ္ဒါ (ခ) ပုလ္လိင် ပုဒ္ဒ သဒ္ဒါတို့နောင် ပဌမာဗဟုဝုစ် ယောဝိဘတ်ဖြင့် ပြီးနိုင်သောရူပ်များကို ဖော်ပြပါ။

ဖြေ။ (က) သဒ္ဒေ (ခ) ပုဒ္ဒေ, ပုဒ္ဒာ။

၁၆၆၊ ၂၀၉။ နာညံ သဒ္ဒနာမိကံ။ (၁၀၁)

မေး။ နာညံ သဒ္ဒနာမိကံ-သုတ်ကို ရူပသိဒ္ဓိအလိုကျ အနက်ပေးပြခဲ့ပါ။

ဖြေ။ (ဒွန္ဒဌ၊ ဒွန်ဒ်ဘည်သော။ သဒ္ဒနာမတော၊ သဒ္ဒနာမ်ပုဒ်မှ။ ပရဿ၊ နောက်ဖြစ်သော။ ယောဝစနဿ၊ ယောဝိဘတ်၏။ ဇော်၊ ဇ-အဖြစ်ကို။ ဌပေတွာ၊ ထား၍။) အညံ၊ တစ်ပါးသော။ သဒ္ဒနာမိကံ၊ သဒ္ဒနာမ်၌ဖြစ်သော သံ, သာနံ စသော အစီအရင်သည်။ န ဟောတိ၊ မဖြစ်။

မေး။ ''နာညံ သဒ္ဒနာမိကံ''သုတ်ဖြင့် ဒွန်သမာသ်အရာ၌သာ ဇ-အပြုမှတစ်ပါးသော သဒ္ဒနာမ်ပုဒ်တို့၏ အစီအရင်ကို တားမြစ်နိုင်ပါသလော? ဖြေဆိုပါ။

ဖြေ။ ဒွန်သမာသ်အရာ၌သာ ဇ-အပြုမှတစ်ပါးသော သဒ္ဒနာမ်ပုဒ်တို့၏ အစီအရင်ကို တားမြစ်နိုင်သည် မဟုတ်ပါ။ ''ဒွန္ဒဌာ''ပုဒ်လိုက်ခြင်းကို ကြဉ်၍ ''နာညံ သဒ္ဒနာမိကံ''ဟူသော ဝိနာဓိကာရယောဂဝိဘာဂဖြင့် မာသပုဒ္ဓာယ, မာသပုဒ္ဓာနံ-စသော တတိယာတပ္ပုရိသ် သမာသ်၌လည်း သဒ္ဒနာမ်အစီအရင်ကို တားမြစ်နိုင်ပါသည်။

၁၆၇၊ ၂၁၀။ ဗဟုဗ္ဗီဟိမှိ စ။ (၁၀၁)

မေး။ ဗဟုဗ္ဗီဟိမှိ စ-သုတ်၌ စ-သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စ-သဒ္ဒါသည် ဒိသာအနက်ဟော သဒ္ဒနာမ်ပုဒ်တို့၏ ဗဟုဗ္ဗီဟိသမာသ်၌ သဒ္ဒနာမ် အစီအရင်ရှိသေးသည်၏အဖြစ်ကို ဆည်းခြင်း သမုစ္စည်းအနက် ရှိပါသည်။

(တစ်နည်း) သုတ်ရင်း၏တားမြစ်ချက်ကို တစ်ဖန်နစ်စေခြင်း နိဝတ္တာပနာဝဓာရဏာ အနက်ရှိပါသည်။

ပုံစံ - ဒက္ခိဏာသာ စ ပုဒ္ဓသာ စ ယဒန္တရာဠ် ဒက္ခိဏာပုဒ္ဓသံ၊ ဒက္ခိဏာပုဒ္ဓသာ။

မေး။ ဗဟုဗ္ဗီဟိမှိ စ-သုတ်ဖြင့် ဗဟုဗ္ဗီဟိသမာသ်၌ ပဌမာယောဝိဘတ်၏ ဇ-အပြုမှ တစ်ပါးသော သဒ္ဒနာမ်အစီအရင်ကို အမြဲတမ်း တားမြစ်နိုင်ပါသလော? ယုတ္တိသာဓကဖြင့် ဆုံးဖြတ်ချက် ချခဲ့ပါ။

ဖြေ။ အမြဲတမ်း မတားမြစ်နိုင်ပါ။ အကြောင်းကား - ဤသုတ်ပါ စသဒ္ဒါက သုတ်ရင်း၏ တားမြစ်ချက်ကို တစ်ဖန်နစ်စေခြင်း နိဝတ္တာပနာဝဓာရဏာအနက်ရှိသောကြောင့် လည်းကောင်း၊ ဒက္ခိဏာပုဒ္ဓသံ, ဒက္ခိဏာပုဒ္ဓသာ-စသော ပြယုဂ်တို့ကို တွေ့မြင် ရသောကြောင့် လည်းကောင်း ဖြစ်ပါသည်။

၁၆၉၊ ၁၁၇။ ရာဇဿ ရာဇု သုနံဟိသု စ။ (၅၉)

မေး။ ရာဇဿ ရာဇု သုနံဟိသု စ-သုတ်ပါ စ-သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

http://www.dhammadownload.com

ဖြေ။ သု, နံ, ဟိဝိဘတ်တို့ကြောင့် ရာဇသဒ္ဒါကို အချို့ ရာဇု-ပြုခြင်း ဝိကပ်အနက် ရှိပါသည်။ ကစ္စည်း၌ကား - ရာဇေသု, ရာဇာနံ, ရာဇေဟိ, ရာဇေဘိ-စသောပြယုဂ်တို့၌ ရာဇု-အပြုကို တားမြစ်ခြင်း နိဝတ္တာပနာဝဓာရဏာအနက်ရှိ၏-ဟု ဆိုပါသည်။

၁၇၀၊ ၂၂၀။ သဗ္ဗသိမသေ ဝါ။ (၁၀၅)

မေး။ သဗ္ဗသိမသေ ဝါ-သုတ်ဖြင့် ဇ-ပြုရမည့် ကွမ-သဒ္ဒါကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ တေိမာသမိ-သုတ်ကဲ့သို့ အာ-ပစ္စည်းအဆုံးရှိသောပုဒ်ဖြင့် မည္ဆန်ပြသောကြောင့် လည်းကောင်း၊ တဿ ဝါ နတ္တံ သဗ္ဗတ္ထ-သုတ်ကဲ့သို့ သဗ္ဗတ္ထ-ဟု မဆိုသောကြောင့် လည်းကောင်း၊ (ကွမဿ-ဟူသော ပုလ္လိင်, နပုလ္လိင်ရုပ်ကို သုတ်၌ ပြဆိုထားသောကြောင့် လည်းကောင်း) ပုလ္လိင်, နပုလ္လိင်၌ ဖြစ်သော ကွမ-သဒ္ဒါကိုသာ ဇ-ပြုရပါမည်။

အမှာ။ ။ ''သဗ္ဗသိမသေ ဝါ-သုတ်ဖြင့် အဘယ်လိင်၌ဖြစ်သော ကွမ-သဒ္ဒါကိုသာ ဇ-ပြုရပါမည်နည်း''၊ ''သဗ္ဗသိမသေ ဝါ-သုတ်၌ ကွမ-အရကို ဖော်ပြပါ''ဟူသော မေးခွန်းများကို ဖြေတတ်ပါစေ။

၁၇၁၊ ၂၁၉။ အနိမိ နာမိ စ။ (၁၀၅)

မေး။ အနိမိနာ မိ စ-သုတ်၌ အဘယ်ကွမ-သဒ္ဒါကို အန, ကွမိ-ပြုရပါမည်နည်း ဖြေဆိုပါ။

ဖြေ။ ပုလ္လိင်, နပုလ္လိင်၌ဖြစ်သော ကွမ-သဒ္ဒါကိုသာ အန, ကွမိ-ပြုရပါမည်။

၁၇၃၊ ၂၂၃။ အမုဿ မော သံ (၁၀၆)

မေး။ ဝါ, အနပုံသကဿ, သိမှိ ဟူသောလိုက်ပုဒ်များကို ကြဉ်၍ ''အမုဿ မော သံ''ဟု ဝိနာဓိကာရ ယောဂဝိဘာဂကြဲလျှင် ရရှိနိုင်သည့်အကျိုးကို ဖော်ပြပါ။ (''အသုကော''ပုံစံ၌ အမု-သဒ္ဒါ၏ မ-ကို သ-ပြုသောသုတ်ကို ဖော်ပြပါ)။

ဖြေ။ ''အသုကော''စသော ပုံစံတို့၌ ''အမုဿ မောသံ''ဟူသော ဝိနာဓိကာရ ယောဂ ဝိဘာဂဖြင့် က-အာဂုံနှောင်းရာ၌လည်း အမုသဒ္ဒါ၏ မ-ကို သ-ပြုရခြင်း အကျိုးရှိပါသည်။

မေး။ အသု, အသုကော ပုံစံ ၂-ခုတို့၌ သ-ပြုပုံ ထူးခြားချက်ကို ဖော်ပြပါ။

ဖြေ။ ''အသု''၌ အမုဿ မော သံ-သုတ်ရင်းဖြင့် သိဝိဘတ်ကြောင့် အမုသဒ္ဒါ၏ မ-ကို သ-ပြုရပါသည်။

''အသုကော''၌ ''အမုဿ မော သံ'' ဟူသော ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် က-အာဂုံကြောင့် အမု-သဒ္ဒါ၏ မ-ကို သ-ပြုရပါသည်။

၁၇၅၊ ၂၀၂။ တဿ ဝါ နတ္တံ သဗ္ဗတ္ထ။ (၁၀၂)

မေး။ တဿ ဝါ နတ္တံ သဗ္ဗတ္ထ-သုတ်၌ သဗ္ဗတ္ထ-အရကို ဖော်ပြပါ။

ဖြေ။ ကစ္စည်း, ရူပသိဒ္ဓိတို့အလို အလုံးစုံသော လိင်တို့ကို ယူရပါမည်။

http://www.dhammadownload.com

ရူပသိဒ္ဓိဋီကာအလိုကား–အလုံးစုံသော ဝိဘတ်တို့ကို ယူရပါမည်။

၁၇၇၊ ၂၂၁။ ကုမသဒ္ဒဿ စ။ (၁၀၅)

မေး။ ဤသုတ်ကို ''ကုမဿ စ' ဟု တည်လျှင် ပြီးကောင်းပါလျက် အဘယ်အကျိုးငှါ ''ကုမသဒ္ဒဿ စ''ဟု သဒ္ဒ–သဒ္ဒါကို ထည့်၍တည်ရပါသနည်း။

ဖြေ။ ကုမဿ စ–ဟုတည်လျှင် ''ကုမဿ၊ ဤသူအား'' စသည်ဖြင့် အနက်ပေးရမည်လား? ဟု ယုံမှားသံသယဖြစ်ဖွယ်ရှိသောကြောင့် ထိုယုံမှားသံသယကို ပယ်ဖျောက်ခြင်းအကျိုးငှါ ''ကုမသဒ္ဒဿ စ''ဟု သဒ္ဒသဒ္ဒါကို ထည့်တည်ခြင်းဖြစ်ပါသည်။

သာဓက – သဒ္ဒဂ္ဂဟဏံ အသန္ဒေဟတ္ထံ။ (ရူဋီ၊ ၆၆။)

၁၇၈၊ ၂၂၄။ သဗ္ဗတော ကော။ (၁၀၆၊ ၂၂၈)

မေး။ ဤသုတ်ဖြင့် က–အက္ခရာ လာရာ၌ နိမိတ်ဖြစ်ထိုက်သော ဝိဘတ်များကို ရူပသိဒ္ဓိ–အလိုကျ ဖော်ပြခဲ့ပါ။

ဖြေ။ ဝိဘတ်ခုနစ်သွယ်လုံးပင် ဖြစ်ပါသည်။

မေး။ သဗ္ဗတော ကော–သုတ်ဖြင့်လာသော က–အက္ခရာသည် က်–ဗျည်းသက်သက် လော? သို့မဟုတ်–သရနှင့်တကွသော ကဗျည်းလော? ရှင်းလင်းဖြေဆိုပါ။

''ကက္ကစ္စယ မာဂမော''ဟု ရူပသိဒ္ဓိဆိုသောကြောင့် သရနှင့်တကွဖြစ်သော က်–ဗျည်းဖြစ်ပါသည်။ (အကယ်၍ က်–ဗျည်းသက်သက်ဖြစ်လျှင် 'ကော သရေ'ဟု ဆိုသင့်ပါသည်။ ယင်းသို့ မဆိုသောကြောင့် သရနှင့်တကွဖြစ်သော က်ဗျည်းဟု သိရပါသည်။) (ရူဋီ၊ ၆၇။)

မေး။ သဗ္ဗတော ကော–သုတ်၌ သဗ္ဗတော–သဒ္ဒါ ပိုလွန်ပုံကို ရေးပြပါ။

ဖြေ။ သဗ္ဗတော နံ သံသာနံ–သုတ်၌ သဗ္ဗတော–သဒ္ဒါ ရှိပြီးဖြစ်၍ ထိုသဗ္ဗတော–သဒ္ဒါအလိုက်ခံလျှင် ပြီးနိုင်ပါလျက် တစ်ဖန်ထပ်ဆိုသောကြောင့် သဗ္ဗတော–သဒ္ဒါ ပိုလွန်ရပါသည်။ (ဋီ၊ ၉၇။)

မေး။ ''အဓိကဝစနမညမတ္ထံ ဗောဓေတိ'' ပရိဘာသာအရ သဗ္ဗတော–သဒ္ဒါလွန်ဖြင့် သိစေသော အနက်ကို ရေးပြပါ။

ဖြေ။ သဗ္ဗတော–သဒ္ဒါလွန်ဖြင့် ဟီန, ပေါတ–စသောပုဒ်တို့မှ နောက်၌လည်းကောင်း၊ မာထုရ–စသောတဒ္ဓိတ်ပုဒ်တို့မှနောက်၌လည်းကောင်း က–အက္ခရာလာခြင်းဟူ သော အနက်လွန်ကို သိစေပါသည်။

၁၇၉၊ ၂၀၇။ နေတာဟိ သို့မာယယာ။ (၉၉)

မေး။ နေတာဟိ သို့မာယယာ–သုတ်ပါ ပ–မည်သော သဗ္ဗနာမ်ပုဒ်အရကို အတိအကျ ဖော်ပြပါ။

ဖြေ။ 'အမု' သဗ္ဗနာမ်ပုဒ် ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ အမု သဒ္ဒါကို ရုပ်စဉ်ရာဝယ် သတ္တမီ ကေဝုစ် သို့ဝိဘတ်၌ ''အမုယာ''ဟု ပါသင့် / မပါသင့် နှိုင်းချင့်ဝေဖန်ပြပါ။

ဖြေ။ ရူပသိဒ္ဓိ(စာ-၁၀၇) အမုသဒ္ဒါရုပ်စဉ်၌ ''အမုသံ၊ အမုယံ၊ အမုယာ''ဟု ၃-ရုပ် ထုတ်ပြထားသော်လည်း ဤသုတ်က ပ-မည်သော သဗ္ဗနာမ်ပုဒ်နောင် သို့ဝိဘတ်၏ ယာ-အပြုကို တားမြစ်သောကြောင့် ''အမုဿ''ရုပ် မပါသင့်-ဟု ဆရာမြတ်တို့ ဆုံးဖြတ်တော်မူကြပါသည်။ ကစ္စည်း၌လည်း ၎င်းရုပ် မပါပါ။

မေး။ ဣတ္ထိလိင် ဇော-သဗ္ဗနာမ် (ဇော)ပုဒ်နောင် သို့ဝိဘတ်သက်၍ ဇောယ-ဟု ရုပ်ရှိသင့် / မရှိသင့် နှိုင်းချင့်ဝေဖန်ပြပါ။

ဖြေ။ နေတာဟိ သို့မာယယာ-သုတ်က ဃ-မည်သောသဗ္ဗနာမ်ပုဒ်နောင် သို့ဝိဘတ်ကို အာယ-မပြုရဟု တားမြစ်ထားသောကြောင့် ''ဇောယ''ဟု ရုပ်မရှိသင့်ပါ။

မေး။ ဃ-မည်သော သဗ္ဗနာမ်ပုဒ်နောင် သို့ဝိဘတ်ကို အာယ-ပြုသောအရာ ရှိပါက ထုတ်ပြခဲ့ပါ။

ဖြေ။ တဿ ဝါ နတ္တံ သဗ္ဗတ္ထ-သုတ်မှ ဝါသဒ္ဒါလိုက်သောကြောင့် ''ဒက္ခိဏာယ, ဥတ္တရာယ'' စသော အချို့ပြယုဂ်တို့၌ သို့ဝိဘတ်ကို အာယ-ပြုရပါသေးသည်။

ပုံစံ - တာယ (ထိုမိန်းမ၌) ပဋိဗဒ္ဓစိတ္တော။
ဒက္ခိဏာယ ဒိသာယ ကိ နိမိတ္တံ။
ဥတ္တရာယ ဒိသာယ ကိ နိမိတ္တံ။

၁၈၁၊ ၉၈။ မနောဂဏာဒိတော သို့နာနမိအာ။ (၅၂)

မေး။ ''မနောဂိဏိး''ဟူသည် အဘယ်နည်း ဖြေဆိုပါ။

ဖြေ။ ''မနောပဘုတိ ဂဏော မနောဂဏော''ဟူသော ဝစနတ္ထနှင့်အညီ မနောသဒ္ဒါ အစရှိသော သဒ္ဒါအပေါင်းသည် ''မနောဂိဏိး''မည်ပါသည်။

မေး။ မနောဂဏာဒိတော-၌ အာဒိ သဒ္ဒါဖြင့် ယူရမည့်သဒ္ဒါများကို ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါဖြင့် ဗိလ, ပဒ-စသော သဒ္ဒါတို့ကို ယူရပါမည်။

၁၈၃၊ ၄၈။ ဇတေသမော လောပေ။ (၃၄)

မေး။ မနောဂဏာဒိတော သို့နာနမိအာ-သုတ်မှလိုက်လာသော အာဒိသဒ္ဒါ၏အကျိုးကို ရေးသားဖြေဆိုပါ။

ဖြေ။ လိုက်လာသောအာဒိသဒ္ဒါဖြင့် မနောဂိဏိးမှ တစ်ပါးသောသဒ္ဒါတို့၏ အဆုံးအ-ကို သြ-ပြုရခြင်း အကျိုးရှိပါသည်။

မေး။ မနမတ္တေန, မနစ္ဆဋ္ဌာနံ, အယကပလ္လံ, တမဝိနောဒနော, မနအာယတနံ စသော ပုံစံတို့၌ မန စသောသဒ္ဒါတို့၏ အဆုံးအ-ကို အဘယ့်ကြောင့် ဤသုတ်ဖြင့် သြ-မပြုရပါသနည်း။

ဖြေ။ ယင်းပုံစံတို့၌ သ သရေ ဝါဂမော-သုတ်မှ သီဟဂတိကအဓိကာရနည်းဖြင့် လိုက်လာသော ဝါသဒ္ဒါက တားမြစ်သောကြောင့် မန-စသောသဒ္ဒါတို့၏ အဆုံး အ-ကို သြ-မပြုရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ ''ဧတေသံ မနောဂဏာဒီန မန္တော သြ ဟောတိ''ဟု ဖွင့်ဆိုသင့်ပါလျက် မဖွင့်ပဲ အဘယ် အကျိုးငှါ ''သြတ္တမာပဇ္ဇတေ''ဟု ဖွင့်ဆိုရပါသနည်း။

ဖြေ။ ''သြ ဟောတိ''ဟု ဖွင့်လျှင် ထိုသြ-ကို အာဂမလေလား? ဟု ယုံမှားတွေးတောဖွယ် ရှိသောကြောင့် သြ-သည် အာဂမ-မဟုတ်, အာဒေသဖြစ်ကြောင်း ထင်ရှားစေခြင်း အကျိုးငှါ ''သြတ္တမာပဇ္ဇတေ''ဟု ဖွင့်ဆိုရခြင်း ဖြစ်ပါသည်

သာဓက - ဧတေသမန္တော သြဟောတိ'တိ ဝတ္တဗ္ဗေ ''သြတ္တမာပဇ္ဇတေ''တိဝစနံ အာဒေသပါကဋ္ဌိကရဏတ္ထံ။ (ရူဋ္ဌီ၊ ၂၆။)

ဆင်ခြင်တော်မူကြပါ။ ။ ဤရူပသိဒ္ဓိဋီကာအဖွင့်ကို ထောက်၍ ''**ထ္ထ ပစ္စည်းနှင့် ဖွင့်သမျှ အာဒေသ**''ဟု မှတ်ယူပြီးလျှင် 'ဒ္ဝိတ္ထံ (=ဒ္ဝေဘာဝေါ)'ကို အာဂမ-ဟု ဆိုသော ဆရာမြတ်တို့၏ အဆိုကို အမှန်-ဟု ယူသင့် / မယူသင့် နှိုင်းချင့်ဆင်ခြင်တော်မူကြပါကုန်။ ပရ ဒ္ဝေဘာဝေါ ဌာနေ-သုတ်၊ သြဘာဝေါ ကွစိ ယောသု ဝကာရဿ-သုတ်နှင့် သဒ ဿ သီဒတ္ထံ-သုတ်တို့ကိုလည်း ကြည့်ပါ။

၁၈၄၊ ၉၆။ သ သရေ ဝါဂမော။ (၅၂)

မေး။ ဝါ သဒ္ဒါ၏အနက်နှင့် ထိုဝါသဒ္ဒါက သတ်မှတ်ပြသော ဝိဓိ ၃-ချက်ကို ဖော်ပြပါ။

ဖြေ။ ဝါ-သဒ္ဒါ ဝဝတ္ထိတဝိဘာသာအနက်ရှိပါသည်။ ထိုဝါသဒ္ဒါက-
မာနသိကံ၊ စေတသိကံ-စသည်တို့၌ အမြဲ သ-လာရခြင်း နိစ္စဝိဓိ။
မနသာ, မနေန-စသည်တို့၌ ရံခါ သ-လာရခြင်း အနိစ္စဝိဓိ။
မနော, မနာ, မနံ, မနေ, မနအာယတနံ-စသည်တို့၌ လုံးဝ သ-မလာရခြင်း အသန္တဝိဓိ-တို့ကို ပြပါသည်။

(တစ်နည်း) နာဝိဘတ်, သ္မိဝိဘတ်တို့၏ အာဒေသသရနှောင်းရာ၌ ရံခါ သ-လာရခြင်း အနိစ္စဝိဓိ၊ တဒ္ဓိတ်ပစ္စည်းသရ, သဝိဘတ်၏ အာဒေသသရတို့နှောင်းရာ၌ အမြဲ သ-လာရခြင်း နိစ္စဝိဓိ၊ ကြွင်းသော ဝိဘတ်တို့၏ အာဒေသသရ, သမာသ်ပုဒ်ဝယ် နောက်ပုဒ်၏ အစသရတို့ နှောင်းရာ၌ လုံးဝ သ-မလာရခြင်း အသန္တဝိဓိ တို့ကို ပြပါသည်။

မှတ်ချက်။ ။ နည်း ၂-မျိုးမှာ သဘောအားဖြင့် အတူတူပင် ဖြစ်သည်ဟု မှတ်ပါ။ သဝိဘတ်၏ အာဒေသ သြ-သရနှောင်းရာ၌ အမြဲ သ-လာရသည်။ မနသ-ကား သရမနှောင်းသောကြောင့် သ-မလာရခြင်း ဖြစ်သည်။ ထို့ကြောင့် 'သဝိဘတ်၏ အာဒေသ သရနှောင်းရာ၌ နိစ္စဝိဓိ'ဟု ဆိုရခြင်းဖြစ်သည်။

မေး။ သ သရေ ဝါဂမော-သုတ်၌ သရေ-အရ နိမိတ်ဖြစ်ထိုက်သောသရများကို ပြည့်စုံ စွာ ဖော်ပြပါ။

ဖြေ။ သ္မိဝိဘတ်၏ အာဒေသဖြစ်သော က္ကာ၊ နာဝိဘတ်၏ အာဒေသဖြစ်သော အာ၊ သဝိဘတ်၏ အာဒေသဖြစ်သော သြ-သရတို့နှင့် တဒ္ဓိတ် က္ကက-ပစ္စည်း စသည်မှ က္ကသရ စသည်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

၁၈၅၊ ၁၁၂။ သန္တသဒ္ဒသ သော ဘေ ဗော စန္တေ။ (၅၇၊ ၁၈၄။)

မေး။ ဤသုတ်ပါ စ–သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ သပ္ပုရိသော–စသောပုံစံများဝယ် သမာသ်အရာ ဘ–ကုန်းမနောင်းရာ၌လည်း သန္တ–သဒ္ဒါ၏ သ–အပြုကိုဆည်းခြင်း သမုစ္စည်းအနက်ရှိပါသည်။

သန္တ + ပုရိသ = သပ္ပုရိသ။

၁၈၆၊ ၁၀၅။ သိမှိ ဂစ္ဆန္တာဒီနံ နှသဒ္ဒေါ အံ။ (၅၆)

မေး။ သိမှိ ဂစ္ဆ နှာဒီနံ နှသဒ္ဒေါ အံ–သုတ်ဖြင့် အံ–ပြုရာ၌ အသရ ပါ / မပါ အကြောင်းပြဆုံးဖြတ်ပါ။

ဖြေ။ အံရှုပ် အာပဇ္ဇ ဘ–ဟု ရှုဆရာမှင့်ဆိုထားသောကြောင့် အံ–ပြုရာ၌ အသရ ပါ ပါသည်။

မေး။ သိမှိ ဂစ္ဆန္တာဒီနံ နှသဒ္ဒေါ အံ–သုတ်၌ အာဒိသဒ္ဒါ၏ အနက်ကို ဖော်ပြ၍၊ ထိုအာဒိသဒ္ဒါဖြင့် ယူရမည့် သဒ္ဒါများကိုလည်း ဖော်ပြပါ။

ဖြေ။ အာဒိ သဒ္ဒါ ပကာရအနက်ရှိပါသည်။ ထိုအံာဒိသဒ္ဒါဖြင့် ဂစ္ဆ နှ သဒ္ဒါနှင့် အနှုပစ္စည်း အဆုံးရှိခြင်းတူသော သဒ္ဒါတို့ကို ယူရပါမည်။ (သီဟိုဠ်ဗျာ၌)

မေး။ ''နှသဒ္ဒေါ အံ''ဟု ဒွိဓာကရဏ ယောဂဝိဘာဂကြဲလျှင် ရရှိနိုင်သောအကျိုးကို ဖော်ပြပါ။

ဖြေ။ ကရိဿံ–စသောပြယုဂ်တို့၌ ကရဓာတ်တည်၊ ဿနှုပစ္စည်းသက်၊ ကွ–အာဂုံလာ၊ သိဝိဘတ်သက်၊ သိမှိ ဝါ–သုတ်ဖြင့် နှုပစ္စည်း၏ ဥ–ကို အ–ပြု၍ ''ကရိဿနှ+ သိ''ဟု ဖြစ်သောအခါ ''နှသဒ္ဒေါ အံ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် နှ–ကို အံ–ပြုရခြင်းအကျိုးရှိပါသည်။ (ထို့နောက် သိဝိဘတ်ကို ချေလိုက်သောအခါ ''ကရိဿံ''ဟု ရုပ်ပြီးပါသည်။)

မေး။ သ သရေ ဝါဂမော–သုတ်မှ လိုက်လာသော ဝါသဒ္ဒါ၏ အနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ ဝါ သဒ္ဒါ ဝဝတ္ထိတဝိဘာသာ အနက်ရှိပါသည်။ ထို ဝါ သဒ္ဒါက–
ကရောန္တော, ကာရာပေန္တော–စသော ပြယုဂ်တို့၌ ဧ–အက္ခရာ, ဩ–အက္ခရာတို့မှ နောက်ဖြစ်သော နှ–ကို အံ–မပြုရဟု သတ်မှတ်ပြပါသည်။ (ရူ၊ ၃၉၆–ဂ၊ ဋီ၊ ၄၃။)

မေး။ သိမှိ ဂစ္ဆန္တာဒီနံ နှသဒ္ဒေါ အံ–သုတ်သို့ လိုက်လာသော ဝါသဒ္ဒါဖြင့် သတ်မှတ်ပြသည့် ဝိဓိ ၃–မျိုးကို ဖော်ပြပါ။

ဖြေ။ ဘဝံ–၌ အမြဲတမ်း အံ–ပြုရခြင်းသည် နိစ္စဝိဓိ။
ဂစ္ဆံ, ဂစ္ဆန္တော–စသည်တို့၌ ရံခါ အံ–ပြုရခြင်းသည် အနိစ္စဝိဓိ။
ကရောန္တော, ကာရာပေန္တော–စသည်တို့၌ လုံးဝ အံ–မပြုရခြင်းသည် အသန္တဝိဓိ ဖြစ်ပါသည်။

မှတ်ချက်။ ။ ရူပသိဒ္ဓိစာကိုယ်, ဋီကာတို့ဝယ် ''ကရောန္တော, ကာရာပေန္တော–စသည်တို့၌ လုံးဝ အံ–မပြုရ''ဟု ဖွင့်ဆိုထားသော်လည်း ''ကရံ ပုရိသကိစ္စာနိ, သ ပစ္စာ နာနုတပ္ပတိ'' ''ကရံ ဗာလော နု ဝုဏ္ဏတိ''စသော ပြယုဂ်တို့ကို တွေ့မြင်ရသောကြောင့်

http://www.dhammadownload.com

ထိုဖွင့်ဆိုချက်ကို ဆရာမြတ်တို့ နှစ်သက်တော် မမူကြ။ ဝိကပ်ဟုသာ ယူလိုကြသည်။

မေး။ ဂစ္ဆန္တာဒိဂိုဏ်းဝင်မှန်လျှင် အန္တပစ္စယန္တချည်းဖြစ်သည်-ဟု ကေန်မုချ မှတ်ရပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ သူတော်ကောင်းအနက်ဟော သန္တ-သဒ္ဒါကို ဂစ္ဆန္တာဒိဂိုဏ်းဝင်ပုဒ်အဖြစ် ရူပသိဒ္ဓိဆရာ ပြဆိုထားပါသည်။ ထိုသန္တ-သဒ္ဒါသည် အန္တပစ္စယန္တပုဒ် မဟုတ်, သမုဓာတ်+ တပစ္စည်း၊ ဓာတွန် မ်-ကို နှ-ပြု၍ပြီးသောပုဒ် ဖြစ်ပါသည်။ ထို့ကြောင့် ဂစ္ဆန္တာဒိ ဂိုဏ်းဝင်မှန်လျှင် အန္တပစ္စယန္တချည်းဖြစ်သည်-ဟု ကေန်မုချ မမှတ်ရပါ။

၁၈၇၊ ၁၀၈။ သေသေသု နျှဝ။ (၅၆)

မေး။ သေသေသု နျှဝ-သုတ်၌ သေသ-အရနှင့် သေသအပါဒါန်တို့ကို ဖော်ပြပါ။

ဖြေ။ သေသ-အရ သိ မှကြွင်းသော ဝိဘတ်, ပစ္စည်းတို့ကို ယူရပါမည်။
သေသအပါဒါန်ကား သိဝိဘတ် တစ်လုံးသာ ဖြစ်ပါသည်။

မေး။ သေသေသု နျှဝ-သုတ်၌ ''သေသ-အရ သိ မှကြွင်းသော ဝိဘတ်, ပစ္စည်းတို့ကို ယူရမည်''ဟူရာ၌ ပစ္စည်းအရ အဘယ်ပစ္စည်းကို ယူရပါမည်နည်း? အထောက် သာဓကဖြင့် ဖော်ပြပါ။

ဖြေ။ ''မဟန္တသဒ္ဒတော ''နဒါဒိတော ဝါ ဤ''တိ ဤပစ္စယော၊ နျှဗျပဒေသော ဝိကပ္ပေန တကာရာဒေသော။ မဟတီ၊ မဟန္တီ''ဟူသော ရူပသိဒ္ဓိ ရုပ်တွက်ပုံကို ထောက်၍ ပစ္စည်းအရ နဒါဒိတော ဝါ ဤ-သုတ်ဖြင့် သက်သော ဤပစ္စည်းကို ယူရပါမည်။

မေး။ သေသေသု နျှဝ-သုတ်ကို အတိဒေသသုတ်ဟု ဆိုရာ အတိဒေသသုတ် ၆-မျိုးတို့တွင် အဘယ်အတိဒေသသုတ် ဖြစ်ပါသနည်း။

ဖြေ။ အတိဒေသသုတ် ၆-မျိုးတို့တွင် အစီအရင်ကို ညွှန်းသော ကာရိယာတိဒေသသုတ် ဖြစ်ပါသည်။

မေး။ သေသေသု နျှဝ-သုတ်ဖြင့် နှ-သဒ္ဒါကို နျှ-ကိုကဲ့သို့ ငဲ့ရာ၌ နှ-သည် တကယ့်ကို နျှ-ဖြစ်သွားသည်ဟု မှတ်ရပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ နှပစ္စည်းကို နျှကဲ့သို့ ငဲ့ရာ၌ နှ-သည် တကယ့်ကို နျှ ဖြစ်သွားသည်ဟု မမှတ်ရပါ။ နျှသာ နှော-စသောသုတ်တို့က နျှပစ္စည်း၏ ကာရိယကို စီရင်သကဲ့သို့ နှ-ကိုလည်း စီရင်ပါဟု ထိုသုတ်တို့ဖြင့် စီရင်ဖို့ရာ ကာရိယကို ညွှန်ပြခြင်းသာ ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ နျှဝ-၌ နျှ-အရ ဌာနူပစာအားဖြင့် နျှပစ္စည်း၏ ကာရိယကို ယူရမည်-ဟု သိပါ။

၁၈၉၊ ၁၁၃။ သျာ စ။ (၅၈)

မေး။ ဗြဟ္မတ္တသခရာဇာဒိတော အမာနံ-သုတ်မှ လိုက်လာသော အာဒိသဒ္ဒါဖြင့် ယူရမည့် သဒ္ဒါများကို ဖော်ပြပါ။

ဖြေ။ အာတုမ, ဘသ္မ-စသော သဒ္ဒါတို့ကို ယူရပါမည်။

http://www.dhammadownload.com

မှတ်ချက်။ အာတုမာဒိတော–၌ အာဒိ ဖြင့် ဘသ္မ–ကို ယူပါ။ – ဘသ ဘသ္မိကရဏော၊ ဘသ္မာ၊ ဗြဟ္မာဒိတ္တာ ''သျာ စာ''တိ အာတ္တံ့။ (ရူ၊ ၄၀၆။) သီဟိုနိသျသစ်၌ ဥသ္မ–ကို လည်းယူဟု ဆိုသည်။ သို့သော် ဥသ္မာ–သည် ပုလ္လိင်မဟုတ်၊ ဣတ္ထိလိင် ဖြစ်နေသည်။ – တတြ ယာယံ ဥသ္မာ၊ တတ္ထဝ ဂူပသမေယျ။ (သံ၊ ၁။ ၃၁၀။)

၁၉၂၊ ၁၃၅။ သို့မေ။ (၆၄)

မေး။ သ္မာသို့နှံ ဝါ–သုတ်ဖြင့် သို့ဝိဘတ်၏ ဇ–ပြုခြင်းကိစ္စ ပြီးနိုင်ပါလျက် ဤသုတ်ကို ထပ်တည်ရခြင်းအကျိုးကို ဖြေဆိုပါ။

ဖြေ။ သ္မာသို့နှံ ဝါ–သုတ်ဖြင့် သို့ဝိဘတ်၏ ဇ–ပြုခြင်းကိစ္စ ပြီးနိုင်ပါလျက် ဤသုတ်ကို ထပ်တည်ခြင်းသည် သဒ သဒ္ဒါနောင် သို့ဝိဘတ်ကို အမြဲ ဇ–ပြုရခြင်း အကျိုးရှိပါသည်။

မေး။ သဒ သဒ္ဒါနောင် သို့ဝိဘတ်ဖြင့် သဒသို့, သဒိမှ်–ဟု ရုပ်ရှိနိုင် / မရှိနိုင် ခိုင်လုံသော အကြောင်းယုတ္တိဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ သို့မေ–သုတ်ဖြင့် သဒ သဒ္ဒါနောင် သို့ဝိဘတ်ကို ဇ–ပြုခြင်းသည် နိစ္စဝိဓိ ဖြစ်သောကြောင့် သဒ သဒ္ဒါနောင် သို့ဝိဘတ်ဖြင့် သဒသို့, သဒိမှ်–ဟု ရုပ်မရှိနိုင်ပါ။ (ရူဋီ၊ ၄၅။)

၁၉၃၊ ၁၂၂။ ဗြဟ္မတော ဂဿ စ။ (၆၀)

မေး။ (က) ဗြဟ္မတော ဂဿ စ (ခ) ဗြဟ္မာတော ဂဿ စ–ဟု သုတ်စဉ်ပါဠို နှစ်မျိုးရှိရာ ရူပသိဒ္ဓိကာအလို အဘယ်ပါဠိသာ အသင့်ဖြစ်သည်ဟု အကြောင်းပြကာ ဆုံးဖြတ်ပါ။

ဖြေ။ ''ဗြဟ္မာတော အာကာရန္တနိဒ္ဒေသော သုခုစ္စာရဏတ္ထော''ဟု ဖွင့်သော ရူပသိဒ္ဓိကာအလို (ခ)အမှတ်ပြပါဠိသာ အသင့် ဖြစ်ပါသည်။

ရူပသိဒ္ဓိကာပါဌ်မှန်။ ။ ဆဋ္ဌမူ ရူပသိဒ္ဓိကာ(၄၄)၌ ''ဗြဟ္မတော ကောရန္တနိဒ္ဒေသော သုခုစ္စာရဏတ္ထော''ဟု ပါဌ်ပျက်နေသည်။ အထက်ပါအတိုင်း ပါဌ်မှန်ရှိရပါမည်။

မေး။ ''ဗြဟ္မာတော ဂဿ စ''ဟု ဗြ–၌ အာကာရန္တဖြင့် ညွှန်ပြရခြင်းသည် အဘယ်အကျိုးရှိပါသနည်း ဖြေဆိုပါ။

ဖြေ။ ရွတ်ဆိုလွယ်ခြင်း သုခုစ္စာရဏအကျိုးရှိပါသည်။

မေး။ ဗြဟ္မတော ဂဿ စ–သုတ်၌ စသဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ စ သဒ္ဒါ သို့မေ–သုတ်မှ ဇ–ကို ငင်ခြင်း အနုကဗုနအနက်ရှိပါသည်။

၁၉၆၊ ၁၃၃။ သုနံသု ဝါ။ (၆၃)

မေး။ အာရော ဟိမှိ ဝါ–သုတ်မှ ဝါသဒ္ဒါကို အလိုက်ခံလျှင် ပြီးနိုင်ပါလျက် အဘယ်အကျိုးငှါ ဝါသဒ္ဒါကို ထည့်ဆိုရပါသနည်း။

ဖြေ။ အာရ အပြုကို ဆည်းခြင်းအကျိုးငှါ ဝါသဒ္ဒါကို ထည့်ဆိုခြင်း ဖြစ်ပါသည်။ (ဝါသဒ္ဒါ သမုစ္စည်းအနက်ရှိ၏–ဟူလို။) (ရူဋီ၊ ၄၅။)

http://www.dhammadownload.com

၁၉၇၊ ၁၂၅။ ဗြဟ္မတော တု သို့ နိ။ (၆၁)

မေး။ ရူပသိဒ္ဓိဋီကာအလို ရှိရမည့် သုတ်စဉ်ပါဠိ အနေအထားကို ရေးသားဖြေဆိုပါ။

ဖြေ။ ''သို့ နိက္ကတိ ပဒစ္ဆေဒေါ''ဟု ဋီကာဖွင့်သောကြောင့် ၄င်းအလို ''တတော သို့နှိ''ဟု သုတ်စဉ်ပါဠိ ရှိရပါမည်။ (၄င်း၊ ၄၅။)

မေး။ ''အဓိကဝစနမညမတ္တံ ဗောဓေတိ''ဟူသော. ပရိဘာသာအရ မလိုအပ်ဘဲ ထည့်ဆိုထားသော တု-သဒ္ဒါပိုအတွက် ရရှိသော အနက်ပိုကို ဖော်ပြပါ။

ဖြေ။ ကမ္မ, စမ္မ, မုဒ္ဓ, အဒ္ဓ-စသော သဒ္ဒါတို့မှ နောက်ဖြစ်သော သို့ဝိဘတ်ကို နိ-ပြုရခြင်း ဖြစ်ပါသည်။

အမှာ။ ။ အနက်ကို မေးလျှင် ''ကမ္မ, စမ္မ, မုဒ္ဓ, အဒ္ဓ-စသော သဒ္ဒါတို့ကို ဆည်းခြင်း သမုစ္စည်းအနက်ရှိ၏''ဟု ဖြေပါ။

''အဒ္ဓ-စသော''ဟူရာ၌ ဃမ္မ, ဘသ္မ, ဝေသ္မ, အမ္မု, ပံသု-စသော သဒ္ဒါတို့ကို ယူပါ။

ဗြဟ္မာတော။ ။ ရူဋီကာအလို ဗြဟ္မာတော ဂဿ စ-သုတ်အတူ ''ဗြဟ္မာတော''ဟု ရှိစေရပါမည်။

၁၉၈၊ ၁၂၃။ ဥတ္တံ သနာသု။ (၆၀-၁)

မေး။ 'ဥ သနာသု'ဟု မဆိုဘဲ ဥတ္တံ-ဟု ဘာဝနိဒ္ဒေသ တ္တပစ္စည်းဖြင့် ဆိုရခြင်းအကျိုးကို ဖြေဆိုပါ။

ဖြေ။ 'ဥ သနာသု'ဟု မဆိုဘဲ ဥတ္တံ-ဟု ဘာဝနိဒ္ဒေသ တ္တပစ္စည်းဖြင့် ဆိုရခြင်းကြောင့် သ ဝိဘတ်နှောင်းရာ အချို့အရာ၌ ဗြဟ္မ-သဒ္ဒါ၏အဆုံး အ-ကို ဥ-ပြုရခြင်း အကျိုး ရှိပါသည်။
ပုံစံ - ဗြဟ္မဿ။

မေး။ ဥတ္တံ သနာသု-သုတ်၌ သနာသု-ကို ဖြုတ်၍ ''ဥတ္တံ''ဟု ဒွိဓာကရဏ ယောဂဝိဘာဂ ကြံလျှင် ရနိုင်သောအကျိုးကို ဖော်ပြပါ။

ဖြေ။ ယင်းသို့ ကြံလျှင် သ, နာတို့မှတစ်ပါးသော နံဝိဘတ်နှောင်းရာ၌ ဗြဟ္မ-သဒ္ဒါ၏ အဆုံး အ-ကို ဥ-ပြုရခြင်း အကျိုးရှိပါသည်။ ပုံစံ - ဗြဟ္မူနံ။

၁၉၉၊ ၁၅၈။ သတ္ထုပိတာဒီနမာ သိသို့ သိလောပေါ စ။ (၇၃)

မေး။ ပိတာဒီနမာ သိသို့ သိလောပေါ စ-ဟု သုတ်တည်လျှင် ပြီးနိုင်ပါလျက် မတည်ဘဲ အဘယ့်ကြောင့် သတ္ထုပိတာဒီနမာ သိသို့ သိလောပေါ စ-ဟု သတ္ထု-သဒ္ဒါကို သီးခြားထည့်၍ သုတ်တည်ရပါသနည်း။

ဖြေ။ သတ္ထု-သဒ္ဒါက ရတ္ထုပစ္စည်းအဆုံးရှိသောကြောင့် သတ္ထုပိတာဒီနမာ သိသို့ သိလောပေါ စ-ဟု သတ္ထု-သဒ္ဒါကို သီးခြားထည့်၍ သုတ်တည်ရခြင်း ဖြစ်ပါသည်။ (ရူဋီ၊ ၅၁။)

မေး။ သတ္ထုပိတာဒီနမာ သိသို့ သိလောပေါ စ-သုတ်ကို ၅-ပုဒ်ကြံ၍လည်းကောင်း၊ ၆-ပုဒ်ကြံ၍လည်းကောင်း အနက် ၂-နည်း ပေးပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ သိသို့၊ သိဝိဘတ်ကြောင့်။ သတ္ထုပိတာဒီနံ၊ သတ္ထု၊ ပိတုအစရှိသော တုပစ္စယန္တ သဒ္ဒါတို့၏။ အန္တော၊ အဆုံးဖြစ်သော ဥ–သည်။ အာ၊ အာ–သည်။ ဟောတိ၊ ဖြစ်၏။ သိလောပေါ စ၊ သိဝိဘတ်၏ ကျေခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ (၅–ပုဒ်ကြဲ၍ ပေးပုံ။)

သိသို့၊ သိဝိဘတ်ကြောင့်။ သတ္ထုပိတာဒီနံ၊ သတ္ထု၊ ပိတုအစရှိသော တုပစ္စယန္တ သဒ္ဒါတို့၏။ အန္တော၊ အဆုံးဖြစ်သော ဥ–သည်။ အာ၊ အာ–သည်။ ဟောတိ၊ ဖြစ်၏။ သိ စ၊ သိဝိဘတ်ကိုလည်း။ လောပေါ၊ ချေအပ်သည်။ ဟောတိ၊ ဖြစ်၏။ (၆–ပုဒ်ကြဲ၍ ပေးပုံ။)

သိမှတ်ဖွယ်။ ။ ၅–ပုဒ်ကြဲရာ၌ ''သတ္ထုပိတာဒီနံ + အာ + သိသို့ + သိလောပေါ + စ''ဟု ပုဒ်ခွဲ၍ သိလောပေါ–ပုဒ်ကို ''လုပ္ပနံ လောပေါ၊ သိဿ လောပေါ သိလောပေါ''ဟု ဝစနတ္ထပြုပါ။

၆–ပုဒ်ကြဲရာ၌ ''သတ္ထုပိတာဒီနံ + အာ + သိသို့ + သိ + လောပေါ + စ''ဟု ပုဒ်ခွဲ၍ လောပေါ–ကို ''လုပ္ပတိတိ လောပေါ''ဟု ဝစနတ္ထပြုပါ။ ''လုပ္ပတိ၊ ချေအပ်၏''ဟု အနက်ပေးပါ။ (ရူပ်ဒီ၊ ၅၁။)

မေး။ သတ္ထုပိတာဒီနမာ–သုတ်ပါ အာဒိသဒ္ဒါဖြင့် ယူရမည့်အရာများကို ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါဖြင့် ရတ္ထု၊ ရိတု၊ ရာတု၊ တု ပစ္စည်းများအဆုံးရှိသော မာတု၊ ဘာတု၊ ဓီတု၊ ကတ္တု–အစရှိသော သဒ္ဒါတို့ကို ယူရပါမည်။

(ဆောင်) ရတ္ထု၊ ရိတု၊ ရာတု၊ တု၊ လေးခုပစ္စယံ၊ ပုဒ်မျိုးမှန်၊ မှတ်ရန် သတ္ထုပိတာဒိဂိဏ်းပေတည်း။ (မန်လည်)

၂၀၀၊ ၁၅၉။ အညေသွာရတ္တံ။ (၇၄)

မေး။ ''အညေသွာရော''ဟု သုတ်မတည်ဘဲ ''အညေသွာရတ္တံ''ဟု ဘာဝနိဒ္ဒေသ တွဲ–ပစ္စည်းကို ထည့်၍ သုတ်တည်ခြင်းကြောင့် ရအပ်သောအကျိုးကို ဖော်ပြပါ။

ဖြေ။ ယင်းသို့ သုတ်တည်ခြင်းကြောင့် ထိုအာရတ္တံ–ဟူသော ဘာဝနိဒ္ဒေသဖြင့် နာဝိဘတ်, နံဝိဘတ် ၃–လုံးနှောင်းရာ အချို့အရာ၌ အာရ–အပြု၏ မမြဲခြင်းကိုလည်းကောင်း၊ သဝိဘတ် ၂–လုံးကြောင့် အာရ–အပြု၏ လုံးဝမရှိခြင်းကိုလည်းကောင်း ပြပါသည်။

သာဓက– အာရတ္တမိတိ ဘာဝနိဒ္ဒေသေန ကတ္တစိ အနိယမံ ဒဿေတိ။ (ရူ၊ အညေသွာရတ္တံ–သုတ်။)

– အညတ္ထ(ဥ–မပြုသောအဖို့၌။) ဘာဝနိဒ္ဒေသနာရာဒေသာဘာဝေါ။ သတ္ထုဿ, သတ္ထုနော။ (စာ–ဂဏ္ဌ၊ ဥ သသို့ သလောပေါ စ သုတ်။)

– အာရတ္တမိတိ နိဒ္ဒေသာ၊ နာနံသု ဝါ သမာသကေ။ သမို့ နတ္ထေဝ သေသေသု၊ အာရော အဌသု နိစ္စတော။

– သုံးကြောင့် ဝိကပ်၊ သုံးကြောင့် လပ်ဟု၊ ညွှန်ပြမှု၊ ပြု၏ အာရတ္တံ။

– နာ, နံ ဝိကပ်၊ သိ, သ လပ်၏။ အံ, ယော, ဟိ, သွာ၊ သို့, သု သာ၊ ရှစ်ဖြာ အာရ မြဲ။

http://www.dhammadownload.com

၂၀၂၊ ၁၆၄။ သတ္ထုနုတ္တဥ္စ။ (၇၅)

မေး။ သတ္ထုနုတ္တဥ္စ-သုတ်ကို ရူပသိဒ္ဓိဆရာအလိုကျ ပုဒ်ဖြတ်ပြ၍၊ အချို့ဆရာမြတ်တို့အလို ပုဒ်ဖြတ်ပုံကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ သတ္ထုနော + အတ္တံ + စ-ဟု ပုဒ်ဖြတ်ရပါမည်။
အချို့ဆရာမြတ်တို့အလို - သတ္ထုနံ + အတ္တံ + စ''ဟု ပုဒ်ဖြတ်ရပါမည်။

မေး။ သတ္ထုနုတ္တဥ္စ-သုတ်ကို ရူပသိဒ္ဓိဆရာ အလိုကျ အနက်ပေးပြခဲ့ပါ။

ဖြေ။ နံမှိ၊ နံဝိဘတ်ကြောင့်။ သတ္ထုနော၊ သတ္ထု သဒ္ဒါ၏လည်းကောင်း။ ပိတာဒီနဉ္စ၊ ပိတု-အစရှိသောသဒ္ဒါတို့၏လည်းကောင်း။ အတ္တံ၊ အ-အဖြစ်သည်။ ဝါ၊ အချို့။ ဟောတိ၊ ဖြစ်၏။

မှတ်ချက်။ ။ အထက်၌ ဖော်ပြခဲ့သော ပုဒ်ဖြတ်ပုံနှင့် သုတ်နက်ပေးပုံတို့မှာ သိဟိုဠ်ဗျာဂျာသစ်နှင့်အညီ ဖြစ်သည်။ ထိုပုဒ်ဖြတ်ပုံသည်သာ ရူဆရာအလိုကျ ဖြစ်ဖွယ်ရှိပါသည်။ ''သတ္ထုနော + အတ္တံ + စ''ဟု ပုဒ်ဖြတ်ခြင်းသာ အမှန်ဖြစ်ခဲ့လျှင် အောက်ဖော်ပြပါ ဘာသာဋီကာအဆိုများကို မှတ်သားဖွယ် မလိုတော့ပါ။

ဘာသာဋီကာအဆိုများ - သတ္ထုနုတ္တဥ္စသုတ် သတ္ထု သဒ္ဒါတစ်ခုတည်းဖြစ်လျက် ''သတ္ထူနံ''ဟု ဗဟုဝုစ်ဖြင့် ဆိုခြင်းကား သတ္ထာဒိဂိုဏ်းဝင်ပုဒ် အားလုံးကို ယူစေလိုသော ကြောင့်တည်း။ ထို့ကြောင့် ''သတ္ထုနံ-သတ္ထာဒိဂိုဏ်းဝင် သဒ္ဒါတို့၏''ဟု သုတ်နက်ပေး။ ဝုတ္တိဌ်လည်း ''သတ္ထုသဒ္ဒန္တသ, ပိတာဒီနမန္တသ''သည် ''သတ္ထုနံ''၏ အဖွင့်တည်း။

မေး။ သတ္ထုနုတ္တဥ္စ-သုတ်၌ စသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါ ပိတု-အစရှိသော သဒ္ဒါတို့ကို ဆည်းယူခြင်း သမုစ္စည်းအနက်ရှိပါသည်။

မေး။ သတ္ထုပိတာဒီနမာ-သုတ်မှ သတ္ထုသဒ္ဒါကို အလိုက်ခံ၍တည်လျှင် ပြီးနိုင်ပါလျက် သတ္ထု သဒ္ဒါကို တစ်ဖန်ထပ်၍ ဆိုရခြင်းအကျိုးကို ဖြေဆိုပါ။

ဖြေ။ သတ္ထု သဒ္ဒါကို တစ်ဖန်ထပ်၍ ဆိုခြင်းသည် နံဝိဘတ်ကြောင့် သတ္ထုသဒ္ဒါ၏ အဆုံး ဥ-ကို အာရ မပြုရာ၌ အမြဲ အ-ပြုရခြင်း အကျိုးရှိပါသည်။

မေး။ ရူပသိဒ္ဓိအလို သတ္ထု-သဒ္ဒါနောင် နံဝိဘတ်သက်၍ ''သတ္ထူနံ''ဟု ရုပ်ရှိနိုင် / မရှိနိုင် ခိုင်လုံသော အ့ကြောင်းယုတ္တိဖြင့် ဆုံးဖြတ်ခဲ့ပါ။

ဖြေ။ ''ပုန သတ္ထုဂ္ဂဟဏံ သတ္ထုနော နိစ္စဝိဓာနတ္ထံ (= တစ်ဖန် သတ္ထု သဒ္ဒါကို ဆိုခြင်းသည် သတ္ထုသဒ္ဒါ၏ အဆုံး ဥ-ကို အမြဲ အ-ပြုရခြင်းအကျိုးရှိ၏)''ဟု ရူပသိဒ္ဓိဆရာ ဖွင့်ဆို ထားသောကြောင့် ၄င်းအလို ''သတ္ထူနံ''ဟု ရုပ် မရှိနိုင်ပါ။

မှတ်ချက်။ ။ သတ္ထုနုတ္တဥ္စသုတ်ဖြင့် ဥ-ကို အ-ပြု၊ သုနံဟိသု စ-သုတ်ဖြင့် အ-ကို အာဒီဃပြု၍ ''သတ္ထာနံ''ဟုသာ ရုပ်ရှိရပါမည်။

ရူပသိဒ္ဓိဆရာက ယင်းသို့ ဆိုထားသော်လည်း သဒ္ဒနီတိပဒမာလာ (၁၈၃)၌ ''သတ္ထူနံ'' ရှိကြောင်း မိန့်ဆိုထားပါသည်။

http://www.dhammadownload.com

၂၀၃၊ ၁၆၂။ ဥ သဿိ သလောပေါ စ။ (၇၅)

မေး။ ဥ သဿိ သလောပေါ စ–သုတ်ကို ၄–ပုဒ်ကြဲ၍လည်းကောင်း၊ ၅–ပုဒ်ကြဲ၍ လည်းကောင်း အနက်ပေးပြပါ။

ဖြေ။ သဿိ၊ သဝိဘတ်ကြောင့်။ သတ္ထုပိတာဒီနံ၊ သတ္ထု၊ ပိတု အစရှိသော တုပစ္စယန္တ သဒ္ဒါတို့၏။ အန္တော၊ အဆုံး ဥ–သည်။ ဥ၊ ဥ–သည်။ ဝါ၊ အချို့။ ဟောတိ၊ ၏။ သလောပေါ စ၊ သဝိဘတ်၏ ကျေခြင်းသည်လည်း။ ဟောတိ၊ ၏။ (၄–ပုဒ်ကြဲ၍ ပေးပုံ။)

သဿိ၊ သဝိဘတ်ကြောင့်။ သတ္ထုပိတာဒီနံ၊ တို့၏။ အန္တော၊ အဆုံး ဥ–သည်။ ဥ၊ ဥ–သည်။ ဝါ၊ အချို့။ ဟောတိ၊ ၏။ သ စ၊ သဝိဘတ်ကိုလည်း။ လောပေါ ချေအပ်သည်။ ဟောတိ၊ ၏။ (၅–ပုဒ်ကြဲ၍ ပေးပုံ။)

မေး။ ဤသုတ်ဖြင့် ဥ–ကို ဥ–ထပ်ပြုရခြင်းသည် အဘယ်အကျိုးရှိပါသနည်း ဖြေဆိုပါ။

ဖြေ။ ဤသုတ်ဖြင့် ဥ–ကို ဥ–ထပ်ပြုခြင်းသည် သဝိဘတ်နောင်းရာ၌ အညေသွာရတ္တံ–သုတ်ဖြင့် သတ္ထု၊ ပိတု အစရှိသောသဒ္ဒါတို့၏ အဆုံးဖြစ်သော ဥ–သရ၏ အာရ–အပြုကို တားမြစ်ရခြင်းအကျိုးရှိပါသည်။ (အညေသွာရတ္တံ–သုတ်ကို တားမြစ်သော သုတ် ဖြစ်၏–ဟူလို့)။

မေး။ (က) သတ္ထု (ခ) သတ္ထုဿ, သတ္ထုနော ပြယုဂ်တို့၌ အာရ မပြုခြင်းအကြောင်း များကို အသီးသီး ဖော်ပြပါ။

ဖြေ။ (က)၌ ဥ သဿိ သလောပေါ စ–သုတ်က တားမြစ်သောကြောင့် ဥ–ကို အာရ–မပြုရခြင်း ဖြစ်ပါသည်။

(ခ)၌ အညေသွာရတ္တံ–သုတ်ဝယ် အာရတ္တံ–ဟူသော ဘာဝနိဒ္ဒေသကြောင့် ဥ–ကို အာရ–မပြုရခြင်း ဖြစ်ပါသည်။

၂၀၄၊ ၁၆၇။ သက္ကမန္ဓာတာဒီနဉ္စ။ (၇၆)

မေး။ ဥ သဿိ သလောပေါ စ–သုတ်ဖြင့် ပြီးနိုင်ပါလျက် ဤသုတ်ကို အဘယ်အကျိုးငှါ ထပ်မံဆိုရပြန်ပါသနည်း။

ဖြေ။ သဝိဘတ်ကြောင့် သက္ကမန္ဓာတု–အစရှိသော သဒ္ဒါတို့၏ အဆုံး ဥ–ကို အမြဲ ဥ–ပြုရခြင်းအကျိုးငှါ ဤသုတ်ကို ထပ်မံဆိုရပြန်ခြင်း ဖြစ်ပါသည်။

၂၀၅၊ ၁၆၀။ တတော ယောနမော တု။ (၇၄)

မေး။ တတော ယောနမော တု–သုတ်ပါ တု–သဒ္ဒါ၏ အကျိုးကို ဖြေဆိုပါ။

ဖြေ။ တု–သဒ္ဒါဖြင့် အာရ အပြုမှ တစ်ပါးသော စတု, ဥဘ, နဒီ, ဂေါ–အစရှိသောသဒ္ဒါတို့နောင် ယောဝိဘတ်ကို သြ–ပြုရခြင်း အကျိုးရှိပါသည်။

၂၀၆၊ ၁၆၅။ တတော သွိ မိ။ (၇၅)

မေး။ တတော ယောနမော တု–သုတ်၌ တတော သဒ္ဒါရှိပြီးဖြစ်၍ ထိုတတော–သဒ္ဒါကို

http://www.dhammadownload.com

အလိုက်ခံလျှင် ပြီးပါလျက် ထပ်ဆိုသော တတော–သဒ္ဒါပိုဇ်၏ အကျိုးကို ရေးပြပါ။

ဖြေ။ ထို တတော သဒ္ဒါပိုဖြင့် ဘုဝိ, ဒိဝိ–စသော ပြယုဂ်တို့၌ အာရ အပြုမှ တစ်ပါးသော သဒ္ဒါနောင် သို့–ဝိဘတ်ကို ကု–ပြုရခြင်း အကျိုးရှိပါသည်။

အမှာ။ ။ ဘုဝိ–ရုပ်တွက်ပုံ ဩ သရေ စ–သုတ် ပြန်ကြည့်ပါ။
ဒိဝိ–ကို ဒိဝ–တည်၍တွက်ပါ။

၂၀၇၊ ၁၆၁။ နာ အာ။ (၇၄)

မေး။ သတ္ထု–သဒ္ဒါနောင် နာဝိဘတ်သက်၍ ပြီးနိုင်သောရုပ်များကို ပြီးပုံအခြင်းအရာနှင့် တကွ ဖော်ပြပါ။

ဖြေ။ သတ္ထာရာ၊ သတ္ထုနာ–တို့ ဖြစ်ပါသည်။

အညေသွာရတ္တံ–သုတ်ဖြင့် ဥ–ကို အာရ–ပြု၊ ဤသုတ်ဖြင့် နာဝိဘတ်ကို အာ–ပြုလျှင် 'သတ္ထာရာ'ဟု ရုပ်ပြီးပါသည်။

အညေသွာရတ္တံ–သုတ်၌ အာရတ္တံ–ဟူသော ဘာဝနိဒ္ဒေသကြောင့် ၄င်းသုတ်ဖြင့် ဥ–ကို အာရ–မပြုသောအခါ 'သတ္ထုနာ'ဟု ရုပ်ပြီးပါသည်။

၂၀၈၊ ၁၆၆။ အာရော ရဿမိကာရေ။ (၇၆)

မေး။ ဤသုတ်ဖြင့် အဘယ်ကို ရဿ ပြုရပါမည်နည်း။

ဖြေ။ အာရ–အပြု၏ အာ–ကို ရဿ ပြုရပါမည်။

အမှာ။ ။ အာရော ရဿမိကာရေ–သုတ်၌ အာရော–အရကို ဖော်ပြပါ–ဟူသော မေးခွန်းကို ဖြေတတ်ပါစေ။

၂၀၉၊ ၁၆၈။ ပိတာဒီနမသိမှိ။ (၇၇)

မေး။ ပိတာဒီနမသိမှိ–သုတ်၌ အသိမှိ သဒ္ဒါ ပိုရပုံကို ရေး၍၊ ယင်းသဒ္ဒါပိုဇ်၏ အကျိုးကို လည်း ဖြေဆိုပါ။

ဖြေ။ ''အညေသွာရတ္တံ = သိမှတစ်ပါးသော ဝိဘတ်တို့ကြောင့် အာရ–ပြု''ဟု ဆိုသဖြင့် ''သိဝိဘတ်ကြောင့် အာရ–အပြုမရှိ''ဟူသော အနက်အဓိပ္ပာယ် ပြီးပြီးသား ဖြစ်ပါသည်။ သို့ဖြစ်၍ ''ပိတာဒီနံ''ဟု သုတ်တည်လျှင် ပြီးနိုင်ပါလျက် ''အသိမှိ'' သဒ္ဒါကို ထည့်ဆိုခြင်း ကြောင့် ယင်း''အသိမှိ''သဒ္ဒါ အပိုဖြစ်ရပါသည်။

ထို ''အသိမှိ''သဒ္ဒါပိုဖြင့် ''ပိတိတော, ပိတိပက္ခော''စသောပြယုဂ်တို့၌ တော ပစ္စည်း, ပက္ခ–အစရှိသောသဒ္ဒါတို့ကြောင့် ပိတု–အစရှိသော သဒ္ဒါတို့၏ အဆုံး ဥ–ကို ကု–ပြုရခြင်း အကျိုးရှိပါသည်။

မေး။ ပိတာဒီနမသိမှိ–သုတ်၌ အသိမှိ–အရကို အတိအကျ ကောက်ပြခဲ့ပါ။

ဖြေ။ သိ, သ, သို့ ဝိဘတ်တို့မှတစ်ပါး ကျန်ဝိဘတ်(၁၀)လုံးကို ယူရပါမည်။ ဂသိနောင်းရာ၌

http://www.dhammadownload.com

အာရ-ပြုသော ကျမ်းများအလို ဂသိ-ကိုလည်း ထည့်စွက်၍ ယူရပါမည်။

တတိယကဏ္ဍပြီး၏။

□□□□□

စတုတ္ထကဏ္ဍ

၂၁၁၊ ၁၂၆။ အတ္တန္တော ဟိသ္မိမနတ္တံ။ (၆၁)

မေး။ အတ္တန္တော ဟိသ္မိမနတ္တံ-သုတ်၌ ''အနတ္တံ''ဟူသော ဘာဝနိဒ္ဒေသ၏ အကျိုးကို ရေးသားဖြေဆိုပါ။

ဖြေ။ ရူပသိဒ္ဓိ၌ ''အနတ္တံ''ဟူသော ဘာဝနိဒ္ဒေသ၏ အကျိုးကို မဖွင့်ဆိုပါ။ ကစ္စည်းကျမ်း၌သာ ''အလုံစုံသော ဝိဘတ်တို့ကြောင့် အတ္တ-သဒ္ဒါကို သက-ပြု''ဟု ဖွင့်ပြထားပါသည်။

၂၁၂၊ ၁၂၉။ တတော သ္မိ နိ။ (၆၂)

မေး။ ဤသုတ်သည် ရူပသိဒ္ဓိကာအလို မည်သည့်အနေအထားမျိုး ရှိရပါမည်နည်း ဖြေဆိုပါ

ဖြေ။ ဤသုတ်သည် ရူပသိဒ္ဓိကာအလို ''ပြဟ္မတော တု သ္မိ နိ''သုတ်၌ကဲ့သို့ပင် ''တတော သ္မိန္နိ''ဟု ရှိရပါမည်။

၂၁၄၊ ၁၂၈။ သ္မာ နာ။ (၆၂)

မေး။ အမှ တုမှ ဿ-စသောသုတ်ဖြင့် သ္မာဝိဘတ်ကို နာ-ကဲ့သို့ ငဲ့ညွှန်းရုံမျှဖြင့် ''အတ္တနာ'' ဟူသောရုပ် ပြီးနိုင်သောကြောင့် နောက်''စျလတော စ''သုတ်နှင့် ''စျလတော သ္မာ နာ''ဟု တစ်သုတ်တည်းပြု၍ တည်သင့်ပါလျက် မတည်ဘဲ သုတ်သီးခြားတည်ခြင်းသည် အဘယ်အကျိုးရှိပါသနည်း? ဖြေဆိုပါ။

ဖြေ။ သုတ်သီးခြားတည်ခြင်းသည် အနက်တစ်မျိုးကို သိစေခြင်း (အတ္တန္တရဝိညာပန) အကျိုးရှိပါသည်။ ထို့ကြောင့် ''အတြဇော''စသော ပြယုဂ်တို့၌ နောက် ဇ-အက္ခရာကြောင့် အတ္တ-သဒ္ဒါ၏ တ-တစ်လုံးကို အချို့ ရ-ပြုရခြင်း အကျိုးရှိပါသည်။

၂၁၅၊ ၁၄၁။ စျလတော စ။ (၆၅)

မေး။ ဤသုတ်ပါ စသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

http://www.dhammadownload.com

ဖြေ။ စသဒ္ဒါ အချို့သောပြယုဂ်တို့၌ စျ, လတို့နောင် သွာဝိဘတ်၏ နာ-အပြုကို နစ်စေခြင်း အကျိုးရှိပါသည်။

အဂ်ိနာ, အဂ်ိသ္မာ။ (စျ နောင်)။
ပုမုနာ, ပုမသ္မာ။ (လ နောင်)။

၂၁၇၊ ၁၉၉။ ယောနံ နိ နပုံသကေဟိ။ (၉၅)

မေး။ ယောနံ နိ နပုံသကေဟိ-သုတ်ဖြင့် အဘယ့်ကြောင့် အဘယ်ကာရန္တတို့နောင် ယောဝိဘတ်တို့ကို နိ-ပြုရပါသနည်း? ဖြေဆိုပါ။

ဖြေ။ အတော နိစ္စ-သုတ်က နပုလ္လိင် အကာရန္တနောင် ယောဝိဘတ်တို့ကို အမြဲ နိ-ပြု သောကြောင့် ဤသုတ်က နပုလ္လိင် က္က, ဤ, ဥ, ဦ, ဇ, သြကာရန္တတို့နောင် ယော ဝိဘတ်တို့ကို နိ-ပြုရပါသည်။

အဒ္ဒိနိ = က္ကကာရန္တ။
သုခကာရီနိ = ဤကာရန္တ။
အာယူနိ = ဥကာရန္တ။
ဂေါတြဘူနိ = ဦကာရန္တ။
စိတ္တဂူနိ = သြကာရန္တ။

မေး။ ဤသုတ်ဖြင့် နပုလ္လိင်နောင် ယောဝိဘတ်တို့ကို နိ-မပြုလျှင် မည်သို့စီရင်ရပါမည်နည်း? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဤသုတ်ဖြင့် နပုလ္လိင်နောင် ယောဝိဘတ်တို့ကို နိ-မပြုလျှင် ယောဝိဘတ်တို့ကို အမြဲချ၍ ဒီဃပြုရပါမည်။ ပုံစံ - အဒ္ဒီ စသည်။

မေး။ အဿဒ္ဒါ-ပုဒ်သည် မည်သည့် ကာရန္တ ဖြစ်ပါသနည်း? စိစစ်ဖြေဆိုပါ။

ဖြေ။ ရူပသိဒ္ဓိအလို ပကတိပြုထားသော အခိုက်အတန့်ကို ကြည့်၍ ကာရန္တယူသောကြောင့် အာကာရန္တ ဖြစ်ပါသည်။ ဆရာမြတ်တို့ကား ရဿပြု, နာမ်ငဲ့ပြီးအခိုက်အတန့်ကို ကြည့်၍ အကာရန္တဟု ယူလိုကြပါသည်။

မေး။ သုခကာရီ-ပုဒ်ကို ရုပ်တွက်ရာ၌ ''သုခကာရီ+သိ''ဟု ဖြစ်နေသောအခါ အဘယ့်ကြောင့် အဘယ်အရာ ပြုရပါမည်နည်း။

ဖြေ။ ''သုခကာရီ+သိ''ဟု ဖြစ်နေသောအခါ နပုလ္လိင် မဟုတ်သည်၏အဖြစ် မရှိသောကြောင့် (နပုလ္လိင် ဖြစ်နေသောကြောင့်) အယော ရဿ-အစရှိသောသုတ်ဖြင့် ဤ-ကို က္က-ရဿပြုရပါမည်။

၂၁၈၊ ၁၉၆။ အတော နိစ္စံ။ (၉၂)

မေး။ ယောနံ နိ နပုံသကေဟိ-ဟူသော သာမညအစီအရင်ဖြင့်ပင် အကာရန္တနောင် ယောဝိဘတ်တို့၏ နိ-အဖြစ်၊ နိ-ဖြစ်ပြီးမှ သဗ္ဗယောနိနမာဇ-သုတ်ဖြင့် အာ, ဇ-အဖြစ်သည် ပြီးနိုင်ပါလျက် ဤအတော နိစ္စံ-သုတ်ကို တစ်ဖန်အားထုတ်ခြင်းဖြင့် အရှင်မဟာကစ္စည်း

http://www.dhammadownload.com

မထေရ်သည် အဘယ်အနက်အဓိပ္ပာယ်ကို သိစေပါသနည်း? ရှင်းပြပါ။

ဖြေ။ ဤသုတ်ကို တစ်ဖန်အားထုတ်ခြင်းဖြင့် ''နပုလ္လိင် အကာရန္တနောင် ယောဝိဘတ်ကို ပြုထားသော နိ-၏ သဗ္ဗယောနီနမာ၎-သုတ်ဖြင့် စီရင်အပ်သော အာ, ၎ အပြူသည် စိတ္တ-စသော သုဒ္ဓနာမ်အရာ တစ်ချို့တစ်လေ့သာ ဖြစ်၏''ဟူသော အနက်အဓိပ္ပာယ်ကို အရှင်မဟာကစ္စည်းမထေရ် သိစေပါသည်။

ရှင်းချက်။ ။ ''နပုလ္လိင် အကာရန္တနောင် ယောဝိဘတ်ကို ပြုထားသော နိ-၏ အာ, ၎-အဖြစ်သည် စိတ္တ-စသော သုဒ္ဓနာမ်အရာ အနည်းငယ်၌သာ ဖြစ်၏''ဟု ဆိုသဖြင့် ''အလုံးစုံသော သုဒ္ဓနာမ်, သဗ္ဗနာမ်တို့၌ ဝိကပ်အားဖြင့် နိ-၏ အာ, ၎-အပြူ ဖြစ်သည် မဟုတ်''ဟု စကားကျရောက်သည်။ ထို့ကြောင့် ''သဗ္ဗံ, သဗ္ဗာနိ၊ ကွမံ, ကွမာနိ၊ ဇတံ, ဇတာနိ၊ တံ, တာနိ၊ ယံ, ယာနိ''စသော သဗ္ဗနာမ်ပုဒ်တို့၌ နိ-၏ အာ, ၎အပြူ မဖြစ်''ဟု သိမှတ်ရပါသည်။ (ရူပ်ဋီ၊ ၅၉။)

သတိပြုဖွယ်။ ။ ရူပ်ဋီ၌ ''တေန သဗ္ဗတ္ထ ဝိကပ္ပေန ဟောတိတိ သိဒ္ဓံ''ဟု ရှိနေသည်။ ''တေန နဿဗ္ဗတ္ထ ဝိကပ္ပေန ဟောတိတိ သိဒ္ဓံ''ဟု သီဟိဠ်မူ, သီဟိဠ်ဗျာချာသစ်တို့အတိုင်း တေန-နောင် နဿ-တစ်လုံး ပါရှိရမည်-ဟု ဆရာမြတ်တို့ မိန့်တော်မူကြပါသည်။ ထိုသို့ရှိမှလည်း ''တေန ။ပ။ နဿ ဟောတိတိ ဝေဒိတဗ္ဗံ''ဟူသော နောက်စကားရပ်နှင့် ညီမည် ဖြစ်ပါသည်။

၂၁၉၊ ၁၉၅။ သိ။ (၉၂)

မေး။ ဤသုတ်သည် ဘယ်နှပုဒ်ရှိသောသုတ် ဖြစ်ပါသနည်း။

ဖြေ။ ''သိ + အံ''ဟု နှစ်ပုဒ်ရှိသောဝိဓိသုတ် ဖြစ်ပါသည်။

ချာသအဆိုကို ပယ်လို၍ဖွင့်။ ။ ချာသ၌ ''သိဿ အံ သိ''ဟု ဆဋ္ဌီ တပ္ပုရိသ်သမာသ်တစ်နည်း၊ ''သိ + အံ''ဟု ဓါကျတစ်နည်း၊ ၂-နည်းဖွင့်ပြထားသည်။ ထိုတွင် ပထမနည်းကို ပယ်လိုသောကြောင့် ''သိ အံကွတိ နွိပဒမိဒံ''ဟု ရူပသိဒ္ဓိဆရာ ဖွင့်ဆိုခြင်း ဖြစ်သည်ဟု မှတ်ပါ။

၂၂၀၊ ၇၄။ သေသတော လောပံ ဂသိဝိ။ (၄၆)

မေး။ သေသတော လောပံ ဂသိဝိ-သုတ်၌ သေသ အပါဒါန်နှင့် သေသ-အရတို့ကို ဖော်ပြပါ။

ဖြေ။ သေသအပါဒါန်မှာ - သိ, သော, သျာ စ, သဓတော ဂဿေ ဝါ, ဃတေ စ-စသောသုတ်တို့ဖြင့် တိုက်ရိုက်ညွှန်ပြအပ် စီရင်အပ်သော ပုရိသ, စိတ္တ, ရာဇ, သခ, ကည-စသောလိင်များ ဖြစ်ပါသည်။

'သေသ'အရမှာ - ထိုလိင်တို့မှ တစ်ပါးသော လိင်တို့ ဖြစ်ပါသည်။ (နာမ်ဂိုဏ်း၌ လာသော သိဝိဘတ်ကို ချေ၍ ရုပ်ပြီးကောင်းသော လိင်အားလုံး ဖြစ်သည်ဟု မှတ်ပါ)။

မေး။ သေသတော လောပံ ဂသိဝိ-သုတ်၌ အဝိ-သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ အာလုပ်သိဝိဘတ်ကျေခြင်း-ဟူသော ပထမအနက်ပေါ်၌ လိင်္ဂတ္ထသိ ကျေခြင်း ဟူသော နှစ်ခုမြောက်အနက်ကို ပေါင်းခြင်း ဒုတိယတ္ထသမ္ပိဏ္ဏနအနက်ရှိပါသည်။

http://www.dhammadownload.com

မေး။ သေသတော လောပံ သိဝိ-ဟု ဆိုလျှင် အာလုပ်သိကိုပါ ရပြီးဖြစ်ပါလျက် အာလုပ်သိ အတွက် 'ဂ'ဟု သီးခြားဆိုခြင်းသည် အဘယ်ကို သိစေပါသနည်း။

ဖြေ။ အာလုပ်သိအတွက် 'ဂ'ဟု သီးခြားဆိုခြင်းသည် အခြားသောသုတ်တို့၌လည်း 'သိ'ဟု သာမညဆိုထားလျှင် ထို'သိ'သဒ္ဒါအရ အာလုပ်သိကို မယူရ၊ (ဂ-ပါမှ အာလုပ်သိကို ထပ်ယူရမည်)ဟု သိစေပါသည်။

မေး။ ''ဘော ပုရိသ တိဋ္ဌ၊ ဟေ ပုရိသ တိဋ္ဌ''စသည်ဖြင့် ဘဝန္တ သဒ္ဒါ, ဟေ သဒ္ဒါတို့ကို အဘယ်အကျိုးငှါ ယှဉ်စပ်သုံးစွဲရပါသနည်း။

ဖြေ။ အာလုပ်ပုဒ်ဖြစ်ကြောင့် ထင်ရှားစေခြင်းအကျိုးငှါ ဘဝန္တ သဒ္ဒါ, ဟေ သဒ္ဒါတို့ကို ယှဉ်စပ်သုံးစွဲရခြင်း ဖြစ်ပါသည်။

၂၂၁၊ ၂၈၂။ သဗ္ဗာသမာဝုသောပသဂ္ဂနိပါတာဒီဟိ စ။ (၁၃၁)

မေး။ များလည်းများ, များသောအနက်ကိုလည်း ဟောသော အရာများကို ဖော်ပြပါ။

ဖြေ။ ဥပသာရပုဒ်၊ နိပါတ်ပုဒ်၊ တဒ္ဓိတ်, ကိတ်စသောပစ္စည်းများ ဖြစ်ပါသည်။ ဆရာမြတ်တို့ကား ''ဓာတူနံ အနေကတ္ထတ္တာ''ပရိဘာသာကို ထောက်၍ ဓာတ်-တို့ကိုလည်း ထည့်သွင်းကာ ၄-မျိုးဟု ဆိုကြပါသည်။

မှတ်ချက်။ ။ ရူပသိဒ္ဓိလာ ဂါထာကိုလည်း အောက်ပါအတိုင်း ပြင်ဆင်ကြပါသည်။

ဥပသဂ္ဂနိပါတာ စ၊ ပစ္စယာ ဓာတဝေါ စိမေ။
နေကေ'နေကတ္ထဝိသယာ၊ ကွတိ နေရုတ္တိကာ'ဗြဝုံ။

မေး။ ဥပသာရပုဒ်, နိပါတ်ပုဒ်တို့၏ အမည်ထူးများကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဥပသာရပုဒ်, နိပါတ်ပုဒ်တို့သည် လိင်သုံးပါးတို့၌ အထူးအပြားမရှိသောသောကြောင့် ''အလိင်''ဟူသောအမည်ကို ရကြပါသည်။ ကေဝုစ်, ဗဟုဝုစ် သဒ္ဒါအထူးအပြား မရှိသောကြောင့် ''အသဒ္ဒ်''ဟူသောအမည်ကိုလည်း ရကြပါသည်။ ဝိဘတ်ခုနစ်သွယ်တို့၌ ရုပ် အထူးအပြားမရှိသောကြောင့် ''အဝိဘတ္တိ''ဟူသောအမည်ကိုလည်း ရကြပါသည်။

မေး။ ဥပသာရပုဒ်တို့ ''လိင်''ဟူသောအမည်ကို ရနိုင် / မရနိုင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ဖြေဆိုပါ။

ဖြေ။ ဥပသာရပုဒ်တို့သည် နာမ်, အာချာတ်တို့ကို အထူးပြုတတ်သောကြောင့် (ပကာရစသော ဆိုင်ရာအနက်များ ရှိရကား) ''လိင်''ဟူသောအမည်ကို ရနိုင်ကြပါသည်။

မေး။ ဥပသာရပုဒ်တို့နောင် သက်နိုင်သောဝိဘတ်တို့ကို ရှု-ဆရာအလိုက္ခ အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဥပသာရပုဒ်တို့သည် ကေဝုစ်, ဗဟုဝုစ်သဒ္ဒါ၊ ကံ, ကရိဏ်းစသော အနက်အကွဲ အပြားမရှိသောကြောင့် ၄င်းတို့နောင် ပဌမာကေဝုစ် သိဝိဘတ်သာ သက်ရပါသည်

မေး။ သဗ္ဗာသမာဝုသော-စသောသုတ်၌ အာဒိသဒ္ဒါဖြင့် ယူရမည့်အရာများကို ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါဖြင့် သုတ္တ, ပဒ-စသော သဒ္ဒါတို့ကို ယူရဖါမည်။ (၄င်းတို့နောင်လည်း

http://www.dhammadownload.com

ဝိဘတ်တို့ကို ချေပါ–ဟူလို။)

မေး။ အာဝုသော–သည် အာလုပ်ပုဒ်ဖြစ်ပါလျက် အဘယ်အကျိုးငှါ ၄င်းကို သီးခြားဆိုရပါသနည်း။

ဖြေ။ အာဝုသော–သည် အာလုပ်ပုဒ်ပင် ဖြစ်ပါသော်လည်း ''တွံ ပနာဝုသော၊ တုမှေ ပနာဝုသော''ဟု တစ်ခုတည်း၏အဖြစ်, များသည်တို့၏အဖြစ်ဟူသော ကေဝုစ်, ဗဟုဝုစ် သချံာနှစ်မျိုးရှိသည်၏အဖြစ်ကို ပြခြင်းအကျိုးငှါ ၄င်းကို သီးခြားဆိုရခြင်း ဖြစ်ပါသည်။

မေး။ ဥပသဂ္ဂ (ဥပသာရပုဒ်), နိပါတ (နိပါတ်ပုဒ်)တို့၏ အဓိပ္ပာယ်ကို ရေးပြပါ။

ဖြေ။ ''ဥပေစ္စ အတ္ထံ သဇ္ဇန္တီတိ ဥပသဂ္ဂါ''ဟူသော ဝစနတ္ထနှင့်အညီ နာမ်, အာချာတ်သို့ ဝိသေသနအဖြစ်ဖြင့် ကပ်ရောက်၍ ထိုနာမ်, အာချာတ်တို့၏အနက်ကို ပြုစီရင်တတ် ပြင်ဆင်တတ်သောကြောင့် ပ–အစရှိသော (၂၀)သောပုဒ်တို့ကို ''ဥပသဂ္ဂ (ဥပသာရပုဒ်)''ဟု ခေါ်ဆိုရပါသည်။

''ပဒါနံ အာဒိမဇ္ဈာဝသာနေသု နိပတန္တီတိ နိပါတာ''ဟူသော ဝစနတ္ထနှင့်အညီ ထိုက်သည်အားလျော်စွာ ပုဒ်တို့၏ အစ, အလယ်, အဆုံးတို့၌ ကျရောက်တတ်သောကြောင့် စ–အစရှိသောပုဒ်တို့ကို ''နိပါတ (နိပါတ်ပုဒ်)''ဟု ခေါ်ဆိုရပါသည်။

မေး။ ဥပသာရပုဒ်တို့၏ နာမ်, အာချာတ်တို့၏ ဝိသေသနဖြစ်ပုံကို ပုံစံအသီးသီး ထုတ်ပြခဲ့ပါ။

ဖြေ။ နာမ်ပုဒ်တို့၏ ဝိသေသနဖြစ်ပုံ – ပဟာရော၊ ပရာဘဝေါ–စသည်။
အာချာတ်ပုဒ်တို့၏ ဝိသေသနဖြစ်ပုံ – ပဟာရတိ၊ ပရာဘဝတိ–စသည်။

မေး။ ဥပသာရပုဒ် ၃–မျိုးကို အဓိပ္ပာယ်ကို သက်ဆိုင်ရာ ပြယုဂ်များနှင့်တကွ ဖော်ပြပါ။

ဖြေ။ ၁။ ထင်ရှားသောဓာတ်အနက်ကို တားမြစ်တတ်သော ဥပသာရပုဒ်သည် ''ဓာတွတ္ထ–ဗာဓကဥပသာရပုဒ်''မည်၏။ ပြယုဂ်ကား – ပရာဇယတိ စသည်တည်း။
၂။ ဓာတ်နက်သို့ အစဉ်လိုက်သော ဥပသာရပုဒ်သည် ''ဓာတွတ္ထာနုဝတ္တက ဥပသာရပုဒ်''မည်၏။ ပြယုဂ်ကား – ပတိဋ္ဌာတိ စသည်တည်း။
၃။ ဓာတ်နက်ကို အထူးပြုတတ်သော ဥပသာရပုဒ်သည် ''ဓာတွတ္ထဝိသေသက ဥပ–သာရပုဒ်'' မည်၏။ ပြယုဂ်ကား – ဥဂ္ဂစ္ဆတိ စသည်တည်း။

မေး။ ရူပသိဒ္ဓိ ဖွင့်ဆိုချက်များကို အနှစ်ချုပ်၍ နိပါတ်ပုဒ်၏ အမှတ်အသား လက္ခဏာများကို ဖော်ပြပါ။

ဖြေ။ ၁။ သမုစ္စည်း, ဝိကပ်, ပဋိသေဓ, ပူရဏအစရှိသော အနက်ရှိခြင်း။ (ထိုအနက်ကိုဟောခြင်း)၊
၂။ ဒြပ်ကို မဟောခြင်း။
၃။ နာမ်, အာချာတ်, ဥပသာရ–ဟူသော ပုဒ်သုံးမျိုးတို့မှ အလွတ်ဖြစ်ခြင်း။
၄။ လိင်, ဝိဘတ်, ဝုစ်စသည်တို့ ကွဲပြားသော်လည်း ရုပ်နေ မပျက်ပြားခြင်း–တို့ဖြစ်ပါသည်။

မေး။ စ, ဝါ–နိပါတ်ပုဒ်တို့၏ အနက်များကို ဖော်ပြပါ။

ဖြေ။ စ–နိပါတ်ပုဒ်သည် သမုစ္စည်း, အန္ဝာစယ, ဣတရီတရယောဂ, သမာဟာရ, အဝဓာရဏာစသော အနက်တို့၌ ဖြစ်ပါသည်။

http://www.dhammadownload.com

ဝါ-နိပါတ်ပုဒ်သည် ဝိကပ္ပန, ဥပမာန, သမုစ္စည်း, ဝဝတ္ထိတဝိဘာသာအနက်တို့၌ ဖြစ်ပါသည်။

မေး။ (က) တားမြစ်ခြင်း ပဋိသေဓနအနက်ကို ဟောနိုင်သော နိပါတ်ပုဒ်များ (ခ) ခေါ်ဝေါ်ခြင်း အာမန္တနအနက်ကို ဟောနိုင်သော နိပါတ်ပုဒ်များကို ဖော်ပြပါ။

ဖြေ။ (က) နု, နော, မာ, အ, အလံ, ဟလံ-စသည်တို့ ဖြစ်ပါသည်။
(ခ) အာဝုသော, အမ္ဘော, ဟမ္ဘော, ရေ, အရေ, ဟရေ, ဧေ-စသည်တို့ ဖြစ်ပါသည်။

အာဝုသော စသည်တို့ကို အသုံးပြုပုံ။ ။ **အာဝုသော**-ကို ရဟန်းတို့ကို ခေါ်ဝေါ်ရာ၌ သုံးသည်။ **အမ္ဘော**-ကို မြင့်မြတ်သောယောက်ျားတို့ကို ခေါ်ဝေါ်ရာ၌ သုံးသည်။ **ရေ, အရေ, ဟရေ**-တို့ကို ယုတ်ညံ့သောသူတို့ကို ခေါ်ဝေါ်ရာ၌ သုံးသည်။ **ဧေ**-ကို ကျွန်မကို ခေါ်ဝေါ်ရာ၌ သုံးသည်။ (ရူပ်ဒီ၊ ၈၁။)

မေး။ ပူရဏတ္ထနိပါတ်ပုဒ် ၂-မျိုးကို ပုံစံနှင့်တကွ ထုတ်ပြပါ။

ဖြေ။ ၁။ အတ္ထပူရဏနိပါတ်ပုဒ် - အတ္ထိ၊ သက္ကာ၊ လဗ္ဘာ စသည်။
၂။ ပဒပူရဏနိပါတ်ပုဒ် - အထ၊ ခလု၊ ဝတ စသည်။

မေး။ အတ္ထပူရဏနိပါတ်ပုဒ် ၂-မျိုးကို ပုံစံနှင့်တကွ ဖော်ပြပါ။

ဖြေ။ ၁။ ဝိဘတ္တိယုတ္တ အတ္ထပူရဏနိပါတ်ပုဒ် - အတ္ထိ၊ သက္ကာ၊ လဗ္ဘာ စသည်။
၂။ ဝိဘတ္တိအယုတ္တအတ္ထပူရဏနိပါတ်ပုဒ် - အပေဝ၊ အပေဝ နာမ၊ နု စသည်။

မေး။ ပဌမာ, ဒုတိယာစသောအနက်တို့၌ ဖြစ်သော နိပါတ်ပုဒ်တို့ကို အသီးသီးဖော်ပြပါ။

ဖြေ။ အတ္ထိ, သက္ကာ, လဗ္ဘာ-စသော နိပါတ်ပုဒ်တို့သည် ပဌမာအနက်၌ ဖြစ်ကြပါသည်။
ဒိဝါ, ဘိယျော, နမော-စသော နိပါတ်ပုဒ်တို့သည် ပဌမာအနက်၌လည်းကောင်း၊ ဒုတိယာအနက်၌လည်းကောင်း ဖြစ်ကြပါသည်။
သယံ, သာမံ, သံ, သမ္မာ, ကိ-စသော နိပါတ်ပုဒ်တို့သည်လည်းကောင်း၊ သော, တော, ဓာ ပစ္စည်းအဆုံးရှိသောပုဒ်တို့သည်လည်းကောင်း တတိယာ အနက် ၌ ဖြစ်ကြပါသည်။
တဝေ, တုံပစ္စည်းအဆုံးရှိသောပုဒ်တို့သည် စတုတ္ထီအနက်၌ ဖြစ်ကြပါသည်။
သော, တော ပစ္စည်းအဆုံးရှိသောပုဒ်တို့သည် ပဉ္စမီအနက်၌ ဖြစ်ကြပါသည်။
တောပစ္စည်းအဆုံးရှိသော ပုဒ်တို့သည်လည်းကောင်း၊ တြ, ထ-စသော **ပစ္စည်း** အဆုံးရှိသော ပုဒ်တို့သည်လည်းကောင်း သတ္တမီအနက်၌ ဖြစ်ကြပါသည်။
သမန္တာ, သာမန္တာ, ပရိတော, အဘိတော-စသော နိပါတ်ပုဒ်တို့သည်လည်း သတ္တမီအနက်၌ ဖြစ်ကြပါသည်။
သမ္မတိ, အာယတိ-စသောနိပါတ်ပုဒ်တို့သည် ကာလသတ္တမီအနက်၌ ဖြစ်ကြပါသည်။

သတိပြုဖွယ်။ ။ သော, တော ပစ္စည်းအဆုံးရှိသောပုဒ်တို့သည် တတိယာအနက်, ပဉ္စမီအနက်တို့၌ ဖြစ်ကြောင်းကိုလည်းကောင်း၊ တောပစ္စည်းအဆုံးရှိသောပုဒ်တို့သည် တတိယာ, ပဉ္စမီ, သတ္တမီအနက်တို့၌ ဖြစ်ကြောင်းကိုလည်းကောင်း သတိပြုကာ မှတ်သားပါ။

http://www.dhammadownload.com

၂၂၅၊ ၁၅၁။ ယောနံ နော။ (၇၀)

မေး။ ကစာရသာ-ဟူသော လိုက်ပုဒ်ကိုကြဉ်၍ ''ယောနံ နော''ဟူသော ဝိနာမိကာရ ယောဂ ဝိဘာဂ၏ အကျိုးကို ရေးပြပါ။

ဖြေ။ ထိုယောဂဝိဘာဂဖြင့် ''သာရမတိနော''စသောပြယုဂ်တို့၌ အကတရသာဖြစ်သော စျ-နောင်လည်း ယောဝိဘတ်တို့ကို နော-ပြုရခြင်းအကျိုးရှိပါသည်။

သတိပြု - 'သာရမတိနော'ရုပ်တွက်ပုံ သတိပြု။

၂၂၇၊ ၂၇၀။ ကိဿ က ဝေ စ။ (၁၂၃)

မေး။ ဤသုတ်ပါ စသဒ္ဒါ၏ အကျိုးကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါ ထံ, ဟံ-အစရှိသော ပစ္စည်းတို့ကို ဆည်းခြင်း သမုစ္စည်းအနက်ရှိပါသည်။ ထို့ကြောင့် ဝပစ္စည်းမှတစ်ပါး ထံ, ဟံ, ထ, ဒါ, ရဟိ, အာ-အစရှိသော ပစ္စည်းတို့ နှောင်းရာ၌လည်း ကိ သဒ္ဒါကို က-ပြုရခြင်းအကျိုးရှိပါသည်။

မေး။ က္ခ-ကို ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ ကိ-သဒ္ဒါတည်း၊ ဝ-ပစ္စည်းသက်၊ ကိဿ က ဝေ စ-သုတ်ဖြင့် ကိ သဒ္ဒါကို က-ပြု (က+ဝ)၊ တေသု ဝုဒ္ဓိသုတ်ကြီးဖြင့် နောက် ဝ-ပစ္စည်းနှောင်းသောကြောင့် က-၏ အသရကို ချေ၊ က် ဝ-သို့ကပ်၊ ပြီး၏။

မှတ်ချက်။ ။ ရူပသိဒ္ဓိအလို ဝ-ကဲ့သို့ အစဉ်မျည်းရှိသော ပစ္စည်းနှောင်းရာ၌ သရလောပေါ-သုတ်ဖြင့် မချေနိုင်သောကြောင့် တေသု ဝုဒ္ဓိသုတ်ကြီးဖြင့်ချေရသည်ဟု မှတ်ပါ။ ရာသအလိုကား သရလောပေါ-သုတ်ဖြင့်ပင် ချေရပါမည်။

၂၂၈၊ ၂၇၂။ ကု ဟိ'ဟံသု စ။ (၁၂၄)

မေး။ ဤသုတ်ပါ စသဒ္ဒါ၏ အကျိုးကို ရေးပြပါ။

ဖြေ။ စသဒ္ဒါ ကုဟိ၌နံ, ကုဒါစနံ-ပြယုဂ်တို့၌ ဟိ၌နံ, ဒါစနံ ပစ္စည်းတို့ကြောင့် ကိ သဒ္ဒါကို ကု-ပြုရခြင်း အကျိုးရှိပါသည်။

၂၂၉၊ ၂၂၆။ သေသေသု စ။ (၁၀၈)

မေး။ ရူပသိဒ္ဓိအလို သေသေသု စ-သုတ်၌ သေသ-အပါဒါန်ကို ဖော်ပြ၍၊ သေသ-အရကိုလည်း အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ရူပသိဒ္ဓိအလို **သေသ-အပါဒါန်**မှာ ကိဿ က ဝေ စ-သုတ်ရင်း၌ ဆိုအပ်သော ဝ-ပစ္စည်း၊ ယင်းသုတ်၌ စသဒ္ဒါဖြင့် ယူအပ်သည့် ထံ, ဟံ, ထ, ဒါ, ရဟိ, အာ-အစရှိသောပစ္စည်းတို့ ဖြစ်ပါသည်။

သေသ-အရကား ကိဿ က ဝေ စ-သုတ်ရင်းဖြင့် ဝ-ပစ္စည်းကိုလည်းကောင်း၊ စသဒ္ဒါဖြင့် ထံ, ဟံ, ထ, ဒါ, ရဟိ, အာ-အစရှိသောပစ္စည်းတို့ကိုလည်းကောင်း ယူပြီး ဖြစ်သောကြောင့် ထိုပစ္စည်းတို့မှကြွင်းသော ဝိဘတ်တို့ကိုသာ ယူရပါမည်။

http://www.dhammadownload.com

ကစ္စည်းအလို။ ။ ကစ္စည်းအလိုကား - **သေသ အပါဒါန်**မှာ ဝ-ပစ္စည်းတစ်လုံးသာ ဖြစ်၍၊ **သေသ အရ**မှာ ထို ဝ-ပစ္စည်းမှ ကြွင်းသော ဝိဘတ်, ပစ္စည်း ၂-မျိုးလုံးပင် ဖြစ်ပါသည်။

မေး။ ရှုပသိဒ္ဓိဆရာသည် ကစ္စည်းကျမ်း၌ကဲ့သို့ သေသ-အရ ဝိဘတ်ရော ပစ္စည်းပါ နှစ်မျိုးလုံး မယူတဲ့ အဘယ့်ကြောင့် ဝိဘတ်တစ်မျိုးတည်းကိုသာ ယူရပါသနည်း။

ဖြေ။ ကိသ က ဝေ စ-သုတ်၌ စသဒ္ဒါဖြင့် ဝပစ္စည်းမှကြွင်းသော ထံ-အစရှိသော ပစ္စည်းတို့ကို ယူပြီးဖြစ်သောကြောင့် သေသ-အရ ဝိဘတ်တစ်မျိုးတည်းကိုသာ ယူရခြင်း ဖြစ်ပါသည်။

မေး။ သေသေသု စ-သုတ်၌ စသဒ္ဒါ၏ အနက်ကို ရေးပြပါ။

ဖြေ။ ကိသ, ကိသ္မိ-စသော ပြယုဂ်တို့၌ ကိ သဒ္ဒါ၏ က-အပြုကို နှစ်စေခြင်း နိဝတ္တာပနာဝဓာရဏ အနက်ရှိပါသည်။ (ကစ္စည်း၌ က-ကိုငင်ခြင်း အနကပုနအနက် ရှိ၏-ဟု ဆိုပါသည်။)

မေး။ ကိသ၊ ကိသ္မိ-တို့ကို ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ ကိ-တည်၊ သ-သက်၊ (ကိ + သ) ဗျွန္ဇနေ စ-သုတ်ဖြင့် နိဂ္ဂဟိတ်ကို ချေ၊ သ-လာ၊ ပြီး၏။ (သ-လာလျှင် ရကွသကုဏနည်းဖြင့် နိဂ္ဂဟိတ် အလိုလိုကျေပျောက်သွားသည်-ဟုလည်း ဆိုကြပါသည်။)

ကိ + သ္မိ၊ နိဂ္ဂဟိတ်ကို ချေ၊ ပြီး၏။

မေး။ ဣတ္ထိလိင် ကိ သဒ္ဒါနောင် ဝိဘတ် အလျင် သက်ရမည်လော? ဣတ္ထိဇောတက အာ-ပစ္စည်း အလျင်သက်ရမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ သေသေသု စ-သုတ်ဖြင့် ဝိဘတ်နောင်းရာ၌ ကိ သဒ္ဒါကို က-ပြုရမည်ဖြစ်သောကြောင့် ဝိဘတ် အလျင် သက်ရပါမည်။ ဝိဘတ်သက်၊ ကိ သဒ္ဒါကို က-ပြုပြီးမှ အလယ်၌ ဣတ္ထိဇောတက အာ-ပစ္စည်း သက်ရပါမည်။ (ကိ + သိ၊ ကိ + အာ + သိ)။

အမှာ။ ။ ''ကာ-သဒ္ဒါကို ရုပ်တွက်ရာ၌ ဣတ္ထိလိင် အာပစ္စည်း သက်ချိန်ကာလ (သက်ရာဌာန)ကို ဖော်ပြပါ''ဟူသော မေးခွန်းကို ဖြေတတ်ပါစေ။

မေး။ နပုလ္လိင်၌ အဘယ့်ကြောင့် ကိ သဒ္ဒါကို က-မပြုရပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''ကိ + သိ''ဟု ဖြစ်နေသောအခါ လောပဝိဓိက အာဒေသဝိဓိထက် အားရှိသောကြောင့် ရှေးဦးစွာ သိဝိဘတ်ကို ချေပြီးနောက် တစ်ဖန် နောင်းသောဝိဘတ် မရှိတော့ပြီဖြစ်သောကြောင့် နပုလ္လိင်၌ ကိ သဒ္ဒါကို က-မပြုရခြင်း ဖြစ်ပါသည်။

တစ်နည်း - 'တဒနုပရောဓေန'ဟု ပရိဘာသာလာသောကြောင့် ပါဠိတော်နှင့် လျော်အောင် ကိ သဒ္ဒါကို က-မပြုရခြင်း ဖြစ်ပါသည်။

သကလေဟိ ဝိဓီဟိပိ၊ လောပဝိဓိ ဗလီ တထာ။
လောပဿရာဒေသာနန္တ၊ သရာဒေသဝိဓိပ္ပလီ။ (မုဒ္ဒဗောဓိဋီကာ။)

http://www.dhammadownload.com

၂၃၃၊ ၂၆၄။ ● တောထေသု စ။ (၁၂၂)

မေး။ ဤသုတ်ကို အပို–ဟု အချို့ဆရာတို့က ဆိုကြရာ ရူပသိဒ္ဓိဆရာအလို အပို ဟုတ် / မဟုတ် စစ်တမ်းထုတ်ခဲ့ပါ။

ဖြေ။ ရူပသိဒ္ဓိအလို သရလောပေါ–စသောသုတ်၌ ပစ္စယ–အရ အစ၌ သရပါသော ကွယ, ကွဋ္ဌ စသောပစ္စည်းများနှင့် အ, ကွ–စသော သရသက်သက်ပစ္စည်းများကိုသာ ယူ၍ ဗျည်းပစ္စည်းများကို မယူသောကြောင့် ''တေ + တော'' ''တေ + ထ''ဟု ဖြစ်နေသောအခါ တောပစ္စည်း, ထပစ္စည်းတို့နောင်းရာ၌ သရလောပေါ–သုတ်ဖြင့် ရှေ့သရကို မချေနိုင်ပါ။ ဤ ဧ တောထေသု စ–သုတ်ဖြင့် တေ–ကို ဧ–ပြု (ဧတော)၊ ပရ ဒွေဘာဝေါ ဌာနေ–သုတ်ဖြင့် တ–ကို သဒိသ ဒွေဘော် တ္ထ–ပြု၍ ''ဧတ္ထော''ဟု ရုပ်ပြီးစေရပါသည်။ (ဧတ္ထ–၌ အသဒိသဒွေဘော်ပြု)။ ထို့ကြောင့် ရူပသိဒ္ဓိအလို ဤသုတ်သည် အပို မဟုတ်ပါ။ ဧတ္ထော, ဧတ္ထ–ရုပ်များ ပြီးရန်အတွက် မရှိမဖြစ် လိုအပ်သောသုတ်သာ ဖြစ်ပါသည်။

၂၃၇၊ ၁၆၆။ ကွတ္ထိယမတော အာပစ္စယော။ (၈၁)

မေး။ ဤသုတ်ဖြင့် သက်သော အာ–ပစ္စည်းသည် ဝါစကလော? ဇောတကလော? စိစစ်ဖြေဆိုပါ။

ဖြေ။ ''ကွတ္ထိယ် ဝတ္တမာနာ အကာရန္တတော လိင်္ဂမှာ အာပစ္စယော ဟောတိ = ကွတ္ထိလိင်၌ဖြစ်သော အကာရန္တလိင်မှ နောင်းသည်ဖြစ်၍ အာပစ္စည်းသက်''ဟု ဖွင့်သောကြောင့် ဤသုတ်ဖြင့်သက်သော အာပစ္စည်းသည် ဝါစကမဟုတ်, ဇောတကသာ ဖြစ်ပါသည်။ (ဤ, ကွနီ ပစ္စည်းတို့လည်း နည်းတူ။)

မှတ်ချက်။ ။ ယင်းအဖွင့်အရ ကွတ္ထိလိင်ကို ဟောသည်မှာ အာ (ဤ, ကွနီ)ပစ္စည်း မဟုတ်၊ အကာရန္တလိင်သာဖြစ်ကြောင်း သိရပါသည်။

မေး။ ကွတ္ထိယမတော အာပစ္စယော–သုတ်ကို ရူပသိဒ္ဓိအလိုကျ အာပစ္စည်း၏ ဇောတကတ္ထ ထင်အောင် အနက်ပေးပြခဲ့ပါ။

ဖြေ။ ကွတ္ထိယ်၊ ကွတ္ထိလိင်၌။ (ဝတ္တမာနာ၊ ဖြစ်သော။) အတော၊ အကာရန္တလိင်မှ။ ပရော၊ နောင်းသည်ဖြစ်၍။ အာပစ္စယော၊ အာ–ပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

မေး။ အာ–စသော ကွတ္ထိလိင်ပစ္စည်းနှင့် ဏာ–စသော တဒ္ဓိတ်ပစ္စည်းတို့၏ အထူးကို ဖြေဆိုပါ။

ဖြေ။ သိ, ယော, အံ, ယော–စသော နာမ်ဝိဘတ်တို့သည် ပကတိလိင်၏ ရှိရင်း စွဲအနက်ကို ထွန်းပြကြသကဲ့သို့ ထို့အတူ အာ–စသော ကွတ္ထိလိင်ပစ္စည်း တို့သည် ပကတိလိင်၏အနက်ကို ထွန်းပြရုံသာ ထွန်းပြကြပါသည်။ မိမိတို့ကိုယ်တိုင်က သီးခြားအနက်တစ်မျိုးကို မဟောတတ်ကြပါ။ ဏာ–စသော တဒ္ဓိတ်ပစ္စည်းတို့ကား မိမိတို့ဆိုင်ရာ 'အပစ္စ'စသော ပစ္စည်း၏အနက်ကိုလည်းကောင်း၊ ပုဒ်ရင်း၏အနက်ဟူသော သကတ်အနက်ကို လည်းကောင်း ဟောတတ်ကြပါသည်။

မှတ်ချက်။ ။ ''ဒါနမယံ၊ ဒါန''ဟု အနက်ပေးရာ၌ ယင်းအနက်သည် ဒါန–ဟူသော မိမိပုဒ်ရင်း၏ အနက်ဖြစ်သောကြောင့် ''သကတ်အနက်''ဟု ဆိုရပါသည်။

http://www.dhammadownload.com

မေး။ ကည-နောင် အာပစ္စည်းသက်၍ 'ကညာ'ဟု ဖြစ်နေခိုက် 'လိင်'အမည် ရ / မရ အကြောင်းပြ ဆုံးဖြတ်ပါ။

ဖြေ။ ''ဓာတုပစ္စယဝိဘတ္တိဝဇ္ဇိတမတ္ထဝံ လိင်'' ဟု ပရိဘာသာလာသောကြောင့် ယင်းသို့ အာပစ္စည်းဆုံးနေခိုက် 'လိင်'အမည် မရသေးပါ။ နာမ်ငဲ့ပြီးမှ 'လိင်'အမည်ရပါသည်။

၂၃၈၊ ၁၈၇။ နဒါဒိတော ဝါ ဤ။ (၈၆)

မေး။ နဒါဒိတော ဝါ ဤ-သုတ်၌ အာဒိ-သဒ္ဒါ၏ အနက်နှင့် ယင်း အာဒိ-သဒ္ဒါဖြင့် ယူရမည့် သဒ္ဒါများကို ဖော်ပြပါ။

ဖြေ။ အာဒိ-သဒ္ဒါ ''ပကာရ (အတူ)ဟူသော''အနက်ရှိပါသည်။
ထို အာဒိ-သဒ္ဒါဖြင့် နဒ-သဒ္ဒါနှင့် အကာရန္တချင်းတူ၊ ဤပစ္စည်းသက်၍ ရုပ်ပြီးချင်း လည်းတူသော မဟ, ကုမာရ, တရုဏ-စသော သဒ္ဒါတို့ကို ယူရပါမည်။

မေး။ နဒါဒိတော ဝါ ဤ-သုတ်၌ ဝါသဒ္ဒါ၏ အနက်ကို ဖော်ပြ၍ ထိုအနက်ကြောင့် ရရှိသော အကျိုးကိုလည်း ဖော်ပြပါ။

ဖြေ။ ဝါသဒ္ဒါသည် အနဒါဒိ-ကို ပေါင်းခြင်း သမိုဏ္ဍာနအနက်ရှိပါသည်။
ထို့ကြောင့် ပုထု, ဂေါ-စသော ဥကာရန္တ, ဩကာရန္တ သဒ္ဒါတို့နောင်လည်း ဤ ပစ္စည်း သက်ရပါသည်။

မှတ်ချက်။ ။ ဋီကာဌကား နဒ-ဟု တည်ရသော ပကတိလိင်အပြင် ပုထု, ဂေါ-ဟု တည်ရသော ပကတိလိင်ကို အထူးကြဲခြင်း သီးခြားစီရင်ခြင်း (ပကတိဝိကပ္ပန) အနက်ရှိ၏ဟု ဆိုပါသည်။ (၄င်း၊ ၅၆။) ဤနေရာ၌ သမိုဏ္ဍာနနှင့် ဝိကပ်ကို အတူတူ-ဟုပင် မှတ်ပါ။

နဒ္ဒော, နဒ္ဒာ ရုပ်တွက်ပုံများကို မာတုလာဒိနမာနတ္တမိကာရေ-သုတ်၌ ပြခဲ့ပြီ။ ပြန်ကြည့်ပါလေ။

၂၃၉၊ ၁၉၀။ ဏဝဏိကဏေယျဏန္တူဟိ။ (၈၈၊ ၂၂၃။)

မေး။ ဤသုတ်သို့ လိုက်လာသော ဝါသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ ထေရိကာ, ပဗ္ဗသတိကာ-စသော အချို့သော ဏိကပစ္စယန္တသဒ္ဒါတို့၌ ဤသုတ်ဖြင့် ဤ-ပစ္စည်းသက်ခြင်းကို နစ်စေခြင်း နိဝတ္တာပနာဝဓာရဏ အနက်ရှိပါသည်။

၂၄၀၊ ၁၉၃။ ပတိဘိကွုရာဇိကာရန္တေဟိ ဣနီ။ (၈၉၊ ၉၀)

မေး။ ဤသုတ်သို့ လိုက်လာသော ဝါသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ လိုက်လာသော ဝါသဒ္ဒါသည် သုတ်၌ တိုက်ရိုက်မဆိုအပ်သော ဝိဒူ, ယက္ခ-စသော သဒ္ဒါတို့ကို ဆည်းခြင်း အဝုတ္တသမုစ္စည်းအနက်ရှိပါသည်။ ထိုသဒ္ဒါတို့နောင်လည်း ဣနီ ပစ္စည်း သက်ပါ-ဟူလို။

ပုံစံ - ပရစိတ္တဝိဒုနီ၊ ယက္ခိနီ စသည်။

http://www.dhammadownload.com

မေး။ (က) ပရစိတ္တဝိဒုနိ (ခ) ဘိက္ခုနိ–တို့ကို ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ (က) ပရစိတ္တဝိဒူ–တည်၊ ကွနီပစ္စည်းသက်၊ ဒ် ခွင်း၊ ဦ ကြွင်း၊ ဝါ ပရော အသရူပါ–သုတ်ဖြင့် နောက် ကွသရကို ချေ၊ ကွစာဒီမဇ္ဈတ္တရာနံ–သုတ်ဖြင့် ဦ–ကို ဥ–ရဿ ပြု၊ ဒ် ဥ–သို့ကပ်၊ ပြီး၏။

(ခ) ဘိက္ခု+ကွနီ၊ (သရလောပေါ–စသောသုတ်၌ တု–သဒ္ဒါဖြင့် ရှေ့သရချေခြင်းကို တားမြစ်သောကြောင့်) ဝါ ပရော အသရူပါ–သုတ်ဖြင့် နောက် ကွသရကို ချေ၊ နာမ်ငဲ့, သိသက်, ချေ၊ ပြီး၏။

မေး။ (က) ပေါက္ခရဏီ (ခ) ပေါက္ခရညော (ဂ)ပေါက္ခရဏီယော–တို့ကို နာမ်ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ (က) ပေါက္ခရ+ကွနီ (=ပေါက္ခရိနီ)၊ တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် ကွ–ကို အ–ပြု၊ န–ကို ဏ–ပြု၊ ပြီး၏။

(ခ) ပေါက္ခရဏီ–ဟု ဖြစ်ပြီးနောက် နာမ်ငဲ့, ယောသက်၊ တတော ယောနမော တု–သုတ်၌ တုသဒ္ဒါဖြင့် ယောဝိဘတ်ကို သြ–ပြု၊ ဏ် ခွင်း, ဣကြွင်း။ ဣ–ကို ပ–အမည်မှည့်၊ ပသညဿ စ–သုတ်ဖြင့် နောက်ယောဝိဘတ်၏ သြ–အပြုနှောင်းသောကြောင့် ပ–မည်သော ဣ–ကို ယ–ပြု (ပေါက္ခရဏျ)၊ ယဝတံ–စသောသုတ်၌ ကာရ သဒ္ဒါဖြင့် ဏျ–ကို ဥ–ပြု၊ ဥ–ကို သဒိသဒ္ဒေးဘော် ဥ–ပြု၊ နောက် သြ–သို့ကပ်၊ 'ပေါက္ခရညော' ပြီး၏။

(ဂ) ပေါက္ခရဏီ+ယော–ဟု ဖြစ်ပြီးနောက် အယော ရဿ–စသောသုတ်ဖြင့် ဣ–ကို ဣ–ရဿပြု၊ 'ပေါက္ခရဏိယော' ပြီး၏။

၂၄၁၊ ၁၉၁။ နှသ တ မီကာရေ။ (၈၈)

မေး။ မဟတီ၊ မဟန္တိ–တို့ကို ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ မဟန္တ–တည်၊ နဒါဒိတော ဝါ ဣ–သုတ်ဖြင့် ဣ ပစ္စည်းသက်၊ သေသေသု နှဝသုတ်ဖြင့် နှ–ကို နှ ကဲ့သို့ငဲ့၊ နှသ တ မီကာရေ–သုတ်ဖြင့် နောက် ဣပစ္စည်းကြောင့် နှ–ကို တ–ပြု၊ တံ ဣသို့ကပ်၊ ပြီး၏။

နှ–ကို တ–မပြုလျှင် ခွင်း, ချေ, ကပ်၍ မဟန္တိ–ဟု ပြီး၏။

၁၀၉။ ဩဘာဝေါ ကွစိ ယောသု ဝကာရဿ။ (၅၇)

မေး။ ကစ္စည်း၌ မပါ၊ ရူပသိဒ္ဓိ၌သာ ပါသော ဣသုတ်၏ အဓိပ္ပာယ်ကို ရေးပြပါ။

ဖြေ။ ''ယောဝိဘတ်တို့ကြောင့် ဘဝန္တ–သဒ္ဒါ၏ ဝ–ကို အ၍, ဩ–ပြု'' ဟူ၍ ဖြစ်ပါသည်။

မေး။ ဆဋ္ဌမူ ရူပသိဒ္ဓိဝယ် လိင်္ဂတ္ထသိဝိဘတ်၌ 'သော ဘဝံ'ဟု ရုပ်တစ်မျိုးကိုသာ ပြဆိုထား၍၊ ရှေးမူများနှင့် အ၍သောနိဿယတို့၌ 'ဘဝံ, ဘဝန္တော'ဟု ရုပ်နှစ်မျိုး ပြဆိုထားရာ အဘယ်သည်သာ ရူပသိဒ္ဓိဆရာ အလိုကျဖြစ်သည်–ဟု စိစစ်ဆုံးဖြတ်ပါ။

ဖြေ။ ရူပသိဒ္ဓိဝယ် ''ဘဝန္တသဒ္ဒဿ ဂယောနာသဝစနေသု ဝိသေသော = ဘဝန္တသဒ္ဒါ၏ အာလုပ် သိဝိဘတ်, ယောဝိဘတ်, နာဝိဘတ်, သဝိဘတ်တို့၌ ဂစ္ဆန္တ–သဒ္ဒါထက်

http://www.dhammadownload.com

ရုပ်ထူးခြား၏''ဟုဆိုသဖြင့် 'လိင်္ဂတ္ထသိဒ္ဓ ဂစ္ဆန္တ-သဒ္ဒါအတိုင်းပင်'ဟု အနက်**အဓိပ္ပာယ်** သက်ရောက်ပါသည်။ ထို့ကြောင့် ဂစ္ဆန္တ-သဒ္ဒါနည်းတူ 'ဘဝံ, ဘဝန္တော'ဟု ရှိခြင်း သည်သာ ရူပသိဒ္ဓိဆရာ အလိုကျ ဖြစ်ပါသည်။

မောဂ္ဂလ္လာန်ကို ကြည့်၍ မပြင်သင့်။။ မောဂ္ဂလ္လာန်အလိုကား အာလုပ်သိဝိဘတ်နှင့် 'ဘဝံ'တစ်ရုပ်သာ ရှိရမည်။ မောဂ္ဂလ္လာန်ကို ကြည့်၍ ရူပသိဒ္ဓိ၌ မပြင်သင့်ကြောင်း ဆရာမြတ်တို့ မိန့်ဆိုတော် မူကြပါသည်။

မေး။ ''သြဘာဝေါ ကွစိ''ဟု ဒွိဓာကရဏ ယောဂဝိဘာဂကြွေလျှင် ရရှိမည့်အကျိုးကို ဖော်ပြပါ။

ဖြေ။ ယင်းသို့ ဒွိဓာကရဏယောဂဝိဘာဂကြွေလျှင် နာ, သ ဝိဘတ်တို့ကြောင့်လည်း ဘဝန္တ-သဒ္ဒါ၏ ဝ-ကို သြ-ပြုရခြင်း အကျိုးရှိပါသည်။

ပရိဘာသာ - ယောဂဝိဘာဂတော ကွဋ္ဌပ္ပသိဒ္ဓိ။ (ပရိဘာသေန္ဒုသေခရ၊ ၁၂၂)။

၂၄၃၊ ၁၁၀။ ဘော ဂေ တု။ (၅၇)

မေး။ ဤသုတ်ပါ တု-သဒ္ဒါ၏ အကျိုးကို ရေးပြပါ။

ဖြေ။ တု-သဒ္ဒါဖြင့် ဘဝန္တ-သဒ္ဒါကို ဘန္တေ, ဘောန္တ-စသည် ပြုရခြင်း အကျိုးရှိပါသည်။

၁၁၁။ ဘဒန္တသ ဘဒ္ဒန္တ ဘန္တေ။ (၅၇)

မေး။ ကစ္စည်းကျမ်း၌ မလာသော ဤသုတ်၏ အဓိပ္ပာယ်ကို ရေးပြပါ။

ဖြေ။ ''အာလုပ်သိဝိဘတ်ကြောင့်လည်းကောင်း၊ ယောဝိဘတ်တို့ကြောင့်လည်းကောင်း အချို့သောပြယုဂ်တို့၌ အလုံးစုံသော ဘဒန္တ-သဒ္ဒါကို ဘဒ္ဒန္တ, ဘန္တေ-ပြု''ဟူ၍ ဖြစ်ပါသည်။

ကစ္စည်းကျမ်း၌ မလာသောသုတ်များ။။ သြဘာဝေါ ကွစိ ယောသု ဝကာရသ-သုတ်နှင့် ဘဒန္တသ ဘဒ္ဒန္တ ဘန္တေ-ဟူသောသုတ် ၂-သုတ်တို့သည် ကစ္စည်းကျမ်း၌ မပါ။ ''ရှေးပါဠိမဟုတ်''ဟု ဧကာသက ပယ်ထားသည်ကို ရူပသိဒ္ဓိဆရာက ပြန်ယူထားခြင်း ဖြစ်သည်-ဟု မှတ်ပါ။

မေး။ **ဘဒန္တ**-ဟုလည်းကောင်း၊ **ဘဒ္ဒန္တ**-ဟုလည်းကောင်း ဒွေးဘော်မဲ့, ဒွေးဘော်ရှိ နှစ်မျိုးနှစ်စား ရေးသားကြရာ မည်သည့်ပုဒ်က ပုဒ်ရင်းဖြစ်သည်ဟု စိစစ်ဖြေဆိုပါ။

ဖြေ။ ရူပသိဒ္ဓိဆရာအလို ဘဒန္တ-ပုဒ်ကို ဘဒ္ဒန္တ-ပြုရမည်ဖြစ်သောကြောင့် ဘဒန္တ-က ပုဒ်ရင်း ဖြစ်ပါသည်။ (ဘဒ္ဒန္တ ကွတိ ဒဿ ဒွိဘာဝေန-ဟု ဖွင့်သော မောဂ္ဂလ္လာန်အလိုလည်း ဘဒန္တ-ပုဒ်ရင်းပင်။)

''ဘဒန္တော ဝုစ္စတိ ဂုဏဝိသေသယုတ္တော ဇေဿ ဒကာရဿ လောပံ ကတ္ဝာ = ဂုဏ်အထူးနှင့်ယှဉ်သူကို ဒ-တစ်လုံးချေ၍ ဘဒန္တ-ဟု ဆိုအပ်၏''ဟူသော ကာဠဒါယိ**ထေရ** အဋ္ဌကထာအလိုကား ပုဒ်ရင်းမှာ 'ဘဒ္ဒန္တ' ဖြစ်ပါသည်။

၂၄၄၊ ၇၂။ အကာရဝိတာဒ္ဒန္တာနမာ။ (၄၆)

မေး။ ဤသုတ်၌ အကာရ-အရကို ဖော်ပြပါ။

http://www.dhammadownload.com

ဖြေ။ အကာရ-အရ ပုရိသ-စသောလိင်နှင့် စပ်နေသော အ-အက္ခရာကို ယူရပါမည်။

၂၄၅၊ ၁၅၂။ ဈလပါ ရဿံ။ (၇၀)

မေး။ အဃော ရဿ-သုတ်ဖြင့် ဂသိကြောင့် ဈ, လ-မည်သော ဤ, ဦ ဒီဃသရတို့ကို ရဿပြုလျှင် ''ဘော ဒဏ္ဍိ''စသောရုပ်များ ပြီးနိုင်ပါလျက် ဤဈလပါ ရဿံ-သုတ်ကို အဘယ်အကျိုးငှါ ထပ်မံဆိုရပြန်ပါသနည်း။

ဖြေ။ အဃော ရဿ-စသောသုတ်ဖြင့် ပြီးနိုင်ပါသော်လည်း ဂသိနှောင်းရာ၌ ဒီဃသရတို့ကို ရဿပြုလျှင် ဈ, လ, ပ အမည်ရသော ဤ, ဦ ဒီဃသရတို့ကိုသာ ရဿ ပြုရမည်။ ဈ, လ, ပ အမည်မရသော ဩ-ဒီဃသရကိုကား ရဿမပြုပါနှင့်-ဟု သတ်မှတ်ခြင်း အကျိုးငှါ ဤသုတ်ကို ထပ်မံ ဆိုရပြန်ခြင်း ဖြစ်ပါသည်။

မေး။ ''ဘော ဂေါ''ဟူသော ပြယုဂ်ဝယ် ဈလပါ ရဿံ-သုတ်ဖြင့် ဘော, ဂေါ-တို့၌ ဩ-သရကို ဥ-ရဿပြု၍ ''ဘော ဂု''၊ ''ဘု ဂု''ဟု ရုပ်ပြီးနိုင် / မပြီးနိုင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ဆုံးဖြတ်ချက်ခဲ့ပါ။

ဖြေ။ အဃော ရဿ-စသောသုတ်ဖြင့်ပင် ရဿပြုခြင်းကိစ္စ ပြီးနိုင်ပါလျက် ''ဂသိနှောင်းရာ၌ ဒီဃသရတို့ကို ရဿပြုလျှင် ဈ, လ, ပ အမည်ရသော ဤ, ဦ ဒီဃသရ တို့ကို သာ ရဿ ပြုရမည်။ ဈ, လ, ပ အမည်မရသော ဩ-ဒီဃသရကိုကား ရဿမပြုပါနှင့်''ဟု သတ်မှတ်ခြင်းအကျိုးငှါ ဈလပါ ရဿံ-သုတ်ကို တစ်ဖန်တည် ထားခြင်းဖြစ်သောကြောင့် ''ဘော ဂေါ''ဟူသော ပြယုဂ်ဝယ် ဘော, ဂေါ-၌ ဩ-သရကို ဥ-ရဿပြု၍ ''ဘော ဂု''ဟု လည်းကောင်း၊ ''ဘု ဂု''ဟုလည်းကောင်း ရုပ်မပြီးနိုင်ပါ။

မှတ်ချက်။ ။ ဆရာတို့က 'ဘော ဂေါ'၌ 'ဂေါ'သာ လိုရင်းဖြစ်၏-ဟု ဆိုကြသော်လည်း သီဟိုဠ်ဗျာချာ၌ကား **"ဘော ဂေါ-၌ ဌာနာသန္ဒဖြစ်သဖြင့် ဩ-အား ဖြစ်သော ရဿ ဥ-ပြု၍ 'ဘု'ဟု၊ 'ဂု'ဟု မဖြစ်ဟုမှတ်"**ဟု ဆိုပါသည်။ ''တေန ဘောတိအာဒီသု ဘောသဒ္ဒန္တဿ ဂေ ပရေ ရဿော နဟောတိ''ဟူသော နျာသဖြင့်လည်း ဆရာတို့ အဆိုကို စဉ်းစားကြပါလေ။

၂၄၆၊ ၇၃။ အာကာရော ဝါ။ (၄၆)

မေး။ အာကာရော-အရကို ဖော်ပြပါ။

ဖြေ။ အာကာရော-အရ ပုရိသ-စသောလိင်နှင့် စပ်နေသော အာ အက္ခရာကို ယူရပါမည်။

မေး။ အာကာရော ဝါ-သုတ်ဖြင့် ရဿပြုအစီအရင်သည် အဘယ်အရာ၌သာ ဖြစ်ပါ သနည်း။

ဖြေ။ အနီး၌ တည်နေသူကို ခေါ်ရာ၌သာဖြစ်ပါသည်။

မေး။ ဘော ပုရိသ-နှင့် ဘော ပုရိသာ-ဟူသော အာလုပ် ကေဝုစ်ရုပ် နှစ်ခုတို့၏ အထူးကို ရှုဆရာအလိုကျ ဖြေဆိုပါ။

ဖြေ။ ဘော ပုရိသ-သည် အနီး၌ တည်နေသူကို ခေါ်ရာ၌ အသုံးပြုရသောရုပ် ဖြစ်၍၊ ဘော ပုရိသာ-ကား အဝေး၌ တည်နေသူကို လှမ်းခေါ်ရာ၌ အသုံးပြုရသောရုပ် ဖြစ်၏။ ဤသို့

http://www.dhammadownload.com

ထူးပါသည်။

မှတ်ချက်။ ။ ရူပသိဒ္ဓိ, နိဒ္ဒေသ, ကစ္စာယနဝဏ္ဏနာတို့၌ ယင်းသို့ ဆိုကြသော်လည်း သဒ္ဒနီတိ၌ကား နီးသည်ဖြစ်စေ, ဝေးသည်ဖြစ်စေ ဒီဃ, ရဿဖြင့် လျော်သလို ခေါ်နိုင်သည်ဟု ဆိုပါသည်။ မောဂ္ဂလ္လာန်၌လည်း ''ကေစိ ဒီဃံ ဒုရာလပနေယေဝိစ္ဆန္တိ, သမီပါလပနေပိ ဒိဿနတော တံ နာ ဂဟေတဗ္ဗံ = အချို့ဆရာတို့က ဒီဃရုပ်ကို အဝေးကို လှမ်းခေါ်ရာ၌သာ အလိုရှိကြကုန်၏။ အနီးကို ခေါ်ရာ၌လည်း ထင်သောကြောင့် ထိုကေစိဆရာတို့ အဆိုကို မယူအပ်''ဟု ဆိုပါသည်။

စတုတ္ထကဏ္ဍ ပြီး၏။

□□□□□

ပဋ္ဌမကဏ္ဍ

၂၄၇၊ ၂၆၁။ တွာဒယော ဝိဘတ္တိသညာယော။ (၁၂၁)

မေး။ ဤနာမ်ပဋ္ဌမပိုင်းကို ရူပသိဒ္ဓိဆရာက ''ဝိဘတ္တိပစ္စယဝိဓာန''ဟု ဆိုရာ ယင်း၌ ''ဝိဘတ္တိပစ္စည်း''ဟူသည် အဘယ်နည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဝိဘတ်အနက်၌ စီရင်အပ်သောကြောင့်လည်းကောင်း၊ ဝိဘတ်အမည်ရှိသောကြောင့်လည်းကောင်း ဝိဘတ်ဖြစ်၍ဖြစ်သော ပစ္စည်းတို့ကို ''ဝိဘတ္တိပစ္စည်း''ဟု ဆိုပါသည်။

မေး။ ပုရိသတော, သဗ္ဗတော-စသော ဝိဘတ္တိပစ္စယန္တသဒ္ဒါတို့သည် အဘယ့်ကြောင့် လိင်သုံးပါး, ဝုစ်နှစ်ပါးတို့၌ ရှုပ်နေတူရပါသနည်း ဖြေဆိုပါ။

ဖြေ။ ထိုဝိဘတ္တိပစ္စယန္တသဒ္ဒါတို့သည် အလိင်ဖြစ်သောကြောင့်လည်းကောင်း၊ နိပါတ်ပုဒ်များဖြစ်သောကြောင့်လည်းကောင်း လိင်သုံးပါး, ဝုစ်နှစ်ပါးတို့၌ ရှုပ်နေတူရခြင်း ဖြစ်ပါသည်။

မေး။ ကစ္စည်း၌ ''တွာဒယော ဝိဘတ္တိသညာယော''ဟု သုတ်စဉ်ပါဠိရှိ၍ ရူပသိဒ္ဓိ၌ ''တွာဒယော ဝိဘတ္တိသညာ''ဟု ရှိနေရာ ရူပသိဒ္ဓိဋီကာအလို အဘယ်ပါဠိသာ အမှန်ဖြစ်သင့်သည်ဟု စိစစ်ဆုံးဖြတ်ပါ။

ဖြေ။ ရူပသိဒ္ဓိဋီကာ၌ ''**ဝိဘတ္တိသညာယော-ဟူသောပုဒ်ဝယ် ကွစာဒိ-သုတ်၌ ကွစိသဒ္ဒါကြောင့် သညာ-ဟူသောနောက်ပုဒ်၌ ရဿအပြု မဖြစ်ခြင်းသည် ဤ ဝိဘတ္တိသညာယော-ဟူသော နိပါတနကြောင့် ဖြစ်၏**''ဟု ဖွင့်ဆိုထားပါသည်။ ထိုအဖွင့်အရ ''ဝိဘတ္တိသညာ + ယော''ဟု ဖြစ်နေသောအခါ အယော ရဿ-သုတ်ဖြင့် အာ-ကို အ-ရဿပြုသင့်ငြားသော်လည်း ကွစိသဒ္ဒါမြစ်သောကြောင့် မပြုရပါ။ ထို့ကြောင့် ရူပသိဒ္ဓိဋီကာအလို ''တွာဒယော ဝိဘတ္တိသညာယော''ဟူသော (က)အမှတ်ပြပါဠိသာ **အမှန်** ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ တွာဒယော–ပုဒ်ကို ဝိဂြိုဟ်ဆိုရှ် အရကောက်ပြခဲ့ပါ။

ဖြေ။ တော အာဒိ ယေသံ ပစ္စယာနန္တိ တွာဒယော။
တော–အစ ဒါနိ–အဆုံးရှိသော ပစ္စည်းတို့ကို ရပါသည်။

မေး။ တွာဒယော ဝိဘတ္တိသညာယော–သုတ်ဖြင့် တော–စသောပစ္စည်းတို့ကို ဝိဘတ် အမည် မှည့်ရခြင်းသည် အဘယ်အကျိုးရှိပါသနည်း ဖြေဆိုပါ။

ဖြေ။ တွာဒယော ဝိဘတ္တိသညာယော–သုတ်ဖြင့် တော–စသောပစ္စည်းတို့ကို ဝိဘတ် အမည် မှည့်ရခြင်းကြောင့် ထို တော–စသောပစ္စည်းအဆုံးရှိသောသဒ္ဒါတို့ ဝိဘတ် အဆုံးရှိသော ပုဒ်အဖြစ် (='ပုဒ်'ဟူသောအမည်) ပြီးစီးခြင်း အကျိုးရှိပါသည်။ (တော–စသောပစ္စည်း အဆုံးရှိသောသဒ္ဒါတို့ကို 'ပုဒ်'ဟု ခေါ်ဝေါ်ရခြင်းအကျိုးရှိ၏–ဟူလို)။

ပရိဘာသာ – ဝိဘတ္တန္တံ ပဒံ။

၂၄၈၊ ၂၆၀။ ကွစိ တော ပဋ္ဌမျတ္ထေ။ (၁၂၁)

မေး။ ကွစိ တော ပဋ္ဌမျတ္ထေ–သုတ်ဖြင့် တောပစ္စည်းသက်ရာ လိင်ကို ဖော်ပြပါ။

ဖြေ။ သုဒ္ဓနာမ်, သဗ္ဗနာမ်လိင်တို့ ဖြစ်ပါသည်။
– ပုရိသတော၊ ရာဇတော–စသည်။ (သုဒ္ဓနာမ်လိင်နောင် သက်ပုံ)
– သဗ္ဗတော၊ ယတော–စသည်။ (သဗ္ဗနာမ်လိင်နောင် သက်ပုံ)

မေး။ ဤသုတ်၌ "ကွစိ တော"ဟု ယောဂဝိဘာဂကြဲလျှင်, ရရှိနိုင်သောအကျိုးကို ဖော်ပြပါ။

ဖြေ။ ယင်းသို့ကြဲလျှင် ထိုယောဂဝိဘာဂဖြင့် သတ္တမီအနက်၌ အာဒိ–အစရှိသောသဒ္ဒါ တို့နောင် လည်းကောင်း၊ တတိယာအနက်၌ အနိစ္စ–အစရှိသောသဒ္ဒါတို့နောင် လည်းကောင်း တောပစ္စည်းသက်ရခြင်း အကျိုးရှိပါသည်။

မေး။ တောပစ္စည်းသက်ရာ အနက်များကို ရူပသိဒ္ဓိဆရာ**အလိုက**ျ သက်ဆိုင်ရာ ပြယုဂ်များ နှင့်တကွ ဖော်ပြပါ။

ဖြေ။ ပဋ္ဌမီအနက် – ပုရိသတော၊ သဗ္ဗတော။
သတ္တမီအနက် – အာဒိတော၊ မဇ္ဈတော။
တတိယာအနက် – အနိစ္စတော၊ ဒုက္ခတော။

သိမှတ်ဖွယ်။ ။ ပဋ္ဌမီအနက်၌ သုတ်ရင်းဖြင့် ၊ သတ္တမီ, တတိယာအနက်တို့၌ 'ကွစိ တော'ယောဂဝိဘာဂဖြင့် သက်ဟု ခွဲခြားမှတ်သားပါ။ **သာရသ္မတအဖွင့် စန္ဒကိတ္တိဋီကာ**၌ "ဧကေ အာစရိယာ အာဟု – တောပစ္စယော သဗ္ဗဝိဘတ္တိသု ဘဝတိ = တောပစ္စည်း အလုံးစုံသော ဝိဘတ်(ဝိဘတ်နက်)တို့၌ သက်နိုင်၏"ဟုဆိုသည်။ ပါဠိသဒ္ဒါကျမ်းတို့၌လည်း အောက်ပါအတိုင်း ဆိုကြပါသည်။

လိင်္ဂတ္ထေ ကတ္တုကမ္မေသု၊ ဟေတွတ္ထေ'ဝမိသာမိသု။
ဝိသေသနေ စ ဘုမ္မတ္ထေ၊ နိဒ္ဒါရဏေ စ **တော** ဘဝေ။

မေး။ ကတ္တိတော, ဘိက္ခုနိတော–တို့ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ ကတ္တိတော–ကို ကတ္တိ–တည်၊ ကွစိတော ပဋ္ဌမျတ္ထေ–သုတ်ဖြင့် တော ပစ္စည်းသက်၊

http://www.dhammadownload.com

တွာဒယော ဝိဘတ္တိသညာယော-သုတ်ဖြင့် တောပစ္စည်းကို ဝိဘတ်အမည်မှည့်၊ ကွစာဒိ မဏ္ဍုတ္တရာနံ-သုတ်ဖြင့် တော ပစ္စည်းကြောင့် ဤ-ကို ဣရသပြု၊ ပြီး၏။
ဘိက္ခုနိတော-ကို ဘိက္ခုနီ-တည်၊ နည်းတူတွက်။
မှတ်ချက်။ ။ သဗ္ဗတော-၌ ဣတ္ထိလိင်ဖြစ်လျှင် အာ-ကို အ-ရသပြုပါ။

၂၅၇၊ ၂၇၆။ ကိံသဗ္ဗညေကယကုဟိ ဒါ ဒါစနံ။ (၁၂၅)

မေး။ ကိံသဗ္ဗညေကယကုဟိ ဒါ ဒါစနံ-သုတ်၌ ဝိသယနှင့် ဝိသယီတို့ကို တွဲစပ်ဖော်ပြပါ။
ဖြေ။ ကိံ, သဗ္ဗ, အည, ကေ, ယ သဗ္ဗနာမ်ပုဒ်တို့နောင် ဒါ ပစ္စည်း။
ကု-ပြုလတ္တံ့သော ကိံ သဒ္ဒါနောင် ဒါစနံ ပစ္စည်း။

မေး။ ကိံသဒ္ဒါ ပါပြီးဖြစ်ပါလျက် ကိံ-မှဖြစ်သော ကုသဒ္ဒါကို အဘယ်အကျိုးငှါ တစ်ဖန် ထပ်၍ ဆိုရပြန်ပါသနည်း ဖြေဆိုပါ။
ဖြေ။ ကု-သဒ္ဒါ၏ နိပါတ်ပုဒ်အဖြစ်ကိုလည်းကောင်း၊ ကု-ပြုရမည့် ကိံ-သဒ္ဒါနောက်၌သာ ဒါစနံပစ္စည်းသက်သည်၏အဖြစ်ကိုလည်းကောင်း ပြခြင်းအကျိုးငှါ ကုသဒ္ဒါကို တစ်ဖန်ထပ်၍ ဆိုရခြင်း ဖြစ်ပါသည်။ (ရူဒ်၊ ၎၄။)

မေး။ ကုဒါစနံ-ပြုယုဂ်၌ ကိံ သဒ္ဒါကို အဘယ်သုတ်ဖြင့် ကု-ပြုရပါမည်နည်း။
ဖြေ။ ကုဟိဟံသု စ-သုတ်၌ စသဒ္ဒါဖြင့် ဖြစ်စေ၊ ဤသုတ်၌ 'ကု'ဟူသော နိပါတနကြောင့် တေသု ဝုဒ္ဓိသုတ်ကြီးဖြင့်ဖြစ်စေ ပြုရပါမည်။

၂၅၈၊ ၂၇၈။ တမှာ ဒါနိ စ။ (၁၂၅)

မေး။ ဤသုတ်၌ စသဒ္ဒါ၏အနက်ကို ဖော်ပြပါ။
ဖြေ။ စသဒ္ဒါသည် ကိံသဗ္ဗညေကယကုဟိ ဒါ ဒါစနံ-သုတ်မှ ဒါပစ္စည်းကို ငင်ခြင်း အနုကဗုန အနက်ရှိပါသည်။ (ရူဒ်၊ ၎၄။)

၂၅၉၊ ၂၇၉။ ဣမသ္မာ ရဟိဓုနာဒါနိ စ။ (၁၂၅)

မေး။ ဤသုတ်ပါ စသဒ္ဒါ၏အနက်ကို ဖော်ပြပါ။
ဖြေ။ စသဒ္ဒါသည် တမှာ ဒါနိ စ-သုတ်မှ ဒါနိ ပစ္စည်းကို ပေါင်းခြင်း သမ္ပိဏ္ဏနအနက် ရှိပါသည်။ (၄င်း)

မေး။ ရူပသိဒ္ဓိကာအလို ဤသုတ်သည် သုတ်စဉ်ပါဠိ အဘယ်သို့ ရှိရပါမည်နည်း။
ဖြေ။ ''ရဟိ စ ဓုနာ စ ရဟိဓုနာ။ စသဒ္ဒေါ ဒါနိပစ္စယသမ္ပိဏ္ဏနတ္ထော''ဟု ဖွင့်သောကြောင့် ၄င်းအလို ''ဣမသ္မာ ရဟိဓုနာ စ''ဟု သုတ်စဉ်ပါဠိ ရှိရပါမည်။
စိစစ်ချက်။ ။ ကိံသဗ္ဗညေကယကုဟိ ဒါ ဒါစနံ-စသော သုတ်စဉ်ပါဠိကို ရွတ်ဆို ကြည့်လျှင် ကိံသဗ္ဗညေကယကုဟိ ဒါ ဒါစနံ-သုတ်မှ ဒါ-သည် တမှာ ဒါနိ စ-သုတ်သို့ လိုက်လာသကဲ့သို့ (အနုကဗုန-ဟု ဆိုသည်မှာ အလိုက်လွန်မည်စိုးသောကြောင့်

http://www.dhammadownload.com

ဖြစ်သည်) ထို့အတူ တမှာ ဒါနိ စ–သုတ်မှ ဒါနိ–လည်း ကွမသွာ ရဟိဝုနှာ (ဒါနိ) စ–သုတ်သို့ လိုက်လာနိုင်ကြောင်း သိသာပါသည်။ ထို့ကြောင့် ရူပသိဒ္ဓိဋီကာအဆိုအတိုင်းသာ သုတ်စဉ်ပါဠို ရှိစေသင့်ပါသည်။

၂၆၁၊ ၃၆၉။ အဝဏ္ဏော ယေ လောပဋ္ဌ။ (၂၂၀)

မေး။ ဤသုတ်ပါ စသဒ္ဒါ၏ အနက်နှင့် အကျိုးတို့ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါ ကွဝဏ်ကို ဆည်းခြင်း သမုစ္စည်းအနက်ရှိပါသည်။
ထို့ကြောင့် 'အဒိတိယာ ပုတ္တော အာဒိစ္စော၊ ဒိတိယာ ပုတ္တော ဒေစ္စော–စသောပြယုဂ်တို့၌ ဤသုတ်ပါ စသဒ္ဒါဖြင့် ကွဝဏ်ကိုလည်း ချေရခြင်း အကျိုးရှိပါသည်။

၂၆၂၊ ၃၉၁။ ဝုဗုဿ ဧော ဣယိဋ္ဌေသု။ (၂၄၁)
၂၆၃၊ ၃၉၂။ ပသ ဍွဿ သော စ။ (၂၄၁)

မေး။ ဧဇယျော, ဧဇဋ္ဌော–ပုဒ်တို့၏ ရုပ်ပြီးပုံများနှင့် အနက်များကို ရေးသားဖြေဆိုပါ။

ဖြေ။ ဝုဗု + ဣယ။ ဝုဗု + ဣဋ္ဌ။

ဝုဗုဿ ဧော ဣယိဋ္ဌေသု–သုတ်ဖြင့် နောက် ဣယပစ္စည်း, ဣဋ္ဌပစ္စည်းကြောင့် ဝုဗု–သဒ္ဒါကို ဇ–ပြု (ဇ + ဣယ၊ ဇ + ဣဋ္ဌ)၊ သရာ သရေ လောပ်–သုတ်ဖြင့် ရှေ့ အ–သရကိုချေ။ ကွစာသဝဏ္ဏ လုတ္တေ–သုတ်ဖြင့် နောက် ဣသရကို ဧ–အသဝဏ်ပြု၊ ယ–ကို ဒွေဘော်ပြု၍ ''ဧဇယျော, ဧဇဋ္ဌော''ဟု ရုပ်ပြီးပါသည်။

(တစ်နည်း) ပသဍ္ဌ + ဣယ။ ပသဍ္ဌ + ဣဋ္ဌ။

ပသဍ္ဌသ သော စ သုတ်ဖြင့် နောက် ဣယပစ္စည်း, ဣဋ္ဌပစ္စည်းကြောင့် ပသဍ္ဌ–သဒ္ဒါကို ဇ–ပြု (ဇ + ဣယ၊ ဇ + ဣဋ္ဌ)၊ ရှေးနည်းတူ စီရင်၍ ''ဧဇယျော, ဧဇဋ္ဌော''ဟု ရုပ်ပြီးပါသည်။ ထို့ကြောင့် –

ဧဇယျော, ဧဇဋ္ဌော၊ ကြီးသောသူတို့ထက် အထူးသဖြင့် ကြီးသောသူ။
ဝါ ၊ ချီးမွမ်းအပ်သောသူတို့ထက် အထူးသဖြင့် ချီးမွမ်းအပ်သောသူ–ဟု အနက် ၂–မျိုး မှတ်ရပါမည်။

၂၆၆၊ ၃၉၅။ အပ္ပဿ ကဏ်။ (၂၄၁)
၂၆၇၊ ၃၉၆။ ယုဝါနဋ္ဌ။ (၂၄၂)

မေး။ ဤယုဝါနဋ္ဌသုတ်ဖြင့် ကန်–ပြုရမည်လော? ကဏ်–ပြုရမည်လော? စိစစ်ဆုံးဖြတ်ပါ။

ဖြေ။ ယုဝါနဋ္ဌ–သုတ်၌ စသဒ္ဒါက အပ္ပဿ ကဏ်–သုတ်မှ ကဏ်–ကို ငင်သောကြောင့် လည်းကောင်း၊ ရူပသိဒ္ဓိ၌ ''တေသု ဝုဒ္ဓိတိအာဒိနာ ဏကာရဿ နကာရော''ဟု ဖွင့်သောကြောင့်လည်းကောင်း ၄င်းအလို ဤသုတ်ဖြင့် ကဏ်–ပြုရပါမည်။ (ကဏ်–ပြုပြီးမှ တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် ဏ်–ကို န်–ပြုရပါမည်။)

မှတ်ချက်။ ။ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်မှ ၁၃၃၅ (၁၉၇၄)ခုနှစ်ရိုက် ကစ္စည်းသဒ္ဒါကြီးစာအုပ်တို့၌ ''ကန်အာဒေသော''ဟု ရှိခဲ့သော်လည်း ယခုနောက်ရိုက်**စာအုပ်တို့၌**

http://www.dhammadownload.com

ကား ''ကဏ်အာဒေသော''ဟု ပြင်ထားပြီးဖြစ်ပါသည်။

မေး။ ကဏိယော, ကဏိဋ္ဌော-နှင့် ကနိယော, ကနိဋ္ဌော-တို့၏ ထူးခြားချက်ကို ရေးပြပါ။

ဖြေ။ ကဏိယော, ကဏိဋ္ဌော-တို့သည် အပ္ပဿ ကဏ် သုတ်ဖြင့် အပ္ပ-သဒ္ဒါကို ကဏ်-ပြု၍ပြီးသော ပုဒ်များဖြစ်၍ ''နည်းသောအရာဝတ္ထုတို့ထက် အထူးသဖြင့် နည်းသောအရာဝတ္ထု=အလွန်နည်းသော အရာဝတ္ထု''ဟူသော အနက်ကို ဟော၏။

ကနိယော, ကနိဋ္ဌော-တို့ကား ယုဝါနဉ္စ သုတ်ဖြင့် ယုဝ-သဒ္ဒါကို ကဏ်-ပြု၊ ဏ-ကို နှ-ပြု၍ပြီးသော ပုဒ်များဖြစ်၍ ''နုပျိုသောသူတို့ထက် အထူးသဖြင့် နုပျိုသောသူ=အလွန်နုပျိုသောသူ''ဟူသော အနက်ကို ဟော၏။ ဤသို့ ထူးခြားပါသည်။

မှတ်ချက်။ ။ ဤ ဝုဗုဿ ဇော ဣယိဋ္ဌေသု-စသောသုတ်တို့သည် ကစ္စည်း၌ နာမ်ကျမ်းလာသုတ်များ ဖြစ်သော်လည်း ရူပသိဒ္ဓိကျမ်း၌ကား ၄င်းသုတ်တို့ကို ဝိသေသ တဒ္ဓိတ်အရာတွင် ပြဆိုထားပါသည်။

၂၆၉၊ ၄၁။ ယဝတံ တလနဒကာရာနံ ဗျဉ္စနာနိ စလဉ္ဇကာရတ္တံ။ (၂၉)

မေး။ ဤသုတ်၌ ဗျဉ္စနာနိ-အရကို ဖော်ပြပါ။

ဖြေ။ တျ, လျ, နျ, ဒျ-စသော သံယုဂ်ဗျည်းတို့ကို ယူရပါမည်။

မေး။ ယဝတံ တလနဒါနံ ဗျဉ္စနာနိ စလဉ္ဇတ္တံ-ဟု သုတ်တည်လျှင် ပြီးပါလျက် ထည့်ဆိုသော ကာရ-သဒ္ဒါပို၏ အကျိုးကို ရေးပြပါ။

ဖြေ။ ထိုကာရသဒ္ဒါပိုဖြင့် ယ-အက္ခရာရှိကုန်သော သ-အက္ခရာ, က-စ-ဋ-ပဝဂ် အက္ခရာတို့ကို အစဉ်အတိုင်း သ-အက္ခရာ, က-စ-ဋ-ပဝဂ် အက္ခရာတို့ ပြုရခြင်း။ ယ-အက္ခရာရှိကုန်သော ထ-ဓ-ဏ အက္ခရာတို့ကို အစဉ်အတိုင်း ဆ-ဈ-ဉ ပြုရခြင်း အကျိုးရှိပါသည်။

ကာရသဒ္ဒါပိုပုံ။ ။ ''ယဝတံ တလနဒါနံ ဗျဉ္စနာနိ စလဉ္ဇတ္တံ''ဟု သုတ်တည်လျှင် ပြီးပါလျက် ''ယဝတံ တလနဒကာရာနံ ဗျဉ္စနာနိ စလဉ္ဇကာရတ္တံ''ဟု ကာရ သဒ္ဒါကို ထည့်တည်ခြင်းကြောင့် ထို ကာရသဒ္ဒါ အပို ဖြစ်ရပါသည်။

မှတ်ချက်။ ။ ကစ္စည်း၌ ယဝတံ တလဏဒကာရာနံ-ဟု ဏ-ကြီးနှင့် ရှိ၏။ သူ့ပြယုဂ်နှင့်သူ ကိုက်ညီသည်ပင်။

မေး။ ကာရသဒ္ဒါပို၏ အကျိုးကို ဆိုလိုရင်း ပေါ်လွင်ထင်ရှားအောင် ရေးပြပါ။

သျ-ကို သ-ပြု၊ ကျ-စသည်ကို က-စသည်ပြု၊ ဈ (စ်ယ)-စသည်ကို စ-စသည်ပြု၊ ဋ္ဌ-စသည်ကို ဋ-စသည်ပြု၊ ထျ-ကို ဆ-ပြု၊ ဓျ-ကို ဈ-ပြု၊ ဏျ-ကို ဉ-ပြု ဟု ဆိုလိုရင်း ဖြစ်ပါသည်။

၂၇၀၊ ၁၂၀။ အမှတုမှန္တုရာဇြဟ္ဓတ္ထသခသတ္ထုပိတာဒီဟိ သ္ဓာ နာဝ။ (၅၉)

မေး။ အမှတုမှန္တု ။ပ။ ပိတာဒီဟိ-၌ အာဒိသဒ္ဒါဖြင့် ယူရမည့်အရာများကို ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါဖြင့် တုပစ္စည်းအဆုံးရှိသော မာတု, ဘာတု, ကတ္တု-စသော သဒ္ဒါတို့ကို

http://www.dhammadownload.com

ယူရပါမည်။ (ဋီကာ၊ ၄၄။)

မေး။ အတိဒေသသုတ် ၆-မျိုးကို သက်ဆိုင်ရာ ဥဒါဟရဏ်များနှင့်တကွ ဖော်ပြပါ။

ဖြေ။ ၁။ ဗျပဒေသာတိဒေသသုတ် – တဒ္ဓိတသမာသကိတကာ နာမဓါတဝေ တုနာဒီသုစ။
၂။ နိမိတ္တာတိဒေသသုတ် – တထာ ကတ္တရိ စ။
၃။ တံရူပါတိဒေသသုတ် – အမှတုမှ ။ပ။ သွာ နာဝ။
၄။ တံသဘာဝါတိဒေသသုတ် – ကွတ္ထိယံ ဘာသိတပုမတ္ထိ ပုမာဝ စေ။
၅။ သုတ္တာတိဒေသသုတ် – အနုပဒိဋ္ဌာနံ ဝုတ္တယောဂတော။
၆။ ကာရိယာတိဒေသသုတ် – သေသေသု နှုဝ။ဂ

အတိဒေသ-ဟူသည်။ ။ ''အတိဒိဿတိတိ အတိဒေသော''ဟူသော ဝစနတ္ထ နှင့်အညီ 'နှ် ကို နှု ကဲ့သို့မှတ်၊ သွာ ကို နာ ကဲ့သို့မှတ်'စသည်ဖြင့် ညွှန်ပြတတ်သော ကြောင့် ''အတိဒေသ''မည်၏။

ရူပသိဒ္ဓိဂဏ္ဌိ၌ ဤသုတ်ကို ဗျပဒေသာတိဒေသသုတ်-ဟုလည်းကောင်း၊ တံရူပါတိ ဒေသသုတ်-ဟုလည်းကောင်း ဆိုပါသည်။

အတိဒေသသုတ် ၆-မျိုးတို့၏ အဓိပ္ပာယ်ကို ''ကစ္စည်း ပြယုဂ်သရုပ်ခွဲ''ကျမ်း၌ ပြဆိုထားပြီ။

မေး။ အမှတုမှန္တ-စသောသုတ်၏ တံရူပါတိဒေသသုတ် ဖြစ်ရပုံကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ပြဟ္မုနာ, အတ္တနာ, သခိနာ-စသောပုဒ်တို့၏ အစွမ်းသတ္တိကြောင့် ဤ အမှတုမှန္တ-စသောသုတ်သည် သွာ-ဟူသောရုပ်ကို နာ-ဟူသောရုပ်သွင်တစ်မျိုး ပြောင်းသွားအောင် (သွာ-ရုပ်ကို နာ-ရုပ် ဖြစ်သွားအောင်) ညွှန်ပြသော တံရူပါတိဒေသသုတ် ဖြစ်ရပါသည်။ (စာကိုယ်)

သိမှတ်ဖွယ်။ ။ ပြဟ္မုနာ, အတ္တနာ, သခိနာ-စသည်ဖြင့် ပဥ္စမျန္တ၏အစွမ်းဖြင့် ပြီးစေ အပ်သော ပြဟ္မ, အတ္တ, သခ-စသည်တို့၌ အမည်ကိုငဲ့ညွှန်းခြင်း၏ အကျိုး မရှိသော ကြောင့်လည်းကောင်း၊ ပြဟ္မ, အတ္တ-စသော သဒ္ဒါတို့မှ နောက်ဖြစ်သော သွာဝိဘာတ်ကို ''သွာ နကဝ''ဟု သုတ်၌ ရွတ်အပ်သောကြောင့်လည်းကောင်း ဤသုတ်ဖြင့် သွာ-ဟူသောရုပ်ကို နာ-ဟု ရုပ်သွင်တစ်မျိုး ပြောင်းသွားအောင် ပြုပါသည်။ (ဋီ၊ ၄၄။)

ပဥ္စမကဏ္ဍ ပြီး၏။

□□□□□

http://www.dhammadownload.com

မှတ်သားဖွယ် ရုပ်ထူးများ

ပုရိသာဒိဂိုဏ်းမှ ထူးသော မနောဂိုဏ်းရုပ်များ

မနသာ (နာဝိဘတ်)။
မနသော (သဝိဘတ်)။
မနသိ (သ္မိဝိဘတ်)။

မှတ်ချက်။ ။ ဆဋ္ဌမူ ရူပသိဒ္ဓိ၌ ''မနောဂဏာဒိဿ တု နာသသ္မာသ္မိသု ဝိသေသော''ဟု ရှိနေသည်။ ရှေးမူတို့၌ သ္မာ–မပါ၊ သီဟိုဠ်မူ၌ ပါသောကြောင့်လည်းကောင်း၊ မောဂ္ဂလ္လာန်ကို ကြည့်ရှုလည်းကောင်း နောက်မှ ထည့်ထားကြခြင်း ဖြစ်သည်။ ရုပ်များစဉ်ပြုရာ၌ သ္မာဝိဘတ်ဖြင့် 'မနသာ'ဟူသောရုပ် မပါသောကြောင့် သ္မာ–မပါသော ရှေးမူသာကောင်းသည်ဟု မှတ်ပါ။

ဂုဏဝန္တု သဒ္ဒါမှ ထူးသော ဟိမဝန္တု သဒ္ဒါ၏ရုပ်

ဟိမဝန္တော – တစ်ရုပ်သာ ဖြစ်ပါသည်။ သိမှိ ဝါ–သုတ်ကို ထောက်။

ဂုဏဝန္တု သဒ္ဒါမှ ထူးသော သတိမန္တု၊ ဗန္ဓုမန္တု သဒ္ဒါနှစ်ခုတို့၏ ရုပ်များ

သတိမံ၊ ဗန္ဓုမံ (အံဝိဘတ်)။
သတိမသ္မာ၊ ဗန္ဓုမသ္မာ (သဝိဘတ်)တို့ ဖြစ်ပါသည်။
သဗ္ဗဿ ဝါ အံသေသု–သုတ်ကို ထောက်ပါ။

ဂစ္ဆန္တု သဒ္ဒါမှ ထူးသော ဘဝန္တု သဒ္ဒါ၏ ရုပ်များ

ဘော ဘန္တေ ဘောန္တွာ ဘောန္တွာ	(ဂ–သိ)
ဘောန္တော	(ပ–ယော)
ဘောန္တေ	(ဒု–ယော)
ဘောတာ	(နာ)
ဘောတော	(သ)

ဘော ဂေ တု၊ သြဘာဝေါ ကွစိ ယောသု ဝကာရဿ၊ 'သြဘာဝေါ ကွစိ'ဟူသော ယောဂဝိဘာဂတို့ကို ထောက်ပါ။

ပုရိသ သဒ္ဒါမှ ထူးသော ဘဒန္တ သဒ္ဒါ၏ ရုပ်များ

ဘဒ္ဒန္တ ဘန္တေ (ဂ–သိ)
ဘဒ္ဒန္တာ ဘန္တေ (ဂ–ယော)
ဘဒန္တဿ ဘဒ္ဒန္တ ဘန္တေ–သုတ်ကို ထောက်ပါ။

http://www.dhammadownload.com

ဂစ္ဆန္တ သဒ္ဒါမှ ထူးသော သန္တ သဒ္ဒါ၏ ရုပ်

'သဗ္ဘိ' တစ်ရုပ်သာ ဖြစ်ပါသည်။

သန္တသဒ္ဒသ သော ဘေ ဗော စန္တေ-သုတ်ကို ထောက်ပါ။

ရာဇ သဒ္ဒါမှ ထူးသော ဗြဟ္မ သဒ္ဒါ၏ ရုပ်များ

ဘော ဗြဟ္မေ (ဂသိ)
ဗြဟ္မုနာ (နာ)
ဗြဟ္မုနော (သ)
ဗြဟ္မနိ (သ္မိ)

ဗြဟ္မတော ဂသ စ၊ ဥတ္တံ သနာသု၊ စျလတော သသ နော ဝါ၊ ဗြဟ္မတော တု သ္မိ နိ-သုတ်တို့ကို ထောက်ပါ။

ရာဇ သဒ္ဒါမှ ထူးသော အတ္တ သဒ္ဒါ၏ ရုပ်များ

အတ္တနာ (နာ)
အတ္တနေဟိ အတ္တနေဘိ (ဟိ)
အတ္တနော (သ)
အတ္တနာ (သ္မာ)
အတ္တနိ (သ္မိ)

အ ကမ္မန္တသ စ-သုတ် စသဒ္ဒါ၊ အတ္တန္တော ဟိသ္မိ မနတ္တံ၊ သသ နော၊ သ္မာ နာ၊ တတော သ္မိ နိ-သုတ်တို့ကို ထောက်ပါ။

ဒဏ္ဍီ သဒ္ဒါမှ ထူးသော ဂါမဏီ, သေနာနီ, သုဓီ သဒ္ဒါတို့၏ ရုပ်များ

သတ္တမီဝိဘတ်၌ သ္မိ နိ-သုတ်ဖြင့် သ္မိ ဝိဘတ်၏ နိ-အပြု မဖြစ်ခြင်းသာ ဖြစ်ပါသည်။ ဂါမဏိနိ, သေနာနိနိ, သုဓိနိ-ဟု ရုပ်များ မရှိ-ဟူလို။

ဘိက္ခု သဒ္ဒါမှ ထူးသော ဟေတု, ဇန္တု သဒ္ဒါတို့၏ ရုပ်များ

ဟေတုယော (ပ, ဒု-ယော)
ဇန္တုနော ဇန္တုယော (ပ, ဒု-ယော)

လတော ဝေါကာရော စ-သုတ်၌ ကာရသဒ္ဒါပိုဖြင့် ယော-ကို နော-ပြု။

အဋ္ဌိ သဒ္ဒါမှ ထူးသော အာယု သဒ္ဒါ၏ ရုပ်ထူး

အာယုသာ (နာ) တစ်ရုပ်သာ ဖြစ်ပါသည်။

အမှာ။ ။ ပဒမာလာအပြည့်အစုံကို သီးခြား ကျမ်းစာအုပ်ငယ်တစ်အုပ် စီစဉ်ထားပါသည်။

၂-နာမကပ္ပ (နာမကဏ္ဍ) ပြီး၏။

http://www.dhammadownload.com

၃–ကာရကကပ္ပ (ကာရကကဏ္ဍ)

မေး။ ကာရကကဏ္ဍသည် မည်သည့်အရာများကို ပြသောကဏ္ဍဖြစ်ပါသနည်း။

ဖြေ။ သိစသော ဝိဘတ်တို့၏ လိင်အနက်, ကံအနက်စသော အနက်အပြားတို့ကို ပြဆိုသော ကဏ္ဍဖြစ်ပါသည်။

မေး။ နာမကဏ္ဍ၏ အခြားမဲ့၌အဘယ်ကြောင့် ကာရကကဏ္ဍကို ပြဆိုရပါသနည်း။

ဖြေ။ သလိင်္ဂနာမ်, အလိင်္ဂနာမ်တို့၌ ဝိဘတ်သက်ပုံကို ပြပြီး၍၊ ယခုအခါ၌ ထိုဝိဘတ်တို့၏ အနက်တို့ကို ခွဲခြမ်းဝေဖန်၍ ပြခြင်းအကျိုးငှာ နာမကဏ္ဍ၏အခြားမဲ့၌ ကာရကကဏ္ဍကို ပြဆိုရခြင်း ဖြစ်ပါသည်။

မေး။ ဝိဘတ္တိ–ပုဒ်ကို ဝစနတ္ထပြု၍ အဓိပ္ပါယ်ရေးပြပါ။

ဖြေ။ ''ကေမွိ အတ္ထံ ကမ္မာဒိဝသေန ကေတ္တာဒိဝသေန စ ဝိဘဇန္တီတိ ဝိဘတ္တိယော'' တစ်ခုတည်းသောအနက်ကိုလည်း ကံစသည်တို့၏ အစွမ်းဖြင့်လည်းကောင်း၊ ကေဝုစ်စသည်တို့၏ အစွမ်းဖြင့်လည်းကောင်း ဝေဖန်တတ်သောကြောင့် ''ဝိဘတ်''တို့ မည်ကြပါသည်။

မှတ်ချက်။ ။ ကေမွိ–၌ ဝိ–ဖြင့် ဗဟုမွိ–ကို ဆည်းပါ။ ဝိဘတ္တိ–ပုဒ်၏ ဝစနတ္ထကို တတော စ ဝိဘတ္တိယော–သုတ်၌ ပြဆိုခဲ့ပြီးဖြစ်သော်လည်း ဤ၌ အနည်းငယ်အထူးကို ပြလို၍ ထပ်ဆိုခြင်းဖြစ်သောကြောင့် ပုနရုတ္တိဒေါသ မသင့်–ဟု သီဟိဠ္ဍုဗျာချာ၌ ဆိုသည်။

မေး။ ဝိဘတ်က တစ်ခုတည်းသော အနက်ကို (က) ကံစသည်တို့၏အစွမ်းဖြင့် ခွဲခြမ်းဝေဖန်ပုံ (ခ) ကေဝုစ်, ဗဟုဝုစ်သဒ္ဒါတို့၏အစွမ်းဖြင့် ခွဲခြမ်းဝေဖန်ပုံတို့ကို ရှင်းပြပါ။

ဖြေ။ (က) ပုရိသ–ဟူသောလိင်၌ ဝိဘတ်မသက်ရသေးခင် ''ယောက်ျား''ဟူသော အနက် တစ်ခုသာရှိ၏။ အံ–ဝိဘတ်သက်၍ ''ပုရိသံ''ဟုဖြစ်သောအခါ ယောက်ျား–ဟူသော အနက်နှင့် ကမ္မကာရကအနက်တွဖက်၍ ''ယောက်ျားကို''ဟု အနက်တစ်မျိုးဖြစ်လာ၏။ နာ–ဝိဘတ်သက်၍ ''ပုရိသေန''ဟုဖြစ်သောအခါ ယောက်ျား–ဟူသောအနက်နှင့် ကရဏကာရကအနက် တွဲဖက်၍ ''ယောက်ျားဖြင့်''ဟု အနက်တစ်မျိုးဖြစ်လာ၏။ ဤသို့ စသည်ဖြင့် ဝိဘတ်က တစ်ခုတည်းသောအနက်ကို ကံ စသည်တို့၏ အစွမ်းဖြင့် ခွဲခြမ်းဝေဘန်ပါသည်။

(ခ) ပုရိသ–လိင်နောင် အံဝိဘတ်သက်၍ ''ပုရိသံ''ဟုဖြစ်သောအခါ ''ယောက်ျားကို'' ဟု ကေဝုစ်အနက်ဖြစ်၍၊ ယောဝိဘတ်သက်၍ ''ပုရိသာ''ဟု ဖြစ်သောအခါ ''ယောက်ျား တို့ကို''ဟု ဗဟုဝုစ်အနက်ဖြစ်၏။ ဤသို့စသည်ဖြင့် တစ်ခုတည်းသောအနက်ကို ကေဝုစ်, ဗဟုဝုစ်သဒ္ဒါ၏ အစွမ်းဖြင့် ခွဲခြမ်းဝေဘန်ပါသည်။

မေး။ ဝိဘတ်ပြား, ဝုစ်ပြားခြင်းကြောင့် ရထိုက်သိထိုက်သော သဒ္ဒတ္ထ, ဝိဘတ္တတ္ထတို့ကို ဖော်ပြပါ။

ဖြေ။ ကေစိဆရာတို့အလို – ပုရိသ, ကညာ, စိတ္တ စသောသဒ္ဒါတို့၏ ဒြပ်,လိင်,ပရိမာဏ–ဟူသောအနက် သုံးပါးအပေါင်းသည် ''သဒ္ဒတ္ထ'' မည်၏။ သဒ္ဒါနှင့် ကံ စသော ကာရကသည် ''ဝိဘတ္တတ္ထ'' မည်၏။

http://www.dhammadownload.com

တစ်နည်း – ကေဝုစ်, ဗဟုဝုစ်စသော သချ်ာသည် ကေ–စသော သချ်ာသဒ္ဒါတို့၏ အနက်မည်၏။ ကိတ်စသောဝါစကတို့သည် ဟောအပ်သော ကံစသော ကာရကတို့သည် ကိတန္တစသောသဒ္ဒါတို့၏အနက် မည်၏။ ထို့ကြောင့် ဒြပ်, လိင်, ပရိမာဏ – ဟူသော အနက်သုံးပါးနှင့် သချ်ာ, ကာရကဟူသော အနက်နှစ်ပါး၊ ပေါင်း ငါးပါးသည် ''သဒ္ဒတ္ထ'' မည်၏။ ဝိဘတ်တို့ကား ဇောတကမျှသာ ဖြစ်ပါသည်။ (ဋီကာ)

၂၇၁၊ ၈၈၊ ၃၀၈။ ယသ္မာ ဒပေတိ ဘယမာဒတ္တေ ဝါ တဒပါဒါနံ။ (၁၅၇)

မေး။ အပါဒါန–ပုဒ်ကို ဝစနတ္ထပြုပြု၍၊ အဓိပ္ပါယ်ကိုလည်း ရေးပါ။

ဖြေ။ အပနေတွာ ဣတော အာဒါတီတိ အပါဒါနံ၊ (အပါဒါနသာဓန)။
ဖဲ့၍ယူရာဖြစ်သော ကာရကကို ''အပါဒါန=အပါဒါန်''ဟု ခေါ်ဆိုရပါသည်။
မှတ်ချက်။ ။ ဋီကာ၌ ''အပေစွ''ဟု ဆိုသည်။

မေး။ ယသ္မာ ဒပေတိ–စသောသုတ်၌ ဝါသဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ ဝါသဒ္ဒါသည် အပေတိ, ဇာယတေ, အာဒတ္တေ–ဟူသော ကြိယာ၃–ချက်ကို အထူးကြဲခြင်း အတ္ထန္တရဝိကပ္ပနအနက် ရှိပါသည်။

မေး။ ဝိသယ (ဖြစ်ရာ)၏အစွမ်းဖြင့်ပြားသော အပါဒါန် ၃–မျိုးကို ဖော်ပြပါ။

ဖြေ။ ၁။ နိဒ္ဒိဋ္ဌဝိသယအပါဒါန်။
၂။ ဥပါတ္တဝိသယအပါဒါန်။
၃။ အနုမေယျဝိသယအပါဒါန်တို့ဖြစ်ပါသည်။

မေး။ အပါဒါန် ၃–မျိုးတို့၏ အဓိပ္ပါယ်ကို ပြယုဂ်ထုတ်ကာ ရှင်းပြပါ။

ဖြေ။ ၁။ တိုက်ရိုက်ညွှန်ပြအပ်သော အပါဒါနသညာ၏ဖြစ်ရာ ကြိယာအထူးရှိသော အပါဒါန်သည် ''နိဒ္ဒိဋ္ဌဝိသယအပါဒါန်'' မည်၏။
ပြယုဂ်ကား – (က) ဂါမာ အပေန္တိ မုနယော
(ခ) နဂရာ နိဂ္ဂတော ရာဇာ – စသည်တည်း။
ဂါမာ အပေန္တိ မုနယော – ဟူသောပြယုဂ်၌ ဂါမာ–ဟူသော အပါဒါန်သည် အပေန္တိ–ဟူသော တိုက်ရိုက်ညွှန်ပြအပ်သော အပါဒါနသညာ၏ဖြစ်ရာ ကြိယာအထူး ရှိသောကြောင့် ''နိဒ္ဒိဋ္ဌဝိသယအပါဒါန်'' မည်၏။ (နဂရာ နိဂ္ဂတော ရာဇာ–၌လည်း နည်းတူ။)

၂။ ထုတ်ဆောင်အပ်သော အပါဒါနသညာ၏ဖြစ်ရာ ကြိယာအထူးရှိသော အပါဒါန်သည် ''ဥပါတ္တဝိသယအပါဒါန်'' မည်၏။
ပြယုဂ်ကား– (က) ဝလာဟက ဝိဇ္ဈောတတေ ဝိဇ္ဈု။
(ခ) ကုသူလတော ပစတိ – စသည်တည်း။
(က) ဝလာဟကာ–ဟူသောအပါဒါန်သည် ''ဝလာဟကာ၊ တိမ်တိုက်မှ။ နိက္ခမ္မ၊ ထွက်၍''ဟု နိက္ခမ္မ–ဟူသော ထုတ်ဆောင်အပ်သော အပါဒါနသညာ၏ဖြစ်ရာ ကြိယာအထူးရှိသောကြောင့် ''ဥပါတ္တဝိသယအပါဒါန်'' မည်၏။
(ခ) ကုသူလတော–ဟူသောအပါဒါန်သည် ''ကုသူလတော၊ ကျီမှ။ အပနေတွာ၊ ပယ်၍''ဟု အပနေတွာ–ဟူသော ထုတ်ဆောင်အပ်သော အပါဒါနသညာ၏ဖြစ်ရာ

http://www.dhammadownload.com

ကြိယာအထူးရှိသောကြောင့် ''ဥပါတ္တဝိသယအပါဒါန်'' မည်၏။

၃။ တိုက်ရိုက်လည်း မပါ, ထုတ်ဆောင်ထည့်စွက်ဖွယ်လည်း မလို, မှန်းဆ၍သိအပ်သော အပါဒါနသညာ၏ဖြစ်ရာ ကြိယာအထူးရှိသော အပါဒါန်သည် ''အနုမေယျဝိသယအပါဒါန်'' မည်၏။

ပြယုဂ်ကား–မာထုရာ ပါဋလိပုတ္တကေဟိ အဘိရူပါ–တည်း။

ဤပြယုဂ်၌ ပါဋလိပုတ္တကေဟိ–ဟူသောအပါဒါန်သည် ''မာထုရာပြည်သူတို့သည် ပါဋလိပုတ်ပြည်သူတို့ထက် တစ်စုံတစ်ခုသော ဂုဏ်ဖြင့် လွန်ကဲကုန်၏''ဟု ဥက္ကံသီယန္တိ–ဟူသော အပါဒါနသညာ၏ဖြစ်ရာ ကြိယာအထူးကို မှန်းဆ၍ သိအပ်သောကြောင့် ''အနုမေယျဝိသယအပါဒါန်'' မည်ပါသည်။

သိမှတ်ဖွယ်။ ။''ဝိသယ''ဟူသည် အပါဒါနသညာ၏ဖြစ်ရာ အပေတိ–စသော ကြိယာအထူး (အပါဒါန်အမည်ရခြင်း၏ အကြောင်းဖြစ်သော ကြိယာအထူး)တည်း

ဝစနတ္ထ – နိဒ္ဒိဋ္ဌော ဝိသယော ယတ္ထာတိ နိဒ္ဒိဋ္ဌဝိသယော။
ဥပါတ္တော ဝိသယော ယတ္ထာတိ ဥပါတ္တဝိသယော။
အနုမေယျော ဝိသယော ယတ္ထာတိ အနုမေယျဝိသယော။

မေး။ ပါဋလိပုတ္တကေဟိ–ဟူသော အနုမေယျဝိသယအပါဒါန်၌ အဘယ်သုတ်ဖြင့် အပါဒါန်အမည်မှည့်ရပါမည်နည်း။

ဖြေ။ ဒူရန္တိ စသောသုတ်၌ ဝိဘတ္တသဒ္ဒါဖြင့် အပါဒါန်အမည် မှည့်ရပါမည်။

မေး။ ''ပါပါ စိတ္တံ နိဝါရယေ၊ ပါပါ နိဝါရေန္တိ'' ပြယုဂ်တို့၌ အဘယ်သုတ်ဖြင့် အပါဒါန် အမည်မှည့်ရပါမည်နည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဆဋ္ဌမူ ရူပသိဒ္ဓိ စာအရှိအတိုင်းဆိုလျှင် ထိုပြယုဂ်တို့၌ မကောင်းမှုနှင့် စိတ်တို့ ကိုယ်ဖြင့် ပေါင်းစပ်ခြင်းရှေ့သွားရှိသော ဖဲခွါခြင်းကြိယာမရှိသော်လည်း စိတ်ဖြင့်ပေါင်းစပ်ခြင်း ရှေ့သွားရှိသော ဖဲခွါခြင်းကြိယာဖြစ်သင့်သောကြောင့် ဤ ယသွာဒေတိ–အစရှိသော သုတ်ဖြင့်ပင် အပါဒါန်အမည်မှည့်ရပါမည်။

ဆရာမြတ်တို့ကား ရက္ခဏတ္ထဖြစ်သော နိပုဗ္ဗ ဝရဓာတ်၏ အယုဉ်ဖြစ်သောကြောင့် လည်းကောင်း၊ ရက္ခဏတ္ထာန မိစ္ဆိတံ–သုတ်၌ ထိုပြယုဂ်များကို ထုတ်ပြထားသောကြောင့် လည်းကောင်း ရက္ခဏတ္ထာနမိစ္ဆိတံ–သုတ်ဖြင့် အပါဒါန်အမည်မှည့်ရမည်ဟု မိန့်တော်မူကြပါသည်။

ဧတ္ထ စ–စသောစကားရပ်။ ။ ''ဤစကားရပ်သည် ရက္ခဏတ္ထာန မိစ္ဆိတံ–သုတ်ကို အလိုမရှိသော မဟာဘာသဆရာအဆိုကို နှစ်သက်သည့် သီဟိဠ်မထေရ်အချို့က ထည့်စွက်ထားသောစကားရပ် ဖြစ်ဟန်တူသည်''ဟု ဆရာမြတ်တို့က မှတ်ချက်ပြုတော်မူကြပါသည်။ ရှေးမြန်မာမူတို့၌လည်း ဤစကားရပ် မရှိပါ။

မေး။ အပါဒါန်၏ သဘောလက္ခဏာကို ရေးပြပါ။

ဖြေ။ အပါဒါန်၏ သဘောလက္ခဏာမှာ ကိုယ်ဖြင့်ဖြစ်စေ, စိတ်ဖြင့်ဖြစ်စေ ရှေးဦးစွာ ပေါင်းစပ်ပြီးမှ ဖဲခွါခြင်းဖြစ်ပါသည်။

ဘေဒစိန္တာ၌ ''ပိုင်းခြားခြင်း (အဝိဓိ) လက္ခဏာရှိ၏''ဟု ဆိုပါသည်။

http://www.dhammadownload.com

မေး။ စလ, အစလ–ဟူသော အပါဒါန် ၂–မျိုးတို့၏ သဘောသွားကို ပြယုဂ်များဖြင့် ထင်ရှားစေခဲ့ပါ။

ဖြေ။ ''ဓာဝတာ ဟတ္ထိမှာ ပတိတော အကုံသဓာရီ''ဟူသောပြယုဂ်၌ 'ဟတ္ထိမှာ'သည် လူပ်ရှားတတ်သော အပါဒါန်ဖြစ်သောကြောင့် ''စလအပါဒါန်'' ဖြစ်ပါသည်။

''ပဗ္ဗတာ သြတရန္တိ ဝနစရာ''ဟူသောပြယုဂ်၌ 'ပဗ္ဗတာ'သည် မလူပ်ရှားတတ်သော အပါဒါန်ဖြစ်သောကြောင့် ''အစလအပါဒါန်'' ဖြစ်ပါသည်။

မေး။ ''ဓာဝတာ ဟတ္ထိမှာ ပတိတော အကုံသဓာရီ'' ပြယုဂ်၌ ပြေးသောဆင်, ဆင်ပေါ်မှ ကျသော ချွန်းကိုင်ဆင်ထိန်း ၂–မျိုးလုံး လူပ်ရှားပါလျက် အဘယ့်ကြောင့် ပြေးသော ဆင်သာ အပါဒါန်ဖြစ်ရပါသနည်း။

ဖြေ။ ၂–မျိုးလုံး လူပ်ရှားပါသော်လည်း ပြေးသောဆင်သည် ပြေးနေခြင်းဟူသော မူလသဘောမှ မရွေ့လျောသောကြောင့် ''ပြေးသောဆင်''သာ စလအပါဒါန် ဖြစ်ရခြင်း ဖြစ်ပါသည်။

မေး။ ယသ္မာ ဒပေတိ ဘယမာဒတ္တော–၌ ဘယ–အရကို ဖော်ပြပါ။

ဖြေ။ ဘယ–အရ ကြောက်ခြင်း, ဘေး–ဟူသောအနက် ၂–မျိုးကို ယူရပါမည်။
- စောရာ ဘယံ ဇာယတေ = ခိုးသူမှ ကြောက်ခြင်းသည် ဖြစ်၏။
- တဏ္ဍာယ ဇာယတီ ဘယံ = တဏ္ဍာမှ ဘေး ဖြစ်၏။

မေး။ ယသ္မာ ဒပေတိ – စသောသုတ်အရ ဘယတ္ထယောဂ၌ ပဋိမိဝိဘတ်သာ သက်ရမည်–ဟု မှတ်ရပါမည်လော၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ယင်းသို့မမှတ်ရပါ။ ''ကိ နု ခေါ အဟံ တဿ သုခဿ ဘာယာမိ၊ သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေ ဘာယန္တိ မစ္စုနော၊ ဘီတော စတုန္နံ အာသီဝိသာနံ''စသော ပြယုဂ်များဝယ် ဒုတိယာပဋိမန္ဓ–သုတ်ဖြင့် ဘယတ္ထယောဂ၌ ဆဋ္ဌိဝိဘတ်လည်း သက်ရပါသေးသည်။

မေး။ ယသ္မာ ဝါ အာဒတ္တော–၌ အာဒတ္တော–အရကို ဖော်ပြပါ။

ဖြေ။ အာဒတ္တော–အရ သင်ယူခြင်း၊ ကြားနာခြင်းတို့ကို ယူရပါမည်။ (ကြားနာခြင်း–ဟူရာ၌ အပျင်းပြေ ကြားနာခြင်း နားထောင်ခြင်းမျိုးမဟုတ်၊ သင်ယူသောအားဖြင့် ကြားနာခြင်း ဖြစ်ပါသည်။)
- ဥပဇ္ဈာယာ သိက္ခံ ဂဏှာတိ၊ အာစရိယမှာ အဓီတေ။
- အာစရိယတော သုဏာတိ။

၂၇၂။ ၃၀၉။ ဓာတုနာမာန မုပသဂ္ဂယောဂါဒီသွပိ စ။ (၁၅၀)

မေး။ ဓာတုနာမာနံ–အရ အလိုရှိအပ်သော ဓာတ်, နာမ်တို့ကို ဖော်ပြပါ။

ဖြေ။ 'ဓာတု' အရ– အပါဒါန်ကိုငဲ့သော အာချာတ်ဓာတ်, ကိတ်ဓာတ်တို့ကို ယူရပါမည်။
'နာမာနံ' အရ အညအနက်ရှိသော အညတြ, အည, ဣတရ, သုဇာတ သဒ္ဒါ စသည်တို့ကို ယူရပါမည်။

မှတ်ချက်။ ။ ကစ္စည်းကျမ်း၌ကား အပါဒါန်ကိုငဲ့သော အာချာတ်ကြိယာကို 'ဓာတု' အရယူ၍၊ ကိတ်ကြိယာကို 'နာမ်'ဟု ယူသည်။

မေး။ 'ဓာတု'အရ အပါဒါန်ကိုငဲ့သော **အာချာတ်ဓာတ်, ကိတ်နာမ်**တို့ကို ယူရမည်ဟုဆိုရာ

http://www.dhammadownload.com

ငှင်းဓာတ်တို့ကို ဖော်ပြပါ။

ဖြေ။ ပရာပုဗ္ဗ ဓိဓာတ်၊ ပပုဗ္ဗ ဘူဓာတ်၊ ဇနီဓာတ် စသည်တို့ ဖြစ်ပါသည်။

မေး။ အောက်ပါတို့၌ မည်သည့်အရာသည် အပါဒါန်ဖြစ်ပါသနည်း။

(က) ပရာ ပုဗ္ဗ ဓိဓာတ်အယှဉ်။ (ခ) ပပုဗ္ဗ ဘူဓာတ်အယှဉ်။ (ဂ) ဇနီဓာတ်အယှဉ်။

ဖြေ။ (က) ပရာပုဗ္ဗ ဓိဓာတ် အယှဉ်၌ မလ္လမ်းမိုးအပ် မလ္လမ်းမိုးနိုင်သော (ယှဉ်ပြိုင်ရာ၌ အနိုင်ရသော)ပုဂ္ဂိုလ် အပါဒါန် ဖြစ်ပါသည်။

– ဗုဒ္ဓသ္မာ ပရာဇေန္တိ အညတိတ္ထိယာ။

(ခ) ပပုဗ္ဗ ဘူဓာတ် အယှဉ်၌ အမွန်အစဖြစ်ရာအရပ်သည် အပါဒါန် ဖြစ်ပါသည်။

– ဟိမဝတာ ပဘဝန္တိ ပဗ္ဗ မဟာနဒိယော။

(ဂ) ဇနီဓာတ် အယှဉ်၌ ဖြစ်သောအရာဝတ္ထု၏ ပင်ကိုအကြောင်း (မူလအကြောင်း)သည် အပါဒါန် ဖြစ်ပါသည်။

– ကာမတော ဇာယတီ သောကော။

မေး။ နာမာနံ–အရ ယူရမည့် အညတြ စသောသဒ္ဒါတို့၏ ယှဉ်ရာ၌ အပါဒါန်ဖြစ်ပုံ ပြယုဂ်များကို ထုတ်ပြပါ။

ဖြေ။ နာညတြ ဒုက္ခာ သမ္ဘောတိ။ နာညံ ဒုက္ခာ နိရုဇ္ဈတိ။ တတော အညေန ကမ္မေန။ တတော ဣတရံ။ ဥဘတော သုဇာတော ပုတ္တော။

မေး။ အောက်ဖော်ပြပါ ပြယုဂ်များသည် မည်သည့်အပါဒါန်များဖြစ်ပါသနည်း။

(က) တဏှာယ ဇာယတီ ဘယံ။

(ခ) ကာမတော ဇာယတီ သောကော။

(ဂ) ဥရသ္မာ ဇာတော ပုတ္တော။

(ဃ) ဥဘတော သုဇာတော ပုတ္တော။

ဖြေ။ (က) သည် ဘယယောဂအပါဒါန် ဖြစ်ပါသည်။

(ယသ္မာ ဒပေတိ–သုတ်ဖြင့် အပါဒါန်အမည် မှည့်ရပါမည်။)

(ခ) သည် ဓာတုယောဂအပါဒါန် ဖြစ်ပါသည်။

(ဓာတုနာမာန–သုတ်ဖြင့် အပါဒါန်အမည် မှည့်ရမည်။)

(ဂ) သည် ရှ–အလို ဓာတုယောဂအပါဒါန်ဖြစ်၍ ကစ္စည်းအလို နာမယောဂ အပါဒါန် ဖြစ်ပါသည်။

(ဃ) သည် နာမယောဂအပါဒါန် ဖြစ်ပါသည်။

မေး။ ဥပသာရပုဒ်ယှဉ်ရာ၌ အပါဒါန်ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ဖဲကြဉ် ရှောင်ရှားခြင်းအနက်ရှိသော အပ, ပရိ ဥပသာရပုဒ်တို့၏ ယှဉ်ရာ၊ မရိယာဒ, အဘိဝိဓိ အနက်ရှိသော အာ–ဥပသာရပုဒ်၏ယှဉ်ရာ၊ အတူပေးခြင်း, အစားပေးခြင်း အနက်ရှိသော ပတိဥပသာရပုဒ်၏ ယှဉ်ရာတို့၌ အပါဒါန် ဖြစ်ပါသည်။

မှတ်ချက်။ ။ သဒ္ဒနီတိ သုတ္တမာလာ (စာ–၅၆၁) ၌ ''ဥ+ပရိ ဥပသာရ နှစ်ခုတွဲဟု ဆိုသည်။ အနက်ကိုလည်း 'အထက်, ထက်ဝန်းကျင်'ဟု ဆိုသည်။ ရူပသိဒ္ဓိလည်း ''ဥပရိ ပဗ္ဗတာ ဒေဝေါ ဝဿတိ'ဟူသောပုဒ်ကို ဥ+ပရိ–ဟူသောဥပသာရပုဒ် ၂–ခု

http://www.dhammadownload.com

အပေါင်း၏အစွမ်းဖြင့် ဆိုအပ်၏။ ပရိသဒ္ဒါ၏အယှဉ်၏အစွမ်းဖြင့် ဆိုအပ်သည်မဟုတ်။ မှန်၏–ဥပရိ သဒ္ဒါသည် နိပါတ်ဖြစ်၏။ ဤပုဒ်ကို ဥပသာရ၏အစွမ်းဖြင့် ဆိုအပ်၏'' ဟု ဖွင့်သည်။
၄င်းတို့အလို ရူပသိဒ္ဓိ၌ ''အပ ဥပရိဟိ''ဟုလည်းကောင်း။ ''ဥပရိ ပဗ္ဗတာ''ဟု လည်း ကောင်း ရှိစေရပါမည်။

မေး။ မရိယာဒ, အဘိဝိဓိ–တို့၏ အဓိပ္ပါယ်များကို ရေးသားဖြေဆိုပါ။
ဖြေ။ ကြိယာကို အပပြု၍ဖြစ်သော အဝဓိသည် ''မရိယာဒ'' မည်ပါသည်။
ကြိယာကို ပျံ့နှံ့စေ၍ ဖြစ်သော အဝိဓိသည် ''အဘိဝိဓိ'' မည်ပါသည်။

မေး။ မရိယာဒ, အဘိဝိဓိအနက်ရှိသော အာ–ဥပသာရပုဒ်၏ အယှဉ်၌ အပါဒါန်ဖြစ်ပုံ ပုံစံများကို ရေးသားဖော်ပြပါ။

ဖြေ။ မရိယာဒအနက်ရှိသော အာ–ဥပသာရပုဒ်၏အယှဉ်၌ အပါဒါန်ဖြစ်ပုံ ပုံစံ–
အာ ပဗ္ဗတာ ခေတ္တံ (တိဋ္ဌတိ)။
အဘိဝိဓိအနက်ရှိသော အာ–ဥပသာရပုဒ်၏ အယှဉ်၌ အပါဒါန်ဖြစ်ပုံ ပုံစံ–
အာ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ။

မေး။ (က) အတူ (ကိုယ်စား)အနက်ရှိသော ပတိ သဒ္ဒါ၊ (ခ) အစားပေးခြင်းအနက်ရှိသော ပတိ သဒ္ဒါတို့၏ယှဉ်ရာ၌ အပါဒါန်ဖြစ်ပုံ ပုံစံများကို ဖော်ပြပါ။
ဖြေ။ (က) ဗုဒ္ဓသ္မာ ပတိ သာရိပုတ္တော ဓမ္မဒေသနာယ ဘိက္ခူ အာလပတိ တေမာသံ။
(ခ) ဃတမဿ တေလသ္မာ ပတိ ဒဒါတိ။

မေး။ နိပါတယောဂ–၌ အပါဒါန်ဖြစ်၏–ဟုဆိုရာ အပါဒါန်ကိုင့်သော နိပါတ်ပုဒ်များကို ဖော်ပြပါ။
ဖြေ။ ရိတေ, နာနာ, ဝိနာ, ပုထ, ယာဝ စသောနိပါတ်ပုဒ်များ ဖြစ်ပါသည်။
(ထိုနိပါတ်ပုဒ်တို့ယှဉ်ရာ၌ အပါဒါန်အမည်မှည့်ပါ–ဟူလို။)
ပုံစံများ– ရိတေ သဒ္ဓမ္မာ ကုတော သုခံ လဘတိ။
တေ ဘိက္ခူ နာနာ ကုလာ ပဗ္ဗဇိတာ။
ဝိနာ သဒ္ဓမ္မာ နတ္ထညော ကောစိ နာထော လောကေ ဝိဇ္ဇတိ။
အရိယေဟိ ပုထဂေဝါယံ ဇနော။
ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ။

မေး။ ဓာတုနာမာန မုပသဂ္ဂယောဂါဒီသွ ပိစ–သုတ်၌ အာဒိသဒ္ဒါဖြင့်ယူရမည့် အရာကို ဖော်ပြ၍။ အပိသဒ္ဒါဖြင့် ဆည်းယူအပ်သောအရာကိုလည်း ဖော်ပြပါ။
ဖြေ။ အာဒိသဒ္ဒါဖြင့် နိပါတယောဂကို **ယူရပါမည်**။
အပိသဒ္ဒါဖြင့်ကား ကာရကမဇ္ဇကို ဆည်းယူပါသည်။
မှတ်ချက်။ ။ ကစ္စည်း၌ ပြောင်းပြန်ဆိုထားပါသည်။

မေး။ ''အပိဂ္ဂဟဏေန ကမ္မာပါဒါနကာရကမဇ္ဇေပိ ပဉ္စမီ ကာလဒ္ဓါနေဟိ''ဟူသောဝါကျကို ရှင်းပြပါ။
ဖြေ။ အပိသဒ္ဒါဖြင့် ကမ္မကာရက, အပါဒါနကာရကတို့၏ အလယ်၌လည်း ကာလ, အဓွန့်ဟော

http://www.dhammadownload.com

သဒ္ဒါတို့ကို အပါဒါန်အမည်မှည့်၍ ပဋ္ဌမီဝိဘတ်သက်ရမည်–ဟု ဆိုလိုပါသည်။

သိမှတ်ဖွယ်။ ။ ''ပဋ္ဌမီ''ဟု ဝိသယီကို ညွှန်ပြထားသော်လည်း ဌာနျျပစာအားဖြင့် သက်ရာဌာန ဝိသယဖြစ် သော အပါဒါနသညာကို ယူရပါမည်။ (ဋီကာ)

မေး။ ဓာတုနာမာန မုပသဂ္ဂယောဂါဒီသွပိ စ–သုတ်၌ အပိ–သဒ္ဒါဖြင့် ကာရကမဏ္ဍာယ် အပါဒါန် ဖြစ်ပုံကို သက်ဆိုင်ရာပုံစံတို့နှင့်တကွ ရှင်းပြပါ။

ဖြေ။ ''ကွတော ပက္ခသွာ ဝိဈတိ မိဂံ လုဒ္ဓကော''ပုံစံ၌ ကွတော–ဟူသော အပါဒါနကာရက, မိဂံ–ဟူသော ကမ္မကာရကတို့၏အလယ်၌ ပက္ခ–ဟူသော ကာလအနက်ဟောသဒ္ဒါကို အပါဒါန်အမည်မှည့်၍ ပဋ္ဌမီဝိဘတ် သက်ရပါသည်။

(ကွတော မာသသွာ ဘုဉ္ဇတိ ဘောဇနံ အာဇီဝကော–၌လည်း နည်းတူ)။

''ကွတော ကောသာ ဝိဈတိ ကုဉ္ဇရံ လုဒ္ဓကော''ဟူသော ပုံစံ၌ ကွတော–ဟူသော အပါဒါနကာရက, ကုဉ္ဇရံ–ဟူသော ကမ္မကာရကတို့၏ အလယ်၌ ကောသ–ဟူသော အဝွန့်အနက်ဟောသဒ္ဒါကို အပါဒါန်အမည်မှည့်၍ ပဋ္ဌမီဝိဘတ်သက် ရပါသည်။

မှတ်ချက်။ ။ ဧကာသစသည်တို့၌ ကာရက–ပုဒ်ကို ''ကရဏံ ကာရော၊ ကာရော ဝေ ကာရကော''ဟု ဝစနတ္ထပြု၍ ကာရက–အရ ကြိယာကို ယူ၍လည်း ကာရကမဏ္ဍ အပါဒါန်ဖြစ်ပုံကို ဆိုကြပါသည်။ အောက်ပါပုံစံတို့ကို ကြည့်ပါ။

– ကွတော **ဝိဈတွာ** ပက္ခသွာ **ဝိဈတိ** မိဂံ လုဒ္ဓကော။

– ကွတော **ဝိဈတွာ** ကောသာ **ဝိဈတိ** ကုဉ္ဇရံ လုဒ္ဓကော။

မေး။ ဓာတုနာမာန မုပသဂ္ဂယောဂါဒီသွပိ စ–သုတ်၌ စသဒ္ဒါ၏အနက်ကို ရှင်းပြခဲ့ပါ။

ဖြေ။ စသဒ္ဒါသည် 'ပဘုတိ'အစရှိသော သဒ္ဒါ၏အနက်ကိုလည်းကောင်း၊ ထိုအနက်ရှိသော သဒ္ဒါ၏ယှဉ်ရာကိုလည်းကောင်း ဆည်းခြင်းသမုစ္စည်းအနက် ရှိပါသည်။ ထိုအနက်, ထိုသဒ္ဒါတို့ ယှဉ်ရာတို့၌လည်း စသဒ္ဒါဖြင့် အပါဒါန်အမည်မှည့်ပါ–ဟု ဆိုလိုပါသည်။

– ယတော'ဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော။
ယတော သရာမိ အတ္တာနံ။
ယတော ပတ္တော'သ္မိ ဝိညုတံ။
ယတ္တာဓိကရဏာမေနံ (ယတော+အဓိကရဏံ+ဧနံ)။
(ပဘုတိ သဒ္ဒါ၏ ''စ၌''ဟူသောအနက်၌ အပါဒါန်ဖြစ်ပုံ)။
– ယတော ပဘုတိ၊ ယတော ပဋ္ဌာယ၊ တတော ပဋ္ဌာယ။
(ပဘုတိ အနက်ရှိသော ပဘုတိ, ပဋ္ဌာယသဒ္ဒါတို့၏ အယှဉ်၌ အပါဒါန်ဖြစ်ပုံ)။

မေး။ ''ယတော'ဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော၊ ယတော သရာမိ အတ္တာနံ'' တို့၌ ပဘုတိ–သဒ္ဒါတိုက်ရိုက်မပါဘဲ အဘယ့်ကြောင့် အပါဒါန် ဖြစ်နိုင်ပါသနည်း? ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ ထိုပြယုဂ်တို့၌ ပဘုတိ–သဒ္ဒါ တိုက်ရိုက်မပါသော်လည်း ထိုပဘုတိသဒ္ဒါ၏အနက်ကို သိအပ် သိနိုင်သောကြောင့် ပဘုတိ–သဒ္ဒါနှင့်ယှဉ်သည်ဟုပင် ဆိုရပါသည်။ ထို့ကြောင့် အပါဒါန် ဖြစ်နိုင်ပါသည်။

ပရိဘာသာ(၉၁ယ)– ဂမျမာနတ္ထသ္သ သဒ္ဒသ္သ ပယောဂမ္ဟတိ ကာမစာရာ=သိနိုင်

http://www.dhammadownload.com

လောက်သော အနက်ရှိသောသဒ္ဒါကို ယှဉ်ခြင်း၌ ဝဒန္တပုဂ္ဂိုလ်၏ အလိုအားဖြင့် ဖြစ်ခြင်း ကြောင့်တည်း။ (ဗာလာဝတာရ)

မေး။ ပဘုတိ-သဒ္ဒါ ၂-မျိုးကို ထုတ်ပြ၍၊ ဤ၌လိုအပ်သော ပဘုတိ-သဒ္ဒါကို ညွှန်ပြပါ။

ဖြေ။ ''သမ္မာ ဝါ အာဂတော ဒီပင်္ဂရပါဒမူလတော ပဘုတိ ယာဝ ဗောဓိမဏ္ဍော''ဟူသော ပါရာဇိကဏ်အဌကထာပါဌ်၌ ပဘုတိ-သဒ္ဒါသည် နိပါတ်ပုဒ်ဖြစ်၍၊ ''ဝေံ ပစ္စက္ခဓမ္မာ၊ ဂဏ္ဍိဝဓန္ဓာ ပဘုတယော။ ကွစိ တောတိ ယောဂဝိဘာဂေန အာဒိပ္ပဘုတိဟိ တော သတ္တမိယတ္ထေ''တို့၌ ပဘုတိ-သဒ္ဒါသည် နာမ်ပုဒ်ဖြစ်ပါသည်။ ဤ၌ ယတော ပဌာယ-ကို ထောက်၍ နိပါတ် ပဘုတိ-ကို လိုအပ်ပါသည်။ (ရူ-ဂဏ္ဍိ)

မှတ်ချက်။ ။ ''နာမပ္ပယောဂေ တတော ပဘုတိ။ ယတော သရာမိ'' ဟူသော ဗာလာဝတာရကို ထောက်လျှင် ထိုအဆို ဟုတ်မည်မထင်။

၂၇၃၊ ၃၁၀။ ရက္ခဏတ္ထာန မိစ္ဆိတံ။ (၁၆၀)

မေး။ ရက္ခဏ နှင့် ရက္ခဏတ္ထ-တို့ကို ခွဲခြားပြခဲ့ပါ။

ဖြေ။ ရက္ခဏ-ဟူသည် နိဝါရဏ (တားမြစ်ခြင်း), တာယန (စောင့်ရှောက်ခြင်း)တို့ ဖြစ်ပါသည်။ ရက္ခဏတ္ထ-ဟူသည် တားမြစ်ခြင်း, စောင့်ရှောက်ခြင်းအနက်ရှိသော ရက္ခဓာတ်၊ ပဋိ ပုဗ္ဗ သိဓဓာတ်၊ နိပုဗ္ဗ ဝရဓာတ် စသည်တို့ ဖြစ်ပါသည်။

မေး။ ရက္ခဏတ္ထာန မိစ္ဆိတံ-သုတ်၌ စသဒ္ဒါအနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါ အနိစ္ဆိတကာရကကို ဆည်းခြင်းသမုစ္စည်းအနက် ရှိပါသည်။

မေး။ ရက္ခဏအနက်ရှိသော ဓာတ်တို့၏အယှဉ်၌ ဣစ္ဆိတကာရက, အနိစ္ဆိတကာရကတို့၏ အပါဒါန်ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ကာကေ ရက္ခန္တိ တဏ္ဍုလာ-ပြယုဂ်ဝယ် ရက္ခဏအနက်ရှိသော ရက္ခဓာတ်၏အယှဉ်၌ အလိုရှိအပ်သော တဏ္ဍုလ-ဟူသောကံပုဒ်သည် အပါဒါန် ဖြစ်ရပါသည်။

ယဝါ ပဋိသေဓေန္တိ ဂါဝေါ-ပြယုဂ်ဝယ် ရက္ခဏအနက်ရှိသော ပဋိပုဗ္ဗ သိဓဓာတ်၏ အယှဉ်၌ အလိုရှိအပ်သော ယဝ-ဟူသောကံပုဒ်သည် အပါဒါန်ဖြစ် ရပါသည်။

ပါပါ စိတ္တံ နိဝါရယေ၊ ပါပါ နိဝါရေန္တိ- စသောပြယုဂ်များဝယ် ရက္ခဏ အနက်ရှိသော နိပုဗ္ဗ ဝရဓာတ်၏အယှဉ်၌ အလိုမရှိအပ်သော ပါပ-ဟူသော ကံပုဒ်သည် အပါဒါန် ဖြစ်ရပါသည်။

သိမှတ်ဖွယ်။ ။ ''ရာဇတော ဝါ စောရတော ဝါ ။ပ။ နာနာဥပဒ္ဒဝတော ဝါ အာရက္ခံ ဂဏ္ဍန္တု''ပြယုဂ်ဝယ် အာ ပုဗ္ဗ ရက္ခဓာတ်အယှဉ်ဟု သိပါ။

မေး။ ရက္ခဏတ္ထာန မိစ္ဆိတံ-သုတ်နှင့်စပ်၍ သိမှတ်ဖွယ်ကို ရေးပြပါ။

ဖြေ။ မဟာဘာဿဆရာအလို ''ပါပါ စိတ္တံ နိဝါရယေ၊ ပါပါ နိဝါရေန္တိ''စသော ပြယုဂ်တို့၌ ယသ္မာ ဒပေတိ-သုတ်ဖြင့်ပင် အပါဒါန်အမည်မှည့်ခြင်းကိစ္စ ပြီးနိုင်သောကြောင့် ဤသုတ် သည် အပိုသာ ဖြစ်ပါသည်။

ဤရူပသိဒ္ဓိကျမ်း စာမျက်နှာ (၁၅၇)၌ တွေ့မြင်နေရသည် ''တ္ထေ စ ။ပ။ ဣမိနာ စ အပါဒါနသညာ''ဟူသောပါဌ်မှာ ထိုမဟာဘာဿဆရာအဆိုသို့ လိုက်၍ သီဟိုဠ်မထေရ်

http://www.dhammadownload.com

တို့ ရေးသားထည့်သွင်းထားသောပါဠိ ဖြစ်ပါသည်။ (''ကျမိနာဝ''ဟု ပါဠိမှန်ရှိစေရမည်)။

မေး။ ပါပါ စိတ္တံ နိဝါရယေ၊ ပါပါ နိဝါရေန္တိ–ပြယုဂ်တို့၌ ပါပ သဒ္ဒါတို့ကို ရူပသိဒ္ဓိ ဆရာအလို အဘ့ယ်သုတ်ဖြင့် အပါဒါန်အမည် မှည့်ရပါမည်နည်း။

ဖြေ။ ရူပသိဒ္ဓိစာအုပ်၌ ''ဇတ္ထ စ ။ပ။ ကျမိနာဝ အပါဒါနသညာ''ဟူသော စကားရပ်သည် ရူပသိဒ္ဓိဆရာရေးသားထားခဲ့သော စကားရပ် မဟုတ်ပါ။ နောက်မှ သီဟိုဠ်မထေရ်တို့ ရေးသားထည့်သွင်းထားသော စကားရပ်သာ ဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်းပါ ပြယုဂ်တို့၌ ပါပ–သဒ္ဒါတို့ကို ရက္ခဏတ္ထာန မိစ္ဆိတံ–သုတ်ဖြင့်သာ အပါဒါန်အမည် မှည့်ရပါမည်။

၂၇၄၊ ၃၁၁။ ယေန ဝါ'ဒဿနံ။ (၁၆၀)

မေး။ ယေန ဝါ'ဒဿနံ–သုတ်၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ပုန်းကွယ်သော တပည့်သားသမီးသည် အကြင်ဥပဇ္ဈာယ်ဆရာ, မိဘစသည်တို့၏ မမြင်ခြင်းကို အလိုရှိ၏။ ထိုဥပဇ္ဈာယ်ဆရာ, မိဘစသည်ကို အပါဒါန်အမည် မှည့်ရမည်–ဟု ဆိုလိုရင်း ဖြစ်ပါသည်။

မှတ်ချက်။ ။ ယေန–သည် အဒဿနံ–၏ အဝုတ္တကတ္တားဖြစ်၏–ဟု မှတ်ပါ။

မေး။ ယေန ဝါ'ဒဿနံ–သုတ်ဖြင့် အဘယ်အရာ၌သာ အပါဒါန်အမည် မှည့်ရပါမည်နည်း။

ဖြေ။ ပုန်းကွယ်ရာ၌သာ အပါဒါန်အမည် မှည့်ရပါမည်။

မေး။ (က) ဥပဇ္ဈာယာ အန္တရဓာယတိ သိသော၊

(ခ) ဇေတဝနေ အန္တရဟိတော ဘဂဝါ။

(ဂ) ယက္ခော တတ္ထေဝ အန္တရဓာယတိ–ပြယုဂ်တို့၌ အပါဒါန်ဖြစ်ပုံ, မဖြစ်ပုံတို့ကို စေ့စုံအောင် ရှင်းပြပါ။

ဖြေ။ (က) ၌ ဥပဇ္ဈာယ–သဒ္ဒါသည် အဒဿနကြိယာ၏ ကတ္တားဖြစ်သောကြောင့် ၎င်းသည် အပါဒါန် ဖြစ်ရပါသည်။

(ခ) ၌ ဝါ–သဒ္ဒါ တားမြစ်သောကြောင့် ဇေတဝန–သဒ္ဒါသည် အပါဒါန်မဖြစ်ဘဲ ဩကာသ ဖြစ်ရပါသည်။

(ဂ) ၌ တတ္ထ–အရ အရပ်သည် အဒဿနကြိယာ၏ ကတ္တား (ယေန–အရ မြင်တတ် သောကတ္တား) မဟုတ်သောကြောင့် အပါဒါန် မဖြစ်ဘဲ ဩကာသ ဖြစ်ရပါသည်။

မှတ်ချက်။ ။ ဇေတဝနေ–အရ ဇေတဝန်ကျောင်း၌ တည်သောရဟန်းပရိသတ် အပေါင်းကို ဌာနူပစာအားဖြင့် ယူပါ။

၂၇၅၊ ၃၁၂။ ရူရန္တိကဒွကာလ ။ပ။ ထောကာကတ္တုသု စ။ (၁၆၀)

မေး။ ဒူရန္တိ–စသောသုတ်သည် ဘယ်နှပုဒ်ရှိသောသုတ် ဖြစ်ပါသနည်း။

ဖြေ။ ''ဒူရန္တိကဒွကာလ ။ပ။ ထောကာကတ္တုသု + စ''ဟု နှစ်ပုဒ်ရှိသောသုတ် ဖြစ်ပါသည်။

မေး။ ဒူရန္တိ–စသောသုတ်၌ စ–သဒ္ဒါ၏အစီအရင်ကို ဖော်ပြပါ။

ဖြေ။ **စသဒ္ဒါဖြင့် ပြယုဂ်အားလျော်စွာ ဒုတိယာ, တတိယာ, ဆဋ္ဌီဝိဘတ်များ သက်ရပါသည်။**

http://www.dhammadownload.com

မေး။ ဒုရန္တိက–ပုဒ်၏အဓိပ္ပါယ်ကို ရှုဆရာအလိုကျ ရှင်းပြပါ။

ဖြေ။ ဒုရန္တိက–ပုဒ်သည် ''ဒူရန္တိကဉ္စ ဒုရန္တိကတ္ထဉ္စ ဒုရန္တိကံ'' ဟု သရူပေကသိသ် ပြုထားသောပုဒ် ဖြစ်ပါသည်။ ထို့ကြောင့် – ''ဒူရအနက်ရှိသောသဒ္ဒါ, အန္တိကအနက်ရှိသောသဒ္ဒါ။ ဒူရအနက်, အန္တိကအနက်သည် ဒူရန္တိက–မည်၏'' ဟု အဓိပ္ပါယ်ရပါသည်။ ထိုသဒ္ဒါတို့၏ယှဉ်ရာ, ထိုအနက်တို့၌ အပါဒါန်အမည် မှည့်ပါ–ဟု ဆိုလိုပါသည်။

ရှင်းချက်။ ။ ဒူရဉ္စ အန္တိကဉ္စ ဒူရန္တိကံ၊ ဒူရအနက်ရှိသော သဒ္ဒါ, အန္တိကအနက်ရှိသော သဒ္ဒါတို့ကို ရ၏။ (တေန ဒူရန္တိကတ္ထပ္ပယောဂေ–ဟူသော အဖွင့်ကို ထောက်၍ ယင်းသို့ ကောက်ယူရခြင်း ဖြစ်သည်။) ဒူရန္တိကာနံ အတ္ထော ဒူရန္တိကတ္ထော။ ဒူရသဒ္ဒါ, အန္တိက သဒ္ဒါတို့၏ 'အဝေး, အနီး'ဟူသော အနက်တို့ကို ရ၏။ စည်ရှင်နိသယနှင့် ဂဏ္ဌိတို့၌ကား ''ဒူရန္တိကဉ္စ ဒုရန္တိကဉ္စ ဒူရန္တိကံ''ဟု သဒ္ဒသရူပေကသိသ် ပြုပါသည်။

မေး။ ဒူရအနက်ရှိသောသဒ္ဒါ, အန္တိကအနက်ရှိသော သဒ္ဒါတို့ကို ဖော်ပြပါ။

ဖြေ။ ဒူရအနက်ရှိသော သဒ္ဒါများမှာ – ဒူရ၊ ဒူရတရ၊ နာတိဒူရ၊ အာရကာ–စသောသဒ္ဒါများ ဖြစ်ပါသည်။

အန္တိကအနက်ရှိသော သဒ္ဒါများမှာ–အန္တိက၊ အာသန္န၊ သမီပ–စသောသဒ္ဒါများ ဖြစ်ပါသည်။

မေး။ (က) ဒူရအနက်ရှိသောသဒ္ဒါ၏ ယှဉ်ရာ (ခ) ဒူရအနက် (ဂ) အန္တိကအနက်ရှိသော သဒ္ဒါ၏ယှဉ်ရာ (ဃ) အန္တိကအနက်တို့၌ အပါဒါန်ဖြစ်ပုံ ပြယုဂ်များကို ထုတ်ပြခဲ့ပါ။

ဖြေ။ (က) ကိဝ **ဒူရော** ဂ္ဂတော နဥ္ဇကာရဂါမော။
ကတော ဟဝေ **ဒူရတရံ** ဝဒန္တိ။
ဂါမတော **နာတိဒူရေ**။
အာရကာ တေ မောဃပုရိသာ ဂ္ဂမသ္မာ ဓမ္မဝိနယာ။
(ခ) **ဒူရတော**ဝ နမဿန္တိ။ အဒ္ဒသ **ဒူရတော**ဝ အာဂစ္ဆန္တံ။
(ဂ) **အန္တိကံ** ဂါမာ၊ **အာသန္နံ** ဂါမာ၊ **သမီပံ** ဂါမာ။
(ဃ) ပြယုဂ်မရှိပါ။

မှတ်ချက်။ ။ အန္တိကအနက်၌ အပါဒါန်ဖြစ်ပုံ ပြယုဂ်ပုံစံ မရှိသော်လည်း ဒူရန္တိက–ပုဒ်ကိုအနက်ပေးရာ၌ကား ထည့်ပေးရမည်သာ ဖြစ်ကြောင်း ကျေးဇူးရှင် အဘယာရာမ ဆရာမြတ် (ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ) မိန့်တော်မူပါသည်။

မေး။ ဒူရအနက်ရှိသော သဒ္ဒါ၏ယှဉ်ရာ၊ အန္တိကအနက်ရှိသော သဒ္ဒါ၏ယှဉ်ရာတို့၌ ဒုတိယာ, တတိယာသက်ပုံ ပုံစံများကို ထုတ်ပြပါ။

ဖြေ။ – ဒူရံ ဂါမံ အာဂတော၊ ဒူရေန ဂါမေန အာဂတော။
– အန္တိကံ ဂါမံ အာဂတော၊ အန္တိကံ ဂါမေန အာဂတော။

မေး။ အဒ္ဓနိမ္မာန, ကာလနိမ္မာန–ဟူရာ၌ နိမ္မာန–သဒ္ဒါ၏အနက် ၂–မျိုးကို ဖော်ပြ၍၊ ဤ၌ လိုအပ်သော အနက်ကိုလည်းဖော်ပြပါ။

ဖြေ။ ၁။ ဖန်ဆင်းခြင်း။
၂။ နှိုင်းယှဉ်တိုင်းတာခြင်းတို့ ဖြစ်ပါသည်။

http://www.dhammadownload.com

ဤ၌ နှိုင်းယှဉ်တိုင်းတာခြင်းအနက်ကို လိုအပ်ပါသည်။

မှတ်ချက်။ ။ နှိုင်းယှဉ်တိုင်းတာခြင်းအနက်ကို သိအပ်ရာ၌ မူလမှစ၍ တိုင်းတာရာ အရပ်, တိုင်းတာရာကာလသည် အပါဒါန်ဖြစ်၏–ဟု မှတ်ပါ။

မေး။ အဒ္ဓနိမ္မာန, ကာလနိမ္မာန ဆိုင်ရာ ပြယုဂ်များကို ထုတ်ပြပါ။

ဖြေ။ **အဒ္ဓနိမ္မာန ဆိုင်ရာ ပြယုဂ်များ**– ဣတော မထုရာယ စတူသု ယောဇနေသု သက်္ကသံ၊ ရာဇဂဟတော ပဉ္စစတ္တာလီသယောဇနမတ္ထကေ သာဝတ္ထိ။

ကာလနိမ္မာနဆိုင်ရာ ပြယုဂ်များ– ဣတော ဧကနဝုတိကပ္ပမတ္ထကေ ဝိပဿီ ဘဂဝါ လောကေ ဥဒပါဒိ။ ဣတော ဝဿသဟဿစ္စယေန ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇိဿတိ။

မေး။ ''တွာလောပ'' ဟူသည် အဘယ်နည်း၊ ၄င်း၏အဓိပ္ပါယ်ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''တွာလောပ'' ဟူသည် တွာပစ္စယန္တပုဒ်၏အနက် ဖြစ်သင့်ပါလျက် တွာပစ္စယန္တပုဒ် ထင်ရှားမရှိခြင်း (တိုက်ရိုက် ပါမလာခြင်း) ဖြစ်ပါသည်။ **ဥပမာ**– ပါသာဒါ သက်မေယျ–ဟူသောပြယုဂ်၌ ''ပါသာဒံ အဘိရုဟိတွာ ပါသာဒါ သက်မေယျ = ပြာသာဒ်ပေါ်သို့ တက်ပြီးနောက် ပြာသာဒ်ပေါ်မှ ပြောင်းရွှေ့ရာ၏''ဟု အနက်ဖြစ်သင့်သည်၊ ထိုသို့ဖြစ်သင့်ပါလျက် အဘိရုဟိတွာ–ဟူသော တွာပစ္စယန္တပုဒ် တိုက်ရိုက် မပါခြင်းကို တွာလောပ–ဟု ဆိုခြင်း ဖြစ်ပါသည်။

သတိ – တွာလောပ–၌ 'တွာ'အရ တွာပစ္စယန္တပုဒ်ကို ယူရမည်–ဟု သိပါ။

မေး။ တွာလောပ–အရာ၌ အပါဒါန်ဖြစ်ပုံကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ပါသာဒါ သက်မေယျ–ဟူသော ပြယုဂ်၌ ပါသာဒပုဒ်သည် ''အဘိရုဟိတွာ'' ဟူသော တွာပစ္စယန္တပုဒ် တိုက်ရိုက်ပါလျှင် ပါသာဒံ–ဟု ကံဖြစ်သင့်သောပုဒ် ဖြစ်၏၊ ယခုသော်ကား တွာပစ္စယန္တပုဒ် တိုက်ရိုက်မပါသောကြောင့် ကံမဖြစ်ဘဲ ထိုကံအရာ၌ ပါသာဒါ–ဟု အပါဒါန် ဖြစ်ရပါသည်။

အာသနာ ဝုဋ္ဌဟေယျ–ဟူသော ပြယုဂ်၌ အာသန–ပုဒ်သည် နိသီဒိတွာ–ဟူသော တွာပစ္စယန္တပုဒ် တိုက်ရိုက်ပါလျှင် အာသနေ–ဟု အဓိကရဏဖြစ်သင့်သောပုဒ် ဖြစ်၏။ ယခုသော်ကား တွာပစ္စယန္တပုဒ် တိုက်ရိုက်မပါသောကြောင့် အဓိကရဏမဖြစ်ဘဲ ထို အဓိကရဏအရာ၌ အပါဒါန် ဖြစ်ရပါသည်။

မေး။ ''ပါသာဒါ သက်မေယျ''ဝါကျ၌ ပေးသင့်သော အနက် / မပေးသင့်သော အနက်တို့ကို ရှင်းလင်းချက်နှင့်တကွ ဖော်ပြပါ။

ဖြေ။ **ပေးသင့်သော အနက်** – ပါသာဒါ၊ ပြာသာဒ်မှ။ သက်မေယျ၊ ပြောင်းရွှေ့ရာ၏။

မပေးသင့်သော အနက် –ပါသာဒါ၊ ပြာသာဒ်သို့ (တက်၍)၊ သက်မေယျ၊ ရာ၏။

ရှင်းချက်။ ။ ရူပသိဒ္ဓိဘာသာဋီကာ၌ **"ကမ္မာဓိကရဏေသု – ထိတွာလောပ ဖြစ်သည့်အခါ ကံအနက်, အဓိကရဏ(ဩကာသ)အနက်တို့၌ အပါဒါန် မှည့်ပါ။ ထို့ကြောင့် "ပါသာဒါ၊ ပြာသာဒ်မှ"ဟု အပါဒါန်အနက် မပေးဘဲ "ပြာသာဒ်ကို"ဟု ကံအနက်ပေး၍ တွာပစ္စယန္တပုဒ်အနက်ကို (တက်၍)ဟု အဝိထည့်၍ ပေးသည်။ ထင်ရှားစေအံ့ – "ပါသာဒါ သက်မေယျ"၌ "ပြာသာဒ်မှ + ပြောင်းရွှေ့ရာ၏"ဟု**

http://www.dhammadownload.com

အနက်ပေးစေလိုလျှင် "ပြာသာဒ်မှ + ဖဲခွါပြောင်းရွေ့ သွားခြင်း" ဖြစ်သောကြောင့် ယသ္မာဒပေတိ သုတ်ဖြင့်ပင် အပါဒါန် မှည့်နိုင်၏။ ထို့ကြောင့် ဤတွာလောပအရာဝယ် "ပြာသာဒ်မှ + ပြောင်းရွေ့ရာ၏" ဟူသော အပါဒါန်အနက်ကို မပေးစေလိုသည်မှာ ထင်ရှားပြီ။ ထို့ကြောင့်လည်း "ပါသာဒံ အဘိရုဟိတွာ သင်္ကမေယျာတျတ္ထော" ဟု အဖြောင့်အနက်ကို ဖွင့်ပြသည် ဟု အကျယ်တဝင့် ဖွင့်ဆိုရေးသားတော်မူသည်။

ဆရာတော်က ထိုသို့ဖွင့်ဆိုရေးသားသော်လည်း ထိုဖွင့်ဆိုရေးသားချက်ကို ဆရာမြတ်တို့ နှစ်သက်တော် မမူကြပါ။ ဘာ့ကြောင့်နည်း? ထိုထိုသဒ္ဒါအဖွင့်ကျမ်းတို့နှင့် ကိုက်ညီမှု မရှိသောကြောင့်တည်း။ ရှင်းပြဦးအံ့ – **"တွာလောပေ ကမ္မာဓိကရဏေသု"၏ အဓိပ္ပာယ်မှန်မှာ** ''တွာပစ္စည်း၏အနက် ဖြစ်သင့်ပါလျက် တွာပစ္စယန္တပုဒ် တိုက်ရိုက် ပါမလာရာဝယ် ကံအနက်, အဓိကရဏအနက် ဖြစ်သင့်ရာနေရာတို့၌ အပါဒါန်အမည်မှည့်'' ဟူ၍သာ ဖြစ်၏။ ဆရာတော်မိန့်သလို ''ကံအနက်, အဓိကရဏအနက်တို့၌ အပါဒါန်အမည်မှည့်'' ဟူ၍ မဟုတ်ပါ။

ဆက်ဦးအံ့ – 'အဘိရုဟိတွာ'ဟူသော တွာပစ္စယန္တပုဒ် ပုဒ်ပါလာလျှင် အဘိရုဟဏ (တက်ခြင်း) ကြိယာက ကံကိုင်သော သကမ္မကကြိယာ ဖြစ်သောကြောင့် 'ပါသာဒံ'ဟု ကံဖြစ်ရမည်။ 'နိသီဒိတွာ'ဟူသော တွာပစ္စယန္တပုဒ် ပါလာလျှင် နိသီဒန (ထိုင်ခြင်း)ကြိယာက ကံကို မငဲ့သော အကမ္မကကြိယာ ဖြစ်သောကြောင့် 'အာသနေ'ဟု အာဓာရ(ဩကာသ) ဖြစ် ရမည်။ ('ပါသာဒံ အဘိရုဟိတွာ သင်္ကမေယျာတိ အတ္ထော'သည် ထိုအနက်အဓိပ္ပာယ်ကို ပြသောဝါကျသာ ဖြစ်သည်။) ယခုသော်ကား အဆိုပါ တွာပစ္စယန္တပုဒ်များ ပါမလာသဖြင့် ကံ, ဩကာသ မဖြစ်ဘဲ ထိုကံ, ဩကာသတို့ ဖြစ်ရမည့်နေရာတို့၌ 'ပါသာဒါ, အာသနာ'ဟု အပါဒါန် ဖြစ်ရသည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။ ထို့ကြောင့် ကျေးဇူးရှင် အဘယာရာမဆရာတော် (ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ)က သူ၏ လက်ကိုင် ရူပသိဒ္ဓိဘာသာ ဋီကာစာအုပ်ဝယ် ထိုစာမျက်နှာအပေါ်ထိပ်၌ ''အနက်နှင့်တကွ ရှင်းချက်ကို မမှတ်အပ်'' ဟု ရေးသားထားသည်ကို တွေ့ရပေသည်။ ''တွာလောပ–ပါ ဆိုမှ တွာအနက် ထည့်ပေးနေခြင်းမှာ အလှမ်းဝေးလှသည်'' ဟုလည်း မိန့်တော်မူပါသည်။

သာဓက – တွာ၎ောပေ သတိ ကမ္မာဓိကရဏာဝိသယေ။ (ဗာလာဝတာရ။)နှင့် ၄င်း ဋီကာသစ်။

မေး။ (က) ပါသာဒါ သင်္ကမေယျ (ခ) ပါသာဒံ အဘိရုဟိတွာ သင်္ကမေယျ တို့၏ ခြားနားချက်ကို ဖော်ပြပါ။

ဖြေ။ (က) သည် တွာပစ္စယန္တပုဒ် မပါသော တွာလောပဖြစ်၍ အပါဒါန်ဖြစ်သောပုံစံ ဖြစ်၏။
(ခ) ကား တွာပစ္စယန္တပုဒ်ပါ၍ တွာလောပ မဟုတ်သောကြောင့် ကံဖြစ်သောပုံစံ ဖြစ်၏။
ဤသို့ ခြားနားပါသည်။

မေး။ ''ဒိသာယောဂ'' ပုဒ်နှင့်စပ်၍ သိမှတ်ဖွယ်များကို ရေးသားတင်ပြပါ။

ဖြေ။ ဒိသာယောဂ–ပုဒ်သည် ''ဒိသာ စ ဒိသာယောဂါ စ ဒိသာယောဂါ'' ဟု ကေဒေသ သရူပေကသိသ် ပြုထားသောပုဒ်ဖြစ်ပါသည်။
'ဒိသာ'အရ ဒိသာအနက်ကိုယူ၍၊ ဒိသာယောဂ–၌ 'ဒိသာ'အရ ဒိသာအနက်ရှိသော

http://www.dhammadownload.com

သဒ္ဒါတို့ကို ယူရပါမည်။ ထို့ကြောင့် ''**ဒိသာအနက်သည်လည်းကောင်း၊ ဒိသာအနက်ရှိသော သဒ္ဒါတို့၏အယှဉ်သည်လည်းကောင်း ဒိသာယောဂ မည်၏**'' ဟု အဓိပ္ပါယ်မှတ်ရပါမည်။ ထိုအနက်, ထိုသဒ္ဒါတို့ယှဉ်ရာ၌ အပါဒါန်အမည် မှည့်ပါ–ဟူလို။

မှတ်ချက်။ ။ ရှုပသိဒ္ဓိ၌ ''ဒိသတ္ထဝါစီဟိ ယောဂေ ဒိသတ္ထေ စ''ပါဠိဖြင့် အထက် ဖော်ပြပါ ဝစနတ္ထ, အဓိပ္ပါယတ္ထတို့ကိုပြသည်ဟု မှတ်ပါ။ ''ဒိသာ စ ဒိသတ္ထော စ ဒိသာ''ဟူသော ဘာသာဋီကာအဆိုကို ဆရာမြတ်တို့ နှစ်သက်တော်မမူကြပါ။

မေး။ (က) ဒိသာအနက်ရှိသော သဒ္ဒါတို့၏အယှဉ် (ခ) ဒိသာအနက်တို့၌ အပါဒါန်ဖြစ်ပုံများကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ (က) ကွတော သာ ပုရိမာ ဒိသာ–ဟူသော ပြယုဂ်၌ ကွမ–သဒ္ဒါသည် ဒိသာ အနက်ရှိသော ပုရိမာ ဒိသာ–သဒ္ဒါ၏ အယှဉ်ဖြစ်သောကြောင့် အပါဒါန် ဖြစ်သည်။ ထို့ကြောင့် အပါဒါန်အနက်၌ တောပစ္စည်းသက်၍ ''ကွတော''ဟု ဖြစ်ရပါသည်။

(ခ) ပုရတ္ထိမတော–၌ ပုရတ္ထိမ–သည် 'အရှေ့အရပ်'ဟူသော ဒိသာအနက် ဖြစ်သောကြောင့် ထိုအနက်၌ အပါဒါန် ဖြစ်ရပါသည်။

မေး။ ဒိသတ္ထ–၌ ပဥ္စမီဝိဘတ်သာ သက်ရပါသလော။

ဖြေ။ ပဥ္စမီဝိဘတ်သာ သက်ရမည်မဟုတ်၊ သတ္တမီဝိဘတ်အနက်၌ တောပစ္စည်းလည်း သက်ရပါသည်။

မေး။ ဝိဘတ္တာရပ္ပယောဂ–၌ ''ဝိဘတ္တ''ဟူသည် အဘယ်နည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''ဝိဘတ္တ'' ဟူသည် တစ်ပါးတစ်ခြားသော ဒြပ်ဝတ္ထုမှ ဂုဏ်အားဖြင့် မိမိအလိုလို (နဂိုက) ဝေဖန်အပ်ပြီး, ကွဲပြားပြီးဖြစ်သော ဒြပ်ဝတ္ထုကို ထပ်မံ၍ ဝေဖန်ခြင်း ခွဲခြားခြင်းဖြစ်ပါသည်။

– ယတော ပဏီတတရော ဝါ ဝိသိဋ္ဌတရော ဝါ နတ္ထိ။

ဤပြယုဂ်၌ ယတော–အရ ဝိနည်းတရားနှင့် သုတ္တန်, အဘိဓမ္မာတရားတို့သည် နဂိုကပင် ကွဲပြားပြီး ခွဲခြားပြီးသားဖြစ်၏။ ထိုကွဲပြားပြီး ခွဲခြားပြီး ဖြစ်သော ဝိနည်းတရားကို 'သာ၍မွန်မြတ်ခြင်း', 'သာလွန်ထူးကဲခြင်း'ဟူသော ပဏီတတရ, ဝိသိဋ္ဌတရ ဂုဏ်အားဖြင့် သုတ္တန်, အဘိဓမ္မာတရားတို့မှ ထပ်မံ၍ ခွဲခြားခြင်းသည်သာ ''ဝိဘတ္တ'' မည်၏။ ထိုသို့ ခွဲခြားရာ၌ အခြေခံဖြစ်သော ဝိနည်းတရားတော်သည် ''ယတော''ဟု အပါဒါန် ဖြစ်ရပါသည်။ (''ယတော၊ အကြင်ဘုရားတရားတော်ထက်''ဟုလည်း ပေးကြသည်။ ထိုသို့ပေးလျှင် ဘုရားတရားတော်နှင့် တိတ္ထိတို့၏ တရားကို ခွဲခြား၍ အဓိပ္ပါယ်ပြောပါ)။

– အတ္တဒန္တော ကတော ဝရံ။ (တတော၊ ထို ဆင်အာဇာနည်, မြင်းအာဇာနည် စသည်တို့၏ ယဉ်ကျေးခြင်းထက်–ဟု ပေး။)

ဤပြယုဂ်၌ ဆင်အာဇာနည်, မြင်းအာဇာနည်စသည်တို့၏ ယဉ်ကျေးခြင်းနှင့် မိမိ၏ ယဉ်ကျေးခြင်းသည် နဂိုကပင် ကွဲပြားပြီး ခွဲခြားပြီးဖြစ်၏။ ထိုကွဲပြားပြီး ခွဲခြားပြီးဖြစ်သော မိမိ၏ယဉ်ကျေးခြင်းကို 'ဝရဂုဏ် (အမြတ်ဂုဏ်)'အားဖြင့် ထပ်မံခွဲခြားခြင်းသည် ''ဝိဘတ္တ'' မည်၏။ ထိုသို့ ခွဲခြားရာ၌ ခွဲခြားရာအခြေခံဖြစ်သော ဆင်အာဇာနည်, မြင်းအာဇာနည် စသည်တို့၏ ယဉ်ကျေးခြင်းသည် ''တတော''ဟု အပါဒါန် ဖြစ်ရပါသည်။

http://www.dhammadownload.com

ဝိဘဇန ၂-မျိုး။ ။ ရောယှက်နေသော ဒြပ်ဝတ္ထုတို့ကို ဂုဏ်စသည်ဖြင့် ဝေဖန်ခွဲခြားခြင်းသည် ''အဝိဘတ္တဝိဘဇန''မည်၏။ (နိဒ္ဒါရဏအရာ ဖြစ်သည်)။ မရောမယှက် သက်သက်သန့်သန့်ဖြစ်သော (တင်းသီးတစ်ခြားစီ ဖြစ်နေသော) ဒြပ်ဝတ္ထုတို့ကို ဂုဏ်အားဖြင့် ထပ်မံ၍ ဝေဖန်ခွဲခြားခြင်းသည် ''ဝိဘတ္တဝိဘဇန'' မည်၏။ (ဤအပါဒါန်၏အရာ ဖြစ်သည်)။

မေး။ ဆန္ဒဝုတိနံ ပါသဏ္ဍာနံ-၌ ဆဋ္ဌီဝိဘတ်ကို အဘယ်သုတ်ဖြင့် သက်ရပါမည်နည်း။

ဖြေ။ ဒုရန္တိသုတ်၌ စ-သဒ္ဒါဖြင့် သက်ရပါမည်။ ဒုတိယာ ပဉ္စမီနဉ္စသုတ်ဖြင့် သက်ရမည်ဟုလည်း ဆိုကြပါသည်။

မေး။ ဝိဘတ္တာရပ္ပယောဂ-၌ အာရပ္ပယောဂ (အာရတိပ္ပယောဂ) အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ 'အာရ(အာရတိ)'သည် ဥပလက္ခဏာမျှသာ ဖြစ်သောကြောင့် 'အာရ(အာရတိ)'အရ ရှောင်ကြဉ်ခြင်းအနက်ရှိသော ဝိရတိ, ဝေရမဏီ, ပဋိပ်ရတ-စသော သဒ္ဒါတို့ကိုလည်း ယူရပါမည်။ ထို့ကြောင့် ရှောင်ကြဉ်ခြင်းအနက်ရှိသော အာရတိ, ဝိရတိ, ဝေရမဏီ, ပဋိဝိရတ-စသောသဒ္ဒါတို့၏အယှဉ်ကို ''အာရပ္ပယောဂ''ဟု ဆိုခြင်းဖြစ်ပါသည်။ (အာရတိဿ ပယောဂေါ အာရတိပ္ပယောဂေါ၊ တိလောပေါ။-ဗာလာဝတာရ ဋီကာသစ်။)

- အသဒ္ဓမ္မာ အာရတိ၊ ပါပါ ဝိရတိ၊
  ပါဏာတိပါတာ ဝေရမဏီ၊ အဒိန္နာဒါနာ ပဋိဝိရတောဟု။

မေး။ ဟေတုဝိဝိတ္တပ္ပမာဏ-၌ ''ဟေတု''အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ဟေတု-ပုဒ်သည် ''ဟေတု စ ဟေတု စ ဟေတု''ဟု သုတိတူကေသိသ်ပြုထားသော ပုဒ် ဖြစ်ပါသည်။

ပထမ ဟေတု-အရ ဟိတ်အနက်ကို ယူ၍ **ဒုတိယ ဟေတု**-အရ ဟိတ်အနက်ရှိသော သဒ္ဒါကို ယူရပါမည်။ ထို့ကြောင့် ဟိတ်အနက်ကိုလည်းကောင်း, ဟိတ်အနက်ရှိသော သဒ္ဒါ၏အယှဉ်ကိုလည်းကောင်း ''ဟေတု''ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

''ဟေတု စ ဟေတုတ္ထော စ ဟေတု''ဟုလည်း ဝစနတ္ထ ပြုကြပါသည်။

''ဟေတုတ္ထော စ ဟေတုတ္ထပ္ပယောဂေါ စ ဟေတုတ္ထော''ဟူသော ဘာသာဋီကာဝစနတ္ထကား ''ဟေတု''ပုဒ်ရင်းနှင့် အလှမ်းကွာလျက်ရှိကြောင်း ဆရာမြတ်တို့ မိန့်ဆိုကြပါသည်။

မေး။ ဟိတ်အနက်ရှိသော သဒ္ဒါများကို ဖော်ပြပါ။

ဖြေ။ ဟေတု, ကာရဏ-စသော သဒ္ဒါတို့ ဖြစ်ပါသည်။

မေး။ ဟေတုတ္ထ, ဟေတုတ္ထပ္ပယောဂ-၌ အဘယ်သဒ္ဒါနောင် (အပါဒါန်အမည်မှည့်၍) ပဉ္စမီဝိဘတ် သက်ရပါမည်နည်း။

ဖြေ။ ကိ, ယ, တ-စသောသဗ္ဗနာမ်ပုဒ်တို့နောင် သက်ရပါမည်။ ထိုသဗ္ဗနာမ်ပုဒ်တို့နှင့် တုလျာဓိကရဏဖြစ်သော ဟိတ်အနက်ဟော ကာရဏ, ဟေတု-စသောသဒ္ဒါနောင်လည်း ပဉ္စမီဝိဘတ်သက်ရမည်ဟု ဆိုကြပါသည်။

မေး။ ဟေတု-အရ (က) ဟေတုတ္ထ၌ အပါဒါန်ဖြစ်ပုံ (ခ) ဟေတုတ္ထပ္ပယောဂ-၌ အပါဒါန်ဖြစ်ပုံ တို့ကို ပုံစံများထုတ်ကာ ရှင်းပြပါ။

http://www.dhammadownload.com

ဖြေ။ (က) ကသ္မာ နု တုမှံ ဒဟရာ နု မီယရေ-ဟူသောပုံစံဝယ် ကသ္မာ- သည် ဟိတ်အနက်၌ ကိ-ဟူသော သဗ္ဗနာမ်ပုဒ်ကို အပါဒါန်အမည်မှည့်၍ ပဉ္စမီကေဝုစ် သ္မာဝိဘတ်သက်ထားသောပုံစံ ဖြစ်ပါသည်။ (- ကသ္မာ ဣဓေဝ မရဏံ ဘဝိဿတိ-၌လည်း နည်းတူ။)
(ခ) ယသ္မာ ကာရဏာ-ဟူသော ပုံစံဝယ် ယသ္မာ-သည် ဟိတ်အနက်ရှိသော ကာရဏ သဒ္ဒါ၏အယှဉ်၌ ယ-ဟူသောသဗ္ဗနာမ်ပုဒ်ကို အပါဒါန် အမည်မှည့်၍ ပဉ္စမီကေဝုစ် သ္မိ ဝိဘတ် သက်ထားသောပုံစံ ဖြစ်ပါသည်။ (- တသ္မာ ကာရဏာ၊ ကိ ကာရဏာ စသည်တို့၌လည်း နည်းတူ။)

မေး။ ရူပသိဒ္ဓိစာကိုယ်၌ ဟေတွတ္ထ, ဟေတွတ္ထပ္ပယောဂပုံစံတို့ကို ခွဲခြားပြပါ။

ဖြေ။ ကသ္မာ နု တုမှံ-မှစ၍ တသ္မာ ဗုဒ္ဓေါသ္မိ ဗြာဟ္မဏ-တိုင်အောင် (ကသ္မာ, ယသ္မာ, တသ္မာ ချည်းသက်သက် တည်နေသော ပုဒ်များသည်) ဟေတွတ္ထ ပုံစံများဖြစ်၍၊ ယသ္မာ ကာရဏာ-မှ ကိဿ တုမှေ ကိလမထ-တိုင်အောင် ဟေတွတ္ထပ္ပယောဂ ပုံစံများ ဖြစ်ပါသည်။

မှတ်ချက်။ ။ ဟေတွတ္ထပုံစံများတွင် ပါဝင်နေသော ''ကသ္မာ ဟေတုနာ'' သည် ဟေတွတ္ထပ္ပယောဂပုံစံသာ ဖြစ်သင့်ပါသည်။ ဂဏ္ဌိ၌ကား ဤနေရာမှာပင် ''ဟေတုနာ'' ကို ရုပ်တွက်ပြထားပါသည်။

မေး။ ကသ္မာ ကာရဏာ, တသ္မာ ကာရဏာ-တို့၌ ဟေတွတ္ထပ္ပယောဂဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ကာရဏာ-သည် ဟိတ်အနက်ကိုဟောသော ဟေတွတ္ထဖြစ်၍၊ ယသ္မာ, တသ္မာ-တို့ကား ထိုဟေတွတ္ထဖြစ်သော ကာရဏပုဒ်နှင့်ယှဉ်သောကြောင့် ဟေတွတ္ထပ္ပယောဂ ဖြစ်ပါသည်။

မေး။ ကသ္မာ ဟေတုနာ နှင့် ကေန ဟေတုနာ-တို့၏ ခြားနားပုံကို ရှင်းပြပါ။

ဖြေ။ 'ကသ္မာ ဟေတုနာ'၌ ကသ္မာ-သည် ဟေတွတ္ထပ္ပယောဂ၌ ဒူရန္တိသုတ်ဖြင့် အပါဒါန် အမည်မှည့်၍ အပါဒါနေ ပဉ္စမီသုတ်ဖြင့် ပဉ္စမီကေဝုစ် သ္မာ ဝိဘတ်သက်၍ ရုပ်ပြီးနေသော ပုဒ်ဖြစ်၏။

ကေန ဟေတုနာ-၌ ကေန-ကား ဟေတွတ္ထပ္ပယောဂ၌ ဟေတွတ္ထေစ-သုတ်ဖြင့် တတိယာကေဝုစ် နာဝိဘတ်သက်၍ ရုပ်ပြီးနေသော ပုဒ်ဖြစ်၏။ ဤကား ထူးခြားပုံတည်း။

မှတ်ချက်။ ။ ကစ္စည်း၌ကား ကေန ဟေတုနာ-ကို ဒူရန္တိသုတ်၌ပင် ပြထားပါသည်။

မေး။ ဟေတွတ္ထပ္ပယောဂ-၌ သက်နိုင်သော ဝိဘတ်များကို သက်ဆိုင်ရာသုတ်များနှင့် တကွ ရေးသားဖော်ပြပါ။

ဖြေ။ ၁။ ပဉ္စမီဝိဘတ်၊ ဒူရန္တိသုတ်နှင့် အပါဒါနေ ပဉ္စမီသုတ်။
၂။ တတိယာဝိဘတ်၊ ဟေတွတ္ထေ စ-သုတ်တို့ ဖြစ်ပါသည်။

မေး။ (က) ကိ ကာရဏာ (ခ) ကိ ကာရဏံ (ဂ) တံ ကိဿ ဟေတု - ပြယုဂ်တို့၌ ကိ, ကိဿ သဒ္ဒါတို့၏ ရုပ်ပြီးပုံများကို ရေးသားဖြေဆိုပါ။

ဖြေ။ (က) ကိ-တည်၊ ဒူရန္တိ သုတ်ဖြင့် ဟေတွတ္ထပ္ပယောဂ၌ အပါဒါန်အမည်မှည့်၊ အပါဒါနေ ပဉ္စမီ သုတ်ဖြင့် ပဉ္စမီကေဝုစ်သ္မာဝိဘတ်သက်၊ သဗ္ဗာသမာဝုသော-သုတ်ဖြင့် ချေ၊ ပြီး၏။
(ခ) ကိ-တည် ဒူရန္တိ သုတ်ဖြင့် ဟေတွတ္ထပ္ပယောဂ-၌ အပါဒါန်အမည်မှည့်၊ စသဒ္ဒါဖြင့်

http://www.dhammadownload.com

ဒုတိယာဧကဝုစ် အံ-ဝိဘတ်သက်၊ ကွစိလောပံ-သုတ်ဖြင့် နိဂ္ဂဟိတ်ကို ချေ၊ ဣ-ကို ဈ-အမည်မှည့်၊ အံမော နိဂ္ဂဟိတံ ဈလပေဟိ-သုတ်ဖြင့် ဈ-မှ နောက်ဖြစ်သော အံဝိဘတ်ကို ဈ-ထက်၌ နိဂ္ဂဟိတ်ပြု၊ ပြီး၏။

(ဂ) ကိံ-တည်၊ ဒူရန္တိ သုတ်ဖြင့် ဟေတွတ္ထပ္ပယောဂ၌ အပါဒါန်အမည်မှည့်၊ စသဒ္ဒါဖြင့် ဆဋ္ဌီဧကဝုစ် သဝိဘတ်သက်၊ သာဂမော သေ-သုတ်ဖြင့် သ်-လာ၊ သ်, သ သို့ကပ်၊ ဗျဥ္ဇနေ စ-သုတ်ဖြင့် နိဂ္ဂဟိတ်ကို ချေ၊ ပြီး၏။

မှတ်ချက်။ ။ ကိံ နှင့် ကာရဏာ, ကိံ နှင့် ကာရဏံ, ကိဿ နှင့် ဟေတု တို့သည် ဝိဘတ်မတူ တုလျာဓိကရဏဖြစ်သောကြောင့် ကာရဏာ-၌ ကာရဏတ္ထေ စ-သုတ်ဖြင့် သ္မာ-ဝိဘတ်သက်၊ ကာရဏံ-၌ အာလပနေ စ-သုတ်၌ စသဒ္ဒါဖြင့် ပဌမာဧကဝုစ် သိဝိဘတ်သက်ဟုလည်းကောင်း၊ ကာရဏာ, ကာရဏံ-တို့သည် ကိံ နှင့် တုလျာဓိကရဏဖြစ်သောကြောင့် ဤသုတ်ဖြင့် အပါဒါန်အမည်မှည့်၍ အပါဒါနေ ပဥ္စမီသုတ်ဖြင့် ပဥ္စမီသက်၊ ဤသုတ် စသဒ္ဒါဖြင့် ဒုတိယာသက်ဟုလည်းကောင်း အမျိုးမျိုး ယူဆပြောဆိုကြ, ရေးသားတော်မူကြပါသည်။

မေး။ ဝိဝိတ္တပ္ပမာဏ-၌ ''ဝိဝိတ္တ''ဟူသည် အဘယ်နည်း ဖြေဆို၍၊ ယင်းပုဒ်ဖြင့်ပြ ဆိုလိုရင်း အဓိပ္ပါယ်ကိုလည်း ရေးပြပါ။

ဖြေ။ ''ဝိဝိတ္တ'' ဟူသည် ကင်းဆိတ်ခြင်း (ဝိဝေစန) ဖြစ်ပါသည်။ ဤ၌ကား ကင်းဆိတ်ခြင်း အနက်ကိုဟောသည့် ဝိဝိတ္တ, ဝိဝိစ္စ-စသော သဒ္ဒါတို့ကို ယူရပါမည်။ ထိုသဒ္ဒါတို့နှင့်ယှဉ်ရာ၌ အပါဒါန်အမည်မှည့်ပါ-ဟု ပြဆိုလိုရင်း ဖြစ်ပါသည်။

မေး။ ''ပမာဏ''ဟူသည် အဘယ်နည်း ဖြေဆို၍၊ နိမ္မာန-နှင့် ထူးခြားမှု ရှိ/ မရှိကို ရှင်းပြပါ။

ဖြေ။ ''ပမာဏ''ဟူသည် အရာဝတ္ထုတစ်ခုခုကို တိုင်းတာခြင်း (အတို, အရှည် စသော ပမာဏ) ဖြစ်ပါသည်။

''နိမ္မာန'' ဟူသည်ကား ကာလ, အဓွန့်ကို တိုင်းတာခြင်းဖြစ်၍ ၎င်းတို့နှစ်ခု ထူးခြားမှုရှိပါသည်။

မေး။ ''ပုဗ္ဗယောဂ''အဓိပ္ပါယ်ကို ရေး၍၊ ပုဗ္ဗသဒ္ဒါနှင့်ယှဉ်ရာ၌သာ အပါဒါန်အမည် မှည့်ရပါမည်လော၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ 'ပဌမ (ရှေးဦး)'အနက်ဟော ပုဗ္ဗ-သဒ္ဒါနှင့် ယှဉ်ခြင်းသည် ''ပုဗ္ဗယောဂ'' မည်၏။ ယင်းပဌမအနက်ဟော ပုဗ္ဗသဒ္ဒါနှင့်ယှဉ်ရာ၌သာ အပါဒါန်အမည်မှည့်ရသည် မဟုတ်ပါ။ ဤသုတ်၌ 'ပဌမ(ရှေးဦး)'အနက်ဟော ပုဗ္ဗသဒ္ဒါကို ယူခြင်းသည် ဒိသာအနက်မှတစ်ပါးသော ဒေသ, ကာလစသော အခြားအနက်များကို ဟောသည့် ပုဗ္ဗစသောသဒ္ဒါကို မှတ်သားကြောင်း ဥပလက္ခဏနည်းမျှသာဖြစ်သောကြောင့် ယင်းပုဗ္ဗသဒ္ဒါဖြင့် ပရ, အပရ, ဥတ္တရိ-စသော သဒ္ဒါတို့ကိုလည်း ယူနိုင်ရကား ၎င်းတို့နှင့်ယှဉ်ရာ၌လည်း အပါဒါန်အမည်မှည့်ရပါမည်။

အမှာ။ ။''ပုဗ္ဗယောဂ-၌ ပုဗ္ဗ-အရကို ဖော်ပြပါ'' ဟူသောမေးခွန်းကို ဖြေတတ်ပါစေ။

မေး။ ပုဗ္ဗ သဒ္ဒါ ၂-မျိုးကို ဖော်ပြ၍၊ ဤ၌လိုအပ်သော ပုဗ္ဗသဒ္ဒါကိုလည်း အကြောင်းပြဖြေပါ။

ဖြေ။ ပုဗ္ဗသဒ္ဒါ ၂-မျိုးမှာ (၁) ဒိသတ္ထဝါစီပုဗ္ဗ (၂) အဒိသတ္ထဝါစီ (ကာလ, ဒေသ, ဝတ္ထုအနက်ဟော) ပုဗ္ဗ-တို့ ဖြစ်ပါသည်။ ထိုတွင် ဒိသတ္ထဝါစီ ပုဗ္ဗသဒ္ဒါကို ဒိသာယောဂ၌

http://www.dhammadownload.com

ယူပြီးဖြစ်သောကြောင့် ဤ၌ အဒိသတ္တဝါစီ ပုဗ္ဗ-သဒ္ဒါကိုသာ ယူရပါမည်။

မေး။ ပုဗ္ဗယောဂ အပါဒါန်ပုံစံများကို သိသာထင်ရှားအောင် ခွဲခြားဖော်ပြပါ။

ဖြေ။ ပုဗ္ဗေဝ မေ ဘိက္ခဝေ သမ္မောဓာ၊ ဣတော ပုဗ္ဗေ နာဟောသိ-တို့သည် ကာလတ္တဝါစီ ပုဗ္ဗသဒ္ဒါ၏ ယှဉ်ရာ၌ အပါဒါန်ဖြစ်သော ပုံစံများ ဖြစ်ပါသည်။

တတော ပရံ ပစ္ဆိန္နိမာ ဇနပဒါ၊ ဓာတုလိင်္ဂဟိ ပရာ ပစ္ဆာ-တို့သည် ဒေသတ္တဝါစီ ပရ-သဒ္ဒါ၏ ယှဉ်ရာ၌ အပါဒါန်ဖြစ်သော ပုံစံများ ဖြစ်ပါသည်။

တတော ဥတ္တရိပ္ပိ-သည် ဝတ္ထုဝါစီ ဥဂ္ဂရိ-သဒ္ဒါ၏ ယှဉ်ရာ၌ အပါဒါန်ဖြစ်သော ပုံစံ ဖြစ်ပါသည်

မေး။ ဗန္ဓနတ္ထပွယောဂ (နှောင်ဖွဲ့ခြင်း အနက်ဟော သဒ္ဒါ၏အယှဉ်)၌ အဘယ်သဒ္ဒါနောင် အဘယ် ဝိဘတ်များ သက်ရပါမည်နည်း၊ ရှင်းပြပါ။

ဖြေ။ နှောင်ဖွဲ့ခြင်းအနက်ဟော သဒ္ဒါ၏အယှဉ်ဝယ် နှောင်ဖွဲ့ခြင်း၏အကြောင်းဖြစ်သော ကြွေးမြီ အနက်ဟော သဒ္ဒါနောင် ပဉ္စမီဝိဘတ်နှင့် တတိယာဝိဘတ်များ သက်ရပါမည်။

မှတ်ချက်။ ။ ''ပဉ္စမီဝိဘတ်သက်''ဟုဆိုသော်လည်း ဤသုတ်ဖြင့် မသက်ရ၊ ဤသုတ်ဖြင့် အပါဒါန်အမည်မှည့်၍ အပါဒါနေပဉ္စမီ-သုတ်ဖြင့် သက်ရပါမည်။ တတိယာဝိဘတ်ကို ဤသုတ်၌ စသဒ္ဒါဖြင့် သက်ရပါမည်။

အထူးမှတ်ဖွယ်။ ။ ဤဗန္ဓနတ္ထပွယောဂ-ဖြင့် ဟိတ်အနက်၌ တတိယာဝိဘတ်ကို တားမြစ်သည်-ဟု မှတ်သားပါ။

မေး။ (က) အတ္တဒန္တော တတော ဝရံ (ခ) တတော ဥတ္တရိပ္ပိ-တို့၌ တတော-တို့၏ ခြားနားချက်ကို ဖော်ပြပါ။

ဖြေ။ (က) ၌ တတော-သည် ဝိဘတ္တအပါဒါန်ဖြစ်၍ (ခ) ၌ တတော-သည် ပုဗ္ဗယောဂ အပါဒါန် ဖြစ်ပါသည်။

မေး။ ''ဂုဏဝစန'' ဟူသည် အဘယ်နည်း ဖြေဆိုပါ။

ဖြေ။ ''ဂုဏဝစန'' ဟူသည် အကျိုးပြုခြင်း၏ အကြောင်းဖြစ်သောဂုဏ်ကို ဟောသော သဒ္ဒါ ဖြစ်ပါသည်။

မေး။ ဂုဏဝစန-၌ ဂုဏ-အရကို ပေါ်လွင်အောင် ရေးပြပါ။

ဖြေ။ စောင့်ရှောက်ရခြင်း, အခိုးမွမ်းခံရခြင်း, ကိလေသာတို့မှ လွတ်မြောက်ခြင်း စသော အကျိုးကို ပြီးစေတတ်သည့် ဣသရိယ (ရာထူးဌာနန္တရ), သီလ,ပညာ-စသော ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော ဝိသေသန အပွဓာန ဂုဏ်များကို ယူရပါမည်။

မေး။ ဂုဏဝစန-နှင့်စပ်၍ သိအပ်သိထိုက်သော ဟိတ် ၂-မျိုးကို ဖော်ပြ၍၊ ဤ၌လိုအပ်သော ဟိတ်ကိုလည်း ဖော်ပြပါ။

ဖြေ။ ၁။ ဖလသာဓနဟိတ် = သက်ဆိုင်ရာအကျိုးကို ပြီးစေတတ်သော အကြောင်းရိုးရိုး။
၂။ ပယောဇကဟိတ် = သူတစ်ပါးကို စေခိုင်းတိုက်တွန်းတတ်သောဟိတ်။
ထိုတွင် ဤ၌ ဖလသာဓနဟိတ်ကို ယူရပါမည်။

မှတ်ချက်။ ။ ဤဖလသာဓနဟိတ်ကို ''ဂုဏဟိတ်''ဟုလည်း ဆိုကြသည်။

http://www.dhammadownload.com

မေး။ ဂုဏ်ဝစန–ဝယ် အဘယ်သဒ္ဒါ၌ အဘယ်ဝိဘတ်များ သက်ရပါသနည်း။

ဖြေ။ ကျသရိယ, သီလ, ပညာ–စသော ဂုဏ်ဟောသဒ္ဒါ၌ ပဉ္စမီ, တတိယာဝိဘတ်များ သက်ရပါမည်။

– ကျသရိယာယ ဇနံ ရက္ခတိ ရာဇာ, ကျသရိယေန ဝါ။
သီလတော နံ ပသံသန္တိ, သီလေန ဝါ။
ပညာယ ဝိမုတ္တိမနော။

မေး။ ပဥ္စ, ကထနတို့၌ အပါဒါန်ဖြစ်ပုံ ပုံစံများကို ကစ္စည်းပုံစံများနှင့် ယှဉ်တွဲ ထုတ်ပြ၍၊ ကထန–ဟူသည် အဘယ်နည်း၊ ရိုးရိုးစကားပြောခြင်းကို ဆိုလိုပါသလော ဖြေဆိုပါ။

ဖြေ။ ကုတော'သိ တွံ (=သင် ဘယ်ကလဲ)၊ ကုတော ဘဝံ (=အရှင် ဘယ်မှနည်း = အရှင် ဘယ်ကလဲ)။ (ပဥ္စ)
ပါဠလိပုတ္တတော (ပါဠလိပုတ်ပြည်မှတည်း)။ (ကထန) **(ရူ–အလို)**
– အဘိဓမ္မာ ပုစ္ဆန္တိ၊ အဘိဓမ္မံ သုတ္တာ၊ အဘိဓမ္မေ ဌတ္တာ ဝါ။ (ပဥ္စ)
အဘိဓမ္မာ ကထယန္တိ၊ အဘိဓမ္မံ သုတ္တာ၊ အဘိဓမ္မေ ဌတ္တာ ဝါ။ (ကထန)
(ကစ္စည်းအလို)
''ကထန'' ဟူသည် ရိုးရိုးစကားပြောဆိုခြင်းမဟုတ်၊ ဖြေဆိုခြင်း ဖြစ်ပါသည်။

မှတ်ချက်။ ။ ကစ္စည်းပြယုဂ်များကို ရူပသိဒ္ဓိဆရာက မနှစ်သက်သောကြောင့် ကစ္စည်းသို့ မလိုက်ဘဲ သက္ကတကျမ်းတို့နှင့်အညီ ထုတ်ပြထားသည်ဟု မှတ်ပါ။

ဥပါတ္တဝိသယအပါဒါန်။ ။ ကာတန္တဂုတ္တိပဠိကာ, မောဂ္ဂလ္လာန်တို့၌ ''ကုတော ဘဝံ, ပါဠလိပုတ္တာ၊ (ပါဠလိပုတ္တတော)''တို့ကို ဥပါတ္တဝိသယအပါဒါန် ဟု ဆိုကြသည်။ ''ကုတော ဘဝံ (အာဂစ္ဆသိ)၊ ပါဠလိပုတ္တာ (အာဂစ္ဆာမိ) ''ဟုထုတ်ဆောင်အပ်သော ကြိယာရှိသော အပါဒါန်များ ဖြစ်၏'' ဟူလို။

မေး။ ထောကတ္ထ–၌ အဘယ်သဒ္ဒါတို့ကို အဘယ်အနက်၌ အပါဒါန်အမည်မှည့်၍၊ အဘယ်ဝိဘတ်များ သက်ရပါမည်နည်း။

ဖြေ။ ထောက, အပ္ပမတ္တက, ကိစ္ဆ, ကတိပယ–စသော ဂုဏ်ဟောသဒ္ဒါတို့ကို ကရိဏ်းအနက်၌ အပါဒါန်အမည်မှည့်၍၊ ပဉ္စမီ, တတိယာဝိဘတ်များ သက်ရပါမည်။ (ကရဏော တတိယာ–သုတ်ဖြင့် တတိယာသက်။)

– ထောကာ မုစ္စတိ၊ ထောကေန မုစ္စတိ ဝါ။
အပ္ပမတ္တကာ မုစ္စတိ၊ အပ္ပမတ္တကေန မုစ္စတိ၊ ဝါ။
ကိစ္ဆာ မုစ္စတိ၊ ကိစ္ဆေန ဝါ။

သိမှတ်ဖွယ်။ ။ ထောက–အရ ထောကအနက်ရှိသော ထောက, အပ္ပမတ္တက စသောသဒ္ဒါကိုသာ ယူရသည် မဟုတ်၊ ထောကအနက် မရှိသော ကိစ္ဆ, ကတိပယ–စသော သဒ္ဒါတို့ကိုလည်း ယူရသောကြောင့် 'ထောကတ္ထ'ကို ဥပလက္ခဏနည်း ဟု မှတ်ပါ။ အသတွဝစနေ–ကား ထောကတ္ထ–၏ ဆိုလိုရင်းကို ဖွင့်ပြခြင်း ဖြစ်သည်ဟု မှတ်ပါ။

http://www.dhammadownload.com

မေး။ ထောကာ'ကတ္တုသု စ –၌ ''အကတ္တု'' ဟူသည် အဘယ်နည်း ဖြေဆို၍၊ သက်ဆိုင်ရာ ပုံစံများကိုလည်း ထုတ်ပြပါ။

ဖြေ။ ''အကတ္တု'' ဟူသည် ကာရကဟိတ်မဟုတ်သော ဉာပကဟိတ် ဖြစ်ပါသည်။
–ကမ္မဿ ကတတ္တာ ဥပစိတတ္တာ ဥဿန္နတ္တာ ဝိပုလတ္တာ ဥပ္ပန္နံ ဟောတိ စက္ခုဝိညာဏံ။
–နာ တာဝိဒံ နာမရူပံ အဟေတုကံ သဗ္ဗတ္ထ သဗ္ဗဒါ သဗ္ဗေသဉ္စ ကေသဒိသဘာဝါပတ္တိတော။

မှတ်ချက်။ ။ ဉာပကဟေတုမှိ–ဖြင့် ကာရကဟိတ် (ဇနကဟိတ်) သမ္ဘာပကဟိတ် တို့ကို နှစ်စေသည်။

မေး။ ကမ္မဿ ကတတ္တာ ။ပ။ ဥပ္ပန္နံ ဟောတိ စက္ခုဝိညာဏံ–ပြယုဂ်၌ ဉာပကဟိတ်ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ကမ္မဿ ကတတ္တာ ဥပစိတတ္တာ ဥဿန္နတ္တာ ဝိပုလတ္တာ–ဟူသော ဟိတ်တို့သည် ဗလဝကံကြောင့်သာ စက္ခုဝိညာဉ် အပြည့်အစုံဖြစ်သည်၊ ဒုဗ္ဗလကံကြောင့် အပြည့်အစုံ မဖြစ်ဟု စက္ခုဝိညာဉ် အပြည့်အစုံဖြစ်ခြင်းကို သိစေတတ်သောကြောင့် ဉာပကဟိတ်များ ဖြစ်ကြပါသည်။ (ဆရာမြတ်တို့က ရိုးရိုးဟိတ်ဟုပင် ယူလိုကြပါသည်။)

သိမှတ်ဖွယ်။ ။ 'ကမ္မဿ ကတတ္တာ'စသည်သည် ဉာပက၊ 'ဥပ္ပန္နံ ဟောတိ စက္ခု–ဝိညာဏံ'သည် ဉာပျ–ဟု သိပါ။

မေး။ ''နာ တာဝိဒံ နာမရူပံ အဟေတုကံ, သဗ္ဗတ္ထ သဗ္ဗဒါ သဗ္ဗေသဉ္စ ကေသဒိသဘာဝါပတ္တိတော''၌ ဉာပကဟိတ်ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ သဗ္ဗတ္ထ သဗ္ဗဒါ သဗ္ဗေသဉ္စ ကေသဒိသဘာဝါပတ္တိတော–ဟူသော ဟိတ်သည် နာမ်ရုပ်တို့၌ အကြောင်းမရှိသည် မဟုတ်, အကြောင်းရှိသည်ဟု သိစေတတ်သောကြောင့် ဉာပက ဟိတ် ဖြစ်ပါသည်။

မေး။ ဟုတွာ အဘာဝတော'နိစ္စာ–စသော ဂါထာ၌ ဉာပကဟိတ်ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ယင်းဂါထာ၌ ဟုတွာ အဘာဝတော, ဥဒဗ္ဗယဝိဋ္ဌနာ, အဝသဝတ္တိတ္တာ–တို့သည် သခါရ တရားတို့ မမြဲကြောင်း, ဒုက္ခတရားတွေဖြစ်ကြောင်း, အနတ္တဖြစ်ကြောင်းကို သိစေတတ် သောကြောင့် ဉာပကဟိတ်များ ဖြစ်ကြပါသည်။

၂၇၆၊ ၃၀၂။ ယဿ ဒါတုကာမော ရောစတေ ဓာရယတေ ဓါ တံ သမ္ဘဒါနံ။ (၁၅၁)

မေး။ ဓာရယတေ–ဟူသည် အဘယ်နည်း။

ဖြေ။ ဆောင်မိုးပေးခြင်း ဖြစ်ပါသည်။

မေး။ သမ္ဘဒါန–ပုဒ်ကို ဝစနတ္ထပြုပြု၍၊ အရကောက်ပြီးလျှင်၊ အဓိပ္ပါယ်လည်း ရေးပြပါ။

ဖြေ။ သမ္ဘာ ပဒီယတေ အဿာတိ သမ္ဘဒါနံ (သမ္ဘဒါနသာဓန)။ ခံယူတတ်သော ပုဂ္ဂိုလ်, ဝတ္ထုကို ရပါသည်။
ကောင်းစွာပေးရာဖြစ်သောကြောင့် ခံယူတတ်သော ပုဂ္ဂိုလ်, ဝတ္ထုသည် 'သမ္ဘဒါန်'' မည်ပါသည်။

http://www.dhammadownload.com

မေး။ သမ္မဒါန-ပုဒ်၌ ''သံ(သမ္မာ)''ဟူသည် အဘယ်ပါနည်း ဖြေဆိုပါ။

ဖြေ။ ပူဇော်လို, ချီးမြှောက်လို၍ ပေးခြင်းမျိုးကို ''သံ (သမ္မာ)''ဟု ဆိုရပါသည်။

မှတ်ဖွယ်။ ။ ငယ်သူ, အောက်ကျသူက ကြီးသူ, အထက်တန်းကျသူအား ပေးရာ၌ ပူဇော်လို၍ပေးခြင်း ဖြစ်သည်။ ကြီးသူ, အထက်တန်းကျသူက ငယ်သူ, အောက်တန်းကျသူ အား ပေးရာ၌ ချီးမြှောက်လို၍ ပေးခြင်းဖြစ်သည်ဟု မှတ်ပါ။

အပိုင်ရမှ သမ္မဒါန်ဖြစ်။ ။ ထိုသို့ပေးရာ၌ ခံယူသူက အပိုင်ရမှ သမ္မဒါန် ဖြစ်ပါသည်။

မေး။ ပေးတိုင်းသမ္မဒါန်ဖြစ်သည်ဟု မှတ်ရပါမည်လော၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ပေးတိုင်း သမ္မဒါန်ဖြစ်သည်မဟုတ်ပါ။ အပိုင်ပေးလိုသော ဆန္ဒရှိမှသာ သမ္မဒါန် ဖြစ်ပါသည်။ ''ရညော ဒဏ္ဍံ ဒဒါတိ (= မင်း၏ ဒဏ်ငွေကို ပေးဆောင်၏။)''ဟူသော ပြယုဂ်၌ အပိုင် ပေးလိုသော ဆန္ဒမရှိ မတတ်သာ၍ ပေးရခြင်းဖြစ်သောကြောင့် သမ္မဒါန် မဖြစ်ပါ။ သမ္မန်သာ ဖြစ်ပါသည်။

မေး။ (က) ရာဇကဿ ဝတ္ထုံ ဒဒါတိ (ခ) ဒေဝဒတ္တဿ ကဏ္ဌံ ဒဒါတိ-တို့၌ သမ္မဒါန်ဖြစ်/ မဖြစ် စိစစ်ဆုံးဖြတ်ပါ။

ဖြေ။ ပူဇော်လို, ချီးမြှောက်လို၍ **ပေးခြင်းဟူသော ''သမ္မာပေး''** မဟုတ်သောကြောင့် အဆိုပါ ပုံစံတို့၌ သမ္မဒါန် မဖြစ်ပါ။ **(ဦးကာနှင့် ဘောဒစိန္တာ။)**

မှတ်ချက်။ ။ ပါဠိ, အဋ္ဌကထာတို့ အလိုမူ သမ္မဒါန် ဖြစ်ပါသည်။

မေး။ သမ္မဒါန် ၃-မျိုးကို ပုံစံများနှင့်တကွ ရှင်းပြခဲ့ပါ။

ဖြေ။ ၁။ မတားမြစ်တတ်သော သမ္မဒါန်သည် ''အနိဝါရဏ (အနိရာကရဏ)သမ္မဒါန်'' ဖြစ်ပါသည်။

ပုံစံ - ဗောဓိရုက္ခဿ ဇလံ ဒေတိ။

ဤပုံစံ၌ ဗောဓိရုက္ခဿ-သည် မတားမြစ်တတ်သောကြောင့် ''အနိဝါရဏ (အနိရာကရဏ) သမ္မဒါန်'' ဖြစ်ပါသည်။

၂။ တိုက်တွန်းတတ် (တောင်းတတ် = **နှစ်သက်စေတတ်)**သော သမ္မဒါန်သည် ''**အဇ္ဈေသန(အာရာဓန) သမ္မဒါန်**'' ဖြစ်ပါသည်။

ပုံစံ - ယာစကာနံ ဓနံ ဒဒါတိ။

ဤပုံစံ၌ ယာစကာနံ-ဟူသော သမ္မဒါန်သည် တိုက်တွန်းတတ် (တောင်းတတ်) သောကြောင့် ''အဇ္ဈေသန (အာရာဓန) သမ္မဒါန်'' ဖြစ်ပါသည်။

၃။ ခွင့်ပြုတတ်သောသမ္မဒါန်သည် ''အနုမတိ (အဇ္ဈနုည) သမ္မဒါန်'' ဖြစ်ပါသည်။

ပုံစံ - ဘိက္ခူနံ ဒါနံ ဒေတိ။

ဤပုံစံ၌ ဘိက္ခူနံ-ဟူသောသမ္မန်သည် ခွင့်ပြုတတ်သောကြောင့် ''အနုမတိ (အဇ္ဈနုည) သမ္မဒါန်'' ဖြစ်ပါသည်။

မေး။ ရုစတ်, ခမတ် စသည်တို့ ယှဉ်ရာ၌ ပါဠိရေးသားစီကုံးနည်းကို ဖော်ပြပါ။

ဖြေ။ ရုစတ်, ခမတ်တို့ယှဉ်ရာ၌ ကတ္တားကို သမ္မဒါန်အနေအားဖြင့်လည်းကောင်း၊ ကံကို ကတ္တားအနေဖြင့်လည်းကောင်း ရေးသားစီကုံးရပါသည်။ အဓိပ္ပါယ်ကိုကား အဖြောင့်အားဖြင့် ယူရပါသည်။

http://www.dhammadownload.com

''သမဏသ ရောစတေ သစ္စံ'' ၌ သမဏ–သည် ကတ္တား, သစ္စ–သည် ကံ ဖြစ်၏။ ရုစတ်နှင့်ယှဉ်ရာ၌ ကတ္တားဖြစ်သော သမဏ–ကို ''သမဏသ''ဟု သမ္ဗန်ိ အနေအားဖြင့် ရေး၍၊ ကံဖြစ်သော သစ္စ–ကို ''သစ္စံ''ဟု ကတ္တားအနေအားဖြင့် ရေးသား ရပါသည်။

ပါဠိုရေးထုံးအရ ''သမဏသ ရောစတေ သစ္စံ = ရဟန်းအား မှန်သောစကားသည် နှစ်သက်၏''ဟု ဖြစ်သော်လည်း အဓိပ္ပါယ်ယူရာ၌ ''ရဟန်းသည် မှန်သောစကားကို နှစ်သက်၏''ဟု အဖြောင့်အားဖြင့် ယူရပါမည်။

''ယသ္သာ'ယသ္မတော ခမတိ နာဂသ ဥပသမ္မဒါ'' ပြဃုဂ်၌ ''ယ–အာယသ္မာ'' သည် ကတ္တား, (''နာဂသ) ဥပသမ္မဒါ''သည် ကံ ဖြစ်၏။ ခမတ်နှင့်ယှဉ်ရာ၌ ကတ္တားဖြစ်သော 'ယ–အာယသ္မာ' ကို 'ယသ္သာ'ယသ္မတော'ဟု သမ္ဗန်ိအနေအားဖြင့် ရေး၍၊ ကံဖြစ်သော '(နာဂသ) ဥပသမ္မဒါ'ကို ကတ္တားအနေအားဖြင့် ရေးသားရပါသည်။ အဓိပ္ပါယ်ကိုကား ''အကြင်အရှင်သည် နာဂ၏ ရဟန်းအဖြစ်ကို နှစ်သက်၏''ဟု အဖြောင့် အားဖြင့် ယူရပါမည်။

ပြင်ဆင်ချက်။ ။ ရူပသိဒ္ဓိနိယံ၌ ''ဒါ နှင့် ရုစ၊ ခမ–စသား၊ ဓာတ်အများ၌''ဟု ရေးခဲ့သည်။ ၄င်းကို ''ရုစ, ခမ၊ အစရှိသား၊ ဓာတ်အများ၌''ဟု ပြင်မှတ်ပါ။

မေး။ ''မာယသ္မန္တာနမ္ပိ သံယဘေဒေါ ရုစ္စိတ္ထ''ကို အနက်မှန်ပေးပြ၍၊ ယင်းပြဃုဂ်နှင့် စပ်သော သိမှတ်ဖွယ်ကိုလည်း ရှင်းပြပါ။

ဖြေ။ ''အာယသ္မန္တာနမ္ပိ၊ အရှင်တို့အားလည်း။ သံယဘေဒေါ၊ သံဃာကွဲပြားခြင်းသည်။ မာ ရုစ္စိတ္ထ၊ မနှစ်သက်ပါလင့်''ဟု အနက်မှန် ပေးရပါမည်။

ဤပြဃုဂ်၌ အာယသ္မန္တ–သည် ကတ္တားဖြစ်၍၊ သံယဘေဒ–သည် ကံ ဖြစ်၏။ ပါဠိုရေးထုံးအရ ရုစတ်၏အယှဉ်ဖြစ်၍ ကတ္တားဖြစ်သော အာယသ္မန္တ–ကို သမ္ဗန်ိ အနေအားဖြင့်လည်းကောင်း၊ ကံဖြစ်သော သံယဘေဒ–ကို ကတ္တားအနေအားဖြင့် လည်းကောင်း ရေးသားထားခြင်းဖြစ်ပါသည်။

အဓိပ္ပါယ်ကိုကား– ''အရှင်တို့သည် သံဃာကွဲပြားခြင်းကို မနှစ်သက်ပါလင့်'ဟု အဖြောင့် အားဖြင့် မှတ်သားရပါမည်။

၃၀၃၊ သီလာဃ ဟနုဋ္ဌာသပ ။ပ။ သတ္တမျတ္ထေသု စ။ (၁၅၁)

မေး။ သီလာဃ–စသောသုတ်သည် ဘယ်နှပုဒ်ရှိသောသုတ် ဖြစ်ပါသနည်း။

ဖြေ။ ''သီလာဃဟနုဋ္ဌာသပ ။ ပ ။ မညာနာဒရပ္ပါဏိနိ + ဂတျတ္ထကမ္မနိ + အာသီသတ္ထသမ္ပုတိ ဘိယျသတ္တမျတ္ထေသု + စ'' ဟု ၄–ပုဒ်ရှိသောသုတ် ဖြစ်ပါသည်။

မေး။ သီလာဃ–သုတ်ပါ စသဒ္ဒါ၏အနက်ကို ရေးပြပါ။

ဖြေ။ စသဒ္ဒါသည် ပဟိဏာတိ, ကပ္ပတိ, ပဟောတိ ကြိယာ၊ ဥပမာ, အဥ္ဇလိကရဏ, ဖာသု, အတ္ထ, သေယျ–စသော သဒ္ဒါတို့ကို ဆည်းခြင်း သမုစ္စည်းအနက် ရှိပါသည်။

ထိုကြိယာ, ထိုသဒ္ဒါတို့၏ယှဉ်ရာ၌လည်း သမ္ဗန်ိအမည်မှည့်၍ စတုတ္ထီဝိဘတ်သက်ပါ–ဟု ဆိုလိုပါသည်။

http://www.dhammadownload.com

မေး။ ဟနုတေ မယှမေဝ–၌ ဟနုတေ–ဟူသည် အဘယ်နည်း၊ ဖြေဆိုပါ။

ဖြေ။ ''ဟနုတေ'' ဟူသည် စကားမပြန် လိမ်ညာဏ်ဖြင့်နေခြင်း (စကားမဆိုခြင်း)၊

တစ်နည်း–အမှန်ကိုပယ်ရှား၍ မုသားစကားအမှားကို ပြောဆိုခြင်း (လိမ်ညာခြင်း) ဖြစ်ပါသည်။

မှတ်ချက်။ ။ ပထမနည်းကို ဆရာမြတ်တို့ နှစ်သက်တော်မမူကြပါ။

မေး။ ဥပတိဋ္ဌေယျ သက္ကပုတ္တာနံ ဝဟုကီ–၌ ''ဥပဋ္ဌာန''အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ အနီး၌တည်နေခြင်း = ဆည်းကပ်ခစားခြင်းကို ''ဥပဋ္ဌာန''ဟု ဆိုပါသည်။

မေး။ တုယှံ သပတေ၊ မယှံ သပတေ–၌ ''သပန'' ဟူသည် အဘယ်ပါနည်း။

ဖြေ။ ''သပန'' ဟူသည် သူတစ်ပါးတို့ ယုံကြည်စေလို၍ သစ္စာဆိုခြင်း၊ သစ္စာပြုခြင်း ဖြစ်ပါသည်။

မေး။ (ကာရိတန္တ ဘူပါဒိဂဏိက) ဓရဓာတ်၏အယှဉ်၌ အဘယ်အရာသည် သမ္ပဒါန်ဖြစ်ပါသနည်း။

ဖြေ။ ဓရဓာတ်၏ အယှဉ်၌ ဥစ္စာရှင် (ကြွေးရှင်မြီရှင်)သည် သမ္ပဒါန်ဖြစ်ပါသည်။

မှတ်ချက်။ ။ ဘာသာဋီကာ၌ စုရာဒ°ဓရဓာတ်ဟု ဆိုပါသည်။

မေး။ သုဝဏ္ဏံ တေ ဓာရယတေ–၌ ဓာရယတေ–၏ အဓိပ္ပါယ်အမျိုးမျိုးကို ဖော်ပြပါ။

ဖြေ။ ဓာရယတေ–ကို ရူပသိဒ္ဓိ၌ ''ကွဏ် ဓာရယတိ''ဟု ဖွင့်၍၊ သဒ္ဒနီတိ သုတ္တမာလာ၌ ''ဓာရယတေတိ ကွဏာဝသေန ဂဏှာတိ၊ ကွဏ် ကတွာ ဂဏှာတီတိ အတ္ထော''ဟု ဖွင့်သည်။ ၄င်းတို့အလို ''ကြွေးမြီအဖြစ်ဖြင့် ဆောင်ထားခြင်း ယူထားခြင်း ကြွေးတင်နေခြင်း'' ကို ''ဓာရယတေ''ဟု ဆိုပါသည်။

ဗာလာဝတာရ၌ ''ကွဓ ဓာရဏ မိဏာဒေယျတာ = ကြွေးမြီကို ပေးဆပ်ထိုက်သည်၏ အဖြစ်တည်း''ဟု ဖွင့်သည်။ ၄င်းအလိုလည်း ''ကြွေးတင်နေခြင်း''ကိုပင် ''ဓာရယတေ'' ဟု ဆိုလိုဟန်ရှိပါသည်။

ဆရာမြတ်တို့ကား ''ဆောင်နှင်းအပ်ပေး ကြွေးဆပ်ခြင်း ဆက်သခြင်း''ဟု ဆိုကြပါသည်။

မေး။ ပိဟဓာတ်၏အယှဉ်၌ အဘယ်အရာသည် သမ္ပဒါန်ဖြစ်ပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ ပိဟဓာတ်၏အယှဉ်၌ လိုလားတောင့်တအပ်သော (ကျွန်ုပ်တဖြစ်သော) ဘုရား၊ ရဟန္တာ စသည်တို့ သမ္ပဒါန်ဖြစ်ပါသည်။

မေး။ ကုဓ, ဒုဟ စသောဓာတ်တို့၏အယှဉ်၌ အပါဒါန်ဖြစ်ပုံကိုရေးပြပါ။

ဖြေ။ အကြင်ပုဂ္ဂိုလ်ကို စွဲ၍ (အကြောင်းပြု၍) စိတ်ဆိုး၏၊ ထိုစိတ်ဆိုးအပ်သူ = စိတ်အဆိုးခံရသူသည် သမ္ပဒါန် ဖြစ်ပါသည်။

မေး။ ရာဓ, ကွက္ခ စသောဓာတ်တို့၏ ယှဉ်ရာ၌ အဘယ်အရာသည် သမ္ပဒါန် ဖြစ်ပါသနည်း။

ဖြေ။ အမှုထင်ရှားစေခြင်းအကျိုးငှာ အမေးခံရသော မင်းစသောပုဂ္ဂိုလ်များသည် သမ္ပဒါန် ဖြစ်ပါသည်။

မှတ်ချက်။ ။ ဗာလာဝတာရနှင့် သက္ကတသဒ္ဒါကျမ်းတို့အလိုကား ''မေးခြင်းနှင့် စပ်ဆိုင်သူ (မေးတတ်သူ) သမ္ပဒါန်ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ ရာဓ, ကြက္ခ စသောဓာတ်တို့၏အယှဉ်၌ စတုတ္ထိဝိဘတ်သာ သက်ရပါမည်လော၊ အကြောင်းပြု၍ ဖြေဆိုပါ။

ဖြေ။ စတုတ္ထိဝိဘတ်သာ သက်ရမည်မဟုတ်၊ ယဿ ဝါ ဒါတုကာမော–သုတ်မှ ဝါ–သဒ္ဒါလိုက်လာသောကြောင့် ဒုတိယာလည်း သက်နိုင်ပါသည်။

– ရညော အပရဇ္ဈတိ၊ ရာဇာနံ ဝါ အပရဇ္ဈတိ။

– အာယသ္မတော ဥပါလိတ္ထေရဿ ဥပသမ္ပဒါပေက္ခော ဥပတိဿော, အာယသ္မန္တံ ဝါ။

မေး။ ''ပစ္စာသုဏာ အနုပတိဂိဏှာနံ ဗုဇ္ဈကတ္တာ''ဝါကျ၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ပတိ ရှေး, အာ ရှေးရှိသော သုဓာတ်, အနုရှေး ပတိရှေးရှိသော ဂေဓာတ်တို့၏ယှဉ်ရာ၌ ရှေ့ဝါကျရှိ ကြိယာ၏ကတ္တားသည် သမ္ပဒါန်ဖြစ်ပါသည်။ (ရှေ့ဝါကျရှိ ကြိယာ၏ကတ္တားကို နောက်ဝါကျ၌ သမ္ပဒါန်ထား၍ ရေးသားရမည်–ဟု ဆိုလိုပါသည်။)

မေး။ ပတိ ရှေး, အာ ရှေးရှိသော သုဓာတ်၏ အယှဉ်၌ သမ္ပဒါန်ဖြစ်ပုံကို ပြယုဂ်ပုံစံများဖြင့် ရှင်းပြပါ။

ဖြေ။ ''ဘဂဝါ ဘိက္ခူ **တေဒဂေါစ**''၌ ဘဂဝါ–သည် **အဂေါစ**–ကြိယာ၏ ကတ္တားဖြစ်၏။ ပတိ ရှေး အာ ရှေးရှိသော သုဓာတ်နှင့် ယှဉ်သောအခါ ထို ဘဂဝါ–ဟူသော ရှေ့ဝါကျရှိ အဂေါစ–ကြိယာ၏ ကတ္တားသည် နောက်ဝါကျ၌ ''ဘိက္ခူ **ဘဂဝတော** ပစ္စဿောသုံ'' ဟု သမ္ပဒါန် ဖြစ်လာပါသည်။

''ဗုဒ္ဓေါ ဘိက္ခူ **တေဒဂေါစ**''၌ ဗုဒ္ဓေါ–သည် အဂေါစ–ကြိယာ၏ကတ္တား ဖြစ်၏။ အာ–ရှေးရှိသော သုဓာတ်နှင့် ယှဉ်သောအခါ ထိုဗုဒ္ဓေါ–ဟူသော ရှေ့ဝါကျရှိ ကြိယာ၏ ကတ္တားသည် ''**အာသုဏာန္တိ ဗုဒ္ဓဿ** ဘိက္ခူ''ဟု သမ္ပဒါန် ဖြစ်လာပါသည်။

မေး။ အနု ရှေး ပတိရှေးရှိသော ဂေဓာတ်၏အယှဉ်၌ သမ္ပဒါန်ဖြစ်ပုံကို ဖော်ပြပါ။

ဖြေ။ ''ဘိက္ခု ဇနံ ဓမ္မံ သာဝေတိ''၌ ဘိက္ခု–သည် သာဝေတိ–ကြိယာ၏ ကတ္တားဖြစ်၏။ အနု ရှေး ပတိရှေးရှိသော ဂေ–ဓာတ်နှင့်ယှဉ်သောအခါ ထို ဘိက္ခု–ဟူသော ရှေ့ဝါကျရှိ သာဝေတိ–ကြိယာ၏ ကတ္တားသည် ''**တဿ ဘိက္ခုနော** ဇနော အနုဂိဏာတိ၊ **တဿ ဘိက္ခုနော** ဇနော ပတိဂိဏာတိ''ဟု သမ္ပဒါန် ဖြစ်လာရပါသည်။

မေး။ တဿ ဘိက္ခုနော ဇနော အနုဂိဏာတိ, ပတိဂိဏာတိ–၌ အနုဂိဏာတိ, ပတိဂိဏာတိ–တို့၏ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ကောင်းချီးပေးခြင်းစသည်ဖြင့် အားတက်စေခြင်းကို ''အနုဂိဏာတိ၊ ပတိဂိဏာတိ'' ဟုဆိုပါသည်။

မေး။ ဘဂဝါ ဘိက္ခူ **တေဒဂေါစ**–၌ ကံ ၂–ခုပါရှိရာ အဘယ်သည် အဘယ့်ကြောင့် အဘယ်ကံဖြစ်ပါသနည်း။

ဖြေ။ ဘိက္ခူ–သည် အဂေါစ–၌ ဝစနကြိယာဖြင့် ရောက်ခြင်းငှါ အလိုမရှိအပ်သောကြောင့်လည်းကောင်း၊ မပြဋ္ဌာန်းသောကြောင့်လည်းကောင်း ''အကထိတကံ'' ဖြစ်ပါသည်။

http://www.dhammadownload.com

ဇော်-သည် ဝစနကြိယာဖြင့် ရောက်ခြင်းငှါ အလိုရှိအပ်သောကြောင့်လည်းကောင်း၊ ပြဋ္ဌာန်းသောကြောင့်လည်းကောင်း ''ကထိတကံ'' ဖြစ်ပါသည်။

မေး။ ကတ္တား, ကံ, သမ္ပဒါန်တို့၏ အဓိပ္ပါယ်ကို ရေးသားဖြေဆိုပါ။

ဖြေ။ ပြောဆိုတတ်သူသည် 'ကတ္တား'၊ ပြောဆိုအပ်သော စကားသည် 'ကံ'၊ ခံယူတတ်သော သူသည် 'သမ္ပဒါန်' ဖြစ်ပါသည်။

မေး။ ပြောကြားခြင်းအနက်ရှိသော ဓာတ်တို့နှင့်ယှဉ်ရာ၌ အဘယ်အရာသည် သမ္ပဒါန် ဖြစ်ပါသနည်း။

ဖြေ။ ပြောဆိုအပ်ရာပုဂ္ဂိုလ်သည် သမ္ပဒါန် ဖြစ်ပါသည်။
အာရောစယာမိ ဝေါ ဘိက္ခဝေ-၌ တုမှ-သည် ပြောဆိုအပ်သောအရာ ဖြစ်သောကြောင့် ဝေါ-ဟု သမ္ပဒါန် ဖြစ်ရပါသည်။

မေး။ ပြောကြားခြင်းအနက်ရှိသော ဓာတ်တို့နှင့်ယှဉ်ရာ၌ အမြဲတမ်းသမ္ပဒါန် ဖြစ်သည်ဟု မှတ်ရပါမည်လော ရှင်းပြပါ။

ဖြေ။ ''အာမန္တ ခေါ တံ ဂစ္ဆာမ''ဟူသော မဟာဗောဓိဇာတ်လာ ဂါထာပါဒ၌ အာပုဗ္ဗ မန္တဓာတ်နှင့် ယှဉ်သော်လည်း သမ္ပဒါန်မဖြစ်ဘဲ 'တံ'ဟု ကံဖြစ်နေသည်ကို ထောက်၍ ပြောကြားခြင်း အနက်ရှိသော ဓာတ်တို့နှင့်ယှဉ်ရာ၌ အမြဲတမ်း သမ္ပဒါန်ဖြစ်သည်ဟု မမှတ်ရပါ။

မေး။ ''ဓမ္မံ ဝေါ ဒေသေဿာမိ၊ ဒေသေတု ဘန္တေ ဘဂဝါ ဓမ္မံ ဘိက္ခူနံ''ပြယုဂ်တို့၌ သမ္ပဒါန်ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ 'အာရောစန'သဒ္ဒါသည် ကထနသဒ္ဒါနှင့် အနက်တူဖြစ်သောကြောင့် (အာရောစန-အရ ပြောဆိုခြင်း, ပြောဟောခြင်းတို့ကို ယူနိုင်သောကြောင့်) မေးခွန်းပါပြယုဂ်တို့၌ ပြောဟောခြင်း အနက်ရှိသော ဒိသီဓာတ်၏ အယှဉ်ဝယ် သမ္ပဒါန် ဖြစ်ရခြင်း ဖြစ်ပါသည်။

မေး။ အာရောစန အနက်ရှိသော ဓာတ်များကို ဖော်ပြပါ။

ဖြေ။ အာ ပုဗ္ဗ ရုစဓာတ်၊ ပဋိ ပုဗ္ဗ ဝိဒဓာတ်၊ အာ ပုဗ္ဗ မန္တဓာတ်၊ ဒိသီဓာတ်၊ ဝိ, အာပုဗ္ဗ ကရဓာတ်၊ ပပုဗ္ဗ ဝစဓာတ် စသည်တို့ ဖြစ်ပါသည်။

မေး။ အလမတ္ထ-အရ အလံသဒ္ဒါ၏ အနက်များကို ဖော်ပြပါ။

ဖြေ။ ထိုက်ခြင်း, ပယ်ခြင်းတို့ ဖြစ်ပါသည်။

မေး။ ''ကိံ မေ ဇကေန တိဏ္ဏေန''ပြယုဂ်နှင့်စပ်၍ သိမှတ်ဖွယ်များကို ရေးပြပါ။

ဖြေ။ တိဏ္ဏေန-၌ ကိံ-သဒ္ဒါအယှဉ် တိဏ္ဏ-နောင် တတိယာဝိဘတ်သက်၍ ရုပ်ပြီးပါသည်။ မေ-၌ အလံသဒ္ဒါ၏ ပဋိက္ခေပအနက်ရှိသော ကိံသဒ္ဒါ၏အယှဉ် အမှသဒ္ဒါနောင် စတုတ္ထီ ဇကဝုစ် သဝိဘတ်သက်၍ ရုပ်ပြီးပါသည်။

မေး။ မညတိပ္ပယောဂေ-အရ 'ဒိဝါဒိ မနဓာတ်၏ အယှဉ်၌ သမ္ပဒါန်ဖြစ်၏'ဟုဆိုရာ မနဓာတ်နှင့် ယှဉ်တိုင်း သမ္ပဒါန်ဖြစ်ပါသလော၊ ယင်း၌သမ္ပဒါန် ဖြစ်နိုင်သော အဂါများကို ဖော်ပြပါ။

ဖြေ။ မနဓာတ်နှင့်ယှဉ်တိုင်း သမ္ပဒါန် မဖြစ်ပါ။
(၁) မနဓာတ်နှင့် ယှဉ်ခြင်း။ (၂) မရှိသေအပ်ခြင်း။
(၃) သတ္တဝါမဟုတ်ခြင်း။ ဤအဂါ ၃-ခုက်နှင့် ညီမှသာ သမ္ပဒါန် ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ အောက်ပါပြယုဂ်တို့၌ သမ္ပဒါန်ဖြစ်ပုံ, မဖြစ်ပုံများကို ရှင်းလင်းဖြေဆိုပါ။
(က) ကဋ္ဌဿ တုဝံ မညေ။ (ခ) သုဝဏ္ဏံ တံ မညေ။ (ဂ) ဂဒြဘံ တုဝံ မညေ။

ဖြေ။ (က) ၌ မနဓာတ်နှင့် ယှဉ်ခြင်း, မရိုသေအပ်ခြင်း၊ သတ္တဝါမဟုတ်ခြင်း–ဟူသော အဂါ ၃–ချက်နှင့် ညီသောကြောင့် ကဋ္ဌ–သည် ကဋ္ဌဿ–ဟု သမ္ပဒါန် ဖြစ်ပါသည်။

(ခ) ၌ သုဝဏ္ဏံ–သည် မနဓာတ်နှင့် ယှဉ်ခြင်း၊ သတ္တဝါမဟုတ်ခြင်း–ဟူသော အဂါ ၂–ချက်နှင့် ညီသော်လည်း မရိုသေအပ်ခြင်း–ဟူသော အဂါချို့သောကြောင့် သမ္ပဒါန် မဖြစ်ဘဲ ကံသာ ဖြစ်ရပါသည်။

(ဂ) ၌ ဂဒြဘ–သည် မနဓာတ်နှင့် ယှဉ်ခြင်း၊ မရိုသေအပ်ခြင်း–ဟူသော အဂါ ၂–ချက်နှင့် ညီသော်လည်း သတ္တဝါမဟုတ်ခြင်း ဟူသော အဂါချို့ သောကြောင့် (သတ္တဝါ ဖြစ်နေသောကြောင့်) သမ္ပဒါန် မဖြစ်ဘဲ ဂဒြဘံ–ဟု ကံသာ ဖြစ်ရပါသည်။

မေး။ မန–ဟုလည်းကောင်း၊ မနတိပ္ပယောဂေ–ဟုလည်းကောင်း မဆိုဘဲ 'မညာ'ဟု လည်းကောင်း၊ 'မညတိပ္ပယောဂေ'ဟုလည်းကောင်း ဆိုရခြင်းအကြောင်းကို ဖြေဆိုပါ။

ဖြေ။ တနာဒိ မနဓာတ်ကို မယူဘဲ ဒိဝါဒိ မနဓာတ်ကို ယူစေလိုသောကြောင့် ယင်းသို့ ဆိုရခြင်း ဖြစ်ပါသည်။

မေး။ ''ဂတိအနက်ရှိသောဓာတ်တို့၏ ကံ (ဂတျတ္ထကံ)၌ သမ္ပဒါန်ဖြစ်၏''ဟုဆိုရာ အမြဲသမ္ပဒါန် ဖြစ်ပါသလော၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အမြဲ သမ္ပဒါန် မဖြစ်ပါ။ ယဿ ဒါတုကာမော–သုတ်မှ ဝါ သဒ္ဒါလိုက်လာသောကြောင့် သမ္ပဒါန်မဖြစ်ဘဲ ကံဖြစ်သောအရာလည်း ရှိပါသည်။

– အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။ – အပ္ပေါ သဂ္ဂံ ဂစ္ဆတိ။

မေး။ ဂတိအနက်ရှိသောဓာတ်များကို ပြယုဂ်မျှော်ကာ ဖော်ပြပါ။

ဖြေ။ ဂမုဓာတ်၊ ဝဇဓာတ်၊ ပဋိပုဗ္ဗ ကသဓာတ် စသည်တို့ ဖြစ်ပါသည်။

မေး။ သမ္ပဒါန်ဖြစ်စေနိုင်သော အာသီသနအနက်ဟော သဒ္ဒါများကို စုံလင်စွာ ဖော်ပြပါ။

ဖြေ။ အာယု, ဘဒ္ဒ, ကုသလ, သုခ, အတ္ထ, ဟိတ, သွာဂတ, သောတ္ထိ–စသော သဒ္ဒါများ ဖြစ်ပါသည်။

(ဂါထာ) အာယု ဘဒ္ဒဥ္စ ကုသလံ၊ အနာမယံ သုခံ တထာ။
သွာဂတ္ထံ ဟိတံ သွတ္ထိ၊ အာသီသတ္ထမှိ ယောဇယေ။

မေး။ 'ဘိယျောသော (ဘိယျော သော) မတ္တာယ'ကို အနက်အမျိုးမျိုးပေးပြရာ ထိုအနက်များကို ဖော်ပြ၍၊ ကစ္စည်းအဆိုနှင့် ကိုက်ညီသောအနက်များကိုလည်း ညွှန်ပြပါ။

ဖြေ။ ''မတ္တာယ၊ အတိုင်းအရှည်အား။ သော၊ ထိုသူသည်။ ဘိယျော၊ လွန်သည်တည်း'' ဟု သီဟိုဋ္ဌိဗျာချာ၌ ပေးပါသည်။ ဂဏ္ဌိ၌ ''မတ္တာယ၊ အတိုင်းအရှည်အား။ သော၊ ထိုခွေးသည်။ ဘိယျော၊ လွန်၏''ဟု ထိုဗျာချာနည်းတူ ပေးသည်။

ဆရာတော်ဦးဗုဓ် နိဿယ၌ ''မတ္တာယ၊ ရှေးကြမ်းတမ်းမြဲ အတိုင်းအရှည်ထက်။ ဘိယျောသော၊ လွန်စွာ။ စဏ္ဍတရော၊ အထူးသဖြင့် ကြမ်းတမ်းသည်။ အဿ၊ ဖြစ်ရာ၏''ဟု ပေးသည်။ (နိဒါနဝဂ် လာဘသက္ကာရသံယုတ်ပါဠိတော်ကို ကြည့်၍ ပေးသော အနက်ဖြစ်သည်။)

http://www.dhammadownload.com

စည်ရှင် မဟာရူပသိဒ္ဓိနိသျ၌ ''သော၊ ထိုနှာသီးဖျား၌ သည်းခြေကို ပွတ်အပ်သော ခွေးဆိုးသည်။ မတ္တာယ၊ အတိုင်းအရှည်ထက်။ ဘိယျောသော၊ လွန်စွာ။ စဏ္ဍာတရော၊ ကြမ်းတမ်း၏''ဟု ပေးသည်။ (ဘိယျပွယောဂ–၌ ဘိယျ–အရ 'ဘိယျောသော' နိပါတ်ကို ယူရမည်–ဟု ဆိုလိုပါသည်။)

သဒ္ဒနီတိအလို – ''မတ္တာယ၊ အတိုင်းအရှည်ထက်။ ဘိယျောသော၊ လွန်စွာ''ဟု ပေးရပါမည်။ (၎င်းအလို – နပုလ္လိင် မတ္တ–သဒ္ဒါနောင် သဝိဘတ်ကို အာယပြု၍ 'မတ္တာယ'ဟု ရုပ်ပြီးသောပုဒ် ဖြစ်၏။ ဘိယျောသော နိပါတ်ပင်)။

ဘာသာဋီကာ၌ ထိုအတိုင်းပင် ပေးပါသည်။

ထိုအနက်တို့တွင် သီဟိုဠ်ဗျာချာအနက်နှင့် ၎င်းနည်းတူပေးသော ဂဏ္ဌိအနက်တို့သည် သာ ''ဘိယျ–အယှဉ်၌ သမ္ပဒါန်ဖြစ်၏''ဟူသော ကစ္စည်းအဆိုနှင့် ကိုက်ညီကြသည်ဟု ဆရာမြတ်တို့ ဆိုကြပါသည်။

မေး။ ဆဋ္ဌမူ ရူပသိဒ္ဓိစာအုပ်၌ ''ဘိယျောသော မတ္တာယ''ဟု ရှိနေရာ ၎င်းနှင့်စပ်၍ စာအနေ အထားကို နာနာဝါဒအရ ပိုင်းခြားဝေဖန်ပြခဲ့ပါ။

ဖြေ။ သီဟိုဠ်ဗျာချာနှင့် ရူပသိဒ္ဓိ'ဂဏ္ဌိတို့အလို ''ဘိယျော သော မတ္တာယ''ဟု ရှိရပါမည်။

သဒ္ဒနီတိ၊ ဆရာတော်ဦးဗုဓ်နိသယ၊ စည်ရှင် မဟာရူပသိဒ္ဓိနိသယ၊ ဘာသာဋီကာ တို့အလိုကား ''ဘိယျောသော မတ္တာယ''ဟု လက်ရှိ ဆဋ္ဌမူအတိုင်းပင် ရှိရပါမည်။

မေး။ သတ္တမျတ္ထေ–၌ သမ္ပဒါန်ဖြစ်ပုံကို ရေးပြပါ။

ဖြေ။ သတ္တမျတ္ထ–၌ အာဝိကရဏ, ပါတုဘဝန–စသော သဒ္ဒါတို့၏အယှဉ်ဝယ် သမ္ပဒါန် ဖြစ်ပါသည်။

မေး။ (က) မဏိနာ အတ္ထော

(ခ) မဏိနာ မေ အတ္ထော – ဟူသော ပုံစံနှစ်ခုတို့၏ ခြားနားချက်ကို ဖော်ပြပါ။

ဖြေ။ (က) ၌ မဏိနာ–ကို ပုံစံထုတ်လိုရင်း ဖြစ်၏။ ယင်းပုဒ်သည် အတ္ထသဒ္ဒါ၏ အယှဉ်၌ ကတ္တရိ စ–သုတ်၌ စသဒ္ဒါဖြင့် တတိယာကေဝုစ် နာ–ဝိဘတ်သက်၍ ရုပ်ပြီးသော ပုဒ်ဖြစ်၏။

(ခ) ၌ မေ–ကို ပုံစံထုတ်လိုရင်းဖြစ်၏။ ယင်းပုဒ်သည် သိလာဃသုတ်ပါ စသဒ္ဒါဖြင့် သမ္ပဒါန်အမည်မှည့်၍ စတုတ္ထီဝိဘတ်သက်ပြီး ရုပ်ပြီးသောပုဒ်ဖြစ်၏။

၂၇၈၊ ၃၂၀။ ယော' ဓာရော တ'မောကာသံ။ (၁၇၀)

မေး။ 'အာဓာရ'ပုဒ်ကို ဝိဂြိုဟ်ဆိုပြ၍၊ ၎င်း၏အဓိပ္ပါယ်ကို ရေးပြီး၊ အရလည်း ကောက်ပြပါ။

ဖြေ။ အာဓာရီယတိ အသ္မိန္တိ အာဓာရော။

ကတ္တား, ကံနှင့်တကွဖြစ်သော ကြိယာကို ဆောင်ထားအပ်ရာဖြစ်သောကြောင့် ''အာဓာရ'' မည်ပါသည်။ 'အဓိကရဏ (တည်ရာ)'ကို ရပါသည်။

မေး။ အဘယ်သို့သော ကာရကသည် ''ဩကာသကာရက'' မည်ပါသနည်း? ဖြေဆိုပါ။

ဖြေ။ ကတ္တား, ကံနှင့်တကွဖြစ်သော ထိုင်ခြင်း, ချက်ခြင်း စသော ကြိယာတို့၏ တည်ရာ၏

http://www.dhammadownload.com

အဖြစ်ဟူသောဓာနက်ကြောင့် တည်ရာဖြစ်သော ကာရကသည် ''ဩကာသကာရက'' မည်ပါသည်။

မေး။ (က) ကဋ္ဌေ နိသီဒတိ ဒေဝဒတ္တော
(ခ) ထာလိယံ ဩဒနံ ပစတိ–တို့၌ အာဓာရ မည်ပုံကို ရှင်းပြပါ။

ဖြေ။ (က) 'ကဋ္ဌ (ဖျာ)'သည် 'ဒေဝဒတ်'ဟူသောကတ္တားကို ဆောင်ထားသောကြောင့် ထိုကတ္တားနှင့်တကွ ဖြစ်သော ထိုင်နေခြင်းကြိယာကိုလည်း ဆောင်သည် မည်ပါသည်။ ထို့ကြောင့် 'ကဋ္ဌ (ဖျာ) သည် ''အာဓာရ'' မည်ပါသည်။

(ခ) ၌ 'ထာလီ (ထမင်းအိုး)'သည် 'ဩဒန (တဏ္ဍုလ)'ဟူသော ကံကို ဆောင်ထားသောကြောင့် ထိုကံနှင့်တကွဖြစ်သော ချက်ခြင်းကြိယာကိုလည်း ဆောင်သည် မည်ပါသည်။ ထို့ကြောင့် ''ထာလီ''သည် ''အာဓာရ'' မည်ပါသည်။

မေး။ 'ကဋ္ဌေ နိသီဒတိ ဒေဝဒတ္တော'၌ ဖျာသည် ဒေဝဒတ်တည်းဟူသော ကတ္တားကို ဆောင်ထား၏။ ထိုင်ခြင်းကြိယာကို တိုက်ရိုက်မဆောင်နိုင်၊ ထိုသို့ ကြိယာကို မဆောင်နိုင်လျှင် ''ကာရကံ သာဓုကံ ကြိယာနိပ္ဖတ္တိယာ ကာရကမုစ္စတေ'' နှင့် မညီရကား ကဋ္ဌသည် ဩကာသကာရက အမည်မရနိုင်ရာသည် မဟုတ်ပါလော၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဖျာသည် ထိုင်ခြင်းကြိယာကို တိုက်ရိုက်မဆောင်သော်လည်း ကြိယာ၏မှီရာ ကတ္တားကို ဆောင်လျှင် ထိုကတ္တားနှင့်တကွဖြစ်သော ကြိယာကိုလည်း ဆောင်ရာရောက်သောကြောင့် ''ကာရကံ သာဓုကံ ကြိယာနိပ္ဖတ္တိယာ ကာရကမုစ္စတေ'' နှင့်ညီရကား ဩကာသကာရက အမည်ရနိုင်ပါသည်။

မှတ်ချက်။ ။''ထာလိယံ ဩဒနံ ပစတိ'' ၌လည်း နည်းတူ။

မေး။ ဩကာသ (အာဓာရ) ၄–မျိုးကို ရေတွက်ပြခဲ့ပါ။

ဖြေ။ ၁။ ဗျာပိက ဩကာသ ၂။ ဩပသိလေသိက ဩကာသ
၃။ သာမီပိက ဩကာသ ၄။ ဝေသယိက ဩကာသတို့ ဖြစ်ပါသည်။

မေး။ 'ဗျာပိက ဩကာသ'၏အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ (က) ဆီ–စသော အာဓေယ်၏ ပျံ့နှံ့ရာဖြစ်သော အလုံးစုံသော အာဓာရဖြစ်သော အနက်ဒြပ် (အရာဝတ္ထု) သည်လည်းကောင်း၊
(ခ) အာဓေယ်၏ အနည်းငယ် (တစ်စိတ်တစ်ဒေသ)ကို ပျံ့နှံ့စေ၍ တည်ရာဖြစ်သော အနက်ဒြပ် (အရာဝတ္ထု) သည်လည်းကောင်း ''ဗျာပိကဩကာသ'' မည်ပါသည်။
(က) သည် သကလဗျာပိကဩကာသဖြစ်၍၊ (ခ) သည် ကေဒေသဗျာပိက ဩကာသ ဖြစ်၏။

မေး။ (က) သကလဗျာပိကဩကာသ (ခ) ကေဒေသဗျာပိကဩကာသတို့၏ အဓိပ္ပါယ်ကို သက်ဆိုင်ရာပုံစံများဖြင့် ရှင်းပြပါ။

ဖြေ။ (က) တိလေသု တေလံ အတ္ထိ–၌ တိလ–အရ နှမ်းဒြပ်သည် တည်ရာအာဓာရဖြစ်၏။ တေလ–အရ ဆီသည် ထိုအာဓာရသည် ဆောင်ထားအပ်သော (ထိုအာဓာရ၌ တည်သော) အာဓေယ်ဖြစ်၏။ တိလေသု–ဟူသော အာဓာရသည် တိလ–ဟူသော

http://www.dhammadownload.com

အာဓေယ်၏ အလုံးစုံ အကုန်အစင် ပျံ့နှံ့ရာဖြစ်သောကြောင့် ''သကလဗျာပိက သြကာသ'' မည်၏။ (ဒဓိမှ သပွိ–လည်း သကလဗျာပိကသြကာသပင်)။

(ခ) ခီလေသု ဇလံ–ဌိ ခီလ–ဟူသော အာဓာရသည် ဇလ–ဟူသောအာဓေယ်၏ တစ်စိတ်တစ်ဒေသ ပျံ့နှံ့စေ၍ တည်ရာဖြစ်သောကြောင့် ''ဇကဒေသဗျာပိက သြကာသ'' မည်၏။

မှတ်ချက်။ ။''နို့ရည်တို့၌ ရေတည်၏'' ဟူရာ၌ ရေသည် နို့ရည်အားလုံးဌိမတည်၊ နို့ရည်၏ နံဘေးပတ်လည်၌သာ တည်သည်။

အာဓာရ = တည်ရာ။ **အာဓေယျ = အာဓေယ်** = အာဓာရသည် ဆောင်ထားအပ်သော ဝတ္ထု = အာဓာရပေါ်၌ တည်နေသောဝတ္ထု။

မေး။ 'သြပသိလေသိကသြကာသ'၏ အဓိပ္ပါယ်ကို ရေးသားဖြေဆိုပါ။

ဖြေ။ (က) အသီးသီးတစ်ခြားစီ ထင်ရှားကုန်သော အာဓာရ, အာဓေယ်ဝတ္ထုတို့၏ **အချင်းချင်း** ဆက်စပ်လျက် ကပ်ရောက်ရာဖြစ်သော အနက်ဒြပ်သည်လည်းကောင်း၊

(ခ) အာဓေယ်၏ ဋ္ဌိကပ်၍ တည်ရာဖြစ်သော အနက်ဒြပ်သည်လည်းကောင်း **''သြပ–သိလေသိက ဗျာပိက''** မည်၏။

(ဆောင်) ဆက်စပ်, ဋ္ဌိကပ်၊ ထိုနှစ်ရပ်၊ သိမှတ် သြပသိလေသိကာ။

မေး။ (က) အနလ္လီယန သြပသိလေသိကသြကာသဖြစ်၍ (ခ) အလ္လီယနသြပသိလေသိက သြကာသတို့ကို သက်ဆိုင်ရာပုံစံများနှင့်တကွ ရှင်းပြပါ။

ဖြေ။ (က) အာသနေ နိသိန္နော သံဃော–၌ အာသန–အရနေရာနှင့် သံဃော–အရ သံဃာတို့သည် အသီးသီး တစ်ခြားစီထင်ရှားနေသည့် အရာဝတ္ထုများ ဖြစ်ကြ၏။ ထို အရာဝတ္ထုနှစ်ခုတို့သည် မဋ္ဌိကပ်ဘဲ အချင်းချင်း ဆက်စပ်၍ ကပ်ရောက်ရာဖြစ်သောကြောင့် အာသန–သည် ''အနလ္လီယနသြပသိလေသိကဗျာပိက'' မည်၏။

(ခ) ထာလိယံ သြဒနံ ပစတိ–၌ 'ထာလိ'အရ အိုး–ဟူသော အာဓာရသည် 'သြဒန'အရ ထမင်း–ဟူသော အာဓေယ်၏ ဋ္ဌိကပ်၍တည်ရာဖြစ်သောကြောင့် ''အလ္လီယန သြပသိလေသိကသြကာသ'' မည်၏။

မေး။ 'သာမီပိကသြကာသ'၏ အဓိပ္ပါယ်ကို ရေးသားဖြေဆိုပါ။

ဖြေ။ အနီးရှိသော အရာဝတ္ထု၏အမည်ကို အနီးဖြစ်သော ဝတ္ထု၌ တင်စား၍ အာဓာရ၏အဖြစ်ကို ကြဲဆအပ်ရာဖြစ်သော အာဓာရသည် ''သာမီပိကသြကာသ'' မည်၏။

မေး။ 'သာမီပိကသြကာသ'အဓိပ္ပါယ်ကို သက်ဆိုင်ရာပုံစံဖြင့် ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''ဂင်္ဂါယံ ဃောသော ဝသတိ''ပြယုဂ်၌ နွားခြံ၏တည်ရာ ကမ်းနားအရပ်သည် ဂင်္ဂါမြစ်၏ အနီးဖြစ်သောကြောင့် ''သမီပ'' မည်၏။ ဂင်္ဂါမြစ်ကား ထိုသမီပဝတ္ထု၌ ယှဉ်စပ်နေသော ကြောင့် (အနီးရှိသောကြောင့်) ''သမီပီ'' မည်၏။ သမီပီဖြစ်သော ဂင်္ဂါမြစ်၏ ''ဂင်္ဂါ'' ဟူသောအမည်ကို သမီပဖြစ်သော ကမ်းနားအရပ်၌ တင်စား၍ သမီပဖြစ်သော ကမ်းနား အရပ်ကို အာဓာရအဖြစ် ကြဲဆပြောဆိုအပ်သောကြောင့် ''ဂင်္ဂါယံ' သည် ''သာမီပိက သြကာသ'' မည်၏။

မေး။ ''ဂင်္ဂါယံ ဃောသော တိဋ္ဌတိ''၌ ဂင်္ဂါယံ–ပုဒ်ကို မူဝဏ္ဏ, ဥပစာရဝဏ္ဏ ပေးပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ ဂဂါယံ။ ဂဂါမြစ်၌။ (မုချတ္ထ) ဂဂါယံ။ ဂဂါမြစ်၏ အနီး၌။ (ဥပစာရတ္ထ)

မေး။ အဘယ်ကြောင့် သမီပီဖြစ်သော ဂဂါမြစ်၏အမည်ကို သမီပဖြစ်သော ကမ်းနားအရပ်၌ တင်စား၍ ကြံဆပြောဆိုရပါသနည်း။

ဖြေ။ ဂဂါမြစ်၏အနီးဖြစ်သော ကမ်းနားအရပ်၌ တည်ဆောက်ထားသော နွားခြံ၏ ဂဂါမြစ်နှင့် ဆက်စပ်လျက်ဖြစ်ခြင်းရှိကြောင်းကို ပြခြင်းအကျိုးငှါ (ပြလိုသောကြောင့်) သမီပီ ဖြစ်သော ဂဂါမြစ်၏ ''ဂဂါ''ဟူသောအမည်ကို သမီပဖြစ်သော ကမ်းနားအရပ်၌ တင်စား၍ ကြံဆပြောဆိုရခြင်း ဖြစ်ပါသည်။

မေး။ 'ဝေသယိကသြကာသ'၏အဓိပ္ပါယ်ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ (က) အလိုရှိအပ်သော အရပ်ဒေသ, အခါကာလစသည်မှ တစ်ပါးတစ်ခြားသော အရပ်ဒေသ, အခါကာလစသည်၌ မဖြစ်ခြင်း၏အစွမ်းဖြင့်လည်းကောင်း။

(ခ) အရပ်တစ်ပါးကို ပယ်ရှားဖြတ်တောက်ခြင်း၏အစွမ်းဖြင့်လည်းကောင်း တည်ရာအဖြစ်ကို ကြံဆပြောဆိုရာဖြစ်သော အာဓာရသည် ''ဝေသယိကသြကာသ'' မည်၏။

(က) သည်အညတ္ထာဘာဝ ဝေသယိကသြကာသဖြစ်၍၊ (ခ) သည် ''ဒေသန္တရာဝစ္ဆေဒ ဝေသယိကသြကာသ'' မည်၏။

မေး။ (က) အညတ္ထာဘာဝ ဝေသယိကသြကာသ (ခ) ဒေသန္တရာဝစ္ဆေဒ ဝေသယိက သြကာသ တို့၏ အဓိပ္ပါယ်ကို သက်ဆိုင်ရာပုံစံများနှင့် ရှင်းလင်းဖြေဆိုပါ။

ဖြေ။ (က) အာကာသေ သကုဏာ ဖက္ခနှန္တိ–ဟူသော ပြယုဂ်၌ 'အာကာသေ'သည် ၎က်တို့၏ ပျံသန်းရာဌာနသည် ကောင်းကင်မှတစ်ပါး အခြားအရပ်၌ မဖြစ်နိုင်ခြင်း၏ အစွမ်းဖြင့် တည်ရာအဖြစ်ကို ကြံဆပြောဆိုအပ်သောကြောင့် ''အညတ္ထာဘာဝ ဝေသယိက သြကာသ'' မည်၏။

(ခ) ပါဒေသု ပတိတော–ပြယုဂ်၌ ပါဒေသု–သည် အရပ်တပါးကို ပယ်ရှားဖြတ်တောက်ခြင်း၏အစွမ်းဖြင့် တည်ရာအဖြစ်ကို ကြံဆပြောဆိုအပ်သောကြောင့် ''ဒေသန္တရာဝစ္ဆေဒ ဝေသယိကသြကာသ'' မည်၏။

မေး။ (က) ပညာယ သာဓု၊ (ခ) ပိတရိ နိပုဏော–တို့ကို ကျနစွာ အနက်ပေးပြပါ။

ဖြေ။ (က) ပညာယ၊ ပညာဖြင့်။ သာဓု၊ ကောင်းသည်။ ဘဝတိ၊ ဖြစ်၏။

(ခ) ပိတရိ၊ အဖ၌။ နိပုဏော၊ သိမ်မွေ့သည်။ ဘဝတိ၊ ဖြစ်၏။

သာဓက–ယတ္ထ ဟိ ကြိယာပဒံ နသူယတိ၊ တတ္ထ ''အတ္ထိ, ဘဝတီ''တိ သမ္မန္ဓော။

(ဋီ၊ ၁၂၄။)

မေး။ အလုံးစုံသော အာဓာရကို အဘယ့်ကြောင့် ''သြကာသ'' ဟု ဆိုရပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ အလုံးစုံသော အာဓာရသည် ပဓာနမုချ၏အစွမ်းဖြင့်လည်းကောင်း၊ ကြံဆခြင်း၏အစွမ်းဖြင့် လည်းကောင်း ကြိယာ၏ တည်ရာဖြစ်သောကြောင့် ၎င်းကို ''သြကာသ'' ဟု ခေါ်ဆိုရပါသည်။

မေး။ အာဓာရ ၄–မျိုးကို ပဓာနသြကာသ(အာဓာရ), ပရိကပ္ပိတသြကာသ(အာဓာရ) အားဖြင့် ခွဲခြားပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ ဗျာပိကာဓာရ, ဩပသိလေသိကာဓာရတို့သည် မုချအားဖြင့် ကြိယာ၏ တည်ရာဖြစ်သောကြောင့် 'ပဓာနဩကာသ (အာဓာရ)'တို့ မည်ကြပါသည်။

သာမီပိကာဓာရ, ဝေသယိကာဓာရ တို့သည် ကြဲဆသောအားဖြင့် ကြိယာ၏ တည်ရာဖြစ်သောကြောင့် 'ပရိကပ္ပိတဩကာသ (အာဓာရ)'တို့ မည်ကြပါသည်။

အမှာ။ ။ ကိရိယာ ကတ္တုကမ္မာနံ–စသော ဂါထာ၏ အဓိပ္ပါယ်မှာ သိသာပါပြီ။

မေး။ ဩကာသ–ပုဒ်ကို ဝစနတ္ထပြု၍၊ အဓိပ္ပါယ်လည်း ရေးပြပါ။

ဖြေ။ အဝကသတိ ပတိဋ္ဌဟတိ ကိရိယာ ဧတ္ထာတိ ဩကာသော။
(ကတ္တား, ကံတို့၏) ကြိယာ၏ တည်ရာဖြစ်သောကြောင့် ''ဩကာသ'' မည်ပါသည်။

မှတ်ချက်။ ။ ကတ္တား, ကံတို့သည် ကြိယာ၏ တိုက်ရိုက်တည်ရာဖြစ်သောကြောင့် ဩကာသ–ဟူသောအမည်ကို ရသင့်သော်လည်း ကတ္တား, ကံ ဟူသောအမည်ထူးကို ရပြီးဖြစ်သောကြောင့် ဩကာသ–အမည်ကို မရတော့ပါ။

၂၇၉၊ ၂၉၂။ ယေန ဝါ ကယိရတေ တံ ကရဏံ။ (၁၄၄)

မေး။ ကရဏ–ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ အဓိပ္ပါယ်လည်း ရေးပြပါ။

ဖြေ။ ကရောတိ တေနာတိ ကရဏံ။ (ကတ္တုဂဟ္ဟ ကရဏသာဓန) (ရူ–ဦ၊ ၉၉။)
ကယိရတေ ယေနာတိ ကရဏံ။ (ကတ္တုဂဟ္ဟ ကရဏသာဓနပင်) (သုတ်စဉ်ပါဦးနှင့်အညီ)
ကရီယတေ အနေနာတိ ကရဏံ။ (ကမ္မဂဟ္ဟ ကရဏသာဓန) (ရူပသိဒ္ဓိ။)
ကာရကတစ်ပါး (ဗျာပါရတစ်ပါး) ခြားကွယ်ခြင်းမရှိဘဲ ကြိယာကိုပြုကြောင်း အဆောက် အဦ အကူအညီဖြစ်သော ကာရကသည် ''ကရဏကာရက'' မည်ပါသည်။

ကရိဏံး ၃–မျိုး။ ။ ယေန ဝါ ကရောတိ–ဖြင့် နိဗ္ဗတ္တိကရိဏ်းကို၊ ယေန ဝါ ဝိကရောတိ–ဖြင့် ဝိကတိကရိဏ်းကို၊ ယေန ဝါ ပါပုဏာတိ–ဖြင့် ပတ္တိကရိဏ်းကို ပြသည်ဟု မှတ်ပါ။

အဆောက်အဦ နှင့် အဆောက်အဦး။ ။ အကူအညီအကြောင်းသည် ''အဆောက်အဦ''ဖြစ်၍၊ အိမ်, ကျောင်းစသော အဆောက်အအုံသည် ''အဆောက်အဦး''ဖြစ်၏။

မေး။ ကာရကအားလုံးသည် ကြိယာကို ပြီးစေကြပါလျက် ကရဏကာရကကိုသာ အဘယ့်ကြောင့် ''ယေန ဝါ ကယိရတေ'' ဟု အထူးပြု၍ ဆိုရပါသနည်း။

ဖြေ။ ကာရကအားလုံးသည် ကြိယာကို ပြီးစေကြပါသော်လည်း ကတ္တားတို့၏ အဆောက်အဦ အကူအညီဖြစ်သော ကာရက ၅–ပါးတို့တွင် အထူးသဖြင့် ကြိယာကို ပြီးစေနိုင်သော (ကြိယာကို အပြီးစေနိုင်ဆုံးသော) ကာရကကိုသာ ''ကရဏကာရက'' ဟု ယူခြင်းအကျိုးငှါ (ယူစေလိုသောကြောင့်) ကရဏကာရကကိုသာ ''ယေန ဝါ ကယိရတေ'' ဟု အထူးပြု၍ ဆိုရခြင်း ဖြစ်ပါသည်။

မေး။ ''ယဿ သဗ္ဗဝိသေသေန''စသော ဂါထာ၏ အဓိပ္ပါယ်ကို ရေးသားဖြေဆိုပါ။

ဖြေ။ အလုံးစုံသောကာရကတို့ထက် ကဲတက်သာလွန် ထူးချွန်သောအားဖြင့် ကြိယာပြီးစီးခြင်း၏

http://www.dhammadownload.com

အကြောင်း၏အဖြစ်ကို ချီးမွမ်းပြောဆိုအပ်သော ကာရကသည် ''ကရဏကာရက'' မည်၏–ဟု ဆိုလိုပါသည်။

သီမှတ်ဖွယ်။ ။ ကာရက ၆–ပါးတို့တွင် ကတ္တုကာရကသည် ကြိယာသာဓက တမသတ္တိ ရှိ၏။ ကတ္တား၏အကူအညီဖြစ်သော ကာရက ၅–ပါးတို့တွင်ကား ကရဏ ကာရကသည် ကြိယာသာဓကတမသတ္တိရှိ၏– ဟု မှတ်ပါ။

၂၈၀၊ ၂၈၅။ ယံ ကရောတိ တံ ကမ္မံ။ (၄၇၊ ၁၃၉)

မေး။ ''ကံ'' ဟူသည်အဘယ်နည်း ဖြေဆိုပါ။

ဖြေ။ ပြုအပ်, ဖောက်ပြန်အောင် ထူးခြားအောင်ပြုအပ်, ရောက်အပ်သော ကာရကသည် ''ကံ'' ဖြစ်ပါသည်။

မေး။ ကာရကအရာဝယ် သုတ်တို့၌ မပြဋ္ဌာန်းသော (ပဓာန မဟုတ်သော) အရာများကို ဖော်ပြပါ။

ဖြေ။ လိင်, ကာလ, ဝုစ် တို့ ဖြစ်ပါသည်။

မေး။ ယံ ကရောတိ တံ ကမ္မံ–သုတ်ကို ''ယံ အကာသိ တံ ကမ္မံ''၊ ''ယံ ကရိဿတိ တံ ကမ္မံ''ဟု တည်နိုင်/ မတည်နိုင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ ကာရကအရာဝယ် သုတ်တို့၌ ဆိုအပ်သော လိင်, ကာလ, ဝုစ်တို့သည် မပြဋ္ဌာန်း သောကြောင့် (ပဓာန မဟုတ်သောကြောင့်) မေးခွန်းပါအတိုင်း သုတ်တည်နိုင်ပါသည်။

ဓညပလာလာဒိနျာယ။ ။ စပါးကို အလိုရှိသောသူသည် ပဓာနမဟုတ်သော ကောက်ရိုးကိုလည်း ယူရသကဲ့သို့၊ ထို့အတူ သုတ်၌ ပဓာနမဟုတ်သော လိင်, ဝုစ်ကို ယူရခြင်း ဖြစ်သည်။ ထိုသို့ယူခြင်းကို ''ဓညပလာလာဒိနျာယ''ဟု ဆိုကြပါသည်။ (ပဓာနနည်း, ဥပလက္ခဏနည်း–ဟုလည်း မှတ်ပါ။)

ဂါထာ – ပလာလာဒိနောပါဒါနံ၊ ယထာ ဓညတ္ထိနော တထာ။
အမုချဿာပိ လိင်္ဂဿ၊ ဝစနဿ စ လက္ခဏေ။ (မောဂ်၊ သျ။ ဒု။ ၄၀)။

ပရိဘာသာ – သုတ္တေ လိင်္ဂဝစန မတန္တံ။ (ပရိဘာသေန္ဒုသေခရ၊ ၇၃။)

မေး။ ကမ္မံ–ပုဒ်ကို ဝစနတ္ထပြုပြ၍၊ အဓိပ္ပါယ်လည်း ရေးပါ။

ဖြေ။ ကရိယတီတိ ကမ္မံ။ (ရူ)
ကရောတိ ယန္တိ ကမ္မံ။ (အဝုတ္တကမ္မသာဓန၊ သုတ်စဉ်နှင့်အညီ။)
ပြုအပ်သော ကာရကသည် ''ကမ္မ'' မည်ပါသည်။

မေး။ ''ကာရက''ဟူသည် အဘယ်နည်း ဖြေဆိုပါ။

ဖြေ။ ''ကာရက''ဟူသည် ကတ္တား, ကံနှင့်တကွဖြစ်သည့် သွားခြင်း, ချက်ခြင်းစသော ကြိယာ ပြီးခြင်း၏ အကြောင်း ဖြစ်ပါသည်။

မှတ်ချက်။ ။ ကာရကနှင့် သာဓကကို အတူတူဟု သိပါ။ ကရောတီတိ ကာရကံ၊ သာဓေတီတိ သာဓကံ–ဟု ဝစနတ္ထပြုပါ။ ''ကာရကသရုပ်ကို ထုတ်ပြပါ'' ဟု မေးလျှင် လည်း ဖြေတတ်ပါစေ။

http://www.dhammadownload.com

ကာရကသဒ္ဒါ ၂-မျိုး

(၁) ကာရကသဒ္ဒါသည် နိပါတ်အနက်ဟော အနိပ္ပန္နပါဠိပဒိကပုဒ်။

(၂) ကတ္တုသဒ္ဒါ၏ ပရိယာယ်ဖြစ်သော ကရဓာတ်+ဏ္ဍုပစ္စည်းဖြင့်ပြီးသော **နိပ္ပန္နပါဠိပဒိက** ပုဒ်ဟုနှစ်မျိုးရှိ၏။ ထိုတွင် အမှတ် (၁) သည် နပုလ္လိင်ဖြစ်၍ အမှတ် (၂)သည် ပုလ္လိင်ဖြစ်၏။

မေး။ အမည်သညာ၏အစွမ်းဖြင့် ကာရက ၆-ပါးကို ရှုဆရာပြဆိုသော အစဉ်အတိုင်း ဖော်ပြပါ။

ဖြေ။ ကမ္မကာရက၊ ကတ္တုကာရက၊ ကရဏကာရက၊ သမ္ပဒါနကာရက၊ အပါဒါနကာရက၊ သြကာသကာရက တို့ ဖြစ်ပါသည်။

မေး။ ကမ္မ-စသော ၆ မျိုးလုံး ''ကာရက'' အမည်ရပုံကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ထင်ရှားရှိသော သဘောအားဖြင့်ဖြစ်စေ, ကြံဆသောအားဖြင့်ဖြစ်စေ ကံ စသည် ရှိမှသာ ကြိယာရှိသောကြောင့် (ကြိယာပြီးစီးသောကြောင့်) ကမ္မ-စသော ၆ မျိုးလုံး ''ကာရက'' အမည်ရကြခြင်း ဖြစ်ပါသည်။

မေး။ သဘာဝကာရက, ပရိကပ္ပကာရက (မုချကာရက, ဥပစာကာရက)တို့ကို ခွဲခြား ဖြေဆိုပါ။

ဖြေ။ ကတ္တုကာရကသည် စင်စစ်အားဖြင့် ကြိယာကို ပြီးစေတတ်သောကြောင့် 'သဘာဝ (မုချ) ကာရက'ဖြစ်၍၊ ကြွင်းသော ကာရက ၅-ပါးတို့ကား ကြိယာပြီးခြင်း၏ **အကြောင်းဖြစ်** သောကြောင့် 'ပရိကပ္ပ (ဥပစာ) ကာရကများ'ဖြစ်ကြပါသည်။ (ပုဒ်စစ်၊ ဘာသာဋီကာ)

ရူပသိဒ္ဓိဋီကာ၌ကား ''ရူပံ ပဿတိ, သဒ္ဒံ သုဏာတိ-စသည်တို့၌ ရူပံ, သဒ္ဒံ စသည်တို့သည် လောက၌ တင်ရှားရှိသောကြောင့် 'သဘာဝ (မုချ) ကာရက'၊ ''အသန္တံ ဃဋံ (ကဠံ) ကရောတိ၊ အဘာဝံ ဝိသယံ ကရောတိ'' စသည်တို့၌ **အသန္တံ,** အဘာဝံ-စသည်တို့သည် လောက၌ ထင်ရှားမရှိ, ကြံစည်အပ်သောကြောင့် (သဒိသူ, ဖလူ, တဒ္ဓမ္မူပစာအားဖြင့် တင်စားအပ်သောကြောင့်) 'ပရိကပ္ပကာရက'ဟု ဆိုပါသည်။

မေး။ ကံ ၃-မျိုးကို သက်ဆိုင်ရာ ပုံစံများထုတ်ကာ ရှင်းပြပါ။

ဖြေ။ ၁။ 'မာတာ ပုတ္တံ ဝိဇာယတိ'၌ ပုတ္တံ-ဟူသော ကံသည် အမိသည် ဖြစ်စေအပ်သော ကြောင့် ''နိဗ္ဗတ္တနီယကံ'' မည်၏။ (အာဟာရော သုခံ ဇနယတိ-နည်းတူ။)

၂။ 'ကဠံ အဂိရံ ကရောတိ'၌ အဂိရံ-ဟူသောကံသည် ဖောက်ပြန်စေအပ် သောကြောင့် (တစ်မျိုးတစ်ဖုံဖြစ်အောင် ပြုအပ်သောကြောင့်) ''ဝိကရဏီယကံ'' မည်၏။

၃။ 'ဒေဝဒတ္တော နိဝေသနံ ပဝိသတိ'၌ နိဝေသနံ-သည် ရောက်အပ်သောကြောင့် ''ပါပဏီယကံ'' မည်၏။

မေး။ ကံ ၃-မျိုး၏ အခြားအမည်တစ်မျိုးကို ဖော်ပြပါ။

ဖြေ။ ၁။ နိဗ္ဗတ္တိကံ ၂။ ဝိကတိကံ ၃။ ပတ္တိကံ-တို့ ဖြစ်ပါသည်။

မေး။ ''ကံ'' ၏သဘောသဘာဝကို ထင်ရှားပေါ်လွင်အောင် ဖော်ပြပါ။

ဖြေ။ ''ကတ္တုကြိယာဘိဂမ္မံ တံ'' ဟူသည်နှင့်အညီ ကတ္တား၏ကြိယာသည် ရောက်အပ်သော (ကတ္တား၏ကြိယာဖြင့် သိအပ်သော) အရာသည် ''ကံ'' ဖြစ်ပါသည်။

မေး။ ယံ ကရောတိ တံ ကမ္မံ-သုတ်ဖြင့် အဘယ်ကံများကို ကံအမည်မှည့်ပါမည်နည်း၊

http://www.dhammadownload.com

အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဣစ္ဆိတ, အနိစ္ဆိတ, (ကထိတ) အကထိတ အစရှိသော အပြားကိုမင့်ဘဲ ကံအားလုံးကို သိမ်းကျုံးယူခြင်း၏အစွမ်းဖြင့် ''ယံ ကရောတိ တံ ကမ္မံ'' ဟုဆိုအပ် သောကြောင့် လည်းကောင်း၊ ယေန ဝါ ကယိရတေ တံ ကရဏံ-သုတ်မှ အတ္ထန္တရဝိကပ္ပန ဝါသဒ္ဒါ လိုက်လာသောကြောင့်လည်းကောင်း ''ယံကရောတိ တံကမ္မံ-သုတ်ဖြင့် ကံအားလုံးကိုပင် ကံအမည်မှည့်ရပါမည်။

မေး။ အနိစ္ဆိတကံ ပြယုဂ်များကို ထုတ်ပြပါ။

ဖြေ။ ကူဏကံ မဒ္ဒတိ၊ ဝိသံ ဂိလတိ၊ ဂါမံ ဂစ္ဆန္တော ရုက္ခမူလံ ဥပဂစ္ဆတိ-တို့ ဖြစ်ပါသည်။

မေး။ ဂါမံ ဂစ္ဆန္တော ရုက္ခမူလံ ဥပဂစ္ဆတိ-ပြယုဂ်၌ ကံနှစ်ခုပါရှိရာ အဘယ်သည် အဘယ်ကြောင့် အဘယ်ကံ ဖြစ်ပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ ဂါမံ-သည် ကတ္တားဖြစ်သော ပုဂ္ဂိုလ်သည် သွားခြင်းကြီယာဖြင့် အလိုရှိအပ်သောကြောင့် ''ဣစ္ဆိတကံ'' ဖြစ်ပါသည်။

ရုက္ခမူလံ-သည် ကတ္တားဖြစ်သော ပုဂ္ဂိုလ်သည် သွားခြင်းကြီယာဖြင့် အလိုမရှိအပ် သောကြောင့် ''အနိစ္ဆိတ ကံ'' ဖြစ်ပါသည်။

မှတ်ချက်။ ။ပုဒ်စစ်၌ 'ရုက္ခမူလံ'ကို 'နေဝိစ္ဆိတာနာနိစ္ဆိတကံ'ဟု ဆိုပါသည်။

မေး။ ''ယညဒတ္တံ ကမ္ဗလံ ယာစတေ ဗြာဟ္မဏော''ပြယုဂ်၌ ကထိတကံ, အကထိတကံတို့ကို အကြောင်းပြကာ ခွဲခြားဖြေဆိုပါ။

ဖြေ။ ကမ္ဗလံ-ဟူသော ကံသည် ကံနှစ်ခုရှိသော တောင်းခြင်းကြီယာဖြင့် ရောက်ခြင်းငှါ အလွန်အလိုရှိအပ်သောကြောင့်လည်းကောင်း၊ ပြဋ္ဌာန်းသောကြောင့်လည်းကောင်း ''ကထိတကံ'' ဖြစ်ပါသည်။

ယညဒတ္တံ-ဟူသောကံသည် တောင်းခြင်းကြီယာဖြင့်ရောက်ခြင်းငှါ အလိုမရှိအပ်သော ကြောင့်လည်းကောင်း၊ မပြဋ္ဌာန်းသောကြောင့်လည်းကောင်း ''အကထိတကံ'' ဖြစ်ပါသည်။

အမှာ။ ။ သမိဒ္ဓံ ဓနံ ဘိက္ခတေ၊ အဇံ ဂါမံ နယတိ၊ ဘဂဝါ ဘိက္ခူ တေ-ဒဝေါစ-တို့၌ နည်းတူသိပါ။

မေး။ 'ပရာဘဝန္တံ ပုရိသံ၊ မယံ ပုစ္ဆာမ ဂေါတမံ''၌ ကထိတကံ, အကထိတကံတို့ကို အကြောင်းပြကာ ခွဲခြားဖြေဆိုပါ။

ဖြေ။ 'ပရာဘဝန္တံ ပုရိသံ'သည် ကံနှစ်ခုရှိသော မေးခြင်းကြီယာဖြင့် ရောက်ခြင်းငှါ အလွန် အလိုရှိအပ်သောကြောင့်လည်းကောင်း၊ ပြဋ္ဌာန်းသောကြောင့် လည်းကောင်း ''ကထိ တကံ'' ဖြစ်ပါသည်။

'ဂေါတမံ'သည် မေးခြင်းကြီယာဖြင့် ရောက်ခြင်းငှါ အလိုမရှိအပ်သောကြောင့် လည်း ကောင်း၊ မပြဋ္ဌာန်းသောကြောင့်လည်းကောင်း ''အကထိတကံ'' ဖြစ်ပါသည်။ ရူပသိဒ္ဓိဋီကာ၌ ပြောင်းပြန်ဆိုပါသည်။

စိစစ်ချက်။ ။ ''ပုစ္ဆိယတေ မာဏဝကော မဂ္ဂံ ပထိကေန'' ဟူသော ကံဟောဝါကျ၌ 'မာဏဝက'ဟူသော အပ္ပဓာန (အကထိတ)ကံ၏ ဝုတ္တကံ ဖြစ်ပုံကို ထောက်၍ ဋီကာအဆို မှားသည်ဟု ဆရာမြတ်တို့ မိန့်တော်မူကြပါသည်။ အလားတူ ကံဟောဝါကျစီလျှင်

http://www.dhammadownload.com

''ပရာဘဝန်ဲ့ ပုရိသံ မယံ ပုစ္ဆိယာမ ဂေါတမော''ဟု ဖြစ်ပါမည်။

မေး။ ကဋ္ဌော ကရီယတေ ဒေဝဒတ္တေန–ပြယုဂ်ဝယ် ကဋ္ဌ–၌ အဘယ့်ကြောင့် ဒုတိယာဝိဘတ် မသက်ဘဲ ပထမာဝိဘတ် သက်ရပါသနည်း။

ဖြေ။ ကဋ္ဌ–သည် ကရီယတေ–၌ တဝိဘတ်ဟူသော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကံဖြစ်၍ ပထမာဝိဘတ်၏သက်ရာဖြစ်သောကြောင့် ဒုတိယာဝိဘတ် မသက်ဘဲ ပထမာဝိဘတ်သက်ရခြင်း ဖြစ်ပါသည်။

အမှာ။ ။ သုဂတေန ဒေသိတော ဓမ္မော၊ ယညဒတ္ထော ကမ္မလံ ယာစိယတေ ဗြာဟ္မဏေန–တို့၌လည်း နည်းတူသိပါ။

၂၈၁၊ ၂၉၄။ ယော ကရောတိ သ ကတ္တာ။ (၁၄၅)
၂၈၂၊ ၂၉၅။ ယော ကာရေတိ သ ဟေတု။ (၁၄၆)

မေး။ ကတ္တာ–ပုဒ်ကို ဝစနတ္ထပြု၍ အဓိပ္ပါယ်လည်း ရေးပြပါ။ (ကတ္တား–အဓိပ္ပါယ်ကို ရေးပြပါ)။

ဖြေ။ အတ္တပ္ပဓာနော ကြိယံ ကရောတီတိ ကတ္တာ။
မိမိပြဋ္ဌာန်းသည်ဖြစ်၍ ကြိယာကို ပြီးစေတတ်သောကြောင့် ''ကတ္တား' မည်ပါသည်။

မေး။ ကတ္တာ–ပုဒ်ကို ဝိဂြိုဟ်ဆိုရာ၌ ''အတ္တပ္ပဓာနော (ဟုတ္တာ)'' ဟူသော ကြိယာဝိသေသနဖြင့် သိစေအပ်သော အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ယင်းပုဒ်ဖြင့် ''ကတ္တုကာရကသည် ကြိယာကို ကိုယ်တိုင်ကိုယ်ကျ ပဓာနအဖြစ်ဖြင့် ပြီးစေနိုင်သည်၊ ကရဏကာရကကဲ့သို့ သူတစ်ပါးပြဋ္ဌာန်းသောအားဖြင့် ပြီးစေရသည် မဟုတ်''ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

မေး။ သုဒ္ဓကတ္တား စသော ကတ္တား ၃–မျိုးအဓိပ္ပါယ်ကို သက်ဆိုင်ရာ ပြယုဂ်များနှင့်တကွ ရေးပြပါ။

ဖြေ။ ၁။ ကိုယ်တိုင်သာ ကြိယာကို ပြီးစေတတ်သော (ဟေတု, ကမ္မ–ဟူသော ဝိသေသန မဖက် သက်သက်သန့်သန့်ဖြစ်သော) ကတ္တားသည် ''သုဒ္ဓကတ္တား'' မည်၏။

ပြယုဂ် – ဒေဝဒတ္တော ဂါမံ ဂစ္ဆတိ။

ဤပြယုဂ်၌ ဒေဝဒတ်သည် မိမိကိုယ်တိုင် သွားခြင်းကြိယာကို ပြီးစေတတ်သောကြောင့် ''သုဒ္ဓကတ္တား'' မည်ပါသည်။

၂။ ပြုခြင်းငှါ စွမ်းနိုင်ပါလျက် မပြုဘဲနေသော အခြားကတ္တားကို အမှုဌ် စေခိုင်းတိုက်တွန်းတတ်သော ကတ္တားသည် ''ဟေတုကတ္တား'' မည်၏။

ပြယုဂ် – ယညဒတ္တော ဒေဝဒတ္တံ ဂါမံ ဂမယတိ။

ဤပြယုဂ်၌ ယညဒတ်သည် ရွာသို့သွားခြင်းငှါ စွမ်းနိုင်ပါလျက် မသွားဘဲနေသည့် ဒေဝဒတ်ဟူသော ကတ္တားတစ်ပါးကို စေခိုင်းတိုက်တွန်းတတ်သောကြောင့် ''ဟေတုကတ္တား'' မည်ပါသည်။

၃။ တစ်ပါးသော ကတ္တား၏ ကြိယာကို စွဲ၍ ကံဖြစ်ပါသော်လည်း ပြုလွယ်သောကြောင့် မိမိအလိုလိုသာ ပြီးသကဲ့သို့ ဖြစ်သော ကတ္တားသည် ''ကမ္မကတ္တား'' မည်၏။

ပြယုဂ် – သယံ ကရီယတေ ကဋ္ဌော။

http://www.dhammadownload.com

ဤပြဿုဂ်၌ ကဋ္ဌော–သည် တစ်ပါးသောကတ္တား၏ ပြုခြင်းကြိယာကို စွဲ၍ ကံဖြစ်ပါသော်လည်း ပြုလွယ်သောကြောင့် မိမိအလိုလိုသာပြီးသကဲ့သို့ ဖြစ်သောကြောင့် ''ကမ္မကတ္တား'' မည်ပါသည်။

အမှာ။ ။ သယမေဝ ပစ္စတေ သြဒနော–၌လည်း နည်းတူသိပါ။

မေး။ ထိုထိုကာရိုက်အရာ၌ ''ဂစ္ဆတိ ဒေဝဒတ္တော၊ တမညော ပယောဇယတိ ဂမယတိ ဒေဝဒတ္တံ'' စသောဝါကျများ ပါရှိရာ ထိုဝါကျများသည် အဘယ်ကိုပြသောဝါကျများ ဖြစ်ပါသနည်း။

ဖြေ။ ဟိတ်အနက်ကို ထင်ရှားအောင်ညွှန်ပြသော ''ဟေတွတ္ထနိဿန'' ဝါကျများ ဖြစ်ပါသည်။

မေး။ ဟိတ်အနက်ကို ညွှန်ပြသောဝါကျဝယ် ''ဂစ္ဆတိ ဒေဝဒတ္တော''၌ ''ဂစ္ဆတိ''သည် ဒေဝဒတ်ကိုယ်တိုင်သွား (တကယ်သွား) နေသည်ကို ဆိုလိုပါသလော၊ ရှင်းပြပါ။

ဖြေ။ ဒေဝဒတ်ကိုယ်တိုင်သွား (တကယ်သွား)နေသည်ကို မဆိုလိုပါ။ သွားခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ် (သွားစွမ်းနိုင်သောသတ္တိ)ကို ပြခြင်း၏အစွမ်းဖြင့် ဆိုထားခြင်းသာ ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ ဟေတွတ္ထနိဿနဝါကျ၌ ''ဂစ္ဆတိ ဒေဝဒတ္တော''ဟူသော ဝါကျသည် စင်စစ်အားဖြင့် ဟိတ်အနက်ကို ညွှန်ပြသောဝါကျ မဟုတ်၊ ဒေဝဒတ်၏ သွားစွမ်းနိုင်သောသတ္တိကို ပြခြင်း၏အစွမ်းဖြင့် ဆိုအပ်သော ဟေတုဝါကျ၏ အခြေခံဝါကျသာ ဖြစ်၏–ဟု မှတ်ပါ။

မေး။ ဂစ္ဆတိ ဒေဝဒတ္တော–၌ ဂစ္ဆတိ–သည် 'ဒေဝဒတ်ကိုယ်တိုင် တကယ်သွားနေသည်ကို ပြဆိုသော ဝါကျ'ဟုယူလျှင် ဖြစ်လာမည့်အပြစ်ကို ဖော်ပြပါ။

ဖြေ။ ယင်းသို့ယူလျှင် မည်သူမျှ မခိုင်းဘဲ သူ့ဘာသာသူ သွားနေရာ၌ စေခိုင်းတတ်သူ၏ ပယောဇက ဗျာပါရဖြင့် အကျိုးမရှိခြင်း ဟူသောအပြစ် ဖြစ်သည့်ပြင် ''အကရောန္တံ ဗလေန ကာရယတိ (ယညဒတ္တော ဒေဝဒတ္တံ ဗလေန ကာရယတိ) ''၊ ''ပုရိသော ပါသာဏံ ဥဋ္ဌာပယတိ''စသော ပြဿုဂ်များမပြီးတော့ခြင်း (မရှိနိုင်တော့ခြင်း) ဟူသောအပြစ်လည်း ဖြစ်ပါသည်။

မေး။ (က) သယံ ကရီယတေ ကဋ္ဌော (ခ) သယမေဝ ပစ္စတေ သြဒနော–ဟူသော ကမ္မကတ္တုဝါကျတို့ကို အနက်ပေးပြခဲ့ပါ။

ဖြေ။ (က) ကဋ္ဌော၊ ဖျာသည်။ သယံ၊ ကိုယ်တိုင်။ ကရီယတေ၊ ပြုတတ်၏။
(ခ) သြဒနော၊ ထမင်းသည်။ သယမေဝ၊ ကိုယ်တိုင်သာလျှင်၊ ပစ္စတေ၊ ချက်တတ်၏။

မေး။ ''အတ္တာပဗာနော ကိရိယံ''စသော ဂါထာ ၂–ဂါထာတို့သည် အဘယ်ကို ပြသော ဂါထာများ ဖြစ်ပါသနည်း။

ဖြေ။ ''အတ္တာပဗာနော ကိရိယံ''စသောဂါထာသည် ရှေ့၌ဖွင့်ပြခဲ့သည့် သုဒ္ဓကတ္တား ဆိုင်ရာ အဖွင့်ကို သာဓကပြုသော ဂါထာဖြစ်၍၊ ''ဟေတုကတ္တာတိ ကထိတော''စသော ဂါထာသည် ဟေတုကတ္တား, ကမ္မကတ္တားဆိုင်ရာ အဖွင့်တို့ကို သာဓကပြုသော ဂါထာဖြစ်ပါသည်။

မေး။ သုဒ္ဓကတ္တား ၂–မျိုးကို သက်ဆိုင်ရာပြဿုဂ်များနှင့် တကွ ရှင်းပြပါ။

ဖြေ။ ၁။ အပ္ပယုတ္တသုဒ္ဓကတ္တား = သူတစ်ပါးတို့ မစေခိုင်းအပ်ဘဲ ကြိယာကို ပြီးစေသော

http://www.dhammadownload.com

ကတ္တား။

ပြယုဂ် – ဒေဝဒတ္တော ဂါမံ ဂစ္ဆတိ။

ဤပြယုဂ်၌ ဒေဝဒတ်သည် သူတစ်ပါးတို့မစေခိုင်းအပ်ဘဲ သွားခြင်းကြိယာကို ပြီးစေတတ်သောကြောင့် ''အပ္ပယုတ္တသုဒ္ဓကတ္တား'' မည်၏။

၂။ ပယုတ္တသုဒ္ဓကတ္တား = သူတစ်ပါးတို့ စေခိုင်းအပ်သည်ဖြစ်၍ ကြိယာကို ပြီးစေ တတ်သော ကတ္တား။

ပြယုဂ် – ယညဒတ္တော ဒေဝဒတ္တေန ဂါမံ ဂမယတိ။

ဤပြယုဂ်၌ ယညဒတ်သည် ဒေဝဒတ်က စေခိုင်းအပ်သည်ဖြစ်၍ သွားခြင်းကြိယာကို ပြီးစေတတ်သောကြောင့် ''ပယုတ္တသုဒ္ဓကတ္တား'' မည်၏။

မေး။ ''သံယောဂေါ ဇာယတေ = ယှဉ်စပ်ခြင်းသည် ဖြစ်၏''ဟူသောပြယုဂ်၌ ပူးကပ်ယှဉ်စပ်ခြင်း သံယောဂသည် ယခုမှ ဖြစ်၏။ မပူးကပ် မယှဉ်စပ်မီ ရှေ့အဖို့၌ ထင်ရှားမရှိသေးပေ။ ထို သံယောဂသည် အဘယ်သို့လျှင် ဇာယတေ–၌ ဇနနကြိယာ၏ ကတ္တားဖြစ်နိုင်ပါသနည်း၊ ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ သဒ္ဒါပြယုဂ် (သဒ္ဒါအသုံးအနှုန်း)သည် လောကသင်္ကေတအားဖြင့် (လောက၌ သတ်မှတ်ထားသည့်အတိုင်း) ပြီးစီးရသောကြောင့် မပူးကပ် မယှဉ်စပ်မီ ရှေ့အဖို့၌ ထင်ရှားမရှိသော သံယောဂသည် ဇာယတေ–၌ ဇနနကြိယာ၏ ကတ္တား ဖြစ်နိုင်ပါသည်။

ရှင်းပြဦးအံ့ – 'လောက'ခေါ် သဒ္ဒါဆရာတို့က 'ယုန်ချို့, လိပ်မွေး, ပုစွန်သွေး, ခွေးလေးတောင်ပံဖြူ'စသော ထင်ရှားမရှိသောအနက်ကိုလည်း 'သသဝိသာဏ, ကစ္ဆပလောမ, ကက္ကဋကလောဟိတ, သုနခဋီကာယ ပလိတပက္ခေါ'စသော သဒ္ဒါ၏ ဟောနက်အဖြစ်ဖြင့် ထင်ရှားရှိသကဲ့သို့ ဉာဏ်ဖြင့်ယူ၍ ကြဆ၍ ခေါ်ဝေါ်ပြောဆိုကြသုံးနှုန်းကြပါသည်။

ကြဆတတ်သော အသိဉာဏ်ဖြင့် ယူအပ်သော အခြင်းအရာကိုသာလျှင် သဒ္ဒါက ဟောအပ်ပါသည်။ ထင်ရှားရှိသော (ဟုတ်မှန်သော) ဝတ္ထုကိုသာ ဟောသည် မဟုတ်ပါ။ 'ထင်ရှားရှိသော ဝတ္ထုကိုသာ သဒ္ဒါက ဟောသည်'ဟုဆိုလျှင် မျက်မှောက် သိတတ်သော ပစ္စက္ခဉာဏ်ဖြင့် ထင်းရှားရှိသောဝတ္ထုကို မျက်မှောက်ပြုသကဲ့သို့ သုတမယဉာဏ်ဖြင့်လည်း ထင်ရှားရှိသောဝတ္ထုကို မျက်မှောက်ပြုရာရောက်ခြင်း, မှားသောစကား (မုသာဝါဒ) မိစ္ဆာအယူဝါဒ (ကုဒိဋ္ဌိ) အစရှိသည်တို့ မရှိတော့ပဲ မှန်ကန်သောစကား မှန်ကန်သော အယူဝါဒတို့သာ ရှိရတော့မလို ဖြစ်ခြင်း–ဟူသော အပြစ်များ ဖြစ်ရာပါသည်။

ထို့ကြောင့် အသိဉာဏ်ဖြင့် ကြဆအပ်သော သင်္ကေတပညတ်၏အစွမ်းဖြင့်လည်း သဒ္ဒါဖြစ်နိုင်ရကား ရှေးက ထင်ရှားမရှိသော သံယောဂ–စသည်သည် ဇာယတေ– ၌ ဇနနကြိယာ၏ ကတ္တားဖြစ်နိုင်ပါသည်။

အဘာဝပသင်္ဂေါ – သဘာဝပသင်္ဂေါ။ ။ဆရာတော် ဦးဗုဒ္ဓိသဿယ၌ ''သဘာ–ဝပွသင်္ဂေါ စ၊ သဘောအမှန်ဖြစ်ခြင်း၏ လျှဉ်ပါးခြင်းသည်လည်းကောင်း''ဟု အနက်ပေး၍၊ ဘာသာဋီကာ၌လည်း ''သဘာဝပွသင်္ဂေါ စ၊ အစစ်အမှန်အဖြစ်၌ လျှဉ်းပါးဖွယ်သည်၄င်း'' ဟု အနက်ပေးသည့်ပြင်၊ ''အဘာဝ ဟု ပါဠိပျက်ရှိ၏'' ရေးတော်မူသည်။

သီဟိုဠ်ဗျာချာ၌ ''အဘာဝပွသင်္ဂေါ စ၊ မရှိခြင်း၌ ငြိကပ်ပါဝင်ခြင်း (လျှဉ်ပါခြင်း) သည်လည်းကောင်း''ဟု ပေးသည်။ ရူပသိဒ္ဓိဂဏ္ဌိ၌လည်း ''အဘာဝပွသင်္ဂေါစ၊ မရှိ

http://www.dhammadownload.com

ခြင်း၏ လျှဉ်ပါးခြင်းသည်လည်းကောင်း ''အနက်ပေးသည့်ပြင် ''အဘာဝ–ဟု ပါဠိမှန်ရှိစေ'' ဟု ရေးတော်မူသည်။ ထို နှစ်ဝါဒတို့တွင် နောက်ဝါဒသာ အမှန်ဖြစ်၏–ဟု မှတ်ပါ။

အမှာ။ ။ ''ထင်ရှားရှိသော အရာဝတ္ထုကိုသာ သဒ္ဒါက ဟောသည်–ဟု ဆိုလျှင် ဖြစ်လာမည့် အပြစ်ကို ရေးပြပါ''ဟူသော အမေးကို ဖြေတတ်ပါစေ။

မေး။ ''ဝေါဟာရော ဝိသယော သဒ္ဒေါ''စသော ဂါထာ ၂– ဂါထာ၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ (၁) သဒ္ဒါသည် ဝေါဟာရ (ပညတ်)လျှင် အရာရှိ၏။ ကေန်စင်စစ်အမှန် ဖြစ်သော အနက်ကိုသာ ဟောသည် မဟုတ်ပါ။ (ပရမတ်နက်ကိုလည်း ဟော, ပညတ်နက်ကို လည်း ဟော၏– ဟူလို။) အသိဉာဏ်ဖြင့် ကြဲဆအပ်သော ပညတ်နက်ကို ''သဒ္ဒတ္ထ = သဒ္ဒါ၏ အနက်'' ဟု ဆိုအပ်ပါသည်။

(၂) မှန်၏။ အသိဉာဏ်ဖြင့် ကြဲဆ၍ ယူအပ်သောကြောင့် ''သံယောဂေါ ဇာယတေ'' ဟူသော ပြယုဂ်၌ ရှေးက ထင်ရှားမရှိသေးသော သံယောဂသည် ထင်ရှားရှိသကဲ့သို့ ဇနနကြိယာ၏ ကတ္တားဖြစ်နိုင်ပါသည်။

၂၈၃၊ ၃၁၆။ ယဿ ဝါ ပရိဂ္ဂဟော တံ သာမိ (၁၆၅)

မေး။ ပရိဂ္ဂဟ–ဟူသည် အဘယ်နည်း ဖြေဆိုပါ။

ဖြေ။ သိမ်းပိုက်အပ်သော ဥစ္စာ= စပ်သော ဥစ္စာ= ဆက်စပ်ခြင်းရှိသော ဥစ္စာဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ ကိုယ်ဖြင့်ဖြစ်စေ, နှုတ်ဖြင့်ဖြစ်စေ, စိတ်ဖြင့်ဖြစ်စေ ''ငါ့ဟာ''ဟု စွဲယူမှတ်သား သိမ်းပိုက်ထားအပ်သော ပစ္စည်းသည် ''ပရိဂ္ဂဟ'' မည်၏။ ထို ပရိဂ္ဂဟ ပစ္စည်းသည် သိမ်းပိုက်ထားသူနှင့် စပ်နေသောကြောင့် ''အာယတ္တ'' လည်း မည်၏။ သိမ်းပိုက်ထားသူနှင့် ဆက်စပ်ခြင်း ရှိသောကြောင့် ''သမ္ဗန္ဓိ'' ဟု ဖွင့်သည်။

မေး။ ဤသုတ်၏ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ''သိမ်းပိုက်အပ်သော ဥစ္စာ ဟူသော အနက်ကို ခွဲ၍ သိမ်းပိုက်တတ်သော အနက်ကို ''သာမိ'' အမည်မှည့်ပါ–ဟု အဓိပ္ပါယ်ရပါသည်။

မေး။ ယဿ ဝါ ပရိဂ္ဂဟော တံ သာမိ သုတ်၏ ဆိုလိုရင်း အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ဥစ္စာရှင် ဟူသော အနက်ကို သာမိအမည်မှည့်ပါ–ဟု ဆိုလိုရင်း ဖြစ်ပါသည်။

မေး။ ဤသုတ်ပါ ဝါ သဒ္ဒါ၏ အနက်ကို ရေးပြပါ။

ဖြေ။ ဝါ သဒ္ဒါသည် သာမိအနက်ဟော သဒ္ဒါ၏ ယှဉ်ရာ တဗ္ဗပစ္စည်း အဆုံးရှိသော သဒ္ဒါ၏ ယှဉ်ရာ, ရုဇတ် စသည်တို့ ယှဉ်ရာကို ဆည်းခြင်းသမုစ္စည်း အနက် ရှိပါသည်။
ထိုယှဉ်ရာ ''သံ'' စသော အနက်တို့ကိုလည်း သာမိအမည်မှည့်ပါ–ဟု ဆိုလိုပါသည်။
– ဒေဝါန မိန္ဒော၊ မိဂါနံ ရာဇာ။ (သာမိဟော သဒ္ဒါ၏ အယှဉ်)
– မဟာသေနာပတီနံ ဥဇ္ဈာပေတဗ္ဗံ ဝိကန္ဒိတဗ္ဗံ ဝိရဝိတဗ္ဗံ။ (တဗ္ဗပစ္စည်း အဆုံးရှိသော သဒ္ဒါ၏ အယှဉ်။)
– ဒေဝဒတ္တဿ ရုဇတိ။ (ရုဇတ်၏ အယှဉ်)

http://www.dhammadownload.com

မေး။ သာမီ– ခေါ် သမ္မန်သည် အဘယ်ကြောင့် အကာရက ဖြစ်ရပါသနည်း။

ဖြေ။ ကြိယာနှင့် စပ်ယှဉ်ခြင်း မရှိသောကြောင့် သာမီ ခေါ် သမ္မာန်သည် အကာရက ဖြစ်ရပါသည်။

ရှင်းချက်။ ။''ကရောတိ ကြိယံ အဘိနိပ္ဖာဒေတီတိ ကာရကော'' အရ ကြိယာကို ပြီစေတတ်သော အနက်သည်သာ ''ကာရက''အမည်ရ၏။ ''ရညော ပုရိသော'' ၌ ရညော–ဟူသော သာမီသည် ပုရိသော–ဟူသော ကာရက၌စပ်၍ ကြိယာ၌ မစပ်သော ကြောင့် ကြိယာကို မပြီးစေတတ်ရကား ကာရကအမည်မရဘဲ ''အကာရက'' အမည်ရခြင်း ဖြစ်ပါသည်။

မေး။ ''သာမီဘာဝ= သာမိုအဖြစ်'' ဟူသည် အဘယ်နည်း။

ဖြေ။ ကြိယာ = ကာရက အဖြစ်၏ အကျိုးအဖြစ်ဖြင့် ယူအပ်သော သမ္မန်သည် ''သာမီ'' မည်ပါသည်။

ရှင်းချက်။ ။ 'ရညော ပုရိသော= မင်း၏ –အချင်းယောကျ်ားး'' ဟု ဆိုအပ်ရာ၌ မင်းသည် လစာ ရိက္ခာကို ပေး၏။ အချင်းယောကျ်ားက ခံယူ၏။ ထိုသို့ပေးခြင်း, ယူခြင်းကြိယာကို မြင်ရခြင်းကြောင့် ''ရာဇပုရိသော= ဤသူကား မင်း၏ အစေအပါး, မင်းခယောကျ်ား ဖြစ်သည်–ဟု အခြားသူတို့က သိရသည်။

ဤ၌ ပေးခြင်း, ယူခြင်းဟူသောကြိယာနှင့် မင်း, မင်းချင်းယောကျ်ား ဟူသော ကာရက တို့သည် မင်းနှင့် မင်းချင်းယောကျ်ားတို့၏ သေဝက+သေဝိတဗ္ဗ အဖြစ်ဖြင့် ဆက်စပ်ခြင်း သမ္မန်ကို သိရခြင်း၏ အကြောင်းဖြစ်၏။ သမ္မန်ကား ထိုကြိယာ, ကာရကတို့ကြောင့် ဖြစ်သော အကျိုးတည်း။

မေး။ ''သာမီ''ဟူသည် အဘယ်နည်း။

ဖြေ။ သမ္မန်၏ တည်ရာဖြစ်သော ဝိသေသန, ဌာနီ, အာဂမီ–ဟူသော အနက် ၃–မျိုး ဖြစ်ပါသည်။

- ရညော ပုရိသော (ဝိသေသန)
- ယမေဒန္တသာဒေသော (ဌာနီ)
- ပုထသာဂမော (အာဂမီ)

မေး။ ''သမ္မန်''ဟူသည် အဘယ်နည်း၊ ဖြေဆိုပါ။

ဖြေ။ (၁) ပေးခြင်း, ယူခြင်း စသော ကြိယာ၊ ရာဇ, ပုရိသ– စသော ကာရကတို့ကြောင့် ဖြစ်သော, (၂) ''ဤအရာဝတ္ထုသည် ဤသူ၏ ဥစ္စာတည်း''ဟု သမ္မန္ဓီကို သိသော အသိဉာဏ်၏ အကြောင်းရင်းဖြစ်သော (အသိဉာဏ်, သဒ္ဒါတို့၏ အကြောင်းရင်းဖြစ်သော) အနက်သည် ''သမ္မန်'' မည်ပါသည်။

ထို''သမ္မန်''သည် သူတစ်ပါးတို့နှင့် ဆက်စပ်ခြင်း ရှိပါသည်။ (သူတစ်ပါး ပြဋ္ဌာန်းပါသည်)

မေး။ သာမိသို့ ဆဋ္ဌီ– သုတ်ဖြင့် ဆဋ္ဌီဝိဘတ်သက်ရာ, မသက်ရာတို့ကို ဖော်ပြပါ။

ဖြေ။ ဆဋ္ဌီဘတ်သက်ရာမှာ– ဝိသေသန, ဌာနီ, အာဂမီ–ဟူသော ''သာမီ'' ဖြစ်ပါသည်။

ဆဋ္ဌီဝိဘတ်မသက်ရာကား– ဝိသေသျ, ဌာန, အာဂမတို့ ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ ကြိယာကာရကသဗ္ဗတော–အရ သမ္ဗန်၏ ကြိယာ, ကာရကတို့ကြောင့် ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ''ယောက်ျားက ခစားခွင့်ပြုရန် ခွင့်တောင်း၏၊ မင်းက ခစားဖို့ရန် ခွင့်ပြု၏''။ ဤသို့ ခွင့်တောင်းခြင်း, ခွင့်ပြုခြင်းကြိယာ၊ မင်း + မင်းခယောက်ျား–ဟူသော ကာရကတို့ကြောင့် ထိုသူနှစ်ဦးတို့၏ တော်စပ်မှု ဆက်စပ်မှု သမ္ဗန် ဖြစ်ပေါ်လာရပါသည်။ (ကြိယာနှင့် ကာရကတို့သည် အကြောင်း၊ သမ္ဗန်သည် အကျိုး။)

မေး။ အသေဒံဘာဝဟေတုကော–၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ''ရာဇာ ဒဒါတိ = မင်းက ယောက်ျားအား လစာရိက္ခာကို ပေး၏။ ပုရိသော ပဋိဂ္ဂဏှာတိ= ယောက်ျားက ခံယူ၏'' ဟူရာ၌ မင်း၏ ပေးခြင်းကြိယာ, ယောက်ျား၏ ခံယူခြင်းကြိယာကို မြင်၍ ''အသ + ကွဒံ= ဤယောက်ျားကား ဤမင်း၏ အခစားယောက်ျား (ကျေးကျွန်) တည်း''ဟုသိသော အသိဉာဏ် ဖြစ်ပေါ်လာ၏။ (ထိုအသိဉာဏ်အား လျော်စွာ ''ရာဇ ပုရိသော= မင်းချင်းယောက်ျား''ဟူသော သဒ္ဒါလည်း ဖြစ်ပေါ်လာရသည်။
ဤသို့လျှင် သမ္ဗန်သည် ''အသ + ကွဒံ= မင်း၏ + ဥစ္စာ''ဟုသိသော အသိဉာဏ်၏ အကြောင်းဖြစ်ပါသည်။

မေး။ ''ပါရတန္တိ ဟိ သမ္ဗန္ဓော''ဟူသော ဂါထာပါဒကို ရှင်းပြပါ။

ဖြေ။ ရှင်ဘုရင်သည် သူ့ချည်းသက်သက် သမ္ဗန်ကို မဖြစ်စေနိုင်၊ မင်းခယောက်ျားလည်း သူ့ချည်းသက်သက် သမ္ဗန်ကို မဖြစ်စေနိုင်၊ မင်းနှင့် တွဲစပ်မိမှသာ သမ္ဗန်ကို ဖြစ်စေနိုင်၏။
ဤသို့လျှင် သမ္ဗန်သည် သူတစ်ပါးနှင့် စပ်နေပါသည်။

မေး။ သမ္ဗန် ၂–မျိုးကို ရှင်းလင်းဖော်ပြပါ။

ဖြေ။ ၁။ ပဘဝ (ဇနက) သမ္ဗန် ၂။ ပတိတိသမ္ဗန်တို့ ဖြစ်ပါသည်။
ထိုတွင် အမွန်အစ မူလပထမဖြစ်သော သမ္ဗန်သည် ''ပဘဝ (ဇနက) သမ္ဗန်'' မည်၏။
နောက်မှ သူတစ်ပါးတို့က သိအပ်သော သမ္ဗန်သည် ''ပတိတိသမ္ဗန် '' မည်၏။

မှတ်ချက်။ ။ ကြိယာကာရကသဗ္ဗတော–ပါ၌ဖြင့် ပဘဝ(ဇနက)သမ္ဗန်ကို ပြ၍ အသေဒံ ဘာဝဟောတုကော–ပါ၌ဖြင့် ပတိတိသမ္ဗန်ကို ပြသည်ဟု မှတ်ပါ။

မေး။ ''ရညော ပုရိသော'' ၌ ဝိသေသန, ဝိသေသျ ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ရာဇာ – အရ မင်းသည် ယောက်ျားကို အမတ်, သူဌေးစသော အခြား အရှင်သခင်တို့မှ အထူးပြုတတ် နစ်စေတတ်သောကြောင့် ''ဝိသေသျ'' ဖြစ်ပါသည်။
ပုရိသ – အရ ယောက်ျားသည် မင်းက အခြားသော အရှင်သခင်များ၏ ကျေးကျွန် အဖြစ်မှ အထူးပြုအပ် နစ်နာစေအပ်သောကြောင့် ''ဝိသေသျ'' ဖြစ်ပါသည်။

ဝစနတ္ထ – ဝိသေသတိ နိဝတ္တေတိတိ ဝိသေသနံ။
ဝိသေသသိယတေတိ ဝိသေသျံ။

မေး။ ဝိသေသန, ဝိသေသျ နှစ်ပါးရှိရာ၌ အဘယ်နောင် ဆဋ္ဌီဝိဘတ်သက်ရပါသနည်း? အကြောင်းပြဖြေပါ။

ဖြေ။ ဝိသေသနနောင် သက်မှသာ ဆဋ္ဌီဝိဘတ်ဟူသော သဒ္ဒါက သမ္ဗန်အနက်ကို ထွန်းပြနိုင်သော

http://www.dhammadownload.com

ကြောင့် ရာဇ-စသော ဝိသေသနနောင်သာ ဆဋ္ဌိဝိဘတ် သက်ရပါသည်။

မှတ်ချက်။ ။ အကြောင်းပြသည် ရူပသိဒ္ဓိလာ စကားမဟုတ်, ဘေဒစိန္တာလာ စကား ဖြစ်ပါသည်။

မေး။ ယမေဒန္တသ္သဒေသော-၌ ဌာနီ+ ဌာန တို့ကို ခွဲခြားပြပါ။

ဖြေ။ ဇ-ရေးရမည့် ကွက်လပ်၊ ဝါ- ဇ ရွတ်ရာ နှစ်မတြာကာလသည် ဌာန၊ ဇ-သည် ဌာနီ-ဟု ဘာသာဋီကာ၌ ဆို၍၊ ယ-သည် ဌာန၊ ဇ-သည် ဌာနီ-ဟု ရူပသိဒ္ဓိဂဏ္ဌိ၌ ဆိုပါသည်။ ဆရာမြတ်တို့ကား ယ-၏ ကပ်ငြိလာခြင်းသည် ဌာန-ဟု ဆိုပါသည်။

မေး။ (ဂေါသရေ) ပုထဿဂမော-၌ အာဂမီ, အာဂမ-တို့ကို ခွဲခြားပြခဲ့ပါ။

ဖြေ။ ပုထ- သည် အာဂမီ၊ ဂ- သည် အာဂမ ဖြစ်ပါသည်။

မေး။ သမ္ဗန်အမျိုးမျိုးကို သက်ဆိုင်ရာပုံစံများနှင့် တကွ ဖော်ပြပါ။

ဖြေ။

၁။ သေဝကသမ္ဗန် – ရညော ပုရိသော။
၂။ ဘဏ္ဍသမ္ဗန် – ပဟူတံ မေ ဓနံ သက္က။
၃။ သမီပသမ္ဗန် – အမ္ဗဝနဿ အဝိဒူရေ။
၄။ သမူဟသမ္ဗန် – သုဝဏ္ဏဿ ရာသိ။
၅။ အဝယဝသမ္ဗန် – မနုဿေဝ တေသိသံ။
၆။ ဝိကာရသမ္ဗန် – သုဝဏ္ဏဿ ဝိကတိ။
၇။ ကာရိယသမ္ဗန် – ယဝဿ အကံ့ရော။
၈။ အဝတ္ထာသမ္ဗန် – ခန္ဓာနံ ပါတုဘာဝေါ။
၉။ ဇာတိသမ္ဗန် – မနုဿဿ ဘာဝေါ။
၁၀။ ဂုဏသမ္ဗန် – သုဝဏ္ဏဿ ဝဏ္ဏော။
၁၁။ ကြိယာသမ္ဗန် – ပါဒဿ ဥက္ခိပနံ။

၂၈၄၊ ၂၈၃။ လိင်္ဂတ္ထေ ပဌမာ။ (၁၃၇)

မေး။ လိင်္ဂတ္ထေ ပဌမာ-သုတ်ကို ရှုအလိုက္ခ အနက်ပေးပြပါ။

ဖြေ။ လိင်္ဂတ္ထာဘိဓာနမတ္တေ၊ လိင်အနက်ကို ဟောခြင်းမျှကို။ ဇောတေတဗ္ဗေ၊ ထွန်းပြ အပ်သည် ရှိသော်။ ပဌမာ၊ ပဌမာဝိဘတ်သည်။ ဟောတိ၊ ဖြစ်၏။

မေး။ လိင်္ဂတ္ထေ ပဌာမာ-သုတ်၌ ''လိင်္ဂ''၏ အဓိပ္ပါယ်ကို ရူပသိဒ္ဓိဆရာဖွင့်သမျှ အနှစ်ချုပ် ရေးပြခဲ့ပါ။

ဖြေ။ (၁) ''လိနံ အင်္ဂံ လိင်္ဂ''ဟူသော ဝစနတ္ထနှင့် အညီ မထင်းရှားသော အစိတ်အပိုင်း ဖြစ်သောကြောင့် ''လိင်္ဂ = လိင်''မည်ပါသည်။

(၂) ''လိနံ ဂမယတီတိ လိင်္ဂ''၊

(၃) ''လိင်္ဂယတိ ဉာပေတီတိ လိင်္ဂ'' ဟူသော ဝစနတ္ထတို့နှင့်အညီ လျှို့ဝှက် တိမ်မြုပ် နစ်ဝင်နေသော အနက်ကိုသိစေတတ်, ပြတတ်သောကြောင့် ''လိင်္ဂ = လိင်'' မည်ပါသည်။

http://www.dhammadownload.com

(၄) ''ဓာတုပ္ပစ္စယဝိဘတ္တိဝဇ္ဇိတမတ္ထဝံ လိင်'' ''ဟု တစ်ပါးသော သက္ကတကျမ်းတို့၌ ဆိုအပ်သောကြောင့် ပရသမညာ၏ အစွမ်းဖြင့် ''လိင် = လိင်'' မည်ပါသည်။

မေး။ မထင်ရှားသော အစိတ်အပိုင်းဖြစ်သောကြောင့် ''လိင်=လိင်''မည်၏–ဆိုရာ၌ ''မထင်ရှားသော အစိတ်အပိုင်း''ဟူသည် အဘယ်နည်း? ထင်ရှားအောင် ဖြေဆိုပါ။

ဖြေ။ ပကတိ (လိင် + ဓာတ်) + ပစ္စည်း စသည်ကို ခွဲခြားဝေဖန်ကြဆခြင်းဖြင့် ပြီးစေအပ်သော သဒ္ဒါအတုဖြစ်ကြသည့် ပုရိသော–အစရှိသော နာမ်ပုဒ်တို့၏ ရှေးဦးစွာ တည်ထားအပ်သော ''ပုရိသ''စသော ပကတိရုပ် ဖြစ်ပါသည်။

မေး။ လျှို့ဝှက်တိမ်မြုပ် နစ်ငုပ်နေသော အနက်ကို သိစေတတ်, ပြတတ်သောကြောင့် ''လိင်= လိင်''မည်၏–ဟုဆိုရာ၌ ''လျှို့ဝှက်တိမ်မြုပ် နစ်ငုတ်နေသော အနက်''ဟူသည် အဘယ်နည်း? ဖြေဆိုပါ။

ဖြေ။ – ဝိသဒါကာရဝေါဟာရ (ပုလ္လိင်) အဝိသဒါကာရဝေါဟာရ (ကွတ္ထိလိင်) ဥဘယရ ဟိတာကာရဝေါဟာရ (နေဝ ဝိသဒ နာဝိသဒါကာရဝေါဟာရ နပုလ္လိင်)ဟုဆိုအပ်သော သုံးပါး အပြားရှိသော လိင်နှင့်တကွဖြစ်သောအနက်၊

– ထိုမှ အလွတ်ဖြစ်သော ဥပသာရပုဒ်, နိပါတ်ပုဒ်တို့၏ အနက်များ ဖြစ်ပါသည်။

မေး။ 'သဒ္ဒါအစစ်'နှင့် 'သဒ္ဒါအတု'ကို ခွဲခြားပြခဲ့ပါ။

ဖြေ။ ရွတ်ဆိုအပ်သော အသံ, နားဥာကြားအပ်သော အသံသည် ''သဒ္ဒါအစစ်'' ဖြစ်၍၊ စိတ်ဖြင့် ပေါင်းယူမှတ်သားထားအပ်သော ပုရိသော–စသောနာမ်ပုဒ်တို့သည် ''သဒ္ဒါအတု''များ ဖြစ်ကြပါသည်။

မေး။ အဘယ်အရာသည် အဘယ်ကြောင့်''လိင် = လိင်''မည်ပါသနည်း၊ ပြည့်စုံစွာ ရေးသားဖြေဆိုပါ။

ဖြေ။ ပကတိ+ ပစ္စည်း စသည်ကို ခွဲခြားဝေဖန်ခြင်းဖြင့် ပြီးစေအပ်ကုန်သော သဒ္ဒါအတုဖြစ်ကြသည့် ပုရိသော–အစရှိသော နိပ္ပန္နနာမ်ပုဒ်တို့၏ ရှေးဦးစွာတည်ထားအပ်သော ''ပုရိသ'' စသော ပကတိရုပ်သည် ကံ, ကတ္တားစသည်၊ ဇကဝုစ်စသည် မထင်ရှားသောကြောင့် လည်းကောင်း၊ ပုရိသော–စသော နိပ္ပန္နပုဒ်၏ အစိတ်အပိုင်း ဖြစ်သောကြောင့်လည်းကောင်း ''လိင်= လိင်'' မည်ပါသည်။

တစ်နည်း– ''ပါဠိပဒိက''ဟူ၍ တစ်ပါးသော သက္ကတ(ပါဏိနီ)ကျမ်း၌ လာသော အမည်ရှိသော သိ–စသော ဝိဘတ်အဆုံးရှိသောပုဒ်၏ ပကတိရုပ်သည် ဝိသဒါကာရဝေါဟာရ, အဝိသဒါကာရဝေါဟာရ, ဥဘယရဟိတာကာရဝေါဟာရဟုဆိုအပ်သော သုံးပါးအပြားရှိသော လိင်နှင့်တကွဖြစ်သောအနက်၊ ထိုမှ အလွတ်ဖြစ်သော ဥပသာရပုဒ်, နိပါတ်ပုဒ်တို့၏ အနက်ဟူသော လျှို့ဝှက် တိမ်မြုပ်နစ်ငုပ်နေသော အနက်ကို သိစေတတ်သောကြောင့်၊

တစ်နည်း– ထို လျှို့ဝှက် တိမ်မြုပ်နစ်ငုပ်နေသော အနက်အနက်ကို ထင်ရှားပြတတ်သောကြောင့် ''လိင် = လိင်'' မည်ပါသည်။

တစ်နည်း– ''ဓာတုပ္ပစ္စယဝိဘတ္တိဝဇ္ဇိတမတ္ထဝံ လိင်'' ''ဟူ၍ တစ်ပါးသော သက္ကတကျမ်းတို့၌ ဆိုအပ်သောကြောင့် ''လိင် = လိင်''မည်ပါသည်။

http://www.dhammadownload.com

"ပါဋိပဒိက"ဟူသည် – ပဒံ ပဒံ ပတိ ပဋိပဒံ၊ ပဋိပဒေ နိယုတ္တံ ပါဋိပဒိကံ။ ပုဒ်တိုင်း ပုဒ်တိုင်း၌ ယှဉ်သော = ပုဒ်တိုင်း ပုဒ်တိုင်း၌ ပါဝင်နိုင်သော ''ပုရိသ''စသော ပကတိရုပ်ကို ''ပါဋိပဒိက''ဟု ခေါ်ဆိုရပါသည်။

မေး။ ''လိင်'' ဟူသော အမည်သည် အနွတ္ထအမည်, ရုဇ္ဇီအမည် နှစ်မျိုးတို့တွင် အဘယ် အမည်ဖြစ်၍၊ သကသမညာ, ပရသမညာတို့တွင် အဘယ်သမညာ ဖြစ်ပါသနည်း? ခွဲခြားဖြေဆိုပါ။

ဖြေ။ လိင်-၏ အနက်အဓိပ္ပာယ် ၄-မျိုးအနက် ရှေ့ ၃-နည်းကြောင့် ရအပ်သည့် လိင်-ဟူသော အမည်သည် အနွတ္ထအမည် ဖြစ်ပါသည်။

သကမညာ, ပရသမညာတို့တွင်ကား ပရသမညာ ဖြစ်ပါသည်။

မေး။ လိင်တွေ ပဌမာ-သုတ်၌ ''လိင်''အရကို အတိအကျ ဖော်ပြပါ။

ဖြေ။ ''လိင်''အရ ပုရိသော-စသော နာမ်ပုဒ်တို့၏ ပထမတည်ပုဒ်ဖြစ်သော ပုရိသ-စသော ပကတိရုပ် ဖြစ်ပါသည်။ ဋီကာအလိုကား တဒ္ဓိတသမာသ-သုတ်ဖြင့် နာမ်ငဲ့ထားဆဲ ပုဒ်ကိုလည်း ကောက်ယူရပါမည်။

မှတ်ချက်။ ။နိပ္ပန္နလိင်, အနိပ္ပန္နလိင်တို့တွင် အနိပ္ပန္နလိင်- ဟူလို။

မေး။ လိင်-ပုဒ်၏ ရုပ်ပြီးပုံများကို ထင်ရှားပေါ်လွင်အောင် ရေးသားဖြေဆိုပါ။

ဖြေ။ လီန+ အင်၊ ''လီနင်''ဟု ဆိုလိုလျက် သုတ်ကြီးဖြင့် ဤ-ကို ဣ-ရဿပြု၊ နှ-ကို ချေ (လိအင်)၊ ဝါ ပရော အသရူပါ သုတ်ဖြင့် နောက် အ-သရကို ချေ၍ ''လိင်''ဟု ရုပ်ပြီးပါသည်။

(တစ်နည်း) ''လီနဂ''ဟု ဆိုလိုလျက် ဤ-ကို ဣရဿပြု၊ နှ-ကို နိဂ္ဂဟိတ်ပြု၊ ယင်းကို ကဝဂ္ဂန္တ ၄-ပြု၍ ''လိင်'ဟု ရုပ်ပြီးပါသည်။

(တစ်နည်း) လိင်ဓာတ်နောင် အ ပစ္စည်းသက်၍ ''လိင်''ဟု ရုပ်ပြီးပါသည်။

မေး။ ''လီန+အင်''မှလည်းကောင်း၊ ''လီနဂ''မှ လည်းကောင်း လိင်-ဖြစ်သည်ဟု ဆိုရာ ယင်း၌ လီန-အရကို ကောက်ပြပါ။

ဖြေ။ လီန-အရ ပုရိသော- စသောနာမ်ပုဒ်တို့၏ ပထမတည်ပုဒ်ဖြစ်သော ပုရိသ-စသော ပကတိရုပ်ကို ရပါသည်။

တစ်နည်း- ဝိသဒါကာရဝေါဟာရ စသော လိင်သုံးပါးနှင့် တကွဖြစ်သော အနက်၊ ထိုမှလွတ်သော ဥပသာရပုဒ်, နိပါတ်ပုဒ်တို့၏ အနက်ကို ရပါသည်။

မေး။ လိင်တွေ ပဌမာ-၌ လိင်တွ-အရကို တိုရှင်းလိုရင်းမျှ ဖော်ပြခဲ့ပါ။

ဖြေ။ လိင်တွ-အရ 'ဥပါဒါပညတ်' ဟု ဆိုအပ်သော ဃဋ္ဌ, ပဋ္ဌ-စသော ဝေါဟာရတွ(ပညတ္တ) နှင့် ပထဝီဓာတ်, ဖဿ-စသော သဘာဝဓမ္မတို့၏ 'တဇ္ဇာပညတ်'ဟုဆိုအပ်သော ကက္ခဋ္ဌတ္တ, ဖုသနစသော သာမညအခြင်းအရာတို့ကို ယူရပါမည်။

မေး။ ''ဥပါဒါပညတ်''ဟူသည် အဘယ်နည်း? ရူဆရာဆိုသည့်အတိုင်း ဖော်ပြပါ။

ဖြေ။ ''ဥပါဒါပညတ်''ဟူသည် ထိုထိုရုပ်ကလာပ်တို့ ဖွဲ့စပ်လျက်တည်နေပုံ အခြင်းအရာ

http://www.dhammadownload.com

ထူးအားဖြင့် ဖြစ်ကုန်သော ရုပ်, ဝေဒနာစသော သဘောတရားတို့ကို စွဲမှီ၍ ပညတ်အပ် အမည်မှည့်အပ်သော– ထိုရုပ်, ဝေဒနာစသော သဘောတရားတို့မှ တစ်ပါးတစ်ခြား၏အဖြစ်, တစ်ပါးတစ်ခြား မဟုတ်သည်၏အဖြစ်ဖြင့် မဆိုထိုက်သော– သမ္မုဟပညတ်, သန္တာနပညတ်စသော အပြားရှိသော– ဥပါဒါပညတ်ဟု ဆိုအပ်သော ဃဋ္ဋ, ပဋ္ဋ(အိုး, ပုဆိုး)စသောအနက် ဖြစ်ပါသည်။

ပဗန္ဓဝိသေသာကာရ။ ။ ဣန္ဒြိယဗဒ္ဓ–ခေါ် သက်ရှိသတ္တဝါတို့သန္တာန်၌ ကမ္မဇရုပ်အစရှိသော ရုပ်ကလာပ် အစဉ်အဆက်ဟူသော ရုပ်ကလာပ်တို့ ဖွဲ့စပ်လျက်တည်နေပုံ အခြင်းအရာထူး၊ အနိန္ဒြိယဗဒ္ဓ–ခေါ် သက်မဲ့ဖြစ်သော မြေ တောင် စသည်တို့၌ ဥတုဇ ရုပ်ကလာပ်အစဉ်အဆက်ဟူသော ရုပ်ကလာပ်တို့ ဖွဲ့စပ်လျက်တည်နေပုံ အခြင်းအရာထူးကို ''ပဗန္ဓဝိသေသာကာရ''ဟု ဆိုပါသည်။

တဒညာနညာဘာဝေန အနိဗ္ဗစနီယ။ ။ (၁) တဒညဘာဝေန အနိဗ္ဗစနီယ (၂) အနညဘာဝေန အနိဗ္ဗစနီယ–ဟု ၂–မျိုးခွဲကြည့်ပါ။ အိုး, ပုဆိုးစသည်တို့ကို ရုပ်, ဝေဒနာ စသည်တို့မှ တစ်ပါးတစ်ခြားဟု မဆိုထိုက်သည်ကို ''တဒညဘာဝေန အနိဗ္ဗစနီယ''ဟု ဆိုသည်။ ထိုအိုး, ပုဆိုးစသည်တို့သည် ရုပ်, ဝေဒနာစသည်တို့မှ တစ်ပါးတစ်ခြား မဟုတ် (အိုး, ပုဆိုးစသည်တို့သည် ရုပ်, ဝေဒနာစသည်တို့နှင့် မကွဲမပြား တစ်သားတည်း ဖြစ်သည်)ဟု မဆိုထိုက်သည်ကို ''အနညဘာဝေန အနိဗ္ဗစနီယ''ဟု ဆိုသည်။

''အိုး, ပုဆိုးစသည်တို့သည် ရုပ်စသည်တို့မှ တစ်ပါးတစ်ခြား''ဟုဆိုလျှင် ထိုအိုး, ပုဆိုးစသည်တို့သည် ရုပ်စသည်တို့နှင့် လုံးဝ မဆက်စပ်ဘဲ သီးခြားဖြစ်နေရာ၏။ ထိုသို့ သီးခြားလည်း ဖြစ်မနေ၊ ထိုရုပ်စသည်တို့ကိုပင် အိုး, ပုဆိုးစသည်ဖြင့် ခေါ်ဝေါ်ထားခြင်း ဖြစ်သည်။ ''အိုး, ပုဆိုးစသည်တို့သည် ရုပ်, ဝေဒနာစသည်တို့မှ တစ်ပါးတစ်ခြား မဟုတ် (အိုး, ပုဆိုးစသည် တို့သည် ရုပ်, ဝေဒနာစသည်တို့နှင့် မကွဲမပြား တစ်သားတည်း ဖြစ်သည်)''ဟု ဆိုပြန်လျှင်လည်း အိုးတစ်လုံး, ပုဆိုးတစ်ထည်စသည်တို့၌ ရုပ်မှန်ကလာပ်တွေ များပြားစွာ ပါဝင်နေသောကြောင့် ရုပ်ကလာပ်တွေ များသလောက် အိုး, ပုဆိုးစသည်တို့လည်း များပြားလေရာ၏။ ထိုသို့ များလည်း မများချေ။ ထို့ကြောင့် ''အိုး, ပုဆိုးစသည်တို့ကို ''ရုပ်စသည်တို့မှ တစ်ပါးတစ်ခြား''ဟုလည်း မဆိုထိုက်။ ''တစ်ပါးတစ်ခြား မဟုတ် (မကွဲ မပြား တစ်သားတည်း ဖြစ်သည်)''ဟုလည်း မဆိုထိုက်ပါ။

ဥပါဒါပညတ္တိ။ ။ ဃဋ္ဋ, ပဋ္ဋ, မနုဿ, ပုရိသစသော ပညတ်တို့သည် ထိုထိုထူးခြားမှုကို စွဲမှီ၍ (အကြောင်းပြု၍) ခေါ်ဝေါ်ပညတ်အပ်သောကြောင့် ''ဥပါဒါပညတ်''ဖြစ်ပါသည်။ (**ဝစနတ္ထ** – ပညာဝိယတီတိ ပညတ္တိ၊ ဥပါဒါယ ပညတ္တိ ဥပါဒါပညတ္တိ။)

မေး။ ''တဇ္ဇာပညတ်''ဟူသည် အဘယ်နည်း? ရူဆရာဆိုသည့်အတိုင်း ဖော်ပြပါ။

ဖြေ။ ''တဇ္ဇာပညတ်''ဟူသည် ကာလ ဒေသစသော အပြားတို့ဖြင့် ပြားကုန်သော ပထဝီဓာတ်, ဖဿစသော ပရမတ္ထတရားတို့၏ မတူသောဇာတ်ရှိသောတရားတို့မှ ဆုတ်နစ်သော (မတူသောဇာတ်ရှိသောတရားတို့နှင့် မဆက်ဆံသော)– တူသောဇာတ်ရှိသော တရားတို့နှင့် ဆက်ဆံသော– သင်္ကေတ (ရှေး၌ မှည့်ခေါ်အပ်ပြီးသောအမည်)အားလျော်စွာ တင်စားခြင်း ဖြင့်ပြီးသော ကက္ခဋတ္တ (ခက်မာခြင်း), ဖုသန (တွေ့ထိခြင်း)စသော အခြင်းအရာ ဖြစ်ပါသည်။ (**ဝစနတ္ထ** – တေသံ သဘာဝမ္မာနံ အနုရူပံ ဇာတာ တဇ္ဇာ၊ တဇ္ဇာ စ သာ ပညတ္တိ စာတိ တဇ္ဇာပညတ္တိ။)

http://www.dhammadownload.com

မေး။ ရူပသိဒ္ဓိကျမ်းလာ လိင်္ဂ, လိင်္ဂတ္ထ အဖွင့်များကို ပိုင်းခြားစိတ်ဖြာ အခါခါကြည့်ရှုသုံးသပ်၍ မည်သည့်အရာသည် လိင်္ဂ, မည်သည့်အရာသည် လိင်္ဂတ္ထဟု အနှစ်ချုပ်ဖော်ပြခဲ့ပါ။

ဖြေ။ ဃဋ္ဋ–ဟူသောသဒ္ဒါသည် လိင်္ဂ၊ ထိုသဒ္ဒါ၏ အိုး–ဟူသောအနက်သည် လိင်္ဂတ္ထ။
ပဋ္ဋ–ဟူသောသဒ္ဒါသည် လိင်္ဂ၊ ထိုသဒ္ဒါ၏ ပုဆိုး–ဟူသောအနက်သည် လိင်္ဂတ္ထ။
ပထဝီ–ဟူသောသဒ္ဒါသည် လိင်္ဂ၊ ထိုသဒ္ဒါ၏ ခက်မာခြင်းသဘော–ဟူသောအနက်သည် လိင်္ဂတ္ထ။
ဖဿ–ဟူသောသဒ္ဒါသည် လိင်္ဂ၊ ထိုသဒ္ဒါ၏ တွေ့ထိခြင်း–ဟူသောအနက်သည် လိင်္ဂတ္ထ။

မေး။ ''လိင်္ဂအမျိုးမျိုး''ကို ဖော်ပြ၍ လိင်္ဂတ္ထ ပဌမာ–သုတ်၌ လိုအပ်သော လိင်္ဂတ္ထကို ညွှန်ပြပါ။

ဖြေ။ ဝေါဟာရတ္ထ, ပရမတ္ထအားဖြင့် ပြားသော လိင်္ဂတ္ထသည်–

၁။ ကမ္မဒိသံသဒ္ဒ လိင်္ဂတ္ထ။

၂။ သုဒ္ဓလိင်္ဂတ္ထ – ဟု နှစ်မျိုးပြားပြန်ပါသည်။

ထိုတွင် ကမ္မဒိသံသဒ္ဒ လိင်္ဂတ္ထသည်–

၁။ ဝုတ္တကမ္မဒိသံသဒ္ဒ လိင်္ဂတ္ထ။

၂။ အဝုတ္တကမ္မဒိသံသဒ္ဒ လိင်္ဂတ္ထ – ဟု နှစ်မျိုး ထပ်ပြားပြန်ပါသည်။

ထို လိင်္ဂတ္ထအမျိုးမျိုးတို့တွင် ဤ လိင်္ဂတ္ထ ပဌမာသုတ်၌ သုဒ္ဓလိင်္ဂတ္ထနှင့် ဝုတ္တကမ္မဒိသံသဒ္ဒ လိင်္ဂတ္ထတို့ကို ယူရပါမည်။

မေး။ လိင်္ဂတ္ထ ပဌမာ–သုတ်၌ လိုအပ်သော လိင်္ဂတ္ထကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ အဝုတ္တကံအနက် စသည်တို့၌ ဒုတိယာစသောဝိဘတ်တို့ကို ကမ္မတ္ထ ဒုတိယာ–စသောသုတ်တို့ဖြင့် စီရင်အပ်လတ္တံ့ဖြစ်သောကြောင့် သုဒ္ဓလိင်္ဂတ္ထ–ကို လိုအပ်ပါသည်။

အာချာတ်, ကိတ်, တဒ္ဓိတ်, သမာသ်–ဟူသော ဝါစကကြီး ၄–မျိုးတို့က ကမ္မဒိသံသဒ္ဒအနက်ကို ဟောအပ်ပြီးဖြစ်၍ ဒုတိယာစသောဝိဘတ်တို့က နောက်ထပ်တစ်ဖန် မိမိတို့ဟောထိုက်သော အနက်အထူးမရှိတော့သဖြင့် သက်ရာဌာန မဟုတ်သောကြောင့် လည်းကောင်း၊ လိင်္ဂတ္ထမျှသာ ဖြစ်သင့်သောကြောင့်လည်းကောင်း ဝုတ္တကမ္မဒိသံသဒ္ဒ လိင်္ဂတ္ထကိုလည်း ယူရပါမည်။

မေး။ (က) ဝုတ္တကမ္မဒိသံသဒ္ဒ လိင်္ဂတ္ထ (ခ) အဝုတ္တကမ္မဒိသံသဒ္ဒ လိင်္ဂတ္ထတို့ကို ပုံစံများဖြင့် အသီးသီး ထင်ရှားစေခဲ့ပါ။

ဖြေ။ (က) ''သူဒေန သြဒနော ပစ္စတေ''ဟူသော ပုံစံဝယ် သြဒနော–၌ 'ကို'ဟူသော ကံ အနက်နှင့် ရောနှောနေသည့် 'ထမင်း'ဟူသော လိင်္ဂတ္ထသည် ပစ္စတေ–၌ တေဝိဘတ်ဟူသော အာချာတ်ဝါစက က ဟောအပ်သောကြောင့် ''ဝုတ္တကမ္မဒိသံသဒ္ဒ လိင်္ဂတ္ထ'' မည်၏။

''မင်္ဂေါ ဂန္တ္ဗော'' ဝယ် မင်္ဂေါ–၌ 'ကို'ဟူသော ကံအနက်နှင့် ရောနှောနေသည့် 'လမ်း'ဟူသော လိင်္ဂတ္ထသည် ဂန္တ္ဗော–၌ တဗ္ဗ ပစ္စည်းဟူသော ကိတ်ဝါစက က ဟောအပ်သောကြောင့် ''ဝုတ္တကမ္မဒိသံသဒ္ဒ လိင်္ဂတ္ထ'' မည်၏။

(ခ) ''သူဒေါ သြဒနံ ပစတိ''ဟူသော ပုံစံဝယ် 'ကို' ဟူသော ကံအနက်နှင့် ရောနှောနေသည့် 'ထမင်း'ဟူသော ကံသည် တိ–ဝိဘတ်ဟူသော အာချာတ်ဝါစက က မဟောအပ်

http://www.dhammadownload.com

သောကြောင့် ''အဝုတ္ထကမ္မာဒိသံသဋ္ဌ လိင်္ဂထ္ထ'' မည်၏။

မှတ်ချက်။ ။ ဝုတ္ထကမ္မာဒိသံသဋ္ဌ လိင်္ဂထ္ထ- နှင့် အဘိဟိတကမ္မာဒိသံသဋ္ဌ လိင်္ဂထ္ထ၊ အဝုတ္ထကမ္မာဒိသံသဋ္ဌ လိင်္ဂထ္ထ- နှင့် အနဘိဟိတကမ္မာဒိသံသဋ္ဌ လိင်္ဂထ္ထ အတူတူဟု မှတ်ပါ။

မေး။ (က) လိင်္ဂယုတ္တ သုဒ္ဓလိင်္ဂထ္ထ (ခ) သခ္ချာယုတ္တ သုဒ္ဓလိင်္ဂထ္ထ (ဃ) ဥပသဂ္ဂါဒိပဒဗ္ဗထ္ထ သုဒ္ဓလိင်္ဂထ္ထတို့ဆိုင်ရာ ပြယုဂ်များကို ထုတ်ပြပါ။

ဖြေ။ (က) သော ပုရိသော၊ တေ ပုရိသာ။

(ခ) ကော၊ ဒွေ။

(ဂ) ဒေါဏော၊ ခါရီ၊ အာဠကံ။

(ဃ) စ, ဝါ, ဟ, ဟံ။ အတ္ထိ၊ သက္ကာ၊ လဗ္ဘာ။

မေး။ သော ပုရိသော၊ တေ ပုရိသာ၊ သော ကညာ၊ တော ကညာယော၊ တေ စိတ္တံ၊ တာနိ စိတ္တာနိ-တို့၌ လိင်္ဂယုတ္တ သုဒ္ဓလိင်္ဂထ္ထဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ သော ပုရိသော၊ တေ ပုရိသာ-ပြယုဂ်တို့၌ ယောကျ်ားဖြစ်ဟူသော သုဒ္ဓလိင်္ဂထ္ထသည် သော, တေ- ဟူသော ပုလ္လိင်နှင့်တကွ ဖြစ်သောကြောင့် ''လိင်္ဂယုတ္တ သုဒ္ဓလိင်္ဂထ္ထ'' ဖြစ်ပါသည်။

သော ကညာ၊ တော ကညာယော-ဟူသော ပြယုဂ်တို့၌ သတိုးသမီးဖြစ် ဟူသော သုဒ္ဓလိင်္ဂထ္ထသည် သော , တော- ဟူသော ဣတ္ထိလိင်နှင့်တကွ ဖြစ်သောကြောင့် ''လိင်္ဂယုတ္တ သုဒ္ဓလိင်္ဂထ္ထ'' ဖြစ်ပါသည်။

တေ စိတ္တံ၊ တာနိ စိတ္တာနိ-၌ စိတ်ဖြစ်ဟူသော သုဒ္ဓလိင်္ဂထ္ထသည် တေ, တာနိ- ဟူသော နပုလ္လိင်နှင့်တကွဖြစ်သောကြောင့် ''လိင်္ဂယုတ္တ သုဒ္ဓလိင်္ဂထ္ထ'' ဖြစ်ပါသည်။

မေး။ သော ပုရိသော တိဋ္ဌတိ- ၌ ပုရိသော-သည် အဘယ်လိင်္ဂထ္ထ ဖြစ်ပါသနည်း။

ဖြေ။ တိဋ္ဌတိ-၌ တိ-ဟူသော အာချာတ်ဝိစက က ဟောအပ်သော အဘိဟိတ ကတ္တုသံသဋ္ဌ လိင်္ဂထ္ထ ဖြစ်ပါသည်။

ခွဲခြားမှတ်သားဖွယ် - 'သော ပုရိသော'၌ ပုရိသော-သည် သုဒ္ဓလိင်္ဂထ္ထ။ 'သော ပုရိသော တိဋ္ဌတိ' ၌ ပုရိသော-သည် အဘိဟိတကတ္တုသံသဋ္ဌ လိင်္ဂထ္ထ-ဟူ၍ ခွဲခြားမှတ်သားပါ။

ကြီယာ မပါလျှင် သုဒ္ဓလိင်္ဂထ္ထ၊ ကြီယာပါလျှင် အဘိဟိတသံသဋ္ဌ လိင်္ဂထ္ထ-ဟူလို။ (ဋီ၊ ၉၁။)

မေး။ ကော, ဒွေ-တို့၌ သခ္ချာယုတ္တ သုဒ္ဓလိင်္ဂထ္ထ ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ဤပုံစံတို့၌ တစ်ယောက်, နှစ်ယောက်-ဟု ပြောဆိုအပ်သူ လူဖြစ်ဟူသော လိင်္ဂထ္ထသည် တစ်-ဟူသော ကေဝုစ် သခ္ချာ၊ နှစ်-ဟူသော ဗဟုဝုစ်သခ္ချာတို့နှင့်တကွ ဖြစ်သောကြောင့် ''သခ္ချာယုတ္တ သုဒ္ဓလိင်္ဂထ္ထ'' ဖြစ်ပါသည်။

မေး။ ဒေါဏော၊ ခါရီ၊ အာဠကံ- တို့၌ ပရိမာဏယုတ္တ သုဒ္ဓလိင်္ဂထ္ထ ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ အထက်ပါ ပုံစံတို့၌ စပါးဖြစ်-ဟူသော သုဒ္ဓလိင်္ဂထ္ထသည် တစ်စိတ်, တစ်တို့, တစ်ပြည်-ဟူသော အတိုင်းအရှည် ပရိမာဏနှင့်တကွ ဖြစ်သောကြောင့် ''ပရိမာဏယုတ္တ သုဒ္ဓလိင်္ဂထ္ထ''

http://www.dhammadownload.com

ဖြစ်ပါသည်။

မေး။ စ၊ ဝါ၊ ဟ၊ အဟံ၊ အတ္တိ၊ သက္ကာ၊ လဇ္ဇာ–တို့၌ ဥပသဂ္ဂါဒိပဒတ္ထသုဒ္ဓလိင်္ဂတ္ထ ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ မေးခွန်းပါ ဥပသာရပုဒ်၊ နိပါတ်ပုဒ်တို့သည် လိင်၊ သချ်ာ၊ ပရိမာဏ အနက်တို့မှ လွတ်သော သမုစ္စည်းစသော အနက်၏ ထင်းရှားရှိခြင်းမျှကို ဟောသောကြောင့် ''ဥပသဂ္ဂါဒိပဒတ္ထ သုဒ္ဓလိင်္ဂတ္ထ'' ဖြစ်ပါသည်။

မေး။ လိင်္ဂတ္ထ ပဌမာ–သုတ်ဖြင့် ပဌမာဝိဘတ်သက်ရာ အနက်များကို ဖော်ပြပါ။

ဖြေ။ – ဥပသာရပုဒ်တို့၏ အနက်၊
– အချို့သော နိပါတ်ပုဒ်တို့၏ အနက်၊
– လိင်၊ သချ်ာ၊ ပရိမာဏပုဒ်နှင့် ယှဉ်သော လိင်အနက်၊
– ဝါစကကြီးလေးပါးတို့က ဟောအပ်သော ကံစသည်တို့နှင့် ရောယှက်နေသော လိင် အနက်တို့ ဖြစ်ပါသည်။

၂၈၅၊ ၇၀။ အာလပနေ စ။ (၄၆၊ ၁၃၈။)

မေး။ အာလပန–ပုဒ်ကို ဝစနတ္ထပြု၍ အဓိပ္ပါယ်လည်း ရေးပြပါ။

ဖြေ။ အာ (အဘိမုခံ) ကတွာ လပနံ အာလပနံ။
ရှေးကပင် ရအပ်ပြီးသော သရုပ်သကောင်ရှိသော (မခေါ်မီ ရှေ့အဖို့ကပင် အထင်အရှား ရှိနှင့်ပြီးသော) အရာဝတ္ထု (ပုဂ္ဂိုလ်)ကို အသံဖြင့် ရှေးရှုပြုခြင်း (အသံထုတ်၍ ခေါ်ဝေါ်ပြော ဆိုခြင်း) သည် ''အာလပန = အာလုပ်'' မည်ပါသည်။

မေး။ ''ဘော ရာဇ! တွံ ရာဇာ ဘဝ = အိုမင်း သင်သည် မင်းဖြစ်ပါလော''ဟု ပြယုဂ် ဖြစ်နိုင်/ မဖြစ်နိုင် ခိုင်လုံသော အကြောင်းပြ၍ ဖြေပါ။

ဖြေ။ ထင်ရှားရှိနှင့်ပြီးသော အရာဝတ္ထုကို အသံဖြင့် ရှေးရှုပြုခြင်း အသံထုတ်၍ ခေါ်ဝေါ်ခြင်း သည်သာ 'အာလုပ်' မည်၏။ ဘော ရာဇ– ဟု ခေါ်သော အခိုက်၌ ထိုပုဂ္ဂိုလ်သည် မင်းဖြစ်ပြီး မဟုတ်၍ ထင်ရှားရှိနှင့်ပြီးသော ဝတ္ထုမဟုတ်သောကြောင့် ထိုသို့ပြယုဂ် မဖြစ်နိုင်ပါ။

မေး။ အာလုပ်သည် အဘယ်ကြောင့် အကာရက အမည်ရပါသနည်း။

ဖြေ။ ခေါ်ဝေါ်ဆဲအခါကာလ၌ ကြိယာနှင့် စပ်ယှဉ်ခြင်းမရှိသောကြောင့် အာလုပ်သည် 'ကာရက' ဟူသော အမည်ကို မရပါ။

ရှင်းချက်။ ။ ခေါ်ဝေါ်ပြီးမှ ဂစ္ဆ, ဘုဥ္ဇ–စသည်ဖြင့် ကြိယာနှင့် ယှဉ်စပ်ရသည်၊ ခေါ်ဝေါ်ဆဲခဏ၌ ယှဉ်စပ်ဖို့ရာ ကြိယာမရှိသေးပေ၊ ကြိယာ မရှိသေးလျှင် ''ကရောတိ ကြိယံ အဘိနိပ္ဖာဒေတီတိ ကာရကော'' နှင့် မညီသောကြောင့် အာလုပ်သည် ''ကာရက'' ဟူသော ဝေါဟာရကို မရနိုင်–ဟူလို။

၂၈၆၊ ၂၉၁။ ကရဏေ တတိယာ။ (၁၄၄)

အထူးမရှိပါ။

http://www.dhammadownload.com

၂၈၇၊ ၂၉၉။ သဟာဒီယောဂေ စ။ (၁၄၈)

မေး။ သဟာဒီယောဂေ စ–သုတ်၌ အာဒိသဒ္ဒါဖြင့် ယူရပါမည့်သဒ္ဒါတို့ကို ဖော်ပြပါ။

ဖြေ။ သဟ, သဒ္ဓိ, သမံ, နနာ, ဝိနာ, အလံ, ကိ–စသော နိပါတ်ပုဒ်တို့ကို ဖြစ်ပါသည်။

ပြယုဂ်များ– ဝိတက္ကေန သဟ ဝတ္တတိ။
နိသီဒတိ ဘဂဝါ သဒ္ဓိ ဘိက္ခုသံဃေန။
သဟဿေန သမံ မိတာ။
သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ။
သံယော ဝိနာပိ ဂဂ္ဂေန ဥပေါသထံ ကရေယျ။
အလံ တေ ဣဒ ဝါသေန။
ကိ မေ ဇေကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ။

မေး။ သဟာဒီယောဂေ စ–သုတ်၌ စ–သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စ သဒ္ဒါ သဟတ္ထကို ဆည်းခြင်း သမုစ္စည်းအနက်ရှိပါသည်။ သဟ–သဒ္ဒါ၏ အနက်၌လည်း ဤသုတ်ဖြင့် တတိယာဝိဘတ်သက်ပါ–ဟူလို။

ပြယုဂ်– ဒေဝဒတ္တော ဂာဇဟံ ပါဝိသိ ကောကာလိကေန ပစ္ဆာသမဏေန၊
ဒုက္ခော ဗာလေဟိ သံဝါသော။

မေး။ သဟာဒီယောဂေ စ–သုတ်ဖြင့် တတိယာဝိဘတ်သက်ရာ၌ ပဓာနပုဒ်, အပွဓာန နှစ်မျိုးတို့တွင် အဘယ်ပုဒ်နောင် သက်ရပါမည်နည်း? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''(စိတ္တံ) ဝိတက္ကေန သဟ ဝတ္တတိ''ပြယုဂ်၌ စိတ္တ–သည် ပဓာန၊ ဝိတက္က–သည် အပွဓာန ဖြစ်၏။ အပွဓာန ဖြစ်သော ဝိတက္က–ပုဒ်နောင် တတိယာဝိဘတ် သက်ရပါမည်။ (ဋီကာနှင့်၊ သက္ကတသဒ္ဒါကျမ်းများ။)

မေး။ သဟယောဂ ဖြစ်နိုင်သော အရာဌာနများကို ဖော်ပြပါ။

ဖြေ။ ၁။ ကြိယာနှင့် အညီအမျှ တကွဖြစ်ရာဌာန။
၂။ ဂုဏ်နှင့် အညီအမျှ တကွဖြစ်ရာဌာန။
၃။ ဒြပ်နှင့် အညီအမျှ တကွဖြစ်ရာဌာန တို့ဖြစ်ပါသည်။

မှတ်ချက်။ ။ သဒ္ဓိ, သမံ စသည်တို့နှင့် ယှဉ်ရာ၌ သမဝါယ ဖြစ်/ မဖြစ်ကို စိစစ်ဖွယ်မလို၊ သမဝါယ ဖြစ်သည်လည်း ရှိ၊ မဖြစ်သည်လည်း ရှိ၏–မှတ်ပါ။

မေး။ သမဝါယ ၃–မျိုးကို ပုံစံများနှင့်တကွ ရှင်းပြခဲ့ပါ။

ဖြေ။ ၁။ ဝိတက္ကေန သဟ ဝတ္တတိ– ၌ ဝိတက္ကေန–သည် ဖြစ်ခြင်းကြိယာနှင့်တကွ ဖြစ်သောကြောင့် ''ကြိယာသမဝါယ'' မည်၏။

၂။ ပုတ္တေန သဟ ထူလော–၌ ပုတ္တေန–သည် ဆူဖြိုးခြင်း (ဝခြင်း) ဂုဏ်နှင့်တကွ ဖြစ်သောကြောင့် ''ဂုဏသမဝါယ'' မည်၏။

၃။ အန္တေဝါသိကသဒ္ဓိဝိဟာရိကေဟိ သဟ အာစရိယုပဇ္ဈာယာနံ လာဘော–၌ အန္တေဝါသိကသဒ္ဓိဝိဟာရိကေဟိ–သည် လာဘ်လာဘခြင်းနှင့်တကွ ဖြစ်သောကြောင့် ''ဒဗ္ဗသမဝါယ'' မည်၏။

http://www.dhammadownload.com

မှတ်ချက်။ ။ စပ်ရာပုဒ်ကို ကြည့်၍ သမဝါယ အမည်ပေးရသည်။

မေး။ သဟ–သဒ္ဒါနှင့် ယှဉ်ရာ၌ ပါဠိအနေအထားကို ခွဲခြားဖြေဆိုပါ။

ဖြေ။ သဟ–သဒ္ဒါ နောက်နေလျှင် တတိယာ၊ ရှေ့နေလျှင် ပဉ္စမီ, သတ္တမီဟု ခွဲခြားတော်မူ ကြပါသည်။

– ဝိတက္ကေန သဟ ဝတ္တတိ၊

– သဟ ပရိနိဗ္ဗာနာ၊ သဟ သဗ္ဗေ ကတေ မယှံ။

၂၈၈၊ ၂၉၃။ ကတ္တရိ စ။ (၁၄၅)

မေး။ ကတ္တရိ စ သုတ်၌ စသဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါသည် ဣတ္ထမ္ဘူတလက္ခဏအနက်၊ ကြိယာပဝဂ္ဂ၊ ပုဗ္ဗ–သဒိသ–သမ–ဦန အနက်ရှိသောသဒ္ဒါ– ကလဟ– နိပုဏ– မိဿက– သခိလ– အတ္ထအစရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၊ ကာလ, အဓွန့်၊ ပထမာအနက်၊ ကံအနက်၊ ပဉ္စမီအနက်စသည်တို့ကို ဆည်းပါသည်။ ထိုအနက်, ထိုယှဉ်ရာတို့၌လည်း စသဒ္ဒါဖြင့် တတိယာဝိဘတ်သက်ပါ–ဟူလို။

မေး။ ''ဣတ္ထမ္ဘူတလက္ခဏ'' အဓိပ္ပါယ်ကို ရေး၍၊ (က) ဣတ္ထ (ခ) ဘူတ (ဂ) လက္ခဏ–တို့ကိုလည်း အသီးသီး ရှင်းပြပါ။

ဖြေ။ တစ်စုံတစ်ခု အထူးသို့ရောက်သော အပေါင်းဒြပ်ကို မှတ်သားကြောင်းဖြစ်သော အစိတ်ဒြပ်သည် ''ဣတ္ထမ္ဘူတလက္ခဏ'' မည်၏။

(က) သူတစ်ပါးတို့ထက် ထူးခြားသော ဂုဏ် = ထူးခြားချက်သည် ''ဣတ္ထ'' မည်၏။

(ခ) ထိုအနက်သို့ ရောက်သော အပေါင်းဒြပ်သည် ''ဘူတ'' မည်၏။

(ဂ) ထိုဂုဏ်သို့ရောက်သော အပေါင်းဒြပ်ကို မှတ်သားကြောင်းဖြစ်သော အစိတ်ဒြပ်သည် ''လက္ခဏ'' မည်၏။

(ဆောင်) အထူးဖြစ်ပုံ၊ ဂုဏ်ကို ဣတ္ထံ၊ မှတ်ရန်မဝေး၊ ဂုဏေးမှီရာ၊ ပေါင်းမှာ ဘူတ၊ လက္ခဏ ကား၊ ဒဗ္ဗအစိတ် ဂုဏေးတည်း။ (မန်လည်)

မေး။ ''သာ (ကာလီ) ဘိန္ဒေန သီသေန ပဂ္ဂရန္တေန လောဟိတေန ပဋိဝိဿကာနံ ဥဇ္ဇာပေသိ'' ပြယုဂ်၌ ဣတ္ထ, ဘူတ, လက္ခဏတို့ကို ခွဲခြားပြခဲ့ပါ။

ဖြေ။ ကာလီ ကျွန်မ၏ ဦးခေါင်းကွဲခြင်း, သွေးတွေယိုစီးနေခြင်း ဟူသော ဂုဏ်အထူးသည် ''ဣတ္ထ''။ ဦးခေါင်းကွဲခြင်း, သွေးတွေယိုစီးနေခြင်း ဟူသော ဂုဏ်အထူးသို့ရောက်သော ကာလီကျွန်မ ဒြပ်သည် ''ဘူတ''။ ကွဲသော ဦးခေါင်းဒြပ်နှင့် ယိုစီးနေသော သွေးများသည် ''လက္ခဏ''။

မေး။ ''ဦနပဉ္စဗန္ဓနေန ပတ္တေန အညံ နဝံ ပတ္တံ စေတာပေယျ'' ၌ ဣတ္ထ, ဘူတ, လက္ခဏ တို့ကို ခွဲခြားပြခဲ့ပါ။

ဖြေ။ သပိတ်၏ ငါးဖွဲ့မပြည့်သေးခြင်း ဟူသော ဂုဏ်အထူးသည် ''ဣတ္ထ''။ ငါးဖွဲ့ မပြည့်သေးသော သပိတ်ရှိသော ရဟန်းဒြပ်သည် ''ဘူတ''။ ငါးဖွဲ့မပြည့်သေးသော သပိတ်သည် ''လက္ခဏ''။

မေး။ ''ကြိယာပဝဂ္ဂ''ဟူသည် အဘယ်နည်း? ဖြေဆို၍၊ သက်ဆိုင်ရာပုံစံကိုလည်း ထုတ်ပြပါ။

http://www.dhammadownload.com

ဖြေ။ ''ကြိယာပဝဂ္ဂ'' ဟူသည် ကြိယာကို လျင်မြန်စွာ ပြီးစေခြင်း ဖြစ်ပါသည်။
ပုံစံ– ကောဟေန ဗာရာဏသိ ပါယာသိ။
နဝဟိ မာသေဟိ ဝိဟာရံ နိဋ္ဌာပေသိ။

မှတ်ချက်။ ။ သက္ကတသဒ္ဒါကျမ်းများနှင့် ပါဠိတော်, အဋ္ဌကထာတို့၌ လာသော ပြယုဂ်များအလို – ကြိယာပဝဂ္ဂ၌ မြန်ခြင်း, နှေးခြင်းသည် ပဓာန မဟုတ်၊ အကျိုးရမူသာ ပဓာန ဖြစ်၏။ ထို့ကြောင့် ''အကျိုးကြိယာကို ပြီးစေခြင်းသည် ကြိယာပဝဂ္ဂ–မည်၏'' ဟု မှတ်ပါ။

မေး။ သမူနတ္ထ– ၌ ဥနတ္ထ– အရ ယုတ်လျော့ခြင်း အနက်ရှိသော သဒ္ဒါများကို ပုံစံများနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဥန၊ ဝိကလ–သဒ္ဒါတို့ဖြစ်ပါသည်။
ကဟာပဏေန ဥနော။ ဓနေန ဝိကလော။

မေး။ (က) မာသန ပုဗ္ဗော (ခ) မာသေန ဘုဉ္ဇတိ
(ဂ) ယောဇနေန ဂစ္ဆတိ (ဃ)အတ္တနာဝ အတ္တာနံ သမ္မန္နတိ
(င) တိလေဟိ ခေတ္တေ ဝပတိ။ (စ) သုမုတ္တာ မယံ တေန မဟာသမဏေန–တို့၌ ဝိဘတ္တိတ္ထတို့ကို သက်သောသုတ်နှင့် တကွ ဖော်ပြပါ။

ဖြေ။ (က) ပုဗ္ဗ သဒ္ဒါ၏ အယုဉ်, ကရိဏ်းအနက်။ (မာသေန၊ တစ်လဖြင့်)။
(ခ) ကာလအနက် (မာသေန၊ တစ်လဖြင့်)။
(ဂ) အဓွန်အနက် (ယောဇနေန၊ တစ်ယူဇနာဖြင့်)။
(ဃ) ပထမာအနက် (အတ္တနာဝ၊ မိမိသည်ပင်)။
(င) ကံအနက် (တိလေဟိ၊ နှမ်းတို့ကို)။
(စ) ပဌမီအနက် (တေန မဟာသမဏေန၊ ထိုရဟန်းကြီးဂေါတမမှ)။

အားလုံး ကတ္တရိ စ သုတ်၌ စသဒ္ဒါဖြင့် သက်ရပါမည်။

မေး။ အတ္တနာဝ အတ္တာနံ သမ္မန္နတိ–ကို ရနိုင်သမျှ အနက်ပေးပြပါ။

ဖြေ။ အတ္တနာဝ၊ မိမိသည်ပင် (ပစ္စတ္တ)။ အတ္တနာဝ၊ ကိုယ်တိုင်သာလျှင် (ကြိယာဝိသေသနတ္ထ)။

၂၈၉၊ ၂၉၇။ ဟေတွတ္ထေ စ။ (၁၄၉)

မေး။ ဟေတွတ္ထေ စ–သုတ်၌ စ သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ ဟေတွတ္ထပ္ပယောဂ–ကို ဆည်ခြင်း အဝုတ္တသမုစ္စည်းအနက် ရှိပါသည်။

မေး။ ဟိတ်အနက်ရှိသော သဒ္ဒါများကို ဖော်ပြပါ။

ဖြေ။ နိမိတ္တ, ပယောဇန, အတ္တ, ဟေတု–သဒ္ဒါများ ဖြစ်ပါသည်။

မေး။ ဟေတွတ္ထေစ–သုတ်၌ ''ဟေတွတ္ထ'' ဟူသည် အဘယ်နည်း? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ တစ်စုံတစ်ခုသော အကျိုး၌ မြင်အပ်သော အစွမ်းသတ္တိရှိသော (အကျိုးကို ထောက်ဆ၍ မြင်ရသော အစွမ်းသတ္တိရှိသော) အကြောင်းသည် ''ဟေတု=ဟိတ်'' မည်၏။

http://www.dhammadownload.com

ထို ''ဟေတု=ဟိတ်''သည်ပင် အနက်ဖြစ်သောကြောင့် ''ဟေတွတ္ထ'' မည်ပါသည်။
– ဟေတုယေဝ အတ္ထော ဟေတွတ္ထော။

မေး။ ''တစ်စုံတစ်ခုသောအကျိုးကို ထောက်ဆ၍ မြင်ရသိရသော အစွမ်းသတ္တိရှိသော အကြောင်းသည် ဟိတ်''ဟူရာ၌ အကျိုးကို ထောက်ဆ၍ မြင်ရသိရသော အစွမ်းသတ္တိရှိပုံကို ရှင်းပြပါ။

ဖြေ။ အနွေနေ ဝသတိ–ပုံစံ၌ ထမင်းဟူသော အကြောင်းနှင့် နေခြင်း ကြိုယာဟူသော အကျိုးတို့တကွ မဖြစ်ကြ၊ နေ၍တော်ကြာမှ ထမင်းကို စားရမည်။ ထိုသို့ ထမင်းဖြေပ်ကို တိုက်ရိုက်မတွေ့ရသေးသော်လည်း ထမင်းစားရမည်–ဟူသော မျှော်လင့်ချက်ဖြင့် နေခြင်းဖြစ်သောကြောင့် ထမင်းဖြေပ်၏ နေခြင်းဟူသောအကျိုးကို ပြီးစေခြင်း၌ စွမ်းနိုင်ခြင်းဟူသော အစွမ်းသတ္တိကို မှန်းဆ၍မြင်ရသိရပါသည်။

မေး။ ဟေတွတ္ထ ၂–မျိုးကို ဖော်ပြပါ။

ဖြေ။ ဟိတ်အနက်သည် ''ဟေတွတ္ထ'' မည်၏။ ဟိတ်အနက်ရှိသော နိမိတ္တ, ပယောဇန, ဟေတု စသောသဒ္ဒါတို့သည်လည်း ''ဟေတွတ္ထ'' မည်၏။

မေး။ (က) ဟေတွတ္ထ ပုံစံ (ခ) ဟေတွတ္ထပွယောဂ ပုံစံများကို ဖော်ပြပါ။

ဖြေ။ (က) အနွေနေ ဝသတိ၊ ဓမ္မေန ဝသတိ။
နေ ဇစ္စာဝသလော ဟောတိ၊ ဒါနေန ဘောဂဝါ။
(ခ) ကေန နိမိတ္တေန၊ ကေန ပယောဇနေန၊ ကေနဋ္ဌေန၊ ကေန ဟေတုနာ ဝသတိ။

မေး။ (က) ကေန ပါဏိ ကာမဒဒေါ်
(ခ) ကေန ဟေတုနာ ဝသတိ–ပြဃုဂ်တို့၌ ကေန ၂– ပုဒ်တို့၏အထူးကို ရေးပြပါ။

ဖြေ။ (က) ၌ ကေန သည် ဟေတွတ္ထ၌ တတိယာကေဝုစ် နာဝိဘတ်ဖြင့် ပြီးသော ပုဒ်ဖြစ်၏။
(ခ) ၌ ကေန သည် ဟေတွတ္ထပွယောဂ၌ တတိယာကေဝုစ် နာဝိဘတ်ဖြင့် ပြီးသော ပုဒ် ဖြစ်၏။ ဤသို့ ထူးပါသည်။

မေး။ ဟိတ်နှင့် ကရိဏ်းတို့၏ အထူးကို ဖော်ပြပါ။

ဖြေ။ အကျိုးကို တကယ်မပြီးစေနိုင်သော်လည်း အကျိုးကို ပြီးစေနိုင်သည့် အစွမ်းသတ္တိရှိသော အကြောင်းသည် ''ဟိတ်'' မည်၏။ အကျိုးကို တကယ်မုချ ပြီးစေတတ်သော အကြောင်းသည် ''ကရိဏ်း'' မည်၏။

(တစ်နည်း) အကြောင်းသာဖြစ်၍ အကျိုးမရှိသော အကြောင်းသည် ''ဟိတ်'' မည်၏။ အကြောင်းလည်းဖြစ်, အကျိုးလည်းရှိသော အကြောင်းသည် ''ကရိဏ်း'' မည်၏။ ဤသို့ ထူးပါသည်။

၂၉၀၊ ၂၉၈။ သတ္တမျတ္ထေ စ။ (၁၄၉)

မေး။ သတ္တမျတ္ထေ စ–သုတ်ဖြင့် သတ္တမီအနက်၌ တတိယာဝိဘတ်သက်ရမည်ဟု ဆိုရာ အဘယ်အရာ၌သာ သက်ရပါမည်နည်း။

http://www.dhammadownload.com

ဖြေ။ တဒနုပရောဓေန-ဟု ပရိဘာသာ လာသောကြောင့် ကာလ, အဒ္ဓါ, ဒိသာ, ဒေသ စသောအနက်ကို ဟောရာ၌သာ သက်ရပါမည်။

မေး။ ကတ္တရိ စ-သုတ်၌ စ သဒ္ဒါဖြင့် ပြအပ်သော ကာလဒ္ဓါနနှင့် ဤ သတ္တမျတ္ထေ စ-သုတ်လာ ကာလဒ္ဓါနတို့၏ အထူးကို ရေးပြပါ။

ဖြေ။ ကတ္တရိ စ-သုတ်၌ စ သဒ္ဒါဖြင့်ပြအပ်သော ကာလဒ္ဓါနသည် ကိရိယာဝိသေသန ဘာဝဝါစွဖြစ်၍၊ ဤသုတ်လာ ကာလဒ္ဓါနကား သတ္တမျတ္ထဝါစွ ဖြစ်ပါသည်။ ဤသို့ ထူးပါသည်။

- မာသေန၊ တစ်လဖြင့်။ ဘုဥ္ဇတိ၊ စား၏။
- မာသေန၊ တစ်လ၌။ ဘုဥ္ဇတိ၊ စား၏။

မှတ်ချက်။ ။ ဘာသာဋီကာ ဆရာတော်ကား ရူပသိဒ္ဓိလာ ကာလအနက်, အဒ္ဓါအနက်ပြ ပုံစံ ၂-ခုကို နှစ်သက်တော်မမူ။

မေး။ မာသေန ဘုဥ္ဇတိ-ကို ရနိုင်သမျှ အနက်ပေးပြ၍၊ ဝိဘတ်သက်ပုံကိုလည်း ညွှန်ပြပါ။

ဖြေ။ မာသေန၊ တစ်လဖြင့်။ ဝါ၊ တစ်လ၌။
ကတ္တရိ စ- သုတ်၌ စ သဒ္ဒါဖြင့် ကာလအနက်၌ တတိယာဝိဘတ်၊ သတ္တမျတ္ထေ စ-သုတ်ဖြင့် သတ္တမီအနက်၌ တတိယာဝိဘတ်သက် ထားပါသည်။

၂၉၁၊ ၂၉၉။ ယေနင်္ဂဝိကာရော။ (၁၅၀)

မေး။ ယေနင်္ဂကာရော- ၌ 'အင်'ပုဒ်ကို ဝစနတ္ထပြု၍၊ အရလည်း ကောက်ပြပါ။

ဖြေ။ အင်' အဿ အတ္ထိတိ အင်၊ အင် - အရ မျက်စိ, နား, နှာ, လက်, ခြေ အင်္ဂါရှိသော ခန္ဓာကိုယ်တစ်ကိုယ်လုံးကို ရပါသည်။ (အခြားနေရာတို့၌ကဲ့သို့ မျက်စိ, နား, နှာ, လက်, ခြေ စသော ကိုယ်အင်္ဂါ အစိတ်အပိုင်းကို မယူရ-ဟု မှတ်ပါ။)

သိမှတ်ဖွယ်။ ။ အင်-ပုဒ်နောင် သဒ္ဒါဒိတော ဏ- သုတ်ဖြင့် ဏ-ပစ္စည်း သက်၍ ရုပ်ပြီးသည် ဟု မှတ်ပါ။

၂၉၂၊ ၃၀၀။ ဝိသေသန စ။ (၁၅၀)

မေး။ "ဝိသေသန"၏ အဓိပ္ပာယ်ကို ဖြေဆို၍၊ ထိုဝိသေသန အရကိုလည်း ဖော်ပြပါ။

ဖြေ။ "ဝိသေသိယတိ ဝိသေသိတဗ္ဗံ အနေနာတိ ဝိသေသနံ"ဟူသော ဝစနတ္ထနှင့်အညီ အထူးပြုအပ်သော အနက်ကို အထူးပြုကြောင်းဖြစ်သောကြောင့် "ဝိသေသန"မည်ပါသည်။
ထို ဝိသေသန-အရ အန္ဓယ်, နာမ်, ဇာတ်, အတတ်, အချယ်, ဂုဏ်-ဟူသော အနက် ၆-မျိုးကို ကောက်ယူရပါသည်။

မေး။ ဝိသေသန-၏ သဘောသဘာဝကို ဖော်ပြပါ။

ဖြေ။ ဝိသေသန-၏ သဘောသဘာဝမှာ အန္ဓယ်, နာမ်, ဇာတ်, အတတ်, အချယ်, ဂုဏ်တို့ဖြင့် အခြားပုဂ္ဂိုလ် အခြားအရာဝတ္ထုတို့ထက် ထူးခြားအောင် ပြုတတ်ခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ ''ဇာတိ=ဇာတ်''ဟူရာ၌ ဇာတိ ၂-မျိုးကို ဖော်ပြပါ။

ဖြေ။ ၁။ မွေးဖွားခြင်း။ – ဇာတိယာ သတ္တဝဿိကော၊
၂။ အမျိုးဇာတ်။ – ဇာတိယာ ခတ္တိယော ဗုဒ္ဓေါ။

မေး။ ဂေါတ္တ, နာမ, ဇာတိ-စသော ဝိသေသနတို့၏ ဆိုင်ရာပြယုဂ်များကို ထုတ်ပြပါ။

ဖြေ။ ၁။ ဂေါတ္တေန ဂေါတမော နာထော။ (ဂေါတ္တ)
၂။ သာရိပုတ္တောတိ နာမေန၊
ဝိဿုတော ပညဝါ စ သော။ (နာမ)
၃။ ဇာတိယာ ခတ္တိယာ ဗုဒ္ဓေါ၊
လောကေ အပ္ပဋိပုဂ္ဂလော။ (ဇာတိ)

တဒဟု ပဗ္ဗဇိတော သန္တော၊
ဇာတိယာ သတ္တဝဿိကော။
သော ဝိ မံ အနုသာသေယျ၊
သမ္မဒ္ဓိစ္ဆာမိ မတ္တကေ။ (ဇာတိပင်)
၄။ သိပ္ပေန နဠကာရော သော။ (သိပ္ပ)
၅။ ဇေဋ္ဌကတိ်သော ဝယသာ။ (ဝယ)
၆။ ဝိဇ္ဇာယ သာဓု၊ ပညာယ သာဓု၊
တပသာ ဥတ္တမော၊ သုဝဏ္ဏေန အဘိရူပေါ။ (ဂုဏ)

မေး။ ဝိသေသန စ-သုတ်၌ စ-သဒ္ဒါ၏ အနက်ကို ပုံစံများနှင့်တကွ ဖော်ပြပါ။

ဖြေ။ စ သဒ္ဒါ ပကတိ, ယေဘုယျ, သမ, ဝိသမ, အတိုင်းအရှည်အနက်ဟော ဒွိဒေါဏ, သဟဿ စသည်တို့ကို ဆည်းခြင်း အဝုတ္တသမုစ္စည်းအနက် ရှိပါသည်။

– ပကတိယာ အဘိရူပေါ။ – ယေဘုယျန မတ္တိကာ။
– သမေန ဓာဝတိ။ – ဝိသမေန ဓာဝတိ။
– ဒွိဒေါဏေန ဧည့် ကိဏာတိ။ – သဟဿေသန အဿကေ ကိဏာတိ။

မေး။ (က) ယောဇနေန ဓာဝတိ (ခ)သမေန ဓာဝတိ-တို့၌ တတိယာဝိဘတ်တို့၏ အနက် အားဖြင့် ထူးခြားပုံကို ရှင်းပြပါ။

ဖြေ။ (က) ယောဇနေန-၌ တတိယာဝိဘတ်သည် သတ္တမီအနက်၌ သက်သော တတိယာ ဝိဘတ်ဖြစ်၍၊ (ခ) သမေန-၌ တတိယာဝိဘတ်သည် ဝိသေသနအနက်၌ သက်သော တတိယာဝိဘတ်ဖြစ်ပါသည်။

ယောဇနေန၊ တစ်ယူဇနာ၌။ ဓာဝတိ၊ ပြေးသွား၏။
သမေန၊ အညီအညွတ်အားဖြင့်။ ဓာဝတိ၊ ပြေးသွား၏။

မေး။ (က) သဟဿေန သမံ မိတာ။ (ခ) သဟဿေန အဿေ ကိဏာတိ-တို့၌ သဟဿေန-နှစ်ပုဒ်တို့၏ အထူးကို ရေးပြပါ။

ဖြေ။ (က) သဟဿေန-သည် သဟာဒိယောဂေ စ-သုတ်ဖြင့် သမသဒ္ဒါ၏ အယုဉ် သဟာဒိယောဂအနက်၌ တတိယာဇေဝုစ် နာဝိဘတ်သက်၍ ပြီးသောပုဒ် ဖြစ်၏။

http://www.dhammadownload.com

(ခ) သဟသေန-သည် ဝိသေသန စ-သုတ်ဖြင့် ဝိသေသနအနက်၌ တတိယာ ကေဝုစ် နာဝိဘတ်သက်၍ ပြီးသောပုဒ်ဖြစ်၏။ ဤသို့ ထူးပါသည်။

မေး။ ဝိသေသန အမျိုးအစားနှင့် ဤ၌လိုအပ်သော ဝိသေသနကို ထုတ်ပြပါ။

ဖြေ။ ဝိသေသန အမျိုးအစားမှာ-
၁။ တုလျာဓိကရဏ ဝိသေသန
၂။ ဘိန္နာဓိကရဏ ဝိသေသန တို့ ဖြစ်ပါသည်။
ထိုတွင် ဤ၌ ဘိန္နာဓိကရဏဝိသေသနကို လိုအပ်ပါသည်။ တစ်ဖန် ဘိန္နာဓိကရဏ ဝိသေသနသည်- ၁။ နာမ(ကာရက) ဘိန္နာဓိကရဏဝိသေသန ၂။ ကြိယာဘိန္နာဓိကရဏ ဝိသေသန-ဟု နှစ်မျိုးပြား ပြန်ပါသည်။
ထိုတွင် ဤ၌ နာမ(ကာရက) ဘိန္နာဓိကရဏ ဝိသေသနကို လိုအပ်ပါသည်။

၂၉၃၊ ၃၀၁။ သမ္မဒါနေ စတုတ္ထီ။ (၁၅၁)

အထူးမရှိပါ။

၂၉၄၊ ၃၀၅။ နမောယောဂါဒီသ္မိ စ။ (၁၅၆)

မေး။ နမောယောဂါဒီသ္မိ စ-သုတ်၌ အာဒိသဒ္ဒါဖြင့် ယူရပါမည့်သဒ္ဒါများကို ဖော်ပြပါ။

ဖြေ။ သောတ္ထိ, သွာဂတ-စသော သဒ္ဒါတို့ကို ယူရပါမည်။
- သောတ္ထိ ပဇာနံ၊ - သွာဂတံ တေ မဟာရာဇ။

မေး။ နမောယောဂါဒီသ္မိ စ-သုတ်၌ အပိ သဒ္ဒါ, စ သဒ္ဒါတို့၏ အနက်ကို ဖော်ပြပါ။

ဖြေ။ အပိ-သဒ္ဒါ သမ္မဒါနေ စတုတ္ထီသုတ်ကို ပေါင်းခြင်း သမ္ပိဏ္ဍနအနက် ရှိပါသည်။
စ- သဒ္ဒါ စတုတ္ထီကို ငင်ခြင်း အနုကဗုနအနက်ရှိပါသည်။ (ဋီကာ၊ ၁၀၉။)

၂၉၅၊ ၃၀၇။ အပါဒါနေ ပဉ္စမီ။ (၁၅၆)

အထူးမရှိပါ။

၂၉၆၊ ၃၁၄။ ကာရဏတ္ထေ စ။ (၁၆၅)

မေး။ ကာရဏ-ပုဒ်ကို ဝိဂြိုဟ်ဆိုရှိ၍၊ အဓိပ္ပါယ်ရေးပြီး၊ အရလည်း ကောက်ပြပါ။

ဖြေ။ ကရောတိ အတ္တနော ဖလန္တိ ကာရဏံ။
မိမိ၏ အကျိုးကို ပြုတတ်သောကြောင့် ''ကာရဏ'' မည်ပါသည်။
ကာရကဟိတ် (ဇနကဟိတ်)ကို ရပါသည်။

မေး။ ဤသုတ်ဖြင့် ကာရဏအနက်၌ အမြဲတမ်း ပဉ္စမီဝိဘတ်သက်ရမည်ဟု မှတ်ရပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မမှတ်ရပါ၊ ဟေတွတ္ထေ စ-သုတ်ဖြင့် ဟိတ်အနက်၌ တတိယာဝိဘတ်ကို စီရင်အပ်သော ကြောင့် ဝိကပ်အားဖြင့်သာ သက်ရပါမည်။

http://www.dhammadownload.com

၂၉၇၊ ၂၈၄။ ကမ္မတ္ထေ ဒုတိယာ။ (၁၃၉)

မေး။ ကမ္မတ္ထေ ဒုတိယာ သုတ်၌ ကမ္မတ္ထ–အရ အဘယ်ကံအနက်ကို ယူရပါမည်နည်း၊ အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ကမ္မနိ ဒုတိယာယံ ကွော–သုတ်ဖြင့် သက်သော ကွ–ပစ္စည်းက ကတ္တားအနက်ကို ဟော၍ ကံအနက်ကို မဟောသောကြောင့် ထိုမဟောသောကံ (အနဘိဟိတကံ)အနက်၌ ဒုတိယာဝိဘတ်သက်ရမည်–ဟု အဓိပ္ပါယ်ကျရောက်ပါသည်။ ထို့ကြောင့် ဤသုတ်၌ ကမ္မတ္ထ–အရ အနဘိဟိတ(အဝုတ္တ)ကံ အနက်ကို ယူရပါမည်။

အနဘိဟိတ = အဝုတ္တ
အဘိဟိတ = ဝုတ္တ။

ရှင်းချက်။ ။ ''ကမ္မနိ ကွော = ကံ အနက်၌ ကွပစ္စည်းသက်''ဟု သာမန်မဆိုဘဲ ''ကမ္မနိ ဒုတိယာယ ကွော = ကံအနက်၌ ဒုတိယာဝိဘတ်သက်လတ်သော် ကတ္တားအနက်၌ ကွပစ္စည်းသက်''ဟု ဒုတိယာယ–ဟူသော ဝိသေသနကို ထည့်ဆိုထားသဖြင့် ''ကွပစ္စည်းသည် ကံအနက်ကို မဟော, ကတ္တားအနက်ကို ဟော၏'' ဟု အဓိပ္ပါယ် ပေါ်ထွက်လာသည်၊ ထိုကို ထောက်ဆ၍ ဤသုတ်၌ ဒုတိယာဝိဘတ်သည် ကွပစ္စည်း စသည်တို့ က မဟောအပ်သော အနဘိဟိတ (အဝုတ္တ) ကံအနက်၌ သက်၏–ဟု သိရပါသည်။

သိမှတ်ဖွယ်။ ။ ရူဝုတ္ထိ၌ ယံ ဝါ ကရောတိ–ဖြင့် နိပ္ပတ္တိကံကို, ယံ ဝါ ဝိကရောတိ–ဖြင့် ဝိကတိကံကို၊ ယံ ဝါ ပါပုဏာတိ–ဖြင့် ပတ္တိကံကို ပြသည်ဟု မှတ်ပါ။

၂၉၈၊ ၂၈၇။ ကာလဒ္ဓါန မစ္စန္တသံယောဂေ။ (၁၄၁)

မေး။ အစ္စန္တသံယောဂေ–၏ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ''အစ္စန္တံ နိရန္တရံ သံယောဂေါ အစ္စန္တသံယောဂေါ''ဟူသော ဝစနတ္ထနှင့်အညီ ကာလ, အဂွန်တို့၏ ဒြပ်, ဂုဏ်, ကြိယာတို့နှင့် မပြတ်ယှဉ်ခြင်းသည် ''အစ္စန္တသံယောဂ'' မည်ပါသည်။

မေး။ ကာလဒ္ဓါန အစ္စန္တသံယောဂေ–သုတ်၏ အဖြာင့်အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ကာလ, အဂွန်တို့က ဒြပ်, ဂုဏ်, ကြိယာတို့နှင့် မပြတ်ယှဉ်လတ်သော် ထိုကာလ, အဂွန်ဟော လိင် (သဒ္ဒါ)တို့နောင် ဒုတိယာဝိဘတ်သက်–ဟူ၍ ဖြစ်ပါသည်။

မေး။ အစ္စန္တသံယောဂေအပြားကို သက်ဆိုင်ရာ ပြယုဂ်များနှင့် တွဲစပ်ဖော်ပြပါ။

ဖြေ။
၁။ ကာလဒဗ္ဗ အစ္စန္တသံယောဂ = သတ္တာဟံ ဂဝပါနံ။
၂။ ကာလဂုဏ အစ္စန္တသံယောဂ = သရဒံ ရမဏီယာ နဒီ။
၃။ ကာလကြိယာ အစ္စန္တသံယောဂ = မာသံ သဇ္ဈာယတိ။
၄။ အဒ္ဓါဒဗ္ဗ အစ္စန္တသံယောဂ = ယောဇနံ ဝနရာဇိ။
၅။ အဒ္ဓါဂုဏ အစ္စန္တသံယောဂ = ယောဇနံ ဒီဃော ပဗ္ဗတော
၆။ အဒ္ဓါကြိယာ အစ္စန္တသံယောဂ = ကောသံ သဇ္ဈာယတိ။

http://www.dhammadownload.com

မေး။ သတ္တာဟံ ဂဝပါနံ-၌ ကာလဒဗ္ဗအစ္ဆန္တသံယောဂ ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ဤပုံစံ၌ သတ္တာဟံ-ဟူသော ကာလသည် ဂဝပါန-ဟူသော ဒြပ်နှင့် မပြတ်ယှဉ်သော ကြောင့် ''ကာလဒဗ္ဗအစ္ဆန္တသံယောဂ'' ဖြစ်ပါသည်။

မေး။ မာသေ မာသေ ဘုဉ္ဇတိ၊ ယောဇန ယောဇနေ ဝိဟာရံ ပတိဋ္ဌာပေသိ-တို့၌ အဘယ်ကြောင့် ဒုတိယာဝိဘတ် မသက်ရပါသနည်း။

ဖြေ။ အစ္ဆန္တသံယောဂ မဟုတ်, ဝိစ္ဆာပုဒ်ဖြစ်သောကြောင့် ဒုတိယာဝိဘတ် မသက်ရခြင်း ဖြစ်ပါသည်။

၂၉၉၊ ၂၈၈။ ကမ္မပ္ပဝစနီယယုတ္တော။ (၁၄၂)

မေး။ ကမ္မပ္ပဝစနီယ-အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ''ကမ္မံ ပစနီယံ ယေသံ တေ ကမ္မပ္ပဝစနီယာ'' ဟူသော ဝစနတ္ထနှင့် အညီ ဟောအပ်သော သကမ္မကကြိယာရှိသော (သကမ္မကကြိယာကို လက္ခဏာစသော အပြားတို့ဖြင့် ဟောတတ် ထွန်းပြတတ်သော) ဥပသာရပုဒ်, နိပါတ်ပုဒ်တို့သည် ''ကမ္မပ္ပဝစနီယ'' မည်ပါသည်။

တစ်နည်း- ပရသမညာအားဖြင့် အနု စသော ဥပသာရပုဒ်, နိပါတ်ပုဒ်တို့သည် ''ကမ္မပ္ပဝစနီယ'' မည်ပါသည်။

သက္ကတသဒ္ဒါကျမ်းတို့ အလိုကား- ''ကမ္မံ (ကြိယံ) ပဝုတ္တဝန္တောတိ ကမ္မပ္ပဝစနီယာ'' ဟူသော ဝစနတ္ထနှင့်အညီ ဥပသာရအခိုက်တုန်းက ဓာတ်နှင့်တွဲဖက်၍ ကြိယာကို ဟောခဲ့ထွန်းပြခဲ့ဖူးသော, ယခုအခါ ဓာတ်နှင့် မတွဲရသဖြင့် ကြိယာကို မဟောတော့ မထွန်းပြတော့သော အနု-စသောဥပသာရပုဒ်တို့သည် ''ကမ္မပ္ပဝစနီယ'' မည်ပါသည်။

မှတ်ချက်။ ။ ကမ္မပ္ပဝစနီယ အမည်က ဥပသာရအမည်ကို တားမြစ်သည်-ဟု မှတ်ပါ။

မေး။ အနု-စသော ဥပသာရပုဒ်တို့သည် အနွတ္တအားဖြင့်သာ 'ကမ္မပ္ပဝစနီယ'ဟူသော အမည် သညာကို ရကြပါသလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အနွတ္တအားဖြင့်သာ 'ကမ္မပ္ပဝစနီယ'ဟူသော အမည်သညာကို ရကြသည် မဟုတ်၊ ပရသမညာ၏ အစွမ်းဖြင့်လည်း 'ကမ္မပ္ပဝစနီယ'ဟူသော အမည်သညာကို ရကြပါသည်။

မေး။ ကမ္မပ္ပဝစနီယ-ပုဒ်၌ (က) ကမ္မ (ခ) ပဝစနီယ (ဂ) ယုတ္တ အရတို့ကို ဖော်ပြပါ။

ဖြေ။ (က) ကမ္မ-အရ သကမ္မကကြိယာ၊ ဝါ- ကံကို ရပါသည်။

(ခ) ပဝစနီယ-အရ အနု, ပတိ, ပရိ, အဘိ ဥပရသာရပုဒ်များနှင့် မီ, ဝိနာ စသော နိပါတ်ပုဒ်တို့ကို ရပါသည်။

သက္ကတသဒ္ဒါကျမ်းတို့ အလိုကား-

(က) ကမ္မ-အရ ကြိယာကို ရပါသည်။

(ခ) ပဝစနီယ-အရ ဟောခဲ့ဖူးသော ဥပသာရပုဒ်တို့ကို ရပါသည်။
(နိပါတ်ပုဒ် မပါသည်ကို သတိပြု။)

http://www.dhammadownload.com

(ဂ) ယုတ္တ-အရ ယှဉ်ခြင်း ကြိယာကိုပင် ရပါသည်။

မေး။ အနု, ပတိ, ပရိ, အဘိ ဟူသော ကမ္မပ္ပဝစနီယတို့၏ အနက်များကို အသီးသီးဖော်ပြပါ။

ဖြေ။ အနုသဒ္ဒါသည် လက္ခဏ, ဣတ္ထမ္ဘူတက္ခာန, ဘာဂ, ဝိစ္ဆာ, ဟီန, သဟ အနက်တို့ကို ဟောပါသည်။

ပတိ, ပရိသဒ္ဒါတို့သည် လက္ခဏ, ဣတ္ထမ္ဘူတက္ခာန, ဘာဂ, ဝိစ္ဆာ အနက်တို့ကို ဟောပါသည်။

အဘိသဒ္ဒါသည် လက္ခဏ, ဣတ္ထမ္ဘူတက္ခာန, ဘာဂ အနက်တို့ကို ဟောပါသည်။

မေး။ အနု, ပတိ, ပရိ, အဘိ ဟူသော ကမ္မပ္ပဝစနီယပုဒ်တို့၏ သက်ဆိုင်ရာ ပြယုဂ်များကို အသီးသီး ဖော်ပြပါ။

ဖြေ။

- ပဗ္ဗဇိတမနု ပဗ္ဗဇိသု။ (အနု - လက္ခဏ)
  နဒိမန္ဓဝသိတာ ဗာရာဏသီ။ (အနု- သဟ)
  အနုသာရိပုတ္တံ ပညဝါ။ (အနု- ဟီန)
  ရုက္ခံ အနု ဝိဇ္ဇောတတေ စန္ဒော။ (အနု- လက္ခဏ)
  သာဓု ဒေဝဒတ္တော မာတရံ အနု။ (အနု- ဣတ္ထမ္ဘူတက္ခာန)
  ယဒေတ္ထ မံ အနု သိယာ၊ တံ ဒီယတု။ (အနု- ဘာဂ)
  ရုက္ခံ ရုက္ခံ အနုဝိဇ္ဇောတတေ စန္ဒော။ (အနု- ဝိစ္ဆာ)

- သူရိယုဂ္ဂမနံ ပတိ ဒိဗ္ဗာ ဘက္ခာ ပါတုဘဝေယျုံ။
  ရုက္ခံ ပတိ ဝိဇ္ဇောတတေ စန္ဒော။ (ပတိ - လက္ခဏ)
  သာဓု ဒေဝဒတ္တော မာတရံ ပတိ။ (ပတိ - ဣတ္ထမ္ဘူတက္ခာန)
  ယဒေတ္ထ မံ ပတိ သိယာ၊ တံ ဒီယတု။ (ပတိ - ဘာဂ)
  အတ္ထမတ္ထံ ပတိ သဒ္ဒေါ နိဝိသတိ၊
  ရုက္ခံ ရုက္ခံ ပတိ ဝိဇ္ဇောတတေ စန္ဒော။ (ပတိ- ဝိစ္ဆာ)
- 'ပရိ' နည်းတူ။
- တံ ခေါ ပန ဘဝန္တံ ဂေါတမံ ဝေံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော။
  (အဘိ- ဣတ္ထမ္ဘူတက္ခာန)
  သာဓု ဒေဝဒတ္တော မာတရံ အဘိ၊ (။)

မေး။ ပဗ္ဗဇိတ မနု ပဗ္ဗဇိသု-ကို ဝါဒအသီးသီးအားလျော်စွာ အနက်ပေးပြပါ။

ဖြေ။ ပဗ္ဗဇိတ မနု၊ ဘုရားလောင်း ရဟန်းပြုလတ်သော။ ပဗ္ဗဇိသု၊ လူအပေါင်းတို့ ရဟန်းပြုကုန်ကြပြီ။ (သက္ကတသဒ္ဒါကျမ်းများ အလို)

ပဗ္ဗဇိတံ၊ ရဟန်းပြုသော ဘုရားလောင်းကို။ အနု (လက္ခဏံ ကတွာ)၊ အမှတ်ပြု၍၊ ပဗ္ဗဇိသု၊ ရဟန်းပြုကြကုန်ပြီ။

ပဗ္ဗဇိတံ (ပဗ္ဗဇိတေ)၊ လတ်သော်။ အနု ပဗ္ဗဇိသု၊ အတုလိုက်၍ ရဟန်း ပြုကြကုန်ပြီ။ (ပါဠိသဒ္ဒါကျမ်းများနှင့် မြန်မာနိဿယဆရာတော်များ အလို)

မေး။ ပဗ္ဗဇိတ မနု ပဗ္ဗဇိသု-၌ အနု ဥပသာရပုဒ် လက္ခဏအနက်၌ ဖြစ်ပုံကို ရှင်းပြပါ။

http://www.dhammadownload.com

ဖြေ။ ပဗ္ဗဇိတ–အရ ဘုရားလောင်းရဟန်းပြုခြင်းသည် များစွာသော လူတို့ ရဟန်းပြုခြင်းကို မှတ်သားကြောင်း ဖြစ်သောကြောင့် ''လက္ခဏာ'' မည်၏။

ပဗ္ဗဇိသု–အရ များစွာသော လူတို့ ရဟန်းပြုကြခြင်းသည် မှတ်သားအပ်သောကြောင့် ''လက္ခ'' မည်၏။

အနု– ဥပသာရပုဒ်ကား ထိုလက္ခဏာ, လက္ခနှစ်ပါးတို့၏ ဆက်စပ်ခြင်း သမ္ဗန်အနက်ကို ထွန်းပြပါသည်။

ဤသို့လျှင် အနု–သည်သမ္ဗန်အနက်ကို ထွန်းပြသော်လည်း လက္ခဏာပုဒ်နှင့် တွဲဖက်လျက် ထွန်းပြခြင်းဖြစ်သောကြောင့် မိမိ၏ တွဲဖက်ရာဖြစ်သောပုဒ်၏ နာမည်သို့လိုက်၍ ''အနု–သည် လက္ခဏာအနက်ကို ထွန်းပြ၏=လက္ခဏာအနက်၌ ဖြစ်၏'' ဟု ဆိုရခြင်း ဖြစ်ပါသည်။

မေး။ (က) နဒီမန္ဒဝသိတာ ဗာရာဏသီ။ (ခ) အနု သာရိပုတ္တံ ပညဝါ–တို့ကို အနု–၏ ကမ္မပွဝစနီယအဖြစ် ပေါ်လွင်အောင် အနက်ကျနစွာ ပေးပြပါ။

ဖြေ။ (က) ဗာရာဏသီ၊ ဗာရာဏသီပြည်သည်။ နဒီ အနု၊ ဂင်္ဂါမြစ်နှင့် တကွ။ အဝသိတာ၊ စပ်၏။

(ခ) ပညဝါ၊ ပညာရှိသူ ဟူသမျှသည်။ သာရိပုတ္တံ အနု၊ အရှင်သာရိပုတ္တရာ၏ အောက် ချည်းတည်း။

မေး။ (က) သူရိယုဂ္ဂမနံ ပတိ ဒိဗ္ဗာ ဘက္ခာ ပါတုဘဝေယျုံ။

(ခ) ရုက္ခံ ပတိ ဝိဇ္ဇောတတေ စန္ဒေန–ဝါကျတို့ကို ပတိ–သဒ္ဒါ၏ လက္ခဏာထွ (ကမ္မပွဝစနီယအဖြစ်) ပေါ်လွင်အောင် အနက်ပေးပြပါ။

ဖြေ။ (က) သူရိယုဂ္ဂမနံ ပတိ၊ နေထွက်လတ်သော်။ ဒိဗ္ဗာ ဘက္ခာ၊ နတ်အစာတို့သည်။ ပါတု ဘဝေယျုံ၊ ထပဲရှားဖြစ်စေကုန်သတည်း။

(ခ) ရုက္ခံ ပတိ၊ သစ်ပင်၌။ စန္ဒေန၊ လသည်။ ဝိဇ္ဇောတတေ၊ တောက်ပ၏။

မှတ်ချက်။ ။ ပုဒ်စစ်၌ကား ''ရုက္ခံ ရုက္ခသ၊ သစ်ပင်၏။ ပတိ၊ အထက်၌။ စန္ဒေန၊ လသည်။ ပတိဝိဇ္ဇောတတေ၊ ထွန်းပ၏''ဟူ၍လည်းကောင်း။ ''ရုက္ခံ ရုက္ခေ၊ သစ်ပင်၌။ စန္ဒေန၊ သည်။ ပတိ ဝိဇ္ဇောတတေ၊ ထွန်းပ၏''ဟူ၍လည်းကောင်း ပေးပါသည်။

''သစ်ပင်၌ လသည် တောက်ပ၏''ဟုဆိုရာ၌ သစ်ပင်သည် လရောင် တောက်ပခြင်းကို မှတ်သားကြောင်းဖြစ်သောကြောင့် လက္ခဏာ–မည်၏။ လရောင်တောက်ပခြင်းသည် မှတ်သားအပ်သောကြောင့် လက္ခ–မည်၏။ ထိုလက္ခဏာ, လက္ခ နှစ်ပါးတို့၏ ဆက်စပ်ခြင်း သမ္ဗန်အနက်ကို အဘိ–က ထွန်းပြသည်– ဟု မှတ်ပါ။

မေး။ သာဓု ဒေဝဒတ္တော မာတရံ ပတိ–ကို သက္ကတသဒ္ဒါကျမ်းတို့အလို, နောက်ဆရာတို့ အလိုအားဖြင့် အနက် ၂–နည်း ပေးပြခဲ့ပါ။

ဖြေ။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ မာတရံ ပတိ၊ အမိ၌။ သာဓု၊ ကောင်း၏။

(သက္ကတသဒ္ဒါကျမ်းတို့ အလို)

ဒေဝဒတ္တော၊ သည်။ မာတရံ–မာတုသ၊ အမိ၏။ ဝိသယော၊ အရာ၌။ အဘိ သာဓု၊ အလွန်ကောင်း၏။

http://www.dhammadownload.com

တစ်နည်း– ဒေဝဒတ္တော၊ သည်။ မာတရံ-မာတရိ၊ အမိ၌။ အဘိ သာဓု၊ အလွန် ကောင်း၏။ (နောက်ဆရာတို့ အလို)

မေး။ သာဓု ဒေဝဒတ္တော မာတရံ ပတိ–၌ (က) ကမ္မထ္ထ (ခ) ဘူတ (ခ) ကမ္မထ္ထမ္မူတကဒ္မာန (ကမ္မထ္ထမ္မူတာချာန) (ဃ) ကမ္မထ္ထမ္မူတကဒ္မာနဇောတကတို့ကို ခွဲခြားပြခဲ့ပါ။

ဖြေ။ (က) ကောင်းခြင်းဂုဏ်သည် ကမ္မထ္ထ (ခ) ထိုကောင်းခြင်းဂုဏ်သို့ ရောက်သော ဒေဝဒတ်သည် ဘူတ (ဂ) အမိသည် ကမ္မထ္ထမ္မူတကဒ္မာန (ဃ) ပတိသည် ကမ္မထ္ထမ္မူတကဒ္မာနဇောတက ဖြစ်ပါသည်။

ဂါထာ – သာဓု ဘာဝဂုဏော ကမ္မထ္ထံ၊ ဒတ္တော ဘူတော တဒါပန္နော။
မာတရံ ကမ္မတိ အာချာနံ၊ ပတိသဒ္ဒေါ တု ဇောတကော။ (နီရုတ္တိသင်္ဂဟ)

(ဆောင်) ဂုဏ်ကို ကမ္မထ္ထံ၊ မှတ်ရန် မဝေး၊ ဂုဏော ဘူတ၊ အာချာနကာ။
ဘူတပုဒ်၏။ အဟုတ် သမ္ဗန် အာဓာရ်တည်း။

မေး။ တံ ခေါ ပန ဘဝန္တံ ဂေါတမံ ဇဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော–၌ ကမ္မထ္ထ–စသော ၄– ချက် ခွဲပြခဲ့ပါ။

ဖြေ။ ဥဂ္ဂတော–သည် ကမ္မထ္ထ၊ ကိတ္တိသဒ္ဒေါ–သည် ဘူတ၊ ဘဝန္တံ ဂေါတမံ–သည် ကမ္မထ္ထမ္မူတကဒ္မာန၊ အဘိ–သည် ကမ္မထ္ထမ္မူတကဒ္မာနဇောတက။
တံ ခေါ ပနာတိအာဒိမှိ၊ ဒေဝဒတ္တောဝ ကိတ္တိ စ။
မာတရံ ဝိယ ဂေါတမံ၊ သာဓု ဘာဝေါဝ ဥဂ္ဂတော။ (၄င်း)

မေး။ (က) ယဒေတ္ထ မံ ပတိ သိယာ၊ တံ ဒီယတု။
(ခ) အတ္ထမတ္ထံ ပတိ သဒ္ဒေါ နိဝိသတိ။
(ဂ) တံ ခေါ ပန ဘဝန္တံ ဂေါတမံ ဇဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော–တို့ကို ပတိ, အဘိသဒ္ဒါတို့ ထွန်းပြသောအနက် ပေါ်စေလျက် အနက်ပေးပြပါ။

ဖြေ။ (က) ဇတ္ထ၊ ဤပစ္စည်းပုံ၌။ ယံ၊ အကြောင်ဝတ္ထုသည်။ မံ၊ ငါ၏။ ပတိ၊ အဖို့သည်။ သိယာ၊ ဖြစ်ရာ၏။ တံ၊ ထိုဝတ္ထုကို။ ဒီယတု၊ ပေးအပ်လော။ (ဘာဂနက်)
ဇတ္ထ၊ ၌။ မံ၊ ငါ့ကို။ ပတိ၊ ရည်ရွယ်၍။ ယော ဘာဂေါ၊ အကြောင်အဖို့သည်။ သိယာ၊ ဖြစ်ရာ၏။ တံ၊ ထိုအဖို့ကို။ ဒီယတု၊ ပေးလော့။ (ဋီကာနှင့်အညီ။)

(ခ) အတ္ထံ အတ္ထံ ပတိ၊ အနက်တိုင်း အနက်တိုင်း၌။ သဒ္ဒေါ၊ သဒ္ဒါသည်။ နိဝိသတိ၊ ပျံ့နှံ့၏။ (ဝိစ္ဆာအနက်)

(ဂ) တံ ခေါ ပန ဘဝန္တံ ဂေါတမံ အဘိ၊ ထိုအရှင်ဂေါတမ၏။ ဇဝံ၊ ဤသို့။ ကလျာဏော၊ ကောင်းသော။ ကိတ္တိသဒ္ဒေါ၊ ကျော်စောသံသည်။ ဥဂ္ဂတော၊ တက်ပြီ။ (ကမ္မထ္ထမ္မူတကဒ္မာအနက်)

မေး။ သကွတသဒ္ဒါကျမ်းတို့၌ ဆိုသော ကမ္မပ္ပဝစနီယ၏ သဘောသဘာဝကို ထင်ရှားအောင် ရေးပြပါ။

ဖြေ။ ကမ္မပ္ပဝစနီယသည်–
၁။ ''သုခံ အနုဘူယတေ''စသည်တို့၌ကဲ့သို့ ကြိယာနှင့် တွဲဖက်၍ ကြိယာကို မထွန်းပြနိုင်။

http://www.dhammadownload.com

၂။ ''ရညော ပုတ္တော''၌ ဆဋ္ဌိဝိဘတ်သည် သမ္ဗန်အနက်ကို ဟောသကဲ့သို့ သမ္ဗန်အနက်ကိုလည်း မဟောနိုင်။ (ထိုသမ္ဗန်အနက်ကို ဒုတိယာဝိဘတ်ကပင် ဟောသည်။)

၃။ ''ပဒေသံ၊ လက်ညိုးထွာကို။ ဝိပရိလိဓတိ၊ **တိုင်း၍** ရေး၏''ဟူရာ၌ ဝိ,ပရိ ဥပသာရ ပုဒ်သည် ''တိုင်းခြင်း(မာန)''ဟူသော ကြိယာတစ်ပါးကို ငဲ့သကဲ့သို့ ကြိယာတစ်ပါးကိုလည်း မငဲ့။

၄။ စင်စစ်ကား လက္ခဏ+လက္ခဏာဝစသော သမ္ဗန်ကို အထူးပြုတတ် (ထင်ရှားအောင် ထွန်းပြတတ်)ပါသည်။

ကြိယာဇောတကော နာယံ၊ သမ္ဗန္ဓဿ နု ဝါစကော။
နာပိ ကြိယန္တရာပေက္ခီ၊ သမ္ဗန္ဓဿ တု ဘေဒကော။ (ဝါကျပဒီယ)

မေး။ အနု–စသော ပုဒ်တို့သည် ဥပသာရ, ကမ္မပ္ပဝစနီယ–ဟုအမည်နှစ်မျိုး ရနိုင်ရာ မည်သည့်အခါ ဥပသာရ အမည်ရ၍၊ မည်သည့်အခါ ကမ္မပ္ပဝစနီယ အမည်ရပါသနည်း? ကွဲပြားအောင် ခွဲခြားပြခဲ့ပါ။

ဖြေ။ အနု–စသောပုဒ်တို့သည် ကြိယာနှင့်တွဲဖက်၍ ကြိယာအနက်ကို ထွန်းပြသောအခါ (ဓာတ္ထတ္ထဝိသေသက) ဥပသာရအမည်ရ၍၊ ကြိယာနှင့် မတွဲဘဲ ရှေးပုဒ်နှင့်သာတွဲ၍ လက္ခဏာစသော အနက်ကို ထွန်းပြသောအခါ ကမ္မပ္ပဝစနီယအမည် ရပါသည်။ (ကဝိရာဇ္ဇီကာ)

(ဆောင်) – ကြိယာတွဲလျက်၊ ကြိယာနက်၊ ထွန်းချက် ဥပသာ၊
– ကြိယာ မတွဲ၊ ရှေ့ပုဒ်တွဲလျက်၊ လက္ခဏာစသား၊ အနက်များ၊
ထွန်းငြား ကမ္မပ္ပဝစနီယာ။

၃၀၀၊ ၂၈၆။ ဂတိ ဗုဒ္ဓိ ဘုဇ ပဠ ဟရ ကရ သယာဒီနံ ကာရိတေ ဝါ။ (၁၄၁)

မေး။ ဂတိ ဗုဒ္ဓိ စသောသုတ်၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ဂမု, ဗုဓ, ဘုဇ, ပဠ, ဟရ, ကရ, သီ အစရှိသော ဓတ်တို့၏ ယှဉ်ရာ၌ ကာရိုက်ပစ္စည်းရှိနေခဲ့သော် ပယောဇ္ဇကတ္တားဖြစ်သော ကံအနက်၌ လိင်နောင် ဒုတိယာ ဝိဘတ်သက်–ဟူ၍ ဖြစ်ပါသည်။

မေး။ ''ပယောဇ္ဇကတ္တုဘူတေ ကမ္မနိ''အရ ''ပယောဇ္ဇကတ္တားဖြစ်သော **ကံ**''ဟူသည် အဘယ်ကဲ့သို့သော ကံမျိုးဖြစ်ပါသနည်း? ရှင်းပြပါ။

ဖြေ။ ''သာမိကော ပုရိသံ (ပုရိသေန, ပုရိသဿ) ဂါမံ ဂမယတိ''ဟူသော ပြယုဂ်၌ ပုရိသ– ဟူသော ကံသည် အရှင်က စေခိုင်းတိုက်တွန်းအပ်သည်ဖြစ်၍ သွားခြင်းကြိယာကို ပြီးစေတတ်သောကြောင့် ''ပယောဇ္ဇကတ္တား'' ဖြစ်၏။

ထိုပယောဇ္ဇကတ္တားသည်ပင် အရှင်သခင်က စေခိုင်းတိုက်တွန်းအပ်သောကြောင့် ''ကံ'' လည်းဖြစ်ပြန်၏။ ထို့ကြောင့် ထို ပုရိသ– ဟူသော ကံကို''ပယောဇ္ဇကတ္တားဖြစ်သော ကံ''ဟု ဆိုရပါသည်။

မှတ်ချက်။ ။ ဆဋ္ဌမ္မ၌ ''ပယောဇ္ဇကကတ္တုဘူတေ''ဟု ရှိနေသည်။ က–မပါဘဲ ''ပယောဇ္ဇကတ္တုဘူတေ''ဟု ရှိသင့်ကြောင်း ဆရာမြတ်တို့ မိန့်တော်မူကြသည်။

http://www.dhammadownload.com

မေး။ (က) ပယောဇကကတ္တား (ခ) ပယောဇ္ဇကတ္တား ၂-မျိုးတို့ကို ခွဲခြားဖြေဆိုပါ။

ဖြေ။ ''သာမိကော ပုရိသေန ဂါမံ ဂမယတိ''ဟူသော ပြယုဂ်၌ ''သာမိကော''သည် စေခိုင်းခြင်းကြိယာကို ပြီးစေတတ်သော ကတ္တားဖြစ်သောကြောင့် ''ပယောဇကကတ္တား'' မည်၏။

''ပုရိသေန''သည် အရှင်က စေခိုင်းအပ်သည်ဖြစ်၍ သွားခြင်းကြိယာကို ပြီးစေတတ်သောကြောင့် ''ပယောဇ္ဇကတ္တား'' မည်၏။

မေး။ ''သာမိကော ပုရိသေန ဂါမံ ဂမယတိ''ပြယုဂ်၌ ကာရိုက်ကတ္တား, ဓာတ်ကတ္တား, ကာရိုက်ကံ, ဓာတ်ကံ-တို့ကို ဖော်ပြပါ။

ဖြေ။ သာမိကော-သည် ဂမယတိ-၌ ကာရိုက် ဏော ပစ္စည်း၏ ကတ္တား ဖြစ်သောကြောင့် ''ကာရိုက်ကတ္တား'' မည်၏။

ပုရိသေန-သည် ဂမုဓာတ်၏ ကတ္တားဖြစ်သောကြောင့် 'ဓာတ်ကတ္တား'' မည်၏။

ပုရိသေန-သည် ကာရိုက် ဏော ပစ္စည်း၏ ကံဖြစ်သောကြောင့် 'ကာရိုက်ကံ'လည်း မည်၏။

ဂါမံ-သည် ဂမုဓာတ်၏ ကံဖြစ်သောကြောင့် 'ဓာတ်ကံ' မည်၏

သိမှတ်ဖွယ်

ကာရိုက်ကတ္တား	ဓာတ်ကတ္တား		
ပယောဇကကတ္တား	ပယောဇ္ဇကတ္တား		
⇕	⇕		
သာမိကော	**ပုရိသေန**	**ဂါမံ**	**ဂမယတိ**
	⇕	⇕	
	ကာရိုက်ကံ	ဓာတ်ကံ	

အရှင်သည်	+	စေ။
ယောက်ျားသည်	+	သွား
ယောက်ျားကို	+	စေ။
ရွာသို့	+	သွား -ဟု မြန်မာလို စာစပ်ကြည့်ပါ။

မေး။ ကမ္မတ္ထေ ဒုတိယာ သုတ်ဖြင့်ပင် ဒုတိယာဝိဘတ် သက်ခြင်းကိစ္စပြီးနိုင်ပါလျက် ဂတိဗုဒ္ဓိ စသောသုတ်ကို အဘယ်အကျိုးငှာ အားထုတ်ရ (တည်ထား၍)ပါသနည်း။

ဖြေ။ ကာရိုက်ကံ၌ ကမ္မတ္ထေ ဒုတိယာ သုတ်ဖြင့် ဒုတိယာဝိဘတ် အမြဲရောက်လုလတ်သော ထိုကို တားမြစ်၍ ဝိကပ်စီရင်ခြင်း (ဝိကပ်သက်ခြင်း)အကျိုးငှါ ဤသုတ်ကို အားထုတ်တော်မူရခြင်း ဖြစ်ပါသည်။

မေး။ ကမ္မတ္ထေ ဒုတိယာ သုတ်ဖြင့်ပင် ဒုတိယာဝိဘတ် သက်ခြင်းကိစ္စပြီးနိုင်ပါလျက် ဂတိဗုဒ္ဓိ စသောသုတ်ကို အဘယ်ကြောင့် အားထုတ်ရပါသနည်း။ ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ ကမ္မတ္ထေ ဒုတိယာ သုတ်က ကံအနက်၌ ဒုတိယာဝိဘတ် အမြဲသက်သောကြောင့် ကာရိုက်ကံ၌လည်း ဒုတိယာဝိဘတ် အမြဲသက်ရလေမည်လား?ဟု ယုံမှားတွေးတောဖွယ် ရှိပါသည်။ ထို့ကြောင့် ''ကာရိုက်ကံ၌ ဒုတိယာဝိဘတ် အမြဲမသက်ရ၊ ဝိကပ်သာ သက်ရမည်''ဟု သိစေလိုသောကြောင့် ဤသုတ်ကို အားထုတ်ရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ ဂတိ ဗုဒ္ဓိ စသောသုတ်ဖြင့် တားမြစ်အပ်သော သုတ်များကို ဖော်ပြပါ။

ဖြေ။ ယံ ကရောတိ တံ ကမ္မံ၊ ကမ္မတ္ထေ ဒုတိယာ သုတ်တို့ ဖြစ်ပါသည်။

မေး။ ကာရိုက်ကံ၌ သက်သော ဝိဘတ်များကို ပုံစံနှင့်တကွ ထုတ်ပြ၍၊ ထိုကံ၌ အရှိများ အသက်များသော ဝိဘတ်ကိုလည်း ဖော်ပြပါ။

ဖြေ။ ဒုတိယာ၊ တတိယာနှင့် ဆဋ္ဌီဝိဘတ်များ ဖြစ်ပါသည်။

ပုရိသော ပုရိသံ ဂါမံ ဂမယတိ၊
ပုရိသော ပုရိသေန ။
ပုရိသော ပုရိသဿ ။

ထို ၃- မျိုး တို့တွင် တတိယာဝိဘတ်သာ အရှိများ အသက်များ ပါသည်။

မေး။ ကာရိုက်ကံ၌ တတိယာ, ဆဋ္ဌီဝိဘတ်တို့သည် ကတ္တားဟောလော? ကံဟောလော? စိစစ်ဖြေဆိုပါ။

ဖြေ။ ကာရိုက်ကံ၌ တတိယာ, ဆဋ္ဌီဝိဘတ်တို့သည် ကတ္တားအနက်ကို ဟော၏။ ကံအနက်ကို ဟော၏-ဟု ဝါဒနှစ်မျိုး ကွဲပြားလျက်ရှိရာ ချာသ-စသည်တို့အလို တတိယာသည် ပယောဇ္ဇကတ္တားအဖြစ်ကို ငဲ့ခိုက် ကတ္တရိ စ-သုတ်ဖြင့် ကတ္တားအနက်၌ သက်ရသော ဝိဘတ်ဖြစ်၍ ဆဋ္ဌီသည်လည်း ဆဋ္ဌီ စ သုတ်ဖြင့် တတိယာဝိဘတ်၏ ကတ္တားအနက်၌ သက်ရသော ဝိဘတ်ဖြစ်သောကြောင့် ကတ္တားဟောသာ သင့်လျော်ကြောင်း ဆရာမြတ်တို့ ဆုံးဖြတ်တော် မူကြပါသည်။

မေး။ ''သာမိကေန ဒါသော ဂါမံ ဂမိယတေ''ဝါကျ၌ ဒါသော-ဝယ် အဘယ့်ကြောင့် ဒုတိယာ စသည် မသက်ဘဲ ပဌမာဝိဘတ်သာ သက်ရပါသနည်း။

ဖြေ။ ထိုဝါကျ၌ ဒါသော-သည် ဂမိယတေ-၌ တေ-ဝိဘတ်ဟူသော အာချာတ် ကြိယာဝါစက က ဟောအပ်သော အဘိဟိတက် (ဝုတ္တက်) ဖြစ်သောကြောင့် ဒုတိယာစသည် မသက်ဘဲ လိင်္ဂတ္ထမျှကို ထွန်းပြခြင်း အကျိုးငှါ ပဌမာဝိဘတ်သာ သက်ရခြင်း ဖြစ်ပါသည်။

၃၀၁၊ ၃၁၅။ သာမိသ္မိ ဆဋ္ဌီ။ (၁၆၅)
၃၀၂၊ ၃၁၉။ ဩကာသေ သတ္တမီ။ (၁၇၉)
၃၀၃၊ ၃၂၁။ သာမိဿရာမိပတိဒါယာဒသက္ခိပတိဘူပသုတကုသလေဟိ စ။ (၁၇၂)

မေး။ သာမိသ္မိ ဆဋ္ဌီ-သုတ်ဖြင့် ပြီးနိုင်ပါလျက် ဤ သာမိဿရာမိပတိ စသော သုတ်ကို ထပ်ဆိုရခြင်း အကျိုးကို ရေးပါ။

ဖြေ။ သာမိသ္မိ ဆဋ္ဌီ သုတ်ဖြင့် ပြီးနိုင်ပါသော်လည်း ဤသုတ်ကို မတည်လျှင် သာမိ, ဣဿရ စသော သဒ္ဒါတို့၏ အယုဉ်၌ ဆဋ္ဌီဝိဘတ် တစ်မျိုးသာ သက်ရ၏-ဟု မှတ်ထင်ဖွယ် ရှိပါသည်။ ဤသုတ်ကို တည်လိုက်ခြင်းကြောင့် ထို သာမိ, ဣဿရ စသော သဒ္ဒါတို့ ယုဉ်ရာ၌ ဆဋ္ဌီ, သတ္တမီ ဝိဘတ်နှစ်မျိုးသက်ရခြင်း အကျိုးရှိပါသည်။

(ဆောင်) သာမိ, ဣဿရ၊ စရှိ သဒ္ဒါ၊ ယုဉ်လေရာ၌၊ နှစ်ဖြာ ဆဋ္ဌီ၊ သတ္တမီသက်၊
ဤအချက်ကို၊ သိစေလို၊ မိန့်ဆို သာမိဿရာသုတ်။

http://www.dhammadownload.com

၃၀၄၊ ၃၂၂။ နိဒ္ဓါရဏော စ။ (၁၇၂)

မေး။ နိဒ္ဓါရဏော စ–သုတ်ကို ရှု–ဆရာအလိုကျ အနက်ပေးပြပါ။

ဖြေ။ နိဒ္ဓါရဏော စ၊ နိဒ္ဓါရဏအနက်ကိုလည်း။ ဂမျမာနေ၊ သိအပ်သည်ရှိသော်၊ သမုယဝါစိလိင်္ဂမှာ၊ အပေါင်းကို ဟောသော လိင်မှ။ ပရာ၊ နှောင်းကုန်သည်ဖြစ်၍။ ဆဋ္ဌီ စ၊ ဆဋ္ဌီဝိဘတ်သည်လည်းကောင်း။ သတ္တမီ စ၊ သတ္တမီဝိဘတ်သည်လည်းကောင်း။ ဟောန္တို့ ဖြစ်ကုန်၏။

မေး။ နိဒ္ဓါရဏော စ သုတ်ဖြင့် ဆဋ္ဌီ, သတ္တမီဝိဘတ်တို့သက်ရာ လိင်ကို အတိအကျ ဖော်ပြပါ။

ဖြေ။ နိဒ္ဓါရဏသမုဒါယကို ဟောသောလိင် ဖြစ်ပါသည်။

မေး။ ''နိဒ္ဓါရဏ'' အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ''နိဟရိတွာ ဓာရဏံ နိဒ္ဓါရဏံ''ဟူသော ဝစနတ္ထနှင့်အညီ ဇာတ်, ဂုဏ်, ကြိယာ, နာမ် (အမည်)တို့ဖြင့် အပေါင်းမှ အစိတ်ကို သီးခြားပြုခြင်းသည် ''နိဒ္ဓါရဏ'' မည်ပါသည်။

မေး။ ရူပသိဒ္ဓိဆရာအလို နိဒ္ဓါရဏအပြား ၄–ပါးကို သက်ဆိုင်ရာ ပုံစံများနှင့် တွဲစပ် ဖော်ပြပါ။

ဖြေ။ ၁။ ဇာတိနိဒ္ဓါရဏ = မနုဿာနံ ခတ္တိယော သူရတမော။
၂။ ဂုဏနိဒ္ဓါရဏ = ကဏှာ ဂါဝီနံ သမ္မန္နဒီရတမာ။
၃။ ကြိယာနိဒ္ဓါရဏ =အဒ္ဓိကာနံ ဓာဝန္တော သီဃတမော။
၄။ နာမနိဒ္ဓါရဏ = အာယသ္မာ အာနန္ဒော အရဟတံ အညတရော အဟောသိ။

သိမှတ်ဖွယ်။ ။ အခြားကျမ်းများအလို ဒဗ္ဗနိဒ္ဓါရဏ, သဒ္ဒါနိဒ္ဓါရဏတို့ကို ထည့်၍ နိဒ္ဓါရဏ ၆–ပါး ဟု မှတ်သားပါ။
– ယောဓာနံ ယောဓေသု ဝါ ဓမ္မိကော သူရတမော။ (ဒဗ္ဗ)
– ဘိက္ခူနံ ဘိက္ခူသု ဝါ ဒွေ တယော သမ္မန္နီတဗ္ဗာ။ (သဒ္ဒါ)

မေး။ နိဒ္ဓါရဏနှင့် စပ်၍ သိအပ်သိထိုက်သော ''နိဒ္ဓါရဏစတုက္က''ကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြပါ။

ဖြေ။ ၁။ ခွဲထုတ်ရာ အပေါင်းသည် 'နိဒ္ဓါရဏသမုဒါယ' မည်၏။
၂။ ခွဲထုတ်ရာအပ်သော အစိတ်သည် 'နိဒ္ဓါရဏီယ' မည်၏။
၃။ ခွဲထုတ်ရခြင်း၏ အကြောင်းသည် 'နိဒ္ဓါရဏဟေတု' မည်၏။
၄။ ခွဲထုတ်ခြင်း ကြိယာသည် 'နိဒ္ဓါရဏ' မည်၏။

မေး။ ''မနုဿာနံ ခတ္တိယော သူရတမော'' ပြယုဂ်၌ နိဒ္ဓါရဏစတုက္ကကို အကြောင်းနှင့်တကွ ထုတ်ပြပါ။

ဖြေ။ ၁။ မနုဿာနံ–သည် ခွဲထုတ်ရာ အပေါင်းဖြစ်သောကြောင့် ''နိဒ္ဓါရဏသမုဒါယ'' မည်၏။
၂။ ခတ္တိယော–သည် ခွဲထုတ်အပ်သော အစိတ်ဖြစ်သောကြောင့် ''နိဒ္ဓါရဏီယ'' မည်၏။
၃။ ခတ္တိယဇာတ်သည် ခွဲထုတ်ရခြင်း၏ အကြောင်းဖြစ်သောကြောင့် ''နိဒ္ဓါရဏဟေတု'' မည်၏။
၄။ လူအများမှ ခတ္တိယဇာတ်ရှိသူကို ခွဲထုတ်ခြင်းကြိယာသည် ''နိဒ္ဓါရဏ'' မည်၏။

မှတ်ချက်။ ။ သူရတမော–ကို နိဒ္ဓါရဏဟေတု–ဟု ထင်တတ်ကြသည်။ မဟုတ်၊ ခတ္တိယဇာတ်သာ နိဒ္ဓါရဏဟေတု–ဖြစ်သည်။ နိဒ္ဓါရဏီယ–ကို ကြည့်၍ နိဒ္ဓါရဏဟေတု–ကို ထုတ်ရသည်။ နိဒ္ဓါရဏီယ–ပုဒ်က ဇာတ်ဖြစ်လျှင် ထို ဇာတ်သည် နိဒ္ဓါရဏဟေတု၊

http://www.dhammadownload.com

ဂုဏ်ဖြစ်လျှင် ထိုဂုဏ်သည် နိဒ္ဒါရဏဟေတု-စသည်ဖြင့် သိပါ။

ကေဝုစ်နိဒ္ဒါရဏ။ ။ နိဒ္ဒါရဏသည် ကေဝုစ်လည်း ရှိ၏။

- အဓိပတိပစ္စယေ သဟဇာတာဓိပတိ နာမ ဓမ္မေကဒေသော။
- ပဟီနေ ကုက္ကုစ္စေ။ (သံ၊ ဌ၊ သံ၊ဋီ၊)
- အညသ္မိမ္ပိ ကပ္ပိယလောဟဘာဏ္ဍေ။ (ဝိ၊ ၄။ ဝိ၊ ဌ၊ ၄။ ၈၀။)

၃၀၅၊ ၃၂၃။ အနာဒရေ စ။ (၁၇၃)

မေး။ အနာဒရေ စ-သုတ်ကို ရှုအလိုကျ အနက်ပေးပြပါ။

ဖြေ။ အနာဒရေ စ၊ မရှိသေခြင်း ကြိယာကိုလည်း။ ဂမျမာနေ၊ သိအပ်သည်ရှိသော်။ ဘာဝဝတာ၊ အနာဒရိယကြိယာရှိသော။ လိင်္ဂမှာ၊ အနာဒရိယဝန္တလိင်မှ။ ပရာ၊ နှောင်းကုန်သည် ဖြစ်၍။ ဆဋ္ဌီ စ၊ လည်းကောင်း။ သတ္တမီ စ၊ လည်းကောင်း။ ဟောန္တိ၊ ကုန်၏။

မေး။ အနာဒရေ စ-သုတ်ဖြင့် ဆဋ္ဌီ, သတ္တမီ ဝိဘက်တို့ သက်ရာလိင်ကို ရှုအလိုကျ တိကျစွာ ဖော်ပြပါ။

ဖြေ။ အနာဒရိယဝန္တလိင် ဖြစ်ပါသည်။ အနာဒရိယနှင့် အနာဒရိယဝန္တတို့သည် တုလျာဓိကရဏ ဖြစ်သောကြောင့် အနာဒရိယလိင်နောင်လည်း ဤသုတ်ဖြင့်ပင် ဆဋ္ဌီ, သတ္တမီဝိဘတ်များ သက်ရပါမည်။ (အထက်ပါ အနက်ပေးပုံကို သေသေချာချာ ကြည့်ပါ။)

မေး။ ရှုပသိဒ္ဓိလာ ''ဘာဝတာ လိင်္ဂမှာ''ကို ရှင်းပြပါ။

ဖြေ။ အနာဒရ ဟူသော ကြိယာတပါးကို မှတ်သားကြောင်းဖြစ်သော အနာဒရိယကြိယာသည် ''ဘာဝ''မည်၏။ ထို အနာဒရိယကြိယာရှိသော ကတ္တား ကံသည် 'ဘာဝဝန္တ' မည်၏။

''အကာမကာနံ မာတာပိတူနံ ရုဒန္တာနံ ပဗ္ဗဇိ''ဝါကျ၌ ရဟန်းပြုခြင်းဟူသော အနာဒရကြိယာကို မှတ်သားကြောင်းဖြစ်သော ဝိကျေးခြင်းခြင်းကြိယာသည် အနာဒရိယ-မည်၏။ ထို အနာဒရိယကြိယာရှိသောကြောင့် မာတာပိတူနံ-သည် အနာဒရိယဝန္တ မည်ပါသည်။

မှတ်ချက်။ ။ဘာသာဋီကာ၌ကား အနာဒရကြိယာကို ဘာဝ၊ အနာဒရိယကြိယာကို ဘာဝဝန္တ-ဟု ဆိုပါသည်။ အနာဒရိယသည် ကြိယာဖြစ်သော်လည်း ကိတ်ကြိယာ, ကိတ်နာမ် ဖြစ်သောကြောင့် ''လိင်္ဂ''လည်း မည်သည်-ဟု ဆိုသည်။ ''ဘာဝေါ နာမ ကြိယာ။ သာ စေတ္ထ ကြိယန္တရူပလက္ခဏာဝ အဓိပ္ပေတာ'' ဟူသော ကာလဘာဝေသု စ-သုတ်လာ အဖွင့်ဖြင့် စဉ်းစားပါ။

မေး။ ဤသုတ်၌ သိထိုက်သော ''အနာဒရစတုက္က''ကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြပါ။

ဖြေ။ ၁။ မရှိသေခြင်းကြိယာသည် ''အနာဒရ'' မည်၏။

၂။ ထို အနာဒရကြိယာ၏ တည်ရာ ကတ္တား, ကံသည် ''အနာဒရဝန္တ'' မည်၏။

၃။ မရှိသေအပ်သော (မရှိမသေ အပြုခံရသော) ကြိယာသည် ''အနာဒရိယ'' မည်၏။

၄။ ထို အနာဒရကြိယာ၏ တည်ရာ ကတ္တား, ကံသည် ''အနာဒရိယဝန္တ'' မည်၏။

မေး။ ''အကာမကာနံ မာတာပိတူနံ ရုဒန္တာနံ ပဗ္ဗဇိ ဗောဓိသတ္တော''ပုံစံ၌ အနာဒရစတုက္က ခွဲပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ ပဗ္ဗဇိ-သည် မိဘတို့၏ ငိုယိုခြင်း ကြိယာကို မရိုသေ မလေးစားသောကြောင့် ''အနာဒရ'' မည်၏။

ဗောဓိသတ္တော-သည် ထိုအနာဒရကြိယာ၏ တည်ရာကတ္တားဖြစ်သောကြောင့် ''အနာဒရဝန္တ'' မည်၏။

ရုဒန္တာနံ-သည် မရိုသေ မလေးစားအပ်သောကြောင့် (မရိုမသေ မလေးမစား အပြုခံရသောကြောင့်) အနာရိယ'' မည်၏။

မာတာပိတူနံ-သည် ထိုအနာဒရကြိယာ၏ တည်ရာကတ္တားဖြစ်သောကြောင့် ''အနာဒရိယဝန္တ'' မည်၏။

မေး။ အကောဋ္ဌယန္တော သော နေတိ။

သိဝိရာဇဿ ပေက္ခတော-ဂါထာပါဒ၌ အနာဒရစသည် ၄-ချက် ခွဲပြခဲ့ပါ။

ဖြေ။ ပေက္ခတော - သည် အနာဒရ၊ သိဝိရာဇဿ - သည် အနာဒရဝန္တ၊
နေတိ - သည် အနာဒရိယ၊ သော - သည် အနာဒရိယဝန္တ။

မေး။ မစ္စု ဂစ္ဆတိ အာဒါယ၊

ပေက္ခမာနေ မဟာဇနေ-ဟူသော ဂါထာပါဒ၌ အနာဒရ စသည် ၄-ချက် ခွဲပြခဲ့ပါ။

ဖြေ။ ပေက္ခမာန - သည် အနာဒရ၊ မဟာဇနေ - သည် အနာဒရဝန္တ၊
ဂစ္ဆတိ - သည် အနာဒရိယ၊ မစ္စု - သည် အနာဒရိယဝန္တ။

မေး။ အနာဒရနှင့် အနာဒရိယတို့ကို သိလွယ် မှတ်လွယ်အောင် ရှင်းပြခဲ့ပါ။

ဖြေ။ ဝါကျတစ်ခုဝယ် ကြိယာနှစ်ခုရှိရာ၌ ရှေ့ဖြစ်သော ကြိယာသည် အနာဒရိယ၊ နောက်ဖြစ်သော ကြိယာသည် အနာဒရ ဖြစ်ပါသည်။

တစ်နည်း- အနက်ပေးရာ၌ စဉ်, ခိုက်, တုန်း,(ကြည့်နေစဉ်, ကြည့်နေခိုက်, ကြည့်နေတုန်း)ဟု အနက်ပေးရသော ပုဒ်သည် အနာဒရိယ၊ အခြားကြိယာသည် အနာဒရ-ဖြစ်ပါသည်။

မေး။ သဒ္ဒါကျမ်းများအဆို အနာဒရနှင့် ပါဠိ, အဋ္ဌကထာအလို အနာဒရ တို့ကို ရှင်းလင်းဖော်ပြပါ။

ဖြေ။ သဒ္ဒါကျမ်းများအဆို အနာဒရမှာ- (၁) ကြိယာနှစ်ခု ပြိုင်ခြင်း၊ (၂) ကြိယာတစ်ပါးဖြင့် ကြိယာတစ်ပါးကို (ရှေ့ကြိယာဖြင့် နောက်ကြိယာကို) မှတ်ခြင်း။ (၃) မရိုသေ မလေးစားခြင်း-ဟူသော အဂါ ၃-ချက်နှင့် ညီရပါမည်။

ပါဠိ, အဋ္ဌကထာအလိုကား- ရှေ့အဂါနှစ်ပါးနှင့် ပြည့်စုံလျှင် အနာဒရ ဖြစ်ပါပြီ။

၃၀၆၊ ၂၈၉။ ကွစိ ဒုတိယာဆဋ္ဌိန မတ္တေ။ (၁၄၃)

မေး။ ဤသုတ်ဖြင့် အဘယ်သဒ္ဒါတို့အယှဉ်၌သာ ဆဋ္ဌီအနက်၌ ဒုတိယာ ဝိဘတ်သက်ပါသနည်း။

ဖြေ။ အန္တရာ, အဘိတော, ပရိတော နိပါတ်ပုဒ်, ပတိ ဥပဿရပုဒ်, (ပဋ္ဌိရှေးရှိသောဘာဓာတ်) တို့ ယှဉ်ရာ၌သာ ဤသုတ်ဖြင့် ဆဋ္ဌီအနက်၌ ဒုတိယာဝိဘတ် သက်ပါသည်။

- အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ အဒွါနမဂ္ဂပဋိပန္နော။ (ရာဇဂဟံ၊ ရာဇဂြိုဟ်မြို့၏။ အန္တရာ စ၊ အလယ်အကြား၌လည်းကောင်း။ နာဠန္ဒံ၊ နာဠန္ဒာမြို့၏။ အန္တရာ စ၊

http://www.dhammadownload.com

အလယ်အကြားဦးလည်းကောင်း)

- အဘိတော၊ ဂါမံ ဝသတိ။ ဂါမံ၊ ရွာ၏။ အဘိတော၊ ထက်ဝန်းကျင်၌။
- ပရိတော၊ ဂါမံ ဝသတိ။
- နဒိံ နေရဉ္ဇရံ ပတိ။ (နရဉ္ဇရံ၊ နေရဉ္ဇရာမည်သော။ နဒီ၊ မြစ်၏။ ပတိ၊ အနီး၌။)
- ပဋိဘာန္တု တံ စုန္ဒ ဗောဇ္ဈာ။ (တံ၊ သင်၏။ ပဋိဘာန္တု၊ ဉာဏ်၏ အာရုံဖြစ်စေကုန်လော)
- ဥပမာ မံ ပဋိဘာတိ။ (ဥပမံ၊ ဥပမာသည်။ မံ၊ ငါ၏။ (ဉာဏ်အား။) ပဋိဘာတိ၊ ထင်လာ၏။

၃၀၇၊ ၂၉၀။ တတိယာ သတ္တမီနဉ္စ။ (၁၄၃)

မေး။ ဒုတိယာဝိဘတ်သက်ရာ တတိယာအနက်, သတ္တမီအနက်တို့ကို ဖော်ပြပါ။

ဖြေ။ လပဓာတ်, ဘာသဓာတ်၊ အန္တရေန, ဝိနာ စသော နိပါတ်ပုဒ်တို့၏ အယုဉ်ဝယ် တတိယာဝိဘတ်၏ သဟတ္ထ၌ ဒုတိယာဝိဘတ် သက်ပါသည်။

ကာလနက်၊ ဥပ–အနု–အဓိ–အာ ရှေးရှိသော ဝသဓာတ်၏ယှဉ်ရာ သတ္တမီအနက်၊ အဓိရှေးရှိသော သီဓာတ်, ဌာဓာတ်, အာသဓာတ်တို့၏ ယှဉ်ရာ သတ္တမီအနက်၊ ထိုဦး သောက်ခြင်း၊ ထိုဦးလှည့်လည်ခြင်းဟူသော သတ္တမီအနက်တို့ဦး ဒုတိယာဝိဘတ် သက်ပါသည်။

တတိယတ္ထ ပုံစံများ–

သစေ မံ နာလပိဿတိ။	(လပဓာတ်)
တွဉ္စ မံ နာဘိဘာသတိ။	(ဘာသဓာတ်)
ဥပါယ မန္တရေန နု အတ္ထသိဒ္ဓိ။	(အန္တရေန)
ဝိနာ သဒ္ဒမ္မံ ကုတော သုခံ။	(ဝိနာ)

သတ္တမျတ္ထပုံစံများ–

ပုဗ္ဗဏ္ဟသမယံ နိဝါသေတွာ။	(ကာလအနက်)
ဂါမံ ဥပဝသတိ။	(ဥပ–ပုဗ္ဗ ဝသဓာတ်)
ဂါမံ အနုဝသတိ။	(အနု–ပုဗ္ဗ ဝသဓာတ်)
ဝိဟာရံ အဓိဝသတိ။	(အဓိ–ပုဗ္ဗ ဝသဓာတ်)
ဂါမံ အာဝသတိ။	(အာ–ပုဗ္ဗ ဝသဓာတ်)
အဂါရံ အဇ္ဈာဝသတိ။	(အဓိ–အာ–ပုဗ္ဗ ဝသဓာတ်)
ပထဝီ အဓိသေဿတိ။	(အဓိ–ပုဗ္ဗ သီဓာတ်)
ဂါမံ အဓိတိဋ္ဌတိ။	(အဓိ–ပုဗ္ဗ ဌာဓာတ်)
ဂါမံ **အဇ္ဈာသတိ**။	(အဓိ–ပုဗ္ဗ အာသဓာတ်)
နဒိံ ပိဝတိ။	(ထိုဦး သောက်ခြင်းအနက်)
ဂါမံ စရတိ။	(ထိုဦး လှည့်လည်ခြင်းအနက်)

မှတ်ချက်။ ။ ဆဋ္ဌမ္ပဦး ''အဇ္ဈာဝသတိ''ဟု ရှိနေသည်။ ''အဇ္ဈာသတိ''ဟု ရှိရပါမည်။ ၄င်း စာမျက်နှာ (၃၈၇)နှင့် ယှဉ်ကြည့်ပါ။

http://www.dhammadownload.com

၃၀၈၊ ၃၁၇။ ဆဋ္ဌ စ။ (၁၆၈)

မေး။ ''တတိယာ, သတ္တမီအနက်၌ ဆဋ္ဌီဝိဘတ်သက်''ဟူရာ၌ တတိယာအနက်များကို ဖော်ပြပါ။

ဖြေ။ ကရိဏ်းအနက်, သဟာဒိယောဂအနက်, ကတ္တားအနက်တို့ ဖြစ်ပါသည်။

မေး။ တတိယာ, သတ္တမီဝိဘတ်တို့၏ အနက်၌ ဆဋ္ဌီဝိဘတ်သက်ရမည်–ဟု ဆိုရာ အဘယ် အရာတို့၏ အယုဉ်, အဘယ်အနက်၌ သက်ရပါမည်နည်း? ဖြေဆိုပါ။

ဖြေ။ (က) ပူဇော်ခြင်း အနက်ရှိသော် ယဇတိ, ဟုဓာတ်၊ ရောင့်ရဲတင်းတိမ်ခြင်း, ပြည့်ခြင်း အနက်ရှိသည့် ပူရဓာတ်တို့၏အယုဉ်၊ တတိယာဝိဘတ်၏ ကရိဏ်းအနက်၌ ဆဋ္ဌီ ဝိဘတ်သက်ရပါမည်။

(ခ) တုလျအနက်ဟောသဒ္ဒါ, ကိ, အလံစသော သဒ္ဒါတို့၏ အယုဉ်၊ တတိယာ ဝိဘတ်၏ ကတ္တားအနက်၌ ဆဋ္ဌီဝိဘတ် သက်ရပါသည်။

(ဂ)'ကိတ' အမည်ရသည့် တ, တိ–စသော ပစ္စည်းတို့၏ အယုဉ်၊ တတိယာဝိဘတ်၏ ကတ္တားအနက်၌ ဆဋ္ဌီဝိဘတ်သက်ရပါသည်။

(ဃ) ကုသလသဒ္ဒါ, ပသန္နသဒ္ဒါ, ခတ္တုံပစ္စည်းတို့၏အယုဉ်၊ သတ္တမီအနက်၌ ဆဋ္ဌီဝိဘတ် သက်ရပါသည်။

ပုံစံများ

(က) ပုပ္ဖသ ဗုဒ္ဓံ ယဇတိ၊ ပုပ္ဖေန ဝါ။
ဃတသ အဂ္ဂိ ဇုဟောတိ။
ပတ္တံ သြဒနသ ပူရေတွာ။ ပူရတိ ဗာလော ပါပသ။

(ခ) ပိတုသ တုလျော၊ ပိတရော ဝါ တုလျော။
မာတု သဒိသော၊ မာတရာ သဒိသော ဝါ။
ကိ တသ စ တုဋ္ဌသ။
အလံ တသ စ တုဋ္ဌသ။

(ဂ) သောဘနာ ကစ္စာယနသ ကတိ၊ ကစ္စာယနေန ဝါ။
ရညော သမ္မတော၊ ရညာ ဝါ။
ရညော ပူဇိတော၊ ရညော သက္ကတော၊ ရညော အပစိတော၊ ရညော မာနိတော၊
အမ့တံ တေသံ ဘိက္ခဝေ အပရိဘုတ္တံ၊ ယေသံ ကာယဂတာသတိ အပရိဘုတ္တာ။

(ဃ) ကုသလာ နစ္စဂီတသ သိက္ခိတာ စာတုရိတ္တိယော။
သန္တိ ဟိ ဘန္တေ ဥဋ္ဌာရာ ယက္ခာ ဘဂဝတော ပသန္နာ။
ဒိဝသသ တိက္ခတ္တုံ၊ ဒိဝသေ တိက္ခတ္တုံ ဝါ။

မှတ်ချက်။ ။ ကိ တသ စ တုဋ္ဌသ၊ အလံ တသ စ တုဋ္ဌသ–တို့သည် သိလာဃ သုတ်ဖြင့် အလမတ္ထသမ္ဘဒါနိန်အနက်၌ စီရင်၍ ရုပ်ပြီးကြောင်းကို ပြခဲ့ပြီး၏။ ထိုသို့ပြုပြီးဖြစ်သော်လည်း ကိ, အလံတို့အယုဉ်ဝယ် တတိယာအနက်၌ ဆဋ္ဌီဝိဘတ် ဖြင့်လည်း ရုပ်ပြီးသေး၏ဟု ပြလိုသောကြောင့် ထပ်ဆိုသည်–ဟု မှတ်ပါ။

မေး။ ''ဆဋ္ဌီကတ္တား၊ ရံခါငြားမူ၊ ကတ္တားတတိယာနှင့် တူမြဲ''ဟူသော နိယံကို ရှင်းပြပါ။

ဖြေ။ 'ကတော မေ ကလျာဏော' ၌ မေ–သည် အမှသဒ္ဒါနောင် ဆဋ္ဌီဇကဝုစ် သဝိဘတ်သက်၍ ရုပ်ပြီးနေသောပုဒ် ဖြစ်၏။ ကတော–သည် ကံဟောကိတ်ကြိယာဖြစ်၍ ထို မေ–ဟူသော,

http://www.dhammadownload.com

ကတ္တားကို မဟော၊ ထို့ကြောင့် ဆဋ္ဌီကေဝုစ် သဝိဘတ်ကို အဝုတ္တကတ္တားအနက်၌ သက်ရသဖြင့် ထို မေ–ဟူသော ဆဋ္ဌီကတ္တားသည် တတိယာကတ္တားနှင့် အလားတူ ''သည်''ဟု အနက်ပေးရသောပုဒ် ဖြစ်သည်–ဟု ဆိုလိုပါသည်။

ဆဋ္ဌီကတ္တား။ ။ ဆဋ္ဌီဝိဘတ်ကို ကတ္တားအနက်ပေးရာ၌ ''ဆဋ္ဌီကတ္တား''ဟု ခေါ် စမှတ်ပြုကြောင်း သိပါ။

၃၀၉၊ ၃၁၈။ ဒုတိယာပဉ္စမီနဉ္စ။ (၁၆၉)

မေး။ ဤသုတ်ဖြင့် ''ဒုတိယာ, ပဉ္စမီဝိဘတ်တို့၏အနက်၌ ဆဋ္ဌီဝိဘတ်သက်ရမည်''ဟု ဆိုရာ အဘယ်အရာတို့၏ အယုဉ်၊ အဘယ်အနက်၌ သက်ရပါမည်နည်း? အသီးသီး ဖြေဆိုပါ။

ဖြေ။ (က) ကတ္တားအနက်ဟော တု, ဏ္ဍုပစ္စည်း၊ ဘောအနက်ဟော ယု–ပစ္စည်း, ဏ ပစ္စည်း၊ တွာပစ္စည်း ဟူသော ကိတ် ပစ္စည်းတို့ အယုဉ်ဝယ် ဒုတိယာဝိဘတ်၏ ကံအနက်၌ ဆဋ္ဌီဝိဘတ် သက်ရပါမည်။

(ခ) သရဓာတ်, ကွသုဓာတ်, ပြုပြင်ခြင်းအနက်ရှိသော ကရဓာတ်တို့၏ အယုဉ်ဝယ် ကံအနက်၌ ဆဋ္ဌီဝိဘတ် သက်ရပါမည်။

(ဂ) ဆုတ်ယုတ်ခြင်း အနက်ရှိသော ဓာတ်၊ ကြောက်ခြင်း အနက်ရှိသောဓာတ်တို့၏ အယုဉ်ဝယ် ပဉ္စမီဝိဘတ်၏ အပါဒါန်အနက်၌ ဆဋ္ဌီဝိဘတ် သက်ရပါမည်။

ပုံစံများ

(က) တဿ ဘဝန္တိ ဝတ္တာရော။	(ဝစ + တု)
သဟသာ ကမ္မဿ ကတ္တာရော။	(ကရ + တု)
ကမ္မဿ ကာရကော နတ္ထိ။	(ကရ + ဏ္ဍု)
အဝိသံဝါဒကော လောကဿ။	(ဝိ, သံ–ဝဒ + ဏ္ဍု)
ပါပါနံ အကရဏံ သုခံ။	(ကရ + ယု)
စတုန္နံ မဟာဘူတာနံ ဥပါဒါယ ပသာဒေါ။	(ဥပ, အာ–ဒါ + တွာ)
အစ္ဆရိယော အရဇကေန ဝတ္ထာနံ ရာဂေါ။	(ရန္ဇ + ဏ)
(ခ) မာတု သရတိ။ မာတရံ် သရတိ။	(သရ + အ + တိ။ဝိကပ်သက်)။
နု တေသံ် ကောစိ သရတိ၊	
သတ္တာနံ် ကမ္မပ္ပစ္စယာ။	(သရ + အ+ တိ)
ပုတ္တဿ ကွစ္ဆတိ။ ပုတ္တ မိစ္ဆတိ။	(ကွသု + အ+ တိ။ ဝိကပ်ပင်)
ဥဒကဿ ပတိကုရုတေ။	
ဥဒကံ် ပတိကုရုတေ	(ကရ + ဩ+ တေ၊ ဝိကပ်ပင်)

မှတ်ချက်။ ။ မာတရံ်–၌ ကွစိ ဒုတိယာဆဋ္ဌီန မတ္ထေ–သုတ်မှ လိုက်လာသော ကွစိ–သဒ္ဒါတားမြစ်သောကြောင့် ဆဋ္ဌီဝိဘတ် မသက်ဘဲ ဒုတိယာဝိဘတ် သက်ထားကြောင်း သိပါ။

(ဂ) အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ။ (ပရိ – ဟာ+ အ+အန္တိ)
ကိံ နု ခေါ အဟံ တဿ သုခဿ ဘာယာမိ။ (ဘီ + အ+ မိ)

http://www.dhammadownload.com

မေး။ ကွစိ ဒုတိယာဆဋ္ဌိန မတ္ထေ–သုတ်မှ လိုက်လာသော ကွစိသဒ္ဒါ၏ အကျိုးကို ရေးပါ။

ဖြေ။ ဂန္ဓိရဗ္ဗ ကထံ ကတ္တာ၊ ကဋ္ဌံ ကာရကော–စသောပြယုဂ်တို့၌ ကတ္တားဟော တု, ဏွု ပစ္စည်းတို့၏ အယုဉ် ဖြစ်ပါသော်လည်း လိုက်လာသော ကွစိသဒ္ဒါက တားမြစ်သောကြောင့် ဆဋ္ဌိဝိဘတ် မသက်ရပါ။

ထို့ပြင်– 'နိဋ္ဌာ' မည်သော တ, တဝန္တု, တွာဝီ ပစ္စည်း၊ တွာစသော ပစ္စည်း၊ အန္တ ပစ္စည်း, မာန ပစ္စည်းတို့ နောင်းရာ အချို့အရာ၌လည်း ဆဋ္ဌိဝိဘတ် မသက်ရပါ။

ပုံစံများ

သုခကာမီ ဝိဟာရံ ကတော။	(ကရ + တ)
ရထံ ကတဝန္တော။	(ကရ + တဝန္တု)
ရထံ ကတာဝီ။	(ကရ + တာဝီ)
ကဋ္ဌံ ကတွာ။	(ကရ + တွာ)
ကဋ္ဌံ ကရောန္တော။	(ကရ + အန္တ)
ကဋ္ဌံ ကရာနော။	(ကရ + အာန)
ကဋ္ဌံ ကုရုမာနော။	(ကရ + မာန)

မှတ်ချက်။ ။ နိဋ္ဌာ တ–ပစ္စည်းနောင်းရာ၌ ''ဓမ္မဿ ဂုတ္တော မေဓာဝီ''စသည်ဖြင့် ဆဋ္ဌိဝိဘတ် သက်သောအရာလည်း ရှိသေး၏။

တွာ ပစ္စည်းနောင်းရာ၌လည်း ''စတုန္နံ မဟာဘူတာနံ ဥပါဒါယ ရူပံ''ဟု ဆဋ္ဌိဝိဘတ် သက်သော အရာလည်း ရှိသေး၏။

မေး။ ကဋ္ဌံ ကရာနော–ပြယုဂ်၌ မစီရင်ရသော အစီအရင်များကို ဖော်ပြပါ။

ဖြေ။ ၁။ ဒုတိယာပဋိနဋ္ဌ–သုတ်ဖြင့် ဆဋ္ဌိဝိဘတ် မသက်ရ။ (ရူ၊ ၁၇၀။)

၂။ ဒုတိယာတပ္ပုရိသ်သမာသ် မတွဲစပ်ရ။ (ရူ၊ ၁၉၃။)

၃၁၀၊ ၃၂၄။ ကမ္မကရဏနိမိတ္တတ္ထေသု သတ္တမီ။ (၁၇၃)

မေး။ ဟိတ်, ကာရဏ, နိမိတ္တ တို့၏ အထူးကို ရေးပြပါ။

ဖြေ။ အကျိုး ရှေ့, အကြောင်း နောက် ဖြစ်လျှင် ဟိတ်။ (တတိယာဟိတ်)
အကျိုး နောက်, အကြောင်း ရှေ့ ဖြစ်လျှင် ကာရဏ။ (ပဉ္စမီဟိတ်)
အကြောင်းနှင့် အကျိုး အတူတကွ ဖြစ်လျှင် နိမိတ္တ။ (သတ္တမီဟိတ်)။ ဤသို့ ထူးပါသည်။

မေး။ (က) မုဒ္ဓနိ စုမ္ဘိတွာ–ဝယ် မုဒ္ဓနိ၊
(ခ) သော ဝိ မံ အနုသာသေယျ။ သမ္မဋ္ဌမိ မတ္ထကေ–ဝယ် မတ္ထကေ၊
(ဂ) သမ္မဇာနမုသာဝါဒေ ပါစိတ္တိယံ–ဝယ် သမ္မဇာန မုသာဝါဒေ–တို့၌ အဘယ်သုတ် ဖြင့်, အဘယ်အနက်၌, အဘယ်ဝိဘတ် သက်ထားပါသနည်း။

ဖြေ။ (က) မုဒ္ဓနိ–၌ ကမ္မကရဏနိမိတ္တတ္ထေသု သတ္တမီ သုတ်ဖြင့် ကံအနက်၌ သတ္တမီ ကေဝုစ် သို့ဝိဘတ် သက်ထားပါသည်။
(ခ) မတ္ထကေ–၌ ၄င်းသုတ်ဖြင့် ကရိဏ်းအနက်၌ သတ္တမီကေဝုစ် သို့ဝိဘတ်သက်ထား ပါသည်။

http://www.dhammadownload.com

(ဂ) သမ္ဘဇာနမုသာဝါဒေ-၌ ၄င်းသုတ်ဖြင့် နိမိတ်အနက်၌ သတ္တမီ ကေဝုစ် သို့ဝိဘတ် သက်ထားပါသည်။

၃၁၁၊ ၃၁၅။ သမ္ဘဒါနေ စ။ (၁၇၄)

မေး။ သမ္ဘဒါနေ စ-သုတ်ဖြင့် သမ္ဘဒါန်အနက်၌ သတ္တမီဝိဘတ် သက်ရမည်ဟုဆိုရာ အဘယ် အယုဉ်၌ သက်ရပါမည်နည်း။

ဖြေ။ တဒနုပရောဓေန-ပရိဘာသာရှိသောကြောင့် ဒါ ဓာတ်၏ အယုဉ်၌သာ သက်ရပါမည်။

မှတ်ချက်။ ။မောဂ္ဂလာန်အလိုကား သမ္ဘဒါန်မဟုတ်၊ ဩကာသပင်။

မေး။ ယာ ပလာလမယံ မာလံ၊ နာရီ ဒတ္တာန စေတိယေ။
အလတ္ထ ကဉ္စနမယံ၊ မာလံ ဗောဇ္ဈင်္ဂကဉ္စ သာ။ ဂါထာဝယ် စေတိယေ-၌ အဘယ် သုတ်ဖြင့်, အဘယ်အနက်၌, အဘယ်ဝိဘတ် သက်ထားပါသနည်း။

ဖြေ။ သမ္ဘဒါနေ စ-သုတ်ဖြင့် သမ္ဘဒါန်အနက်၌ သတ္တမီကေဝုစ် သို့ဝိဘတ် သက်ထားပါသည်။

၃၁၂၊ ၃၂၆။ ပဥ္စမျတ္ထေ စ။ (၁၇၄)

မေး။ ပဥ္စမျတ္ထေ စ-သုတ်ဖြင့် ပဥ္စမီအနက်၌ သတ္တမီဝိဘတ်သက်ရမည်ဟု ဆိုရာ အဘယ် အယုဉ်၌သာ သက်ရမည်နည်း။

ဖြေ။ စောင့်ရှောက်ခြင်း အနက်ရှိသော ရက္ခဓာတ်၏ အယုဉ်၌သာ ပဥ္စမီအနက်၌ သတ္တမီဝိဘတ် သက်ရပါမည်။

၃၁၃၊ ၃၂၇။ ကာလဘာဝေသု စ။ (၁၇၄)

မေး။ ကာလဘာဝေသု စ-သုတ်၌ ကာလ-အရ, ဘာဝ-အရတို့ကို ကောက်ပြခဲ့ပါ။

ဖြေ။ ကာလ-အရ နိမေသ, ခဏ, လယ, မုဟုတ္တ, ပုဗ္ဗဏှ-စသည်တို့ကို ယူရပါမည်။
ဘာဝ-အရ မထင်ရှားသော ကြိယာတစ်ပါးကို မှတ်သားကြောင်းဖြစ်သော ထင်ရှားသော ကြိယာကို ယူရပါမည်။

မေး။ ဤသုတ်၌ သိထိုက်သော လက္ခဏ, လက္ခဏဝန္တ, လက္ခ္ယ, လက္ခ္ယဝန္တ, ၄-မျိုးတို့၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ''သော်, လတ်သော်'' ဟု အနက်ပေးရသော မှတ်သားကြောင်း ကြိယာသည် ''လက္ခဏ'' မည်၏။
ထိုလက္ခဏ၏ ဝိဘတ်တူ ကံ, ကတ္တားသည် ''လက္ခဏဝန္တ'' မည်၏။
မှတ်သားအပ်သော (ပဓာနဖြစ်သော) ကြိယာသည် ''လက္ခ္ယ'' မည်၏။
ထို လက္ခ္ယကြိယာ၏ ဝိဘတ်တူ ကံ, ကတ္တား (ပထမ ကံ, ကတ္တား)သည် ''လက္ခ္ယဝန္တ'' မည်၏။

သိမှတ်ဖွယ်။ ။ ကြိယာ ၂-ခုရှိရာဝယ် ရှေ့ကြိယာသည် လက္ခဏ၊ နောက် ကြိယာသည် လက္ခ္ယ။

http://www.dhammadownload.com

သော်, လတ်သော်–ဟု အနက်ပေးရသော ပုဒ်သည် လက္ခဏာ၊ ယင်းလက္ခဏာပုဒ်၏ စပ်ရာ ကြိယာပုဒ်သည် လက္ခဏ။

အပဓာန ကြိယာသည် လက္ခဏာ၊ ပဓာနကြိယာသည် လက္ခဏ။

မေး။ ''ဘိက္ခုသံယေသု ဘောဇိယမာနေသု ဂတော ပုရိသော'' ပြယုဂ်၌ လက္ခဏာဒီစတုက္ကကို အကြောင်းနှင့်တကွ ခွဲခြားပြခဲ့ပါ။

ဖြေ။ ၁။ ဘောဇိယမာနေသု–သည် ဂတော– အရ သွားခြင်းကြိယာကို မှတ်သားကြောင်း ဖြစ်သောကြောင့် ''လက္ခဏာ'' မည်၏။

၂။ ဘိက္ခုသံယေသု–သည် ထို လက္ခဏာကြိယာ၏ ဝိဘတ်တူ ကံဖြစ်သောကြောင့် ''လက္ခဏာဝန်''ဟု မည်၏။

၃။ ဂတော–သည် ဘောဇိယမာနေသု–အရ ဆွမ်းစားခြင်း ကြိယာဖြင့် မှတ်အပ်သောကြောင့် ''လက္ခ'' မည်၏။

၄။ ပုရိသော–သည် ထိုလက္ခကြိယာ၏ ဝိဘတ်တူ ကတ္တားဖြစ်သောကြောင့် ''လက္ခဝန်'' မည်၏။

မေး။ ပါသာဏာ သက္ခရာ စေဝ၊ ကဋ္ဌလာ ခါဏုကဏ္ဏကာ။

သဗ္ဗေ မဂ္ဂါ ဝိဝဇ္ဇေန္တိ၊ ဂစ္ဆန္တေ လောကနာယကေ။ ဂါထာ၌ လက္ခဏာဒီစတုက္ကကို ထုတ်ပြခဲ့ပါ။

ဖြေ။ ဂစ္ဆန္တေ–သည် လက္ခဏာ။ လောကနာယကေ–သည် လက္ခဏာဝန်။
ဝိဝဇ္ဇေန္တိ–သည် လက္ခ။ သဗ္ဗေ–သည် လက္ခဥန်။

၃၁၄။ ဥပရာဓိကိသရဝစနေ။ (၁၇၅)

မေး။ ဤသုတ်သည် ဘယ်နှပုဒ်ရှိသောသုတ် ဖြစ်ပါသနည်း။

ဖြေ။ ဥပါဓိ + အဓိကိသရဝစနေ–ဟု နှစ်ပုဒ်ရှိသောသုတ် ဖြစ်ပါသည်။

မေး။ ဥပါဓိ–၌ ဝိဘတ်ကို သာဓကနှင့်တကွ ဖော်ပြပါ။

ဖြေ။ ''ဥပအဓိက္ကစ္ဆေတေဟိ''ဟူသော အဖွင့်ကို ထောက်၍ ဥပါဓိ–၌ ဟိဝိဘတ် ဖြစ်ကြောင်း သိရပါသည်။ ''ဥပါဓိဟိ''ဟု ဆိုလိုလျက် ဟိဝိဘတ်ကိုချေ၍ ''ဥပါဓိ''ဟု ဆိုထားခြင်း ဖြစ်ပါသည်။

မေး။ ဥပါဓိ–၌ ဥပ, အဓိ–တို့၏ အနက်များကို ဖော်ပြပါ။

ဖြေ။ ဥပ သဒ္ဒါ၏ အနက်မှာ အဓိကအနက် ဖြစ်၍၊ အဓိ သဒ္ဒါ၏ အနက်မှာ အဓိက, ကွသရအနက်တို့ ဖြစ်ပါသည်။

မေး။ အဓိကိသရဝစန–၌ အဓိကဝစန, ကွသရဝစန–တို့၏ အရကို ကောက်ပြပါ။

ဖြေ။ အဓိကဝစန–အရ ''အပိုအလွန်''ဟူသော အနက်ကို ဟောသည့် ဒေါဏ, ကဟာပဏ, ဗုဒ္ဓ–အစရှိသော သဒ္ဒါတို့ကို ယူရပါမည်။

ကွသရဝစန–အရ ''အစိုးရရှိသူ (ကျေးကျွန်)''ဟူသော အနက်ကို ဟောသည့် ပဋ္ဌာလ–အစရှိသော သဒ္ဒါတို့ကို ယူရပါမည်။

http://www.dhammadownload.com

မေး။ ဣဿရ-သဒ္ဒါ၏ အနက်ကို ရူဆရာက မည်သို့ဖွင့်၍၊ အခြားဆရာတို့က မည်သို့ ဖွင့်ဆိုကြပါသနည်း။

ဖြေ။ ရူဆရာက ''အစိုးရရှိသူ (ကျေးကျွန်)''ဟူသော အနက်ကို ဖွင့်ဆို၍၊ ကစ္စည်းဆရာစသော အခြားဆရာတို့က အရှင်သခင်အနက်, ကျေးကျွန်အနက် နှစ်ချက် ဖွင့်ဆိုကြပါသည်။

မေး။ (က) ဥပ ခါရိယံ ဒေါဏော၊ ဥပ နိက္ခေ ကဟာပဏံ။ (ခ) အဓိ ဒေဝေသု ဗုဒ္ဓေါ။
(ဂ) အဓိ ဗြဟ္မဒတ္တေ ပဉ္စလာ-တို့ကို အနက်ပေးပြခဲ့ပါ။

ဖြေ။ (က) ဒေါဏော၊ တစ်စိတ်သည်။ ခါရိယံ၊ တစ်တို့ထက်။ ဥပ၊ ပိုလွန်၏။
ကဟာပဏံ၊ တစ်ကျပ်သည်။ နိက္ခေ၊ တစ်နိက္ခထက်။ ဥပ၊ ပိုလွန်၏။
(ခ) ဗုဒ္ဓေါ၊ သဗ္ဗညုဗုဒ္ဓသည်။ ဒေဝေသု၊ သမ္မုတိနတ်, ဥပပတ္တိနတ်, ဝိသုဒ္ဓိနတ် ဟူသော နတ်သုံးပါးတို့ထက်။ အဓိကော၊ သာလွန်၏။
(ဂ) ပဉ္စာလာ၊ ပဉ္စာလတိုင်းသူတို့သည်။ ဗြဟ္မဒတ္တေ၊ ဗြဟ္မဒတ်မင်း၏။ အဓိ၊ ကျေးကျွန်တို့တည်း။

မှတ်ချက်။ ။''ဥပ, အဓိ-တို့ အဓိကအနက်ကို ဟောရာ၌ အဝဓိအနက် (အပါဒါန်အနက်)သည် သတ္တမီဝိဘတ်၏ အနက်ဖြစ်၏''ဟူသော ဗာလမနောရမာဋ္ဌီကာ အဖွင့်နှင့်အညီ (က) (ခ) တို့ကို ပေးပါသည်။

''အဓိသဒ္ဒါ ဣဿရအနက်ကို ဟောရာ၌ သမ္မန်အနက်သည် သတ္တမီဝိဘတ်၏ အနက်ဖြစ်၏' ဟူသော ထိုဗာလမနောရမာဋ္ဌီကာ အဖွင့်နှင့်အညီ (ဂ) ပေးပါသည်။

မေး။ (က) ဒေါဏ က ခါရီထက် ပိုလွန်ပုံ၊
(ခ) ကဟာပဏ က နိက္ခထက် ပိုလွန်ပုံတို့ကို ရှင်းပြပါ။

ဖြေ။ (က) စပါး ၄-တင်းကို ၁-ခါရီ (တစ်တို့) ဟု ခေါ်သည်။ စပါး ၄-တင်းကို 'တို့' ဖြင့် ချင်လျှင် ၁-တို့သာ ရှိ၍၊ စိတ်တောင်းဖြင့်ချင်လျှင် ၁၆-စိတ် ရှိသည်။ ထိုကြောင့် ဒေါဏ က ခါရီထက် သင်္ချာအားဖြင့် ပိုလွန်ပါသည်။
(ခ) ၁-ပိဿာ (ကျပ်-၁၀၀) ကို ''၁-နိက္ခ'' ဟုခေါ်သည်။ ၁-ပိဿာကို နိက္ခအားဖြင့် ရေတွက်လျှင် ၁-နိက္ခသာ ရှိ၍၊ ကဟာပဏ(ကျပ်)အားဖြင့် ရေတွက်လျှင် ကျပ် ၁၀၀-ရှိသောကြောင့် ကဟာပဏ က နိက္ခထက် သင်္ချာအားဖြင့် ပိုလွန်ပါသည်။

မေး။ အဓိ ဒေဝေသု ဗုဒ္ဓေါ-ကို ကစ္စည်းအလို, ရူအလိုအားဖြင့် ခွဲခြား၍ အနက်ပေးပြပါ။

ဖြေ။ ဗုဒ္ဓေါ၊ သည်။ ဒေဝေသု၊ တို့ထက်။ အဓိ၊ သာလွန်၏။ (ရူအလို)
ဗုဒ္ဓေါ၊ သည်။ ဒေဝေသု၊ တို့၌။ အဓိ၊ အစိုးရ၏။ (ကစ္စည်းအလို)

မေး။ ဥပချာဓိကိဿရဝစန-သုတ်၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ပေါ်လွင်အောင် ရေးပြပါ။

ဖြေ။ အဓိကအနက်, ဣဿရအနက်ကို ဟောသော ဥပ, အဓိသဒ္ဒါတို့နှင့် ယှဉ်ရာ၌ ဒေါဏ-စသော သဒ္ဒါတို့က အဓိက, ဣဿရ အနက်ဟောသဒ္ဒါတို့ ဖြစ်ခဲ့လျှင် ခါရီ-စသော လိင်နောင် သတ္တမီဝိဘတ်သက်-ဟု ဆိုလိုရင်း ဖြစ်ပါသည်။

၃၁၅၊ ၃၂၉။ မဏ္ဍိတုဿုက္ကေသု တတိယာ စ။ (၁၇၅)

မေး။ ဤသုတ်၏ ဆိုလိုရင်းအနက်အဓိပ္ပါယ်ကို ရေးပြပါ။

http://www.dhammadownload.com

ဖြေ။ မဏ္ဍိတ, ဥဿုက အနက်တို့ကို သိအပ်သော် လိင်နောင် တတိယာ, သတ္တမီဝိဘတ်များ သက်-ဟု ဆိုလိုရင်း ဖြစ်ပါသည်။

မေး။ မဏ္ဍိတ သဒ္ဒါ ဥဿုကသဒ္ဒါတို့ အဘယ်ကဲ့သို့သော သဒ္ဒါများ ဖြစ်ပါသနည်း။

ဖြေ။ မဏ္ဍိတ သဒ္ဒါသည် ပသန္နအနက်ဟော ဖြစ်၍၊ ဥဿုက သဒ္ဒါကား အားထုတ်ခြင်းရှိသူ-ဟူသော အနက်ဟောသဒ္ဒါ ဖြစ်ပါသည်။

မေး။ မဏ္ဍိတုဿုက္ကေသု တတိယာ စ-သုတ်ဝယ် ပြယုဂ်ထုတ်ရာ၌ ''ဉာဏေန မဏ္ဍိတော၊ ဉာဏသ္မိံ မဏ္ဍိတော''ဟု မထုတ်ဘဲ အဘယ်ကြောင့် ''ဉာဏေန ပသန္နော၊ ဉာဏသ္မိံ ပသန္နော''ဟု ထုတ်ရပါသနည်း။

ဖြေ။ မဏ္ဍိတ သဒ္ဒါသည် ပသန္နအနက်ဟောသဒ္ဒါ ဖြစ်သောကြောင့် ယင်းသို့ ထုတ်ရခြင်း ဖြစ်ပါသည်။

မေး။ သညာ၏ အစွမ်းဖြင့်ပြားသော ကာရကအပြား ၆-ပါးကို ရေးပြပါ။

ဖြေ။ ၁။ ကတ္တုကာရက ၂။ ကမ္မကာရက ၃။ ကရဏကာရက
၄။ သမ္ပဒါနကာရက ၅။ အပါဒါနကာရက ၆။ သြကသကာရကတို့ ဖြစ်ပါသည်။

မေး။ ပဘေဒအားဖြင့် ပြားသော ကာရက ၂၆-ပါးကို အကျဉ်းအားဖြင့် ရေတွက်ပြပါ။

ဖြေ။

ကတ္တုကာရက	၅- ပါး။	
ကမ္မကာရက	၇- ပါး။	
ကရဏကာရက	၂- ပါး။	
သမ္ပဒါနကာရက	၃- ပါး။	
အပါဒါနကာရက	၅- ပါး။	
သြကာသကသကာရက	၄- ပါး။	ပေါင်း ၂၆-ပါး။

မေး။ ကတ္တုကာရက အပြား ၅-ပါးကို ရေတွက်ပြပါ။

ဖြေ။
၁။ သုဒ္ဓ ကတ္တုကာရက
၂။ ဟေတု ကတ္တုကာရက
၃။ ကမ္မ ကတ္တုကာရက
၄။ အဘိဟိတ ကတ္တုကာရက
၅။ အနဘိဟိတ ကတ္တုကာရကတို့ ဖြစ်ပါသည်။

မေး။ ကမ္မကာရက အပြား ၇-ပါး ကို ရေးသားဖော်ပြပါ။

ဖြေ။ ၁။ နိဗ္ဗတ္တနီယ ကမ္မကာရက ၂။ ဝိကရဏီယ ကမ္မကာရက ၃။ ပါပဏီယ ကမ္မကာရက ၄။ ကထိတ ကမ္မကာရက။ ၅။ အကထိတ ကမ္မကာရက ၆။ အဘိဟိတ ကမ္မကာရက ၇။ အနဘိဟိတ ကမ္မကာရက တို့ဖြစ်ပါသည်။

မေး။ (က) ကာရဏကာရက ၂-ပါး (ခ) သမ္ပဒါနကာရက ၃-ပါး (ဂ) အပါဒါနကာရက ၅-ပါး တို့ကို အသီးသီးရေတွက်ပြပါ။

ဖြေ။ (က) ၁။ အဇ္ဈတ္တိက ကရဏကာရက။

http://www.dhammadownload.com

၂။ ဗာဟိရ ကရဏကာရက။

(ခ) ၁။ အနိဝါရဏ သမ္ပဒါနကာရက
၂။ အဇ္ဈေသန ။
၃။ အနုမတိ ။

(ဂ) ၁။ နိဒ္ဒိဋ္ဌဝိသယ အပါဒါနကာရက
၂။ ဥပါတ္တဝိဝိသယ ။
၃။ အနုမေယျဝိသယ ။
၄။ စလ ။
၅။ အစလ ။

မေး။ ဩကာသကာရက ၄–မျိုးကို ရေတွက်ပြပါ။

ဖြေ။ ၁။ ဗျာပိကာဓာရ ၂။ သြပသိလေသိကာဓာရ
၃။ သာမီပိကာဓာရ ၄။ ဝေသယိကာဓာရတို့ ဖြစ်ပါသည်။

မေး။ အဋ္ဌကထာ, ဋီကာသုံး ဝိဘတ် ၈–မျိုးတို့၏ အမည်များကို သဒ္ဒါကျမ်းလာ အမည်**များနှင့်** ယှဉ်တွဲ ဖော်ပြပါ။

ဖြေ။

၁။ ပစ္စတ္တဝစန	=	ပဌမာဝိဘတ်။
၂။ ဥပယောဂဝစန	=	ဒုတိယာဝိဘတ်။
၃။ ကရဏဝစန	=	တတိယာဝိဘတ်။
၄။ သမ္ပဒါနဝစန	=	စတုတ္ထီဝိဘတ်။
၅။ နိဿက္ကဝစန	=	ပဉ္စမီဝိဘတ်။
၆။ သာမိဝစန	=	ဆဋ္ဌီဝိဘတ်။
၇။ ဘုမ္မဝစန	=	သတ္တမီဝိဘတ်။
၈။ အာလပနဝစန	=	အာလုပ်ဝိဘတ်။

သိမှတ်ဖွယ်များ

(၁) သလိင် စသော အသီးသီးသော အနက်သဘောကို ပြတတ်သောကြောင့် ပဌမာဝိဘတ်သည် ''ပစ္စတ္တဝစန'' မည်၏။

(၂) နိဗ္ဗတ္တနီယ စသော ကံနှင့် ယှဉ်စပ်သောကြောင့် ဒုတိယာဝိဘတ်သည် ''ဥပယောဂ'' မည်၏။

တစ်နည်း – ကြိယာနှင့် ယှဉ်စပ်သော (ကံအနက်၌ ဖြစ်သော)ကြောင့် ဒုတိယာဝိဘတ်သည် ''ဥပယောဂ'' မည်၏။

(၃) ကရိဏ်းအနက်ကို ဟောသောကြောင့် တတိယာဝိဘတ်သည် ''ကရဏဝစန'' မည်၏။

(၄) သမ္ပဒါန် အနက်၌ ယှဉ်သောကြောင့် စတုတ္ထီဝိဘတ်သည် ''သမ္ပဒါနဝစန'' မည်၏။

(၅) ဖဲခွာရာ အပါဒါန်အနက်ကို ပြတတ်သောကြောင့် ပဉ္စမီဝိဘတ်သည် ''နိဿက္ကဝစန'' မည်၏။

http://www.dhammadownload.com

(၆) သာမိအနက်ကို ပြတတ်သောကြောင့် ဆဋ္ဌိဝိဘတ်သည် ''သာမိဝစန'' မည်၏။
(၇) မြေကြီးပမာ ကတ္တား, ကံတို့၏ တည်ရာဖြစ်သော သြကာသအနက်၌ ဖြစ်သော ကြောင့် သတ္တမီဝိဘတ်သည် ''ဘုမ္မ'' မည်၏။
(၈) အာလုပ်အနက်ကို ပြတတ်သောကြောင့် ရှစ်ခုမြောက်ဖြစ်သော ဝိဘတ်သည် ''အာလပန'' မည်၏။

၃-ကာရကကပ္ပ (ကာရကကဏ္ဍ) ပြီး၏။



http://www.dhammadownload.com

၄–သမာသကပ္ပ (သမာသကတ္ထ)

မေး။ အရှင်ကစ္စည်းမထေရ်သည် နာမ်၏အခြားမဲ၌ အဘယ့်ကြောင့် သမာသ်ကို မိန့်ဆိုရပါသနည်း။

ဖြေ။ အချင်းချင်းဆက်စပ်ခြင်းရှိသော နာမ်ပုဒ်တို့ကိုပင် သမာသ်စပ်ရသဖြင့် သမာသ်ဟူသည် နာမ်ပုဒ်ကို မှီသောကြောင့်လည်းကောင်း၊ သမာသ်ဟူသော မိမိကိုယ်တိုင်ကလည်း နာမ်ဝိဘတ်နှင့် ယှဉ်သောကြောင့်လည်းကောင်း နာမ်၏အခြားမဲ၌ သမာသ်ကို မိန့်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ သညာ၏အစွမ်းဖြင့် ပြားသောသမာသ် ၆–ပါးကို ဖော်ပြပါ။

ဖြေ။ ၁။ အဗျယီဘောသမာသ် ၄။ တပ္ပုရိသ်သမာသ်
၂။ ကမ္မဓာရည်းသမာသ် ၅။ ဗဟုဗ္ဗိဟိသမာသ်
၃။ ဒိဂုသမာသ် ၆။ ဒွန်သမာသ် တို့ဖြစ်ပါသည်။

၃၁၆၊ ၃၃၁။ နာမာနံ သမာသော ယုတ္တတ္ထော။ (၁၇၀)

မေး။ နာမာနံ သမာသော ယုတ္တတ္ထော–သုတ်၌ နာမာနံ–အရကို ဖော်ပြပါ။

ဖြေ။ ယှဉ်စပ်အပ်သော ပုဒ်အနက်ရှိသော သျာဒိဝိဘတ္တန္တနာမ်ပုဒ်တို့ကို ယူရပါမည်။
သျာဒိဝိဘတ္တန္တနာမ်ပုဒ်–ဟူသည် နာမနာမ်, သဗ္ဗနာမ်, သမာသ်နာမ်, တဒ္ဓိတ်နာမ်, ကိတ်နာမ်တို့နှင့်တကွ ဥပသာရပုဒ်, နိပါတ်ပုဒ်တို့ ဖြစ်ပါသည်။

အချုပ်မှာ။ ။ အာချာတ်ပုဒ်မှတစ်ပါးသော ပုဒ်အားလုံး ဖြစ်ပါသည်။

ရှင်းချက်။ ။ လိင်ံ နာမံ ပါဋိပဒိကံ သမံ''၌ ဝိဘတ်မသက်ရသေးသော လိင်ကိုသာ ''နာမ်''ဟု ခေါ်ရသည်။ ဤသုတ်၌ကား တေသံဝိဘတ္တိယော လောပိစ–သုတ်ဖြင့် ဝိဘတ်တို့ကို ချေလတ္တံ့ဖြစ်သောကြောင့် နာမာနံ –အရ သိ–စသော ဝိဘတ်အဆုံးရှိသော ပုဒ်တို့ကို ယူရခြင်း ဖြစ်သည်။

တတော စ ဝိဘတ္တိယော–သုတ်၌ ဥပသာရပုဒ်, နိပါတ်ပုဒ်တို့ကို 'လိင်'အဖြစ် ယူထားသည့်အတွက် နာမ်ဝိဘတ်နှင့် ယှဉ်သောကြောင့်လည်းကောင်း။ ဥပသဂ္ဂ နိပါတ ပုဒ္ဒကော အဗျယီဘာဝေါ–သုတ်၌ ကြားအပ်သောကြောင့်လည်းကောင်း ဤသုတ်၌ နာမာနံ–အရတွင် ဥပသာရပုဒ်, နိပါတ်ပုဒ်များပါ ပါဝင်သည်ဟု မှတ်ပါ။

မေး။ ပယုဇ္ဇမာနပဒတ္ထ နှင့် ယုတ္တတ္ထတို့၏ အထူးကို ရေးပါ။

ဖြေ။ တကယ်မယှဉ်စပ်သေး ယှဉ်စပ်သင့်ယှဉ်စပ်ထိုက်သော ပုဒ်အနက်ရှိသော ''ရညော ပုရိသော''စသော ဝါကျမျိုးကို ''ပယုဇ္ဇမာနပဒတ္ထ''ဟုဆို၍ တကယ်ကို ယှဉ်စပ်နေသော ''ရာဇပုရိသော''စသော ပုဒ်မျိုးကို ''ယုတ္တတ္ထ''ဟု ဆိုပါသည်။

မေး။ သမာသ–ပုဒ်ကို ဝစနတ္ထပြု၍ ''သမာသ်'' အဓိပ္ပာယ်ကိုလည်း ရေးပြပါ။

ဖြေ။ သမဿတေတိ သမာသော။ (သမသီယတေတိ သမာသော။)
ချုံးအပ် ချဉ်းအပ်သော ''ရာဇပုရိသော''စသောပုဒ်အပေါင်းကို ''သမာသ်''ဟု ခေါ်ဆိုရပါသည်။

http://www.dhammadownload.com

သမဿတေ– သံပုဗ္ဗ အသုဓာတ်+ ယပစ္စည်း၊ တေဝိဘတ်၊ (သံအသ်ယတေ– သံအသျတေ)၊ သျ–ကို သ–ပြု၊ သံ–ကိုဒ္ဒွေးဘော်ပြု၊ နိဂ္ဂဟိတ်ကို မ–ပြု၍ ရုပ်ပြီး၏။ ယ–ကို ပုဗ္ဗရုပ် သ–ပြုဟုလည်း တွက်ကြသည်။

သမာသော – သံပုဗ္ဗ အသုဓာတ် + ဏ ပစ္စည်း။

မေး။ ''သမာသ်, ဝါကျ''ဟု စကားလုံးနှစ်လုံးကို တွဲစပ်သုံးနှုန်းလေ့ရှိရာ ''ဝါကျ''ဟူသည် အဘယ်နည်း? ရှုဆရာအလိုကျ ဖြေဆိုပါ။

ဖြေ။ ''ဝါကျ''ဟူသည် ရာဇပုရိသော–စသည်တို့ကဲ့သို့ သမာသ်မဟုတ်သော ''ရညော+ ပုရိသော''စသော ပုဒ်အပေါင်း ဖြစ်ပါသည်။

ဝစနတ္ထ– အတ္ထိ ဝစတီတိ ဝါကျံ၊ သမာသ်ပုဒ်၏အနက်ကို ဟောတတ်သောကြောင့် 'ဝါကျ'မည်၏–ဟူလို။

မေး။ သမာသ်နှင့် တဒ္ဓိတ်တို့၏အထူးကို ရေးပြပါ။

ဖြေ။ ပုဒ် ၂–ပါးကိုဖြစ်စေ, ပုဒ်အများကိုဖြစ်စေ အကျဉ်းချုံးခြင်း ပေါင်းစပ်ခြင်းသည် ''သမာသ်'' မည်၏။

ပုဒ်နှင့် ပစ္စည်းတို့ကို တစ်ပုဒ်တည်းဖြစ်အောင် ပေါင်းစပ်ခြင်းသည် ''တဒ္ဓိတ်'' မည်၏။ ဤသို့ထူးပါသည်။

မေး။ သမာသ်စပ်, တဒ္ဓိတ်စပ်, ကိတ်စပ်–ဟူသော အစပ် ၃–ပါးတို့၏ အထူးကို ရေးပြပါ။

ဖြေ။ ရညော+ပုရိသော–ကဲ့သို့ ၂–ပုဒ်ကိုဖြစ်စေ၊ ဆဠိတာ စ ပတိတာစ ဥက္ကာပါ စ–ကဲ့သို့ ပုဒ်အများကိုဖြစ်စေ တစ်ပုဒ်တည်းဖြစ်အောင် ချဉ်းခြင်း ချုံးခြင်း ပေါင်းစပ်ခြင်းသည် ''သမာသ်စပ်'' မည်၏။

ဝသိဒ္ဓဿ–ဟူသော နာမ်ပုဒ်နှင့် ဏ–ပစ္စည်းတို့ကို ''ဝါသိဒ္ဓေါ''ဟု တစ်ပုဒ်တည်း ဖြစ်အောင် ပေါင်းစပ်ခြင်းသည် ''တဒ္ဓိတ်'' မည်၏။

ဂမုစသော ဓာတ်နှင့် တ–ပစ္စည်းကို ''ဂတော''ဟုဖြစ်အောင် ပေါင်းစပ်ခြင်းသည် ''ကိတ်စပ်'' မည်၏။ ဤသို့ထူးပါသည်။

(ဂါထာ) သမာသော ပဒသခ်ေပေါ၊ ပဒပစ္စယသံဟိတံ။
တဒ္ဓိတံ နာမ ကိတကံ၊ ဓာတု ပစ္စယသံဟိတံ။

မေး။ သန္ဓိစပ်နှင့် သမာသ်စပ် အထူးကိုရေးပါ။

ဖြေ။ ဝိဘတ်ကျေလျက် ပုဒ်ရော အနက်ပါစပ်ခြင်းသည် ''သမာသ်စပ်'' မည်၏။
ဝိဘတ်လည်း မကျေ အနက်လည်း မစပ်ဘဲ ရွတ်ဖတ်ရာ၌ ပြေပြစ်ညက်ညော ချောမော ရုံမျှသာ စပ်ခြင်းသည် ''သန္ဓိစပ်'' မည်၏။ ဤသို့ထူးပါသည်။

(ဆောင်) ဝိဘတ်ကျေပျက်၊ ပုဒ်အနက်၊ စပ်ချက် သမာသ်ထုံး။
မကျေဝိဘတ်၊ မစပ်အနက်၊ ချောညက်ရုံသာ၊ စပ်သည်မှာ၊ မှတ်ပါသန္ဓိထုံး။

မေး။ သမသန ၂–မျိုးကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြပါ။

ဖြေ။ ဝိဘတ် ၂–လုံး။ ၃–လုံး စသည်ဆုံး၍ ကျယ်နေသော ပုဒ် ၂–ပုဒ်, ၃–ပုဒ် စသည်ကို ဝိဘတ် ၁–လုံးတည်းဆုံး ၁–ပုဒ်တည်းဖြစ်၍ ကျဉ်းသွားအောင် ချဉ်းခြင်း ချုံးခြင်းသည်

http://www.dhammadownload.com

''သဒ္ဒသမသန'' မည်၏။

ဥပမာ –''ရညော+ပုတ္တော''ဟူသော ဝါကျ၌ သဝိဘတ်, သိဝိဘတ် ၂–လုံးဆုံး၍ သဒ္ဒါကျယ်နေသည်၊ ထိုဝါကျကို ဝိဘတ် ၁–လုံးတည်းဆုံး, ၁–ပုဒ် တည်းဖြစ်၍ သဒ္ဒါ နေကျဉ်းသွားအောင် ''ရာဇပုတ္တော''ဟု ချဉ်းလိုက် ချုံးလိုက်ခြင်းမျိုး ဖြစ်ပါသည်။

အနက် ၂–မျိုးဖြစ်စေ၊ အနက်များစွာကိုဖြစ်စေ တစ်နက်တည်းဖြစ်အောင် ချဉ်းခြင်း၊ ချုံးခြင်းသည် ''အတ္ထသမသန'' မည်၏။

ဥပမာ–''ရညော+ပုတ္တော''ဟူသော ဝါကျအနိုက်၌ မင်းဖြေပ်, သားဖြေပ်ဟု **အနက်** နှစ်ရပ်ရ၍၊ ''ရာဇပုတ္တော''ဟု သမာသ်စပ်လိုက်သောအခါ ''မင်းသား''**ဟူသော** အနက်ဖြေပ်တစ်ခုတည်းကိုသာ ရတော့သည်။ ဤသို့ အနက်နှစ်ရပ်ကို တစ်နက်တည်း ဖြစ်အောင် ချဉ်းခြင်း ချုံးခြင်းမျိုး ဖြစ်ပါသည်။

မေး။ လုတ္တသမာသ်, အလုတ္တသမာသ်တို့၏ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ''ရာဇပုတ္တော''စသည်တို့ကဲ့သို့ ရှေ့ပုဒ်၏ ဝိဘတ်ကျသော သမာသ်သည် ''လုတ္တသမာသ်'' မည်၏။

''ပဘင်္ကရော, ဂဝံပတိ'' စသည်တို့ကဲ့သို့ ရှေ့ပုဒ်၌ ဝိဘတ်မကျသော သမာသ်သည် ''အလုတ္တသမာသ်'' မည်၏။

မေး။ လုတ္တသမာသ်, အလုတ္တသမာသ်တို့၌ ရအပ်သော သမညနတို့ကိုအသီးသီး အကြောင်းပြ၍ ဖြေဆိုပါ။

ဖြေ။ လုတ္တသမာသ်၌ ဝိဘတ်ကျသောကြောင့် သဒ္ဒသမသန, အတ္ထသမသန ၂–မျိုးလုံးကို ရအပ်ပါသည်။

အလုတ္တသမာသ်၌ကား ဝိဘတ်မကျသောကြောင့် အတ္ထသမသနတစ်မျိုးကိုသာ ရအပ်ပါသည်။

တစ်နည်း– အလုတ္တသမာသ်၌လည်း ဝါကျအနိုက်တုန်းကဲ့သို့ ''ပဘံ+ကရော၊ ဂဝံ+ပတိ''ဟု နှစ်ပုဒ်မကွဲဘဲ ''ပဘင်္ကရော၊ ဂဝံပတိ''ဟု တစ်ပုဒ်တည်းအဖြစ်သို့ တွဲစပ်ကပ်ရောက်သောကြောင့် သဒ္ဒသမသန, အတ္ထသမသန ၂–မျိုးလုံးကို ရအပ်ပါသည်။

မေး။ သမာသ်စပ်ရကျိုး ၂–မျိုးကို ဖော်ပြ၍၊ လုတ္တ, အလုတ္တသမာသ်တို့၌ ရအပ်သော အကျိုးများကို ခွဲခြားဖြေဆိုပါ။

ဖြေ။ သမာသ်စပ်ရကျိုး ၂–မျိုးမှာ

(၁) ၂–ပုဒ်, ၃–ပုဒ် စသည်တို့ တစ်ပုဒ်တည်းဖြစ်ခြင်း။

(၂) ဝိဘတ် ၂–လုံး, ၃–လုံး မဆုံးတော့ဘဲ ဝိဘတ်တစ်လုံးတည်းသာ ဆုံးခြင်းတို့ ဖြစ်ပါသည်။

အလုတ္တသမာသ်၌ တစ်ပုဒ်တည်းဖြစ်ခြင်းဟူသော အကျိုးတစ်မျိုးသာရ၍၊ လုတ္တသမာသ်၌ အကျိုး နှစ်မျိုးလုံးကို ရပါသည်။

မေး။ နာမာနံသမာသော ယုတ္တတ္ထော–သုတ်၌ ယုတ္တတ္ထအဓိပ္ပါယ် ၂–မျိုးကို ရွှဆရာ ဖွင့်ဆိုသည့် အတိုင်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ (၁) ယုတ္တော အတ္ထော ယုတ္တတ္ထော။

http://www.dhammadownload.com

ပေါင်းအပ်, စပ်အပ်သောအနက်သည် ''ယုတ္တတ္ထ'' မည်၏။
''ရာဇပုတ္တော=မင်းသား'' ဟူရာ၌ ''မင်းဖြေပ်နှင့် သားဖြေပ်နှစ်ရပ်ကို ပေါင်းစပ်ထားသော ''မင်းသား''ဟူသောအနက်သည် ''ယုတ္တတ္ထ'' မည်၏–ဟူလို။

ဤနည်း၌ ယုတ္တတ္ထ–အရ ပေါင်းအပ် စပ်အပ်သောအနက်ကိုသာ မုချအားဖြင့် ရသော်လည်း ထိုအနက်၌ သမာသ်အစီအရင် မဖြစ်သင့်၊ သဒ္ဒါ၌သာ သမာသ်အစီအရင် ဖြစ်သင့် သောကြောင့် သဒ္ဒါကိုလည်း ကာရဏူပစာအားဖြင့် ယုတ္တတ္ထ–အရ ယူရပါသည်။

(၂) ယုတ္တော (သင်္ဂတော, သမ္မန္နော ဝါ) အတ္ထော ယဿာတိ ယုတ္တတ္ထော။
ပေါင်းအပ်, စပ်အပ်သောအနက်ရှိသော ရာဇပုတ္တ–စသော သဒ္ဒါသည် ''ယုတ္တတ္ထ'' မည်၏။

မှတ်ချက်။ ။ ယုတ္တော–ကို သင်္ဂတော, သမ္မန္နော–ဟု ၂ နည်းဖွင့်သည်၊ ယုတ္တ သဒ္ဒါ သင်္ဂတ (ပေါင်းအပ်)၊ သမ္မန္န (စပ်အပ်)ဟူသော အနက် ၂–မျိုးကို ဟော၏–ဟူလို။

ဤနည်း၌ သဒ္ဒါကို မုချတိုက်ရိုက်အားဖြင့် ရသောကြောင့် ဥပစာကြံဖွယ်မလိုတော့ပါ။

မေး။ သင်္ဂတအနက်ရှိသော ယုတ္တတ္ထသဒ္ဒါနှင့် သမ္မန္နအနက်ရှိသော ယုတ္တတ္ထသဒ္ဒါ ၂–ခုတို့ဖြင့် ပြအပ် သိစေအပ်သော အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ သင်္ဂတ အနက်ရှိသော ယုတ္တတ္ထသဒ္ဒါဖြင့် ဝါကျဒေါ်က်၌ ကွဲပြားသောအနက်ရှိကုန်သော ရှေ့ပုဒ်, နောက်ပုဒ်တို့၏ တစ်နက်တည်းဖြစ်သွားခြင်းသည် သမာသ်၏ လက္ခဏာဖြစ်၏–ဟု သိစေပါသည်။

သမ္မန္နအနက်ရှိသော ယုတ္တတ္ထသဒ္ဒါဖြင့် ''ဘဒ္ဒော ရညော ပုတ္တော ဒေဝဒတ္တဿ'' စသော အချင်းချင်း အလျဉ်းမငဲ့သောပုဒ်တို့၌လည်းကောင်း၊ ''ဒေဝဒတ္တဿ ကဏ္ဍာ ဒန္တာ''စသော စပ်သင့်သော ပုဒ်မှတစ်ပါး အခြားပုဒ်ကိုငဲ့နေသော ပုဒ်တို့၌လည်းကောင်း၊ ယုတ္တတ္ထမဖြစ်သောကြောင့် သမာသ်မဖြစ်–ဟူသော အဓိပ္ပါယ်ကို ပြပါသည်။

မေး။ ဘဒ္ဒော ရညော ပုတ္တော ဒေဝဒတ္တဿ–၌ သမာသ် မဖြစ်ပုံကို ပြည့်စုံအောင် ရှင်းပြပါ။

ဖြေ။ နာမာနံ သမာသော ယုတ္တတ္ထော–သုတ်၌ သမ္မန္နအနက်ရှိသောယုတ္တတ္ထ သဒ္ဒါက ''အချင်းချင်း စပ်အပ်သော အနက်ရှိသော = တစ်ပုဒ်နှင့် တစ်ပုဒ် အနက်အဓိပ္ပါယ် ဆက်သွယ်နေသော ပုဒ်အပေါင်းသာ သမာသ်ဖြစ်၏''ဟု ဆိုထား၏။ ဤပြယုဂ်၌ ရညော–သည် ပုတ္တော–ကို မငဲ့ ''မင်း၏+သူ့ခစား''ဟု ဘဒ္ဒော–ကိုသာ ငဲ့၏။ ပုတ္တော–သည် ရညော–ကို မငဲ့ ''ဒေဝဒတ်၏+သား''ဟု ဒေဝဒတ္တဿ–ကိုသာ ငဲ့၏။ ဤသို့လျှင် ရညောနှင့် ပုတ္တော–သည် ပုဒ်ချင်းနီးကပ်နေသော်လည်း အချင်းချင်း အလျဉ်းမငဲ့၍ စပ်အပ်သောအနက် မရှိပေ။ (တစ်ပုဒ်နှင့် တစ်ပုဒ် အနက်အဓိပ္ပါယ် ဆက်သွယ်မှုမရှိပေ။) ထိုကြောင့် ''ရာဇပုတ္တော''ဟု သမာသ်မဖြစ်ပါ။

မေး။ ဒေဝဒတ္တဿ ကဏ္ဍာ ဒန္တာ–၌ သမာသ်မဖြစ်ပုံကို စုံလင်အောင် ရှင်းပြပါ။

ဖြေ။ ဤပြယုဂ်၌ ကဏ္ဍာ–သည် ''ဒေဝဒတ်၏+အမည်းအနက်''ဟု ဒေဝဒတ္တဿ–ပုဒ်ကို ငဲ့သော်လည်း ထိုပုဒ်အပြင် ''မည်းနက်သော+သွားတို့''ဟု ဒန္တာ–သဒ္ဒါကိုလည်း ငဲ့နေသည် ဖြစ်၍ စပ်အပ်သော အနက်မရှိသောကြောင့် ''ဒေဝဒတ္တဿ ကဏ္ဍာ ဒေဝဒတ္တကဏ္ဍာ''

http://www.dhammadownload.com

ဟု သမာသ်မဖြစ်ပါ။

မှတ်ချက်။ ။ **ပုဒ်စစ်၌** ဒန္တာ–သဒ္ဒါသည် ကဏ္ဌာ–ဟူသော သမာသ်ပုဒ်မှ တစ်ပါး ဒေဝဒတ္တသ–သဒ္ဒါကို ငဲ့နေသည်ဖြစ်၍ စပ်အပ်သော အနက်မရှိသော ကြောင့် 'ကဏ္ဌာ ဒန္တာ ကဏ္ဌဒန္တာ'ဟု သမာသ်မဖြစ်–ဟု ဆိုပါသည်။

ရူပသိဒ္ဓိဋီကာ၌– ဒန္တာ သဒ္ဒါသည် ဒေဝဒတ္တသ ဟူသောပုဒ်မှတစ်ပါး ကဏ္ဌာ–ကို လည်းငဲ့နေသောကြောင့် ''ဒေဝဒတ္တသ ဒန္တာ ဒေဝဒတ္တဒန္တာ'' ဟု သမာသ်မဖြစ်ဟုဆိုပါသည်။

သဒ္ဒတ္ထဘေဒစိန္တာဋီကာ၌ကား– 'ကဏ္ဌဒန္တာ'ဟုလည်းကောင်း၊ 'ဒေဝဒတ္တကဏ္ဌာ'ဟုလည်းကောင်း၊ 'ဒေဝဒတ္တဒန္တာ'ဟုလည်းကောင်း သမာသ် မဖြစ်–ဟု ၃–မျိုးလုံး ဖွင့်ဆိုထားပါသည်။

မေး။ ဒေဝဒတ္တသ ကဏ္ဌာ ဒန္တာ–၌ (က) ကဏ္ဌဒန္တာ–ဟု သမာသ်မဖြစ် (ခ) ဒေဝဒတ္တကဏ္ဌာ–ဟု သမာသ်မဖြစ် (ဂ) ဒေဝဒတ္တဒန္တာ–ဟု သမာသ်မဖြစ်၊ ဤသို့ ဝါဒ ၃–မျိုး ကွဲပြားနေရာ အဘယ်ဝါဒသာ ရှုဆရာအလိုကျဖြစ်သည်ဟု စိစစ်ဆုံးဖြတ်ပါ။

ဖြေ။ ရူပသိဒ္ဓိဝယ် ဆဋ္ဌီတပ္ပုရိသ်အခန်း၌ ''ယုတ္တတ္ထသဒ္ဒါကြောင့် ဆဋ္ဌီတပ္ပုရိသ်သမာသ် မဖြစ်ပုံကို ပြဆိုရာ၌ ''ဘဇ္ဇော ရညော ပုတ္တော ဒေဝဒတ္တသ၊ ကောသလသ ရညော ပုတ္တော'' ဟူသောပြယုဂ်များကို ထုတ်ပြထားပါသည်။ ထို့ကြောင့် ထိုပုဒ်များနှင့် အလားတူ ဆဋ္ဌီတပ္ပုရိသ်သမာသ် မဖြစ်ဟု ဆိုသင့်သောကြောင့် (ခ) (ဂ)အမှတ်ပြ ဝါဒများသာ ရှုဆရာအလိုကျ ဖြစ်ပါသည်။

မှတ်ချက်။ ။ (ခ) (ဂ) နှစ်ဝါဒတို့တွင်လည်း ''ကေ သုက္ကာ? ဒန္တာတိ အပေက္ခမာနသာ ဆဋ္ဌီယန္တေန္တ သဟေ'ကတ္ထိယ မနုဘဝိတုံ သာမတ္ထိယံ နတ္ထိတိ သမာသာဘာဝေါ သိဒ္ဓေါ = ဒန္တာကိုငဲ့နေသော သုက္ကာသဒ္ဒါ၏ ဖြဟ္မဏသ–ဟူသော ဆဋ္ဌီယန္တနှင့်တကွ သမာသ်အဖြစ်ကို ခံစားခြင်းငှါ အစွမ်းသတ္တိမရှိသောကြောင့် သမာသ်မဖြစ်ခြင်းသည် ပြီး၏'' ဟုဆိုသော မောဂ္ဂလ္လာန်ပဋိက၁၊ ''ဂုဏ်ဟောသဒ္ဒါနှင့် ဆဋ္ဌီတပ္ပုရိသ်သမာသ်ကို တားမြစ်ထားသော ပါဏိနီ (၂၊ ၂၊ ၁၁။) သုတ်တို့ကို ထောက်လျှင်–**"ဒေဝဒတ္တကဏ္ဌာ" ဟု သမာသ်မဖြစ်ဟူသော (ခ)အမှတ်ပြဝါဒသာ အကောင်းဆုံးဖြစ်သည်**ဟု မှတ်ကြပါကုန်။

ကဏ္ဌဒန္တာ–ဟု သမာသ်ဖြစ်နိုင်။ ။ 'ဒေဝဒတ္တသ ကဏ္ဌာ ဒန္တာ'နှင့် အလားတူဖြစ်သည့် နာမာနံ သမာသော ယုတ္တတ္ထော–ဟူသော သုတ်ပုံစံ၌ ယုတ္တနှင့် အတ္ထ–တို့ ''ယုတ္တော အတ္ထော ယုတ္တတ္ထော''ဟု သမာသ်ဖြစ်သကဲ့သို့ ကဏ္ဌာနှင့် ဒန္တာ–တို့လည်း ''ကဏ္ဌာ ဒန္တာ ကဏ္ဌဒန္တာ''ဟု သမာသ်ဖြစ်နိုင်သည်သာ ဟု မှတ်ပါ။

မေး။ နာမာနံ သမာသော ယုတ္တတ္ထော–၌ နာမာနံ–သဒ္ဒါဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ နာမာနံ–သဒ္ဒါဖြင့် ''ဒေဝဒတ္တော ပစတိ''စသောပြယုဂ်တို့၌ ပစတိ–စသော အာချာတ်ပုဒ်နှင့် သမာသ်မဖြစ်–ဟူသောအဓိပ္ပါယ်ကို ပြပါသည်။

မေး။ နာမာနံ သမာသော–ဟူသော ယောဂဝိဘာဂ၏ အကျိုးကို ရေးပြပါ။

ဖြေ။ နာမာနံ သမာသော–ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် ကစ္စည်းကျမ်း၌ စီရင်သောသုတ် သီးခြားမရှိသော နာမ်, နိပါတ်, ဥပသာရပုဒ်တို့ကို သမာသ်စပ်ရခြင်း အကျိုး

http://www.dhammadownload.com

ရှိပါသည်။ (ရူ၊ ၁၉၀။)

ပြယုဂ်– အပုနဂေယျာ ဂါထာ၊ အစန္ဒမုလ္လောကိကာနိ မုခါနိ၊ အဿဒ္ဓဘောဇီ၊ အလဝဏဘောဇီ–စသည်တို့ဖြစ်ပါသည်။

ဤပြယုဂ်တို့၌ သမာသ်ပုဒ်တို့ ယုတ္တတ္ထမဖြစ်သောကြောင့် နာမာနံ သမာသော ယုတ္တတ္ထော–ဟူသော သုတ်ရင်းဖြင့် သမာသ်မစပ်နိုင်ပါ၊ နာမာနံ သမာသော–ဟူသော ယောဂဝိဘာဂဖြင့်သာ သမာသ်စပ်ရပါမည်။ (ရူ၊ ၁၉၀)

အယုတ္တသမာသ်။ ။ အယုတ္တသမာသ်၌ ၃–ပုဒ်ရှိရမည်၊ ဥပမာ – နှ + ပုန + ဂေယျာ။ နှ–သည် ပုန–ကို မမြစ်, ဂေယျာ–ဟူသောနောက်ပုဒ်ကိုသာ မြစ်သောကြောင့် ၄င်းတွဲစပ်သင့်သော ပုဒ်မှာ ဂေယျာ–ဟူသော နောက်ပုဒ်သာဖြစ်သည်၊ ထိုတွဲစပ်သင့်သော ဂေယျာနှင့် မတွဲစပ်ဘဲ မတွဲစပ်သင့်သော ပုန–ပုဒ်နှင့်တွဲစပ်နေသောကြောင့် ''အယုတ္တ သမာသ်''ဟု ခေါ်ဆိုရခြင်းဖြစ်သည်။

၃၁၇၊ ၃၃၂။ တေသံ ဝိဘတ္တိယော လောပါ စ။ (၁၇၉)

မေး။ တေသံ ဝိဘတ္တိယော လောပေါ စ–သုတ်သို့ အဘယ်ပုဒ်များလိုက်လာပါသနည်း။

ဖြေ။ နာမာနံ သမာသော ယုတ္တတ္ထော–သုတ်မှ ယုတ္တတ္ထ–သဒ္ဒါသည် ''အတ္ထဝသာ ဝိဘတ္တိ ဝိပရိဏာမော''ပရိဘာသာအရ ယုတ္တတ္ထာနံ–ဟု ဝိဘတ်ပြန်၍ လိုက်လာပါသည်။

(တစ်နည်း) သမာသသဒ္ဒါ, ယုတ္တတ္ထ သဒ္ဒါ ၂–ခု လိုက်လာပါသည်။

မေး။ လိုက်လာသော ယုတ္တတ္ထ–အရကို ဖော်ပြပါ။

ဖြေ။ သမာသ–သဒ္ဒါမလိုက်ဘဲ ယုတ္တတ္ထ–သဒ္ဒါမျှသာ လိုက်လာသည်ဆိုလျှင် ယုတ္တတ္ထ–အရ သမာသ်ပုဒ်, တဒ္ဓိတပစ္စယန္တပုဒ်, အာယာဒိပစ္စယန္တပုဒ်တို့ကို ယူရပါမည်။
သမာသ–သဒ္ဒါပါ လိုက်လာသည်ဆိုလျှင် ယုတ္တတ္ထ–အရ သမာသ်ပုဒ်တို့ကိုသာ ယူရပါမည်။

မေး။ လိုက်လာသော ပုဒ်တို့အားလျော်စွာ တေသံ ဝိဘတ္တိယော လောပါ စ–သုတ်ကို အနက် ၂–နည်းပေးပြပါ။

ဖြေ။ ယုတ္တတ္ထာနံ၊ ယုတ္တတ္ထဖြစ်ကုန်သော။ တေသံ၊ ထိုသမာသ်ပုဒ်, တဒ္ဓိတပစ္စယန္တပုဒ်, အာယာဒိပစ္စယန္တပုဒ်တို့၏။ ဝိဘတ္တိယော၊ ဝိဘတ်တို့သည် လောပါ စ၊ ချေအပ် ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

(တစ်နည်း) ယုတ္တတ္ထာနံ၊ ကုန်သော။ တေသံ သမာသာနံ၊ ထိုသမာသ်တို့၏။ ဝိဘတ္တိယော၊ တို့သည်။ လောပါ စ၊ ကုန်သည်လည်း။ ဟောန္တိ၊ ကုန်၏။

မေး။ ယုတ္တတ္ထ–သဒ္ဒါ သာမက သမာသ–သဒ္ဒါပါ လိုက်လာသည်ဆိုလျှင် တေသံ ဝိဘတ္တိယော လောပါ စ–သုတ်၏အဓိပ္ပါယ်ကို အဘယ်သို့ မှတ်ရပါမည်နည်း။

ဖြေ။ သမာသ–သဒ္ဒါပါ လိုက်လာသည်ဆိုလျှင် သုတ်ရင်းဖြင့် ယုတ္တတ္ထဖြစ်သော သမာသ်ပုဒ်တို့၏ ဝိဘတ်ကို ချေ၍ တေသံ–သဒ္ဒါဖြင့် တဒ္ဓိတပစ္စယန္တပုဒ်, အာယာဒိပစ္စယန္တပုဒ်တို့၏ ဝိဘတ်များကို ချေ–ဟု အဓိပ္ပါယ်မှတ်ရပါမည်။

မေး။ တေသံ ဝိဘတ္တိယော လောပါ စ–သုတ်၌ စ–သဒ္ဒါ၏အနက်ကို ဖော်ပြပါ။

http://www.dhammadownload.com

ဖြေ။ စသဒ္ဒါ ပဘက်ရော-စသော ပြယုဂ်တို့၌ ဝိဘတ်ချေခြင်းကို တားမြစ်ခြင်း နိဝတ္တာပနာဝဓာရဏာ အနက်ရှိပါသည်။

၃၁၈၊ ၃၃၃။ ပကတိ စသ သရန္တသ။ (၁၇၉)

မေး။ ပကတိ စသ သရန္တသ-သုတ်၌ အသ-အရကို ဖော်ပြပါ။

ဖြေ။ ယုတ္တတ္ထဖြစ်သော သမာသ်ပုဒ်, တဒ္ဓိတပစ္စယန္တပုဒ်, အာယာဒိပစ္စယန္တပုဒ်-ဟူသော လိင် ၃-ပါးကို ယူရပါမည်။

မေး။ ပကတိ စသ သရန္တသ-သုတ်ကို ရူအလိုကျ အနက်ပေးပြပါ။

ဖြေ။ ဝိဘတ္တိသု၊ ဝိဘတ်တို့ကို။ လုတ္တာသု၊ ချေအပ်ကုန်ပြီးသည်ရှိသော် သရန္တသ စ၊ သရ အဆုံးရှိသည်လည်းဖြစ်သော။ ယုတ္တတ္ထသ၊ ပေါင်းအပ်စပ်အပ်သောအနက်ရှိသော။ အသ၊ ထိုသမာသ်ပုဒ်, တဒ္ဓိတပစ္စယန္တပုဒ်, အာယာဒိပစ္စယန္တပုဒ်ဟူသော သုံးပါးအပြားရှိသော လိင်၏။ ပကတိ၊ ပကတိအပြုသည်။ ဟောကိ၊ ၏။

မေး။ ပကတိ စသ သရန္တသ-သုတ်၌ စသဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါ ကိ သမုဒယ, ကွဒပ္ပစ္စယတာ-စသော ပြယုဂ်တို့၌ ကိ, ကွဒ် ကဲ့သို့သော နိဂ္ဂဟိတန္တ (ဗျဉ္ဇနန္တ)လိင်ပုဒ်များကို ပကတိပြုရန် ဆည်းယူခြင်း အဝုတ္တသမုစ္စည်း အနက်ရှိပါသည်။

မေး။ ပကတိ စသ သရန္တသ-သုတ်သည် သုတ် ၆-မျိုးတို့တွင် အဘယ် သုတ်ဖြစ်ပါသနည်း၊ ရူအလိုကျ ဖော်ပြပါ။

ဖြေ။ အတိဒေသသုတ်ဖြစ်ပါသည်။ အတိဒေသသုတ် ၆-မျိုးတို့တွင်ကား တံ်ရူပါတိဒေသ သုတ်ဖြစ်ပါသည်။

မေး။ ပကတိ စသ သရန္တသ-ဟူသော ဤအတိဒေသသုတ်ကို အဘယ့်ကြောင့် ကစ္စည်း ဆရာ ထည့်ထားရပါသနည်း။

ဖြေ။ အကြောင်းနိမိတ်ပျောက်သွားသောအခါ ဘယ်သုတ်နှင့်မျှ မစီရင်ရတဲ့ အကျိုး နေမိတ္တိက ဝိကာရ၏ သူ့ဘာသာသူ အလိုအလျောက် ကွယ်ပျောက် သွားခြင်း (=နဂိုရုပ်တည့်စက အတိုင်းဖြစ်ခြင်း)ကို မာဂဓျာကရုဏ်းကျမ်း ဤသမာသ်ခန်း၌ အလိုမရှိအပ်သောကြောင့် ပကတိ စသ သရန္တသ-ဟူသော -ဤတံ်ရူပါတိဒေသသုတ်ကို တည်ထားရခြင်း ဖြစ်ပါသည်။

ရှင်းချက်။ ။ တစ်စုံတစ်ခု ပြုစီရင်ခြင်း၏အကြောင်းကို ''နိမိတ္တ''ဟုခေါ်၏။ ထိုနိမိတ်ကြောင့် ဖြစ်သော ချေခြင်း, တစ်စုံတစ်ခုပြုခြင်းစသော အကျိုးဝိကာရကို ''နေမိတ္တိက'' ဟု ခေါ်သည်။

ရာဇ+ပုရိသ-ဟု တည်ပြီးနောက် ဝိဘတ်သက်သောအခါ ''ရာဇ+သ+ပုရိသ+သ'' ဟုဖြစ်၏။ ထိုသ သ, သိ တို့သည် ''နိမိတ္တ (အကြောင်း)''တည်း။ သ ဝိဘတ်ကြောင့် ဆိုင်ရာသုတ်ဖြင့် ရညော-ဟု ဖြစ်ခြင်း၊ သိဝိဘတ်ကို သြ-ပြု၍ ထိုးသိမှုဖြစ်သော သြ-သရကြောင့် ပုရိသ-၌ အ-သရကျခြင်းတို့ကား ''နေမိတ္တိက (အကြောင်းဖြစ်သော

http://www.dhammadownload.com

အကျိုးဝိကာရတည်း)''

စန္ဒြကန်ကျောက်ကြောင့် ရေဖြစ်၍၊ သူရိယကန်ကျောက်ကြောင့် မီးဖြစ်၏။ စန္ဒြကန်ကျောက်ကြောင့် ဖြစ်သောရေ၊ သူရိယကန်ကျောက်ကြောင့်ဖြစ်သော မီးတို့သည် ထိုကျောက်များမရှိသော်လည်း မကွယ်ပျောက်ဘဲ တည်မြဲတိုင်း တည်နေသကဲ့သို့ ထို့အတူ တေသံ ဝိဘတ္တိယော လောပါ စ–သုတ်ဖြင့် ဝိဘတ်တို့ကို ချေလိုက်သောအခါ ပုရိသော–၌ သြ–ဟူသော နိမိတ်ကွယ် ပျောက်သွားသော်လည်း အသရကျေခြင်းဟူသော နေမိတ္တိကဝိကာရကား မကွယ်ပျောက်ဘဲ (ပြန်မပေါ်လာဘဲ) ကျေမြဲကျေနေသည်။ ထိုသို့ စန္ဒြကန္တနည်း, သူရိယကန္တနည်းအရ ကျေနေသော သရ, ဗျည်းတို့ ပင်ကိုယ်အနေ အထားအတိုင်း ပြန်ပေါ်လာစေခြင်းအကျိုးငှါ ဤသုတ်ကို တည်ရခြင်းဖြစ်ပါသည်။

ကစ္စာယနဝဏ္ဏနာ စသော ပါဠိသဒ္ဒါကျမ်းများနှင့် သက္ကတသဒ္ဒါကျမ်းတို့အဆို

ထိုကျမ်းတို့၌ မဟီရုဟနည်းကို ပြလိုသောကြောင့် ဤသုတ်ကို တည်ရသည်–ဟု ဆိုကြပါသည်။ အကြောင်းသစ်ပင်မရှိသည်ရှိသော် အကျိုးသစ်ပင်ရိပ် ကွယ်ပျောက်သွားသကဲ့သို့ အကြောင်းနိမိတ်မရှိသော် အကျိုးနေမိတ္တိကဝိကာရလည်း ကွယ်ပျောက်သွားသောနည်းကို ''မဟီရုဟနည်း'' ဟုခေါ်သည်။

ပုရိသော–၌ အကြောင်းနိမိတ်ဖြစ်သော သြ–အပြုကို ချေလိုက်၍ ကွယ်ပျောက်သွားသည်ရှိသော် အကျိုးနေမိတ္တိကဝိကာရဖြစ်သော အသရကျေခြင်းလည်း ကွယ်ပျောက်၍ ကျေမြဲကျေမနေဘဲ သူ့အလိုလို ပင်ကိုယ်အနေအထားအတိုင်း ပြန်ပေါ်လာတော့သည်။ ဤသို့လျှင် မဟီရုဟနည်းအရ ကျေနေသော သရ, ဗျည်းတို့ ကျေမြဲကျေမနေဘဲ ပင်ကိုယ်အနေအထားအတိုင်း ပြန်ပေါ်လာစေခြင်းအကျိုးငှါ ဤသုတ်ကို တည်ရခြင်းဖြစ်ပါသည်။

မေး။ ဤသုတ်ဖြင့် ပကတိပြုရကျိုးများကို ဖော်ပြပါ။

ဖြေ။ ၁။ ပျောက်သွားသည့် သရ, ဗျည်းဟူသမျှတို့ မူလအနေအထားအတိုင်း ပြန်ပေါ်လာခြင်း။
၂။ အစီအရင် ထူးခြားသော ပုဒ်များလည်း မူလအနေအထားအတိုင်းပြန်ပေါ်လာခြင်း။
၃။ ပင်ကိုယ်မပျက် တည်လျက်နေသော ပုဒ်များ၌လည်း ခိုင်မြဲစေခြင်း တို့ဖြစ်ပါသည်။

၁။ ပုံစံ – ပုရိသော၊ သောတံ စသည်။
၂။ ပုံစံ – ရာဇပုရိသော–၌ ရာဇ စသည်။
၃။ ပုံစံ – စက္ခုသောတံ–၌ စက္ခု စသည်။

(ဆောင်) – ပျောက်သည့် သရ၊ ဗျည်းဟူသမျှကို၊ မူလအနေ၊ ပြန်ပေါ်စေ၊ ပြုလေ ပကတိ။
– စီရင်ထူးခြား၊ ပုဒ်အများလည်း၊ မမှားပုံသေ၊ ပင်ကိုယ်နေ၊ ပေါ်စေ ပကတိ။
– ပင်ကိုယ်မပျက်၊ တည်လျက်နေပြန်၊ ခိုင်မြဲရန်၊ ရည်သန် ပြုလေ၏။

၆၀၁၊ ၃၃၄။ တဒ္ဓိတသမာသကိတကာ နာမံ ဝါ'တဝေတုနာဒီသု စ။ (၁၇၉)

(ဤသုတ်ကို ရူပသိဒ္ဓိကျမ်း၌ သမာသ်အခန်းတွင် ဖွင့်ပြထားသောကြောင့် ဤရူပသိဒ္ဓိရှင်းတမ်း ကျမ်း၌လည်း သမာသ်အရာတွင် ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်)။

http://www.dhammadownload.com

မေး။ တဒ္ဓိတသမာသ–စသောသုတ်ကို အဘယ်အကျိုးငှါ မိန့်ဆိုရပါသနည်း။

ဖြေ။ မိမိကိုယ်ပိုင်အနက်မှ ကင်းသဖြင့် သမာသ်သည် လိင်မမည်သောကြောင့် ဝိဘတ် မသက်နိုင်ရကား ဝိဘတ်သက်နိုင်ခြင်းအကျိုးငှါ တဒ္ဓိတသမာသ–စသော ဤဗျပဒေသာတိဒေသသုတ်ကို မိန့်ဆိုရခြင်းဖြစ်ပါသည်။

မေး။ သမာသ်ကို အဘယ်အကျိုးငှါ နာမ်ကိုငဲ့ရပါသနည်း။

ဖြေ။ သမာသ်သည် မူလဟောရင်းဖြစ်သော မိမိအနက်မှ ကင်းသောကြောင့် လိင် (နာမ်) မမည်၊ လိင် (နာမ်) မမည်သောကြောင့် ဝိဘတ်မသက်နိုင်၊ ဝိဘတ်မသက်နိုင်သောကြောင့် ဝိဘတ်သက်နိုင်ခြင်းအကျိုးငှါ သမာသ်ကို နာမ်ငဲ့ရပါသည်။

မှတ်ချက်။ ။''လိင်' နာမံ ပါဋိပဒိကံ သမံ''ဟူသည်နှင့်အညီ နာမ်နှင့် လိင်မှာ သဘောတူပင်ဖြစ်သောကြောင့် နာမ်ငဲ့လိုက်သောအခါ လိင်လည်း မည်ပါတော့သည်။

မေး။ တဒ္ဓိတသမာသ–စသောသုတ်၌ ''သမာသ''သဒ္ဒါကို အဘယ့်ကြောင့် ထည့်ဆိုရပါသနည်း။

ဖြေ။ မိမိအနက်မှ ကင်းသဖြင့် သမာသ်သည် လိင် (နာမ်) မမည်သောကြောင့် သမာသ်ကို နာမ်ငဲ့ခြင်းအကျိုးငှါ ဤသုတ်၌သမာသ–သဒ္ဒါကို ထည့်ဆိုရခြင်းဖြစ်ပါသည်။

ဗျာကရဏ်းဆရာတို့အလိုအားဖြင့်ကား– ဒြပ်အနက်ကိုဟောသော ပုဒ်အပေါင်း၏ နာမ်ဟူသော အမည်သည် သမာသ်၏အမည်သာ ဖြစ်၏။ ဝါကျ၏အမည် မဟုတ် ဟု သတ်မှတ်ပြခြင်းအကျိုးငှါ ဤသုတ်၌ သမာသသဒ္ဒါကို ထည့်ဆိုခြင်းဖြစ်ပါသည်။

မှတ်ချက်။ ။ ဒြပ်အနက်ကိုဟောသော ပုဒ်အပေါင်းသည် ''ရညော+ပုရိသော'' စသည်ကဲ့သို့ ဝါကျလည်းရှိ၏။ ''ရာဇပုရိသော''စသည်ကဲ့သို့ သမာသ်လည်း ရှိ၏။ ထို့တွင် သမာသ်ကိုသာ နာမ်–ဟု အမည်ပေးရမည်–ဟူလို။

မေး။ တဒ္ဓိတသမာသ–စသောသုတ်၌ စသဒ္ဒါ၏အကျိုးကို ရေးပြပါ။

ဖြေ။ စသဒ္ဒါသည် ကိစ္စပစ္စည်းအဆုံးရှိသော သဒ္ဒါ၊ အာ, ဤ, ကြနီ ကြတို့ ပစ္စည်းအဆုံးရှိသော သဒ္ဒါ၊ ခ–စသော ဓာတုအဆုံးရှိသောသဒ္ဒါ၊ ကာရပစ္စည်းအဆုံးရှိသော သဒ္ဒါတို့ကိုလည်း နာမ်ငဲ့ရခြင်းအကျိုးရှိပါသည်။

မေး။ နာမ်ငဲ့ရသော သဒ္ဒါတို့ကို ပြဆိုရာ၌ တဝေ, တုန၊ တွာန,. တွာ အစရှိသော ပစ္စည်းအဆုံးရှိသော သဒ္ဒါတို့ကို အဘယ်ကြောင့် ကြဉ်ရပါသနည်း။

ဖြေ။ ထိုပစ္စည်းများ အဆုံးရှိသောသဒ္ဒါတို့သည် နိပါတ်ပုဒ်တွင် ပါဝင်၍ ထိုသဒ္ဒါကို့နောင် နာမ်မငဲ့ဘဲ တတော စ ဝိဘတ္တိယော–သုတ်၌ စသဒ္ဒါဖြင့် ဝိဘတ်သက်နိုင်သောကြောင့် ထိုသဒ္ဒါတို့ကို ကြဉ်ရခြင်းဖြစ်ပါသည်။

မေး။ တဒ္ဓိတသမာသ–စသောသုတ်ဖြင့် နာမ်ငဲ့ရသော သဒ္ဒါများကို စုံလင်အောင်ရေးပြပါ။

ဖြေ။ ၁။ တဒ္ဓိတပစ္စယန္တသဒ္ဒါ။

၂။ သမာသ်။

၃။ ကိတပစ္စယန္တသဒ္ဒါ။

http://www.dhammadownload.com

၄။ ကိစ္စပစ္စယန္တသဒ္ဒါ။
၅။ ကုတ္ထိပစ္စယန္တသဒ္ဒါ။
၆။ ခါဒိဓာတုပစ္စယန္တသဒ္ဒါ။
၇။ ကာရပစ္စယန္တသဒ္ဒါတို့ ဖြစ်ပါသည်။

ထိုတွင် ရှေ့ ၃-မျိုးကို သုတ်ရင်းဖြင့် ငဲ့၍၊ နောက် ၄-မျိုးကို စသဒ္ဒါဖြင့် ငဲ့ရပါသည်။

၃၁၉၊ ၃၃၀။ ဥပသဂ္ဂနိပါတပုဗ္ဗကော အဗျယီဘာဝေါ။ (၁၇၇)

မေး။ အဗျယီဘောသမာသ် ဝိဂြိုဟ်ဆိုရာ၌ သပဒဝိဂြိုဟ်, အသပဒဝိဂြိုဟ် ၂-မျိုးတို့တွင် အဘယ်ဝိဂြိုဟ် ဆိုရပါမည်နည်း? အကြောင်းပြဖြေပါ။

ဖြေ။ အဗျယီဘောသမာသ်သည် သူဝိဘတ်နှင့်သူ တစ်ပုဒ်စီခွဲ၍ မရလောက်အောင် အမြဲစပ်နေသော နိစ္စသမာသ်ဖြစ်သောကြောင့် အသပဒဝိဂြိုဟ် ဆိုရပါသည်။

နိစ္စသမာသ်။ ။ သူဝိဘတ်နှင့်သူ တစ်ပုဒ်စီခွဲ၍မနေနိုင်ဘဲ အမြဲတမ်း တွဲစပ်နေသောပုဒ် ၂-ပုဒ်ကို ''နိစ္စသမာသ်''ဟု ခေါ်သည်။

မေး။ ဥပနဂရံ-ဟူသော အဗျယီဘောသမာသ်၏ နိစ္စသမာသ်ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ဥပ-သဒ္ဒါသည် သူချည်းသက်သက် ''ဥပေါ, ဥပါ'' စသည်ဖြင့် ခွဲ၍ မနေနိုင်၊ ဥပသာရုပဒ်တို့၏ထုံးစံအတိုင်း ဓာတ်နှင့်ဖြစ်စေ, နာမ်ပုဒ်နှင့်ဖြစ်စေ တွဲနေရသည်။ တွဲနေမှ အနက်ကို ဟောနိုင်သည်။ ထို့ကြောင့် နဂရ-ဟူသော နာမ်ပုဒ်နှင့် တွဲစပ်နေသော ''ဥပနဂရံ'' ကို ''နိစ္စသမာသ်''ဟု ဆိုရပါသည်။

မေး။ ''အဗျယီဘာဝ၊ သမာသကာ၊ နိစ္စကေန်၊ စင်စစ်မှန်၍၊ ပြုရန် ဝိဂြိုဟ်၊ မရှိဆို၏။ ဝိဂြိုဟ်ဝါကျ ပြုလိုကမူ၊ တစ်ပါးကပုဒ်၊ ဆောင်ယူထုတ်၍၊ လုပ်လေဝိဂြိုဟ်ဝါကျတည်း'' ဟူသောနိယံကို ရှင်းပြပါ။

ဖြေ။ အဗျယီဘောသမာသ်သည် နိစ္စသမာသ်ဖြစ်သောကြောင့် ''နာဂရဿ + ဥပ'' စသည်ဖြင့် မိမိပုဒ်ရင်းဖြင့် ဝိဂြိုဟ်ပြ၍ မရ။ အကယ်၍ အနက်ထင်ရှားအောင် ဝိဂြိုဟ်ပြုလိုပါသေး သည်ဆိုလျှင် သမီပ-စသော ပရိယာယ် ပုဒ်တစ်ပါးကို ထုတ်ဆောင်၍ ''နဂရဿ သမီပံ ဥပနဂရံ''စသည်ဖြင့် ပြုပါ-ဟုဆိုလိုပါသည်။

မေး။ ''အဗျယီဘောသမာသ်သည် နိစ္စသမာသ်ဖြစ်သောကြောင့် အသပဒဝိဂြိုဟ် ဆိုရမည်'' ဟူသောစကားကို ကိန်းသေမှုချ မှတ်သားရပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မမှတ်သားရပါ။ အန္တောပါသာဒံ၊ ပစ္စတ္ထံ၊ အန္တဒ္ဒမာသံ-စသော ပြယုဂ်တို့၌ အန္တော, ပတိ, အနု-ဟူသော မိမိပုဒ်ရင်းဖြင့်လည်း ဝိဂြိုဟ်ဆိုရသောကြောင့် ထိုစကားသည် များရာသို့လိုက်၍ဆိုထားသော ယေဘုယျစကားသာ ဖြစ်ပါသည်။

မေး။ သပဒဝိဂ္ဂဟ (=သပဒဝိဂြိုဟ်)၊ အသပဒဝိဂ္ဂဟ (=အသပဒဝိဂြိုဟ်) ဟူသော စကားတို့၏ အဓိပ္ပါယ်ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အန္တော, ပတိ, အနု-စသော မိမိပုဒ်ရင်းဖြင့်ပင် ပြုရသောဝိဂြိုဟ်သည် ''သပဒဝိဂ္ဂဟ

http://www.dhammadownload.com

(=သပဒဝိဂြိုဟ်)'' ဖြစ်ပါသည်။

ဥပ–စသော မိမိပုဒ်ရင်းမှတစ်ပါး အခြားသော သမီပ–စသောပုဒ်တို့ဖြင့် ပြုရသော ဝိဂြိုဟ်သည် ''အသပဒဝိဂ္ဂဟ (=အသပဒဝိဂြိုဟ်)'' ဖြစ်ပါသည်။

ကိတ်ကျမ်း၌ကား ကိတ်ပုဒ်ဟူသော မိမိပုဒ်ဖြင့် ပြုရသော ဝိဂြိုဟ်သည် ''သပဒဝိဂြိုဟ်'' ဖြစ်၍၊ အာချာတ်ပုဒ်ဟူသော ပုဒ်တစ်ပါးဖြင့် ပြုရသော ဝိဂြိုဟ်သည် ''အသပဒဝိဂြိုဟ်'' ဖြစ်ပါသည်။

မေး။ ဥပသဂ္ဂနိပါတပုဗ္ဗကော အဗျယီဘာဝေါ–သုတ်သည် သုတ် ၄–မျိုးတို့တွင် မည်သည့်သုတ် ဖြစ်ပါသနည်း။

ဖြေ။ ဝိဓိသုတ်, သညာသုတ်–ဟုအမည် ၂–မျိုးရသောသုတ် ဖြစ်ပါသည်။

(တစ်နည်း) သညာသုတ်သာ ဖြစ်ပါသည်။

မေး။ ဥပသဂ္ဂနိပါတပုဗ္ဗကော အဗျယီဘာဝေါ–သုတ်၏ (က) ဝိဓိ, သညာနှစ်ဖြာသော အမည်ရပုံ (ခ) သညာသုတ်သာဖြစ်ရပုံတို့ကို ရှင်းပြပါ။

ဖြေ။ (က) ဥပသာရပုဒ်, နိပါတ်ပုဒ်ရှေးရှိ, ပြဋ္ဌာန်းသောနာမ်ပုဒ်ကို ယုတ္တတ္ထဖြစ်သော မိမိ၏ရှေ့၌ ဖြစ်သော ထိုဥပသာရပုဒ်, နိပါတ်ပုဒ်တို့နှင့်ပင် သမာသ်စပ်သောကြောင့် ဝိဓိသုတ် ဖြစ်ရပါသည်။

ထိုသမာသ်ကို အဗျယီဘောအမည်မှည့်သောကြောင့် သညာသုတ်ဖြစ်ရပါသည်။

(ခ) အဗျယီဘောစသော အမည်သညာကို စီရင်သော သုတ်တို့သည်ပင် အမည်သညာစီရင်မှုကို အဦးပဓာနပြုသဖြင့် သမာသ်ကိုလည်း စီရင်ပြီးဖြစ်သောကြောင့် သညာသုတ်သာ ဖြစ်ရပါသည်။

(အမည်မှည့်မှုကို ပဓာနအားဖြင့် စီရင်လိုက်လျှင် ''အညထာနုပပတ္တိနည်း'' အားဖြင့် သမာသ်ကိုလည်း စီရင်ပြီး ဖြစ်တော့သည် ဟုဆိုလိုပါသည်။)

အညထာနုပပတ္တိ။ ။ ဥပ နှင့် နဂရ–ကို အဗျယီဘောအမည်မှည့်လိုက်လျှင် ထိုအဗျယီဘော အမည်ရသော ဥပနဂရ–သည် ဝါကျမဖြစ်သင့်, သမာသ်သာ ဖြစ်သင့်သည်။ ဤသို့ သမာသ်မှတစ်ပါး အခြားတစ်မျိုးမဖြစ်သင့်ခြင်းကို ''အညထာနုပပတ္တိ'' ဟုဆိုသည်။

မှတ်ဖွယ်။ ။ **ပထမနည်း**၌ ''ဥပသဂ္ဂပုဗ္ဗကော ။ပ။ သမသီယတေ''ပါ၌ဖြင့် သမာသ်စပ်ဖို့ရန် အစီအရင်ကိုပြ၍၊ ''သော စ ။ပ။ ဟောတိ'' ပါ၌ဖြင့် အဗျယီဘောဟု အမည်မှည့်ဖို့ရန် ပြပါသည်။

ဒုတိယနည်းသည် ချာသသို့လိုက်၍ ရေးထားသောနည်းဖြစ်သည်ဟု မှတ်သားပါ။

မေး။ သမာသ်ကျမ်းလာ ဝိဓိသုတ်, သညာသုတ် နှစ်မည်ရသော သုတ်များကို ဖော်ပြပါ။

ဖြေ။ ၁။ ဥပသဂ္ဂနိပါတ ပုဗ္ဗကော အဗျယီဘာဝေါ။

၂။ ဒွိပဒေ တုလျာဓိကရဏေ ကမ္မဓာရယော။

၃။ သင်္ချာပုဗ္ဗော ဒိဂု။

၄။ ဥဘော တပ္ပုရိသာ။

http://www.dhammadownload.com

၅။ အမာဒယော ပရုပဒေဘိ။
၆။ အညပဒတ္တေသု ဗဟုဇ္ဇိဟိ။
၇။ နာမာနံ သမုစ္စယော ဒွန္ဒော–တို့ဖြစ်ပါသည်။

မေး။ ဥပသဂ္ဂနိပါတပုဗ္ဗကော အဗျယီဘာဝေါ–၌ ပုဗ္ဗက–ပုဒ်၏ အဓိပ္ပါယ်ကို ရေးသားဖြေဆိုပါ။

ဖြေ။ ပုဗ္ဗက–သည် ပုဗ္ဗက ၂–ပုဒ်ကို ကေသိသံပြုထားသောပုဒ် ဖြစ်ပါသည်။
ပုဗ္ဗက ၁–ပုဒ်သည် ''ရှေ့၌ဖြစ်''ဟူသောအနက်ကို ဟော၍၊ အခြား ၁–ပုဒ်သည် ''ပြဌာန်း''ဟူသောအနက်ကို ဟောပါသည်။

ရှေ့ ပုဗ္ဗက–ပုဒ်ကို ''ပုဗ္ဗေ ပဝတ္တာ ပုဗ္ဗကာ''ဟု ဝစနတ္ထပြု၍ ရှေ့၌ဖြစ်သော ဥပသာရပုဒ်, နိပါတ်ပုဒ်တို့ကို ကောက်ယူရပါသည်။

နောက် ပုဗ္ဗက–ပုဒ်ကို ''ပုဗ္ဗေ ဂန္ဆန္တိ ပဝတ္တန္တိတိ ပုဗ္ဗကာ'' ဟု ဝစနတ္ထပြု၍ ပြဌာန်းသော ဥပသာရပုဒ်, နိပါတ်ပုဒ်တို့ကို ကောက်ယူရပါသည်။ ထို့ကြောင့် ''ရှေ့၌လည်းဖြစ်, ပြဌာန်းလည်းပြဌာန်းသော ဥပသာရပုဒ်, နိပါတ်ပုဒ်တို့ကို ''ပုဗ္ဗက''ဟု ဆိုရပါသည်။

ဝစနတ္ထ–ပုဗ္ဗကာ စ ပုဗ္ဗကာ စ ပုဗ္ဗကာ။
ဥပသဂ္ဂနိပါတာ ပုဗ္ဗကာ ယသ္မာတိ ဥပသဂ္ဂနိပါတပုဗ္ဗကာ။

မေး။ အဗျယီဘာဝ–၌ ''အဗျယ''ဟူသည် အဘယ်နည်း၊ အကြောင်းပြု၍ ဖြေဆိုပါ။

ဖြေ။ ''အဗျယ''ဟူသည် ဥပသာရပုဒ်, နိပါတ်ပုဒ်တို့ ဖြစ်ပါသည်။
လိင်, ဝုစ်တို့ကွဲပြားသော်လည်း ပျက်စီးခြင်းမှကင်းသောကြောင့် (ရုပ်အနေအထား ပြောင်းလွဲသွားခြင်း မရှိသောကြောင့်) ယင်းသို့ ''အဗျယ''ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

အဗျယ – န+ဗျယ၊ ဗျယ–၌ ဝိ+အယ၊ အယ–ဖြစ်ခြင်းမှု။ ဝိ၊ ကင်းခြင်း။ ''ဖြစ်ခြင်းမှ ကင်းခြင်း''ဟူသည် ပျက်ခြင်းတည်း။ က္က–ကို ယ၊ ဝ–ကို ဗ–ပြု၍ ဗျယ–ဟု ပြီးသည်။ ဗျယ–ပျက်ခြင်း၊ နှ (အ)–မရှိ၊ အဗျယ–ပျက်ခြင်း မရှိ။

မေး။ ''အဗျယီဘော''၏အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ''သဘာဝ''မှ ''သဘော''ဖြစ်သကဲ့သို့ ''အဗျယီဘာဝ''မှ ''အဗျယီဘော''ဟု ဖြစ်လာခြင်း ဖြစ်သည်။

''အဗျယ''မည်သော ဥပသာရပုဒ်, နိပါတ်ပုဒ်တို့၏ အနက်ကို ထင်ရှားပြတတ်သော ကြောင့် ဥပနဂရံ–စသော သမာသ်ပုဒ်ကို ''အဗျယီဘော''ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

(တစ်နည်း) အဗျယ မဟုတ်သော နောက်ပုဒ်သည် အဗျယဖြစ်သော ရှေ့ပုဒ်အနက်က ပြဌာန်းလျက်ရှိသည့်အတွက် အဗျယဖြစ်သွားရသောကြောင့် ဥပနဂရံ–စသော သမာသ်ပုဒ်ကို ''အဗျယီဘော''ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

ဝစနတ္ထ– ၁။ န ဗျယတီတိ အဗျယံ၊ အဗျယာနံ အတ္ထော အဗျယတ္ထော။
အဗျယတ္ထံ ဘာဝယတိ ဝိဘာဝယတီတိ အဗျယီဘာဝေါ။
(အဗျယတ္ထီဘာဝ–ဟုဆိုလိုလျက် တ္ထ–ကို ချေ၍ ''အဗျယီဘာဝ''ဟု ပြီးသည်။)

၂။ အနုဗျယံ အဗျယံ ဘဝတီတိ အဗျယီဘာဝေါ။

http://www.dhammadownload.com

ရူပသိဒ္ဓိဝယ် စဉ်းစားဖွယ်

ရူပသိဒ္ဓိ၌ ''အဗျယာနံ အတ္ထံ ဝိဘာဝယတီတိ အဗျယီဘာဝေါ အဗျယတ္ထပုဗ္ဗင်္ဂမတ္တာ၊ အနဗျယံ အဗျယံ ဘဝတီတိ ဝါ အဗျယီဘာဝေါ''ဟု ရှိနေသည်။

''တေသန္တယံ သမာသော အဗျယတ္ထပုဗ္ဗင်္ဂမတ္တာ အနဗျယံ အဗျယံ ဘဝတီတိ အဗျယီဘာဝေါ ပသိဒ္ဓေါ'' ဟူသော မောဂ္ဂလ္လာန်ပဠိကာဋီကာ (၁၄၅)နှင့် ''ကေစိ ပန အဗျယတ္ထပုဗ္ဗင်္ဂမတ္တာ အနဗျယံ အဗျယံ ဘဝတီတိ အဗျယီဘာဝေါတိပိ ဝဒန္တိ''ဟူသော သဒ္ဒနီတိသုတ္တမာလာ (၁၈၅)တို့ကို ထောက်လျှင် 'အဗျယတ္ထပုဗ္ဗင်္ဂမတ္တာ'ဟိတ်သည် 'အနဗျယံ အဗျယံ ဘဝတိ'၏ အကြောင်းပြသာ ဖြစ်သင့်သောကြောင့် ရူပသိဒ္ဓိ၌ အဗျယီဘာဝေါ–နောင် နှစ်ချောင်းပိုဒ် (။)ချ၍ အဗျယတ္ထပုဗ္ဗင်္ဂမတ္တာ–နောက်ရှိ တစ်ချောင်းပိုဒ် (၊)ကို ဖြုတ်ပယ်ကာ အောက်ပါအနေအထားအတိုင်း ရှိစေသင့်ပါသည်။

အဗျယာနံ အတ္ထံ ဝိဘာဝယတီတိ အဗျယီဘာဝေါ၊
အဗျယတ္ထပုဗ္ဗင်္ဂမတ္တာ အနဗျယံ အဗျယံ ဘဝတီတိ ဝါ အဗျယီဘာဝေါ။

ယင်းသို့ရှိမှ အနက်အဓိပ္ပာယ် ပိုကောင်းမည်ဖြစ်ပါသည်။ သို့သော် ''အထ ဝါ ပါယေန အဗျယတ္ထပုဗ္ဗင်္ဂမတ္တာ ဝိဝိဓဘာဝရဟိတာနံ အဗျယာနံ အတ္ထံ ဝိဘာဝယတီတိ အဗျယီဘာဝေါ''ဟူသော ကစ္စာယနသာရဋ္ဌီကာသစ်အလိုကား ယခုလက်ရှိ အနေအထား အတိုင်းပင် ရှိစေရပါမည်။ ပညာရှင်တို့ ဆင်ခြင်တော်မူကြပါကုန်။ ရူပသိဒ္ဓိနိယံ၌ ပြင်ဆင်သင့်သည့် အနေအထားအတိုင်း နိယ်စီပြခဲ့ပါသည်။

မေး။ ဥပနဂရံ–စသော အဗျယီဘောသမာသ်က အဗျယမည်သော ဥပသာရပုဒ် နိပါတ်ပုဒ်တို့၏အနက်ကို ထင်ရှားပြပုံကို ရေးပြပါ။

ဖြေ။ ''ဥပနဂရံ=မြို့၏အနီး''ဟူရာ၌ နဂရ–ဟူသော နောက်ပုဒ်၏ အနက်သည် ဥပ–ဟူသော ရှေ့ဥပသာရပုဒ်၏ ဝိသေသနဖြစ်သောကြောင့် ပဓာနမဟုတ်၊ ဥပ–ဟူသော ရှေ့ပုဒ်၏ အနက်သာ ပဓာနဖြစ်၏။

ဤသို့စသည်ဖြင့် အဗျယမည်သော ဥပသာရပုဒ်, နိပါတ်ပုဒ်တို့၏ အနက်က ပဓာန ဖြစ်သောကြောင့် ဥပနဂရံ–စသော အဗျယီဘောသမာသ်က အဗျယပုဒ်တို့၏အနက်ကို ထင်ရှားပြတတ်ပါသည်။

မေး။ အနဗျယံ အဗျယံ ဘဝတီတိ အဗျယီဘာဝေါ–၏အဓိပ္ပါယ်ကို ထင်ရှားပေါ်လွင်အောင် ရှင်းပြပါ။

ဖြေ။ ဥပနဂရံ–၌ ဥပ–ဟူသော ရှေ့သည် လိင်, ဝုစ်တို့ ကွဲပြားသော်လည်း ကွဲပြားခြင်း ပျက်စီးပြောင်းလွဲခြင်း မရှိသောကြောင့် ''အဗျယ'' မည်၏။ နဂရ–ဟူသော နောက်ပုဒ်ကား လိင်, ဝုစ်တို့ကွဲပြားသော် ပျက်စီးပြောင်းလွဲသွားသောကြောင့် အဗျယမဟုတ်, ''အနဗျယ'' ဖြစ်၏။ ထိုအနဗျယဖြစ်သော နောက်ပုဒ်သည် အဗျယဖြစ်သောရှေ့ပုဒ်၏ ဝိသေသန ဖြစ်သောကြောင့် အပဓာနဖြစ်ရကား ပဓာနဖြစ်သော ဥပ–ဟူသော အဗျယရှေ့ပုဒ်တစ်စိတ်၏အစွမ်းဖြင့် အဗျယဖြစ်သွားရပါတော့သည်။ ယင်းသို့ဖြစ် သွားရခြင်းကို ''အနဗျယံ အဗျယံ ဘဝတိ''ဟု ဆိုပါသည်။

မေး။ အဗျယီဘောသမာသ်၌ အဘယ်ကြောင့် ဥပသာရပုဒ်, နိပါတ်ပုဒ်တို့သာ ရှေ့ကျရပါသနည်း။

http://www.dhammadownload.com

ဖြေ။ ''ဥပသဂ္ဂနိပါတပုဗ္ဗကော''ဟု သုတ်၌ဆိုအပ်သောကြောင့် အဗျယီဘောသမာသ်၌ ဥပသာရပုဒ်, နိပါတ်ပုဒ်တို့သာ ရှေ့ကျရပါသည်။

မေး။ အဗျယီဘော သမာသ်များကို သက်ဆိုင်ရာ ပုံစံများနှင့် တကွဖော်ပြပါ။

ဖြေ။
၁။ သမီပတ္ထအဗျယီဘောသမာသ် – နဂရဿ သမီပံ ဥပနဂရံ။
၂။ အဘာဝ ။ – ဒရထာနံ အဘာဝေါ နိဒ္ဒရထံ၊ နိမ္မသကံ။
၃။ ပစ္ဆာအတ္ထ ။ – ရထဿ ပစ္ဆာ အနုရထံ၊ အနုဝါတံ။
၄။ ယောဂ္ဂတာ ။ – ယထာသရူပံ၊ အနုရူပံ။
၅။ ဝိစ္ဆာတ္ထ ။ – အတ္ထာနံ အတ္ထာနံ ပတိ ပစ္စတ္တံ။
အဒ္ဓမာသံ အဒ္ဓမာသံ အနု အန္ဓဒ္ဓမာသံ။
ယေ ယေ ဝုဟာ ယထာဝုဟံ။
၆။ အနုပုဗ္ဗိယ ။ – ဇေဋ္ဌာနံ အနုပုဗ္ဗော အနုဇေဋ္ဌံ။
၇။ ပဋိလောမ ။ – သောတဿ ပဋိလောမံ ပဋိသောတံ။
၈။ အဓိကိစ္စပဝတ္တျတ္ထ ။ – အတ္တာနံ အဓိကိစ္စ ပဝတ္တံ အဇ္ဈတ္တံ။
၉။ မရိယာဒ ။ – အာပါဏကောဋ္ဌိယာ အာပါဏ ကောဋ္ဌိကံ။
၁၀။ အဘိဝိဓိ ။ – အာကုမာရေဟိ ယသော ကစ္စာယနဿ အာကုမာရံ။
၁၁။ သမိဒ္ဓိ ။ – ဘိက္ခာယ သမိဒ္ဓိ သုဘိက္ခံ။
၁၂။ အနုက္ကမတ္ထ ။ – ဝုဟာနံ ပဋိပါဋိ ယထာဝုဟံ။
၁၃။ ပဒတ္ထာနတိက္ကမ ။ – ယထာက္ကမံ၊ ယထာသတ္တိ။
၁၄။ အဝဓာရဏတ္ထ ။ – ဇိဝဿ ယတ္တကော ပရိစ္ဆေဒေါ ယာဝဇိဝံ။
၁၅။ သာကလ္လတ္ထ ။ – သဟ မက္ခိကာယ သမက္ခိကံ။

မှတ်ဖွယ်။ ။ ယထာက္ကမံ, ယထာသတ္တိ, ယထာဗလံ–တို့၌ ကမ, သတ္တိ, ဗလပုဒ်တို့၏အနက်ကို ''ပဒတ္ထ''ဟုဆိုသည်။ ထိုပဒတ္ထ မပျက်ခြင်း မပြောင်းခြင်းကို ''ပဒတ္ထာနတိက္ကမ–ပုဒ်အနက်ကို မလွန်ခြင်း''ဟု ဆိုပါသည်။

မေး။ ''ရှေ့ပုဒ် ပထမာ၊ နောက်ပုဒ်မှာ၊ သတ္တာ ဝိလောပေါ''ဟုဆိုရာ ထိုနိယံစကားကို ကိန်းသေမှုချအားဖြင့် မှတ်သားရပါမည်လော၊ အထောက်သာဓကဖြင့် ရှင်းပြပါ။

ဖြေ။ ကွတ္ထိသု အဓိကိစ္စ ကထာ ပဝတ္တတိ အဓိတ္ထိ–ပြယုဂ်၌ အဓိ–ဟူသော ရှေ့ပုဒ်ဝယ် သတ္တမီဝိဘတ် ကျေနေသည်ဟု ဗာလာဝတာရ၌ ဖွင့်ပြထားသောကြောင့်လည်းကောင်း၊ ယတ္တကေန အတ္ထော ယာဝဒတ္ထံ–၌ ယာဝ–ဟူသော ရှေ့ပုဒ်ဝယ် တတိယာဇေဝုစ် နာဝိဘတ်ကျေနေသောကြောင့် လည်းကောင်း ထိုနိယံစကားကို ကိန်းသေမှုချအားဖြင့် မမှတ်သားရပါ၊ ယေဘုယျစကားဟုသာ မှတ်သားရပါမည်။

မေး။ ဥပနဂရ –ပုဒ်ကို ရှု–အလိုကျ နာမပဒမာလာ စဉ်ပြပါ။

ဖြေ။

	ဥပနဂရံ	ဥပနဂရံ
ဘော	ဥပနဂရံ	ဘဝန္တော ဥပနဂရံ
	ဥပနဂရံ, ဥပနဂရေန	ဥပနဂရံ, ဥပနဂရေဟိ, ဥပနဂရေဘိ

http://www.dhammadownload.com

ဥပနဂရံ	ဥပနဂရံ
ဥပနဂရာ, ဥပနဂရမှာ, ဥပနဂရသွာ	ဥပနဂရေဟိ, ဥပနဂရေဘိ
ဥပနဂရံ, ဥပနဂရဿ	ဥပနဂရံ, ဥပနဂရာနံ
ဥပနဂရံ, ဥပနဂရမှိ, ဥပနဂရသွိ	ဥပနဂရံ, ဥပနဂရေသု

သတိပြု။ ။ နပဉ္စမျာယ'မမ္ဘာဝေါ-စသော ရူပသိဒ္ဓိလာ ဂါထာနှင့် အောက်ပါနိယံတို့ကို သတိပြု။

(ဆောင်) တတိယာ,ဆဋ္ဌီ, သတ္တမီ၊ စီရင် အံ-ချို့ မျှ။
ပဉ္စမီ မှာ၊ အံ ပြုတာ၊ ဘယ်ခါ မရှိပ။
ကွစိသဒ္ဒါ၊ လိုက်၍လာ၊ ရူ-ဆရာ အကြောင်းပြ။

မေး။ (က) ဥပဂု (ခ) သမက္ခိကံ-တို့သည် မည်သည့်အဗျယီဘောသမာသ် ဖြစ်ပါသနည်း၊ ဖြေဆို၍၊ ရုပ်ပြီးပုံ အကျဉ်းကိုလည်း ရေးပြပါ။

ဖြေ။ (က) ဥပဂု-သည် သမီပတ္ထအဗျယီဘောသမာသ် ဖြစ်ပါသည်။ (ဂုန္ဒံ သမီပံ ဥပဂု-ဟု ဝစနတ္ထပြု။)

''ဥပ+ဂေါ'' တည် ''ဥပဂုန္ဒံ''ဟု ဝါကျဖြစ်ပြီးနောက် သမာသ်စသည်စီရင်၍ ''ဥပဂေါ''ဟု ပကတိပြု၊ သရော ရဿော နပုံသကေ-သုတ်ဖြင့် သြ-ကို ဥ-ရဿပြု၍ ''ဥပဂု''ဟု ရုပ်ပြီးပါသည်။

(ခ) သမက္ခိကံ-သည် သာကလ္လတ္ထအဗျယီဘောသမာသ် ဖြစ်ပါသည်။ ''**သဟ+** မက္ခိကာ''ဟု ဖြစ်သောအခါ တေသု ဝုဒ္ဓိ-သုတ်ကြီးဖြင့် သဟ-သဒ္ဒါကို သ-ပြု၊ **သရော** ရဿော နပုံသကေ-သုတ်ဖြင့် ရဿပြု၍ ရုပ်ပြီးပါသည်။

မှတ်ချက်။ ။ တဗ္ဗိပရိတူပပဒေ ဗျဉ္ဇနေ စ-သုတ်၌ ဥ-ကိုသာ သြ၏ ဝိပရိတ် အဖြစ်ဖြင့် ယူအပ်သောကြောင့်လည်းကောင်း၊ ဌာန်နီးသောကြောင့်လည်းကောင်း ''သြ-၏ ရဿ''ဟူသည် ဥ-သာဖြစ်ပါသည်။ (ရူဋ္ဌီ။)

၃၂၀၊ ၃၃၅။ သော နပုံသကလိင်္ဂေါ (၁၈၀)

မေး။ ဤသုတ်သည် သုတ် ၆-မျိုးတို့တွင် အဘယ်သုတ်ဖြစ်ပါသနည်း၊ သိသာရုံမျှ ဖော်ပြပါ။

ဖြေ။ ဈာသအလို ကာရိယာတိဒေသသုတ် ဖြစ်ပါသည်။
ရူအလိုကား ဤသုတ်သည် အတိဒေသသုတ် မဟုတ်၊ နပုလ္လိင်အဖြစ်ကို စီရင်သော ဝိဓိသုတ်သာဖြစ်ပါသည်။

မေး။ ဈာသ၌ ဤသုတ်ကို ''ကာရိယာတိဒေသသုတ်''ဟု ဆိုရပုံကို ရှင်းပြပါ။

ဖြေ။ ဈာသဆရာအလို ဤသုတ်သည် အကယ်၍ လိင်္ဂါတိဒေသသုတ်ဖြစ်ခဲ့လျှင် ''အဓိပညာ'' ဟူသော ဣတ္ထိလိင်ရုပ်သည် ဤသုတ်ဖြင့် နပုလ္လိင်ငဲ့လိုက်က ''အဓိပညံ''ဟု မဖြစ်ဘဲ ''အဓိဉာဏံ''ဟုနပုလ္လိင်ရုပ် ဖြစ်သွားဖွယ်ရှိပါသည်။ ထို့ကြောင့် ဤသုတ်သည် လိင်္ဂါတိဒေသ သုတ် မဟုတ်၊ သေသေသု နှုဝ-သုတ်ကဲ့သို့ ကာရိယာတိဒေသသုတ်သာ ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ ဤ သော နပုံသကလိဂေါ်–သုတ်သည် အကယ်၍ လိင်္ဂါတိဒေသသုတ်ဖြစ်လျှင် ချာသ ဆိုသလို ''အဓိပညာ''ဟူသော ကြွတ္ထိလိင်ရုပ်ကို ဤသုတ်ဖြင့် နပုလ္လိင် ငဲ့လိုက်သောအခါ ''အဓိပညံ''ဟု မဖြစ်ဘဲ ''အဓိဉ္ဉာဏံ''ဟု နပုလ္လိင်ရုပ်ဖြစ်သွားပါမည်လော၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဤသုတ်သည် လိင်္ဂါတိဒေသသုတ် ဖြစ်စေကာမူ ''အဓိပညာ'' ဟူသော ကြွတ္ထိလိင်ရုပ်ကို နပုလ္လိင်ငဲ့လိုက်သောအခါ ''အဓိဉ္ဉာဏံ''ဟု နပုလ္လိင်ရုပ် ဖြစ်မသွားနိုင်ပါ။ အကြောင်းကား– ''အဓိပညာ''နှင့် ''အဓိဉ္ဉာဏံ''တို့သည် သဒ္ဒါချင်းမတူ သဒ္ဒါတစ်မျိုးစီဖြစ်သောကြောင့် တည်း။ ဥပမာ– ''တိသော ပညာ တိပညံ''ဟူသော ဒိဂုသမာသ်၌ ''တိပညာ'' ဟူသော ကြွတ္ထိလိင်သဒ္ဒါကို ဒိဂုသေကတ္တံ–သုတ်ဖြင့် နပုံး, ကေတ်ငဲ့လိုက် သော်လည်း ''တိဉ္ဉာဏံ''ဟု သဒ္ဒါတစ်မျိုးပြောင်းမသွားဘဲ ''တိပညံ''ဟုသာ ပြီးသကဲ့သို့ ဖြစ်ပါသည်။

မေး။ သော နပုံသကလိဂေါ် – သုတ်သည် အတိဒေသသုတ် ဟုတ်/မဟုတ် အကြောင်း ထုတ်ဆောင်၍ ဆုံးဖြတ်ပါ။

ဖြေ။ ဤသုတ်သည် အတိဒေသသုတ် မဟုတ်ပါ။ အကြောင်းကား–သုတ်၌ အတိဒေသ၏ အမှတ်အသားဖြစ်သော ကွဝ–သဒ္ဒါကို မတွေ့မမြင်ရသောကြောင့်တည်း။

မေး။ ကစ္စည်းဆရာသည် အဘယ့်ကြောင့် ဤသုတ်ကို တည်ထားရပါသနည်း။

ဖြေ။ အဗျယီဘောသမာသ်သည် ရှေ့ဖြစ်သော ဥပသာရုပဒ်, နိပါတ်ပုဒ်အနက် ပြဋ္ဌာန်းသော ကြောင့် ဥပသာရုပဒ်, နိပါတ်ပုဒ်ထုံးစံအတိုင်း အလိင်ဖြစ်လေသလား ဟု ယုံမှား ဖွယ်ရှိသောကြောင့်လည်းကောင်း၊ ဒွန်, တပ္ပုရိသ်တို့ကဲ့သို့ နောက်ပုဒ်လိင်သို့ လိုက်၍ သုံးလိင်ဆက်ဆံလေသလားဟု ယုံမှားဖွယ်ရှိသောကြောင့်လည်းကောင်း နပုလ္လိင်သာ ဟု သိစေခြင်းအကျိုးငှါ ဤသုတ်ကို တည်ရခြင်းဖြစ်ပါသည်။

၃၂၁၊ ၃၄၉။ ဒိဂုသေကတ္တံ။ (၁၉၁)

မေး။ ဒိဂုသေကတ္တံ–သုတ်သည် မည်သည့်သုတ်ဖြစ်ပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဤသုတ်ကို နပုံး, ကေဝုစ်အဖြစ်ကို ငဲ့ညွှန်းသောကြောင့် အတိဒေသသုတ်ဟု လည်းကောင်း၊ အတိဒေသသုတ် ၆–မျိုးတို့တွင်လည်း နပုလ္လိင်, ကေဝုစ်အရာ၌ စီရင်ဖို့ရန် ညွှန်ပြသော ကာရိယာတိဒေသသုတ်–ဟုလည်းကောင်း ဆိုကြပါသည်။

ဆရာမြတ်တို့ကား နပုလ္လိင်, ကေဝုစ်အဖြစ်ကို စီရင်သော ဝိဓိသုတ်သာ ဖြစ်သင့်၏–ဟု ဆိုကြပါသည်။ ရှုဆရာကား ဘာမျှ အထူးမဆိုပါ။

မေး။ ဒိဂုသေကတ္တံ–သုတ်၌ ဒိဂုအပြားကို ထုတ်ပြ၍၊ ဤ၌ လိုအပ်သော ဒိဂုကိုလည်း ညွှန်ပြပါ။

ဖြေ။ ၁။ သမာဟာရဒိဂု ၂။ အသမာဟာရဒိဂု တို့ ဖြစ်ပါသည်။
ထိုတွင် ဤ၌ သမာဟာရဒိဂုကို လိုအပ်ပါသည်။

မေး။ သမာဟာရဒိဂုနှင့် အသမာဟာရဒိဂုတို့၏ သဘောသွားခြားနားချက်ကို ရေးပြပါ။

ဖြေ။ သမာဟာရဒိဂု၌ အပေါင်းပြဋ္ဌာန်းသောကြောင့် နပုလ္လိင်, ကေဝုစ်သာ ဖြစ်ရ၏။

http://www.dhammadownload.com

အသမာဟာရဒိဂုဉ်ကား အစိတ်ပြဋ္ဌာန်းသောကြောင့် ဗဟုဝုစ်လည်း ရှိနိုင်ပါသည်။
- တိလောကံ၊ စတုဒ္ဒိသံ။ (သမာဟာရဒိဂု)
- ဧကပုဂ္ဂလော၊ စတုဒ္ဒိသာ။ (အသမာဟာရဒိဂု)

မေး။ အသမာဟာရဒိဂုနှင့် အသမာဟာရဒွန်တို့၏ အထူးကို ဖော်ပြပါ။
ဖြေ။ အသမာဟာရဒွန်သည် အချင်းခပ်သိမ်း ဗဟုဝုစ်သာဖြစ်ရ၏။
အသမာဟာရဒိဂုကား ရံခါ ဧကဝုစ်, ရံခါဗဟုဝုစ်ရှိနိုင်၏။ ဤသို့ ထူးပါသည်။
(ဆောင်) အသမာဟာ၊ ဒွန်၌မှာ၊ နိစ္စာ ဗဟုဝုစ်။
ဒိဂုမှာကား၊ ရံခါငြား၊ ထားနိုင် ဗဟုဝုစ်။

၃၂၂၊ ၃၅၉။ တထာ ဒွန္ဒေ ။ပ။ ဝိသဘာဂတ္ထာဒီနဉ္စ။ (၂၁၀)

မေး။ တထာ ဒွန္ဒေ-သုတ်ကို ကျနစွာ အနက်ပေးပြပါ။
ဖြေ။ ဒိဂုသမာသေ၊ ဒိဂုသမာသ်၌။ ဧကတ္တဉ္စ၊ ဧကဝုစ်၏အဖြစ်သည်လည်းကောင်း။ နပုံသက-လိင်္ဂတ္တဉ္စ၊ နပုလ္လိင်၏အဖြစ်သည်လည်းကောင်း။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ ဒွန္ဒေ၊ သမာဟာရဒွန်သမာသ်၌လည်း။ ပါဏိတူရိယယောဂ္ဂသေနင်္ဂခုဒ္ဒဇန္တုက ဝိဝိဓဝိရုဒ္ဓဝိသဘာဂတ္ထာဒီနံ၊ သတ္တဝါ, တူရိယာ, လယ်ထွန်မှု, စစ်တပ်တို့၏အင်္ဂါ, သေးငယ်သောသတ္တဝါ, အထူးထူးအပြားပြား ဆန့်ကျင်ဘက်, လက္ခဏာကွဲပြားလျက် ကိစ္စအားဖြင့် သဘောတူသော အနက်ရှိသောသဒ္ဒါ အစရှိသည်တို့၏။ ဧကတ္တဉ္စ၊ သည်လည်းကောင်း။ နပုံသကလိင်္ဂတ္တဉ္စ၊ သည်လည်းကောင်း။ ဟောတိ၊ ၏။

မေး။ တထာ ဒွန္ဒေသုတ်၌ တထာ-သဒ္ဒါ၏အနက်ကို ဖော်ပြ၍၊ ထိုအနက်အား လျော်စွာ အဓိပ္ပါယ်ကိုလည်း ရေးပြပါ။
ဖြေ။ တထာ-သဒ္ဒါ ညွှန်ပြခြင်း အတိဒေသအနက်ရှိပါသည်။
ထို့ကြောင့် သမာဟာရဒိဂုသမာသ်၌ ဧကဝုစ်အဖြစ်, နပုလ္လိင်အဖြစ်ရှိသကဲ့သို့ ထို့အတူ သမာဟာရဒွန်သမာသ်၌လည်း ဧကဝုစ်အဖြစ်, နပုလ္လိင်ဧကဝုစ် အဖြစ်ရှိ၏-ဟု အဓိပ္ပါယ်ရပါသည်။

မေး။ တထာ ဒွန္ဒေ-သုတ်၌ ယူရမည်ဒွန်ကို ညွှန်ပြပါ။
ဖြေ။ သမာဟာရဒွန် ဖြစ်ပါသည်။

မေး။ ပါဏိတူရိယယောဂ္ဂသေနင်္ဂ-နှင့် စပ်၍ သိအပ်မှတ်အပ်သော သဒ္ဒါစည်း ကမ်းချက်ကို ဖော်ပြပါ။
ဖြေ။ ပါဏိတူရိယယောဂ္ဂသေနာ-ပုဒ်သည် ''ပါဏိနော စ တူရိယာနိ စ ယောဂ္ဂါနိ စ သေနာစာတိ ပါဏိတူရိယယောဂ္ဂသေနာ''ဟု တွဲစပ်ရသော ဒွန်သမာသ်ပုဒ်ဖြစ်၏။ ထိုဒွန်သမာသ်ပုဒ်၏ နောက်၌ရှိသော အင်္ဂ-သဒ္ဒါကို ပုဒ်တိုင်းနှင့် တွဲစပ်၍ ''ဝါဏျင်္ဂ, တူရိယင်္ဂ, ယောဂ္ဂင်္ဂ, သေနင်္ဂ''ဟုအနက်အဓိပ္ပါယ် မှတ်ရမည်-ဟူသော သဒ္ဒါစည်းကမ်းချက် ဖြစ်ပါသည်။
- ဒွန္ဒတော ပရံ ယံ သုယျမာနံ၊ တံ ပစ္စေက'မဘိသမ္ဗဇ္ဇတေ။ (ဋီကာ)
- ဒွန်၏နောက်၌၊ ရှိသောပုဒ်၊ **ယှဉ်လိုက်** ပုဒ်တိုင်းသာ။

http://www.dhammadownload.com

• ဒွန်ဏ်ရွှေ့နောက်၊ ပုဒ်နှစ်ထောက်မှာ၊ ပုဒ်တိုင်းသာ၊ ယှဉ်ကာစပ်ရမြဲ။
(ဒွန်ဏ်နောက်၌ ရှိသောပုဒ်သာ မဟုတ်၊ ရှေ့၌ရှိသောပုဒ်ကိုလည်း ပုဒ်တိုင်းနှင့် တွဲစပ်ရမည်–ဟူလို။)

မေး။ ဝိဝိဓဝိရုဒ္ဓ–အဓိပ္ပါယ်ကိုရှင်းပြပါ။

ဖြေ။ ဝိဝိဓေန ဝိရုဒ္ဓါ ဝိဝိဓဝိရုဒ္ဓါ။
အထူးထူးအပြားပြားသော အခြင်းအရာအားဖြင့် ဆန့်ကျင်ဖက်ဖြစ်သော=အမြဲ ဆန့်ကျင်ဖက် (ကမ္ဘာ့ရန်ဖက်) ဖြစ်သော သတ္တဝါတို့ကို ''ဝိဝိဓဝိရုဒ္ဓ''ဟု ဆိုပါသည်။

မေး။ ဝိသဘာဂ–၏အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ လက္ခဏာအားဖြင့် ကွဲပြားလျက် ကိစ္စအားဖြင့် သဘောတူသော တရားတို့ကို ''ဝိသဘာဂ'' ဟု ဆိုရပါသည်။

ဝစနတ္ထ – သမာနော ဘာဂေါ ယေသံ တေ သဘာဂါ။
(သမာနဘာဂ။ တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် သမာန–သဒ္ဒါကို သ–ပြု။)
ဝိဝိဓာ စ တေ သဘာဂါ စာတိ ဝိသဘာဂါ။
ဝိ=ဝိဝိဓ = လက္ခဏာအားဖြင့် ကွဲပြားသည်။
သဘာဂ = ကိစ္စအားဖြင့်သဘောတူသည်–ဟူလို။

မေး။ ''ကွစိ အပ္ပသရံ ပုဗ္ဗံ နိပတတိ''ဟူသော ဒွန်သမာသ်စည်းကမ်းဥပဒေအရ အပ္ပသရ ဖြစ်သည့် ခုဒ္ဒဖဿက–စသောပုဒ်တို့ ရှေ့ကျသင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် အပ္ပသရမဟုတ်သော ပါဏိတူရိယယောဂ္ဂသေနဂ်–ပုဒ်က ရှေ့ကျရပါသနည်း။

ဖြေ။ ထိုစည်းကမ်းဥပဒေမှာ နှစ်ပုဒ်တွဲစပ်ရာ၌ သတ်မှတ်ထားသော စည်းကမ်း ဥပဒေဖြစ်၏၊ ဤ၌ပုဒ်အများဖြစ်သော ပုဗ္ဗနိပါတဥပဒေ မမြဲရကား အပ္ပသရ မဟုတ်သော ပါဏိတူရိယ ယောဂ္ဂသနဂ်–ပုဒ် ရှေ့ကျရခြင်းဖြစ်ပါသည်။

ဝစနတ္ထ – ပါဏိတူရိယယောဂ္ဂသေနဂ်ါနိ စ ခုဒ္ဒဖဿကာ စ ဝိဝိဓဝိရုဒ္ဓါ စ ဝိသဘာဂါ စာတိ ပါဏိတူရိယယောဂ္ဂသေနဂ်ခုဒ္ဒဖဿက ဝိဝိဓဝိရုဒ္ဓဝိသဘာဂါ။

မေး။ တထာ ဒွန္ဒေ–သုတ်၌ အာဒိသဒ္ဒါဖြင့် ယူရမည့်သဒ္ဒါများကို အပြည့်အစုံ ဖော်ပြပါ။

ဖြေ။ – အချင်းချင်း လိုင်သည် အထူးပြုအပ်သော (လိုင်ကွဲပြားသော) သဒ္ဒါ။
– သချ်ာအနက်, ပရိမာဏအနက်ဟောသဒ္ဒါ။
– ပစန, စဏ္ဍာလအနက်ဟောသဒ္ဒါ။
– အရပ်ဆယ်မျက်နှာ ဟူသော ဒိသာအနက်ဟောသဒ္ဒါ – စသည်တို့ ဖြစ်ပါသည်။
ထိုသဒ္ဒါတို့ကို ဒွန်သမာသ် တွဲစပ်ရာ၌လည်း ဤသုတ်ဖြင့် နပုံး, ကောတ်ငဲ့ပါ–ဟူလို။

သိမှတ်ဖွယ်။ ။ ''ပစန''ဟူသည် ညှင်းဆဲနှိပ်စက်တတ်သော ပူပန်စေတတ်သော မုဆိုး တံငါ စသောလူမျိုး ဖြစ်၏။
စဏ္ဍာလ–ဟူသည် ကြမ်းတမ်းယုတ်ညံ့သော ဇာတ်ရှိသော လူမျိုးတည်း။

မေး။ စက္ခုသောတံ–ကို နာမပဒမာလာ စဉ်ပြခဲ့ပါ။

ဖြေ။ စက္ခုသောတံ၊ ဟေ စက္ခုသောတံ၊ စက္ခုသောတံ၊ စက္ခုသောတေန–စသည်ဖြင့်

http://www.dhammadownload.com

ကေဝုစ်ရုပ်ချည်း စဉ်ပါလေ။

မေး။ မုခနာသိကံ–ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ ''မုခ+စ+နာသိကာ+စ''ဟု တည်၍ နာမ်ရုပ်တွက်၊ ဝိဘတ်ချေ, စသဒ္ဒါတို့ကို ချေ။ ''မုခနာသိကာ''ဟု ပကတိပြု၊ သရော ရသော နပုံသကေ– သုတ်ဖြင့် သမာသ်၏ အဆုံးဖြစ်သော အာ–ကို အရသပြု၊ နာမ်ငဲ့, သိသက်, အံပြု၊ ခွင်း, ချေ, ကပ်၊ ပြီး၏။

မေး။ (က) ပါဏိပါဒံ (ခ) ဟတ္ထပါဒါ
(ဂ) ဆဝိမံသလောဟိတံ (ဃ) ဆဝိမံသလောဟိတာနိ–တို့သည် အဘယ် သမာသ်ပုဒ်များ ဖြစ်ပါသနည်း။

ဖြေ။ (က) သည် သမာဟာရဒွန်သမာသ်ပုဒ်။
(ခ) သည် ကွတရီတရယောဂ (အသမာဟာရ) ဒွန်သမာသ်ပုဒ်။
(ဂ) သည် သမာဟာရဒွန်သမာသ်ပုဒ်။
(ဃ) သည် ကွတရီတရယောဂ (အသမာဟာရ) ဒွန်သမာသ်ပုဒ်ဖြစ်ပါသည်။

မေး။ တူရိယင်္ဂ–အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ တီးမှုတ်အပ်သော ပစ္စည်းဟူသမျှသည် ''တူရိယာ''မည်၏။ ထိုတူရိယာအပေါင်း၏ အစိတ်အပိုင်းတစ်ခုခုသည် ''တူရိယင်္ဂ'' မည်၏။
''ဂီတဉ္စ ဝါဒိတဉ္စ ဂီတဝါဒိတံ''ကို ထောက်၍ တူရိယင်္ဂ–အရ တီးမှုတ်အပ်သော ပစ္စည်းဝတ္ထုကိုသာမက တီးမှုတ်ခြင်းကြိယာကိုလည်း သဟစရဏနည်း, ဌာနူပစာအားဖြင့် ယူရပါမည်။

မေး။ ယောဂ္ဂင်္–အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ယောဂ္ဂင်္–ပုဒ်ကို ''ယာဉ်၏အင်္ဂါ''ဟု ပေးရိုးပေးစဉ် ရှိသော်လည်း မောဂ္ဂလ္လာန် ပဋိကာ စသည်တို့၌ကား ''ကသိဘဏ္ဍ=လယ်ထွန်ဘဏ္ဍာ''ဟု ဖွင့်ပါသည်။ ဖာလ, ပါစန စသည်တို့သည် လယ်ထွန်ဘဏ္ဍာများ ဖြစ်သောကြောင့် ထိုအတိုင်းပင် မှတ်သင့်ပါသည်။

ဝစနတ္ထ – ယုဂါနံ ဟိတာ ယောဂ္ဂါ၊ ထမ်းပိုးတို့၏ စီးပွားဖြစ်သော နွားတို့။
ယောဂ္ဂါနံ ကွမာနိ ယောဂ္ဂါနိ၊ နွားတို့၏ ဥစ္စာဖြစ်သော လယ်ထွန် ဘဏ္ဍာတို့။
ယောဂ္ဂါနံ အင်္ဂံ ယောဂ္ဂင်္၊

မေး။ သေနင်္ဂတ္ထဒွန်နှင့်စပ်၍ သိမှတ်ဖွယ်ကို ရေးသားဖြေဆိုပါ။

ဖြေ။ စစ်တပ်အင်္ဂါများဖြစ်သော ဆင်, မြင်း, ရထား, ခြေကျင်စစ်သားများကို ဒွန်သမာသ် တွဲစပ်ရာ၌ ဆင်အများ, မြင်းအများ, ရထားအများ, ခြေကျင် စစ်သားအများဖြစ်မှ သမာဟာရဒွန်ဖြစ်ပါသည်။ ဆင်တစ်စီး, မြင်းတစ်စီး, ရထားတစ်စီး, ခြေကျင်စစ်သား တစ်ယောက်မျှဖြစ်လျှင် ကွတရီတရယောဂ (အသမာဟာရ) ဒွန်သာဖြစ်ပါသည်။
– ဟတ္ထိနော စ အဿာ စ ဟတ္ထိအဿံ။
– ရထာ စ ပတ္တိကာ စ ရထပတ္တိကံ။ (ရူ–၂၁၁၊ သမာဟာရ။)
– ဟတ္ထိ စ အဿော စ ဟတ္ထိအဿာ။ (အသမာဟာရ။)

http://www.dhammadownload.com

မှတ်ချက်။ ။ ကစ္စည်း၌ကား ''ဟတ္ထိ စ အဿော စ ဟတ္ထိအဿံ''ဟု သမာဟာရဒွန်သမာသ်ပင် ပြထားပါသည်။

မေး။ ခုဒ္ဒဇန္တုကတ္ထဒွန်နှင့် စပ်၍ သိမှတ်ဖွယ်ကို ရေးသားဖြေဆိုပါ။

ဖြေ။ ခုဒ္ဒဇန္တုကဒွန်၌လည်း သတ္တဝါငယ်အများဖြစ်မှ သမာဟာရဒွန်သမာသ် ဖြစ်ပါသည်။
- ခုံသော စ မကသော စ ခုံသမကသံ (ရူ၊ သမာဟာရ)။
- ခုံသော စ မကသော စ ခုံသမကသာ (အသမာဟာရ)။

မေး။ ဝိဝိဓဝိရူဒွတ္ထဒွန်၌လည်း အများဖြစ်၍ သမာဟာရဒွန်ဖြစ်၏–ဟု မှတ်ရပါမည်လော၊ အထောက်သာဓကဖြင့် ရှင်းပြပါ။

ဖြေ။ ဝိဝိဓဝိရူဒွတ္ထဒွန်၌ ''အဟိ စ နကုလော စ, အဟိ စ နကုလာဓိ ဝါ အဟိနကုလံ'' ဟု ရူပသိဒ္ဓိဆရာဖွင့်ပြထားသောကြောင့် အများဖြစ်မှ သမာဟာရဒွန်ဖြစ်၏–ဟု မမှတ်ရပါ။ အများဖြစ်စေ, အနည်းဖြစ်စေ သမာဟာရဒွန် ဖြစ်နိုင်၏–ဟု မှတ်ရပါမည်။

မေး။ ဗိဒ္ဓာရမ္ဘသိက်–ကို ရူအလိုက္ခ ရုပ်တွက်ပြပါ။

ဖြေ။ ''ဗိဒ္ဓာရမ္ဘသိကာ''ဟုပကတိပြုပြီးနောက် သရော ရဿော နပုံသကေသုတ်ဖြင့် သမာသ်၏ဆုံးဖြစ်သော အာ–သရကို အ–ရဿပြု၊ ပြီး၏။

မေး။ (က) သီလပညာဏ် (ခ) သမထဝိပဿနံ –တို့၌ အသီးသီး ဝိသဘာဂတ္ထဒွန် ဖြစ်ပုံကို ရေးပြပါ။

ဖြေ။ (က) သီလသည် အေးမြခြင်းလက္ခဏာရှိ၍၊ ပညာသည် သိခြင်းလက္ခဏာရှိ၏။ ဤသို့ လက္ခဏာအားဖြင့် ကွဲပြားကြပါသော်လည်း ဆန့်ကျင်ဖက်ကိလေသာတို့ကို ပယ်သတ်ခြင်း ဟူသော အလုပ်ကိစ္စအားဖြင့် သဘောတူသောကြောင့် ဝိသဘာဂတ္ထဒွန် ဖြစ်ရပါသည်။ (ဋီကာ)

(ခ) သမထသည် အဝိက္ခေပလက္ခဏာရှိ၍၊ ဝိပဿနာသည် ပဋိဝေဓလက္ခဏာရှိ၏။ ဤသို့ လက္ခဏာအားဖြင့် ကွဲပြားကြပါသော်လည်း ဆန့်ကျင်ဖက်ကိလေသာတို့ကို ပယ်သတ်ခြင်းဟူသော အလုပ်ကိစ္စအားဖြင့် သဘောတူသောကြောင့် ဝိသဘာဂတ္ထဒွန် ဖြစ်ရပါသည်။

သိမှတ်ဖွယ်။ ။ နာမ်နှင့်ရုပ်တို့သည် လက္ခဏာအားဖြင့် ကွဲပြားကြသော်လည်း သင်္ခါယတန၏အကြောင်းဖြစ်ခြင်း ကိစ္စအားဖြင့် သဘောတူကြပါသည်။

ဟိရီနှင့် ဩတ္တပ္ပတို့သည် သတ္တလောကကို စောင့်ရှောက်ခြင်းဟူသော ကိစ္စအားဖြင့် သဘောတူကြသည်။

လောဘနှင့် မောဟတို့သည် အကုသိလ်၏ မူလဖြစ်ခြင်းကိစ္စအားဖြင့် သဘောတူကြသည်။

မေး။ ''သမာဟာရဒွန်၌ နပုလ္လိင် ကေဝုစ် အမြဲဖြစ်၏''ဟု မှတ်သားရပါမည်လော၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အံမော နိဂ္ဂဟိတံ စျလပေဟိ–သုတ်၌ ''အံမော''ဟု ပုလ္လိင်ဖြင့်ညွှန်ပြခြင်းကို တွေ့မြင်ရသောကြောင့် အချို့သော သမာဟာရဒွန်အရာ၌ နပုလ္လိင် မမြဲပါ။ ပုလ္လိင်,ဣတ္ထိလိင်လည်း ရှိနိုင်၏–ဟု မှတ်သားရပါမည်။ ကေဝုစ်ကား မြဲပါသည်။

http://www.dhammadownload.com

– အံမော၊ ပုလ္လိင်
အာဓိပစ္စပရိဝါရော၊ ။
– ဆန္ဒပါရိသုဒ္ဓိ၊ ပဋိသန္ဓိ ပဝတ္တိယံ ကထိလိင်။
– စက္ခုသောတံ နပုလ္လိင်။

မေး။ ဒါသီဒါသံ–ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ ''ဒါသီဒါသ''ဟု ပကတိပြု၊ တထာ ဒွန္ဒေသုတ် အာဒိသဒ္ဒါဖြင့် နပုံးကောတ်ငဲ့၊ ကွစာဒိ မဇ္ဈတ္တရာနံ–စသောသုတ်ဖြင့် သမာသ်အလယ်၌ဖြစ်သော ဤ–ကို ကြရဿပြု၊ နာမ်ငဲ့သိသက်, အံပြု၊ ခွင်း, ချေ, ကပ်၊ ပြီး၏။

မေး။ ပုဗ္ဗာပရံ–ဟူသော ဒိသတ္တဒွန်သမာသ်ပုဒ်ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ ''ပုဗ္ဗာ+စ+အပရာ+စ'' တည်၊ သမာသ်စပ်၍ ဒွန်အမည်မှည့်၊ ဝိဘတ်တို့ကို ချေ၊ စ–တို့ကို ချေ၊ ပုဗ္ဗာအပရာ–ဟု ပကတိပြု၊ နောက် အ–သရကိုချေ၊ တထာ ဒွန္ဒေသုတ်၌ အာဒိသဒ္ဒါဖြင့် နပုံး, ကောတ်ငဲ့၊ သရော ရဿော နပုံသကော–သုတ်ဖြင့် သမာသ်၏ အဆုံးဖြစ်သော အာ–ကို အ–ရဿပြု၊ နာမ်ငဲ့, သိသက်, အံပြု၊ ခွင်း, ချေ, ကပ်၊ပြီး၏။

၃၂၃၊ ၃၆၀။ ဝိဘာသာ ရုက္ခတိဏပသုဓနဓညဇနပဒါဒီနဉ္စ။ (၂၁၃)

မေး။ ဝိဘာသာ ရုက္ခတိဏ–စသော သုတ်ကို အဘယ်အကျိုးငှါ အားထုတ်ရပါသနည်း။

ဖြေ။ တထာ ဒွန္ဒေ–စသောရှေ့သုတ်လာ ပုဒ်တို့၌ အမြဲ ကောတ်, နပုံးငဲ့ရကား ရုက္ခတိဏ စသောပုဒ်တို့၌ ကောတ်, နပုံ မမြဲဟု ပြလိုသောကြောင့် ဝိဘာသာသဒ္ဒါနှင့်တကွ ဤသုတ်ကို အားထုတ်ရခြင်း ဖြစ်ပါသည်။

မေး။ ရုက္ခ, တိဏ စသောဒွန်တို့၌ နပုံး, ကောတ်မငဲ့လျှင် မည်သည့်လိင်ဝုစ် ဖြစ်ရပါမည်နည်း။

ဖြေ။ နပုံး, ကောတ် မငဲ့လျှင် ကြတရီတရယောဂဒွန်ထုံးစံအတိုင်း ဗဟုဝုစ်ချည်းနေ၍ နောက် ပုဒ်လိင်သို့လည်း လိုက်ရပါမည်။

နပုံး, ကောတ်ငဲ့လျှင် သမာဟာရဒွန်။
နပုံး, ကောတ်မငဲ့လျှင် ကြတရီတရယောဂ (အသမာဟာရ) ဒွန်–ဟုမှတ်ပါ။

မေး။ ''ဟတ္ထိ စ ဂါဝေါ စ အဿာ စ ဝဠဝါ စ ဟတ္ထိဂဝဿဝဠဝံ၊ ဟတ္ထိဂဝဿဝဠဝံ ဝါ'' ဟူသော ပသုဒွန်၌ ဟတ္ထိ, အဿတို့သည် သေနှံဖြစ်ပါလျက် အဘယ့်ကြောင့် ထပ်မံပြဆိုရပြန်ပါသနည်း။

ဖြေ။ ဟတ္ထိ, အဿ တို့သည် သေနှံဖြစ်သော်လည်း သမာဟာရမမြဲကြောင်းကို ပြလိုသောကြောင့် ဤ၌ ထပ်မံပြဆိုထားခြင်းဖြစ်ပါသည်။

ရုပ်တွက်။ ။ကွစာဒိ–သုတ်ဖြင့် ဟတ္ထိ၌ ဤ ကို ရဿပြု၊ ဩသရေ စသုတ်ဖြင့် ဂေါ–၌ ဩ–ကို အဝ ပြု၊ သရော ရဿော နပုံသကော–သုတ်ဖြင့် ဝဠဝါ–၌ အာ–ကို အ–ရဿပြု။

ဇနပဒ = လူအများတို့ သွားရောက် နေထိုင်ရာဖြစ်သည့် ကာသိတိုင်း, ကောသလတိုင်း စသော နယ်ပယ်ဒေသများကို **''ဇနပဒ=ဇနပုဒ်''**ဟု ခေါ်သည်။

http://www.dhammadownload.com

မေး။ ဝိဘာသာ ရုက္ခ–စသောသုတ်၌ အာဒိသဒ္ဒါဖြင့် နပုံး, ဇကတ်ငဲ့ရမည့်သဒ္ဒါများကို စုံလင်စွာ ဖော်ပြပါ။

ဖြေ။ ဂုဏ်အားဖြင့် အချင်းချင်း ဆန့်ကျင်ဘက်သဘောရှိသော အနက်ဟောသဒ္ဒါ၊ ဌက်အနက်ဟောသဒ္ဒါ၊ ဟင်းမျိုးအနက်ဟောသဒ္ဒါတို့ဖြစ်ပါသည်။

– ကုသလဿ အကုသလဿ ကုသလာကုသလာ ဝါ။
– ဟံသာ စ ဗကာ စ ဟံသဗကာ၊ ဟံသဗကာ ဝါ။
– ဒမိ စ ဃတဿ ဒမိဃတံ၊ ဒမိဃတာ ဝါ။

မေး။ ရတ္တိန္ဒိဝံ၊ အဟောရတ္တံ–တို့ကို သမာသ်ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ ရတ္တိဒိဝါ–ဟုပကတိပြု၊ ကွစိ သမာသန္တသုတ်ဖြင့် အာ–ကို အ–ပြု။
အဟောရတ္တိ–ဟု ပကတိပြု၊ ကွစိ သမာသန္တသုတ်ဖြင့် ရတ္တိ–၌ က္ကာ–ကို အ–ပြု။

၃၂၄၊ ၃၃၉။ ဒွိပဒေ တုလျာဓိကရဏေ ကမ္မဓာရယော။ (၁၈၃)

မေး။ ကမ္မဓာရယ်သမာသ် ၉–မျိုးကို ရေတွက်ပြခဲ့ပါ။

ဖြေ။ (၁) ဝိသေသနပုဗ္ဗပဒကမ္မဓာရည်းသမာသ် (၂) ဝိသေသနုတ္တရပဒကမ္မဓာရည်းသမာသ်
(၃) ဝိသေသနောဘယပဒ ။ (၄) ဥပမာနုတ္တရပဒ ။
(၅) သမ္ဘာဝနာပုဗ္ဗပဒ ။ (၆) အဝဓာရဏပုဗ္ဗပဒ ။
(၇) နနိပါတပုဗ္ဗပဒ ။ (၈) ကုနိပါတပုဗ္ဗပဒ ။
(၉) ပါဒိပုဗ္ဗပဒ ကမ္မဓာရည်းသမာသ်တို့ ဖြစ်ပါသည်။

(၁၀)မျိုး – ''ဥပမာနပုဗ္ဗပဒ ကမ္မဓာရည်းသမာသ်''ထည့်လျှင် (၁၀) မျိုးဖြစ်ပါသည်။
– ကမ္မ မိဝ ကမ္မ၊ ကမ္မဿ တံ ဓာရယော စာတိ ကမ္မဓာရယော။
၄င်းကို ၉–မျိုးထည်းသို့ ထည့်သွင်းလျှင် ဝိသေသနပုဗ္ဗပဒထည်းသို့ ထည့်သွင်းရပါမည်။

မေး။ ကမ္မဓာရည်းသမာသ် ဝိဂြိုဟ်ဆိုရာ၌ စ–သဒ္ဒါ, တသဒ္ဒါတို့ကို အဘယ်အကျိုးငှါ ထည့်ဆိုရပါသနည်း။

ဖြေ။ တုလျာဓိကရဏအဖြစ် ထင်ရှားစေခြင်းအကျိုးငှါ ထည့်ဆိုရခြင်း ဖြစ်ပါသည်။

မှတ်ချက်။ ။ စ သဒ္ဒါက ပဝတ္တနိမိတ်ပြားကြောင်းကို ပြ၍၊ တ သဒ္ဒါက အနက်ဒြပ်မပြားကြောင်းကို ပြပါသည်။

မေး။ ဒွိပဒေ တုလျာဓိကရဏေ ကမ္မဓာရယော–သုတ်၏ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ မဟန္တော+ပုရိသော–စသော နာမ်ဝိဘတ်ဆုံး၍ တုလျာဓိကရဏဖြစ်သော ပုဒ် ၂–ပုဒ်တို့ကို အချင်းချင်းသမာသ်စပ်၍၊ ထိုသမာသ်ကို ကမ္မဓာရည်း အမည်မှည့်ပါ–ဟု ဆိုလိုပါသည်။ (ထို့ကြောင့် ဤသုတ်သည် ဝိဓိသုတ်, သညာသုဆတ် နှစ်မည်ရသော သုတ်ဖြစ်ပါသည်။)

မေး။ ဒွိပဒေ တုလျာဓိကရဏေ ကမ္မဓာရယော–၌ တုလျာဓိကရဏအဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ''တုလျံ သမာနံ အဓိကရဏံ အဿာ ယသ္သ ပဒဿ်ယသ္သာတိ တုလျာဓိကရဏံ'' ဟူသော ဝစနတ္ထနှင့်အညီ ''မြတ်သောယောဂျား'' ဟူသော တူသော တည်ရာအနက် ရှိသော မဟန္တ, ပုရိသ–ဟူသော ပုဒ် ၂–ခုအပေါင်းကို ''တုလျာဓိကရဏ'' ဟုဆိုပါသည်။

http://www.dhammadownload.com

မေး။ ဒွိပဒေ တုလျာဓိကရဏော ကမ္မဓာရယော–၌ ''တုလျာဓိကရဏာအဖြစ်''ဟူသည် အဘယ်နည်း (တုလျာဓိကရဏသရုပ်ကို ဖော်ထုတ်ဖြေဆိုပါ။)

ဖြေ။ ပဝတ္တနိမိတ် ကွဲပြားနေသော ပုဒ် ၂–ခုတို့၏ ဝိသေသန + ဝိသေသျ အဖြစ်ဖြင့် တစ်ခုတည်းသော အနက်၌ ဖြစ်ခြင်းသည် ''တုလျာဓိကရဏာအဖြစ်'' မည်ပါသည်။

ရှင်းချက်။ ။ ''မဟန္တ'' သဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းပဝတ္တနိမိတ်သည် အမြတ်ဂုဏ်ဖြစ်၍၊ ''ပုရိသ''သဒ္ဒါဖြစ်ခြင်း၏ အကြောင်းပဝတ္တနိမိတ်သည် ယောကျ်ားဇာတ်ဖြစ်၏။ ဤသို့ သဒ္ဒပဝတ္တနိမိတ် ကွဲပြားနေသော်လည်း ဝိသေသန ဖြစ်သော မဟန္တ–သည် ဝိသေသျ ဖြစ်သော ပုရိသနှင့်တွဲသောအခါ အမြတ်ဂုဏ်ကို မဟောဘဲ မြတ်သောယောကျ်ားဖြေပ်ကို ဟော၏။ ပုရိသ–လည်း ယောကျ်ားဇာတ်ကို မဟောဘဲ မြတ်သော ယောကျ်ားဖြေပ်ကိုပင် ဟော၏။ ဤသို့လျှင် သဒ္ဒပဝတ္တနိမိတ်ကွဲပြားနေသော ပုဒ် ၂–ပုဒ်တို့၏ ဝိသေသန+ဝိသေသျအဖြစ်ဖြင့် ''မြတ်သောယောကျ်ား'' ဟူသော တစ်ခုတည်းသောအနက်၌ ဖြစ်ခြင်းသည် ''တုလျာဓိကရဏတာ = တုလျာဓိကရဏာအဖြစ်'' မည်ပါသည်။

မေး။ ''ကမ္မဓာရယ=ကမ္မဓာရည်း''ဟူသော စကားလုံး၏ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ''ဒွယံ ဓာရယတီတိ ဓာရယော၊ ကမ္မ မိဝ ဓာရယော ကမ္မဓာရယော''ဟူသော ဝစနတ္ထနှင့် အညီ ''ကဋ္ဌံ ကရောတိ''ဟူသော ပြယုဂ်၌ ကဋ္ဌံ–ဟူသော ကံသည် ပြုခြင်းကြိယာ, ဖျာဖြင့်ပြီးစေရမည့် အကျိုး၊ ဤနှစ်မျိုးကို ဆောင်တတ်သကဲ့သို့၊ ထို့အတူ မဟာပါရိသော–ဟူသော သမာသ်ပုဒ်သည်လည်း ယောကျ်ားဖြေပ်တည်းဟူသော အနက်တစ်ခုတည်း၏ မဟန္တပုရိသ–ဟူသော အမည်နှစ်မျိုးကို ဆောင်တတ်သောကြောင့် ''ကမ္မဓာရယ= **ကမ္မ**ဓာရည်း'' မည်ပါသည်။

မေး။ ကံ–က အဘယ်ကြောင့် ကြိယာနှင့် အကျိုး ဤနှစ်မျိုးကို ဆောင်နိုင်ပါနည်း။

ဖြေ။ ကံရှိလျှင် ကြိယာနှင့် အကျိုး ဤနှစ်မျိုး ကောန်ဖြစ်သင့်သောကြောင့် ကံက ကြိယာနှင့် အကျိုး ဤနှစ်မျိုးကို ဆောင်နိုင်ခြင်း ဖြစ်ပါသည်။

မေး။ မဟာပုရိသော–စသော ကမ္မဓာရယ်သမာသ်သည် အဘယ်ကြောင့် အမည်နှစ်**မျိုး**ကို ဆောင်နိုင်ပါသနည်း။

ဖြေ။ ထိုသမာသ်ဖြစ်လတ်သော် တစ်ခုတည်းသော အနက်ကို ထွန်းပြတတ်သော အမည်နှစ်ပါး အပေါင်း ဖြစ်သင့်သောကြောင့် မဟာပုရိသော–စသော ကမ္မဓာရည်းသမာသ်သည် အမည်နှစ်မျိုးကို ဆောင်တတ်နိုင်ခြင်းဖြစ်ပါသည်။

မေး။ ကမ္မဓာရယ–ပုဒ်ကို ''ကမ္မဓာရယ်'' ဟူ၍လည်းကောင်း၊ ''ကမ္မဓာရဲ''ဟူ၍လည်းကောင်း၊ ''ကမ္မဓာရည်း''ဟူ၍လည်းကောင်း အမျိုးမျိုး မြန်မာပြန်ဆိုရေးသားကြရာ၊ အဘယ် အရေးအသားက ပို၍ကောင်းပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''ကမ္မဓာရယ်''သည် ကမ္မဓာရယ–ပုဒ်၌ ယ–ဝယ် အသတ်တင်၍ ရေးခြင်းဖြစ်၍၊ ''ကမ္မဓာရဲ''ကား ''နောက်ပစ် ယ်သတ် သမာနတော''ဟူသည်နှင့်အညီ ယ်–သတ်ကို နောက်ပစ်သို့ ပြောင်းလဲ၍ (နိရယ–ကို နိရဲ = ငရဲ ဟု ရေးသကဲ့သို့) ရေးသားခြင်းဖြစ်သည်။ ပစ္စယ–ကို ပစ္စည်း၊ ထုလ္လစ္စယ–ကို ထုလ္လစ္စည်း၊ နိဿယ–ကို နိဿရည်း၊ သိဋ္ဌယ–ကို သိဋ္ဌည်း၊ ဥပနိဿယ–ကို ဥပနိဿယည်း–စသည်ဖြင့် ယ–ကို ည်သတ်နှင့် လဲလှယ်၍

http://www.dhammadownload.com

မြန်မာမှုပြုခြင်းက များသောကြောင့် ''ကမ္မဓာရည်း''ဟူသောအရေးအသားက ပိုကောင်းသည် ဟု ဆိုရပါမည်။

မေး။ ကမ္မဓာရည်းသမာသ်ပုဒ်ကို ရုပ်တွက်ရာ၌ အဘယ့်ကြောင့် စသဒ္ဒါ, တသဒ္ဒါတို့ကို ချေပစ်ရပါသနည်း။

ဖြေ။ မဟန္တပုရိသ–ဟု သမာသ်စပ်ပြီးသောအခါ ထိုသမာသ်ကပင် စ, တ သဒ္ဒါတို့က ဖော်ပြသည့် တုလျာဓိကရဏအဖြစ်ကို အမွေခံ၍ ဟောနိုင်သောကြောင့် ''ဝုတ္တတ္ထာန မပ္ပယောဂေါ''ပရိဘာသာအရ ၎င်းတို့ကို ချေပစ်ရခြင် းဖြစ်ပါသည်။

– ဝုတ္တော အတ္ထော ယေသန္တိ ဝုတ္တတ္ထာ။ စ, တသဒ္ဒါတို့ကို ရ၏။

မေး။ (က) ဝိသေသနပုဗ္ဗ ကမ္မဓာရည်းသမာသ် (ခ) ဝိသေသနုတ္တရပဒ ကမ္မဓာရည်းသမာသ် (ဂ) ဝိသေသနောဘယပဒ ကမ္မဓာရည်းသမာသ် ပုံစံများကို အသီးသီးဖော်ပြပါ။

ဖြေ။ (က) မဟန္တော စ သော ပုရိသော စာတိ မဟာပုရိသော၊ မဟာဝီရော၊ မဟုမုနိ–စသည်။

(ခ) သာရိပုတ္တော စ သော ထေရော စာတိ သာရိပုတ္တတ္ထေရော၊ ဗုဒ္ဓဃောသာစရိယော၊ မဟောသဓပဏ္ဍိတော–စသည်။

(ဂ) သီတဉ္စ တံ ဥဏှဉ္စာတိ သီတုဏှံ၊
သိနိဒ္ဓေါ စ သော ဥဏှော စာတိ သိနိဒ္ဓုဏှော။
ခဉ္ဇော စ သော ခုဇ္ဇော စာတိ ခဉ္ဇခုဇ္ဇော–စသည်။

မေး။ ကမ္မဓာရည်းသမာသ်မှန်လျှင် တပ္ပုရိသ်လည်း အမည်ရလေရာ ဝိသေသျဖြစ်သော ရှေ့ပုဒ်အနက် ပြဋ္ဌာန်းသော ဝိသေသနုတ္တရပဒကမ္မဓာရည်းသမာသ်ပုဒ်, ဝိသေသန နှစ်ပုဒ်အနက် ပြဋ္ဌာန်းသော ဝိသေသနောဘယပဒ ကမ္မဓာရည်းသမာသ်ပုဒ်တို့၌ နောက်ပုဒ်အနက် မပြဋ္ဌာန်းသောကြောင့် အဘယ်သို့လျှင် တပ္ပုရိသ်အမည် ရနိုင်ပါမည်နည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ထိုသမာသ်ပုဒ်တို့၌ နောက်ပုဒ်အနက် မပြဋ္ဌာန်း၍ မုချတပ္ပုရိသ်အမည် မရနိုင်သော်လည်း မဟာပုရိသော–စသော တပ္ပုရိသ်သမာသ်ပုဒ်များနှင့် ရှေ့, နောက်ပုဒ်ဝယ် ပဌမာဝိဘတ် ကျေခြင်းအားဖြင့် တူသောကြောင့် သဒိသူပစာအားဖြင့် တပ္ပုရိသ်–ဟူသောအမည်ကို ရနိုင်ကြပါသည်။

မေး။ ''တပ္ပုရိသ်သမာသ်၌ နောက်ပုဒ်အနက် ပြဋ္ဌာန်း၏''ဟူသော စကားကို မုချအားဖြင့် မှတ်သားရပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ နောက်ပုဒ်အနက် မပြဋ္ဌာန်းသော 'သာရိပုတ္တတ္ထေရော'စသော ဝိသေသနုတ္တရပဒကမ္မဓာရည်း (တပ္ပုရိသ်)သမာသ်ပုဒ်, 'သီတုဏှံ'စသော ဝိသေသနောဘယပဒကမ္မဓာရည်း (တပ္ပုရိသ်) သမာသ်ပုဒ်, 'အစ္စန္တံ' စသော အမာဒိတပ္ပုရိသ်သမာသ်ပုဒ်တို့ကို တွေ့မြင်ရသောကြောင့် ထိုစကားကို မုချအားဖြင့် မမှတ်သားရပါ။ 'ယေဘုယျစကား'ဟုသာ မှတ်သားရပါမည်။

မေး။ ကမ္မဓာရည်းသမာသ်၌ အဘယ့်ကြောင့် ဝိသေသနပုဒ် ရှေ့ကျရကြောင်းကို သိရပါသနည်း။

ဖြေ။ မဟာပုရိသော–ဟူသော ကမ္မဓာရည်းသမာသ်၌ ဝိသေသနဖြစ်သော ရှေ့မဟန္တ–ပုဒ်ကို မဟာ–အပြုစီရင်သောကြောင့် ကမ္မဓာရည်းသမာသ်၌ ဝိသေသနပုဒ် ရှေ့ကျရကြောင်း (ရှေ့၌ နေရကြောင်း)ကို သိရပါသည်။

http://www.dhammadownload.com

မေး။ ပုဏ္ဏော + မန္တာနိပုတ္တော၊ စိတ္တော + ဂဟပတိ၊ သက္ကော + ဒေဝရာဇာ စသည်တို့၌ တုလျာဓိကရဏဖြစ်ပါလျက် အဘယ့်ကြောင့် ကမ္မဓာရည်း (တပ္ပုရိသ်)သမာသ် မဖြစ်ပါသနည်း။

ဖြေ။ ဝိဘာသာ ရုက္ခ တိဏ-သုတ်မှ ဝိဘာသာသဒ္ဒါသည် သမာသ်ကို စီရင်ရာ သုတ်တိုင်းသို့ လိုက်လာသောကြောင့် ပုဏ္ဏ နှင့် မန္တာနိပုတ္တ၊ စိတ္တ နှင့်ဂဟပတိ၊ သက္က နှင့် ဒေဝရာဇာတို့ တုလျာဓိကရဏဖြစ်သော်လည်း ကမ္မဓာရည်း သမာသ်မဖြစ်ပါ။

မေး။ ဝိသေသနုတ္တရပဒ ကမ္မဓာရည်းသမာသ်၌ ထေရ၊ အာစရိယ၊ ပဏ္ဍိတ-စသောပုဒ်များ အဘယ့်ကြောင့် နောက်နေကြရပါသနည်း။

ဖြေ။ ဘုရားဟော ပါဠိတော်အား မဆန့်ကျင်သောအားဖြင့် ထိုပုဒ်များ နောက်နေကြရခြင်း ဖြစ်ပါသည်။

မေး။ (က) ဥပမာနုတ္တရပဒ (ခ) သမ္ဘာဝနာပုဗ္ဗပဒ (ဂ) အဝဓာရဏပုဗ္ဗပဒ ကမ္မဓာရယ်သမာသ်တို့၏ ပုံစံများကို အသီးသီးဖော်ပြပါ။

ဖြေ။ (က) သီဟော ဝိယ သီဟော၊ မုနိ စ သော သီဟော စာတိ မုနိသီဟော။
မုနိဝသဘော၊ မုနိပုင်္ဂဝေါ-စသည်။
(ခ) ဓမ္မော ဣတိ ဗုဒ္ဓိ ဓမ္မဗုဒ္ဓိ။ ဓမ္မသညာ၊ ဓမ္မသခီတော-စသည်။
(ဂ) ဂုဏော ဧဝ ဓနံ ဂုဏဓနံ၊ သဒ္ဒါဓနံ၊ သီလဓနံ၊ ပညာဓနံ-စသည်။

မေး။ ဥပမာနုတ္တရပဒ ကမ္မဓာရည်းသမာသ်၌ အဘယ်ကြောင့် ဥပမာနဖြစ်သော ဝိသေသနပုဒ် နောက်နေရပါသနည်း။

ဖြေ။ ပြယုဂ်အားလျော်စွာ နောက်နေရခြင်းဖြစ်ပါသည်။

မေး။ သမ္ဘာဝနာပုဗ္ဗပဒ ကမ္မဓာရည်းသမာသ်, အဝဓာရဏပုဗ္ဗပဒ ကမ္မဓာရည်းသမာသ်တို့၏ အဓိပ္ပာယ်ကို ရေးပြပါ။

ဖြေ။ သမ္ဘာဝနာအနက်ကို ပြတတ်သည့် ဣတိသဒ္ဒါနှင့် တကွဖြစ်သော ရှေ့ပုဒ်ရှိသော ကမ္မဓာရည်း သမာသ်သည် ''သမ္ဘာဝနာကမ္မဓာရည်း''သမာသ် မည်၏။
တားမြစ်ခြင်းအနက်ကို ပြတတ်သည့် ဧဝသဒ္ဒါနှင့် တကွဖြစ်သော ရှေ့ပုဒ်ရှိသော ကမ္မဓာရည်းသမာသ်သည် ''အဝဓာရဏကမ္မဓာရည်းသမာသ်'' မည်၏။

မေး။ ဧဝ-သဒ္ဒါဖြင့် ဝိဂြိုဟ်ဆိုရာ၌ သမ္ဘာဝနာပုဗ္ဗပုဒနှင့် အဝဓာရဏပုဗ္ဗပဒတို့ကို ခွဲခြားပြခဲ့ပါ။

ဖြေ။ သန္နိဋ္ဌာနာဝဓာရဏအနက်ရှိသော ဧဝသဒ္ဒါဖြင့် ဝိဂြိုဟ်ဆိုရသော ကမ္မဓာရည်းသမာသ်သည် ''သမ္ဘာဝနာပုဗ္ဗပဒ ကမ္မဓာရည်းသမာသ်''၊ နိဝတ္တာပနာဝဓာရဏအနက်ရှိသော ဧဝသဒ္ဒါဖြင့် ဝိဂြိုဟ်ဆိုရသော ကမ္မဓာရည်းသမာသ်သည် ''အဝဓာရဏပုဗ္ဗပဒ ကမ္မဓာရည်းသမာသ်'' ဖြစ်ပါသည်။
ဘာသာဋီကာဆရာတော်အလိုကား ဧဝသဒ္ဒါဖြင့် ဝိဂြိုဟ်ပြုရသမျှ ''အဝဓာရဏကမ္မဓာရည်းသမာသ်ချည်း'' ဖြစ်ပါသည်။

မေး။ (က) နနိပါတပုဗ္ဗပဒ (ခ) ကုပုဗ္ဗပဒ (ဂ) ပါဒိပုဗ္ဗပဒ ကမ္မဓာရယ်သမာသ်တို့၏ ပုံစံများကို အသီးသီး ရေးသားဖော်ပြပါ။

http://www.dhammadownload.com

ဖြေ။ (က) နှ ဗြာဟ္မဏော အဗြာဟ္မဏော၊
နှ ဗျာကတာ အဗျာကတာ၊ နှ ကုသလာ အကုသလာ–စသည်။
(ခ) ကုစ္ဆိတံ အန္ခံ ကဒန္ခံ၊ ကဒသနံ၊
(ဂ) ပဓာနံ ဝစနံ ပါဝစနံ၊ ဘုသံ ဝဒ္ဓံ ပဝဒ္ဓံ။
သမံ, သမ္မာ ဝါ အာဓာနံ သမာဓာနံ။
ဝိဝိဓာ မတိ ဝိမတိ။ ဝိဝိဓော ကပ္ပေါ ဝိကပ္ပေါ။
ဝိသိဋ္ဌော ဝါ ကပ္ပေါ ဝိကပ္ပေါ–စသည်။

မေး။ ကမ္မဓာရည်းသမာသ် ၉–မျိုးတို့တွင် နိစ္စသမာသ်တို့ကို ဖော်ပြပါ။

ဖြေ။ ကုပုဗ္ဗပဒနှင့် ပါဒိပုဗ္ဗပဒကမ္မဓာရည်းသမာသ်တို့ ဖြစ်ပါသည်။ (နိစ္စသမာသ်ဖြစ်သောကြောင့် ကုစ္ဆိတ, ပဓာန စသော ပုဒ်တစ်ပါးဖြင့် ဝိဂြိုဟ်ဆိုရပါသည်။)

၃၂၅၊ ၃၄၈။ သချ်ာပုဗ္ဗော ဒိဂု။ (၁၉၀)

မေး။ ဒိဂုသမာသ် ဝိဂြိုဟ်ဝါကျ ၃–မျိုးကို ဖော်ပြပါ။

ဖြေ။ (၁) တယော လောကာ သမာဟာရော (= စီတွေန သမွိဏ္ဍိတာ) တိလောကံ။
(၂) တိဏ္ဏံ လောကာနံ သမာဟာရော တိလောကံ။ (ရှေ့)
(၃) တယော လောကာ တိလောကံ။ (ကစွည်း)

မှတ်ချက်။ ။ သမာဟာရဒိဂုဖြစ်ကြောင်း သိစေလိုသောကြောင့် ဝိဂြိုဟ်ဝါကျ၌ သမာဟာရော, သမာဟာရော–ပုဒ်တို့ကို ထည့်စွက်ပြဆိုထားခြင်း ဖြစ်ပါသည်။

မေး။ ဒိဂုသမာသ် ရုပ်တွက်နည်းကို အကျဉ်းချုပ် ရေးပါ။

ဖြေ။ ဒိဂုသမာသ် ရုပ်တွက်ရာ၌ ကမ္မဓာရည်းသမာသ် ရုပ်တွက်နည်းအတိုင်း ပကတိပြု တိုင်အောင် တွက်ရမည်။ ထို့နောက် ဒိဂုအမည်, တပ္ပုရိသ်အမည်များ မှည့်ရမည်။ ထို့နောက် နုပုံး ဇကတ် ငဲ့သင့်က ငဲ့ပြီး၊ နာမ်ငဲ့ စသည်စီရင်၍ တွက်ရပါမည်။

မေး။ ''ဒိဂုသမာသ်''အဓိပ္ပါယ် ၃–မျိုးကို ပေါ်လွင်ထင်ရှားအောင် ရေးပြပါ။

ဖြေ။ (၁) ''ဒွေ ဂါဝေါ ဒိဂု၊ ဒိဂု ဝိယာတိ ဒိဂု''ဟူသော ဝစနတ္ထနှင့်အညီ ဒိဂု သဒ္ဒါသည် ဒွိ–ဟူသော သချ်ာရှေးရှိခြင်း၊ ဒွိ–နှင့် ဂေါ–တို့ အနက်အရ တူခြင်း ဟူသော လက္ခဏာ ၂–ပါးရှိသကဲ့သို့၊ ထို့အတူ ဤတိလောကံ–စသော သမာသ်သည် လည်း သချ်ာရှေးရှိခြင်း, အနက်အရတူခြင်းဟူသော လက္ခဏာ ၂–ပါးတို့ဖြင့် ဒိဂုသဒ္ဒ် နှင့်တူသောကြောင့် ''ဒိဂု'' မည်ပါသည်။
(၂) ''ဒွိဟိ (လက္ခဏောဟိ) ဂတော အဝဂတောတိ ဒိဂု''ဟူသော ဝစနတ္ထနှင့် အည်း သချ်ာရှေးရှိခြင်း၊ နုပုံး, ဇကတ်ဖြစ်ခြင်းဟုဆိုအပ်သော ၂–ပါးသော လက္ခဏာတို့ဖြင့် သိအပ်မှတ်အပ်သောကြောင့် ''ဒိဂု'' မည်ပါသည်။
(၃) ''ဒွိဟိ (လက္ခဏောဟိ) ဂစ္ဆတိ ပဝတ္တတိတိ ဒိဂု''ဟူသောဝစနတ္ထနှင့်အညီ သချ်ာ ရှေးရှိခြင်း၊ နုပုံး, ကေတ်ဖြစ်ခြင်းဟုဆိုအပ်သော လက္ခဏာ ၂–ပါးတို့ဖြင့် ဖြစ်တတ်သောကြောင့် **''ဒိဂု'' မည်ပါသည်။**

http://www.dhammadownload.com

ရှင်းချက်။ ။ထို ၃-နည်းတို့တွင် ဒုတိယနည်း၌ ဂမုဓာတ်သည် ''သိခြင်း'' အနက်ဟော ဖြစ်၍၊ တတိယနည်း၌ ဂမုဓာတ်ကား ''ဖြစ်ခြင်း'' အနက်ဟောဖြစ်၏။ ထိုဒုတိယနည်း, တတိယနည်းတို့ဖြင့် ပြအပ်သော ဒိဂုအမည်သည် ယေဘုယျနည်းဖြင့် ရအပ်သော အမည်ဖြစ်၏။ အကြောင်းကား-အသမာဟာရဒိဂု၌ နပုံး, ဧကတ်ဖြစ်ခြင်း ဟူသော လက္ခဏာမရှိသောကြောင့်တည်း။

အမှာ။ ။ ''တိလောကံ-စသော ဒိဂုသမာသ်၏ ဒိဂု-သဒ္ဒါနှင့် တူပုံကို ရှင်းပြပါ'' ဟူသော မေးခွန်းကိုဖြေတတ်ပါစေ။

မေး။ (က) ဒိဂုသမာသ်စပ်နိုင်ဖို့အတွက် လက္ခဏာ ၂-ချက်၊

(ခ) ဒိဂုသမာသ်ဟု သိနိုင် ဆုံးဖြတ်ချက်ချဖို့အတွက် လက္ခဏာ ၂- ချက်တို့ကို ဖော်ပြပါ။

ဖြေ။ (က) **ဒိဂုသမာသ်စပ်နိုင်ဖို့အတွက် လက္ခဏာ ၂-ချက်မှာ-**

၁။ သင်္ချာရှေးရှိခြင်း ၂။ အနက်အရတူခြင်းတို့ ဖြစ်ပါသည်။

(ခ) **ဒိဂုသမာသ်ဟု သိနိုင် ဆုံးဖြတ်ချက်ချနိုင်ဖို့အတွက် လက္ခဏာ ၂-ချက်မှာ-**

၁။ သင်္ချာရှေးရှိခြင်း ၂။ နပုံး ဧကတ်ဖြစ်ခြင်းတို့ ဖြစ်ပါသည်။

မေး။ ဒိဂု-ပုဒ်၏ ဝစနတ္ထ ၃-မျိုးအားလျော်စွာ ရုပ်ပြီးပုံ ၃-မျိုးကို ရေးပြပါ။

ဖြေ။ **ပထမဝစနတ္ထ**၌ ''ဒွိ+ဂေါ'' ဟု ပကတိပြုပြီးသောအခါ ''ဒိဂုဏံ''ပုဒ်ကဲ့သို့ ဝီသတိဒသေသု ဗာ ဒွိဿ တု-သုတ်၌ တုသဒ္ဒါဖြင့် ဒွိ-ကို ဒိ-ပြု၊ **သရော ရသော** နပုံသကေ-သုတ်ဖြင့် ဂေါ-၌ ဩ-ကို ဥ-ရဿပြု၊ နာမ်ငဲ့စသည် **စီရင်၍** ''ဒိဂု'' ဟုရုပ်ပြီးပါသည်။

ဒုတိယ, တတိယဝစနတ္ထတို့၌ ''ဒွိ+ဂမ်+ရူ''၊ ရမှိ ရန္တော ရာဒိနော-သုတ်ဖြင့် ရ်-အနုဗန်နှင့်တကွ ဓာတွန် မ်-ကို ချေ၊ ဂ-ခွင်း, ချေ, ကပ် (ဒွိဂူ)၊ ''ဒိဂု'' ဟူသော ဤနိပါတနဖြင့် ဦ-ကို ဥ-ရဿပြု၊ ဒွိ-ကို ဒိ-ပြု နာမ်ငဲ့စသည် စီရင်၍ ''ဒိဂု''ဟု ရုပ်ပြီးပါသည်။

မေး။ ဒိဂုသမာသ်၌ အဘယ်ကြောင့် သင်္ချာသဒ္ဒါ ရှေ့ကျရပါသနည်း။

ဖြေ။ ''သင်္ချာပုဗ္ဗော''ဟုဆိုသောကြောင့် သင်္ချာသဒ္ဒါ ရှေ့ကျရခြင်းဖြစ်ပါသည်။

၃၂၆၊ ၃၄၁။ ဥဘေ တပ္ပုရိသာ။ (၁၈၄)

မေး။ ''တပ္ပုရိသ်''၏ အဓိပ္ပါယ်ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''တဿ ပုရိသော တပ္ပုရိသော၊ တပ္ပုရိသော ဝိယာတိ တပ္ပုရိသော'' ဟူသော ဝစနတ္ထနှင့်အညီ တပ္ပုရိသ-သဒ္ဒါနှင့် တူသောကြောင့် ပုရိသ- စသော သမာသ်ပုဒ်ကိုလည်း အနွတ္ထသညာအားဖြင့် ''တပ္ပုရိသ်''ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ မဟာပုရိသော-စသောတပ္ပုရိသ်သမာသ်၏ တပ္ပုရိသ-သဒ္ဒါနှင့် တူပုံကို ရေးပြပါ။

ဖြေ။ တပ္ပုရိသ-သဒ္ဒါသည် တ-ဟူသော ရှေ့ပုဒ်၏ ''မင်း''ဟူသော ဂုဏ်ဝိသေသနဖြစ်သော အနက်ကို လွန်၍ ဂုဏေးဝိသေသျဖြစ်သော ပုရိသ-ဟူသော နောက်ပုဒ်၏ ''အချင်း ယောကျ်း''ဟူသောအနက်ကို ဟောသကဲ့သို့၊ ထို့အတူ ဤမဟာပုရိသော-စသော

http://www.dhammadownload.com

ကမ္မဓာရည်းသမာသ်သည်လည်း ဂုဏ်ဝိသေသနဖြစ်သော မဟာ(မဟန္တ) ဟူသော ရှေ့ပုဒ်၏ ''အမြတ်''ဟူသောအနက်ကို လွန်၍ ဂုဏောဝိသေသျဖြစ်သော ပုရိသ–ဟူသော နောက်ပုဒ်၏ ''ယောက်ျား'' ဟူသောအနက်ကို ဟောပါသည်။ ဤသို့လျှင် တပ္ပုရိသသဒ္ဒါနှင့် တူပါသည်။

မေး။ ''တပ္ပုရိသ်သမာသ်သည် ဂုဏ် ဝိသေသနဖြစ်သော ရှေ့ပုဒ်အနက်ကို လွန်၍ ဂုဏောဝိသေသျဖြစ်သော နောက်ပုဒ်အနက်ကို ဟောကြောင်း'' အဘယ့်ကြောင့် သိရပါသနည်း။

ဖြေ။ တပ္ပုရိသ်သမာသ်သည် နောက်ပုဒ်အနက် ပြဋ္ဌာန်းသောကြောင့် ဂုဏ်ဝိသေသနဖြစ်သော ရှေ့ပုဒ်အနက်ကို လွန်၍ ဂုဏောဝိသေသျဖြစ်သော နောက်ပုဒ်အနက်ကို ဟောကြောင်း သိရပါသည်။

အမှာ။ ။''တပ္ပုရိသ်သမာသ်၌ ပြဋ္ဌာန်းသော အနက်ကို ဖော်ပြပါ'' ဟူသော မေးခွန်းကို ဖြေတတ်ပါစေ။

မေး။ တပ္ပုရိသ်သမာသ်၏ လိင်နှင့်ဝုစ်တို့ကို ဖော်ပြပါ။

ဖြေ။ တပ္ပုရိသ်သမာသ်သည် အဘိဓေယျ (ဟောအပ်သောအနက်)၏ ဝုစ်အားလျော်စွာ ကေဝုစ်, ဗဟုဝုစ် နှစ်မျိုးရှိ၍၊ နောက်ပုဒ်လိင်ကဲ့သို့ လိင်လည်း ရှိပါသည်။ (လိင် သုံးပါး, ဝုစ်နှစ်ပါးရှိနိုင်၏–ဟု ဆိုလိုပါသည်။)

မေး။ တပ္ပုရိသ်သမာသ်၏ အဘိဓေယျကဲ့သို့ ဝုစ်နှစ်ပါးရှိပုံနှင့် နောက်ပုဒ်လိင်ကဲ့သို့ လိင်သုံးပါး ရှိပုံကို ပုံစံဖြင့်ရှင်းပြပါ။

ဖြေ။ အဘိဓေယျသည် ယောကျ်ားမြတ်တစ်ယောက်တည်းဖြစ်အံ့၊ ''မဟာပုရိသော''ဟု ကေဝုစ်ရှိရသည်။ နှစ်ယောက်, သုံးယောက်စသည်ဖြစ်အံ့၊ ''မဟာပုရိသာ''ဟု ဗဟုဝုစ်ရှိရသည်။

နောက်ပုဒ်သည် ပုရိသော–ဟု ပုလ္လိင်ဖြစ်အံ့၊ ထိုနောက်ပုဒ်လိင်နှင့် တူစွာ ''မဟာ–ပုရိသော''ဟု ပုလ္လိင်ရှိရသည်။ နောက်ပုဒ်က ဒေဝီ–ဟု ဣတ္ထိလိင်ဖြစ်အံ့၊ ''မဟာဒေဝီ'' ဟု ဣတ္ထိလိင်ရှိရသည်။ နောက်ပုဒ်က ဗလံ–ဟု နပုလ္လိင်ဖြစ်အံ့၊ ''မဟာဗလံ''ဟု နပုလ္လိင် ရှိရပါသည်။

ဝစနတ္ထ– အဘိဓေယျဿ ဝစနံ ဝိယ ဝစနံ ယဿာတိ အဘိဓေယျဝစနော။ ပရဿ လိင်ံ ဝိယ် လိင်ံ ယဿာတိ ပရလိင်ီ။

မေး။ ''သန္တော ပုရိသော သပ္ပုရိသော''ဟူသော ပုံစံ၌ သန္တ–သဒ္ဒါကို အဘယ်သုတ်ဖြင့် သ–ပြုရပါသနည်း။

ဖြေ။ သန္တ သဒ္ဒဿ သော ဘေ ဗော စန္တေ–သုတ်၌ စ–သဒ္ဒါဖြင့် သမာသ်အရာဝယ် ဘ–မနောင်းရာ၌လည်း သန္တသဒ္ဒါကို သ–ပြုရပါသည်။

၃၂၇၊ ၃၅၁။ အမာဒယော ပရပဒေဘိ။ (၁၉၃)

မေး။ သုဒ္ဓတပ္ပုရိသ်သမာသ်သည် အဘယ်ကြောင့် ၆–ပါး ပြားရပါသနည်း။

ဖြေ။ ဒုတိယာစသော ဝိဘတ် ၆–ခုတို့၏ အနက်၌ တပ္ပုရိသ်သမာသ်ဖြစ်သင့်သောကြောင့် သုဒ္ဓတပ္ပုရိသ်သမာသ် ၆–ပါး ပြားရပါသည်။

http://www.dhammadownload.com

မေး။ ပဌမာတပ္ပုရိသ် ဟူ၍ ရှိ/ မရှိ အကြောင်းပြ ဆုံးဖြတ်ပါ။

ဖြေ။ ရှိပါသည်။ ၄င်းတို့မှာ– တုလျာဓိကရဏ ဖြစ်သောကြောင့် ပဌမာဝိဘတ် အနက်၌ဖြစ်သော ကမ္မဓာရည်း, ဒိဂုသမာသ်တို့ ဖြစ်ပါသည်။

ပဌမာတပ္ပုရိသ် = မိဿကတပ္ပုရိသ်။
အမာဒိတပ္ပုရိသ် = သုဒ္ဓတပ္ပုရိသ်။

မေး။ ဒုတိယာတပ္ပုရိသ်သမာသ် တွဲစပ်ရမည့်နောက်ပုဒ်များကို ဖော်ပြပါ။

ဖြေ။ ဂတ, နိဿိတ, အတီတ, အတိက္ကန္တ, ပတ္တ, အာပန္န–စသည်တို့ ဖြစ်ပါသည်။

မေး။ တတိယာတပ္ပုရိသ်သမာသ် တွဲစပ်ရမည့်နောက်ပုဒ်များကို ဖော်ပြပါ။

ဖြေ။ ကိတ, ကိစ္စ ပစ္စယန္တပုဒ်များ၊ ပုဗ္ဗ, သဒိသ, သမ, ဥန အနက်ရှိသော သဒ္ဒါ, ကလဟ, နိပုဏ, မိဿက, သခိလ စသောပုဒ်များ ဖြစ်ပါသည်။

မေး။ စတုတ္ထီတပ္ပုရိသ်သမာသ် တွဲစပ်ရမည့်နောက်ပုဒ်များကို ဖော်ပြပါ။

ဖြေ။ တဒတ္ထ (ထို၏ဥစ္စာဖြစ်သောအနက်)ကိုဟောသော သဒ္ဒါ၊ အတ္ထ, ဟိတ, ဒေယျ–စသော ပုဒ်တို့ ဖြစ်ပါသည်။

မေး။ ပဉ္စမီတပ္ပုရိသ်သမာသ် တွဲစပ်ရမည့်နောက်ပုဒ်များကို ဖော်ပြပါ။

ဖြေ။ ခွဲခြားခြင်းအနက်ရှိသော ပုဒ်၊ ကြောက်ခြင်းအနက်ရှိသောပုဒ်၊ ရှောင်ကြဉ်ခြင်းအနက်ရှိသော ပုဒ်၊ လွတ်မြောက်ခြင်းအနက်ရှိသော ပုဒ်–စသည်တို့ ဖြစ်ပါသည်။

မေး။ ဆဋ္ဌီတပ္ပုရိသ်သမာသ် တွဲစပ်ရမည့်နောက်ပုဒ်များကို ဖော်ပြပါ။

ဖြေ။ ပုတ္တ, ပုရိသ, ပူဇက, သာဝက, ရူပ, ဝစန, ယောသ–စသော ပုဒ်တို့ ဖြစ်ပါသည်။

မေး။ သတ္တမီတပ္ပုရိသ်သမာသ် တွဲစပ်ရမည့်နောက်ပုဒ်များကို ဖော်ပြပါ။

ဖြေ။ သညာ, သဒ္ဓေတနာ, ဒုက္ခ, ဝိညာဏ–စသော ပုဒ်များ ဖြစ်ပါသည်။

မေး။ အမာဒယော ပရပဒေဘိ–၌ (က) အမာဒယော–အရ (ခ) ပရပဒေဘိ–အရတို့ကို ရှင်းလင်းဖော်ပြပါ။

ဖြေ။ ''အံ အာဒယော ယေသံ တေ အမာဒယော'' ဟူသော ဝစနတ္ထနှင့်အညီ အမာဒယော–အရ အံ အစရှိသော ဝိဘတ်တို့ကိုသာရသော်လည်း ထိုဝိဘတ်တို့ကို တတော စ ဝိဘတ္တိယော–သုတ်နှင့်အညီ လိင်နောင်သက်ရသောကြောင့် ထိုအံ–အစရှိသော ဝိဘတ် တို့အဆုံးရှိသော ရှေ့ပုဒ်တို့ကို အဝိနာဘာဝနည်းအားဖြင့် ယူရပါမည်။

ပရပဒေဘိ–အရ သာမညဆိုအပ်ပါသော်လည်း ဤသုတ်သို့ နာမာနံ သမာသော–သဒ္ဒါလိုက်လာသောကြောင့် နာမ်ပုဒ်တို့ကို ကောက်ယူရပါမည်။

ဝုတ္တိအဖွင့်၌ မှတ်ဖွယ်။ ။ ဝုတ္တိအဖွင့်၌ ''အမာဒယော ။ပ။ သမသျန္တေ'' ဟူသော ရှေ့ဝါကျဖြင့် သမာသ်စပ်ဖို့ရာ အစီအရင်ကို ပြ၍၊ ''သော သမာသော ။ပ။ ဟောတိ'' ဟူသော နောက်ဝါကျဖြင့် တပ္ပုရိသ်အမည်မှည့်ဖို့ရာ ပြသည်–ဟုမှတ်ပါ။ ဝိဓိ, သညာ အမည်နှစ်မျိုးရသုတ်တည်း။

မေး။ ဒုတိယာတပ္ပုရိသ်သမာသ် တွဲစပ်ရမည့်သဒ္ဒါတို့တွင် ကိတန္တဖြစ်သော ဂတသဒ္ဒါ၏

http://www.dhammadownload.com

အဘိဓေယျလိင်္ဂလိုက်ပုံကို ရေးပြပါ။

ဖြေ။ သရဏာဂတ–၌ ဟောအပ်သောအနက်သည် ပုရိသော–ဟု ပုလ္လိင်ဖြစ်အံ့၊ ထိုဟောနက်၏ လိင်နှင့်တူစွာ ''သရဏာဂတော''ဟု ပုလ္လိင်ရှိရပါမည်။

ဟောနက်သည် ကညာ–ဟု ဣတ္ထိလိင်ဖြစ်အံ့၊ ထိုဟောနက်၏လိင်နှင့်တူစွာ ''သရဏာ–ဂတာ''ဟု ဣတ္ထိလိင်ဖြစ်ရပါမည်။

ဟောနက်သည် ကုလံ–ဟု နပုလ္လိင်ဖြစ်အံ့၊ ထိုဟောနက်၏လိင်နှင့် တူစွာ ''သရဏာ–ဂတံ''ဟု နပုလ္လိင်ရှိရပါမည်။

မေး။ ''ဥပပဒသမာသ်'' ဟူသည် အဘယ်သမာသ်မျိုးဖြစ်ပါသနည်း၊ ရှင်းပြပါ။

ဖြေ။ ကမ္မကာရော–၌ ကမ္မ–သည် ကရဓာတ်၏အနီး၌ ရွှတ်ဆိုအပ်သောကြောင့် ''ဥပေါစ္စာရိတံ ပဒံ ဥပပဒံ''ဟူသော ဝစနတ္ထအရ ''ဥပပဒ'' မည်၏။ ထိုကမ္မ–စသော ဥပပဒနှင့် သမာသ်စပ်ရသော ကမ္မကာရော–စသည်ကို ''ဥပပဒသမာသ်''ဟု ခေါ်ဆိုရပါသည်။

မေး။ ''ကိတန္တ တပ္ပုရိသ်သမာသ်'' ဟူသော သဒ္ဒဝေါဟာရတစ်ခုရှိရာ ထိုဝေါဟာရ၏အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ကမ္မ–စသော ဥပပဒနှင့် တွဲဖက်မှ ဓာတ်နောင် ကိတ်ပစ္စည်းသက်နိုင်သော သမာသ် ဖြစ်သောကြောင့် ''ကမ္မကာရော, ကုမ္ဘကာရော, အတ္ထကာမော'' စသော ဥပပဒသမာသ်ကို ''ကိတန္တတပ္ပုရိသ်သမာသ် (=ကိတ်ပစ္စည်း အဆုံးရှိသော တပ္ပုရိသ်သမာသ်)'' ဟု ခေါ်စမှတ်ပြုကြခြင်း ဖြစ်ပါသည်။

မေး။ ကမ္မကာရော–စသော ဥပပဒသမာသ်၌ ''ကမ္မံ + ကာရော, ကုမ္ဘံ + ကာရော'' စသည်ဖြင့် ဝါကျအနေဖြင့် ရှိနိုင် / မရှိနိုင် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ ဥပပဒသမာသ်သည် နိစ္စသမာသ်ဖြစ်သောကြောင့် ကမ္မကာရော, ကုမ္ဘကာရော–စသည်ဖြင့် အမြဲတမ်း သမာသ်အနေဖြင့်သာ ရှိရပါမည်။ ကမ္မံ+ကာရော, ကုမ္ဘံ+ကာရော စသည်ဖြင့် ဝါကျအနေဖြင့် မရှိနိုင်ပါ။

မှတ်ချက်။ ။ နိစ္စသမာသ်ဖြစ်သောကြောင့် ''ကမ္မံ ကရောတီတိ ကမ္မကာရော'' စသည်ဖြင့် ကရောတိ–ဟူသော ကိုယ်စားလှယ်ကြိယာပုဒ်ဖြင့် ဝိဂြိုဟ်ဆိုရပါသည်။

မေး။ ''ဝိဘတ္တန်ံ ပဒံ''ဟူသည်နှင့်အညီ ကာရော–စသည်ဖြင့် နာမ်ဝိဘတ်ဆုံးမှ ပုဒ်–ဟု ခေါ်ရိုးရှိ၏။ ကမ္မနှင့် ကာရ–ကို သမာသ်စပ်ရာ၌ 'ကာရ'သည် ဝိဘတ္တန္တ မဟုတ်သေး ပါဘဲလျက် အဘယ့်ကြောင့် ''ပုဒ်''ဟု ခေါ်ဆိုနိုင်ပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ကာရ–သည် ဝိဘတ္တန္တ မဟုတ်သေးသော်လည်း ရှေ့ပုဒ်, နောက်ပုဒ်တို့၏ ''အမှုကိုပြုခြင်း'' ဟူသောအနက်ကို သိရသောကြောင့် **''ပုဗ္ဗပရာနံ အတ္ထာပလဒ္ဒိယံ ပဒံ''** ဟူသော ပရသမညာ(ပရိဘာသာ)အားဖြင့် ၄င်းကို 'ပုဒ်'ဟု ခေါ်ဆိုနိုင်ခြင်းဖြစ်ပါသည်။ (ပုဒ်ဖြစ်သောကြောင့်ပင် ကမ္မနှင့် ကာရ–ကို သမာသ်စပ်နိုင်ခြင်း ဖြစ်ပါသည်။) (ဋီကာ)

အမှာ။ ။ အထက်ပါ ပရသမညာ (ပရိဘာသာ) ကို ကာတန္တသုတ် နံပါတ် (၂၀) ၌ တွေ့နိုင်ပါသည်။

''ဝိဘတ္တန္တ မဟုတ်ဘဲ 'ပုဒ်'ဟုခေါ်နိုင်သည်ဆိုလျှင် အဘယ့်ကြောင့်ပါနည်း၊ ရှင်းပြပါ'' ဟူသော မေးခွန်းကို ဖြေတတ်ပါစေ။

http://www.dhammadownload.com

မေး။ ဒုတိယာတပ္ပုရိသ်သမာသ် မစပ်နိုင်သော နောက်ပုဒ်များကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဝိဘာသာ ရုက္ခတိဏာ-စသော သုတ်မှ ဝဝတ္ထိတဝိဘာသာ အနက်ရှိသော ဝိဘာသာ-သဒ္ဒါလိုက်လာသောကြောင့် တဝန္တု, တာဝီ, မာန, အန္တ, အာန, တုံ, တွာ, တုန, တွာန, တဗ္ဗ-စသော ကိတ်ပစ္စည်းအဆုံးရှိသော ပုဒ်တို့နှင့် ဒုတိယာတပ္ပုရိသ်သမာသ် မစပ်နိုင်ပါ (ဝါကျအတိုင်းသာရှိရပါမည်။)

တစ်နည်း။ ။ ''သြဒနဘုတ္တဝါ'' စသည်ဖြင့် သမာသ်ဖြစ်ပြီးသောအခါ ဝိဂြိုဟ်ဝါကျအခိုက်တုန်းက အနက်ကို မဟောနိုင်သောကြောင့် (သြဒန ဘုတ္တဝါ-စသည်ဖြင့် ပါဠိပြယုဂ် မရှိသောကြောင့်) ထိုပုဒ်တို့နှင့် သမာသ်မစပ်နိုင်ပါ။ (ဝါကျအတိုင်းသာ ရှိရပါမည်)

မှတ်ချက်။ ။ အနဘိဓာနတော-ပုဒ်ကို အနက်ပေးပုံ ၂-မျိုးကွဲပြားနေ သောကြောင့် နောက်နည်း၌ အကြောင်း ၂-မျိုး ဖြစ်နေရပါသည်။

– သြဒနံ ဘုတ္တဝါ။ ဓမ္မံ သုဏာမာနော။ **ဓမ္မံ** သုဏာန္တော။ ကဠေ ကရာနော။

မေး။ သမာသ်, တဒ္ဓိတ်, ကိတ် တို့၏ လက္ခဏာကို ဖော်ပြပါ။

ဖြေ။ ဝိဂြိုဟ်ဝါကျအခိုက်တုန်းက အနက်ဟောနိုင်ခြင်း။ **(တစ်နည်း)** ပါဠိပြယုဂ်ရှိခြင်း ဖြစ်ပါသည်။

မှတ်ချက်။ ။ နောက်နည်းအလို-''ပါဠိတော်၌ သမာသ်, တဒ္ဓိတ်, ကိတ်ပုဒ်အနေဖြင့် ပြယုဂ်ရှိလျှင် သမာသ်, တဒ္ဓိတ်, ကိတ်တို့ကို စီရင်ပါ''ဟု ဆိုလိုပါသည်။

မေး။ ဥရဂေါ, ပါဒပေါ-တို့၌ ''ဥရေန ဂေါ၊ ပါဒေန ပေါ''ဟု ဝါကျအနေဖြင့် ရှိနိုင်/ မရှိနိုင် ခိုင်လုံသော အကြောင်းပြ ဆုံးဖြတ်ပါ။

ဖြေ။ ဥရဂေါ, ပါဒပေါ-တို့သည် ဥပပဒသမာသ်ဖြစ်၍ နိစ္စသမာသ်ဖြစ်သောကြောင့် ''ဥရေန ဂေါ၊ ပါဒေန ပေါ''ဟု ဝါကျအနေဖြင့် မရှိနိုင်ပါ။

– ဥရေန ဂစ္ဆတီတိ ဥရဂေါ၊ ပါဒေန ပိဝတီတိ ပါဒပေါ။

မှတ်ချက်။ ။ နိစ္စသမာသ်ဖြစ်သောကြောင့် ဂစ္ဆတိ, ပိဝတိ-ပုဒ်များဖြင့် ဝိဂြိုဟ်ပြုရကြောင်း သိပါ။

မေး။ ဖရသုနာ ဆိန္နဝါ၊ ကာကေဟိ ပါတဗ္ဗာ၊ ဒဿနေန ပဟာတဗ္ဗာ-တို့၌ အဘယ့်ကြောင့် သမာသ်မဖြစ်ဘဲ ဝါကျအနေဖြင့်သာ ရှိရပါသနည်း။

ဖြေ။ ပရသ္မိန္ဆိန္နဝါ-စသည်ဖြင့် သမာသ်ပြီးသောအခါ၌ ဝါကျအခိုက်တုန်းက အနက်ကို မဟောနိုင်သောကြောင့်၊ **တစ်နည်း**-တဝန္တုပစ္စည်း, တဗ္ဗပစ္စည်းတို့ ယှဉ်ရာ၌ သမာသ်ဖြစ်သော ပြယုဂ် မရှိသောကြောင့် သမာသ်မဖြစ်ဘဲ ဝါကျအနေဖြင့်သာ ရှိရပါသည်။

မေး။ ကေနဝိသတိ-ပြယုဂ်၌ အဘယ့်သို့ ရှိစေသင့်ပါသနည်း။

ဖြေ။ ဧတေန ဥနာ ကေနာ-ဟု ဝိဂြိုဟ်ပြုရမည်ဖြစ်သောကြောင့် ''ကေနာ ဝိသတိ'ဟု ဝါကျအနေဖြင့် ရှိသင့်ကြောင်း ဆရာမြတ်တို့ မိန့်တော်မူကြပါသည်။ (ကေနဝိသတိ-ဟု သမာသ်အနေဖြင့် ရှိလျှင်လည်း ပြခဲ့သော ဝိဂြိုဟ်အရ ကေနာ-ဟု ဖြစ်ပြီးမှ ''ကေနာ စ သာ ဝိသတိ စာတိ ကေနဝိသတိ''ဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုပါ။)

ဥနတ္ထပြယုဂ်။ ။ ''သီလေန ဝိကလော သီလဝိကလော''သည် ဥနတ္ထ ပြယုဂ် ဖြစ်ကြောင်း သိပါ။

http://www.dhammadownload.com

မေး။ သတ္ထာရာ သဒိသော သတ္ထုကပ္ပေါ–ဟူသော ဝိဂြိုဟ်ကို ရှင်းပြပါ။

ဖြေ။ ကပ္ပ သဒ္ဒါ သဒိသအနက်ဟောကြောင်း ထင်ရှားစေခြင်းအကျိုးငှါ သဒိသော ပုဒ်ဖြင့် ဝိဂြိုဟ် ဆိုပြထားခြင်းဖြစ်ပါသည်။ ''သတ္ထာရာ ကပ္ပေါ သတ္ထုကပ္ပေါ''ဟု ဝိဂြိုဟ် စစ်ပြုရပါမည်။

မေး။ ဂုဇ္ဇေန သံသဋ္ဌော သြဒနော ဂုဇ္ဇောဒနော–စသည်တို့သည် မည်သည့်သမာသ် များ ဖြစ်ကြောင်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ သံသဋ္ဌ–စသော အလယ်ပုဒ်ကို ချေထားသော မဇ္ဈေလောပိတတိယာ တပ္ပုရိသ် သမာသ်ပုဒ်များ ဖြစ်ကြပါသည်။

ဂုဇ္ဇောဒန–စသော သမာသ်ပုဒ်ကပင် သံသဋ္ဌ–စသော ကြိယာ(အနက်)ကို တာဝန်ခံ၍ ဟောနိုင်သောကြောင့် ''ဝုတ္တတ္ထာန မပ္ပယောဂေါ''ဟူသော ပရိဘာသာအရ သံသဋ္ဌ–စသောပုဒ်တို့ကို ချေပစ်ရပါသည်။ (ဋီကာ)

မေး။ မဇ္ဈေလောပီ တတိယာတပ္ပုရိသ်သမာသ်ပုဒ်များကို စွမ်းနိုင်သမျှ ဖော်ပြပါ။

ဖြေ။
- ဂုဇ္ဇေန သံသဋ္ဌော သြဒနော ဂုဇ္ဇောဒနော။
- ခီရေန သံသဋ္ဌော သြဒနော ခီရောဒနော။
- အဿေန ယုတ္တော ရထော အဿရထော။
- မဂ္ဂေန သမ္မယုတ္တံ စိတ္တံ မဂ္ဂစိတ္တံ။
- ဇမ္ဗုယာ ပညာတော လက္ခိတော ဒီပေါ ဇမ္ဗုဒီပေါ။
- ဇေကန အဓိကာ ဒသ ဇောဒသ–စသည်တို့ ဖြစ်ပါသည်။

မေး။ မဇ္ဈေလောပီရနိုင်သော သမာသ်များကို ပုံစံများနှင့်တကွ ဖော်ပြပါ။

ဖြေ။ ၁။ ကမ္မဓာရည်း – ဇိဝိတပ္ပဓာနံ နဝကံ ဇိဝိတနဝကံ။
၂။ တပ္ပုရိသ် – ဂုဇ္ဇေန သံသဋ္ဌော သြဒနော ဂုဇ္ဇောဒနော။
၃။ ဗဟုဗ္ဗီဟိ – သုဝဏ္ဏဝဏ္ဏော ယသ တထာဂတဿ သောယံ သုဝဏ္ဏဝဏ္ဏော–တို့ ဖြစ်ပါသည်။

သာကပတ္ထိဝါဒိဝိဏ်း။ ။ သာကော ပိယော ယဿာတိ သာကပိုယော၊ သာကပိုယော ပတ္ထိဝေါ သာကပတ္ထိဝေါ။ နှစ်သက်အပ်သောအစွမ်းသတ္တိရှိသော မင်း = အစွမ်းသတ္တိကို ချစ်ခင်မြတ်နိုးသော အစွမ်းသတ္တိကို အားကိုးသော) မင်း။

ဤ ''သာကပတ္ထိဝ'' ပုဒ်သည် ''သာကပိုယပတ္ထိဝ''ဟုဖြစ်သင့်လျက် ပိယ–ဟူသော အလယ်ပုဒ်ကျေသော မဇ္ဈေလောပီ ကမ္မဓာရည်းသမာသ်ပုဒ် ဖြစ်၏။

(တစ်နည်း) ''သာကပိုယ'' ဟူသော ရှေ့ပုဒ်၌ ပိယ–ဟူသော နောက်ပုဒ်ကို ချေထားသော ပုဗ္ဗပဒေ ဥတ္တရပဒလောပီသမာသ်ပုဒ် ဖြစ်၏။

ထိုပုဒ်နှင့် မဇ္ဈေပဒလောပ, ဥတ္တရပဒလောပချင်း တူသော ''ဂုဇ္ဇောဒနော, ခီရောဒနော, အဿရထော''စသောပုဒ်တို့ကို ''သာကပတ္ထိဝါဒိဂိုဏ်း''ဟု မှတ်ကြပါလေ။

မေး။ ဘိက္ခုသံဃသတ္ထာယ ဝိဟာရော ဘိက္ခုသံဃတ္ထော၊ ဝိဟာရော။ ဘိက္ခုသံဃတ္ထာယာဂု၊ ဘိက္ခုသံဃတ္ထံ စီဝရံ–တို့ကို ရှင်းပြပါ။

http://www.dhammadownload.com

ဖြေ။ ဘိက္ခုသံဃသ-၌ သဝိဘတ်၏ တဒတ္ထသမ္ဘဒါန်အနက် ထင်ရှားစေခြင်းအကျိုးငှါ ''ဘိက္ခုသံဃသတ္ထာယ''ဟု ဆိုထားခြင်းဖြစ်ပါသည်။

အတ္ထသဒ္ဒါနှင့် သမာသ်စပ်ရာ၌ နိစ္စသမာသ်ဖြစ်သောကြောင့် အတ္ထ-ဟူသော မိမိ ပုဒ်ရင်းဖြင့် ဝိဂြိုဟ်မပြုရ၊ ''ဘိက္ခုသံဃသ အယံ ဘိက္ခုသံဃတ္ထော၊ ဝိဟာရော'' စသည်ဖြင့် အယံ-ဟူသော အခြားပုဒ်ဖြင့် ဝိဂြိုဟ်ပြုရပါသည်။

အတ္ထ သဒ္ဒါသည် နဂိုက ပုလ္လိင်ဖြစ်သော်လည်း ''ဝိစိတြာ ဟိ သမာသဝုတ္တိ= သမာသ်ဖြစ်ပုံသည် ရိုးရိုးပါကျထက် ဆန်းကြယ်၏''ဟူသော ပရိဘာသာနှင့်အညီ သမာသ်ပြီးသောအခါ အဘိဓေယျလိင်သို့ လိုက်၍ အထက်ပါအတိုင်း လိင်သုံးပါးဖြစ်ရပါသည်။

အမှာ။ ။ ယဿတ္ထာယ ယဒတ္ထော၊ ယဒတ္ထာ၊ ယဒတ္ထံ-စသည်တို့၌လည်း နည်းတူ။

မှတ်ချက်။ ။ သီဟိုဠ်မူ၌ ''အတ္ထေန နိစ္စသမာသော သဗ္ဗလိင်္ဂတာ စ''ဟုရှိ၏။ ထိုသို့ရှိခြင်းသည် ''အတ္ထေန နိစ္စသမာသော ဝိသေသျလိင်္ဂတာ စေတိ ဝတ္တဗ္ဗံ'' ဟူသော ပါဏိနီ (၂၊၁၊ ၃၆) ဝါတ္တိကသုတ်နှင့် လျော်၏။

မေး။ ကမ္မတော ဇာတံ ကမ္မဇံ-စသည်တို့၌ ''ကမ္မတော ဇံ''စသည်ဖြင့် ဝါကျအနေအားဖြင့် ရှိနိုင်/ မရှိနိုင် ဆုံးဖြတ်ပါ။

ဖြေ။ ကမ္မဇံ-စသည်တို့သည် နိစ္စသမာသ်ဖြစ်သောကြောင့် ဝါကျအနေအားဖြင့် မရှိနိုင်ပါ။ သမာသ်အနေဖြင့်သာ ရှိရပါမည်။

မေး။ ''ဒေဝါနံ ရာဇာ ဒေဝရာဇော''ဟူသောသမာသ်ပုဒ်၌ အဘယ့်ကြောင့် သျာ စ-သုတ်ဖြင့် အာ-မပြုရပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ ''ဒေဝါနံ ရာဇာ''ဟူသောအနက်၌ သမာသ်စပ်၍ တပ္ပုရိသ်သမာသ်အမည်မှည့်၊ ဝိဘတ်ချေ၊ ''ဒေဝရာဇ''ဟု ပကတိပြုပြီးနောက် ကွစိသမာသန္တ-စသော သုတ်ဖြင့် ရာဇ-သဒ္ဒါ၏အဆုံး အ-ကို အ-ထပ်ပြုလိုက်သောအခါ ရာဇာဒိဂိဏ်းပျက်သွားသောကြောင့် သျာ စ-သုတ်ဖြင့် အာ-မပြုရတော့ခြင်း ဖြစ်ပါသည်။

မေး။ ဒေဝရာဇာ၊ ဒေဝရာဇာနော-စသည်ဖြင့် ရာဇာဒိဂိဏ်းရုပ်ဖြစ်ရပုံကို ရှင်းပြပါ။

ဖြေ။ ''ဒေဝရာဇ''ဟု ပကတိပြုပြီးနောက် ကွစိ သမာသန္တ-သုတ်၏ အစီအရင် မမြဲသောကြောင့် အ-ကို အ-ထပ်မပြုသောအခါ ရာဇာဒိဂိဏ်း ထုံးစံအတိုင်း အာ-ပြုစသည်စီရင်၍ ''ဒေဝရာဇာ၊ ဒေဝရာဇာနော''စသည်ဖြင့် ဖြစ်ရပါသည်။

မေး။ ဒေဝရာဇာ-ပုဒ်ကို ဖြစ်နိုင်သမျှ နာမပဒမာလာစဉ်ပြပါ။

ဖြေ။

ဒေဝရာဇော	ဒေဝရာဇာ၊
ဘော ဒေဝရာဇ	ဘောန္တော ဒေဝရာဇာ၊
ဒေဝရာဇံ	ဒေဝရာဇေ -စသည်။

(ပုရိသအတိုင်း ဆက်စဉ်ပါ။)

ဒေဝရာဇာ	ဒေဝရာဇာနော၊
ဘော ဒေဝရာဇ, ဒေဝရာဇာ	ဘောန္တော ဒေဝရာဇာနော၊

http://www.dhammadownload.com

ဒေဝရာဇာနံ, ဒေဝရာဇံ ဒေဝရာဇာနော–စသည်။
(ရာဇ–သဒ္ဒါအတိုင်း စဉ်ပါ။)

မေး။ ဟတ္ထိပဒံ၊ ဣတ္ထိရူပံ၊ ဘိက္ခုနိသံယော၊ ဇမ္ဗုသာခါ–တို့ကို လိုရင်းမျှ ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ ဟတ္ထိ+ပဒ၊ ဣတ္ထိ+ရူပ၊ ဘိက္ခု+သံဃ၊ ဇမ္ဗု+သာခါ–ဟု ပကတိပြုပြီးနောက် ကွစာဒိ မဏ္ဍုတ္တရာနံ–စသောသုတ်ဖြင့် သမာသ်အလယ်ရှိ ဣ၊ ဥ တို့ကို ရဿပြု၍ ဟတ္ထိပဒ၊ ဣတ္ထိရူပ၊ ဘိက္ခုနိသံဃ၊ ဇမ္ဗုသာခါ–ဟု ဖြစ်ပါသည်။ ထိုနောက် နာမ်ငဲ့စသည် စီရင်၍ ရုပ်ပြီးပါသည်။

မေး။ ဆဋ္ဌီတပ္ပုရိသ်သမာသ် မတွဲစပ်နိုင်သော ပုဒ်များကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဝိဘာသာ ရုက္ခ–စသောသုတ်မှ ဝိဘာသာ–သဒ္ဒါလိုက်လာသောကြောင့် တုပစ္စယန္တပုဒ်၊ တတိယ–စသည်တို့ကဲ့သို့ ပူရဏအနက်ရှိသော ပစ္စည်းအဆုံးရှိသော ပုဒ်၊ ခတ္တိယော–ကဲ့သို့ နိဒ္ဒါရဏီယပုဒ်တို့နှင့် ဆဋ္ဌန္တရှေ့ပုဒ်တို့ကို ဆဋ္ဌီတပ္ပုရိသ်သမာသ် မတွဲစပ်နိုင်ပါ။ ဝါကျသာ ရှိရပါမည်။

မှတ်ချက်။ ။ တဒ္ဓိတ် ဘာဝပစ္စယန္တပုဒ်၊ ရောင့်ရဲခြင်း တင်းတိမ်အားရခြင်း (ဝခြင်း) အနက်ရှိသော ပုဒ်၊ မာနပစ္စယန္တပုဒ်၊ အန္တပစ္စယန္တပုဒ်တို့နှင့်လည်း ဆဋ္ဌီတပ္ပုရိသ်သမာသ် မတွဲစပ်နိုင်ပါ။

မေး။ ကမ္မဿ ကတ္တာရော ကမ္မကတ္တာရော၊ ဘိန္နာနံ သန္ဓာတာ ဘိန္နသန္ဓာတာ၊ ကပ္ပဿ တတိယော ကပ္ပတတိယော၊ ပက္ခဿ အဒ္ဓမီ ပက္ခဒ္ဓမီ၊ မနုဿာနံ ခတ္တိယော မနုဿ ခတ္တိယော–ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဖြစ်နိုင်/ မဖြစ်နိုင် ခိုင်လုံသော အကြောင်းပြဖြင့် ဝိနိစ္ဆယချခဲ့ပါ။

ဖြေ။ ဝိဘာသာ ရုက္ခတိဏ– စသောသုတ်မှ ဝိဘာသာသဒ္ဒါလိုက်လာသည့်အတွက် ဝါကျသာ ရှိရမည်ဖြစ်သောကြောင့် မေးခွန်းပါအတိုင်း ဆဋ္ဌီတပ္ပုရိသ် သမာသ်မဖြစ်နိုင်ပါ။

ရွှင်းချက်။ ။ ''တဿ ကတ္တာ တက္ကတ္တာ၊ ဆဋ္ဌီသမာသော''ဟု ရှု၊ စာမျက်နှာ–၃၅၅ ၌ ဖွင့်ပြထားသောကြောင့် ယေဘုယျသတ်မှတ်ချက်ဟု မှတ်ပါလေ။

မေး။ အမာဒယော ပရပဒေဟိ–သုတ်သို့ လိုက်လာသော ယုတ္တတ္ထသဒ္ဒါ၏အကျိုးကို ရေးပြပါ။

ဖြေ။ ''ဘဋ္ဌော ရညော ပုရိသော ဒေဝဒတ္တဿ''၊ ''ကောသလဿ ရညော ပုတ္တော'' စသော ပြယုဂ်တို့၌ ယုတ္တတ္ထမဖြစ်သောကြောင့် ''ရညော ပုရိသော ရာဇပုရိသော'' ''ရညော ပုတ္တော ရာဇပုတ္တော''ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် မစပ်ရ–ဟူသောအဓိပ္ပါယ်ကို သိစေပါသည်။

မေး။ ''ဘဋ္ဌော ရညော ပုရိသော ဒေဝဒတ္တဿ'' ပြယုဂ်၌ ဆဋ္ဌီတပ္ပုရိသ်သမာသ် မဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ဤပြယုဂ်ဝယ် ရညော–၌ ဆဋ္ဌီဝိဘတ်သည် ဘဋ္ဌ–သဒ္ဒါနှင့် စပ်ရာ၌ သက်ထားသော ဆဋ္ဌီဝိဘတ်ဖြစ်သည်။ ပုရိသနှင့် စပ်သော ဆဋ္ဌီဝိဘတ် မဟုတ်ပါ။ သို့ဖြစ်၍ ရညောနှင့် ပုရိသော–သည် နီးကပ်နေသော်လည်း အချင်းချင်း အလျဉ်းမငဲ့သည့်အတွက် ပေါင်းစပ်ထိုက်သော အနက်မရှိသောကြောင့် ''ရညော ပုရိသော ရာဇပုရိသော''ဟု ဆဋ္ဌီတပ္ပုရိသ်

http://www.dhammadownload.com

သမာသ် မဖြစ်နိုင်ပါ။

မေး။ ရူပသိဒ္ဓိလာ ''ဘဋ္ဌသမ္မန္တေ ဆဒ္ဒိတိ'' ကို ''ဘဋ္ဌသမ္မန္တေ၊ ဘဋ္ဌသမ္မန်၌''ဟုလည်းကောင်း၊ ''ဘဋ္ဌနှင့် စပ်ရာ၌''ဟုလည်းကောင်း၊ ''ဘဋ္ဌသံမ္မန္တေ ဆဒ္ဒိတိ၊ ဘဋ္ဌသမ္မန္တေ ဆဒ္ဒိ–ဟု သုတ်ရှိခြင်းကြောင့်''ဟုလည်းကောင်း အနက်ပေးကြရာ အမှား/ အမှန်ကို ဝေဖန်သုံးသပ် ဆုံးဖြတ်ပါ။

ဖြေ။ ''ဘဋ္ဌသမ္မန္တေဆဒ္ဒိတိ၊ ဘဋ္ဌသမ္မန္တေ ဆဒ္ဒိ–ဟု သုတ်ရှိခြင်းကြောင့်'' ဟူသောအနက်သည် ဘာသာဋ္ဌိကာအနက် ဖြစ်၏။ အဓိပ္ပါယ်ရေးရာ၌လည်း ''ဘဋ္ဌသမ္မန္တေ ဆဒ္ဒိ = ဘဋ္ဌသဒ္ဒါနှင့် စပ်ရာ၌ ဆဒ္ဒိဝိဘတ်သက်–ဟု ပါဏိနိသုတ်ရှိ၏''ဟု ရေးသည်။ ပါဏိနိသဒ္ဒါကျမ်းကြီး၌ ''ဘဋ္ဌသမ္မန္တေ ဆဒ္ဒိ''ဟု သုတ်မရှိသောကြောင့် ထိုအနက်မှာ မမှန်ပါ။

''ဘဋ္ဌသမ္မန်၌''ဟုလည်းကောင်း၊ ''ဘဋ္ဌနှင့် စပ်ရာ၌''ဟုလည်းကောင်း ပေးသော အနက်သာ မှန်ပါသည်။

မောဂ္ဂလ္လာန်၌ ''ဓနသမ္မန္တေ''ဟုရှိရာ အဘယာရာမဆရာတော်ဘုရားကြီးက ''ဓနသမ္မန်၌''ဟု ပေးတော်မူပါသည်။

မေး။ ''ကောသလဿ ရညော ပုတ္တော''၌ ဆဒ္ဒိတပ္ပုရိသ်သမာသ်မဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ဤပြုယုဂ်၌ ရညော–နှင့် ပုတ္တော–သည် ''မင်း၏+သား''ဟုအချင်းချင်း ငဲ့စပ်မှုရှိ၏။ သို့သော် ရညော–သည် ပုတ္တော–အပြင် ကောသလဿ–ဟူသော ရှေ့ပုဒ်ကိုလည်း ငဲ့နေသေးသည့်အတွက် စပ်ထိုက်သောအနက် မရှိသောကြောင့် (ယုတ္တတ္ထ မဖြစ်သောကြောင့်) ''ရညော ပုတ္တော ရာဇပုတ္တော''ဟု သမာသ် မဖြစ်နိုင်ပါ။

မေး။ ''ဒေဝဒတ္တဿ ဂုရုကုလံ၊ ဘဂဝတော သာဝကသံဃော'' စသော ပြုယုဂ်တို့၌ ပုဒ်တစ်ပါးကို အမြဲငဲ့၍ နိစ္စသာပေက္ခဖြစ်ပါလျက် အဘယ်ကြောင့် သမာသ်ဖြစ်နိုင်ပါသနည်း၊ ရှင်းပြပါ။

ဖြေ။ ဒေဝဒတ္တဿ ဂုရုကုလံ–ပြုယုဂ်၌ ဂုရု–ဟူသော သမ္မန္ဓိသဒ္ဒါသည် ဒေဝဒတ္တဿ–ဟူသော သမ္မန်တို့ အမြဲငဲ့သော်လည်း ''ဂုရုနော ကုလံ ဂုရုကုလံ''ဟု သမာသ်တွဲစပ်ပြီးသောအခါ ''ဒေဝဒတ္တဿ ဂုရုနော + ကုလံ=ဒေဝဒတ်၏ ဆရာ၏ + အမျိုး''ဟူသော ဝါကျအခိုက်တုန်းက အနက်ကို သိစေနိုင်သော ဂမကသတ္တိရှိသောကြောင့် ''ဂုရုနော+ကုလံ ဂုရု–ကုလံ''ဟု ဆဒ္ဒိတပ္ပုရိသ်သမာသ် ဖြစ်နိုင်ပါသည်။ (ဘဂဝတော သာဝကသံဃော–၌လည်း နည်းတူ)

မေး။ (က) ဂမကသတ္တိ (ခ) ဂမကသမာသ်–ဟူသော သဒ္ဒဝေါဟာရတို့၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ (က) သမာသ်စပ်ပြီးသောအခါ ဝါကျ၏အနက် (ဝါကျအခိုက်တုန်းက အနက်)ကို သိစေနိုင်သော သတ္တိကို ''ဂမကသတ္တိ''ဟု ခေါ်ပါသည်။

(ခ) ထိုဂမကသတ္တိရှိသော ဂုရုကုလံ, သာဝကသံဃော–စသော သမာသ်ပုဒ်ကို ''ဂမကသမာသ်''ဟု ခေါ်ဆိုရပါသည်။

မေး။ ''ဝနစရော, ကုစ္ဆိသယော, ထလဋ္ဌော''စသော ပြုယုဂ်တို့၌ ''ဝနေ စရော ကုစ္ဆိမှိ သယော, ထလေ ဋ္ဌော''စသည်ဖြင့် ဝါကျအနေဖြင့် ရှိနိုင်/ မရှိနိုင် ခိုင်လုံသောအကြောင်းပြချက်ဖြင့် ဝိနိစ္ဆယချခဲ့ပါ။

ဖြေ။ ဤဝနစရော–စသော ပုဒ်တို့သည် 'ဥပပဒသမာသ်'ခေါ် နိစ္စသမာသ်ပုဒ်များ ဖြစ်သော

http://www.dhammadownload.com

ကြောင့် ''ဝနေ စရော''စသည်ဖြင့် ဝါကျအနေဖြင့် မရှိနိုင်ပါ။ ဝနစရော–စသည်ဖြင့် သမာသ်အနေဖြင့်သာ ရှိရပါမည်။ (နိစ္စသမာသ်ဖြစ်သောကြောင့် ဝိဂြိုဟ်ပြုသောအခါ စရ–စသောပုဒ်ရင်းဖြင့် မပြုရ။ စရတိ, သယတိ, တိဋ္ဌတိ–စသော ကိုယ်စားလှယ် ကြိယာပုဒ်ဖြင့် ဝိဂြိုဟ်ပြုရပါမည်)

မေး။ ဘောဇနမတ္တညုတာ, ဣန္ဒြိယဂုတ္တဒွါရတာ, အာသနနိသိန္နော, အာသနနိသီဒိတဗ္ဗံ'' ဟု သမာသ်ဖြစ်/ မဖြစ် ဆုံးဖြတ်ပါ။

ဖြေ။ သမာသ်မဖြစ်ပါ။

မေး။ ''အန္တံ အတိက္ကန္တံ အစ္ဆန္တံ၊ ဝေလံ အတိက္ကန္တော အတိဝေလော''စသည်တို့သည် မည်သည့် သမာသ်ပုဒ်များ ဖြစ်ပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ တပ္ပုရိသ်သမာသ်၌ ရိုးရာအားဖြင့် ''ဘူမိ+ဂတော ဘူမိဂတော''စသည်တို့ကဲ့သို့ အမာဒိ ဝိဘတ္တန္တပုဒ်က ရှေ့နေ၍ ပဌမာဝိဘတ္တန္တပုဒ်က နောက်နေရမြဲဖြစ်သော်လည်း ဤ ''အစ္ဆန္တံ, အတိဝေလော''စသော အခြို့တပ္ပုရိသ်သမာသ်တို့၌ကား ''တဒနုပရောဓေန'' ဟူ၍ ဆိုအပ်သောကြောင့် ဘုရားဟောပါဠိတော်ပြယုဂ်အားလျော်စွာ အမာဒိဝိဘတ္တန္တရှေ့ပုဒ်တို့ နောက်နေကြပါသည်။

ထိုသို့ အမာဒိဝိဘတ္တန္တပုဒ်တို့ နောက်နေသောကြောင့် ထိုအစ္ဆန္တံ, အတိဝေလော–စသော သမာသ်ပုဒ်များကို ''အမာဒိပရတပ္ပုရိသ်သမာသ်ပုဒ်''ဟု ခေါ်ဆိုရပါသည်။

မှတ်ချက်။ ။ သမာသ်စပ်ပြီးမှ ရှေ့နောက်ပြန်ရသည်ဟု မှတ်ပါ။

မေး။ အစ္ဆန္တံ, အတိဝေလော–တို့ကို ထူးခြားသော အစီအစဉ်မျှသာ ဖော်ပြလျက် ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ အစ္ဆန္တံ–၌ ''အန္တ+အတိ''ဟု ပကတိပြုပြီးနောက် တေသု ဝုဒ္ဓိသုတ်ကြီးဖြင့် ''အတိအန္တ'' ဟု ရှေ့နောက်ပြန်။ အတိ–ကို စ–ပြု၊ စ–ကို သဒိသဒွေးဘော် စ္ဆ–ပြု၊ ခွင်း, ချေ, ကပ် (အစ္ဆန္တ)၊ နာမ်ငဲ့စသည်စီရင်၊ ပြီး၏။

အတိဝေလော–၌ ''ဝေလာ+အတိ''ဟုပကတိပြုပြီးနောက် ရှေ့နောက်ပြန် (အတိ–ဝေလာ)၊ ကွစာဒိမဇ္ဈတ္တရာနံ–သုတ်ဖြင့် အာ–ကို အ–ရဿပြု (ဝေလ+အတိ)၊ နာမ်ငဲ့စသည် စီရင်၊ ပြီး၏။

မေး။ နိဗ္ဗာနံ–ပုဒ်သည် မည်သည့်သမာသ်ပုဒ် ဖြစ်ပါသနည်း၊ နာနာဝါဒ ဖော်ပြဖြေဆိုပါ။

ဖြေ။ နိဗ္ဗာနံ–ပုဒ်ကို ပုဒ်စစ်၌ ပဌမိအဗျယီဘောသမာသ်–ဟု ဆိုပါသည်။ ဤရူပသိဒ္ဓိအလိုကား ပဌမိတပ္ပုရိသ်သမာသ် ဖြစ်ပါသည်။

မေး။ နိဗ္ဗာနံ နှင့် နိဗ္ဗာနော–တို့၏ ခြားနားချက်ကို ဖော်ပြပါ။

ဖြေ။ နိဗ္ဗာနံ–သည် နိ–နှင့် ဝါန ပုဒ်တို့ကို သမာသ်စပ်၍ ပြီးသောပုဒ် ဖြစ်၏။ ဝါနတော နိက္ခန္တံ နိဗ္ဗာနံ–ဟု ဝိဂြိုဟ်ဆိုရ၏။ တဏှာမှ ထွက်မြောက်တတ်သောတရားဟု အဓိပ္ပါယ်ရသည်။

နိဗ္ဗာနော–ကား နိနှင့် ဝန ပုဒ်တို့ကို သမာသ်စပ်၍ ပြီးသောပုဒ် ဖြစ်၏။ ဝနတော နိယျာတော နိဗ္ဗာနော–ဟု ဝိဂြိုဟ်ဆိုရ၏။ တဏှာတည်းဟူသောတောမှ ထွက်သွားသူ''ဟု အဓိပ္ပါယ်ရပါသည်။

http://www.dhammadownload.com

မေး။ 'ဆရာစဉ် သမားဆက်'ကို ပြောဆိုရာ၌ ''အာစရိယပါစရိယ''ဟူသော အသုံးအနှုန်း တစ်ခုရှိရာ ယင်း၌ ပါစရိယ–ဟူသည် အဘယ်နည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''ပါစရိယ''ပုဒ်သည် အမြတ်အနက်ဟော ပ–ဥပသာရပုဒ်နှင့် အာစရိယ–ပုဒ်တို့ကို သမာသ် စပ်ထားသောပုဒ် ဖြစ်၏။ ''အာစရိယတော ပရော ပါစရိယော''ဟု ပဋ္ဌမိတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရ၏။ ''မိမိဆရာထက် မြတ်သောဆရာ၊ ဝါ–ဆရာ့ဆရာကြီး''ဟု အဓိပ္ပါယ် ရပါသည်။

ပယျာက။ ။ အယျကတော ပရော ပယျကော၊ ''အဘိုးထက်ကြီးသော မြတ်သော အဘိုး (အဘိုး၏ အဘ=ဘေး'') သည် ''ပယျာက''မည်၏။

မေး။ (က) ဥပရိဂဂ်၊ ဥပရိပါသာဒ်။
(ခ) ဟေဋ္ဌာနဒီ၊ ဟေဋ္ဌာပါသာဒ်။
(ဂ) အန္တေသမာပတ္တိ၊ အန္တေသပါသာဒ်–တို့သည် အဘယ်သမာသ်ပုဒ်များ ဖြစ်ပါသနည်း။ ခွဲခြားဖြေဆိုပါ။

ဖြေ။ (က) ဥပရိဂဂ်–သည် ပဋ္ဌမိတပ္ပုရိသ်သမာသ်ဖြစ်၍၊ ဥပရိပါသာဒ်–သည် အဗျယီဘော သမာသ် ဖြစ်ပါသည်။
(ခ) ဟေဋ္ဌာနဒီ–သည် ပဋ္ဌမိတပ္ပုရိသ်သမာသ်ဖြစ်၍၊ ဟေဋ္ဌာပါသာဒ်–သည် ပဋ္ဌမိအဗျယီ ဘောသမာသ် ဖြစ်ပါသည်။
(ဂ) အန္တေသမာပတ္တိ–သည် ပဋ္ဌမိတပ္ပုရိသ်သမာသ်ဖြစ်၍၊ အန္တေသပါသာဒ်–သည် ပဋ္ဌမိအဗျယီဘောသမာသ် ဖြစ်ပါသည်။

မေး။ ဥပရိဂဂ်၊ ဥပရိပါသာဒ်–စသည်တို့သည် ဥပရိ, ဟေဋ္ဌာ, အန္တေသ–နိပါတ်ပုဒ်များနှင့် သမာသ်စပ်ရခြင်းတူပါလျက် အဘယ့်ကြောင့် တပ္ပုရိသ်, အဗျယီဘောအားဖြင့် ကွာခြား သွားရပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''အထက်, အောက်, အတွင်း–စသည်ဖြင့် အထည်ဖြစ် မပြဋ္ဌာန်းရာ၌ အဗျယီဘော သမာသ် ဖြစ်သင့်၍၊ အထက်အရပ်, အောက်အရပ်, အတွင်းအရပ်, အတွင်းဖြစ်သော တရား စသည်ဖြင့် အရပ်ဒေသ, တရားစသော အထည်ဖြစ်ပြဋ္ဌာန်းရာ၌ တပ္ပုရိသ် ဖြစ်သင့်၏''ဟု ဆရာမြတ်တို့ ခွဲခြားသတ်မှတ်ကြပါသည်။

ထိုခွဲခြားသတ်မှတ်ချက်အရ ဥပရိဂဂ်, ဥပရိပါသာဒ်–စသည်တို့သည် ဥပရိ, ဟေဋ္ဌာ, အန္တေသ နိပါတ်ပုဒ်များနှင့် သမာသ်စပ်ရခြင်းတူပါလျက် တပ္ပုရိသ်, အဗျယီဘောအားဖြင့် ကွာခြားသွားရခြင်း ဖြစ်ပါသည်။

မေး။ (က) ဂဂ်ိုမြစ်၏ အထက် (ခ) ဂဂ်ိုမြစ်၏ အထက်အရပ်
(ဂ) ပြာသာဒ်၏ အောက် (ဃ) ပြာသာဒ်၏ အောက်အရပ်
(င) မြို့၏ အတွင်း (စ) မြို့၏အတွင်းအရပ် တို့သည် အဘယ်သမာသ်များ ဖြစ်ကြပါသနည်း။ အကြောင်းနှင့်တကွ ခွဲခြားဖြေဆိုပါ။

ဖြေ။ (က) (ဂ) (င)တို့သည် ''အထက်, အောက်, အတွင်း''ဟု အထည်ဖြစ် **မပြဋ္ဌာန်း** သောကြောင့် ''အဗျယီဘောသမာသ်ပုဒ်များ'' ဖြစ်ကြပါသည်။
(ခ) (ဃ) (စ)တို့ကား ''အထက်အရပ်, အောက်အရပ်, အတွင်းအရပ်''ဟု အရပ်ဒေသ

http://www.dhammadownload.com

ပြဋ္ဌာန်းသောကြောင့် ''တပ္ပုရိသ်သမာသ်ပုဒ်များ'' ဖြစ်ကြပါသည်။

မှတ်ချက်။ ။ ဥပရိဂဂ်၊ ဟေဋ္ဌာနဒီ, အန္တောသမာပတ္တိ–တို့ကို သဒ္ဒနီတိ၌ တပ္ပုရိသ် အခန်းတွင် မပြသောကြောင့် အဗျယီဘောဟု ဆိုခြင်းသာ သာ၍ ရှင်းလင်းကြောင်း ဆရာမြတ်တို့ မိန့်ကြပါသည်။

မေး။ (က) အမုရတ္တံ (ခ) ပုဗ္ဗန္ဟံ–တို့ကို ဝိဂြိုဟ်ဆို၍ ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ (က) ရတ္တိယာ အမုံ အမုရတ္တံ။

''ရတ္တိ + အမု''ဟု ပကတိပြု၊ တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် ရတ္တိနှင့် အမုကို ရွှေ့နောက်ပြန် (အမုရတ္တိ)၊ ကွစိ သမာသန္တ–စသောသုတ်ဖြင့် ရတ္တိ–သဒ္ဒါဇ်အဆုံး ကွ–ကို အ–ပြု (အမုရတ္တ)၊ နာမ်ငဲ့, သိသက်, အံ –ပြု၊ ခွင်း, ချေ, ကပ်၊ ပြီး၏။

(ခ) အဟဿ ပုဗ္ဗံ ပုဗ္ဗန္ဟံ၊ နေ့၏ရှေ့ပိုင်း။ (နံနက်)။

''အဟ + ပုဗ္ဗ''ဟု ပကတိပြု၊ ရှေ့နောက်ပြန် (ပုဗ္ဗအဟ)၊ တေသု ဝုဒ္ဓိ–သုတ်ကြီးဖြင့် အဟ–ကို အန္ဟ–ပြု၊ ဋ္ဌ ခွင်း, ချေ, ကပ် (ပုဗ္ဗန္ဟ)၊ နာမ်ငဲ့, သိသက်, အံ–ပြု၊ ခွင်း, ချေ,ကပ်၊ ပြီး၏။

မေး။ ပုဗ္ဗန္ဟံ + ပုဗ္ဗဏှံ–ဟု နှစ်မျိုးရှိတတ်ရာ အဘယ်ပါ၌ အမှန်ဖြစ်သည်ဟု ရှင်းလင်းဆုံးဖြတ်ပါ။

ဖြေ။ ရူပသိဒ္ဓိအလို တေသု ဝုဒ္ဓိ–သုတ်ကြီးဖြင့် အဟ–ကို အန္ဟ–ပြု၍ ရုပ်ပြီးသောကြောင့် ''ပုဗ္ဗန္ဟံ''ပါ၌ သင့်ပါသည်။

မောဂ္ဂလ္လာန်အလိုကား အဟ–ကို ဏှ–ပြု၍ ရုပ်ပြီးသောကြောင့် ''ပုဗ္ဗဏှံ'' ပါ၌သင့်ပါသည်။ (သက္ကတသဒ္ဒါကျမ်းတို့အလိုလည်း ပုဗ္ဗဏှံ–ပါ၌ အသင့်ပင်။)

သိမှတ်ဖွယ်။ ။ မောဂ္ဂလ္လာန်အလို ''ပုဗ္ဗဏှ, အပရဏှ, အဇ္ဇဏှ, သာယဏှ, မဇ္ဈဏှ''ဟု အားလုံး ဏှ–ကြီးနှင့်သာ ပါ၌ရှိရပါမည်။

– ပုဗ္ဗာပရဇ္ဇသာယမဇ္ဈာဟသ ဏှာ။ (မောဂ္ဂလ္လာန်သုတ်)။

မေး။ ''အလောပ (အလုတ္တ) တပ္ပုရိသ်သမာသ်''ဟူသည် အဘယ်ကဲ့သို့သော သမာသ်မျိုး ဖြစ်ပါသနည်း? ရှင်းလင်းဖြေဆို၍၊ ထိုအလုတ္တသမာသ်ရနိုင်သော သမာသ်တို့ကိုလည်း ဖော်ပြပါ။

ဖြေ။ ''အလောပ(အလုတ္တ)တပ္ပုရိသ်သမာသ်''ဟူသည် ရှေ့ပုဒ်၌ ဝိဘတ်မကျေသည် ပဘာ–ကံရော, သဟသာကတံ, ပရဿပဒံ–စသော သမာသ်ပုဒ်မျိုး ဖြစ်ပါသည်။

''အလုတ္တသမာသ်''ဆိုလျှင် များသောအားဖြင့် အမည်သညာဟောပုဒ်များသာ ဖြစ်ပါသည်။ ထိုအလုတ္တသမာသ်ကို တပ္ပုရိသ်သမာသ်, ဗဟုဗ္ဗီဟိသမာသ်တို့၌ ရနိုင်ပါသည်။

မေး။ အလုတ္တတပ္ပုရိသ်သမာသ် အပြားကို ပုံစံများနှင့်တကွ ဖော်ပြပါ။

ဖြေ။
၁။ ဒုတိယာအလုတ္တတပ္ပုရိသ်သမာသ် – ပဘာက်ရော၊ အမန္ဒဒေါ။
၂။ တတိယာ ။ – သဟသာကတံ။
၃။ စတုတ္ထီ ။ – ပရဿပဒံ၊ အတ္တနောပဒံ။
၄။ ပဉ္စမီ ။ – ဘယတူပဋ္ဌာနံ၊ ပရတောဃောသော။
၅။ ဆဋ္ဌီ ။ – ဂဝံပတိတ္ထေရော။
၆။ သတ္တမီ ။ – မနသိကာရော၊ ပဗ္ဗေနိဝါသော။

http://www.dhammadownload.com

မှတ်ဖွယ်။ ။ အလုတ္တသမာသ်ပုဒ်တို့၌ ဝိဘတ်ချေလိုက်လျှင် အသိခက်သောကြောင့် ဝိဘတ်မချေရခြင်းဖြစ်ပါသည်။

သတိပြု မှတ်သားဖွယ်။ ။ ပရဿပဒံ၊ အတ္တနောပဒံ–ပုဒ်တို့သည် အလုတ္တ စတုတ္ထီတပ္ပုရိသ်သမာသ်ဖြစ်ကြောင်း အထူးသတိပြု မှတ်သားခဲ့ပါ။ သို့မှ အာချာတ်ကျမ်းလာ ပရဿပုဒ်, အတ္တနောပုဒ်အဓိပ္ပာယ်ကို အမျိုးမျိုးအဖုံဖုံ ဖွင့်ပြကြရာ၌ မည်သည့်ဖွင့်ဆိုချက်က အမှန်ဖြစ်သည်ဟု သိမြင်နိုင်ပါမည်။

မေး။ ဥရသိလောမော, ကဏ္ဏောကာဠော–တို့နှင့်စပ်၍ သိမှတ်ဖွယ်များကို ရေးသားဖြေဆိုပါ။

ဖြေ။ ဥရသိလောမော, ကဏ္ဏောကာဠော–တို့သည် ရူပသိဒ္ဓိအလို ''ဥရသိ ဥဋ္ဌိတော လောမော ဥရသိလောမော၊ ကဏ္ဏော ဥဋ္ဌိတော ကာဠော ကဏ္ဏောကာဠော'' ဟု ဝစနတ္ထပြုရသော သတ္တမီအလုတ္တတပ္ပုရိသ်သမာသ်ပုဒ်များ ဖြစ်ပါသည်။

မောဂ္ဂလ္လာန်စသော သဒ္ဒါကျမ်းတို့အလိုကား – ''ဥရသိ ဥဋ္ဌိတာနိ လောမာနိ အဿာတိ ဥရသိလောမော။ ကဏ္ဏော ဥဋ္ဌိတော ကာဠော အဿာတိ ကဏ္ဏောကာဠော'' ဟု ဝစနတ္ထပြုရသော သတ္တမီ အလုတ္တတပ္ပုရိသ်သမာသ်ပုဒ်များ ဖြစ်ပါသည်။

၃၂၈၊ ၃၅၂။ အညပဒတ္ထေသု ဗဟုဗ္ဗီဟိ။ (၁၉၉–၂၀၀)

မေး။ ဗဟုဗ္ဗီဟိသမာသ် ၉–မျိုးကို ရေတွက်ပြပါ။

ဖြေ။ ၁။ ဒွိပဒ တုလျာဓိကရဏ ဗဟုဗ္ဗီဟိသမာသ်။
၂။ ဒွိပဒ ဘိန္နာဓိကရဏ ။
၃။ တိပဒ ။ ။
၄။ နနိပါတပုဗ္ဗပဒ ။
၅။ သဟပုဗ္ဗပဒ ။
၆။ ဥပမာနပုဗ္ဗပဒ ။
၇။ သင်္ချာဘယပဒ ။
၈။ ဒိသန္တရာဠတ္ထ ။
၉။ ဗျတိဟာရလက္ခဏ ဗဟုဗ္ဗီဟိသမာသ်တို့ ဖြစ်ပါသည်။

မေး။ ဒွိပဒတုလျာဓိကရဏ ဗဟုဗ္ဗီဟိသမာသ်အပြားကို ပုံစံများနှင့်တကွ ဖော်ပြပါ။

ဖြေ။
၁။ ဒုတိယတ္ထ ဗဟုဗ္ဗီဟိသမာသ် – အာဂတသမဏော။
၂။ တတိယတ္ထ ဗဟုဗ္ဗီဟိသမာသ် – ဇိတိန္ဒြိယော။
၃။ စတုတ္ထိယတ္ထ ဗဟုဗ္ဗီဟိသမာသ် – ဒိန္နသုကော်။
၄။ ပဉ္စမိယတ္ထ ဗဟုဗ္ဗီဟိသမာသ် – နိဂ္ဂတဇနော။
၅။ ဆဋ္ဌိယတ္ထ ဗဟုဗ္ဗီဟိသမာသ် – ဆိန္နဟတ္ထော။
၆။ သတ္တမိယတ္ထ ဗဟုဗ္ဗီဟိသမာသ် – သမ္ပန္နသဿော။

မှတ်ချက်။ ။ ကံအစရှိသော ဝိဘတ်နက် ၆–မျိုးတို့၌ ဖြစ်သောကြောင့် ဒွိပဒတုလျာဓိကရဏ ဗဟုဗ္ဗီဟိသမာသ် ၆–မျိုးပြားရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ ဒွိပဒဘိန္ဓာဓိကရဏ စသော ဗဟုဗ္ဗီဟိသမာသ် ၈–မျိုးတို့ကို သက်ဆိုင်ရာ ပုံစံများနှင့် တွဲစပ်ဖော်ပြပါ။

ဖြေ။ ၁။ ဒွိပဒဘိန္ဓာဓိကရဏ ဗဟုဗ္ဗီဟိသမာသ် – ဧကရတ္တိ ဝါသော အဿာတိ ဧကရတ္တိ–ဝါသော။

၂။ တိပဒ ဗဟုဗ္ဗီဟိသမာသ် – ပရက္ကမေန အဓိဂတာ သမ္ပဒါ ယေဟိ တေ ဘဝန္တိ ပရက္ကမာဓိဂတသမ္ပဒါ။

၃။ န နိပါတ ပုဗ္ဗပဒ ဗဟုဗ္ဗီဟိသမာသ် – နတ္ထိ ဧတဿ သမောတိ အသမော၊

၄။ သဟပုဗ္ဗပဒ (ပဌမာယတ္ထ) ဗဟုဗ္ဗီဟိသမာသ်– သဟ ဟေတုနာ ယော ဝတ္တတေတိ သဟေတုကော။ သဟေတု ဝါ။

၅။ ဥပမာန ပုဗ္ဗပဒ(ပဌမာယတ္ထ) ဗဟုဗ္ဗီဟိသမာသ်– နိဂြောဓော ဣဝ ပရိမဏ္ဍလော ယော ရာဇကုမာရော သောယံ နိဂြောဓပရိမဏ္ဍလော။

– ဥပမာနပုဗ္ဗပဒ(ဆဋ္ဌိယတ္ထ) ဗဟုဗ္ဗီဟိသမာသ်–သုဝဏ္ဏဝဏ္ဏော ဝိယ ဝဏ္ဏော ယဿ သောယံ သုဝဏ္ဏဝဏ္ဏော။

၆။ သဈေါဘယ (ဝါသဒ္ဒတ္ထ) ဗဟုဗ္ဗီဟိသမာသ်–ဒွေ ဝါ တယော ဝါ ပတ္တာ ဒွတ္တိပတ္တာ။

၇။ ဒိသန္တရာဥတ္ထ ဗဟုဗ္ဗီဟိသမာသ် – ပုဗ္ဗဿာ စ ဒက္ခိဏဿာ စ ဒိသာယ ယဒန္တရာဥံ သာယံ ပုဗ္ဗဒက္ခိဏာ။

၈။ ဗျတိဟာရ ဗဟုဗ္ဗီဟိသမာသ် – ကေသေသု စ ကေသေသု စ ဂဟေတွာ ဣဒံ ယုဒ္ဓံ ပဝတ္တတီတိ ကေသာကေသိ။

မေး။ အညပဒတ္ထေသု ဗဟုဗ္ဗီဟိ–သုတ်၏အဓိပ္ပါယ်ကို ရူ–အလိုကျ ရေးပြပါ။

ဖြေ။ စပ်ထိုက်သော ပုဒ်မှတစ်ပါးသော ပဌမာ, ဒုတိယာ အစရှိသော ဝိဘတ်တို့ အဆုံးရှိသော ပုဒ်တို့၏အနက်တို့၌ ယုတ္တတ္ထဖြစ်သော နာမ်ပုဒ်တို့ကို အချို့ သမာသ်စပ်၍၊ ထိုသမာသ်ကို ဗဟုဗ္ဗီဟိ အမည်မှည့်သောသုတ် ဖြစ်ပါသည်။(ဝိဓိသုတ်, သညာသုတ် အမည်နှစ်မျိုးရ သုတ်ဖြစ်၏–ဟူလို။)

မေး။ ''အာဂတသမဏော'' စသည်ကို အဘယ့်ကြောင့် ''ဗဟုဗ္ဗီဟိ''ဟု ခေါ်ဆိုရပါသနည်း။ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''ဗဟဝေါ ဝီဟယော ယဿာတိ ဗဟုဗ္ဗီဟိ၊ ဗဟုဗ္ဗီဟိ ဝိယာတိ ဗဟုဗ္ဗီဟိ'' ဟူသော ဝစနတ္ထနှင့်အညီ ဗဟုဗ္ဗီဟိ–သဒ္ဒါနှင့်တူသောကြောင့် အာဂတသမဏော–စသည်ကို ''ဗဟုဗ္ဗီဟိ''ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ အာဂတသမဏော–စသော သမာသ်ပုဒ်တို့၏ ဗဟုဗ္ဗီဟိ–သဒ္ဒါနှင့်တူပုံကို ရှင်းပြပါ။

ဖြေ။ ဗဟုဗ္ဗီဟိ–သဒ္ဒါသည် ''ဗဟု+ဝီဟိ''ဟူသောရှေ့, နောက်နှစ်ပုဒ်တို့၏ ''များသော+ကောက်စပါး''ဟူသောအနက်ကို ကြဉ်၍ ထိုနှစ်ပုဒ်တို့ဖြင့် အထူးပြုအပ်သည့် ယဿ–ဟူသော အညပုဒ်၏ ''ယောက်ျား (ဇနပုဒ်)'' ဟူသောအနက်ကို ပြသကဲ့သို့၊ ထို့အတူ အာဂတသမဏော–စသော သမာသ်ပုဒ် တို့သည်လည်း ''အာဂတ+သမဏ''ဟူသော ရှေ့, နောက် နှစ်ပုဒ်တို့၏ ''လာသော ရဟန်း''ဟူသောအနက်ကို ကြဉ်၍ ထိုနှစ်ပုဒ်တို့ဖြင့် အထူးပြုအပ်သည့် ''ဣမံ''ဟူသော အညပုဒ်၏ ''သံဃာ့အရံ''ဟူသော အနက်ကို ပြပါသည်။ ဤသို့လျှင် အာဂတသမဏော–စသော သမာသ်ပုဒ်တို့သည် အညပုဒ်အနက်ကို

http://www.dhammadownload.com

ပြခြင်းအားဖြင့် ဗဟုဗ္ဗီဟိသဒ္ဒါနှင့် တူကြပါသည်။

(ထိုသို့ ဗဟုဗ္ဗီဟိ–သဒ္ဒါနှင့်တူသောကြောင့် ၄င်းတို့ကို ''ဗဟုဗ္ဗီဟိသမာသ်''ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။ – စာကိုယ်နှင့် ဋီကာ။)

မေး။ ဗဟုဗ္ဗီဟိ–ဟူသော အမည်သည်သည် အနက္ထသည်လော? ရုဋ္ဌီသည်လော? အကြောင်းပြ ဖြေဆိုပါ။

ဖြေ။ ဗဟုဗ္ဗီဟိ သဒ္ဒါနှင့်တူသောကြောင့် ဗဟုဗ္ဗီဟိ–ဟုခေါ်ဆိုရကား အနက္ထသည်ဟု ဖြစ်ပါသည်။

မေး။ ဗဟုဗ္ဗီဟိသမာသ်၌ ပြဋ္ဌာန်းသော အနက်ကို ဖော်ပြပါ။

ဖြေ။ အညပုဒ်အနက် ဖြစ်ပါသည်။

မေး။ (၁) တဂ္ဂါဏာသံဝိညာဏာ (၂) အတဂ္ဂါဏာသံဝိညာဏာ–ဟူသော ဗဟုဗ္ဗီဟိသမာသ် ၂–မျိုးတို့၏ အဓိပ္ပာယ်ကို ပြယုဂ်များနှင့်တကွ ရှင်းလင်းဖော်ပြပါ။

ဖြေ။ (၁) အညပုဒ်၏အနက်ကို ယူသဖြင့် ဝိသေသနဖြစ်သော အနက်ကိုလည်း ယူအပ်သော သမာသ်သည် ''တဂ္ဂါဏာသံဝိညာဏာ ဗဟုဗ္ဗီဟိသမာသ်'' ဖြစ်ပါသည်။

ပြယုဂ်ကား – 'လမ္ဗကဏ္ဏမာနယ' (လမ္ဗော ကဏ္ဏော ယဿာတိ လမ္ဗကဏ္ဏော)– ဖြစ်ပါသည်။

ဤပြယုဂ်၌ 'ရှည်သောနား'ဟူသောအနက်သည် ဝိသေသနအနက်ဖြစ်၍၊ 'ရှည်သောနားရှိသော ပုဂ္ဂိုလ်ဒြပ်'သည် အညပုဒ်အနက် ဖြစ်သည်။ ရှည်သောနားရှိသော ပုဂ္ဂိုလ်ဒြပ်ကို ယူသဖြင့် ရှည်သောနား–ဟူသော ဝိသေသနအနက်ကိုလည်း ယူအပ်သောကြောင့် ('ရှည်သောနားရှိသော ပုဂ္ဂိုလ်ဒြပ်'ဟူသော အညပုဒ်အနက်၌ ရှည်သော နား–ဟူသော ဝိသေသနအနက်လည်း ပါဝင်နေသောကြောင့်) ''တဂ္ဂါဏာသံဝိညာဏာ ဗဟုဗ္ဗီဟိသမာသ်'' ဖြစ်ပါသည်။

(၂) အညပုဒ်၏အနက်ကို ယူသဖြင့် ဝိသေသနဖြစ်သောအနက်ကို မယူအပ်သော သမာသ်သည် ''အတဂ္ဂါဏာသံဝိညာဏာ ဗဟုဗ္ဗီဟိသမာသ်'' ဖြစ်ပါသည်။

ပြယုဂ်ကား – 'ဗဟုဓနမာနယ' (ဗဟူနိ ဓနာနိ ယဿာတိ ဗဟုဓနော)– ဖြစ်ပါသည်။

ဤပြယုဂ်၌ 'များသောဥစ္စာ'ဟူသောအနက်သည် ဝိသေသနအနက်ဖြစ်၍၊ 'များသောဥစ္စာရှိသော ပုဂ္ဂိုလ်ဒြပ်'သည် အညပုဒ်အနက် ဖြစ်သည်။ များသောဥစ္စာရှိသော ပုဂ္ဂိုလ်ဒြပ်ကို ယူသဖြင့် များသောဥစ္စာ–ဟူသော ဝိသေသနအနက်ကို မယူအပ်သောကြောင့် ('များသောဥစ္စာရှိသော ပုဂ္ဂိုလ်ဒြပ်'ဟူသော အညပုဒ်အနက်၌ များသောဥစ္စာ–ဟူသော ဝိသေသနအနက် မပါဝင်နေသောကြောင့်) ''အတဂ္ဂါဏာသံဝိညာဏာ ဗဟုဗ္ဗီဟိသမာသ်'' ဖြစ်ပါသည်။

မေး။ အာဂတသမဏော–စသော ဗဟုဗ္ဗီဟိသမာသ်၌ အဘယ်ပုဒ် ရှေ့ကျပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ ဗဟုဗ္ဗီဟိ–သဒ္ဒါ၌ ဗဟု–ဟူသော ဝိသေသနပုဒ် ရှေ့ကျသကဲ့သို့ ဤအာဂတသမဏော–စသော ဗဟုဗ္ဗီဟိသမာသ်၌လည်း အာဂတ–စသော ဝိသေသနပုဒ် ရှေ့ကျပါသည်။

မေး။ အညပဒတ္ထသု ဗဟုဗ္ဗီဟိ–၌ (က) အညပုဒ် (ခ) အညပုဒ်၏ အနက်တို့ကို ခွဲခြားဖော်ပြပါ။

ဖြေ။ (က) ''အညပုဒ်''ဟူသည် ပဌမာ, ဒုတိယာ စသော ဝိဘတ်တို့အဆုံးရှိသည့် ယ,

http://www.dhammadownload.com

ကြခတ်ဝိုင်းရူပသိဒ္ဓိရှင်းတမ်း

တ, တေ, ကျမ–ဟူသော သဗ္ဗနာမ်ပုဒ်တို့နှင့် ဝါ–သဒ္ဒါတို့ ဖြစ်ပါသည်။

(ခ) ''အညပုဒ်၏အနက်''ဟူသည် ပဌမာ, ဒုတိယာ–စသော ဝိဘတ်အဆုံးရှိကုန်သော ထိုအညပုဒ်တို့၏အနက်ဖြစ်သော သံဃာ့အရံ–စသည်တို့ ဖြစ်ပါသည်။

ဝစနတ္ထ – အညာနိ စ တာနိ စာတိ အညပဒါနိ။
အညပဒါနံ အတ္ထာ အညပဒတ္ထာ။

မေး။ ဆရာမြတ်တို့က ''အာဂတာ သမဏာ ကျမံ သံဃာရာမံ''စသည်တို့၌ ''သံဃာရာမ'' စသည်ကို အညပုဒ်–ဟုမိန့်ဆိုကြရာ ထိုအဆို သင့်/မသင့်ကို စိစစ်ပြခဲ့ပါ။

ဖြေ။ မသင့်ပါ။ ''အာဂတ + သမဏ + ကျမ''ဟုရုပ်တည်၍ ပုဒ်ပြီးအောင်တွက်ရာ၌ အာဂတ–နှင့် သမဏတို့သည် သမာသ်စပ်ထိုက်သောပုဒ်တို့ ဖြစ်ကြ၏။ ကျမ–သည် ထို သမာသ်စပ်ထိုက်သောပုဒ်တို့မှ တစ်ပါးသောပုဒ် ဖြစ်၏။ သံဃာရာမ–ကား ထို ကျမ–ဟူသော အညပုဒ်၏ စွဲနက်သာ ဖြစ်သည်။ ထို့ကြောင့် အစဉ်အလာ ပြောရိုးဆိုစဉ်အတိုင်း ကျမ–စသော သဗ္ဗနာမ်ပုဒ်တို့သာ အညပုဒ်ဖြစ်ရကား ဆရာမြတ်တို့အဆို မသင့်ပါ။

ကြည့်ရန်

အာဂတ + သမဏ	ကျမ	သံဃာရာမ
⇧	⇧	⇧
သမသျမာနပဒ	အညပဒ	အညပဒတ္ထ
(သမာသ်ပုဒ်)	**(အညပုဒ်)**	**(အညပုဒ်အနက်)**

မေး။ အညပဒတ္ထသု ဗဟုဗ္ဗီဟိ–၌ အပါဒါန်, အညာ အရတို့ကို ဖော်ပြပါ။

ဖြေ။ အညအပါဒါန်မှာ – ''အာဂတ+သမဏ''စသော သမာသ်စပ်ထိုက်သောပုဒ်များ ဖြစ်ပါသည်။

အညာ အရမှာ–ယ, တ, တေ, ကျမ, ဝါ–သဒ္ဒါတို့ ဖြစ်ပါသည်။

မေး။ ''ဇတ္ထ စ အာဂတသဒ္ဒေါ သမဏသဒ္ဒေါ စ ။ပ။ အညပဒတ္ထေ ဝတ္တန္တိ''ဟူသော ရူပသိဒ္ဓိ ကျမ်းလာ စကားရပ်ကို ရှင်းပြပါ။

ဖြေ။ ''အာဂတာ သမဏာ ကျမံ သံဃာရာမံ'' ၌ အာဂတ သဒ္ဒါ, သမဏသဒ္ဒါတို့သည် ''လာရောက်သော + ရဟန်း''ဟူသော မိမိ၏အနက်၌ ရပ်တန့်မနေဘဲ ကျမံ–၌ ဒုတိယာ ဝိဘတ်၏ အနက်ဖြစ်သော ''သံဃာ့အရံ''ဟူသော အညပုဒ်အနက်၌ဖြစ်ကြသည်–ဟု ဆိုလိုရင်းဖြစ်ပါသည်။

မေး။ ဗဟုဗ္ဗီသမာသ်ပုံစံများကို ထုတ်ပြရာ၌ ''အာဂတသမဏော''လောက်တင်မဆိုဘဲ အဘယ့်ကြောင့် ''အာဂတသမဏော သံဃာရာမော''ဟု ''သံဃာရာမော''ဟူသော ပုဒ်တစ်ပါးကို ယှဉ်စပ်ပြဆိုရပါသနည်း။

ဖြေ။ အာဂတသမဏော–၌ အာဂတသဒ္ဒါ သမဏသဒ္ဒါတို့သည် ''လာရောက်သော+ရဟန်း'' ဟူသော မိမိတို့၏အနက်၌ တန့်ရပ်မနေကြဘဲ ''ကျမံ''၌ ဒုတိယာဝိဘတ်၏အနက် ဖြစ်သော ''သံဃာ့အရံ''ဟူသော အညပုဒ် အနက်၌ ဖြစ်ကြပါသည်။

ထိုအညပုဒ်အနက်ကို ထွန်းပြခြင်းအကျိုးငှါ အာဂတသမဏော–လောက်တင်မဆိုဘဲ ''သံဃာရာမော''ဟူသော ပုဒ်တစ်ပါးကို ယှဉ်စပ်ပြဆိုရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ သံဃာရာမ–ပုဒ်နောင် ဒုတိယာဝိဘတ်မသက်ဘဲ အဘယ့်ကြောင့် ပဌမာဝိဘတ်သာ သက်ရပါသနည်း။

ဖြေ။ အာဂတသမဏော–ဟူသော သမာသ်ပုဒ်ကပင်လျှင် ဂ္ဂမံ–ဟူသော အညပုဒ်၏ ကံအနက်ကိုဟောပြီးဖြစ်သောကြောင့် သံဃာရာမ–ပုဒ်နောင် ဒုတိယာဝိဘတ် မသက်တော့ဘဲ လိင်အနက်ကို ထွန်းပြခြင်းအကျိုးငှါ ပဌမာဝိဘတ်သာ သက်ရခြင်း ဖြစ်ပါသည်။

မေး။ ''အာဂတ + သမဏ + ဂ္ဂမ''ဟုတည်၍ ရုပ်တွက်ရာ၌ အဘယ့်ကြောင့် ဂ္ဂမ (ဂ္ဂဒံ) သဒ္ဒါကို ချေပစ်ရပါသနည်း။

ဖြေ။ ''အာဂတသမဏ''ဟူသော နိပ္ပန္နသမာသ်ပုဒ်ကပင် ဂ္ဂမ–သဒ္ဒါ၏ ''သံဃဳအရံ'' ဟူသော အနက်ကို ဟောနိုင်သောကြောင့် ဂ္ဂမ (ဂ္ဂဒံ) သဒ္ဒါကို ချေပစ်ရခြင်း ဖြစ်ပါသည်။

မေး။ ဗဟုဗ္ဗီဟိသမာသ်၏ လိင်ကိုဖော်ပြပါ။

ဖြေ။ အဘိဓေယျလိင် ဖြစ်ပါသည်။

အာဂတသမဏော သံဃာရာမော (ပုံ–၄)။
အာဂတသမဏာ သာဝတ္ထိ (ထီ–၄)။
အာဂတသမဏံ ဇေတဝနံ (နံ–၄)။

ရှင်းချက်။ ။ ဟောနက် အဘိဓေယျက သံဃာရာမ–ဟု ပုလ္လိင်ဖြစ်သောကြောင့် အာဂတသမဏော–ဟုပုလ္လိင် ဖြစ်ရသည် စသည်ဖြင့် သိပါ။

မေး။ ကံဟောပုဒ်တစ်စိတ် ပါသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်ကို တတိယာလား၊ စတုတ္ထီ, ဆဋ္ဌီလား မည်ကဲ့သို့ ခွဲခြားရပါမည်နည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ကံဟောပုဒ်တစ်စိတ်နှင့် အညပုဒ်တို့ ကတ္တား + ကြိယာ၊ သို့မဟုတ်– ကရိဏ်း+ ကရိဏ်း၏ ကြိယာ၊ သို့မဟုတ်–သဟာဒိယောဂ+သဟာဒိယောဂဝန္တအဖြစ်ဖြင့် စပ်နိုင်လျှင် တတိယာဗဟုဗ္ဗီဟိသမာသ်ဖြစ်၍၊ ယင်းသို့ မစပ်နိုင်လျှင် စတုတ္ထီ, ဆဋ္ဌီဗဟုဗ္ဗီဟိသမာသ် တစ်မျိုးမျိုး ဖြစ်ပါသည်။

(တစ်နည်း) ကံဟော သမာသ်ပုဒ်တစ်စိတ်၏ ကတ္တားနှင့် အညပုဒ်တို့ အနက်အရ တူမှုကြလျှင် တတိယာဗဟုဗ္ဗီဟိသမာသ်ဖြစ်၍၊ အနက်အရမတူကြလျှင် စတုတ္ထီ, ဆဋ္ဌီဗဟုဗ္ဗီဟိသမာသ် တစ်မျိုးမျိုး ဖြစ်ပါသည်။

– ဇိတုနိ ဂ္ဂန္ဒြိယာနိ အနေန သမဏေန သောယံ ဇိတိန္ဒြိယော၊
– ဥစ္ဆိန္နံ မူလံ ဇေတသ္သ ဥစ္ဆိန္နမူလာ။ (ဝိ၊ ဋ္ဌ၊ ၁။ ၁၀၄။)
– ဇိတာနိ ဂ္ဂန္ဒြိယာနိ အနေန သမဏေန သောယံ ဇိတိန္ဒြိယော။ (ကတ္တား+ကြိယာစပ်)
– ဆိန္နော ရုက္ခော ယေနာတိ ဆိန္နရုက္ခော။ (ကရိဏ်း+ ကရိဏ်း၏ ကြိယာစပ်။)
– သုခေါ သံဝါသော ယေနာတိ သုခသံဝါသော။ (သဟာဒိယောဂ + သဟာဒိယောဂဝန္တ စပ်။)

မေး။ ဇိတိန္ဒြိယော–ဟူသော တတိယာဗဟုဗ္ဗီဟိသမာသ်ပုဒ်ကို သဒ္ဒတ္ထ, အဓိပ္ပါယတ္ထ အနက် ပေးပြပါ။

ဖြေ။ ဇိတိန္ဒြိယော၊ အေဒၚအပ်ပြီးသော ဣန္ဒြေတို့ရှိသော ရဟန်း။ (သဒ္ဒတ္ထ)

http://www.dhammadownload.com

ဝါ–ကွန္ဒြေတို့ကို အောင်ပြီးသော ရဟန်း။ (အဓိပ္ပါယတ္ထ)

မေး။ စတုတ္ထိနှင့် ဆဋ္ဌီ ဗဟုဗ္ဗီဟိသမာသ် ၂–မျိုးကို ခွဲခြားဖြေဆိုပါ။

ဖြေ။ ခံယူခြင်း ပဋိဂ္ဂါဟကလက္ခဏာပါသည့် အနည်းငယ်မျှသောအရာ၌ စတုတ္ထိ ဗဟုဗ္ဗီဟိသမာသ်ဖြစ်၍၊ ယင်းလက္ခဏာမပါသည့် များစွာအရာတို့၌ ဆဋ္ဌီဗဟုဗ္ဗီဟိ သမာသ်ဖြစ်ပါသည်။

ဆဋ္ဌီသာများ။ ။ တပ္ပုရိသ်၌လည်း နည်းတူ။ ရူပသိဒ္ဓိ, သဒ္ဒနီတိတို့၌ လာသော စတုတ္ထိ, ဆဋ္ဌီ တပ္ပုရိသ်, ဗဟုဗ္ဗီဟိသမာသ် ပုံစံများကို နှိုင်းယှဉ်ကြည့်ရုံမျှဖြင့် စတုတ္ထိက အနည်းငယ်မျှသာဖြစ်၍ ဆဋ္ဌီက အများဖြစ်ကြောင်း သိသာပါသည်။ မြန်မာနိုင်ငံ သာသနာ၌ကား ''ယဿ, အဿ, တဿ''တို့ကို အား–ဟုချည်း အနက်ပေးလေ့ရှိကြသဖြင့် စတုတ္ထိက များသလို ဖြစ်နေပါသည်။

မေး။ (က) ဒသ ဗလာနိ ယဿာတိ ဒသဗလော (ခ) တီဏိ ဒသပရိမာဏာ မေတေသန္တိ တိဒသာ၊ ဒေဝါ–တို့၌ ဒသ–သဒ္ဒါနှစ်ခုတို့၏ အထူးကို ဖြေဆိုပါ။

ဖြေ။ (က) ၌ ဒသ သဒ္ဒါသည် အရေအတွက်သခ်ၤာကို ပဓာနအားဖြင့် မဟော၊ ''အား'' ဟူသော ရေတွက်အပ်သော သခ်ၤေယျကို ပဓာနအားဖြင့် ဟော၏။

(ခ) ၌ ဒသ သဒ္ဒါကား ပရိမာဏသဒ္ဒါ၏ အနီး၌တည်သောကြောင့် အရေအတွက် သခ်ၤာကို ပဓာနအားဖြင့် ဟော၏။ ဤသို့ ထူးပါသည်။

မေး။ ဆန္ဒဇာတော, ဇာတဆန္ဒော–ဟု သမာသ်ပုဒ်အနေအထား နှစ်မျိုးနှစ်စား ဖြစ်နိုင်ပုံကို ရှင်းပြပါ။

ဖြေ။ ထိုပြယုဂ်တို့၌ ဝိသေသန, ဝိသေသျတို့သည် ဝဒန္တ္ယုပဂ္ဂါလ်၏အလိုအတိုင်း ဖြစ်နိုင်သောကြောင့် ယင်းသို့ဝိသေသနပုဒ် နောက်ကျလျက် ဆန္ဒဇာတော–ဟုလည်းကောင်း၊ ဝိသေသနပုဒ် ရှေ့ကျလျက် ဇာတဆန္ဒော–ဟုလည်းကောင်း နှစ်မျိုးနှစ်စား ဖြစ်နိုင်ခြင်း ဖြစ်ပါသည်။

မေး။ တုလျာဓိကရဏဗဟုဗ္ဗီဟိသမာသ်နှင့် ဘိန္နာဓိကရဏဗဟုဗ္ဗီဟိသမာသ်တို့ သဘောသွား ထူးခြားဟန်ကို ရှင်းပြပါ။

ဖြေ။ သမာသ်ပုဒ်ချင်း အနက်အရတူ, ဝိဘတ်တူလျှင် တုလျာဓိကရဏ ဗဟုဗ္ဗီဟိသမာသ် ဖြစ်၍၊ သမာသ်ပုဒ်ချင်း အနက်အရမတူ, ဝိဘတ်မတူလျှင် ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိသမာသ် ဖြစ်ပါသည်။

ဝိဘတ်တူသော်လည်း အနက်အရပြားလျှင် ဘိန္နာဓိကရဏဗဟုဗ္ဗီဟိသမာသ်ဟုပင် ဆိုရပါသည်။ ဥပမာ–'ဒွတ္တိပတ္တာ'စသော သခ်ၤာဘယဗဟုဗ္ဗီဟိသမာသ်၊ ပုဗ္ဗဒက္ခိဏာ–စသော ဒိသန္တရာဥတ္ထ ဗဟုဗ္ဗီဟိသမာသ်ပုဒ်တို့ ဖြစ်ပါသည်။

မေး။ နိဂ္ဂြောဓပရိမဏ္ဍလော–ဟူသော ဥပမာန ပုဗ္ဗပဒဗဟုဗ္ဗီဟိသမာသ်ပုဒ်ကို ဝိဂြိုဟ်ပြုသောအခါ ကွ်ဝ–သဒ္ဒါကို ယှဉ်စပ်သုံးစွဲရခြင်း၏ ရည်ရွယ်ချက်နှင့် ချေပစ်ရခြင်းအကြောင်းတို့ကို ဖော်ပြပါ။

ဖြေ။ ဥပမာန, ဥပမေယျအဖြစ် ထင်ရှားစေခြင်းအကျိုးငှါ ကွ်ဝ–သဒ္ဒါကို ယှဉ်စပ်သုံးစွဲရခြင်း ဖြစ်ပါသည်။

သမာသ်စပ်မှု စသည်ပြု၍ ဝိဘတ်ချေပြီးသောအခါ နိဂ္ဂြောဓပရိမဏ္ဍလ–ဟူသော

http://www.dhammadownload.com

သမာသ်ပုဒ်ကပင် ကွ်ဝ–ဟူသော ဥပမာနဇေတကပုဒ်၏အနက်ကို တာဝန်ခံ၍ ဟောနိုင်သောကြောင့် ''ဝုတ္တတ္ထာနမပ္ပယောဂေါ''ပရိဘာသာ အရ ကွ်ဝ–သဒ္ဒါကို ချေပစ်ရခြင်း ဖြစ်ပါသည်။

မေး။ (က) သုဝဏ္ဏဝဏ္ဏော ဝိယ ဝဏ္ဏော ယဿ သောယံ သုဝဏ္ဏဝဏ္ဏော။

(ခ) သီဟသ္ဟ ပုဗ္ဗဒ္ဓံ ဝိယ အဿ ကာယောတိ သီဟပုဗ္ဗဒ္ဓကာယော–တို့၏ သမာသ်အမည်များကို ဖော်ပြပါ။

ဖြေ။ (က) သည် သုဝဏ္ဏဝဏ္ဏ–ဟူသော ရှေ့ပုဒ်၌ ဝဏ္ဏ–ဟူသော နောက်ပုဒ်ကို ချေရသောကြောင့် ပုဗ္ဗပဒေ ဥတ္တရပဒလောပ ဆဋ္ဌီဗဟုဗ္ဗီဟိသမာသ် ဖြစ်ပါသည်။

–သုဝဏ္ဏဝဏ္ဏ + ဝိယ + ဝဏ္ဏ + ယ။

(ခ) သည် တိဟဒ္ဓဆဋ္ဌီဗဟုဗ္ဗီဟိသမာသ်ပုဒ် ဖြစ်ပါသည်။

မဇ္ဈေပဒလောပ။ ။ ''သုဝဏ္ဏဿ ဝဏ္ဏော ဝိယ ဝဏ္ဏော ယဿ'' ဟု ဝိဂြိုဟ်ပြုလျှင် ''**သုဝဏ္ဏ + ဝဏ္ဏ + ဝိယ + ဝဏ္ဏ + ယ**''ဟု ပကတိပြုရသောကြောင့် ဥတ္တရပဒလောပ မဟုတ်ပါ။ အလယ်ဖြစ်သော ဝဏ္ဏ–တစ်ပုဒ်ကို ချေရသောကြောင့် ''မဇ္ဈေပဒလောပ ဆဋ္ဌီဗဟုဗ္ဗီဟိသမာသ်'' ဖြစ်ပါသည်။

အဋ္ဌကထာ, ဋီကာတို့၌ နှစ်မျိုးလုံးပင် အသုံးပြုထားသည်ကို တွေ့ရပါလိမ့်မည်။

မေး။ ဆဋ္ဌီယတ္ထ ဥပမာနပုဗ္ဗပဒ ဗဟုဗ္ဗီဟိသမာသ် ဝိဂြိုဟ်ဆိုနည်း ၂–နည်းကို ဖော်ပြပါ။

ဖြေ။ ၁။ သုဝဏ္ဏဝဏ္ဏော ဝိယ ဝဏ္ဏော ယဿ သောယံ သုဝဏ္ဏဝဏ္ဏော။

၂။ နာဂဿ ဝိယ အဿ ဂတိတိ နာဂဂတိ။

ရှင်းချက်။ ။ အမှတ်(၁)နည်း၌ ရှေ့ပုဒ်၌ရှိသော နောက်ပုဒ်ကို ချေပစ်ရ၏။ နောက်နည်း၌ ချေဖွယ်မလို၊ အနက်ပေးရာ၌ ''နာဂဿ၊ ၏။ ဂတိ ဝိယ၊ သွားခြင်းနှင့် တူသော။ ဂတိ၊ သွားခြင်းသည်''ဟု ဂတိ–ပုဒ်ကို လိုက်၍ အနက်ပေးရပါသည်။

မေး။ ''သုဝဏ္ဏ+ဝဏ္ဏ+ဝဏ္ဏ''ဟု ဖြစ်နေရာ၌ အဘယ့်ကြောင့် ရှေ့ဖြစ်သော၀ဏ္ဏ၊ (တစ်နည်း) အလယ်ဖြစ်သော ဝဏ္ဏ–ကို ချေပစ်ရပါသနည်း။

ဖြေ။ ရှေ့ဖြစ်သော ဝဏ္ဏ ၊ (တစ်နည်း) အလယ်ဖြစ်သော ဝဏ္ဏ–သည် အပဓာနဖြစ်သောကြောင့် ၎င်းကို ချေပစ်ရခြင်း ဖြစ်ပါသည်။

ရှင်းချက်။ ။ ရှေ့ ဝဏ္ဏ သည် ရွှေအဆင်းဟော ဥပမာနမျှသာဖြစ်၍ အပဓာနတည်း၊ နောက် ဝဏ္ဏ ကား မြတ်စွာဘုရား၏ အဆင်းဟော ဥပမေယျဖြစ်၍ ပဓာနဖြစ်၏။

မေး။ ''ဒွေ ဝါ တယော ဝါ ပတ္တာ ဒွတ္တိပတ္တာ''ဟူသော သမာသ်ပုဒ်၏ အမည်ကို အကြောင်းနှင့်တကွ ဖော်ပြ၍၊ ရုပ်ပြီးပုံကိုလည်း ရေးပြပါ။

ဖြေ။ ဝါ–သဒ္ဒါ၏ ဝိကပ်အနက်၌ ဒွိ, တိ–ဟူသော သဒ္ဒါ ၂–ပုဒ်ကို သမာသ်စပ်ထားသောကြောင့် ''သင်္ချာဘယပဒ ဗဟုဗ္ဗီဟိသမာသ်'' ဖြစ်ပါသည်။

(သက္ကတ သဒ္ဒါကျမ်းတို့၌ ''သံသယအနက်''ဟု ဖွင့်ပါသည်။)

''ဒွိတိပတ္တိ''ဟု ပကတိပြုပြီးနောက် ဒွေကဒ္ဒါန မာကာရော ဝါ– သုတ်ဖြင့် ဒွိ သဒ္ဒါ၏ အဆုံး ကွ်–ကို အာ–ပြု၊ ကွစာဒိမဇ္ဈတ္တရာနံ–သုတ်ဖြင့် ထိုအာ–ကို အ–ရဿပြု (ဒွတိပတ္တ)၊ တ–ကို သဒိသဒွေးဘော် ထ္တ–ပြု (ဒွတ္တိပတ္တ)၊ နာမ်ငဲ့, ယောသက်,

http://www.dhammadownload.com

အာပြု၊ ခွင်း, ချေ, ကပ်၊ ပြီး၏။

ဝစနတ္ထ– သဈ်ာ ဥဘယံ ပဒံ ယဿာတိ သဈ်ာဘယပဒေါ။

ဝါ–သည် အညပုဒ်။ ။ ဤသဈ်ာဘယပဒ ဗဟုဗ္ဗီဟိသမာသ်၌ ဝါသဒ္ဒါသည်ပင် ဒွိတိ–ဟူသော သမာသ်ပုဒ်မှ တစ်ပါးသောပုဒ်ဖြစ်သောကြောင့် အညပုဒ်တည်း။

မေး။ သဈ်ာဘယပဒဗဟုဗ္ဗီဟိသမာသ်၌ ဝုစ်ဘယ်နှစ်မျိုးရှိနိုင်ပါသနည်း။ သာဓကပုစံဖြင့် ဖော်ပြပါ။

ဖြေ။ ဝုစ်နှစ်မျိုးရှိနိုင်ပါသည်။

သာဓကပုံစံ– ဒွေ ဝါ တယော ဝါ ပတ္တာ ဒွတ္တိပတ္တာ။ (ဗဟုဝုစ်)
ဒွီဟံ ဝါ တီဟံ ဝါ ဒွီဟတီဟံ။ (ဧကဝုစ်)

မေး။ ''ဒိသန္တရာဌတ္ထဗဟုဗ္ဗီဟိသမာသ်''ဟူသည် အဘယ်ကဲ့သို့သော သမာသ်ဖြစ်ကြောင်း ရှင်းပြပါ။

ဖြေ။ အရပ်နှစ်ခုတို့၏ အလယ်အကြားဖြစ်သော အရပ် (ထောင့်အရပ်) ဟူသောအနက်ရှိသော ဗဟုဗ္ဗီဟိသမာသ်သည် ''ဒိသန္တရာဌတ္ထ ဗဟုဗ္ဗီဟိသမာသ်'' ဖြစ်ပါသည်။

ပြယုဂ် – ပုဗ္ဗဿာ စ ဒက္ခိဏဿာ စ ဒိသာယ ယဒန္တရာဌံ သာယံ ပုဗ္ဗဒက္ခိဏာ၊

ဤပြယုဂသည် အရှေ့အရပ်, တောင်အရပ်တို့၏ အလယ်အကြားဖြစ်သော အရပ် (အရှေ့တောင်ထောင့်အရပ်)ဟူသောအနက်ရှိသောကြောင့် ''ဒိသန္တရာဌတ္ထ ဗဟုဗ္ဗီဟိ သမာသ်'' ဖြစ်ပါသည်။

ဝစနတ္ထ– ဒိသာနံ အန္တရာဌံ ဒိသန္တရာဌံ၊ ဒိသန္တရာဌံ အတ္ထော ယဿာတိ ဒိသန္တရာဌတ္ထော။

မေး။ ပုဗ္ဗဒက္ခိဏာ–ကို ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ ''ပုဗ္ဗာ (သ) စ (သိ) ဒက္ခိဏာ (သ) စ (သိ) ယ (သိ)''ဟု ဝိဘတ်သက်၍ ''ပုဗ္ဗဿာ စ ဒက္ခိဏဿာ စ ယံ''ဟု ဝါကျပြီးစေ၊ သမာသ်စသည် စီရင်ပြီးနောက် ''ပုဗ္ဗာဒက္ခိဏာ'' ဟု ပကတိပြု၊ ကွစာဒိမဇ္ဇုတ္တရာနံ–သုတ်ဖြင့် ပုဗ္ဗာ–၌ အာ–ကို အ–ရဿပြု၊ (ပုဗ္ဗ–ဒက္ခိဏာ) နာမ်ငဲ့, သိသက် စသည်၊ ပြီး၏။

မေး။ ပုဗ္ဗဒက္ခိဏာ–ပုဒ်ကို ရုပ်တွက်ရာ၌ ''ပုဗ္ဗာဒက္ခိဏာ''ဟု ပကတိပြုပြီးသောအခါ ရှေ့ ပုဗ္ဗာ–ပုဒ်ကို အဘယ်ကြောင့် ပုမ္ဘော မငဲ့ပါသနည်း။

ဖြေ။ တုလျာဓိကရဏဖြစ်သော နောက်ပုဒ် မနှောင်းသောကြောင့် ဖြစ်ပါသည်။

မေး။ ဒက္ခိဏာ စ သာ ပုဗ္ဗာ စာတိ ဒက္ခိဏပုဗ္ဗာ–ဟူသော ကမ္မဓာရည်းသမာသ်၌ အဘယ့်ကြောင့် ပုမ္ဘော ငဲ့နိုင်ပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ နောက်ပုဒ်အနက် ပြဋ္ဌာန်းသောကြောင့် ပုမ္ဘောငဲ့နိုင်ခြင်း ဖြစ်ပါသည်။

မှတ်ချက်။ ။ ဆဋ္ဌမူ ရူပသိဒ္ဓိစာရှိအတိုင်း မေး+ဖြေထားခြင်း ဖြစ်ပါသည်။

မေး။ ဒက္ခိဏပုဗ္ဗ–ပုဒ်၌ အဘယ့်ကြောင့် ဒက္ခိဏပုဗ္ဗဿံ, ဒက္ခိဏပုဗ္ဗဿာ–စသည်ဖြင့် သဗ္ဗနာမ်အစီအရင် ဖြစ်နိုင်ပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ ယင်းပုဒ်၌ နောက်ပုဒ်အနက် ပြဋ္ဌာန်းသောကြောင့် သဗ္ဗနာမ်အစီအရင် ဖြစ်နိုင်ပါသည်။

ရှင်းချက်။ ။ နောက်ပုဒ်အနက် ပြဋ္ဌာန်းသောကြောင့် ဗဟုဗ္ဗီဟိသမာသ် မဟုတ်၊

http://www.dhammadownload.com

ကမ္မဓာရည်းသမာသ် ဖြစ်သည်။ ကမ္မဓာရည်းသမာသ်ဖြစ်သောကြောင့် ဗဟုဗ္ဗိဟိမှိ စ–သုတ်ဖြင့် တားမြစ်ခွင့်မရှိတော့၊ ထို့ကြောင့် သဗ္ဗနာမ်အစီအရင်များ ဖြစ်ရသည်–ဟူလို။

မှတ်ချက်။ ။ ဤ အမေး+အဖြေကား ''ဥတ္တရပဒတ္ထပ္ပဓာနတ္တာ သဗ္ဗနာမိကဝိဓာနမ်ိဳ ဘဝတိ''ဟူသော သီဟိဠ်ဋီကာချာနှင့် စည်ရှင် မဟာရူပသိဒ္ဓိနိဿယတို့ နောက်သို့လိုက်၍ ရေးထားသော အမေး+အဖြေ ဖြစ်သည်။

မေး။ အဘယ်ကဲ့သို့သော ဗဟုဗ္ဗိဟိသမာသ်မျိုးကို ဗျတိဟာရလက္ခဏ ဗဟုဗ္ဗိဟိသမာသ် ဟု ဆိုရပါသနည်း။

ဖြေ။ ''အချင်းချင်းဆန့်ကျင်ဘက် အမူအရာကို ပြုခြင်း (ရန်ဖြစ်ခြင်း)''ဟူသော အမှတ်အသား ရှိသော ဗဟုဗ္ဗိဟိသမာသ်သည် ''ဗျတိဟာရလက္ခဏ ဗဟုဗ္ဗိဟိသမာသ်'' မည်ပါသည်။

ဝစနတ္ထ – ဗျတိဟာရော လက္ခဏံ ယဿာတိ ဗျတိဟာရလက္ခဏော။

မေး။ ဗျတိဟာရဗဟုဗ္ဗိဟိသမာသ်လက္ခဏာ ၄–ပါးကို ရေးသားဖြေဆိုပါ။

ဖြေ။ ၁။ သမာသ်ပုဒ်ချင်း သုတိတူရခြင်း။
၂။ အာဓာရ၊ သို့မဟုတ်– ကရိဏ်း တစ်ခုခုပါရခြင်း။
၃။ ဆွဲကိုင်မှု၊ သို့မဟုတ်– ပုတ်ခတ်မှု တစ်ခုခုဖြစ်ရခြင်း။
၄။ အညပုဒ်အနက်သည် စစ်ထိုးမှု (ရန်ဖြစ်မှု) ဖြစ်ခြင်းတို့ ဖြစ်ပါသည်။

မေး။ ကေသာကေသိ–ကို ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ ကေသ + ကေသ + ဂဟော်တွာ + က္ကမ–ဟူ၍တည်။
''ကေသေသု ကေသေသု ဂဟော်တွာ က္ကဒံ''ဟု သမာသ်ဝါကျဖြစ်စေ၊ ဝိဘတ်ချေခြင်း စသည်ပြုပြီးနောက် ''ကေသကေသ''ဟု ပကတိပြု၊ ကွစာဒိမဏ္ဍူတ္တရာနံ–သုတ်ဖြင့် အလယ်ဖြစ်သော သ–၌ အ–ကို အာဒီဃပြု၊ တေသု ဝုဒ္ဓိ–သုတ်ကြီးဖြင့် အဆုံးဖြစ်သော အ–ကို က္ဂ–ပြု၊ နာမ်ငဲ့ စသည်၊ ပြီး၏။

၃၂၉၊ ၃၅၇။ နာမာနံ သမုစ္စယော ဒွန္ဒော။ (၂၀၈)

မေး။ ဒွန် ၂–မျိုးကို ပြယုဂ်နှင့်တကွ ဖော်ပြပါ။

ဖြေ။ ၁။ က္ကတရီတရယောဂဒွန် – သာရိပုတ္တမောဂ္ဂလ္လာနာ။
၂။ သမာဟာရဒွန် – စက္ခုသောတံ။

မေး။ ဒွန်သမာသ် ဝိဂြိုဟ်ဆိုရာ၌ အဘယ်အကျိုးငှါ စ သဒ္ဒါ ၂–လုံးကို ထည့်ဆိုရပါသနည်း။

ဖြေ။ သမုစ္စည်းအနက်ကို ထွန်းပြခြင်းအကျိုးငှါ သမုစ္စယတ္ထဇောတက စ သဒ္ဒါ ၂–လုံးကို ထည့်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ နာမာနံ သမုစ္စယော ဒွန္ဒော–သုတ်၏အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ဝိဘတ်တူမျှ ယုတ္တတ္ထဖြစ်သော အမျိုးမျိုးသော နာမ်ပုဒ်တို့၏ ပေါင်းစည်းအပ်သော အနက်ရှိသော သဒ္ဒါကို အချို့ သမာသ်စပ်၍ ဒွန်အမည်မှည့်သောသုတ် ဖြစ်ပါသည်။

(ဝိမိသုတ်, သညာသုတ် အမည်နှစ်မျိုးရသော သုတ်တည်း။)

http://www.dhammadownload.com

မေး။ နာမာနံ–ကို ''နာနာနာမာနံမဝ''ဟုဖွင့်သော ရူဆရာ၏ အာဘောဂကို ဖော်ပြပါ။

ဖြေ။ ''နာမ်ပုဒ် ၂ –ပုဒ်သာမက, နာမ်ပုဒ်အများကိုပင် ဒွန်သမာသ်စပ်နိုင်၏''ဟူသော အဓိပ္ပါယ်ကို လည်းကောင်း၊ ''ကြိယာပုဒ်တို့ကို သမာသ်မစပ်ရ''ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေပါသည်။

မှတ်ချက်။ ။ ၎ သဒ္ဒါဖြင့် ကြိယာကို နှစ်စေသည်ဟု မှတ်ပါ။

မေး။ နာမာနံ သမုစ္စယော ဒွန္ဒော–သုတ်၌ နာမာနံ–အရကို ဖော်ပြ၍၊ ထို နာမာနံ–သဒ္ဒါဖြင့် သိစေအပ်သော အဓိပ္ပါယ်ကို ဖော်ပြပါ။

ဖြေ။ နာမာနံ–အရ ဝိဘတ်တူမျှ ယုတ္တတ္ထဖြစ်သော အမျိုးမျိုးသော နာမ်ပုဒ်တို့ကို ယူရပါမည်။ ထို နာမာနံ–သဒ္ဒါဖြင့် နာမ်ပုဒ်နှစ်ပုဒ်သာမက များစွာသော နာမ်ပုဒ်တို့ကိုလည်း ဒွန်သမာသ်စပ်နိုင်သည်၏အဖြစ်ကို သိစေပါသည်။

မေး။ ကေဝိဘတ္တိကာနံ–ပါဠိဖြင့် သိစေအပ်သာ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ထိုပါဠိဖြင့် အချို့သမာသ်တို့ဝယ် ရှေ့ပုဒ်၌ ပထမာ, နောက်ပုဒ်၌ ဝိဘတ်ခုနစ်သွယ်စသည်ဖြင့် ရှေ့ပုဒ်, နောက်ပုဒ်တို့ ဝိဘတ်မတူဘဲ သမာသ်စပ်နိုင်သော်လည်း ဤဒွန်သမာသ်၌ကား ဝိဘတ်တူသော နာမ်ပုဒ်တို့ကိုသာ သမာသ်စပ်နိုင်၏–ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

မှတ်ချက်။ ။ ကေဝိဘတ္တိကာနံ–ဟုဆိုသောကြောင့် ဝိဘတ်တူမှုသာ ပဓာန ဖြစ်၏။ ဝုစ်ကား တူတူ, မတူတူ အရေးမကြီး–ဟု သိပါ။

မေး။ ကေဝိဘတ္တိကာနံ–ဆိုသဖြင့် ဖြစ်ပေါ်လာနိုင်သော ဒွန်သမာသ်ဝိဂြိုဟ်ဝါကျ ၄–မျိုးကို ဖော်ပြပါ။

ဖြေ။ ၁။ သမဏော စ ဗြာဟ္မဏော စ သမဏဗြာဟ္မဏာ။ (၈+၈)
၂။ သမဏော စ ဗြာဟ္မဏာ စ သမဏဗြာဟ္မဏာ။ (၈+၆)
၃။ သမဏာ စ ဗြာဟ္မဏော စ သမဏဗြာဟ္မဏာ။ (၆+၈)
၄။ သမဏာ စ ဗြာဟ္မဏာ စ သမဏဗြာဟ္မဏာ။ (၆+၆)

မေး။ ''ယော သမုစ္စယော၊ သော ဝိဘာသာ သမာသော ဟောတိ''ဟူသော ဝုတ္တိအဖွင့်၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်တို့၏ ပေါင်းစည်းမိခြင်း ဟူသော အနက်သည် ''သမုစ္စည်း'' မည်၏။

ယော သမုစ္စယော–အရ ထိုပေါင်းစည်းမိခြင်းဟူသောအနက်ကို ရသော်လည်း သမာသ်တွဲစပ်မှုဟူသော အစီအရင်သည် ထိုအနက်၌ မဖြစ်သင့်၊ သဒ္ဒါ၌သာ ဖြစ်သင့်သောကြောင့် ကာရဏူပစာအားဖြင့် ''သာရိပုတ္တမောဂ္ဂလ္လာန'' စသော သဒ္ဒါကိုသာ ယူရပါသည်။

ဥပမာ–'အဂ္ဂိသိနိ'သုတ်၌ ''အဂ္ဂိသ၊ မီး၏''ဟူသော အနက်ကို ယူလျှင် ကွန်–အပြု မဖြစ်နိုင်သောကြောင့် ''အဂ္ဂိသ၊ အဂ္ဂိသဒ္ဒါ၏''ဟု သဒ္ဒါကို ယူရသကဲ့သို့ ဖြစ်ပါသည်။ (ဋီကာ။)

မေး။ နာမာနံ သမုစ္စယော ဒွန္ဒော–၌ သမုစ္စယော–အရ ''သမုစ္စည်း''၏ အဓိပ္ပါယ်ကို ရှင်းလင်း

http://www.dhammadownload.com

ဖြေဆိုပါ။

ဖြေ။ တစ်ခြားစီဖြစ်နေသော အရာဝတ္ထုနှစ်ခု, သုံးခု စသည်တို့၏ ပေါင်းမိခြင်း = တစ်စည်း တစ်လုံးတည်းဖြစ်ခြင်းသည် ''သမုစ္စယ = သမုစ္စည်း'' မည်ပါသည်။

သိမှတ်ဖွယ်။ ။ ထိုကဲ့သို့ တစ်စည်းတစ်လုံးတည်းဖြစ်အောင် ပြုခြင်းကို ပုဂ္ဂိုလ်၏ လုံ့လပယောဂ စိုက်မှုကို ငဲ့၍ ''ဆည်းသည်''ဟု ပြောစမှတ်ပြုကြခြင်း ဖြစ်ပါသည်။

မေး။ သမုစ္စည်းအပြား ၄-ပါး ကို ပြယုဂ်များနှင့်တကွ တွဲစပ်ဖော်ပြပါ။

ဖြေ။ ၁။ ကေဝလသမုစ္စည်း – စီဝရ ပိဏ္ဍပါတဉ္စ၊ ပစ္စယံ သယနာသနံ အဒါသိ။
၂။ အန္ဓာစယသမုစ္စည်း – ဒါနဉ္စ ဒေဟိ၊ သီလဉ္စ ရက္ခာဟိ။
၃။ ကွတရီတရယောဂသမုစ္စည်း – သာရီပုတ္တမောဂ္ဂလ္လာနာ။
၄။ သမာဟာရသမုစ္စည်း – စက္ခုသောတံ။

မေး။ သမုစ္စည်း ၄-ပါးတို့ သဘောသွားကို ထင်ရှားသိသာအောင် ရေးပြပါ။

ဖြေ။ ၁။ အန္ဓာစယသဘောနှင့် မရောမယှက် သက်သက်သန့်သန့်ဖြစ်သော သမုစ္စည်းသည် ''ကေဝလသမုစ္စည်း'' မည်၏။

၂။ နောက်ထပ် ပေါင်းစည်းသော သမုစ္စည်းသည် '' အန္ဓာစယသမုစ္စည်း'' မည်၏။ (အနု ပစ္ဆာ အာစယနံ အန္ဓာစယော–ဟုပြု။)
ပထမ တစ်ဝါကျဖြင့် တစ်စုံတစ်ခုသော အမှုကိစ္စကို စီရင်၍ နောက်တစ်ဝါကျဖြင့် တစ်စုံတစ်ခုသော အမှုကိစ္စကို စီရင်သော သမုစ္စည်းသည် '' အန္ဓာစယသမုစ္စည်း'' မည်၏။ (ဋီကာ)

၃။ ပုဒ်တစ်ခု၏ အခြားသောပုဒ်တခုနှင့် ယှဉ်ခြင်းသည် ''ကွတရီတရယောဂ သမုစ္စည်း'' မည်၏။ (ကွတရေန ကွတရေန ယောဂေါ ကွတရီရယောဂေါ။)
တစ်နည်း – ကွတရသ ကွတရေန ယောဂေါ ကွတရီတရယောဂေါ။)

၄။ ပေါင်း၍ ဆောင်သော (အစိတ်အစိတ် ကွဲပြားနေသော အထည်ဝတ္ထု အနက်ဖြစ် အစုကို စိတ်ဖြင့် ဖုံးကွယ်ထား၍ တစ်ပေါင်းတစ်စုတည်းအနေအားဖြင့် ပြောဆို အပ်သော) သမုစ္စည်းသည် ''သမာဟာရသမုစ္စည်း'' မည်၏။ (သမောဓာနေတွာ အာဟရဏံ သမာဟာရော။)

မေး။ သမုစ္စည်း ၄-မျိုးတို့တွင် သမာသ်ဖြစ်သော သမုစ္စည်း, သမာသ်မဖြစ်သော သမုစ္စည်း တို့ကို အကြောင်းနှင့်တကွ ခွဲခြားပြခဲ့ပါ။

ဖြေ။ ကေဝလသမုစ္စည်း, အန္ဓာစယသမုစ္စည်း တို့၌ ကြိယာကိုငဲ့သည်ဖြစ်၍ နာမ်ပုဒ်အချင်းချင်း ယုတ္တတ္ထမဖြစ်သောကြောင့် သမာသ်မဖြစ်ပါ။

ကွတရီတရယောဂသမုစ္စည်း, သမာဟာရသမုစ္စည်းတို့၌ကား နာမ်ပုဒ် အချင်းချင်း ငဲ့စပ်၍ ယုတ္တတ္ထဖြစ်သောကြောင့် သမာသ်ဖြစ်ပါသည်။

မေး။ ကေဝလသမုစ္စည်း, အန္ဓာစယသမုစ္စည်းတို့၌ (ကြိယာကိုငဲ့သည်ဖြစ်၍ ယုတ္တတ္ထ မဖြစ်သောကြောင့်) သမာသ်မဖြစ်နိုင်ပုံကို ရှင်းပြပါ။

ဖြေ။ ''စီဝရံ ပိဏ္ဍပါတဉ္စ၊ ပစ္စံ သယနာသနံ အဒါသိ'' ပြယုဂ်၌ စီဝရ, ပိဏ္ဍပါတ, ပစ္စယ, သယနာသန–တို့ အချင်းချင်း သမုစ္စယ, သမုစ္စေတဗ္ဗအဖြစ်ဖြင့် ငဲ့စပ်ကြသော်လည်း

http://www.dhammadownload.com

မိမိတို့ အချင်းချင်းမှတစ်ပါး အဒါသိ–ဟူသော ကြိယာပုဒ်ကိုလည်း ငဲ့နေကြသေးသော ကြောင့် ယုတ္တထ္ထ မဖြစ်ပါ။ ထိုကြောင့် ''စိဝရပိဏ္ဍပါတပစ္စယသယနာသနာနိ''ဟု ဒွန်သမာသ် မဖြစ်နိုင်ပါ။

''ဒါနဉ္စ ဒေဟိ၊ သီလဉ္စ ရက္ခာဟိ'' ပြယုဂ်၌ ဒါန် နှင့် သီလ် သည် အချင်းချင်း အလျဉ်း မငဲ့ကြ၊ ဒါန်–သည် ဒေဟိ–ဟူသော ကြိယာကို၊ သီလ်–လည်း ရက္ခာဟိ–ဟူသော ကြိယာကိုသာ ငဲ့သောကြောင့် ယုတ္တထ္ထ မဖြစ်ပါ။ ထို့ကြောင့် ''ဒါနဉ္စ သီလဉ္စ ဒါနသီလံ'' ဟု ဒွန်သမာသ် မဖြစ်နိုင်ပါ။

သိမှတ်ဖွယ်။ ။ သက္ကတသဒ္ဒါကျမ်းတို့၌ ''ဘိက္ခံ စရ, ဂါဝေါ စ အာနယ'' ဟု နောက်ဝါကျ၌သာ စ သဒ္ဒါပါသော ပုံစံကို ထုတ်ပြကြပါသည်။ ထိုကျမ်းတို့အလို ''ဒါနံ ဒေဟိ, သီလဉ္စ ရက္ခာဟိ''ဟု ပြယုဂ် ဖြစ်သင့်ပါသည်။

မေး။ ကျတရိတရယောဂနှင့် သမာဟာရတို့၏ အထူးကို ရေးပြပါ။

ဖြေ။ အားတူမျှ၍ တစ်စိတ်အနက် ပြဌာန်းလျှင် ကျတရိတရယောဂ ဖြစ်၏၊ ယင်း၌ ဗဟုဝုစ်သာ ရှိရပါမည်။

အပေါင်းအနက် ပြဌာန်းလျှင် သမာဟာရ ဖြစ်၏၊ ယင်း၌ ယေဘုယျအားဖြင့် နပုလ္လိင်, ဧကဝုစ်ရှိရပါမည်။ ဤသို့ ထူးပါသည်။

မေး။ ကျတရိတရယောဂဒွန်၌ အဘယ့်ကြောင့် ဗဟုဝုစ်သာ ဖြစ်ရပါသနည်း။

ဖြေ။ ကျတရိတရယောဂဒွန်သည် အစိတ်အနက် ပြဌာန်းသောကြောင့် (အစိတ်သည်လည်း အများဖြစ်သောကြောင့်) ယင်း၌ ဗဟုဝုစ်သာ ဖြစ်ရပါသည်။

မေး။ ဒွန္ဒ–ပုဒ်ကို ဝစနတ္ထပြု၍ အသီးသီး အရကောက်ပြပါ။

ဖြေ။ ဒွေ စ ဒွေ စ (ပဒါနိ) ဒွန္ဒာ၊ နှစ်ခု နှစ်ခုသော ပုဒ်တို့ကို ရ၏။
(တစ်နည်း) ဒွေ ဒွေ စ (အတ္ထာ) ဒွန္ဒာ၊ နှစ်ခုနှစ်ခုသော အနက်တို့ကို ရ၏။
ဤနေရာ၌ အနက်ကို အကြောင်းပြု၍ ကာရကူပစာအားဖြင့် သဒ္ဒါတို့ကို ရ၏။
ဒွန္ဒာ ဝိယာတိ ဒွန္ဒော၊ ဒွန်သမာသ်ကို ရ၏။

မှတ်ချက်။ ။ သိဟိုဠ်မူ၌ ''ဒွေ စ ဒွေ စာတိ ဒွန္ဒော၊ ဒွန္ဒဌော ဝါ ဒွန္ဒော''ဟု ရှိ၏။ ဋီကာ၌လည်း ''ဒွန္ဒော''ပင်။ ၎င်းတို့အလို – ''ဒွေ စ ဒွေ စ ဒွန္ဒော၊ တစ်နည်း–ဒွေ စ ဒွေ စ (အတ္ထာ) ဒွန္ဒော။ ဒွန္ဒော ဝိယာတိ ဒွန္ဒော''ဟုဝစနတ္ထပြုရမည်။ ရုပ်တွက်ရာ၌ လည်း နိဂ္ဂဟိတ်လာ, တဝဂ္ဂန္တ နှ–ပြုပြီးနောက် တထာ ဒွန္ဒေ–သုတ်၌ အာဒိသဒ္ဒါဖြင့် ကောတဲ့၊ နာမဲ့, သိသက်, သြပြု, ခွင်း, ချေ, ကပ်၍ ''ဒွန္ဒော''ဟု ရုပ်ပြီးစေရပါမည်။

မေး။ ဒွန္ဒာ–ပုဒ်၏ ရုပ်ပြီးပုံကို ဖော်ပြပါ။

ဖြေ။ ''ဒွိ + စ + ဒွိ + စ'' တည်၊ ''ဒွေ စ ဒွေ စ''ဟု ဝါကျပြီးစေ။ သမာသ်စသည်စီရင်၍ ''ဒွိဒွိ'' ဟု ပကတိပြု၊ တိယေ ဒုတာပိ စ–သုတ်၌ စ–သဒ္ဒါဖြင့် နောက် ဒွိ–ကို ဒိ–ပြု (ဒွိဒိ)၊ ကွစိ သမာသန္တ–စသောသုတ်ဖြင့် သမာသ်ပုဒ်၏ အဆုံး၌တည်သော ကွ–ကို အ–ပြု (ဒွိဒ)၊ ''ဒွန္ဒော'' ဟူသော ဤနိပါတနဖြင့်၊ (တစ်နည်း) တေသု ဝုဒ္ဓိ–သုတ်ကြီးဖြင့် အစဖြစ်သော ဒွိ–၏အဆုံး ကွ–ကို အ–ပြု (ဒွဒ)၊ နိဂ္ဂဟိတဉ္စ–သုတ်ဖြင့် ရှေ့ ဒွ–ထက်

http://www.dhammadownload.com

၌ နိဂ္ဂဟိတ်လာ (ဒုံဒ)၊ တဝဂ္ဂန္တ နှ-ပြု၊ နှ-ဒ သို့ ကပ်၊ နာမ်ငဲ့, ယောသက်, အာ-ပြု၊ ခွင်း, ချေ, ကပ်။ ဒွန္ဒာ-ပြီး၏။ (ဋီကာ၊ ၁၅၆။)

မေး။ ''ဒွန်သမာသ်''၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ 'ဒွန္ဒ'သဒ္ဒါသည် ''ဒွိဒွိ'' ဟူသော သဒ္ဒါနှစ်ခုအပေါင်းဖြင့် ဆည်းအပ်သော အနက်နှစ်ခု အပေါင်းကို ဟောသကဲ့သို့၊ ထို့အတူ သာရိပုတ္တမောဂ္ဂလ္လာနာ-စသော သမာသ် သည်လည်း အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်ဟူသော အနက်နှစ်ခုအပေါင်းကို ဟော၏။ ဤသို့လျှင် ဒွန္ဒ သဒ္ဒါနှင့် တူသောကြောင့် ဤသမာသ်ကိုလည်း အန္တတ္ထသညာအားဖြင့် 'ဒွန်သမာသ်'ဟု ဆိုရခြင်း ဖြစ်ပါသည်။

မေး။ ဒွန်သမာသ်၌ ပြဋ္ဌာန်းသော အနက်ကို ဖော်ပြပါ။

ဖြေ။ နှစ်ပုဒ်အနက် ပြဋ္ဌာန်းပါသည်။

မေး။ သမာသ် ၆-ပါးတို့ကို ပြဋ္ဌာန်းသော အနက်များနှင့် အသီးသီး တွဲစပ်ဖော်ပြပါ။

ဖြေ။ ၁။ အဗျယီဘောသမာသ် – ရှေ့ပုဒ်အနက်။
၂။ ကမ္မဓာရည်း, ဒိဂု,
တပ္ပုရိသ်သမာသ် – နောက်ပုဒ်အနက်။
၃။ ဗဟုဗ္ဗိဟိသမာသ် – အညပုဒ်အနက်။
၄။ ဒွန်သမာသ် – နှစ်ပုဒ်အနက်။

(ဆောင်) အဗျယီဘာဝ၊ သမာသ၊ ပုဗ္ဗပဓာန၊။
ကံ, တပ်, ဒိဂု၊ ဤသုံးခု၊ မှတ်ရှု နောက်အတ္ထာ။
ဗဟုဗ္ဗိတွက်၊ အညနက်၊ မှတ်ချက် ပဓာန။
နှစ်ပုဒ် အတ္ထ၊ ပဓာန၊ ဒွန္ဒသမာသာ။

မေး။ ဒွန်သမာသ်၌ နှစ်ပုဒ်အနက် ပြဋ္ဌာန်းလျှင် အဘယ်နည်းဖြင့် ဧကတ္တိဘော ဖြစ်နိုင်ပါမည်နည်း (ဒွန်သမာသ်၌ ဧကတ္တိဘော ဖြစ်ပုံကို ရှုကျမ်းလာအတိုင်း) ရှင်းလင်းဖြေဆိုပါ။

ဖြေ။ သဒိသ-စသောအနက်၌လည်း သဒ္ဒါ ဖြစ်သင့်သဖြင့် နှစ်ပုဒ်လုံးက တစ်ပြိုင်နက်သော ခဏ၌ပင် အနက်နှစ်ခုအပေါင်းကို ထွန်းပြတတ်သောကြောင့် ဒွန်သမာသ်၌ ဧကတ္တိဘော ဖြစ်နိုင်ပါသည်။

(တစ်နည်း) နှစ်ပုဒ်လုံးသည် ဒွန်အရာ၌ အလိုရှိအပ်သော ကုတရီတရယောဂသမုစ္စည်း, သမာဟာရသမုစ္စည်းအနက်တို့ကို ထွန်းပြတတ်သောကြောင့် ဒွန်သမာသ်၌ ဧကတ္တိဘော ဖြစ်နိုင်ပါသည်။

မေး။ ဒွန်သမာသ်၌ နှစ်ပုဒ်အနက်ပြဋ္ဌာန်းလျှင် ''ဘိန္နတ္ထာနံ ဧကတ္ထိဘာဝေါ သမာသလက္ခဏံ'' ဟူသောစကားနှင့် ဆန့်ကျင်နေသည် မဟုတ်ပါလော၊ မဆန့်ကျင်အောင် ညှိပြပါ။

ဖြေ။ သဒိသစသော အနက်၌လည်း (ပ) ဧကတ္ထိဘော ဖြစ်နိုင်ပါသည်။

(တစ်နည်း) နှစ်ပုဒ်လုံးသည် (ပ) ဧကတ္ထိဘောဖြစ်နိုင်ပါသည်။ ထို့ကြောင့် ''ဘိန္နတ္ထာနံ ဧကတ္ထိဘာဝေါ သမာသလက္ခဏံ''ဟူသောစကားနှင့် မဆန့်ကျင်ပါ။

မေး။ (က) တဉ္စ ဒွန္ဒဝိသယမေဝ တေသမတ္ထဒွယဒီပကတ္တာ။ (ဆဋ္ဌမှု)

http://www.dhammadownload.com

(ခ) တဋ္ဌ ဒွန္ဒဝိသယမေဝ တေသမတ္ထဒွယဒီပနံ။ (နီတိ)

အထက်ပါ ပါဠိ ၂-ခုတို့တွင် အမှန်ဖြစ်သင့်သောပါဠိကို အကြောင်းပြ ဝိနိစ္ဆယချခဲ့ပါ။

ဖြေ။ တဋ္ဌ နှင့် အတ္ထဒွယဒီပန-သည် အရတူ တုလျာဓိကရဏဖြစ်သောကြောင့် (ခ) အမှတ်ပြအတိုင်း အမှန်ဖြစ်သင့်သည်ဟု ဆရာမြတ်တို့ ဆုံးဖြတ်တော်မူကြပါသည်။

မေး။ ဒွန်သမာသ်အရာဠိသာ ဖြစ်နိုင်၍ အခြားသော သမာသ်တို့ဠိ မဖြစ်နိုင်သော အချက်ကို ဖော်ပြပါ။

ဖြေ။ ပုဒ်နှစ်ပုဒ်တို့၏ တစ်ပြိုင်နက်သော ခဏဠိ အနက်နှစ်ပါးအပေါင်းကို ပြနိုင်ခြင်း ဖြစ်ပါသည်။

မေး။ ဒွန်သမာသ်အရာဠိ ပုဒ်နှစ်ပုဒ်တို့၏ တစ်ပြိုက်နက်သော ခဏဠိ အနက်နှစ်ပါးအပေါင်းကို ပြနိုင်ပုံ (ဒွန်သမာသ်အရာဠိ အတ္ထဒွယဒီပန ဖြစ်ပုံ)ကို ဥပမာဆောင် ထင်ရှားအောင် ဖြေဆိုပါ။

ဖြေ။ ဘူ-သဒ္ဒါသည် အနု, အဘိ-စသော ဥပသာရပုဒ်တို့နှင့်တကွဖြစ်မှသာ အနုဘဝန (ခံစားခြင်း) အဘိဘဝန (လွှမ်းမိုးခြင်း) စသောအနက်တို့ကို ပြနိုင်၍ သူ့ချည်းသက်သက် မပြနိုင်သကဲ့သို့၊ ထို့အတူ ''ဂဝဿကံ'' စသော ပုံစံတို့ဠိ ဂေါ-စသော သဒ္ဒါတို့သည် အဿ-စသော သဒ္ဒါတစ်ပါးတို့နှင့် တကွဖြစ်မှသာ ''နွား+မြင်း''စသော အနက်နှစ်ပါး အပေါင်းကို ပြနိုင်ပါသည်။ သူတို့ချည်းသက်သက် မပြနိုင်ပါ။

ဤသို့လျှင် ပုဒ်နှစ်ပုဒ်တို့၏ တစ်ပြိုင်နက်သောခဏဠိ အနက်နှစ်ပါးအပေါင်းကို ပြခြင်းသည် ဒွန်သမာသ်အရာဠိသာ ဖြစ်နိုင်ပါသည်။

မေး။ ဒွန်သမာသ်အရာဠိ ပုဒ်နှစ်ပုဒ်လုံးက သမုစ္စည်းအနက်ကို ပြနိုင်ပုံ (သမုစ္စယဒီပကဖြစ်ပုံ) ကိုရှင်းပြပါ။

ဖြေ။ သာရိပုတ္တမောဂ္ဂလ္လာနာ-ဟူသော ဣတရီတရယောဂဒွန်ဠိ သာရိပုတ္တသဒ္ဒါသည် အရှင်မောဂ္ဂလ္လာန်ကို ဆည်းခြင်းဟူသော သမုစ္စည်းအနက်ကို၊ မောဂ္ဂလ္လာန-သဒ္ဒါသည်လည်း အရှင်သာရိပုတ္တရာကို ဆည်းခြင်းဟူသော သမုစ္စည်းအနက်ကို ပြနိုင်၏။

ဤသို့လျှင် ဒွန်သမာသ်အရာဠိ ပုဒ်နှစ်ပုဒ်လုံးပင် သမုစ္စည်းအနက်ကို ပြနိုင်ပါသည်။

မေး။ ဒွန်သမာသ်ပုဒ်ကို ရုပ်တွက်သောအခါ အဘယ်ကြောင့် စ-သဒ္ဒါနှစ်လုံးကို ချေပစ်ရပါသနည်း။

ဖြေ။ ''သာရိပုတ္တမောဂ္ဂလ္လာန''ဟူသော သမာသ်ကပင် စ သဒ္ဒါတို့၏ သမုစ္စည်းအနက်ကို အမွေခံ၍ ဟောအပ်ဟောနိုင်သောကြောင့် ''ဝုတ္တတ္ထာန မပွယောဂေါ'' ပရိဘာသာအရ စ သဒ္ဒါ ၂-လုံးကို ချေပစ်ရခြင်း ဖြစ်ပါသည်။

စတ္ထသမာသ်။ ။မောဂ္ဂလ္လာန်ကျမ်းဠ ဤဒွန်သမာသ်ကို ''စတ္ထသမာသ်''ဟု ဆိုပါသည်။ ''စ သဒ္ဒါ၏ သမုစ္စည်းအနက်ကို ဟောသောသမာသ်''ဟု ဆိုလိုပါသည်။

မေး။ နှစ်ပုဒ်တွဲစပ်သော ဒွန်သမာသ်ဠ ရှေ့ကျရ ရှေ့နေရမည့်ပုဒ်များကို ဖော်ပြပါ။
(ဒွန်သမာသ်ဠ ရှေ့နောက်ထားပုံ ဥပဒေကို ဖော်ပြပါ။)

ဖြေ။ ၁။ သာဠပူဇော်အပ် မြတ်သောအနက်ကိုဟောသော ပုဒ်။
၂။ နည်းသော သရရှိသော ပုဒ်။
၃။ ကုဝဏ္ဏန္တ, ဥဝဏ္ဏန္တပုဒ်။

http://www.dhammadownload.com

၄။ အကာရန္တချင်းတူရာ၌ အစ၌ သရရှိသော အကာရန္တပုဒ်။
၅။ နည်းသော သခ်္ခာပုဒ်တို့ ဖြစ်ပါသည်။

အစဉ်အတိုင်း ပုံစံများ

၁။ သာရိပုတ္တမောဂ္ဂလ္လာနာ။
၂။ စန္ဒသူရိယာ။
၃။ အဂ္ဂိဓူမာ၊ ဂတိဗုဒ္ဓိဘုဇပဋဟရဂရသယာ၊ ဓာတုလိင်္ဂိနီ။
၄။ အတ္ထဓမ္မာ၊ အတ္ထသဒ္ဒါ။
၅။ ဒုကတိကံ၊ တိကစတုက္ကံ။

မှတ်ချက်။ ။ အထက်ပါသတ်မှတ်ချက်သည် ယေဘုယျဖြစ်၍ နံပါတ် (၄) အတ္ထသဒ္ဒါ– ၌ ''သဒ္ဒတ္ထာ''ဟုလည်း ရှိနိုင်ကြောင်း သိပါ။

မေး။ ဒွန်သမာသ် လိင်, ဝုစ်များကို ရေးသားဖော်ပြပါ။

ဖြေ။ ကွတရီတရယောဂဒွန်၌ နောက်ပုဒ်လိင်၊ အစိတ်ပြဋ္ဌာန်းသောကြောင့် ဗဟုဝုစ်ချည်းသာ ဖြစ်ရပါမည်။

သမာဟာရဒွန်၌ ယေဘုယျ နပုလ္လိင်၊ အပွကအားဖြင့် လိင်သုံးပါး။
အပေါင်း ပြဋ္ဌာန်းသောကြောင့် (အပေါင်းသည်လည်း တစ်ခုတည်းဖြစ်သောကြောင့်) ဧကဝုစ်သာ ဖြစ်ရပါမည်။

မေး။ အသမာဟာရဒိဂုနှင့် အသမာဟာရဒွန်တို့၏ အထူးကို ရေးပါ။

ဖြေ။ အသမာဟာရဒွန်၌ အမြဲတမ်း ဗဟုဝုစ်သာရှိရ၏။
အသမာဟာရဒိဂု၌ကား ရံခါ ဧကဝုစ်လည်း ရှိနိုင်၏။ ဤသို့ ထူးပါသည်။

မေး။ မာတာပိတရော–ဟူသော ဒွန်သမာသ်ပုဒ်ကို လိုရင်းထုတ်လျက် ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ ''မာတာပိတု''ဟု ပကတိပြုပြီးသောအခါ တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် ရှေ့ဖြစ်သော မာတု–ပုဒ်၏ ဥသရကို အာ–ပြု (မာတာပိတု)။ နာမ်၌, ယောသက်, အာရပြု၊ အာ–ကို အ–ရဿပြု၊ ပြီး၏။

၃၃၀၊ ၃၄၀။ မဟတံ မဟာ တုလျာဓိကရဏော ပဒေ။ (၁၈၄)

မေး။ မဟန္တသဒ္ဒါတစ်ခုတည်းဖြစ်ပါလျက် မဟတံ–ဟု ဗဟုဝုစ်ဖြင့် ဆိုရကျိုးကို ဖော်ပြပါ။

ဖြေ။ မဟတံ–ဟု ဗဟုဝုစ်ဖြင့်ဆိုခြင်းကြောင့် ထိုဗဟုဝစနသဒ္ဒါလွန်ဖြင့် မဟပ္ပလံ, မဟဗ္ဗလံ–စသော အချို့သော ပုံစံတို့၌ မဟန္တသဒ္ဒါကို မဟာ–ပြုရခြင်း အကျိုးရှိပါသည်။

မေး။ မဟတံ မဟာ–စသော သုတ်ဖြင့် ကမ္မဓာရည်းသမာသ်၌သာ မဟန္တသဒ္ဒါကို မဟာ–ပြုရသည်–ဟု မှတ်ရပါမည်လော၊ အထောက်သာဓက ဖော်ပြဖြေဆိုပါ။

ဖြေ။ ယင်းသို့ မမှတ်ရပါ။ ''မဟတီ ပညာ အဿာတိ မဟာပညာ'' ဟူသော ဗဟုဗ္ဗီဟိ သမာသ်၌လည်း ဤသုတ်ဖြင့် မဟန္တ–သဒ္ဒါ မဟာ–ပြုရပါသေးသည်။ (ရူ၊ ၂၀၃။)

http://www.dhammadownload.com

၃၃၁၊ ၃၅၃။ ကုတ္ထိယ် ဘာသိတပုမိတ္ထိ ပုမာဝ စေ။ (၂၀၂)

မေး။ ဤသုတ်ဖြင့် ပုလ္လိင်ငဲ့ရန် အဂ်ါ ၄-တန်ကို အဖွင့်မျှော်ကာ ဖော်ပြပါ။

ဖြေ။ ၁။ ရှေ့ပုဒ်သည် ဤသမာသ်တွင်းသို့ မရောက်မီ ရှေးက ပုလ္လိင်ကို ဟောဖူးခြင်း။
၂။ ယခုအခါ ကုတ္ထိလိင်ဟောသဒ္ဒါ ဖြစ်ခြင်း။
၃။ နောက်ပုဒ်သည် ရှေ့ပုဒ်နှင့် အနက်တူ တုလျာဓိကရဏ ဖြစ်ခြင်း။
၄။ ကုတ္ထိလိင်၌ဖြစ်ခြင်းတို့ ဖြစ်ပါသည်။

ရှင်းချက်။ ။ ''ဒီဃာ ဇဃ်ာ ယဿ'' ၌ ဇဃ်ာ-ဟူသော နောက်ပုဒ်သည် ကုတ္ထိလိင်၌လည်း ဖြစ်၏။ ဒီဃာ-ဟူသော ရှေ့ပုဒ်နှင့် အနက်ရအတူ တုလျာဓိကရဏာလည်း ဖြစ်၏။

ဒီဃာ-ဟူသော ရှေ့ပုဒ်သည် ကုတ္ထိလိင်ဟော သဒ္ဒါလည်း ဟုတ်၏။ ဤဇဟုဒ္ဓိဟိသမာသ်အတွင်းသို့ မရောက်မီ ရှေးက ''ဒီဃော ပုရိသော''စသည်ဖြင့် ပုလ္လိင်ကိုလည်း ဟောဖူး၏။ ထို့ကြောင့် ရှေးက ပုလ္လိင်ကိုဟောဖူး၍ ယခု ဇဟုဒ္ဓိဟိသမာသ်အတွင်း၌ ကုတ္ထိလိင်ကို ဟောဆဲဖြစ်သော ရှေ့ ဒီဃာ-သဒ္ဒါကို ပုလ္လိင်ငဲ့ရပါသည်။

မေး။ ကုတ္ထိယ် ဘာသိတပုမိတ္ထိပုမာဝ စေ-သုတ်ဖြင့် စီရင်ရာသမာသ်ကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ အထက်၌ ကမ္မဓာရယသညေ စ-ဟု ဆိုလတ္တံ့ဖြစ်သောကြောင့် ဤသုတ်ဖြင့် စီရင်ရာသမာသ်မှာ ဇဟုဒ္ဓိဟိသမာသ်သာ ဖြစ်ပါသည်။

မေး။ ''ဒီဃာဇဃ်ာ'' ၌ ရှေ့ပုဒ်ကို ကုတ္ထိယ် ဘာသိတ စသောသုတ်ဖြင့် ပုလ္လိင်ငဲ့၍ ရဿ ဖြစ်သွားရ၏။ ဇဃ်ာ-ဟူသော နောက်ပုဒ်၌ကား အဘယ်သုတ်ဖြင့် ရဿ ပြုရပါမည်နည်း။

ဖြေ။ ကွစာဒိ မဇ္ဈတ္တရာနံ ဒီဃရဿာ ပစ္စယေသု စ-သုတ်ဖြင့် ပြုရပါမည်။

မေး။ (က) ခမာခနော (ခ) သဒ္ဒါခုရော
(ဂ) သမဏီဘတ္တိကော-ပြယုဂ်တို့၌ အဘယ်ကြောင့် ပုလ္လိင်မငဲ့ရပါသနည်း၊ အသီးသီး ဖြေဆိုပါ။

ဖြေ။ (က) ၌ ခန-ဟူသော နောက်ပုဒ်သည် ကုတ္ထိလိင်ဟောသဒ္ဒါ မဟုတ်သောကြောင့် မငဲ့ရခြင်းဖြစ်ပါသည်။
(ခ) ၌ သဒ္ဒါ-ဟူသောပုဒ်သည် နိစ္စကုတ္ထိလိင်ဟောသဒ္ဒါဖြစ်၍ ဘာသိတပုမ မဟုတ်သောကြောင့် မငဲ့ရခြင်းဖြစ်ပါသည်။ (သဒ္ဒါပကတိကော၊ ပညာပကတိကော-တို့၌ နည်းတူ။)
(ဂ) ၌ သမဏီ-သည် ကုတ္ထိလိင်ဟောသဒ္ဒါဖြစ်သော်လည်း တုလျာဓိကရဏ ဖြစ်သော နောက်ပုဒ်မနှောင်းသောကြောင့် မငဲ့ခြင်းဖြစ်ပါသည်။
-- သမဏီသု ဘတ္တိ အဿာတိ သမဏီဘတ္တိကော။

မေး။ ကုတ္ထိယ် ဘာသိတပုမိတ္ထိ ပုမာဝ စေ-သုတ်ဖြင့် ရှေ့ပုဒ်, နောက်ပုဒ်တို့တွင် အဘယ်ပုဒ်ကိုသာ ပုလ္လိင်ငဲ့ရပါမည်နည်း၊ ဖြေဆိုပါ။

ဖြေ။ ဤသုတ်ဖြင့် ရှေ့ပုဒ်ကိုသာ ပုလ္လိင်ငဲ့ရပါမည်။ (ထို့ကြောင့် နောက်ပုဒ်တို့၌ ကုတ္ထိလိင်

http://www.dhammadownload.com

ပစ္စည်း မဆုတ်နစ် မကွယ်ပျောက်ပါ။)

မှတ်ချက်။ ။ အကယ်၍ နောက်ပုဒ်ကို ငဲ့လျှင် ဗဟုဒါသကော, ဗဟုကုမာရကံ စသည်ဖြင့် ရှုပ်ဖြစ်ရာ၏။ ဗဟုဒါသိကော, ဗဟုကုမာရိကံ စသည်ဖြင့် မဖြစ်တော့။ ယင်းသို့ ဗဟုဒါသိကော, ဗဟုကုမာရိကံ–စသည်ဖြင့် ရှုပ်မပြီးရာသောကြောင့်လည်းကောင်း၊ မလိုအပ်သော ဗဟုဒါသကော–စသော ရှုပ်ပြီးခြင်း၏ လျဉ်းပါးဖွယ်ရှိသောကြောင့် လည်းကောင်း၊ နောက်ပုဒ်ကို ပုလ္လိင်ငဲ့သည်ရှိသော် ကွတ္ထိယံ ဘာသိတ–စသောသုတ်ကို ညွှန်ပြခြင်းတည်ထားခြင်း၏ အကျိုးမရ နိရတ္ထကဖြစ်ရာသောကြောင့်လည်းကောင်း၊ ရှေ့ပုဒ်ကိုသာ ပုလ္လိင်ငဲ့ရမည်ဟု သန္နိဋ္ဌာန်ကျ ဆုံးဖြတ်မှတ်သားပါလေ။ (ဋီကာ။)

မေး။ ဤသုတ်ဖြင့် ပုလ္လိင်ငဲ့ရကျိုးကို ဖော်ပြပါ။

ဖြေ။ ရှေ့ပုဒ်၌ ကွတ္ထိလိင်ပစ္စည်း ဆုတ်နစ်ပျောက်ကွယ်သွားခြင်း ဖြစ်ပါသည်။

၃၃၂၊ ၃၄၃။ ကမ္မဓာရယသညော စ။ (၁၈၅)

မေး။ ''ကမ္မဓာရယေ စ''ဟုဆိုလျှင် ပြီးပါလျက် ''ကမ္မဓာရယသညော စ''ဟု သညာသဒ္ဒါ ထည့်ဆိုရကျိုးကို ဖော်ပြပါ။

ဖြေ။ ''ကမ္မဓာရယ် မည်သောသမာသ်''ဟု သိလွယ်ခြင်း အကျိုးရှိပါသည်။ (ဋီကာ)

မေး။ ''ဒုတိယဘိက္ခာ'' နှင့် ''ဒုတိယာဝိဘတ္တိ''တို့၏ ခြားနားချက်ကို ဖော်ပြပါ။

ဖြေ။ ''ဒုတိယဘိက္ခာ''သည် ''ဒုတိယဘိက္ခာ''ဟု ပကတိပြုပြီးနောက် ကမ္မဓာရယသညော စ သုတ်ဖြင့် ပုလ္လိင်ငဲ့၍ ရှုပ်ပြီးနေသောပုဒ် ဖြစ်၏။

''ဒုတိယာဝိဘတ္တိ''ကား အမည်ဟော သညာသဒ္ဒါဖြစ်သောကြောင့် မူလ အမည်ပျက်မှာစိုး၍ ကမ္မဓာရယသညော စ–သုတ်ဖြင့် ပုလ္လိင်မငဲ့ဘဲ ရှုပ်ပြီးသောပုဒ်ဖြစ်၏။ ဤသို့ ထူးပါသည်။

မေး။ ကမ္မဓာရယသညော စ–သုတ်ဖြင့် ရှေ့ပုဒ်, နောက်ပုဒ်တို့တွင် အဘယ်ပုဒ်ကို ပုလ္လိင်ငဲ့ရပါမည်နည်း၊ ရှင်းပြပါ။

ဖြေ။ ဤသုတ်ဖြင့်လည်း ရှေ့ပုဒ်ကိုသာ ပုလ္လိင်ငဲ့ရပါမည်။ ထို့ကြောင့် ''ခတ္တိယကုမာရီ၊ ကုမာရသမဏီ၊ တရုဏဗြာဟ္မဏီ'' စသော ပြယုဂ်များဝယ် ခတ္တိယ, ကုမာရ, တရုဏ–စသော ရှေ့ပုဒ်တို့၌သာ ကွတ္ထိလိင် အာ–ပစ္စည်း ဆုတ်နစ်ပျောက်ကွယ်၍ ကုမာရီ, သမဏီ, ဗြာဟ္မဏီ–စသော နောက်ပုဒ်တို့၌ ကွတ္ထိလိင်ပစ္စည်း မဆုတ်နစ် မပျောက်ကွယ်ခြင်း ဖြစ်ပါသည်။

မှတ်ချက်။ ။ နာသကျမ်း၌ကဲ့သို့ နောက်ပုဒ်ကိုလည်း ပုလ္လိင်ငဲ့လျှင် ''ခတ္တိယကုမာရီ'' စသည်တို့၌ ''ခတ္တိယကုမာရော, ကုမာရသမဏော, တရုဏဗြာဟ္မဏော'' စသည်ဖြင့် မလိုလားအပ်သောရုပ်များ လျဉ်းပါးဖွယ်ရာရှိပါသည်။ (ဋီကာ၊ ၁၄၀။)

မေး။ (က) ကုမာရီရတနံ၊ သမဏီပဒုမံ။
(ခ) ဂင်္ဂါနဒီ၊ တဏှာနဒီ၊ ပထဝီဓာတု။
(ဂ) နန္ဒာပေါက္ခရဏီ၊ စန္ဒာဒေဝီ–ပြယုဂ်တို့၌ အဘယ့်ကြောင့် ကမ္မဓာရယသညော စ

http://www.dhammadownload.com

–သုတ်ဖြင့် ပုလ္လိင်မဲ့ရပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ (က) ၌ ရှေ့ပုဒ်တို့က ကွတ္ထိလိင်လည်းဖြစ်, တုလျာဓိကရဏလည်း ဖြစ်ပါသော်လည်း ရတန, ပဒုမ–ဟူသော နောက်နောက်ပုဒ်သည် ကွတ္ထိလိင်ဟောသဒ္ဒါများ မဟုတ်သော ကြောင့် မဲ့ရခြင်း ဖြစ်ပါသည်။

(ခ) ၌ ကွတ္ထိလိင်လည်းဖြစ်, တုလျာဓိကရဏလည်း ဖြစ်သည့် နဒီ, ဓာတုသဒ္ဒါတို့ နှောင်းလျက်ရှိသော်လည်း ဂင်္ဂါ, တဏှာ, ပထဝီ–ဟူသော ရှေ့ရှေ့ပုဒ်တို့သည် နိစ္စ ကွတ္ထိလိင်ဟောသဒ္ဒါများဖြစ်၍ ဘာသိတပုမ မဟုတ်ကြသောကြောင့် (ပုလ္လိင်ကို မဟောဖူး သောကြောင့်) မဲ့ရခြင်း ဖြစ်ပါသည်။

(ဂ) ၌ နန္ဒာ, စန္ဒာ–ဟူသော ကွတ္ထိလိင်ဟော သဒ္ဒါတို့သည် ''နန္ဒော ကုမာရော၊ စန္ဒော ကုမာရော'' စသည်ဖြင့် ပုလ္လိင်ဟောဖူး၍၊ ကွတ္ထိလိင်လည်းဖြစ်, တုလျာဓိကရဏ လည်းဖြစ်သော ပေါက္ခရဏီ, ဒေဝီသဒ္ဒါတို့နှောင်းစေကာမူ) သညာသဒ္ဒါများ ဖြစ်သောကြောင့် မဲ့ရခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ ခတ္တိယ–ကဲ့သို့ ဇာတိသဒ္ဒါ၊ မဟန္တကဲ့သို့ ဂုဏသဒ္ဒါ၊ ပါစကကဲ့သို့ ကိုယာသဒ္ဒါ၊ ဝစ္ဆ–ကဲ့သို့ အဝတ္ထာသဒ္ဒါတို့သည်သာ ဝတ္ထုဒြပ်တို့၏ ဝိသေသနတို့အဖြစ်ဖြင့် (ခတ္ထိယော, ခတ္တိယာ, ခတ္တိယံ–စသည်ဖြင့်) လိင်ပြောင်းကြပါသည်။ နန္ဒာ, စန္ဒာ–စသော သညာသဒ္ဒါတို့ကား လိင်မပြောင်းကြပါ။

''၃၃၃၊ ၃၄၄။ အတ္တံ နသ တပ္ပုရိသေ။ (၁၈၇)

မေး။ ဤသုတ်ဖြင့် နှ–တစ်ခုလုံးကို အ–ပြုရမည်လော? နှ–၏အစိတ်ကို အ–ပြုရမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ယဒနုပပန္နာ–ပုဒ်၌ အ–အက္ခရာကို တွေ့မြင်ရသောကြောင့်လည်းကောင်း နှ–တစ်ပုဒ်လုံးကို အ–မပြုဘဲ နှ–၏အစိတ်ကို အ–ပြုလျှင် ဤသုတ်ကို အားထုတ်ခြင်း၏ အကျိုးမရှိ သည်၏အဖြစ်သို့ ရောက်ရာသောကြောင့်လည်းကောင်း ဤသုတ်ဖြင့် နှ–နိပါတ်ပုဒ် တစ်ပုဒ်လုံးကို အ–ပြုရပါမည်။ (နသ နိပါတပဒဿ ..... သဗ္ဗဿေဝ။ – ရူစာကိုယ်။ ဋီ၊ ၁၄၂။)

အနုပပန္နေ။ ။ နှ+နိ+ဥပပန္နေ၊ ယင်း၌ နှ–ကို အ–ပြု၊ နောက် ဥ–သရကြောင့် နိ–၌ ကသရကို ချေ၍ နှ, ဥ –သို့ကပ်၊ အနုပပန္နေ–ပြီး၏။

မေး။ အတ္တံ နသ တပ္ပုရိသေ–၌ တပ္ပုရိသ–ဟူသည် အဘယ်နည်း? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''နှ+ဗြာဟ္မဏ''ဟူသော နှစ်ပုဒ်လုံးမှ တပ္ပုရိသ်သမာသ် ဖြစ်သော်လည်း ဗြာဟ္မဏ–ဟူသော နောက်ပုဒ်သည် တပ္ပုရိသ်သမာသ်၏ တစ်စိတ်တစ်ဒေသဖြစ်သောကြောင့် ''ရက္ခော ဆိန္နော၊ သမုဒ္ဒေါ မယာ ဒိဋ္ဌော''စသည်တို့၌ကဲ့သို့ ကေဒေသျျုပစာဖြင့် ယင်းဗြာဟ္မဏ–ဟူသော နောက်ပုဒ်ကို ''တပ္ပုရိသ''ဟု ဆိုရပါသည်။

မေး။ ထင်ရှားရှိသော ပုဏ္ဏားစသောဝတ္ထုကို ဒေသ, ကာလ, အာကာရ အမှတ်အသား မပါဘဲ တားမြစ်ခြင်းသည် မသင့်၊ ထင်ရှားမရှိသော သသဝိသာဏ–စသောဝတ္ထုကို တားမြစ်ခြင်းသည်လည်း အကျိုးမရှိ။ ထို့ကြောင့် နှ–နှင့် ဗြာဟ္မဏော–ကို စပ်၍ ''အဗြာဟ္မဏော''ဟု အဘယ်သို့လျှင် သမာသ်ဖြစ်နိုင်ပါမည်နည်း? ရှင်းလင်းဖြေဆိုပါ။

http://www.dhammadownload.com

ဖြေ။ တားမြစ်ထိုက်သော ဗြာဟ္မဏ–စသော အစ်စ်အမှန်ကို အတုလိုက်၍ 'ချစ်တီး'ကို ပုဏ္ဏားဟု ထင်ကာ ''ဤသူသည် ပုဏ္ဏားတည်း''ဟုပြောဆိုနေသူ အခြားလူတစ်ယောက်၏ အသိဉာဏ်လွဲမှားနေကြောင်းကို ထင်ရှားစေခြင်းအကျိုးငှါ ''န + ဗြာဟ္မဏော = အဲဒီလူဟာ သင်ထင်နေသလို ပုဏ္ဏားမဟုတ်''ဟုတားမြစ်ခြင်း အစီအရင်သည် ဒေသ–စသော အမှတ် အသားမပါဘဲပင် သင့်လျော်သည်သာ ဖြစ်ပါသည်။ ထို့ကြောင့် န–နှင့် ဗြာဟ္မဏော–ကို စပ်၍ ''အဗြာဟ္မဏော''ဟု သမာသ်ဖြစ်နိုင်ပါသည်။

သိမှတ်ဖွယ်။ ။ လောကဋ္ဌ အန္ဓပုထုဇဉ်တို့က ရုပ်ကို အတ္တ–ဟု မှတ်ထင်၍ အတ္တ–ဟု ခေါ်ဝေါ်ပြောဆိုကြ၏။ ထိုအန္ဓပုထုဇဉ်တို့၏ အသိဉာဏ် မှားယွင်းနေကြောင်းကို ထင်ရှားစေခြင်းအကျိုးငှါ ''အနတ္တ''ဟုတားမြစ်ရခြင်းသည် သင့်လျော်၏။

သက်နိုးစသည်ကို ဝတ်ရုံခြင်းဖြင့် ရဟန်းနှင့်တူသောအခြင်းအရာဖြင့် သွားလာနေသော ဒုဿီလပုဂ္ဂိုလ်ကို မသိ၍ ''ဤသူသည် ရဟန်းတည်း''ဟု မှားယွင်းစွာ ယူဆပြောဆိုနေသူ၏ အသိဉာဏ်မှားယွင်းနေကြောင်းကို ထင်ရှားစေခြင်းအကျိုးငှါ ''ဤသူသည် ရဟန်းမဟုတ်''ဟု တားမြစ်ရခြင်းသည် သင့်လျော်သည်သာ ဖြစ်သည်။

ချစ်တီး။ ။ 'ချစ်တီး'ဟူသော မြန်မာစကားသည် သက္ကတ 'ကံသ္ကုတြိယ' ပါဠိ 'ခတ္တိယ'မှ အဆင့်ဆင့်ပြောင်းလဲလာသော စကားလုံးဖြစ်ကြောင်း သိပါ။

မေး။ ဒေသ စသောအမှတ်အသားဖြင့် ထင်ရှားရှိသော ဝတ္ထုကို တားမြစ်ပုံကို ရေးပြပါ။

ဖြေ။ ''က္ကဓ စောရော နတ္ထိ = ဤအရပ်၌ ခိုးသူမရှိ။ (အရပ်ဒေသဖြင့် ထင်ရှားရှိသော ဝတ္ထုကို တားမြစ်ပုံ)။

''က္ကဒါနိ စောဇ္ရော နတ္ထိ = ယခုအခါ၌ ခိုးသူမရှိ။ (ကာလဖြင့် တားမြစ်ပုံ)။

''နာယံ စောရော = ဤလိုလူကား ခိုးသူမဟုတ်။ (အာကာရဖြင့် တားမြစ်ပုံ)။

မေး။ န–သဒ္ဒါ၏ အနက် ၂–မျိုး (ပဋိသေဓ ၂–မျိုး)ကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြပါ။

ဖြေ။ (၁) ''အသူရိယမ္ပသာ ရာဇဒါရာ''စသော ပုံစံတို့၌ကဲ့သို့ နောက်ပုဒ်အနက်၏ လုံးဝ မရှိခြင်းကို ပြသော န–နိပါတ်သည် ''ပသဇ္ဇပ္ပဋိသေဓဝါစီ''မည်၏။ (အသူရိယ–မ္ပသာ၊ နေကို မကြည့်သော။ ရာဇဒါရာ၊ မင်းမိဖုရား)

(၂) ''အဗြာဟ္မဏ၊ အမနုဿ'' စသည်တို့၌ကဲ့သို့ နောက်ပုဒ်အနက်ကို တားမြစ်၍ ထိုနောက်ပုဒ်အနက်နှင့် တူသောဝတ္ထု၌ ပြုစီရင်ဖွယ်ကို ပြီးစေသော န–နိပါတ်သည် ''ပရိယုဒါသဝါစီ'' မည်၏။

ဋီကာ။ ။ နိသေဓေတမ္ပမေဝ ပသဇ္ဇ ပါပေတွာ သဒိသတ္တာနပေက္ခနေန ပဋိသေဓော ပသဇ္ဇပဋိသေဓော။ ယထာ–အဿဒ္ဓဘောဇီ။ ပရိတုလိတ မုဂ္ဂယ္ဟ ဥတ္တရပဒတ္ထဿ အသနံ ခေပေါ နိဝတ္တနံ ပရိယုဒါသော။ (၁၄၃။)

မေး။ ပသဇ္ဇပဋိသေဓဿ–စသော ဂါထာ၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ တားမြစ်အပ်သော ဝတ္ထု(ကြိယာ)၏ မရှိခြင်းသည် ''ပသဇ္ဇပဋိသေဓ၏ လက္ခဏာ'' တည်း။

တားမြစ်အပ်သောဝတ္ထုမှ တစ်ပါးသောဝတ္ထုဖြစ်၌ ဖြစ်ခြင်းသည် ''ပရိယုဒါသပဋိသေဓ၏ လက္ခဏာ''တည်း။

http://www.dhammadownload.com

ရှင်းချက်။ ။ ''အသူရိယမွသာ''၌ကဲ့သို့ ကြိယာကို မြစ်သော ပဋိသေဓသည် ''ပသဇ္ဇပ္ပဋိသေဓ'' မည်၏။

''အဗြာဟ္မဏ''စသည်တို့၌ကဲ့သို့ ဒြပ်ဝတ္ထုကို တားဖြစ်၍ ထိုဝတ္ထုနှင့်တူသော ဝတ္ထု, ထိုဝတ္ထုမှ တစ်ပါးတစ်ခြားဖြစ်သော ဝတ္ထု။ ထိုဝတ္ထု၏ ဆန့်ကျင်ဘက်ဝတ္ထုများကို ဟောသော ပဋိသေဓသည် ''ပရိယုဒါသပဋိသေဓ'' မည်၏။

အချုပ်။ ။ ကြိယာကိုမြစ်သော ပဋိသေဓသည် ''ပသဇ္ဇပ္ပဋိသေဓ'' မည်၏။ ဒြပ်ကို မြစ်သော ပဋိသေဓသည် ''ပရိယုဒါသပဋိသေဓ'' မည်၏။

မေး။ ''အဗြာဟ္မဏော''စသော ပြယုဂ်တို့၌ ရှေ့ဖြစ်သော န-နိပါတ်ပုဒ်က နောက်ပုဒ်၏အနက်ကို တားမြစ်၍ အလားတူအနက်ကို ဟောလျှင် ထိုန-နိပါတ်ဟူသော ရှေ့ပုဒ်၏အနက်က ပင် ပြဋ္ဌာန်းသလို ဖြစ်နေရကား အဘယ်နည်းဖြင့် ''ဥတ္တရပဒတ္ထပဓာန'' ဖြစ်နိုင်ပါသနည်း? (အဘယ်သို့လျှင် နောက်ပုဒ်အနက် ပြဋ္ဌာန်းနိုင်ပါသနည်း?) ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဗြာဟ္မဏ-စသော သဒ္ဒါတို့သည် ''ပုဏ္ဏားစစ်''အစရှိသောအနက်ကို ဟောသကဲ့သို့ ထို့အတူ ထိုပုဏ္ဏားအစစ်နှင့်တူသော 'ပုဏ္ဏားတု''စသော အနက်ကိုလည်း ဟောနိုင်သော ကြောင့် ဤ ''အဗြာဟ္မဏော''စသောပြယုဂ်တို့၌ ဥတ္တရပဒတ္ထပဓာန ဖြစ်နိုင်ပါသည်။ **(အကျဉ်း)**

အကျယ်ရှင်းလင်းချက်။ ။ ဘူ-သဒ္ဒါသည် အနု, အဘိ စသည်တို့နှင့် မရောမယှက် သူ့ချည်းသက်သက်ဖြစ်လျှင် ''သတ္တာ = ထင်ရှားရှိခြင်း = ဖြစ်ခြင်း''အနက်ကို ဟော၍၊ အနု, အဘိ စသည်တို့နှင့် ယှဉ်သောအခါ၌ကား ''**အနုဘဝန (ခံစားခြင်း)**၊ **အဘိဘဝန** (လွှမ်းမိုးခြင်း)''စသော အနက်တို့ကို ဟောသကဲ့သို့၊ ထို့အတူ ဗြာဟ္မဏ-စသော သဒ္ဒါတို့သည် န-နိပါတ်ပုဒ်နှင့် မရောမယှက် သူတို့ချည်းသက်သက်ဖြစ်လျှင် ''ပုဏ္ဏားစစ်'' စသောအနက်တို့ကိုသာ ဟော၍ န-နိပါတ်ပုဒ်နှင့် ယှဉ်သောအခါ၌ကား ''**တံသဒိသ (ပုဏ္ဏားတု)၊ တဒဎ (ထိုမှ တစ်ပါးတစ်ခြား)၊ တဒ္ဓိရဟ (ထို၏ ဆန့်ကျင်ဘက်)၊ တဒဘာဝ (ထို၏ မရှိခြင်း)**''အနက်တို့ကိုလည်း ဟောကုန်၏။ န-နိပါတ်ပုဒ်ကား ထို ဗြာဟ္မဏ-စသော နောက်ပုဒ်၏ တံသဒိသ (ပုဏ္ဏားတု) စသော အနက်တို့ကို ထွန်းပြရုံသာ ထွန်းပြပါသည်။ ထို့ကြောင့် အဗြာဟ္မဏော-စသော ပြယုဂ်တို့၌ ဥတ္တရပဒတ္ထပဓာန ဖြစ်နိုင်ပါသည်။ (နောက်ပုဒ်အနက် ပြဋ္ဌာန်းပါသည်။)

မေး။ န-နိပါတ်ပုဒ်၏ (က) သဒိသတ္ထ (ခ) အညတ္ထ (ဂ) ဝိရုဒ္ဓတ္ထတို့ထွန်းပြပုံကို သက်ဆိုင်ရာ ပြယုဂ်များဖြင့် ထင်ရှားစေခဲ့ပါ။

ဖြေ။ (က) န ဗြာဟ္မဏော အဗြာဟ္မဏော + ဗြာဟ္မဏော၊ ပုဏ္ဏားစစ်သည်။ န-မဟုတ်''။ ဤပြယုဂ်၌ 'ပုဏ္ဏားစစ် + မဟုတ်''ဟု အနက်ပေးရသော်လည်း ပုဏ္ဏားစစ်မဟုတ်ရုံမျှကို မဆိုလို၊ ''ပုဏ္ဏားစစ်နှင့် တူသူ (ပုဏ္ဏားတု)'' ဟူသောအနက်ကို ဆိုလိုပါသည်။ ထိုအနက်ကို ဗြာဟ္မဏ-ဟူသော နောက်ပုဒ်က ဟော၍ န-နိပါတ်ပုဒ်က ထွန်းပြပါသည်။

ထို့အတူ အမနုဿော-ဟူရာ၌ လူနှင့်တူသူ (နတ်ဘီလူး)။ အသမဏော-ဟူရာ၌ ရဟန်းစစ်နှင့် တူသူ (ရဟန်းတု ရဟန်းယောင်)ကို ဆိုလိုပါသည်။

(ခ) န အဗျာကတာ အဗျာကတာ။ ''ဗျာကတာ၊ ဟောအပ်ပြီးသော ကုသိုလ်, အကုသိုလ်တရားတို့သည်။ န၊ မဟုတ်ကုန်''ဟူရာ၌ ကုသိုလ်, အကုသိုလ် မဟုတ်ရုံမျှမက

http://www.dhammadownload.com

''ကုသိုလ်, အကုသိုလ်မှ တစ်ပါးတစ်ခြား ဝိပါက်စသော တရားများ'' ဟူသော အနက်ကို ဆိုလိုပါသည်။ ထိုတစ်ပါး တစ်ခြားဟူသော အညအနက်ကို ဗျာကတာ-ဟူသော နောက်ပုဒ်က ဟော၍ နှ-နိပါတ်ပုဒ်က ထွန်းပြပါသည်။ (အသံကိလိဋ္ဌာ၊ အဝရိယာပန္နာ-တို့၌လည်း နည်းတူ။)

(၇) ''နှ ကုသလာ အကုသလာ။ ''ကုသလာ၊ ကုသိုလ်တို့သည်။ နှ၊ မဟုတ်ကုန်'' ဟူရာ၌ ကုသိုလ်မဟုတ်ရုံမျှမက ''ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်တရားများ''ကို ဆိုလိုပါသည်။ ထိုဆန့်ကျင်ဘက်ဟူသော ဝိရုဒ္ဓအနက်ကို ကုသလ-ဟူသော နောက်ပုဒ်က ဟော၍ နှ-နိပါတ်ပုဒ်က ထွန်းပြပါသည်။ (အလောဘော၊ အမိတ္တော-တို့၌လည်း နည်းတူ။)

မေး။ အတ္တံ နသာ တပ္ပုရိသေ-သုတ်ကို တပ္ပုရိသေ-ပုဒ်ဖြုတ်၍ ''အတ္တံ နသာ''ဟု ဒွိဓာကရဏယောဂဝိဘာဂကြွေလျှင် ရရှိနိုင်သော အကျိုးကို ဖော်ပြပါ။

ဖြေ။ ''နတ္ထိ ဇောသ သမောတိ အသမော''စသော ဗဟုဗ္ဗီဟိသမာသ်၌လည်း ''အတ္တံ နသာ''ဟူသော ဒွိဓာကရဏယောဂဝိဘာဂဖြင့် နှ-ကို အ-ပြုရခြင်း အကျိုးရှိပါသည်။ (ရူ။ ၂၀၅)။

၃၃၄၊ ၃၄၅။ သရေ အန်။ (၁၈၉)

မေး။ သရေ အန် သုတ်ဖြင့် အန်-ပြုရပုံကို ရှင်းပြပါ။

ဖြေ။ ''နှ + အဿော၊ နှ + အရိယော''စသည်ဖြင့် နောက်ပုဒ်၌ ကပ်စရာ သရရှိနေ၍ ရှေ့ဖြစ်သော နှ-ကို ''အန်'' ပြုရခြင်း ဖြစ်ပါသည်။

မေး။ သရေ အန်-သုတ်သို့ တပ္ပုရိသ-သဒ္ဒါလိုက်လာသောကြောင့် ဤသုတ်ဖြင့် တပ္ပုရိသ်သမာသ်၌သာ နှ-နိပါတ်ကို အန်-ပြုရမည်ဟု မှတ်ရပါမည်လော ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ယင်းသို့ မမှတ်ရပါ။ လိုက်လာသော တပ္ပုရိသ-သဒ္ဒါသည် သမာသ်ကို မှတ်သားကြောင်း ဥပလက္ခဏမျှသာ ဖြစ်သောကြောင့် ''နတ္ထိ ဇောသ ဥတ္တရောတိ အနုတ္တရော'' စသော ဗဟုဗ္ဗီဟိသမာသ်၌လည်း ဤသုတ်ဖြင့် နှ-နိပါတ်ပုဒ်ကို အန်-ပြုရပါသည်။ (၂၀၅)

မေး။ အနုတ္တရော-ပုဒ်ကို ရုပ် ၂-နည်း တွက်ပြခဲ့ပါ။

ဖြေ။ ''နှ+ ဥတ္တရ + ယ''ဟုတည်၊ ''နှ + ဥတ္တရ''ဟု ပကတိပြုပြီးသောအခါ သရေ အန်-ဟူသောသုတ်ဖြင့် နောက် ဥ-သရကြောင့် ရှေ့ နှ-နိပါတ်ကို အန် ပြု။ တစ်နည်း-တသု ဝုဒ္ဓိ-သုတ်ကြီးဖြင့် နှ-နိပါတ်ကို အန် ပြု၊ နှ, ဥ-သို့ကပ်၊ နာမ်ငဲ့ စသည်စီရင်၊ ပြီး၏။

၃၃၅၊ ၃၄၆။ ကဒ် ကုဿ (၁၈၉)

မေး။ (က) ကဒံ ကုဿ (ခ) ကဒ် ကုဿ-ဟု ပါဠိနှစ်မျိုးရှိရာ သင့်မြတ်သော ပါဠိကို အကြောင်းပြဆုံးဖြတ်ပါ။

ဖြေ။ ဝုတ္တိအဖွင့်ဝယ် သီဟိဠ်မူ, ရှေးမူတို့၌ ''ကဒ် ဟောတိ သရေ ပရေ'' နောက်တွင် 'သရ လောပေါ်'ဟုရှိသောကြောင့်လည်းကောင်း၊ ချာသ ၌ ''ကုက္ကစ္စေတဿ သရေ ပရေ

http://www.dhammadownload.com

ကဒမိတျာဒေသော ဟောတီတိ ဥပနတ္ထံ''ဟု ဖွင့်ဆိုထားသောကြောင့်လည်းကောင်း ၄င်းတို့အလို (က)အတိုင်း ''ကဒံ ကုဿ''ဟု ရှိရပါသည်။ မောဂ္ဂလ္လာန်ကျမ်းလာ ''သရေ ကဒိ ကုဿုတ္တရတ္ထေ'' သုတ်ကို ကြည့်၍ ''ကဒိ''ဟုပြင်ထားဟန်တူကြောင်း ဆရာမြတ်တို့ မိန့်တော်မူကြပါသည်။

မေး။ ကဒန္ဒံ–ပုဒ်ကို ဝိဂြိုဟ်ဆိုရာ၌ ကု–နိပါတ်ဖြင့်မဆိုဘဲ ''ကုစ္ဆိတံ အန္ဒံ ကဒန္ဒံ''ဟု ကုစ္ဆိတ–ပရိယာယ်ပုဒ်ဖြင့် ဆိုရပုံကို ရှင်းပြပါ။

ဖြေ။ ကု ပုဗ္ဗပဒသမာသ်သည် နိစ္စသမာသ်ဖြစ်သောကြောင့် ယင်းသို့ဝိဂြိုဟ်ဆိုရခြင်း ဖြစ်ပါသည်။

အမှာ။ ။ ''ပဓာနံ ဝစနံ ပါဝစနံ'' စသော ပါဒိပုဗ္ဗပဒကမ္မဓာရယ်သမာသ်၌လည်း နည်းတူသိပါ။ ကွစာဒိ မဏ္ဍူတ္တရာနံ–သုတ်ဖြင့် ပ–၌ အ–ကို အာဒီဃပြု။

၃၃၆၊ ၃၄၇။ ကာပွတ္ထေသု စ။ (၁၈၉)

မေး။ အပွအနက် တစ်မျိုးတည်းဖြစ်၍ ''ကာပွတ္ထေ စ''ဟု ကေဝုစ်ဖြင့် ဆိုသင့်လျက် မဆိုဘဲ ''ကာပွတ္ထေသု စ''ဟု ဗဟုဝုစ်ဖြင့် ဆိုရကျိုးကို ဖော်ပြပါ။

ဖြေ။ ဗဟုဝုစ်ဖြင့်ဆိုခြင်းကြောင့် ''ကုစ္ဆိတော ပုရိသော ကာပုရိသော''စသော ပြယုဂ်တို့၌ ကုစ္ဆိတအနက်၌လည်း အချို့ ကာ–ပြုရခြင်း အကျိုးရှိပါသည်။

တပ္ပုရိသေ၊ ပုရိသေ။ ။ ''ဗဟုဝစနစ္စာရဏာတော ကုစ္ဆိတတ္ထေ စ ကွစိ တပ္ပုရိသေ'' ဝါကျ၌ တပ္ပုရိသေ–နေရာဝယ် သီဟိဠ်ဋီကာ၌ ''ပုရိသေ''ဟု ရှိ၏။ ထိုမူကိုသာ ဆရာမြတ်တို့ နှစ်သက်တော်မူကြပါသည်။ ''ပုရိသေ၊ ပုရိသသဒ္ဒါကြောင့်'' ဟု အနက်ပေးပါ။

''အနည်းငယ်အနက်ဟော ကုသဒ္ဒါကို အမြဲ ကာ–ပြု၊ 'ပုရိသ သဒ္ဒါကြောင့် ကုစ္ဆိတ အနက်ဟော ကု သဒ္ဒါကို အချို့ ကာ–ပြု''ဟု အဓိပ္ပါယ်မှတ်ပါ။

၃၄၇၊ ၃၅၀။ ကွစိ သမာသန္တဂတာန မကာရန္တော။ (၁၉၂)

မေး။ ကွစိ သမာသန္တ–စသောသုတ်၌ 'သမာသန္တဂတာန–အရ ရာဇာဒိအာကတိဂိုဏ်းကို ယူရမည်'ဟုဆိုရာ ထိုဂိုဏ်းသည် နာမ်ဂိုဏ်း (၁၃) ဂိုဏ်းတို့တွင် ပါဝင်သော ရာဇာဒိဂိုဏ်း ဖြစ်ပါသလော? ရှင်းပြပါ။

ဖြေ။ မဟုတ်ပါ။ သမာသ်အဆုံးသို့ရောက်သောအခါ ရာဇသဒ္ဒါနှင့် ရုပ်ပြီးပုံအခြင်းအရာအားဖြင့် တူသော အဟ, သခ, ရတ္တိ, အဂ်္ဂလိ, ဂေါဒါဝရီ စသော သဒ္ဒါအပေါင်းကို ဆိုလိုပါသည်။

မေး။ ကွစိ သမာသန္တဂတာန မန္တော–ဟု သုတ်တည်လျှင် လိုအပ်သော အနက်ပြီးပါလျက် 'ကာရ'သဒ္ဒါကို ထည့်ဆိုရခြင်းသည် ပိုလွန်၏။ ထို ကာရသဒ္ဒါပို၏ အကျိုးကို **ရေးပြပါ**။

ဖြေ။ ထို ကာရသဒ္ဒါပိုဖြင့် ဗဟုဗ္ဗီဟိသမာသ်စသည်တို့၌ သမာသ်အဆုံးဝယ် **အချို့** က–ပစ္စည်းသက်ခြင်း၊ သုရဘိ, သု, ပူတိစသော သဒ္ဒါတို့မှ နောက်ဖြစ်သော ဂန္ဓသဒ္ဒါ၏ အဆုံး အ–ကို ဣ–ပြုရခြင်း အကျိုးရှိပါသည်။

မေး။ ကွစိ သမာသန္တဂတာန မကာရန္တော–သုတ်ကို ပုဒ် ၂–နည်းဖြတ်ပြ၍၊ အနက် ၂–နဲ့ည်း ပေးပြပါ။

ဖြေ။ (၁) ကွစိ သမာသန္တဂတာနံ + အကာရော + အန္တော။

http://www.dhammadownload.com

(၂) ကွစိ သမာသန္တဂတာနံ + အကာရော + အန္တော။
(နောက်နည်း၌ ရံ –အက္ခရာကို ပုဒ်စပ်အောင် လာထားသော အက္ခရာ–ဟု သိပါ)။

(၁) သမာသန္တဂတာနံ၊ သမာသ်ပုဒ်၏အဆုံး၌ ဖြစ်ကုန်သော ဂာဇ–အစရှိသော နာမ်ပုဒ်တို့၏။ အန္တော၊ အဆုံးသရသည်။ ကွစိ၊ အချို့သောပြယုဂ်၌။ အကာရော၊ အ–အက္ခရာ အပြုသည်။ ဟောတိ၊ ၏။

(၂) သမာသန္တဂတာနံ၊ တို့၏။ အန္တော၊ အဆုံးသည်။ ဟုတ္တာ၊ ဖြစ်ကုန်၍။ ကွစိ၊ ၌။ အကာ၊ အ ပစ္စည်း, ကပစ္စည်းတို့သည်။ ဟောန္တိ၊ ကုန်၏။

မေး။ ကွစိ သမာသန္တ–စသောသုတ်ကို အ–ပစ္စည်း, ကပစ္စည်း သက်သောသုတ်–ဟု ကြံခြင်းကြောင့် ရအပ်သောအကျိုးကို ဖော်ပြပါ။

ဖြေ။ ယင်းသို့ ကြံခြင်းကြောင့် ပဌဂဝံ–စသောရုပ်များ ပြီးစီးနိုင်ခြင်း (စာကိုယ်)။ နဒီမှာ စ–သုတ်သို့ (ကပစ္စယော စ ဝတ္တတေ–အရ) ကပစ္စည်းလည်း ဖြောင့်မတ်စွာလိုက်နိုင်ခြင်း (ဋီကာ) အကျိုးရှိပါသည်။

မေး။ ပဌဂဝံ, ဒ္ဝိရတ္တံ–ပုဒ်တို့ကို ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ ''ပဌ ဂါဝေါ သမာဟဋ္ဌာ''ဟူသော အနက်၌ ''ပဌဂါဝေါ''ကို သမာသ်စသည် စီရင်၍ ''ပဌဂေါ''ဟု ပကတိပြု၊ ကွစိ သမာသန္တ–စသော သုတ်ဖြင့် သမာသ်အဆုံး၌ အ–ပစ္စည်းသက် (ပဌ ဂေါ အ)၊ ဂ် ခွင်း, ဩ ကြွင်း၊ ဩသရေ စ–သုတ်ဖြင့် နောက် အ–သရကြောင့် ဂေါ–သဒ္ဒါ၏အဆုံး ဩ–ကို အဝ–ပြု၊ ဂ်–အသို့ကပ် (ပဌဂဝ)၊ နာမ်ငဲ့, သိသက်, အံ–ပြု, ခွင်း, ဧ၊ ကပ်၊ ပဌဂဝံ–ပြီး၏။

ဒ္ဝိ+ရတ္တိ–ဟု ပကတိပြု၊ ကွစိ သမာသန္တဂတာန မကာရန္တော–သုတ်ဖြင့် အ–ပစ္စည်းသက် (ဒ္ဝိ ရတ္တိ အ)၊ တ္တိ ခွင်း, ဣကြွင်း၊ သရလောပေါ–စသောသုတ်ဖြင့် ရှေ့ ဣသရကို ဧ၊ နောက် အ–ကို အ–အတိုင်းပင် ပကတိပြု၊ တ္တိ, အ–သို့ကပ် (ဒ္ဝိရတ္တ)၊ နာမ်ငဲ့စသည်စီရင်၊ ဒ္ဝိရတ္တံ–ပြီး၏။

မေး။ ပဌဂဝံ, ဒ္ဝိရတ္တံ–စသောပုဒ်တို့၌ အ–ပစ္စည်းသက်၍ ရုပ်ပြီးသောကြောင့် ယင်းပုဒ်တို့ကို တဒ္ဓိတ်–ဟု ဆိုရပါမည်လော? ရှင်းပြပါ။

ဖြေ။ ထိုပုဒ်တို့၌ အ–ပစ္စည်းသက်၍ ရုပ်ပြီးသော်လည်း ပဌဂဝ, ဒ္ဝိရတ္တိ–ဟုသမာသ်ပြီးမှ သက်ရသည်ဖြစ်၍ သစ်ပင်မှထွက်သော ရွက်ညွှန့်သည် သစ်ပင်၏အစိတ်အပိုင်း ဖြစ်သကဲ့သို့ သမာသ်အစိတ်အပိုင်း ဖြစ်သောကြောင့် သမာသ်ဟုပင် ဆိုရပါသည်။ တဒ္ဓိတ်–ဟု မဆိုရပါ။ (မောဂ္ဂလ္လာန်)

၃၃၈၊ ၃၅၆။ နဒီမှာ စ။ (၂၀၄)

မေး။ နဒီမှာ စ–သုတ်၌ စသဒ္ဒါ၏အကျိုးကို ရေးပြပါ။

ဖြေ။ စသဒ္ဒါဖြင့် ဗဟုကတ္တု–စသော ပုံစံတို့၌ တုပစ္စည်းအဆုံးရှိသော သဒ္ဒါတို့မှ နောက်၌လည်း က ပစ္စည်းသက်ရခြင်း အကျိုးရှိပါသည်။

မေး။ ဗဟုနဒီကော–စသော ပြယုဂ်တို့၌ ကွစိ သမာသန္တ–သုတ်ဖြင့် က ပစ္စည်းသက်လျှင် ပြီးနိုင်ပါလျက် နဒီမှာ စ–သုတ်ကို ထပ်တည်ရခြင်းသည် အဘယ်အကျိုးရှိပါသနည်း?

http://www.dhammadownload.com

ဖြေဆိုပါ။

ဖြေ။ ''နဒီ'' မည်သော ကွက္ထိဝါစက ဤ, ဦ အက္ခရာတို့နောင် အမြဲ ကပစ္စည်းသက်ရခြင်း အကျိုးရှိပါသည်။

မေး။ နဒီမှာ စ –သုတ်၌ နဒီ–ဟူသည် အဘယ်နည်း၊ ဖြေဆိုပါ။

ဖြေ။ နဒီ–ဟူသည် ကွက္ထိလိင်ကို ဟောသော ဤ, ဦ အက္ခရာတို့၏ တစ်ပါးသော သကွတ သဒ္ဒါကျမ်း၌လာသောအမည် ဖြစ်ပါသည်။

မေး။ နဒီမှစ–သုတ်၌ နဒီ–အရ နဒီသဒ္ဒါတစ်ခုကိုသာ ယူရပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ နဒီ–သဒ္ဒါတစ်ခုကိုသာ ယူရမည် မဟုတ်ပါ။ ''နဒီ'' ဟူသည် ကွက္ထိလိင်ကို ဟောသော ဤ, ဦ အက္ခရာတို့၏ တစ်ပါးသော သကွတသဒ္ဒါကျမ်းတို့၌ လာသော အမည်သည်ဖြစ်သောကြောင့် နဒီ, နာရီ, ကုမာရီ, ဇမ္မု, ဝဓူ–စသော ကွက္ထိလိင် ဤ, ဦကာရန္တ သဒ္ဒါစုကို ယူရပါမည်။

မေး။ ဗဟုနဒီကော–ပုဒ်ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ ဗဟုနဒီက–ဟု ဖြစ်ပြီးသောအခါ ကွစာဒိမဏ္ဍတ္တရာနံ–သုတ်ဖြင့် နောက် က–ပစ္စည်းကြောင့် နဒီ–မည်သော ဤ–ကို ကွရသပြု၊ နာမ်စဲ့စသည် စီရင်၊ ပြီး၏။

မေး။ ''ဗဟူ နာရိယော ယဿာတိ ဗဟုနာရိယော''သည် စတုတ္ထိ ဗဟုဗ္ဗီဟိ သမာသ်လော? ဆဋ္ဌိ ဗဟုဗ္ဗီဟိသမာသ်လော? အထောက်သာဓကဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ ''ဗဟုနာရိကောတိ ဆဋ္ဌိဗဟုဗ္ဗီဟိနာ သိဒ္ဓဲ''ဟု ရူပသိဒ္ဓိဆရာ ဖွင့်ဆိုသောကြောင့် **ဆဋ္ဌိဗဟုဗ္ဗီဟိသမာသ်သာ** ဖြစ်ပါသည်။

ဆဋ္ဌိဗဟုဗ္ဗီဟိသာများကြောင်း သာဓက။ ။ ဤရူပသိဒ္ဓိအဖွင့်ကို ထောက်၍ ''စတုတ္ထိ, ဆဋ္ဌိ ဗဟုဗ္ဗီဟိသမာသ် ၂–မျိုးတွင် ဆဋ္ဌိ ဗဟုဗ္ဗီဟိသမာသ်သာ များသည်''ဟု သိပါ။

မေး။ ဗဟုကတ္တုကော–ပုဒ်ကို ရနိုင်သမျှ ဝိဂ္ဂဟပြုပြခဲ့ပါ။

ဖြေ။ ဗဟဝေါ ကတ္တာရော အသ္မိန္တိ ဗဟုကတ္တုကော။ (သတ္တမီ ဗဟုဗ္ဗီဟိသမာသ်)။
ဗဟဝေါ ကတ္တာရော အဿာတိ ဗဟုကတ္တုကော။ (ဆဋ္ဌိ ဗဟုဗ္ဗီဟိသမာသ်)

မှတ်ချက်။ ။ ဤပြဿုဂ်ဝယ် နဒီမှာစ–သုတ်၌ စ–သဒ္ဒါဖြင့် က–ပစ္စည်းသက်။ (ဋီ၊ ၁၅၄။)

၃၃၉၊ ၃၅၈။ ဇာယာယ တုဒံဇာနိ ပတိမှိ။ (၂၀၉)

မေး။ အောက်ဖော်ပြပါ ပါဠိနှစ်တွေတို့တွင် သင့်ရာပါဠိကို အကြောင်းပြ ဆုံးဖြတ်ပါ။
(က) ဇာယာယံ တုဒံ ဇာနိ ပတိမှိ။ (ဆဋ္ဌမှု၊ ရူပသိဒ္ဓိ)
(ခ) ဇာယာယ တုဒံဇာနီ ပတိမှိ။

ဖြေ။ တုဒံဇာနီ– ပုဒ်သည် သာရိပုတ္တမောဂ္ဂလ္လာနာ–ကဲ့သို့ ကွတရီတရယောဂ ဒွန်သမာသ်ပုဒ် ဖြစ်သောကြောင့် (ခ) အမှတ်ပြပါဠိသာ သင့်ပါသည်။

မေး။ ''တုဒမ္ဟတိ''စသောပြဿုဂ်တို့၌ အဘယ့်ကြောင့် ဇာယာ–သဒ္ဒါ ရှေ့ကျရပါသနည်း ဖြေဆိုပါ။

http://www.dhammadownload.com

ဖြေ။ ''တုဒမ္မတိ''စသော ပြယုဂ်တို့၌ ဤသုတ်ဖြင့် ပတိသဒ္ဒါကြောင့် ဇာယာ–သဒ္ဒါ၏ တုဒံ, ဇာနိ အပြုတို့ကို စီရင်သောကြောင့် ဇာယာသဒ္ဒါရှေ့ကျရခြင်း ဖြစ်ပါသည်။

မေး။ ဇာယမ္မတိကာ–ကို ရုပ်ကျဉ်း စီရင်ပြခဲ့ပါ။

ဖြေ။ ''ဇာယာပတိ''ဟု ပကတိပြုပြီးသောအခါ ယာ–အထက်၌ နိဂ္ဂဟီတ်လာ၊ ကွစာဒိသုတ်ကြီး ဖြင့် အာ–ကို အ–ရဿပြု၊ ပဝဂ္ဂန္တ မ်– ပြု၊ မ် ပ–သို့ကပ်၊ ကပစ္စည်းသက် (ဇာယမ္မတိက)၊ နာမ်ငဲ့စသည်စီရင်၊ ပြီး၏။

၃၄၀၊ ၃၅၅။ ဓနမှာ စ။ (၂၀၃)

မေး။ ဓနမှာ စ– သုတ်သည် ဘယ်နှစ်ပုဒ်ရှိသောသုတ် ဖြစ်ပါသနည်း။

ဖြေ။ ဓနမှာ + အာ + စ–ဟု ၃–ပုဒ်ရှိသောသုတ် ဖြစ်ပါသည်။

မေး။ ဓနမှာ စ–သုတ်၌ စသဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ စ သဒ္ဒါသည် ပစ္စက္ခဓမ္မော–စသော ပြယုဂ်တို့၌ ဓမ္မ–သဒ္ဒါစသည်ကို ဆည်းခြင်း သမုစ္စည်း အနက်ရှိပါသည်။

မေး။ သဟဿထာမဓနု, ပစ္စက္ခဓမ္မော, ဝိဒိတဓမ္မော–စသောပြယုဂ်တို့၌ အဘယ့်ကြောင့် **အာ**–ပစ္စည်း မသက်ဘဲ ရုပ်ပြီးရပါသနည်း။

ဖြေ။ ထိုပြယုဂ်တို့၌ ကွစိ သမာသန္တ–စသောသုတ်မှ လိုက်လာသော ကွစိသဒ္ဒါက **တားမြစ်** သောကြောင့် အာပစ္စည်းမသက်ဘဲ ရုပ်ပြီးရခြင်း ဖြစ်ပါသည်။

၃၄၀၊ ၃၅၆။ အံဝိဘတ္တိနမကာရန္တာ အဗျယီဘာဝါ။ (၁၈၀)

မေး။ အံဝိဘတ္တိန မကာရန္တာ အဗျယီဘာဝါ–သုတ်ဖြင့် အံပြု–မပြုရသော ဝိဘတ်များကို ရှုအလိုက္ခ ဖော်ပြပါ။

ဖြေ။ ကွစိ သမာသန္တ–စသော သုတ်မှ ကွစိသဒ္ဒါ လိုက်လာသောကြောင့် ပဉ္စမီဝိဘတ်ကို လုံးဝ အံ–မပြုရပါ။ တတိယာ, ဆဋ္ဌီ, သတ္တမီဝိဘတ်တို့ကို အချို့ အံ–ပြုရပါသည်။ (ကြွင်းသော ပဌမာ, ဒုတိယာ, စတုတ္ထီဝိဘတ်တို့ကို အမြဲ အံ–ပြုရပါမည်။)

အမှာ။ ။ ''နိစ္စ, အနိစ္စ, အသန္တ ဝိဓိသုံးမျိုးကို ပိုင်းခြားသတ်မှတ်ပြပါ''ဟု မေးလျှင် ဖြေတတ်ပါစေ။

၃၄၂၊ ၃၅၇။ သရော ရဿော နပုံသကေ။ (၁၈၁)

မေး။ သရော ရဿော နပုံသကေ–သုတ်ဖြင့် ရဿပြုရာ သမာသ်များကို ရှုဆရာအလိုက္ခ အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ရှုဆရာအလို ဤသုတ်သို့ အဗျယီဘာဝ–သဒ္ဒါကို မလိုက်စေရပါ။ ထို့ကြောင့် ဤသုတ်ဖြင့် အဗျယီဘောသမာသ်သာမက, စတုဒ္ဒိသံ–စသော ဒိဂု၊ မုခနာသိကံ–စသော ဒွန်၊ အဿဒ္ဓံ–စသော ဗဟုဗ္ဗီဟိသမာသ်တို့၌လည်း နပုံးလိင်၌ ဖြစ်သော သမာသ်၏ အဆုံးသရကို ရဿပြုရပါသည်။

http://www.dhammadownload.com

သိမှတ်ဖွယ်။ ။ ရူဋ္ဌီကာ၌ကား ကစ္စည်းဝုတ္တိ၌ အဗျယီဘာဝ-သဒ္ဒါကို လိုက်စေခြင်းသည် သမာသ်ကို မှတ်သားကြောင်း ဥပလက္ခဏမျှသာ ဖြစ်သောကြောင့် ဒိဂု, ဒွန်, ဗဟုဗ္ဗီဟိသမာသ်တို့၌လည်း ရဿအပြုပြီး၏-ဟု ဖွင့်ဆိုထားပါသည်။ ထိုအလို ကစ္စည်းဝုတ္တိအဖွင့်နှင့် ရူအဖွင့် အတူတူပင်ဖြစ်၏-ဟု မှတ်ပါ။

မေး။ သရော ရဿော နပုံသကေ-သုတ်ကို ရူဆရာအလိုကျ အနက်ပေးပြခဲ့ပါ။

ဖြေ။ နပုံသကေ၊ နပုလ္လိင်၌။ ဝတ္တမာနသ၊ ဖြစ်သော။ သမာသသ၊ သမာသ်၏။ အန္တော၊ အဆုံးဖြစ်သော။ သရော၊ ဒီဃသရသည်။ ရဿော၊ ရဿသည်။ ဟောတိ၊ ဖြစ်၏။

၃၄၃၊ ၃၃၈။ အညသ္မာ လောပေါစ။ (၁၈၂)

မေး။ ဤသုတ်၌ အညအပါဒါန်, အည-အရတို့ကို ခွဲခြားဖော်ပြပါ။

ဖြေ။ အညအပါဒါန်မှာ အကာရန္တအဗျယီဘောသမာသ်ဖြစ်၍၊ အည-အရမှာ တစ်ပါးသောက္ကာ, ဥကာရန္တအဗျယီဘောသမာသ် ဖြစ်ပါသည်။

မေး။ သမာသ် ၄-ပါး, ၆-ပါးတို့ကို ရူဆရာအလိုကျ ရေတွက်ပြပါ။

ဖြေ။
၁။ ပုဗ္ဗပဒတ္ထပဓာနသမာသ် = အဗျယီဘော။
၂။ ဥတ္တရပဒတ္ထပဓာနသမာသ် = တပ္ပုရိသ်။
၃။ ဥဘယပဒတ္ထပဓာနသမာသ် = ဒွန်။
၄။ အညပဒတ္ထပဓာနသမာသ် = ဗဟုဗ္ဗီဟိ။
ထို ၄-ပါးတွင် ဒိဂုသမာသ်နှင့် ကမ္မဓာရည်းသမာသ် ၂-ပါးထည့်လျှင် သမာသ် ၆-ပါး ဖြစ်ပါသည်။

မေး။ သမာသ် ၃၂-ပါးကို အကျဉ်းချုပ် ရေတွက်ပြပါ။

ဖြေ။

အဗျယီဘောသမာသ်	၂-ပါး။
ကမ္မဓာရည်းသမာသ်	၉-ပါး။
ဒိဂုသမာသ်	၂-ပါး။
တပ္ပုရိသ်သမာသ်	၈-ပါး။
ဗဟုဗ္ဗီဟိသမာသ်	၉-ပါး။
ဒွန်သမာသ်	၂-ပါး။
ပေါင်း	၃၂-ပါး ဖြစ်ပါသည်။

မေး။ အဗျယီဘောသမာသ် ၂-ပါးကို ဖော်ပြပါ။

ဖြေ။
၁။ ဥပသဂ္ဂပုဗ္ဗက အဗျယီဘောသမာသ်
၂။ နိပါတပုဗ္ဗက အဗျယီဘောသမာသ်-တို့ ဖြစ်ပါသည်။

မေး။ တပ္ပုရိသ်သမာသ် ၈-ပါးကို ရေတွက်ပြပါ။

ဖြေ။
၁။ ဒုတိယာ တပ္ပုရိသ်သမာသ်။
၂။ တတိယာ တပ္ပုရိသ်သမာသ်။
၃။ စတုတ္ထီ တပ္ပုရိသ်သမာသ်။

http://www.dhammadownload.com

၄။ ပဋ္ဌမီ တပ္ပုရိသ်သမာသ်။
၅။ ဆဋ္ဌီ တပ္ပုရိသ်သမာသ်။
၆။ သတ္တမီ တပ္ပုရိသ်သမာသ်။
၇။ အမာဒိပရ တပ္ပုရိသ်သမာသ်။
၈။ အလောပ တပ္ပုရိသ်သမာသ်တို့ ဖြစ်ပါသည်။

၄-သမာသကပ္ပ (သမာသကတ္ထ) ပြီး၏။

http://www.dhammadownload.com

၅-တဒ္ဓိတကပ္ပ (တဒ္ဓိတကဏ္ဍ)

မေး။ နာမ်အခန်းမှ နောက်၌ တဒ္ဓိတ်အခန်းကို အားထုတ်ရခြင်း အကြောင်းကိုဖြေဆိုပါ။

ဖြေ။ ဝသီဌသ-ကဲ့သို့ ဝိဘတ်အဆုံးရှိသော နာမ်ပုဒ်မှ နောက်၌ပင် အပစ္စစသော အနက်အထူး၌ တဒ္ဓိတ်ပစ္စည်းသက်ရသောကြောင့် နာမ်အခန်းမှ နောက်၌ တဒ္ဓိတ်အခန်းကို အားထုတ်ရခြင်း ဖြစ်ပါသည်။

မေး။ တဒ္ဓိတ-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြုပြု၍ အဓိပ္ပါယ်ရေးပြီး၊ အရုလည်းကောက်ပြပါ။

ဖြေ။ (၁) တသ္မာ တိဝိဓလိင်္ဂတော ပရံ ဟုတ္ဝာ ဟိတာ သဟိတာတိ တဒ္ဓိတာ။

လိုရင်း - တသ္မာ ဟိတာ တဒ္ဓိတာ။ (ပဋ္ဌမိတပ္ပုရိသ်သမာသ်)။

ထို သုဒ္ဓနာမ်, သမာသ်နာမ်, တဒ္ဓိတ်နာမ်ဟူသော လိင် ၃-ပါးမှ နောက်ဖြစ်၍ တကွ ဖြစ်တတ်သောကြောင့် ''တဒ္ဓိတ = တဒ္ဓိတ်'' မည်ပါသည်။

ဏ-စသောပစ္စည်းတို့ကို ရပါသည်။

(၂) တေသံ နာမိကာနံ ဟိတာ ဥပကာရာတိ တဒ္ဓိတာ။

(တေသံ ဟိတာ တဒ္ဓိတာ)။ (ဆဋ္ဌိတပ္ပုရိသ်သမာသ်၊ စတုတ္ထိဟုလည်းဆိုကြသည်)။ ထိုနာမ်ပုဒ်တို့၏ အစီးအပွားဖြစ်သောကြောင့် (ထိုနာမ်ပုဒ်တို့အား ကျေးဇူးပြုတတ်သောကြောင့်) ''တဒ္ဓိတ = တဒ္ဓိတ်'' မည်ပါသည်။

ဏ-စသော ပစ္စည်းတို့ကိုပင် ရပါသည်။

သိမှတ်ဖွယ်။ ။ ပထမနည်းသည် ''စန်းကျမ်းနည်း''ဖြစ်၍ ဒုတိယနည်းကား ''ပါဏိနိနည်း'' ဖြစ်၏-ဟု သီဟျာချာ-၌ ဆိုသည်။

မေး။ ''တဒ္ဓိတ''ဟူသော အမည်သည် အန္တတ္ထအမည်, ရုဠှီအမည် ၂-မျိုးတို့တွင် အဘယ်အမည်ဖြစ်၍၊ သကသမညာ, ပရသမညာတို့တွင် အဘယ်သမညာ ဖြစ်ပါသနည်း။

ဖြေ။ ''တဒ္ဓိတ''ဟူသော အမည်သည် အန္တတ္ထဖြစ်၍၊ သကသမညာ, ပရသမညာ ၂-မျိုး လုံးဖြစ်ပါသည်။

မှတ်ချက်။ ။ ပရသမညာ ဝသေနာပိ-၌ ပိ-သဒ္ဒါဖြင့် သကသမညာကို ပေါင်းသည်-ဟု သိပါ။

မေး။ ''တိဝိဓလိင်္ဂ''ခေါ် သုဒ္ဓနာမ်, သမာသ်နာမ်, တဒ္ဓိတ်နာမ်ဟူသော နာမ် ၃-မျိုးနောင် ဏ-စသောပစ္စည်းများ သက်ပုံကို ပြယုဂ်ထုတ် ရှင်းပြပါ။

ဖြေ။ ဝသိဌသ အပစ္စံ ဝါသိဋ္ဌော။ ဝသိဌသ-ဟူသော သုဒ္ဓနာမ်ပုဒ်နောင် ဏ-**ပစ္စည်း** သက်၍ ''ဝါသိဋ္ဌော''ဟု ရုပ်ပြီးပါသည်။

သကျပုတ္တသ အပစ္စံ (ပုတ္တော) သကျပုတ္တိကော။ သကျပုတ္တသ-ဟူသော သမာသ်နာမ်ပုဒ်နောင် ဏိက-ပစ္စည်းသက်၍ ''သကျပုတ္တိကော''ဟု ရုပ်ပြီးပါသည်။ (သကျာနံ ပုဒ္ဓတ္တာ သကျပုတ္တော။)

မောဂ္ဂလ္လသ အပစ္စံ (ပုတ္တော) မောဂ္ဂလ္လာယနော။ မောဂ္ဂလ္လသ-ဟူသော **တဒ္ဓိတ်နာမ်** ပုဒ်နောင် ဏာယန ပစ္စည်းသက်၍ ''မောဂ္ဂလ္လာယနော'' ဟု ရုပ်ပြီးပါသည်။ (မုဂ္ဂလသ

http://www.dhammadownload.com

အပစ္စံ မောဂ္ဂလ္လော။)

တိဝိဓလိင်္ဂတစ်မျိုး။ ။ သမာသ် (စာ–၇၉) ၌ သမာသ်ပုဒ်, တဒ္ဓိတပစ္စယန္တပုဒ်, အာယာဒိပစ္စယန္တပုဒ်တို့ကို ''တိဝိဓလိင်္''ဟု ဖွင့်ခဲ့သည်။

မေး။ ''တသ္မာ တိဝိဓလိင်္တော ပရံ ဟုတ္ဝာ ဟိတ္ဝာ သဟိတာ''ဟု ဆိုသောကြောင့် တဒ္ဓိတ်ပစ္စည်းကို ထိုသုဒ္ဓနာမ်, သမာသ်နာမ်, တဒ္ဓိတ်နာမ် ဟူသော လိင် ၃–မျိုးနောက်၌သာ သက်ရသည်ဟု မှတ်ရပါမည်လော? ရှင်းပြပါ။

ဖြေ။ ယင်းသို့ မမှတ်ရပါ။ ''ဇဟိပဿိကော''စသော ပြယုဂ်တို့၌ အလိင်ဖြစ်သော ''ဇဟိပဿ'' ဟူသော အာချာတ်ပုဒ်မှ နောက်၌လည်း တဒ္ဓိတ် ဏိကပစ္စည်း သက်ရပါသည်။ (တိဝိဓလိင်္တော–ဟူသော စကားသည် ယေဘုယျအားဖြင့် မိန့်ဆိုထားသော စကားဖြစ်၏–ဟူလို။)

မေး။ တဒ္ဓိတ်ပစ္စည်းသက်နိုင်သော ပုဒ်များကို ကုန်စင်အောင်ထုတ်ပြပါ။

ဖြေ။ ၁။ သုဒ္ဓနာမ်ပုဒ် (ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော)။
၂။ သမာသ်နာမ်ပုဒ် (သက္ကပုတ္တဿ အပစ္စံ သက္ကပုတ္တိကော)။
၃။ တဒ္ဓိတ်နာမ်ပုဒ် (မောဂ္ဂလ္လဿ အပစ္စံ မောဂ္ဂလ္လာယနော)။
၄။ အာချာတ်ပုဒ် (ဇဟိပဿာတိ ဣမံ ဝိဓိ အရဟတီတိ ဇဟိပဿိကော)။

မေး။ ဏ–စသော တဒ္ဓိတ်ပစ္စည်းတို့၏ နာမ်ပုဒ်တို့၏ အစီးအပွားဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ''ဝသိဋ္ဌ'' ဟူသော နာမ်ပုဒ်သည် ''ဝသိဋ္ဌ ရသ့ေ'' ဟူသော အနက်ကိုသာ ဟောနိုင်၏။ ယင်းပုဒ်နောင် ဏပစ္စည်းသက်လိုက်သောအခါ၌ကား ''ဝါသိဋ္ဌ''ဟု ဖြစ်၍ ''ဝသိဋ္ဌရသ့ေ၏သား''ဟူသော အနက်ကို ဟောနိုင်၏။ ဤသို့လျှင် ဏ ပစ္စည်းအတွက် ဝသိဋ္ဌ–ပုဒ်၌ အနက်တည်းဟူသော စီးပွား တိုးတက်လာပါသည်။

မေး။ တဒ္ဓိတ–ပုဒ်ရုပ်ပြီးပုံကို ရေးပြပါ။

ဖြေ။ ''တ+ဟိတ'' တည်၊ နာမ်ရုပ်တွက်ပြီးနောက် ''တဟိတ''ဟု ပကတိပြု၊ တဒ္ဓိတသမာသ–စသော သုတ်၌ တဒ္ဓိတ–ဟူသော နိပါတနဖြင့်, (တစ်နည်း) ယင်းနိပါတနကြောင့် တေသု ဝုဒ္ဓိသုတ်ကြီးဖြင့် ဟိ–ကို မိ–ပြု၊ နိဂ္ဂဟိတဥသုတ်ဖြင့် ရှေ့တ–ထက်၌ နိဂ္ဂဟိတ်လာ၊ မဒါ သရေ– သုတ်၌ မဒါ–ဟူသော် ဒွိဓာကရဏယောဂဝိဘာဂဖြင့် နိဂ္ဂဟိတ်ကို ဒ်–ပြု၊ ဒ် မိ–သို့ကပ်၊ ပြီး၏။

၂၄၄၊ ၃၆၁။ ဝါ ဏာ'ပစ္စော။ (၂၁၆)

မေး။ ဝါ ဏာ'ပစ္စောသုတ်ကို ရနိုင်သမျှ ပုဒ်ဖြတ်ပြ၍၊ ယင်းသို့ဖြတ်ရပုံကိုလည်း ရှင်းပြပါ။

ဖြေ။ ၁။ ဝါ ဏော + အပစ္စော။
၂။ ဝါ ဏ + အပစ္စော။
ပထမနည်းအလို– နောက် အ သရကြောင့် ရှေ့ဩသရကိုချေ၊ ဏ် ကို နောက် အ သို့ကပ်၍ ''ဝါဏာ'ပစ္စော''ဟု ရုပ်ပြီးပါသည်။
ဒုတိယနည်းအလို–နောက် အ သရကြောင့် ရှေ့ အ သရကိုချေ၊ ဏ် ကို နောက်

http://www.dhammadownload.com

အ သို့ကပ်၍ ရုပ်ပြီးပါသည်။

မေး။ ''ဝါ ဏော အပစ္စေ''ဟု သုတ်မတည်ဘဲ ''ဝါ ဏ'ပစ္စေ''ဟု အဝိဘတ္တိကနိဒ္ဒေသအား ဖြင့် သုတ်တည်ရပုံကို ရှင်းပြပါ။

ဖြေ။ ဏ–ပစ္စည်းလေလား? ဏော–ပစ္စည်းလေလား? ဟူသော ယုံမှားသံသယကို ပယ်ဖျောက် ခြင်းအကျိုးငှါ ''ဝါ ဏ'ပစ္စေ''ဟု အဝိဘတ္တိကနိဒ္ဒေသအားဖြင့် သုတ်တည်ရခြင်း ဖြစ်ပါသည်။ (ဋီကာ။)

မေး။ ဝါ ဏ'ပစ္စေသုတ်လာ ဝါသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ ဝိကပ်အနက် ဖြစ်ပါသည်။

မေး။ ဝါ ဏ'ပစ္စေ သုတ်ဖြင့် ဏ–ပစ္စည်းသက်ရာအနက်ကို ဖော်ပြပါ။

ဖြေ။ (အပစ္စအနက်၏ သမ္ဘန္ဓိဖြစ်သော) ဝသိဋ္ဌသ–ကဲ့သို့သော ဆဋ္ဌိယန္တလိင်နောင် အပစ္စအနက်၌ သက်ပါသည်။

ရှင်းချက်။ ။ဝသိဋ္ဌသ အပစ္စံ–၌ ဝသိဋ္ဌ နှင့် အပစ္စ တို့၏ ဇနက+ဇည အဖြစ်ဖြင့် စပ်ခြင်းသည် ''သမ္ဘန်'' မည်၏။ ဝသိဋ္ဌသ–သည် အပစ္စအနက်နှင့် စပ်ခြင်းရှိသော သမ္ဘန္ဓိ ဖြစ်၏။ ထို့ကြောင့် ''ဝသိဋ္ဌသ'' ဟူသော ဆဋ္ဌိယန္တပုဒ်ကို ''အပစ္စတ္ထသမ္ဘန္ဓိလိင််'' ဟု ဆိုပါသည်။

''ဂေါတ္တံ ဝသိဋ္ဌသ အပစ္စံ ဂေါတမဿ''ဟူသော ပြယုဂ်၌ကား ဝသိဋ္ဌသ–သည် အပစ္စ နှင့် မစပ်သောကြောင့် ဝသိဋ္ဌသ–နောင် ဏ–ပစ္စည်း မသက်ပါ။ (ဋီကာ၊ ၁၆၀။ – ဆဋ္ဌမူ၌ 'ဂေါတ္တံ' ကျနေသည်။)

မေး။ ''ဝသိဋ္ဌသ+ဏ+အပစ္စံ''ဟု ဖြစ်ပြီးနောက် အဘယ်ကြောင့် အပစ္စ–သဒ္ဒါကို ချေပစ်ရပါသနည်း။

ဖြေ။ ဏ–ပစ္စည်းသည်ပင် အပစ္စအနက်ကို တာဝန်ခံ၍ ဟောနိုင်သောကြောင့် ''ဝုတ္တတ္ထာန မပွယောဂေါ''ပရိဘာသာ–အရ အပစ္စသဒ္ဒါကို ချေပစ်ရခြင်း ဖြစ်ပါသည်။

မေး။ ''ဝသိဋ္ဌသ အပစ္စံ ဝါသိဋ္ဌော''ဟူသော ဝိဂြိုဟ်အရ ဝသိဋ္ဌရသေ့၏ သားကိုသာ ''ဝါသိဋ္ဌ'' ဟု ခေါ်ဆိုရပါသလော? ရှင်းပြပါ။

ဖြေ။ ဝသိဋ္ဌရသေ့၏ သားကိုသာ ဝါသိဋ္ဌ–ဟုခေါ်ဆိုရသည် မဟုတ်ပါ။ ထိုဝသိဋ္ဌရသေ့၏ မြေး, မြစ် စသည်တို့ကိုလည်း အဘ၏ 'ဝသိဋ္ဌ'အမည်ကို သားအပေါ်၌ တင်စားခြင်းဟူသော ကာရဏူပစာအားဖြင့် ''ဝါသိဋ္ဌ''ဟုပင် ခေါ်ဆိုရပါသည်။

မေး။ ဂေါတ္တတဒ္ဓိတ် (အပစ္စတဒ္ဓိတ်) ၌ ဏ–ပစ္စည်းသက်ရာလိင်ကို ဖော်ပြပါ။

ဖြေ။ ဂေါတ္တတဒ္ဓိတ် (အပစ္စတဒ္ဓိတ်) ၌ ပဌမပကတိလိင် (အရင်းမူလ အစဖြစ်သော ဝသိဋ္ဌ–ကဲ့သို့သော ပကတိလိင်)မှ နောက်၌သာ သက်ရပါသည်။

ပဌမပကတိလိင် – ဝသိဋ္ဌ။
ဒုတိယပကတိလိင် – ဝါသိဋ္ဌ။

မေး။ တဒ္ဓိတ်ပစ္စယန္တသဒ္ဒါတို့၏ လိင်ကို ပုံစံနှင့်တကွ ဖော်ပြပါ။

http://www.dhammadownload.com

ဖြေ။ တိလိင် ဖြစ်ပါသည်။

ဝါသိဒ္ဓော ပုတ္တော။ ဝါသိဒ္ဓီ ကညာ။ ဝါသိဒ္ဓံ အပစ္စံ။

၃၄၅၊ ၃၆၆။ ဏာယနဏာန ဝစ္ဆာဒိတော။ (၂၁၈)

မေး။ ဤသုတ်သည် အဘယ်သုတ်ကို တားမြစ်သောသုတ် ဖြစ်ပါသနည်း။

ဖြေ။ ဝါ ဏ'ပစ္စေ-သုတ်ကို တားမြစ်သောသုတ် ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ ဝစ္ဆသ အပစ္စံ-၌ ဝါ ဏ'ပစ္စေ သုတ်ဖြင့် ဏပစ္စည်းသက်ခွင့် ရောက်နေရာ ဏာယန, ဏာန ပစ္စည်းသက်ခြင်းက ပရိဝိ, အနဝကာသဝိ, ဝိသေသဝိ ဖြစ်သောကြောင့် ဏ-ပစ္စည်းသက်ခြင်းကို တားမြစ်၍ ဤသုတ်ဖြင့် ဏာယန, ဏာန ပစ္စည်းများ သက်ရသည်။

မေး။ ''ဏာယန, ဏာန''ဟု မဆိုဘဲ အဘယ်အကျိုးငှါ ဏာယန ဏာန-ဟု အဝိဘတ္တိ ကနိဒ္ဒေသအားဖြင့် ဆိုရပါသနည်း။

ဖြေ။ ယင်းပုဒ်သည် အာကာရန္တလေလား? ဟူသော ယုံမှားသံသယကို ပယ်ဖျောက်ခြင်း အကျိုးငှါ ဏာယန, ဏာန-ဟု အဝိဘတ္တိကနိဒ္ဒေသအားဖြင့် ဆိုရခြင်း ဖြစ်ပါသည်။ (ဋီကာ၊ ၁၆၂။)

မေး။ ''ဝစ္ဆာယနော, ဝစ္ဆာနော၊ ဝစ္ဆသ ပုတ္တော''ဟု ဝုတ္တိ, ဝါကျ နှစ်မျိုး နှစ်စားရှိနိုင်ပုံကို ရှင်းပြပါ။

ဖြေ။ ဝါ ဏ'ပစ္စေ-သုတ်မှ ဝါသဒ္ဒါသည် တဒ္ဓိတ်ပစ္စည်းသက်သော သုတ်တိုင်းသို့ လိုက်သောကြောင့် ဝစ္ဆာယနော, ဝစ္ဆာနော-ဟု ဝုတ္တိအနေဖြင့်လည်း ရှိနိုင်၍ ''ဝစ္ဆသ ပုတ္တော'' ဟု ဝါကျအနေဖြင့်လည်း ရှိနိုင်ပါသည်။

ဝုတ္တိ။ ။ ပုဒ်အချင်းချင်းစပ်ထားသော သမာသ်ကိုလည်းကောင်း၊ ပုဒ်နှင့် ပစ္စည်း စပ်ထားသောတဒ္ဓိတ်ကိုလည်းကောင်း ''ဝုတ္တိ''ဟု ခေါ်ပါသည်။

မေး။ ဏာယန, ဏာန-ဟု ဏ်အနုဗန် ထည့်ဆိုရကျိုးကို ဖော်ပြပါ။

ဖြေ။ ဝုဒ္ဓိပြုရခြင်း အကျိုးရှိပါသည်။

မေး။ ဝစ္ဆာယနော, ဝစ္ဆနော-တို့၌ ဝ-၏ အ-ကို အဘယ်ကြောင့် အာဝုဒ္ဓိ မပြုရပါသနည်း။

ဖြေ။ သံယောဝန္တဖြစ်နေသောကြောင့် အာဝုဒ္ဓိမပြုရခြင်း ဖြစ်ပါသည်။

မေး။ ကစ္စာယနော နှင့် ကစ္စာယနံ-တို့ တူ / မတူကို စိစစ်ဖြေဆိုပါ။

ဖြေ။ 'ကစ္စာယနော'သည် ကစ္စ-ပုဒ်နောင် အပစ္စအနက်၌ ဏာယနပစ္စည်းသက်၍ ရုပ်ပြီးသော အပစ္စတဒ္ဓိတ်ပုဒ်ဖြစ်၍၊ 'ကစ္စာယနံ'ကား ကစ္စာယန-ပုဒ်နောင် ကွဒံအနက်၌ ဏ-ပစ္စည်းသက်၍ ရုပ်ပြီးသော ကွဒံတဒ္ဓိတ်ပုဒ် ဖြစ်ပါသည်။

- ကစ္စသ ပုတ္တော ကစ္စယနော။
- ကစ္စာယနဿ ကွဒံ ကစ္စာယနံ။

မေး။ ဤသုတ်ဝယ် ရှုပသိဒ္ဓိ၌ ''အာကတိဂဏော' ယံ''ဟု ဖွင့်ပြထားရာ ''အာကတိဂိဏ်း''

http://www.dhammadownload.com

ဟူသည် အဘယ်နည်း၊ ဖြေဆိုပါ။

ဖြေ။ ဂေါ်, မဟိသ–စသော သဒ္ဒါတို့ကဲ့သို့ ရုပ်ပြီးပုံအခြင်းအရာ တူသောအားဖြင့် ပေါင်းယူအပ်သော သဒ္ဒါအပေါင်းကို ''အာကတိဂိုဏ်း''ဟု ခေါ်ဆိုရပါသည်။

ဤသုတ်၌ ဝစ္ဆ–သဒ္ဒါနှင့် ဏာယန, ဏာန ပစ္စည်းများသက်၍ ရုပ်ပြီးပုံခြင်းတူသော ကစ္စ, မောဂ္ဂလ္လ စသော သဒ္ဒါအပေါင်းကို ''ဝစ္ဆာဒိအာကတိဂိုဏ်း''ဟု ခေါ်ဆိုရပါသည်။

ဝစနတ္ထ – အာကတိယာ (ဇာတိယာ) ဂဟေတဗ္ဗော ဂဏော အာကတိဂဏော။
(ဋီကာ၊ ၁၆၂။)

၃၄၆၊ ၃၆၇။ ဏေယျော ကတ္တိကာဒီဟိ။ (၂၁၉)

မေး။ ဏေယျော ကတ္တိကာဒီဟိ–သုတ်၌ အာဒိသဒ္ဒါ၏ အနက်ကို ဖော်ပြ၍၊ ထိုအာဒိသဒ္ဒါဖြင့် ယူရမည့်သဒ္ဒါများကိုလည်း ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါ ပကာရအနက်ရှိပါသည်။ ထိုအာဒိသဒ္ဒါဖြင့် ကတ္တိကာ–ကဲ့သို့ အပစ္စအနက်၌ ဏေယျပစ္စည်းသက်၍ ရုပ်ပြီးခြင်းအားဖြင့်တူသော ဝိနတာ, ရောဟိဏီ–စသော ဣတ္ထိလိင် သဒ္ဒါတို့ကို ယူရပါမည်။

မောဂ္ဂလ္လာန်ပဋိက အဆို။ ။ ဏေယျပစ္စည်းသည် များသောအားဖြင့် ကတ္တိကာ–စသော ဃ, ပ မည်သော သဒ္ဒါတို့နောင်သက်၍၊ အတ္တိ, ပဏ္ဍိ–စသော အချို့သော ပုလ္လိင်သဒ္ဒါတို့နောင်လည်း သက်၏–ဟု ဆိုသည်။ (၄င်း၊ ၄၊ ၃။)

၃၄၇၊ ၃၆၀။ အတော ဏိ ဝါ။ (၂၂၀)

မေး။ အတော ဏိ ဝါ–သုတ်၌ ဝါသဒ္ဒါပိုပုံကို ရေး၍၊ ယင်းဝါသဒ္ဒါပို၏ အကျိုးကိုလည်းဖော်ပြပါ။

ဖြေ။ ''ဝါ ဏ'ပစ္စေတိ ဣတော ဝါ တိ တဒ္ဓိတဝိဓာနေ သဗ္ဗတ္ထ ဝတ္တတေ''အရ ဝါ ဏ'ပစ္စေ သုတ်မှ ဝါသဒ္ဒါလိုက်လာပါလျက် ဤသုတ်၌ တစ်ဖန်ထပ်ဆိုသောကြောင့် ထိုဝါသဒ္ဒါသည် အပိုဖြစ်ပါသည်။

ထိုဝါသဒ္ဒါပိုဖြင့် အပစ္စအနက်၌ ဏိက–ပစ္စည်း၊ အဒိတိ–စသော သဒ္ဒါနောင် ဏျပစ္စည်း သက်ရခြင်း အကျိုးရှိပါသည်။

– သကျပုတ္တသ အပစ္စံ သကျပုတ္တိကော၊ သကျပုတ္တိယော။
– အဒိတိယာ အပစ္စံ အာဒိစ္စော၊ ဒိတိယာ အပစ္စံ ဒေစ္စော။

မေး။ သကျပုတ္တိယော–ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ သကျပုတ္တ–တည်၊ အတော ဏိ ဝါ–သုတ်၌ ဝါသဒ္ဒါပိုဖြင့် ဏိကပစ္စည်းသက်၊ ဏိ အနုဗန်ကိုချေ၊ တ္တိ ခွင်း, ချေ, ကပ် (သကျပုတ္တိက)၊ တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် က–ကို ယ–ပြု (သကျပုတ္တိယ)၊ နာမ် ငဲ့ စသည်၊ ပြီး၏။

မေး။ အာဒိစ္စော–ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ အဒိတိ–တည်၊ အတော ဏိ ဝါ–သုတ်၌ ဝါ သဒ္ဒါပိုဖြင့် ဏျပစ္စည်းသက်၊ အ–ကို

http://www.dhammadownload.com

အာဝုဒ္ဓိပြု၊ ဏ်အနုဗန်ကို ချေ (အာဒိတိ+ယ) အဝဏ္ဏော ယေ လောပဆ္ဆ-သုတ်၌ စ-သဒ္ဒါဖြင့် နောက် ယ-ဗျည်းနှောင်းသောကြောင့် ရှေ့ တိ-၌ က္ကာ-ကို ချေ၊ တ် ယ-သို့ကပ် (အာဒိတျ)၊ ယဝတံ-စသော သုတ်ဖြင့် တျ-ကို စ-ပြု၊ ပရ ဒွေဘာဝေါ ဌာနေ သုတ်ဖြင့် စ-ကို သဒိသဒ္ဒေးဘော် စွ-ပြု (အာဒိစ္စ)၊ နာမ်ငဲ့စသည်၊ ပြီး၏။

၃၄စ၊ ၃၇၁။ ဏဝေါ'ပဂွါဒီဟိ။ (ရူ၊ ၂၂၁)
ဏဝေါ'ပက္ခာဒီဟိ။ (ကစ္စည်း)

မေး။ အာဒိသဒ္ဒါ၏ အနက်နှင့် ယင်းသဒ္ဒါဖြင့် ယူရမည့် သဒ္ဒါတို့ကို ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါ ပကာရအနက် ရှိပါသည်။ ထိုအာဒိသဒ္ဒါဖြင့် ဥပဂု-သဒ္ဒါနှင့် ဥကာရန္တချင်း တူသော မနု, ဘဂ္ဂု, ပဏ္ဍု စသော သဒ္ဒါတို့ကို ယူရပါမည်။

မေး။ ဏဝေါ' ပဂွါဒီဟိ-သုတ်ဖြင့် အဘယ်သဒ္ဒါတို့နောင်သော ဏဝ ပစ္စည်းသက်ရပါမည်နည်း? အကြောင်းပြ ဖြေဆိုပါ။

ဖြေ။ ဥပဂွါဒီဟိ-၌ အာဒိသဒ္ဒါသည် ပကာရအနက်ကို ဟောသောကြောင့် ဥပဂုကဲ့သို့ ဥကာရန္တသဒ္ဒါတို့နောင်သာ ဏဝပစ္စည်း သက်ရပါမည်။

မေး။ မာနုသော-ပုဒ်ကို ရနိုင်သမျှ ဝိဂ္ဂဟပြုပြခဲ့ပါ။

ဖြေ။ မနုနော အပစ္စံ မာနုသော။ (အပစ္စတဒ္ဓိတ်)
မနုတေ ဇာနာတိတိ မဲနုသော။ (ကတ္တုသာဓန ကိတ်)။

မေး။ မာနုသော- ကို ရုပ် ၂-နည်း တွက်ပြခဲ့ပါ။

ဖြေ။ မန-သဒ္ဒါတည်၊ ဝါ ဏ'ပစ္စေသုတိဖြင့် ဏပစ္စည်းသက်၊ ဏ်အနုဗန်ကို ချေ။ တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် သ်-လာ၊ သ် အ- သို့ကပ် (မာနုသ)၊ နာမ် ငဲ့စသည်၊ ''မာနုသော'' ပြီး၏။ (တဒ္ဓိတ်ရုပ်)

မနုဓာတ်တည်၊ ဓာတွန် ဥ ကို ချေ။ မနုပူရသုဏာဒီဟိ ဥဃနုသိသာ-သုတ်ဖြင့် နုသပစ္စည်းသက်၊ ဤသုတ်ဖြင့်ပင် ဓာတွန် န်-ကို အာပြု၊ မ်-ခွင်း, ချေ, ကပ် (မာနုသ)၊ နာမ်ငဲ့စသည်၊ ပြီး၏။ (ကိတ်ရုပ်)။

၃၄ဓ၊ ၃၇၂။ ဏေရ ဝိဓဝါဒတော။ (၂၂၁)

မေး။ အာဒိသဒ္ဒါ၏ အနက်ကို ဖော်ပြ၍၊ ထိုအာဒိသဒ္ဒါဖြင့် ယူရမည့် သဒ္ဒါများကိုလည်း ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါ ပကာရအနက် ရှိပါသည်။ ထိုသဒ္ဒါဖြင့် ဏေရပစ္စည်းသက်၍ ရုပ်ပြခြင်းတူသော ဗန္ဓကီ, သမဏ, နာဠိက စသော သဒ္ဒါတို့ကို ယူရပါမည်။

ဝေဓဝေရော ၂-မျိုး။ ။ ဝိဓဝါယ အပစ္စံ ဝေဓဝေရော (တဒ္ဓိတ်)။ ဝိဓဝံ ဤရတိ ဂစ္ဆတီတိ ဝေဓဝေရော = မုဆိုးမသို့ သွားလာတတ်သူ (ကိတန္တ ဒုတိယာတပ္ပုရိသ် သမာသ်)။

သာမဏေရော ၂-မျိုး။ ။ သမဏသ အပစ္စံ သာမဏေရော (အပစ္စတဒ္ဓိတ်)။ သမဏေဟိ ဤရေတဗ္ဗော ပဝတ္တေ တဗ္ဗောတိ သာမဏေရော = ဥပဇ္ဈာယ်ဆရာ ရဟန်းတို့သည် ဖြစ်စေအပ်သူ။ (ကိတန္တ တတိယာတပ္ပုရိသ်သမာသ်)။ (ဋီကာ၊ ၁၆၄)။

http://www.dhammadownload.com

၃၅၀၊ ၃၇၃။ ယေန ဝါ သံသဋ္ဌ တရတိ စရတိ ဝဟတိ ဏိကော။ (၂၂၂)

မေး။ ဤသုတ်ဖြင့် ဏိကပစ္စည်းသက်ရာဌာနနှင့် အနက်ကို ဖော်ပြပါ။

ဖြေ။ တတိယန္တဖြစ်သော တိလေန-စသော လိင်နောင် သံသဋ္ဌစသော အနက်တို့၌ ဏိကပစ္စည်း သက်ရပါသည်။

မေး။ တိလေန သံသဋ္ဌံ တေလိကံ-၌ သံသဋ္ဌသဒ္ဒါ၏ အဘိသခ်ိရ, သံသဂ္ဂ အနက် ၂-မျိုး တို့တွင် အဘယ်ကို အလိုရှိအပ်ပါသနည်း? ဖြေဆိုပါ။

ဖြေ။ တိလေန အဘိသခ်ံတန္တိ အတ္ထော-ဟု ရူပသိဒ္ဓိဆရာ ဖွင့်ဆိုသောကြောင့် အဘိသခ်ိရ အနက်ကို အလိုရှိအပ်ပါသည်။

အဘိသခ်ိရနှင့် သံသဂ္ဂ။ ။ ထမင်းကို နှမ်းဖြင့် ကောင်းမွန်အောင် ပြုပြင်စီရင်ခြင်းသည် ''အဘိသခ်ိရ''။ နှမ်းနှင့် ရောနှောရုံမျှသည် ''သံသဂ္ဂ''ဟု မှတ်ပါ။

မေး။ ဥဋ္ဌမ္ဘ-ပုဒ်နောင် ဏိကပစ္စည်းသက်လျှင် ရုပ် မည်သို့ ပြီးပါမည်နည်း။

ဖြေ။ ဥ-ကို ဩဝုဒ္ဓိပြု၍ ''ဩဋ္ဌမ္ဘိကော''ဟု လည်းကောင်း၊ ဝုဒ္ဓိမပြုဘဲ ''ဥဋ္ဌမ္ဘိကော''ဟု လည်းကောင်း ရုပ် ၂-မျိုး ပြီးနိုင်ပါသည်။

မေး။ ယေန ဝါ သံသဋ္ဌံ တရတိ စရတိ-၌ စရတိ-သဒ္ဒါ၏ အနက်များကို သက်ဆိုင်ရာ ပုံစံများနှင့်တကွ ဖော်ပြပါ။

ဖြေ။ ၁။ သွားလာလှုပ်လှည့်ခြင်းအနက်။

ပုံစံ- သကဋ္ဌေန စရတိတိ သာကဋ္ဌိကော။

၂။ ဖြစ်ခြင်းအနက်။

ပုံစံ- ဓမ္မေန စရတိ ပဝတ္တတိတိ ဓမ္မိကော။

မှတ်ချက်။ ။ ၂-နက်လုံးမှာ ဂတိအနက်ချည်း ဖြစ်သည်။ ''ဒါဓိကော (**ဒဓိနာ စရတိ ဘက္ခတိတိ ဒါဓိကော**)''စသော ပြယုဂ်တို့၌ ခံစားခြင်း ဘက္ခဏအနက်ကို လည်း ဟောတ်။

မေး။ သီသိကော-ပြယုဂ်ဝယ် ဏ်အနုဗန်ရှိသော ဗျည်းနောင်း၍ သီ-၌ ဤသည် အသံယောဂန္တလည်းဖြစ်ပါလျက် အဘယ့်ကြောင့် ဇဝုဒ္ဓိ မပြုရပါသနည်း? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ယင်းသို့ဖြစ်သော်လည်း ဝုဒ္ဓါဒိ သရဿ ဝါ-သုတ်၌ ဝဝတ္ထိတဝိဘာသာ အနက်ရှိသော ဝါသဒ္ဒါက တားမြစ်သောကြောင့် သီ-၌ ဤကို ဇ-ဝုဒ္ဓိ မပြုရခြင်း ဖြစ်ပါသည်။

မေး။ ဝါ ဏ'ပစ္စေ သုတ်မှ ဝါသဒ္ဒါလိုက်လာပါလျက် ထပ်ဆိုသော ဝါသဒ္ဒါပို၏ အကျိုးကို ရေးပြပါ။

ဖြေ။ သံသဋ္ဌ စသော အနက်တို့မှ တစ်ပါး ဂစ္ဆတိ-စသော အနက်တို့၌လည်း ဏိကပစ္စည်း သက်ရခြင်း အကျိုးရှိပါသည်။

- ပရဒါရံ ဂစ္ဆတိတိ ပရဒါရိကော။
- ပထံ ဂစ္ဆတိတိ ပထိကော။

http://www.dhammadownload.com

၃၅၁၊ ၃၇၄။ တမဓိတေ တေနကတာဒိသန္နိဓာနနိယောဂသိပ္ပဘဏ္ဍဇိဝိကတ္ထေသု စ။(၂၂၂)

မေး။ ဝေနယိကော-ပုဒ်ကို ဝိဂြိုဟ် ၂-မျိုးဆိုပြ၍၊ ထို ၂-မျိုးအားလျော်စွာ အဓိပ္ပါယ်လည်း ရေးပြပါ။

ဖြေ။ ၁။ ဝိနယ မဓိတေ ဝေနယိကော။
၂။ ဝိနယံ အဝေစ္စာဓိတေ ဝေနယိကော။
၁။ ဝိနည်းမတတ်သေးခင် သင်နေသူ, ရွတ်အံနေသူသည် ''ဝိနယမဓိတေ''ဟူသော ဝစနတ္ထအရ ''ဝေနယိက'' မည်ပါသည်။
၂။ ဝိနည်းတတ်သိပြီးနောက် ဉာဏ်ဖြင့် သက်ဝင်၍ ဆင်ခြင်ရွတ်အံနေသူသည် ''ဝိနယံ အဝေစ္စာဓိတေ''ဟူသော ဝစနတ္ထအရ ''ဝေနယိက'' မည်ပါသည်။

မေး။ တမဓိတေ-စသောသုတ်သည် ဘယ်နှပုဒ်ရှိသော သုတ်ဖြစ်ပါသနည်း။

ဖြေ။ တံ + အဓိတေ + တေနကတာဒိသန္နိဓာနနိယောဂသိပ္ပဘဏ္ဍဇိဝိကတ္ထေသု + စ-ဟူ၍ ၄-ပုဒ်ရှိသောသုတ် ဖြစ်ပါသည်။

မေး။ တမဓိတေ, တေနကဟာဒိ-တို့၌ပါသော တ-သဒ္ဒါနှစ်ခုတို့၏ အထူးကို ဖော်ပြပါ။

ဖြေ။ တမဓိတေ-၌ တသဒ္ဒါ က ဝိနယံ, သုတ္တန္တံ, အဘိဓမ္မံ- စသော ဒုတိယာဝိဘတ္တန္တလိင်ကို ညွှန်ပြပါသည်။
တေနကတာဒိ-၌ တ-သဒ္ဒါ က တတိယာဝိဘတ္တန္တလိင်ကို ညွှန်ပြပါသည်။

မေး။ တမဓိတေ-စသောသုတ်ဖြင့် ဏိကပစ္စည်းသက်ရာအနက်, လိင်တို့ကို ဖော်ပြပါ။

ဖြေ။ ဏိကပစ္စည်းသည် တေနကတ, သန္နိဓာန, နိယောဂ, သိပ္ပ, ဘဏ္ဍ, ဇိဝိကာ-ဟူသော အနက်တို့၌ ဒုတိယာစသော (ဒုတိယာ, တတိယာ, သတ္တမီ, ပဌမာစသော) ဝိဘတ္တန္တလိင်ပုဒ်တို့နောင် သက်ရပါသည်။

မေး။ (က) ဝေယျာကရဏိကော၊ (ခ) နေယျာယိကော၊ (ဂ) ဒေါဝါရိကော-ပုဒ်တို့ကို ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ (က) ''ဗျာကရဏ+အဓိတေ''ဟုတည်၊ ဗျာကရဏံ အဓိတေ-ဟု ဝါကျပြီးစေ၊ တမဓိတေ သုတ် ဖြင့် ဗျာကရဏံ-ဟူသော ဒုတိယန္တပုဒ်နောင် ဏိကပစ္စည်းသက်၊ တဒ္ဓိတ်အမည်မှည့်၊ တေသံ ဝိဘတ္တိယော လောပေါ စ သုတ်ဖြင့် အံဝိဘတ်ကို ချေ၊ ဝုတ္တတ္ထာနမပ္ပယောဂေါ-ပရိဘာသာဖြင့် အဓိတေ-ပုဒ်ကိုချေ၊ ဏ်အနုဗန်ကိုချေ၊ (ဗျာ-ကရဏ+ကွက), ဗျာကရဏ-ကို ''ဝိအာကရဏ''ဟု ပကတိပြု၊ ဝ ခွင်းကွက်ခြင်း၊ ဝုဒ္ဓါဒိသရဿ ဝါ သုတ်ဖြင့် ဏ်အနုဗန်ရှိသော ပစ္စည်းနောင်းသောကြောင့် ကွ-ကို ဝုဒ္ဓိပြုသင့်သေးသော်လည်း မာယူန မာဂမော ဌာနေ-သုတ်က တားမြစ်သောကြောင့် မပြု၊ ကွဝဏ္ဏော ယံ နဝါ-သုတ်ဖြင့် နောက် အာသရနောင်းသောကြောင့် ရှေ့ ကွ-ကို ယ-ပြု၊ မာယူန မာဂမော ဌာနေ-သုတ်ဖြင့် ယ-အပြု၏ ရှေ့၌ ဧ-ဝုဒ္ဓိလာ၊ ယ-ကို သဒိသဒွေးဘော် ယျ-ပြု၊ (ဝ ယျအာကရဏ+ိက)၊ ဝ, ဧ-သို့ကပ်၊ ယျ-ခွင်း, ချေ, ကပ် (ဝေယျကရဏ+ိက)၊ ဏ်-ခွင်း, ချေ, ကပ်၊ (ဝေယျကရဏိက)၊ နာမ်ငဲ့စသည်၊ ပြီး၏။

http://www.dhammadownload.com

မှတ်ချက်။ ။ကစ္စည်းဝုတ္တိ, နိဒ္ဒေသတို့အလို ကွ-ကို စ္ဆ-အမည်မှည့်၊ ယဝကာရာစ-သုတ်ဖြင့် စ္ဆ-မည်သော ကွ-ကို ယ-ပြု။

(ခ) နေယျာယိကော-ကို ''နေယျ+အဓိတေ'' ဟုတည်၊ နေယျ အဓိတေ-ဟု ဝါကျပြီးစေ၊ နည်းတူတွက်၊ နေယျ-ကို နိအာယ-ဟု ပကတိပြု၊ အကြွင်းနည်းတူ။

(ဂ) ဒွါရ+နိယုတ္တ-တည်၊ ဒွါရေ နိယုတ္တော-ဟု တဒ္ဓိတ်ဝါကျပြီးစေ၊ ဏိကပစ္စည်းသက်၊ တဒ္ဓိတ်မှည့်၊ သို့, သိဝိဘတ်တို့ကို ချေ၊ နိယုတ္တ-ပုဒ်ကိုလည်းချေ၊ ဏ်အနုဗန်ကို ချေ၊ 'ဒုအာရ'ဟု ပကတိပြု (ဒုအာရ-ိ က)၊ ဝုဒ္ဓိအပြုကို မြစ်၊ ဝမောဒုဒ္ဓန္ဟာနံ-သုတ်ဖြင့် ဥ-ကို ဝ- ပြု၊ မာယူန မာဂမော ဌာနေ-သုတ်ဖြင့် ဝ- အပြု၏ ရှေ့၌ သြဝုဒ္ဓိလာ၊ (ဒ်သြဝ အာရ ဏ္ဍက)၊ ဒ် သြ-သို့ကပ်၊ ဝ် ခွင်း, ချေ, ကပ်၊ ရ် ခွင်း, ချေ, ကပ် (ဒေါဝါရိက)၊ နာမ်ငဲ့စသည်၊ ပြီး၏။။

မေး။ ဝေနယိကော, သြဠုမ္ပိကော-ပြယုဂ်တို့၌ အဘယ့်ကြောင့် ဇ, သြဝုဒ္ဓိများ မလာရပါသနည်း။

ဖြေ။ မာယူနမာဂမော ဌာနေ-သုတ်ဖြင့် ဏ္ဍဝဏ္ဏော ယံ နဝါ, ဝမောဒုဒ္ဓန္ဟာနံ-သုတ်တို့ဖြင့် ယ, ဝ အပြုစီရင်ရာဌာနဒ္ဒသာ ဝုဒ္ဓိအပြုကို တားမြစ်၍ ဇ, သြဝုဒ္ဓိလာရပါသည်။ သို့ဖြစ်၍ ဝေနယိကော, သြဠုမ္ပိကော-တို့၌ သရမနောင်းသောကြောင့် ယ, ဝ အပြု မစီရင်နိုင်ရကား ဇ, သြဝုဒ္ဓိတို့ မလာရပါ။ (ဋီကာ၊ ၁၆၄-၅။)

မေး။ ဝါစသိကံ, မာနသိကံ-ပုဒ်တို့ကို လိုရင်းအချုပ်မျှ ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ ''ဝစ + ဏ္ဍက''၊ ''မန + ဏ္ဍက''ဟု ပကတိပြု၊ စ-၏ အ, မ-၏ အ-တို့ကို ဝုဒ္ဓိပြု၊ သ သရေ ဝါဂမော-သုတ်၌ လိုက်လာသော အာဒိသဒ္ဒါဖြင့် (ဆဋ္ဌမူ ရူပသိဒ္ဓိအလို-ဝဝတ္ထိတဝိဘာသာ ဝါသဒ္ဒါ)ဖြင့် ဏိကပစ္စည်း၏ ဏ္ဍသရကြောင့် သ-လာ၊ နောက် ဏ္ဍ သို့ ကပ်။ ပြီး၏။။

မေး။ မာနသိကံ-ပုဒ်ကို ရနိုင်သမျှ ဝိဂ္ဂဟပြုပြပါ။

ဖြေ။ မနသာ ကတံ ကမ္မံ မာနသိကံ။
မနသိ သန္ဓီမာနံ ဒုက္ခံ မာနသိကံ။

မေး။ ထေရိကာ, ပဉ္စသတိကာ, သတ္တသတိကာ-ပြယုဂ်တို့၌ အဘယ့်ကြောင့် ဏ္ဍိပ်စ္စည်း မသက်ရပါသနည်း။

ဖြေ။ ထိုပြယုဂ်တို့၌ ဏဝဏိက-စသောသုတ်ဖြင့် ဏ္ဍိပစ္စည်းသက်သင့်သော်လည်း ယင်းသုတ်သို့ လိုက်လာသော ဝါသဒ္ဒါက တားမြစ်သောကြောင့် ဏ္ဍိပစ္စည်း မသက်ရပါ။
(ဏ္ဍိပစ္စည်းမသက်ဘဲ ဏ္ဍတ္ထိယ မတော အာပစ္စယော-သုတ်ဖြင့် အာပစ္စည်းသက်၍ ရုပ်ပြီးပါသည်။)

မေး။ (က) နာဂရ (ခ) နာဂရက (ဂ) နာဂရိက-ပုဒ်တို့၏ ခြားနားဟန်ကို ဖော်ပြပါ။

ဖြေ။ (က) သည် ဏ ရာဂါ-စသော သုတ်ဖြင့် နဂရ-ပုဒ်နောင် ဇာတ, အာဂတ, ဝသတိ အနက်တို့၌ ဏ-ပစ္စည်းသက်၍ ရုပ်ပြီးသောပုဒ် ဖြစ်၏။
(ခ) သည် အထက်ပါအတိုင်း ပြီးပြီးနောက် သဗ္ဗတော ကော-သုတ်ဖြင့် က- အက္ခရာလာ၍ ရုပ်ပြီးသောပုဒ် ဖြစ်၏။

http://www.dhammadownload.com

(ဂ) သည် တမဓိတေ–သုတ်ဖြင့် နဂရ–ပုဒ်နောင် နိယုတ္တအနက်၌ ဏိကပစ္စည်းသက်၍ ရုပ်ပြီးသောပုဒ် ဖြစ်၏။

မေး။ ဝိဏာ အသ သိပ္ပံ ဝေဏိကော–၌ ဝိဏာ–အရကို ဖော်ပြပါ။

ဖြေ။ ဝိဏာ–အရ စောင်းကိုသာ မုချအားဖြင့် ရသော်လည်း ထိုစောင်း၌တည်သော တီးခြင်း ကြိယာကို ဌာနူပစာ နာနန္တရိကနည်းအားဖြင့် ကောက်ယူရပါသည်။ (ထို့ကြောင့် ''ဝိဏာ ဝါဒနံ ဝိဏာ''ဟု ဖွင့်ဆိုထားခြင်း ဖြစ်သည်။)

မေး။ ဩရဇ္ဈိကော–ပုဒ်ကို ဝိဂြိုဟ် ၂–နည်း ဆိုပြပါ။

ဖြေ။ ၁။ ဥရဇ္ဈံ ဟန္ဒာ ဇီဝတီတိ ဩရဇ္ဈိကော။
၂။ ဥရဇ္ဈံ အသ ဇီဝိကာတိ ဩရဇ္ဈိကော။

မေး။ မာဂဝိကော–ပုဒ်ကို ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ ''မဂ+ကက''ဟု ပကတိပြုပြီးသောအခါ မ–၌ အ–ကို အာဝုဒ္ဓိပြု၊ ယဝ့မဒန–စသော သုတ်ဖြင့်၊ တစ်နည်း – တေသု ဝုဒ္ဓိ ဆုတ်ကြီးဖြင့် ဝ်–လာ၊ ဝ် က္က–သို့ကပ် (မာဂဝိက)၊ နာမ်ခဲ့စသည်၊ ပြီး၏။

မေး။ တေန ကတာဒိ–၌ အာဒိသဒ္ဒါဖြင့် ယူရမည့် အနက်များကို ဖော်ပြပါ။

ဖြေ။ တေန ဟတ, တေန ဗဒ္ဓ (ဗန္ဓ), တေန ကီတ, တေန ဒိဗ္ဗတိ, အသ အာဝုဓ, အသ အာဗာဓ, တတ္ထ ပသန္န, တသ သန္တက, တသ ပရိမာဏ, တသ ရာသိ, တံ အရဟတိ, အသ သီလ, တတ္ထ ဇာတ, တတ္ထ ဝသတိ, တတြ ဝိဒိတ, တဒတ္ထာယ သံဝတ္တတိ, တတော အာဂတ, တတော သမ္ဘူတ, တသ ပယောဇန, သကတ္ထ, တတြ ဘတ္တိ–အစရှိသော အနက်တို့ကို ယူရပါမည်။

မေး။ ဗုဒ္ဓိက–ပုဒ်ကို ရနိုင်သမျှ ဝိဂြိုဟ်ဆိုပြခဲ့ပါ။

ဖြေ။ ဗုဒ္ဓေ ပသန္နော ဗုဒ္ဓိကော။ (ရူ၊ ၂၂၅။ ကစ္စည်း၊ ၁၈၉။)
ဗုဒ္ဓသ သန္တကော ဗုဒ္ဓိကော။ (ရူ)
ဗုဒ္ဓသ သန္တကံ ဗုဒ္ဓိကံ။ (ကစ္စည်း)
ဗုဒ္ဓေ ဘတ္တိ အသ္သာတိ ဗုဒ္ဓိကော။ (ရူ၊ ဋီ၊ ၁၆၆။)

မေး။ သံဃိက–ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထ ပြုပြခဲ့ပါ။

ဖြေ။ သံဃေ ပသန္နော သံဃိကော။ (သံဃာ၌ ကြည်ညိုသူ)
သံဃသ သန္တကော သံဃိကော။ (ဝိဟာရ)
သံဃသ သန္တကာ သံဃိကာ။ (ဘူမိ)
သံဃသ သန္တကံ သံဃိကံ။ (စီဝရံ)

မေး။ တရားဂုဏ်တော် ၆–ပါးလာ ဟေပသိကော–ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ ၄င်းပုဒ်နှင့် စပ်သော သိမှတ်ဖွယ်များကိုလည်း ရေးသားဖော်ပြပါ။

ဖြေ။ ''ဟေ ပဿာ''တိ ဣမံ ဝိဓိ အရဟတီတိ ဟေပသိကော။
ဟေပသိက–ပုဒ်သည် ရူပသိဒ္ဓိ၌(၁၆၅) အလို– 'ဟေပသ'ဟူသော အာချာတ်ပုဒ်

http://www.dhammadownload.com

နောင် တဒ္ဓိတ် ဏိကပစ္စည်းသက်၍ ရုပ်ပြီးသော်ပုန်ံ ဖြစ်၏။

မောဂ္ဂလ္လာန် ပဋိကာ (၄၊ ၂၈။) ၌ကား 'ဟေပသ'ပုဒ်သည် ပင်ကိုက အာချာတ်ပုဒ် ဖြစ်သော်လည်း ဤ ဟေပသိက-ပုဒ်လာ ဟေပသ-ကား အာချာတ်ပုဒ်ကို အတုပြု ထားသော အနုကရဏ နာမ်ပုဒ်ဖြစ်သည်ဟု ဆိုသည်။

ထို့ကြောင့် ၎င်းအလို အာချာတ်ပုဒ်နောင် ဏိကပစ္စည်းသက်၍ ရုပ်ပြီးသော ပုဒ်မဟုတ်၊ နာမ်ပုဒ်နောင် ဏိကပစ္စည်းသက်၍ ပြီးသောပုဒ်သာ ဖြစ်ပါသည်။

မေး။ ပံသုကူလိကော-ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ ၎င်းပုဒ်နှင့်စပ်သော သိမှတ်ဖွယ်ကိုလည်း ရေးပြပါ။

ဖြေ။ ပံသုကူလံ သီလ မဿာတိ ပံသုကူလိကော။ (တဿီလတဒ္ဓိတ်)။

ပံသုကူလံ-အရ ပုံသကူသက်နံးကိုသာ မုချအားဖြင့် ရသော်လည်း ဤ၌ ဌာနူပစာ, နာနန္တရိကနည်းအားဖြင့် ပုံသကူသက်နံးကို ဆောင်ခြင်း (ဝတ်ရုံသုံးစွဲခြင်း) ကြိယာကို ယူရပါမည်။ ထိုကြောင့် ''ပံသုကူလ ဓာရဏံ ပံသုကူလံ'' ဟု ရှုပသိဒ္ဓိ၌ ဖွင့်ဆိုထားပါသည်။ သစ္စဝိဘင်း မူလဋီကာအလိုကား- ''ပံသုကူလဓာရဏံ''ဟု ဆိုလိုလျက် ဓာရဏ-ဟူသော နောက်ပုဒ်ကို ချေထားခြင်း ဖြစ်ပါသည်။

မေး။ ဇာတသဒ္ဒါ၏ အနက် ၂-မျိုးကို ပြယုဂ်နှင့် ယှဉ်တွဲဖော်ပြပါ။

ဖြေ။ ၁။ ဖြစ်ခြင်း။ -အပါယေ ဇာကော အာပါယိကော။

၂။ မွေးဖွားခြင်း။ -ရာဇဂဟေ ဇာတော ရာဇဂဟိကော။

မေး။ (က) ရာဇဂဟော (ခ) ရာဇဂဟကော (ဂ) ရာဇဂဟိကော- ပုဒ်တို့၏ ခြားနားချက်ကို ဖော်ပြပါ။

ဖြေ။ (က) သည် ဏ ရာဂါ-စသော သုတ်ဖြင့် ရာဇဂဟ-ပုဒ်နောင် ဇာတ, အာဂတ, နိဝါသ, ကွသရ အနက်တို့၌ ဏ ပစ္စည်းသက်၍ ရုပ်ပြီးသောပုဒ် ဖြစ်၏။

(ခ) သည် အထက်ပါ နည်းအတိုင်း ရာဇဂဟ-ဟု ပြီးပြီးနောက် သဗ္ဗတော ကော သုတ်ဖြင့် က-အက္ခရာလာ၍ ရုပ်ပြီးသောပုဒ် ဖြစ်၏။

(ဂ) သည် တမဓီတေ-သုတ်ဖြင့် ရာဇဂဟ-ပုဒ်နောင် ဇာတ, ဝသတိအနက်တို့၌ ဏိက ပစ္စည်းသက်၍ ရုပ်ပြီးသော ပုဒ်ဖြစ်၏။

ဝစနတ္ထများ - ရာဇဂဟေ ဇာတော, ရာဇဂဟာ အာဂတော, ရာဇဂဟော အဿ နိဝါသော, ရာဇဂဟဿ ကွသရော ဝါ ရာဇဂဟော, ရာဇဂဟကော ဝါ။ (စာ-၂၂၈)။

ရာဇဂဟေ ဇာတော, ဝသတီတိ ဝါ ရာဇဂဟိကော (ဇနော)။ (စာ-၂၂၆။)

မေး။ လောကိက-ပုဒ်ကို ဝိဂြိုဟ် ၂-နည်းဆိုပြပါ။

ဖြေ။ ၁။ လောကေ ဝိဒိတော လောကိကော။ (ဝိဒိတတဒ္ဓိတ်)

၂။ လောကာယ သံဝတ္တတီတိ လောကိကော။ (သံဝတ္တတီတဒ္ဓိတ်)

မေး။ (က) မာတိကံ (ခ) မတ္တိကံ (ဂ) ပေတ္တိကံ ပုဒ်တို့ကို အသီးသီး ဝိဂြိုဟ်ဆို၍၊ ရုပ်ပြီးပုံကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ - မာတိတော အာဂတံ မာတိကံ။

- မာတိတော သမ္ဘူတံ မတ္တိကံ။

http://www.dhammadownload.com

– ပိတိတော အာဂတံ ပေတ္တိကံ။
ပိတိတော သမ္ဘူတံ ပေတ္တိကံ။

ရုပ်ပြီးပုံ– မတ္တိကံ–၌ မာတု–ပုဒ်နောင် ဏိကပစ္စည်းဖြင့် မာတိက–ဟု ဖြစ်ပြီးနောက် တ–ကို ဒွေးဘော်ပြု၊ အာ–ကို အ–ရသပြု။
ပေတ္တိကံ–၌ တ–ကို ဒွေးဘော်ပြု၊ က္က–ကို ဝေဒ္ဓိပြု၍ ရုပ်ပြီးပါသည်။

မေး။ အသခီရိကံ, စာတုမဟာရာဇိကာ–ပုဒ်တို့၌ ဏိကပစ္စည်း၏ အနက်များကို ဖော်ပြပါ။
ဖြေ။ အသခီရိကံ–၌ ဏိကပစ္စည်းသည် သကတ္တ၌ သက်၍၊ စာတုမဟာရာဇိကာ–၌ ဏိက ပစ္စည်းကား တတြ ဘတ္တိအနက်၌ သက်ပါသည်။
– အသခီရောယေဝ အသခီရိကံ။
– စတုမုရာဇေ ဘတ္တိ ဇေတသ္မိ့ စာတုမဟာရာဇိကာ။

၃၅၂၊ ၃၇၆။ ဏ ရာဂါတဿဒ မညတ္ထေသု စ။ (၂၂၆)

မေး။ အောက်ပါတို့၏ အမှား/ အမှန်ကို ဆုံးဖြတ်ပါ။
(က) ဏ ရာဂါ တဿေဒ မညတ္ထေသု စ။ (ကစ္စည်း)
(ခ) ဏ ရာဂါ တေန ရတ္တံ တဿေဒ မညတ္ထေသုစ။ (ရူ)
ဖြေ။ ကစ္စည်းပြယုဂ် သရုပ်ခွဲ၌ ရေးပြခဲ့ပြီ။

မေး။ ဏ ရာဂါ–စသော သုတ်၌ ရာဂ–အရကို ကောက်ပြခဲ့ပါ။
ဖြေ။ ''ရဇ္ဇတေ အနေနာတိ ရာဂေါ'' ဟူသော ဝစနတ္ထနှင့်အညီ ရာဂ–အရ ဆိုးရည်**အနက်**ကို ရသော်လည်း ထိုအနက်၌ ဏပစ္စည်းသက်၍ မဖြစ်နိုင်သောကြောင့် ဆိုးရည်အနက်ဟော ကာသာဝ, ကသာယ, ကုသုမ္ဘ စသော သဒ္ဒါတို့ကို ကာရဏူပစာအားဖြင့် ယူရပါမည်။
သာဓက – ရာဂတ္ထဝါစကာ လိင်္ဂမှာ။

မေး။ ဏ ရာဂါ–စသော သုတ်၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ရှင်းပြပါ။
ဖြေ။ ၁။ ဏ ရာဂါ တေန ရတ္တံ = ကာသာဝ စသော ရာဂတ္ထဝါစက လိင်နောင် တေန ရတ္တံ–အနက်၌ ဏ ပစ္စည်းသက်။
၂။ တဿေဒံ = မဟိသဿ စသော ဆဋ္ဌိယန္တလိင်နောင် က္ကဒံအနက်၌ ဏ ပစ္စည်း**သက်**။
၃။ အညတ္ထေသု စ = ဘဝ, ဇာတ, အာဂတ စသော တစ်ပါးသော အနက်တို့၌လည်း ဏ ပစ္စည်းသက်။

မေး။ မာဟိသံ နှင့် မာဟိသော–တို့၏ ခြားနားချက်ကို ဖော်ပြပါ။
ဖြေ။ မာဟိသံ–သည် ဏ ရာဂါ စသော သုတ်ဖြင့် မဟိသ–ပုဒ်နောင် က္ကဒံအနက်၌ ဏ ပစ္စည်းသက်၍ ရုပ်ပြီးသောပုဒ် ဖြစ်၏။
မာဟိသော–ကား သမူဟတ္ထေ ကဏ် ဏာ–သုတ်ဖြင့် သမူဟအနက်၌ ဏပစ္စည်း သက်၍ ရုပ်ပြီးသောပုဒ် ဖြစ်၏။

ဝစနတ္ထ – မဟိသဿ က္ကဒံ မာဟိသံ မံသံ, ဒဓိ သပ္ပိ စမ္မာဒိကံ ဝါ။ (ရူ၊ ၂၂၇)
မဟိသာနံ သမူဟော မာဟိသော။ (၄င်း၊ ၂၃၂။)

http://www.dhammadownload.com

မေး။ ဏ ရာဂါ တသေဒ မညတ္ထေသု စ-သုတ်၌ အညတ္ထ – အရ တစ်ပါးသော အနက်များကို ရေးသားဖော်ပြပါ။

ဖြေ။ ဘဝ, ဇာတ, အာဂတ, အဿ နိဝါသ, ကွဿရ, နိယုတ္တ, အဿ ဒေဝတာ, အဝေစ္စာဓိတေ, ဝိသယ, ဒေသေ အတ္ထိ, နိဗ္ဗတ္တ, အရဟတိ, ဝိကာရ, ပရိမာဏ စသော အနက်များဖြစ်ပါသည်။

ပြင်ဆင်ချက်။ ။ ရူပသိဒ္ဓိနိယံ၌ ''အဿဒေဝတာ၊ တစ်ဖြာမှတ်လေ၊ ဒေသေအတ္ထိ'' ကို ''အဿ ဒေဝတာ၊ အဝေစ္စာဓိတေ၊ ဒေသေ အတ္ထိ'' ဟု ပြင်ပါလေ။

သိမှတ်ဖွယ် ဥတု ၆-ပါး

(ဆောင်) – သိသိ, ဟေမန်, ဝသန်, ဂိမှ, ပါဝုသ, သရဒ ဥတုခြောက်။
(သိသိ = သိသိရ)။
– နှတ်တော်က စ, နှစ်လစီသာ, စဉ်ချပါ, ပေါင်းကာ တစ်နှစ်ရောက်။

မေး။ မာထုရ-ပုဒ်ကို ရနိုင်သမျှ ဝိဂ္ဂဟပြုပြခဲ့ပါ။
(၁) မထုရာယံ ဇာတော မာထုရော ဇနော။
မာထုရာ ဂဏ်ကာ၊ မာထုရံ ဝတ္ထံ။
(၂) မတုရာယ အာဂတော မာထုရော။
(၃) မထုရာ အဿ နိဝါသော မာထုရော။
(၄) မထုရာယ ကွဿရော မာထုရော။ (၂၂၈။)
(၅) မထုရာနံ သမူဟော မာထုရော။ (၂၃၂)

မေး။ မာထုရကော-ပုဒ်ကို ဝိဂြိုဟ် ၂-နည်းဆိုပြ၍၊ ရုပ်ပြီးပုံကိုလည်း ရေးပြခဲ့ပါ။

ဖြေ။ ၁။ မထုရာယံ ဇာတော မာထုရကော။
၂။ မထုရာနံ သမူဟော မာထုရကော။
၁။ မထုရ-တည်၊ ဏ ရာဂါ စသောသုတ်ဖြင့် ဏ ပစ္စည်းသက်၊ ဏ် အနုဗန်ချေ၊ အာဝုဒ္ဓိပြု၊ သဗ္ဗတော ကော-သုတ်၌ သဗ္ဗတော-သဒ္ဒါပိုဖြင့် က ပစ္စည်းသက်၊ နာမ်ငဲ့စသည်၊ ပြီး၏။
၂။ မထုရ-တည်၊ သမူဟတ္တေ ကဏ် ဏာ သုတ်ဖြင့် သမူဟအနက်၌ ကဏ် ပစ္စည်းသက်၊ ဏ် အနုဗန်ကိုချေ၊ ဝုဒ္ဓိပြု၊ နာမ်ငဲ့စသည်။ ပြီး၏။

မေး။ အင်္ဂ, မဂဓ, ကောသလ-စသော ဇနပုဒ်ဟော သဒ္ဒါတို့၏ ဝုစ်ကို ဖော်ပြပါ။

ဖြေ။ ယင်းပုဒ်တို့၌ ဗဟုဝုစ်ချည်းသာ ဖြစ်ပါသည်။ ဇနပုဒ = နယ်ပယ် = တိုင်း။

မေး။ မာဂဓော, မာဂဓကော, မာဂဓိကော-ပုဒ်တို့ကို မှန်ကန်စွာ ဝစနတ္ထပြု၍၊ ယင်းသို့ ပြုရခြင်းအကြောင်းကိုလည်း ဖော်ပြပါ။

ဖြေ။ မဂဓေသု ဇာတော မာဂဓော, မာဂဓကော ဝါ။
မဂဓေဟိ အာဂတော မာဂဓော, မာဂဓကော ဝါ။
မဂဓာ အဿ နိဝါသော မာဂဓော, မာဂဓကော ဝါ။
မဂဓာနံ ကွဿရော ဝါ မာဂဓော, မာဂဓကော ဝါ။

http://www.dhammadownload.com

မဂဓေသု ဇာတော မာဂဓိကော။
မဂဓေသု ဝသတီတိ မာဂဓိကော။

အဂ််, မဂဓ, ကောသလ-စသော ဇနပုဒ်ဟော သဒ္ဒါတို့သည် ဗဟုဝုစ်သဒ္ဒါများ ဖြစ်သောကြောင့် ယင်းသို့ ဗဟုဝုစ်ဖြင့် ဝစနတ္ထ ပြုရခြင်း ဖြစ်ပါသည်။

မေး။ ပုဒ္ခေါ-ပုဒ်ကို ရနိုင်သမျှ ဝိဂ္ဂဟပြုပြပါ။

ဖြေ။ (၁) ပုဒ္ခေါ အဿ ဒေဝတာ ပုဒ္ခေါ။ (၂၂၉)
(၂) ပုဒ္ခံ အဿ အတ္ထိတိ ပုဒ္ခေါ။ (၂၄၅)
(၃) ပုဒ္ခိ အဿ အတ္ထိတိ ပုဒ္ခေါ။ (၂၄၅)
(၄) ပုဒ္ခါနံ သမူဟော ပုဒ္ခေါ။ (၂၃၂-ပုဒ္ခေါ ပုဒ်ကို နည်းမှီ။)
(၅) အဝပုစ္ဆိတ္ထာတိ ပုဒ္ခေါ ဘဂဝါ မဟေသက္ခေဟိ ဒေဝမနုဿေဟိ။ (၃၈၉)
သဗ္ဗေ သခ််တာသခ််တေ ဓမ္မေ ပုဗ္ဗာဂိ အပုစ္ဆိ ပုစ္ဆိဿတီတိ ပုဒ္ခေါ။ (ကစ္စည်း)

မှတ်ချက်။ ။ ပုဒ္ခံ၊ အသိဉာဏ်သည်။ ပုဒ္ခိ၊ အသိဉာဏ်သည်-ဟု အနက်ပေး။

မေး။ ဏ ရာဂါ တဿေဒ မညတ္ထေသု စ-သုတ်၌ စ သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ ဇာတ, ဝသတိ, ဟိတ, အရဟတိ စသော အနက်တို့၌ ဏေယျပစ္စည်း သက်ခြင်းကို ဆည်းခြင်း အဝုတ္တသမုစ္စည်းအနက် ရှိပါသည်။
- ဗာရာဏသိယံ ဇာတော ဝသတီတိ ဝါ ဗာရာဏသေယျကော။ (က-လာ)
- ပထဿ ဟိတံ သာပတေယျံ။
သပတိဿ ဟိတံ သာပတေယျံ။
ဒက္ခိဏာ မရဟတီတိ ဒက္ခိဏေယျော။

၃၅၃၊ ၃၅၈။ ဇာတာဒိန မိမိယာ စ။ (၂၃၀)

မေး။ ဤသုတ်၌ အာဒိသဒ္ဒါဖြင့် ယူရမည့်အနက်များကို ဖော်ပြ၍၊ စသဒ္ဒါ၏ အနက်ကိုလည်း ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါဖြင့် နိယုတ္တ, အဿတ္ထိ, ဘဝ, ကြဒ် စသော အနက်တို့ကို ယူရပါမည်။
နိယုတ္တ, အဿတ္ထိ, ဘဝအနက်တို့၌ ကြမ, ကြယ ပစ္စည်းများသက်၍၊ ကြဒ် အနက်၌ ကြယ ပစ္စည်းသက်ရပါသည်။
စသဒ္ဒါဖြင့် ထိုအနက်တို့၌ ကြကပစ္စည်း၊ နိယုတ္တအနက်, ကြဒ်အနက်တို့၌ ကိယပစ္စည်း၊ သာဓု, ဟိတ, ဘဝ, ဇာတစသော အနက်တို့၌ ယပစ္စည်း, ဏျ ပစ္စည်းများ သက်ခြင်းကို ဆည်းခြင်း အဝုတ္တပစ္စည်းအနက် ရှိပါသည်။

မေး။ (က) နိယုတ္တ, အဿတ္ထိ, ဘဝ အနက်တို့၌ ကြမ, ကြယ, ကြက ပစ္စည်းများ သက်ထားသော ပုံစံများ၊ (ခ) ကြဒ် အနက်၌ ကြယ ပစ္စည်း သက်ထားသော ပုံစံများကို အသီးသီး ထုတ်ပြပါ။

ဖြေ။ (က) - အင်္ဂေ နိယုတ္တော အင်္ဂိမော၊ အင်္ဂိယော၊ အင်္ဂိကော။
- ပုတ္တော အဿ အတ္ထိ, တသ္မိ ဝါ ဝိဇ္ဇတီတိ ပုတ္တိမော၊ ပုတ္တိယော၊ ပုတ္တိကော။

http://www.dhammadownload.com

– ဗောဓိဿ ပကွေ ဘဝါ ဗောဓိပက္ခိယာ၊ ပဥ္စဝဂ္ဂေ ဘဝါ ပဥ္စဝဂ္ဂိယာ။

(ခ) – အတ္တနော ဣဒံ အတ္တနိယံ။

မေး။ အတ္တနိယံ–ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ အတ္တ–တည်၊ ဇာတာဒီန မိမိယာ စ–သုတ်၌ အာဒိသဒ္ဒါဖြင့် ဣဒံအနက်၌ ဣယ ပစ္စည်းသက်၊ တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် နှ–လာ၊ နှ ဣသို့ကပ် (အတ္တနိယ)၊ နာမ်ငဲ့စသည်၊ ပြီး၏။

မှတ်ချက်။ ။ သဣတ၌ ''အာတွန်''ဟု ရှိသောကြောင့် ပါဠိပြန်သောအခါ ပျောက်သွားသော နှ–အစား နှ–လာပေးရခြင်းဖြစ်သည်။ မောဂ္ဂလ္လာန်၌ကား 'နိယပစ္စည်း' ဟု ဆိုပါသည်။

မေး။ (က) နိယုတ္တ, ဣဒံအနက်တို့၌ ကိယပစ္စည်းများသက်ထားပုံ ပြယုဂ်များ၊

(ခ) သာဓု, ဟိတ, ဘဝ, ဇာတ, သံဝတ္တတိ အနက်တို့၌ ယ, ဏျ ပစ္စည်းများ သက်ထားပုံပြယုဂ်များကို အသီးသီးဖော်ပြပါ။

ဖြေ။ (က) – ဇာတိယာ နိယုတ္တော ဇာတိကိယော။ (နိယုတ္တအနက်၊ ကိယ)။

– သဿ အယန္တိ သကိယော။ (ဣဒံအနက်၊ ကိယ)

(ခ) – ကမ္မနိ သာဓု ကမ္မည်။ (သာဓုအနက်၊ ယ)

သဘာယံ သာဓု သဗ္ဘံ။ (သာဓုအနက်၊ ယ)

– မေဓာယ ဟိတံ မေဇ္ဇံ။ (ဟိတအနက်၊ ယ)

ပါဒါနံ ဟိတံ ပဇ္ဇံ။ (ဟိတအနက်၊ ယ)

– ဂါမေ ဘဝါ ဂမ္မော။ (ဘဝအနက်၊ ယ)

ဂဝေ ဘဝံ ဂဗျ။ (ဘဝအနက်၊ ယ)

ကဝိမှိ ဘဝံ ကဗျံ။ (ဘဝအနက်၊ ယ)

ဒိဝါ ဘဝါ ဒိဗျာ။ (ဘဝအနက်၊ ယ)

– ထနတော ဇာတံ ထည်။ (ဇာတအနက်၊ ယ)

– ဓနာယ သံဝတ္တတိတိ ဓည်။ (သံဝတ္တတိအနက်၊ ယ)

– ပရိသာယံ သာဓု ပါရိသဇ္ဇံ။ (သာဓုအနက်၊ ဏျ)

– သမဏာနံ ဟိတာ သာမညာ။ (ဟိတအနက်၊ ဏျ)

– အရူပေ ဘဝါ အာရုပ္ပါ။ (ဘဝအနက်၊ ဏျ)

အမှာ။ ။ သာဓု, ဟိတ, ဘဝ အနက်တို့၌ ယ ပစ္စည်း, ဏျ ပစ္စည်း ၂–မျိုး သက်ရာ ယင်း ၂–မျိုးကို ရှေ့၌ ဝုဒ္ဓိရောက်, မရောက်ကြည့်ရှု၍ ခွဲခြားကြပါလေ။

မေး။ (က) ကမ္မည် (ခ) သဗ္ဘံ (ဂ) ဂဗျံ (ဃ) ပါရိသဇ္ဇော–ပုဒ်တို့ကို ရုပ်ကျဉ်း တွက်ပြခဲ့ပါ။

ဖြေ။ (က) ကမ္မ–တည်၊ ယ ပစ္စည်းသက်၊ တေသု ဝုဒ္ဓိသုတ်ကြီးဖြင့် နှ–လာ (ကမ္မနျ)၊ ယဝတံ–စသောသုတ်ဖြင့် ဋ–ကို ဉ်–ပြု၊ ပရ ဒွေဘာဝေါ ဌာနေ သုတ်ဖြင့် ဉ် ကို ဒွေးဘော်ပြု၊ နာမ်ငဲ့စသည်၊ ပြီး၏။

(ခ) သဘာ–တည်၊ ယ ပစ္စည်းသက်၊ ဘ် ခွင်း, ချေ, ကပ် (သဘျ)၊ ယဝတံ–စသောသုတ်၌ ကာရသဒ္ဒါပိုဖြင့် ဘျ–ကို ဘ–ပြု၊ ဝဂ္ဂေ ဃောသာဃောသာနံ သုတ်ဖြင့်

http://www.dhammadownload.com

အသဒိသဒ္ဒေးဘော် ဿ ပြု၊ နာမ်ငဲ့စသည်၊ ပြီး၏။

(ဂ) ဂေါ-တည်၊ ယ ပစ္စည်းသက်၊ ဩ သရေ စ-သုတ်၌ စသဒ္ဒါဖြင့် ယ ပစ္စည်း ကြောင့် ဂေါသဒ္ဒါ၏ ဩကို အဝ-ပြု၊ ဂ် အ-သို့ကပ်၊ ဝ် ခွင်း, ချေ, ကပ် (၈၅)၊ ဝ ကို ဗ-ပြု၊ နာမ်ငဲ့စသည်၊ ပြီး၏။

(ဃ) ပရိသာ-တည်၊ ဏျ ပစ္စည်းသက်၊ ဏ် အနုဗန္ဓကိုချေ၊ ပ- ၌ အ-ကို အာဝုဒ္ဓိပြု၊ (ပါရိသာယ)၊ ယဝမဒန-စသောသုတ်ဖြင့် ဒ်-လာ၊ (ပါရိသာဒျ)၊ ယဝတံ-စသောသုတ်ဖြင့် ဒျ-ကို ဇ-ပြု၊ ဇ-ကို သဒိသဒ္ဒေးဘော်ပြု (ပါရိသာဇ္ဇ)၊ ကွစာဒိ မဇ္ဈတ္တရာနံ သုတ်ကြီးဖြင့် သာ-၌ အာ-ကို အ-ရဿပြု၊ နာမ်ငဲ့စသည်၊ ပြီး၏။

၃၅၄၊ ၃၇၉။ သမ္ဗုဟတ္တေ ကဏ်ဏာ။ (၂၃၂)

မေး။ သမ္ဗုဟအနက်၌ ကဏ်, ဏာ ပစ္စည်းများ သက်ရာဝယ် အဘယ်လိင်နောင် သက်ပါသည်။

ဖြေ။ ဆဋ္ဌိယန္တလိင်နောင် သက်ပါသည်။

မေး။ ဒွယ, တယ-ပုဒ်များကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ ဒွိ-တည်၊ တိ-တည်၊ သမ္ဗုဟတ္တေ ကဏ်ဏာ သုတ်ဖြင့် ဏာ-ပစ္စည်းသက်၊ "ဒွိ-အ" "တိ-အ" ဟု ဖြစ်သောအခါ တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် ဣ-ကို အယ-ပြု၊ နာမ်ငဲ့စသည်၊ ပြီး၏။

၃၅၅၊ ၃၈၀။ ဂါမဇနပဒန္တရသဟာဒီဟိ တာ။ (၂၃၃)

မေး။ သမ္ဗုဟအနက်၌ သက်သော ပစ္စည်းများကို ဖော်ပြပါ။

ဖြေ။ ကဏ်, ဏာ, တာ ပစ္စည်းများ ဖြစ်ပါသည်။

မေး။ သဟာယတာ-ပုဒ်ကို ဝိဂြိုဟ် ၂-နည်းဆိုပြခဲ့ပါ။

ဖြေ။ ၁။ သဟာယာနံ သမ္ဗုဟော သဟာယတာ။ (ရူ)
၂။ သဟာယဿ ဘာဝေါ သဟာယတာ။ (ရူဒီ၊ ၁၆၅။)

မေး။ နာဂရတာ-ပုဒ်ကို မှန်ကန်စွာ ဝိဂ္ဂဟပြု၍ အရကောက်ပြခဲ့ပါ။

ဖြေ။ နဂရေ ဇာတာ နာဂရာ၊ မြို့သူမြို့သားတို့ကို ရ၏။
နာဂရာနံ သမ္ဗုဟော နာဂရကာ၊ မြို့သူမြို့သားတို့၏ အပေါင်းကို ရ၏။

မေး။ ဂါမဇနပဒန္တရသဟာယာဒီဟိ တာ-သုတ်၌ "တာ" ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂ၏ အကျိုးကို ဖော်ပြပါ။

ဖြေ။ "ဒေဝါယေဝ ဒေဝတာ"စသော ပြယုဂ်များဝယ် သကတ်အနက်၌ တာ ပစ္စည်းသက်ရခြင်း အကျိုးရှိပါသည်။

မေး။ "သကတ္ထ"ဟူသည် အဘယ်နည်း ဖြေဆို၍၊ "သကတ္ထ"၌ ပစ္စည်းသက်ပုံကို ဥဒါ ဟရဏ် ထုတ်ကာရှင်းပြပါ။

ဖြေ။ "သဿ အယံ သကော၊ သကောယေဝ အတ္ထော သကတ္ထော" ဟူသော

http://www.dhammadownload.com

ဝစနတ္ထနှင့် ညီ ''မိမိဥစ္စာ''ဟူသော အနက်သည် ''သကတ္ထ'' ဖြစ်ပါသည်။

''ဒေဝတာ''ဟူသော ပြယုဂ်၌ တာပစ္စည်းကို မိမိဟူသော ဒေဝ-သဒ္ဒါ၏ ဥစ္စာဖြစ်သော 'နတ်'ဟူသော အနက်ဖြင့်ပ၌ပင် သက်ရသည်။ ထို့ကြောင့် တာ-ပစ္စည်းအတွက် အနက်သီးခြားမထွက်ဘဲ ''ဒေဝတာ၊ နတ်''ဟုပင် အနက်ထွက်ပါသည်။

မေး။ သကတ္ထ = သွတ္ထ = သတ္ထိက-ဟူသော စကားလုံး အသုံးအနှုန်းတို့၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ''သဿ အယံ သကော၊ သကောယေဝ အတ္ထော သကတ္ထော''ဟူသော ဝစနတ္ထနှင့်အညီ မိမိဟူသော ဒေဝ-စသောသဒ္ဒါ၏ ဥစ္စာဖြစ်သော ''နတ်''စသော အနက်သည် ''သကတ္ထ'' မည်၏။

''သောယေဝ အတ္ထော သွတ္ထော''ဟူသော ဝစနတ္ထနှင့်အညီ ထိုဒေဝသဒ္ဒါ၏ ''နတ်'' ဟူသော အနက်ဖြင့်သည် ''သွတ္ထ'' မည်၏။

''သဿ အတ္ထော သတ္ထော၊ သတ္ထေ ပဝတ္တံ သတ္ထိကံ'' ဟူသော ဝစနတ္ထနှင့်အညီ မိမိဟူသော ဒေဝသဒ္ဒါ၏ ''နတ်''ဟူသောအနက်၌ ဖြစ်သော တဒ္ဓိတ်ပစ္စည်းကို ''သတ္ထိက'' ဟု ဆိုရပါသည်။

မေး။ ဒေဝတာ-ကဲ့သို့ တာ ပစ္စယန္တပုဒ်တို့၏ လိင်ကို ဖော်ပြပါ။

ဖြေ။ နိစ္စ ဣတ္ထိလိင် ဖြစ်ပါသည်။

မေး။ တဒ္ဓိတ်ကျမ်းလာ ''တာ သုံးဖြာ''ကို သက်ဆိုင်ရာ ပြယုဂ်များနှင့်တကွ ဖော်ပြပါ။

ဖြေ။ ၁။ သမူဟတ္ထ တာ = ဂါမာနံ သမူဟော ဂါမတာ။
၂။ သကတ္ထ တာ = ဒေဝေါယေဝ ဒေဝတာ။
၃။ ဘာဝတ္ထ တာ = နိဒ္ဒါရာမဿ ဘာဝေါ နိဒ္ဒါရာမတာ။

၃၅၆၊ ၃စ၁။ တဒဿ ဌာန မိယော စ။ (၂၃၃)

မေး။ (က) တဒဿ ဌာန မိယော စ။
(ခ) တဒဿ ဌာန မီယော စ။
အထက်ပါ ပါဠို ၂-မျိုးတို့တွင် သင့်မြတ်သောပါဠိကို ယုတ္တိဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ ကစ္စည်းသုတ်စဉ် သရုပ်ခွဲ၌ ရေးပြထားပြီ။

မေး။ မဒနိယော၊ မဒနိယာ၊ မဒနိယံ-ပုဒ်တို့ကို ဝိဂ္ဂဟပြု၍၊ အဘိဓေယျတ္ထလည်း ဖော်ပြပါ။

ဖြေ။ မဒနဿ ဌာနံ မဒနိယော။ အာသဝေါ (အရဟ်)။
မဒနဿ ဌာနံ မဒနိယာ။ သုရာ (အရဟ်)။
မဒနဿ ဌာနံ မဒနိယံ။ မဇ္ဇံ (အရဟ်)။

မေး။ မဒနိယ နှင့် မဒနီယ-တို့၏ ခြားနားချက်ကို ဖော်ပြပါ။

ဖြေ။ မဒနိယ-သည် တဒဿ ဌာနမိယော စ-သုတ်ဖြင့် မဒန-ပုဒ်နောင် ဌာနအနက်၌ ဣယပစ္စည်းသက်၍ ရုပ်ပြီး၏။

မဒနီယ-ကား မဒဓာတ်နောင် ကရဏ, အဓိကရဏသာဓနတို့၌ အနီယ ပစ္စည်း

http://www.dhammadownload.com

သက်၍ ရုပ်ပြီးသောပုဒ် ဖြစ်၏။ ဤသို့ထူးပါသည်။

မေး။ ဤသုတ်ပါ စသဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ ဤသုတ်ပါ စသဒ္ဒါ ဟိတ-စသော အနက်ကို ဆည်းခြင်းသမုစ္စည်း အနက်ရှိပါသည်။ ထိုအနက်တို့၌လည်း ဣယ ပစ္စည်းသက်ပါ-ဟူလို။

- ဥပါဒါနာနံ ဟိတာ ဥပါဒါနိယာ။

၃၅၇၊ ၃၈၂။ ဥပမတ္ထာယိတတ္တံ။ (၂၃၃)

မေး။ အာယိတတ္တ ပစ္စည်းသက်ရာ လိင်ကို ဖော်ပြပါ။

ဖြေ။ ဥပမာအနက်ကို ဆိုလိုရာ၌ ဥပမာဝါစီလိင်နောင် သက်ရပါမည်။

မေး။ ဥပမတ္ထေ ဥပမာဝါစီလိင်္ဂတော-ဟု ဖွင့်ရာ၌ ဥပမတ္ထ-အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ''ဥပမီယတိ ပရိစ္ဆိဇ္ဇတိ အတ္ထန္တရံ ဧတေနာတိ ဥပမာနံ''ဟူသော ဝစနတ္ထနှင့်**အညီ** အတူရှိသော အနက်တစ်မျိုးကို နှိုင်းယှဉ်ကြောင်း ပိုင်းခြားကြောင်းဖြစ်သော **ထင်ရှားသော** အလားတူ အနက်သည် ''ဥပမာန'' မည်၏။

''ဥပမာနမေဝ ဥပမာ၊ ဥပမာ ဧဝ အတ္ထော ဥပမာတ္ထော''ဟူသော ဝစနတ္ထနှင့်**အညီ** ထိုဥပမာနအနက်သည်ပင် ''ဥပမတ္ထ''မည်ပါသည်။

မေး။ ဤအရာ၌ သိအပ်သိထိုက်သော ဥပမာစတုက္ကကို ထုတ်ပြပါ။

ဖြေ။ **"ဂေါ သဒိသော ဂဝယော = နွားနှင့်တူသော နွားနောက်"** ဟူရာ၌-

၁။ နွားသည် နှိုင်းယှဉ်ကြောင်းဖြစ်သော ထင်ရှားသော အရာဝတ္ထုဖြစ်သောကြောင့် ဥပမာန-မည်၏။

၂။ နွားနောက်သည် နှိုင်းယှဉ်အပ်သော မထင်ရှားသော အရာဝတ္ထုဖြစ်သောကြောင့် ဥပမေယျ-မည်၏။

၃။ ထို ဥပမာန, ဥပမေယျတို့၏ တူသည်၏ အဖြစ်ဟူသော သဒိသဘောဂုဏ်သည် ဥပမာ-မည်၏။

၄။ သဒိသ-သဒ္ဒါသည် နွားနှင့် နွားနောက်တို့၏ တူသည်၏အဖြစ်ကို ထွန်းပြတတ်သောကြောင့် ဥပမာဇောတက-မည်၏။

"ဂူမော ဝိယ ဒိဿတိ အဒုံ ဝနံ ဂူမာယိတတ္တံ"-၌

၁။ ဂူမော-သည် နှိုင်းယှဉ်ကြောင်းဖြစ်သော ထင်ရှားသော အရာဝတ္ထုဖြစ်သောကြောင့် ဥပမာ-မည်၏။

၂။ အဒုံ ဝနံ-သည် နှိုင်းယှဉ်အပ်သော မထင်ရှားသော အရာဝတ္ထုဖြစ်သောကြောင့် ဥပမေယျ-မည်၏။

၃။ ထို ဥပမာန, ဥပမေယျတို့၏ တူသည်၏ အဖြစ်ဟူသော သဒိသဘောဂုဏ်သည် ဥပမာ-မည်၏။

၄။ ဝိယ-သဒ္ဒါသည် ဂူမ နှင့် ဝန တို့၏ တူသည်၏ အဖြစ်ကို ထွန်းပြတတ်သောကြောင့် ဥပမာဇောတက-မည်၏။

http://www.dhammadownload.com

၃၅၈၊ ၃၈၃။ တန္ဒိသိတတ္ထေ လော။ (၂၃၃)

မေး။ တန္ဒိသိ တတ္ထေ လော–ဟူသော သုတ်ကို အနက်မှန်စွာ ပေးပြပါ။

ဖြေ။ တန္ဒိသိတတ္ထေ စ၊ ထိုအရာကို မှီ၏–ဟူသော အနက်၌လည်းကောင်း။ တံ၊ ထိုအရာသည်။ အသ၊ ထိုအရာဝတ္ထု၏။ ဌာနံ၊ တည်ရာအကြောင်းတည်း။ ဣတိ အတ္ထေ စ၊ ဤအနက်၌ လည်းကောင်း။ လော။ လပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

မေး။ ဒုဋ္ဌ နိသိတံ, ဒုဋ္ဌ ဌာနံ ဝါ ဒုဋ္ဌလ္လဲ–၌ ဒုဋ္ဌ–ပုဒ်ဝယ် ကျေနသောဝိဘတ်တို့ကို ဖော်ပြပါ။

ဖြေ။ ရေ့, ဒုဋ္ဌ–၌ ဒုတိယာ ကေဝုစ် အံ ဝိဘတ်ကျေ၍၊ နောက် ဒုဋ္ဌ–၌ ဆဋ္ဌီကေဝုစ် သ ဝိဘတ်ကျေပါသည်။

၃၅၉၊ ၃၈၄။ အာလု တဗ္ဗဟုလေ။ (၂၁၄)

မေး။ တဗ္ဗဟုလ–ပုဒ်ကို ဝိဂြိုဟ်ဆို၍ အရလည်း ကောက်ပြပါ။

ဖြေ။ တဒေဝ ဗဟုလံ တဗ္ဗဟုလံ။ ဋီကာ (၁၆၉)

တဗ္ဗဟုလ–အရ များသော အဘိဇ္ဈာ စသည်ကိုရသော်လည်း ဤသုတ်၌ ဌာနျုပစာအားဖြင့် အဘိဇ္ဈာ စသည်ရှိသော ပုဂ္ဂိုလ်ကို ရပါသည်။

စာကိုယ်အဖွင့်နှင့်အညီ – ''တံ ဗဟုလံ အဿာတိ တဗ္ဗဟုလော''ဟု ဝစနတ္ထပြု လျှင်ကား ပုဂ္ဂိုလ်ကို မုချအားဖြင့် ရပါသည်။

မေး။ အဘိဇ္ဈာလုကို ''အဘိဇ္ဈာ အဿ ပကတိ, အဘိဇ္ဈာ အဿ ဗဟုလာ'' ဟု ၂–နည်း ဖွင့်ဆိုရပုံကို ရှင်းပြပါ။

ဖြေ။ ပင်ကိုယ်သဘောအတိုင်း အဘိဇ္ဈာရှိနေသူသည် အဘိဇ္ဈာ အားကြီးသူ, အဘိဇ္ဈာများသူ ပင် ဖြစ်သောကြောင့် ယင်းသို့ ၂–နည်း ဖွင့်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ ''သံသဋ္ဌဒိ အနေကတ္ထတဒ္ဓိတ်'' ဟူသော စကားကို ရှင်းပြ၍ ယင်း တဒ္ဓိတ်၌ သက်သော ပစ္စည်းများကိုလည်း ဖော်ပြပါ။

ဖြေ။ သံသဋ္ဌ, တရတိ, စရတိ အစရှိသော များစွာသောအနက်တို့ကို ''သံသဋ္ဌဒိ အနေကတ္ထ'' ဟု ဆိုပါသည်။ ယင်းအနေကတ္ထ၌ သက်သောကြောင့် ဏိက, ဏ–စသော ပစ္စည်းများကို ''သံသဋ္ဌဒိ အနေကတ္ထတဒ္ဓိတ်''ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ အနေကတ္ထတဒ္ဓိတ်၌ သက်သော ပစ္စည်းများကို ရှု–အလိုက္ခ ရေတွက်ပြပါ။

ဖြေ။

ဏိက	(ယေန ဝါ သံသဋ္ဌံ၊ တ မဓိတေ)။
ဏ	(ဏရာဂါ တေန ရတ္တံ် တသ္သေဒ မညတ္ထေသု စ)။
ဏေယျ	(ယင်းသုတ် စ သဒ္ဒါ)။
ဏ္ဍမ, ဏ္ဍယ, ဏ္ဍက	(ဇာတာဒီန မိမိယာ စ)။
ကီယ, ယ, ဏျ	(ယင်းသုတ် စသဒ္ဒါ)။
ကဏ်, ဏ	(ရမဏီယာဒီတော ကဏ်)
တာ	(ဂါမဇနပဒ္ဓါသဟာယာဒီဟိ တာ)။
ဏ္ဍယ	(တဒဿ ဌာနမိယော စ)
အာယိတတ္တ	(ဥပမာယိတတ္တံ)။

http://www.dhammadownload.com

လ (တန္ဒိသိတတ္ထေ လော)။
အာလု (အာလု တဗ္ဗဟုလေ)။

၃၆၀၊ ၃၈၅။ ဏျတ္တတာ ဘာဝေ တု။ (၂၃၆)

မေး။ ဏျတ္တတာ ဘာဝေ တု–သုတ်၌ တုသဒ္ဒါဖြင့် သက်ရသော ပစ္စည်းများကို ဖော်ပြပါ။

ဖြေ။ တ္တန, ဏောဏျ စသော ပစ္စည်းများ ဖြစ်ပါသည်။

– ပုထုဇ္ဇနဿ ဘာဝေါ ပုထုဇ္ဇနတ္တန်။ (ပုထုဇ္ဇန + တ္တန)
ဝေဒနာယ ဘာဝေါ ဝေဒနတ္တန်။ (ဝေဒနာ + တ္တန)
– သုစိဿ ဘာဝေါ သောစေယျံ။ (သုစိ + ဏေယျ)
အဓိပတိဿ ဘာဝေါ အာဓိပတေယျံ။ (အဓိပတိ + ဏေယျ)

မေး။ ဏျတ္တတာ ဘာဝေ တု–သုတ်၌ ဘာဝ–ပုဒ်ကို ရှုဆရာအလိုကျ ဝိဂြိုဟ်ဆို၍၊ အဓိပ္ပါယ် ရေးပြီး၊ အရလည်းကောက်ပြပါ။

ဖြေ။ ဘဝန္တိ တေသ္မာ ဗုဒ္ဓိသဒ္ဒါ ဣတိ ဘာဝေါ၊ (အပါဒါန သာဓန)
အသိဉာဏ်, သဒ္ဒါတို့၏ ဖြစ်ရာဖြစ်သောကြောင့် ''ဘာဝ'' မည်ပါသည်။
သဒ္ဒပ္ပဝတ္တိနိမိတ်ကို ရပါသည်။

မေး။ ''သဒ္ဒပ္ပဝတ္တနိမိတ်''ဟူသည် အဘယ်နည်း? ရှင်းလင်းဖြေဆို၍၊ သက်ဆိုင်ရာ ပုံစံများကို လည်း ဖော်ပြပါ။

ဖြေ။ ''သဒ္ဒဿ အတ္ထေသု ပဝတ္တိ သဒ္ဒပ္ပဝတ္တိ၊ သဒ္ဒပ္ပဝတ္တိယာ နိမိတ္တံ သဒ္ဒပ္ပဝတ္တိနိမိတ္တံ'' ဟူသော ဝစနတ္ထနှင့်အညီ– သဒ္ဒါ၏ အနက်တို့၌ ဖြစ်ခြင်း၏ အကြောင်း (သဒ္ဒါ၏ အနက်တို့ကို ဟောခြင်း၏အကြောင်း) ဖြစ်သောဇာတ်, ဂုဏ်, ကြိယာ, ဒြပ်, နာမ်တို့သည် ''သဒ္ဒပ္ပဝတ္တနိမိတ်'' မည်ပါသည်။

၁။ မနုဿတ္တံ, မနုဿတာ – ဇာတိ။
၂။ နီလတ္တံ, နီလတာ – ဂုဏ်။
၃။ ယာစကတ္တံ, ယာစကတာ – ကြိယာ။
၄။ ဒဏ္ဍိတ္တံ, ဒဏ္ဍိတာ – ဒြပ်။
၅။ စိတ္တတ္တံ, စိတ္တတာ – နာမ်။

မှတ်ချက်။ ။ ရှုပသိဒ္ဓိ၌ 'နာမ်'အတွက် ပြယုဂ်ထုတ်ပြ မထားသောကြောင့် ၄င်းအလို သဒ္ဒပ္ပဝတ္တနိမိတ် ၄–မျိုးသာဟု ဆိုကြပါသည်။ ထိုနာမ် (နာမဘာဝ)ကို ဇာတိ, ဒဗ္ဗတို့၌ ထိုက်သလို သွင်းနိုင်သောကြောင့် ရှုပသိဒ္ဓိ၌ သီးခြား မပြ–ဟု မှတ်ပါ။

ဘေဒစိန္တာကျမ်း၌ကား အထက်ပါ ၅–မျိုးတွင် သမ္မန်, သုတိ, သဒိသဘောတို့ကို ထည့်၍ ၈–မျိုးဟု ဆိုပါသည်။

မေး။ ''အသိဉာဏ်, သဒ္ဒါတို့၏ ဖြစ်ရာဖြစ်သောကြောင့် ဘာဝ''ဟူရာ၌ ဇာတ် စသည်တို့၏ အသိဉာဏ်, သဒ္ဒါတို့၏ ဖြစ်ရာ ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ နွားတစ်ကောင်ကို တွေ့မြင်၍ ''ဤသတ္တဝါသည် ဘာကောင်လဲ''ဟု စူးစမ်း ဆင်ခြင်သောအခါ ခွါလေးဘက်, ဦးချို, အမြီး, လဘို့ ဟူသော နွားတို့၏ တစ်ကောင်သည်

http://www.dhammadownload.com

တစ်ကောင်နှင့် တူသော အခြင်းအရာဟူသော ဇာတ်ကိုမြင်၍ ''ဤသတ္တဝါဟာ နွားဘဲ'' ဟု သိသော အသိဉာဏ် ဖြစ်ပေါ်လာ၏။ ထိုနောက် ''ဂေါ=နွား''ဟူသော သဒ္ဒါလည်း ဖြစ်ပေါ်လာသည်။ ဤသို့လျှင် နွားဇာတ်သည် အသိဉာဏ်နှင့် သဒ္ဒါတို့ ဖြစ်ပေါ်ခဲ့ရာ အကြောင်း ဖြစ်ပါသည်။

''အလသ ဘာဂေါ အာလသျံ''ဟူသော ပြယုဂ်၌ လူတစ်ယောက်၏ ပျင်းသော အမူအရာကြိယာဂုဏ်ကို မြင်ရသောအခါ မြင်ရသူတို့မှာ ''ဤသူဟာ လူပျင်းဘဲ'' ဟု သိသော အသိဉာဏ်နှင့် ''အလသ=လူပျင်း''ဟူသော သဒ္ဒါတို့ ဖြစ်ပေါ်လာကြပါသည်။ ဤသို့လျှင် ပျင်းရိသော အမူအရာ ကြိယာဂုဏ်သည် အသိဉာဏ်နှင့် သဒ္ဒါတို့ ဖြစ်ပေါ်ခဲ့ရာ အကြောင်းဖြစ်ပါသည်။

မေး။ **''ယသ ဂုဏသ ဟိ ဘာဝါ ဒဗ္ဗေ သဒ္ဒနိဝေသော တဒဘိဓာနေ ဏျာဒယော''** ဟူသော (မဟာဘာသကျမ်းလာ) စကားရပ်၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ဇာတ်စသော ဂုဏ်ဝိသေသန၏ ထင်ရှားရှိခြင်းကြောင့် ဝိသေသျဖြစ်သော ဒြပ်ဝတ္ထု၌ ခတ္တိယ–စသော သဒ္ဒါ၏ သက်ဝင်တည်နေခြင်းဖြစ်၏။ ထိုအရင်းခံဖြစ်သော ဇာတ်စသော ဂုဏ်ဝိသေသနကို ဆိုလိုရာ၌ ဏျ, တ္တ, တာ စသော ပစ္စည်းများ သက်ရပါသည်။

မေး။ ဏျ, တ္တ, တာ, တ္တန ပစ္စည်းအဆုံးရှိသောပုဒ်တို့၏ လိင်ကို ဖော်ပြပါ။

ဖြေ။ ဏျ, တ္တ, တ္တန ၃–ပစ္စည်းအဆုံးရှိသောပုဒ်တို့သည် နိစ္စ နပုလ္လိင်ဖြစ်၍၊ တာပစ္စည်း အဆုံးရှိသောပုဒ်တို့ကား သဘာဝအားဖြင့် နိစ္စ ဣတ္ထိလိင် ဖြစ်ပါသည်။

မေး။ **''ဏျပစ္စယော'ယံ ဂုဏဝစနေ ဗြာဟ္မဏာဒီဟိ''** ဟူသော စကားရပ်၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ဂုဏ်ဝိသေသနကို ဆိုလိုရာ၌ ဗြာဟ္မဏ–အစရှိသော သဒ္ဒါတို့နောင် ဏျ ပစ္စည်း သက်၏– ဟု ဆိုလိုပါသည်။ **(ဆရာများ)**

အမှန်ဖြစ်သင့်သော အဓိပ္ပါယ်မှာ– 'အလသ' စသော ဂုဏ်ဟောသဒ္ဒါတို့မှ နောက်၌ လည်းကောင်း၊ 'ဗြာဟ္မဏ' အစရှိသောသဒ္ဒါတို့မှ နောက်၌လည်းကောင်း ဏျပစ္စည်း သက်–ဟူ၍ ဖြစ်ပါသည်။

"ဏျပစ္စယော'ယံ ဂုဏဝစနဗြာဟ္မဏာဒီဟိ"ဟု ပါဠိမှန်ရှိသင့်။ ။ ပါဏိနီ သဒ္ဒါကျမ်းကြီး (၅၊ ၁၊ ၁၂၄။)၌ ''ဂုဏဝစနဗြာဟ္မဏာဒီဟိ ကမ္မနိ စ''ဟု ရှိသောကြောင့်လည်းကောင်း၊ ကာသိကာဝုတ္တိ၌ ''ဂုဏဝစနေဟိ ဗြာဟ္မဏာဒီဟိ စ''ဟု ရှိသော ကြောင့်လည်းကောင်း ဇာလမနောရမာဋီကာ၌ ''ဂုဏောပသဇ္ဇနဒဗ္ဗဝါစီဟိ ဗြာဟ္မဏာဒီဟိ စ''ဟု ဖွင့်သော ကြောင့်လည်းကောင်း ထိုကျမ်းတို့နှင့်အညီ ''ဏျပစ္စယော'ယံ ဂုဏဝစန ဗြဟ္မဏာဒီဟိ''ဟု ပါဠိမှန်ရှိသင့်ပါသည်။

ယခုလက်ရှိ ဆဋ္ဌမူအတိုင်းဆိုလျှင် ဗြာဟ္မဏ–စသောသဒ္ဒါတို့ ဂုဏ်ဟောသဒ္ဒါတို့ကဲ့သို့ ဖြစ်နေပါသည်။ ဗြာဟ္မဏ–စသောသဒ္ဒါတို့သည် ဂုဏ်ဟောသဒ္ဒါများ မဟုတ်ကြ။ ''**ဂုဏဝစနေ** အာလသျံ၊ အရောဂဿ ဘာဝေါ အာရောဂျံ၊ သြဒဂျမိတိ''ဟု ဖွင့်သော ရူပသိဒ္ဓိဋီကာ (၁၇၀)အရ အာလသျံ–စသည်တို့သာ ဂုဏ်ဟောသဒ္ဒါများ ဖြစ်ကြပါသည်။

http://www.dhammadownload.com

မေး။ (က) အာလသျံ (ခ) သြဒဂျံ–တို့ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ (က) အလသသဒ္ဒါ, ဘာဝသဒ္ဒါတည်၊ အလသဿ ဘာဝေါ–ဟု ဝါကျပြီးစေ၊ ဤသုတ်ဖြင့် ဏျပစ္စည်းသက်၊ 'အလသ+ ဏျ'ဟုဖြစ်သောအခါ ဏ် အနုဗန်ကိုချေ၊ (အာလသ+ယ)၊ အဝဏ္ဏော ယေ လောပဉ္စ–သုတ်ဖြင့် နောက် ယ ပစ္စည်းကြောင့် သ–၏ အ–ကိုချေ၊ အစဖြစ်သော အ–ကို အာဝုဒ္ဓိပြု၊ သ် ယ–သို့ကပ်၊ နာမ်ငဲ့စသည်၊ ပြီး၏။

(ခ) ဥဒဂ္ဂ+ဏျ၊ နောက်ပစ္စည်းကြောင့် ဂ္ဂ–၏ အ ကိုချေ၊ ဥ ကို သြဝုဒ္ဓိပြု (သြဒဂ္ဂ+ယ)၊ ဂ္ဂ ယ–သို့ကပ်၊ ဂ်ဗျည်းတစ်လုံးကို ချေ (သြဒဂျ)၊ နာမ်ငဲ့ စသည်၊ ပြီး၏။

မေး။ (က) အာဏာဏျံ (ခ) ဝေယျတ္တိယံ–တို့ကို ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ (က) န+ဏ္ဏာ+ဏျ။ ''န+ဏ္ဏာ+ယ''ဟု ဖြစ်သောအခါ သရေ အန်–သုတ်ဖြင့် န–ကို အန်–ပြု၊ န် ဏ္ဏသို့ကပ် (အနိဏာ+ယ)၊ တေသု ဝုဒ္ဓိသုတ်ကြီးဖြင့် န–ကို ဏ, ဏ္ဏ ကို အ–ပြု (အဏာဏယ)၊ အဝဏ္ဏော ယေ လောပဉ္စ–သုတ်ဖြင့် ဏာ–၌ အ–ကိုချေ၊ ရှေ့ အ–ကို အာဝုဒ္ဓိပြု၊ ဏ် ယ–သို့ကပ် (အာဏာဏျ)၊ နာမ်ငဲ့စသည်၊ ပြီး၏။

(ခ) ဝိယတ္တ+ဘာဝ–တည်၊ ''ဝိယတ္တဿ ဘာဝေါ''ဟု ဝါကျဖြစ်စေ၊ ဏျပစ္စည်းသက် စသည်စီရင်ပြီးနောက် ''ဝိယတ္တ''ဟု ပကတိပြု (ဝိယတ္တ–ယ)၊ ဝိ–၌ ဏ္ဍ–ကို ဇ ဝုဒ္ဓိပြု (ဝေယတ္တ–ယ)၊ ယ–ကို သဒိသဒ္ဒေးဘော် ယျ–ပြု (ဝေယျတ္တ–ယ)၊ တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် နောက် ယပစ္စည်းနောင်းသောကြောင့် ရှေ့၌ ဏ္ဍ–အက္ခရာလာ၊ တ္တ် ခွင်း, ချေ, ကပ်၊ (ဝေယျတ္တိယ)၊ နာမ်ငဲ့စသည်၊ ပြီး၏။

မှတ်ချက်။ ။ ရှေ့ ဂဏ္ဌိ၌ ''ဝိအတ္တ''ဟု ပကတိပြု၍ ဏ္ဍဝဏ္ဏော ယံ နဝါ– သုတ်ဖြင့် ဏ္ဍ–ကို ယ–ပြု၊ မာယူန မာဂမောဌာနေ–သုတ်ဖြင့် ထို ယ–အပြု၏ ရှေ့၌ ဇ–လာစသည်ဖြင့် တွက်ပြသည်။

မေး။ အာလသျ နှင့် အာလသိယံ–တို့၏ တူပုံ, ထူးပုံတို့ကို ရေးပြပါ။

ဖြေ။ နှစ်ပုဒ်လုံးသည် ''အလသဿ ဘာဝေါ''ဟု ဝိဂြိုဟ်ပြုသော ဘာဝတद္ဓိတ်ပုဒ် ချည်း ဖြစ်ပါသည်။

''အာလသ်–ယ''ဟုဖြစ်သောအခါ သ်–ကို နောက် ယ–သို့ကပ်လျှင် ''အာလသျံ'' ရုပ်ပြီး၍၊ တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် နောက် ယ–ကြောင့် ရှေ့၌ ကုလာလျှင် ''အာလသိယံ''ဟု ရုပ်ပြီးပါသည်။

မေး။ (က) ပဏ္ဍိစ္စံ (ခ) ဗာဟုဿစ္စံ (ဂ) အာဓိပစ္စံ တို့ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ (က) ပဏ္ဍိတ+ဏျ၊ ''ပဏ္ဍိတ–ယ'' ဟု ဖြစ်သောအခါ တ် ခွင်း, ချေ, ကပ် (ပဏ္ဍိတ္တျ)၊ ယဝတံ စသောသုတ်ဖြင့် တျ–ကို စ ပြု၊ ပရ ဒွေဘာဝေါ ဌာနေသုတ်ဖြင့် စ–ကို သဒိသဒ္ဒေးဘော် စ္စ–ပြု (ပဏ္ဍိစ္စ)၊ နာမ်ငဲ့ စသည်၊ ပြီး၏။

(ခ) ဗဟုဿုတ+ဏျ၊ ''ဗဟုဿုတ–ယ''ဟု ဖြစ်သောအခါ ဗ–၌ အ–ကို အာဝုဒ္ဓိပြု၊ တ် ခွင်း, ချေ, ကပ် (ဗာဟုဿုတ္တျ)၊ တျ–ကို စ ပြု၊ စ–ကို သဒိသဒ္ဒေးဘော် စ္စ–ပြု (ဗာဟုဿုစ္စ)၊ တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် သု–၌ ဥကို အ–ပြု (ဗာဟုဿစ္စ)၊ နာမ်ငဲ့စသည်၊ ပြီး၏။

(ဂ) အဓိပတိ+ဏျ၊ ''အဓိပတိ–ယ'' ဟုဖြစ်သောအခါ ရှေ့ အ–ကို အာဝုဒ္ဓိပြု၊

http://www.dhammadownload.com

အဝဏ္ဏော ယေ လောပဠုသုတ်၌ စသဒ္ဒါဖြင့် နောက်ယပစ္စည်းကြောင့် ရှေ့ ဣသရကို ချေ၊ တ် ယ–သို့ကပ် (အာဓိပတ္ယ)၊ တျ–ကို စ–ပြု၊ ၄င်းကို သဒိသဒ္ဒေးဘော် စွပြု (အာဓိပစ္စ)၊ နာမ်ငဲ့စသည်၊ ပြီး၏။

အမှာ။ ။ မုဒ္ဒသစ္စံ – မုဒ္ဒသတိ+ဏျ၊ နည်းတူတွက်။

မေး။ သာမညံ–ပုဒ်ကို ဝိဂြိုဟ် ၂–နည်းဆို၍၊ ဝိဂြိုဟ်အားလျော်စွာ ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ (က) သမာနာနံ ဘာဝေါ သာမညံ။

(ခ) သမဏသ ဘာဝေါ သာမညံ။

(က) သမာန+ဏျ၊ ''သမာန–ယ'' ဟုဖြစ်သောအခါ သ–၌ အ–ကို အာဝုဒ္ဓိပြု၊ နှ ခွင်း, ချေ, ကပ် (သမာန္ဟ)၊ ယဝတံ စသောသုတ်ဖြင့် ဟ္ဟ–ကို ဉ–ပြု၊ ၄င်းကို သဒိသဒ္ဒေးဘော် ည–ပြု (သာမည) ကွစာဒိ မဏ္ဍူတ္တရာနံ သုတ်ကြိုးဖြင့် နောက် ည–သံယုဂ်ကြောင့် မာ–၌ အာ–ကို အ–ရဿပြု၊ နာမ်ငဲ့စသည်၊ ပြီး၏။

(ခ) သမဏ+ဏျ၊ ''သမဏ–ယ''ဟု ဖြစ်သောအခါ သ–၌ အ–ကို အာဝုဒ္ဓိပြု၊ ဏ်ခွင်း, ချေ, ကပ် (သာမဏျ)၊ ယဝတံ စသောသုတ်၌ ကာရသဒ္ဒါဝိုဖြင့် ဏျ–ကို ဉ–ပြု၊ ၄င်းကို သဒိသဒ္ဒေးဘော် ညပြု (သာမည)၊ နာမ်ငဲ့စသည်၊ ပြီး၏။

မေး။ သာမညံ–ပုဒ်ကို ရနိုင်သမျှ အနက်ပေးပြ၍၊ အနက်အားလျော်စွာ အရေလည်းကောက်ပြပါ။

ဖြေ။ – သာမညံ၊ တူသောအရာဝတ္ထုတို့၏ ဖြစ်ကြောင်းဖြစ်ရာ။ အရာဝတ္ထု နှစ်ခုစသည်တို့၏ တစ်ခုနှင့် တစ်ခုတူမှုခြင်း ကြိယာကို ရ၏။

– သာမညံ။ ငြိမ်းစေအပ်ပြီးသော မကောင်းမှုရှိသူ၏။ ဘာဝေါ၊ ဖြစ်ကြောင်း ဖြစ်ရာတည်း။ အရိယာမဂ်ကို ရ၏။

– သာမညံ၊ သမဏအမည်ရသူ၏။ ဘာဝေါ၊ တည်း။ ရဟန်းပြုခြင်းကြိယာ၊ တစ်နည်း – ရဟန်းဇာတ်ကို ရပါသည်။

မေး။ ကောသဇ္ဇံ–ပုဒ်ကို ဝိဂြိုဟ်ဆို၍ ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ ကုသီဒသ ဘာဝေါ ကောသဇ္ဇံ။

ကုသီဒ+ဏျ၊ ''ကုသီဒ–ယ'' ဟု ဖြစ်သောအခါ ဥ–ကို ဩဝုဒ္ဓိပြု၊ ဒ် ခွင်း, ချေ, ကပ် (ကောသီဒျ)၊ ယဝတံ စသော သုတ်ဖြင့် ဒျ–ကို ဇ–ပြု၊ ၄င်းကို သဒိသဒ္ဒေးဘော် ဇ္ဇ–ပြု (ကောသီဇ္ဇ)၊ တေသု ဝုဒ္ဓိ သုတ်ကြိုးဖြင့် သီ–၌ ဤ–ကို အ–ပြု (ကောသဇ္ဇ)၊ နာမ်ငဲ့စသည်၊ ပြီး၏။

မေး။ ပေါရိသံ–ပုဒ်ကို ရနိုင်သမျှ ဝိဂ္ဂဟပြုပြု၍၊ တဒ္ဓိတ်အမည်ပေးပြီး၊ ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ ၁။ ပုရိသော ပရိမာဏံ အဿာတိ ပေါရိသံ။ ပရိမာဏတဒ္ဓိတ်။

၂။ ပုရိသဿ ဘာဝေါ ပေါရိသံ၊ ဘာဝတဒ္ဓိတ်။

၁။ ''ပုရိသ+ပရိမာဏ+တ္'' တည်း။ ''ပုရိသော ပရိမာဏံ အဿ''ဟု တဒ္ဓိတ်ဝါကျ ဖြစ်စေ၊ ''ပုရိသ''ဟု ပကတိပြု၊ (ပုရိသ–အ) ပု–၌ ဥ–ကို ဩဝုဒ္ဓိပြု၊ သ် ခွင်း, ချေ, ကပ် (ပေါရိသ)၊ နာမ်ငဲ့စသည်၊ ပြီး၏။

၂။ ပုရိသ+ဏျ၊ ''ပုရိသ–ယ''ဟု ဖြစ်သောအခါ၊ ပု–၌ ဥ–ကို ဩဝုဒ္ဓိပြု၊ သ် ခွင်း, ချေ, ကပ် (ပေါရိသျ)၊ ယဝတံ–စသောသုတ်၌ ကာရသဒ္ဒါဝိုဖြင့် သျ–ကို သ–ပြု၊

http://www.dhammadownload.com

(ပေါရိသ)၊ နာမ်ဉ်စသည်၊ ပြီး၏။ (သ–ကို ဒွေးဘော်ပြုလျှင် ''ပေါရိသဿ''ဟု ရှုပ်ပြီးလိမ့်မည်)။

မေး။ သောမနဿံ–ပုဒ်ကို ဝိဂြိုဟ်ဆို၍ ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ သုမနဿ ဘာဝေါ သောမနဿံ။

သုမန+ဏျ၊ ''သုမန–ယ''ဟုဖြစ်သောအခါ သု–၌ ဥ–ကို ဩဝုဒ္ဓိပြု၊ တသု ဝုဒ္ဓိ သုတ်ကြီးဖြင့်နောက် ယ ပစ္စည်းကြောင့် သ် လာ၊ နောက် ယ်–သို့ကပ် (သောမနသျ)၊ ယဝတံ–စသော သုတ်၌ ကာရသဒ္ဒါပိုဖြင့် သျ–ကို သ–ပြု၊ ၄င်းကို သဒိသဒွေးဘော် သ–ပြု (သောမနဿ)။ နာမ်ဉ်စသည်၊ ပြီး၏။

အမှာ။ ။ ဒေါမနဿံ။ သောဝစသံ၊ ဒေါဝစသံ–တို့၌လည်း နည်းတူ။

မေး။ နေပက္ကံ၊ ရဇ္ဇံ–ပုဒ်တို့ကို ဝိဂြိုဟ်ဆို၍၊ ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ နိပကဿ ဘာဝေါ နေပက္ကံ။

နိပက+ဏျ၊ ''နိပက–ယ''ဟု ဖြစ်သောအခါ နိ– ၌ ဣ–ကို ဧ–ဝုဒ္ဓိပြု၊ က် ခွင်း, ချေ, ကပ် (နိပကျ)၊ ယဝတံ–သုတ်၌ ကာရသဒ္ဒါပိုဖြင့် ကျ–ကို က–ပြု၊ ၄င်းကို သဒိသဒွေးဘော်ပြု (နေပက္က)၊ နာမ်ဉ်စသည်၊ ပြီး၏။

ရာဇိနော ဘာဝေါ ရဇ္ဇံ။

ရာဇ+ဏျ၊ ''ရာဇ–ယ'' ဟု ဖြစ်သောအခါ ဇ ခွင်း, ချေ, ကပ် (ရာဇျ)၊ ယဝတံ–သုတ်၌ ကာရသဒ္ဒါပိုဖြင့် ဇျ–ကို ဇ–ပြု၊ ဇ–ကို သဒိသဒွေးဘော် ဇ္ဇ–ပြု (ရာဇ္ဇ)၊ ကွစာဒိမဏ္ဍူတ္တရာနံ–သုတ်ကြီးဖြင့် နောက် ဇ္ဇ–သံယုဂ်ကြောင့် ရာ–၌ အာ–ကို အ–ရဿပြု (ရဇ္ဇ)၊ နာမ်ဉ်စသည်၊ ပြီး၏။

မေး။ သာရုပ္ပံ, ဩပမ္မံ, သောခုမ္မံ – ပုဒ်တို့ကို အသီးသီးဝိဂြိုဟ်ဆို၍၊ အရုလည်း ကောက်ပြပါ။

ဖြေ။ သာရုပဿ ဘာဝေါ သာရုပ္ပံ။ တူသော သဘောရှိသော အရာဝတ္ထု၏ ဖြစ်ကြောင်း ဖြစ်ရာ တစ်ခုနှင့်တစ်ခု သင့်လျော်လျောက်ပတ်သော အရာကို ရ၏။

ဥပမာယ ဘာဝေါ ဩပမ္မံ။ ဥပမာနဝတ္ထု၏ ဖြစ်ကြောင်းဖြစ်ရာ ဥပမေယျဝတ္ထုနှင့် အလှဂုဏ်စသည်အားဖြင့် တူခြင်းသဘောကို ရပါသည်။ (ဥပမာ–အရ ဥပမာန ဝတ္ထုကို မယူဘဲ တူမျှခြင်းသဘောကို ယူလျှင်ကား ''ဥပမာယေဝ ဩပမ္မံ''ဟု သွတ္ထတန္ဒိတ် ဝစနတ္ထ ပြုရပါမည်။)

သုခုမဿ ဘာဝေါ သောခုမ္မံ။ သိမ်မွေ့သူ၏ ဖြစ်ကြောင်းဖြစ်ရာ သိမ်မွေ့ခြင်း ကြိယာကို ရပါသည်။

မေး။ တစ္ဆံ, ဒုမ္မေဇ္ဈံ–ပုဒ်တို့ကို ဝိဂြိုဟ်ဆို၍ ရုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ တထဿ ဘာဝေါ တစ္ဆံ။

တထ+ဏျ၊ ''တထ–ယ''ဟုဖြစ်သောအခါ ထ ခွင်း, ချေ, ကပ် (တထျ)၊ ယဝတံ သုတ်၌ ကာရသဒ္ဒါပိုဖြင့် ထျ–ကို ဆ–ပြု၊ ၄င်းကို အသဒိသဒွေးဘော်ပြု (တစ္ဆ)၊ နာမ်ဉ်စသည်၊ ပြီး၏။

ဒုမ္မေဿ ဘာဝေါ ဒုမ္မေဇ္ဈံ။

ဒုမ္မေဓ+ဏျ၊ တစ္ဆ နည်းတူတွက်။ ယဝတံ သုတ်၌ ကာရသဒ္ဒါပိုဖြင့် ဓျ–ကို ဈျ–ပြုရခြင်းသာ ထူးပါသည်။

http://www.dhammadownload.com

မေး။ သာမည် နှင့် သာမညာ-တို့၏ ခြားနားချက်ကို ဖော်ပြပါ။

ဖြေ။ သာမည်-သည် သမာနာနံ ဘာဝေါ သာမည်၊ သမဏသ ဘာဝေါ သာမည်-ဟု ဝစနတ္ထပြုရသော ဘာဝတဒ္ဓိတ်ပုဒ်ဖြစ်၏။

သာမညာ-ကား သမဏာနံ ဟိတာ သာမညာ-ဟု ဝစနတ္ထပြုရသော ဟိတတဒ္ဓိတ်ပုဒ် ဖြစ်၏။

သာမည်-သည် သမာန-ပုဒ်, တစ်နည်း-သမဏပုဒ်နောင် ဘာဝအနက်၌ ဏျတ္တတာ ဘာဝေ တု သုတ်ဖြင့် ဏျပစ္စည်းသက်၍ ရုပ်ပြီးနေသော ပုဒ်ဖြစ်၏။

သာမညာ-ကား သမဏ-ပုဒ်နောင် ဟိတအနက်ဝယ် ဇာတာဒိနမိမိယာ စ-သုတ်၌ စသဒ္ဒါဖြင့် ဏျပစ္စည်းသက်၍ ရုပ်ပြီးနေသောပုဒ် ဖြစ်၏။ ဤသို့ထူးပါသည်။

မေး။ သစ္စဝါဒိတော့၊ ကတညုတာ-ပုဒ်တို့ကို ဝိဂြိုဟ်ဆို၍၊ ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ သစ္စဝါဒိနော ဘာဝေါ သစ္စဝါဒိတာ။

ကတညုနော ဘာဝေါ ကတညုတာ။

သစ္စဝါဒီ+တာ၊ ကတညု+တာ။ ကွစာဒိမဏ္ဍူတ္တရာနံ သုတ်ကြီးဖြင့် ဤ, ဥ တို့ကို ရဿပြု၊ နာမ်ငဲ့, သိသက်, ချေ၊ ပြီး၏။

အမှာ။ ။ ပါရမိဿ ဘာဝေါ ပါရမိတာ။ သဗ္ဗညုနော ဘာဝေါ သဗ္ဗညုတာ-တို့၌လည်း နည်းတူ။

မေး။ ထေယျသင်္ခါတံ- ၌ ထေယျ-ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ ထေနဿ ဘာဝေါ ထေယျံ။

''ထေန+ဘာဝ''တည်၊ ထေနဿ ဘဝေါ-ဟု တဒ္ဓိတ်ဝါကျဖြစ်စေ၊ အနက်ပေး။ ဏျတ္တတာ ဘာဝေ တု-သုတ်၌ တုသဒ္ဒါဖြင့် ဏေယျပစ္စည်းသက်၊ တဒ္ဓိတ်အမည်မှည့်၊ ဝိဘတ်ချေစသည်။ ''ထေန''ဟု ပကတိပြု (ထေန-ဃဲ့)၊ တေသု ဝုဒ္ဓိသုတ်ကြီးဖြင့် န-ကိုချေ၊ ထ ခွင်း, ချေ, ကပ်၊ ပြီး ၏။

နလာ။ ။ အတ္တနိယံ, ကမ္မည်-တို့၌လည်း န-လာရကြောင်း သတိပြု။ ဘာ့ကြောင့် နိ-လာရသနည်း? ''သက္ကတ၌ 'အာတ္မန်' 'ကမ်နိ'ဟု ရှိသောကြောင့်တည်း။

မေး။ ဏျတ္တတာ ဘာဝေ တု-သုတ်၌ ''ဏျတ္တတာ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂ၏ အကျိုးကို ဖော်ပြပါ။

ဖြေ။ ယင်းယောဂဝိဘာဂဖြင့် ကမ္မအနက်, သကတ်အနက်တို့၌ ဏျစသောပစ္စည်းများ သက်ရခြင်း အကျိုးရှိပါသည်။ (စာ-၂၃၈။)

- ဝိရာနံ ဘာဝေါ, ကမ္မံဝါ ဝိရိယံ။ (ဝိရ+ဏျ)
  ပရိဘဋ္ဌသ ကမ္မံ ပါရိဘဏ္ဍံ။ (ပရိဘဋ္ဌ+ဏျ)
  ဘိသဂ္ဂသ ကမ္မံ ဘေသဇ္ဇံ။ (ဘိသဂ္ဂ+ဏျ)
- ယထာဘူတမေဝ ယထာဘုစ္စံ။ (ယထာဘူတ+ဏျ)
  ကရဏာယေဝ ကာရုညံ။ (ကရဏာ+ဏျ)
  ပတ္တကာလမေဝ ပတ္တကလ္လံ။ (ပတ္တကာလ+ဏျ)

မေး။ ဝိရိယံ-ပုဒ်ကို ဝိဂြိုဟ် ၂-နည်းဆို၍၊ ဏျပစ္စည်းသက်ပုံများကိုလည်း ရှင်းပြပါ။

http://www.dhammadownload.com

ဖြေ။ ဝိရာနံ ဘာဝေါ ဝိရိယံ။
ဝိရာနံ ကမ္မံ ဝိရိယံ။
ဘာဝအနက်၌ ဏျတ္တတာ ဘာဝေ တု–သုတ်ရင်းဖြင့် ဏျ ပစ္စည်းသက်ရပါသည်။
ကမ္မအနက်၌ ဏျတ္တတာ–ဟူသော ယောဂဝိဘာဂဖြင့် ဏျပစ္စည်း သက်ရပါသည်။

မေး။ (က) ပါရိဘဋ္ဌတာ (ခ) သောဝစဿတာ ပုဒ်တို့ကို ဝိဂြိုဟ်ဆို၍ တဒ္ဓိတ် အမည်အသီးသီး ပေးပြီးလျှင်၊ ပစ္စည်းသက်သော သုတ်ကိုလည်း ညွှန်ပြပါ။

ဖြေ။ (က) ပရိဘဋ္ဌဿ ကမ္မံ ပါရိဘဋ္ဌံ။ ကမ္မတဒ္ဓိတ်၊
ဏျတ္တတာ ဘာဝေ တု–သုတ်၌ ''ဏျတ္တတာ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် ကမ္မအနက်၌ ဏျပစ္စည်းသက်။
ပါရိဘဋ္ဌဿ ဘာဝေါ ပါရိဘဋ္ဌတာ။ ဘာဝတဒ္ဓိတ်၊ ဏျတ္တတာ ဘာဝေ တု–သုတ်ဖြင့် ဘာဝအနက်၌ တာ ပစ္စည်း သက်။
(ခ) (သုခံ ဝစော ဇေတသ္မိန္တိ သုဝစော။)
သုဝစဿ ကမ္မံ သောဝစဿံ၊ ကမ္မတဒ္ဓိတ်။ ယောဂဝိဘာဂဖြင့် ကမ္မအနက်၌ ဏျ ပစ္စည်းသက်။
သောဝစဿဿ ဘာဝေါ သောစဿတာ။ ဘာဝတဒ္ဓိတ်၊ သုတ်ရင်းဖြင့် ဘာဝအနက်၌ တာ ပစ္စည်းသက်။
အမှာ။ ။''တဒ္ဓိတ်ပစ္စည်းနှင့် နှစ်ဆင့်သက်ထားသော ပုဒ်များကို ဖော်ပြပါ''ဟု မေးလျှင် ဖြေတတ်ပါစေ။

မေး။ သောဝစဿတာ–၌ သောဝစဿ–အရ သောဝစဿတာ–အရတို့ကို ကောက်ပြပါ။

ဖြေ။ ''သောဝစဿ (ကောင်းသောစကားရှိသူ၏ အမှု''အရ ဆုံးမစကားကို လေးစားလိုက်နာသော အမူအရာကြီယာကို ရပါသည်။
''သောဝစဿတာ (ကောင်းသောစကားရှိသူ၏ အမှု၏အဖြစ်)''အရကား ထို အမူအရာကြီယာ၏ ဖြစ်ကြောင်း ကောင်းသော ကုသိုလ်, ကြီယာ စိတ္တုပ္ပါဒ်ကို ရပါသည်။

မေး။ ဝေယျာဝစ္စံ–ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ ဗျာဝဋ္ဌဿ ကမ္မံ ဝေယျာဝစ္စံ။ (ဗျာဝတဿ– သီမူ။)
ဗျာဝဋ္ဌ+ဏျ (ယောဂဝိဘာဖြင့် သက်)။ ''ဝေယျာဝဋ္ဌ–ယ''ဟု ဖြစ်သောအခါ ယဝတံ–သုတ်၌ ကာရသဒ္ဒါဝိုဖြင့် ဋ္ဌ–ကို ဋ္ဌ–ပြု၊ ဒေါ ဓဿ စ–သုတ်၌ စ–သဒ္ဒါဖြင့် (တစ်နည်း) ''စ္စော ဋ္ဌဿ''ဟူသော သုတ္တဝိဘာဂဖြင့် ဋ္ဌ–ကို စ္စ–ပြု (ဝေယျာဝစ္စ)၊ နာမ်ဒဲ့စသည်၊ ပြီး၏။

တစ်နည်းတွက်ပုံ– ''ဝိအာဝတ''ဟု ပကတိပြု (ဝိအာဝတ–ယ)၊ ဝုဒ္ဓါဒိသရဿဝါ–သုတ်ဖြင့် က္ကာ–ကို ဇ–ဝုဒ္ဓိပြုလုလတ်သော် မာယူန မာဂမော ဌာနေ သုတ်ကတားမြစ်သောကြောင့် မပြုရ။ က္ကဝဏ္ဏော ယံ နဝါ–သုတ်ဖြင့် က္က–ကို ယ–ပြု၊ မာယူနမာဂမောဌာနေ–သုတ်ဖြင့် ထို ယ–အပြု၏ ရှေ့၌ ဝေုဒ္ဓိလာ (ဝေယာဝတ–ယ)၊ ပရ ဒွေဘာဝေါ ဌာနေ–သုတ်ဖြင့် ယ–ကို သဒိသဒွေဘော် ယျ–ပြု (ဝေယျာဝတ–ယ)၊ တံ ခွင်း, အ–ကြွင်း၊ အဝဏ္ဏော ယေ လောပဉ္စ–သုတ်ဖြင့် နောက် ယပစ္စည်းနှောင်းသောကြောင့် ရှေ့ အ သရကို ချေ၊ တံ ယ သို့ကပ် (ဝေယျာဝတျ)၊ တျ ကို စ–

http://www.dhammadownload.com

ပြု၊ ၄င်းကို ဒွေးဘော်ပြု (ဝေယျာဝစ္စ)၊ နာမ်ငဲ့စသည်၊ ပြီး၏။

မေး။ ဘေသဇ္ဇ-ပုဒ်ကို ဝိဂ္ဂဟပြု၍၊ တဒ္ဓိတ်အမည်ပေးပြီး၊ အရလည်း ကောက်ပြပါ။

ဖြေ။ ဘိသဇ္ဇသ ကမ္မံ ဘေသဇ္ဇံ။ (သီဟိဠ်မူ) ကမ္မတဒ္ဓိတ်ဖြစ်၏။ (ယောဂဝိဘာဂဖြင့် သက်) ''ဆေးကုမှု''ကို ရသော်လည်း ဤနေရာ၌ ထိုဆေးကုမှုနှင့်တကွဖြစ်သော ''ဆေး''ကို သဟစရဏာနည်းဖြင့် ယူရပါမည်။ (ဆီ, ပျားရည်, တင်းလဲ စသည်တည်း။)

မေး။ သာဒ္ဒေယျံ-ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ အသီးသီးအရကောက်ပြပါ။

ဖြေ။ သဒ္ဓသ ဘာဝေါ သာဒ္ဒေယျံ။ (သဒ္ဓ+ဏ္ဍေယျ) ကောက်ကျစ်စဉ်းလဲသောအားဖြင့် ဖြစ်သော စိတ္တုပ္ပါဒ်ကို ရ၏။

သဒ္ဓသ ကမ္မံ သာဒ္ဒေယျံ၊ မိမိမှာ မရှိသောဂုဏ်ကို ရှိလေဟန်ဆောင်ခြင်း ဟူသော အမူအရာကို ရ၏။

မေး။ ယထာဘုစ္စံ၊ ကာရျည်၊ ပတ္တကလ္လံ၊ အာကာသာနဉ္စံ၊ ကာယပါဂုညတာ- တို့ကို ဝိဂြိုဟ်ဆို၍၊ ထူခြားသော ရုပ်စီရင်ပုံများကို သိသာရုံဖော်ပြပါ။

ဖြေ။ ယထာဘူတမေဝ ယထာဘုစ္စံ။ ကရဏာယေဝ ကာရျည်။
ပတ္တကာလမေဝ ပတ္တကလ္လံ။ အာကာသာနန္တမေဝ အာကာသာနဉ္စံ။
ကာယပါဂုညမေဝ ကာယပါဂုညတာ။

ဤပြယုဂ်တို့၌ ''ဏျတ္တတာ'' ဟူသော ယောဂဝိဘာဂဖြင့် သကတ္ထ၌ ဏျပစ္စည်း, တာပစ္စည်းများ သက်။

ယထာဘုစ္စ-၌ ''ယထာဘူစ္စ''ဟု ဖြစ်သောအခါ ကွစာဒိမဇ္ဈတ္တရာနံ သုတ်ကြီးဖြင့် ဦ-ကို ဥ- ရသပြု။

ကာရျည်၌ ''ကရဏာ-ယ'' ဟု ဖြစ်သောအခါ အဝဏ္ဏော ယေ လောပဉ္စ-သုတ်ဖြင့် အာ-ကိုချေ၊ ဏျ-ကို ဉ-ပြု၊ ဉ-ကို ဒွေးဘော်ပြု။

ပတ္တကလ္လံ-၌ ''ပတ္တကာလ-ယ'' ဟု ဖြစ်သောအခါ လ-၌ အ-ကို၊ လျ-ကို လ-ပြု၊ လ-ကို ဒွေးဘော်ပြု (ပတ္တကာလ္လ)၊ ကွစာဒိ မဇ္ဈတ္တရာနံ-သုတ်ကြီးဖြင့် ကာ-၌ အာ-ကို အ-ရသပြု။

အာကာသာနဉ္စံ-၌ ''အာကာသာနန္တ-ယ''ဟု ဖြစ်သောအခါ ခွင်း, ချေ, ကပ် (အာကာသာနန္တ)၊ တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် န-ကို နိဂ္ဂဟိတ်ပြု (အာကာသာနံတျ)၊ တျ-ကို စ-ပြု၊ နိဂ္ဂဟိတ်ကို စဝဂ္ဂန္တ ဉ်-ပြု၊ ဉ , စ-သို့ကပ် (အာကာသာနဉ္စ)၊ နာမ်ငဲ့စသည်၊ ပြီး၏။

၃၆၁၊ ၃၈၈။ ဏ ဝိသမာဒီဟိ။ (၂၃၉)

မေး။ ဏ ဝိသမာဒီဟိ သုတ်ဖြင့် သက်သောပစ္စည်းများကို စုံလင်အောင် ဖော်ပြပါ။

ဖြေ။ ဏ, တ္တ, တာ ပစ္စည်းတို့ ဖြစ်ပါသည်။

မှတ်ချက်။ ။ ဏျတ္တတာ ဘာဝေ တု သုတ်မှ တ္တတာ, ဘာဝေ-ပုဒ်တို့ လိုက်လာကြောင်း ရှု-၌ ဖွင့်ပြထားသည်ကို သတိပြု။

မေး။ ဝိသမ, သုစိ, ဂရု, ပဋု စသောသဒ္ဒါတို့ကို အဘယ်သို့ ခေါ်ဆိုရပါမည်နည်း။

http://www.dhammadownload.com

ဖြေ။ ''ဝိသမာဒိအာကတိဂိဏ်း''ဟု ခေါ်ဆိုရပါမည်။

မေး။ ''ဝိသမာဒိအာကတိဂိဏ်း''ဟူသည် အဘယ်နည်း? ဖြေဆိုပါ။

ဖြေ။ ဆဋ္ဌိယန္တလိင်နောင် ဏ ပစ္စည်း, တ္တ ပစ္စည်း, တာပစ္စည်း သက်၍ ဝိသမ-သဒ္ဒါနှင့် ရုပ်ပြီးပုံအခြင်းအရာတူသောအားဖြင့် ပေါင်းယူအပ်သည့် သုစိ, ဂရု, ပဠု-စသော သဒ္ဒါ အပေါင်းကို ''ဝိသမာဒိအာကတိဂိဏ်း''ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ ဂါရဝေါ-ပုဒ်ကို ဝိဂြိုဟ်ဆိုရ၍ ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ ဂရုနော ဘာဝေါ ဂါရဝေါ။

ဂရု-တည်။ ''ဂရုနော ဘာဝေါ''ဟု တဒ္ဓိတ်ဝါကျဖြစ်စေ၊ ဏ ပစ္စည်းသက်၊ 'ဂရု'ဟု ပကတိပြု (ဂရု-အ)၊ ဂ-၌ အ-ကို အာဝုဒ္ဓိပြု၊ ဩ သရေ စ-သုတ်၌ စသဒ္ဒါဖြင့် ရု-၌ ဥ-ကို အဝ-ပြု (ဂါရဝ-အ)၊ ဝ် ခွင်း, ချေ, ကပ် (ဂါရဝ)၊ နာမ်ဝဲ့စသည်၊ ပြီး၏။

မေး။ အဇ္ဈံ, မဒ္ဒံ-တို့ကို ဝိဂြိုဟ်ဆိုရ၍ ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ ဥဇုနော ဘာဝေါ အဇ္ဈံ။ မုဒုနော ဘာဝေါ မဒ္ဒံ။

ဥဇု, မုဒု-တည်၊ ဏ ပစ္စည်းသက်၊ 'ဥဇု-အ' 'မုဒု-အ' ဟုဖြစ်သောအခါ အာတ္တဉ္စ-သုတ်ဖြင့် ဥ-ကို အာ-ပြု (အာဇု-အ), (မာဒု-အ)၊ ဩ သရေ စ- သုတ်၌ စသဒ္ဒါဖြင့် ဥ-ကို အဝ-ပြု (အာဇဝ), (မာဒဝ)၊ ဇ, ဒ တို့ကို သဒိသဒ္ဒေးဘော် ဈ-ပြု၊ ဒ္ဒ-ပြု (အာဇ္ဈဝ၊ မာဒ္ဒဝ)၊ ကွစာဒိမဇ္ဈတ္တရာနံသုတ်ဖြင့် နောက်သံယုဂ်ကြောင့် အာ-ကို အ-ရဿပြု (အဇ္ဈဝ၊ မဒ္ဒဝ)၊ နာမ်ဝဲ့စသည်။ ပြီး၏။

မေး။ အာရိသျံ၊ အာသဘံ-တို့ကို ဝိဂြိုဟ်ဆိုရ၍ ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ ဣတိသ ဘာဝေါ အာရိသျံ။ ဥသဘဿ ဘာဝေါ အာသဘံ။

'ဣသိ-အ'ဟုဖြစ်သောအခါ အာတ္တဉ္စ-သုတ်ဖြင့် ဣ-ကို အာ-ပြု, ရိ-အက္ခရာလည်းလာ (အာရိသိ-အ)၊ ဣဝဏ္ဏော ယံ နဝါ-သုတ်ဖြင့် သိ-၌ ဣ ကု ယ-ပြု၊ ယ် အ-သို့ကပ်၊ သ် ယ-သို့ကပ် (အာရိသျံ)၊ နာမ်ဝဲ့စသည်၊ ပြီး၏။

သျံ-ကို သ-ပြု၊ ဥ်းကိုဒွေးဘော်ပြုလျှင် သီဟိဠ်မူအတိုင်း ''အာရိသံ''ဟု ပြီး၏။

'အာသဘံ'ကို ဥသဘ-တည်၊ 'ဥသဘ-အ'ဟု ဖြစ်သောအခါ အာတ္တဉ္စ-သုတ်ဖြင့် ဥ-ကို အာ-ပြု (အာသဘ)၊ နာမ်ဝဲ့စသည်၊ ပြီး၏။

မေး။ ယောဗ္ဗနံ-ပုဒ်ကို ဝိဂြိုဟ်ဆိုရ၍ ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ ယုဝဿ ဘာဝေါ ယောဗ္ဗနံ။

ယုဝ-တည်၊ ယုဝဿ ဘာဝေါ-ဟု ဝါကျဖြစ်စေ၊ ဏ ဝိသမာဒိဟိ-သုတ်ဖြင့် ဏ ပစ္စည်းသက်၊ ''ယုဝ-အ''ဟုဖြစ်သောအခါ ဝုဒ္ဓါဒိသရဿ ဝါ-သုတ်ဖြင့် ဥ-ကို ဩ-ဝုဒ္ဓိပြု (ယောဝ-အ)၊ တေသု ဝုဒ္ဓိသုတ်ကြီးဖြင့် နှ-လာ (ယောဝန်-အ)၊ နှ် အ-သို့ကပ် (ယောဝန)၊ ဝ-ကို သဒိသ ဒွေးဘော် ဝွ-ပြု (ယောဝွန)၊ ဗ္ဗော ဝွဿ-ဟူသော သုတ္တဝိဘာဂဖြင့် ဝွ-ကို ဗ္ဗ-ပြု (ယောဗ္ဗန)၊ နာမ်ဝဲ့စသည်၊ ပြီး၏။

မေး။ ပါရမိ-ပုဒ်ကို ရနိုင်သမျှ ဝိဂြိုဟ်ဆိုရ၍ အရကောက်ပြီးလျှင်၊ ပုဒ်, ပစ္စည်းခွဲပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ ၁။ ပရမာနံ ဘာဝေါ ပါရမီ။ (ဘာဝတဒ္ဓိတ်)
၂။ ပရမာနံ ကမ္မံ ပါရမီ။ (ကမ္မတဒ္ဓိတ်)
ဒါန-စသော ကြိယာကို ရပါသည်။
ပရမ-ပုဒ် + ဏ ပစ္စည်း + ဣတ္ထိလိင် ဤ ပစ္စည်း၊ (ဏဝ ဏိက-စသော သုတ်ဖြင့်သက်)။

၃၆၂၊ ၃၈၉။ ရမဏီယာဒိတော ကဏ်။ (၂၃၉)

မေး။ ရမဏီယာဒိတော ကဏ်-သုတ်ဖြင့်သက်သော ပစ္စည်းများကို စုံလင်အောင် ဖော်ပြပါ။
ဖြေ။ ကဏ်, တ္တ, တာ ပစ္စည်းများ ဖြစ်ပါသည်။

မေး။ စောရကံ, စောရိကာ-ပုဒ်တို့၏ ရုပ်ပြီးပုံကို လိုရင်းမျှ ဖော်ပြပါ။
ဖြေ။ စောရကံ-သည် စောရ-ပုဒ်နောင် ကဏ် ပစ္စည်းသက်၍ ပြီးသော် ပုဒ်ဖြစ်၏။
စောရိကာ-ကား တေသု ဝုဒ္ဓိသုတ်ကြီးဖြင့် အလယ်၌ က္က-လာ၊ ဣတ္ထိလိင် အာစ္စည်းလည်း သက်၍ ပြီးသောပုဒ် ဖြစ်ပါသည်။

မေး။ ဘာဝတဒ္ဓိတ်ပစ္စည်းများကို ကုန်စင်စုံလင်အောင် ဖော်ပြပါ။
ဖြေ။ ဏျ – ဏျတ္တတာ ဘာဝေ ဇာ။
တ္တ, တာ – ဏျတ္တတာ ဘာဝေ တု၊ ဏ ဝိသမာဒီဟိ၊ ရမဏီယာဒိတော ကဏ်။
တ္တန, ဏောယျ – ဏျတ္တတာ ဘာဝေ တု-သုတ်၌ တု-သဒ္ဒါ။
ဏ – ဏ ဝိသမာဒီဟိ။
ကဏ် – ရမဏီယာဒိတော ကဏ်။

၃၆၃၊ ၃၉၀။ ဝိသေသေ တရတမိသိကိယိဋ္ဌာ။ (၂၄၀)

မေး။ ပါပတရော-ပုဒ်ကို အကျဉ်း, အကျယ် နည်းနှစ်သွယ်ဖြင့် ဝိဂြိုဟ်ဆိုပြခဲ့ပါ။
ဖြေ။ သဗ္ဗေ ဣမေ ပါပါ အယမိမေသံ ဝိသေသေန ပါပေါတိ ပါပတရော။ (အကျယ်)
ဝိသေသေန ပါပေါတိ ပါပတရော။ (အကျဉ်း)

မေး။ တရ ပစ္စည်းနှင့် တမပစ္စည်းတို့၏ ခြားနားချက်ကို ရှုဆရာအလိုကျ ရေးပြပါ။
ဖြေ။ တရ ပစ္စည်းသည် အများထက် ထူးကဲသော ဝိသေသအနက်၌ သက်၍၊ တမ ပစ္စည်းသည် ထိုထူးကဲသောအရာထက်ပင် သာ၍ထူးကဲသော (အထူးကဲဆုံးဖြစ်သော) အနက်၌ သက်၏။ ဤသို့ထူးပါသည်။ ''တရ-ထက် တမ-က သာသည်''ဟု ဆိုလိုပါသည်။

သာဓက – ပါပတရော၊ ပါပတရာ၊ ပါပတရံ။
တတောပိ အဓိကော ပါပတမော။

မေး။ ပါပိဋ္ဌတရော-ကို ဝိဂြိုဟ်ဆိုပြရာ၌ ''ဝိသေသေန ပါပိဋ္ဌော ပါပိဋ္ဌတရော''ဟု မဆိုဘဲ ''အတိသယေန ပါပိဋ္ဌော ပါပိဋ္ဌတရော''ဟုဆိုပြခြင်း အကြောင်းရင်းကို ရှင်းပြပါ။
ဖြေ။ ဝိသေသအနက်နှင့် အတိသယအနက်သည် သဘောတူဖြစ်သောကြောင့် ယင်းသို့ ဝိဂြိုဟ်

http://www.dhammadownload.com

ဆိုပြရခြင်း ဖြစ်ပါသည်။

မေး။ ဇေယျော, ဇေဋ္ဌော–ပုဒ်တို့ကို ရနိုင်သမျှ ဝိဂြိုဟ်ဆို၍၊ ပုဒ်+ပစ္စည်းလည်း ခွဲပြခဲ့ပါ။

ဖြေ။ ၁။ ဝိသေသေန ဝုဗျောတိ ဇေယျော၊ ဇေဋ္ဌော။

၂။ ဝိသေသေန ပသတ္ထောတိ ဇေယျော၊ ဇေဋ္ဌော။

– ဇေယျော–သည် ဝုဗုပုဒ်+ ဣယပစ္စည်း၊
တစ်နည်း–ပသတ္ထပုဒ်+ဣယပစ္စည်း ဖြစ်ပါသည်။

– ဇေဋ္ဌော–သည် ဝုဗုပုဒ်+ဣဋ္ဌ ပစ္စည်း၊
တစ်နည်း–ပသတ္ထပုဒ်+ဣဋ္ဌ ပစ္စည်းဖြစ်ပါသည်။

မေး။ ဇေယျော–ပုဒ်ကို ရုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ ဝိသေသ သဒ္ဒါ၊ ဝုဗုသဒ္ဒါတည်၊ ''ဝိသေသေန ဝုဗျော''ဟု ဝါကျပြီးစေ၊ ဝိသေသေ တရတမိသိကိယိဋ္ဌာ–သုတ်ဖြင့် ဝုဗု–နောင် ဣယပစ္စည်းသက်၊ 'ဝုဗု'ဟု ပကတိပြု (ဝုဗု–ဣယ)၊ ဝုဗုဿ ဇော ဣယိဋ္ဌေသု–သုတ်ဖြင့် ဝုဗု–သဒ္ဒါကို ဇ–ပြု (ဇ–ဣယ)၊ သရာ သရေ လောပံ–သုတ်ဖြင့် ရှေ့ အ–သရကို ချေ၊ ကွစာသဝဏ္ဏံ လုတ္တေ–သုတ်ဖြင့် နောက် ဣသရကို ၄ အသဝဏ်ပြု၊ ဇ် ၄–သို့ကပ် (ဇေယ)၊ ယ–ကို သဒိသ ဒွေးဘော်ပြု (ဇေယျ)၊ နာမ်ငဲ့ စသည်၊ **ပြီး၏။**

(တစ်နည်း) 'ဝိသေသ–ပသတ္ထ'တည်၊ ''ဝိသေသေန ပသတ္ထော''ဟု ဝါကျပြီးစေ။ ပသတ္ထဿ သော စ–သုတ်ဖြင့် ပသတ္ထ သဒ္ဒါကို ဇ–ပြု၊ အကြွင်းတူပြီ။

မေး။ (က) ကဏိယော၊ ကဏိဋ္ဌော

(ခ) ကနိယော၊ ကနိဋ္ဌော–တို့၏ ခြားနားချက်ကို ဖော်ပြပါ။

ဖြေ။ (က) ကဏိယော၊ ကဏိဋ္ဌော–တို့သည် ''ဝိသေသေန အပ္ပေါတိ ကဏိယော၊ ကဏိဋ္ဌော'' ဟုဝိဂ္ဂဟပြု၍ ''အထူးသဖြင့် နည်းသောအရာ''ဟု အနက်ပေးရသော ပုဒ်တို့ ဖြစ်ကြ၏။

(ခ) ကနိယော၊ ကနိဋ္ဌော–တို့ကား ဝိသေသေန ယုဝါတိ ကနိယော၊ ကနိဋ္ဌော–ဟု ဝိဂ္ဂဟပြု၍ ''အထူးသဖြင့် နုပျိုသူ''ဟု အနက်ပေးရသော ပုဒ်တို့ ဖြစ်ကြ၏။

မေး။ ကနိယော၊ ကနိဋ္ဌော–တို့ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ 'ဝိသေသ–ယုဝ' တည်။ ဝိသေသေန ယုဝါ–ဟု ဝါကျပြီးစေ၊ ယုဝါနောင် ဣယ, ဣဋ္ဌ ပစ္စည်းသက်၊ 'ယုဝါ'ဟုပကတိပြု (ယုဝ–ဣယ၊ ယုဝ–ဣဋ္ဌ)၊ ယုဝါနဉ္စ–သုတ်ဖြင့် ယုဝ–သဒ္ဒါကို ကဏ်–ပြု (ကဏ်–ဣယ၊ ကဏ်–ဣဋ္ဌ)၊ တေသု ဝုဒ္ဓိသုတ်ကြီးဖြင့် ဏ်–ကို န်–ပြု (ကန်–ဣယ = ကနိယ၊ ကန်–ဣဋ္ဌ = ကနိဋ္ဌ)၊ နာမ်ငဲ့စသည်၊ ပြီး၏။

၃၆၄၊ ၃၉၈။ တဒဿတ္ထီတိ ဝီ စ။ (၂၄၂)

မေး။ ဤသုတ်သည် ဘယ်နှပုဒ်ရှိသော သုတ်ဖြစ်ပါသနည်း။ ဖြေဆိုပါ။

ဖြေ။ ''တံ + အဿ + အတ္ထိ + ဣတိ + ဝီ + စ'' ဟု ၆–ပုဒ်ရှိသော သုတ်ဖြစ်ပါသည်။

မေး။ တဒဿတ္ထီတိ ဝီ စ – သုတ်၏ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ပဋ္ဌမာဝိဘတျန္တလိင်နောင် 'တံ အဿ အတ္ထိ'အနက်၊ (တစ်နည်း) 'တသ္မိံ ဝိဇ္ဇတိ' အနက်၌ ဝီပစ္စည်းသက်–ဟု ဆိုလိုပါသည်။

http://www.dhammadownload.com

မေး။ ''အဿတ္ထိတဒ္ဓိတ်''ဟူသည် အဘယ်နည်း? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''အဿတ္ထိတဒ္ဓိတ်''ဟူသည် 'အဿအတ္ထိ'အနက်၌ သက်သော ဝိပစ္စည်းစသည်တို့ ဖြစ်ပါသည်။ ၄င်းတို့ကို ''အဿတ္ထိတဒ္ဓိတ်''ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ ဝိ-စသော ပစ္စည်းတို့သည် ''တသ္မိ ဝိဇ္ဇတိ''အနက်၌လည်း သက်သောကြောင့် ''တသ္မိ ဝိဇ္ဇတျတ္ထ တဒ္ဓိတ်''ဟုလည်း ခေါ်ဆိုသင့်သည် မဟုတ်ပါလော? အဘယ့်ကြောင့် ယင်းသို့ မခေါ်ဆိုပါသနည်း။

ဖြေ။ ''အဿတ္ထိတဒ္ဓိတ်''ဟူသော အမည်ထူးကို ရပြီးဖြစ်သောကြောင့် ယင်းသို့ မခေါ်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ ဤသုတ်ဖြင့် ဝိပစ္စည်းသက်ရာ သဒ္ဒါများကို အတိအကျညွှန်ပြပါ။

ဖြေ။ မေဓာ, မာယာ-သဒ္ဒါတို့ ဖြစ်ပါသည်။

မေး။ မေဓာ ယဿ အတ္ထိ-၌ ယဿ-ပုဒ်၏ အနက်ကို ဖော်ပြပါ။

ဖြေ။ သက္ကတသဒ္ဒါကျမ်းများနှင့် ရူပသိဒ္ဓိကျမ်းတို့အလိုသမ္ဗန်အနက် ဖြစ်ပါသည်။ မြန်မာဆရာတော် အများစုတို့ အလိုကား သမ္ဗဒါန်အနက် ဖြစ်ပါသည်။

အမှာ။ ။ ရူ (၂၀၄) နဒီမှာ စ-သုတ်အဖွင့် ကြည့်ပါ။

မေး။ မေဓာသဒ္ဒါနောင် အဿတ္ထိအနက်၌ ဝိပစ္စည်း သက်၍ ပြီးနိုင်သောရုပ်များကို လိင်အား လျော်စွာဖော်ပြပါ။

ဖြေ။ မေဓာဝိ, မေဓာဝိနော။ (ပုလ္လိင်)။
မေဓာဝိနီ, မေဓာဝိနိယော။ (ကတ္ထိလိင်)
မေဓာဝိ, မေဓာဝီ, မောဓာဝိနီ။ (နပုလ္လိင်)

မေး။ တဒဿတ္ထိတိ ဝိ စ-သုတ်၌ စသဒ္ဒါဖြင့် သက်သော ပစ္စည်းများကို ဖော်ပြပါ။

ဖြေ။ သော, ကွလ, ဝ, အာလ-စသော ပစ္စည်းများ ဖြစ်ပါသည်။

မှတ်ချက်။ ။ သဒ္ဒနီတိ၌ကား 'သော'ဟု မဆို၊ 'သ' ဟုဆိုပါသည်။

၃၆၅၊ ၃၉၉။ တပါဒိတော သီ။ (၂၄၃)

မေး။ တပါဒိတော သီ-သုတ်၌ အာဒိ-သဒ္ဒါဖြင့် ယူရမည့်သဒ္ဒါတို့ကို ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါဖြင့် မနောဂိဏ်းသဒ္ဒါတို့ကို ယူရပါမည်။

မေး။ တပဿီ-ကို ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ တပ-တည်၊ တပါဒိတော သီ-သုတ်ဖြင့် တပ သဒ္ဒါနောင် အဿတ္ထိအနက်၌ သီ ပစ္စည်းသက် (တပ-သီ)၊ ပရ ဒွေဘာဝေါ ဌာနေ-သုတ်ဖြင့် သ-ကို သဒိသဒ္ဒေးဘော် သ-ပြု၊ နာမ်ခဲ့ စသည်၊ ပြီး၏။

မေး။ ဤသုတ်ဖြင့် သီ ပစ္စည်းသက်ရာ အနက်ကို ဖော်ပြပါ။

ဖြေ။ ဂုဏ်ဖြင့် အထူးပြုအပ်သော ဒြပ်အနက် ဖြစ်ပါသည်။

မေး။ တေဇသီ+ တေဇသီ-ဟု ဒွေဘော်ရှိ / မဲ့ ပါ၌နှစ်ထွေရှိရာ ဝိနိစ္ဆယချပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ ရူပသိဒ္ဓိ, ဈာသ, မောဂ္ဂလ္လာန်တို့အလို ဒွေးဘော်နှင့် 'တေဇသီ' ပါ၌ သင့်ပါသည်။ သဒ္ဒနီတိ (သုတ္တမာလာ၊ ၇၈၉။) အလိုကား ဒွေးဘော်မဲ့ ''တေဇသီ'' ပါ၌ သင့်ပါသည်။

၃၆၆၊ ၄၀၀။ ဒဏ္ဍာဒိတော ဣက ဤ။ (၂၄၃)

မေး။ ဒဏ္ဍာဒိတော ဣက ဤ-သုတ်၌ အာဒိသဒ္ဒါ၏ အနက်ကိုဖော်ပြ၍၊ ထိုအာဒိသဒ္ဒါဖြင့် ယူရမည့် သဒ္ဒါတို့ကိုလည်းဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါ ပကာရအနက် ရှိပါသည်။
ထိုအာဒိသဒ္ဒါဖြင့် ဒဏ္ဍသဒ္ဒါနှင့် အဝဏ္ဏန္တချင်းတူသည့် မာလာ, ဆတ္တ, ရူပ-စသောသဒ္ဒါတို့ကို ယူရပါမည်။

မေး။ ရူပသိဒ္ဓိဝယ် ဤသုတ်၌ ''ဒဏ္ဍဣဈေဝမာဒိတော အဝဏ္ဏန္တာ''ဟု အဝဏ္ဏန္တာ-ပုဒ် ထည့်ဖွင့်နိုင်ပုံကို ရှင်းပြပါ။

ဖြေ။ နောက်၌ သတျာဒီဟိ မန္တု, အာယုဿုကာရာသ မန္တုမှိ-ဟု ဆိုလတ္တံ့ဖြစ်၍၊ ဤသုတ်၌ အဝဏ္ဏန္တာ-ဟူသော အနက်ပြီးသောကြောင့် ၄င်းပုဒ် ထည့်ဖွင့်နိုင်ခြင်းဖြစ်ပါသည်။ (ရူဋီ၊ ၁၇၂။)

မေး။ ဒဏ္ဍာဒိတော ဣက ဤ-သုတ်ဖြင့် ဣက, ဤပစ္စည်းများ သက်ရာအနက်ကို ဖော်ပြပါ။

ဖြေ။ ဒြပ်ဖြင့် အထူးပြုအပ်သော ဒြပ်အနက် ဖြစ်ပါသည်။

၃၆၇၊ ၄၀၁။ မဓွာဒိတော ရော။ (၂၄၃။)

မေး။ မဓု သဒ္ဒါသည် ဒဗ္ဗဝါစီ, ရသဝါစီ ဟု ၂-မျိုးရှိရာ ဤသုတ်၌ လိုအပ်သည့် မဓုသဒ္ဒါကို ညွှန်ပြပါ။

ဖြေ။ ရသဝါစီ မဓုသဒ္ဒါ ဖြစ်ပါသည်။

ရှင်းချက်။ ။ ပျားရည်ဒြပ်အနက်ဟော မဓုသဒ္ဒါ၊ ချိုမြိန်သော အရသာအနက်ဟော မဓုသဒ္ဒါကို ယူရမည်-ဟူလို။

မေး။ မဓွာဒိတော-၌ အာဒိသဒ္ဒါဖြင့် ယူရမည့်သဒ္ဒါများကို ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါဖြင့် ကုဋ္ဌ, မုခ, သုသိ, ရုစိ, သုဘ, နဂ, ခ, ဥသ, ဒန္တ စသော သဒ္ဒါတို့ကို ယူရပါမည်။

မှတ်ချက်။ ။၄င်းသဒ္ဒါတို့ကို ''မဓွာဒိအာကတိဂိုဏ်း''ဟု မှတ်ပါ။

မေး။ မဓုရော, မဓုရာ, မဓုရံ-တို့၏ ခြားနားချက်ကို ဖောပြပါ။

ဖြေ။ မဓု အဿ အတ္ထိ, ကသ္မိံ ဝါ ဝိဇ္ဇတီတိ မဓုရော၊ ဂုဋ္ဌ-ကို ရ၏။ (ပုလ္လိင်)
မဓု အဿာ, တဿံ ဝါ ဝိဇ္ဇတီတိ မဓုရာ၊ သက္ခရ-ကို ရ၏။ (ဣတ္ထိလိင်)
မဓု အဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ မဓုရံ၊ ခီရ-ကို ရ၏။ (နပုလ္လိင်)

မေး။ ကုဋ္ဌရော-ပုဒ်ကို ရနိုင်သမျှ ဝိဂ္ဂဟပြု၍၊ ပုဒ်အနေအထားကို ရှင်းလင်းရေးသားပါ။

ဖြေ။ - ကုဋ္ဌာ ဟနု ဧတဿ သန္တီတိ ကုဋ္ဌရော။

http://www.dhammadownload.com

ကုဋ္ဌ–ပုဒ်+ရုပစ္စည်း၊ အဿထ္ထိတဒ္ဓိတ်။ (၂၄၃)

– ကဎ္ဍေ ရမတီတိ ကုဋ္ဌရော၊
ကုဋ္ဌသဒ္ဒါပပဒ ရမုဓာတ်+ ကွိပစ္စည်း။ ကိတန္တသမာသ်ပုဒ်။ (ရူ၊ ၃၆၁။)

– ကုံ ပထဝီ ဇရယတီတိ ကုဋ္ဌရော။
ကုသဒ္ဒါပပဒ ဇရဓာတ် + အပစ္စည်း။ ကိတန္တသမာသ်ပုဒ်ပင်။ (ရူဋီ၊ ၁၇၂။)

မေး။ မုခရော–ပုဒ်ကို ဝိဂြိုဟ်ဆိုပြခဲ့ပါ။

ဖြေ။ သဗ္ဗသ္မိံ ဝတ္တဗ္ဗေ မုခမဿ အတ္ထိတိ မုခရော။
(သဗ္ဗသ္မိံ၊ အကောင်းအဆိုး အမျိုးစုံဖြစ်သော။ ဝတ္တဗ္ဗေ၊ ဆိုအပ်သော စကားဟူသမျှ၌။ အဿ၊ ထိုသူ၏။ မုခံ၊ ခံတွင်းသည်။ အတ္ထိ၊ ၏။ ကွတိ၊ ကြောင့်။ မုခရော၊ မုခရ မည်၏။ မုခရော၊ စကားများသူ။)

သမာသ်ပုဒ်။ ။ ''မုခရေတိ မုခခရော၊ ခရဝစနေတိ ဝုတ္တံ ဟောတိ''ဟုဖွင့်သော သာရတ္ထဋီကာ (၂။ ၂၇၉၊ ၂၈၀)အလို ''မုခံ ခရံ ယဿာတိ မုခရော''ဟု ဝိဂြိုဟ်ဆိုပါ။ ''မုခခရ''ဟုဆိုလိုလျက် ခ–ကိုချေ၍ ရှုပ်ပြီးသည်ဟု မှတ်ပါ။ ယင်းအလို သမာသ်ပုဒ် ဖြစ်၏။ ထောမနီဓိ အလို ''မုခံ မုခဗျာပါရံ ရာတိ အာဒတ္တေတိ မုခရော''ဟု ဝိဂြိုဟ် ဆိုရပါမည်။ ''နှုတ်၏ ဗျာပါရဖြစ်သော စကားကို ယူတတ်သူ''ဟူလို။ ယင်းအလို ကိတန္တသမာသ်ပုဒ်ဖြစ်၏။ မုခသဒ္ဒါပပဒ ရာဓာတ်+ အပစ္စည်းတည်း။

၃၆၈၊ ၄၀၂။ ဂုဏာဒိတော ဝန္တု။ (၂၄၄)
၃၆၉၊ ၄၀၃။ သတျာဒိဟိ မန္တု။ (၂၄၄)

မေး။ ဝန္တု, မန္တု ပစ္စည်းတို့၏ သက်ရာဌာနများကို ပြယုဂ်များဖြင့် ထင်ရှားစေခဲ့ပါ။

ဖြေ။ ဝန္တု ပစ္စည်းသည် ယေဘုယျအားဖြင့် အဝဏ္ဏန္တသဒ္ဒါတို့နောင် သက်ပါသည်။

– ဂုဏာဝါ (အကာရန္တနောင်သက်)။
ပညဝါ (အာကာရန္တနောင်သက်)။

အပွကအားဖြင့် အာကာရန္တ, ဣကာရန္တ သဒ္ဒါတို့နောင်လည်းသက်ပါသည်။

– သညာဝါ (အာကာရန္တနောင်သက်)
ဘယဒဿီဝါ (ဣကာရန္တနောင်သက်)
ယသဿီဝါ (ဣကာရန္တနောင်သက်)
လက္ခီဝါ (ဣကာရန္တနောင်သက်)
အာယုဝါ (ဥကာရန္တနောင်သက်)
မဿုဝါ (ဥကာရန္တနောင်သက်)

မန္တုပစ္စည်းသည် ဣဝဏ္ဏန္တ, ဥဝဏ္ဏန္တ, ဩကာရန္တဖြစ်သော သတိ–စသော ပဌမာဝိဘတ္တန္တ လိင်တို့နောင် သက်ပါသည်။

– သတိမာ (ဣကာရန္တနောင်သက်)
အာယသ္မာ (ဥကာရန္တနောင်သက်)
ဂေါမာ (ဩကာရန္တနောင်သက်)

http://www.dhammadownload.com

မေး။ ပညဝါ နှင့် သညာဝါ–တို့၏ ရုပ်နေခြားနားပုံကို ရှင်းပြပါ။

ဖြေ။ ပညဝါ–၌ ပညာသည် အမည်ဟောသဒ္ဒါ မဟုတ်သောကြောင့် ညာ–၌ အာ–ကို အ ရသပြု၍ ရုပ်ပြီးရသည်။ သညာဝါ–၌ သညာ–ကား အမည်ဟောသဒ္ဒါဖြစ်၍ မူလအမည် မပျောက်စေရန် ရသ မပြုဘဲ ရှိစေရပါသည်။ (ဝေဒနာဝါ–၌လည်း နည်းတူ။)

မေး။ ဂုဏသဒ္ဒါနောင် ဝန္တု ပစ္စည်းသက်၍ ပြီးသော ပုလ္လိင်, ကွတ္ထိလိင်, နပုလ္လိင် ရုပ်များကို ဖော်ပြပါ။

ဖြေ။ ဂုဏဝါ (ပုလ္လိင်)။ ဂုဏဝတီ (ကွတ္ထိလိင်)။ ဂုဏဝံ (နပုလ္လိင်)။

၃၇၀၊ ၄၀၅။ သဒ္ဒါဒိတော ဏာ။ (၂၄၅)

မေး။ သဒ္ဒါ–ပုဒ်နောင် ဏာ ပစ္စည်းသက်၍ပြီးသော ပဌမာဝိဘတ္တန္တရုပ်များကို လိင်အားလျော်စွာ ဖော်ပြပါ။

ဖြေ။ သဒ္ဒါ အဿ အတ္ထိတိ သဒ္ဒါ၊ ပုရိသော။
သဒ္ဒါ အဿ အတ္ထိတိ သဒ္ဒါ၊ ကညာ။
သဒ္ဒါ အဿ အတ္ထိတိ သဒ္ဒံ၊ ကုလံ။

မေး။ သဒ္ဒါ–သည် မည်သည့်ပုဒ်များ ဖြစ်နိုင်ပါသနည်း? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ သဒ္ဒါ အဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ သဒ္ဒါ။
သဒ္ဒါ–ပုဒ်နောင် အဿတ္ထိအနက်၌ သဒ္ဒါဒိတော ဏာ–သုတ်ဖြင့် ဏာ–ပစ္စည်း သက်၍ ပြီးသော တဒ္ဓိတ်ပုဒ်ဖြစ်၏။
(တစ်နည်း) သမ္မာ စိတ္တံ နိဓေတိ ဇောဃ, သယံ ဝါ သဒ္ဓဟတီတိ သဒ္ဒါ။
သံ ပုဗ္ဗ ဓာ ဓာတ် + အ ပစ္စည်းဖြင့် ရုပ်ပြီးသော ကိတ်ပုဒ် ဖြစ်၏။

မေး။ အမစ္ဆရော–ပုဒ်ကို ဝစနတ္ထပြုပြပါ။

ဖြေ။ န မစ္ဆရံ အမစ္ဆရံ။
အမစ္ဆရံ အဿ အတ္ထိတိ အမစ္ဆရော။ **ဝန်မတိုခြင်းရှိသူ။**
(တစ်နည်း) မစ္ဆရံ အဿ အတ္ထိတိ မစ္ဆရော။ န မစ္ဆရော အမစ္ဆရော။ (ရူဋီ၊ ၁၇၂)။
နောက်နည်းအလို မစ္ဆရော–သည် အဿတ္ထိတဒ္ဓိတ်ပုဒ်ဖြစ်၍၊ အမစ္ဆရော–သည် သမာသ်ပုဒ် ဖြစ်ပါသည်။ ''ဝန်တိုခြင်းရှိသူ မဟုတ်''ဟုအနက်ပေးရပါမည်။

၃၇၁၊ ၄၀၄။ အာယုဿုကာရာ'သ မန္တုမှိ။ (၂၄၅)

မေး။ အာယသ္မာ–ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ ''အာယု+မန္တု''ဟု ဖြစ်သောအခါ အာယုဿုကာရာသ မန္တုမှိ–သုတ်ဖြင့် မန္တု ပစ္စည်းကြောင့် အာယု သဒ္ဒါ၏ ဥ–ကို အသ–ပြု (အာယ်သမာမန္တု)၊ ယ်, အ–သို့ကပ် (အာယသမန္တု)၊ သရလောပေါ–သုတ်ဖြင့် သ–၏အဆုံး အ–ကိုချေ၊ သ် မ–သို့ကပ် (အာယသ္မန္တု)၊ နာမ်ငဲ့, သိသက်, အာသိမှိသုတ် ဖြင့် သိဝိဘတ်ကြောင့် န္တု ပစ္စည်းကို ဝိဘတ်နှင့် တကွ အာ–ပြု၊ ခွင်း, ချေ, ကပ်၊ ပြီး၏။

http://www.dhammadownload.com

မှတ်ချက်။ ။ ''အာယုသုကာရာသွန္တုမှိ'' ဟုရှိသော သီဟိုဠ်မူအလို သ-၌ သရမပါသောကြောင့် သရလောပေါ- သုတ်ဖြင့် သ-၏ အ-ကို ချေဖွယ်မလိုပါ။

မး။ အသတ္ထိတဒ္ဓိတ်ပစ္စည်းများကို ရူကျမ်းလာအတိုင်း ဖော်ပြပါ။

ဖြ။ ၁။ တဒသတ္ထိတိ ဝီ စ - ဝီပစ္စည်း။
၂။ ၄င်းသုတ် စသဒ္ဒါ - သော, ဣလ, ဝ။
၃။ တပါဒိတော သီ - သီ။
၄။ ဒဏ္ဍာဒိတော ဣက ဤ - ဣက, ဤ။
၅။ မဓွာဒိတော ရော - ရ။
၆။ ဂုဏာဒိတော ဝန္တု - ဝန္တု။
၇။ သတျာဒီဟိ မန္တု - မန္တု။
၈။ သဒ္ဓါဒိတော ဏ - ဏ။
၉။ ဇာတာဒီန မိမိယာ စ
သုတ် အာဒိသဒ္ဒါ - ဣမ, ဣယ, ဣက တို့ ဖြစ်ပါသည်။

၃၇၂၊ ၃၈၅။ တပ္ပကတိဝစနေ မယော။ (၂၃၅။)

မး။ တပ္ပကတိဝစန-ပုဒ်ကို ဝိဂ္ဂဟပြု၍၊ အဓိပ္ပါယ်ရေးပြပါ။

ဖြ။ ပကရီယတီတိ ပကတိ၊ တေန ပကတိ တပ္ပကတိ၊
တပ္ပကတိယာ ဝစနံ တပ္ပကတိဝစနံ။
ထိုဖြင့် ပြုအပ်-ဟူသောအနက်သည် ''တပ္ပကတိ'' မည်၏။
ထိုအနက်ကို ဟောသောသဒ္ဒါသည် ''တပ္ပကတိဝစန'' မည်၏။
တပ္ပကတိဝစန-အရ 'ထို (ရွှေ စသည်)ဖြင့် ပြုအပ်'ဟူသော အနက်ကို ဟောသောသဒ္ဒါ၏ ပကတ, နိပ္ဖန္ဒ, နိဗ္ဗတ္တ စသော အနက်ကို ယူရပါမည်။

(တပ္ပကတိဝစနတ္ထေ-ဟုဖွင့်သည်ကို ထောက်ပါ။)

မး။ တပ္ပကတိဝစနေ မယော-သုတ်၌ ''မယော''ဟူသော ယောဂဝိဘာဂ၏ အကျိုးကို ဖော်ပြပါ။

ဖြ။ ထိုယောဂဝိဘာဂဖြင့် ''ဒါနမေဝ ဒါနမယံ''စသောပြယုဂ်များဝယ် သကတ်အနက်၌ မယ ပစ္စည်းသက်ရခြင်း အကျိုးရှိပါသည်။

မး။ တပ္ပကတိဝစနေ မယော-သုတ်ဖြင့် မယ-ပစ္စည်းသက်ရာအနက်များကို သက်ဆိုင်ရာ ပြယုဂ်များနှင့်တကွ ဖော်ပြပါ။

ဖြ။ ၁။ ပကတအနက် - သုဝဏ္ဏေန ပကတံ သုဝဏ္ဏမယော၊ ရထော။
၂။ နိဗ္ဗတ္တအနက် - ဣဒ္ဓိယာ နိဗ္ဗတ္တံ ဣဒ္ဓိမယံ။
၃။ နိပ္ဖန္ဒအနက် - မနတော နိပ္ဖန္ဒာ မနောမယာ။
၄။ သကတ်အနက် - ဒါနမေဝ မယံ။
(ဆောင်) ပကတိ, နိဗ္ဗတ်၊ သကတ်, နိပ္ဖန်၊ ဤလေးတန်၊ သက်ရန် မယပစ္စည်းတည်း။

http://www.dhammadownload.com

မေး။ ရူပသိဒ္ဓိဆရာသည် ပကတိတဒ္ဓိတ်ကို အဘယ်၌ ထည့်သွင်း မိန့်ဆိုထားပါသနည်း။

ဖြေ။ အနေကတ္ထတဒ္ဓိတ်၌ ထည့်သွင်းမိန့်ဆိုထားပါသည်။ (ပုဒ်စစ်၌ကား သာမညတဒ္ဓိတ် ၁၅ ပါးတို့တွင် တစ်ပါးအဖြစ် သီးခြားပြဆိုထားပါသည်။)

၃၇၃၊ ၄၀၆။ သချ်ာပူရဏော မော။ (၂၄၅။)

မေး။ သချ်ာပူရဏာ–အဓိပ္ပါယ်ကိုရေးပြပါ။

ဖြေ။ ''ပူရယတိ သချ်ာ အနေနာတိ ပူရဏောဟု။
သချ်ာယ ပူရဏော သချ်ာပူရဏော'' ဟူသော ဝစနတ္ထနှင့်အညီ သချ်ာ၏ ပြည့်ကြောင်း ဖြစ်သောအနက် (အရာဝတ္ထု)သည် ''သချ်ာပူရဏာ'' မည်ပါသည်။

မေး။ ပဗ္ဗမော၊ ပဗ္ဗမီ၊ ပဗ္ဗမာ၊ ပဗ္ဗမံ–ပုဒ်တို့ကို ဝိဂြိုဟ်ဆို၍ အသီးသီး အရကောက်ပြခဲ့ပါ။

ဖြေ။

ပဗ္ဗန္နံ ပူရဏော ပဗ္ဗမော၊	ဝဂ္ဂေါ။
ပဗ္ဗန္နံ ပဲူရဏီ ပဗ္ဗမီ၊	ဝီရိယပါရမီ။
ပဗ္ဗန္နံ ပူရဏီ ပဗ္ဗမာ၊	ဝီရိယပါရမီ။
ပဗ္ဗန္နံ ပူရဏံ ပဗ္ဗမံ၊	ဗျာနံ။

မေး။ သချ်ာပူရဏော မော–သုတ်၌ ''မော''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂ၏ အကျိုးကို ဖော်ပြပါ။

ဖြေ။ ထိုယောဂဝိဘာဂဖြင့် ''ဆဒ္ဒေယော ဆဒ္ဒမော'' စသော ပြယုဂ်ဝယ် သကတ်အနက်၌ မ–ပစ္စည်း သက်ရခြင်း အကျိုးရှိပါသည်။

၃၇၅၊ ၄၁၂။ ကောဒိတော ဒသဿီ။ (၂၄၈။)

မေး။ ကောဒိတော ဒသဿီ–သုတ်၏ဝုတ္တိ၌ ''ကောဒိတော ပရဿ ဒသဿ အန္တေ''ဟု အန္တေ–ပုဒ် ထည့်ဖွင့်နိုင်ခြင်းအကြောင်းကို ရှင်းပြ၍ ဤသုတ်ဖြင့် ဤပစ္စည်း သက်ထားသော ပုဒ်တို့၏ လိင်ကိုလည်း ညွှန်ပြပါ။

ဖြေ။ ''ဒသဿ+ဤ''၌ ဒသဿ–ဟူသော ဆဋ္ဌိယန္တပုဒ်သည် ဤ–ဟူသောပစ္စည်းနှင့် ယှဉ်စပ်ခြင်းမရှိသောကြောင့် (ဒသ–သဒ္ဒါ၏ + ဤပစ္စည်း–ဟု မယှဉ်မစပ်နိုင်သောကြောင့်) သာမတ္ထိယတ္ထအားဖြင့် အန္တေ–ဟူသော အနက်ကို ရအုပ်ပါသည်။ ထို့ကြောင့် ဝုတ္တိ၌ ''အန္တေ'' ပုဒ်ကို ထည့်ဖွင့်နိုင်ခြင်းဖြစ်ပါသည်။

ဤသုတ်ဖြင့် ဤပစ္စည်းသက်ထားသော ပုဒ်တို့၏ လိင်မှာ ဣတ္ထိလိင် ဖြစ်ပါသည်။

ထပ်ဆင့်ရှင်းလင်းချက်။ ။ ဆဋ္ဌိယန္တပုဒ်တို့သည် အာဒေသ, အာဂမ, ဧလောပ, အာဒိ, မဇ္ဈိမ, အန္တ–စသော ပုဒ်တို့နှင့်သာ ယှဉ်စပ်နိုင်၏။ ပစ္စည်းနှင့် မယှဉ်မစပ်နိုင်ပါ။ ''ဒသဿ+ဤ'' ၌လည်း ဒသဿ–ဟူသော ဆဋ္ဌိယန္တပုဒ်သည် ဤ–ဟူသော ပုဒ်နှင့် ''ဒသ သဒ္ဒါ၏+ဤပစ္စည်း'' ဟု တိုက်ရိုက် မယှဉ်မစပ်နိုင်ပါ။ ထို့ကြောင့် ဒသဿ–ဟူသော ဆဋ္ဌိယန္တပုဒ်ကို အန္တာပေက္ခဆဋ္ဌိကြံ၍ ထိုဆဋ္ဌိဝိဘတ်၏ သာမတ္ထိယအားဖြင့် ''အန္တေ''ဟူသောအနက်ကို ရအပ် ရနိုင်ပါသည်။

http://www.dhammadownload.com

သာမတ္ထိယ–ဟူသည်။ ။ ဒဿဿ–၌ သဝိဘတ်၏ အန္တာပေက္ခဆဋ္ဌီဖြစ်၍ ''ဒဿဿ၊ ဒဿသဒ္ဒါ၏ အဆုံး၌''ဟူသောအနက်ကို ဟောစွမ်းနိုင်၏။ဤသို့ ဟောစွမ်းနိုင်ခြင်းကို ''သာမတ္ထိယတ္ထ''ဟုဆိုပါသည်။

– အမှဿ မမံ သဝိဘတ္တိဿ သေ – အာဒေသနှင့်စပ်။
– သဿ အာဂမော – အာဂမနှင့်စပ်။
– သရာနံ လောပေါ – လောပနှင့် စပ်။

မှတ်ချက်။ ။ ဂေါ သရေ ပုထဿာဂမော ကွစိ–သုတ်၌ ပုထဿ–ကား အာဂမနှင့် မစပ်ဘဲ အန္တာပေက္ခဆဋ္ဌီဖြစ်၍ အန္တေ–ပုဒ် ထည့်စပ်ရသည်။

မေး။ ကောဒသန်ံ ပူရဏီ ကောဒသီ–စသော ဤပစ္စယန္တပုဒ်တို့နောင် အာ, ဤ, ဣနီ–ဟူသော ဣတ္ထိဇောတကပစ္စည်းများ ထပ်သက်ဖွယ် လို / မလို အကြောင်းပြဖြေဆိုပါ။
ဖြေ။ ထိုပုဒ်သည် ပင်ကိုယ်သဘောအားဖြင့် ဣတ္ထိလိင်၌သာ ဖြစ်ကြသောကြောင့် ထိုပုဒ်တို့နောင် ဣတ္ထိဇောတကပစ္စည်းများ ထပ်သက်ဖွယ် မလိုတော့ပါ။

မေး။ ပူရဏအနက်၌သက်သော မ ပစ္စည်း, ဤပစ္စည်းတို့၏ ခြားနားချက်ကို ဖော်ပြပါ။
ဖြေ။ ပုလ္လိင်, နပုလ္လိင်ကို ဆိုလိုရာ၌ မ–ပစ္စည်း သက်ရ၏။ ဣတ္ထိလိင်ကို ဆိုလိုရာ၌ ဤ–ပစ္စည်း သက်ရပါသည်။

– ကောဒသန်ံ ပူရဏော ကောဒသမော။ (ပုလ္လိင်)
– ကောဒသန်ံ ပူရဏံ ကောဒသမံ။ (နပုလ္လိင်)
– ကောဒသန်ံ ပူရဏီ ကောဒသီ။ (ဣတ္ထိလ္လိင်)

မေး။ (က) ကောဒသန်ံ ပူရဏော ကောဒသော။ (ဒီဝသော)။
(ခ) စတုဒ္ဒသန်ံ ပူရဏော စာတုဒ္ဒသော။ (ဥပေါသထော)။
(ဂ) ပန္နရသန်ံ ပူရဏော ပန္နရသော။ (ဥပေါသထော)–တို့၌ အဘယ်သုတ်ဖြင့် အဘယ်ပစ္စည်းသက်၍ ရုပ်ပြီးပါသနည်း။
ဖြေ။ ယဒနုပပန္နာ နိပါတနာ သိဒ္ဓန္တိ–သုတ်ကြီးဖြင့် ပူရဏအနက်၌ အ–ပစ္စည်းသက်၍ ရုပ်ပြီးပါသည်။ (စာတုဒ္ဒသော–၌ တေသု ဝုဒ္ဓိသုတ်ကြီးဖြင့် စ–၏ အ–ကို အာ–ပြုရသေးသည်။)

၃၇၆၊ ၂၅၇။ ဒသေ သော နိစ္စဉ္စ။ (၁၁၉)
အထူးမရှိပါ။

မှတ်ချက်။ ။ ၃၇၇၊ ၀။ **အန္တေ နိဂ္ဂဟိတဉ္စ**–သုတ်ကို ရူပသိဒ္ဓိ၌ မဖွင့်ပါ။

၃၇၈၊ ၄၁၄။ တိ စ။ (၂၅၀)

မေး။ ဤသုတ်သို့ လိုက်လာသော ဝါသဒ္ဒါ၏ အနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။
ဖြေ။ ဝါ သဒ္ဒါ ဝဝတ္ထိတဝိဘာသာ အနက်ရှိပါသည်။
လိုက်လာသော ဝါ သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိသောကြောင့်လည်းကောင်း၊ တဒနုပရောဓေန–ဟု ပရိဘာသာ လာသောကြောင့်လည်းကောင်း၊ (ဋီကာ၊ ၁၇၅။)

http://www.dhammadownload.com

ဝိသံ, တိသံ သဒ္ဒါတို့၏ အဆုံးဠသာ ဝိကပ်အားဖြင့် 'တိ' လာရပါသည်။ အခြားသော သဒ္ဒါတို့အဆုံးဠ 'တိ' မလာရပါ။

မေး။ (က) ဝိသတိ (ခ) ဝိသံ တို့ကိုရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ (က) ''ဒသ+ဒသ'' တည် ''ဒသ+စ+ဒသ+စ''ဟု ဒွန်သမာသ်ဝါကျဖြစ်ပြီးနောက် သမာသ်စပ်၍ ဒွန်အမည်မှည့်ခြင်းစသည် စီရင်၊ ''ဒသ ဒသ'' ပကတိပြု။ သရူပါန မေကသေသွသကိ သုတ်ဖြင့် ကေသိသ်ပြု (ဒသ)၊ နာမ်ငဲ့, ယောသက် (ဒသ–ယော)၊ ဂဏနေ ဒသဿ–စသောသုတ်ဖြင့် ဒသကို ဝိ–ပြု၊ ယောဝိဘတ်ကိုလည်း ဏ္ဍိသံ–ပြု (ဝိ–ဏ္ဍိသံ)၊ ခွင်း, ချေ, ကပ် (ဝိသံ)၊ တိ စ–သုတ်ဖြင့် ဝိသံ–သဒ္ဒါ၏ အဆုံးဠ် တိ–အက္ခရာလာ၊ ဗျဥ္ဇနေ စ–သုတ်ဖြင့် နိဂ္ဂဟိတ်ကိုချေ၊ တစ်ဖန် တဒ္ဓိတ်ဖြစ်သောကြောင့် နာမ်ငဲ့, သိသက်, ချေ၊ ပြီး၏။

(ခ) တိ–မလာလျှင် ဝိသံ–ဟု ရုပ်ပြီးပါသည်။

မေး။ ဝိသတိ–ပုဒ်ကို ရူဆရာ ရုပ်တွက်ပြရာ၌ ''ပုန တဒ္ဓိတတတ္တာ နာမဗျပဒေသေ'' ဟူသော စကားရပ်၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ''ဒသ–ယော''ဟု ဖြစ်ပြီးနောက် ဒသ–ကို ဝိ–ပြု၍၊ ယောဝိဘတ်ကို ဏ္ဍိသံ– ပြုလိုက်သောအခါ ထို ဏ္ဍိသံ–စသော အာဒေသအထူးကြောင့် ယောဝိဘတ်သည် လိင်အနက်ကို မထွန်းပြနိုင်တော့၊ သဒ္ဒါ၏ အနက်ဠသာလျှင် ဖြစ်သော သွတ္ထပစ္စည်းသာ မည်သင့်သောကြောင့် ''ဝိသံ''သည် တဒ္ဓိတ် ဖြစ်ရပါသည်။ ထိုကြောင့် တစ်ဖန်ထပ်၍ နာမ်ငဲ့ရပါသည်။

မေး။ (က) တိသတိ (ခ) တိသံ (ဂ) တိသ (ဃ) တိသာယ–တို့၏ ရုပ်ပြီးပုံများကို သိသာရုံမျှ ရေးပြပါ။

ဖြေ။ (က) ''ဒသ + စ + ဒသ + စ + ဒသ + စ'' ဟု သမာသ်ဝါကျ ဖြစ်ပြီးနောက် ဒသ–ဟု ပကတိပြု ''ဒသယော'' ဟု ဖြစ်သောအခါ ဒသ–သဒ္ဒါကို တိ–ပြု၊ ယော–ဝိဘတ်ကို ဏ္ဍိသံပြု၊ ခွင်း, ချေ, ကပ် (တိသံ)၊ ကွစာဒိ–သုတ်ကြိုးဖြင့် တိ–ဠ် ဏ္ဍိကို ဣ ရဿပြု၊ ရှေ့ တိ–ထက်ဠ် နိဂ္ဂဟိတ်လာ (တိသံ)၊ တိ–လာ (တိသံတိ)၊ သံ– ဠ် နိဂ္ဂဟိတ်ကို ချေ၊ နာမ်ငဲ့ စသည်၊ ပြီး၏။ (နိဂ္ဂဟိတ်လာရာဠ် သိဟိုဠ်ဠမူအလို ''အန္တေ နိဂ္ဂဟိတဠ'' သုတ်ဖြင့်လာ၊ ဘာသာဋီကာဠမူ သန္ဓိ နိဂ္ဂဟိတဠ သုတ်ဖြင့်လာ၏။

(ခ) တိ– မလာလျှင် တိသံ–ဟု ပြီးပါသည်။

(ဂ) တိသံ–မှ နိဂ္ဂဟိတ်ကို ဗျဥ္ဇနေ စ–သုတ်ဖြင့် (သုတ်ကြိုးဖြင့်) ချေလျှင် တိသ–ဟု ပြီးပါသည်။

(ဃ) တိသ–ဟု ဖြစ်ပြီးနောက် အာ ပစ္စည်းသက်၊ နာမ်ငဲ့, နာသက်, အာယ–ပြု၍ ''တိသာယ''ဟု ပြီးပါသည်။

မေး။ (က) ပဏ္ဏာသ (ခ) ပညာသ တို့ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ (က) ''ဒသ–ယော''ဟု ဖြစ်သောအခါ ဂဏနေ–စသော သုတ်ဖြင့် ဒသ–ကို ပညာ–ပြု၊ ယောဝိဘတ်ကိုလည်း အာသံ–ပြု၊ ခွင်း, ချေ, ကပ် (ပညာသံ)၊ တေသု ဝုဒ္ဓိ–သုတ်ကြိုးဖြင့် ပည–ကို ပဏ္ဏ–ပြု၊ ပြီး၏။

(ခ) ပည–ကို ပဏ္ဏ–မပြုလျှင် ''ပညာသံ''ဟု ပြီးပါသည်။

http://www.dhammadownload.com

၃၇၉၊ ၂၅၈။ လ ဒရာနံ။ (၁၁၉၊ ၂၄၉။)

မေး။ လိုက်လာသော ဝါ သဒ္ဒါ၏အနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ ဝါ သဒ္ဒါ ဝတ္ထိတဝိဘာသာ အနက်ရှိပါသည်။
ထို ဝါ သဒ္ဒါက–
- 'သောဠသ' ပြယုဂ်၌ ဒ–ကို အမြဲ ဠ–ပြုရခြင်း နိစ္စဝိဓိ။
- စတ္တာလီသ, စတ္တာရီသ၊ တေဠသ, တေဠသ, တေရသ–ပြယုဂ်တို့၌ ရ ကို အချို့ ဠ–ပြုရခြင်း အနိစ္စဝိဓိ။
- ဒသ, စုဒ္ဒသ, ပန္နရသ, သတ္တရသ–စသော ပြယုဂ်တို့၌ ဒ, ရ တို့ကို လုံးဝ လ–မပြုရခြင်း အသန္တဝိဓိတို့ကို သတ်မှတ်ပြပါသည်။

၃၈၀၊ ၂၅၅။ ဝိသတိဒသေသု ဗာ ဒ္ဒိဿ တု။ (၁၁၈၊ ၂၄၈။)

မေး။ ဝိသတိဒသေသု–သုတ်လာ တု–သဒ္ဒါ၏ အကျိုးကို ရှုအလိုက္ခ ဖော်ပြပါ။

ဖြေ။ တု သဒ္ဒါဖြင့် တိ်သ သဒ္ဒါကြောင့်လည်း ဒ္ဒိ–ကို ဗာ–ပြုရပါသည်။
(ကစ္စည်းအလိုကား ဒ္ဒိသဒ္ဒါကို ဒု, ဒိ, ဒေါ–ပြုရပါသည်။)

မေး။ ဗာရသ, ဒ္ဒါဒသ–တို့ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ ''ဒ္ဒိ + ဒသ'' ဟု ဖြစ်သောအခါ ဝိသတိဒသေသု–စသော သုတ်ဖြင့် ဒ္ဒိသဒ္ဒါကို ဗာ–ပြု (ဗာဒသ)၊ ကောဒိတော ဒသ ရ သခ်္ခနေ–သုတ်ဖြင့် ရ–ပြု (ဗာရသ)၊ နာမ်ငဲ့စသည်၊ ပြီး၏။
ဒ္ဒိ–ကို ဗာ–မပြုသောအခါ ဒ္ဒေကဋ္ဌာနမာကာရော ဝါ–သုတ်ဖြင့် ဒ္ဒိ–သဒ္ဒါ၏ ဣကို အာ–ပြု၊ နာမ်ငဲ့စသည်၊ ပြီး၏။

မေး။ ''တိ + ဒသ''မှ ''တေရသ'' ဖြစ်အောင် စီရင်ရာ၌ ပဓာနဖြစ်သော သုတ်များကိုသာ သက်ဆိုင်ရာ အစီအရင်များနှင့် တွဲစပ်ဖော်ပြပါ။

ဖြေ။ တေသု ဝုဒ္ဓိ–သုတ်ကြီးဖြင့် ဒသ သဒ္ဒါကြောင့် တိ–ကို တေ–ပြု၊
ကောဒိတော ဒသ ရ သခ်္ခနေ–သုတ်ဖြင့် ဒ ကို ရ–ပြု။

မေး။ စာတုဒ္ဒသီ, စတုဒ္ဒသီ–ဟု ၂–မျိုးရှိရာ အဘယ်ပါ၌ သင့်ပါသနည်း ဆုံးဖြတ်ပါ။

ဖြေ။ တေသု ဝုဒ္ဓိ–သုတ်ကြီးဖြင့် စ–၏ အ–ကို အာဝုဒ္ဓိ ပြုလျှင် ''စာတုဒ္ဒသီ''ဟု ရုပ်ပြီး၍၊ မပြုလျှင် စတုဒ္ဒသီ–ဟု ရုပ်ပြီးသည်။ ထိုကြောင့် ပါ၌ ၂–မျိုးလုံးပင် သင့်ပါသည်။

– စတုဒ္ဒသီ၊ စာတုဒ္ဒသီ ဝါ။ (ရူ၊ ၂၄၈။)

မေး။ စာတုဒ္ဒသီ, ပဉ္စဒသီ–ဟူသော ရုပ်များ၌ အန္တေ နိဂ္ဂဟိတဉ္စ သုတ်ဖြင့် နိဂ္ဂဟိတ်လာခြင်းကို ရှုဆရာ အလိုရှိ မရှိ ၄င်းကျမ်းနှင့် ညှိ၍ ဖြေဆိုပါ။

ဖြေ။ ရူပသိဒ္ဓိဆရာသည် ထိုသုတ်ကို လုံးဝ ဖွင့်မပြထားသောကြောင့် ထိုရုပ်များ၌ အန္တေ နိဂ္ဂဟိတဉ္စ သုတ်ဖြင့် နိဂ္ဂဟိတ်လာခြင်းကို အလိုမရှိပါ။
(အဋ္ဌကထာဆရာများ ဖွင့်ပြသည့်အတိုင်း အစွန်သံယောဂအနက်၌ ဒုတိယာ ကေဝုစ်

http://www.dhammadownload.com

အံ ဝိဘတ်ခြင်းကိုသာ အလိုရှိပါသည်။)

၃၈၁၊ ၂၅၄။ ကောဒိတော ဒသ ရ သခ်္ဂနေ (၁၁၈၊ ၂၄၇။)

မေး။ (က) ကောဒိတော ဒသ ရ သခ်္ဂနေ။
(ခ) ကောဒိတော ဒသ ရ သခ်္ဂနေ။
ဤသို့ သုတ်စဉ်ပါဠို နှစ်မျိုးရှိနေရာ သင့်မြတ်သော ပါဠိကို ယုတ္တိသာဓကဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ ''ကောဒိတော ဒသဿ ရ သခ်္ဂနေ''တိ ဝတ္တဗ္ဗေ ဆဋ္ဌေကဝစနလောပေန ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ-ဟူသော ရူပသိဒ္ဓိဋီကာ (၇၁)အလို ဒသ-သဒ္ဒါနောင် ဆဋ္ဌီ ကဝုစ် သဝိဘတ်ကို ချေထားသောကြောင့် အမှတ် (၁) ပါဠိသာ အမှန် ဖြစ်ပါသည်။

မေး။ ကောဒိတော ဒသ ရ သခ်္ဂနေ-သုတ်ဖြင့် ဒသ သဒ္ဒါ၏ ဒ-ကို ရ-ပြုရမည်လော? သ-ကို ရ-ပြုရမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ရ-အပြုသည် ဝဏ္ဏတစ်လုံး (ဗျည်းတစ်လုံး)တည်း ဖြစ်သောကြောင့် ဒသ-သဒ္ဒါ၏ ဒ-ဗျည်းကို ရ-ပြုရမည်လော? သ-ဗျည်းကို ရ-ပြုရမှည်လော? ဟု တွေးတောယုံမှားဖွယ် ရှိပါသည်။ ထိုသို့ တွေးတောယုံမှားဖွယ်ရှိသော်လည်း ကောဒိတော-ဟူသော ပဋမိနိမိတ်နှင့် နီးကပ်လျက်ရှိသောကြောင့် ဒသ-သဒ္ဒါ၏ ဒ-ဗျည်းကိုသာ ရ-ပြုရပါမည်။

မေး။ ကောရသ, ကောဒသ-တို့ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ ''က + ဒသ''ဟု ဖြစ်သောအခါ ဒွေကဋ္ဌာန မာကာရော ဝါ-သုတ်ဖြင့် ကသဒ္ဒါ၏ အဆုံး အ-ကို အာ ပြု၊ ကောဒိတော ဒသ ရ သခ်္ဂနေ-သုတ်ဖြင့် ဒ-ကို ရ-ပြု (ကောရသ)၊ နာမ်ငဲ့, ယောသက်၊ ပဌာဒိန မကာရော-သုတ်ဖြင့် အ-ကို အ-ထပ်ပြု။ ပြီး၏။

ဒ-ကို ရ-မပြုလျှင် ကောဒသ-ဟု ပြီး၏။

၃၈၂၊ ၂၅၉။ အဋ္ဌာဒိတော စ။ (၁၂၀၊ ၂၄၈။)

မေး။ အဋ္ဌာဒိတော စ- သုတ် အာဒိသဒ္ဒါဖြင့် ယူရမည့်သခ်္ဂါတို့ကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ အထက်၌ ''နဝဒသ''ဟု နဝ-သဒ္ဒါနှင့် တွဲပြဖို့ရာ ဒသသဒ္ဒါ မရှိတော့ပြီဖြစ်သောကြောင့် အောက်ဖြစ်သော သတ္တ, ပဉ္စ သဒ္ဒါတို့ကိုသာ ယူရပါမည်။ (ရူဒီ၊ ၁၇၄။)

သာဓက - အဋ္ဌာဒိတောတိ ကိမတ္ထံ၊ စတုဒ္ဒသ။

မေး။ ကောဒိတော ဒသ ရ သခ်္ဂနေ- သုတ်ဖြင့်ပင် ရ-အပြုပြီးနိုင်ပါလျက် ဤ အဋ္ဌာဒိတော စ-သုတ်ကို တစ်ဖန် အားထုတ်ရခြင်းအကျိုးကို ဖော်ပြပါ။

ဖြေ။ အဋ္ဌ-အစရှိသော သခ်္ဂါသဒ္ဒါနောင် ဒ-ကို အမြဲ ရ-ပြုဟု သတ်မှတ်ရခြင်း အကျိုးရှိပါသည်။ ထိုသို့ သတ်မှတ်လိုက်ခြင်းကြောင့် စတုဒ္ဒသ-ပြယုဂ်၌ စတုသခ်္ဂါသဒ္ဒါ နောင် ဒ-သဒ္ဒါရှိသော်လည်း ရ-မပြုရတော့ပါ။ (ရူဒီ၊ ၁၇၄။)

မေး။ (က) ပန္နရသ (ခ) ပဏ္ဏဝီသတိ၊ ပဉ္စဝီသတိ-တို့ကို ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ (က) ''ပဋ္ဌ-ဒသ''ဟု ဖြစ်သောအခါ တေသု ဝုဒ္ဓိ-သုတ်ကြီးဖြင့် ဒသ-သဒ္ဒါ, ဝီသတိ သဒ္ဒါတို့ကြောင့် ပဋ္ဌ-သဒ္ဒါကို ပန္နာ-ပြု (ပန္နရသ)၊ နာမ်ငဲ့, ယောသက်စသည်၊ ပြီး၏။

ပဏ္ဏာ-ပြုလျှင် ပဏ္ဏရသ-ဟု ပြီးပါသည်။

(ခ) ''ပဋ္ဌ-ဝီသတိ''ဟု ဖြစ်သောအခါ တေသု ဝုဒ္ဓိ-သုတ်ကြီးဖြင့် ပဋ္ဌသဒ္ဒါ ကို ပဏ္ဏာ-ပြု၊ နာမ်ငဲ့စသည်၊ ပြီး၏။

ပဋ္ဌ သဒ္ဒါကို ပဏ္ဏာ-မပြုလျှင် ''ပဋ္ဌဝီသတိ''ဟု ပြီး၏။

မေး။ **''တေသု ဝုဒ္ဓိတိအာဒိနာ ပဋ္ဌသဒ္ဒဿ ဒသဝီသတိသု ကွစိ ပန္နုပဏ္ဏာအာဒေသာ''** ဟူသော ရူပသိဒ္ဓိ (၁၁၉)လာ စကားရပ်၏ အဓိပ္ပါယ်မှန်ကို ရှင်းပြခဲ့ပါ။

ဖြေ။ ''တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် ဒသ, ဝီသသဒ္ဒါတို့ကြောင့် ပဋ္ဌသဒ္ဒါကို အချို့ ပန္နာ, ပဏ္ဏာပြု''ဟု သာမည မိန့်ဆိုထားသော်လည်း ရူစာမျက်နှာ (၂၄၈)လာ ''ပန္နရသ၊ ပဋ္ဌဒသ။ ပန္နရသမော၊ ပဋ္ဌဒသမော။ ပန္နရသီ၊ ပဋ္ဌဒသီ''ဟူသော ပြယုဂ်များနှင့် စာ-(၂၅၀)လာ ''ပဏ္ဏဝီသတိ၊ ပဏ္ဏဝီသံ ဝါ၊ ပဏ္ဏဝီသတိမော''ဟူသော ပြယုဂ်များကို ထောက်လျှင် ''ဒသသဒ္ဒါကြောင့် ပဋ္ဌသဒ္ဒါကို ပန္နာ-ပြု၊ ဝီသတိ သဒ္ဒါကြောင့် ပဋ္ဌသဒ္ဒါကို ပဏ္ဏာ-ပြု''ဟု အစဉ်အတိုင်းပြုရန် ရည်ရွယ်တော်မူဟန်ရှိပါသည်။

မောဂ္ဂလ္လာန်၌လည်း ''ဝီသတိဒသေသု ပဋ္ဌဿ ပဏ္ဏ ပန္နာ (၃၊ ၉၉။) ဟု သုတ်တည်၍ ၄င်းဝုတ္တိ၌ ''ဝီသတိဒသေသု ပရေသု ပဋ္ဌဿ ပဏ္ဏပန္နာ ဟောန္တိ ဝါ ယထာဂ္ဂမံ။ ပဏ္ဏဝီသတိ ပဋ္ဌဝီသတိ၊ ပန္နရသ ပဋ္ဌဒသ'' ဟု အစဉ်အတိုင်းပြုရန် ဖွင့်ဆိုထားပါသည်။ ရူ၊ စာ-၁၁၉ ၌ ''ပန္နရသ၊ ပဏ္ဏရသ''ဟု ရှိနေရာ ပဏ္ဏရသ-မှာ နောက်ထည့်ပါ၌သာ ဖြစ်ဖွယ်ရာရှိပါသည်။

မေး။ ဒွိ အစရှိသော သဒ္ဒါသဒ္ဒါတို့၏ လိင်, ဝုစ်များကို ရေးသားဖြေဆိုပါ။

ဖြေ။ ဒွိ အစ အဋ္ဌာရသ အဆုံးရှိသော သဒ္ဒါသဒ္ဒါတို့သည် လိင် ၃-ပါး, ဗဟုဝုစ်။

ဝီသတိ အစ နဝုတိ အဆုံးရှိသော သဒ္ဒါသဒ္ဒါတို့သည် နပုလ္လိင်, ကေဝုစ်၊ အစုကွဲပြားလျှင် ဗဟုဝုစ်လည်း ဖြစ်၏။

ကောဋိ အစ အက္ခောဘိဏီ အဆုံးရှိသော သဒ္ဒါသဒ္ဒါတို့သည် ကွတ္ထိလိင်, ကေဝုစ်၊ အစုကွဲပြားလျှင် ဗဟုဝုစ်လည်း ဖြစ်၏။

မေး။ ''ဝီသတျာဒိ၊ နဝုတိ၊ ကွတ္ထိ ကေဝုစ်''ဟူသော စကားကို မုချ မှတ်သင့် / မမှတ်သင့် သာဓကဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ ဆန္နဝုတိနံ ပါသဏ္ဍာနံ-ကို ထောက်၍ ယင်းနိယံကို မုချ မမှတ်သင့်ပါ။
ရံခါ ဗဟုဝုစ်လည်း ရှိသေး၏-ဟူလို။

မေး။ ဝီသတိ အစ နဝုတိ အဆုံးရှိသော သဒ္ဒါသဒ္ဒါတို့ သဒ္ဒါန, သဒ္ဒေါယျ၌ ဖြစ်ပုံ (သဒ္ဒါ, သဒ္ဒေါယျ ပြဋ္ဌာန်းပုံ) ကို ရေးပြပါ။

ဖြေ။ (က) ဘိက္ခူနံ ကေနဝီသတိ တိဋ္ဌတိ။
(ခ) ကေနဝီသတိ ဘိက္ခဝေါ တိဋ္ဌန္တိ။

http://www.dhammadownload.com

(က) ''ဘိက္ခူနံ၊ ရဟန်းတို့၏ ကျေနပ်သတိ။ ၁၉-ပါး''ဟူရာ၌ 'ဘိက္ခူနံ'သည် ဝိသေသန, 'ကျေနပ်သတိ'ဟူသော သချာသည် ဝိသေသျ ဖြစ်၍ ဘိက္ခူနံ-ဟူသော ဝိသေသနသည် မပြဋ္ဌာန်း၊ ကျေနပ်သတိ-ဟူသောသချာသာ ပြဋ္ဌာန်းပါသည်။ (ကျေနပ်သတိ-ဟူသောသချာသည် ဝိသေသျဖြစ်၍ တိဋ္ဌတိ ကြိယာ၌ ဆိုက်စပ်ရသောကြောင့် ပြဋ္ဌာန်းပါသည်။ - ဂဏ္ဌိ)

(ခ) ''ကျေနပ်သတိ၊ နှစ်ဆယ့်တစ်ပါးသော။ ဘိက္ခဝေါ၊ ရဟန်းတို့''ဟူရာ၌ ကျေနပ်သတိ သည် ဝိသေသန၊ ဘိက္ခဝေါ-သည် ဝိသေသျဖြစ်၍ ကျေပ်သတိ-ဟူသော သချာသည် မပြဋ္ဌာန်း၊ ဘိက္ခဝေါ-ဟူသော ဝိသေသျသာ ပြဋ္ဌာန်းပါသည်။ (ဘိက္ခဝေါ-သည် ဝိသေသျဖြစ်၍ တိဋ္ဌန္တိ-ကြိယာ၌ ဆိုက်စပ်ရသောကြောင့် ပြဋ္ဌာန်းပါသည်။ - ဂဏ္ဌိ)

မေး။ သချာန, သချေါယျတို့၏ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ''သချာယတိ ဇေတနာတိ သချာနံ''ဟူသော ဝစနတ္ထနှင့်အညီ ရေတွက်အပ်ကြောင်း ဖြစ်သော တစ်, နှစ်, သုံး, လေး စသော သချာသည် ''သချာန'' မည်၏။

သချာယတေတိ သချေါယျော''ဟူသော ဝစနတ္ထနှင့်အညီ ရေတွက်အပ်သော အရာဝတ္ထုသည် ''သချေါယျ'' မည်၏။

၃၈၃၊ ၂၅၃။ ဒွေကဋ္ဌာန မာကာရော ဝါ။ (၁၁၈၊ ၂၄၇။)

မေး။ ဤသုတ်ပါ ဝါသဒ္ဒါ၏ သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ -ဒသ သဒ္ဒါကြောင့် ဒွိ, ကေ, အဋ္ဌ သဒ္ဒါတို့၏ အဆုံးသရကို အမြဲအာ-ပြုရခြင်း နိစ္စဝိဓိ။

-ဝိသတိ အစ နဝုတိ အဆုံးရှိသောသဒ္ဒါတို့ကြောင့် ဒွိ သဒ္ဒါ၏ ဣ-ကို အချို့ အာ-ပြုရခြင်း အနိစ္စဝိဓိ။

-ဝိသတိ အစ နဝုတိ အဆုံးရှိသော သဒ္ဒါတို့ကြောင့် ကေ, အဋ္ဌ သဒ္ဒါ၏ အဆုံးသရကို လုံးဝ အာ-မပြုရခြင်း အသန္တဝိဓိတို့ကို သတ်မှတ်ပြပါသည်။

နိစ္စဝိဓိ	-	ဒွိ + ဒသ	>	ဒွါဒသ
		ကေ + ဒသ	>	ကောဒသ
		အဋ္ဌ + ဒသ	>	အဋ္ဌာရသ
အနိစ္စဝိဓိ	-	ဒွိ + ဝိသတိ	>	ဒွါဝိသတိ၊ ဒွေဝိသတိ။
		ဒွိ + နဝုတိ	>	ဒွါနဝုတိ၊ ဒွေနဝုတိ။
အသန္တဝိဓိ	-	ကေ + ဝိသတိ	>	ကေဝိသတိ။
		အဋ္ဌ + ဝိသတိ	>	အဋ္ဌဝိသတိ။
		ကေ + နဝုတိ	>	ကေနဝုတိ။
		အဋ္ဌ + နဝုတိ	>	အဋ္ဌနဝုတိ။

၃၈၄၊ ၄၀၇။ စတုဿေဟိ ဆဋ္ဌာ။ (၂၄၆)

မေး။ စတု, ဆ သချာသဒ္ဒါတို့နောင် ထ, ဋ္ဌ ပစ္စည်းတို့ သက်ရာ၌ သိသင့်သိထိုက်သောအချက်ကို

http://www.dhammadownload.com

ဖော်ပြပါ။

ဖြေ။ ယင်း ထ, ဌ ပစ္စည်းတို့ကို ဒွေးဘော်ပြုရမည်–ဟူသော အချက် ဖြစ်ပါသည်။

မေး။ ဆဋ္ဌော နှင့် ဆဋ္ဌမော–တို့၏ ခြားနားချက်ကို ဖော်ပြပါ။

ဖြေ။ ဆဋ္ဌော–သည် စတုစ္ဆေဟိ ထဌာ–သုတ်ဖြင့် ဆ–သချ်ာသဒ္ဒါနောင် ဌပစ္စည်းသက်၍ ရုပ်ပြီးသော ပုဒ်ဖြစ်၏။

ဆဋ္ဌမော–ကား ဆဋ္ဌ–ဟု ရုပ်ဖြစ်ပြီးနောက် သချ်ာပူရဏော မော–သုတ်၌ ''မော'' ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် သကတ်အနက်၌ မ–ပစ္စည်းသက်၍ ရုပ်ပြီးသော ပုဒ်ဖြစ်၏။ ဤသို့ ခြားနားပါသည်။

မေး။ ဆဋ္ဌမော–ပုဒ်နှင့်စပ်၍ သိမှတ်ဖွယ်ရာများကို ဖော်ပြပါ။

ဖြေ။ ဆဋ္ဌမော–ပုဒ်သည် ရူပသိဒ္ဓိနှင့် ၄င်းဋ္ဌီကာတို့အလို ဆသချ်ာသဒ္ဒါနောင် ပူရဏအနက်၌ မ–ပစ္စည်းသက်၍ ပြီးသော ဆဋ္ဌ–ပုဒ်နောင် သကတ်အနက်၌ တစ်ဖန် မ–ပစ္စည်း ထပ်သက်၍ ရုပ်ပြီးသောပုဒ် ဖြစ်၏။

မောဂ္ဂလ္လာန်အလိုကား ''ဆာ ဌဌမာ''ဟူသောသုတ်ဖြင့် ဌမ–ပစ္စည်း သက်၍ ပြီးသော ပုဒ်ဖြစ်ပါသည်။

မေး။ ''ဆဋ္ဌသဂ်ိယနာ''ကို ''ဆဋ္ဌမသဂ်ိယနာ''ဟု ပြောလျှင် မှန် / မမှန် ဝေဖန်ဆုံးဖြတ်ပါ။

ဖြေ။ ဆဋ္ဌ နှင့် ဆဋ္ဌမ ၂–ခုလုံးသည် ''ခြောက်ခုမြောက်''ဟူသော အနက်ကိုဟောသည့် အနက်တူသဒ္ဒါများ ဖြစ်သောကြောင့် ယင်းသို့ပြောလျှင် မှန်ပါသည်။

၃၈၅၊ ၄၁၉။ ဒွိတိဟိ တိယော။ (၂၄၆)

မေး။ ယခုအခါ မြန်မာနိုင်ငံ သာသနာ၌ ''ဒုတိယ + ဒုတိယ'' တတိယ + တတိယ'' ဟု ရသ, ဒီဃနှစ်မျိုး ရေးနေ ရွတ်နေကြရာ အဘယ်သို့သော ရေးသင့်, ရွတ်သင့်ပါသနည်း စိစစ်ဖြေဆိုပါ။

ဖြေ။ သက္ကတသဒ္ဒါနည်းအရ ''ဒွိတီယ, တဒတီယ''ဟု ဖြစ်သောကြောင့် ယင်း သက္ကတ နောက်သို့ လိုက်၍ ''ဒုတိယ, တတိယ''ဟု ရေးကြ ရွတ်ကြခြင်း ဖြစ်ပါသည်။

သက္ကတာနုသာရီအားဖြင့် ''ဒုတိယ၊ တတိယ''ဟု ဒီဃဖြင့် ရေးရမည်ဖြစ်သော်လည်း မာဂဓ ပါဠိ, အဋ္ဌကထာ, ဋီကာတို့၌ကား ''ဒုတိယ, တတိယ''ဟု ရသဖြင့်သာ အစဉ်အလာရှိခဲ့သောကြောင့် ''ဒုတိယ, တတိယ''ဟု ရသဖြင့်သာ ရေးသင့်, ရွတ်သင့်ပါသည်။

မှတ်ချက်။ ။ ''တဒတီယ''ကို ''တရိတီယ''ဟု ဖတ်ပါ။

၃၈၆၊ ၄၁၀။ တိယေ ဒုတာပိ စ။ (၂၄၆)

မေး။ အပိ သဒ္ဒါ, စ သဒ္ဒါတို့၏ အနက်တို့ကို ဖော်ပြပါ။

ဖြေ။ အပိ သဒ္ဒါသည် တိယပစ္စည်းမှတစ်ပါး ရတ္တ, ဝိဓ, အင် စသော သဒ္ဒါတို့ကြောင့်လည်း ဒွိ သဒ္ဒါ၏ ဒု–အပြုကို ဆည်းခြင်း သမုစ္စည်းအနက် ရှိပါသည်။

– ဒုရတ္တံ၊ ဒုဝိဓံ၊ ဒုဝင်္ဂံ။

http://www.dhammadownload.com

စသဒ္ဒါ ဒိရတ္တံ, ဒိဂုဏံ, ဒိဂု-စသော ပြယုဂ်တို့၌ ဒွိ-သဒ္ဒါ၏ ဒိ-အပြုကို ဆည်းခြင်း သမုစ္စည်းအနက် ရှိပါသည်။

၃၈၇၊ ၄၁၁။ တေသ မဗျူပပဒေန အဗျုဗျု ဒိဝဗု ဒိယဗု' ဗုတိယာ။ (၂၄၇)

မေး။ အဗျူပပဒ-အရကို ကောက်ပြ၍၊ ယင်း၌ ဥပပဒ-သဒ္ဒါ၏ အနက်ကိုလည်း ဖော်ပြပါ။

ဖြေ။ အဗုံ စ တံ ဥပပဒဥာတိ အဗျူပပဒံ၊ တေန အဗျူပပဒေန။ ''အဗျူပပဒေန၊ အဗု-ဟူသော အနီးပုဒ်နှင့်''ဟု ပေးကြသော နိဿယတို့အလို ဥပပဒသဒ္ဒါ သမီပအနက် ဟောပါသည်။ ဂဏ္ဌိ၌ကား ''အဗု-ဟူသော ရှေ့ပုဒ်နှင့် ဟု အနက်ပေး၍ ''ဥပပဒံ ၌ ဥပ သဒ္ဒါ ပဌမတ္ထဟော၊ သမီပဟော မဟုတ်၊ ဥပပဒ-ကို ရှေ့ပုဒ်-ဟု မြန်မာပြန်'' ဟု ရေးသားတော်မူပါသည်။

မှတ်ချက်။ ။ ဝုတ္တိအဖွင့်ပါ ''အဗျူပပဒါနံ''အရကား အဗု-ဟူသော အနီးပုဒ် (ရှေ့ပုဒ်)ရှိကုန်သော စတုတ္ထ, ဒုတိယ, တတိယသဒ္ဒါတို့ကို ယူရပါမည်။ - အဗုံ ဥပပဒံ ယေသန္တိ အဗျူပဒါ၊ တေသံ အဗျူပပဒါနံ''ဟု ဝစနတ္ထပြုပါ။

မေး။ တေသ မဗျူပပဒေန-၌ တေသံ-အရကို အကြောင်းနှင့်တကွ ကောက်ပြပါ။

ဖြေ။ အဗျူပပဒေန-၌ အဗု-ဟူသော အနီးပုဒ် (ရှေ့ပုဒ်)ကို ယူခြင်း၏ အစွမ်းသတ္တိကြောင့် တေသံ-အရ အဗု-သဒ္ဒါရှေးရှိသော စတုတ္ထ, ဒုတိယ, တတိယ သဒ္ဒါတို့ကိုသာ ယူရပါမည်။ သက်သက်သော စတုတ္ထ, ဒုတိယ, တတိယ သဒ္ဒါတို့ကို မယူရ။
(တေသံ-အရ အဗုစတုတ္ထ, အဗုဒုတိယ, အဗုတတိယတို့ကို ယူရမည်-ဟူလို။)

မေး။ အပေုန စတုတ္ထော အဗုဗော-ကို အနက်ပေး၍ ရှင်းချက်လည်း ထုတ်ခဲ့ပါ။

ဖြေ။ ဘာသာဋီကာ၌ ''အပေုန။ အခွဲဖြင့်။ စတုတ္ထော၊ လေးခုတည်း။ အဗုဗော၊ အခွဲဖြင့် လေးခု''အနက်ပေး၍ စတုတ္ထော-၌ ထပစ္စည်းသည် ပူရဏအနက်၌ မသက်ဘဲ သဉ်ပူရဏေ-ဟူသော အလိုက်ကို ကြဉ်၍ စတုစ္ဆေဟိ ထဌာ-သုတ်ဖြင့် သကတ္ထ၌ ထ ပစ္စည်းသက်-ဟု ကြံကြကြောင်းနှင့် အပေုန-၌ နာဝိဘတ်လည်း ဝိသေသနအနက်၌ သက်ကြောင်း ရှင်းပြထားသည်။

ဂဏ္ဌိ၌ကား ''အပေုန၊ အခွဲနှင့်။ စတုတ္ထော၊ လေးခုတို့၏ ပြည့်ကြောင်းတည်း'' ဟု အနက်ပေး၍ ''အပေုန ပုဒ်ကား သဟတ္ထယောဂ တတိယာဖြစ်၍ စတုတ္ထ-ပုဒ်၌ ထ-ပစ္စည်း ပူရဏအနက်၌ပင် သက်သော်လည်း အဗုဗု-အရ သုံးခုခွဲသာ ကောက်ယူရ၏။ သမဝါယကို ဂရုစိုက်၊ သမဝါယကို သဘောကျမှ အမှန်ကို ကောက်နိုင်သည်''ဟု ရှင်းပြထားပါသည်။

၃၈၈၊ ၆၈။ သရူပါန မေကသေသွသက်။ (၄၅)

မေး။ သရူပါနံ-ပုဒ်ကို ဝစနတ္ထပြု၍ အရကောက်ပြပြီးလျှင်၊ ဝိဘတျတ္ထကိုလည်း ညွှန်ပြပါ။

ဖြေ။ ''သမာနံ ရူပံ ယေသန္တိ သရူပါ''ဟူသော ဝစနတ္ထနှင့်အညီ တူသော သဘော (တူသော သုတိ)ရှိသော ပုဒ်, ဗျည်းတို့ကို ရပါသည်။

ဝိဘတျတ္ထကား- နိဒ္ဓါရဏတ္ထ ဖြစ်ပါသည်။

http://www.dhammadownload.com

သာဓက – သရူပါနံ သမာနရူပါနံ ပဒဗျဥ္ဇနာနံ မဇ္ဈေ။

မေး။ ''ကေသိသ်''ဟူသည် အဘယ်နည်း? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''သိဿတေတိ သေသော၊ ကောဝ သေသော ကေသေသော''ဟူသော ဝစနတ္ထနှင့်အညီ ချွင်းချန်ထားအပ်သော ပုဒ်တစ်ပုဒ်တည်းကို (တစ်ပုဒ်တည်း ချွင်းချန်ထားခြင်းကို) ''ကေသိသ်''ဟု ဆိုပါသည်။

မေး။ ''သရူပါနံ''ဟုဆိုလျှင် ''တစ်ကြိမ်မဟုတ်သော ပြယုဂ်''ဟူသောအနက် ပြီးပါလျက် အဘယ်အကျိုးငှါ ''အသကိ''သဒ္ဒါကို ထည့်ဆိုရပြန်ပါသနည်း? ဖြေဆိုပါ။

ဖြေ။ ဝိဘတ်တူ ပုဒ်ဗျည်းများကိုသာ တစ်ကြိမ် မဟုတ်ရာ ပြယုဂ်များ၌သာ ကေသိသ်ပြုပါ–ဟု ပြခြင်းအကျိုးငှါ ''အသကိ''သဒ္ဒါကို ထည့်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ ''ဂါမေ ဂါမေ ဇလံ အတ္ထိ'' စသော ဝိစ္ဆာပြယုဂ်များ၌ ကေသိသ်ပြုရ / မပြုရ အကြောင်းပြ ဆုံးဖြတ်ပါ။

ဖြေ။ ''ဝဂ္ဂါ ပဥ္စပဥ္စသော မန္တာ''သုတ်၌ ''ပဥ္စပဥ္စသော''ဟု ညွှန်ပြခြင်းဖြင့်ပင်လျှင် ဝိစ္ဆာ ပြယုဂ်၏ ပြီးစီးခြင်းကို သိစေအပ်သောကြောင့် ဝိစ္ဆာပြယုဂ်၌ ကေသိသ် မပြုရပါ။

တစ်နည်း–အနက်များစွာတို့ကို တစ်ပေါင်းတည်း ဆိုလိုရာ၌သာ ကေသိသ်ပြုရပါသည်။ ဝိစ္ဆာပြယုဂ်၌ အနက် ၂–ခုတို့ကို တစ်ပေါင်းတည်း မဆိုလိုသောကြောင့် ဝိစ္ဆာပြယုဂ်၌ ကေသိသ် မပြုရပါ။

ရူပသိဒ္ဓိဝယ် ပြင်ဆင်ဖွယ်။ ။ ရူပသိဒ္ဓိစာကိုယ်၌ ဒဿနတ္ထံ–နောက်ရှိ ကော်မာ(,) ကို နှစ်ချောင်းပိုဒ် ပြင်၍၊ ''နစ ဝိစ္ဆာပယောဂေ'တိပ္ပသဂေါ်''နောက်ရှိ နှစ်ချောင်းပိုဒ် (။) ကို ဖြုတ်ပစ်ရပါမည်။ ထည့်လိုလျှင် (။)အစား (,) ထည့်ရပါမည်။ ဉာပိတတ္တာ–နောင်လည်း (။)သာ ရှိစေသင့်ပါသည်။

မေး။ သရူပါနမေကသေသွသကိ–သုတ်၌ ''ကေသေသွသကိ''ဟူသော ဒွိဓာကရဏ ယောဂ ဝိဘာဂ၏ အကျိုးကို ဖော်ပြပါ။

ဖြေ။ ယင်းယောဂဝိဘာဂဖြင့် ''မာတာ စ ပိတာ စ ပိတရော၊ တေသံ ပိတူနံ''စသော ပြယုဂ်တို့၌ ဝိရူပေကသိသ်ပြုရခြင်း အကျိုးရှိပါသည်။

၃၈၉၊၄၁၃။ ဂဏနေ ဒသဿ ။ပ။ ယောနဥ္စီသမာသံ ဌိရိတီတုတိ။ (၂၅၀)

မေး။ ဤသုတ်၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ယောဝိဘတ်တို့ကြောင့် ဂဏန်းသချာ၌ အကျုံးဝင်သော ဒသနှစ်ခုအပေါင်း–စသည်ဖြစ်သော ကေသိသ်ပြု တစ်ခုသော ဒသသဒ္ဒါကို ဝီ–စသည်ပြု၊ ယောဝိဘတ်ကိုလည်း ဤသံ စသည်ပြု–ဟု ဆိုလိုရင်း ဖြစ်ပါသည်။

မေး။ ဒွါစတ္တာလီသံ၊ ဒွိစတ္တာလီသံ၊ ဒွေစတ္တာလီသံ–ဟူသောပုဒ်တို့၏ ရုပ်ပြီးပုံကို သိသာရုံမျှ ညွှန်ပြခဲ့ပါ။

ဖြေ။ ''ဒွိ+စတ္တာလီသံ''မှ ဒွိ–၏ ဣ–ကို အာ–ပြုလျှင် ''ဒွါစတ္တာလီသံ''ရုပ်ပြီး၍၊ မပြုလျှင်

http://www.dhammadownload.com

ဒ္ဓိစတ္တာလီသံ-ဟု ရုပ်ပြီးပါသည်။ ဒ္ဓိ-၏ ဣ-ကို ၉-ပြုလျှင် ဒ္ဓေစတ္တာလီသံ-ဟု ရုပ်ပြီးပါသည်။ တိ-ကို တေ-ပြု၍ ''တေစတ္တာလီသံ''ဟု ရုပ်ပြီးသကဲ့သို့ ဒ္ဓိ-ကို ဒ္ဓေ-ပြုဟု ကြိလျှင်လည်း'' ဒ္ဓေစတ္တာလီသံ''ဟု ပြီးပါသည်။

မေး။ စတုရာသီတိ-ကို လိုရင်းသုတ်မျှဖြင့် ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ စတု+အသီတိ၊ ကွစာဒိ မဇ္ဇုတ္တရာနံ သုတ်ဖြင့် အ-ကို အာဒီဃပြု၊ ယဝမဒန-သုတ်ဖြင့် ရ် လာ၊ ရ် အာ-သို့ကပ်၊ ပြီး၏။

အမှာ။ ။ ဤသုတ်ဆိုင်ရာ အခြားပုဒ်များ ရုပ်ပြီးပုံကို ရှေ့သုတ်တို့၌ ပြခဲ့ပါပြီ။

၃၉၀၊၂၅၆။ စတူပပဒဿ လောပေါ တု'တ္တရ ပဒါဒိစဿ စုစောပိ နဝါ။ (၁၁၉)

အေး။ ဤသုတ်ပါ အပိ-သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ အနီးပုဒ် မဟုတ်သောပုဒ်၏ အစဖြစ်သည့် စ-ကို ဆည်းခြင်း သမုစ္စည်းအနက်ရှိပါသည်။ ထို 'စ' ကိုလည်း ချေ၊ စု, စော-ပြုပါ-ဟူလို။

မေး။ တာလီသံ၊ စုတ္တာလီသံ၊ စောတ္တာလီသံ-ပုဒ်တို့ ရုပ်ပြီးပုံကို ရှင်းပြပါ။

ဖြေ။ စတ္တာလီသံ-ဟု ရုပ်ဖြစ်ပြီးနောက် စတူပပဒဿ လောပေါ-သုတ်၌ အပိသဒ္ဒါဖြင့် ဥပပဒ မဟုတ်သော စတ္တာလီသံ-ပုဒ်၏အစဖြစ်သော စ-ကိုချေ၊(စ-ကိုချေလိုက်လျှင် ''ထွန် နောက်ရေပါ''နည်းဖြင့် တ်-တစ်လုံး အလိုလို ကျေပျောက်သွားသည်-ဟု ချာသ-၌ ဆိုပါသည်။) တာလီသံ-ပြီး၏။

သီဟိုဠ်ဗျာချာသစ်လို - တေသု ဝုဒ္ဓိသုတ်ကြီးဖြင့် တ်-တစ်လုံးကိုချေ၊ တာလီသံ-ပြီး၏။

စ-ကို စု-ပြုလျှင် စုတ္တာလီသံ-ဟု ပြီး၍၊ စော-ပြုလျှင် စောတ္တာလီသံ-ဟု ပြီးပါသည်။

၃၉၁၊ ၄၂၃။ ယဒနုပပန္နာ နိပါတနာ သိဇ္ဇန္တိ။ (၂၃၄။၂၅၆။)

မေး။ 'ယဒနုပပန္နာ'ပုဒ် ပြီးနေပုံနှင့် မှတ်သားဖွယ်များကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ယဒနုပပန္နာ-ကို ''ယံ+အနုပပန္နာ''ဟု ပုဒ်ဖြတ်ရပါမည်။ ယံ-ကို ယေ သဒ္ဒါ- ဟု ဖွင့်သောကြောင့် ယံ-နိပါတ်ပုဒ်ဟုသော်လည်းကောင်း၊ ပုလ္လိင် ဗဟုဝုစ်ဖြင့် ယေ-ဟု ဆိုလိုလျက် လိင်၊ ဝစနဝိပလ္လာသနည်းအားဖြင့် ယံ-ဟု နပုလ္လိင်, ဧကဝုစ် ဖြင့်ဆိုထားသည် ဟုသော်လည်းကောင်း မှတ်သားရပါမည်။

အနုပပန္နာ-ကို နု + နုပပန္နာ-ဟု ပုဒ်ဖြတ်ရပါမည်။ တစ်ဖန် နုပပန္နာ-ကို ''နိ + ဥပပန္နာ''ဟု ဖြတ်ရပါမည်။ နိ ဥပသာရ အဝသာန (အပြီးအဆုံး) အနက်ဟော ဖြစ်ပါသည်။ ''နိ(=နိဋ္ဌံ) ဥပပန္နာ ယေသံ တေ နုပပန္နာ''ဟု ဝစနတ္ထပြု၍ ပြီးဆုံးခြင်းသို့ ရောက်သော သဒ္ဒါတို့ကို ကောက်ယူရပါမည်။

''နု ဥပပန္နာ အနုပပန္နာ''၊ အပြီးအဆုံးသို့မရောက်သေးသော သဒ္ဒါတို့ကို ရပါသည်။ (ဂဏ္ဌီ၊ ၂။ ၁၃၁။ ရူဠှီ၊ ၁၄၂၊ ၁၇၄။)

http://www.dhammadownload.com

မေး။ ယဒနုပပန္နာ နိပါတနာ သိဒ္ဓန္တိ–သုတ်ကြီး၏ အစီအရင်ထူးများကို ရေးသားဖော်ပြပါ။

ဖြေ။ ၁။ ဣမသဒ္ဒါနောင် ကာလအနက်၌ ဇ ပစ္စည်းသက်၊ ဣမ သဒ္ဒါကိုလည်း (အ–ပြု။ – အဇ္ဇ။

၂။ သမာန သဒ္ဒါနောင် ဇ္ဈု ပစ္စည်းသက်၊ သမာနသဒ္ဒါကိုလည်း သ–ပြု။ –သဇ္ဈု။

၃။ အပရ သဒ္ဒါနောင် ဇ္ဈု ပစ္စည်းသက်၊ – အ့ပရဇ္ဈု။

၄။ အဇ္ဇ, သွေ, ပုရာ, ဟိယော–ဟူသော နိပါတ်ပုဒ်တို့နောင် ဘဝအနက်၌ တန ပစ္စည်းသက်။

– အဇ္ဇ ဘဝ အဇ္ဇတနံ၊ အဇ္ဇ ဘဝါ အဇ္ဇတနီ၊ သွေ ဘဝံ သွာတနံ၊ ပုရာ ဘဝံ ပုရာတနံ၊ ဟိယော ဘဝံ ဟိယျတ္တနံ။ ဟိယော ဘဝါ ဟိယျတ္တနီ။

၅။ ပဋိဘာဂ, ကုစ္ဆိတ, သညာ, အနုကမ္မာ စသော အနက်တို့၌ က–ပစ္စည်းသက်။

– ဟတ္ထိနော ဣဝ ဟတ္ထိကာ၊ ဇေံ အဿကာ။ (ပဋိဘာဂ)

– ကုစ္ဆိတော သမဏော သမဏကော။ (ကုစ္ဆိတ)

– ကတကော၊ ဘဥ္ဇကော။ (သညာ)

– ပုတ္တကော။ (အနုကမ္မာ)

၆။ ကိ, ယ, တ, တေ သဒ္ဒါတို့နောင် ပရိမာဏ အနက်၌ တ္တက, ဝန္တုပစ္စည်းများသက်။

– ကိ ပရိမာဏ မဿာတိ ကိတ္တကော။ ဇေံ ယတ္တက်၊ တတ္တက်၊ တ္တက်။

– ယံ ပရိမာဏ မဿာတိ ယာဝါ။

ဇေံ တာဝါ၊ တာဝန္တော။ တေ တာ ဝါ၊ တေ့ာဝန္တော။

ရှပ်ပြီးပုံမှတ်ချက်။ ။ သွေ, ပုရေ–တို့၌ တ္တန ပစ္စည်းကြောင့် ဇ–ကို အာ–ပြု။ သွာတနံ, ပုရာတနံ–ပြီး၏။ ပုရာ–နိပါတ်ဟု ကြဲလျှင် ဇ–ကို အာ–ပြုဖွယ် မလိုတော့ပါ။ ဟိယော–၌ ဩ–ကို အ–ပြု။

၃၉၂၊ ၄၁၈။ ဒွါဒိတော ကော'နေကတ္ထေ စ။ (၂၅၃)

မေး။ ''အနေကတ္ထ''ဟူသည် အဘယ်နည်း? ဖြေဆိုပါ။

ဖြေ။ ''အနေကတ္ထ''ဟူသည် သကတ္ထ, ပရိမာဏတ္ထ စသည်တို့ ဖြစ်ပါသည်။

– ဒွေယေဝ ဒွိကံ။ (သကတ္ထ)

– ဒွေ ပရိမာဏာနိ တေသာတိ ဒွိကံ။ (ပရိမာဏတ္ထ)

မေး။ သခ်္ဂါတဒွိတ် ပစ္စည်းများကို သက်ဆိုင်ရာသုတ်များနှင့် တကွ ဖော်ပြပါ။

ဖြေ။

မ ပစ္စည်း	–	သခ်္ဂါပူရဏော မော။
ဏ္ဍ	–	ကောဒိတော ဒသသီ။
ထ, ဋ	–	စတုဋ္ဌေဟိ ထဋ္ဌာ။
တိယ	–	ဒွိတိဟိ တိယော။
က	–	ဒွါဒိတော ကော'နေကတ္ထေ စ။

၃၉၃၊ ၄၁၅။ ဒသဒသက် သတံ ဒသကာနံ သတံ သဟဿဿ ယောမှိ။ (၂၅၂)

မေး။ ဏ္ဍသုတ်၏ ဆိုလိုရင်းကို ရေးပြပါ။

http://www.dhammadownload.com

ဖြေ။ – ယောဝိဘတ်ကြောင့် တစ်ဆယ် ဆယ်လီ (တစ်ရာ) အနက်ဟော **ကေသိသ်ပြု** ဒသ–သဒ္ဒါ တစ်ခုကို သတံ–ပြု။

– တစ်ရာဆယ်လီ (တစ်ထောင်) အနက်ဟော ကေသိသ်ပြု သတ–သဒ္ဒါတစ်ခုကို သဟဿ–ပြု ဟူ၍ ဆိုလိုရင်းဖြစ်ပါသည်။

မေး။ သတံ, သဟဿံ–တို့ကို ရှုပ်တွက်ပြခဲ့ပါ။

ဖြေ။ ''ဒသ + စ'' ၁၀ ခု တည်၊ ဒွန်သမာသ်ဝါကျဖြစ်အောင် တွက်ပြီးနောက် ဝိဘတ်ချေခြင်း စသည်ပြု၊ ဒသ ၁၀ ခု ပကတိပြု၊ (ဒသ ဒသ ဒသ ဒသ ဒသ ဒသ ဒသ ဒသ ဒသ ဒသ) ကေသိသ်ပြု (ဒသ)၊ **နာမ်ငဲ့**, ယောဝိဘတ်သက် (ဒသ–ယော)၊ ဤသုတ်ဖြင့် ယောဝိဘတ်နှောင်းသောကြောင့် ကေသိသ် ဒသ–သဒ္ဒါကို သတံ–ပြု၊ ယောဝိဘတ် ကိုလည်း ချေ (သတံ)၊ **နာမ်ငဲ့**, သိသက် (သတံ–သိ)၊ ဗျဥ္ဇနေ စ–သုတ်ဖြင့် နိဂ္ဂဟိတ်ကို ချေ၊ သိ–သုတ်ဖြင့် သိ–ဝိဘတ်ကို အံ–ပြု၊ ခွင်း, ချေ, ကပ်၊ သတံ–ပြီး၏။

နာမ်ထပ်ငဲ့ရပုံ။ ။ ချေပြီးသော ယောဝိဘတ်သည် လိင်အနက်ကို **မထွန်းပြနိုင်၍** သွတ္ထ ပစ္စည်းမည်ရကား သတံ–သည် တဒ္ဓိတ်ဖြစ်တော့၏။ ထို့ကြောင့် **တစ်ဖန်ထပ်၍** နာမ်ငဲ့ရခြင်း ဖြစ်ပါသည်။

သဟဿံ – ''သတံ + စ'' (၁၀)ခု တည်၍ သတံ–နည်းတူ တွက်ပါ။

မေး။ အောက်ပါ ပါဠိ ၂–မျိုးတို့တွင် အမှန်ကို ဆုံးဖြတ်ပါ။

ဖြေ။ (က) သတဒသကတ္ထဝါစကဿ ဒဿဿ သဟဿံ ဟောတိ။

(ခ) သတဒသကတ္ထဝါစကဿ သတဿ သဟဿံ ဟောတိ။

ဖြေ။ ဆဋ္ဌမ္ပဋ္ဌ (က) အတိုင်းရှိနေ၍ မြန်မာရေးမူများနှင့် နိဿယအားလုံးတို့၌ (ခ) **အတိုင်း** သတဿ–ကိုသာ အနက်ပေးကြပါသည်။ (ခ)အတိုင်းရှိမှသာ အမှန်ဖြစ်ပါသည်။

၃၉၄၊ ၄၁၆။ ယာဝ တဒုတ္တရိ ဒသဂုဏိတဋ္ဌ။ (၂၅၂)

မေး။ ယာဝ တဒုတ္တရိ ဒသဂုဏိတဋ္ဌ–သုတ်ကို အဖွင့်နှင့်အညီ အနက်ပေးပြ၍၊ ဆိုလိုရင်း ကိုလည်း ရေးပြပါ။

ဖြေ။ ယာဝ၊ အကြင်မျှလောက်။ တဒုတ္တရိ၊ ထိုသတ, သဟဿသင်္ချာတို့၏ အထက် ကောဋိ သင်္ချာသည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှလောက် (ထိုကောဋိသင်္ချာတိုင်အောင်) ဒသ ဂုဏိတဋ္ဌ၊ ဆယ်ခုဖြင့် မြှောက်ခြင်းကိုသာလျှင်။ ကာတဗ္ဗံ၊ ပြုအပ် ပြုထိုက်၏။

သဟဿ–မှ အထက် ကောဋိတိုင်အောင် ၁၀–ခုဖြင့် မြှောက်ရမည်–ဟု ဆိုလိုရင်း ဖြစ်ပါသည်။

မေး။ တဒုတ္တရိ–၌ တ–အရကို ကောက်ပြ၍၊ ''ယာဝ တဒုတ္တရိ တာဝ''အရကို ဖော်ပြပြီးလျှင်၊ ယာဝ နိပါတ်၏ အနက်ကိုလည်း ဖော်ပြပါ။

ဖြေ။ တ–အရ သတ, သဟဿ သင်္ချာတို့ကို ယူရပါမည်။

''ယာဝ တဒုတ္တရိ တာဝ'' အရ ဒသသဟဿ–မှစ၍ ဒသသတသဟဿ–တိုင်အောင် သော သင်္ချာတို့ကို ယူရပါမည်။

http://www.dhammadownload.com

''ယာဝ ကောဋိပရိယန္တဂဏနံ အတ္ထိ'' ဟူသော ဋီကာဖွင့်ကိုထောက်၍ ယာဝ သည် မရိယာဒါဝဓိ အနက်ဟော–ဟု ဘာသာဋီကာ၌ဆို၍၊ ဂဏ္ဌိ၌ကား အဘိဝိဓိအနက်ဟု ဆိုပါသည်။

ရုပ်ပြီးပုံ – ''တာ+ဥတ္တရိ''ဟုဖြစ်သောအခါ သုတ်ကြီးဖြင့် တာ–၌ အာ–ကို အ–ရသ ပြု၍ ရုပ်ပြီးပါသည်။

၃၉၅၊ ၄၁၇။ သကနာမေဟိ။ (၂၅၃)

မေး။ သကနာမေဟိ–သုတ်၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ဂဏ္ဌေ ဒသဿ–စသော သုတ်တို့ဖြင့် ပြခဲ့သည့် ဝိသတိ မှစ၍ ဒသသတသဟဿ (တစ်သန်း)တိုင်အောင်သော သချ်ာတို့ကို ကေသိသ်ပြု၍ ဝိသံ–စသည်ဖြစ်အောင် စီရင်ခြင်း။ ဒသ နှင့် သဟဿကို သမာသ်တွဲ၍ ဒသသဟဿံ–စသည်ဖြစ်အောင် စီရင်ခြင်း စသည်ဖြင့် ပြီးစီးအောင် တမင်စီရင်ရသည်။ ကောဋိ–စသော သချ်ာ ၂၀–တို့ကိုကား ထို ဝိသတိ စသည်တို့ကဲ့သို့ စီရင်နေဖွယ်မလို၊ နဂိုနာမည်အတိုင်းပင် ကောဋိ, ပကောဋိ–စသည်ဖြင့် ပြီးစီးကြသည်–ဟု ဆိုလိုပါသည်။

ရုပ်တွက်။ ။ ကောဋိ–ကို ကောဋိတည်၊ သိသက်, ခေ့။ ပြီး၏–စသည်ဖြင့် ရုပ်တွက်ပါ။

မေး။ ''သကနာမ'' ဟူသည် အဘယ်နည်း? ဖြေဆိုပါ။

ဖြေ။ ''သကနာမ'' ဟူသည် ကောဋိအစ အသင်္ချေယျတိုင်အောင် အမည်များ ဖြစ်ပါသည်။

မေး။ ဣစ္စေဝံ ဌာနတော ဌာနံ–စသော ဂါထာသည် မည်သည့်ဂါထာဖြစ်ပါသနည်း? ဖြေဆို၍၊ ထိုဂါထာ၏ အဓိပ္ပါယ်ကိုလည်း ရှင်းပြပါ။

ဖြေ။ ဤဂါထာသည် သိန်းတစ်ရာဖြင့် မြွောက်ပွားပုံကို အကျဉ်းချုပ်ပြသော ဂါထာဖြစ်ပါသည်။ ကောဋိ–မှစ၍ အသင်္ချေယျတိုင်အောင် ၂၀–သော သချ်ာ(ဌာန) တို့ကို ဌာနတစ်ခုမှ ဌာနတစ်ခုသို့ သိန်းတစ်ရာဖြင့် အစဉ်အတိုင်း မြွောက်၍ မြောက်၍ တက်သွားရမည်–ဟု ဆိုလိုရင်း ဖြစ်ပါသည်။

၆၄၆၊ ၄၁၉။ ကောဒိတော သကိဿ ကွတ္တုံ။ (၂၅၄)

မေး။ ကောဒိတော သကိဿ ကွတ္တုံ–သုတ်သည် ရှုဆရာအလို မည်သည့်သုတ် ဖြစ်ပါသနည်း?

ဖြေ။ ရှုဆရာအလို– ကေ စသော သချ်ာသဒ္ဒါနောင် သကိ–သဒ္ဒါရှိထိုက်သော နေရာဝယ် ဝါရအနက်၌ ကွတ္တုံ–ပစ္စည်းသက်သောသုတ် ဖြစ်ပါသည်။

ကစ္စည်းအလို။ ။ ကစ္စည်းအလိုကား ဤသုတ်သည် ကေ–စသော သချ်ာသဒ္ဒါနောင် သကိ သဒ္ဒါကို ကွတ္တုံပြုသော အာဒေသဝိဓိသုတ် ဖြစ်ပါသည်။

မေး။ ဝါရတ္ထ–ဟူသည် အဘယ်နည်း? ဖြေဆိုပါ။

ဖြေ။ ဝါရတ္ထ–ဟူသည် အဖန်ဖန် အထပ်ထပ် လည်၍ဖြစ်ခြင်း (အလှည့်အကြိမ်) ဖြစ်ပါသည်။

http://www.dhammadownload.com

၃၉၇၊ ၄၂၀။ ဝိဘာဂေ ဓာ စ။ (၂၅၄)

မေး။ ဤသုတ်ပါ စသဒ္ဒါ၏အကျိုးကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါဖြင့် ဇေ, ဒွိ သဒ္ဒါတို့နောင် ဇ္ဈ–ပစ္စည်း၊ သုတ္တ–စသော သဒ္ဒါနောင် သော ပစ္စည်းသက်ရခြင်း အကျိုးရှိပါသည်။

ခွဲခြားမှတ်သား။ ။ ဇေ, ဒွိ သဒ္ဒါတို့နောင် ဝိဘာဂအနက်၌ သက်၊ သုတ္တ–စသော သဒ္ဒါတို့နောင် အာကာရ, ပကာရ, ဝိဘာဂ, ကေဝလတတိယ အနက်တို့၌ သက်–ဟု ခွဲခြားမှတ်သားပါ။

မေး။ ဇေဓာ–ကို တဒ္ဓိတ်ရုပ်ကျဉ်း တွက်ပြပါ။

ဖြေ။ ဇေ–တည် ဝိဘာဂေ ဓာ စ–သုတ်ဖြင့် ဓာ–ပစ္စည်းသက် (ဇေဓာ)၊ နာမ်ငဲ့, နာသက်, ဧ၊ ပြီး၏။

မှတ်ချက်။ ။ သော, ဓာ ပစ္စည်းအဆုံးရှိသောပုဒ်တို့သည် တတိယတ္ထ နိပါတ်ပုဒ်များဖြစ်ကြောင်း သတိပြု။ (နိပါတ်ခန်းပြန်ကြည့်)။

မေး။ ဒွိဓာ, ဒုဓာ, ဒ္ဝေဓာ–တို့၏ ရုပ်ပြီးပုံကို သိသာရုံမျှရေးပြပါ။

ဖြေ။ ဒွိသဒ္ဒါနောင် ဓာ ပစ္စည်းသက် (ဒွိဓာ)၊ နာမ်ငဲ့, သိသက်, ဧ၊ ပြီး၏။
ဒွိ ကို ဒု–ပြုလျှင် ဒုဓာ–ဟု ပြီး၏။
တသူ ဝုဒ္ဓိသုတ်ကြိုးဖြင့် ကွ–ကို ပြေုလျှင် ဒ္ဝေဓာ–ဟု ပြီး၏။

အမှာ။ ။ တိဓာ, တေဓာ–တို့၌လည်း နည်းတူ။

မေး။ ဒ္ဝေဏ္ဍ–ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ ဒွိ တည်၊ ဤသုတ်၌ စသဒ္ဒါဖြင့် ဇ္ဈပစ္စည်း သက် (ဒွိဇ္ဈ)၊ နိဂ္ဂဟိတ်လာ (ဒွိဇ္ဈံ)၊ တသူ ဝုဒ္ဓိ–သုတ်ကြိုးဖြင့် ကွ–ကို ဇ–ပြု (ဒ္ဝေဇ္ဈံ)၊ နာမ်ငဲ့, ယောသက်, ဧ၊ ပြီး၏။

မေး။ သုတ္တသော–ပုဒ်ကို နာမ်ရုပ်, တဒ္ဓိတ်ရုပ် ၂–မျိုးတွက်ပြခဲ့ပါ။

ဖြေ။ သုတ္တ–တည်၊ နာ ဝိဘတ်သက်၊ သော ဝါ–သုတ်ဖြင့် နာ ဝိဘတ်ကို သော–ပြု၊ ပြီး၏။
သုတ္တ–တည်၊ ဝိဘာဂေ ဓာ စ–သုတ်၌ စသဒ္ဒါဖြင့် သုတ္တသဒ္ဒါနောင် သော ပစ္စည်းသက်၊ နာမ်ငဲ့, နာသက်, ဧ၊ ပြီး၏။

၃၉၈၊ ၄၂၁။ သဗ္ဗနာမေဟိ ပကာရဝစနေ တု ထာ။ (၂၅၅)

မေး။ ''ပကာရ'' ဟူသည် အဘယ်နည်း? ဖြေဆိုပါ။

ဖြေ။ ''ပကာရ'' ဟူသည် သာမညအနက်ကို တစ်ခုနှင့် တစ်ခု မရောအောင် ခွဲခြားတတ်သော အထူး ဖြစ်ပါသည်။

မေး။ တထာ–၌ ကျေနေသော ဝိဘတ်များကို ဖော်ပြပါ။

ဖြေ။ ဝိဘတ်ခုနစ်သွယ်လုံးပင် ဖြစ်ပါသည်။
(ဆောင်) တထာ သဒ္ဒါ၊ ရှိလရာကာရ၊ ခုနစ်သွယ်ဝိဘတ်၊ ကျေ၏မှတ်။

http://www.dhammadownload.com

မေး။ ဤသုတ်ပါ တုသဒ္ဒါ၏ အကျိုးကို ဖော်ပြပါ။

ဖြေ။ တု သဒ္ဒါဖြင့် ထတ္တာ ပစ္စည်း သက်ရခြင်း အကျိုးရှိပါသည်။ (သဒ္ဒနီတိ၌ ''တတ္ထာ''ဟု ဆိုသည်။)

၃၉၉၊ ၄၂၂။ ကိမိမေဟိ ထံ။ (၂၅၅)

မေး။ ခတ္တုံ-အစ ထံ-အဆုံးရှိသော ပစ္စယန္တသဒ္ဒါတို့ကို အဘယ့်ကြောင့် နာမ်ငဲ့၍ ဝိဘတ် သက်ရပါသနည်း။

ဖြေ။ ထို သဒ္ဒါတို့သည် အဗျယတဒ္ဓိတ်ဖြစ်သောကြောင့် ၄င်းတို့ကို နာမ်ငဲ့၍ ဝိဘတ် သက်ရခြင်းဖြစ်ပါသည်။

မေး။ နာမ်ပဋမပိုင်းလာ တော-စသော ပစ္စည်းအဆုံးရှိသည့် သဒ္ဒါတို့ကို အဘယ်၌သွင်းယူ ရပါမည်နည်း။

ဖြေ။ ထို သဒ္ဒါတို့ကိုလည်း အဗျယတဒ္ဓိတ်၌ပင် သွင်းယူရပါမည်။

မေး။ ဓာ-စသော ပစ္စည်းအဆုံးရှိသော သဒ္ဒါများနှင့် တော-စသောပစ္စည်းအဆုံးရှိသော သဒ္ဒါတို့၏ အထူးကို ဖော်ပြပါ။

ဖြေ။ ဓာ-စသော ပစ္စည်းအဆုံးရှိသော သဒ္ဒါတို့နောင် (နာမ်ငဲ့၍) ဝိဘတ်ခုနစ်သွယ် သက်ရ ပါသည်။ တော-စသော ပစ္စည်းအဆုံးရှိသော သဒ္ဒါတို့ကိုကား ဝိဘတ်အမည် မှည့်ခံရုံသာ မှည့်ခံရပါသည်။ ၄င်းတို့နောင် ဝိဘတ် မသက်ရပါ။

၄၀၀၊ ၃၆၄။ ဝုဒ္ဓါဒိသရဿ ဝါ'သံယောဂန္တဿ သဏော စ။ (၂၁၇)

မေး။ ဤသုတ်ပါ ဝါ သဒ္ဒါ, စသဒ္ဒါတို့၏ အနက်များကို ဖော်ပြပါ။

ဖြေ။ ဝါ သဒ္ဒါ အာဒိဗျဉ္ဇနဿ-ဟူသော အနက်တစ်မျိုးကို စီရင်ခြင်း အတ္ထန္တရဝိကပ္ပန အနက်ရှိ၍၊ စ သဒ္ဒါ နိုလ, ပိတ စသော ပြယုဂ်တို့၌ ဝုဒ္ဓိမပြုရ-ဟု တားမြစ်ခြင်း နိဝတ္တာပနာဝဓာရဏာ အနက်ရှိပါသည်။

(တစ်နည်း) ဝါ သဒ္ဒါ ဝဝတ္ထိတဝိဘာသာ အနက်ရှိ၍၊ စ သဒ္ဒါ အနက်မရှိပါ။

မေး။ ဝါ သဒ္ဒါ, စသဒ္ဒါတို့၏ အနက်အားလျော်စွာ ဝုဒ္ဓါဒိသရဿ ဝါ-စသော သုတ်ကို အနက် ၂-နည်းပေးပြခဲ့ပါ။

ဖြေ။ သဏော၊ ဏ် အနုဗန်ရှိသော ပစ္စည်းကြောင့်။ အသံယောဂန္တဿ၊ သံယုဂ် အဆုံးမရှိသော။ အာဒိသရဿ ဝါ၊ အစသရ၏လည်း။ (အာဒိသရဿ ဝါ၊ ၏လည်းကောင်း။ အာဒိဗျဉ္ဇနဿ ဝါ၊ အစဗျည်း၏ ဥစ္စာဖြစ်သော သရ၏လည်းကောင်း။) ဝုဒ္ဓိ၊ ဝုဒ္ဓိအပြုသည်။ ဟောတိ၊ ၏။ စ၊ မဖြစ်သည်လည်းရှိသေး၏။

(တစ်နည်း) သဏော၊ ကြောင့်။ အသံယောဂန္တဿ၊ သော။ အာဒိသရဿ၊ ၏။ ဝုဒ္ဓိ။ သည်။ ဝါ၊ ဝဝတ္ထိတဝိဘာသာအားဖြင့်။ ဟောတိ၊ ၏။

မေး။ ဝဝတ္ထိတဝိဘာသာ အနက်ရှိသောဝါသဒ္ဒါဖြင့် ပြအပ်သော ဝိဓိ ၃-မျိုးကို ရေးပြပါ။

http://www.dhammadownload.com

ဖြေ။ ဝါသိဒ္ဓော-စသော ပြယုဂ်တို့၌ အမြဲ ဝုဒ္ဓိပြုရခြင်းသည် နိစ္စဝိဓိ။
သြဠုမြိုကော, ဥဠုမြိုကော စသော ပြယုဂ်တို့၌ ရံခါ ဝုဒ္ဓိပြုရခြင်းသည် အနိစ္စဝိဓိ။
နီလံ, ပိတံ-စသည်တို့၌ လုံးဝ ဝုဒ္ဓိမပြုရခြင်းသည် အသန္တဝိဓိ ဖြစ်ပါသည်။

မေး။ သံယောဂန္တ, အသံယောဂန္တတို့၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ သံယောဂေါ အန္တော အဿာတိ သံယောဂန္တော။
ကုမ္ဘိက-ဝယ် ကု-၌ ဥသရ၊ အက္ခိကော-ဝယ် အ-သရစသည်တို့ကဲ့သို့ အဆုံး၌ (နောက်၌) မ္ဟ, ကို-ဟူသော သံယုဂ်ရှိသော သရများကို ''သံယောဂန္တ''ဟု ဆိုရပါသည်။

နု သံယောဂန္တော အသံယောဂန္တော။
ဝသိဒ္ဓ-ဝယ် ဝ-၌ အ'သရ၊ ဥဠုမြိုက-၌ အစ ဥသရ တို့ကဲ့သို့ အဆုံး၌ (နောက်၌) သံယုဂ်မရှိသော သရများကို ''အသံယောဂန္တ''ဟု ဆိုရပါသည်။

မေး။ ''ပကတိဘူတေ လိင်္ဂေ သရာနမာဒိသရဿ အသံယောဂန္တဿ ဝုဒ္ဓိ ဟောတိ သဏ္ဌာနာရေ တဒ္ဓိတပစ္စယေ ပရေ'' ဟူသော ဝါကျ၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ဏ် အနုဗန်ရှိသောတဒ္ဓိတ်ပစ္စည်းကြောင့် ''ဝသိဒ္ဓ'' ဟူသော ပကတိလိင်၌ ''အ က္က အ'' ဟု သရ ၃-လုံးရှိရာတွင် သံယုဂ်အဆုံးမရှိသော အစ အ-သရကို ဝုဒ္ဓိပြုပါ-ဟု ဆိုလိုပါသည်။

မေး။ နီလံ, ပိတံ-စသော ပြယုဂ်တို့၌ အသံယောဂန္တဖြစ်သော ဏ္ဍိသရတို့ကို အဘယ့်ကြောင့် ဝုဒ္ဓိမပြုရပါသနည်း? အကြောင်းစုံလင်စွာပြ၍ ဖြေဆိုပါ။

ဖြေ။ ဝုဒ္ဓါဒိသရဿ ဝါ-သုတ်၌ အဝဓာရဏ အနက်ရှိသော စသဒ္ဒါက တားမြစ်သောကြောင့် (တစ်နည်း) ဝဝတ္ထိတဝိဘာသာအနက်ရှိသော ဝါသဒ္ဒါက တားမြစ်သောကြောင့် ဝုဒ္ဓိမပြုရခြင်း ဖြစ်ပါသည်။

ဆရာမြတ်တို့က ဂုဏ်ဟောသဒ္ဒါဖြစ်သောကြောင့်-ဟု အကြောင်းပြကြသည်။ စင်စစ်ထိုအကြောင်းမှာ မောဂ္ဂလ္လာန်အလို ''နီလ, ပိတ-စသော သဒ္ဒါတို့နောင် ဏ ပစ္စည်း မသက်ရခြင်း၏ အကူအညီဖြစ်သော အကြောင်းသာ'' ဖြစ်ပါသည်။ ဝုဒ္ဓိမပြုရခြင်း၏ အကြောင်းပြ မဟုတ်ပါ။

၄၀၁၊ ၃၇၅။ မာယူန မာဂမော ဌာနေ။ (၂၂၃)

မေး။ ဏ္ဍိသုတ်၏ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ဏ် အနုဗန်ရှိသောပစ္စည်းကြောင့် သံယုဂ်အဆုံးမရှိကုန်သော က္က, ဥ ဟူသော အစသရတို့ကို ဝုဒ္ဓိမပြုရ၊ ထိုဝုဒ္ဓိပြုရမည့်နေရာ၌ပင် ဇ, ဩ ဝုဒ္ဓိလာ-ဟူ၍ ဖြစ်ပါသည်။

မေး။ ဏ္ဍိသုတ်ဖြင့် ဇ, ဩဝုဒ္ဓိတို့ လာရာဌာနကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ သုတ်၌ ''ဌာနေ''ဟုဆိုထားသောကြောင့် က္ကဝဏ္ဏော ယဲ နဝါ, ဝမော ဒုဒန္တာနံ သုတ်တို့ဖြင့် ပြုထားသည့် က္က, ဥ တို့၏ အာဒေသဖြစ်သော ယ, ဝ တို့မှ ရှေ့၌သာလျှင် ဇ, ဩဝုဒ္ဓိတို့ လာရပါမည်။

http://www.dhammadownload.com

မေး။ ဝေနယိကော, သြဠုမ္ဗိကော–တို့၌ အဘယ်ကြောင့် ဇ, သြ ဝုဒ္ဓိ မလာရပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ မာယူန မာဂမော ဌာနေ–သုတ်ဖြင့် ဇ, သြ ဝုဒ္ဓိလာခြင်းသည် ကွဝဏ္ဏော ယံ နဝါ, ဝမောဒုဒန္တာနံ သုတ်တို့ဖြင့် ယ, ဝ အပြု စီရင်ရာ၌သာ ဖြစ်သည်။ ဝေနယိကော, သြဠုမ္ဗိကော–တို့၌ သရမနောင်းသောကြောင့် ကွဝဏ္ဏော ယံ နဝါ, ဝမောဒုဒန္တာနံ သုတ်တို့ဖြင့် ယ, ဝ အပြု မစီရင်နိုင်ပါ။ ထို့ကြောင့် ဇ, သြဝုဒ္ဓိ မလာရခြင်း ဖြစ်ပါသည်။

၄၀၂၊ ၃၇၇။ အာတ္တဒူ။ (၂၂၇)

မေး။ စ သဒ္ဒါ၏ အနက်ကို ဖော်ပြ၍၊ ဤသုတ်ဖြင့် အာ–ပြုရပုံကိုလည်း အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ စ သဒ္ဒါ ရိ–အက္ခရာလာခြင်းကို ဆည်းခြင်း သမုစ္စည်းအနက် ရှိပါသည်။
ဤသုတ်သို့ မာယူနမာဂမော ဌာနေ–သုတ်မှ ဌာနေ–သဒ္ဒါလိုက်လာသောကြောင့် ကွသိ, (ကွဏ), ဥသဘ, ဥဇု, မုဒု စသောသဒ္ဒါတို့၏ အစဖြစ်သော ကွ, ဥ သရတို့ကိုသာ အာ–ပြုရပါသည်။
– အာရိသျံ၊ အာဏျံ၊ အာသဘံ၊ အဇ္ဇဝံ၊ မဒ္ဒဝံ။

မေး။ ဤသုတ်ဖြင့် ရိအက္ခရာ လာရာဌာနကို ဖော်ပြပါ။

ဖြေ။ ကွသိ သဒ္ဒါ၏ ကွ–ကို အာ–ပြုပြီးသည်၏ အခြားမဲ့၌ ရိ အက္ခရာ လာရပါသည်။

မေး။ အာရိသျံ–ပုဒ်ကို ရနိုင်သမျှ ဝိဂ္ဂဟပြုပြု၍၊ ရုပ်ကျဉ်းလည်းတွက်ပြပါ။

ဖြေ။ – ကွသိဿ ကွဒံ အာရိသျံ။
– ကွသိဿ ဘာဝေါ အာရိသျံ။
ကွသိ+ကွဒံ–တည်၊ ကွသိ– သဒ္ဒါနောင် သ–ဝိဘတ်သက်၊ သ–လာ၊ ကွသိဿ–ပြီး၏။ ကွဒံ နောင် သိသက်၊ တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် ကွဒံ–ကို ကွမ–ပြု၊ ကွမဿိဒ မံသိသု နပုံသကေ–သုတ်ဖြင့် နောက် သိဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ ကွမ–သဒ္ဒါကို ကွဒံ–ပြု (ရူပ္ဒီကာနည်း)။ ကွသိဿ ကွဒံ–ဟူသော ဝါကျပြီး၏။
ဏ ရာဂါ သုတ်ဖြင့် ဏ ပစ္စည်းသက်၊ ကွဒံ ပုဒ်ကိုခေ့, ဝိဘတ်တို့ကိုခေ့၊ ''ကွသိ–ဏ''ဟု ပကတိပြု၊ ဏ် အနုဗန်ကို ခေ့၊ ဝုဒ္ဓါဒိသရဿ ဝါ–သုတ်ဖြင့် နောက် ဏ် အနုဗန်ရှိသော ဖစ္စည်းနောင်းသောကြောင့် ကွ–ကို ဇ ဝုဒ္ဓိပြုလုလတ်သော အာတ္တဒူ–သုတ်ဖြင့် ထိုဝုဒ္ဓိအပြုကို တားမြစ်၍ ကွ–ကို အာ–ပြု၊ စ သဒ္ဒါဖြင့် ထို အာ–အပြု၏ အခြားမဲ့၌ ရိအက္ခရာလည်း လာ (အာရိသိအ)၊ သ် ခွင်း ကွ ကြွင်း၊ ကွဝဏ္ဏော ယံ နဝါ–သုတ်ဖြင့် ကွ–ကို ယ–ပြု၊ (တစ်နည်း) ကွ–ကို စျ အမည်မှည့်၊ ယစကာရာ စ–သုတ်ဖြင့် စျ–မည်သော ကွ–ကို ယ–ပြု၊ ယ အ သို့ကပ်၊ သ် ယ–သို့ ကပ် (အာရိသျ)၊ နာမ်ငဲ့, သိသက်, အံ–ပြု၊ ပြီး၏။

၄၀၃၊ ၃၅၄။ ကွစာဒိမဇ္ဈတ္တရာနံ ဒီဃရဿာ ပစ္စယေသု စ။ (၂၀၂)

မေး။ ကွစာဒိမဇ္ဈတ္တရာနံ–စသော သုတ်၌ ကွစိ–အရကိုဖော်ပြ၍၊ ဤသုတ်ဖြင့် စီရင်ပုံကိုလည်း

http://www.dhammadownload.com

ရေးပြပါ။

ဖြေ။ ကွစိ-အရ တဒ္ဓိတ်, သမာသ်, နာမ်, ဥပသာရ စသော ပုဒ်တို့ကို ယူရပါမည်။ ပစ္စည်းနှောင်းသော်လည်းကောင်း၊ ပစ္စည်းမှတစ်ပါး အခြားသဒ္ဒါ နှောင်းသော်လည်းကောင်း နှောင်းသော သဒ္ဒါ မရှိသည့် မဓုဝ-စသော ပုဒ်တို့၌လည်းကောင်း တဒ္ဓိတ်, သမာသ်, နာမ်, ဥပသာရ စသော ပုဒ်တို့ဝယ် အစ, အလယ်, အဆုံး ဖြစ်သော သရတို့ကို ဒီဃ, ရဿ ပြုပါသည်။

မေး။ သန္ဓိကျမ်းလာ ဒီဃံ, ရဿံ သုတ်တို့နှင့် ဤကွစာဒိမဇ္ဈတ္တရာနံ သုတ်တို့၏ အထူးကို ရေးပါ။

ဖြေ။ သန္ဓိကျမ်းလာ ဒီဃံ, ရဿံ သုတ်တို့သည် သန္ဓိစပ်မှုနှင့် ဆိုင်ရာဌာန၌သာ စီရင်နိုင်၍၊ ဤသုတ်ကား သန္ဓိစပ်မှုနှင့် မသက်ဆိုင်သည့် တဒ္ဓိတ်, သမာသ် စသည်တို့၌ စီရင်၏။ ဤသို့ထူးပါသည်။

မေး။ (က) အာဒိဒီဃ, မဇ္ဈေဒီဃ, ဥတ္တရဒီဃ
(ခ) အာဒိရဿ, မဇ္ဈေရဿ, ဥတ္တရရဿ ပုံစံများကို အသီးသီးထုတ်ပြပါ။

ဖြေ။

(က)	ပကဋ္ဌ	>	ပါကဋ္ဌ	–	အာဒိဒီဃ။
	အနုပဃာတ	>	အနူပဃာတ	–	မဇ္ဈေဒီဃ။
	မဓုဝ	>	မဓုဝါ	–	ဥတ္တရဒီဃ။
(ခ)	အာဇ္ဇဝံ	>	အဇ္ဇဝ	–	အာဒိရဿ။
	ဣတ္ထိရူပ	>	ဣတ္ထိရူပ	–	မဇ္ဈေရဿ။
	ဗဟုနဒီက	>	ဗဟုနဒိက	–	ဥတ္တရရဿ။
	သစ္စဝါဒီတာ	>	သစ္စဝါဒိတာ	–	ဥတ္တရရဿ။

၄၀၄၊ ၃၇၀။ တေသု ဝုဒ္ဓိလောပါဂမဝိကာရ ဝိပရီတာဒေသာ စ။ (၂၂၁)

မေး။ တေသု ဝုဒ္ဓိသုတ်ကြီးဖြင့် သံယုဂ်နှောင်းလျက်ပင် ဝုဒ္ဓိပြုနိုင်ပုံကို ပြယုဂ်ထုတ်ကာ ရှင်းပြပါ။

ဖြေ။ ကောဏ္ဍညော-ပြယုဂ်၌ ''ကုဏ္ဍနီ+ယ''ဟုဖြစ်သောအခါ တေသု ဝုဒ္ဓိသုတ်ကြီးဖြင့် နောက်က ဏ္ဍ-သံယုဂ်နှောင်းလျက်ပင် ကု-၌ ဥ-ကို သြဝုဒ္ဓိ ပြုရပါသည်။
(ထို့နောက် အဝဏ္ဏော ယေ လောပဥ္စ-သုတ်၌ စသဒ္ဒါဖြင့် နီ-၌ ဤ ကို ချေ၊ နှ-ယသို့ ကပ် (ကောဏ္ဍနျ)၊ ဋ-ကို ဉ-ပြု၊ ၄င်းကို ဒွေးဘော်ပြု (ကောဏ္ဍည)၊ နာမ်ငဲ့, သိသက်, ချေ၊ ကောဏ္ဍညော-ပြီး၏။)

မေး။ ဤသုတ်ပါ (က) ဝုဒ္ဓိ, (ခ) လောပ (ဂ) အာဂမ (ဃ) ဝိကာရ (င) ဝိပရီတ (စ) အာဒေသ တို့၏ အဓိပ္ပါယ်များကို အသီးသီး ရေးသားဖြေဆိုပါ။

ဖြေ။ (က) အ-အက္ခရာ, ဣဝဏ်, ဥဝဏ် တို့၏ အာ, ဧ, သြအဖြစ် မတြာတိုးပွား လာခြင်းသည် ''ဝုဒ္ဓိ'' မည်၏။
– ကောဏ္ဍညော (အာဒိဝုဒ္ဓိ)။ အဂ်မာဂဓိကော (မဇ္ဈေဝုဒ္ဓိ)။

(ခ) ထင်ရှားရှိသော အက္ခရာ၏ ကျေပျောက် ပျက်စီးခြင်းသည် ''လောပ'' မည်၏။
– ထီနံ ဘာဝေါ ဒုရာဇာနော။ (အာဒိလောပ၊ ဣတ္ထီနံ-မှ အစ ဣ- ကိုချေ။)

http://www.dhammadownload.com

- ကတ္တုကာမော၊ ဟန္တုကာမော၊ ဝိညာဏဉ္ဉာယတနံ၊ ဒွဋ္ဌိပဋ္ဌိပဒါ၊ မတျာ။ (မဇ္ဇေလောပ)
  ကတ္တုံကာမော၊ ဟန္တုံကာမော တို့မှ အလယ်ဖြစ်သော နိဂ္ဂဟိတ်ကို ချေ။
  ဝိညာဏာနန္တ-မှ အလယ်ဖြစ်သော နဂ်ကို ချေ။
  ဒွါသဋ္ဌိ-မှ အလယ်ဖြစ်သော သ-ကို ချေ။ (ကွစာဒိ-ဖြင့် အာ-ကို အ-ရဿ ပြု။)
  မာတုယာ-မှ အလယ်ဖြစ်သော ဥ-ကိုချေ။ (ကွစာဒိ-ဖြင့် မာ-၌ အာ-ကို အ ရဿပြု။)
- ပဋ္ဌိသခါ ယောနိသော။ (ဥတ္တရလောပ)

(ဂ) ထင်ရှားမရှိသေးသော အက္ခရာ၏ ထင်ရှားဖြစ်ပေါ်လာခြင်းသည် ''အာဂမ'' မည်၏။
- ဝုတ္တမိဒံ။ (အာဒိအာဂမ)
- ဣဿရိယံ၊ အာလသိယံ။ (မဇ္ဇေအာဂမ)
- ပုရိမံ ဇာတိံ၊ စက္ခုံ အနတ္တာ။ (ဥတ္တရအာဂမ)

(ဃ) ထင်ရှားရှိသော အက္ခရာ၏ ပင်လျှင် တစ်မျိုးတစ်ဖုံဖြစ်ခြင်းသည် လည်းကောင်း၊ သံယုဂ်ရှိအောင်ပြုခြင်း၊ သံယုဂ်ကင်းအောင် ပြုခြင်းတို့သည်လည်းကောင်း ''ဝိကာရ'' မည်၏။
- အဏဏော (အနိဏ-မှ နဂ်ကို ဏ- ဣ-ကို အ-ပြု။)
- သကဒါဂါမီ (သကိအာဂါမီ-မှ ဣ-ကို အ-ပြု။)
- နပ္ပဇ္ဇဟေ ဝဏ္ဏဗလံ ပုရာဏံ။ (ပ-ဟာ+အ+သိ။ ကွစိ ဓာတုဖြင့် သိဝိဘတ်ကို ဧ-ပြု၊ ဤသုတ်ဖြင့် ဇ-ကို ဇ္ဇ-ပြု (ဂဏ္ဌိ အဆိုတည်း)။ ဘာသာဋ္ဌီကာ၌ 'နပ္ပဇဟေ'ဟုရှိ၍ ပ-ကို ပ္ပ-ပြုဟု ဆိုသည်။)

(င) ဩကို ဥ-ပြုခြင်း၊ အက္ခရာ ရှေ့နောက်ပြန်ခြင်းတို့သည် ''ဝိပရိတ'' မည်၏။
- ဥဂ္ဂတေ သူရိယေ၊ ဒိဂု၊ အရိယော၊
  ဥဂ္ဂတေ-၌ အဝဂတေ-မှ အဝ-ကို ဩ၏ ဝိပရိတ် ဥ-ပြု။
  ဒိဂု-၌ ဒိဂေါ-မှ ဩ-ကို ဥ-ပြု။
  အယိရော-မှ ရ-နှင့် ယ ရှေ့နောက်ပြန်။

(စ) သရကို သရတစ်မျိုး ပြောင်းလွှဲခြင်း၊ သံယောဂပြုခြင်း၊ ဝိသံယောဂ ပြုခြင်း ဟူသော ဝိကာရမှ ကြွင်းသော ပြုစီရင်မှုသည် ''အာဒေသ'' မည်၏။
- တေရသ၊ ပဏ္ဏဝီသတိ။
  တိရသ-မှ တိ-ကို တေ-ပြု။
  ပဉ္စဝီသတိ-မှ ပဉ္စ ကို ပဏ္ဏ-ပြု။ (အာဒိအာဒေသ)
- ကောရဗျ၊ ''ကုရု+ယ''ဟု ဖြစ်သောအခါ ရု-၌ ဥ-ကို အဝ-ပြု။ (မဇ္ဇေအာဒေသ)
- သကျပုတ္တိယ၊ က-ကို ယ-ပြု။ (ဥတ္တရအာဒေသ)

မေး။ တေသု ဝုဒ္ဓိ သုတ်ပါ ဝိကာရ နှင့် အာဒေသတို့၏ အထူးကို ရေးပါ။

http://www.dhammadownload.com

ဖြေ။ အက္ခရာတစ်လုံးကို အက္ခရာတစ်လုံးပြောင်းသည် ဝိကာရ၊ ပုဒ်တစ်ခုကို ပုဒ်တစ်ခုပြောင်းသည် အာဒေသ–ဤသို့ထူးပါသည်။ (ဂဏ္ဌိ အလိုမျှသာ)။

၄၀၅၊ ၃၆၅။ အယုဝဏ္ဏာနဉ္စာယော ဝုဒ္ဓိ။ (၂၁၇)

မေး။ ဤသုတ်ကို အဘယ်အကျိုးငှါ မိန့်ဆိုရပါသနည်း။

ဖြေ။ ဝုဒ္ဓိအပြုသည် အာဝုဒ္ဓိ, ဇဝုဒ္ဓိ, ဩဝုဒ္ဓိ–ဟု အနိယမအားဖြင့် ကပ်ငြိ လျဉ်းပါးဖွယ်ရှိရာ၌ အ–ကို အာဝုဒ္ဓိ၊ က္ကဝဏ်ကို ဇ ဝုဒ္ဓိ၊ ဥဝဏ်ကို ဩ ဝုဒ္ဓိ–ဟုသတ်မှတ်ပြခြင်းအကျိုးငှါ ဤသုတ်ကို မိန့်ဆိုရခြင်းဖြစ်ပါသည်။

သုတ် ၄–မျိုးတို့တွင် နိယမပရိဘာသာသုတ်–ဟူလို။

မေး။ ''အယူနံ''ဟုသာ မဆိုဘဲ ''အယုဝဏ္ဏာနံ'' ဟု ဝဏ္ဏသဒ္ဒါထည့်ဆိုရကျိုးကို ရေးပြပါ။

ဖြေ။ ဝဏ္ဏသဒ္ဒါထည့်ဆိုသဖြင့် က္က, ဥ ကိုသာမက သဝဏ္ဏဖြစ်သော ဤ, ဦ အက္ခရာတို့ကိုလည်း ယူရသောကြောင့် ဝေဏိကော, နာယကော, ဘာဝေါ စသောပြယုဂ်တို့၌ ဓာတ်သရတို့ကိုလည်း ဝုဒ္ဓိပြုရခြင်း အကျိုးရှိပါသည်။

မေး။ အယုဝဏ္ဏာနဉ္စာယော ဝုဒ္ဓိ–သုတ်၌ စ သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စ သဒ္ဒါ ဝုဒ္ဓိ–နောင် ထိုင်လျှင် အဝုဒ္ဓိသမ္ပိဏ္ဏန (အဝုတ္တသမုစ္စည်း) အနက် ရှိပါသည်။ အယုဝဏ္ဏာနံ (ဟောန္တို့) နောင် ထိုင်လျှင် အဝဓာရဏ အနက် ရှိပါသည်။

မေး။ အယုဝဏ္ဏာနဉ္စာယော ဝုဒ္ဓိ–သုတ်၌ စသဒ္ဒါ၏ အနက်ကို ၂–ချက် ဖွင့်ဆိုသော ရူပသိဒ္ဓိဆရာ၏ ရည်ရွယ်ချက်ကို ရှင်းချက်နှင့် တကွဖော်ပြပါ။

ဖြေ။ ရူပသိဒ္ဓိဆရာသည် ဝုဒ္ဓါဒိသရဿ ဝါ'သံယောဂန္တဿ သဏော စ–သုတ်လာ ဝါ–သဒ္ဒါကို အတ္ထန္တရဝိကပ္ပနတ္ထ ကြဲ၍ ဖွင့်ခဲ့သော ပထမနည်းကို ရည်ရွယ်၍ ''စ သဒ္ဒါ အဝုဒ္ဓိသမ္ပိဏ္ဏနအနက်''ဟု ဖွင့်ဆိုခြင်း ဖြစ်ပါသည်။

အဓိပ္ပါယ်ကား – စ သဒ္ဒါ နိလ, ပိတစသည်တို့၌ ဝုဒ္ဓိအပြု မဖြစ်ခြင်းကို ပေါင်းခြင်း အဝုဒ္ဓိသမ္ပိဏ္ဏန အနက်ရှိ၏–ဟူလို။

ဝုဒ္ဓါဒိသရဿ ဝါ–သုတ်၌ ဝါ–သဒ္ဒါကို ဝဝတ္ထိတဝိဘာသာ အနက်ကြဲ၍ ဖွင့်ခဲ့သော ဒုတိယနည်းကို ရည်ရွယ်၍ ''စသဒ္ဒါ အဝဓာရဏအနက်''ဟု ဖွင့်ဆိုခြင်း ဖြစ်ပါသည်။

အဓိပ္ပါယ်ကား–နီလ, ပိတ စသည်တို့၌ပင် ဝုဒ္ဓိအပြုကို တားမြစ်ခြင်း နိဝတ္တာပနာ ဝဓာရဏ အနက်ရှိ၏–ဟူလို။

ဘာသာဋီကာ၌ကား ''အာ, ဇ, ဩ ဝုဒ္ဓိပြုရာ၌ အ–အက္ခရာ, က္ကဝဏ်, ဥဝဏ် တို့ကိုသာ ပြုပါ။ သဘာဝဝုဒ္ဓိဖြစ်သော အာ, ဇ, ဩတို့ကို ဝုဒ္ဓိ ထပ်မပြုပါနှင့်–ဟု တားမြစ်ခြင်း နိဝတ္တာပနာဝဓာရ အနက်ရှိ၏–ဟု ရေးတော်မူပါသည်။ ထိုရေးသားချက်ကို ''မဟုတ်'' ဟုကျေးဇူးရှင် ဆရာမြတ်တို့ ဆုံးဖြတ်မိန့်ဆိုတော်မူကြပါသည်။

မေး။ စသဒ္ဒါ၏ အနက် ၂–မျိုးအားလျော်စွာ အယုဝဏ္ဏာနဉ္စာယော ဝုဒ္ဓိ–သုတ်ကို အနက် ၂–နည်းပေးပြခဲ့ပါ။

ဖြေ။ အယုဝဏ္ဏာနံ၊ အ–အက္ခရာ, က္ကဝဏ်, ဥဝဏ်တို့၏ (ယထာက္ကမံ၊ အစဉ်အတိုင်း)

http://www.dhammadownload.com

အာယော၊ အာ, ဇ, သြ–ဟူကုန်သော။ ဝုဒ္ဓိ စ၊ ဝုဒ္ဓိတို့သည်လည်း။ ဟောန္တိ၊ ကုန်၏။ (စ သဒ္ဒါ အဝုဒ္ဓိသမ္မိဏ္ဍန ကြဲခိုက်။)

(တစ်နည်း) အယ္ဆဏာနံ၊ တို့၏။ (ယထာက္ကမံ၊ တိုင်း)။ အာယော၊ ဟူကုန်သော။ ဝုဒ္ဓိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ စ၊ မဖြစ်သည်လည်းရှိ၏။ (စသဒ္ဒါ အဝဓာရဏတ္တ ကြဲခိုက်။)

မေး။ (က) အယုဝဏ္ဏာနံ (ခ) အာယော–ပုဒ်တို့ကို အသီးသီးဝိဂြိုဟ်ဆို၍ အရလည်း ကောက်ပြခဲ့ပါ။

ဖြေ။ (က) က္က စ ဥ စ ယှ၊ က္က, ဥ–တို့ကိုရ၏။

ယှ ဇဝ ဝဏ္ဏာ ယုဝဏ္ဏာ၊ က္ကဝဏ်, ဥဝဏ် တို့ကိုရ၏။

အ စ ယုဝဏ္ဏာ စ အယုဝဏ္ဏာ၊ အ အက္ခရာ, က္ကဝဏ်, ဥဝဏ်တို့ကိုရ၏။

မှတ်ချက်။ ။ ဆဋ္ဌမ္ပဋ္ဌ ''က္က စ ဥ စ ယှ'' ဟု ကေဝုစ်ဖြင့် ရှိ၏။

က္ကတရီတရယောဂဒွန် သမာသ်ပုဒ်ဖြစ်၍ ''ယှ'' ဟု ဗဟုဝုစ်ဖြင့် ရှိရပါမည်။

(ခ) အာ စ ဇ စ သြ စ အာယော။

အာ, ဇ, သြ–တို့ကို ရပါသည်။

ရှပ်ပြီးပုံ– ''က္က စ ဥ စ'' ဒွန်သမာသ်ဝါကျ ပြီးစေ၊ ''က္ကဥ''ဟု ပကတိပြု၊ က္က–ကို စျ–မှည့်၊ ယဝကာရာ စ–သုတ်ဖြင့် စျ မည်သော က္က–ကို ယ–ပြု၊ နောက် ဥ–သို့ကပ် (ယှ)၊ နာမ်ငဲ့, ယောသက်, ချေ၊ ဥ–ကို ဥဒီဃပြု၊ ''ယှ'' ပြီး၏။

''အာ စ ဇ စ သြ စ'' ဟုဒွန်သမာသ်ဝါကျ ပြီးစေ၊ ''အာသြော'' ဟု ပကတိပြု၊ **ယမေဒန္တသာဒေသော–သုတ်၌ ''ယမေ''ဟူသော ဒွိဓာကရဏယောဂဝိဘာဂ ဖြင့် (တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့်) ဇ–ကို ယ–ပြု၊ ယ– သြသို့ ကပ် (အာယော)၊ နာမ်ငဲ့, ယောသက်, ချေ၊ ''အာယော'' ပြီး၏။**

မေး။ ဝုဒ္ဓါဒိသရဿ ဝါ–သုတ်မှ ဝုဒ္ဓိသဒ္ဒါအလိုက်ခံလျှင် ပြီးနိုင်ပါလျက် ထပ်ဆိုသော ဝုဒ္ဓိသဒ္ဒါပို၏အကျိုးကို ရေးပြပါ။

ဖြေ။ ''နိဂမ+ဇနပဒ'' ''အင်္ဂ+မဂဓ''စသည်ဖြင့် နှစ်ပုဒ်စီရှိရာ၌ ဇနပဒ, မဂဓ–စသော နောက်ပုဒ်တို့၌ ဝုဒ္ဓိပြုရခြင်း အကျိုးရှိပါသည်။ (ဝုဒ္ဓိပြုရာဝယ် ဘာသာန္ဒီကာ၌ တေသု ဝုဒ္ဓိ–သုတ်ဖြင့် ပြု–ဟုဆို၍ ဂဏ္ဍီ ၌ အယုဝဏ္ဏာ–သုတ်၌ ဝုဒ္ဓိသဒ္ဒါပိုဖြင့် ပြု–ဟုဆိုသည်။)

မေး။ သုတ်၌ ''အယော ဝုဒ္ဓိ'' ဟုသာ မဆိုဘဲ ''အယုဝဏ္ဏာနဉ္စာယော ဝုဒ္ဓိ'' ဟု အယုဝဏ္ဏာနံ–ဟူသော ဌာနနိယမသဒ္ဒါကို ထည့်ဆိုရခြင်းအကျိုးကို ရေးပြပါ။

ဖြေ။ ဌာနနိယမသဒ္ဒါကို ထည့်ဆိုခြင်းသည် အာ, ဇ, သြ တို့ကို ဝုဒ္ဓိထပ်၍ ပြုရဦးမည်လော–ဟူသော လျဉ်းပါးဖွယ်ကို နစ်စေခြင်း အကျိုးရှိပါသည်။

မှတ်ချက်။ ။ ဤ ''ဇထ္ထ စ'' စသော စကားရပ်သည် စသဒ္ဒါ၏ အဝုဒ္ဓိသမ္မိဏ္ဍနထ္ထ အခိုက်ကို ရည်ရွယ်သော စကားရပ်ဖြစ်သည်။ ဘာသာန္ဒီကာဆရာတော်ကား အဝဓာရဏ အနက်ကိုသာ ရည်ရွယ်သော စကားရပ်–ဟု ဆိုပါသည်။

မေး။ ယထာ ဟိ ကတဝုဒ္ဓိနံ–စသော ဂါထာ၏ **အဓိပ္ပါယ်**ကို ရှင်းပြပါ။

http://www.dhammadownload.com

ဖြေ။ အ–ကို ဝုဒ္ဓိပြုထားသော အာသရ၊ ကွဝဏ်ကို ဝုဒ္ဓိပြုထားသော ဇ သရ၊ ဥဝဏ်ကို ဝုဒ္ဓိပြုထားသော ဩသရ တို့ကို တစ်ဖန်ထပ်၍ ဝုဒ္ဓိမပြုရသကဲ့သို့၊ ထို့အတူပင် ပင်ကိုယ်သဘောအားဖြင့် ဝုဒ္ဓိဖြစ်နေသော အာ, ဇ, ဩ သရတို့ကို တစ်ဖန်ထပ်၍ ဝုဒ္ဓိမပြုရ– ဟုဆိုလိုပါသည်။

မေး။ ကတဝုဒ္ဓိ, သဘာဝဝုဒ္ဓိ–ဟူသော ဝုဒ္ဓိ ၂–မျိုးကို ပုံစံများဖြင့် ခွဲခြားဖော်ပြပါ။

ဖြေ။ **ကတဝုဒ္ဓိ**

ဝါသိဋ္ဌော – အ–ကို အာဝုဒ္ဓိပြု။
ဇေနဒတ္တိကော – ကွ–ကို ဇဝုဒ္ဓိပြု။
ဩပဂေါ – ဥ–ကို ဩ ဝုဒ္ဓိပြု။

သဘာဝဝုဒ္ဓိ

နာဝိကော, ဘာရဒ္ဒါဇော – အာ။
ဇော်တယျော, ဝေသာမိတ္တော – ဇ။
ဂေါတမော, မောဂ္ဂလ္လာယနော – ဩ။

မေး။ သဘာဝဝုဒ္ဓိ ဖြစ်သော အာ, ဇ, ဩ တို့ကို အဘယ့်ကြောင့် ဝုဒ္ဓိ ထပ်မပြုရပါသနည်း။

ဖြေ။ ၎င်းတို့သည် အယုဝဏ္ဏအဖြစ် မရှိသောကြောင့် (အ–အက္ခရာ, ကွဝဏ်, ဥ ဝဏ်များ မဟုတ်ကြသောကြောင့်) ဝုဒ္ဓိ ထပ်မပြုရခြင်း ဖြစ်ပါသည်။

မေး။ တဒ္ဓိတ်အပြား ၃–ပါး သာမညတဒ္ဓိတ် အပြား ၄–ပါးတို့ကို ဖော်ပြပါ။

ဖြေ။ **တဒ္ဓိတ်အပြား ၃–ပါးကား**– သာမညတဒ္ဓိတ်၊ ဘာဝတဒ္ဓိတ်၊ အဗျယတဒ္ဓိတ်တို့ဖြစ်ပါသည်။
သာမညတဒ္ဓိတ်အပြား ၄–ပါးကား– အပစ္စတဒ္ဓိတ်၊ အနေကတ္ထတဒ္ဓိတ်၊ အသဿတ္ထိတဒ္ဓိတ်၊ သဒ္ဒါတဒ္ဓိတ် တို့ ဖြစ်ပါသည်။

၅–တဒ္ဓိတကပ္ပ (တဒ္ဓိတကဏ္ဍ) ပြီး၏။



http://www.dhammadownload.com

၆-အာချာတကပ္ပ (အာချာတကဏ္ဍ)

ပဌမကဏ္ဍ

မေး။ အာချာတ် ဝိဘတ်၏ သက်ရာပကတိကို ဖော်ပြပါ။
ဖြေ။ အာချာတ်ဝိဘတ်တို့ကို ကြိယာကို ဟောသောဓာတ်တို့နောင် သက်ရပါသည်။

မေး။ အာချာတ-ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ အရလည်း ကောက်ပြပါ။
ဖြေ။ ကြိယံ အာစိက္ခတီတိ အာချာတံ။ (ဓာတွတ္ထဝိဂ္ဂဟ)
ကြိယံ အာချာယတီတိ အာချာတံ။ (ဓာတုဝိဂ္ဂဟ)
အရကား- 'ဂစ္ဆတိ, ပစတိ'စသော ကြိယာပုဒ်ကို ရ၏။

မေး။ 'အာချာတ်'၏ အဓိပ္ပါယ်ကို ရေးပါ။
ဖြေ။ သွားခြင်း, ချက်ခြင်း-အစရှိသော ဓာတ်နက်ကြိယာကို ဟောတတ်သောကြောင့် 'အာချာတ်' မည်ပါသည်။

မေး။ အာချာတ်ပုဒ်၏ လက္ခဏာ ၆-ပါးကို ရေး၍၊ မုချလက္ခဏာကိုလည်း ဖော်ပြပါ။
ဖြေ။ အာချာတ်၏ လက္ခဏာ ၆-ပါးမှာ-
၁။ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟူသော ကာလ ၃-ပါးရှိခြင်း။
၂။ ပထမပုရိသ်, မဇ္ဈိမပုရိသ်, ဥတ္တမပုရိသ်ဟူသော ပုရိသ် ၃-ပါးရှိခြင်း။
၃။ သွားခြင်း, ချက်ခြင်းစသော ကြိယာကို ပဓာနအားဖြင့် ဟောလေ့ရှိခြင်း။
၄။ ကတ္တု, ကမ္မ, ဘာဝဟူသော ကာရက ၃-ပါးရှိခြင်း။
၅။ ဣတ္ထိလိင်, ပုလ္လိင်, နပုလ္လိင်ဟူသော လိင် ၃-ပါး မရှိခြင်း။
၆။ ဧကဝုစ်, ဗဟုဝုစ်ဟူသော ဝုစ် ၂- ပါးရှိခြင်းတို့ ဖြစ်ပါသည်။
မုချလက္ခဏာကား - ကြိယာကို ပဓာနအားဖြင့် ဟောလေ့ရှိခြင်း ဖြစ်ပါသည်။

မေး။ ဝိဘတ္တိ-ပုဒ်ကို အာချာတ်ဝိဘတ်နှင့် လျော်အောင် ဝစနတ္ထပြု၍၊ အဓိပ္ပါယ်ကိုလည်း ရေးပြပါ။
ဖြေ။ ကာလာဒိဝသေန ဓာတွတ္ထံ ဝိဘဇန္တီတိ ဝိဘတ္တိယော။
ကာလအစရှိသည်တို့၏ အစွမ်းဖြင့် ဓာတ်နက်ကြိယာကို ဝေဖန်တတ်သောကြောင့် ''ဝိဘတ်''တို့ မည်ကြပါသည်။

မေး။ အာချာတ်ဝိဘတ်၏ သရူပနှင့် ပဘေဒတို့ကို ဖော်ပြပါ။
ဖြေ။ သရူပမှာ - တိ, အန္တိစသည်တို့ ဖြစ်ပါသည်။
ပဘေဒကား- ဝတ္တမာန်, ပဥမီ, သတ္တမီ, ပရောက္ခာ ဟိယျတ္တနီ, အဇ္ဇတနီ, ဘဝိဿန္တီ, ကာလာတိပတ္တိတို့ ဖြစ်ပါသည်။

မေး။ 'ဝေဖန်တတ်သောကြောင့် ဝိဘတ်'ဟုဆိုရာ အာချာတ်ဝိဘတ်တို့၏ ဝေဖန်ပုံကို ဖော်ပြပါ။
ဖြေ။ ဝိဘတ်မပါပဲ 'ဂမု' ဟုသာဆိုလျှင် ထိုဂမုဓာတ်၏ ဂတိအနက်ကိုသာ သိရ၏၊ ''ဂစ္ဆတိ''

http://www.dhammadownload.com

ဟု တိဝိဘတ်နှင့် တွဲဖက်၍ ဆိုသည့်အခါ၌ကား ပစ္စုပ္ပန်ကာလ, ကတ္တုကာလ, ပထမပုရိသ် ကေဝုစ်အနက်ကိုလည်း သိရ၏။ ဤသို့စသည်ဖြင့် တိ, အန္တိစသော ဝိဘတ်တို့သည် ဓာတ်အနက်ဖြစ်သော ကြိယာတစ်ခုတည်းကို ကာလအပျိုးပျိုး, ကာရကအပျိုးပျိုး, ပုရိသ်အပျိုးပျိုး, ဝုစ်အပျိုးပျိုးအားဖြင့် ဝေဖန်ကြပါသည်။

မေး။ နာမ်ဝိဘတ်နှင့် အာချာတ်ဝိဘတ်တို့၏ အထူးကို ရေးပါ။

ဖြေ။ ''ကမ္မာဒိဝသေန ကေတ္တာဒိဝသေန စ လိင်္ဂတ္ထံ ဝိဘဇန္တိတိ ဝိဘတ္တိယော။ (နာမ်ဝိဘတ်) ကာလာဒိဝသေန ဓာတွတ္ထံ ဝိဘဇန္တီတိ ဝိဘတ္တိယော။ (အာချာတ်ဝိဘတ်)

ကံ (ကမ္မကာရက) စသည်တို့၏ အစွမ်းဖြင့်လည်းကောင်း၊ ကေဝုစ်, ဗဟုဝုစ် သဒ္ဒါတို့၏ အစွမ်းဖြင့်လည်းကောင်း၊ လိင်အနက်ကို ဝေဖန်တတ်သော ဝိဘတ်သည် ''နာမ်ဝိဘတ်'' မည်၏။

ကာလ, ကာရက, ပုရိသ်, ကေဝုစ်, ဗဟုဝုစ် သဒ္ဒါတို့၏ အစွမ်းဖြင့် ဓာတ်နက်ကြိယာကို ဝေဖန်တတ်သော်ဝိဘတ်သည် ''အာချာတ်ဝိဘတ်'' မည်၏။

မေး။ ''ဓာတု=ဓာတ်'' ဟူသည် အဘယ်နည်း ဖြေဆို၍၊ အရကိုလည်း ကောက်ပြပါ။

ဖြေ။ ကြိယ် ဓာရေန္တိတိ ဓာတဝေါ။ (ဓာတွတ္ထဝိဂ္ဂဟ)

ကြိယာကို ဆောင်တတ်သော ''ဓာတ်''တို့ မည်ကုန်၏။ ''ဓာတု= ဓာတ်''အရကား ဘူ-အစရှိသော ပကတိဓာတ်နှင့် ခ-အစရှိသော ဓာတုပစ္စည်း အဆုံးရှိသော တိတိကွ, ဓိယ္ယ, ဝိပါသ-စသည်တို့ကိုရ၏။

မှတ်ချက်။ ။ ''ကြိယာကို ဆောင်''ဟူသည် ကြိယာအနက်ကို ဟောနိုင်ခြင်း ကြိယာအနက်ရှိခြင်းတည်း။

မေး။ ဓာတ်အပျိုးအစား နှစ်ပါးကို အဓိပ္ပါယ်နှင့်တကွ ဖေါ်ပြပါ။

ဖြေ။ ၁။ သကမ္မကဓာတ် = ကံကိုဆိုသော ကြိယာကိုဟောသော ကရ, ဂမု, ပစ-စသော ဓာတ်များ။ (ကဋ္ဌံ ကရောတိ၊ ဂါမံ ဂစ္ဆတိ၊ ဩဒနံ ပစတိ။)

၂။ အကမ္မကဓာတ် = ကံကို ဆိုခြင်းမရှိသော ကြိယာကို ဟောသော အာသ, သိ, ဌာ- စသော ဓာတ်များ။ (အစ္ဆတိ၊ သေတိ၊ တိဋ္ဌတိ။)

မှတ်ချက်။ ။ ပုံစံထုတ်လိုရင်းမှာ ''ကရ, ဂမု, ပစ၊ အာသ, သိ, ဌာ'' ဓာတ်တို့ သာဖြစ်၏။ လိင်, ဓာတ်တို့သည် ဝိဘတ်နှင့်ကင်း၍ မတည်နိုင်သောကြောင့် စာကိုယ် ပါဝင်၍ ''ကရောတိ, ဂစ္ဆတိ''စသည်ဖြင့် ဝိဘတ်နှင့်တကွ ထုတ်ပြရသည်-ဟု မှတ်ပါ။

မေး။ ကံကို ဆိုသောကြိယာ, ကံကိုဆိုခြင်းမရှိသော ကြိယာတို့ကို ရှင်းလင်းပြဆိုပါ။

ဖြေ။ ''ကံကိုဆိုသော ကြိယာ''ဟူသည် ကံပါမှ အနက်အဓိပ္ပါယ်ပြည့်စုံသော ပြုခြင်း, ချက်ခြင်း, သွားခြင်း''စသော ကြိယာတည်း။ ကရောတိ-၌ ကာရကာတ်၏ အနက်ဖြစ်သော ပြုခြင်း ကြိယာသည် ''ဘာကို + ပြု''ဟု ကံကို ဆို၏၊ ထိုကြောင့် ''ကဋ္ဌံ ကရောတိ= ဖျာကို ပြု''ဟု ကံကို ထည့်ပေးရ၏။ ကံပါမှ အနက်အဓိပ္ပါယ် ပြည့်စုံသွား၏။ ဤသို့ ကံပါမှ အနက်အဓိပ္ပါယ် ပြည့်စုံသော ''ပြုခြင်း'' စသော ကြိယာကို ''ကံကိုဆိုသော ကြိယာ'' ဟု ဆိုရပါသည်။

''ကံကို ဆိုခြင်းမရှိသော ကြိယာ''ဟူသည် ကံမပါပဲ အနက်အဓိပ္ပါယ်ပြည့်စုံသော နေခြင်း, အိပ်ခြင်း, ရပ်ခြင်းစသော ကြိယာတည်း။ အစ္ဆတိ-၌ အာသဓာတ်၏

http://www.dhammadownload.com

အနက်ဖြစ်သော 'နေခြင်း'ကြိယာသည် ''ဘယ်သူသည် + နေ''ဟု ကတ္တားကို ငဲ့၏။ ကံမပါပဲ အနက်အဓိပ္ပါယ် ပြည့်စုံ၏။ ဤသို့လျှင် 'ကံမပါပဲ အနက်အဓိပ္ပါယ်ပြည့်စုံသော 'နေခြင်း' စသောကြိယာကို ''ကံကို ငဲ့ခြင်းမရှိသော ကြိယာ''ဟု ဆိုရပါသည်။

– ဘဝတိ တိဋ္ဌတိ သေတိ၊ အဟောသိ ဇဝမာဒယော။
အကမ္မကာတိ ဝိညေယျာ၊ ကမ္မလက္ခဏာ ဝိညုနာ။ (ရူ၊ ၃၃၆။)
– ကမ္မဝါစိနိ ဓာတုမှိ၊ ယသ္မိ ကမ္မံ ဂဝေသတေ။
သကမ္မကောတိ သော ဥပေယျော၊ တပ္ပိရုဒ္ဓေါ အကမ္မကော။
– ကံနှင့် ပုစ္ဆာ၊ ထုတ်အပ်ရာကား၊ သကမ္မကမှတ်။
ကံမထုတ်သင့်၊ ကတ္တားနှင့်မှု၊ ပုစ္ဆာရာ၊ အကမ္မကဓာတ်။
(သမ္မန္ဓစိန္တာဂဏ္ဌိသစ်၊ ၃၈၅)။

မေး။ ဓာတ်တို့သည် ''ကြိယာကို ဆောင်တတ် = ဟောတတ်''ဟူသော အနက်အားဖြင့် တစ်မျိုးတည်းသာ ဖြစ်ပါလျက် အဘယ့်ကြောင့် ၎–ပါး ပြားရပါသနည်း။

ဖြေ။ ဓာတ်တို့သည် ''ကြိယာကို ဆောင်တတ် = ဟောတတ်ခြင်း''ဟူသော အနက်အားဖြင့် တစ်မျိုးတည်းသာ ဖြစ်ပါသော်လည်း ဝိကရဏပစ္စည်း ၎–မျိုးပြားသောကြောင့် ထို ဝိကရဏပစ္စည်း အပြားအားဖြင့် ('ဘူဝါဒိဂဏိကဓာတ်' စသည်ဖြင့်) ၎–မျိုးပြားရခြင်း ဖြစ်ပါသည်။

မေး။ ဝိကရဏပစ္စည်း အပြားအားဖြင့် ပြားသော ဓာတ် ၎–မျိုးကို သိသာထင်ရှားအောင် ရေးပြပါ။

ဖြေ။ ၁။ ဘူဝါဒိ (ဂဏိက)ဓာတ် = 'အ'ဟူသော ဝိကရဏပစ္စည်း အဆုံးရှိသောဓာတ်များ။
၂။ ရုဓာဒိ (ဂဏိက)ဓာတ် = နိဂ္ဂဟိတ်ရှေ့ရှိသော 'အ'ဟူသော ဝိကရဏပစ္စည်း အဆုံးရှိသော ဓာတ်များ။
၃။ ဒိဝါဒိ ။ = 'ယ'ဟူသော ဝိကရဏပစ္စည်းအဆုံးရှိသော ဓာတ်များ။
၄။ သွာဒိ ။ = 'ဏု, ဏာ, ဥဏာ'ဟူသော ဝိကရဏပစ္စည်းအဆုံးရှိသော ဓာတ်များ။
၅။ ကိယ်ာဒိ ။ = 'နာ,ပ္ပ,ဏှာ'ဟူသော ဝိကရဏပစ္စည်းအဆုံးရှိသောဓာတ်များ။
၆။ တနာဒိ ။ = 'ဩ, ယိရ'ဟူသော ဝိကရဏပစ္စည်း အဆုံးရှိသောဓာတ်များ။
၇။ စုရာဒိ ။ = သကတ်အနက်၌ သက်သည့် 'ဏော, ဏယ'ဟူသော ဝိကရဏ ပစ္စည်းအဆုံးရှိသော ဓာတ်များ။
– ဘူဝါဒိ စ ရုဓာဒိ စ၊ ဒိဝါဒိ သွာဒယော ဂဏာ။
ကိယာဒိ စ တနာဒိ စ၊ စုရာဒိ ဝိဓ သတ္တဓာ။ (ရူ၊ ၃၂၄။)

မေး။ ဘူဝါဒိဂိုဏ်းဓာတ် ၄– မျိုးကို သိသာရုံမျှ သရုပ်ထုတ်ပြပါ။

ဖြေ။ ၁။ သဝုဒ္ဓိက ဘူဝါဒိဂိုဏ်းဓာတ်။
၂။ တုဒါဒိ ။
၃။ ဟူဝါဒိ ။
၄။ ဇုဟောတျာဒိဘူဝါဒိဂိုဏ်းဓာတ် တို့ဖြစ်ပါသည်။

– သဝုဒ္ဓိကာ တုဒါဒိ စ၊ ဟူဝါဒိ စ တထာ ပရော။
ဇုဟောတျာဒိ စတုဒ္ဒေဝံ၊ ဥပေယျာ ဘူဝါဒယော ဣဓ။

http://www.dhammadownload.com

မေး။ 'သဝုဒ္ဓိက ဘူဝါဒိဂိုဏ်းဓာတ်'စသော ဘူဝါဒိဂိုဏ်းဓာတ် ၄–မျိုးတို့၏ အဓိပ္ပါယ်ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ၁။ ''သဝုဒ္ဓိက ဘူဝါဒိဂိုဏ်းဓာတ်''ဟူသည် ဝုဒ္ဓိပြုရမည့် ကုဝဏ်, ဥဝဏ်သရ ဖြစ်လျှင် ဝုဒ္ဓိပြုရသော၊ ကုဝဏ်, ဥဝဏ်သရ မဟုတ် 'အ'သရဖြစ်လျှင် အခြားဆိုလတ္တံဂိုဏ်းတို့၏ လက္ခဏာ မရှိသော ''ဘူ, ပစ, ဂမု, ကုသု, ကုသ, စျ''စသော ဓာတ်များဖြစ်ပါသည်။

၂။ ''တုဒါဒိဂိုဏ်းဓာတ်''ဟူသည် ဝုဒ္ဓိပြုသင့်ပါလျက် မပြုရသော ''တုဒ, ဝိသ, နုဒ'' စသော ဓာတ်များ ဖြစ်ပါသည်။

၃။ ''ဟူဝါဒိဂိုဏ်းဓာတ်''ဟူသည် ဝိကရဏ 'အ'ပစ္စည်းကိုလည်း ချေ, ဝုဒ္ဓိလည်း ပြုရသော ''ဟူ, သိ, နီ''စသောဓာတ်များ ဖြစ်ပါသည်။

၄။ ''ဇုဟောတျာဒိဂိုဏ်းဓာတ်''ဟူသည် 'အ'ပစ္စည်းကိုလည်း ချေ, ဓာတ်ကိုလည်း ဒွေးဘော်ပြု, ဝုဒ္ဓိလည်း ပြုပေးရသော ''ဟု, ဟာ, ဒါ, ဓာ''စသော ဓာတ်များ ဖြစ်ပါသည်။

(ထိုတွင် ဝုဒ္ဓိပြုရသော ဘူဝါဒိဂိုဏ်းဓာတ် ၃–မျိုး၊ ဝုဒ္ဓိ မပြုရသော ဘူဝါဒိဂိုဏ်းဓာတ် ၁–မျိုးဟု ခွဲခြားမှတ်သားပါ။)

မေး။ (က) သဝုဒ္ဓိကာ တုဒါဒိ စ၊

(ခ) အဝုဒ္ဓိကာ တုဒါဒိ စ – ဟု ရူပသိဒ္ဓိပါဠိ၌ ပါ၌ ၂–မျိုးကွဲပြားနေရာ အဘယ်ပါ၌သာ သင့်မြတ်သည်–ဟု ရှင်းလင်းဆုံးဖြတ်ပါ။

ဖြေ။ စည်ရှင်ရူပသိဒ္ဓိနိဿယ၌ ''သေတိ, အက္ကောသတိ''စသည်တို့ပါသော်လည်း အနည်းငယ်သာဖြစ်၍ ယင်းတို့ကို မငဲ့ပဲ ''အဝုဒ္ဓိကာ''ဟုဆိုကြောင်းရေးသည်။ ဘာသာဋီကာ၌လည်း ''ဘဝတိ–၌ ဝုဒ္ဓိပြုသော်လည်း ဝုဒ္ဓိ မထင်ရှားသောကြောင့် 'အဝုဒ္ဓိက' မည်ကြောင်းနှင့် 'သဝုဒ္ဓိက'ဟု ယခုစာတို့၌ တွေ့ရ၏။ စိစစ်ကြပါကုန်''ဟု ရေးသားတော်မူသည်။ ထိုစည်ရှင်နိဿယနှင့် ဘာသာဋီကာတို့နောက်သို့လိုက်၍ ဆဋ္ဌမူ (စာ–၂၉၃) ၌ ''အဝုဒ္ဓိကဘူဝါဒိနယော''ဟုလည်းကောင်း၊ (စာ–၃၀၆)၌ ''အဝုဒ္ဓိကာ တုဒါဒိ စ''ဟုလည်းကောင်း ပြင်ထားခြင်းဖြစ်ပါသည်။

အထက်ဖော်ပြပါ ဂါထာဝယ် ရှေးမူ, သီဟိဠ်မူတို့၌ ''သဝုဒ္ဓိကာ''ဟုရှိ၏။ စာမျက်နှာ(၂၉၃) စျဓာတ်၏ အဆုံး၌လည်း ''သဝုဒ္ဓိကဘူဝါဒိနယော''ဟုပင် ရှိခဲ့သည်။ သီဟိဠ်ဗျာချာ၌လည်း ''ဝုဒ္ဓိသဟိတ''ဟုပင် အနက်ပေးသည်။ လောပဠွေတ္တ မကာရော–သုတ်အဖွင့်ဋီကာ (၁၉၄)၌လည်း ''နာညော သဝုဒ္ဓိကဘူဝါဒိတော, တုဒါဒိတော စ ပရော အပစ္စယော လောပမာပဇ္ဇတီတိ အတ္ထော''။ ''ဘူဝါဒိ ဇုဟောတျာဒိ ပရံ ဌပေတွာ 'တဒနုပရော ဓေနာ'တိပိ ဝစနတော သဝုဒ္ဓိကေဟိပိ ကွစိဒေဝ အပစ္စယဿ ဇောရော'' ဟုရှိသည်။ ထိုရှေးမူ, သီဠ်မူနှင့် သီဟိဠ် ဗျာချာဋီကာတို့အလို ''သဝုဒ္ဓိကာ တုဒါဒိ စ''ဟု ရှိရပါမည်။ ''တုဒါဒိနံ ဝုဒ္ဓိအဘာဝေါ ဝိသေသော = တုဒအစရှိသော ဓာတ်တို့၏ ဝုဒ္ဓိအပြုမရှိခြင်းသာထူး၏''ဟု ရူပသိဒ္ဓိ၌ ဖွင့်ဆိုထားသဖြင့် ဆိုခဲ့ပြီး ဘူဝါဒိဂိုဏ်း၌ ဝုဒ္ဓိပြုရကြောင်းမှာ အဝုတ္တသိဒ္ဓိနည်းဖြင့်ပြီးသောကြောင့် ''သဝုဒ္ဓိကာ တုဒါဒိ စ''ဟူသော ရှေးမူပါဠိကိုသာ အသင့်ဟု ဆိုထိုက်ပါသည်။

http://www.dhammadownload.com

ဆရာမြတ်၏ မိန့်ဆိုချက်

ယခု အမေရိကန်နိုင်ငံ၌ သာသနာပြုနေသော မိမိတို့ကျေးဇူးရှင် အဘယာရာမတိုက် နာယကဆရာတော် အရှင်သီလာနန္ဒာဘိဝံသကား ''သဝုဒ္ဓိက''ပင် အမှန်ဖြစ်မည်ဟု ထင်ကြောင်း မိန့်သည်။

ဆရာမြတ်က ''အညေသု စ–၌ ဝါသဒ္ဒါ၏ သတ်မှတ်ချက်အရ ဝုဒ္ဓိပြုရမည့် ဓာတ်သရ သည် ကွဝဏ် ဥဝဏ်သာ ဖြစ်၏။ အ–သရ မဟုတ်။ ထိုကြောင့် ဂမု ပစ စသည် ၌ ဝုဒ္ဓိမပြုရခြင်းမှာ ယင်းသတ်မှတ်ချက်ကြောင့် ဖြစ်သည်၊ ဂိုဏ်းကြောင့် မဟုတ်။ သဝုဒ္ဓိက ဂိုဏ်းအရာ၌ ပြထားသော အခြားဓာတ်များကိုကြည့်လျှင် ဝုဒ္ဓိပြုသည်ကိုချည်း တွေ့ရ၏။ (ဘူ, ကွသု, ကွသ, ဈေဓာတ်များရှု)။ ဒိသဓာတ်ကား ပဿ, ဒိဿ စသည်ပြုရသော ကြောင့် ဝုဒ္ဓိပြုခွင့်မရခြင်း ဖြစ်သည်။ ထိုကြောင့် ဝုဒ္ဓိပြုရမည့် သရများပါလျှင် ဝုဒ္ဓိပြုကို ပြုရမည့် ဓာတ်များနှင့် အခြား တုဒါဒိ, ဟူဝါဒိ, ဇုဟောတျာဒိဂိုဏ်းများအတွင်းသို့ ထည့်၍ မဖြစ်နိုင်သော ဂမု, ပစ စသော ဓာတ်တို့ကို ပေါင်း၍ ''သဝုဒ္ဓိက'' ဟု ခေါ်ထားခြင်း ဖြစ်သည်''ဟု ရှင်းပြတော်မူသည်။

နှိုင်းယှဉ်ကြည့်ရှုရန်

ဘူ သတ္တာယံ။ ---။ တဿာ ပျနိယမပ္ပသင်္ဂေ ''အယုဝဏ္ဏာနဉ္စာယော ဝုဒ္ဓီ''တိ ပရိဘာသတော ဦကာရသေကာရော ဝုဒ္ဓိ။ (ရူ၊ ၂၆၂) စသည်။

ကွသု ကွစ္ဆာကန္တီသု။ ---။ စ္ဆာဒေသာဘာဝေ အသံယောဂန္တတ္တာ ''အညေသု စာ''တိ ဝုဒ္ဓိ။ (ရူ၊ ၂၈၅။)

ကုသ အကွောသေ။ အာပုဗ္ဗော ဒ္ဓိတ္တရဿတ္တာနိ, အပစ္စယဝုဒ္ဓိယော စ။ (၂၈၈။)

တုဒ ဗျတနေ၊ တျာဒျုပ္ပတ္တိ အပစ္စယော၊ ''အညေသုစာ'' တိ ဇတ္ထာနုဝတ္တိတ ဝါဂ္ဂဟဏေန တုဒါဒီနံ ဝုဒ္ဓိအဘာဝေါဝ ဝိသေသော။ (ရူ၊ ၂၉၃။)

ဟူ, ဘူ သတ္တာယံ၊ တျာဒျုပ္ပတ္တိ။ ''ဘူဝါဒိတော အ''ကွတိ အပ္ပစ္စယော၊ ''ဝါ''တိ အဓိကိစ္စ ''လောပဉ္စေတ္တ မကာရော''တိ ဘူဝါဒိတော ပရဿ အပစ္စယဿ လောပေါ၊ ''အညေသုစာ''တိ ဝုဒ္ဓိ။ (၂၉၄။)

ဟု ဒါနာဒနဟဗျပ္ပဒါနေသု၊ တျာဒျုပ္ပတ္တိ, အပစ္စယော စ၊ ''ကွစာဒိ ဝဏ္ဏာန မေကဿရာနံ ဒွေဘာဝေါ''တိ ဒ္ဓိတ္တံ။ ''ပုဗ္ဗော' ဗ္ဘာသော''တိ အဗ္ဘသသညာ။ ---''လောပဉ္စေတ္တ မကာရော''တိ အပစ္စယလောပေါ၊ ဝုဒ္ဓိ။ (၃၀၂–၃။)

လုတ္တ အဝိကရဏ ဇုဟောတျာဒယော ဒွေဘာဝရူပါ။ (ဋီ၊ ၁၉၉။)

ပယောဂသိဒ္ဓိ စာကိုယ်ပါ၌ (စာ၊ ၂၃၆။) ၌လည်း ''သဝုဒ္ဓိကဘူဝါဒိနယော''ဟုပင် တွေ့ရသည်။ သို့သော် ၎င်းနိဿယ (ဒု၊ ၃၀၇–၌ကား ''အဝုဒ္ဓိကဘူဝါဒိနယော''ဟု ပြင်၍ အနက်ပေးပြထားသည်။ ထို့ပြင် ၎င်းစာကိုယ် (စာ၊ ၂၄၃)လာ အောက်ပါ ဂါထာ ကိုလည်း ဖော်ပြပါအတိုင်း မိမိလိုသလို အနက်ဆွဲပေးထားသည်ကို တွေ့ရသည်။

ဘူဝါဒီ စ ဇုဟာဒီ စ၊ ဟုဝါဒီ ဓာတဝေါ စိမေ။
သဝုဒ္ဓိကဘူဝါဒီ ဟိ၊ တိဓာ ဘေဒံ ဥပေန္တိ တေ။

အဝုဒ္ဓိကာ=ဝုဒ္ဓိပြုခြင်း မရှိကုန်သော။ (ဤပုဒ် ဂါထာ၌မပါ၊ မိမိဆန္ဒဖြင့် ထည့်ပေးထား သော ပုဒ်တည်း။) ဘူဝါဒီ စ၊ ဘဝတိ + ပစတိ + ဂစ္ဆတိစသော ဓာတ်တို့လည်း ကောင်း။ ဇုဟာဒီ စ၊ ဓာတ်ကို ဒ္ဓိရုပ်ပြုပေးရသော ဇုဟောတိ + ဒဒါတိ + ဒဓာတိ

http://www.dhammadownload.com

စသောဓာတ်တို့လည်းကောင်း။ သဝုဒ္ဓိကာ=ဝုဒ္ဓိပြုခြင်းရှိကုန်သော။ ဟုဝါဒိ စ=ဟောတိ + သေတိ + နေတိ စသော ဓာတ်တို့လည်းကောင်း။ ကွာတိ= ဤဆိုအပ်ပြီးသောနည်းဖြင့်။ ကွမေ တေ ဘူဝါဒိဓာတဝေါ= ဤဘူဝါဒိ ဂိုဏ်းဝင်ဓာတ်တို့သည်။ တိဓာ= ၃–ပါးအပြားဖြင့်။ ဘေဒံ= ကွဲပြားခြင်းသို့။ ဥပေန္တိ=ရောက်ကုန်၏။(ပယောဂသိဒ္ဓိ နိဿယ ဒု၊ ၃၃၄။)

အနက်မှန်။ ။ ဟိ၊ မှန်၏။ ဘူဝါဒိ စ၊ ဘူအစရှိသော ဓာတ်တို့လည်းကောင်း။ ဇုဟာဒိ စ၊ ဟု–အစရှိသောဓာတ်တို့လည်းကောင်း။ ဟုဝါဒိဓာတဝေါစ၊ ဟူ အစရှိသော ဓာတ်တို့လည်းကောင်း။ (ကွတိ၊ ဤသို့။) ကွမေ သုဝုဒ္ဓိကဘူဝါဒိ၊ ဤဝုဒ္ဓိပြုခြင်းရှိကုန်သော ဘူဝါဒိဂိုဏ်းဓာတ်တို့သည်။ တိဓာ၊ အားဖြင့်။ ဘေဒံ၊ သို့။ ဥပေန္တိ၊ ရောက်ကုန်၏။

ပယောဂသိဒ္ဓိ စာကိုယ်၌ ရှိရမည့် နိဂုံးစာပိုဒ်များ

သဝုဒ္ဓိကဘူဝါဒိနယော။ စာ– ၂၃၆ (လက်ရှိအတိုင်း)
ဟုဝါဒယော။ စာ– ၂၄၂ ထိပ်၌ ရှိနေသည်။ ၂၄၁ အဆုံး၌ ရှိရမည်။
ဂါထာ – ဘူဝါဒိနယော ဇုဟောတျာဒယော။ စာ– ၂၄၃။

အထက်၌ရေးပြခဲ့သော ရူပသိဒ္ဓိဝါကျများနှင့် ဤပယောဂသိဒ္ဓိ စာအသွားအလာကို ကြည့်လျှင်လည်း ''သဝုဒ္ဓိကဘူဝါဒိဂိုဏ်း'' သာအမှန်ဖြစ်ကြောင်း ထင်ရှားလှပါတော့သည်။ ဂဏ္ဌိဆရာတော်လည်း ''သဝုဒ္ဓိကဘူဝါဒိဂိုဏ်း''ကိုပင် အမှန် ယူသည်။
ကစ္စယန ဓာတုမဉ္ဇူသာ ကျမ်းလာ အောက်ပါခေါင်းစည်းများကိုလည်း ကြည့်ပါ။

- တုဒါဒယော အဝုဒ္ဓိကာ၊
- ဟူ ဘုဝါဒယော လုတ္တာဝိကရဏာ၊
- ဇုဟာဒယော သဒ္ဓိဘာဝ လုတ္တာဝိကရဏာ။

မေး။ သဝုဒ္ဓိက ဘူဝါဒိဂိုဏ်းဓာတ်များကို ဖော်ပြပါ။
ဖြေ။ ဘူ၊ ပစ၊ ဂမု၊ ဂ္ဂသု၊ ယမု၊ အာသ၊ လဘ၊ ဝစ၊ ဝသ၊ ရုဒ၊ ကုသ၊ ဝဟ၊ ဇရ၊ **မရ** ဒိသ၊ သဒ၊ ယဇ၊ ဝဒ၊ ကမု၊ စလ၊ ဒလ၊ ဧျဓာတ် စသည်တို့ ဖြစ်ပါသည်။

မေး။ ပစဓာတ်၏ မြန်မာနက်များကို ဖော်ပြပါ။
ဖြေ။ – ကြို၊ ချက်၊ ကြော်၊ ပြုတ်၊ ပေါင်း၊ ကင်၊ ဖုတ်၊ လျော်ဟုတ် အုံး၊ ကျပ်တင်။
– ပစဓာတ်နက်၊ ယင်းဆယ်ချက်၊ မှတ်ချက် ထားစေချင်။ (ဗာ–ဂဏ္ဌိ။)

မေး။ အောက်ပါ ပါဠိ ၂– မျိုးတို့၏ အမှား/ အမှန်ကို ဝေဖန်သုံးသပ် ဆုံးဖြတ်ပါ။
(က) သဒ ဝိသရဏာ ဂတျာဝသာနေသု (ရူ၊ ၂၉၀။)
(ခ) သဒ ဝိသရဏာ ဂတျဝသာဒနေသု။
ဖြေ။ ပါဏိနီ ဓာတုပါဌ (၈၇၉)၌ ''သဒ ဝိသရဏ ဂတျဝသာဒနေသု''ဟု ရှိ၏။၄င်းအဖွင့် တတ္တဗောဓိနီဋီကာ၌ ''ဝိသရဏံ အဝယဝါနံ ဝိသိလေသော၊ အဝသာဒနံ နာသော'' ဟု ဖွင့်၏။ ထို့ကြောင့် (ခ)အမှတ်ပြပါ၌သာ အမှန် ဖြစ်ပါသည်။

မေး။ တုဒါဒိဂိုဏ်းဓာတ်များကို ဖော်ပြပါ။
ဖြေ။ တုဒ၊ ဝိသ၊ နုဒ၊ ဒိသ၊ လိခ၊ ဖုသဓာတ် စသည်တို့ ဖြစ်ပါသည်။

မေး။ ဟူဝါဒိဂိုဏ်းဓာတ်များကို ဖော်ပြပါ။

http://www.dhammadownload.com

ဆရာ။ ဟူ၊ ဘူ၊ သီ၊ နီ၊ ဌာ၊ ပါ၊ အသ၊ ဗြူ။ ဟုနောတ် စသည်တို့ ဖြစ်ပါသည်။

ဒေး။ ဇုဟောတျာဒိဂိုဏ်းများကို ဖေါ်ပြပါ။

ဆရာ။ ဟု၊ ဟာ၊ ဒါ၊ ဓာ ဓာတ်စသည်တို့ ဖြစ်ပါသည်။

ဒေး။ ရုဓာဒိဂိုဏ်းဓာတ်များကို ဖေါ်ပြပါ။

ဆရာ။ ရုဓ၊ ဆိဒိ၊ ဘိဒိ၊ ယုဇ၊ ဘုဇ၊ မုစ ဓာတ်စသည်တို့ဖြစ်ပါသည်။

ဒေး။ အောက်ဖော်ပြပါ ပါဠိ ၂–မျိုးတို့၏ အမှား/ အမှန်ကို ဝေဖန်သုံးသပ် ဆုံးဖြတ်ပါ။
(က) ဘုဇ ပါလန ဗျဝဟရတ္ထောသု။
(ခ) ဘုဇ ပါလနာဘျဝဟရတ္ထောသု။

ဆရာ။ ဆဋ္ဌမူဠှ (က) အတိုင်းရှိ၍၊ သီဟိဠ်မူဠှ (ခ) အတိုင်းရှိသည်၊ သဒ္ဒနီတိ ဓာတုမာလာ (၂၀၃)ဠှလည်း (က)အတိုင်းပင်ရှိ၍ ''ဗျဝဟရဏံ အဇ္ဈောဟရဏံ''ဟု ဖွင့်သည်။ သို့သော် ၄င်း၏ မိုရာ ပါဏိနီ ဓာတုပါဌနှင့်တကွ အခြားဓာတ်ကျမ်းတို့ဠှ (ခ) အတိုင်းသာ ရှိ၍၊ ''ခီရတရင်္ဂီဏီ''စသော သက္ကတဓာတ်ကျမ်းအဖွင့်တို့ဠှ ''အဘျဝဟာရော ဘောဇနံ'' ဟု ဖွင့်ပြသောကြောင့် အမှတ်(ခ)ပါဠိကိုသာ အတည်ယူသင့်ပါသည်။ (''အဘိမုခံ အဝဟရဏံ အဘျဝဟရဏံ''ဟု ဝစနတ္ထ ပြုပါ။)

ဒေး။ ဒိဝါဒိဂိုဏ်းဓာတ်များကို ဖေါ်ပြပါ။

ဆရာ။ ဒိဝု၊ သိဝု၊ ပဒ၊ ဗုဓ၊ ယုဓ၊ ကုဓ၊ ဝိဓ၊ နဟ၊ မန၊ ဒါ၊ တုသ၊ သမု၊ ကုပ၊ **ဇနဓာတ်** စသည်တို့ ဖြစ်ပါသည်။

ဒေး။ (က) ဒိဝု ကီဠာ ဝိဇိဂီသာ ဗျဝဟာရ ဇုတိ ထုတိ ကန္တိ ဂတီသု။
(ခ) ဒိဝု ကီဠာ ဝိဇိဂီသာ ဗျဝဟာရ ဇုတိ ထုတိ × ဂတီသု

ဆရာ။ ဘာသာဋီကာ, ဂဏ္ဌိတို့ဠှ ကန္တိ အနက်မပါ။ မူရင်းဖြစ်သော ပါဏိနီယဓာတုပါဌဠှ ပါသော ကြောင့် ပါခြင်းသာ ကောင်းပါသည်။

ဒေး။ သွာဒိဂိုဏ်းဓာတ်များကို ဖေါ်ပြပါ။

ဆရာ။ သု၊ ဟိ၊ ဝု၊ မိ၊ အပ၊ သကဓာတ်စသည်တို့ ဖြစ်ပါသည်။

ဒေး။ ကိယာဒိဂိုဏ်းဓာတ်များကို ဖေါ်ပြပါ။

ဆရာ။ ကီ၊ ဇိ၊ စိ၊ ဉာ၊ မာ၊ လူ၊ ပူ၊ ဂဟဓာတ် စသည်တို့ ဖြစ်ပါသည်။
မှတ်ချက်။ ။ ဂဟဓာတ်ကို ကိယာဒိဂိုဏ်းဠှ ထည့်သွင်းပြခြင်းမှာ ရူပသိဒ္ဓိ အလိုသာဖြစ်၍၊ ကစ္စည်း, သဒ္ဒနီတိတို့ စသည်တို့အလို ဂဟဓာတ်သည် ဂဟာဒိဂိုဏ်းဝင် ဖြစ်ပါသည်။

ဒေး။ တနာဒိဂိုဏ်းဓာတ်များကို ဖေါ်ပြပါ။

ဆရာ။ တနု၊ ကရု၊ သက၊ အပဓာတ် စသည်တို့ ဖြစ်ပါသည်။

ဒေး။ စုရာဒိဂိုဏ်းဓာတ်များကို ဖေါ်ပြပါ။

ဆရာ။ စုရ၊ စိန္တ၊ မန္တ၊ ပါလ၊ ဃဋ္ဌ၊ ဝိဒ၊ ဂဏဓာတ်စသည်တို့ ဖြစ်ပါသည်။

ဒေး။ ဂဟာဒိဂိုဏ်း သီးခြားရှိ/ မရှိ စိစစ်ဖြေဆိုပါ။

ဆရာ။ ''နာ ပု ဏှာ ဝိကရဏာ ကိယာဒယော''ဟု ဂဟာဒိတော ပု ဏှာ–သုတ်ဖြင့် သက်သော

http://www.dhammadownload.com

ပ္ပ ဏ္ဍာ ပစ္စည်းတို့ကို ကိယာဒိဂဏိကဓာတ်၌ သွင်း၍ ဆိုသောကြောင့် ရူပသိဒ္ဓိအလို ဂဟာဒိဂိုဏ်း သီးခြားမရှိပါ။

သက္ကတသဒ္ဒါကျမ်းတို့၌လည်း ဂဟာဒိဂိုဏ်း သီးခြားမရှိ။ သဒ္ဒနီတိဓာတုမာလာ, ဗာလာဝတာရတို့၌ကား ကစ္စည်း၌ကဲ့သို့ သီးခြားဆိုပါသည်။

မှတ်ချက်။ ။ ဏ္ဍာ ပစ္စည်းသက်ရာ ဓာတ်များစွာရှိသော်လည်း ဥသဓာတ်စသည်၌ အာချာတ်ရုပ် မရှိ၊ ''ဥဏ္ဍာပေတိ''လည်း သုဒ္ဓကတ္တုရုပ် မဟုတ်, ဟေတုကတ္တုရုပ်သာ ဖြစ်၏။ ထိုကြောင့် ရူပသိဒ္ဓိကျမ်း၌ ဂဟာဒိဓာတ် (ဂဟာဒိဂိုဏ်း)ကို သီးခြားမဆိုခြင်း ဖြစ်ပါသည်။

မေး။ အာချာတ်ဓာတ်နှင့် ကိတ်ဓာတ်အထူးကို ရေးပါ။

ဖြေ။ ကြိယာကို ဟောသော ဓာတ်သည် အာချာတ်ဓာတ်ဖြစ်၏။ ဒြပ်ကိုဟောသော ဓာတ်သည် ကိတ်ဓာတ်ဖြစ်၏–ဟု အထူးကို ဆိုကြပါသည်။

မေး။ အဘယ်ပစ္စည်းများကို အဘယ်ကြောင့် ''ဝိကရဏပစ္စည်း''ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ ''ဝိကရီယန္တိ ဓာတဝေါ ဧတေဟီတိ ဝိကရဏာ (ရူဒ္ဓိ)''ဟူသော **ဝစနတ္ထ**နှင့်အညီ ဓာတ်တို့ကို တစ်မျိုးနှင့်တစ်မျိုး မတူထူးခြား ကွဲပြားအောင် ပြုတတ်သောကြောင့် 'အ'စသော ပစ္စည်းတို့ကို ''ဝိကရဏပစ္စည်း''ဟု ခေါ်ဆိုရပါသည်။

ဝစနတ္ထအနက်– ဧတေဟိ၊ ဤ 'အ'စသော ပစ္စည်းတို့ဖြင့်။ ဓာတဝေါ၊ ဓာတ်တို့ကို။ ဝိကရီယန္တိ၊ ထူးခြားအောင်ပြုအပ်ကုန်၏။ ကွတိ၊ ထိုသို့ ဓာတ်တို့ကို ထူးခြားအောင်**ပြုတတ်**သည်၏အဖြစ်ကြောင့်။ တေ၊ ထို 'အ'စသော ပစ္စည်းတို့သည်။ ဝိကရဏာတို့ မည်ကုန်၏။

မှတ်ချက်။ ။ ''ဗျဉ္ဇီယတိ အတ္ထော ဧတေဟီတိ ဗျဉ္ဇနာ''ကဲ့သို့ အဝုတ္တကတ္တုသာဓန ဖြစ်သောကြောင့် ''တတိ''ဟု ပြန်ရသည်။

ဗဟုသုတ– ပုဗ္ဗာပရဘာဂဌာန၊ ဘိန္နာ ဓာတုဝိဘတ္တိယော။
နိဿာယ ပစ္စယာ ဟောန္တိ၊ ယေတေ ဝိကရဏာ သိယုံ။ (ဗာ၊ ဘူဝါဒိတော အ–သုတ်။)
ဝိသုံ ကရောန္တိ တသ္မာ ယေ၊ ဓာတဝေါ ဂဏာတော ဣတိ။
ဝိကရဏာတိ တေ ဥယျာ၊ ပစ္စယာ ပစ္စယညုနာ။ (ဓာတ္ဝတ္ထဒီပက။)

ဤအလို ''ဓာတ်တို့ကို 'ဘူဝါဒိဂိုဏ်း, ရုဓာဒိဂိုဏ်း'အစရှိသောအားဖြင့် အသီးသီး ကွဲပြားခြားနားအောင် ပြုတတ်သောကြောင့် ဝိကရဏ ပစ္စည်းတို့ မည်ကုန်၏''ဟုမှတ်ပါ။ (သဘောတူပင်တည်း။)

မေး။ နာမ်, တဒ္ဓိတ်, အာချာတ်, ကိတ်ပစ္စည်းတို့၏ သက်ရာဌာန အထူးကို ဖေါ်ပြပါ။

ဖြေ။ နာမ်, တဒ္ဓိတ်ပစ္စည်းများသည် ပုဒ်နောင် သက်ပါသည်။ ကိတ်ပစ္စည်းများသည် ဓာတ်နောင် သက်ပါသည်။ အာချာတ်ကျမ်းလာ ဝိကရဏပစ္စည်းများကား ရှေ့အဖို့ နောက်အဖို့၌ တည်သောအားဖြင့် တည်ရာဌာန ကွဲပြားကြကုန်သော ဓာတ်နှင့် ဝိဘတ်တို့ကို မှီ၍ ဖြစ်ရသောကြောင့် ဓာတ်, ဝိဘတ်တို့၏ အလယ်၌ သက်ရပါသည်။

http://www.dhammadownload.com

၄၀၆၊ ၄၂၉။ အထ ပုဗ္ဗာနိ ဝိဘတ္တိနံ ဆ ပရဿပဒါနိ။ (၂၆၀)
၄၀၇၊ ၄၃၉။ ပရာဏျတ္တနောပဒါနိ (၂၆၃။)

မေး။ ပရာဏျတ္တနောပဒါနိ သုတ်ကို ပုဒ်ဖြတ်၍ ရုပ်ပြီးပုံ ရှင်းပြပါ။

ဖြေ။ ''ပရာနိ + အတ္တနောပဒါနိ''ဟု ပုဒ်ဖြတ်ရပါမည်။
ဤသုတ်၌ပါသည့် ''ပရာဏိ''ဟူသော နိပါတနဖြင့်ပင် 'နံ'ကို 'ဏ'ပြု၍ ''ပရာဏိ'' ဟု ဖြစ်၏။ ဏ်– ခွင်း ဏ္ဍ– ကြွင်း၊ ဏ္ဍ ကို ယ–ပြု၊ နောက်အ– သို့ကပ်၊ ဏ်– ယ သို့ကပ်၍ ''ပရာဏျတ္တနောပဒါနိ''ဟု ရုပ်ပြီးပါသည်။
သာဓက – ပရာဏိ ဇေတ္ထ ဏ္ဍမိနာ နိပါတနေန နဿ ဏတ္တံ။ (ရူဋ္ဌီ)

မေး။ ''ပရဿပုဒ်''အဓိပ္ပါယ်ကို သဒ္ဒါကျမ်းအသီးသီး၌ မိန့်ဆိုထားသည့်အတိုင်း ရေးပြပါ။

ဖြေ။ သူတပါးအား အကျိုးများသော (သူတပါးအတွက် သက်ရ အသုံးပြုရသော)ဝိဘတ်တို့သည် ''ပရဿပုဒ်''တို့ မည်ကြပါသည်။ (သက္ကတသဒ္ဒါကျမ်းများနှင့် စည်ရှင်ရူပသိဒ္ဓိ နိဿယ တို့အလို)
– သူတပါးဟူသော နာမ, တုမ္ဟသဒ္ဒါတို့၏ အနက်ကိုဟောတတ်သော ဝိဘတ်တို့သည် ''ပရဿပုဒ်တို့'' မည်ကြပါသည်။ (သပြေကန်နိဿယ အလို)
– သူတပါးအနက်ရှိသော (အခြားသူဟူသောအနက်ကို ဟောသော ဝိဘတ်တို့သည် ''ပရဿပုဒ်''တို့ မည်ကြပါသည်။ (ဘာသာဋီကာ အလို)
– ပရမည်သော ကတ္တားအနက်ကို ဟောသောဝိဘတ်တို့သည် ''ပရဿပုဒ်''တို့ မည်ကြပါသည်။ (နိဒ္ဒေသ အလို)

မေး။ ''အတ္တနောပုဒ်''အဓိပ္ပါယ်ကို သဒ္ဒါကျမ်းအသီးသီးတို့၌ မိန့်ဆိုထားသည့်အတိုင်း ရေးပြပါ။

ဖြေ။ မိမိအား အကျိုးများသော (မိမိအတွက် သက်ရ အသုံးပြုရသော) ဝိဘတ်တို့သည် ''အတ္တနောပုဒ်''တို့ မည်ကြပါသည်။ (သက္ကတသဒ္ဒါကျမ်းများနှင့် စည်ရှင်ရူပ သိဒ္ဓိနိဿယ တို့အလို)
– မိမိဟူသော အမှ သဒ္ဒါ၏ အနက်ကိုဟောတတ်သော ဝိဘတ်တို့သည် ''အတ္တနောပုဒ်''တို့ မည်ကြပါသည်။ (သပြေကန်)
– မိမိအနက်ရှိသော (မိမိဟူသော အနက်ကို ဟောသော) ဝိဘတ်တို့သည် ''အတ္တနောပုဒ်''တို့ မည်ကြပါသည်။ (ဘာသာဋီကာ)
– အတ္တမည်သော ကံအနက်ကို ဟောသောဝိဘတ်တို့သည် ''အတ္တနောပုဒ်''တို့ မည်ကြပါသည်။ (နိဒ္ဒေသ)

မေး။ ပရဿပုဒ်, အတ္တနောပုဒ်တို့၏ အဓိပ္ပါယ်ကို ကျမ်းထိုထို၌ အမျိုးမျိုးဖွင့်ဆို ရေးသားကြရာ မည်သည့်အဓိပ္ပါယ်သာ အကောင်းဆုံးဖြစ်ကြောင်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''အတ္တဂါမိ စေ ဖလံ အတ္တနောပဒံ၊ ပရဂါမိ စေ ပရဿပဒံ ပယုဇ္ဇိတဗ္ဗံ'' ဟူသော ''သာရသ္မတ''ခေါ် သက္ကတသဒ္ဒါကျမ်းအဆိုကို ထောက်၍လည်းကောင်း၊ ရူပသိဒ္ဓိ စာကိုယ် (၁၉၉) အလောပ တပ္ပရိသ်သမာသ်ပုဒ်များကို ထုတ်ပြရာတွင် ''ပရဿပဒံ၊ အတ္တနောပဒံ'' ပုဒ်တို့ကို စတုတ္ထိနေရာ၌ ထုတ်ပြထားသောကြောင့်လည်းကောင်း ''သူတပါးအား အကျိုးများသော ဝိဘတ်တို့သည် ပရဿပုဒ်၊ မိမိအား အကျိုးများသော ဝိဘတ်တို့သည် အတ္တနောပုဒ်''ဟူသော အဓိပ္ပါယ်သာ အကောင်းဆုံး ဖြစ်ဖွယ်ရှိပါသည်။

http://www.dhammadownload.com

မေး။ (က) ဥတ္တမပုရိသ် ဝိဘတ်တို့ကို ပရဿပုဒ်ဟု ဆိုရခြင်းအကြောင်းနှင့်
(ခ) ပထမ, မဇ္ဇိမပုရိသ်ဝိဘတ်တို့ကို အတ္တနောပုဒ်ဟု ဆိုရခြင်းအကြောင်းတို့ကို ဖော်ပြပါ။

ဖြေ။ (က) တဗ္ဗာဟုလ္လတော တဗ္ဗောဟာရော။ (၂၆၀)
မိ, မ တို့ကဲ့သို့သော ဥတ္တမပုရိသ် ဝိဘတ်များသည် မိမိအား အကျိုးများသော (မိမိအတွက် သက်ရအသုံးပြုရသော) ဝိဘတ်များဖြစ်စေကာမူ ၂– ပုဒ်စီသာ ရှိ၍၊ သူတပါးအား အကျိုးများသော (သူတပါးအတွက် သက်ရ အသုံးပြုရသော ပထမ, မဇ္ဇိမပုရိသ် ဝိဘတ်တို့က ''တိ, အန္တိ၊ သိ, ထ''စသည်ဖြင့် ၄– ပုဒ်စီရှိရကား များသောကြောင့် ဥတ္တမပုရိသ်ဝိဘတ်တို့ကိုလည်း ''ပရဿပုဒ်''ဟုပင် ခေါ်ဆို ရပါသည်။ (''ခဒိရဝနံ = ရှားတော''ဟူသကဲ့သို့ ယေဘုယျနည်းဟု မှတ်ပါ။)
(ခ) နောက် ၆–ပုဒ်၊ ၆– ပုဒ်တို့၌ သူတပါးအား အကျိုးများသော (သူတပါးအတွက် သက်ရ အသုံးပြုရသော) ပထမ, မဇ္ဇိမပုရိသ်ဝိဘတ် ၄– လုံးစီပါသဖြင့် ၄င်းတို့က ပို၍ များနေသော်လည်း ရှေးဆရာမြတ်တို့ ခေါ်ဝေါ်သုံးစွဲအပ်သော ပေါ်ရာဏက ဝေါ်ဟာရ အတွင်ရုဇ္ဇီအားဖြင့် ၄င်းတို့ကို ''အတ္တနောပုဒ်'' ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

၄၀၈၊ ၄၃၁။ ဒွေဒွေ ပဌမမဇ္ဇိမုတ္တမပုရိသာ။ (၂၆၀– ၁)

မေး။ 'ပုရိသ်'အဓိပ္ပါယ်ကို ရေး၍၊ ပုရိသ်အပြားကိုလည်း ဖော်ပြပါ။

ဖြေ။ ကြိယာ, ကာလ, သကတ်, ဒြပ်, ကေဝုစ် ဗဟုဝုစ်သဒ်္ဒာ, ကံစသော ကာရကဟု ဆိုအပ်သော အနက်တို့ကို ပြည့်စေတတ်သောကြောင့် ''ပုရိသ်'' မည်ပါသည်။ (အများ ရေးသားရိုးအတိုင်း ရေးသားလိုက်ခြင်း ဖြစ်သည်။ စင်စစ်အားဖြင့် ကြိယာအနက်, သကတ်အနက်, ဒြပ်အနက်တို့ကို ဝိဘတ်က မပြနိုင်၊ ဓာတ်ကသာ ပြနိုင်သည်။)
(တစ်နည်း) ဆိုလိုရင်းဝါကျကို ပြည့်စေတတ်သောကြောင့် ''ပုရိသ်'' မည်ပါသည်။
ဈာသကျမ်း၌ကား ရှေ့ကတွင်လာသော အတွင်ရုဇ္ဇီအမည်သာဟု ဖွင့်ပါသည်။
ထိုပုရိသ်သည် ပထမပုရိသ်, မဇ္ဇိမပုရိသ်, ဥတ္တမပုရိသ်အားဖြင့် ၃–မျိုးပြားပါသည်။

၄၀၉၊ ၄၄၁။ သဗ္ဗေသမေကာဘိဓာနေ ပရော ပုရိသော (၂၆၄။)

မေး။ ဤသုတ်ကို အဘယ်ကျိုးငှါ မိန့်ဆိုရပါသနည်း? ဖြေဆို၍၊ ဤသုတ်၏ ဆိုလိုရင်းအဓိပ္ပာယ် ကိုလည်း ရေးပြပါ။

ဖြေ။ ကေဇ္ဇပ္ပဝတ္တိ ပသင်္ဂ (= ''သော စ တွဉ္စ ပစတိသိ'' စသည်ဖြင့် ပုရိသ် ၂–ပါး၊ ၃–ပါးတို့ တပေါင်းတည်းသက်ရမည်လား? ဟု လျဉ်းပါးကပ်ငြိဖွယ်ရှိခြင်း)။
ပရိယာယ ပသင်္ဂ (= ''သော စ တွဉ္စ ပစတိ၊ သော စ တွဉ္စ ပစသိ'' စသည်ဖြင့် တစ်လှည့်စီ သက်ရမည်လား? ဟု လျဉ်းပါးကပ်ငြိဖွယ်ရှိခြင်း)ဟူသော ပသင်္ဂနှစ်ပါးကို တားမြစ်ခြင်း အကျိုးငှါ ဤပရိဘာသာသုတ်ကို ဆိုရခြင်းဖြစ်ပါသည်။
ဤသုတ်၏ ဆိုလိုရင်းအဓိပ္ပာယ်ကား – ပုရိသ် ၂–ပါး၊ ၃–ပါး သက်ရခွင့်ကြုံရာ၌ တပေါင်းတည်းလည်း မသက်ပါနှင့်၊ တစ်လှည့်စီလည်း မသက်ပါနှင့်၊ နောက်ပုရိသ်သာ သက်ပါ–ဟူ၍ ဖြစ်ပါသည်။

ဘာသာဋီကာအဆို – တစ်ဝါကျပြီးမှ တစ်ဝါကျ ပြောရလေမည်လား? ('သော စ

http://www.dhammadownload.com

ပစတိ'ဟု ပြောပြီးမှ 'တွဋ္ဌ ပစသိ'ဟု ပြောရမည်လား?)ဟု ယုံမှားဖွယ်ရှိသည်ကို ''ပရိယာယပသင်္ကေ''ဟု ဆိုသည်။ ထိုအဆိုကို ကျေးဇူးရှင်ဆရာမြတ်တို့ နှစ်သက်တော်မမူကြပါ။

မေး။ ပရောပုရိသ် ချရမည့်နေရာဌာနကို ဖေါ်ပြပါ။

ဖြေ။ တူသော ကာလရှိသော ကြိယာတို့ကို တပေါင်းတည်းဆိုလိုရာ၌သာ ပရောပုရိသ်ချရပါမည်။

မေး။ ပရောပုရိသ်ချရမည့် (ပုရိသ်ယှက်ရမည့်) အဂါလက္ခဏာတို့ကို ဖေါ်ပြပါ။

ဖြေ။ ၁။ ကြိယာတူခြင်း။

၂။ ကာလတူခြင်းတို့ ဖြစ်ပါသည်။

မှတ်ချက်။ ။ ယင်းလက္ခဏာကို ''ကောဘိဓာနေ''ဖြင့် ပြပါသည်။

မေး။ ''သော စ ပစတိ, တွဋ္ဌ ပစသိ၊ တုမှေ ပစထ'' ပြယုဂ်နှင့် စပ်၍ သိမှတ်ဖွယ်များကို ရေးပြပါ။

ဖြေ။ ''သော စ ပစတိ, တွဋ္ဌ ပစသိ၊ တုမှေ ပစထ'' ၌ ပစတိ, ပစသိ–တို့ကို မိမိတို့နှင့် တုလျာဓိကရဏာဖြစ်သော နာမ, တုမှသဒ္ဒါတို့ကို ငဲ့၍ ထည့်ထားခြင်း ဖြစ်ပါသည်။ ''တုမှေ ပစထ''၌ တုမှေ–ကိုလည်း ပစထ–နှင့်သင့်လျော်သော ကတ္တားကို အပိုထည့်ပြခြင်းသာ ဖြစ်သည်။ **ထုတ်လိုရင်းပုံစံမှာ**– ''သော စ တွဋ္ဌ ပစထ''သာ ဖြစ်၏။ (သော စ ပစတိ အဟဋ္ဌ ပစာမိ မယံ ပစာမ။ သော စ ပစတိ တွဋ္ဌ ပစသိ အဟဋ္ဌ ပစာမိ မယံ ပစာမ''တို့၌လည်း နည်းတူသိပါ။)

(တစ်နည်း) သော စ ပစတိ၊ တွဋ္ဌ ပစသိ–စသည်တို့သည် ယုံမှားဖွယ်ရှိပုံကို ပြသော ဝါကျများသာ ဖြစ်သည်၊ ပုံစံထုတ်ပြလိုရင်း မဟုတ်။ ''တုမှေ ပစထ၊ မယံ ပစာမ'' တို့သာ ပုံစံထုတ်ပြလိုရင်း ဖြစ်ပါသည်။ ဤသို့ အယူအဆ ၂–မျိုး ကွဲပြားလျက် ရှိပါသည်။

မေး။ ''သော စ ပစတိ တွဋ္ဌ ပစိဿတိ အဟဋ္ဌ ပစိ''ဟူသော ဝါကျ၌ အဘယ်ကြောင့် ပရောပုရိသ် မချနိုင်ပါသနည်း။

ဖြေ။ ချက်ခြင်း ကြိယာတူသော်လည်း ပစ္စုပ္ပန်, အနာဂတ်, အတိတ်ဟု ကာလကွဲပြား နေသည် ဖြစ်၍ ကောဘိဓာန မဟုတ်သောကြောင့် ''မယံ ပစိမှာ''ဟု ပရောပုရိသ် မချနိုင်ခြင်း ဖြစ်ပါသည်။

၄၁၀၊ ၄၃၂။ နာမမှိ ပယုဇ္ဇမာနေပိ တုလျာဓိကရဏေ ပဌမော (၂၆၁)

မေး။ နာမမှိ– အရကို ဖေါ်ပြပါ။

ဖြေ။ နာမမှိ– အရ တုမှ အမှသဒ္ဒါတို့မှတစ်ပါး တုလျာဓိကရဏာဖြစ်သော သာဓက (ကာရက)ကို ဟောသော သဒ္ဒါအားလုံးကို ယူရပါသည်။

မေး။ တုလျာဓိကရဏာ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ''ကြိယာပဒေန သဟ တုလျံ သမာနံ အဓိကရဏံ အတ္ထော တေသာတိ တုလျာ–ဓိကရဏံ'' ဟူသော ဝစနတ္ထနှင့်အညီ အာချာတ်ကြိယာပုဒ်နှင့် အပွဓာနဖြစ်, သချာ,

http://www.dhammadownload.com

ကာရကအားဖြင့် တူသော တည်ရာအနက်ရှိသော နာမသဒ္ဒါ, တုမှသဒ္ဒါ, အမှသဒ္ဒါသည် ''တုလျာဓိကရဏ'' မည်ပါသည်။

မေး။ ''ပုရိသော မဂ္ဂံ ဂစ္ဆတိ'' ပုံစံ၌ အာချတ်ကြိယာပုဒ်နှင့် နာမ်ပုဒ်တို့ တုလျာဓိကရဏ ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ''ပုရိသော မဂ္ဂံ ဂစ္ဆတိ'' ပုံစံ၌ ပုရိသော-ဟူသော နာမ်ပုဒ်သည် ဂစ္ဆတိ-ဟူသော အာချာတ်ကြိယာပုဒ်နှင့် ယောက်ျားဟူသော (အပ္ပဓာန)ဒြပ်, တစ်ယောက်တည်း၏ အဖြစ်ဟူသော ဧကဝုစ်သဒ်ျာ, သွားနိုင်သောသတ္တိ ဟူသော ကာရကအားဖြင့် တူညီ၏။ ထိုသို့တူညီသောကြောင့် ပုရိသော-ဟူသော နာမ်ပုဒ်သည် ဂစ္ဆတိ-ဟူသော အာချာတ်ကြိယာပုဒ်နှင့် တုလျာဓိကရဏဖြစ်သည်ဟု ဆိုရပါသည်။

ဆရာမြတ်တို့ အဆို- ဆရာမြတ်တို့ကား ''အပ္ပဓာနဒြပ်နှင့် ကာရကသာ တူကြသည်'' ဟု ဆိုပါသည်၊ သဒ်ျာကား ''ဧကဝုစ်သဒ်ျာ'' ဟူသော နာမည်ချင်းသာ တူကြသည်၊ ပုရိသော-၏ သဒ်ျာသည် ယောက်ျားတစ်ယောက်တည်း၏အဖြစ်ဟူသော ဧကဝုစ်သဒ်ျာဖြစ်၍, ဂစ္ဆတိ-၏ သဒ်ျာကား သွားခြင်းကြိယာ တစ်ခုတည်း၏အဖြစ်ဟူသော ဧကဝုစ်သဒ်ျာ ဖြစ်၏။ ဤသို့ သဒ်ျာအရချင်း မတူသောကြောင့် သဒ်ျာအနက်တစ်ခုအပေါ်၌ ပုရိသောနှင့် ဂစ္ဆတိသဒ္ဒါ ၂-ခုတို့ မတည်နိုင်ကြသဖြင့် တုလျာဓိကရဏ မဖြစ်ဟု စိစစ်ပြတော်မူကြပါသည်။

၄၁၃၊ ၄၂၇။ ကာလေ။ (၂၅၉)

မေး။ နာမ် ကာလေသုတ် ရှိပြီးပါလျှက် အာချာတ် ကာလေသုတ်ကို အဘယ်ကြောင့် ထပ်မံအားထုတ်ရပြန်ပါသနည်း။

ဖြေ။ ကာလသာမည၌ စီရင်သော နာမ်ကျမ်းလာ ကာလေသုတ်သည် ကာလဝိသေသ၌ စီရင်သော အာချာတ်ကျမ်းသို့ မလိုက်နိုင်သောကြောင့်၊ (တစ်နည်း) နာမ်ကာလေသုတ်သည် မိမိနယ်နိမိတ်ဆုံးရုံသာလိုက်ရိုးရှိသော ယထာနုပုဗ္ဗိကအဓိကာရသုတ်ဖြစ်၍ အာချာတ်ကျမ်းသို့ မလိုက်နိုင်သောကြောင့် နာမ်ကာလေသုတ်ရှိပြီးဖြစ်လျှက် အာချတ် ကာလေသုတ်ကို ထပ်မံအား ထုတ်ရခြင်း ဖြစ်ပါသည်။ (ရူ-အဓိပ္ပါယ် မဟုတ်။)

မေး။ နာမ်ကာလေနှင့် အာချာတ်ကာလေသုတ် ၂-သုတ်တို့၏ အထူးကို ရေးပြပါ။

ဖြေ။ နာမ်ကျမ်း၌ ကာလ-သဒ္ဒါသည် အခါသာမညကို ဟော၏၊ အာချာတ်ကျမ်း၌ ကာလ-သဒ္ဒါသည် ပစ္စုပ္ပန်, အတိတ်, အနာဂတ်ဟူသော အခါဝိသေသကို ဟော၏။ (ဆရာတို့အလို)။ ကြိယာအနက်ကို ဟော၏ (ရူအလို)။ ဤသို့လျှင် အခါသာမညဟော, အခါဝိသေသဟော၊ (တစ်နည်း) အခါအနက်ဟော, ကြိယာအနက်ဟောအားဖြင့် ထူးခြားကြပါသည်။

မေး။ ကာလေ-ပုဒ်ကို ဝစနတ္ထပြု၍၊ အရလည်း ကောက်ပြပါ။

ဖြေ။ ''ကရဏံ ကာရော၊ ကာရောဝေ ကာလော''။

ကြိယာကို ရ၏။ (ဒေါ ဓဿ စ သုတ် စ သဒ္ဒါဖြင့် ရ-ကို လ-ပြု။)

http://www.dhammadownload.com

၄၁၄၊ ၄၂၈။ ဝတ္ထမာနာ ပစ္စုပ္ပန္နေ (၂၅၉)

မေး။ ကာလသဒ္ဒါအတွက် ကြိယာအနက်ကို ယူရခြင်းကြောင့် ပြီးစီးကျရောက်သော အနက် အဓိပ္ပါယ်ကို ဖေါ်ပြပါ။

ဖြေ။ ကာလသဒ္ဒါအတွက် ကြိယာအနက်ကိုယူရခြင်းကြောင့်

''ဝတ္ထမာနာ ပစ္စုပ္ပန္နေ–သုတ်လာ ပစ္စုပ္ပန်ဖြစ်သော ဓာတ်နက်ကြိယာကို သိအပ်ရာ**ဝယ်** တိ–စသောဝိဘတ်တို့ကို စီရင်ခြင်းကြောင့် တိ–စသော အာချာတ်ဝိဘတ်တို့**သည်** ဓာတ်နတ်ကြိယာကိုဟောသော ဓာတ်တို့မှ နောက်၌သာ သက်ကုန်၏၊ နာမ်ပုဒ်တို့**နောင်** မသက်''ဟူသော အနက်အဓိပ္ပါယ် ပြီးစီးကျရောက်ပါသည်။

မေး။ တိ စသော အာချာတ်ဝိဘတ်တို့၏ သက်ရာဌာနကို အကြောင်းနှင့်တကွ ဖေါ်ပြပါ။

ဖြေ။ ဝတ္ထမာနာ ပစ္စုပ္ပန္နေ သုတ်လာ ပစ္စုပ္ပန်ဖြစ်သော ဓာတ်နက်ကြိယာကို သိအပ်ရာ**ဝယ်** တိ စသော ဝိဘတ်တို့ကို စီရင်ခြင်းကြောင့် တိ စသော အာချာတ်ဝိဘတ်တို့**သည်** ဓာတ်နက်ကြိယာကိုဟောသော ဓာတ်တို့မှ နောက်၌သာ သက်ရပါသည်။

မေး။ ဝတ္ထမာနာ ပစ္စုပ္ပန္နေ–သုတ်ကို ရှုဆရာအလိုကျ အနက်သမ္မန်ပြပါ။

ဖြေ။ ပစ္စုပ္ပနေ၊ ပစ္စုပ္ပန်ဖြစ်သော။ ကာလေ၊ ကြိယာကို။ ဂမျမာနေ၊ သိအပ်သည်ရှိသော်။ (ဓာတူဟော၀၊ ဓာတ်တို့မှသာလျှင်။) ပရာ၊ နောင်းသည်ဖြစ်၍။ ဝတ္ထမာနာ၊ ဝတ္ထမာန် ဝိဘတ်သည်။ ဟောတိ၊ ဖြစ်၏။

မေး။ ကာလေ–သုတ် လိုက်လာသောကြောင့် ''ဝတ္ထမာနာ''ဟု သုတ်တည်လျှင် လိုအပ်**သော** အနက်ပြီးပါလျက် အဘယ်ကြောင့် ''ပစ္စုပ္ပန္နေ''ဟူသော ဝိသေသနဖြင့် အထူးပြုရပါသနည်း။

ဖြေ။ ကာလေ–သုတ် လိုက်လာသောကြောင့် ''ဝတ္ထမာနာ''ဟု သုတ်တည်လျှင် လိုအပ်သော အနက်ပြီးပါသော်လည်း ကာလ–ဟူသော ကြိယာသည် အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အာဏာတ္တိ, ပရိကပ္ပ, ကာလာတိပတ္တိတို့၏ အစွမ်းဖြင့် ၆–မျိုးပြားသောကြောင့် (ထိုအတိတ် စသည်တို့ကို နှစ်စေခြင်း အကျိုးငှါ) ''ပစ္စုပ္ပန္နေ''ဟူသော ဝိသေသနဖြင့် အထူးပြုရခြင်း ဖြစ်ပါသည်။

မေး။ ''ပစ္စုပ္ပန်''ဟူသည် အဘယ်နည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''တံ တံ ကာရဏံ ပဋိစ္စ ဥပ္ပန္နော ပစ္စုပ္ပန္နော''ဟူသော ဝစနတ္ထနှင့်အညီ ထိုထိုကတ္တား စသော အကြောင်းကို စွဲ၍ဖြစ်သော ကြိယာသည် ''ပစ္စုပ္ပန်'' မည်ပါသည်။

ပရမတ်သဘောအားဖြင့်ဖြစ်စေ, ပညတ်သဘောအားဖြင့်ဖြစ်စေ ရအပ်သိအပ်သော အထင်အရှားရှိနေသော– လွန်လည်း မလွန်သေးသော ကြိယာသည် ''ပစ္စုပ္ပန်'' မည်၏–ဟု ဆိုလိုပါသည်။

မေး။ ဝတ္ထမာန် ဝိဘတ်သည် ပစ္စုပ္ပန်ကာလ၌သာ သက်ပါသလော ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ပစ္စုပ္ပန်ကာလ၌သာ သက်သည် မဟုတ်၊ ပစ္စုပ္ပန်အမည်ကို အတိတ်, အနာဂတ်ကာလ တို့၌ တင်စားသော (သမီပူပစာရ)အားဖြင့် ပစ္စုပ္ပန်၏ အနီးဖြစ်သော အတိတ်, အနာဂတ်, ကာလတို့၌လည်း ဝတ္ထမာန်ဝိဘတ် သက်နိုင်ပါသည်။

အတိတ်တုန်းက သွားဆဲ, နေဆဲစသော ပစ္စုပ္ပန်ကာလကို (စိတ်ဖြင့် မှန်းဆကာ)

http://www.dhammadownload.com

ဆိုလိုသောဆန္ဒဖြင့် အလွန်ဝေးသော အတိတ်ကာလ၌လည်း ဝတ္တမာန်ပိဘတ် သက်နိုင်ပါသည်။

သိမှတ်ဖွယ်

ပစ္စုပ္ပန္နသမီပေပိ–စသော ဂါထာကို အောက်ပါအတိုင်း (၂) ဝါကျခွဲ၍ မှတ်သားပါ။
၁။ ပစ္စုပ္ပန္နသမီပေပိ တဗ္ဗေဟာရူပစာရတော ဝတ္တမာနာ ဟောတိ။
၂။ တံကာလဝစနိစ္ဆာယ (တံကာလဝစနိစ္ဆာယ) အတီတေပိ ဝတ္တမာနာ ဟောတိ။

မေး။ ရူပသိဒ္ဓိဆရာပြဆိုသော ဝတ္တမာန် အမျိုးအစား ၂–ပါး၊ ၃–ပါးကို သက်ဆိုင်ရာ ပုံစံများနှင့်တကွ ရေးသားဖော်ပြပါ။

ဖြေ။ ၁။ သမီပဝတ္တမာန် – (က) ကုတော နု တွံ အာဂစ္ဆသိ၊ ရာဇဂဟတော အာဂစ္ဆာမိ၊ (အတီတ သမီပဝတ္တမာန်)
(ခ) ကုဟိ ဂစ္ဆသိ၊ (ယာဝါဟံ အာဂစ္ဆာမိ။ ပုရေ အဓမ္မဝါဒိနော ဒိဗ္ဗန္တိ)။ (အနာဝတ သမီပဝတ္တမာန်)
၂။ တံကာလဝစနိစ္ဆာဝတ္တမာန် ဂစ္ဆာမိ အမ္ဗရေ တဒါ။
(= တံ ကာလာပေက္ခဝတ္တမာန်) – ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ။

ထို နှစ်ပါးတို့တွင် မုချဝတ္တမာန်ကို ထည့်လျှင် ဝတ္တမာန် ၃–ပါး ဖြစ်ပါသည်။
ပုံစံ – သော ပုရိသော သာဓု ဘဝတိ။
ပါဠလိပုတ္တံ ဂစ္ဆတိ၊ သာဝတ္ထိ ပဝိသတိ။

မေး။ ''ကုတော နု တွံ အာဂစ္ဆသိ၊ ရာဇဂဟတော အာဂစ္ဆာမိ''၌ အတီတသမီပဝတ္တမာန် ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ အရပ်တစ်ပါးမှ လာခဲ့၍ အနီး၌ထိုင်နေသော သူကို ''ကုတော နု တွံ အာဝစ္ဆသိ = သင် ဘယ်က လာခဲ့သနည်း''ဟု မေးရာ အနီး၌ ထိုင်နေသူက'' ရာဇဂဟတော အာဂစ္ဆာမိ = ရာဇဂြိုဟ်ပြည်မှ လာခဲ့သည်''ဟု ဖြေ၏။ ဤ၌ ထိုင်နေခြင်း ကြိယာသည် ပစ္စုပ္ပန် သမီပီတည်း။ လာခဲ့ခြင်း–ဟူသော အတိတ်ကြိယာကား ထိုပစ္စုပ္ပန်ထိုင်နေခြင်း ကြိယာ၏ အနီးဖြစ်သောကြောင့် သမီပတည်း၊ ထိုသမီပီဖြစ် သော ထိုင်နေခြင်းကြိယာ၏ ပစ္စုပ္ပန်အမည်ကို သမီပဖြစ်သော လာခဲ့ခြင်း အတိတ်ကြိယာပေါ်၌ တင်စား၍ သမီပူပစာ (ဆရာတို့အလို–သမီပျူပစာ)အားဖြင့် ''အာဂစ္ဆသိ''ဟု ဝတ္တမာန် သိဝိဘတ်ဖြင့် ဆိုထားခြင်းဖြစ်ပါသည်။

မေး။ ''ကုဟိ ဂစ္ဆသိ''၌ အနာဂတသမီပဝတ္တမာန်ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ အရပ်တစ်ပါးသို့ သွားရန် ပြင်ဆင်နေသော သူကို ''ကုဟိ ဂစ္ဆသိ = ဘယ်သွားမလို့လဲ'' ဟု မေးခြင်း ဖြစ်၏။ ဤ၌ မသွားမီ ပြင်ဆင်နေခြင်းကြိယာသည် ပစ္စုပ္ပန် သမီပီတည်း၊ သွားလတ္တံ့ အနာဂတ်ကြိယာကား သမီပတည်း၊ သမီပီဖြစ်သော မသွားမီပြင်ဆင်နေခြင်း ကြိယာ၏ ပစ္စုပ္ပန်အမည်ကို သမီပဖြစ်သော သွားလတ္တံ့ အနာဂတ်ကြိယာ၌ တင်စား၍ သမီပူပစာ (ဆရာတို့အလို–သမီပျူပစာ) အားဖြင့် ''ဂစ္ဆသိ''ဟု ဝတ္တမာန် ဝိဘတ်ဖြင့် ဆိုထားခြင်း ဖြစ်ပါသည်။

မေး။ (က) ဂစ္ဆမိ အမ္ဗရေ တဒါ (ခ) ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ–တို့၌ တံကာလဝစနိစ္ဆာ

http://www.dhammadownload.com

ဝတ္တမာန် ဖြစ်ပုံကို ရှင်ပြပါ။

ဖြေ။ (က) ''ဂစ္ဆာမိ အမ္ဗရေ တဒါ = ထိုသုမေဓာဖြစ်ရာအခါဝယ် ကောင်းကင်၌ သွားတော်မူခဲ့၏''။ ဤစကားသည် ဘုရားဖြစ်မှ မိန့်တော်မူသော စကားတည်း၊ ဘုရားဖြစ်သောအခါမှ ထောက်ဆလျှင် သုမေဓာဖြစ်ရာအခါသည် အလွန်ဝေးသော အတိတ်ဖြစ်ခဲ့ပြီ၊ သို့သော် ဝဒန္တဗုဂ္ဂိုလ်က ထိုအတိတ်တုန်းက သွားဆဲ ပစ္စုပ္ပန်ကာလ (ကြိယာ)ကို စိတ်ဖြင့်မှန်းဆ၍ ဆိုလိုသောကြောင့် ''ဂစ္ဆာမိ''ဟု ဝတ္တမာန်ဝိဘတ်ဖြင့် သုံးစွဲထားခြင်း ဖြစ်ပါသည်။

(ခ) ''ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ''ဟူသောစကားသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သဂီယနာတင်ချိန်ကျမှ ပြောသောစကားတည်း။ သဂီယနာတင်သော အချိန်ကိုထောက်ဆလျှင် မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေသောအခါသည် အတော်ဝေးသောအတိတ် ဖြစ်နေပြီ။ သို့သော် ထိုအတိတ်တုန်းက နေဆဲ ပစ္စုပ္ပန်ကာလ (ကြိယာ)ကို စိတ်ဖြင့်မှန်းဆကာ ဆိုလိုသောကြောင့် ''ဝိဟရတိ''ဟု ဝတ္တမာန် ဝိဘတ်ဖြင့် သုံးစွဲထားခြင်း ဖြစ်ပါသည်။

မှတ်ချက်။ ။ ဘာသာဋီကာ၌– အတီတ သမီပဝတ္တမာန်, အနာဂတ သမီပဝတ္တမာန်, တံကာလဝစနိစ္ဆာဝတ္တမာန်–ဟု သုံးမျိုးခွဲပြသည်။ ဂဏ္ဌိ၌ကား – မုချပစ္စုပ္ပန်, သမီပပစ္စုပ္ပန်, တံကာလာပေက္ခပစ္စုပ္ပန်– ဟု ပစ္စုပ္ပန် ၃–မျိုးရှိကြောင်း မိန့်သည်။ ဝတ္တမာန်နှင့် ပစ္စုပ္ပန် အတူတူပင် ဖြစ်၏။ ဤသုတ်၌ ဝိသယီ, ဝိသယမ္မာသာ ထူးပါသည်။)

မေး။ အခြားကျမ်းတို့၌လာသော ဝတ္တမာန်အမျိုးအစား ၄ –ပါးကို သက်ဆိုင်ရာ ပုံစံများနှင့်တကွ ဖေါ်ပြပါ။

ဖြေ။ ၁။ နိစ္စပ္ပဝတ္တမာန် = ကူဟပဗ္ဗတာ တိဋ္ဌန္တိ။
၂။ သမီပဝတ္တမာန် = ကုတော အာဂစ္ဆသိ တုဝံ။
၃။ ပဝတ္တူပရတ်ဝတ္တမာန် = အဟံ မံသံ နာ ခါဒါမိ။
၄။ ပဝတ္တာဝိရတဝတ္တမာန် = မံသံ ခါဒါမိ ဘော အဟံ။

နိစ္စပ္ပဝတ္တိ သမီပေါ၊ ပဝတ္တူပရတော တထာ။
ပဝတ္တာဝိရတော စေတိ၊ ဝတ္တမာနော စတုဗ္ဗိဓော။
ကူဟ ပဗ္ဗတာ တိဋ္ဌန္တိ၊ ကုတော အာဂစ္ဆသိ တုဝံ။
အဟံ မံသံ နာ ခါဒါမိ၊ မံသံ ခါဒါမိ ဘော အဟံ။

၄၁၅၊ ၄၅၁။ အာဏာတျာသိဒ္ဓေ'နုတ္တကာလေ ပဋ္ဌမီ။ (၂၆၈)

မေး။ ကာလေ–သုတ် လိုက်လာသောကြောင့် အာဏာတျာသိဒ္ဓေ'နုတ္တေ ပဋ္ဌမီ–ဟု သုတ်တည်လျှင် ပြီးကောင်းပါလျက် ထည့်ဆိုသော ကာလေ–သဒ္ဒါပိုဒ်၏ အကျိုးကို ရေးပါ။

ဖြေ။ ကာလေ–သဒ္ဒါပိုဒ်ဖြင့် ဝိဓိ (စီမံခြင်း, ဆောက်တည်ခြင်း)၊ နိမန္တန (ဖိတ်မန်ခြင်း)၊ အဇ္ဈေသန (တိုက်တွန်းတောင်းပန်ခြင်း)၊ အနုမတိ (ပြုထိုက်သောအမှုကို ခွင့်ပြုခြင်း)၊ ပတ္ထနာ (တောင်းရမ်းခြင်း)၊ ပတ္တကာလ (ရောက်လာသော အချိန်အခါကို ပြောကြားခြင်း) အနက်တို့၌ လည်း ပဋ္ဌမီဝိဘတ်သက်ရခြင်း အကျိုးရှိပါသည်။

(ဆောင်) အာဏာတျာသိဒ္ဓ၊ သပထနှင့် အက္ကောသ ယာစနာ၊ သမ္မုစ္ဆာတည့်၊
ပတ္ထနာ, အဇ္ဈိဋ္ဌ၊ ဝိဓိတ် အာမန်၊ နိမန်အနက်၊ ဆယ့်တစ်ချက်၊ သက်လေ
ပဋ္ဌမီ။ (သပြေကန်)

http://www.dhammadownload.com

(ဆောင်) –စေခိုင်း, တောင့်တ၊ ကျိန်ထ, ဆဲရေး၊ တောင်း, မေးစုံစမ်း၊ ဆုတောင်းခန်း၊ တိုက်တွန်းတောင်းပန်သည်။

–စီမံ, သွန်သင်၊ ခေါ်ဝင်, ဖိတ်လေ, အနက်တွေ၊ သက်လေ ပဉ္စမီ။

မေး။ အာဏာတို့, အာသိဋ္ဌတို့၏ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ အာဏာပနံ အာဏာတို့–ဟူသော ဝစနတ္ထနှင့်အညီ ''သွားလော့, ချက်လော့'' စသည်ဖြင့် အထက်လူက အောက်လူကို စေခိုင်းခြင်းသည် ''အာဏာတို့'' မည်၏။

ပုံစံ– ဒေဝဒတ္တော ဒါနိ သြဒနံ ပစတု။

အာသီသနံ အာသိဋ္ဌော–ဟူသော ဝစနတ္ထနှင့်အညီ မိမိအတွက်ဖြစ်စေ, သူတစ်ပါးအတွက်ဖြစ်စေ အလိုရှိအပ်သော, ရောက်လည်းမရောက်လာသေးသော အကျိုးကို တောင့်တခြင်းသည် ''အာသိဋ္ဌ'' မည်၏။

ပုံစံ– သော သုခီ ဘဝတု။ (သူတစ်ပါးအတွက် တောင့်တခြင်း)

အဟံ သုခီ ဘဝါမိ။ (မိမိအတွက် တောင့်တခြင်း)

မေး။ (က) သူတပါးအတွက် တောင့်တရာ (ခ) မိမိအတွက် တောင့်တရာတို့၌ အနက် မြန်မာပြန်ဆိုရပုံကို ရေးပါ။

ဖြေ။ (က) သူတပါးအတွက် တောင့်တရာ၌–

''ဘဝတု၊ ဖြစ်ပါစေသတည်း၊ ဖြစ်ပါစေခလို၊ ဖြစ်စေခြင်း၏၊ ဖြစ်စေလိုဏ်''ဟု သင့်သလို မြန်မာပြန်ကြရပါသည်။

(ခ) မိမိအတွက် တောင့်တရာ၌–

''ဘဝါမိ၊ ဖြစ်ရပါလိုဏ်၊ ဖြစ်ရပါစေသား''စသည်ဖြင့် သင့်သလို မြန်မာမြန် ရပါသည်။

မေး။ ''အနုတ္တကာလ''ပုဒ်၏ အဓိပ္ပါယ်ကို ရှုဆရာပြဆိုသည့်အတိုင်း ပြည့်စုံစွာ ရေးပြပါ။

ဖြေ။ ''အနု သမီပေ ဥတ္တကာလော အနုတ္တကာလော''ဟူသော ဝစနတ္ထနှင့်အညီ– အနီး၌ ပြောဆိုအပ်သော ပစ္စုပ္ပန်ကာလသည် ''အနုတ္တကာလ'' မည်ပါသည်။

(တစ်နည်း) ''နု ဥတ္တကာလော အနုတ္တကာလော''ဟူသော ဝစနတ္ထနှင့်အညီ– အတိတ်, အနာဂတ်, ပစ္စုပ္ပန်–ဟု ဆိုအပ်သည့် မဟုတ်သော (မသုံးအပ်သော) အနာမဋ္ဌကာလ သာမန်သည် ''အနုတ္တကာလ'' မည်၏။

နည်း ၂– ပါး အထူး

အာချာတ်ကြိယာများကို ကာလဖြင့် သိမ်းယူရေတွက်ပြရာ၌ ကာလ ၃–မျိုးဖြင့် ရေတွက်နည်း၊ ကာလ ၆– မျိုးဖြင့် ရေတွက်နည်း–ဟု ၂–နည်းရှိ၏။ အနုတ္တကာလ–ပုဒ်၏ အဖွင့် ၂–မျိုးတို့တွင်–

ပထမနည်းသည် ကာလ ၃–မျိုးဖြင့် ရေတွက်နည်းနှင့် သင့်လျော်အောင် ဖွင့်ပြသော နည်းဖြစ်၍၊ ဒုတိယနည်းကား ကာလ ၆–မျိုးနှင့် သင့်လျော်အောင် ဖွင့်ပြသောနည်း ဖြစ်၏။

မေး။ ပတ္ထနာ ၂– မျိုးကို ဖေါ်ပြ၍၊ ဤသုတ်၌ လိုအပ်သော ပတ္ထနာကိုလည်း ဖေါ်ပြပါ။

ဖြေ။ ၁။ အာသီသ ပတ္ထနာ = တောင့်တခြင်း။

၂။ ယာစန ပတ္ထနာ = တောင်းရမ်းခြင်း–ဟု ၂– မျိုး ရှိပါသည်။

ဤသုတ်၌ ယာစနပတ္ထနာကို လိုအပ်ပါသည်။

http://www.dhammadownload.com

မေး။ ဝိမိနိ, မန္တနစသော အနက်များအတွက် သက်ဆိုင်ရာပြယုဂ်များကို ထုတ်ပြပါ။

ဖြေ။ ဝိမိ – ဣမ ပဗ္ဗတော ဟောတု၊ အယံ ပါသာဒေါ သုဝဏ္ဏမယော ဟောတု။
နိမန္တန – အဓိဝါသေတု မေ ဘန္တေ ဘဂဝါ ဘောဇနံ။ ဣမ ဘဝံ နိသီဒတု။
အဇ္ဈေသန – ဒေသေတု ဘန္တေ ဘဂဝါ ဓမ္မံ။
အနုမတိ – ပုစ္ဆတု ဘဝံ ပဉ်။ ပဝိသတု ဘဝံ ဇတ္တေ နိသီဒတု။
ပတ္ထနာ – ဒဒါဟိ မေ ဂါမဝရာနိ ပဉ္စ၊ ဧကံ မေ နယနံ ဒေဟိ။
ပတ္တကာလ – ကဋ္ဌံ ကရောတု ဘဝံ။

၄၁၆၊ ၄၅၄။ အနုမတိပရိကပ္ပတ္ထေသု သတ္တမီ။ (၂၇၁)

မေး။ ''အနုမတိပရိကပ္ပေသု သတ္တမီ''ဟု သုတ်တည်လျှင် ပြီးနိုင်ပါလျက် ''အနုမတိပရိကပ္ပ-တ္ထေသု'' ဟု ထည့်ဆိုသော အတ္ထ-သဒ္ဒါပိုဏ်၏ အကျိုးကို ရေးပြပါ။

ဖြေ။ အတ္ထ-သဒ္ဒါပိုဖြင့် ဝိမိ, နိမန္တနစသော အနက်တို့၌လည်း သတ္တမီဝိဘတ်သက်ရခြင်း အကျိုးရှိပါသည်။

ဝစနတ္ထ – အနုမတိ စ ပရိကပ္ပေါ စ အနုမတိပရိကပ္ပါ၊
အနုမတိပရိကပ္ပါ ဧဝ အတ္ထာ အနုမတိပရိကပ္ပတ္ထာ၊ တေသု။

မေး။ အနုမတိ, ပရိကပ္ပတို့၏ အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ အနုဇာနနံ အနုမတိ (ဓာတွတ္ထဝိဂ္ဂဟ)၊ အနုမညနံ အနုမတိ (ဓာတုဝိဂ္ဂဟ)-တို့နှင့်အညီ တစ်စုံတစ်ခုပြုလုပ်လိုသော သူတပါးကို ခွင့်ပြုခြင်းသည် ''အနုမတိ'' မည်၏။

ပရိကပ္ပနံ ပရိကပ္ပေါ-ဟူသော ဝစနတ္ထနှင့်အညီ (၁) ''ယဒိ နာမ ဘဝေယျ = အကယ်၍ ဖြစ်ငြားအံ့''ဟု မှတ်သားခြင်း, ကြံစည်ခြင်းသည်လည်းကောင်း (၂) အကြောင်း ကြိယာဖြစ်လတ်သော် အကျိုးကြိယာ၏ ဖြစ်ခြင်းကို ကြံစည်ခြင်းသည်လည်းကောင်း ''ပရိကပ္ပ'' မည်၏။

မေး။ ပရိကပ္ပ ၂- မျိုးကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ၁။ ကေဝလပရိကပ္ပ = ''ယဒိ နာမ ဘဝေယျ= အကယ်၍ဖြစ်ငြားအံ့''ဟု မှတ်သားခြင်း ကြံစည်ခြင်း။ (အကြောင်း+အကျိုးမဖက် သက်သက် ကြံစည်ခြင်း)
၂။ ဟေတုဖလပရိကပ္ပ = အကြောင်းကြိယာဖြစ်လတ်သော် အကျိုးကြိယာ၏ ဖြစ်ခြင်းကို ကြံစည်ခြင်း (အကြောင်း + အကျိုးစပ်လျက် ကြံစည်ခြင်း)တို့ ဖြစ်ပါသည်။

စိစစ်ချက်။ ။ သီဟိုဠ်ဗျာချာ၌ ''သော ဒါနိ ကိံ နု ခေါ ဘဝေ-သည် အာဒိဝါရ၏ ဥဒါဟရုဏ်၊ ယဒိ သော ပဌမဝယေ-စသည်သည် အန္တဝါရ၏ ဥဒါဟရုဏ်''ဟု ဆို၏။ ဂဏ္ဌိ၌လည်း ထိုအတိုင်းပင် ဆို၏။ (ဂဏ္ဌိ၊ ဒု၊ ၂၀၇။)

ထိုကျမ်းများအဆိုသည် ကျမ်းဆရာ၏ အာဘော်ကျသည်ဟု ယူဆသောကြောင့် ထိုအဆိုအတိုင်း ပုံစံထုတ်ပြလိုက်ပါသည်။ ဘာသာဋီကာအဆိုကား ယင်းအဆိုများနှင့် မတူပေ။ ၎င်း၌ ''သော ဒါနိ ကိံ နု ခေါ ဘဝေ'' ပုံစံကို လုံးဝ သုံးသပ်မထားပေ။ ''ယဒိ နာမ။ ပေ။ ပရိကပ္ပေါ စ''ကား ထိုပရိကပ္ပအပြားကိုပြသော စကားတည်း။ ''ယဒိ နာမ ဘဝေယျာတိ သလ္လက္ခဏံ နိရူပနံ''ပါဌ်ဖြင့် အကြောင်းကြိယာ ကြံဆပုံကိုပြ၏။ ''ဟေတုကြိယာယ ။ပေ။ ဖလကြိယာယ သမ္ဘဝပရိကပ္ပေါ စ'' ပါဌ်ဖြင့် အကျိုးကြိယာ

http://www.dhammadownload.com

ကြဲဆပုံကို ပြ၏''ဟု ဆိုပါသည်။

ဘာသာဋ္ဌိကာဆရာတော်သည် ''ဟေတုဖလေသွေယျ'' စသော မောဂ္ဂလ္လာန် (၆၊ ၈– သုတ်) အဖွင့် ''ဟေတုဘူတာယံ ဖလဘူတာယဉ္စ ကြိယာယံ''စသော စကားရပ်ကို မှီ၍ဆိုခြင်း ဖြစ်သည်။ သို့သော် ထိုအဆိုသည် ရူပသိဒ္ဓိ လက်ရှိဆဋ္ဌမူ ဝါကျအနေအထား 'စ'သဒ္ဒါထိုင်ပုံများနှင့် မကိုက်ပေ၊ ၄င်းအဆိုအတိုင်း ယူလျှင် ''သော ဒါနိ ကိ နု ခေါ ဘဝေ၊ ယဒိ တွံ ဘဝေယျာသိ၊ တုမှေ ဘဝေယျာထ၊ ကထ မဟံ ဒေဝေါ ဘဝေယျာမိ၊ ကိ နု ခေါ မယံ ဘဝေယျာမ'' တို့သည် ပရိကပ္ပ ၂–မျိုးမှ အလွတ် ဖြစ်နေဖွယ် ရှိသည်၊ ထိုကြောင့် ဗျာချာ, ဂဏ္ဌိတို့ အဆိုအတိုင်းသာ မှတ်သင့်သည်ဟု ယူဆပါသည်။

မေး။ ပရိကပ္ပ ၂– မျိုးနှင့် သက်ဆိုင်သော ပုံစံများကို ဖေါ်ပြပါ။

ဖြေ။ ၁။ သော ဒါနိ ကိ နု ခေါ ဘဝေ= ထိုသူသည် ယခုအခါ၌ အဘယ်ဖြစ်ရာသနည်း။ ကထမဟံ ဒေဝေါ ဘဝေယျာမိ= ငါသည် အဘယ်သို့လျှင် နတ်ဖြစ်ရပါအံ့နည်း။ အပ္ပေါနာမ သွေပိ ဥပသက်မေယျာမ၊ ကာလဉ္စ သမယဉ္စ ဥပါဒါယ။

၂။ ယဒိ သော ပဌမဝယေ ပဗ္ဗဇေယျ၊ အရဟာ ဘဝေယျ= ထိုမဟာဓန သူဌေးသား သည် ပထမအရွယ်၌ အကယ်၍ ရဟန်းပြုငြားအံ့။ ရဟန္တာ ဖြစ်လောက်ရာ၏။ သစေ သခီရာ့ နိစ္စာ ဘဝေယျုံ၊ နု နိရုဇ္ဈေယျုံ = ရုပ်နာမ်သခီရတို့သည် အကယ်၍ မြဲကုန်ငြားအံ့၊ မချုပ်ကုန်ရာ။

မေး။ ''ယဒိ သော ပဌမဝယေ ပဗ္ဗဇေယျ၊ အရဟာ ဘဝေယျ'' ပုံစံ၌ ဟေတုဖလပရိကပ္ပ ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ အထက်ပါ ပုံစံဝယ် ပထမအရွယ်၌ ရဟန်းပြုခြင်းသည် ရဟန္တာဖြစ်ခြင်း၏ အကြောင်း ကြိယာဖြစ်၏၊ ရဟန္တာဖြစ်ခြင်းကား ရဟန်းပြုခြင်းကြောင့် ရလောက်သော အကျိုးကြိယာ တည်း။ ထိုကြောင့် ''သူသည် အကယ်၍ ပထမအရွယ်၌ ရဟန်း ပြုငြားအံ့'' ''ရဟန္တာ ဖြစ်လောက်ရာ၏''ဟု ကြဲစည်ခြင်းသည် အကြောင်း+အကျိုးဆက်စပ်၍ ကြဲစည်ခြင်းဖြစ် သောကြောင့် ''ဟေတုဖလ ပရိကပ္ပ''မည်၏။ (သစေ သခီရာ နိစ္စာ ဘဝေယျုံ၊ နု နိ ရုဇ္ဈေယျုံ–ဝါကျ၌လည်း နည်းတူသိပါ။)

၄၁၇၊ ၄၆၀။ အပစ္စက္ခေ ပရောက္ခာတိတေ။ (၂၇၅)

မေး။ ''အပစ္စက္ခ''အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ ပြောဆိုသောပုဂ္ဂိုလ်၏ ကွန္ဒြေငါးပါးတို့၏ အရာမဟုတ်သော (ကွန္ဒြေငါးပါးလုံးမှ ကွယ်ရာ ဖြစ်သော) လွန်ပြီးအတိတ်ကြိယာသည် ''အပစ္စက္ခ'' မည်ပါသည်။

မေး။ ''သော ကိရ ရာဇာ ဗဘူဝ = ထိုသူသည် မင်းဖြစ်ပြီတဲ့''ဟူသော ပြယုဂ်၌ အပစ္စက္ခ ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ အထက်ပါပုံစံ၌ ပြောဆိုသူကိုယ်တိုင်က ထိုသူမင်းဖြစ်နေသည်ကို ကိုယ်မျက်စိဖြင့် မမြင်ရ၊ ထိုသူကို ရာဇာဘိသိသိမ်္ဂြောက်သံကို ကိုယ်နားဖြင့်လည်း မကြားရ၊ ဘိသိသိပွဲ၌ ပါဝင်သော ပန်းရနံ့စသည်ကို ကိုယ်နှာခေါင်းဖြင့်လည်း မနမ်းမရှုရ၊ ထမင်းအရသာစသည်ကို ကိုယ်လျှာ ဖြင့်လည်း မလျှက်ရ, မသာယာရ။ ဖဲ, မွေ့ရာစသော အတွေ့များကို ကိုယ့်ကိုယ်ဖြင့်လည်း မထိတွေ့ရ။ ဤသို့လျှင် မျက်စိ, နား, နှာ, လျှာ, ကိုယ်ဟူသော ကွန္ဒြေငါးပါးလုံးမှ

http://www.dhammadownload.com

ကွယ်ရာ၌ ဖြစ်သောကြောင့် မင်းဖြစ်ခြင်းကြိယာသည် ''အပစ္စက္ခ'' မည်ပါသည်။

မေး။ ပစ္စက္ခ–ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ အဓိပ္ပါယ်လည်း ရှင်းပြပါ။

ဖြေ။ အက္ခံ ပတိဂတံ နိဿိတံ ပစ္စက္ခံ၊
ကျွန်ုပ်ငါးပါးတို့ကို မှီသော (ကျွန်ုပ်ငါးပါးတို့ဖြင့် မြင်အပ်, ကြားအပ်, နံအပ်, သာယာအပ်, တွေ့ထိအပ်သော) ကာလ၊ သို့မဟုတ်– ကြိယာသည် ''ပစ္စက္ခ'' မည်ပါသည်။
န ပစ္စက္ခံ အပစ္စက္ခံ။
ကျွန်ုပ်ငါးပါးကို မမှီသောကာလ၊ သို့မဟုတ်– ကြိယာသည် ''အပစ္စက္ခ'' မည်ပါသည်။

မှတ်ချက်။ ။ ''ပစ္စက္ခ'' ပုဒ်ကို ''မျက်မှောက်''ဟု လည်းကောင်း၊ ''အပစ္စက္ခ'' ပုဒ်ကို ''မျက်ကွယ်''ဟုလည်းကောင်း မြန်မာပြန်ကြသည်။ ''မျက်မှောက်'' ကို ''မျက်စိ၏ + ရှေ့မှောက် = မျက်မှောက်''ဟု မှတ်ပါ။ ယင်းစကားလည်း ဥပလက္ခဏမျှသာတည်း။

မေး။ အတီတ–ပုဒ်၏ အဓိပ္ပါယ်ကို ဖွေးပါ။

ဖြေ။ ''အတိက္ကမ္မ က္ကတော အတီတော''ဟူသော ဝစနတ္ထနှင့်အညီ ပစ္စုပ္ပန်အခိုက်အတန့်ကို လွန်၍ဖြစ်သော (ဖြစ်ပြီး၍ လွန်သွားသော)ကြိယာသည် ''အတီတ=အတိတ်'' မည်ပါသည်။

မှတ်ချက်။ ။ ''အတီတော'' ကို ''အတိ + က္ကတော''ဟု ပုဒ်ခွဲပါ။ အတိ ဥပသာရ ပုဒ်သည် အတိက္ကမ္မ–အနက်ကို ဟောဇ်။ ထိုကြောင့် ''အတိက္ကမ္မ + က္ကတော'' ဟူသည် အဖြောင့်အနက် (ဥဇုကတ္ထ) အားဖြင့် ''ဖြစ်ပြီး၍ လွန်သွားသော-ကြိယာတည်း'' ဟု ပြလိုသောကြောင့် ''ဟုတွာ အတိက္ကန္တောတိ အတ္ထော'' ဖွင့်သည်။ ''ဟုတွာ အတိက္ကန္တော = ဖြစ်ပြီး၍ လွန်သွားသော ကြိယာ''ဟု ဆိုသဖြင့် အတိက္ကမ္မ–အရ ''လွန်ခြင်း''ဟူသည်လည်း ''ဖြစ်ဆဲ ပစ္စုပ္ပန် အခိုက်အတန့်ကို လွန်ခြင်း''ဟု သိရပေသည်။

၄၁၈၊ ၄၅၆။ ဟိယျော ပဘုတိ ပစ္စက္ခေ ဟိယျတ္တနီ။ (၂၇၂)

မေး။ ဟိယျတ္တနီ ဝိဘတ်၏ သက်ရာဌာနကို ဖော်ပြပါ။

ဖြေ။ ယမန်နေ့ (မနေ့)ကစ၍ မျက်မှောက်, မျက်ကွယ် နှစ်သွယ်သောအတိတ်ကြိယာကို သိအပ်ရာ၌ ဓာတ်နောင် ဟိယျတ္တနီဝိဘတ် သက်ရပါသည်။

၄၁၉။ ၄၆၉။ သမီပေ'ဇ္ဇတနီ။ (၂၇၈)

မေး။ အဇ္ဇတနီဝိဘတ်၏ သက်ရာဌာနကို ဖော်ပြပါ။

ဖြေ။ ယနေ့မှစ၍ အနီးဖြစ်သော မျက်မှောက်, မျက်ကွယ် နှစ်သွယ်သော အတိတ်ကြိယာကို သိအပ်ရာ၌ ဓာတ်နောင် အဇ္ဇတနီဝိဘတ် သက်ရပါသည်။

၄၂၀၊ ၄၁၇။ မာယောဂေ သဗ္ဗကာလေ စ (၂၈၁)

မေး။ ဤသုတ်၌ စ–သဒ္ဒါ၏ အကျိုးကို ဖော်ပြပါ။

ဖြေ။ စ–သဒ္ဒါဖြင့် မာနိပါတ်ပုဒ်နှင့် ယှဉ်ရာ အလုံးစုံသော ကာလ၌ ပဋိမိဝိဘတ်သက်ရခြင်း အကျိုးရှိပါသည်။

http://www.dhammadownload.com

မေး။ မာ ဘဝါ မာ ဘဝိပုဒ်တို့ကို ရှုပသိဒ္ဓိအဖွင့်နှင့်အညီ ပြည့်စုံစွာ အနက်ပေးပြပါ။

ဖြေ။ မာ ဘဝါ မာဘဝီ၊ မဖြစ်ဆဲ (ပစ္စုပ္ပန်)
မဖြစ်ပြီ (အတိတ်)
မဖြစ်လတ္တံ့ (အနာဂတ်)
မဖြစ်တန်ရာ (ကာလာတိပတ္တိ)။

မေး။ သဗ္ဗကာလ–သဒ္ဒါကို ဆိုရကျိုးကို ရေးပါ။

ဖြေ။ သဗ္ဗကာလ သဒ္ဒါကို ဆိုသဖြင့် ဟိယျတ္တနီ, အဇ္ဇတနီဝိဘတ်တို့ကို အတိတ်ကာလတို့ကို အတိတ်ကာလ၌သာ မဟုတ်၊ ပစ္စုပ္ပန်, အနာဂတ်ကာလတို့၌လည်း စီရင်ချင်း အကျိုး ရှိပါသည်။ (ဋီ)။

မေး။ မာနိပါတ်နှင့် ယှဉ်ရာ၌ သက်ရမည့် ဝိဘတ်များကို သက်ဆိုင်ရာ ပုံစံများနှင့်တကွ ဖေါ်ပြပါ။

ဖြေ။ ၁။ ဟိယျတ္တနီ – မာ ဘဝါ၊
၂။ အဇ္ဇတနီ – မာ ဘဝီ၊
၃။ ပဥ္စမီ – မာ တေ ဘဝန္တန္တရာယာ (ဘဝန္တ + အန္တရာယာ)
(မာ ပစတု၊ မာ ဂစ္ဆတု)။

၄၂၁၊ ၄၇၃။ အနာဂတေ ဘဝိဿန္တီ။ (၂၈၁)

မေး။ ဘဝိဿန္တီဝိဘတ်ကို အနာဂတ်ကာလ၌သာ သက်ရပါမည်လော ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''အနာကဇာတိ သံသာရံ၊ သန္ဓာဝိဿံ''စသော ပုံစံတို့၌ အတိတ်ကာလကိုပင် အနာဂတ် ကာလပြု၍ (အနာဂတ် ကာလအနေဖြင့်) ဆိုလိုသောကြောင့် အတိတ်ကာလ၌လည်း ဘဝိဿန္တီဝိဘတ် သက်ရပါသည်။

ရှင်းလင်းချက်။ ။ ယင်းပုံစံဝယ် သံသရာ၌ ကျင်လည်ခြင်း ကြိယာသည် လွန်ခဲ့ပြီး ဖြစ်သောကြောင့် အတိတ်ကြိယာတည်း။ ထိုအတိတ်ကြိယာကို အနာဂတ်ကာလပြု၍ ဆိုလိုခြင်းဟူသော တံကာလဝစနိစ္စာအားဖြင့် ''သန္ဓာဝိဿံ''ဟု အနာဂတ်ကာလဟော သံဝိဘတ်ဖြင့် မိန့်ဆိုထားခြင်းဖြစ်ပါသည်။

မှတ်ချက်။ ။ သဒ္ဒနီတို၌ကား ''သန္ဓာဝိဿံ''ဝယ် အတိတ်ကာလ၌ ဘဝိဿန္တီ ဝိဘတ် မဟုတ်၊ အဇ္ဇတနီ ကံ့ဝိဘတ်ကို ကွသံ–ပြုထားသည်ဟု ဆိုပါသည်။

မေး။ ''အနာဂတ''ပုဒ်၏ အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ ''နု အာဂတော အနာဂတော''ဟူသော ဝစနတ္ထနှင့်အညီ ဖြစ်ပေါ်လာပြီး, ဖြစ်ပေါ်လာဆဲ မဟုတ်, အကြောင်းညီညွတ်လျှင် နောင်အခါဖြစ်ထိုက်သော ကြိယာသည် ''အနာဂတ= အနာဂတ်'' မည်ပါသည်။

မေး။ အနာဂတ်အနက်၏ မြန်မာဝေါဟာရများကို ဖေါ်ပြပါ။

ဖြေ။ လတ္တံ့၊ လအံ့၊ အံ့၊ လိမ့်မယ်၊ ချိမ့်မည်၊ ချိမ့်မယ်၊ ပိမ့်၊ မီ–တို့ ဖြစ်ပါသည်။

(ဆောင်) လတ္တံ့, လအံ့၊ သက်သက် အံ့၊ မှတ်ကြံ့ အနာဇတ်။

http://www.dhammadownload.com

လိမ့်မည်, လိမ့်မယ်၊ ချိမ့်မည်ဆွယ်၊ ချိမ့်မယ်, မီ ပညတ်။ (ဗာ–ဂဏ္ဌိ။)

ပိမ့်နှင့် လအံ့၊ လိမ့်, လတ္တံ့၊ ကြဲ့ကြဲ့မှတ်လေ အနာဂတ်တည်း။ (မန်လည်)

၄၂၂၊ ၄၇၅။ ကြိယာတိပန္နေ'တိတေ ကာလာတိပတ္တိ။ (၂၈၃)

မေး။ ''ကြိယာတိပန္န'' အဓိပ္ပါယ်ကို ရေးပါ။
''အတိပတနံ (အတိပဇ္ဇနံ) အတိပန္နံ၊ ကြိယာယ အတိပန္နံ ကြိယာတိပန္နံ''ဟူသော ဝစနတ္ထနှင့်အညီ ကြိယာ၏ လွန်၍ ဖြစ်ခြင်း = လွန်သွားခြင်းသည် ''ကြိယာတိပန္န'' မည်ပါသည်။

မေး။ ''ကြိယာ၏ လွန်၍ဖြစ်ခြင်း = လွန်သွားခြင်း''ဟူသော စကားကို ထင်ရှားအောင် ရှင်းပြပါ။
ဖြေ။ ''ကြိယာ၏ လွန်၍ဖြစ်ခြင်း = လွန်သွားခြင်း''ဟူသည် ကြိယာကို ပြီးစေတတ်သော ကာရက၏ သတ္တိကင်းခြင်းကြောင့် ဖြစ်ခွင့်ရှိသောအကျိုးကြိယာ၏ စင်စစ် မဖြစ်ခြင်း ဖြစ်ပါသည်။

မေး။ အတိတ်ကြိယာဟူသည် လွန်ပြီးသောကြိယာ ဖြစ်သောကြောင့် ကြိယာ၏ မဖြစ်ခြင်း (မဖြစ်သော ကြိယာ)ကို 'အတီတ'သဒ္ဒါဖြင့် မခေါ်ဝေါ်ထိုက်သည် မဟုတ်ပါလော အဘယ့်ကြောင့် မဖြစ်သောကြိယာကို 'အတိတ်'ဟု ခေါ်ဆိုရပါသနည်း။
ဖြေ။ မဖြစ်သောကြိယာကို 'အတီတ'သဒ္ဒါဖြင့် မခေါ်ဝေါ်ထိုက်သည်မှန်သော်လည်း အကျိုးကြိယာဖြစ်ခြင်းကို တားမြစ်တတ်သော အကြောင်းကြိယာ၏ ကာလအထူးအားဖြင့် ''အတိတ်''ဟု ဆိုရခြင်းဖြစ်ပါသည်။

ရှင်းချက်။ ။ ''ဆန်မရှိသောကြောင့် ထမင်းမချက်''ဟူရာ၌ ဆန်မရှိခြင်းသည် ထမင်းချက်မှုကြိယာ၏ ဖြစ်ခြင်းကို တားမြစ်တတ်သော ကြိယာတည်း။ ထို ဆန်မရှိခြင်းကား ထင်ရှားသော အတိတ်ကြိယာဖြစ်၏။ ထိုဆန်မရှိခြင်းဟူသော ထင်ရှားသော အတိတ်ကြိယာ၏ ကာလအထူးအားဖြင့် မဖြစ်ခဲ့သော ထမင်းချက်ခြင်းကြိယာကို ''အတိတ်''ဟု ခေါ်ဝေါ်ရပါသည်။

ထင်ရှားသော အကြောင်းကြိယာ၏ ''အတိတ်''ဟူသော အမည်ကို အကျိုးကြိယာ၌ တင်စား၍ ဆိုသောကြောင့် ''ကာရကဟူပစာ''ဟု မှတ်ပါ။ ဘာသာဋီကာ၌ကား ''မမွေးသော အမြဲမသားကို မွေးများမွေးလျှင် ယခုအခါ အတော်ကြီးလောက်ပြီ''ဟု စိတ်ကူးဖြင့် ပြောသကဲ့သို့ မဖြစ်သောကြိယာကို အတိတ်ကြိယာ ဟု ပြောခြင်းမှာလည်း စိတ်ကူးဖြင့် ပြောရသော တဒ္ဓမ္မူပစာ စကားပင်တည်း''ဟု မိန့်ပါသည်။

မေး။ ''သော စေ ပဌမဝယေ ပဇ္ဇဇ္ဇံ အလဘိဿ, အရဟာ အဘဝိဿ'' ပုံစံ၌ ကြိယာတိပန္နဓ၏ အတိတ်ဖြစ်ပုံကို ရှင်းပြပါ။
ဖြေ။ အထက်ပါပုံစံ၏ အဓိပ္ပါယ်မှာ– ''ထိုမဟာဓန သူဌေးသားသည် ပထမအရွယ်၌ ရဟန်းအဖြစ်ကို အကယ်၍ ရခဲ့ငြားအံ့၊ ရဟန္တာဖြစ်လောက်ရာပြီ'' ဟူ၍ ဖြစ်၏။

ဤပုံစံဝယ် – ပထမအရွယ်၌ ရဟန်းအဖြစ်ကို မရခဲ့ခြင်းသည် ရဟန္တာဖြစ်ခြင်းကြိယာကို တားမြစ်တတ်သောကြိယာတည်း၊ ထိုရဟန်းအဖြစ်ကို မရခဲ့ခြင်းကား ထင်ရှားသော အတိတ်ကြိယာဖြစ်၏။ 'ထိုရဟန်းအဖြစ်ကို မရခဲ့ခြင်းဟူသော အတိတ်ကြိယာ၏ ကာလအထူး

http://www.dhammadownload.com

အားဖြင့် မဖြစ်ဘဲ လွန်သွားခဲ့သော ရဟန္တာဖြစ်ခြင်းကြိယာကို ''အတိတ်''ဟု ခေါ်ဆိုရပါသည်။

မေး။ အနာဂတ်ကြိယာတိပန္နံ ရှိ/ မရှိ ဖြေဆိုး၍ ရှိခဲ့သော် ပုံစံများကို ထုတ်ဆောင်ပြခဲ့ပါ။

ဖြေ။ ရှိပါသည်။

စိရမ္မိ ဘက္ခော အဘဝိဿာ၊ သစေ နော ဝိဝဒါမသေ = အကယ်၍ ငါတို့ ၂-ကောင်သာ မငြင်းခုံခဲ့ကြလျှင် ဤငါးကြင်းသည်- ငါတို့အတွက် အတော်ကြာကြာ စားစရာဖြစ်လောက်ရာ၏ (ဖြစ်မှာပဲနော်)။ (သတ္တနိပါတ် ဒဗ္ဗပုပ္ဖဇာတ်) (နီတိ၊ သုတ္တ စဇ၅- သုတ်ကြည့်။)

သစာဟံ နာဂမိဿံ, မဟာဇာနိယော သော အဘဝိဿ = ငါဘုရားကြွတော်မူလျှင် အဂုံလိမာလမှာ ကြီးစွာသော ဆုံးရှုံးခြင်း ဖြစ်ရာတော့လတ္တံ့။ (မဇ္ဈိမပဏ္ဏာသ၊ အင်္ဂုံလိမာလသုတ်၊ အဋ္ဌကထာ)
(- အကယ်၍ ငါကြိုးစားခဲ့လျှင် ယခုနှစ် ပထမကြိုးတန်း အောင်ခဲ့ရာလေပြီ)

မှတ်ချက်။ ။ရူပသိဒ္ဓိဂဏ္ဌိ (ဒု၊ ၂၃၅။) ၌ကား အတိတ်ကြိယာတိပန္နံ ဟုပင် ဆိုသည်။

မေး။ ပစ္စုပ္ပန် ကြိယာတိပန္နံ ရှိ/ မရှိ အကြောင်းပြဖြေပါ။

ဖြေ။ ပစ္စုပ္ပန်အခိုက်၌ တိုက်ရိုက်ဖြစ်သော ကြိယာသည် ''မဖြစ်ပဲ လွန်သွားခြင်း''ဟူသော ကြိယာတိပန္နံ မဖြစ်နိုင်သောကြောင့် 'ပစ္စုပ္ပန်ကြိယာတိပန္နံ' မရှိပါ။ (မောဂ္ဂလ္လာန်၊ ၆၊ ၇-သုတ်)။

မေး။ ကာလာတိပတ္တိဝိဘတ်၏ သက်ရာကာလများကို ဖေါ်ပြပါ။

ဖြေ။ အတိတ်ကာလနှင့် အနာဂတ်ကာလဖြစ်ပါသည်။

၄၂၃။ ၄၂၆။ ဝတ္တမာနာ တိ အန္တိ, သိ ထ, မိ မ၊
တေ အန္တေ, သေ ဝေ, ဧ မေ။ (၂၅၉)

မေး။ ''ဝတ္တမာန်''၏ အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ ''ဝတ္တတိတိ ဝတ္တမာနော''ဟူသော ဝစနတ္ထနှင့်အညီ တစ်စုံတစ်ခု အမှုကိစ္စပြီးစီးရန် စတင်အားထုတ်ပြီးနောက် အပြီးအဆုံးသို့ မရောက်သေးသော (လက်စမသတ် မပြီးပြတ်သေးသော) ဖြစ်နေဆဲကြိယာသည် ''ဝတ္တမာန်'' မည်ပါသည်။

မေး။ တိ အန္တိ စသော ဝိဘတ်တစ်ဆယ့်နှစ်လုံးတို့ကို အဘယ်ကြောင့် ''ဝတ္တမာန်''ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ ''ဝတ္တမာနေ ဘဝါ ဝတ္တမာနာ''ဟူသော ဝစနတ္ထနှင့်အညီ ဝတ္တမာန် အနက်လျှင် သက်ရာရှိသောကြောင့် (=ဝတ္တမာန်အနက်၌ ဖြစ်သောကြောင့်) တိ အန္တိ စသော ဝိဘတ်တစ်ဆယ့်နှစ်လုံးတို့ကို ''ဝတ္တမာန်''ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

၄၂၄၊ ၄၅၀။ ပဋမိ တု အန္တ, ဟိ ထ, မိ မ၊
တံ အန္တံ သဟု ဝေါ ဧ အာမသေ။ (၂၆၈)

မေး။ 'တု အန္တ ။ပ။ ဧ အာမသေ'သည် သမာသ်လော? ဝါကျလော? ဆုံးဖြတ်ပါ။

ဖြေ။ ရူပသိဒ္ဓိမှီကာ အလို သမာဟာရဒွန်သမာသ်ပုဒ် ဖြစ်ပါသည်။

မေး။ ''ပဋမိ''ဟူသော အမည်သည် အဘယ်အမည်သဲ့သာဖြစ်ပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ သက္ကတသဒ္ဒါကျမ်းတို့၌ တု အန္တ စသည်ကို ''ပဋမိ''ဟု အမည်မှည့်ထား၏။ ပဋမိ ဟု တွင်ကျယ်နေခဲ့၏၊ ထိုတွင်ကျယ်နေသော အမည်ကို ရှင်မဟာကစ္စည်း ဆရာက ယူ၍ သုံးစွဲထားသော အတွင်ရုဋ္ဌိအမည်ဖြစ်ပါသည်။ (ရူ၊ ဋီ)

၄၂၅၊ ၄၅၃။ သတ္တမိ ယျ ယျုံ, ယျာသိ ယျာထ, ယျာမိ ယျာမ၊
ထ ရံ, ထော ယျာဝေါ ယျံ ယျာမေ။ (၂၇၀)

မေး။ ယျ ယျုံ-စသော ဝိဘတ်(၁၂) လုံးတို့ကို အဘယ်ကြောင့် ''သတ္တမိ''ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ ''ပုဂိသေ, ရူပေ''စသော သတ္တမီ ကေဝစနန္တ နာမ်ပုဒ်တို့သည် ကောရန္တ ဖြစ်ကြသကဲ့သို့ ''ဘဝေ, ဝန္ဒေ''စသော အာချာတ်ပုဒ်တို့သည်လည်း ကောရန္တများ ဖြစ်ကြ၏။ ဤသို့လျှင် သတ္တမီ ကေဝ့စနန္တ နာမ်ပုဒ်တို့နှင့် ကောရန္တ အဖြစ်ဖြင့် တူသောကြောင့် ယျ, ယျုံ-စသော ဝိဘတ် (၁၂)လုံးတို့ကို ''သတ္တမိ''ဟု ခေါ်ဆိုရပါသည်။

မေး။ ပဋမိ, သတ္တမိ ဝိဘတ်တို့နှင့်စပ်၍ သိသင့်သိထိုက်သော 'ဗာလာဝတာရ'အဆိုကို ရေးပြပါ။

ဖြေ။ ''ပဋမိ သတ္တမိ ဟူသော အမည်သည် ရှေးဆရာတို့မှည့်ခေါ်အပ်သော ရုဋ္ဌိအမည်ဖြစ်၏'' ဟူသောအဆို ဖြစ်ပါသည်။

၄၂၆၊ ၄၅၉။ ပရောက္ခာ အ ဥ, ဧ တ္ထ, အံ မှ၊
တ္ထ ရေ, တ္ထော ဝေါ, ကွံ မွေ။ (၂၇၄)

မေး။ ပရောက္ခာဝိဘတ်၌ ''အံ မှ + အ မှ'' ''ကွံ မွေ + က္က မွေ''ဟု နှစ်မျိုးနှစ်စား ကွဲပြားနေရာ ရူပသိဒ္ဓိအလို အဘယ်သာ အမှန်ဖြစ်သည်ဟု အကြောင်းပြ ဆုံးဖြတ်ပါ။

ဖြေ။ ''ကွစိ ဓာတု သုတ်ကြီးဖြင့် အဇ္ဇတနီ အ-ဝိဘတ်ကို အံ-ပြုရမည်'' ဟူသော ရူပသိဒ္ဓိအဖွင့်(၂၇၈)ကို ထောက်၍ ဤပရောက္ခာဝိဘတ်၌လည်း ရူပသိဒ္ဓိအလို ''အ မွေ'' ''က္က မွေ''တို့သာ အမှန် ဖြစ်ပါသည်။ (သီဟိဠ်မူ ရူပသိဒ္ဓိနှင့် ဗာလာဝတာရ, မောဂ္ဂလ္လာန်, ပဒသာဓနကျမ်းတို့၌လည်း ထိုအတိုင်း ရှိပါသည်။)

မှတ်ချက်။ ။ လက်ရှိဆဋ္ဌမူ ရူပသိဒ္ဓိ၌ ''အံ မွေ'' ''ကွံ မွေ''ဟု ရှိနေသည်မှာ ဖေါ်ပြခဲ့သော ရူပသိဒ္ဓိအဖွင့်နှင့်လည်းကောင်း၊ ကျမ်းစာတို့နှင့်လည်းကောင်း မညီပါ။

လိုရင်းမှတ်ဖွယ်။ ။ ကစ္စည်း၌ ''အံ မွေ'' ''ကွံ မွေ''ဟု ရှိ၍၊ ရူပသိဒ္ဓိ၌ ''အ မွေ'' ''က္က မွေ''ဟု ရှိရပါမည်။

မေး။ ''ပရောက္ခာ''၏ အဓိပ္ပါယ်ကို ရေးပါ။

http://www.dhammadownload.com

ဖြေ။ ''အက္ခာနံ ပရံ ပရောက္ခာ''ဟူသော ဝစနတ္ထနှင့်အညီ ကွန်ဒြေါင်းပါးတို့၏ ပြင်ပကွယ်ရာ ဖြစ်သော (မျက်ကွယ်ဖြစ်သော) ကြိယာသည် ''ပရောက္ခာ'' မည်ပါသည်။

မေး။ အ, ဥ–စသော ဝိဘတ် (၁၂)လုံးတို့ကို အဘယ်ကြောင့် ပရောက္ခာ–ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ ''ပရောက္ခံ ဒီပေတီတိ ပရောက္ခာ''ဟူသော ဝစနတ္ထနှင့်အညီ မျက်ကွယ်ဖြစ်သော ပရောက္ခာကြိယာကို ပြတတ်သောကြောင့် အ, ဥ စသော ဝိဘတ်(၁၂)လုံးတို့ကို ပရောက္ခာ–ဟု ခေါ်ဆိုရပါသည်။

၄၂၇၊ ၄၅၅။ ဟိယျတ္တနီ အာ ဦ, ဩ ဏ္ဍ, အံ မှာ၊ ဏ္ဍ ဏ္ဍုံ, သေ ဝုံ, ဏ္ဍံ မှသေ။ (၂၇၂)

မေး။ ဟိယျတ္တနီဝိဘတ်၌ ''အံ မှာ'' ''အ မှာ''ဟု နှစ်မျိုးနှစ်စား ကွဲပြားနေရာ ရှုပသိဒ္ဓိအလို အဘယ်သို့သာ ရှိသင့်သည်ဟု စိစစ်ဆုံးဖြတ်ပါ။

ဖြေ။ ဆဋ္ဌမှု ရှုပသိဒ္ဓိ၌ ''အံ မှာ''ဟု ရှိသည်၊ သဒ္ဒနီတိ, ဗာလာဝတာရ ဋီကာသစ်နှင့် ဆရာ မြတ်တို့အလိုလည်း ''အံ မှာ''ဟုပင် ရှိရပါမည်။ သီဟိုဠ်မှု ရှုပသိဒ္ဓိနှင့် မောဂ္ဂလ္လာန်, ဗာလာဝတာရတို့၌ကား ''အ မှာ''ဟု ရှိပါသည်။

ရှုပသိဒ္ဓိကျမ်း၌ ''အ မှာ''ဟုရှိခြင်းသာ အမှန်ဖြစ်ဖွယ်ရှိပါသည် အ–ကို ဝိကပ် အံ–ပြုဟု ကြံပါ။

သာဓက–အဘဝေါ အဘဝတ္ထ။ ကွစိဓာတ္ဝတိ အာဒိနာ အကာရဿ အဓာဒေသော ဝါ၊ အဘဝံ အဘဝ။ (သီဟိုဠ်မှု ရှုပသိဒ္ဓိ။)

မေး။ ဟိယျတ္တနီ–၌ ''ဟိယျတ္တန''၏ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ယော ဘဝေါ ဟိယျတ္တနော''ဟူသော ဝစနတ္ထနှင့်အညီ ယမန်နေ့၌ ဖြစ်သော (ယမန်နေ့မှ စ၍ အတိတ်ဖြစ်သော)ကာလ (ကြိယာ)သည် ''ဟိယျတ္တန'' မည်ပါသည်။

မေး။ အာ, ဦ စသော ဝိဘတ် ၁၂–လုံးတို့ကို အဘယ်ကြောင့် ''ဟိယျတ္တနီ''ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ ''ဟိယျတ္တနံ ဒီပေတီတိ ဟိယျတ္တနီ''ဟူသော ဝစနတ္ထနှင့်အညီ 'ဟိယျတ္တန' အမည်ရသော အတိတ်ကြိယာကို ပြတတ်သောကြောင့် အာ, ဦ စသော ဝိဘတ် ၁၂–လုံးတို့ကို ''ဟိယျတ္တနီ''ဟု ခေါ်ဆိုရပါသည်။

၄၂၈၊ ၄၆၈။ အဇ္ဇတနီ ဤ ဥံ, ဩ ဏ္ဍ, ဏ္ဍံ မှာ၊ အာ ဦ, သေ ဝုံ, အံ မေ။ (၂၇၈)

မေး။ အဇ္ဇတနီ ဝိဘတ်၌ ''အံ မေ'' ''အ မေ''ဟု နှစ်မျိုးနှစ်စားကွဲပြားနေရာ အဘယ်အရာသာ အမှန်ဖြစ်သည်ဟု ခိုင်လုံသောသာဓကဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ ''ဩ အာ အဝစနာနံ ဣ ဏ္ဍ အမာဒေသော စ = ဩ ကို ဣ ပြု၊ အာ ကို ဏ္ဍ ပြု၊ အ ကို အံ ပြု''ဟု ကျမ်းဆရာကိုယ်တိုင် ဖွင့်ပြထားသောကြောင့် ရှုပသိဒ္ဓိအလို ''အ မေ''သာ အမှန်ဖြစ်ပါသည်။ (သီဟိုဠ်မှုနှင့် မောဂ္ဂလ္လာန်တို့ အလိုလည်း ''အ မေ'' ပင်။ သဒ္ဒနီတိ, ဗလာဝတာရဋီကာသစ်နှင့် ဆရာမြတ်တို့အလို ''အံ မေ''ဟု ရှိရပါမည်။)

http://www.dhammadownload.com

မေး။ ''အဇ္ဇတနိ''၏ အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ ''အဇ္ဇ ဘဝေါ အဇ္ဇတနော၊ အဇ္ဇတနံ ဒိပေတိတိ အဇ္ဇတနိ''ဟူသော ဝစနတ္ထနှင့်အညီ-ယနေ့၌ဖြစ်သော (ယနေ့မှစ၍ အတိတ်ဖြစ်သော) ကာလ (ကြိယာ)သည် ''အဇ္ဇတန'' မည်၏။ ထိုအဇ္ဇတန အမည်ရသော အတိတ်ကြိယာကို ပြတတ်သောကြောင့် ဤ, ဉံ စသော ဝိဘတ် ၁၂-လုံးတို့ကို ''အဇ္ဇတနိ''ဟု ခေါ်ဆိုရပါသည်။

မေး။ (က) ဟိယျတ္တနိ + ဟိယျတနိ၊ (ခ) အဇ္ဇတနိ + အဇ္ဇတ္တနိ တို့၏ အမှားအမှန်ကို ဝေဖန်သုံးသပ် ဆုံးဖြတ်ပါ။

ဖြေ။ (က) ''ဟျသ္တနိ''ဟူသော သက္ကတပုဒ်မှ ဟိယျတ္တနိ-ဟု ဖြစ်လာသည်၊ ဟျသ္တနိ-ကို ပါဠိပြန်သောအခါ ပျောက်သွားသော သ်အစား တ-ကို ဒွေးဘော်ပြုပေးရပါသည်၊ ထိုကြောင့် ''ဟိယျတ္တနိ''သာ အမှန်ဖြစ်ပါသည်။

(ခ) အဇ္ဇတနိ ပုဒ်ကား ''အဒျတနိ''ဟူသော သက္ကတပုဒ်မှ ဖြစ်လာသောပုဒ်**ဖြစ်၏**။ ယင်း၌ ပျောက်သွားသော အက္ခရာမရှိ၍ ဒွေးဘော်ပြုဖွယ် မလိုသောကြောင့် ''အဇ္ဇတနိ''သာ အမှန် ဖြစ်ပါသည်။

အထူးသတိပေးချက်။ ။ ''အဇ္ဇတ္တနိ''ဟု တနှစ်လုံးဆင့်နှင့် မရေးမိအောင် သတိဆောင်ကြပါကုန်။

၄၂၉၊ ၄၇၂။ ဘဝိဿန္တိ ဿတိ ဿန္တိ, ဿသိ ဿထ, ဿမိ ဿမ။
ဿတေ ဿန္တေ ဿဿေ ဿဝေ, ဿံ ဿာမေ။ (၂၈၁)

မေး။ ဿတိ ဿန္တိ စသော ဝိဘတ် ၁၂-လုံးတို့ကို အဘယ်ကြောင့် ''ဘဝိဿန္တိ''ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ ''ဘဝိဿတိတိ ဘဝိဿန္တော၊ ကာလော။ ဘဝိဿန္တံ ဒိပေတိတိ ဘဝိဿန္တိ''ဟူသော ဝစနတ္ထနှင့်အညီ ဖြစ်လတ္တံ့သော အနာဂတ်ကာလ (အနာဂတ်ကြိယာ) သည် ''ဘဝိဿန္တ'' မည်၏။ ထို 'ဘဝိဿန္တ'မည်သော အနာဂတ်ကာလ (အနာဂတ်ကြိယာ)ကို ပြတတ်သောကြောင့် ဿတိ, ဿန္တိ စသော ဝိဘတ် ၁၂-လုံးတို့ကို ''ဘဝိဿန္တိ'' ဟု ခေါ်ဆိုရပါသည်။

(တစ်နည်း) ''ဘဝိဿန္တေ ဘဝါ ဘဝိဿန္တိ''ဟူသော ဝစနတ္ထနှင့်အညီ ဖြစ်လတ္တံ့သော အနာဂတ်ကာလ (အနာဂတ်ကြိယာ)၌ ဖြစ်သောကြောင့် ဿတိ, ဿန္တိ စသော ဝိဘတ်တို့ကို ''ဘဝိဿန္တိ'' ဟု ခေါ်ဆိုရပါသည်။

မေး။ ဘဝိဿန္တိ-ပုဒ် ရုပ်ပြီးပုံကို ရေးပြပါ။

ဖြေ။ ဘဝိဿန္တ-ပုဒ်နောင် ဒိပေတိအနက် (တစ်နည်း) ဘဝအနက်၌ ဏ ပစ္စည်းသက် ဣတ္ထိ ဇောတက ဤပစ္စည်းထပ်သက်၍ ''ဘဝိဿန္တိ''ဟု ရုပ်ပြီးပါသည်။

မေး။ ''ဘဝိဿန္တိ ဝိဘတ်'' ဟု ပြောဆိုရေးသားနေကြရာ ထိုအဆိုမှန် မမှန်ကို စိစစ်ဝေဖန်ပြပါ။

ဖြေ။ ဘဝိဿန္တ-ပုဒ်နောင် ဒိပေတိ အနက် (တစ်နည်း) ဘဝအနက်၌ ဏ ပစ္စည်းထပ်သက်၍ ''ဘဝိဿန္တိ''ဟု ရုပ်ပြီးသောကြောင့် ထို အဆိုမမှန်ပါ၊ ''ဘဝိဿန္တိဝိဘတ်''ဟု ဤကာရန္တဖြင့် ပြောဆိုရေးသားမှသာ အမှန်ဖြစ်ပါသည်။

http://www.dhammadownload.com

၄၃၀၊ ၄၇၄။ ကာလာတိပတ္တိ သာ သံသု, သေ သထ, သံ သာမှာ၊
သထ သံသု, သသေ သဒ္ဓေ, သိ သာမှသေ။ (၂၈၃)

မေး။ သာ, သံသု စသော ဝိဘတ် ၁၂–လုံးတို့ကို အဘယ်ကြောင့် ''ကာလာတိပတ္တိ'' ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ ''အတိပတနံ (အတိပဇ္ဇနံ) အတိပတ္တိ၊ ကာလဿ အတိပတ္တိ ကာလာတိပတ္တိ။ ကာလာတိပတ္တိ ဒီပေတီတိ ကာလာတိပတ္တိ''ဟူသော ဝစနတ္ထနှင့်အညီ ကြိယာ၏ လွန်၍ ဖြစ်ခြင်း (=လုံး၀ မဖြစ်ခြင်း)သည် ''ကာလာတိပတ္တိ''မည်၏။ ထိုကာလာတိပတ္တိ ကြိယာကို ပြတတ်သောကြောင့် သာ, သံသု စသော ဝိဘတ် ၁၂–လုံးတို့ကို ''ကာလာတိပတ္တိ''ဟု ခေါ်ဆိုရပါသည်။

ဘာသာဋ္ဌိကာအလို– ''အကြောင်းဖြစ်သော အနက်၏ ကာလာတိပတ္တိ–ဟူသော အမည်ကို အကျိုးဖြစ်သော သာ သံသု စသော ဝိဘတ်တို့၌ တင်စား၍ ကာရဏူပစာ အားဖြင့် ဝိဘတ်တို့ကို ကာလာတိပတ္တိ–ဟု ခေါ်ဆိုရပါသည်။

မှတ်ချက်။ ။ဘာသာဋ္ဌိကာ၌ ''ဝုစ္စတိ, ဝုတ္တံ၊ နာမံ, ပရိယာယ၊ ရှိလကမူ ဥပစာ'' ဟူသော နိယံနှင့်အညီ ''အယံ ဝိဘတ္တိ ကာလာတိပတ္တိတိ ဝုစ္စတိ''ဟု ဝုစ္စတိကြိယာနှင့် ထားသောကြောင့်လည်းကောင်း၊ မူလလိင် ဝုစ် မပျက်သောကြောင့်လည်းကောင်း၊ ဤကာလာတိပတ္တိ–ပုဒ်၌ ဥပစာတင်ရကြောင်း၊ ဝတ္တမာန် စသည်တို့၌ကား မူလလိင်ဝုစ် က ''ဝတ္တမာနော''ဟု ပုလ္လိင်ဖြစ်၍ ဝိဘတ်ကို အရကောက်ရာ၌ ''ဝတ္တမာနာ''ဟု ဣတ္ထိလိင် ဖြစ်သောကြောင့် ဥပစာတင်ဖွယ် မလိုကြောင်း မိန့်သည်။

မေး။ ကာလာတိပတ္တိ–ပုဒ်အရ ဖြစ်နိုင်သမျှ ကောက်ပြခဲ့ပါ။

ဖြေ။ ကြိယာ၏ လွန်၍ ဖြစ်ခြင်းကိုလည်းကောင်း၊ သာ သံသု စသော ဝိဘတ် ၁၂– လုံးတို့ကိုလည်းကောင်း ရပါသည်။

မေး။ ကာလာတိပတ္တိ (ကြိယာတိပန္န) ဖြစ်ခြင်း အကြောင်း ၂–မျိုးကို ဖေါ်ပြပါ။

ဖြေ။ ၁။ ဝိရုဒ္ဓပစ္စယူပနိပါတ = ဆန့်ကျင်ဘက်အကြောင်း၏ အနီး၌ ကျရောက် ဖြစ်ပေါ်လာခြင်း (= ဆန့်ကျင်ဘက် အကြောင်းနှင့် ပေါင်းဆုံမိခြင်း။)

၂။ ကာရဏ ဝေကလ္လ= သင့်လျော်သော အကြောင်း၏ ချို့တဲ့ခြင်းတို့ ဖြစ်ပါသည် (ထိုအကြောင်း ၂– မျိုးကြောင့် အကျိုးကြိယာ၏ မဖြစ်ခြင်းကို ''ကာလာတိပတ္တိ'' ဟု ဆိုပါသည်။)

ဝိရုဒ္ဓ ဟေတုယောဂါ ဝါ၊ ဟေတုဝေကလ္လတောပိ ဝါ။
ကြိယာန မဘာဝေါ၀၊ ကြိယာတိပန္နံ မိရိတံ။ (ကစ္စာယနသာရ)

ရှင်းချက်။ ။ ကြိယာတခုဖြစ်ခြင်း၌ ဆန့်ကျင်ဘက် အကြောင်းသည် ''ဝိရုဒ္ဓ ပစ္စယ'' မည်၏။ ထိုအကြောင်း၏ ကျရောက်ဖြစ်ပေါ်လာခြင်းသည် ''ဝိရုဒ္ဓပစ္စယူပနိပါတ'' မည်၏။ ထိုကြိယာဖြစ်ခြင်း၌ ရှိရိုးရှိစဉ်ဖြစ်သော အလျော်အကြောင်းသည် ''ကာရဏာ'' မည်၏။ ထိုအကြောင်း၏ ချို့တဲ့ခြင်းသည် ''ကရဏာဝေကလ္လ''မည်၏။

ဥပမာဖြင့် ထင်ရှားစေဦးအံ့– ထမင်းချက်ရာ၌ မိုးကြိုး သည်းထန်စွာ ရွာသွန်းခြင်း

http://www.dhammadownload.com

လေကြီးကျခြင်းစသော ဆန့်ကျင်ဘက် အကြောင်းများသည် ''ဝိရုဒ္ဓ ပစ္စယ'' မည်၏။ ထိုအကြောင်းများ ရုတ်တရက်ဖြစ်ပွား ပေါ်ပေါက်လာခြင်းသည် ''ဝိရုဒ္ဓ ပစ္စယူပနိပါတ'' မည်၏။ ထိုဆန့်ကျင်ဘက် အကြောင်းများ ဖြစ်ပွားပေါ်ပေါက်လာခြင်းကြောင့် ထမင်းချက်ခြင်းကြိယာ၏ မဖြစ်ခြင်းသည် ''ကာလာတိပတ္တိ (= ကြိယာတိပန္နဲ)'' မည်၏။ ဆန်, ထင်း, ရေ, မီး, အိုးခွက်စသော အကြောင်းများကား ထမင်းချက်ရာ၌ သင့်လျော်သော (သဟကာရီ ကာရဏ)အကြောင်းများတည်း၊ ဆန်မရှိခြင်း, ထင်းမရှိခြင်းစသည်သည် အကြောင်းချို့တဲ့မှု (ကာရဏဝေကလ္လ) မည်၏၊ ထိုအကြောင်းချို့တဲ့မှုကြောင့် ထမင်းချက်ခြင်းကြိယာ၏ မဖြစ်ခြင်းသည် ''ကာလာတိပတ္တိ (ကြိယာတိပန္နဲ)'' မည်၏။ (ဋီ၊ ၁၉၂၊ ကြည့်)

မေး။ ဆန့်ကျင်ဘတ်အကြောင်းနှင့် ပေါင်းဆုံမိခြင်း (ဝိရုဒ္ဓ ပစ္စယူပနိပါတ)ကြောင့် ကာလာတိပ**တ္တိ** (ကြိယာတိပန္နဲ) ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ သစာယံ ဘိက္ခဝေ ရာဇာ ပိတရံ ဓမ္မိကံ ဓမ္မရာဇာနံ ဇီဝိတာ န ဝေရောပေသ္သထ၊ ဣမသ္မိံယေဝ အာသနေ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥပ္ပဇ္ဇိဿထ = အဇာတသတ်မင်း**သည်** အကယ်၍ ဘခမည်းတော် ဓိမ္မိသာရမင်းကြီးကို မသတ်ခဲ့လျှင် သာမည်ဖလသုတ်**ကို** နိဂုံးချုပ်ကြားနာ ဤနေရာ၌သာလျှင် ဓမ္မစက္ခု ဖြစ်လေရာပြီ (အောက်မဂ် အောက်ဖိုလ်**ကို** ရလေရာပြီ)။ (သီလက္ခန်၊ သာမည်ဖလ သုတ်၊ ၈၁။)

ဤ၌ အဘကို သတ်ခြင်းဟူသော ပိတုဃာတက ကမ္မန္တရာယ်သည် ''ဝိရုဒ္ဓ **ပစ္စယ**= ဆန့်ကျင်ဘတ်အကြောင်း'' ဖြစ်၏၊ ထိုဆန့်ကျင်ဘတ်အကြောင်းနှင့် ပေါင်းဆုံခြင်းမိကြောင့် ဓမ္မစက္ခု ဖြစ်ခြင်းကြိယာ မဖြစ်ပဲ လွန်သွားခြင်းသည် ''ကာလာတိပတ္တိ (= ကြိယာတိပန္နဲ)'' မည်၏။

မေး။ သင့်လျော်သောအကြောင်း၏ ချို့တဲ့ခြင်း (ဟေတုဝေကလ္လ)ကြောင့် ကာလာတိပတ္တိ (ကြိယာတိပန္နဲ) ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ သစေ ပန ပဌမယေ နိက္ခမိတွာ ပဗ္ဗဇိဿာ၊ အရဟတ္တံ ပါပုဏိဿာ = မဟာဓန သူဌေးသားသည် ပထမအရွယ်၌ လူဘောင်မှ ထွက်ခွာကာ အကယ်၍ ရဟန်းပြုပါမူကား အရဟတ္တဖိုလ်သို့ ရောက်ရာပြီ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၂။ ၈၃)

ဤ၌ရဟန်းပြုခြင်းသည် ရဟန္တာဖြစ်ခြင်းကြိယာသည် ''ကာရဏ = သင့်လျော်သော အကြောင်း'' ဖြစ်၏။ ယင်းအကြောင်းကြိယာ၏ ချို့တဲ့မှုကြောင့် ရဟန္တာဖြစ်ခြင်းဟူသော အကျိုးကြိယာ၏ မဖြစ်ပဲ လွန်သွားခြင်းသည် ''ကာလာတိပတ္တိ (= ကြိယာတိပန္နဲ)'' မည်၏။

သော စေ တံ ယာနံ အလဘိဿာ၊ အဂစ္ဆိဿာ။

ဤ၌ ယာဉ်ကို ရခြင်းကြိယာသည် ''ကာရဏ = သင့်လျော်သော အကြောင်း''ဖြစ်၏။ ထိုအကြောင်းကြိယာ၏ ချို့တဲ့ခြင်းကြောင့် သွားခြင်း ဟူသော အကျိုးကြိယာ မဖြစ်ခြင်းသည် ''ကာလာတိပတ္တိ (= ကြိယာတိပန္နဲ)'' မည်၏။

မေး။ အာချာတ်ဝိဘတ် ရှစ်သွယ်တို့ကို ကာလအားဖြင့် ခွဲခြားဝေဖန်ပြပါ။

ဖြေ။ – ဝတ္တမာန်, ပဉ္စမီ, သတ္တမီ ဟူသော ဝိဘတ်တို့သည် ပစ္စုပ္ပန်ကာလ၌ သက်ပါသည်။

– ဘဝိဿန္တိဝိဘတ်သည် အနာဂတ်ကာလ၌ သက်ရပါသည်။

http://www.dhammadownload.com

– ပရောက္ခာ, ဟိယျတ္တနီ, အဇ္ဇတနီ, ကာလာတိပတ္တိဟူသော ဝိဘာတ်တို့သည် အတိတ်ကာလ၌ သက်ပါသည်။

၄၅၈။ ဟိယျတ္တနီ သတ္တမီ ပဋမီ ဝတ္တမာနာ သဗ္ဗာဓာတုကံ (၂၇၄)

မေး။ ဟိယျတ္တနီ စသော ဝိဘတ် ၄–သွယ်တို့ကို သဗ္ဗဓာတ်အမည်မှည့်ခြင်းကြောင့် သိရသော အနက်အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ဤသုတ်ဖြင့် ဟိယျတ္တနီ စသော ဝိဘတ် ၄–သွယ်တို့ကို သဗ္ဗဓာတ်ဝိဘတ် အမည် မှည့်ခြင်းကြောင့် ''ကြကာရာဂမော အသဗ္ဗဓာတုကမှိ–ဟူ၍ ဆိုအပ်သော ကြ–အာဂုံသည် ဟိယျတ္တနီ စသော ဝိဘတ် ၄–သွယ် နှောင်းရာ၌ မဖြစ်နိုင်တော့ပေ၊ ''ပ, အဇ်, ဘ, ကာ'' ဝိဘတ် ၄–သွယ်နှောင်းရာ၌သာ ကြအာဂုံလာရ၏''ဟူသော အနက်အဓိပ္ပါယ်ကို သိရပါသည်။

မေး။ ''သဗ္ဗဓာတ်''အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ ''သဗ္ဗဓာတူသု ဝတ္တတီတီ သဗ္ဗဓာတုကံ''ဟူသော ဝစနတ္ထနှင့်အညီ အလုံးစုံသောဓာတ်တို့၌ ဖြစ်တတ်သောကြောင့် (အလုံးစုံသော ဓာတ်တို့နောင် သက်နိုင်သောကြောင့်) ဟိယျတ္တနီ စသော ဝိဘတ် ၄– သွယ်တို့သည် ''သဗ္ဗဓာတ်''တို့ မည်ကြပါသည်။

မှတ်ချက်။ ။ ဤသို့ အနွတ္ထဖြစ်အောင် ကြံကြသော်လည်း ကာတန္တ္ရိကာ, ပဋိကာတို့၌ ''ဤသဗ္ဗဓာတုက–ဟူသော အမည်သည် အလွန်ရှေးကျသော သက္ကတ, ဗျာကရဏ်း ဆရာတို့၌ ထင်ရှားသော အထင်ရှိဋ္ဌ အမည်တည်း''ဟု ဖွင့်ပြကြပါသည်။

အမှာ။ ။အသဗ္ဗဓာတ် အဓိပ္ပါယ်ကို ''ကြကာရာဂမော အသဗ္ဗဓာတုကမှိ'' သုတ်၌ ကြည့်ပါ။

ပထမကဏ္ဍ ပြီး၏။

ဒုတိယကဏ္ဍ

၄၃၂၊ ၃၆၂။ ဓာတုလိင်္ဂဟိ ပရာ ပစ္စယာ (၂၁၆၊ တဒ္ဓိတ်အစ)

မေး။ ဓာတုလိင်္ဂဟိ ပရာ ပစ္စယာ–သုတ်၌ ဝိသယ + ဝိသယီ (ပကတိ + ပစ္စယ)တို့ကို ခွဲခြားပြခဲ့ပါ။

ဖြေ။ ဓာတ်, လိင်တို့သည် ဝိသယ (ပကတိ)၊
ပစ္စည်း, ဝိဘတ်တို့သည် ဝိသယီ (ပစ္စယ) ဖြစ်ပါသည်။

မေး။ ''ပစ္စယ=ပစ္စည်း''၏ အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ ''ပဋိစ္စ အတ္ထော ဧတိ ဧတေသ္မာတိ ပစ္စယော''ဟူသော ဝစနတ္ထနှင့်အညီ အပစ္စ စသော အနက်၏ စွဲမှီ၍ ဖြစ်ရာဖြစ်သောကြောင့် ပစ္စည်း, ဝိဘတ်တို့သည် ''ပစ္စယ=ပစ္စည်း'' မည်ကုန်၏။

http://www.dhammadownload.com

(တစ်နည်း) ''ပတိယန္တိ အတ္ထာ အနေနာတိ ပစ္စယော''ဟူသော ဝစနတ္ထနှင့် အညီ အပစ္စ စသေအနက်၏ စွဲမှီ၍ ဖြစ်ရာဖြစ်သောကြောင့် ပစ္စည်း, ဝိဘတ်တို့သည် ''ပစ္စယ=ပစ္စည်း'' မည်ကုန်၏။ (ရူစာကိုယ်)

(တစ်နည်း) ''ပကတိတော ပရံ တေတိ ပစ္စယော''ဟူသော ဝစနတ္ထနှင့်အညီ လိင်, ဓာတ်ဟူသော ပကတိပုဒ်မှ နောက်၌ ဖြစ်တတ်သောကြောင့် ပစ္စည်း, ဝိဘတ်တို့သည် ''ပစ္စယ=ပစ္စည်း'' မည်ကုန်၏။ (ရူဋီကာ၊ ၁၆၁။)

မေး။ ဓာတု လိင်္ဂဟိ ပရာ ပစ္စယာ–သုတ်၌ ဓာတု, လိင်္ဂ, ပစ္စယ အရတို့ကို ပြည့်စုံစွာ ဖေါ်ပြပါ။

ဖြေ။ ဓာတု–အရ ဘူ အစရှိသော ပကတိဓာတ်နှင့် ခ အစရှိသော ဓာတုပစ္စည်း အဆုံးရှိသော (တိတိကွ စသော) ဓာတ်တို့ကို ရ၏။

လိင်္ဂ–အရ သုဒ္ဓနာမ်, ဥပသာရပုဒ်, နိပါတ်ပုဒ် သမာသ်, တဒ္ဓိတ်, ကိတ်နာမ်ပုဒ်၊ ကိစ္စည်းဆုံးသော ''ဘဝိတမ္ဘ''စသော နာမ်ပုဒ်၊ ဣတ္ထိဇောတက ပစ္စည်းဆုံးသော ''ကညာ'' စသောနာမ်ပုဒ်တို့ကို ရ၏။ (ဋီကာ၌ ''တိတိကွ'' စသော ဓာတုပစ္စယန္တပုဒ်တို့ကိုလည်း လိင်္ဂ အရ၌ ထပ်၍ သွင်းယူထားပါသည်။

''တိတိကွာ''စသည်ဖြင့် နာမ်ဝိဘတ်သက်ရသော နာမ်ပုဒ်များသည် ဣတ္ထိလိင်ဇောတက အာ ပစ္စည်းဆုံးနေသောကြောင့် ဣတ္ထိပစ္စယ၌ ပါဝင်ကြ၏။ ''ပဗ္ဘတာယန္တော'' စသည်တို့သည်လည်း ကိတ်ပစ္စည်း ဆုံးသောကြောင့် ကိတက–၌ ပါဝင်ကြ၏။ ထိုကြောင့် စဉ်းစားထိုက်ကြောင်း ဆရာမြတ်တို့ မိန့်ကြသည်။)

ပစ္စယ–အရ သိ စသောနာမ်ဝိဘတ်၊ တိ စသော အာချာတ်ဝိဘတ်များနှင့် တဒ္ဓိတ်ပစ္စည်း၊ ကိတ်ပစ္စည်း၊ ကိစ္စပစ္စည်း၊ အာ စသော ဣတ္ထိဇောတက ပစ္စည်း၊ ခ စသော ဓာတုပစ္စည်း ကာရပစ္စည်းတို့ကို ရ၏။ (အချို့စာအုပ်တို့၌ ''ကာရိုက်ပစ္စည်း''ဟု အရေးမှားသည်ကို တွေ့ရ၏။)

၄၃၃၊ ၅၂၈။ တိဇ ဂုပ ကိတ မာနေဟိ စ ဆ သာ ဝါ။ (၃၂၄)

မေး။ တိဇ ဂုပ ကိတ မာနေဟိ ခ ဆ သာ ဝါ–သုတ် ဝုတ္တိ၌ 'ဓာတူဟိ'ပုဒ် ထည့်ဖွင့်နိုင်ပုံကို ရှင်းပြပါ။

ဖြေ။ ဓာတုလိင်္ဂဟိ ပရာ ပစ္စယာ–သုတ်မှ ဓာတု–ဟူသော ပုဒ်တစ်စိတ် လိုက်လာသောကြောင့် ယင်းပုဒ်ကို ထည့်ဖွင့်နိုင်ခြင်း ဖြစ်ပါသည်။

ပရိဘာသာ – ကေယောဂနိဒ္ဒိဋ္ဌာနံ သဟ ဝါ ပဝတ္တိ၊ သဟ ဝါ နိဝတ္တိ။ (ပရိဘာသေန္ဒုသေခရ၊ ၁၇။)

– ကွစိ ကေဒေသောပျနုဝတ္တတေ။ (၄င်း၊ ၁၈။)

မေး။ တိဇ ဂုပ–စသောသုတ်၌ တိဇစသော ဓာတ် ၄–မျိုးတို့၏ ဓာတ်နက်များကို ဖေါ်ပြပါ။

ဖြေ။ တိဇ နိသာန ဗန္ဓန ခမာသု = တိဇဓာတ်သည် ထက်အောက်သွေးခြင်း, နှောင်ဖွဲ့ခြင်း, သည်းခံခြင်းအနက်တို့၌ ဖြစ်၏။

ဂုပ ဂေါပနေ = ဂုပဓာတ်သည် စောင့်ရှောက်ခြင်းအနက်၌ ဖြစ်၏။

ကိတ ရောဂါပနယနေ = ကိတဓာတ်သည် အနာရောဂါကို ပယ်ခြင်း (ဆေးကုခြင်း)

http://www.dhammadownload.com

အနက်၌ ဖြစ်၏။
မာန ဝိမံသပူဇာသု = မာန ဓာတ်သည် စူးစမ်းခြင်း, ပူဇော်ခြင်းအနက်တို့၌ ဖြစ်၏။

မေး။ တိဇ ဂုပ–စသောသုတ်၌ ဝါသဒ္ဒါ၏ အနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။
ဖြေ။ ဝါ သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိ၏။ ယင်း ဝါ သဒ္ဒါက ''တိဇ ဓာတ်နောင် ခန္တိအနက်၌သာ ခပစ္စည်းသာ သက်၊ ဂုပဓာတ်နောင် နိန္ဒာအနက်၌သာ ဆပစ္စည်းသာ သက်၊ ကိတဓာတ်နောင် သံသယ, ရောဂါပနယန အနက်တို့၌ ဆပစ္စည်းသာ သက်၊ မာနဓာတ်နောင် ဥပဓာရဏ(=ဝိမံသန)အနက်၌သာ သပစ္စည်းသာ သက်''ဟု သတ်မှတ်ပြပါသည်။

မှတ်ချက်။ ။ ကာတန္တဂုတ္တိနှင့် မောဂ္ဂလ္လာန်ကျမ်းတို့၌ ဆပစ္စည်းသက်ရာဓာတ်ကို ဂုပဓာတ်, ဗဓာတ်–ဟု ဆိုပါသည်။

မေး။ ခပစ္စည်း သက်ရမည့် တိဇဓာတ်နှင့် မသက်ရသော တိဇဓာတ်၊ သပစ္စည်း သက်ရမည့် မာနဓာတ်နှင့် မသက်ရသော မာနဓာတ်တို့ကို ခွဲခြားဖော်ပြပါ။
ဖြေ။ ခပစ္စည်း သက်ရမည့် တိဇဓာတ်မှာ ခန္တိ (ခမာ)အနက်ဟော တိဇဓာတ်**ဖြစ်၍**၊ မသက်ရသော တိဇဓာတ်မှာ နိသာန, ဗန္ဓနအနက်ဟော တိဇဓာတ် ဖြစ်ပါသည်။
သပစ္စည်း သက်ရမည့် မာနဓာတ်မှာ ဝိမံသာအနက်ဟော မာနဓာတ်ဖြစ်၍၊ မသ**က်ရ**သော မာနဓာတ်မှာ ပူဇာအနက်ဟော မာနဓာတ် ဖြစ်ပါသည်။

မေး။ တိဇ ဂုပ–စသောသုတ်၌ ဝိသယ ဝိသယီတို့ကို သက်ဆိုင်ရာပုံစံများနှင့်တကွ တွဲစပ်ဖော်ပြပါ။
ဖြေ။
တိဇ	+	ခ	=	တိတိက္ခတိ။
ဂုပ	+	ဆ	=	ဇိဂုစ္ဆတိ။
ကိတ	+	ဆ	=	တိကိစ္ဆတိ၊ ဝိစိကိစ္ဆတိ။
မာန	+	သ	=	ဝိမံသတိ။

မေး။ တိဇဓာတ်နောင် ခ ပစ္စည်း သက်ခြင်း, မသက်ခြင်းအားဖြင့် ရုပ်နေထူးခြားပုံကို ရေးပါ။
ဖြေ။ တိဇဓာတ်နောင် ခ ပစ္စည်းသက်လျှင် တိတိက္ခတိ–ဟု ရုပ်ပြီး၍၊ ခပစ္စည်း မသက်လျှင် တေဇေတိ, တေဇတိ ဟု ရုပ်ပြီးပါသည်။

မေး။ ဂုပဓာတ်နောင် ဆပစ္စည်း သက်ခြင်း, မသက်ခြင်းအားဖြင့် ရုပ်နေထူးခြားပုံကို ရေးပါ။
ဖြေ။ ဂုပဓာတ်နောင် ဆပစ္စည်းသက်လျှင် ဇိဂုစ္ဆတိ–ဟု ရုပ်ပြီး၍၊ ဆ ပစ္စည်းမသက်လျှင် ဂေါပေတိ–ဟု ရုပ်ပြီးပါသည်။

မေး။ တိကိစ္ဆတိနှင့် ဝိစိကိစ္ဆတိ တို့၏ ခြားနားချက်ကို ဖော်ပြပါ။
ဖြေ။ 'တိကိစ္ဆတိ'သည် ကိတဓာတ်+ဆပစ္စည်း+တိဝိဘတ်၊ ကိ–ကို ကိကိ–ဟု ဒွေးဘော်ပြု၊ က–ကို တ–ပြု၍ ရုပ်ပြီးသောပုဒ် ဖြစ်၏။ 'ဝိစိကိစ္ဆတိ'ကား၊ ဝိပုဗ္ဗ ကိတဓာတ်+ဆပစ္စည်း+တိ ဝိဘတ်၊ ကိ–ကို ကိကိ–ဟု ဒွေးဘော်ပြု၊ က–ကို တ မပြုဘဲ စပြု၍ ရုပ်ပြီးသော ပုဒ်ဖြစ်၏။ ဤသို့ ခြားနားပါသည်။

မေး။ မာနဓာတ်နောင် သပစ္စည်း သက်ခြင်း, မသက်ခြင်းအားဖြင့် ရုပ်နေထူးခြားပုံကို ရေးပါ။
ဖြေ။ မာန ဓာတ်နောင် သ ပစ္စည်းသက်လျှင် ဝိမံသတိ–ဟု ရုပ်ပြီး၍၊ မသက်လျှင် မာနေတိ

http://www.dhammadownload.com

ဟု ရုပ်ပြီးပါသည်။

၄၃၄၊ ၅၃၄။ ဘုဇ ဃသ ဟရ သု ပါဒီဟိ တုမိစ္ဆတ္ထေသု။ (၃၂၆)

မေး။ ဘုဇ ဃသ စသော ဓာတ်တို့၏ ဓာတ်နက်များကို ဖေါ်ပြပါ။

ဖြေ။ ဘုဇ ပါလနဗျဝဟရဏေသု = ဘုဇဓာတ်သည် စောင့်ရှောက်ခြင်း, စားမျိုခြင်း အနက်တို့၌ ဖြစ်၏။

ဃသ အဒနေ = ဃသဓာတ်သည် စားခြင်းအနက်၌ ဖြစ်၏။

ဟရ ဟရဏေ = ဟရဓာတ်သည် စောင့်ခြင်းအနက်၌ ဖြစ်၏။

သု သဝနေ = သုဓာတ်သည် ကြားခြင်းအနက်၌ ဖြစ်၏။

ပါ ပါနေ = ပါဓာတ်သည် သောက်ခြင်းအနက်၌ ဖြစ်၏။

မေး။ တုမိစ္ဆတ္ထေသု-ပုဒ်ကို ဝိဂြိဟ်ဆို၍၊ အဓိပ္ပါယ်ကိုလည်း ရေးပြပါ။

ဖြေ။ (၁) တုံ စ ကျစ္စာ စ တုမိစ္ဆာ။ (အသမာဟာရဒွန်)

တုမိစ္ဆာနံ အတ္ထာ တုမိစ္ဆတ္ထာ၊ တေသု။

တုံပစ္စည်း ကျစ္စာသဒ္ဒါတို့၏ အနက်တို့သည် ''တုမိစ္ဆတ္ထ''တို့ မည်ကုန်၏။

(''ဌါ + လို''ဟူသော အနက်တည်း။)

(၂) တုမန္တေန ယုတ္တာ ကျစ္စာ တုမိစ္ဆာ။ (မဏ္ဍေလာပီ တတိယာတပ္ပုရိသ်)

တုံယုတ္တာ ကျစ္စာ တုမိစ္ဆာ။ (၄င်း)

တုမိစ္ဆာယ အတ္ထာ တုမိစ္ဆတ္ထာ၊ တေသု။

တုံပစ္စည်း အဆုံးရှိသောပုဒ်နှင့်ယှဉ်သော ကျစ္စာသဒ္ဒါ၏ အနက်တို့သည် ''တုမိစ္ဆတ္ထ'' တို့မည်ကုန်၏ (''ဌါ + လို''ဟူသော အနက်ပင်တည်း။)

မေး။ တုမိစ္ဆတ္ထ-ပုဒ်ကို ဝိဂြိုဟ် ၂-နည်း ဆိုရာ၌ ထိုနည်း ၂-ပါးတို့၏ အထူးကို ရေးပါ။

ဖြေ။ ပထမနည်း အလို ''တုံ ပစ္စည်း, ကျစ္စာသဒ္ဒါတို့၏ အနက်ဖြစ်သော ''ဌါ + လို'' ဟူသော အနက်၌ ခ ဆ သ ပစ္စည်းများ သက်ရ၏။

ဒုတိယနည်းအလို တုံ ပစ္စယန္တပုဒ်၏ အနက်၌ ခ ဆ သ ပစ္စည်းများသက်သည် မဟုတ်၊ တုံပစ္စယန္တပုဒ်နှင့်ယှဉ်သော ကျစ္စာသဒ္ဒါ၏ ''အလို''ဟူသော အနက်၌ သက်ရ၏။

အနက်ပေးပုံ- ဗုသုက္ခတိ၊ စားခြင်းငှါ အလိုရှိ၏။ စားခြင်းငှါ လိုလား၏။ စားလို၏။ (၂-နည်းလုံးအတွက် အနက်ပေးပုံ အတူတူပင် ဖြစ်၏။)

မေး။ ဘုဇ ဃသ စသောသုတ်၌ ရသင့်သော အဂီ ၂-ချက်ကို ဖေါ်ပြပါ။

ဖြေ။ ၁။ တုံ ပစ္စည်း အဆုံးရှိသောပုဒ်နှင့် ယှဉ်ခြင်း။

၂။ ကျစ္စာ သဒ္ဒါ၏အနက် ဖြစ်ခြင်း-ဟု အဂီ ၂ ချက် ရှိပါသည်။

မေး။ 'ဘောဇန မိစ္ဆတိ (ဃဋ္ဋကရဏ မိစ္ဆတိ)'စသော ပြယုဂ်တို့၌ အဘယ်ကြောင့် ခ ဆ သ ပစ္စည်းများ မသက်ရပါသနည်း။

ဖြေ။ အထက်ပါပြယုဂ်တို့၌ ကျစ္စာအနက်ရှိသော်လည်း တုံပစ္စည်း အဆုံးရှိသောပုဒ် မပါသောကြောင့် ခ ဆ သ ပစ္စည်းများ မသက်ရခြင်း ဖြစ်ပါသည်။

မေး။ 'ဘောတ္တုံ ဂစ္ဆတိ'စသော ပြယုဂ်၌ တုံပစ္စယန္တပုဒ် ပါပါလျက် အဘယ်ကြောင့် ခ ပစ္စည်း

http://www.dhammadownload.com

မသက်ရပါသနည်း။

ဖြေ။ အထက်ပါ ပြယုဂ်၌ တုံပစ္စယန္တပုဒ် ပါသော်လည်း ဂ္ဂစ္ဆာအနက် မဟုတ်သောကြောင့် ခ ပစ္စည်း မသက်ရခြင်း ဖြစ်ပါသည်။

မေး။ ဘုဇ ဃသ စသောသုတ်၌ ဝိသယ, ဝိသယီများကို တွဲစပ်၍ ဖော်ပြပါ။

ဖြေ။ ဘုဇ + ခ = ဗုဘုက္ခတိ။
ဃသ + ဆ = ဇိဃစ္ဆတိ။
ဟရ + သ = ဇိဂိသတိ။
သု + သ = သုသ္သူယတိ။
ပါ + သ = ပိဝါသတိ။

မေး။ ဘုဇ ဃသ ဟရ သုပါဒီဟိ–၌ အာဒီသဒ္ဒါဖြင့် ယူရမည့်ဓာတ်ကို ဖော်ပြပါ။

ဖြေ။ ဝိပုဗ္ဗ ဇိဓာတ် ဖြစ်ပါသည်။

မေး။ ဗုဘုက္ခတိ–ပုဒ်ကို စနစ်တကျ ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ ဘုဇ သဒ္ဒါ, ဂ္ဂစ္ဆတိ သဒ္ဒါ တည်၊ ဘုဇ၊ ဘုဇဓာတ်သည်။ ပါလနဗျဝဟရဏောသု၊ စောင့်ရှောက်ခြင်း, စားမျိုခြင်းအနက်တို့၌။ ဝတ္တတိ၊ ဖြစ်၏။ ဘုဇကို ဓာတ်အမည်မှည့်၊ ဓာတွန် အသရကို ချေ။ ဂ္ဂစ္ဆတ္ထေသု သမာနကတ္တုကေသု တဝေတုံ ဝါ သုတ်ဖြင့် တုံပစ္စည်းသက်၊ အညေသု စ သုတ်ဖြင့် ဘု– ၌ ဥကို သြဝုဒ္ဓိပြု၊ ဘုဇာဒီနမန္တော နော ဒွိ စ သုတ်ဖြင့် ဓာတွန် ဇ ကို ချေ, တုံ ပစ္စည်းကိုလည်း ဒွေဘော်ပြု၊ နာမ်ငဲ့, သသက်, ချေ (ဘောတ္တုံ ဂ္ဂစ္ဆတိ)ဟု ဝါကျ ပြီး၏။ (ဋီကာ ၂၀၆–နှင့်အညီ ဖြစ်၏။)

ဘောတ္တုံ၊ စားတတ်ဖို့ရာ (စားခြင်းငှါ)။ ဂ္ဂစ္ဆတိ၊ အလိုရှိ၏။ ဂ္ဂတိ အတ္ထေ၊ ၌။ ဘုဇဃသ ဟရသုပါဒီဟိ တုမိစ္ဆတ္ထေသု သုတ်ဖြင့် တုံပစ္စည်း ဂ္ဂစ္ဆာအနက်တို့၌, (တစ်နည်း) တုံ ပစ္စယန္တပုဒ်နှင့် ယှဉ်သော ဂ္ဂစ္ဆာသဒ္ဒါ၏ အနက်တို့၌ ခ ပစ္စည်းသက်၊ ''ဝုတ္တတ္ထာန မပ္ပ ယောဂေါ''ဟူသော ပရိဘာသာဖြင့် တုံ ပစ္စည်း, ဂ္ဂစ္ဆတိပုဒ်တို့ကို ချေ (ဘုဇ + ခ)၊ (အကြောင်း နိမိတ်ဖြစ်သော တုံပစ္စည်းကို ချေလိုက်လျှင် အကျိုး နေမိတ္တိက ဖြစ်သော ဒွေဘော်, သြအက္ခရာတို့ ပျောက်၍ ''ဘုဇ် + ခ''ဟု တစ်ဖန်ဖြစ်၏။ ဂဏ္ဌိ၊ ဒု။ ၃၂၆၊ ဂု။) ပကတိ စဿ သရန္တဿ သုတ်ဖြင့် ''ဘုဇ + ခ''ဟု ပကတိပြု၊ ကွစာဒိဝဏ္ဏာန မေကဿရာနံ ဒွေဘာဝေါ သုတ်ဖြင့် ဘု ကို ''ဘုဘု'' ဟု ဒွေဘော်ပြု (ဘုဘုဇ် + ခ) ပဗ္ဗောဇ္ဇာသော သုတ်ဖြင့် ရှေ့ ဘု ကို အဇ္ဇာသ အမည်မှည့်၊ ဒုတိယစတုတ္ထာနံ ပဌမ တတိယာ သုတ်ဖြင့် စတုတ္ထကွရာ ဘ ကို တတိယကွရာ ဗ ပြု (ဗု ဘုဇ် + ခ)၊ ကော ဧ စ သုတ်ဖြင့် နောက် ခပစ္စည်းနှောင်းသောကြောင့် ဓာတွန် ဇ ကို က် ပြု၊ က် ခ သို့ ကပ်၊ (ဗုဘုက္ခ)၊ တိဝိဘတ်သက်၊ 'ဗုသုက္ခတိ'ကား ပြီး၏။

မှတ်ချက်။ ။ ဂဏ္ဌိသို့လိုက်၍ တွက်ပြလိုက်သည်။ အခြားကျမ်းတို့၌ကား ယင်းသို့ မတွက်ကြ၊ တွက်ရိုးတွက်စဉ် အတိုင်းသာ တွက်ပြကြသည်။

မေး။ ရူပသိဒ္ဓိလာ ''ဝုတ္တတ္ထာန မပ္ပသောဂေါ'' တိ ဝါကျဿ အပ္ပယောဂေါ–ဟူသော စကားရပ်၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ဤစကားရပ်၏ အဓိပ္ပါယ်ကိုယူဆရာ၌ အောက်ပါအတိုင်း ကွဲလွဲနေကြသည်။

ဘာသာဋီကာအဆို– မဟာပုရိသော စသော သမာသ်ရုပ်တွက်ရာ၌ တည်ထားပြီး

http://www.dhammadownload.com

သော အချို့ပုဒ်များကို မယှဉ်စေ မသုံးစွဲစေဖို့ရာ ''ဝုတ္တတ္ထာန မပွယောဂေါ'' ဟု ပရိဘာသာ ပြု၏။ ဤဥဒ္ဒကား နဂိုကပင် ''ဘောတ္တုံ + ဂ္ဂစ္ဆတိ''ဟူသော ဝါကျကို မတည်ရတော့ချေ။ ဤသို့ ဝါကျကို မတည်ရခြင်းကိုပင် ''ဝုတ္တတ္ထာနံ– ဟောအပ်သော အနက်ရှိသော **ပုဒ်** တို့ကို၊ ဝါ–အနက်ပြဝါကျတို့ကို။ အပွယောဂေါ– မယှဉ်စေရ– မသုံးစွဲရခြင်းသည်။ ဟောတိ–၏'' ဟု ဆိုသည်။

ဂဏ္ဌိအဆို– ''ဝုတ္တတ္ထာနမပွယောဂေါတိ–ဟူသော သုတ်ဖြင့်။ ဝါကျသာ၊ တုမိစ္ဆတိ၊ ဟူသော ဝါကျကို အပွယောဂေါ၊ မယှဉ်စေအပ် (''ချေရမည်''ဟု ဆိုလိုသည်။)

စီစစ်ချက်– အထက်ပါ အယူအဆ ၂–မျိုးတို့တွင် ''ဝုတ္တတ္ထာနမပွယောဂေါ''တိ စသဒ္ဒတသဒ္ဒါနမပွယောဂေါ–ဟူသော (ရူ၊ စာ–၁၈၄–လာ) အဖွင့်၊ ဣဒံသဒ္ဒဿ စ အပွယောဂေါ–ဟူသော (၂၀၀–လာ) အဖွင့်၊ ''ဝုတ္တတ္ထာနမပွယောဂေါ''တိ စသဒ္ဒဿ အပွယောဂေါ''ဟူသော (၂၀၉–လာ) အဖွင့်၊ ''ဝုတ္တတ္ထာန မပွယောဂေါ''တိ အပစ္စသဒ္ဒဿ အပွယောဂေါ''ဟူသော (၂၁၆) အဖွင့် စသော အလားတူ အဖွင့်များကို ထောက်ထားလျှင် ဂဏ္ဌိအဆိုသာ ရူပသိဒ္ဓိဆရာ အလိုကျ ဖြစ်ဖွယ်ရှိပါသည်။ ထိုကြောင့်ပင် ရုပ်တွက်ရာ၌ ဂဏ္ဌိသို့လိုက်၍ တွက်ပြခဲ့ခြင်း ဖြစ်ပါသည်။ ပဒတာယတိ–ရုပ်တွက်ပုံ (စာ၊ ၃၂၇–၈) ကိုလည်း ကြည့်ပါ။

၄၃၈၊ ၅၉၆။ အာယနာမတော ကတ္တုပမာနာ ဒါစာရေ။ (၃၂၇)

မေး။ ဤသုတ်သည် ဘယ်နှစ်ပုဒ်ရှိသောသုတ် ဖြစ်ပါသနည်း။

ဖြေ။ ချာသ, ရူပသိဒ္ဓိဋ္ဌကာနှင့် သီဟိဠ်မူ ရူပသိဒ္ဓိနိဿယဟောင်းတို့အလို ဤသုတ်သည် ''အာယ + နာမတော + ကတ္တု + ဥပမာနာ + ဒါစာရေ''ဟု ၅–ပုဒ်ရှိသောသုတ် ဖြစ်ပါသည်။

ရူပသိဒ္ဓိ, နိဒ္ဒေသစသော ကျမ်းတို့အလိုကား ''အာယ + နာမတော + ကတ္တုပမာနာ + ဒါစာရေ''ဟု ၄–ပုဒ်ရှိသောသုတ် ဖြစ်ပါသည်။

မေး။ (၁) သံယော ပဒ္ဒတမိဝ အတ္တာနမာစရတိ။

(၂) (သံယော) ပဒ္ဒတော ဣဝ အာစရတိ– ဟူသော 'ပဒ္ဒတာယတိ'ပုဒ်၏ အဖွင့် ၂–မျိုးနှင့်စပ်၍ သိမှတ်ဖွယ်များကို ရေးသားဖြေဆိုပါ။

ဖြေ။ အမှတ် (၁) ဝါကျ၌ 'ပဒ္ဒတံ'ဟူသော ဒုတိယန္တပုဒ်သည် ''သံယော''ဟူသော ပဌမန္တ ဥပမေယျ ကတ္တား၏ ဥပမာနဖြစ်၏။ ''အတ္တာနံ''ကား ထို ''သံယော''ဟူသော ဥပမေယျ ကတ္တားပုဒ်နှင့် အရတူသော ဒုတိယန္တ ဥပမေယျပုဒ်ပင် ဖြစ်၏။ ယင်း''အတ္တာနံ'' ဟူသော ဥပမေယျပုဒ်ကို ငဲ့၍ ဥပမာနပုဒ်ကို ''ပဒ္ဒတံ''ဟု ဒုတိယန္တနှင့် ထားခြင်းဖြစ်သည်။ ထို့ကြောင့် ဥပမာနပုဒ်နှင့် ဥပမေယျပုဒ်တို့ ဒုတိယာဝိဘတ်ချင်း တူကြပါသည်။

အမှတ် (၂) ဝါကျကား သက္ကတသဒ္ဒါကျမ်းတို့ကို မှီ၍ တစ်နည်းပြဆိုသော ဝါကျ ဖြစ်၏။ ယင်းဝါကျ၌ ''သံယော ပဒ္ဒတော'' ဟူသော ဥပမေယျ, ဥပမာနတို့ ပဌမာဝိဘတ် ချင်း တူနေသောကြောင့် ယုံမှားသံသယဖြစ်ဖွယ် မရှိတော့ပါ၊ မောဂ္ဂလ္လာန်, သဒ္ဒနီတိ တို့၌လည်း ဤအမှတ် (၂)ဝါကျကိုသာ ပြကြပါသည်။

မေး။ ''သံယော ပဒ္ဒတမိဝ အတ္တောနမာစရတိ''ဟူသော ဝါကျ၏ အဓိပ္ပါယ်ကို ရေးပါ။

http://www.dhammadownload.com

ဖြေ။ တောင်သည် အရပ်လေးမျက်နှာမှလာသော လေမုန်တိုင်းတို့ကြောင့် မယိမ်းမယိုင် မြဲခိုင်သကဲ့သို့ သံဃာတော်သည်လည်း ကိလေသာ လေမုန်တိုင်းတို့ကြောင့် မယိမ်းမယိုင် မြဲခိုင်ခြင်းအားဖြင့် မိမိကိုယ်ကို တောင်နှင့် တူအောင်ပြုကျင့်၏–ဟု ဆိုလိုပါသည်။

မေး။ သံဃော ပဗ္ဗတမိဝ–စသော ဝါကျ၌ ဥပမာစတုက္ကကို ထုတ်ပြပါ။

ဖြေ။ ၁။ 'ပဗ္ဗတံ (ပဗ္ဗတော)'သည် နှိုင်းယှဉ်အပ်ကြောင်း ဖြစ်သောကြောင့် ဥပမာန။

၂။ 'အတ္တာနံ (သံဃော)'သည် နှိုင်းယှဉ်အပ်သောကြောင့် ဥပမေယျ။

၃။ ထိုဥပမာန,ဥပမေယျတို့၏ မယိမ်းမယိုင် မြဲခိုင်ခြင်းအားဖြင့် တူမျှသည်အဖြစ်ဟူသော သဒိသဘောဂုဏ်သည် ဥပမာ။

၄။ 'ကွဝ' သဒ္ဒါသည် ပဗ္ဗတံ (ပဗ္ဗတော)–ဟူသော ဥပမာကို ထွန်းပြတတ်သောကြောင့် ဥပမာဇောတက။

မေး။ ကတ္တုပမာနာ၌– ကတ္တား အရကို ရေးပါ။

ဖြေ။ အာစရတိ–၌ အာစရဏ ကြိယာ၏ ကတ္တားကို ယူရပါမည်။

မေး။ ကတ္တုပမာန–ပုဒ်ကို ဝစနတ္ထပြု၍ အဓိပ္ပါယ်လည်း ရေးပါ။

ဖြေ။ ဥပမိယတိ ဇေနာတိ ဥပမာနံ။ ကတ္တုနော ဥပမာနံ ကတ္တုပမာနံ။

''သံဃော ပဗ္ဗတမိဝ အတ္တာနမာစရတိ၊ သံဃော ပဗ္ဗတော ကွဝ အာစရတိ = ပဗ္ဗတာယတိ''၌ ''သံဃော''သည် ကတ္တားပုဒ် ဖြစ်၏။ ''ပဗ္ဗတံ, ပဗ္ဗတော''သည် ထို သံဃော–ဟူသော ကတ္တား၏ သီလ, သမာဓိ ခိုင်မြဲပုံကို နှိုင်းယှဉ်အပ်ကြောင်း ဖြစ်သော ကြောင့် ''ကတ္တုပမာန'' မည်ပါသည်။`

မေး။ 'ပဗ္ဗတာယတိ'ကို စနစ်တကျ ရုပ်တွက်ပြပါ။

ဖြေ။ ''ပဗ္ဗတ + ကွဝ'' တည်၊ ရှေ့ဝါကျအလို ပဗ္ဗတနောင် အံ သက်, နောက်ဝါကျအလို ပဗ္ဗတနောင် သိသက်, ကွဝနောင် သိသက်၊ ပဗ္ဗတနောင် သိကို ဩပြု, နောက်သိကို ချေ 'ပဗ္ဗတံ ကွဝ (ပဗ္ဗတော ကွဝ)'ဟု ဖြစ်၏။ အနက်ကြား၊ အာယနာမတော သုတ်ဖြင့် ဥပမာနဖြစ်သော ''ပဗ္ဗတံ (ပဗ္ဗတော)''နာမ်ပုဒ်နောင် အာစာရ အနက်၌ အာယပစ္စည်းသက်၊ 'ပဗ္ဗတံ + အာယ + ကွဝ (ပဗ္ဗတော + အာယ + ကွဝ)' ဟု ဖြစ်၏။

ဝုတ္တထ္ထာန မပွယောဂေါ–ဟူသော ပရိဘာသာဖြင့် ကွဝ ကို ချေ တေသံ ဝိဘတ္တိယော လောပါ စ သုတ်၌ တေသံသဒ္ဒါဖြင့် ပဗ္ဗတော–၌ သိ ဝိဘတ် (သိဝိဘတ်၏ ကာရိယ ဩ)ကို ချေ။ ပကတိ စသ သရန္တသ သုတ်ဖြင့် 'ပဗ္ဗတ + အာယ'ဟု ပကတိပြု၊ တ်–ခွင်း, ချေ, ကပ် ''ပဗ္ဗတာယ''ဟု ဖြစ်၏။ ထို့နောင် တိဝိဘတ်သက်၍ ''ပဗ္ဗတာယတိ'' ဟု ပြီးသည်။

မှတ်ရန်။ ။ ကွဝကို ချေပြီးသောအခါ ''ပဗ္ဗတံ + အာယ'' (ပဗ္ဗတော + အာယ) ဟု ဓာတုပစ္စည်းဆုံးလျက်ရှိသောကြောင့် တေသံ ဝိဘတ္တိယော လောပါ စ သုတ်၌ ''တေသံသဒ္ဒါဖြင့် တဒ္ဓိတ်ပစ္စည်း အာယာဒိဓာတုပစ္စည်း အဆုံးရှိသော ပုဒ်တို့၏ ဝိဘတ်တို့ကို ချေရမည်''ဟု ဆိုခဲ့သည့်အားလျော်စွာ ထို တေသံ သဒ္ဒါဖြင့် ပဗ္ဗတံ–၌ အံ ဝိဘတ် (ပဗ္ဗတော–၌ သိဝိဘတ်)ကို ချေရခြင်း ဖြစ်သည်။

မေး။ ပဗ္ဗတာယတိ– ၌ ''ပဗ္ဗတာယ''ဟု ဖြစ်ပြီးသောအခါ အပစ္စည်း ထပ်သက်ရ/ မသက်ရကို

http://www.dhammadownload.com

စီစစ်ဖြေဆိုပါ။

ဖြေ။ ''ပဇ္ဇတာယ''ဟု ဖြစ်ပြီးသောအခါ အာယစသော ဓာတုပစ္စည်းတို့သည် ဘုဇာဒိဂိုဏ်း တစ်မျိုးဖြစ်သောကြောင့် ဘူဝါဒိတော အ သုတ်ဖြင့် ဝိကရဏ အ ပစ္စည်း ထပ်မသက်ရပါ။ (တိတိက္ခတိ–စသည်တို့၌လည်း နည်းတူမှတ်ပါ)။ (ဋီကာ၊ ၂၀၇။)

မှတ်ချက်။ ။ ဤဋီကာ၌ ယင်းသို့ဆိုသော်လည်း မောဂ္ဂလ္လာန်၌မူ ဤ အ–ပစ္စည်းနှင့်တူသော ''လ''ပစ္စည်းကို ခါဒိကာရိတန္တ ပစ္စည်းအားလုံးနောင် သက်သေးသည်။ (တိတိက္ခတိတိ ဇတ္ထ တိတိက္ခကြြိယတ္တာ ဝတ္တမာနေ တိ အန္တိ စာဒိနာ (၆၊ ၁) တိမှိ ''ကတ္တရိ လော''တိ (၅၊ ၁၈) လော ပုဗ္ဗသရလောပေါ။ (မောဂ်၊ ပဋိကာ ၅၊ ၁။)

မေး။ ''သမုဒ္ဒမိဝ အတ္တာန မာစရတိ = သမုဒ္ဒါယတိ''၏ အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ သံယော သမုဒ္ဒမိဝ အတ္တာန မာစရတိ = သမုဒ္ဒါယတိ။
သမုဒ္ဒရာသည် ကမ်းကို မလွန်သကဲ့သို့ သံယာတော်သည်လည်း သီလတည်းဟူသော ကမ်းကို မလွန်ခြင်းဖြင့် မိမိကိုယ်ကို သမုဒ္ဒရာနှင့် တူအောင် ပြုကျင့်၏–ဟူလို။ (ဋီ၊ ၂၀၇။)

၄၃၆၊ ၅၃၇။ ဤယူပမာနာ စ။ (၃၂၈)

မေး။ အာယနာမတော စသော သုတ်မှ ဥပမာန–သဒ္ဒါ အလိုက်ခံ၍ 'ဤယ စ'ဟု သုတ်တည်လျှင် ပြီးနိုင်ပါလျက် အဘယ်အကျိုးငှါ ဥပမာနသဒ္ဒါ ထပ်ဆိုရပြန်ပါသနည်း။

ဖြေ။ ရှေ့သုတ်မှ ဥပမာနသဒ္ဒါ အလိုက်ခံ၍ ''ဤ ယ စ''ဟု သုတ်တည်လျှင် ပြီးနိုင်ပါသော်လည်း ဥပမာန–သဒ္ဒါအလိုက်ခံလျှင် ထိုဥပမာနကို သတ်မှတ်ပြသော ''ကတ္တု''သဒ္ဒါလည်း လိုက်လာရာသောကြောင့် ထိုကတ္တုသဒ္ဒါကို တားမြစ်ခြင်းအကျိုးငှါ ''ဥပမာန'' သဒ္ဒါကို ထပ်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ ရှေ့သုတ်မှ ဥပမာန သဒ္ဒါကို အလိုက်ခံ၍ သုတ်တည်လျှင် ပြီးပါလျက် ဥပမာန သဒ္ဒါကို ထပ်ဆိုခြင်းကြောင့် ပြီးစီးသောအနက် အဓိပ္ပါယ်ကို ဖော်ပြပါ။

ဖြေ။ ''ဆတ္တ–စသော ကမ္မူပမာနပုဒ်နောင် ဤယ ပစ္စည်းသက်''ဟူသော အနက်အဓိပ္ပါယ် ပြီးစီးပါသည်။

မေး။ ဤသုတ်၌ သိထိုက်သော ဥပမာန ၃–မျိုးကို ဖော်ပြပါ။

ဖြေ။ ၁။ ကတ္တူပမာန ၂။ ကမ္မူပမာန ၃။ အာဓာရူပမာန တို့ ဖြစ်ပါသည်။

မေး။ (က) ဓမ္မ မာစရတိ (ခ) အဆတ္တံ ဆတ္တမိဝ ရက္ခတိ–ဟူသောပြယုဂ်တို့၌ အဘယ့်ကြောင့် ဤယပစ္စည်း မသက်ပါသနည်း ဖြေဆိုပါ။

ဖြေ။ (က) ၌ ဓမ္မံ သည် ဥပမာန မဟုတ်သောကြောင့် ဤယပစ္စည်း မသက်ပါ။
(ခ) ၌ အာစရအနက် မဟုတ်သောကြောင့် ဤယပစ္စည်း မသက်ရပါ။

၄၃၇၊ ၅၃၈။ နာမမှာတ္တိစ္ဆတ္ထေ။ (၃၂၈)

မေး။ နာမမှာ–အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

http://www.dhammadownload.com

ဖြေ။ ဤသုတ်၌ ဥပမာနသဒ္ဒါ မပါပဲ ''နာမမှာ''ဟု သာမညဆိုသောကြောင့် နာမ–အရ ဥပမာန မဟုတ်သော ''ပတ္တ''စသော ရိုးရိုးနာမ်ပုဒ်ကို ယူရပါမည်။

မေး။။ အာယနာမတောသုတ်မှ နာမသဒ္ဒါ အလိုက်ခံ၍ 'အတ္တိစ္ဆတ္ထေ'ဟု သုတ်တည်လျှင် ပြီးနိုင်ပါလျက် ထည့်ဆိုသော 'နာမမှာ'သဒ္ဒါ၏ အကျိုးကို ရေးပါ။

ဖြေ။ ဥပမာနပုဒ်ကို နှစ်စေခြင်း ဖြစ်ပါသည်။

မေး။။ အာယနာမတော သုတ်ပါ နာမသဒ္ဒါ သုံးခုတို့၏ အထူးကို ရေးပါ။

ဖြေ။ အာယနာမတော သုတ်၌ နာမ–အရ ကတ္တား၏ ဥပမာနဖြစ်သော နာမ်ပုဒ်ကို ယူရပါမည်။ ဤယူပမာန စ သုတ်၌ နာမ–အရ ကံ၏ ဥပမာနဖြစ်သော နာမ်ပုဒ်ကို ယူရပါမည်။ နာမမှာ'တ္တိစ္ဆတ္ထေ သုတ်၌ နာမ–အရ ဥပမာန မဟုတ်သော ရိုးရိုးနာမ်ပုဒ်ကို ယူရပါမည်။

မေး။။ အတ္တိစ္ဆတ္ထ– ပုဒ် အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ ''အတ္တနော ကုစ္ဆာ အတ္တိစ္ဆာ။ အတ္တိစ္ဆာယေဝ အတ္ထော အတ္တိစ္ဆတ္ထော''ဟူသော ဝစနတ္ထနှင့်အညီ မိမိ၏ အကျိုးငှါ (မိမိဖို့) လိုချင်ခြင်းဟူသော အနက်သည် ''အတ္တိစ္ဆတ္ထ'' မည်ပါသည်။

၄၃၇၊ ၅၄၀။ ဓာတူဟိ စေ ဏာယ ဏာပေ ဏာပယာ ကာရိတာနိ ဟေတွတ္ထေ။ (၃၂၉)

မေး။။ 'ဟေတွတ္ထ' ပုဒ်၏ အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ ဟေတုယေဝ အတ္ထော ဟေတွတ္ထော–ဟူသော ဝစနတ္ထနှင့် အညီ ယော ကာရေတိ သဟေတု သုတ်ဖြင့် ဟေတုအမည်မှည့်ထားသော သဒ္ဒကတ္တားကို စေခိုင်းတိုက်တွန်းတတ်သော ဟေတုကတ္တားသည် ''ဟေတွတ္ထ''မည်ပါသည်။

လိုရင်းအနက်အားဖြင့်– ပေသန (=ကြီးသူက ငယ်သူကို စေခိုင်းခြင်း)၊ အဇ္ဈေသန (=ငယ်သူက ကြီးသူကို တိုက်တွန်းခြင်း)စသော စေခိုင်း, တိုက်တွန်းတတ်သော ပုဂ္ဂိုလ်၏ လုံ့လပယောဂပင် ဖြစ်ပါသည်။

မှတ်ချက်။ ။ ''ပယောဇကဗျာပါရသည် 'ဟေတွတ္ထ' မည်၏''ဟုဆိုလိုရင်း ဖြစ်ပါသည်။

မေး။။ (က) ဟေတွတ္ထ (ခ) ဟေတုကတ္တား (ဂ) ပယော်ဇကဗျာပါရတို့သည် အတူတူလော? တခြားစီလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''ယညဒတ္ထော ဒေဝဒတ္တံ သြဒနံ ပါစေတိ'' (ရူ၊ ၃၃၂။)

ဤပုံစံ၌ စေခိုင်းတိုက်တွန်းတတ်သော ယညဒတ်သည် ''ပယောဇက''မည်၏။

ထို ယညဒတ်၏ (လက်ပြ ခြေပြစသော) ကိုယ်အမူအရာ, (ချက်လော့–ဟု ပြောဆိုခြင်းစသော)နှုတ်အမူအရာသည် ''ပယောဇကဗျာပါရ''မည်၏။ (ပယောဇေတီတိ ပယောဇ–ကော၊ ပယောဇကဿ ဗျာပါရော ပယောဇကဗျာပါရော။)

ထိုပယောဇကဗျာပါရသည် ချက်ခြင်းစသောကြိယာ၏ အကြောင်းဖြစ်၍ ''ဟေတု (ဟေတွတ္ထ)လည်း ဟုတ်၏။

ချက်ခြင်းစသော ကြိယာပြီးစေတတ်သောကြောင့် ''ကတ္တား''လည်း ဟုတ်၏။ ထို့ကြောင့် ''ဟေတွတ္ထ, ဟေတုကတ္တား, ပယောဇကဗျာပါရ''ဟူသော ၃–မျိုးသည် အတူတူပင် ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ ဏော, ဏာယ စသော ကာရိုက်ပစ္စည်း ၄-ပစ္စည်းတို့၏သက်ရာ ဓာတ်များကို ပိုင်းခြားသတ်မှတ်ပြပါ။ (တိဇ, ဂုပစသော သုတ်မှ မဏ္ဍူကဂတိကနည်းဖြင့် လိုက်လာသော ဝါသဒ္ဒါ၏ အနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။)

ဖြေ။ (က) ''သု, ဘူ''တို့ကဲ့သို့ ဥ, ဦအဆုံးရှိသောဓာတ်တို့နောင် ဏော, ဏာယ ၂-ပစ္စည်းသာသက်ရ၏။ (ဏော, ဏာယာ စ ဥဝဏ္ဏန္တာ)။

ပုံစံများ – သာဝေတိ, သာဝယတိ။ (သု)
ဘာဝေတိ, ဘာဝယတိ။ (ဘူ)

(ခ) ''ဒါ, ဒ္ဒာ''တို့ကဲ့သို့ အာ အဆုံးရှိသောဓာတ်တို့နောင် ဏာပေ, ဏာပယ ဟူသော နောက် ၂-ပစ္စည်းသာ သက်ရ၏။ (အာတော ဒွေ ပစ္ဆိမာ သိယုံ။)

ပုံစံများ – ဒါပေတိ, ဒါပယတိ (ဒါ)
ပတိဋ္ဌာပေတိ, ပတိဋ္ဌာပယတိ (ဋ္ဌာ)

(ဂ) ''သိ, နီ''ကဲ့သို့သော ဣဝဏ္ဏန္တဓာတ်၊ ''စျ''ကဲ့သို့သော ကောရန္တဓာတ်၊ ''သော''ကဲ့သို့သော ဩကာရန္တဓာတ်၊ ''စုရ, စိန္တ''တို့ကဲ့သို့သော စုရာဒိဂဏိကဓာတ်တို့နောင်လည်း နောက် ၂-ပစ္စည်းသာ သက်ရ၏။ (ဋီကာ)

ပုံစံများ – သယာပေတိ, သယာပယတိ၊ (သိ)
နယာပေတိ, နယာပယတိ၊ (နီ)
စျာပေတိ, စျာပယတိ (စျ)
ပရိယောသာပေတိ, ပရိယောသာပယတိ (ပရိ အဝ- သော)
စောရာပေတိ, စောရာပယတိ။
အာဏာပေတိ, အာဏာပယတိ။
စိန္တာပေတိ, စိန္တာပယတိ (စုရာဒိ)

(ဃ) မူလက အနေကာသရဓာတ်ဖြစ်၍ ဓာတွန်ကိုချေလိုက်သောအခါ ဗျဉ္ဇနန္တ ဖြစ်သော ''ကရ်''ကဲ့သို့သော ဓာတ်တို့တွင် အချို့သော ဓာတ်နောင် ၄-ပစ္စည်းလုံးသက်၍ အချို့သော ဓာတ်တို့နောင် ဏော, ဏာယ ၂-ပစ္စည်းသာ သက်ရ၏။

ပုံစံများ – ကာရေတိ, ကာရယတိ
ကာရာပေတိ, ကာရာပယတိ (ကရ + ၄-ပစ္စည်း)
ဒမေတိ, ဒမယတိ (ဒမု + ဏော, ဏာယ ရှေ့ ၂-ပစ္စည်း)
ဩဘာသေတိ, ဩဘာသယတိ (အဝ-ဘာသ + ဏော, ဏာယ)
ရောပေတိ, ရောပယတိ (ရုဟ + ဏော, ဏာယ)

မေး။ (က) စောရေတိ, စောရယတိ
(ခ) စောရာပေတိ, စောရာပယတိ တို့၏ ခြားနားချက်ကို ဖော်ပြပါ။

ဖြေ။ (က) စောရေတိ, စောရယတိ-တို့၌ ဏော, ဏာယ ပစ္စည်းတို့သည် စုရာဒိတော ဏော, ဏာယာသုတ်ဖြင့် သကတ်အနက်၌ သက်သောပစ္စည်းများ ဖြစ်သောကြောင့် ''ခိုး၏'' ဟု အနက်ထွက်ပါသည်။

(ခ) စောရာပေတိ, စောရာပယတိ-တို့၌ ဏာပေ, ဏာပယ ပစ္စည်းတို့ကား ဓာတ္ဟိ ဏော ဏာယ ဏာပေ ဏာပယာ-သုတ်ဖြင့် ဟေတွတ္ထ၌ သက်သောပစ္စည်းများ ဖြစ်သောကြောင့် ''ခိုးစေ၏''ဟု အနက်ထွက်ပါသည်။

http://www.dhammadownload.com

မေး။ အကမ္မကဓာတ်စသည်တို့၏ သကမ္မဓာတ်ဖြစ်ပုံကို ဥဒါဟရဏ်ဆောင်၍ ထင်ရှားအောင် ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဌာ, သီ စသော အကမ္မကဓာတ်တို့သည် ကာရိုက်ပစ္စည်းနှင့် ယှဉ်သောအခါ ကေကမ္မက ဓာတ် ဖြစ်လာရပါသည်။

ပုံစံ– ဘိက္ခု ဌာတိ = ရဟန်းသည် တည်၏၊ (ရပ်၏၊)
ဥတ္တိံ ဌပေတိ = ဥတ်ကို တည်စေ၏။ (ဝါ–ထား၏၊)

'ဘိက္ခု ဌာတိ'၌ အကမ္မက ဌာဓာတ်သည် ဌပေတိ–ဟု ကာရိုက်ဏှောပစ္စည်းနှင့် ယှဉ်သောအခါ 'ဥတ္တိံ ဌပေတိ'ဟု ကေကမ္မကဓာတ် ဖြစ်ပါသည်။

ပုတ္တော သယတိ = သားသည် အိပ်၏။
ပုတ္တံ သယာပေတိ = သားကို အိပ်စေ၏။ ဝါ–သိပ်၏။

'ပုတ္တော သယတိ'၌ အကမ္မက သီဓာတ်သည် သယာပေတိ–ဟု ကာရိုက်ဏှော ပစ္စည်းနှင့် ယှဉ်သောအခါ 'ပုတ္တံ သယာပေတိ'ဟု ကေကမ္မဏာဓာတ် ဖြစ်လာပါသည်။

မေး။ ကေကမ္မကဓာတ်တို့၏ ဒွိကမ္မကဓာတ် ဖြစ်ပုံကို ဥဒါဟဏ်ဖြင့် ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဂမု, ပစ စသော ကေကမ္မကဓာတ်တို့သည် ကာရိုက်ပစ္စည်းနှင့် ယှဉ်သောအခါ ဒွိကမ္မက ဓာတ် ဖြစ်လာကြပါသည်။

ပုံစံ– ပုရိသော ဂါမံ ဂစ္ဆတိ = ယောကျ်ားသည် လမ်းကို သွား၏။
ပုရိသော ပုရိသံ ဂါမံ ဂမယတိ = ယောကျ်ားတစ်ယောက်သည် ယောကျ်ား တစ်ယောက်ကို လမ်းကို သွားစေ၏။

'ပုရိသော ဂါမံ ဂစ္ဆတိ'၌ ကေကမ္မက ဂမုဓာတ်သည် ဂမယတိ–ဟု ကာရိုက် ဏှော ပစ္စည်းနှင့် ယှဉ်သောအခါ 'ပုရိသော ပုရိသံ ဂါမံ ဂမယတိ'ဟု ဒွိကမ္မကဓာတ် ဖြစ်လာ ပါသည်။

ဒေဝဒတ္တော ဩဒနံ ပစတိ = ဒေဝဒတ်သည် ထမင်းကို ချက်စေ၏။
ယညဒတ္တော ဒေဝဒတ္တံ (ဒေဝဒတ္တေန) ဩဒနံ ပါစေတိ = ယညဒတ်သည် ဒေဝဒတ်ကို ထမင်းချက်စေ၏။

'ဒေဝဒတ္တော ဩဒနံ ဝစတိ'၌ ကေကမ္မက ပစဓာတ်သည် ပါစေတိ–ဟု ကာရိုက်ဏှော ပစ္စည်းနှင့် ယှဉ်သောအခါ 'ယညဒတ္တော ဒေဝဒတ္တံ (ဒေဝဒတ္တေန) ဩဒနံ ပါစေတိ'ဟု ဒွိကမ္မကဓာတ်ဖြစ်လာပါသည်။

၁မေး။ ဒွိကမ္မကဓာတ်တို့၏ တိကမ္မကဓာတ်ဖြစ်လာပုံကို ဥဒါဟရဏ်ဖြင့် စေ့စုံအောင် ရှင်းပြပါ။

ဖြေ။ နီ, ဒုဟ, ယာစ စသော ဒွိကမ္မကဓာတ်တို့သည် ကာရိုက်ပစ္စည်းနှင့် ယှဉ်သောအခါ တိကမ္မကဓာတ်ဖြစ်လာကြပါသည်။

ပုံစံ– အဇပါလော အဇံ ဂါမံနေတိ = ဆိတ်ကျောင်းသားသည် ဆိတ်ကို ရွာသို့ ဆောင်၏။
သာမိကော အဇပါလံ အဇံ ဂါမံ နယာပေတိ = အရှင်သည် ဆိတ်ကျောင်း သားကို ဆိတ်ကို ရွာသို့ ဆောင်စေ၏။

'အဇပါလော အဇံ ဂါမံ နေတိ'၌ ဒွိကမ္မက နီဓာတ်သည် နယာပေတိ–ဟု ကာရိုက် ဏှောပေပစ္စည်းနှင့် ယှဉ်သောအခါ 'သာမိကော အဇပါလံ အဇံ ဂါမံ နယာပေတိ'ဟု

http://www.dhammadownload.com

တိကမ္မကဓာတ် ဖြစ်လာရပါသည်။

ပုံစံ– ဂေါပါလော ဂါဝိ ဒီရံ ဒုဟတိ = နွားကျောင်းသားသည် နွားမကို နို့ရည်ကို ညစ်၏။

သာမိကော ဂေါပါလံ ဂါဝိ ဒီရံ ဒုဟာပေတိ = အရှင်သည် နွားကျောင်းသားကို နွားမကို နို့ရည်ကို ညှစ်၏။

'ဂေါပါလော ဂါဝိ ဒီရံ ဒုဟတိ' ၌ ဒွိကမ္မက ဒုဟဓာတ်သည် ဒုဟာပေတိ–ဟု ကာရိုက်ဏာပေပစ္စည်းနှင့်ယှဉ်သောအခါ 'သာမိကော ဂေါပါလံ ဂါဝိ ဒီရံ ဒုဟာပေတိ' ဟု တိကမ္မကဓာတ် ဖြစ်လာရပါသည်။

ပုံစံ– ယညဒတ္တော ဗြာဟ္မဏံ ကမ္မလံ ယာစတိ = ယညဒတ်သည် ပုဏ္ဏားကို ကမ္မလာကို တောင်း၏။

ဒေဝဒတ္တော ယညဒတ္တံ ဗြာဟ္မဏံ ကမ္မလံ ယာစာပေတိ = ဒေဝဒတ်သည် ယညဒတ်ကို ပုဏ္ဏားကို ကမ္မလာကို တောင်းစေ၏။

'ယညဒတ္တော ဗြာဟ္မဏံ ကမ္မလံ ယာစတိ'၌ ဒွိကမ္မက ယာစဓာတ်သည် ယာစာပေတိ–ဟု ကာရိုက်ဏာပေပစ္စည်းနှင့် ယှဉ်သောအခါ 'ဒေဝဒတ္တော ယညဒတ္တံ ဗြာဟ္မဏံ ကမ္မလံ ယာစာပေတိ'ဟု တိကမ္မကဓာတ် ဖြစ်လာရပါသည်။

မေး။ အကမ္မကဓာတ်တို့၏ သကမ္မကဓာတ် ဖြစ်ပုံ တစ်နည်းကို ဖေါ်ပြပါ။

ဖြေ။ အကမ္မကဓာတ်တို့သည် ဥပသာရပုဒ်တို့နှင့် တွဲဖက်ရသောအခါ ထိုဥပသာရပုဒ်**တို့၏** အစွမ်းဖြင့် သကမ္မကဓာတ် ဖြစ်ရပါသည်။

ပုံစံ– အနုဘူယတေ သုခံ ဒေဝဒတ္တေန။
အဘိဘူယတေ ရာဂေါ တာပသေန မဟိဒ္ဓိနာ။

မေး။ အကမ္မကာပိ ဟေတွတ္ထေ– ပစ္စယန္တာ သကမ္မကာ။
တံ ယထာ ဘိက္ခု ဘာဝေတိ၊ မဂ္ဂံ ရာဂါဒိဒူသကံ–ဟူသော ဂါထာ၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ အကမ္မကဖြစ်သော ဘူဓာတ်သည် ဘာဝေတိ–ဟု ကာရိုက်ပစ္စည်း အဆုံးရှိသောအခါ (ကာရိုက်ပစ္စည်းနှင့် ယှဉ်သောအခါ) 'ဘိက္ခု ရာဂါဒိဒူသကံ မဂ္ဂံ ဘာဝေတိ'ဟု သကမ္မကဓာတ် ဖြစ်လာရပါသည်ဟု ဆိုလိုပါသည်။

မေး။ ကာရိုက်ပစ္စည်းနှင့် ယှဉ်ရာ၌ အာချာတ်ဝိဘတ်တို့၏ သက်ရာအနက်များကို ရေးသား ဖေါ်ပြပါ။

ဖြေ။ ကာရိုက်ပစ္စည်းနှင့် ယှဉ်ရာဝယ် ဟေတုကတ္တားအနက်, ကံအနက်၌သာ အာချာတ် ဝိဘတ် သက်ရပါမည်။ ဘောအနက်၌ မသက်ရပါ။ ကာရိုက်ပစ္စည်းနှင့် ယှဉ်ရာ၌ ဟေတု ကတ္တားအနက်, ကံအနက်တို့ကိုသာ အာချာတ်ဝိဘတ်က ဟောသည်၊ ဘောအနက်ကို မဟော–ဟူလို။

မဂ္ဂံ ဘာဝေတိ = မဂ်ကို ဖြစ်စေ၏။ (ဟေတုကတ္တုရုပ်)
မဂ္ဂေါ ဘာဝီယတေ = မဂ်ကို ဖြစ်စေ၏။ (ဟေတုကမ္မရုပ်)
မဂ္ဂံ ဘာဝီယတေ = မဂ်ကို ပွားစေခြင်း။ (ဘာဝရုပ်)

http://www.dhammadownload.com

မှတ်ချက်။ ။ ကိတ်၌ကား ''ဘာဝနာ၊ ပွားစေခြင်း, ပါစနာ၊ ချက်စေခြင်း'' စသည်ဖြင့် ကာရိုက်ပစ္စည်းနှင့်ယှဉ်သော ဘာဝရုပ်များ ရှိသည်–ဟု မှတ်ပါ။

မေး။ သုဒ္ဓကတ္တုဝါကျ၌ သုဒ္ဓကတ္တား၏ ကာရိုက်ပစ္စည်းနှင့် ယှဉ်၍ ကာရိုက်ကံ ဖြစ်လာပုံကို ဥဒါဟရုဏ်ဖြင့် ရှင်းလင်းဖြေဆိုပါ။

ဖြေ။ – (နာ ဘာဝေ) သုဒ္ဓကတ္တာ စ၊ ကာရိတေ ကမ္မသညိတာ။

''ဒါသော ဂါမံ ဂစ္ဆတိ''ဟူသော သုဒ္ဓကတ္တုဝါကျ၌– ''ဒါသော''ဟူသော **သုဒ္ဓ**ကတ္တားသည် ဂမုဓာတ်က ''ဂမယတိ''ဟု ကာရိုက်ပစ္စည်းနှင့် ယှဉ်သောအခါ (ဟေတု ကတ္တားသည်, စေခိုင်းတိုက်တွန်းအပ်သောကြောင့်) ''သာမိကော ဒါသံ ဂါမံ ဂမယတိ'' ဟု ကာရိုက်ကံ ဖြစ်လာရပါသည်။ (ဝုတ္တကံ အဝုတ္တကံ ၂–မျိုးတို့တွင် အဝုတ္တကံတည်း။ ဝုတ္တကံအတွက် ''ကာရိတေ သုဒ္ဓကတ္တာ စ၊ ကမ္မ မာချာတ ဂေါစရံ''ဟု ဆိုလတ္တံ့။)

အမှာ။ ။ သမာဓိ ဘာဝတိ၊ သော သမာဓိ ဘာဝေတိ၊ (ရူ၊ ၃၃၀။) ပုံစံ၌လည်း နည်းတူ သိပါ။

မေး။ အာချာတိဝိဘတ်တို့က ဟောသော ကံ ၃–မျိုးကို ဖော်ပြပါ။

ဖြေ။ ကံဟောဝါကျ၌–

၁။ 'နိ'စသော ဒွိကမ္မကဓာတ်တို့၏ ကံ ၂–ပါးတို့တွင် ပဓာနကံကိုလည်းကောင်း၊

၂။ 'ဒုဟ'စသော ဒွိကမ္မဓာတ်တို့၏ ကံ ၂– ပါးတို့တွင် အပ္ပဓာနကံကိုလည်းကောင်း၊

၃။ ကာရိုက်ပစ္စည်းနှင့်ယှဉ်ရာ ကမ္မဝါကျ၌ သုဒ္ဓကတ္တားဟူသော ကာရိုက်ကံကို လည်း ကောင်း အာချာတ်ဝိဘတ်က ဟောပါသည်။

မေး။ နိယာဒိနံ ပဓာနဉ္စ၊ အပ္ပဓာနံ ဒုဟာဒိနံ။
(အာချာတဂေါစရံ) ဟူသော ဂါထာပါဒကို ရှင်းပြပါ။

ဖြေ။ ''အဇပါလော အဇံ ဂါမံ နေတိ''။ ဤဝါကျ၌ အဇ, ဂါမ–ဟူသော နီဓာတ်၏ကံနှစ်ခု တို့တွင် 'အဇ'သည် ဆောင်ခြင်းကြိယာဖြင့် အလိုရှိအပ်သောကြောင့် (ဆောင်ခြင်းကြိယာနှင့် ယှဉ်စပ်နေသောကြောင့်) 'ပဓာနကံ'ဖြစ်၏။ ''ဆိတ်ကိုဆောင်''ဟူသောစကားကို စဉ်းစားကြည့်ပါ။) 'ဂါမံ'သည် ဆောင်ခြင်းကြိယာဖြင့် အလိုမရှိအပ်သောကြောင့် (ထိုဆောင် ခြင်းကြိယာနှင့် မယှဉ်စပ်သောကြောင့်) 'အပဓာနကံ' ဖြစ်၏။

ကံဟောဝါကျ၌ ထိုနီဓာတ်၏ ကံ ၂–ခုတို့တွင် အဇ–ဟူသော ပဓာနကံကို အာချာတ် တေ–ဝိဘတ်က ဟော၏။ အဇ– ဟူသော ပဓာနကံကို ဝုတ္တအနေဖြင့်ထား၍ ဂါမ ဟူသော အပ္ပဓာနကံကို အဝုတ္တအနေဖြင့်ထားရမည်–ဟူလို။ (အခြား နိယာဒိဓာတ် တို့၌လည်း ဤနည်းချည်းတည်း)။

ပုံစံ – အဇပါလေန အဇော ဂါမံ နိယတေ။

''ဂေါပါလော ဂါဝိ ဒိရ ဒုဟတိ''။ ဤဝါကျ၌ ဂါဝိ, ဒိရ–ဟူသော ဒုဟဓာတ်၏ ကံ ၂–ခုတို့တွင် 'ဒိရ'သည် ညှစ်ခြင်းကြိယာဖြင့် အလိုရှိအပ်သောကြောင့် (ညှစ်ခြင်းကြိယာနှင့် ယှဉ်စပ်နေသောကြောင့်) 'ပဓာနကံ'မည်၏။ ''နို့ကို + ညှစ်''ဟူသော စကားကို စဉ်စား ကြည့်ပါ။) 'ဂါဝိ'သည် ညှစ်ခြင်းကြိယာ အလိုမရှိအပ်သောကြောင့် (ညှစ်ခြင်း ကြိယာနှင့် မစပ်သောကြောင့်) 'အပဓာနကံ' ဖြစ်၏။

ကံဟောဝါကျ၌ ထိုဒုဟဓာတ်၏ ကံ ၂–ခုတို့တွင် 'ဂါဝိ'ဟူသော အပ္ပဓာနကံကို

http://www.dhammadownload.com

အာချာတ် တေဝိဘတ်က ဟောဇ်။ ဂါဝိ–ဟူသော အပ္ပဓာနကံကို ဝုတ္တအနေဖြင့်ထား၍ 'ခီရ'ဟူသော ပဓာနကံကို အဝုတ္တအနေဖြင့် ထားရမည်–ဟူလို။ (အခြား ဒုဟာဒိဓာတ် တို့၌လည်း ဤနည်းပင်တည်း။)

ပုံစံ – ဂေါပါလေန ဂါဝိ ခီရံ ဒုယ္ဟတေ။

မေး။ ''ကာရိတေ သုဒ္ဓကတ္တာ စ၊ ကမ္မမာချာတ ဂေါစရံ''ဟူသော ဂါထာပါဒကို ရှင်းပြပါ။

ဖြေ။ ''ဒါသော ဂါမံ ဂစ္ဆတိ = ကျွန်သည် ရွာသို့ သွား၏''ဟူသော သုဒ္ဓကတ္တုဝါကျ၌ ''ဒါသော''ဟူသော သုဒ္ဓကတ္တားသည် ဂမုဓာတ်က 'ဂမာပီယတေ''ဟု ကာရိုက်ပစ္စည်းနှင့် ယှဉ်သောအခါ ''သာမိကေန ဒါသော ဂါမံ ဂမာပီယတေ = သခင်သည် ကျွန်ကို ရွာသို့ သွားစေအပ်၏'' ဟု ကာရိုက်ကံဖြစ်လာသည်။ ထိုသုဒ္ဓကတ္တားဟူသော ကာရိုက်ကံကို အာချာတ် တေဝိဘတ်က ဟောဇ်။ ထိုကြောင့် 'ဒါသော'ဟု ပဌမာဝိဘတ်ဖြင့် နေရခြင်း ဖြစ်သည်။

အမှာ။ ။ ''သမာဓိ ဘဝတိ၊ တေန ဘာဝီယတေ သမာဓိ''(ရူ၊ ၃၃၀) ဝါကျများ၌လည်း နည်းတူ သိပါ။

မေး။ ''ကာရိုက်ကံကား၊ ဓာတ်ကတ္တား၊ မပြားဝုတ္တ အဝုတ္တတည်း''ဟူသော နိယံ၏ အဓိပ္ပါယ် ၂–မျိုးကို ရှင်းပြခဲ့ပါ။

ဖြေ။ ၁။ ကာရိုက်ကံနှင့် ဓာတ်ကတ္တားတို့သည် အရမကွဲပြား၊ သို့သော် ဝုတ္တ, အဝုတ္တကား ကွဲပြားသေးသည်–ဟု ဆိုလိုပါသည်။

ရှင်းလင်းချက်။ ။ ''ဒါသော ဂါမံ ဂစ္ဆတိ''ဟူသော သုဒ္ဓကတ္တုဝါကျ၌ 'ဒါသော' ဟူသော ကတ္တားသည် ကာရိုက်ပစ္စည်းနှင့်ယှဉ်ရာ ကတ္တုဝါကျ၌ ''သာမိကော ဒါသံ ဂါမံ ဂမယတိ''ဟု ကာရိုက်ကံ ဖြစ်လာပေသည်။ ထိုကြောင့် ကာရိုက်ကံနှင့် ဓာတ်ကတ္တား သည် အရ မကွဲပြားပေ။ သို့သော် ဓာတ်ကတ္တားဖြစ်ခိုက် ဝုတ္တကတ္တား, ကာရိုက်ကံဖြစ်ခိုက် အဝုတ္တကံ၊ ဤသို့ ဝုတ္တ, အဝုတ္တကား ကွဲပြားပါသေးသည်။

ဒါသော ဂါမံ ဂစ္ဆတိ။ (သုဒ္ဓကတ္တု ဝါကျ)
သာမိကော **ဒါသံ** ဂါမံ ဂမယတိ။ (ကာရိတကတ္တုဝါကျ)

၂။ ကာရိုက်ကံနှင့် ဓာတ်ကတ္တားတို့သည် အရလည်း မကွဲပြား၊ ဝုတ္တ, အဝုတ္တလည်း မကွဲပြား–ဟု ဆိုလိုပါသည်။

ရှင်းလင်းချက်။ ။ ''ဒါသော ဂါမံ ဂစ္ဆတိ''ဟူသော သုဒ္ဓကတ္တုဝါကျ၌ 'ဒါသော'ဟူသော ဓာတ်ကတ္တားသည် .ကာရိုက်ပစ္စည်းနှင့်ယှဉ်ရာ ကမ္မဝါကျ၌ သာမိကေန ဒါသော ဂါမံ ဂမာပီတေ''ဟု ကာရိုက်ကံ ဖြစ်လာပေသည်။ ထို့ကြောင့် ကာရိုက်ကံနှင့် ဓာတ်ကတ္တား တို့သည် အရလည်း မပြား၊ ဝုတ္တ, အဝုတ္တလည်းမပြား၊ ဝုတ္တချည်းသာ ဖြစ်၏–ဟု ဆိုလိုပါသည်။

ဒါသော ဂါမံ ဂစ္ဆတိ။ (သုဒ္ဓကတ္တုဝါကျ)
သာမိကေန **ဒါသော** ဂါမံ ဂမာပီယတေ။ (ကာရိတကမ္မဝါကျ)

မေး။ ဓာတ်နောင်းသာမက ခ–စသော ဓာတုပစ္စယပုဒ်နောင်လည်း ကာရိုက်ပစ္စည်း သက်နိုင်ပုံ သာဓကကို ထုတ်ဆောင်ဖော်ပြပါ။

ဖြေ။ နုဒါဒီဟိ ယုဏ္ဏုနံ မနာနနာနာ နနကာ သကာရိတေဟိ စ–သုတ်ဖြင့် ကာရိုက်ပစ္စည်း

http://www.dhammadownload.com

နှင့်တကွဖြစ်သော နုဒ–စသော ဓာတ်တို့နောင် ယုပစ္စည်း၏ အန, အာနနပြု၊ ဏ္ဍု ပစ္စည်း၏ အက, အာနနက အပြုတို့ ဖြစ်ပါသည်။

ရှင်းချက်။ ။ ယင်းသုတ်အဆိုအရ ကာရိတပစ္စယန္တ ဓာတ်နောင် ကာရိုက်ငဲ့ထားသော ကာရိုက်အမည်ရသော ဏ္ဍုပစ္စည်းထပ်၍ သက်နိုင်ကြောင်း သိသာထင်ရှား၏။ ယင်းသို့ ''ကာရိတပစ္စယန္တဓာတ်နောင် ကာရိုက်ပစ္စည်းတစ်ခုထပ်၍ သက်နိုင်လျှင် ကာရိုက်ပစ္စည်းနှင့် ဓာတုပစ္စည်းချင်းတူသည့် ခ–စသော ပစ္စည်းများဆုံးသော ပုဒ်တို့နောင်လည်း ကာရိုက် ပစ္စည်းများ သက်နိုင်ကြောင်း သိရပြန်ပါသည်။

မေး။ ဓာတ်နောင်သာမက ခ–စသော ဓာတုပစ္စယန္တပုဒ်နောင်လည်း ကာရိုက်ပစ္စည်းများ သက်နိုင်ပုံကို သက်ဆိုင်ရာ ပုံစံများဖြင့် ရှင်းပြပါ။

ဖြေ။ တိတိက္ခေတိ, တိတိက္ခယတိ, တိတိက္ခာပေတိ, တိတိက္ခာပယတိ = သည်းခံစေ၏။

ဤပြယုဂ်တို့၌ တိတိက္ခ–ဟူသော ဓာတုပစ္စယန္တပုဒ်နောင် ဏော, ဏယ, ဏာပေ, ဏာပယဟူသော ကာရိုက်ပစ္စည်းများ သက်၍ ရုပ်ပြီးပါသည်။ ထို့ကြောင့် ခ–စသော ဓာတုပစ္စယန္တပုဒ်တို့နောင်လည်း ကာရိုက်ပစ္စည်း သက်နိုင်ကြောင်း သိရပါသည်။

မေး။ အာဏာတ္တိနှင့် ကာရိုက်တို့၏ အထူးကို ရေးပါ။

ဖြေ။ စေခိုင်းအပ်သူ (စေခိုင်းခံရသူ)က ဖြစ်စေရမည့် ကြိယာနှင့်မစပ်ပဲ စေခိုင်းတတ်သူ တစ်ဦး၌သာတည်သော စေခိုင်းကြိယာသည် ''အာဏာတ္တိ'' မည်၏။

စေခိုင်းအပ်သူ (စေခိုင်းခံရသူ)က ဖြစ်စေရမည့် ကြိယာနှင့် ဆက်စပ်နေသော စေခိုင်းတတ်သူ၌တည်သော စေခိုင်းကြိယာသည် ''ကာရိုက်'' မည်၏။

(တစ်နည်း) စေခိုင်းတတ်သူ တစ်ဦးတည်း၌သာတည်သော စေခိုင်းခြင်းကြိယာသည် ''အာဏာတ္တိ'' မည်၏။

စေခိုင်းတတ်သူ၌ တည်သော်လည်း စေခိုင်းအပ်သူ, စေခိုင်းတတ်သူဟု ကတ္တား ၂–ခုရှိသော စေခိုင်းခြင်းကြိယာသည် ''ကာရိုက်'' မည်၏။ (နည်း ၂–မျိုးမှာ အတူတူပင် ဖြစ်သည်ဟု မှတ်ပါ)

(တစ်နည်း) ဒြပ်မျှကို စေခိုင်းခြင်းသည် ''အာဏာတ္တိ'' မည်၏။ ကြိယာနှင့်တကွ ဒြပ်ကို စေခိုင်းခြင်းသည် ''ကာရိုက်'' မည်၏။

မေး။ (က) ဒေဝဒတ္တော ဒါနိ သြဒနံ ပစတု။ (အာဏာတ္တိ)

(ခ) ယညဒတ္တော ဒေဝဒတ္တံ သြဒနံ ပါစေတိ။ (ကာရိုက်) ဟူသော ပြယုဂ်တို့ကို ရှု၍ အာဏာတ္တိနှင့် ကာရိုက်တို့၏ ထူးခြားပုံကို ရှင်းပြပါ။

ဖြေ။ (က) ''ဒေဝဒတ္တော ဒါနိ သြဒနံ ပစတု = ဒေဝဒတ်သည် ယခုအခါ၌ ထမင်းကို ချက်လော''။ ဤပြယုဂ်၌ စေခိုင်းခြင်းကြိယာသည် ဒေဝဒတ်၏ ချက်ခြင်းကြိယာနှင့် ဆက်သွယ်ခြင်း မရှိပဲ စေခိုင်းတတ်သော ယညဒတ်တစ်ဦးတည်း၌သာ တည်၏။

(ခ) ''ယညဒတ္တော ဒေဝဒတ္တံ သြဒနံ ပါစေတိ = ယညဒတ်သည် ဒေဝဒတ်သည် (ကို) ထမင်းကို ချက်စေ၏''။ ဤပြယုဂ်၌ကား ဒေဝဒတ်သည် သူကိုယ်တိုင် ထမင်းချက်ရ၏။ ယညဒတ်က ဒေဝဒတ်ကို ထမင်းချက်ရန် စေခိုင်း၏။ ထို့ကြောင့် စေခိုင်းတတ်သည့် ယညဒတ်အပေါ်၌တည်သော စေခိုင်းကြိယာသည် စေခိုင်းအပ်သူ ဒေဝဒတ်၏ ချက်ခြင်း ကြိယာနှင့် ဆက်စပ်လျက်ရှိ၏။

http://www.dhammadownload.com

ဤသို့လျှင် စေခိုင်းအပ်သူက ဖြစ်စေရမည့် ကြိယာနှင့် မစပ်ပဲ စေခိုင်းတတ်သူတစ်ဦးတည်း၌သာ တည်သော စေခိုင်းခြင်းကြိယာသည် ''အာဏတ္တိ''မည်၏။ စေခိုင်းအပ်သူက ဖြစ်စေရမည့် ကြိယာ၌နှင့် ဆက်စပ်နေသော စေခိုင်းတတ်သူ၌ တည်သော စေခိုင်းခြင်းကြိယာသည် ''ကာရိုက်'' မည်၏။ (သက္ကတ၊ ဓာတ္တမောဓိနီ)

၄၃၉၊ ၅၃၉။ ဓာတုရူပေ နာမသ္မာ ဏယော စ။ (၃၂၉)

မေး။ ''ဓာတုရူပ''အဓိပ္ပါယ်ကို ရူပသိဒ္ဓိဆရာအလိုကျအောင် ရှင်းလင်းရေးပြပါ။

ဖြေ။ ၁။ ''ဓာတုယာ ရူပံ ဓာတုရူပံ = ဓာတ်၏ + ရူပ = ဓာတ်၏ ရုပ်သွင်သဏ္ဌာန်''ဟူသော ဝစနတ္ထနှင့်အညီ ဂမု, ပစ စသော ဓာတ်အစစ်၏ ရုပ်သွင်သဏ္ဌာန် ပုံဟန်အတု ဖြစ်သော ဒဋ္ဌယ, အတိဟတ္ထယ–စသော သဒ္ဒါသည် ''ဓာတုရူပ'' မည်ပါသည်။

၂။ ''ဓာတုယာ ရူပံ ဓာတုရူပံ = ဓာတ်၏ + သဘော = ဓာတ်နက်ကြိယာ'' ဟူသော ဝစနတ္ထနှင့်အညီ ဒဋ္ဌ, အတိဟတ္ထ–စသော နာမ်ပုဒ်တို့နှင့် ယှဉ်စပ်သုံးစွဲထိုက်သော ကရောတိ, အတိက္ကမတိ စသော ဓာတ်နက် ကြိယာသည် ''ဓာတုရူပ'' မည်၏။

အမှာ။ ။ ရူပသိဒ္ဓိလာ ဝါကျကို အောက်ပါအတိုင်း ၂–ဝါကျ ခွဲကြည့်ပါ။

(၁) ဓာတုယာ ရူပေ နိပ္ပာဒေတပ္ပ သတိ နာမမှာ ဏယပစ္စယော ဟောတိ၊ ကာရိတသညာ စ။

(၂) ''တံ ကရောတိ, တေန အတိက္ကမတိ''ဣစ္စာဒိကေ ပယုဇ္ဇိတဗ္ဗေ ဝါ သတိ နာမမှာ ဏယပစ္စယော ဟောတိ၊ ကာရိတသညာ စ။

မေး။ ''ဓာတုရူပ''ပုဒ်၏ မြန်မာနက်ကို ကျမ်းဆရာအာဘော်ကျအောင် ရေးပြပါ။

ဖြေ။ ဓာတုရူပ = ဓာတ်ရုပ်။ (တစ်နည်း) ဓာတ်သဘော။
''ဓာတ်ရုပ်''ဟူသည် ဓာတ်၏ ရုပ်သွင်သဏ္ဌာန် ပုံဟန်အတုတည်း။
''ဓာတ်သဘော''ဟူသည် ဓာတ်နက်ကြိယာတည်း။

မေး။ ဓာတုရူပေ နာမသ္မာ ဏယော–သုတ်၏ အဓိပ္ပါယ် ၂–မျိုးကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ၁။ ဒဋ္ဌယ, အတိဟတ္ထယ–စသော ဓာတ်ရုပ် (ဓာတ်၏ ရုပ်သွင်သဏ္ဌာန် ပုံဟန်အတု) ကို ပြီးစေလိုရာ၌ ဒဋ္ဌ, အတိဟတ္ထ–စသောနာမ်ပုဒ်တို့နောင် ဏယပစ္စည်းသက်, ကာရိုက်လည်း အမည်မှည့်ပါ။

၂။ ကရောတိ, အတိက္ကမတိ–စသော ဓာတ်နက်ကြိယာကို ဒဋ္ဌ, အတိဟတ္ထ–စသော နာမ်ပုဒ်တို့နှင့် ယှဉ်စပ်သုံးစွဲထိုက်ရာ၌ ထိုကြိယာကို မယှဉ်စပ်မသုံးစွဲတော့ပဲ ဒဋ္ဌ, အတိဟတ္ထ–စသောနာမ်ပုဒ်တို့နောင် ဏယပစ္စည်းသက်, ကာရိုက်လည်း အမည်မှည့်ပါ။

မေး။ ဓာတုရူပ–ပုဒ်ကို ၂–နည်းဖွင့်ရာ၌ ထိုနည်း ၂–ပါးတို့၏ ခြားနားချက်ကို ဖေါ်ပြပါ။

ဖြေ။ ပထမနည်း၌ 'ရူပ'သဒ္ဒါ သဏ္ဌာန, (သို့မဟုတ်) သဒိသဝါစက။ ဒုတိယနည်း၌ သဘာဝ ဝါစက ဤသို့ ယူသင့်မည် ထင်ပါသည်။
ဂဏ္ဌိ၌ကား – ''ပထမနည်း၌ ရူပ–သဒ္ဒါ သဒ္ဒဝါစက။ ဒုတိယနည်း၌ သဘာဝဝါစက'' ဟု ဆိုသည်။

http://www.dhammadownload.com

ဘာသာဋ္ဌိကာအဆို။ ။''သုတ်၌ပါသော ဓာတုရူပေ–ပုဒ်ကို 'ဓာတုယာ ရူပေ နိပ္ပာဒေတဗ္ဗေ'ဟု ဖွင့်၏။ ထိုအဖွင့်ကိုပင် 'ကရောဟိ ၊ပေ၊ ပယုဇ္ဇိတဗ္ဗေ' ဟု ထပ်၍ ဖွင့်ပြန်သည်''ဟူသော ရူပသိဒ္ဓိဘာသာဋ္ဌိကာ အဆိုကား ကျမ်းဆရာ၏ အာဘော်နှင့် အတော် အလှမ်းကွာနေဖွယ်ရှိပါသည်။ ရှေးမူ, လက်ရှိဆဋ္ဌမူ အားလုံး၌ ဝါ–ပါနေသည်ကို သတိပြုပါ။ စာနေ အမျိုးမျိုးကွဲပြား၍ ရေးသားချက်များလည်း ခြားနားလျက်ရှိသည်၊ ဤကျမ်း၌ကား လက်ရှိဆဋ္ဌမူသို့ လိုက်၍ အနီးစပ်ဆုံးဖြစ်အောင် ကြိုးစားရေးသား လိုက်ပါသည်။

မေး။ ဒဇ္ဇယ–စသည်တို့၏ ဓာတ်သဘောသို့ သက်ရောက်ပုံ (ဓာတ်နှင့် သဘောတူပုံ)ကို ရှင်းပြပါ။

ဖြေ။ ပင်ကိုယ်ရိုးရာ ဓာတ်အစစ်တို့သည် ကြိယာအနက်ကို ဟောသကဲ့သို့ ဤ ''ဒဇ္ဇယ'' စသော သဒ္ဒါတို့သည်လည်း 'ခိုင်မြဲအောင်ပြုခြင်း' စသောကြိယာအနက်ကို ဟောနိုင်၏။ ပင်ကိုယ်ရိုးရာဓာတ်တို့သည် ''ပုရိသော မဂ္ဂံ ဂစ္ဆတိ'' စသည်ဖြင့် ကတ္တား, ကံ ရှိသကဲ့သို့ ဤ ''ဒဇ္ဇယ''စသော သဒ္ဒါတို့သည်လည်း ''ဘိက္ခု ဝိရိယံ ဒဇ္ဇယတိ''စသည်ဖြင့် ကတ္တား, ကံ ရှိကြ၏။ ဤသို့လျှင် ဒဇ္ဇယ–စသည်တို့ ဓာတ်နှင့် သဘောတူကြပါသည်။ (''အတိဟတ္ထယ'' စသည်တို့၌လည်း နည်းတူသိပါ။)

မေး။ (က) နာမ်မှ အာချာတ် (ခ) အာချာတ်မှ နာမ်ဖြစ်ပုံကို ပြည့်စုံစွာ ရှင်းပြပါ။

ဖြေ။ (က) ပဗ္ဗတာယ, ဒဇ္ဇယ–စသည်တို့သည် ပဗ္ဗတ, ဒဇ္ဇ–စသော နာမ်ပုဒ်တို့နောင် ကြိယာအနက်ဟော အာယ, ဏယပစ္စည်းများ ဝင်လာသောကြောင့် ဓာတ် (အာချာတ်) ဖြစ်သွားရပါသည်။

(ခ) အမည်သညာကို ဟောသောအရာ, ပုဒ်တစ်ပါးနှင့် ယှဉ်စပ်ရသော အရာတို့၌ အာချာတ်ပုဒ်နောင် နာမ်ဝိဘတ် သက်လိုက်လျှင် ထိုအာချာတ်ပုဒ်သည် နာမ်အဖြစ်သို့ ပြောင်းလဲသွားရပါသည်။

ပုံစံ– မာခလိ၊ အညာသိ။
ကော မေ ဝန္ဒတိ ပါဒါနိ၊ နတ္ထညော ကောစိ ဝိဇ္ဇတိ၊
မိဂံ ဓာဝတိ ပသာမိ– စသည်တည်း။

မာခလိ, အညာသိ–တို့သည် အမည်သညာကို ဟောသောအရာ ဖြစ်၍၊ ဝန္ဒတိ, ဝိဇ္ဇတိ, ဓာဝတိ–တို့ကား ပုဒ်တစ်ပါးနှင့် ယှဉ်သောအရာဖြစ်၏။

မှတ်ချက်။ ။ 'နာမ်ပုဒ်က အာချာတ်ပုဒ် ဖြစ်သည်'ဆိုရာ၌လည်း နာမ်ပုဒ်အစစ် မဟုတ်, အတုသာ ဖြစ်သကဲ့သို့၊ 'အာချာတ်ပုဒ်က နာမ်ပုဒ် ဖြစ်သည်'ဆိုရာ၌လည်း နာမ်ပုဒ်အစစ် မဟုတ် ရှိဖို့နာမ်ပုဒ်သာတည်း။

(ဆောင်) – နာမ်ပုဒ်နောက်တွင်၊ ပစ္စည်းဝင်၊ နာမ်ပင်မလွဲ ဓာတ်ဖြစ်မြဲ။
– အမည်လိုချင်၊ အာချာတ်ပင်၊ နာမ်လျှင်ဖြစ်မြဲသဘောတည်း။ (ဘုရားကြီး)
– နာမ်ပုဒ်နောက်ရပ်၊ ပစ္စည်းကပ်၊ နာမ်ဓာတ် ဖြစ်သလို။
– အာချာတ်နောက်နာမ်၊ ဝိဘတ်ရံ၊ ချာတ်နာမ် ဖြစ်သကို။
– အမည်ဟောကြား၊ ပုဒ်တစ်ပါးယှဉ်၊ နှစ်မျိုးတွင်၊ ချာတ်လျှင် ဖြစ်သကို။
(သပြေကန်)

http://www.dhammadownload.com

မေး။ ဓာတုရူပေ နာမသ္မာ ဏယော စ–သုတ်၌ စသဒ္ဒါ၏ အနက်ကို ဖေါ်ပြပါ။

ဖြေ။ စသဒ္ဒါ ဏောပစ္စည်းကို ဆည်းခြင်း အဝုတ္တသမုစ္စည်းအနက် ရှိပါသည်။
ပုံစံ– ဥပတ္ထမ္ဘေတိ။ (ဗာ– ဋီ)

သာဓက – စသဒ္ဒေန ဏော စ။ (ရူဋီ)

၄၄၀၊ ၄၄၅။ ဘာဝကမ္မေသု ယော။ (၂၆၆)

မေး။ ဤသုတ်ဖြင့် ယ ပစ္စည်းသက်ရာ၌ နိမိတ်ဖြစ်ထိုက်သော ဝိဘတ်များကို သုတ်ထောက်ပြ၍ ဖြေဆိုပါ။

ဖြေ။ အတ္တနော ပဒါနိ ဘာဝေ စ ကမ္မနိ–သုတ်ကိုထောက်၍ အတ္တနောပုဒ်ဝိဘတ်များသာ ဖြစ်ပါသည်။

မှတ်ချက်။ ။ ပရဿပုဒ်ဝိဘတ်များနှင့် တဗ္ဗ, အနီယစသော ဘောကံဟော ပစ္စည်းများ နှောင်းရာ၌ မသက်ရ။

မေး။ 'ဘောကံအနက်၌ ယပစ္စည်းသက်'ဟု ဆိုသောကြောင့် ဘောကံအနက်ကို ယပစ္စည်းက ဟောသည်ဟု မှတ်ရပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''အတ္တေနောပဒဝိသယေဝါယမိဿတေ = အတ္တနောပုဒ်နှောင်းရာ၌သာ ဤ ယပစ္စည်းကို အလိုရှိအပ်၏''ဟု ရူပသိဒ္ဓိဖွင့်ဆိုသောကြောင့် ''အနုဘူယတေ သုခံ ဒေဝဒတ္တေန'' စသော ကမ္မဝါကျပုံစံတို့၌ ကံအနက်ကို အတ္တနောပဒါနိ ဘာဝေ စ ကမ္မနိ–သုတ်အရ ဘောကံအနက်၌ သက်သော တေဝိဘတ်ကသာ ဟော၏။ ယပစ္စည်း မဟောဟု သိရပါသည်။

မှတ်ချက်။ ။ ''ယပစ္စယော ရူပသိဒ္ဓိမတ္တောဝ''ဟူသည်နှင့်အညီ ယပစ္စည်းကို ရုပ်ပြီးခြင်း အကျိုးငှါသာ သက်ရခြင်းဖြစ်သည်–ဟု မှတ်ပါ။

မေး။ ဘောကံဟော ယပစ္စည်းကို .''သကတ္ထ= သွတ္ထ''ဟု ခေါ်ဆိုရပါသနည်း ရှင်းပြပါ။

ဖြေ။ ယ ပစ္စည်းသည် ဘောကံအနက်ကို မဟော၊ ဘောကံဟု ဆိုရသော မိမိဥစ္စာဖြစ်သော အနက်ကို ထွန်းပြသောကြောင့် ၄င်းကို ''သကတ္ထ = သွတ္ထ''ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ အနုဘူယတေ– ၌ ဝုဒ္ဓိပြုသင့်ပါလျက် အဘယ့်ကြောင့် မပြုပါသနည်း ဖြေဆိုပါ။

ဖြေ။ အညေသု စ–သုတ်၌ လိုက်လာသော ဝါ–သဒ္ဒါ၏ သက်မှတ်ချက်အရ ယ ပစ္စည်းကြောင့် ဘူဓာတ်၏ ဥ ကို သြဝုဒ္ဓိ မပြုရခြင်း ဖြစ်ပါသည်။ ''အနုဘောယတေ''ဟု ရုပ်မရှိနိုင်–ဟူလို။

မေး။ လဘ္ဘတေ–ပုဒ်ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ လဘ–ဓာတ်တည်၊ ယ ပစ္စည်းသက်၊ တေ–ဝိဘတ်သက် (လဘ + ယ + တေ)၊ ပုဗ္ဗရူပဥသုတ် ဖြင့် ယပစ္စည်းကို ပုဗ္ဗရုပ် ဘပြု (လဘ် + ဘ + တေ)၊ ကွစိဓာတု သုတ်ကြီးဖြင့် ရှေ့ ဘ်–ကို ဗ်–ပြု၊ ဗ် ဘ သို့ကပ်၊ 'လဗ္ဘတေ'ကား ပြီး၏။

မေး။ ကတ္တုနော'ဘိဟိတ္တာဝ၊ အာချာတေန နု ကတ္တရိ။
တတိယာ/ ပဌမာ ဟောတိ၊ လိင်္ဂတ္ထေ ပန ပေက္ခိယ။

http://www.dhammadownload.com

အာချာတေန အဝုတ္ထတ္တာ၊ တတိယာ ဟောတိ ကတ္တရိ၊
ကမ္မသာဘိဟိတတ္တာ နု၊ ဒုတိယာ ပဌမာဝိဓ–ဟူသော ဂါထာ ၂–ဂါထာတို့၏ အဓိပ္ပါယ်ရှင်းပြပါ။

ဖြေ။ ဘဝတိ–၌ တိ–ဝိဘတ် အာချာတ်က ပုရိသ–ဟူသော ကတ္တားကို ဟောအပ်သော ကြောင့် ယင်းကတ္တားပုဒ်၌ တတိယာဝိဘတ်မသက်ဘဲ လိင်အနက်ကိုငဲ့၍ ပထမာဝိဘတ် သက်ရပါသည်။

အနုဘူယတေ–၌ တေဝိဘတ်ဟူသော အာချာတ်က ဒေဝဒတ်–ဟူသော ကတ္တားကို မဟောအပ်သောကြောင့် ယင်းကတ္တားပုဒ်၌ တတိယာဝိဘတ် သက်ရပါသည်။

သုခ–ဟူသော ကံကို ဟောအပ်သောကြောင့် ယင်းကံပုဒ်၌ ဒုတိယာဝိဘတ်မသက်ဘဲ လိင်္ဂဏ္ဍမျှကို ထွန်းပြခြင်းအကျိုးငှါ ပထမဝိဘတ် သက်ရပါသည်။

၄၄၁၊ ၄၄၇။ တဿ စဝဂ္ဂယကာရဝကာရတ္တံ သဓာတွန္တဿ။ (၂၆၇)

မေး။ ဤသုတ်၌ တဿ–အရကို ဖော်ပြပါ။

ဖြေ။ ဘောကံဟော ယပစ္စည်းကို ယူရပါမည်။

မေး။ ဤသုတ်သို့ ကွဝဏ္ဏာဂမော ဝါ–သုတ်မှ သီဟဂတိက အဓိကာရနည်းဖြင့် လိုက်လာသော ဝါ သဒ္ဒါ၏အနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ ဝါ သဒ္ဒါ ဝဝတ္ထိတဝိဘာသာအနက်ရှိပါသည်။ ထိုဝါသဒ္ဒါကြောင့် ယပစ္စည်းနှင့်တကွဖြစ်သော ဓာတွန် စဝဂ်, တဝဂ်တို့ကို အစဉ်အတိုင်း စဝဂ် ပြုရပါမည်။ ရ, ဝ–တို့ကိုလည်း အစဉ်အတိုင်း ယ, ဝ ပြုရပါမည်။

မေး။ စဝဂ္ဂေါ စတဝဂ္ဂါနံ–စသော ဂါထာပါ 'ယထာက္ကမ'အရ အစဉ်အတိုင်း ပြုရပုံကို ပေါ်လွင်ထင်ရှားအောင်ရေးပြပါ။

ဖြေ။ ယ ပစ္စည်းနှင့် တကွဖြစ်သော စ ဝဂ် စ–နှင့်, တဝဂ် တ–တို့ကို စ ဝဂ် စ–ပြု။ စဝဂ် ဆ–နှင့် တဝဂ် ထ–တို့ကို ထ–ပြု။ ဤသို့ စသည်ဖြင့် အစဉ်ကျအောင် ပြုရပါမည်။ ရ ကို ယ, ဝ ကို ဝ–ပြုရပါမည်။

အောက်ပါပုံစံကို ကြည့်ပါ။

စ,	တ	+ ယ	> စ	> စ္စ	=	ပစ္စတေ, ဝုစ္စတေ
ဆ,	ထ	+ ယ	> ဆ	> စ္ဆ	=	×
ဇ,	ဒ	+ ယ	> ဇ	> ဇ္ဇ	=	ယုဇ္ဇတေ, ဝဇ္ဇတေ
ဈ,	ဓ	+ ယ	> ဈ	> ဈ္ဈ	=	ဗုဇ္ဈတေ
ဉ,	န	+ ယ	> ဉ	> ဉ္ဉ	=	မဉ္ဉတေ
ရ		+ ယ	> ယ	> ယ္ယ	=	ကယ္ယတေ
ဝ		+ ယ	> ဝ	> ဝ္ဝ, ဗ္ဗ	=	ဒိဗ္ဗတေ

မေး။ တဿ စဝဂ္ဂ–သုတ်အရ အာချာတ်ပုဒ်များကို ဓာတ်+ပစ္စည်းခွဲရာ၌ သိမှတ်ဖွယ်များကို ရေးပါ။

http://www.dhammadownload.com

ဖြေ။ အာချာတ်ပုဒ်တစ်ပုဒ်ဝယ် အလယ်၌ 'စ္ဆ'တွေ့လျှင် စကာရန္တဓာတ်၊ သို့မဟုတ်– တကာရန္တဓာတ်တခုခုဖြစ်သည်–ဟု သိရပါသည်။ များသောအားဖြင့် စကာရန္တဓာတ် ဖြစ်ပါသည်။

ထို့အတူ– 'ဆ္ဆ' တွေ့လျှင် ဆကာရန္တ, ထကာရန္တဓာတ်၊
'ဇ္ဈ' တွေ့လျှင် ဇကာရန္တ, ဒကာရန္တဓာတ်၊
'ဖ္ဆ' တွေ့လျှင် ဗျကာရန္တ, ဓကာရန္တဓာတ်။
'ည'တွေ့လျှင် ဉကာရန္တ, နကာရန္တဓာတ်–ဟု သိရပါသည်။

၄၄၂၊ ၄၄၈။ ဣဝဏ္ဏာဂမော ဝါ။ (၂၆၇)

မေး။ ဝါ သဒ္ဒါ၏ အနက်နှင့် သတ်မှတ်ချက်ကို ဖေါ်ပြပါ။

ဖြေ။ ဝါ သဒ္ဒါ ဝဝတ္ထိတဝိဘာသာအနက် ရှိပါသည်။ ထို ဝါသဒ္ဒါက–
ဂမု, ကရ, ပစ စသော ဗျဥ္ဇနန္တဓာတ်၊ ဉာဓာတ်၊ ဇောရန္တဓာတ်၊ ဓာတုပစ္စယန္တဓာတ်တို့၌ ရံခါ ဣဝဏ်လာရခြင်း အနိစ္စဝိဓိ၊
ဒါ, ဓိ, ကီ, သု, ဘူ, မထ–စသော ဓာတွန်မကျေသောဓာတ်တို့၌ လုံးဝ ဣဝဏ် မလာရခြင်း အသန္တဝိဓိတို့ကို သတ်မှတ်ပြပါသည်။

မေး။ (က) ဂမီယတေ (ခ) ဂမ္မတေ, ဂမျတေ တို့၌ ဤလာရပုံ/ မလာရပုံတို့ကို ရှင်းပြပါ။

ဖြေ။ (က) ဂမီယတေ–စသည်၌ 'ဂမ် + ယ + တေ''ဟု ဖြစ်နေရာဝယ် ကပ်ဖို့ရာ သရမရှိသောကြောင့် ဣဝဏ် လာရခြင်း ဖြစ်ပါသည်။
(ခ) ယ–ကို ပုဗ္ဗရူပ်ပြု၍ ''ဂမ္မတေ''ဟု လည်းကောင်း၊ မ်ကို ယသို့ ကပ်၍ ''ဂမျတေ'' ဟုလည်းကောင်း ဖြစ်နေရာ၌ ကပ်ဖို့ရာ သရမလိုသောကြောင့် ဣဝဏ် မလာရတော့ခြင်း ဖြစ်ပါသည်။

၄၄၃၊ ၄၄၉။ ပုဗ္ဗရူပဋ္ဌ။ (၂၆၈)

မေး။ ''ပုဗ္ဗရူပ်ပြု''ဟူသော စကား၏ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ပုဗ္ဗ = ရှေ့ဓာတွန် အက္ခရာ၏ + ရူပ = ရုပ် = အသွင်သဏ္ဌာန် = ပုံဟန်။
ယ ပစ္စည်းကို ရှေ့ဓာတွန်အက္ခရာ၏ ရုပ်သွင်သဏ္ဌာန်နှင့် တူအောင် ပြုခြင်းကို ''ပုဗ္ဗရူပ်ပြု'' ဟု ခေါ်ပါသည်။

မေး။ ပုဗ္ဗရူပ်ပြုရမည့် ယပစ္စည်းကို ဖေါ်ပြပါ။
(ဤသုတ်ဖြင့် ယပစ္စည်းကို ပုဗ္ဗရူပ်ပြုရာ၌ ယူရမည့် ဓာတွန်အက္ခရာများကို ကုန်စင်စုံလင်အောင် ဖေါ်ပြပါ။

ဖြေ။ အောက် တဿ ဝစဂ္ဂ–သုတ်၌ မဆိုအပ်သေးသော ကဝဂ်, ဋဝဂ်, ပဝဂ်–ဟူသော ဝဂ် ၃–ခုနှင့် ယ, လ, သ အက္ခရာများ ဆုံးလျက်ရှိသည့် သက, ဝမု, ဂမု–စသော ဓာတ်တို့နောင် နောင်းသော ယ ပစ္စည်းကိုသာ ဤသုတ်ဖြင့် ''ပုဗ္ဗရူပ်'' ပြုရပါသည်။ အောက်ပါ ပုံစံကို ကြည့်ပါ။

http://www.dhammadownload.com



မေး။ ပါဠိ, အဌကထာ, ဋီကာတို့၌ ထင်သော ပုဗ္ဗရုပ်ပုံစံများကို ဖေါ်ပြပါ။

ဖြေ။ ပုဗ္ဗရူပဉ္စ-သုတ်ဖြင့် တဿ စဝဂ္ဂသုတ်မှ ကြွင်းသမျှအားလုံးကို သိမ်းကျုံးယူငင် နိုင်သော်လည်း ပါဠိ, အဌကထာ, ဋီကာများတွင် ကဝဂ်၌ က, ဋ္ဌဝပ်၌ ပ, ပဝဂ်၌ ပ, ဘ, မ ၃-လုံးနှင့် လ, သ ဟူသောဓာတွန်အက္ခရာ (၇) လုံးနောက်၌သာ ယ ပစ္စည်းကို ပုဗ္ဗရုပ်ပြုထားသော ပုံစံများ အထင်အရှား တွေ့ရပါသည်။

သက + ယ + တေ = သက္ကတေ။
ဝုဗု + ယ + တေ = ဝုဗုတေ။
ကုပ + ယ + တေ = ကုပ္ပတေ။
လဘ + ယ + တေ = လဗ္ဘတေ။
ဒမု + ယ + တေ = ဒမ္မတေ။
ဖလ + ယ + တေ = ဖလ္လတေ။
ဒိသ + ယ + တေ = ဒိဿတေ။

မေး။ ပုဗ္ဗရူပဉ္စ သုတ်ဝုတ္တိ၌ ''ဟေဌနုတ္တေဟိ ပရဿေဝေဒံ၊ တေန ကဋ္ဌပဝဂ္ဂယကာရ လသန္တေဟေဝ ဓာတူဟိ''ဟူသောစကားကို မုချအားဖြင့် မှတ်ထိုက်/ မမှတ်ထိုက် ရှင်းလင်းဆုံးဖြတ်ပါ။

ဖြေ။ သဗ္ဗေဟိ တုနာဒီနံ ယော-သုတ်၌ ဘဇ သေဝါယံ၊ တထာ ကတ္တရိ စာတိ ပုဗ္ဗရူပတ္တံ၊ ဝိဘဇ္ဇ (စာ-၃၉၃)''ဟူသော စကားကိုလည်းကောင်း၊ သီဟိုင်္ဂနိဿယ၌ နိယောဇွော-ကို ရုပ်တွက်ရာတွင် ပုဗ္ဗရူပဉ္စ သုတ်ဖြင့် စီရင်သည်ကို ထောက်၍လည်းကောင်း အထက်ပါ စကားရပ်ကို မုချအားဖြင့် မမှတ်ထိုက်ပါ။ (စဝဂ် ဓာတွန်အက္ခရာတို့နောင်လည်း ယပစ္စည်းကို ပုဗ္ဗရုပ်ပြုရသေး၏-ဟူလို။)

မေး။ ဝုဗုတေ-ပုဒ်ကို ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ ဝဗု-ဓာတ်တည်၊ ယ ပစ္စည်းသက်, တေဝိဘတ်သက် (ဝဗု ယ တေ)၊ ပုဗ္ဗရူပဉ္စ သုတ်ဖြင့် ယပစ္စည်းကို ပုဗ္ဗရုပ် ပ ပြု (ဝမ်ပတေ)၊ ကွစိဓာတုသုတ်ကြီးဖြင့် ဝ ၏ အ ကို ဥ ပြု, ၌ကို ချေ (ဝပ်ပတေ)၊ဥော ပကာရေ သုတ်ဖြင့် နောက် ပ အက္ခရာနှောင်းသောကြောင့်

http://www.dhammadownload.com

ရှေ့ စ် ကို ၌ ပြု၊ ၌ ပ သို့ကပ်၊ 'ဝုဗုတေ'ကားပြီး၏။

မှတ်ချက်။ ။ ကစ္စည်းဘာသာဋီကာ–၌ ပုဗ္ဗရုပ် မှ ပြု၍ ကွစိဓာတု သုတ်ကြီးဖြင့် ၌ နှစ်ခုကို ချေသည်။

၄၄၄။ တထာ ကတ္တရိ စ။ (၃၀၉)

မေး။ တထာ ကတ္တရိ စ သုတ်ကို ရူပသိဒ္ဓိ ဆရာအလိုကျ အနက်ပေးပြပါ။

ဖြေ။ ဘာဝကမ္မေသု၊ ဘောအနက် ကံအနက်တို့၌။ ယဿ၊ ယ ပစ္စည်း၏။ အာဒေသော၊ စဝဂ်အပြု, ယအက္ခရာ အပြု, ဝအက္ခရာ အပြု, ပုဗ္ဗရုပ် အပြုသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထိုအတူ။ ကတ္တရိ စ၊ ကတ္တားအနက်၌လည်း။ သဓာတွန္တဿ၊ ဓာတွန်နှင့်တကွဖြစ်သော။ ယဿ၊ ဒိဝါဒိ ယပစ္စည်း၏။ စဝဂ္ဂယကာရဝကာရတို့၌၊ စဝဂ် ယ အက္ခရာ, ဝ အက္ခရာအဖြစ်ကိုလည်းကောင်း။ ပုဗ္ဗရူပ၌၊ ပုဗ္ဗရုပ်အဖြစ်ကိုလည်းကောင်း။ ကာတဗ္ဗာနိ၊ ပြုအပ် ပြုထိုက်ကုန်၏။

မေး။ (က) တထာ ကတ္တရိစ (ခ) ယထာ ကတ္တရိ စ–ဟု ၂–မျိုးရှိရာ အမှန်ကို ဝိနိစ္ဆယ ချခဲ့ပါ။

ဖြေ။ အလားတူဖြစ်သော ''တထာ ဒွန္ဒေ ။ပ။ ဝိသဘာဂတ္ထာဒီနဉ္စ–သုတ်ကို ထောက်၍ ''တထာ ကတ္တရိ စ''သာ အမှန်ဟု ဆရာမြတ်တို့ ဆုံးဖြတ်တော်မူကြပါသည်။

တထာတိ ပရဿပဒေ ဝုတ္တနယဿ အတိဒေသော။ (ရူပ်၊ ၁၈၈။ သတ္တမီဝိဘတ် အဆုံး)။ ကာတဗ္ဗာနီတိ ကျမိနာ ဘာဝကမ္မဝိဟိတယပစ္စယဿ ဝုတ္တဿာဒေသေ ကတ္တရိပိ အတိဒိသန္တော'' တထာ ကတ္တရိ စာ''တိ ဝုတ္တန္တိ ဒဿေတိ။ (၄င်း၊ ၂၀၀)တို့ကို ထောက်လျှင်လည်း အတိဒေသ ''တထာ'' သဒ္ဒါနှင့် ပါဠိသာ သင့်ကြောင်း ထင်ရှားပါသည်။

ဂဏ္ဌိ(ဒု၊ ၂၈၈)၌ကား ''ဝိယ, ယထာ, ကျဝ ဟူသော နိပါတ်ပုဒ်တို့ကား ဥပမာန ဇောတကတည်း။ 'ဇေဝံ, တထာ'ဟူသော နိပါတ်ပုဒ်တို့ကား ဥပမေယျ ဇောတကတည်း အတိဒေသသုတ်တို့မှာ ဥပမာနဇောတက နိပါတ်ပုဒ်တို့ဖြင့်သာ သဒ္ဒါကျမ်း၌ ပြမြဲတည်း။ သေသေသု နှဝ, ယထာ ကတ္တရိ စ, ကာရိတံ ဝိယ ဏာနုဗန္ဓော–စသည်တို့တည်း'' ဟု ဆိုသည်။ ထိုအလို ''ယထာ ကတ္တရိ စ''သာ အမှန်တည်း။

ဂဏ္ဌိအနက်ပေးပုံ– ကတ္တရိ စ၊ ၌လည်း။ ယ ပစ္စယော၊ ကို။ ဘာဝကမ္မေသု၊ တို့၌။ ယပစ္စယော ယထာ၊ ယပစ္စည်းကဲ့သို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။)

မေး။ ဒိဗ္ဗတိ–ကို ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ ဒိဝု + ယ + တိ၊ ဓာတွန် ဥ ကိုချေ၊ ဤသုတ်ဖြင့် ဓာတွန် ဝ် နှင့်တကွ ယ ပစ္စည်းကို ဝပြု၊ ဝ ကို သဒိသဒွေးဘော် ဝ ပြု၊ ဒေါ ဓသ စ သုတ်၌ စသဒ္ဒါဖြင့် ဝ ၂–လုံးကို ဗ္ဗ ၂–လုံးပြု 'ဒိဗ္ဗတိ'ကား ပြီး၏။

မှတ်ချက်။ ။ ဋီကာဆရာကား ဝ ကို ဗ ပြုပြီးမှ ဒွေးဘော် (၅) ပြုရန် ဖွင့်ပြသည်။ စာကိုယ်၌ ချာသအတိုင်း ဝ ကို ဒွေးဘော်ပြုပြီးမှ ဝ ကို ဗ္ဗ ပြုရန် ဖွင့်ပြသည်–ဟု မှတ်ပါ။ စာကိုယ် ဤနေရာ၌ ''ဗော ဝဿာတိ ဝုတ္တတ္တာ''ဟု ရှိနေသော်လည်း စာမျက်နှာ (၃၁၈) ၌ ''ဗ္ဗော ဝ္ဗဿာတိ ဗကာရဒ္ဝယံ''ဟု ရှိ၏။ ထိုအတိုင်းသာ အမှန်တည်း။

''ဗော ဝဿာတိ ပဌမံ ဝကာရဿ ဗကာရေ ကတေ သတိ ပရ ဒွေဘာဝေါ

http://www.dhammadownload.com

ဌာနေတိ ဒ္ဝိတ္တံ ကာတဗ္ဗံ။ ဉာသေ ပန ပဌမံ ဒ္ဝိတ္တံ ကတွာ ပစ္ဆာ ဒ္ဝယဿ ဝုတ္တတ္တာ ကွာစပိ ဝုတ္တံ။ (ဋီကာ၊ ၂၀၀။)

၄၄၅၊ ၄၄၃။ ဘူဝါဒိတော အ။ (၂၆၁)

မေး။ ဝိကရဏ ပစ္စည်းများသက်ရာ၌ နိမိတ်ဖြစ်ထိုက်သော အရာများကို ဖေါ်ပြပါ။

ဖြေ။ ဤ ဝိကရဏပစ္စည်းများသက်ရာဝယ် ကတ္တားအနက်၌ စီရင်အပ်သော သဒ္ဒဓာတ် ဝိဘတ်များနှင့် မာန, အန္တ စသော ပစ္စည်းများသာ နိမိတ်ဖြစ်ထိုက်ပါသည်။

မေး။ ဘူဝါဒိတော အ သုတ်ဖြင့် အပစ္စည်းသက်ရာ၌ နိမိတ်ဖြစ်ထိုက်သော ဝိဘတ်, နိမိတ်မဖြစ်ထိုက်သောဝိဘတ်များကို ခွဲခြားဖေါ်ပြပါ။

ဖြေ။ ''ကတ္တရိ ဝိဟိတေသု ဝိဘတ္တိပစ္စယေသု ပရေသု''ဟု သာမညဆိုသော်လည်း ဟိယျတ္တနီ, သဝတ္တမိ, ပဗ္ဗမိ, ဝတ္တမာန် ဟူသော သဒ္ဒဓာတ်များနောင်းရာ၌သာ ဤဘူဝါဒိတော အ သုတ်ဖြင့် အ ပစ္စည်း သက်ရပါသည်။

ပ, အဇ်, ဘ, ကာ– ဟူသော အသဒ္ဒဓာတ်ဝိဘတ်များ နောင်းရာ၌ မသက်ရပါ။

မှတ်ဖွယ်။ ။ တိ စသော သဒ္ဒဓာတ်ဝိဘတ်များ နောင်းရာ၌ ကပ်စရာသရမရှိ၍ ရုပ်ပြီးစေခြင်း အကျိုးငှါ အ–ပစ္စည်း သက်ရခြင်း ဖြစ်သည်။ (အန္တိ စသည် နောင်းရာ၌ကား ပဇ္ဇုန္နဂတိကနည်း,–ဟု မှတ်ပါ။)

အသဒ္ဒဓာတ်ဝိဘတ်တို့တွင် အ, ဥ စသော ကပ်စရာ သရဝိဘတ်များ ပါရှိ၍ အ ပစ္စည်း မသက်ပဲ ရုပ်ပြီးနိုင်သောကြောင့်လည်းကောင်း၊ ''ထ္ထ, မှ''ကဲ့သို့ ဗျည်းဝိဘတ်များ နောင်းရာ၌လည်း ကွာကရာဂမော အသဒ္ဒဓာတုကမှိ သုတ်ဖြင့် ကွသရလာလျှင် ကပ်စရာ သရရှိ၍ ရုပ်ပြီးနိုင်သောကြောင့်လည်းကောင်း ဤသုတ်ဖြင့် အ ပစ္စည်း သက်ဖွယ် မလိုတော့ပါ။ ထိုကြောင့် ''သဒ္ဒဓာတုကမှိ ယေဝါယ မိဿတေ''ဟု ဖွင့်ဆိုရခြင်း ဖြစ်ပါသည်။ ဗာလာဝတာရ၌ကား ''ဝတ္တမာန်, ပဗ္ဗမိ, ဟိယျတ္တနီ ဝိဘတ်သုံးသွယ်နောင်းရာ၌သာ အ ပစ္စည်းသက်''ဟု ဆိုသည်။

မေး။ ကတ္တားအနက်၌ နောင်းသော ဝိဘတ်ပစ္စည်းတို့ကြောင့် အ စသော ဝိကရဏ ပစ္စည်းများသက်ရာ ကတ္တားအနက်ကို နောင်းသော ဝိဘတ်ပစ္စည်းတို့က ဟောပါသလော? အ စသော ဝိကရဏပစ္စည်းတို့က ဟောပါသလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''ကတ္တရိ ဝိဟိတေသု ဝိဘတ္တိပစ္စယေသု ပရေသု''ဟု ဖွင့်ဆိုသောကြောင့် ကတ္တားအနက်ကို နောင်းသော တိစသော ဝိဘတ်, မာန, အန္တ စသော ပစ္စည်းတို့က ဟောပါသည်၊ အ စသော ဝိကရဏပစ္စည်းတို့က မဟောနိုင်ပါ။

''ပစ္စယော ရူပသိဒ္ဓိမတ္တောဝ'' ဟူသော ပရိဘာသာနှင့်အညီ ရုပ်ပြီးစေခြင်း အကျိုးငှါသာ အ စသော ဝိကရဏပစ္စည်းများကို သက်ရခြင်း ဖြစ်ပါသည်။ (ဝိကရဏ ပစ္စည်းအားလုံး၌ ဤနည်းချည်းမှတ်ပါ။)

၄၄၆၊ ၅၀၉။ ရုဓာဒိတော နိဂ္ဂဟီတ ပုဗ္ဗဿ။ (၃၀၆)

မေး။ ဤသုတ်သည် ဘယ်နှပုဒ်ရှိသော သုတ်ဖြစ်ပါသနည်း၊ ရူပသိဒ္ဓိ ဆရာ အလိုကျရေးပြပါ။

ဖြေ။ ဤသုတ်သည် ''ရုဓာဒိတော + နိဂ္ဂဟီတ + ပုဗ္ဗံ + စ'' ဟု ၄–ပုဒ် ရှိသော

http://www.dhammadownload.com

သုတ်ဖြစ်ပါသည်။

မေး။ ရုဓဒိတော နိဂ္ဂဟိတ ပုဗ္ဗဠ–သုတ်ကို ရူပသိဒ္ဓိဆရာအလိုကျ အနက်ပေးပြပါ။

ဖြေ။ (ကတ္တရိ၊ ကတ္တားအနက်၌။ ဝိဟိတေသု၊ စီရင်အပ်ကုန်သော။ ဝိဘတ္တိပုစ္ဆယေသု၊ ဝိဘတ်ပစ္စည်းတို့ကြောင့်။) ရုဓဒိတော၊ ရုဓ အစရှိသော ဓာတ်အပေါင်းမှ။ ပရော၊ နောင်းသည် ဖြစ်၍။ အ၊ အပစ္စည်းသည်။ ဟောတိ၊ ၏။ နိဂ္ဂဟိတံ စ၊ နိဂ္ဂဟိတ်သည်လည်း။ (တတော၊ ထိုအပစ္စည်းမှ။) ပုဗ္ဗံ၊ ရှေ့သည်။ ဟုတ္ဝာ၊ ဖြစ်၍။ အာဂမော၊ လာသည်။ ဟောတိ၊ ၏။

မေး။ ရုဓဒိတော နိဂ္ဂဟိတ ပုဗ္ဗဠ–သုတ်ဖြင့် နိဂ္ဂဟိတ်လာရာဌာနကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ နိဂ္ဂဟိတ်သည် ပင်ကိုယ်အားဖြင့် ရဿသရသို့ အစဉ်လိုက်သောကြောင့် ''ရုဓ် + အ + တိ''ဟု ဖြစ်နေသောအခါ အပစ္စည်းမှ ရှေ့, ဓာတ်သရ (ရ–၌ ဥသရ)မှ နောက်၌ လာရပါမည်။

မေး။ ''ရုံဓ် + အ + တိ'' ၌ အဘယ်ကြောင့် ဝုဒ္ဓိမပြုရပါသနည်း၊ ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ ''ရုံဓ် + အ + တိ''ဟု ဖြစ်နေသောအခါ ''ရုံဓ်'' သည် ''စိန္တ = စိန်တ, မန္တ = မန်တ'' စသည်တို့ကဲ့သို့ သံယောဂန္တ ဖြစ်သောကြောင့် အညေသု စ သုတ်ဖြင့် ဝုဒ္ဓိ မပြုရခြင်း ဖြစ်ပါသည်။

မေး။ ''ရုံဓ် + အ + တိ''၌ ''ရုံဓ်'' ကို အဘယ်ကြောင့် သံယောဂန္တ ဟု ဆိုရပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ပဓာနဖြစ်သော အာဂမိ ''ရုဓ်'' ဓာတ်ကို ယူသဖြင့် ထိုဓာတ်မှနောက်ဖြစ်သော အပဓာန အာဂုံနိဂ္ဂဟိတ်ကိုလည်း ယူရသောကြောင့် ''ရုံဓ် + အ + တိ'' ၌ ''ရုံဓ်''ကို သံယောဂန္တ ဟု ဆိုရခြင်း ဖြစ်ပါသည်။

ရှင်းချက်။ ။ ရုဓ် ဓာတ်သည် စိန္တ, မန္တ စသည်တို့ကဲ့သို့ ပင်ကိုယ်က သံယုဂ် အဆုံးရှိသောဓာတ် မဟုတ်သော်လည်း ရုဓ်ဓာတ်ဟူရာ၌ အာဂုံနိဂ္ဂဟိတ်လည်း ပါဝင်သောကြောင့် ရုဓ်ဓာတ်ကို 'သံယောဂန္တ'ဟု ဆိုရခြင်း ဖြစ်ပါသည် ဟူလို။

ယှဉ်ကြည့်ရန်။ ။နိ နိဂ္ဂဟိတာဂမာ။ ---။ပကတိယာ အသညောဂတ္တေပိ သတိ သနိဂ္ဂဟိတာဂမာ ဓာတဝေါ ဝုဒ္ဓိ ဒ ပါပုဏန္တိ။ မုဉ္စတိ၊ ပရိသက်တိ။ (နီတိ၊ သုတ္တ၊ ၁၀၆၂။)

''အာဂမော တဂ္ဂါဏီဘူတာ တဂ္ဂဟဏေန ဂယှန္တီ''တိ နာဂမဿ (နှ အာဂုံကို) တဂ္ဂဟဏေန ဂဟဏတော ---။ (မောဂ်၊ ပဋိကာ၊ ၁၂၆။ ဗုဒ္ဓိပသာဒနီ၊ ၁၃၁။)

တဒါဒေသဿ တဂ္ဂဟဏေန ဂဟဏာ။ (မောဂ်ပဋိကာ၊ ၁၅၂။)

တဂ္ဂဟဏေနာတိ အာဂမိဂဟဏေန။ (ဗုဒ္ဓိပ္ပသာဒနီ)

အထက်ပါ စကားရပ်တို့ကို ကြည့်၍ ''တဒါဂမဿ တဂ္ဂဟဏေန ဂဟဏတော'' ဝါကျကို အောက်ပါအတိုင်း ကျနမှန်ကန်စွာ အနက်ပေးပါလေ။

တဒါဂမဿ တဂ္ဂဟဏေန ဂဟဏတော–ဝါကျ အနက်မှန်။

တဒါဂမဿ၊ ထိုအပဓာန ဖြစ်သော နိဂ္ဂဟိတ်အာဂုံကို။ တဂ္ဂဟဏေန၊ ထိုပဓာန အာဂမိဖြစ်သော ''ရုဓ်''ဓာတ်ကို ယူသဖြင့်။ ဂဟဏတော၊ ယူခြင်းကြောင့်တည်း။

http://www.dhammadownload.com

''အာဂမာ တဂ္ဂါဏီဘူတာ တဂ္ဂဟဏေန ဂယှန္တိ'' ဟူသော မောဂ္ဂလ္လာန် စကားရပ်သည် ''ယဒါဂမာ တဂ္ဂါဏီဘူတာ တဂ္ဂဟဏေန ဂယှန္တေ''ဟူသော ပရိဘာသေန္ဒုသေခရ (၁၁)ကို ယူထားသော စကားရပ်တည်း။

အမှာ။ ။ ဤနေရာ၌ စည်ရှင် မဟာရူပသိဒ္ဓိနိသျ, ဘာသာဋီကာ အနက်ပေးပုံနှင့် တကွ အဓိပ္ပါယ်ရေးပုံအချို့သည် ကျမ်းရင်းအာဘော် မမိကြောင်း သတိပြုပါ။

မေး။ ဤသုတ်ပါ စသဒ္ဒါ၏ အနက်ကို ဖေါ်ပြပါ။

ဖြေ။ စသဒ္ဒါ က္ယ, ဤ, ဇ, ဩ ပစ္စည်းတို့ကို ဆည်းခြင်း သမုစ္စည်းအနက်ရှိပါသည်။

မေး။ (က) ဒုက္ခာ မုစ္စတု (ခ) ဒုက္ခာ မုဉ္စတု တို့တွင် အဘယ်ပါဠိသာ အမှန်ဖြစ်သည်ဟု ရှင်းလင်းဆုံးဖြတ်ပါ။

ဖြေ။ မုစ ဓာတ်သည် ရုဓာဒိဂိဏ်းဖြစ်မူ ''လွှတ်ခြင်း''အနက်ကို ဟော၍၊ ဒိဝါဒိဂိဏ်း ဖြစ်မူ ''လွှတ်ခြင်း''အနက်ကို ဟော၏။ ''လွှတ်ခြင်း''အနက်သည် ''ဘာကို + လွှတ်''ဟု ကံကို ငဲ့၍၊ ''လွှတ်ခြင်း''အနက်ကား ''အဘယ်မှ + လွှတ်''ဟု အပါဒါန်ပုဒ်ကို ငဲ့၏။ ဤ၌ ''ဒုက္ခာ၊ ဆင်းရဲမှ''ဟူသော အပါဒါန်ပုဒ်ကို ထောက်၍ လွှတ်ခြင်းအနက်ဟော ဒိဝါဒိ မုစဓာတ်သာ ဖြစ်သင့်ပါသည်။ ထိုကြောင့် ''မုစ္စတု''ပါဠိသာ သင့်မြတ်ပါသည်။

မေး။ ရုဓာဒိတော နိဂ္ဂဟီတ ပုဗ္ဗဠ သုတ်သို့ ကတ္တရိသဒ္ဒါ အလိုက်မခံပဲ ဓိနာဝိကာရယောဂဝိဘာဂ ကြံခဲ့သော် ရရှိနိုင်သော အကျိုးကို ဖေါ်ပြပါ။

ဖြေ။ ဤသုတ်သို့ ကတ္တရိ သဒ္ဒါ အလိုက်မခံပဲ ဝိနာဓိကာရ ယောဂဝိဘာဂ ကြဲလျှင် ''ဘုဇ္ဇိတဗ္ဗံ၊ ယုဇ္ဇိတဗ္ဗံ''စသော ဘော, ကံပြယုဂ်တို့၌လည်း ကွအက္ခရာနှင့် ယှဉ်သော် တ– ပစ္စည်းကြောင့် နိဂ္ဂဟိတ်လာရခြင်း အကျိုးရှိပါသည်။ (နိဂ္ဂဟိတဗ္ဗ–သုတ်ဖြင့်လည်း လာနိုင်သည်)။

တယာ၊ သင်သည်။ ဘောဇနံ၊ ဘောဇဉ်ကို။ ဘုဇ္ဇိတဗ္ဗံ၊ စားအပ်တော့, စားလိုစားတော့, စားလေ။ (အတိသဂ္ဂတ္ထ)။

မေး။ ဆေစ္ဆတိ, ဆေစ္ဆိတိ တို့ကို ရုပ်ပြီးပြခဲ့ပါ။

ဖြေ။ ဆိဒိ–တည်၊ ဓာတွန်ချေ။ ဩတိဝိဘတ် သက်၊ အညေသုစ–သုတ်ဖြင့် က္ယ ကို ဇ–ဝုဒ္ဓိပြု၊ ကရဿ သပ္ပစ္စယဿ ကာဟော– သုတ်၌ သပ္ပစ္စယ–သဒ္ဒါပိုဖြင့် ဩတိဝိဘတ်၏ ဩ ကို ဆ ပြု၊ ဗျဉ္ဇနန္တဿ စောဆပ္ပစ္စယေသု စ သုတ်ဖြင့် ဓာတွန် ဒ် ကို စ် ပြု၊ စ် ဆ သို့ကပ် ''ဆေစ္ဆတိ'' ပြီး၏။

က္လကာရာဂမော အသဗ္ဗဓာတုကမ္ဘိ သုတ်ဖြင့် က္လလာလျှင် ''ဆေစ္ဆိတိ''ဟု ပြီး၏။

မေး။ ဘောက္ခတိ–ကို ရုပ်တွက်ပြပါ။

ဖြေ။ ဘုဇ+ဩတိ၊ ကရဿ သပ္ပစ္စယဿ ကာဟော သုတ်၌ သပ္ပစ္စယသဒ္ဒါပိုဖြင့် ဘုဇဓာတ်မှ နောက်ဖြစ်သော ဿ–ကို ခ ပြု၊ ကော ခေ စ သုတ်ဖြင့် ဓာတွန် ဇ ကို က် ပြု၊ က်–ခ သို့ကပ်၊ အညေသု စ သုတ်ဖြင့် ဘ–၌ ဥကို ဩဝုဒ္ဓိပြု၊ ''ဘောက္ခတိ'' ပြီး၏။

၄၄၇၊ ၅၁၀။ ဒိဝါဒိတော ယော။ (၃၀၉)

မေး။ ဒိဝုဓာတ်၏ ဓာတ်နက်များကို ရှုပသိဒ္ဓိကျမ်းလာအတိုင်း ဖေါ်ပြပါ။

ဖြေ။ ဒိဝုဓာတ်သည် ကီဠာ = မြူးတူးပျော်ပါးကစားခြင်း၊ ဝိဇိဝီသာ = အောင်နိုင်လိုခြင်း,

http://www.dhammadownload.com

ဗျဝဟာရ = ရောင်းဝယ်လဲလှယ်ခြင်း၊ ဇုတိ = တောက်ပခြင်း (တင့်တယ်ခြင်း)၊ ထုတိ = ချီးမွမ်းခြင်း၊ ကန္တိ = နှစ်သက်ခြင်း၊ ဂတိ အနက်တို့၌ ဖြစ်၏။

ဒိဝု ကိဠာ ဝိဇိဝီသာ–ဗျဝဟာရ ဇုတိ ထုတိ။
ဂတိ ကန္တိ သတ္တိသူ ဒိ၊ စု ပိဠာ ပရိကူဇနေ။ (ဓာတွတ္ထသင်္ဂဟ)

မေး။ ဒိဝါဒိတော ယော သုတ်သို့ ကတ္တရိသဒ္ဒါ အလိုက်မခံပဲ ဝိနာဓိကာရယောဂဝိဘာဂ ကြံလျှင် ရရှိနိုင်သောအကျိုးကို ဖေါ်ပြပါ။

ဖြေ။ ဤသုတ်သို့လည်း ကတ္တရိသဒ္ဒါ အလိုက်မခံပဲ ဝိနာဓိကာရ ယောဂဝိဘာဂ ကြံလျှင် ''ဥပ္ပဇ္ဇိတဗ္ဗံ, ဥပ္ပဇ္ဇနီယံ, ပဋိပဇ္ဇိတဗ္ဗော, ပဋိပဇ္ဇနီယော''စသောပြယုဂ်များဝယ် ဘော, ကံအနက်တို့၌လည်း ယ ပစ္စည်းသက်ရခြင်း အကျိုးရှိပါသည်။

မှတ်ချက်။ ။ ဤပြယုဂ်များသည် ကမ္မရုပ်များ ဖြစ်သော်လည်း ကံအနက်ကို တ ပစ္စည်းက ဟောပြီးဖြစ်သောကြောင့်လည်းကောင်း, ဒိဝါဒိဂိဏ်းဖြစ်သောကြောင့်လည်းကောင်း, ဘာဝကမ္မေသု ယောသုတ်ဖြင့် ယ ပစ္စည်းမသက်ပဲ ဒိဝါဒိတော ယော–ဟူသော ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် ယ ပစ္စည်းသက်ရခြင်းဖြစ်သည်ဟု မှတ်ပါ။

မေး။ (က) သမာဒိယတိ (ခ) ဇာယတိ တို့ကို ရုပ်တွက် ပြပါ။

ဖြေ။ (က) သံ, အာ–ပုဗ္ဗ ဒါ ဓာတ်တည်၊ တိဝိဘတ်သက်၊ ဒိဝါဒိ ယပစ္စည်းသက်၊ ကွစိ ဓာတုဓာတ်ကြီးဖြင့် ယ ပစ္စည်းကြောင့် ဒါဓာတ်၏ အာ ကို ဣပြု၊ ပြီး၏။

(ခ) ဇန ဓာတ်တည် တိဝိဘတ်သက်၊ ဒိဝါဒိ ယပစ္စည်းသက်၊ 'ဇနာဒီနမာ' ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် ယ ပစ္စည်းကြောင့် ဓာတွန် နှ ကို အာ ပြု၊ ပြီး၏။

၄၄၈၊ ၅၁၂။ သွာဒိတော ဏုဏာဥဏာ စ။ (၃၁၁)

မေး။ သုဏောတိ–ကို ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ ''သု + ဏု + တိ''၊ အညေသု စ သုတ်၌ စသဒ္ဒါဖြင့် ဏု ပစ္စည်း၏ ဥကို ဩဝုဒ္ဓိပြု၊ ''သုဏောတိ'' ပြီး၏။

မေး။ သုဏောတိ, သုဏာတိတို့၌ သုဓာတ်၏ ဥကို အဘယ်ကြောင့် ဝုဒ္ဓိမပြုရပါသနည်း။

ဖြေ။ ဤသုတ်ဖြင့် သုဓာတ်နောင် ဏုပစ္စည်း သက်၍ ''သု + ဏု + တိ''ဟု ဖြစ်နေသော အခါ အညေသု စ သုတ်၌ စသဒ္ဒါဖြင့် ဏုပစ္စည်းကို ဝုဒ္ဓိပြု၊ အညေသု စ သုတ်သို့ ဃဋ္ဌာဒီနံ ဝါ သုတ်မှလိုက်လာသော ဝါ သဒ္ဒါ၏ သတ်မှတ်ချက်ကြောင့် သု ဓာတ်၌ ဥ ကိုကား ဝုဒ္ဓိ မပြုရပါ။

မေး။ (က) သုဏာသိ (ခ) သုဏာသိ ရုပ် ၂–ခုတို့၏ ခြားနားပုံကို ရှင်းပြပါ။

ဖြေ။ (က) သု ဓာတ်တည်၊ သိဝိဘတ်သက်၊ ဏာပစ္စည်းသက်လျှင် 'သုဏာသိ'ဟု ရုပ်ပြီး၍၊

(ခ) ကွစိဓာတု သုတ်ကြီးဖြင့် ဏာ–၌ အာ ကို အရဿပြုလျှင် 'သုဏသိ'ဟု ရုပ်ပြီးပါသည်။

မေး။ (က) သူယတေ (ခ) သူယတိ (ဂ) သုယျတိ (ဃ) သူယျတိ ပုဒ်များ ရုပ်ပြီးပုံကို ရေးပြပါ။

ဖြေ။ (က) သု ဓာတ်တည်၊ ယ ပစ္စည်းသက်, တေ ဝိဘတ်သက်၊ ကွစိ သုတ်ကြီးဖြင့် သ ၏

http://www.dhammadownload.com

ဥ ကို ဦဒီဃ ပြုလျှင် ''သူယတေ''ဟု ရုပ်ပြီးပါသည်။
(ခ) တေ ဝိဘတ်ကို တိ ပြန်လျှင် ''သူယတိ''ဟု ရုပ်ပြီးပါသည်။
(ဂ) ပရ ဒွေဘာဝေါ ဌာနေ သုတ်ဖြင့် ယ ကို ဒွေးဘော်ပြု၊ ကွစိ ဓာတုသုတ်ကြီးဖြင့် ဦ ကို ဥရဿပြုလျှင် ''သုယျတိ''ဟု ရုပ်ပြီးပါသည်။
(ဃ) ဦ ကို ဥရဿ မပြုလျှင်ကား ''သူယျတိ''ဟု ရုပ်ပြီးပါသည်။

မေး။ (က) အသောသိ (ခ) သောသတိ တို့ကို ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ (က) အာ ပုဗ္ဗ သုဓာတ်တည်၊ အဇ္ဇတနီ ဤဝိဘတ်သက်, ဏာ ပစ္စည်းသက် (အာ – သု + ဏာ + ဤ)၊ ကွစိဓာတု သုတ်ကြီးဖြင့် ဏာပစ္စည်းကို ချေ။ သု ၌ ဥ ကို သြဝုဒ္ဓိပြု (အာ–သော + ဤ)၊ သ ကို ဒွေးဘော်ပြု၊ 'သတ္တမဇ္ဇတနိမှိ' ယောဂဝိဘာဂဖြင့် သ လာ (အာ– သော + သ် + ဤ)၊ ကွစိ ဓာတုသုတ်ကြီးဖြင့် ဤကို ဣရဿပြု၊ ရဿံ သုတ်ဖြင့် အာ ကို အရဿပြု၊ သ်ကို ဣသို့ကပ်၊ ''အသောသိ''ကား ပြီး၏။
(ခ) သုဓာတ်တည်၊ ဿတိဝိဘတ်သက်, ဏာပစ္စည်းသက် (သု + ဏာ + ဿတိ) ကွစိ ဓာတု သုတ်ကြီးဖြင့် ဏာ ပစ္စည်းကို ချေ။ ဥ ကို သြဝုဒ္ဓိပြု၊ ''သောဿတိ'' ပြီး၏။

မေး။ (က) ပဟိဏာတိ (ခ) ပဟိဏတိ တို့ကို ရုပ်တွက်ပြပါ။

ဖြေ။ (က) ပပုဗ္ဗ ဟိဓာတ်တည်၊ တိဝိဘတ်သက်, ဏာပစ္စည်းသက်၊ ''ပဟိဏာတိ'' ပြီး၏။
(ခ) ကွစိ ဓာတုသုတ်ကြီးဖြင့် ဏာ– ၌ အာကို အရဿ ပြုလျှင် ''ပဟိဏတိ'' ပြီး၏။

မေး။ (က) မိနောတိ (ခ) ပါပုဏာတိ တို့ကို ရုပ်တွက်ပြပါ။

ဖြေ။ (က) မိဓာတ်တည်၊ တိဝိဘတ်သက်, ဏုပစ္စည်းသက်၊ ကွစိဓာတု သုတ်ကြီးဖြင့် ဏာ ကို နု ပြု၊ အညေသု စ သုတ်ဖြင့် ဥကို သြဝုဒ္ဓိပြု၊ ''မိနောတိ'' ပြီး၏။
(ခ) ပပုဗ္ဗ အပဓာတ်တည်၊ ပခွင်း အကြွင်း၊ သရာ သရေ လောပံ သုတ်ဖြင့် ရှေ့ အသရကိုချေ၊ ဒီဃံ သုတ်ဖြင့် နောက် အသရကို အာဒီဃပြု၊ တိဝိဘတ်သက်, ဥဏာ ပစ္စည်းသက် (ပါပ + ဥဏာ + တိ)၊ ပ် ခွင်း ချေ ကပ်၊ ''ပါပုဏာတိ'' ပြီး၏။

မေး။ အသက္ခိ–ကို ရုပ်တွက်ပြပါ။

ဖြေ။ သကဓာတ်တည်၊ အဇ္ဇတနီ ဤဝိဘတ်သက်, ဥဏာ ပစ္စည်းသက် (သက + ဥဏာ + ဤ)၊ ကွစိ ဓာတုသုတ်ကြီးဖြင့် ဥဏာပစ္စည်းကို ချေ, သကဓာတ်၏ က ကို ခ ပြု၊ ဝဂ္ဂေ ယောသာယောသာနံ သုတ်ဖြင့် အသဒိသဒွေးဘော် ကွပြု (သက္ခ + ဤ) ကွစိ ဓာတုသုတ်ကြီးဖြင့် ဤ ကို ဣရဿပြု၊ က္ခ် ခွင်း ချေ ကပ်၊ အကာရာဂမော သုတ်ဖြင့် အ လာ၊ ''အသက္ခိ''ကား ပြီး၏။

မေး။ သွာဒိတော ဏု ဏာ ဥဏာ စ သုတ်သို့ ကတ္တရိသဒ္ဒါ အလိုက်မခံပဲ ဝိနာဓိကာရ ယောဂဝိဘာဂ ကြဲလျှင် ရရှိသောအကျိုးကို ရေးပြပါ။

ဖြေ။ ဤသုတ်သို့လည်း ကတ္တရိသဒ္ဒါ အလိုက်မခံပဲ ဝိနာဓိကာရယောဂဝိဘာဂကြဲလျှင် ''သုဏိတဗ္ဗော, သဝဏီယော'' စသော ပြယုဂ်များဝယ် ဘော ကံ၌လည်း ဏာပစ္စည်း သက်ရခြင်း

http://www.dhammadownload.com

အကျိုးရှိပါသည်။

မေး။ သဝဏီယော, သဝနီယော–ဟူသော ရုပ် ၂–ခုတို့ကို ရှင်းပြခဲ့ပါ။

ဖြေ။ သုဓာတ်တည် အနီယပစ္စည်းသက်၊ သွာဒိတော ဏု ဏာ ဥဏာ စ ဟူသော ဝိနာဓိ ကာရယောဂဝိဘာဂဖြင့် ဏာပစ္စည်းသက်၊ ကွစိ ဓာတုသုတ်ကြီးဖြင့် ဏာပစ္စည်းချေ (သု + အနီယ)၊ အညေသု စ သုတ်ဖြင့် ဥ ကို ဩဝုဒ္ဓိပြု၊ ဩ အဝ သရေ ဟူသော သုတ်ဖြင့် ဩ ကို အဝ ပြု၊ သ် အသို့ကပ်, ဝ ခွင်း ချေ ကပ် (သဝနီယ)၊ ရဟာဒိတော ဏသုတ်ဖြင့် နဲ ကို ဏ ပြု (သဝဏီယ)၊ နာမ်ငဲ့ သိသက် ဩပြု, ခွင်း ချေ ကပ်လျှင် ''သဝဏီယော''ဟု ရုပ်ပြီးပါသည်။

သီဟိုင်ဋ္ဌမူ ရူပသိဒ္ဓိနှင့် သဒ္ဒနီတိတို့၌ကား နဲ ကို ဏ မပြုဘဲ ''သဝနီယော''ဟု ရုပ်ရှိပါသည်။

၄၄၉၊ ၅၁၇။ ကိယာဒိတော နာ။ (၃၁၃)

မေး။ ကိယာဒိတော နာ–၌ 'ကိယာဒိ'ပုဒ်ကို ဝိဂြိုဟ်ဆိုရှ၍၊ အဓိပ္ပါယ်ရေးပြီး၊ ရုပ်ပြီးပုံကိုလည်း ညွှန်ပြပါ။

ဖြေ။ ကီ အာဒိ ယေသံ တေ ကိယာဒယော။

ကီ–ဓာတ်ဟူသော အစရှိသော ဓာတ်တို့သည် ''ကိယာဒိ''တို့ မည်ကြပါသည်။

''ကီ အာဒိ''ဟု ပကတိပြု၊ က် ခွင်း ဤကြွင်း၊ ဣဝဏ္ဏုဝဏ္ဏာ စျလာ–သုတ်ဖြင့် ဤကို စျအမည်မှည့်၊ စျလာန မိယုဝါ သရေ ဝါ–ဟူသောသုတ်ဖြင့် ဤ ကို ဣယပြု၊ က် ဣသို့ကပ်, ယခွင်း ချေ ကပ်၊ နာမ်ငဲ့ သိသက် ချေ၊ပြီး၏။

ကီဓာတ်အနက် – ကီဓာတ်သည် ဒဗ္ဗဝိနိမယ = ဥစ္စာကို လဲလှယ်ခြင်း (ရောင်းဝယ်ခြင်း) အနက်၌ ဖြစ်၏။

မေး။ 'ဝိက္ကိဏာတိ'ပုဒ်ကို ရုပ်တွက်ပြပါ။

ဖြေ။ ဝိ + ကီ၊ ပရ ဒွေဘာဝေါ ဌာနေ–သုတ်ဖြင့် ကကို သဒိသဒွေးဘော် ကပြု (ဝိက္ကီ) တိဝိဘတ်သက်, နာ ပစ္စည်းသက် (ဝိက္ကီနာတိ)၊ ''ယုဝဏ္ဏာနမ္ပိ ယဏုဏာ–နာနိဌာဒီသု ဝုဒ္ဓိ နဲ''ဟူသော အညေသု စ သုတ်လာ ဝါသဒ္ဒါ၏ သက်မှတ်ချက်အရ နာ ပစ္စည်းနှောင်း သောကြောင့် ဣ ၌ ဤကို ဧဝုဒ္ဓိ မပြုရ။ ''ကွစိဓာတု''သုတ်ကြီးဖြင့် နာပစ္စည်းကြောင့် ကီ ၌ ဤကို ဣရသပြု နာပစ္စည်း၏ နဲ ကို ဏပြု၊ ''ဝိက္ကိဏာတိ'' ပြီး၏။

မေး။ ရူပသိဒ္ဓိလာ ''နာပရတ္တာ နဲ ဝုဒ္ဓိ''ဟူသောစကားရပ်၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ နာ ပရော ယသ္မာတိ နာပရော။

ယသ္မာ၊ အကြင်ဓာတ်မှ။ နာ၊ နာပစ္စည်းဟူသော။ ပရော၊ နောက်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ကြောင့်။ သော ထိုဓာတ်သည်။ နာပရော၊ ''နပရ'' မည်၏။

နာပစ္စည်းဟူသော နောက်ရှိသော (နာပစ္စည်းနှောင်းသော) ကီဓာတ်သည် ''နာပရ'' မည်၏။

နာပရသ ဘာဝေါ နာပရတ္တံ၊ တသ္မာ။

ကီဓာတ်သည် နာပစ္စည်းနှောင်းသောဓာတ် ဖြစ်နေသောကြောင့် ဝုဒ္ဓိ မပြုရ–ဟူလို။

ဤ ''နာပရတ္တာ''ဟူသောပါဌ်ဖြင့် အညေသု စ သုတ်၌လာသော ''ယ ဏုဏာ

http://www.dhammadownload.com

နာနိဋ္ဌာဒီသု ဝုဒ္ဓိ နာ''၌ နာ-ဟူသည် ဤ ကိယာဒိတော နာ-သုတ်ဖြင့်သက်သော နာပစ္စည်းပင်တည်းဟူသော အဓိပ္ပါယ်ကို ပြပါသည်။

– ဧတေန ''ယ ဏု ဏာ နာ နိဋ္ဌာဒီသု ဝုဒ္ဓိ နာ''ဣတိ ဂဟိတော နာပစ္စယော အယန္တိ ဒဿိတော ဟောတိ။ (ဋီ၊ ၂၀၁။)

မေး။ ဤသုတ်သို့ ကတ္တရိ သဒ္ဒါအလိုက်မခံပဲ ''ကိယာဒိတော နာ''ဟု ဝိနာဓိကာရ ယောဂ ဝိဘာဂကြံလျှင် ရရှိနိုင်သောအကျိုးကို ဖော်ပြပါ။

ဖြေ။ ဤသုတ်သို့လည်း ကတ္တရိ သဒ္ဒါ အလိုက်မခံပဲ ဝိနာဓိကာရယောဂဝိဘာဂကြံလျှင် ''ဝိနိစ္ဆိနိတဗ္ဗံ, ဝိနိစ္ဆနနီယံ'' စသော ပြယုဂ်များဝယ် တဗ္ဗ,အနီယ, တုံ, တုံန အစရှိသော ပစ္စည်းတို့ကြောင့်လည်း ဘော, ကံအနက်တို့၌ နာ ပစ္စည်းသက်ရခြင်း အကျိုးရှိပါသည်။

မေး။ (က) ဝိနိစ္ဆိတဗ္ဗံ + ဝိနိစ္ဆိနိတဗ္ဗံ (ခ) ဝိနိစ္ဆနီယံ + ဝိနိစ္ဆနနီယံ တို့၏ ခြားနားချက်ကို ဖော်ပြပါ။

ဖြေ။ ''ဝိ, နိ, စိ + တဗ္ဗ, အနီယ''၊ ဒေါ ဓဿ စ သုတ်၌ စ သဒ္ဒါဖြင့် စ ကို ဆ ပြု၊ ဆ ကို အသဒိသဒွေးဘော် စ္ဆ-ပြု၊ ''ကိယာဒိတော နာ'' ဟူသော ဝိနာဓိကာရ ယောဂဝိဘာဂ ဖြင့် နာ ပစ္စည်းသက် (ယထာဂမ မိကာရော-သုတ်ဖြင့် ဣအာဂုံလာ)လျှင် ''ဝိနိစ္ဆိနိတဗ္ဗံ၊ ဝိနိစ္ဆနနီယံ''ဟု ရုပ်ပြီး၍၊ နာ ပစ္စည်း မသက်လျှင် ''ဝိနိစ္ဆတဗ္ဗံ၊ ဝိနိစ္ဆနီယံ''ဟု ရုပ်ပြီးပါသည်။ (ပါဠိ ၂-မျိုးလုံးသင့်၏-ဟူလို။)

မေး။ (က) ဝိဇညာ (ခ) ဝိဇာနေမု တို့ကို ရုပ်တွက်ပြပါ။

ဖြေ။ (က) ဝိ-ဉာ + နာ + ယျေ၊ နာ ပစ္စည်းကိုချေ၊ ယျေဿ ဉာတော ဣယာ ဉာ သုတ်ဖြင့် ယျေဝိဘတ်ကို ဉာ ပြု (ဝိ-ဉာ + ဉာ)၊ ဉာဿ ဇာဇံနာ သုတ်ဖြင့် ယျေဝိဘတ်၏ ဉာအပြုနှောင်းသောကြောင့် ဉာ ဓာတ်ကို ဇံ ပြု၊ နိဂ္ဂဟိတ်ကို စဝဂ္ဂန္တ ဉ်ပြု၊ ဉ် ဉာ သို့ ကပ်၊ ပြီး၏။

(ခ) ဝိ-ဉာ + နာ + ယျောမ၊ ဉာဿ ဇာဇံနာ သုတ်ဖြင့် ဉာဓာတ်ကို ဇာပြု၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ယျောမ ဝိဘတ်ကို မေ ပြု၊ နှ ခွင်း ချေ ကပ်၊ ပြီး၏။ (ဋီ၊ ၂၀၂။)

မေး။ (က) သမဇာနိ (ခ) သဉ္ဇာနိ တို့ကို ရုပ်တွက်ပြပါ။

ဖြေ။ (က) သံ-ဉာ + နာ + ဤ၊ ဓာတ်၏ အစ၌ အ အက္ခရာလာ၊ နိဂ္ဂဟိတ်ကို ပဝဂ္ဂန္တ မ်ပြု၊ မ် အသို့ကပ်၊ ဤ ကို ဣရဿပြု၊ ''သမဇာနိ'' ပြီး၏။

(ခ) ဓာတ်ရှေ့၌ အ မလာဘဲ နိဂ္ဂဟိတ်ကို စဝဂ္ဂန္တ ဉ်-ပြုလျှင် ''သဉ္ဇာနိ''ဟု ပြီး၏။

မေး။ 'အညာသိ'ပုဒ်၏ အာချာတ်ပုဒ်, နာမ်ပုဒ်ဖြစ်ပုံတို့ကို ရှင်းပြပါ။

ဖြေ။ ဉာ + နာ + ဤ၊ နာပစ္စည်းကို ချေ၊ အစ၌ အ-လာ (အဉာ ဒီ)၊ ဉ်ခွင်း အာကြွင်း ဉ်ကို သဒိသဒွေးဘော်ပြု၊ ည် အာသို့ ကပ် (အညာ ဒီ)၊ 'သတ္တမဇ္ဇတနိမှိ' ဟူသော ယောဂဝိဘာဂဖြင့် သ်-လာ ဤ ကို ဣရဿပြု၊ သ် ဤ သို့ကပ်၊ 'အညာသိ' ပြီး၏။ ဤအလို အာချာတ်ပုဒ် ဖြစ်ပါသည်။

ထို ''အညာသိ''ဟူသော အာချာတ်ကြိယာပုဒ်သည်ပင် အမည်ကို ဟောရာ၌ ထိုပုဒ် နောင် နာမ်ဝိဘတ်သက်၍ ''အညာသိ၊ အညာသိ-မည်သော။ ကောဏ္ဍညော၊

http://www.dhammadownload.com

ကောဏ္ဍညမထေရ်တည်း။ အညာသိကောဏ္ဍညော၊ အညာသိကောဏ္ဍညမထေရ်'' ဟု ရှင်ဋီနာမ်ပုဒ်အဖြစ်သို့ ရောက်ပါသည်။

မေး။ ''ပညာယိ၊ ထင်ရှားပြီ''ဟု အနက်ပေးကြရာ ယင်းအနက်သည် သဒ္ဒတ္ထလော? အဓိပ္ပါယတ္ထလော? ရှင်းပြပါ။

ဖြေ။ ပညာယိ–ပုဒ်သည် ပဝုဒ္ဓ ဉာဓာတ် + ကံဟော ယ ပစ္စည်း + ဤဝိဘတ်ဖြင့် ရုပ်ပြီးသော ပုဒ်ဖြစ်၍ ''ပညာယိ၊ အပြားအားဖြင့် သိအပ်ပြီ''ဟု သဒ္ဒတ္ထ ဖြစ်ပါသည်။

''အပြားအားဖြင့် သိအပ်''ဟူသည် သိနိုင်လောက်အောင် ထင်ရှားခြင်း ဖြစ်သောကြောင့် ''ပညာယိ၊ ထင်ရှားပြီ''ဟု အဓိပ္ပါယတ္ထ ပေးကြခြင်း ဖြစ်ပါသည်။

မေး။ ပညာယိဟိတိ–ကို ဓာတ်+ပစ္စည်း+ဝိဘတ် ဝေဖန်ပြ၍၊ ရုပ်ပြီးပုံကို ရေးပြီး၊ အနက်လည်း ပေးပြပါ။

ဖြေ။ ပဝုဒ္ဓ ဉာဓာတ် + ယပစ္စည်း + သတေ ဝိဘတ် ဖြစ်ပါသည်။
သတေ ဝိဘတ်ကို သတိပြန်၊ ဣ ကို သဒိသဒ္ဒေးဘော်ပြု (ပညာယိသတိ)၊ ဉ်ကို သဒိသဒ္ဒေးဘော်ပြု (ပညာယိသတိ)၊ ကွစိ ဓာတုသုတ်ကြိုးဖြင့် သ ကို ဟိ ပြု၊ ပြီး၏။
ပညာယိဟိတိ၊ အပြားအားဖြင့် သိအပ်လတ္တံ့။

မေး။ (က) မိနာတိ (ခ) လုနာတိ (ဂ) ဓုနာတိ တို့ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ (က) မာ ဓာတ်တည်၊ တိဝိဘတ်သက်, နာပစ္စည်းသက်၊ ကွစိ ဓာတု သုတ်ကြိုးဖြင့် မာ၏ အာ ကို ဣ ပြု၊ ပြီး၏။
(ခ) လူဓာတ်တည်၊ တိဝိဘတ်သက်, နာပစ္စည်းသက်၊ ကွစိ ဓာတုသုတ်ကြိုးဖြင့် ဦကို ဥရသပြု၊ ပြီး၏။
(ဂ) ဓူဓာတ်တည်၊ တိဝိဘတ်သက်, နာပစ္စည်းသက်၊ ကွစိ ဓာတု သုတ်ကြိုးဖြင့် ဦကို ဥရသပြု၊ ပြီး၏။

၄၅၀၊ ၅၁၇။ ဂဟာဒိတော ပဌာ။

မေး။ ဂဟဓာတ်၏ ဓာတ်နက်ကို ဖေါ်ပြပါ။

ဖြေ။ ၁။ ဒဠှာဒါန၊ မြဲမြံစွာယူခြင်း။ ၂။ ဥပါဒါန (ဂဟဏ)၊ ယူခြင်းအနက်တို့ ဖြစ်ပါသည်။

မေး။ ဂဟာဒိတော ပဌာ–သုတ်ကို အဘယ်အကျိုးငှါ မိန့်ဆိုရပါသနည်း။

ဖြေ။ ဂဟဓာတ်နောင် ကိယာဒိတော နာ–သုတ်ဖြင့် နာ ပစ္စည်းသက်မည်ဖိုး၍ ဤသုတ်ကို မိန့်ဆိုရခြင်း ဖြစ်ပါသည်။ (ဂဟဓာတ်နောင် နာ ပစ္စည်းမသက်ဘဲ ပ, ဏာပစ္စည်းများသက်ပါ–ဟူလို။)

မေး။ ဂဟာဒိတော ပ ဏာ သုတ်လာ အာဒိသဒ္ဒါ၏အနက်ကို ဖော်ပြ၍၊ ထိုအာဒိသဒ္ဒါဖြင့် ယူရမည့်ဓာတ်များကိုလည်း ဖေါ်ပြပါ။

ဖြေ။ အာဒိ သဒ္ဒါ ပကာရ (အတူ)အနက်ရှိပါသည်။ ထိုကြောင့် ယင်းအာဒိသဒ္ဒါဖြင့် ဂဟဓာတ်နှင့် ဏာပစ္စည်းသက်၍ ရုပ်ပြီးချင်းတူသော တသဓာတ်စသည်တို့ကို ယူရပါမည်။
သို့ဟိုင်္ဂနိသယ၌ ''ဂဟဓာတ်နှင့် ဓာတ်နက်တူသော အဒဓာတ်စသည်ကိုယူ''ဟု ဆိုပါသည်။

http://www.dhammadownload.com

အမှာ။ ။ ရှုအလို ဂဟာဒိဂိုဏ်းသီးခြားမရှိကြောင်း အာချာတ် အစ၌ ရေးပြခဲ့ပြီ။

မေး။ ဂဟဓာတ်နောင် ကိယာဒိတော နာ သုတ်ဖြင့် နာပစ္စည်းသက်၍ နကို ဏ ပြန်လျှင် ''ဂဏ္ဍာတိ''စသောရုပ်များပြီးနိုင်ပါလျက် ဏ္ဍာပစ္စည်းကို အဘယ်အကျိုးငှါ သီးခြားထုတ်ဆိုရပါသနည်း။

ဖြေ။ ဂဟဓာတ်နောင် ကိယာဒိတော နာ သုတ်ဖြင့် နာပစ္စည်းသက်၍ နကို ဏ ပြန်လျှင် ''ဂဏ္ဍာတိ''စသောရုပ်များပြီးနိုင်ပါသော်လည်း ယင်းသို့စီရင်လျှင် ''ဂဟ္ဍာတိ''ဟု (ဟရှေ့ ဏနောက်) ဖြစ်ရာသောကြောင့် ဟ နှင့် ဏကို ရှေ့နောက်ပြန်ပြီးသား ဖြစ်စေခြင်း အကျိုးငှါ 'ဏ္ဍာ'ပစ္စည်းကို သီးခြားထုတ်ဆိုရခြင်း ဖြစ်ပါသည်။

''ကိယာဒိတော နာ''တိဣမိနာ နာပစ္စယေ သိဒ္ဓေပိ ဏ္ဍာပစ္စယဿ ဝိသုံ အာရမ္ဘော ဟဝိပရိယယတ္ထော။ (ဋီ၊ ၂၀၂)။

မေး။ ဤသုတ်သို့ ကတ္တရိ သဒ္ဒါအလိုက်မခံဘဲ ဝိနာဓိကာရယောဂဝိဘာဂ ကြံလျှင် ရရှိနိုင်သော အကျိုးကို ရေးပါ။

ဖြေ။ ဤသုတ်သို့လည်း ကတ္တရိသဒ္ဒါ အလိုက်မခံပဲ ဝိနာဓိကာရယောဂဝိဘာဂ ကြံလျှင် ''သင်္ဂဏှိတဗ္ဗော, သင်္ဂဏ္ဍဏီယော''စသော ပြယုဂ်များဝယ် ဘော, ကံ အနက်တို့၌ လည်းကောင်း၊ ''ဂဏ္ဍာပေတိ''စသော ပြယုဂ်များဝယ် ကာရိုက်ပစ္စည်းနှောင်းရာ၌ လည်းကောင်း ဏ္ဍာ-ပစ္စည်းသက်ရခြင်း အကျိုးရှိပါသည်။

မေး။ (က) ဂဏ္ဍတိ (ခ) အဂ္ဂဟေသိ (ဂ) ဂယှတိ တို့ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ (က) ဂဟ + ဏ္ဍာ + တိ၊ ကွစိ ဓာတုသုတ်ကြီးဖြင့် ဏ္ဍာ ၌ အာကို အရဿပြု၊ ပြီး၏။

(ခ) ဂဟ + ဏ္ဍာ + ဤ၊ ဣဝဏ္ဏာဂမော ဝါ သုတ်ဖြင့် ဣလာ၊ ကွစိ ဓာတုသုတ်ကြီးဖြင့် ဏ္ဍာပစ္စည်းကို ချေ၊ ဣအာဂုံကိုလည်း ဇ ပြု၊ 'သတ္တမဇ္ဇတ္တနိမှိ' ယောဂဝိဘာဂဖြင့် သ လာ၊ ဤ ကို ဣရဿပြု၊ ရှေ့၌ အ-လာ၊ ပြီး၏။

(ဂ) ဂဟ + ယ + တေ၊ ဟဝိပရိယယော လော ဝါ သုတ်ဖြင့် ဟ နှင့် ယ ကို ရှေ့နောက်ပြန်။ တေ ကို တိ ပြန်၊ ပြီး၏။

မေး။ အ စသော ဝိကရဏပစ္စည်းများကို အာချာတ်၌သာ သက်ရပါသလော ရှင်းပြခဲ့ပါ။

ဖြေ။ အ စသော ဝိကရဏပစ္စည်းတို့ကို အာချာတ်၌သာ သက်ရသည် မဟုတ်ပါ။ ဂိတ်၌လည်း ရူဓာဒိ, ဒိဝါဒိ, သွာဒိ, ကိယာဒိ, ဂဟာဒိ ၅-ဂိုဏ်းနှင့်ဆိုင်သော ဝိကရဏပစ္စည်းများကို ကတ္တရိ သဒ္ဒါ အလိုက်ကြဉ်သော ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် သက်ရပါသည်။

(ဆောင်) ရူဓာ, ဒိဝါ၊ သွာ ကိယာနှင့်၊ ဂဟာဒိဂိုဏ်း၊ ဤငါးဆိုင်း၊ လိုတိုင်း အာချာတ်, ကြုတ်မှာတည်း။

မေး။ အာချာတ်ကျမ်း၌သက်သော ဝိကရဏပစ္စည်းနှင့် ကိတ်ကျမ်း၌သက်သော ဝိကရဏပစ္စည်းတို့၏ ခြားနားချက်ကို ရှင်းပြပါ။

ဖြေ။ အာချာတ်ကျမ်း၌သက်သော ဝိကရဏပစ္စည်းများသည် ကတ္တားအနက်၌ သက်၍၊ ကိတ်ကျမ်း၌သက်သော ဝိကရဏပစ္စည်းများကား ဘော, ကံ အနက်တို့၌ သက်ပါသည်။

http://www.dhammadownload.com

၄၅၁၊ ၅၁၀။ တနာဒိတော ဩယိရာ။

မေး။ တနာဒိတော ဩယိရာ ဆုတ်ဖြင့် ယိရပစ္စည်း သက်ရာဓာတ်ကို ဖော်ပြပါ။

ဖြေ။ ''တဒနုပရောဓေန''ဟူသော ပရိဘာသာအရ ပါဠိတော်နှင့်လျော်အောင် ယိရပစ္စည်းကို ကရဓာတ်နောက်၌သာ သက်ရပါသည်။

မေး။ (က) တန္ဓန္တေ (ခ) ပတာယတေ (ဂ) ပတည္ဉတိ တို့ကို ရှုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ (က) တနု + ဩ+ အန္တေ၊ ဥတ္တမောကာရော သုတ်ဖြင့် ဩ ကို ဥ ပြု၊ လ အမည်မှည့်၊ ယဝကာရာ စ သုတ်ဖြင့် လအမည်ရှိသော ဥ ကို ဝ ပြု (တန် ဝ – နွေ)၊ ဝ်ခွင်း ချေကပ် (တန် ဝန္တေ)၊ နှ် ဝ သို့ ကပ်၊ ပြီး၏။ (တန္တေ–ကို နည်းတူတွက်ပါလေ)။

(ခ) ပ–တနု + ယ + တေ။ ဓာတွန် ဥ ကို ချေ (ပတန်ယတေ)၊ ကွစိ ဓာတုသုတ်ကြီးဖြင့် ယပစ္စည်းကြောင့် ဓာတွန် နှ် ကို အာပြု၊ ပြီး၏။

(ဂ) ပ–တနု + ယ + တေ၊ (ပတန်ယတေ)၊ နှ် ကိုအာမပြုဘဲ တဿ စဝဂ္ဂ သုတ်ဖြင့် ဓာတွန် နှ်နှင့်တကွ ယပစ္စည်းကို ဉ်ပြု၊ ဉ်ကို သဒိသဒွေးဘော် ဥ–ပြု၊ တေ ကို တိ ပြန်၊ ပြီး၏။

မေး။ ကုဗ္ဗန္တိ–ကို အာချာတ် ရှုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ ကရ ဓာတ်တည်၊ အန္တိ ဝိဘတ်သက်, ဩ ပစ္စည်းသက်၊ ဥတ္တမောကာရော– သုတ်ဖြင့် ဩ ကို ဥ ပြု။ ကရဿာကာရော စ သုတ်ဖြင့် ကရဓာတ်၏ အာ ကို ဥ ပြု (ကုရ် + ဥ + အန္တိ)၊ ယဝကာရာ စ သုတ်ဖြင့် ပုဒ်၏အဆုံးမဟုတ်သော ဥ ကို ဝ ပြု။ (ကုရ် + ဝ + အန္တိ)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဓာတွန် ရ် ကို ချေ (ကုဝအန္တိ)၊ ဝ ကို သဒိသ ဒွေးဘော် ဗွ ပြု (ကုဗွအန္တိ)၊ ဗွော ဗွဿ–ဟူသော သုတ္တဝိဘာဂဖြင့် ဗွ ၂–လုံးကို ဗ္ဗ ၂–လုံးပြု၊ ခွင်း ချေ ကပ်၊ 'ကုဗ္ဗန္တိ' ပြီး၏။

မေး။ ကယိရတိ–ကို ကတ္တုရုပ် ကမ္မရုပ် ရှုပ်နှစ်မျိုး တွက်ပြပါ။

ဖြေ။ **ကတ္တုရုပ်** – ကရဓာတ်တည်၊ တိဝိဘတ်သက်, ယိရပစ္စည်းသက်၊ ကွစိ ဓာတု သုတ်ကြီးဖြင့် နောက်ယိရပစ္စည်းကြောင့် ကရဓာတ်၏ ဓာတွန် ရ် ကိုချေ၊ ပြီး၏။

ကမ္မရုပ် – ကရဓာတ်တည်၊ ယပစ္စည်းသက်၊ တေဝိဘတ်သက်၊ ဤဝဏ္ဏာ ဂမော ဝါ သုတ်ဖြင့် ဣလာ (ကရိယတေ)၊ ကွစိ ဓာတုသုတ်၌ စသဒ္ဒါဖြင့် ရ နှင့် ယ ကို ရွှေ့နောက်ပြန်၊ တေ ကိုလည်း တိ ပြန်၊ ပြီး၏။

မေး။ ကယိရတိ–ပုဒ်၏ ကတ္တုရုပ်, ကမ္မရုပ် အားလျော်စွာ သက်ဆိုင်ရာ ကတ္တား, ကံများထည့်၍ ဝါကျရေးပြပါ။

ဖြေ။ ၁။ သော ကဠံ ကယိရတိ။ ပုရိသော ကမ္မံ ကယိရတိ။

၂။ ကယိရတိ ကရွော တ္ဝေန၊ ကုဠိ မေ ကရိယတိ အဒေသိတဝတ္ထုကာ။

(ဝိ၊ ၁။ ၂၃၀။)

မေး။ ကရဓာတ်နောင် ယိရပစ္စည်းသက်ရာ၌ ကွစိ ဓာတုသုတ်ကြီး၏ အစီအရင်ကို ဖော်ပြပါ။

ဖြေ။ ကရဓာတ်နောင် ယိရ ပစ္စည်းသက်၊ ယျဝိဘတ်သက်၍ ''ကရ+ယိရ+ယျ''ဟု ဖြစ်နေရာ၌

http://www.dhammadownload.com

ကွစ် ဓာတု သုတ်ကြီးဖြင့် ယိရပစ္စည်းမှ နောက်ဖြစ်သော ဒယျ ဝိဘတ်ကိုလည်းကောင်း၊ ထေဝိဘတ်သက်၍ ''ကရ+ယိရ+ထေ''ဟု ဖြစ်နေရာ၌ ထေဝိဘတ်၏ အစ ေ ကို လည်းကောင်း အာ ပြု။ (ကယိရာ, ကယိရာထ) ၊ (ဓာတွန် ရ် ကိုလည်း ကွစ်ဓာတု သုတ်ကြီးဖြင့်ပင် ချေရသည်)။

''ကရ+ယိရ+ယျေ''စသည်ဖြစ်နေရာ၌ ယျေ့, ယျောသိ စသောဝိဘတ်တို့၏ အစိတ် ဖြစ်သော ယျ–သဒ္ဒါကို ချေရသည်။ (ကယိရုံ၊ ကယိရာသိ၊ ကယိရာထ၊ ကယိရာမိ၊ ကယိရာမ)။

၄၅၂။ ၅၂၅၊ စုရာဒိတော ဏော ဏာယာ။ (၃၂၂)

မေး။ စုရာဒိတော ဏော ဏာယာ သုတ်ကို ရှုဆရာအလိုကျ အနက်ပေးပြပါ။

ဖြေ။ ကတ္တရိ စ၊ ကတ္တားအနက်၌လည်းကောင်း။ ဘာဝေ စ၊ ဘောအနက်၌လည်းကောင်း။ ကမ္မနိ စ၊ ကံအနက်၌လည်းကောင်း။ ဝိဟိတေသု၊ စီရင်အပ်ကုန်သော။ ဝိဘတ္တိပစ္စယေသု၊ ဝိဘတ်, ပစ္စည်းတို့ကြောင့်။ စုရာဒိတော၊ စုရအစရှိသော ဓာတ်အပေါင်းမှ။ ပရာ၊ နှောင်း ကုန်သည်ဖြစ်၍။ ဏော, ဏာယာ၊ ဏော ပစ္စည်း, ဏာယ ပစ္စည်းတို့သည် ဟောန္တိ၊ ကုန်၏။ ကာရိတသညာစ၊ ကာရိုက်အမည်ရှိကုန်သည်လည်း။ ဟောန္တိ၊ ကုန်၏။

မှတ်ချက်။ ။ ကစ္စည်း၌ကား ''ကတ္တရိ'' သဒ္ဒါတစ်ခုသာ အလိုက်ပြသည်။

မေး။ စုရာဒိတော ဏော ဏာယာ သုတ်၌ နိမိတ်ဖြစ်ထိုက်သောအရာများကို ဖော်ပြခဲ့ပါ။

ဖြေ။ ကတ္တား, ကံ, ဘော အနက်တို့၌သက်သော ဝိဘတ်ပစ္စည်းများ ဖြစ်ပါသည်။ (ပစ္စည်းအရ– မာန, အန္တ, အာန၊ တဗ္ဗ, အနီယ၊ တုံ, တုန, တွာ, တွာန, တဝေ ပစ္စည်းတို့ကို ယူရပါမည်။)

မေး။ ဓာတူဟိ ဏော ဏာယ ဏာပေ သုတ်ဖြင့် သက်သော ဏော ဏာယ ပစ္စည်းနှင့် စုရာဒိတော ဏော ဏာယာ သုတ်ဖြင့်သက်သော ဏော ဏာယ ပစ္စည်းတို့၏ အထူးကို ရေးပါ။

ဖြေ။ ဓာတူဟိ ဏော ဏာယ ဏာပေ သုတ်ဖြင့်သက်သော ဏော ဏာယ ပစ္စည်းတို့သည် ''ပယောဇက ဗျာပါရ''ဟူသော ''ဟေတုတ္ထ''၌ သက်ကုန်၏။

စုရာဒိတော ဏော ဏာယာ သုတ်ဖြင့် သက်သော ဏော, ဏာယ ပစ္စည်းတို့ကား ''စုရစသော တွဲဘက်ဓာတ်၏ အနက်''ဟူသော ''သကတ္ထ'' ၌ သက်ကုန်၏။

မေး။ စုရာဒိတော ဏော ဏာယာ သုတ်ဖြင့် သက်သော ဏော ဏာယ ပစ္စည်းတို့ကို ကာရိုက် အမည်မှည့်ရခြင်းအကျိုးကိုရေးပါ။

ဖြေ။ ဏ် အနုဗန်ကိုချေရခြင်း, ဝုဒ္ဓိပြုရခြင်း အကျိုးရှိပါသည်။

မေး။ ဝေဒယတိ, ဝေဒိယတိ တို့၏ ခြားနားချက်ကို ရေးပြပါ။

ဖြေ။ ရူပသိဒ္ဓိအလို ဝိဒဓာတ်နောင် ဏာယ ပစ္စည်းဖြင့် ''ဝေဒယတိ''ဟုသာ ရုပ်ပြီးပါသည်။ မောဂ္ဂလ္လာန်အလိုကား– ဝိဒဓာတ်နောင် ပယောဇကဗျာပါရ၌ ဏိပစ္စည်းဖြင့် ဝေဒိ'' ဟုဖြစ်ပြီးနောက် ဣ ကို ဣယင် ပြု၍ ရုပ်ပြီးသောကြောင့် ''ဝေဒိယတိ'' ဟု ရုပ်ပြီးရပါသည်။ ရူပသိဒ္ဓိအလို ''ဝေဒယတိ၊ သိ၏''ဟူ အနက်ပေး၍၊ မေဂ္ဂလ္လာန်အလို ''ဝေဒိယတိ၊ သိစေ၏''ဟု အနက်ပေးရပါမည်။

http://www.dhammadownload.com

၄၅၃၊ ၄၄၄။ အတ္တနောပဒါနိ ဘာဝေ စ ကမ္မနိ။ (၂၆၅)

မေး။ အတ္တနောပဒါနိ ဘာဝေ စ ကမ္မနိ–သုတ်ကို ရှုဆရာအလိုက္ခ အနက်ပေးပြပါ။

ဖြေ။ ဘာဝေ စ၊ ဘာဝကာရကကိုလည်းကောင်း။ ကမ္မနိ စ ကမ္မကာရကကိုလည်းကောင်း အဘိဓေယျ။ ဟောအပ်ရှိသော်၊ ဓာတူဟိ၊ ဓာတ်တို့မှ။ (ပရာနိ၊ နှောင်းကုန်သည်ဖြစ်၍)။ အတ္တနောပဒါနိ၊ အတ္တနောပုဒ်ဝိဘတ်တို့သည် ဟောန္တိ၊ ကုန်၏။ (ကစ္စည်းနှင့် မတူသည်ကို သတိပြု။)

မေး။ အတ္တနောပဒါနိ ဘာဝေ စ ကမ္မနိ သုတ်၌ စ–သဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါသည် ''ပစ္စတေ သြဒနော သယမေဝ၊ (သယံ ကရီယထာ ကဋ္ဌော)'' ပုံစံများဝယ် ကမ္မကတ္တားအနက်၌လည်း အတ္တနောပုဒ်ဝိဘတ်သက်ခြင်းကို ဆည်းခြင်း သမုစ္စည်း အနက်ရှိပါသည်။

သိမှတ်ဖွယ်

ကမ္မကတ္တား။ ။ ကံအစစ် ဖြစ်ပါလျက် ကတ္တားသဘော သက်ရောက်သောကံကို ''ကမ္မကတ္တား''ဟု ခေါ်သည်။ ''သြဒနော၊ ထမင်းသည် သယမေဝ၊ အလိုလိုသာလျှင်။ ဝါ–သူ့ဘာသာ။ ပစ္စတေ၊ ချက်တတ်၏။ ကဋ္ဌော၊ ဖျာသည်။ သယံ၊ အလိုလို။ ဝါ–သူ့ဘာသာ။ ကရီယတေ၊ ပြုတတ်၏။ ရက်တက်၏။ ရက်တတ်၏''ဟု အနက်ပေးပါ။

> ကရီယမနံ ယံ ကမ္မံ၊ သယမေဝ ပသိဒ္ဓတိ။
> သုကရံ သေဟိ ဂုဏ္ဍောဟိ၊ ကမ္မကတ္တာတိ တံ ဝိဒုံ။(ဗာလာဝတာရ စသည်)
>
> ကြိယမာနံ တု ယံ ကမ္မံ၊ သယမေဝ ပသိဒ္ဓတိ။
> သုကရေ သဂုဏ္ဍော ကတ္တု၊ ကမ္မကတ္တာတိ တံ ဝိဒူ။
> (ကာတန္တ၊ အာချာတ်၊ ၎၅၊ ဗုဒ္ဓဗောဓ။)

မေး။ အတ္တနောပဒါနိ ဘာဝေ စ ကမ္မနိ–သုတ်၌ (က) ဘာဝ (ခ) ကမ္မ ပုဒ်တို့ကို ဝစနတ္ထ ပြု၍ အရလည်း ကောက်ပြပါ။

ဖြေ။ (က) ဘဝနံ ဘာဝေါ။
ကတ္တု၊ ကမ္မဟူသော အခြားကာရကတို့နှင့် မရောမယှက် သက်သက်သန့်သန့် ဖြစ်သော ဖြစ်ခြင်း၊ ရိတ်ခြင်းစသော ဓာတ်နက်ကြိယာကို ရပါသည်။
(ခ) ကရီယတီတိ ကမ္မံ။ ပြုအပ်သော အမှုကိစ္စကို ရပါသည်။

မေး။ 'ဘော'ဟူသော ဓာတ်နက်ကြိယာ၏ အခြားသော ကာရကပ္ပနှင့် မရောမယှက်ပုံကို ရှင်းပြပါ။

ဖြေ။ ''ဘဝတိ = ဖြစ်၏ = ဖြစ်တတ်၏''ဟူရာဝယ် ''ဖြစ်'' ဟူသော ဓာတ်နက်ကြိယာ၌ ''တတ်''ဟူသော ကတ္တုကာရကအနက် ရောယှက်ပါဝင်နေ၏။
''လူယတေ = ရိတ်အပ်၏''ဟူရာ၌လည်း ''ရိတ်''ဟူသော ဓာတ်နက်ကြိယာ၌ ''အပ်''ဟူသော ကမ္မကာရကအနက် ရောယှက်ပါဝင်နေ၏။
''ဘူယတေ = ဖြစ်ခြင်း''၊ ''လူယတေ = ရိတ်ခြင်း''ဟူရာ၌ကား ''တတ်, အပ်'' ဟူသော ကတ္တု, ကမ္မကာရကအနက်များ မရောမယှက် ဓာတ်နက်ချည်းသက်သက်သန့်သန့် ဖြစ်ပါသည်။ ထို့ဓာတ်နက်ချည်း သက်သက်သန့်သန့်ကို ''ဘောအနက်''

http://www.dhammadownload.com

ဟုဆိုရခြင်း ဖြစ်ပါသည်။

မေး။ ဘောအနက်ပေးရာ၌ ''ဘူယတေ = ဖြစ်ခြင်း, ဖြစ်ရာ၏''ဟုအနက်ပေးကြရာ ယင်းအနက်ပေးပုံကို ရှင်းပြပါ။

ဖြေ။ ဘာဝ–ပုဒ်အရ ဓာတ်နက်ကြိယာသက်သက်ကိုသာ ကောက်ယူရသောကြောင့် ဘောအနက် ပေးသောအခါ နဂိုဓာတ်နက်အတိုင်း ''ဘူယတေ၊ ဖြစ်ခြင်း'' စသည်ဖြင့် အနက်ပေးခြင်း ဖြစ်ပါသည်။

''ဖြစ်ရာ၏''ဟု အနက်ပေးခြင်းကား စကားတစ်ရပ် အဆုံးသတ်သံပါအောင် ပေးကြခြင်း ဖြစ်ပါသည်။

(ဆောင်) ကတ္တားမှာ တတ်၊ ကံမှာ အပ်၊ ဘောမှတ် ''ခြင်း နှင့် ရာ''။
သုံးပါးသာဓန၊ အာချာတ၊ ဝါစွ နက်အတ္ထာ။

မေး။ ဘူစသော အကမ္မကဓာတ်တို့ ကာရိုက်ပစ္စည်းနှင့် မယှဉ်ဘဲ သကမ္မကဓာတ် ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ဘူစသော အကမ္မကဓာတ်တို့သည် အနု–စသော ဥပသာရပုဒ်တို့နှင့် တွဲဖက်ရသောအခါ ကာရိုက်ပစ္စည်းနှင့် မယှဉ်ဘဲပင် အကမ္မကဓာတ် ဖြစ်ကြရပါသည်။

ဥပသဂ္ဂဝသာ ကောစိ၊ အကမ္မကောပိ သကမ္မကော။
ယထာ'ဘိဘူယတေ ရာဂေါ၊ တာပသေန မဟိဒ္ဓိနာ။ (ဗာလာဝတာရ၊ ၂၇၈။)
မဟိဒ္ဓိနာ၊ ကြီးသောတန်ခိုးရှိသော။ တာပသေန၊ အရှင်ရသေ့သည်။ ရာဂေါ၊ ရာဂကို။ အဘိဘူယတေ၊ လွှမ်းမိုးနှိပ်စက်အပ်၏။

မေး။ ''ဘူစသော အကမ္မကဓာတ်တို့သည် ဥပသာရပုဒ်တို့နှင့် တွဲဖက်ရသောအခါ သကမ္မကဓာတ် ဖြစ်ကြရသည်'' ဟူသောစကားကို ပုံသေကားချ မှတ်သားရပါမည်လော? ရှင်းပြပါ။

ဖြေ။ မမှတ်သားရပါ။ ''ပဘဝတိ၊ စ၍ဖြစ်၏။ သမ္ဘဝတိ၊ ကောင်းစွာဖြစ်၏။ ပတိဋ္ဌာတိ၊ တည်၏''ဟူသော ပြယုဂ်တို့၌ ဘူ, ဋ္ဌာ–ဟူသော အကမ္မကဓာတ်တို့သည် ပ, သံ, ပတိ ဥပသာရပုဒ်တို့နှင့် တွဲဖက်ရသော်လည်း သကမ္မကဓာတ် မဖြစ်ဘဲ အကမ္မကဓာတ်သာ ဖြစ်ကြရပါသည်။

မှတ်ချက်။ ။ ''အကမ္မကာပိ ဓာတဝေါ–သောပသဂ္ဂါ သကမ္မကာပိ ဘဝန္တိ'' ဟူသော စာကိုယ် (ရူ၊ ၂၆၅)ဝယ် သကမ္မကာပိ–၌ အနိယမအနက်ရှိသော အပိသဒ္ဒါက အထက်ပါ အနက်အဓိပ္ပါယ်ကို ပြသည်ဟု မှတ်ပါ။ (ဋီ၊ ၁၀၆။)

မေး။ ဘူ စသော အကမ္မကဓာတ်တို့နောင် ကံအနက်၌ အတ္တနောပုဒ်ဝိဘတ်များ သက်နိုင်ပုံကို ရှင်းပြပါ။

ဖြေ။ ဘူစသော အကမ္မကဓာတ်တို့သည် အနု–စသော ဥပသာရပုဒ်တို့နှင့် တွဲဖက်ရသောအခါ သကမ္မကဓာတ်များ ဖြစ်သွားသောကြောင့် အနုပုဗ္ဗ ဘူဓာတ်စသော အကမ္မက ဓာတ်တို့နောင် ကံအနက်၌ အတ္တနောပုဒ်ဝိဘတ်များ သက်နိုင်ပါသည်။

မေး။ ''ဘူဓာတ်ကို ဝတ္တမာန်ဝိဘတ်ဖြင့် အာချာတပဒမာလ စဉ်ပြပါ''ဟု မေးခဲ့လျှင် သတိပြုရမည့် အချက်ကို ဖော်ပြပါ။

ဖြေ။ ယင်းသို့မေးခဲ့လျှင် ဘူဓာတ်ချည်းသက်သက် ရုပ်မစဉ်ပဲ အနု, အဘိ စသောဥပသာရပုဒ်

http://www.dhammadownload.com

တို့နှင့် တွဲဖက်၍ ''အနုဘူယတေ, အနုဘူယန္တေ။ အဘိဘူယတေ, အဘိဘူယန္တေ'' စသည်ဖြင့် ရုပ်စဉ်ရမည်–ဟူသောအချက် ဖြစ်ပါသည်။

မေး။ (က) အနုဘူယတေ, အနုဘူယန္တေ (ခ) အနုဘူယသေ, အနုဘူယဝေ့ (ဂ) အနုဘူယေ, အနုဘူယာမေ့–ဟူသောအာချာတ်ပုဒ်များကို လိုအပ်သော ကတ္တား, ကံများထည့်စွက်၍ ဝါကျတစ်ဝါကျစီ ရေးပြပါ။

ဖြေ။ (က) အနုဘူယတေ သုခံ ဒေဝဒတ္တေန၊ (ဒေဝဒတ်သည် ချမ်းသာကို ခံစားအပ်၏။)
အနုဘူယန္တေ သမ္မတ္တိယော တယာ၊(သင်သည် စည်းစိမ်တို့ကို ခံစားအပ်ကုန်၏)
(ခ) အနုဘူယသေ တုံ ဒေဝဒတ္တေန၊ (ဒေဝဒတ်သည် သင်စည်းစိမ်ကို ခံစားအပ်၏။)
အနုဘူယဝေ့ တုမှေ ဒေဝဒတ္တေန၊ (ဒေဝဒတ်သည် သင်စည်းစိမ်တို့ကို ခံစားအပ်ကုန်၏။)
(ဂ) အဟံ အနုဘူယေ တယာ၊ (သင်သည် ငါစည်းစိမ်ကို ခံစားအပ်၏။)
မယံ အနုဘူယာမေ့ တယာ၊ (သင်သည် ငါစည်းစိမ်တို့ကို ခံစားအပ်ကုန်၏။)

မေး။ ကံဟောဝါကျဝယ် ကတ္တား, ကံပုဒ်တို့၌ သက်ရသော ဝိဘတ်များကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ''အနုဘူယတေ သုခံ ဒေဝဒတ္တေန''ဟူသော ''ကံဟောဝါကျဝယ် တေ–ဟူသော အာချာတ်ဝိဘတ်က ဒေဝဒတ္တ–ဟူသော ကတ္တားကို မဟောသောကြောင့် ယင်းကတ္တားပုဒ်၌ ''ကတ္တရိ စ' သုတ်ဖြင့် တတိယာဝိဘတ် သက်ရပါသည်။ ကံကို ဟောသောကြောင့် ယင်းကံပုဒ်၌ ဒုတိယာဝိဘတ် မသက်ရတော့ပါ။ လိင်္ဂတ္ထမျှကို ထွန်းပြခြင်းအကျိုးငှါ ''လိင်္ဂတ္ထေ ပဋမာ'' သုတ်ဖြင့် ပထမာဝိဘတ် သက်ရပါသည်။

(ဆောင်) ဟောရာဟောရာ၊ ပထမာ၊ မှန်စွာအမြဲချင့်။
မဟောကတ္တာ၊ တတိယာ၊ ကံမှာ ဒုတိနှင့်။

မေး။ အတ္တနောပဒါနိ ဘာဝေ စ ကမ္မနိ သုတ်အရ 'ဘောအနက်၌ အတ္တနောပုဒ်ဝိဘတ် သက်ရမည်'ဟုဆိုရာ အတ္တနောပုဒ်ဝိဘတ် ပုရိသ်အားလုံး, ဝုစ်အားလုံးသက်ရပါမည်လော? ရှင်လင်းဖြေဆိုပါ။ (ဘောအနက်၌ သက်ရသော အာချာတ်ဝိဘတ်ကို အကြောင်းနှင့်တကွ ဖော်ပြပါ။)

ဖြေ။ ''ဘောအနက်၌ အတ္တနောပုဒ်ဝိဘတ် သက်ရမည်''ဆိုသော်လည်း အတ္တနောပုဒ် ဝိဘတ် ပုရိသ်အားလုံး, ဝုစ်အားလုံး မသက်နိုင်ပါ၊ ဖြေပ်မဟုတ်သော ဘော(ကြီယာ)သည် တစ်ခုတည်း တစ်မျိုးတည်း ဖြစ်သောကြောင့် ဘောအနက်၌ အတ္တနောပုဒ်, ပထမပုရိသ် ဧကဝုစ်ဝိဘတ်တစ်မျိုးသာ သက်ရပါသည်။ (၂၆၆။)

မှတ်ချက်။ ။သဒ္ဒနီတိက ဤရူပသိဒ္ဓိကို ''ကေစိ''ထိုးသည်။
ကေစိ အဒဗ္ဗဘူတသ၊ ဘာဝသေ'ကတ္တတော'ဖြဝုံ။
ဘာဝေ ဒေကဝစောဝါဒိ–ပုရိသသေဝ ဟောတိ'တိ။ (နီတိ၊ ပဒ။ ၁၃။)

မေး။ ''ဘူယတေ ဒေဝဒတ္တေန''ကို ''ဒေဝဒတ္တေန သမ္မတိ ဘဝနံ'ဟုဖွင့်သော ရူဆရာ၏ အာဘော်ကို ဖော်ပြပါ။

ဖြေ။ ဘူယတေ–၌ တေဝိဘတ်သည် ပစ္စုပ္ပန်အနက်၌ သက်၍ ဘူဓာတ်က ဖြစ်ခြင်းကြီယာ

http://www.dhammadownload.com

အနက်ဟောဇ၏–ဟု သိစေလိုသောကြောင့် ယင်းသို့ ဖွင့်ဆိုခြင်း ဖြစ်ပါသည်။ ယင်း အဖွင့်နှင့်အညီ ''ဒေဝဒတ္တေန၊ ဒေဝဒတ်သည်။ ဘူယတေ၊ ယခုဖြစ်ခြင်း''ဟု အနက်ပေးရပါမည်။

၄၅၄၊ ၄၄၀။ ကတ္တာရိ စ။ (၂၆၃)

မေး။ ကတ္တရိ စ သုတ်ကို ရှုဆရာအလိုကျ အနက်ပေးပြပါ။

ဖြေ။ ကတ္တရိ စ၊ ကတ္တုကာရကကိုလည်း။ အဘိဓေယျ၊ ဟောအပ်သည်ရှိသော်။ ဓာတ္ဝဟိ၊ ဓာတ်တို့မှ။ ပရာနိ၊ နောင်းကုန်သည်ဖြစ်၍။ အတ္တနောပဒါနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

မေး။ ကတ္တရိ စ သုတ်၌ စသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါသည် ရှေ့သုတ်လာ ဘာဝ, ကမ္မ ကာရက အပေါ်၌ ကတ္တုကာရကကို ပေါင်းခြင်း ဒုတိယတ္ထသမိဂ္ဂန၊ အချို့သော အသဓာတ်စသည်တို့၌ အတ္တနာပုဒ်ဝိဘတ် သက်ခြင်းကို တားမြစ်ခြင်း နိဝတ္တာပနာဝဓာရဏဟု အနက် ၂–မျိုးရှိပါသည်။

မှတ်ချက်။ ။ ''ကတ္တရိ စ ကာရကေ''ပါ၌ဖြင့် သမိဂ္ဂနအနက်ကို ရည်၍၊ ''စဂ္ဂဟဏံ ကတ္ထစိ နိဝတ္တနတ္ထံ''ပါ၌ဖြင့် နိဝတ္တာပနာဝဓာရဏ အနက်ကို ရည်သည် ဟု မှတ်ပါ။

✔ အတ္ထိ, သန္တိ (အသဓာတ်+ပရဿပုဒ် တိ, အန္တိဝိဘတ်။)
× အသတေ, အသန္တေ (အသဓာတ်+အတ္တနောပုဒ် တေ,အန္တေဝိဘတ်။)

မေး။ အသဓာတ်နော ဝတ္တမာန် အတ္တနောပုဒ် တေ, အန္တေဝိဘတ်များသက်၍ အသတေ, အသန္တေ ဟု ရုပ်များရှိနိုင်/ မရှိနိုင် ခိုင်လုံသောသာဓကများဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ ကတ္တရိ စ သုတ်၌ စသဒ္ဒါက အချို့သော အသဓာတ် စသည်တို့၌ အတ္တနောပုဒ်ဝိဘတ် သက်ခြင်းကို တားမြစ်သောကြောင့် အသတေ, အသန္တေ စသည်ဖြင့် မရှိနိုင်ပါ။ (ပရဿပုဒ်ဝိဘတ်ဖြင့် အတ္ထိ, သန္တိ စသည်ဖြင့်သာ ရုပ်ရှိရပါမည်။)

မေး။ အသဓာတ်နောင် ဝတ္တမာန်ဝိဘတ်ဖြင့် ပဒမာလာ တိကျစွာ စဉ်ပြခဲ့ပါ။

ဖြေ။ အတ္ထိ၊ သန္တိ။ အသိ၊ အတ္ထ။ အမှိ၊ အသ္မိ။ အမှ၊ အသ္မ။

မှတ်ချက်။ ။ အတ္တနောပုဒ်ဝိဘတ်ဖြင့် ရုပ်မစဉ်ရကြောင်း သတိပြုပါ။

၄၅၅၊ ၅၃၀။ ဓာတုပ္ပစ္စယေဟိ ဝိဘတ္တိယော။ (၃၂၅)

မေး။ ဤသုတ်ကို အဘယ်အကျိုးငှါ မိန့်ဆိုရပါသနည်း? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ တိဇဓာတ်နောင် ခပစ္စည်းသက်ခြင်းစသည် စီရင်၍ ''တိတိကွ''ဟု ဖြစ်သောအခါ ခပစ္စည်းဆုံးလျက်ရှိ၏။ တိ–စသော ဝိဘတ်များကိုလည်း ဓာတ်နောက်၌သာ သက်ရိုးထုံးစံရှိ၏။ ပစ္စည်းနောင် သက်ရိုးထုံးစံမရှိ။ သို့ဖြစ်၍ ဓာတ်မဟုတ်သော ပစ္စည်းနောင် တိ စသောဝိဘတ်တို့ မသက်နိုင်သလိုဖြစ်နေသောကြောင့် ဤပရိဘာသာသုတ်ကို မိန့်ဆိုရခြင်း ဖြစ်ပါသည်။

ဤပရိဘာသာသုတ်အရ ''ခ စသော ဓာတုပစ္စည်းတို့နောင်လည်း တိ စသော ဝိဘတ်များ သက်နိုင်၏''ဟု သိရပါသည်။

http://www.dhammadownload.com

မေး။ ''ဓာတုပ္ပစ္စယ''အဓိပ္ပါယ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပါ။

ဖြေ။ ၁။ ''ဓာတုယံ (ဓာတွတ္ထေ) နိဒ္ဒိဋ္ဌာ ပစ္စယာ ဓာတုပ္ပစ္စယာ''ဟူသော ဝစနတ္ထနှင့်အညီ ဓာတ်နက်၌ ညွှန်ပြအပ်ကုန်သော ခ-အစ ကာရိုက်အဆုံး (၁၃)လုံးသော ပစ္စည်းတို့သည် ''ဓာတုပစ္စယ''တို့ မည်ကုန်၏။ (စာကိုယ်အလို)

[ဘာသာဋ္ဌီကာ (ဓာတုပ္ပစ္စယန္တနယအစ)၌ကား ''ဓာတွတ္ထေ နိဒ္ဒိဋ္ဌာ ပစ္စယာ ဓာတု-ပစ္စယာ''ဟု ဝစနတ္ထပြု၍ ''ဓာတွတ္ထနိဒ္ဒိဋ္ဌပစ္စယ''ဟုဆိုလိုလျက် ဓာတွတ္ထ-ဟူသော ရှေ့ပုဒ်ဝယ် အတ္ထ-ဟူသောနောက်ပုဒ်ကိုလည်းကောင်း၊ နိဒ္ဒိဋ္ဌ-ဟူသော အလယ်ပုဒ်ကိုလည်းကောင်း ချေ၍ ဓာတုပစ္စယ-ခေါ်သည်''ဟု ဝစနတ္ထနှင့် ရုပ်ပြီးပုံကို ရေးသည်]။

၂။ ''ဓာတွတ္ထေ ဝိဟိတာ ပစ္စယာ ဓာတုပစ္စယာ''ဟူသော ဝစနတ္ထနှင့်အညီ ဓာတ်နက်ကြိယာ၌ စီရင်အပ်သော ပစ္စည်းတို့သည် ''ဓာတုပစ္စယ''တို့ မည်ကြပါသည်။

၃။ ''ဓာတုဘူတာ ပစ္စယာ ဓာတုပစ္စယာ''ဟူသော ဝစနတ္ထနှင့်အညီ ဓာတ်ကဲ့သို့ ခန္တီ, အာစာရစသော ပယောဇကဗျာပါရဖြစ်သော ဓာတ်နက်ကြိယာကို ဟောနိုင်သောကြောင့် ဓာတ်ဖြစ်၍ဖြစ်သော (ဓာတ်နှင့်မခြား အလားတူသော) ပစ္စည်းတို့သည် ''ဓာတုပစ္စယ''တို့ မည်ကြပါသည်။ (ဋ္ဌီကာ၊ ၂၀၅။)

မှတ်ချက်။ ။ ရူစာကိုယ်အလို ၁-နည်း၊ ဋ္ဌီကာအလို ၂- နည်းအားဖြင့် ဝိဂြိုဟ် ၃-နည်း၊ အဓိပ္ပါယ် (၃) မျိုးရှိကြောင်း သိပါ၊ ဆိုလိုရင်းအဓိပ္ပါယ်မှာကား အတူတူပင်ဖြစ်ပါသည်။

မေး။ ဝိဘတ်မသက်ခင်သက်ရသော ပစ္စည်းနှင့် ဝိဘတ်သက်ပြီးမှ သက်ရသော ပစ္စည်းများကို အကြောင်းနှင့်တကွ ခွဲခြားဖော်ပြပါ။

ဖြေ။ ခ အစ ကာရိုက်အဆုံး ၁၃-လုံးသော ဓာတု(နိဒ္ဒိဋ္ဌ)ပစ္စည်းတို့သည် ဓာတ်အနက်၌ ညွှန်ပြစီရင်အပ်သော (ဓာတ်နှင့်မခြား အလားတူသော)ပစ္စည်းများဖြစ်သောကြောင့် ဓာတ်နောင်ကပ်၍ ဝိဘတ်မသက်ခင် ရှေးဦးစွာ ကြိုတင်သက်ရသော ပစ္စည်းများဖြစ်ပါသည်။

ဘော, ကံအနက်ဟော ယပစ္စည်းနှင့် ဝိကရဏပစ္စည်း ၁၇-ပစ္စည်းတို့ကား ဗာဟျတ္ထဖြစ်သော ဝိဘတ်အနက်ကို ထွန်းပြခြင်းအကျိုးငှါ ဝိဘတ်သက်ပြီးမှ ဓာတ်နှင့် ဝိဘတ်တို့အလယ်၌ သက်ရသော ပစ္စည်းများ ဖြစ်ပါသည်။

၄၅၆၊ ၄၃၀။ ကတ္တရိ ပရဿပဒံ။ (၂၆၀)

မေး။ ကတ္တရိ ပရဿပဒံ-သုတ်ကို အနက်ပေးပြပါ။

ဖြေ။ ကတ္တရိ၊ ကတ္တုကာရကကို။ အဘိဓေယျေ၊ ဟောအပ်သည်ရှိသော်။ သဗ္ဗဓာတူဟိ၊ အလုံးစုံသော ဓာတ်တို့မှ။ ပရံ၊ နှောင်းသည်ဖြစ်၍။ ပရဿပဒံ၊ ပရဿပုဒ်ဝိဘတ်သည်။ ဟောတိ၊ ဖြစ်၏။ (''သဗ္ဗဓာတူဟိ၊ အလုံးစုံသောဓာတ်တို့မှနောက်၌''ဟုသော်လည်းပေးပါ။)

မေး။ ကတ္တရိ ပရဿပဒံ-၌ 'ပရဿပဒ'အရကို ပြည့်စုံစွာဖော်ပြပါ။

ဖြေ။ အာချာတ်ကျမ်းလာ ပရဿပုဒ်ဝိဘတ်အားလုံးနှင့် ကိတ်ကျမ်းလာ အန္တပစ္စည်းတို့ ဖြစ်ပါသည်။

သာဓက- အန္တမာနပ္ပစ္စယာနဉ္စေတ္ထ ''ပရသမညာ ပယောဂေ''တိ ပရသမညာဝသေန

http://www.dhammadownload.com

ပရဿပဒတ္တနောပဒသညတ္တာ တျာဒီသု ဝိယ အန္တမာနေသု စ ဝိကရဏပ္ပစ္စယာ ဘဝန္တိ။ (ရူ၊ ၃၉၆။)

၄၇၅၊ ၄၂၄။ ဘူဝါဒယော ဓာတဝေါ။ (၂၅၈)

မေး။ ဘူဓာတ်၏ အနက်ကို 'သတ္တာယံ'ဟု ဓာတ်နက်ကြားရာ ယင်းဓာတ်နက်ကို ထင်ရှားပေါ်လွင်အောင် ရေးပြပါ။

ဖြေ။ ''သန္တသ ဘာဝေါ သတ္တာ''ဟူသော ဝစနတ္ထနှင့်အညီ ထင်ရှားရှိသောဝတ္ထု၏ ဖြစ်ကြောင်းဖြစ်ရာ ''ထင်ရှားရှိခြင်းကြိယာ''သည် ''သတ္တာ'' မည်၏။ ''ထင်ရှားရှိခြင်းကြိယာ''ဟူသည် သာမည်ကြိယာဖြစ်သော (ကြိယာအားလုံးနှင့် ဆက်ဆံသော) ''ဖြစ်ခြင်းကြိယာ''တည်း၊ ထိုကြောင့် ဘူဓာတ်သည် ''ထင်ရှားရှိခြင်း၊ ဖြစ်ခြင်းကြိယာ''၌ဖြစ်၏–ဟု ဆိုလိုပါသည်။

မေး။ သတ္တာယံ–ကို ''ကြိယာသာမညဘူတေ ဘဝနေ''ဟု ဖွင့်ဆိုရာ၌ သတ္တာ(ဘဝန) ကြိယာ၏ ကြိယာအားလုံးနှင့် ဆက်ဆံပုံကို ရှင်းပြပါ။

ဖြေ။ ''ဂစ္ဆတိ – သွား၏''ဟူသည် သွားခြင်းကြိယာ၏ အထင်အရှား ဖြစ်နေခြင်းတည်း။ ထို့ကြောင့် ''ဂစ္ဆတိ ဂမနံ ဘဝတိ = သွားခြင်းသည်ဖြစ်၏''ဟု သတ္တာ(ဘဝန) ကြိယာသည် ဂမနကြိယာနှင့် ဆက်ဆံလျက်ရှိ၏။ ''ပစတိ = ချက်၏''ဟူရာ၌လည်း ချက်ခြင်းကြိယာ၏ အထင်အရှားဖြစ်နေခြင်းတည်း၊ ထို့ကြောင့် ''ပစတိ ပစနံ ဘဝတိ= ချက်ခြင်းသည် ဖြစ်၏''ဟု သတ္တာ(ဘဝန)ကြိယာသည် ပစနကြိယာနှင့် ဆက်ဆံလျက်ရှိပြန်၏။

ဤသို့လျှင် ရုက္ခ–သဒ္ဒါသည် သစ်ပင်အားလုံးနှင့် ဆက်ဆံသကဲ့သို့ ဘူဓာတ်၏ သတ္တာ(ဘဝန) ကြိယာသည်လည်း ကြိယာအားလုံးနှင့် ဆက်ဆံလျက်ရှိသောကြောင့် ၄င်းကို ''ကြိယာသာမည = သာမညကြိယာ''ဟု ဆိုရခြင်း ဖြစ်ပါသည်။ (ကရဓာတ်၏ ကရဏကြိယာသည်လည်း ကြိယာသာမညပင်တည်း။)

ကာရိယရူပါ ဟိ ဓာတုတ္ထာ၊ သတ္တာ ယုတ္တာ စ တေ'ခီလာ။
တတော ကြိယာ စ ဘာဝေါ စ၊ သာမညံ တေသု ဂယှတေ။
(ပယောဂသိဒ္ဓိ၊ ၆၊ ၁၄။)

သတ္တာ ကရဏရူပါ ဟိ၊ ဓာတုတ္ထာ သကလာ တတော။
ဘာဝေါ ကြိယာ စ သာမညံ၊ သကလေသွေဝ ဂယှတေ။

ဘူကရာ သဗ္ဗဓာတုတ္ထဗျာပကာ။ (ဘောဒစ္စိန္တာ၊ ၃၀၀။)

မေး။ ဘူဝါဒယော ဓာတဝေါ–၌ 'ဓာတဝေါ'အရကို ရေးပြပါ။

ဖြေ။ ''ကြိယာ ဓာရေန္တီတိ ဓာတဝေါ''ဟူသော ဝစနတ္ထ(အန္တတ္ထသညာ) နှင့်အညီ 'ဓာတဝေါ' အရ ကြိယာအနက်ကို ဟောသော ကေန္တဓာတ်တို့ကိုသာ ယူရပါမည်။ ပဗ္ဗတာယတိ စသည်၌ ပဗ္ဗတ–စသော နာမဓာတ်တို့ကို မယူရပါ။

မှတ်ချက်။ ။ ရူ–စာကိုယ်၌ 'ကြိယာဝါစိနော'ပါ၌ဖြင့် အထက်ပါဝစနတ္ထကို ပြသည်–ဟု မှတ်ပါ။

http://www.dhammadownload.com

မေး။ ဘူဝါဒယော–ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြု၍၊ အဓိပ္ပါယ်လည်း ရေးပြပါ။

ဖြေ။ ၁။ ''ဘူ အာဒိ ယေသံ တေ ဘူဝါဒယော''ဟူသော ဝစနတ္ထနှင့်အညီ ဘူ–ဟူသော အစအပိုင်းအခြားရှိသော ကြိယာအနက်ဟော သဒ္ဒါအပေါင်းတို့သည် ''ဘူဝါဒိ'' တို့ မည်ကြပါသည်။

၂။ ''ဘူ စ ဝါ စ ဘူဝါ၊ ဘူဝါ အာဒီ (ပကာရာ) ယေသံ တေ ဘူဝါဒယော''ဟူသော ဝစနတ္ထနှင့်အညီ ဘူ, ဝါ–အတူရှိသော ကြိယာအနက်ဟော သဒ္ဒါအပေါင်းတို့သည် ''ဘူဝါဒိ''တို့ မည်ကြပါသည်။

အမှာ။ ။ 'ဝါ'အရ ဂတိ, ဂန္ဓန အနက်ဟော ဝါ–ဓာတ်ကို ယူပါ။

မေး။ ဘူဝါဒယော–ပုဒ်ကို စာကိုယ်၌ ၂–နည်း ဖွင့်ဆိုထားရာ ၄င်းနှင့်စပ်၍ သိမှတ်ဖွယ်ကို ရှင်းပြပါ။

ဖြေ။ ပထမနည်းအလို– 'ဘူဝါဒယော'ကို ''ဘူ+အာဒယော''ဟု ပုဒ်ဖြတ်ရမည်၊ အာဒိသဒ္ဒါသည် မရိယာဒအနက်ရှိ၏–ဟု ဆိုလိုပါသည်။

ဒုတိယနည်းအလို– ''ဘူဝါ+အာဒယော''ဟု ပုဒ်ဖြတ်ရမည်၊ အာဒိသဒ္ဒါသည် ပကာရ (အတူ)ဟူသော အနက်ကို ဟော၏–ဟု ဆိုလိုပါသည်။

မေး။ ဘူဝါဒိသု ဝကာရောယံ၊ ဥယျော အာဂမသန္ဓိဇော။
ဘူဝါ ပကာရာ ဝါ ဓာတူ၊ သကမ္မာကမ္မကတ္ထတော–ဟူသော ဂါထာ၏ အနက်အဓိပ္ပါယ်ကို ရှင်းပြခဲ့ပါ။

ဖြေ။ ဘူဝါဒယော–ကို ''ဘူ+အာဒယော''ဟု ပုဒ်ဖြတ်ရသော ပထမနည်း၌ 'ဝ'သည် အာဂမသန္ဓိ၌ဖြစ်သော (ယဝမဒန–စသောသုတ်ဖြင့် လာထားသော) အက္ခရာ ဖြစ်၏။ ယင်း ပထမနည်းအလို– 'ဘူ'အစရှိသော ကြိယာအနက်ဟော သဒ္ဒါအပေါင်းတို့သည် ''ဓာတ်''မည်ကုန်၏–ဟု အဓိပ္ပါယ်ရပါသည်။

''ဘူဝါ+အာဒယော''ဟု ပုဒ်ဖြတ်ရသော ဒုတိယနည်းအလိုကား– 'ဘူ'နှင့် အကမ္မကကြိယာ အနက်ဟောချင်းတူသော သဒ္ဒါအပေါင်းသည်လည်းကောင်း၊ 'ဝါ' နှင့် သကမ္မကကြိယာ အနက်ဟောချင်းတူသော သဒ္ဒါအပေါင်းသည်လည်းကောင်း ''ဓာတ်'' မည်ကုန်၏–ဟု အဓိပ္ပါယ် ရပါသည်။

မှတ်ချက်။ ။ 'ဘူ'ဓာတ်သည် အကမ္မကကြိယာအနက်ဟော သဒ္ဒါအပေါင်း (ဓာတ်) တို့၏ ခေါင်းဆောင်၊ 'ဝါ'ဓာတ်သည် သကမ္မကကြိယာအနက်ဟော သဒ္ဒါအပေါင်း (ဓာတ်) တို့၏ ခေါင်းဆောင်ဖြစ်၏–ဟု မှတ်ပါ။

မေး။ ဘူဝါဒယော ဓာတဝေါ–သုတ်ကို ရူပသိဒ္ဓိဆရာအလိုကျ အနက် ၂–နည်းပေးပြပါ။

ဖြေ။ ၁။ ဘူဝါဒယော၊ ဘူ–ဟူသော အစအပိုင်းအခြားရှိကုန်သော။ (ယေ သဒ္ဒဂဏာ၊ အကြင်ကြိယာအနက်ဟော သဒ္ဒါအပေါင်းတို့သည်။ သန္တိ ရှိကုန်၏။ တေ သဒ္ဒဂဏာ၊ တို့သည်။) ဓာတဝေါ၊ ဓာတ်တို့မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

(''ဘူဝါဒယော၊ ဘူ–ဟူသော အပိုင်းအခြားရှိကုန်သော ကြိယာအနက်ဟော သဒ္ဒါ အပေါင်းတို့သည်။ ဓာတဝေါ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏''ဟု ယ, တသဒ္ဒါများ မထည့်ဘဲလည်း ပေးနိုင်သည်။)

၂။ ဘူဝါဒယော၊ ဘူ, ဝါ–အတူရှိကုန်သော (ယေ သဒ္ဒဂဏာ၊ အကြင်အကမ္မက,

http://www.dhammadownload.com

သကမ္မက ကြိယာအနက်ဟော သဒ္ဒါသဒ္ဒါအပေါင်း တို့သည်။ သင်္ကြ၊ ကုန်၏။ တေ သဒ္ဒဂဏာ၊ တို့သည်။) ဓာတဝေါ၊ ကုန်သည်။ ဟောင်္ကြ၊ ကုန်၏။ (''ဘူဝါဒယော၊ ဘူ, ဝါ-အတူရှိ ကုန်သော အကမ္မက, သကမ္မကကြိယာအနက်ဟော သဒ္ဒါ အပေါင်းတို့သည်။ ဓာတဝေါ၊ ကုန်သည်။ ဟောင်္ကြ၊ ကုန်၏''ဟု ယ, တ သဒ္ဒါများ မထည့်ဘဲလည်း ပေးပါ။)

ဒုတိယကဏ္ဍ ပြီး၏။

တတိယကဏ္ဍ

၄၅၈၊ ၄၆၁။ ကွစာဒိဝဏ္ဏာန မေကဿရာနံ ဒွေဘာဝေါ။ (၂၇၅)

မေး။ ကွစာဒိဝဏ္ဏာန မေကဿရာနံ ဒွေဘာဝေါ-သုတ်ဖြင့် ဒွေးဘော်ပြုရာ၌ ပြည့်စုံရမည့် အင်္ဂါ အချက်အလက်တို့ကို ဖော်ပြပါ။

ဖြေ။ ၁။ ဓာတ်တို့၏ အစဖြစ်ခြင်း၊ ၂။ တစ်လုံးသော သရရှိခြင်းတို့ ဖြစ်ပါသည်။

ဥပမာ- ''ဘူ''ဓာတ်နောင် ပရောက္ခာဝိဘတ်သက်၍ ''ဘူ+အ''ဟု ဖြစ်နေသော အခါ အစလည်းဖြစ်, ဦသရလည်းရှိသော ''ဘူ'' ကို ''ဘူ ဘူ'' ဟု ဒွေးဘော်ပြုရပါမည်။ ''ပစ်+အ''၌ ဓာတ်၏အစလည်းဖြစ်, အသရလည်းရှိသော ''ပ'' ကို ''ပ ပ''ဟု ဒွေးဘော်ပြုရပါမည်။

မေး။ ဒွေးဘော်သည် အာဂမဝိဓိလော? အာဒေသဝိဓိလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဘာသာဋီကာဆရာတော် က ''ဒွေဘာဝေါ''ပုဒ်ကို ''ဒ္ဝိန္နံ ဘာဝေါ ဒ္ဝိဘာဝေါ''ဟု ဝစနတ္ထပြု၍ ''၂-လုံးတို့၏ ဖြစ်ကြောင်း ဖြစ်ရာ နောက်ထပ်တစ်လုံးလာခြင်းသည် ဒွေးဘော်မည်၏''ဟု ရေးသားတော်မူပါသည်။ ယင်းအလို ဒွေးဘော်သည် ''အာဂမဝိဓိ'' ဖြစ်ပါသည်။

ဒွေဘာဝေါ-ပုဒ်နှင့် အလားတူဖြစ်သည့် ''ဩဘာဝေါ ကွစိ ယောသု ဝကာရဿ'' ဟူသော ရူပသဒ္ဒိ နာမ် (၁၀၉) သုတ်လာ ''ဩဘာဝေါ''ကိုထောက်လျှင် ဒွေးဘော်သည် အာဂမဝိဓိ မဟုတ်, **အာဒေသဝိဓိသာ** ဖြစ်ကြောင်း ထင်ရှားပါသည်။

မှန်၏- ''ဩဘာဝေါ''ဟူသည် ဩ-လာခြင်းမဟုတ်, ဩအပြုသာ ဖြစ်ပါသည်။ ထို့အပြင် ဒွေဘာဝေါ-ကို ဒ္ဝိတ္တံ-ဟု ဘာဝနိဒ္ဒေသ တ္တပစ္စည်းဖြင့် ဖွင့်ပြထားသည်ကို ထောက်၍လည်း ဒွေးဘော်ကို အာဂမ-ဟု မဆိုသင့်ပါ။ အဘယ့်ကြောင့်ဆိုသော် ယင်း ဒ္ဝိတ္တံ-ပုဒ်နှင့် အလားတူဖြစ်သည့် အတ္တံ, စဝဂ္ဂယကာရဝကာရတ္တံ, ထ္ထိတ္တံ, ထ္ထုတ္တံ, ဋ္ဌတ္တံ, ကာသတ္တံ, သီဒတ္တံ-စသည်တို့သည် အာဂမဟုတ်, အာဒေသသာဖြစ်သောကြောင့် ဖြစ်ပါသည်။

"ဒ္ဝိဗ္ဗစနံ ဘဝတိတိ ဒွေ ပဒါနိ အာဒေသာ ဘဝန္တီတိ ဣစ္ဆတ္ထော"ဟူသော ပါဏိနိ (၈၊ ၁၊ ၁။) သုတ်အဖွင့် ဗာလမနောရမာ ဋီကာကို ထောက်လျှင်လည်း ဒွေးဘော်သည်

http://www.dhammadownload.com

အာဒေသဝိဓိသာ ဖြစ်ကြောင်း ထင်ရှားပါသည်။

ကျေးဇူးရှင် အဘယာရာမဆရာတော်
ဘဒ္ဒန္တသီလာနန္ဒ (ကမ္ဘာဇုဒ္ဒသာသနာပြု)၏ မိန့်မှာချက်

ဦးဇင်းတို့က စာသင်သားသံဃာ အများကြီးနှင့် နေကြတာ၊ မမှားစေနဲ့၊ ဦးဇင်းတို့က အမှားတစ်ခု ပြောလိုက်မိလျှင် မှားတဲ့ပုဂ္ဂိုလ်တွေ တသီတတန်းကြီး ဖြစ်သွားလိမ့်မယ်၊ ''ဉာဏ်ရှိ ယောဂျာ၊ မှားလတ်သောခါ၊ ဆေးလွန်နာကို၊ ဆရာနောက်ဆက်၊ အကုခက်သို့၊ ဖျက်၍အမြဲ၊ ပြင်နိုင်ခဲ၏''ဆိုတဲ့ မယဒေဝလာ စကားရပ်ကို ကြပ်ကြပ် သတိပြုပါ။

မေး။ ကွစာဒီဝဏ္ဏာန မေကာသရာနံ ဒွေဘာဝေါ သုတ်လာ ကွစိ–သဒ္ဒါ၏ အနက်ကို ဖော်ပြ၍၊ ယင်းကွစိသဒ္ဒါ၏ သက်မှတ်ချက်ကိုလည်း ဖော်ပြပါ။

ဖြေ။ ''အနေကတ္ထာ ဟိ နိပါတာ''ဟူသည်နှင့်အညီ နိပါတ်ပုဒ်တို့သည် များသောအနက်ရှိသောကြောင့် ဤသုတ်၌ ကွစိ–သဒ္ဒါသည် ဝါ–သဒ္ဒါကဲ့သို့ ဝဝတ္ထိတဝိဘာသာ အနက်ရှိပါသည်။

ထိုကွစိသဒ္ဒါက– ''တိတိက္ခတိ, ဇိဂုစ္ဆတိ, ပိဝါသတိ''စသော ပြယုဂ်တို့၌ ခ, ဆ, သ ပစ္စည်းတို့ကြောင့်လည်းကောင်း၊ ''ဗဘူဝ, ပပစ, ဇဂါမ''စသော ပြယုဂ်တို့၌ ပရောက္ခာဝိဘတ်တို့ကြောင့်လည်းကောင်း အလုံးစုံသော ဓာတ်တို့ကို အမြဲ ဒွေးဘော်ပြုရပါသည်။ (နိစ္စဝိဓိ)

''ဇုဟောတိ''စသော ပြယုဂ်တို့၌ ဘူဝါဒိ အ–ပစ္စည်းကြောင့် ဇုဟောတျာဒိဂိဏ်းဓာတ်ကိုလည်း အမြဲဒွေးဘော်ပြုရပါသည်။ ဇုဟောတျာဒိသမိ–၌ အပိသဒ္ဒါဖြင့် ''စက်မတိ, စက်မန္တိ''စသော ပြယုဂ်တို့၌လည်း အမြဲ ဒွေးဘော်ပြုရပါသည်။ (နိစ္စဝိဓိပင်)

''ဇုတိတဗ္ဗံ, ဟောတဗ္ဗံ၊ ပဇဟိတဗ္ဗံ, ပဟာတဗ္ဗံ၊ ပိဒဟိတဗ္ဗံ, ပိဓာတဗ္ဗံ''စသော ပြယုဂ်တို့၌ ကိစ္စပစ္စည်းကြောင့်လည်းကောင်း၊ ''ဇဟိတွာ, ဟိတွာ၊ ဇဟိတုံ, ဟာတုံ၊ ပိဒဟိတွာ, ပိဓာယ''စသော ပြယုဂ်တို့၌ တွာ, တုံစသော ကိတ်ပစ္စည်း တို့ကြောင့်လဲညီးကောင်း ဇုဟောတျာဒိဓာတ်တို့ကို အချို့ ဒွေးဘော်ပြုရပါသည်။ (အနိစ္စဝိဓိ)

''ဒါတဗ္ဗံ, ဒတွာ, ဟုတံ, ဟိနံ, ဒိန္နံ'' စသော ပြယုဂ်တို့၌ တဗ္ဗ, တွာ စသော ကိစ္စ, ကိတ ပစ္စည်းတို့ကြောင့် ဇုဟောတျာဒိဓာတ်ပင်ဖြစ်သော်လည်း ဒွေးဘော်မပြုရပါ။ အခြားသော ဝိဘတ်ပစ္စည်းတို့နှောင်းရာ အခြားသောဓာတ်တို့ကိုလည်း ဒွေဘော်မပြုရပါ။ (အသန္တဝိဓိ)

မှတ်ချက်။ ။ ကိစ္စာဒိကေ–၌ အာဒိသဒ္ဒါဖြင့် တုံ, တွာ စသော ကိတ် ပစ္စည်းတို့ကို ယူ။

အမှာ။ ။ အချို့သော အမေး+အဖြေ စာအုပ်တို့၌ ရေးသားပုံများမှာ မစုံလင်သည့်ပြင် မှားယွင်းနေသောအချက်များကိုလည်း တွေ့ရပါသည်။ ထိုကြောင့် သတိပြု၍ ကြည့်ရှု မှတ်သားကြပါလေ။

၄၅၉၊ ၄၆၂။ ပုဗ္ဗော'ဇ္ဈာသော။ (၂၇၅)

မေး။ ပုဗ္ဗော'ဇ္ဈာသော သုတ်ကို နိယမာနိယမ စုံလင်စွာထည့်လျက် အဓိပ္ပါယ် ပေါ်လွင်အောင်

http://www.dhammadownload.com

အနက်ပေးပြပါ။

ဖြေ။ ဒွေဘူတဿ၊ နှစ်လုံးဖြစ်၍ဖြစ်သော။ ဓာတုဿ၊ ဓာတ်၏။ ပဗ္ဗော၊ ရှေ့ဖြစ်သော။ ယော အဝယဝေါ၊ အကြင်အဓိတ်အကွရာသည်။ အတ္ထိ၊ ရှိ၏။ သော အဝယဝေါ၊ သည်။ အဗ္ဘာသော၊ 'အဗ္ဘာသ'မည်သည်။ ဟောတိ၊ ဖြစ်၏။

မေး။ ''အဗ္ဘာသ''၏ အဓိပ္ပါယ်ကို ရေး၍၊ ရုပ်ပြီးပုံကိုလည်း ဖော်ပြပါ။

ဖြေ။ ''အဘျာသိယတေတိ အဗ္ဘာသော''ဟူသော ဝစနတ္ထနှင့်အညီ တစ်ဖန်ထပ်၍ ရွတ်ဆို အပ်သောကြောင့် ''အဗ္ဘာသ'' မည်ပါသည်။ (သက္ကတ၊ ထောမနိဓိ အဘိဓာန်)။

နိဒ္ဒေသအလို– ''အာ (အတိရေကံ) ဘာသိတဗ္ဗောတိ အဗ္ဘာသော''ဟူသော ဝစနတ္ထ နှင့်အညီ အပိုအလွန် ရွတ်ဆိုအပ်သောကြောင့် ''အဗ္ဘာသ'' မည်ပါသည်။

ပထမနည်းအလို– အဘိပုဗ္ဗ အသုဓာတ်+ဏ ပစ္စည်း၊ အဘိ–ကို အဗ္ဘ–ပြု၊ အ ကို အာဝုဒ္ဓိပြု၍ ''အဗ္ဘာသ''ဟု ပြီးပါသည်။

ဒုတိယနည်းအလို– ''အာပုဗ္ဗ+ဘာသဓာတ်+ဏပစ္စည်း'' အာသဒ္ဒါ အတိရေက အနက်ဟောတည်း။ ဘ–ကို အသဒိသဒ္ဒေးဘော်ပြု၊ ဗ္ဘသံယုတ်ကြောင့် အာကို အရသ ပြု၍ ''အဗ္ဘာသ''ဟု ရုပ်ပြီးပါသည်။

မှတ်ချက်။ ။ ဤ အဗ္ဘာသ အဓိပ္ပါယ်ကို ရူပသိဒ္ဓိနှင့် ၄င်းဋီကာတို့၌ မဖွင့်ပါ။

၄၆၀၊ ၅၀၆။ ရဿော။ (၃၀၃၊ ၃၀၆)
၄၆၁၊ ၄၆၄။ ဒုတိယစတုတ္ထာနံ ပဋမတတိယာ။ (၂၇၆၊ ၃၀၈)

မေး။ (က) ဒဓာတိ (ခ) ပိဒဟတိ (ဂ) နိဓေတိ တို့ကို ရုပ်တွက်ပြပါ။

ဖြေ။ (က) ဓာ–ဓာတ်တည်၊ တိဝိဘတ်သက်, အပစ္စည်းသက်၊ ဒွေဘော်ပြု၊ အဗ္ဘာသမှည့်၊ ရဿော သုတ်ဖြင့် ရဿပြု၊ အပစ္စည်းကို ဧ၊ စတုတ္ထကွရာ ဓ–ကို တတိယ ကွရာ ဒ–ပြု၊ ''ဒဓာတိ'' ပြီး၏။

(ခ) အပိ–ဓာ+အ+တိ၊ ဒွေဘော်အပြုစသည်စီရင်၍ (ရှေ့နည်းအတိုင်းတွက်)၊ ''အပိ–ဒဟတိ''ဟု ဖြစ်သောအခါ တေသု ဝုဒ္ဓိသုတ်ကြီးဖြင့် အ ကို ဧ၊ ကွစိဓာတု သုတ်ကြီးဖြင့် ဓ–ကို ဟ–ပြု, အာကိုလည်း အရသပြု၊ ''ပိဒဟတိ'' ပြီး၏။

(ဂ) နိ–ဓာ+အ+တိ၊ ဒွေးဘော်မပြုဘဲ အ–ကို ဧ–ပြု၊ ''နိဓေတိ'' ပြီး၏။

၄၆၃၊ ၅၃၂။ မာနကိတာနံ ဝတတ္တံ ဝါ။ (၃၂၆)

မေး။ မာနကိတာနံ ဝတတ္တံ ဝါ သုတ်၌ 'မာနကိတာနံ'အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ သုတ်၌ ''မာနကိတာနံ''ဟု သာမညဆိုထားသော်လည်း အဗ္ဘာသသဒ္ဒါ လိုက်လာ သဖြင့် ထည့်ဖွင့်သော ''အဗ္ဘာသဂတာနံ'' ဟူသော ဝိသေသနပုဒ်ကို ထောက်၍ 'မာန ကိတာနံ'အရ ''အဗ္ဘာသ၌ ဖြစ်သော မာနဓာတ်၏ မ, ကိတဓာတ်၏ က''တို့ကိုသာ ယူရပါသည်။

ဤသုတ်ဖြင့် အဗ္ဘာသ၌ဖြစ်သော မာနဓာတ်၏ မ–ကို ဝ–ပြု၊ ကိတဓာတ်၏ က–ကို တ–ပြုပါ ဟူလို။

မေး။ မာနကိတာနံ ဝတတ္တံ ဝါ–သုတ်၌ ဝါသဒ္ဒါ၏အနက်ကို ဖော်ပြပါ။

http://www.dhammadownload.com

ဖြေ။ ''တိကိစ္ဆတိ''ပြယုဂ်၌ ကိတဓာတ်၏ က–ကို တ–ပြု၍၊ ''ဝိစိကိစ္ဆတိ''၌ ကကို တ–မပြု၊ ထိုကြောင့် ရူအလို ဝါသဒ္ဒါ ဝဝတ္ထိတဝိဘာသာအနက်ရှိ၏–ဟု ဆိုသင့်ပါသည်။ အခြားကျမ်းတို့အလိုကား ဝိကပ်–ဟု ဆိုရပါမည်။

(''ဝိစိကိစ္ဆတိ'' ၌ ကဝဂ္ဂသ စ ဝဂ္ဂေါ သုတ်ဖြင့် က–ကို စ–ပြု။)

၄၆၄၊ ၅၀၄။ ဟသ ဇော။ (၃၀၃)

မေး။ ဟု ဓာတ်၏ အနက်ကို ဖော်ပြပါ။

ဖြေ။ ဒါန = ပေးလှူခြင်း, အဒန= စားခြင်း, ဟဗျပ္ပဒါန = မီးခွဲပူဇော်အပ်သော မီးစာထောပတ်စသည်ကို ပေးခြင်း (ယဇ်စာပေးခြင်း) အနက်တို့ ဖြစ်ပါသည်။

မေး။ (က) ဟု ဒါနာဒနဟဗျပ္ပဒါနေသု (ခ) ဟု ဒါနာဒါနဟဗျပ္ပဒါနေသု– ဟု နှစ်မျိုးကွဲပြားနေရာ အဘယ်ပါ၌သာ သင့်သည်ကို စိစစ်ဆုံးဖြတ်ပါ။

ဖြေ။ ထို နှစ်မျိုးတို့တွင်–

''ဟု ဒါနာဒနဟဗျပ္ပဒါနေသူတိ ဟု ကွစ္စယံ ဓာတု ဒါနေ စ, **အဒနံ နာမ ဘက္ခနံ** တသ္မိ အဒနေ စ, ဟဗျဿ အဂ္ဂိမှိ ဇုဟိတဗ္ဗဿ ကွန္ဓနသပ္ပိယာဒိကဿ ပဒါနေ စ ဝတ္တတီတိ အတ္ထော''ဟု ရူပသိဒ္ဓိဋီကာ (၁၉၈)၌ ဖွင့်သောကြောင့်လည်းကောင်း၊ ကျမ်းရင်းဖြစ်သော ပါဏိနီယ ဓာတုပါဌကျမ်း၌ ''ဟု ဒါနာဒနေသု''ဟု ရှိသောကြောင့် လည်းကောင်း ''အဒနံ ဘက္ခနံ''ဟု ကဝိကပ္ပဟေဇနာ ဆိုသောကြောင့်လည်းကောင်း (က)အမှတ်ပြုပါ၌သာ မူလပါ၌ ဖြစ်ပါသည်။

ကစ္စာယန ဓာတုမဉ္ဇူသာကျမ်း၌ ''ဟု ဒါနေပိ စ အာဒါနေ၊ ဟဗျပ္ပဒါနေ စ ဝတ္တတိ'' ဟု ဆိုသည်၊ ထိုအဆိုသည်– ''အာဒါနေ စေတျကေ'' ဟူသော ပါဏိနီယ ဓာတုပါဌလာကေဝါဒ, မုတ္တာဝလိ အဘိဓာန်တို့နှင့် ညီသော်လည်း အောက်၌ပြခဲ့သော သာဓကများအရ (က) အမှတ်ပြု ပါဌ်ကိုသာ အတည်ပြုသင့်ပါသည်။

မေး။ (က) ဇုဟောတိ (ခ) ဇုဟွတိ (ဂ) ဟူယတေ တို့ကို ရှုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ (က) ဟု ဓာတ်တည်၊ ဓာတ်နက်ကြား၊ တိဝိဘတ်သက်, အပစ္စည်းသက် (ဟု – တိ) 'ဟုဟု'ဟုဒွေးဘော်ပြု၊ အဇ္ဈာသမှည့်, ဟသ ဇော သုတ်ဖြင့် ဟ် ကို ဇ်ပြု (ဇုဟု–တိ)၊ လောပဠွေတ္တ မကာရောသုတ်ဖြင့် အပစ္စည်းကိုချေ (ဇုဟုတိ)၊ အညေသု စ သုတ်ဖြင့် ဟု–၌ ဥ ကို သြ ဝုဒ္ဓိပြု၊ ''ဇုဟောတိ'' ပြီး၏။

(ခ) အသရမကျေရာဝယ် ဟု ၌ ဥ ကို လ အမည်မှည့်၊ ယ ဿကာရာ စ သုတ်ဖြင့် ပုဒ်အဆုံးမဟုတ်သော ဟု ၌ ဥ ကို ဝ် ပြု၊ ဝ် အသို့ကပ်, ဟ် ဝ သို့ကပ်၊ ''ဇုဟွတိ'' ပြီး၏။

(ဂ) ဟု ဓာတ်တည်၊ တေ ဝိဘတ်သက်, ယပစ္စည်းသက် (ဟု ယ တေ)၊ က ့ စ ် ဓာတု သုတ်ကြီးဖြင့် ဥ ကို ဦဒီဃပြု၊ ''ဟူယတေ'' ပြီး၏။

၄၆၅၊ ၄၆၃။ အန္တသိဝဏ္ဏာကာရော ဝါ။ (၂၇၅)

မေး။ ဝါ သဒ္ဒါ၏ အနက်နှင့် သတ်မှတ်ချက်တို့ကို ဖော်ပြပါ။

ဖြေ။ ဝါ သဒ္ဒါ ဝဝတ္ထိတဝိဘာသာအနက် ရှိပါသည်။ ထိုဝါသဒ္ဒါကြောင့် ဇီဃဿတိ, ပိဝါသတိ,

http://www.dhammadownload.com

ဇိဂုစ္ဆတိ''စသော ပြယုဂ်တို့၌ ခ, ဆ, သ ပစ္စည်းတို့တွင် ဆ, သ ပစ္စည်းတို့ကြောင့် အဿာသ၌ဖြစ်သော အဝဏ်နှင့်၊ ဆ ပစ္စည်းကြောင့် ဂုပဓာတ်၏ ဥသရတို့ကို အမြဲ ဂ္ဂ–ပြုရပါသည်။

''ဝိမံသတိ'' ဟူသော ပြယုဂ်၌ အဿာသ၌ ဖြစ်သော ''ဝါ'' ဓာတ်၏ အဆုံးအာကို အမြဲ ဤ ပြုရပါသည်။

''ဗဘူဝ''ဟူသော ပြယုဂ်၌ ပရောက္ခာ အ ဝိဘတ်ကြောင့် အဿာသ၌ဖြစ်သော ဘူဓာတ်၏ အဆုံး ဥ ကို အမြဲ အ ပြုရပါသည်။ (နိရုတ္တိဝိ ၃–ချက်)

''ပုဘုက္ခတိ, ဇုဟောတိ, စိကိစ္ဆတိ, တိကိစ္ဆတိ ဒဒါတိ, ဒဓာတိ'' စသော ပြယုဂ်များဝယ် အဿာသ၌ ဖြစ်သော သရများကို ဣ မပြုရ၊ အ လည်း မပြုရ။ (အသန္တဝိဓိ)

မှတ်ချက်။ ။ အနိစ္စဝိဓိကို မပြပါ။

ခဆသေသု အဝဏ္ဏဿ–စသော ဂါထာ၌ ရှင်းလင်းချက်

ဂါထာ၌ ''ခ ဆ သေသု''ဟု ဆိုထားသော်လည်း ခ ပစ္စည်းအတွက် ပြယုဂ်မရှိပါ။ ''တိဇ ဂုပ ကိတ မာနေဟိ ခ ဆ သာ ဝါ'' ဟု ဆ သ တို့နှင့်တွဲဖက်ဖြစ်၍ ''ခ'' ကို ထည့်ထားခြင်း ဖြစ်၏။ လိုရင်းမှာ– ''ဆ, သ'' နှစ်ပစ္စည်းသာ။ ထိုကြောင့် ခ, ဆ, သ ပစ္စည်းတို့တွင် ဆ, သ ပစ္စည်းတို့ကြောင့်''ဟု အထက်၌ ရေးပြခဲ့ခြင်း ဖြစ်သည်။

သဂုပုဿ– ဂုပဿ ဥ ဂုပု။

ဂုပဿ၊ ဂုပဓာတ်၏။ ဥ၊ ဥတည်း။ ဂုပု၊ ဂုပ–ဓာတ်၏ ဥ။ ''ဂုပဓာတ်၏ ဥ''ဟု ဆိုသော်လည်း ရုပ်တည်စဉ်က ဂုပဓာတ်၏ ဥ ကို မယူရ၊ ဂု–ကိုဒွေဘော်ပြု၍ ''ဂုဂုပ''ဟု ဖြစ်သောအခါ အဿာသ၌ ဖြစ်သော ဂု–၏ ဥ ကိုသာ ယူရသည်။ ''အဿာသဂတဿ အန္တဿ''ဟူသော ဝုတ္တိအဖွင့်ကို ထောက်ပါ။ ''အဝဏ္ဏဿ, ဝါဿ, ဘုဿ''တို့၌လည်း နည်းတူ သိပါလေ။)

ဂုပုနာ သဟ ဝတ္တတီတိ သဂုပု၊ တဿ သဂုပုဿ။

ဂုပဓာတ်၏ ဥ နှင့်တကွဖြစ်သော အဝဏ်ကို ရ၏။ တဂ္ဂါဏသံဝိညာဏာ ဗဟုဗ္ဗီဟိသမာသ် ဖြစ်သောကြောင့် ဂုပဓာတ်၏ ဥ ကိုလည်း ရ၏။

၄၆၆၊ ၄၈၉။ နိဂ္ဂဟိတဥ္စ။ (၂၉၃)

မေး။ နိဂ္ဂဟိတဥ္စ သုတ်သို့လိုက်လာသော ဝါ သဒ္ဒါ၏ အနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ ဝါ သဒ္ဒါ ဝဝတ္ထိတဝိဘာသာအနက် ရှိပါသည်။ ထိုဝါသဒ္ဒါကြောင့် – အဿာသ၌ဖြစ်သော ကမု, စလ, ဂမု စသော ဓာတ်တို့၏ အဆုံး၌သာလျှင် နိဂ္ဂဟိတ်လာရပါသည်။ (နိရုတ္တိဝိ)

ပြယုဂ်– စင်္ကမတိ၊ စဉ္စလတိ၊ ဇင်္ဃတိ။

ပါ စသော ဓာတ်တို့၏ အဆုံး၌ မလာရပါ (အသန္တဝိဓိ)

ပြယုဂ်– ပိဝါသတိ၊ ဒဒလ္လတိ။

မေး။ (က) အဝုဒ္ဓိက ဘူဝါဒိနယော (ဆဒ္ဒမူ၊) (စာ၊ ၂၉၃။)

(ခ) သဝုဒ္ဓိက ဘူဝါဒိနယော (ရွေးမူ၊ သီမူ။)

အထက်ပါ ပါဠိ ၂–မျိုးတို့တွင် သင့်မြတ်သောပါဠိကို ခိုင်လုံသော ယုတ္တိသာဓကတို့ဖြင့် ဆုံးဖြတ်ချက်ချခဲ့ပါ။

http://www.dhammadownload.com

ဘာသာဋီကာဆရာတော်က ''ဘူ, ဟူ သတ္တာယံ–ဟု လာလတ္တံ့သော ဟူဓာတ်, ဘူဓာတ် စသည်တို့ကို ဝုဒ္ဓိထင်ရှားသောကြောင့် 'သဝုဒ္ဓိက ဘူဝါဒိဓာတ်'ဟု **ခေါ်**၏။ ဤပြခဲ့သော ဓာတ်များ၌ကား (ဘဝတိ–၌ ဝုဒ္ဓိပြုရစေကာမူ) ဝုဒ္ဓိ မထင်ရှားသောကြောင့် **'အဝုဒ္ဓိက** ဘူဝါဒိ' မည်၏။ ထိုအဝုဒ္ဓိက ဘူဝါဒိဓာတ်တို့ကို သိရာသိကြောင်းနည်းကား ဤတွင် ပြီးပြီ–ဟူလို''ဟု ရေးပြီးနောက် [သဝုဒ္ဓိက–ဟု ယခုစာတို့၌ တွေ့ရ၏။စိစစ်ကြပါကုန်]'' ဟု ဆက်ရေးတော်မူသည်။

ထိုကို လိုက်၍ ဆဋ္ဌမူ၌ ''အဝုဒ္ဓိကဘူဝါဒိနယော''ဟု ပြင်လိုက်ခြင်း ဖြစ်သည်။

ရှေးမူ သီဟိဠ်မူတို့၌ ''သဝုဒ္ဓိက ဘူဝါဒိနယော''ဟု ရှိခဲ့သည်။ ဂဏ္ဌိ၌လည်း ''သဝုဒ္ဓိက ဘူဝါဒိနယော''ကိုပင် အတည်ပြုထားသည်ကို တွေ့ရသည်။

နောက်၌ တစ်ဆက်တည်း ပြထားသည့် ''တုဒ ဗျထနေ၊ တျာဒျုပ္ပတ္တိ အ ပစ္စယော၊ ''အညေသု စာ''တိ ဇော္ထာနုဝတ္တိတ ဝါဂ္ဂဟဏေန တုဒါဒီနံ ဝုဒ္ဓိ အဘာဝေါ ဝိသေသော'' ဟူသော စကားကိုထောက်လျှင် ဤ ဘူစသောဓာတ်များသည် ဝုဒ္ဓပြုရမည့် ''သဝုဒ္ဓိက ဘူဝါဒိ'' ဖြစ်ကြောင်း ထင်ရှားလှပါသည်။

''ယင်းသို့ဖြစ်လျှင် ဝုဒ္ဓိမပြုရသော ပစတ်စသည်တို့ကို ဘာ့ကြောင့် ဤ သဝုဒ္ဓိက ဘူဝါဒိနယ၌ ထည့်သွင်းထားရပါသနည်း''ဟု မေးဖွယ်ရှိသည်။ အဖြေကား – အခြားသော တုဒါဒိ, ဟုဝါဒိ, ဇုဟောတျာဒိဂိုဏ်းများအတွင်းသို့ ထည့်သွင်း၍ မဖြစ်သောကြောင့် အများနှင့်ဆက်ဆံ သာမန်ဖြစ်သော ဤသဝုဒ္ဓိက ဘူဝါဒိဂိုဏ်းတွင် ထည့်သွင်းထားရသည်ဟု ဖြေပါ။

''ဝုဒ္ဓိပြုသော်လည်း ဝုဒ္ဓိမထင်ရှား'' ဟူသော ဘာသာဋီကာစကားကိုလည်း စဉ်းစားသင့်သည်၊ ဘဝတိ–၌ ဝုဒ္ဓိမထင်ရှားဟုဆိုလျှင် ''ရောဒတိ, အက္ကောသတိ''တို့၌ မည်သို့ ဆိုမည်နည်း။ ဝုဒ္ဓိမထင်ရှားဟုပင် ဆိုရမည်လော? မဆိုနိုင်ပါ။ စင်စစ်ကား ''သဝုဒ္ဓိက, အဝုဒ္ဓိက''ဟူသော ပါဠိသည် ဝုဒ္ဓိပြုခြင်းရှိ/ မရှိ (ဝုဒ္ဓိပြု/ မပြု)ကိုသာ ဆိုလိုပါသည်။ ဝုဒ္ဓိ ထင်ရှား/ မထင်ရှားကို မဆိုလိုပါ။ (ရှေ့၌ ပြခဲ့သော ဘူဝါဒိဂိုဏ်းဓာတ် ၄– မျိုးကိုလည်း ပြန်ကြည့်ပါ။)

ထို့ကြောင့် (ခ)အမှတ်ပြပါဠိသာ အမှန်ဖြစ်ပါသည်။

မေး။ ''တုဒါဒိ ဘူဝါဒိဂိုဏ်းဓာတ်''ဟူသည် အဘယ်သို့သော ဓာတ်မျိုး ဖြစ်ပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အညေသု စ သုတ်၌ လိုက်လာသော ဝါသဒ္ဒါ၏ တားမြစ်ချက်ကြောင့် ဝုဒ္ဓိမပြုရသော တုဒဓာတ်နှင့် အလားတူသော ဓာတ်များကို ''တုဒါဒိ ဘူဝါဒိဂိုဏ်းဓာတ်''ဟု ဆိုရပါသည်။

မေး။ သဝုဒ္ဓိက ဘူဝါဒိဂိုဏ်းဓာတ်မှ ထူးသော တုဒါဒိဘူဝါဒိဂိုဏ်းဓာတ် လက္ခဏာကို ဖော်ပြပါ။

ဖြေ။ အညေသု စ သုတ်၌ လိုက်လာသော ဝါသဒ္ဒါ၏ တားမြစ်ချက်ကြောင့် ''ဝုဒ္ဓိမပြုရခြင်း''သာ ဖြစ်ပါသည်။

၄၇၆၊ ၅၃၃။ တတော ပါမာနာန ဝါမံ သေသု။ (၃၂၆)

မေး။ အောက်ဖော်ပြပါ ပါဠိနှစ်ထွေတို့တွင် သင့်မြတ်သောပါဠိကို အကြောင်း သာဓကပြ၍ ဆုံးဖြတ်ချက်ချခဲ့ပါ။

http://www.dhammadownload.com

(က) တတော ပါမာနာနံ ဝါမံသေသု
(ခ) တတော ပါမာနံ ဝါမံသေသု

ဖြေ။ ''မာ-သည် မာနဓာတ်၏ တစ်စိတ်ဖြစ်သောကြောင့် 'မာ'ကိုပင် 'ဓာတ်'ဟူသော ဝေါဟာရဖြင့် 'ပါမာနံ ဓာတူနံ'ဟူ၍ ဆိုထားခြင်းဖြစ်သည်''ဟု ရှုပသိဒ္ဓိဋီကာ ဖွင့်ဆိုသောကြောင့် ၄င်းအလို အမှတ် (က)အတိုင်း ပါဠိရှိရပါမည်။

သို့သော် 'မံ'ပြုသောအခါ မာနဓာတ်တစ်လုံးကို ပြုရသောကြောင့် အမှတ် (ခ) ပါဠိသာကောင်းသည်ဟု ဆရာမြတ်တို့ မိန့်တော်မူကြပါသည်။

သာဓက - ပါ စ မာ စ ပါ မာ၊ တေသံ။ ဓာတွေကဒေသတ္တာ ဓာတုဝေါဟာရေန ဝုတ္တံ ''ပါမာနာနံ ဓာတူန''န္တိ။ (ရူဠီ၊ ၂၀၆။)

မေး။ ပါ ဓာတ်, မာနဓာတ်တို့၏ ဓာတ်နက်များကို ဖေါ်ပြပါ။

ဖြေ။ ပါဓာတ်သည် ပါန (=သောက်ခြင်း) အနက်၌ဖြစ်၏၊ မာန ဓာတ်သည် ဝိမံသာ (=စုံစမ်းခြင်း)၊ ပူဇာ (=ပူဇော်ခြင်း) အနက်တို့၌ ဖြစ်၏။

မေး။ သပစ္စည်း တစ်မျိုးတည်း ဖြစ်၍ 'သေ'ဟု ကေဝုစ်ဖြင့် ဆိုသင့်ပါလျက် မဆိုဘဲ 'သေသု' ဟု ဗဟုဝုစ်ဖြင့် ဆိုရကျိုးကို ဖေါ်ပြပါ။

ဖြေ။ သပစ္စည်း တစ်မျိုးတည်းသာ ဖြစ်၍ 'သေ'ဟု ကေဝုစ်ဖြင့် ဆိုသင့်သော်လည်း ဘုရားဟောဖေါ် ပါဠိတော်ပြယုဂ်များ၌လည်း ''ကေဝုစ်မှ ဗဟုဝုစ်၊ ဗဟုဝုစ်မှ ကေဝုစ် ပြန်ခြင်း'' ဟူသော ''ဝစန ဝိပလ္လာသ''ရှိသည်ဟု သိစေခြင်း အကျိုးငှါ 'သေသု'ဟု ဗဟုဝုစ်ဖြင့် ဆိုရခြင်း ဖြစ်ပါသည်။

မှတ်ချက်။ ။ နိဒ္ဒေသဒ္ဓကား- တိဇ, ဂုပ, ဘုဇ ဃသ ၂-သုတ်တို့ဖြင့် သက်သော သ ပစ္စည်း ၂-မျိုးကို ယူခြင်းအကျိုးငှါလည်းကောင်း၊ ဝါစာသိလိဋ္ဌအကျိုးငှါလည်းကောင်း ''သေသု''ဟု ဝစနဝိပလ္လာသအားဖြင့်ဆိုသည်-ဟု ဖွင့်ဆိုပါသည်။

သိမှတ်ဖွယ်။ ။ ''ပယောဂေပိ''၌ အပိသဒ္ဒါဖြင့် သုတ်ကို ဆည်း၏။ ထိုကြောင့် သုတ်၌ ''သေသု''ဟူသော ဗဟုဝစနန္တပုဒ်သည်လည်း ဝစနဝိပလ္လာသပင် ဖြစ်၏-ဟု ဆိုလိုပါသည်။

မေး။ အန္တသိဝဏ္ဏာကာရော ဝါ သုတ်မှ မဏ္ဍူကဂတိကနည်းအားဖြင့် လိုက်လာသော ဝါသဒ္ဒါ၏ အနက်နှင့် သတ်မှတ်ချက်ကို ဖေါ်ပြပါ။

ဖြေ။ လိုက်လာသော ဝါသဒ္ဒါ ဝိကပ်အနက်ရှိပါသည်။ ထိုဝါသဒ္ဒါကြောင့် (ဋီကာအလို 'တဒနုပရောဓေန'ဟူသော ပရိဘာသာကြောင့်) ပါဓာတ်ကို ဝိကပ် ဝါ-ပြု ရပါသည်။ ဝါ-ပြုသောအခါ 'ပိဝါသတိ'ဟု ရုပ်ပြီး၍၊ ဝါ-မပြုသောအခါ 'ပိပါသတိ၊ ပိပါသာ'ဟု ရုပ်ပြီးပါသည်။ (စာကိုယ်၊ ၃၁၇။ ဋီကာ၊ ၂၀၆။)

မေး ပိပါသာ-ကို ရုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ ပါ ဓာတ်တည်၊ သပစ္စည်းသက်၊ ပါ ကို ပါပါ-ဟု ဒွေဘော်ပြု (ပါပါ သ)၊ ရှေ့ ပါ ကို အဇ္ဈာသအမည်မှည့်၊ အန္တိသဝဏ္ဏာကာရော ဝါ သုတ်မှ မဏ္ဍူကဂတိကနည်းဖြင့် ဝါသဒ္ဒါ လိုက်လာသောကြောင့် တတော ပါမာနံ ဝါမံ သေသု-သုတ်ဖြင့် ပါဓာတ်ကို ဝါ-မပြုရ၊ အန္တသိဝဏ္ဏာကာရော ဝါ သုတ်ဖြင့် အဇ္ဈာသ၌ဖြစ်သော အာ ကို ဣ ပြု (ပိပါသ)၊

http://www.dhammadownload.com

ကွတ္ထိလိင်အာပစ္စည်းသက်၊ နာမ်ငဲ့စသည်၊ ပြီး၏။

မေး။ ဝိမံသတိ, မာနေတိ–တို့၌ပါသော မာနဓာတ်တို့ ဓာတ်နက်ချင်း တူ, မတူ စိစစ်ဖြေဆိုပါ။

ဖြေ။ ဝိမံသတိ–၌ မာနဓာတ်သည် ဝိမံသာ(စုံစမ်းခြင်း)အနက်ကို ဟောချ၍၊ မာနေတိ–၌ မာနဓာတ်သည် ပူဇော (=ပူဇော်ခြင်း) အနက်ကို ဟောတ၏ ထိုကြောင့် မတူပါ။

မေး။ ဝိမံသတိ, မာနေတိ တို့ကို ရှင်းကျဉ်းတွက်ခဲ့ပါ။

ဖြေ။ မာန ဓာတ်တည်၊ ဓာတ်နက်ကြား၊ တိဇဂုပကိဘမာနေဟိ ခဆသာ ဝါ သုတ်ဖြင့် သ ပစ္စည်းသက်၊ မာ–ကို မာမာ–ဟု ဒွေးဘော်ပြု (မာမာနသ)၊ ရှေ့ မာ–ကို အဗ္ဘာသ အမည်မှည့်၊ အန္တသိဝဏ္ဏာကာရော ဝါ သုတ်ဖြင့် မာ–၌ အာ–ကို ဤ ပြု (မိ ဳ မာနသ)၊ မာနကိတာနံ ဝတတ္တံ ဝါ သုတ်ဖြင့် အဗ္ဘာသ၌ဖြစ်သော မ–ကို ဝ–ပြု၊ ဝ ခွင်း ချေ ကပ် (ဝိမာနသ)၊ တတော ပါမာနာနံ ဝါမံ သေသု သုတ်ဖြင့် မာနဓာတ်ကို မံပြု (ဝိမံသ)၊ တိဝိဘတ်သက်၊ ပြီး၏။

လောပဠွေတ္တမကာရော သုတ်ဖြင့် မာနဓာတ်နောင် အပစ္စည်းကို ဇ–ပြုလျှင် ''မာနေတိ'' ဟု ပြီး၏။ .

၄၆၈၊ ၄၉၂။ ဌာ တိဋ္ဌော။ (၂၉၈)

မေး။ အန္တသိ ဝဏ္ဏာကာရော ဝါ သုတ်မှ လိုက်လာသော ဝါ သဒ္ဒါ၏ အနက်နှင့် သတ်မှတ်ချက်ကို ဖေါ်ပြပါ။

ဖြေ။ အန္တသိဝဏ္ဏာကာရော ဝါ သုတ်မှ လိုက်လာသော ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိပါသည်။

ထိုဝါသဒ္ဒါက ''တိဋ္ဌတိ၊ ဌာတိ'' စသည်တို့၌ ရံခါ တိဋ္ဌ ပြုရခြင်းဟူသော အနိစ္စဝိဓိ, ''အဓိဋ္ဌေတိ''စသည်တို့၌ လုံးဝ တိဋ္ဌ မပြုရခြင်းဟူသော အသန္တိဝိဓိ ဟူသော ဝိဓိ ၂–မျိုးကို ပိုင်းခြားသတ်မှတ်ပြပါသည်။ အနိစ္စဝိဓိ မရှိပါ။

မှတ်ချက်။ ။ ''သန္တိဋ္ဌတိ'' ဟု ရှိသောကြောင့် ''သဏ္ဌာဟတိ''ကို အသန္တိဝိဓိ–ဟု မဆိုသင့်ပေ။

မေး။ (က) တိဋ္ဌတိ (ခ) ဌာတိ (ဂ) သဏ္ဌာဟတိ တို့ကို ရှင်းကျဉ်းစီရင်ပြပါ။

ဖြေ။ (က) ဌာ+အ+တိ၊ ဌာ တိဋ္ဌော သုတ်ဖြင့် ဌာဓာတ်ကို တိဋ္ဌပြု။ လောပဠွေတ္တမကာရော သုတ်ဖြင့် အပစ္စည်းကို ချေ၊ 'တိဋ္ဌတိ' ပြီး၏။

(ခ) ဌာဓာတ်ကို တိဋ္ဌ မပြုလျှင် 'ဌာတိ'ဟု ရှင်ပြီး၏။

(ဂ) သံ–ဌာ+အ+တိ၊ အ ပစ္စည်းကို ချေသင့်သော်လည်း ဝါ သဒ္ဒါဖြစ်သောကြောင့် မချေ၊ ကွစိ ဓာတုသုတ်ကြီးဖြင့် ဌာဓာတ်နောင် ဟ လာ, ဌာ–၌ အာ ကိုလည်း အရသပြု၊ ဟခွင်း ချေ ကပ် (သံ ဌဟတိ)၊ နိဂ္ဂဟိတ်ကို ဋ္ဌဝဂ္ဂန္တ ဏ် ပြု၊ နောက် ဋ္ဌ–သို့ကပ်၊ 'သဏ္ဌာဟတိ' ပြီး၏။

ဂါထာ– အလောပါဘာဝေ ဟကာရော၊ ကွစိဓာတွာဒိနာဂမော။
သံ, ပတိပုဗ္ဗော ရဿတ္တံ၊ ဝါသဒ္ဒေနိဓ ဌာသရော။

မေး။ ဌာဓာတ်၏ ပဒမာလာကို သိသာရုံမျှ ရေးပြပါ။

http://www.dhammadownload.com

ဖြေ။ တိဋ္ဌတိ၊ တိဋ္ဌန္တိ။ ဌာတိ၊ ဌန္တိ စသည် (ဝတ္တမာန် ပရဿပုဒ်၊ ကတ္တုရူပ်)
ဥပဋ္ဌိယတိ၊ ဥပဋ္ဌိယန္တိ၊ ပတိဋ္ဌဟီယတိ၊ ပတိဋ္ဌဟီယန္တိ။ (ဝတ္တမာန် အတ္တနောပုဒ်၊ ကမ္မရူပ်)
ဋ္ဌိယတေ၊ ဋ္ဌိယန္တေ - စသည် (ဘာဝရူပ်)

မေး။ ပတိဋ္ဌဟီယတိ-ကို ရူပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ ပ-ဌာ+ယ+တေ၊ ဌာဓာတ်ကို တိဋ္ဌ ပြု၊ ကွစိ ဓာတုသုတ်ကြီးဖြင့် ဌာဓာတ်နောင် ဟ-လာ, ဌာ-ဋ္ဌ အာ-ကိုလည်း အရဿပြု (ပတိဋ္ဌဟယတေ)၊ ဤ- လာ၊ ဟ ခွင်း ချေ ကပ် (ပတိဋ္ဌဟီယတေ)၊ တေ ကို တိ ပြန်၊ 'ပတိဋ္ဌဟီယတိ' ပြီး၏။

၄၆၉၊ ၄၉၄။ ပါ ပိဓေါ။ (၂၉၉)

မေး။ (က) ပါ ပိဗော (ခ) ပါ ပိဓေါ ဟု ပါဋ္ဌ ၂-မျိုးရှိရာ ရူပသိဒ္ဓိဆရာအလို အဘယ်ပါဋ္ဌသာ အမှန်ဖြစ်သည်ဟု အကြောင်းယုတ္တိပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ ကစ္စည်း၌ ''ပါ ပိဓေါ''ဟုရှိ၍၊ ရူပသိဒ္ဓိ၌ကား ''ပါ ပိဗော''ဟု ရှိပါသည်။
၄င်း၌ ပါဓာတ်ကို ပိဗ-ပြု၍ 'ပိဗတိ'ဟု ဖြစ်ပြီးနောက်မှ ကွစိ ဓာတု သုတ်ကြီးဖြင့် ဗ-ကို ဝ-ပြုရန် ညွှန်ပြထားပါသည်။ ထိုကြောင့် ၄င်းအလို ''ပါ ပိဗော''သာ အမှန် ဖြစ်ပါသည်။

မေး။ လိုက်လာသော ဝါသဒ္ဒါ၏ အနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ လိုက်လာသော ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက် ရှိပါသည်။
ထို ဝါသဒ္ဒါက ''ပိဗတိ, ပါတိ''စသည်တို့၌ ပါဓာတ်ကို ရံခါ ပိဗ-ပြုရခြင်းဟူသော အနိစ္စဝိဓိ၊ ''ပါတဗ္ဗံ, ပါနီယံ''စသည်တို့၌ ပိဗ လုံးဝမပြုရခြင်းဟူသော အသန္တဝိဓိ၊ ဤ ဝိဓိနှစ်မျိုးကို ပိုင်းခြားသတ်မှတ်ပြပါသည်။

သာဓက - ''ပါပိ ဗော''တိ ဇတ္ထ ဝဝတ္ထိတဝိဘာသတ္ထဝါဓိကာရတော
''ပါနီယံ, ပါတဗ္ဗ''န္တိအာဒီသု န ဟောတိ။ (ဋီကာ၊ ၁၉၃။)

မေး။ ပါဓာတ်၏ ပဒမာလာကို သိသာရုံမျှ ရေးပြပါ။

ဖြေ။ ပိဝတိ, ပိဗတိ, ပါတိ၊ ပိဝန္တိ, ပါန္တိ-စသည်။ (ဝတ္တမာန်ဝိဘတ်၊ ပရဿပုဒ် ကတ္တုရူပ်)
ပိယတေ၊ ပိယန္တေ။ ပိယတိ၊ ပိယန္တိ - စသည်။ (၄င်းဝိဘတ် အတ္တနောပုဒ် ကမ္မရူပ်)

မေး။ ပိဗတိ, ပိဝတိ-တို့ကို ရူပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ ပါ+အ+တိ၊ ဤသုတ်ဖြင့် ပါဓာတ်ကို ပိဗ-ပြု၊ ခွင်း ချေ ကပ်၊ ''ပိဗတိ'' ပြီး၏။
ပိဗတိ-ဟု ရူပ်ပြီးသည့်နောက် ကွစိဓာတုသုတ်ကြီးဖြင့် ဗ-ကို ဝ-ပြုလျှင် ''ပိဝတိ'' ဟု ပြီးပါသည်။

မေး။ (က) အပါယိ (ခ) အပါသိ-ဟူသော ရူပ် ၂-မျိုးတို့၏ အနေအထားကို စိစစ်ဖြေဆိုပါ။

ဖြေ။ ပါဓာတ်တည်၊ အဇ္ဇတနီ ဤဝိဘတ်သက်၊ အ, လာ၊ ယ-လာ၊ ဤ ကို ဣရဿပြု၍ ''အပါယိ''ဟု ရူပ်ပြီးပါသည်။
သို့သော် အဇ္ဇတနီ ဤဝိဘတ်နောင်းရာ၌ သ-လာ၍ ''အပါသိ''ဟု ရူပ်ပြီးစေခြင်းသာ စနစ်ကျကြောင်း ဆရာမြတ်တို့ မိန့်တော်မူကြပါသည်။

http://www.dhammadownload.com

၄၇၀၊ ၅၁၄။ ဉာဿ ၈၁ ဓံ နာ။ (၃၁၄)

မေး။ ဤသုတ်ပါ ဉာ ဓာတ်၏ အနက်ကို ဖော်ပြပါ။

ဖြေ။ ဉာဓာတ်သည် အဝဗောဓန (ထိုးထွင်း၍ သိခြင်း) အနက်ကို ဟောပါသည်။

မေး။ မာနကိတာနံ ဝတတ္တံ ဝါ သုတ်မှလိုက်လာသော ဝါသဒ္ဒါ၏ အနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ ဝါ သဒ္ဒါ ဝဝတ္ထိတဝိဘာသာအနက် ရှိပါသည်။

ထိုဝါသဒ္ဒါက

(က) အာချာတ်အရာဝယ် ဝိကရဏ နာပစ္စည်းနှောင်းရာ၌သာ ဉာဓာတ်ကို ဇာပြု။

(ခ) ယျဝိဘတ်၏ ဉာအပြုနှောင်းရာ၌သာ ဉာဓာတ်ကို ဇံပြု။

(ဂ) တိဝိဘတ်နှောင်းရာ၌သာ ဉာဓာတ်ကို နာ–ပြုဟု သတ်မှတ်ပြပါသည်။

အစဉ်အတိုင်းပုံစံများ

(က) ဝိဇာနာတိ – ဝိ – ဉာ + နာ + တိ။

(ခ) ဝိဇညာ – ဝိ – ဉာ + နာ + ယျ > ဝိ – ဉာ + ယျ > ဝိ – ဉာ + ဉာ။

(ဂ) ဝိနာယတိ – ဝိ – ဉာ + နာ + တိ > ဝိ – ဉာ + ယ +တိ။

မှတ်ချက်။ ။ ဆရာမြတ်တို့ကား ဂါထာ၌ – ''နာဘာဝေါ ယမှိ ဇဝိဓ''ဟုပြင်၍ နာပစ္စည်း၏ ယ အပြုနှောင်းရာ၌သာ ဉာဓာတ်ကို နာ–ပြုဟု မိန့်ဆိုကြပါသည်။

မေး။ ရူပသိဒ္ဓိဂါထာ၌ ''နာဘာဝေါ တိမှိ ဇဝိဓ'' ကို နာဘာဝေါ ယမှိ ဇဝိဓ''ဟု ဆရာမြတ်တို့က ပြင်ကြရာ အဘယ်အရာသာ ရူပသိဒ္ဓိဆရာ အလိုကျဖြစ်သည်ဟု စိစစ်ဆုံးဖြတ်ပါ။

ဖြေ။ ဆရာမြတ်တို့က ''အနိမိတ္တာ နု နာယရေ = အရိပ် နိမိတ် အမှတ်အသားမရှိကုန်သည် ဖြစ်၍ မသိအပ်ကုန်'' ဟူသော သဂါထာဝဂ္ဂ ဒေဝတာသံယုတ္တ အဋ္ဌကထာ (သံ၊ ၌ ၁၊ ၃၉၂)၌ တိဝိဘတ်မနှောင်းဘဲ အန္တေဝိဘတ်၏ ရေ–အပြုနှောင်းရာ၌လည်း ဉာဓာတ်ကို နာပြုထားသည်ကို တွေ့ရသောကြောင့် အားလုံးနှင့် ဆက်ဆံအောင် ''နာဘာဝေါ ယမှိ ဇဝိဓ''ဟု ပြင်တော်မူကြသည်။

သို့သော် နာသဲ လောပေါ ယကာရတ္တံ သုတ်လာ ''နာတော တိမှိ ယကာရတာ = နာအပြုနောင် တိဝိဘတ်နှောင်းရာ၌ နာပစ္စည်းကို ယပြု''ဟူသော စကားရပ်ကို ထောက်လျှင် ''နာဘာဝေါ တိမှိ ဇဝိဓ''သာ ရူဆရာအလိုကျ ဖြစ်ပါသည်။

မှန်၏– ယင်းစကားရပ်အရ တိဝိဘတ်ကြောင့် ဉာဓာတ်ကို နာပြု၍ ''နာ+နာ+တိ'' ဟုဖြစ်ပြီးနောက်မှ ထို တိဝိဘတ်ကြောင့်ပင် နာပစ္စည်းကို ယ–ပြုခြင်း ဖြစ်ကြောင်း (နာ–အပြု က ရှေ့, ယ–အပြု က နောက် ဖြစ်ကြောင်း) သိသာထင်ရှားပါသည်။

မေး။ နာဘာဝေါ တိမှိ ဇဝိဓ–၌ ကွ ဓ အစွဲကို ရေးသားဖော်ပြပါ။

ဖြေ။ ဋီကာ (၂၀)၌ ''ကွဓာတိ အာချာတဝိသယေ''ဟု ဖွင့်သည်။ ထိုအလို ''ကွဓ–ဤအာချာတ်အရာ၌''ဟု စွဲရပါသည်။ သီဟိဠ်နိသယ၌ကား ''ဤသုတ်၌'' ဟု ခွဲပါသည်။

မေး။ ဝိကရဏ နာပစ္စည်း နှောင်းရာ၌ ဉာဓာတ်၏ ဇာအပြုမြဲ/ မမြဲကို စိစစ်ဖြေဆိုပါ။

http://www.dhammadownload.com

ဖြေ။ ဝိကရဏ နာပစ္စည်းနှောင်းရာ၌ ဉာဓာတ်၏ ဇာအပြုသည် အာချာတ်အရာ၌သာ မြဲ၏၊ ကိတ်အရာ၌ မမြဲပါ။

စီစစ်ပုံ - ''ဝိဇာနနံ''ပုံစံ၌ (ဝိ-ဉ + ယု)၊ ယုပစ္စည်းကို အာနန-ပြု၊ ဉာဓာတ်ကို ဇာ-ပြု၍ ရုပ်ပြီး၏။ နာပစ္စည်းမနှောင်းဘဲ ဇာ-ပြုခြင်း ဖြစ်ပါသည်။ ''ဇာနနကော'' ပုံစံ၌လည်း နာပစ္စည်းမနှောင်းဘဲပင် ဉာ ပြုခြင်းပင် ဖြစ်၏။ [ဉာ + ဏ္ဍု၊ နုဒါဒီဟိ သုတ်ဖြင့် ဏ္ဍု ပစ္စည်းကို အာနနကပြု၊ ဉာဿ ဇာဇံနာသုတ်ဖြင့် ဉာဓာတ်ကို ဇာပြု (ဇာ+အာနနက) ခွင်း ချေ ကပ်၊ ပြီး၏။]

ဇာနိတဗ္ဗံ, ဝိဇာနိယံ, ဇာနိတုံ, ဇာနန္တော, ဇာနိတွာ-စသော ပုံစံများကား နာပစ္စည်းနှောင်းရာ၌သာ ဉာဓာတ်ကို ဇာ-ပြုထားသော ပုံစံများ ဖြစ်၏။ ''သဉ္ဇာနနကော'' ပုံစံ လည်း နာပစ္စည်းနှောင်းရာ၌ ဉာဓာတ်ကို ဇာ-ပြုထားသော ပုံစံပင် [''သံ-ဉာ+နာ+ဏာပေ+ဏ္ဍု။ ဏ္ဍု ပစ္စည်းကို အာနနကပြု၊ နာပစ္စည်းကြောင့် ဉာ-ဓာတ်ကို ဇာ-ပြု စသည်စီရင်၍ ''သဉ္ဇာနာပေ အာနနက''ဟု ဖြစ်သောအခါ ကွစိ ဓာတု သုတ်ကြီး ဖြင့် နာပစ္စည်းနှင့်တကွ ကာရိုက် အာပေ(နာပေ)-ကိုချေ (သဉ္ဇာအာနနက)၊ ခွင်း ချေ ကပ် ပြီး၏။] ထို့ကြောင့် ''ဇာဒေသော နာမှိ = နာဝိကရဏပစ္စည်းနှောင်းရာ၌ ဇာပြု'' ဟူသော သတ်မှတ်ချက်သည် အာချာတ်၌သာ မြဲ၍ ကိတ်၌ မမြဲဟု မှတ်ရပါမည်။

မှတ်ချက်။ ။ ဆရာမြတ်တို့ကား ''ဇာနနကော နှင့် သဉ္ဇာနနကော''တို့သည် သံဉပသာရပုဒ်မျှသာ ကွာခြားသဖြင့် ဇာနကော-၌လည်း ဋီကာအလို နာပစ္စည်းသက်၍ ကွစိ ဓာတု သုတ်ကြီးဖြင့် ချေဟု ကြဲသင့်ကြောင်း မိန့်ပါသည်။

မေး။ (က) ဥယျုတိ (ခ) ဝိဇာနာတိ (ဂ) ဝိနာယတိ (ဃ) ဝိဇညာ (င) ဝိဇာနေမု တို့ကိုရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ (က) ဉာ+နာ+တိ၊ နဿ လောပေါ ယကာရတ္တံ ဖြင့် နာပစ္စည်းကို ယပြု (ဉာယတိ)၊ ဣ လာ (ဝိဉာ^{ဣ}တိ)၊ ရှေ့ဉာဓာတ်၏ အာသရကိုချေ၊ ကွစိ ဓာတု သုတ်ကြီးဖြင့် နောက် ဣ ကို ဇ ဝုဒ္ဓိပြု ယ ကိုလည်း သဒိသဒွေးဘော် ယျ ပြု၊ ဉ်+ဇ သို့ ကပ်၊ ပြီး၏။

(ခ) ဝိ-ဉာ+နာ+တိ၊ ဉာဿ ဇာဇံနာ သုတ်ဖြင့် ဉာဓာတ်ကို ဇာ ပြု၊ ပြီး၏။

(ဂ) ဝိ-ဉာ+နာ+တိ၊ ဉာဿ ဇာဇံနာ သုတ်ဖြင့် တိဝိဘတ်ကြောင့် ဉာဓာတ်ကို နာပြု (ဝိနာနာတိ)၊ နာဿ လောပေါ ယကာရတ္တံ-သုတ်ဖြင့် တိဝိဘတ်ကြောင့် နာပစ္စည်းကို ယပြု၊ ပြီး၏။

(ဃ) ဝိ-ဉာ+နာ+ဇယျ၊ ဇယျဿ ဉာတော ကျယာဉ သုတ်ဖြင့် ဇယျ ဝိဘတ်ကို ဉာပြု (ဝိဉာနာဉာ)၊ နဿ လောပေါ ယကာရတ္တံ သုတ်ဖြင့် ဉာအပြုကြောင့် နာပစ္စည်းကိုချေ (ဝိဉာဉာ)၊ ဉာဿ ဇာဇံနာ သုတ်ဖြင့် နာအပြုကြောင့် ဉာဓာတ်ကို ဇံပြု (ဝိဇံဉာ) ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ သုတ်ဖြင့် နိဂ္ဂဟိတ်ကို စဝဂ္ဂန္တ ဉ်ပြု၊ ပြီး၏။

(င) ဝိ-ဉာ+နာ+ဇယျာမ၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဇယျာမဝိဘတ်ကို ဇမု ပြု၊ ဉာဿ ဇာဇံနာ သုတ်ဖြင့် နာအပြုကြောင့် ဉာဓာတ်ကို ဇာ ပြု၊ နာ ခွင်း, ချေ, ကပ်၊ ပြီး၏။

မေး။ ဉာဿ ဇာဇံနာ သုတ်၌ (က) ဇံ (ခ) နာ ဟူသော ယောဂဝိဘာဂတို့၏ အကျိုးကို

http://www.dhammadownload.com

ရေးပြပါ။

ဖြေ။ (က) ''ဇံ''ဟူသော ယောဂဝိဘာဂဖြင့် ယျို့ ဝိဘတ်၏ ဉု–အပြု၊ ယျာသိဝိဘတ်၏ ဉာသိအပြု, ဉာအပြု၊ ယျာထဝိဘတ်၏ ဉာထအပြု၊ ယျာမိဝိဘတ်၏ ဉာမိအပြု၊ ယျာမဝိဘတ်၏ ဉာမုအပြု၊ ယျဝိဘတ်၏ ဉ အပြုတို့ကြောင့်လည်း ဉာဓာတ်ကို ဇံ ပြုရခြင်း အကျိုးရှိပါသည်။

– ကတ္တာန ပါပကံ ကမ္မံ၊ မာ မံ ဇညူတိ ဣစ္ဆတိ (ခု၊ ၁၊ ၂၉၈။ အံ၊ ၂။ ၃၁၀)
– အာသဇ္ဇ ဧဓါ နံ ဇညာသိ။ (ခု၊ ၆။ ၂၂၉။)
– ဇညာမု စေ သီလဝန္တံ ဝဒဥံ။ (ခု၊ ၆။ ၂၇၀။)
– သာဓာဟံ ဘဂဝါ ဝိဇညံ။ (ခု၊ ၁။ ၃၅၀။)
– ဝိဝေကဓမ္မံ ယမဟံ ဝိဇညံ။ (ခု၊ ၁။ ၄၃၉။)

(ခ) ''နာ''ဟူသောယောဂဝိဘာဂဖြင့် အန္တိ, အန္တေဝိဘတ်တို့၏ ရေ–အပြု နှောင်းရာ၌လည်း ဉာဓာတ်ကို နာပြုရသေး၏။
– အနိမိတ္တာ နု နာယရေ။ (သံ၊ ၌၊ ၁။ ၃၉။)

၄၇၁၊ ၄၈၃။ ဒိသဿ ပဿ ဒိဿ ဒက္ခာ ဝါ။ (၂၉၀)

မေး။ ဤသုတ်၌ ဒိသဓာတ်၏ လိုအပ်သောအနက်နှင့် မလိုအပ်သောအနက် တို့ကို ခွဲခြားပြပါ။

ဖြေ။ ဒိသဓာတ်၏ လိုအပ်သောအနက်မှာ – 'ပေက္ခဏာ (ကြည့်ရှုခြင်း)'ဟူသောအနက် ဖြစ်၍ မလိုအပ်သောအနက်မှာ 'အတိသဇ္ဇန (အလွန်စီရင်ခြင်း, စွန့်ကြဲပေးကမ်းခြင်း)၊ ဥစ္စာရဏာ (ရွတ်ဆိုခြင်း)'အနက်တို့ ဖြစ်ပါသည်။

မေး။ ဤသုတ်ပါ ဝါသဒ္ဒါ၏ အနက်နှင့် သတ်မှတ်ချက်တို့ကို ဖော်ပြပါ။

ဖြေ။ ဝါသဒ္ဒါ ဝဝတ္ထိဝိဘာသာအနက် ရှိပါသည်။ ထို့ကြောင့်– သဗ္ဗဓာတ်ဝိဘတ်နှောင်းရာ ကံအနက်၌သာ ဒိသဓာတ်ကို ဒိဿ–ပြုရပါသည်။

မေး။ ''ဒိဿတိ''သည် ကတ္တုရူပ်လော? ကမ္မရူပ်လော? စိစစ်ဖြေဆိုပါ။

ဖြေ။ ''ဒိဿာဒေသော ကမ္မနိ သဗ္ဗဓာတုကေ ဧဝ''ဟူသော ရူပသိဒ္ဓိအလို ''ဒိဿတိ''သည် ကမ္မရူပ် ဖြစ်ပါသည်။ ''ဒိဿတိ၊ တွေ့မြင်အပ်၏''ဟု အနက်ပေးရပါမည်။

သဒ္ဒနီတိအလိုကား – ကတ္တုရူပ်ဖြစ်ပါသည်။ ''ဒိဿတိ၊ ထင်၏''ဟု အနက်ပေးရပါမည်။

မှတ်ချက်။ ။ ဤနှစ်ပါဒတို့တွင် ''ဒိဿတိ''သည် ကမ္မရူပ်ဖြစ်ရိုးမှန်လျှင် ကံဟောယပစ္စည်းကို ပုဗ္ဗရူပ်ပြုရုံမျှဖြင့် ပြီးနိုင်သောကြောင့် ဤသုတ်ဖြင့် ဒိဿ–ပြုဖွယ်မလိုရကား ကတ္တုရူပ်ကိုသာ ကစ္စည်းဆရာလည်း အလိုရှိဟန်တူကြောင်း ဆရာမြတ်တို့ မိန့်ကြပါသည်။ မောဂ္ဂလ္လာန် နိဿယသစ်၌ကား ''ဂမယမိသာသဒိသာနံ ဝါ စ္ဆင်''(၅၊ ၁၇၃။) သုတ်ဖြင့် သ်–ကို စ္ဆ–ပြု၍ ''ဒိစ္ဆတိ=မြင်၏''ဟု ကတ္တုရူပ်ရှိသင့်ကြောင်းနှင့် ''ဒိဿတိ''မှာ ကမ္မရူပ်သာ ဖြစ်သင့်ကြောင်း ဆုံးဖြတ်တော်မူပါသည်။

မေး။ (က) ဒိဿတေ (ခ) ဒိဿတိ တို့ကို ရှုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ (က) ဒိသ+ယ+တေ၊ ဤသုတ်ဖြင့် ဒိသဓာတ်ကို ဒိဿ–ပြု (ဒိဿ+ယ+တေ)၊ ကွစ်

http://www.dhammadownload.com

ဓာတု သုတ်ကြီးဖြင့် ယ-ကိုချေ၊ ပြီး၏။
(ခ) အတ္တနောပုဒ် တေဝိဘတ်ကို ပရဿပုဒ် တိဝိဘတ်ပြန်လျှင် ''ဒိဿတိ''ဟု ပြီး၏။

မေး။ အဒ္ဒသာ, အဒ္ဒသ တို့ကို ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ ဒိသ+ဟိယျတ္တနီ အာဝိဘတ်၊ ဓာတ်၏အစ၌ အ အက္ခရာလာ (အဒိသာ)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဒိသဓာတ်၏ ဣ-ကို အ-ပြု (အဒသာ)၊ ပရဒွေဘာဝေါ ဌာနေသုတ်ဖြင့် ဒ-ကိုသဒိသ ဒွေဘော်ပြု၊ ''အဒ္ဒသာ'' ပြီး၏။
သာ-၌ အာ-ကို အရဿ ပြုလျှင် ''အဒ္ဒသ''ဟု ပြီး၏။

မှတ်ချက်။ ။ ဤရုပ်များသည် အဇ္ဈတနီ အတ္တနောပုဒ် ပဌမပုရိသ် ဧကဝုစ် ''အ'' ဝိဘတ်ဖြင့်လည်း ပြီးနိုင်၏။

မေး။ ဒက္ခိတိ, ဒက္ခိန္တိ တို့ကို ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ ဒိသ ဓာတ်တည်၊ သတိ, သန္တိ ဝိဘတ်သက်၊ ဤသုတ်ဖြင့် ဒိသဓာတ်ကို ဒက္ခ-ပြု။ (ဒက္ခသတိ၊ ဒက္ခသန္တိ) ဟောတိသရေဟောဟေ ဘဝိဿန္တိမှိ သဿ စ သုတ်၌ ''ဘဝိဿန္တိမှိ သဿ စ''ဟူသော ဒွိဓာရဏာယောဂဝိဘာဂဖြင့် သ-ကိုချေ (ဒက္ခတိ၊ ဒက္ခန္တိ)၊ ဣကာရာဂမော အသဗ္ဗဓာတုကမှိ သုတ်ဖြင့် ဣအက္ခရာလာ ''ဒက္ခိတိ၊ ဒက္ခိန္တိ'' ဟု ရုပ်ပြီးပါသည်။

မှတ်ချက်။ ။ သ-ကို မချေလျှင် ''ဒက္ခိသတိ၊ ဒက္ခိသန္တိ''ဟု ပြီး၏။
မောဂ္ဂလ္လာန်, သဒ္ဒနီတိတို့၌ကား ''သ''ကိုသာ ချေ၍၊ ဣမလာဘဲ ''ဒက္ခတိ၊ ဒက္ခန္တိ'' ဟု ရုပ်ပြီးပြကြသည်။
ဒက္ခဒေဟိဟောဟိဟိ လောပေါ = ဒက္ခ, ဒ, ဟေဟိ, ဟောဟိ-အပြုတို့မှ နောက်ဖြစ်သော သတိ-စသည်၏ သ-ကိုချေ။ (မောဂ္ဂလ္လာန်၊)
သလောပေါ သတျာဒီနံ (သဒ္ဒနီတိ၊ သုတ္တ၊ ၃၀၀။)

မေး။ 'ဒက္ခတိ' နှင့် 'ဒက္ခိတိ' တူ / မတူ ရူပသိဒ္ဓိအလိုက္ခ စိစစ်ဆုံးဖြတ်ပါ။

ဖြေ။ 'ဒက္ခတိ'သည် ဒိသဓာတ်+တိဝိဘတ်ဖြင့် ရုပ်ပြီးသောပုဒ် ဖြစ်၍၊ 'ဒက္ခိတိ'ကား သတိဝိဘတ်ဖြင့် ရုပ်ပြီးသောပုဒ် ဖြစ်၏၊ ထို့ကြောင့် မတူပါ။

မေး။ 'ဒက္ခတိ'ပုဒ်နှင့်စပ်၍ သိမှတ်ဖွယ်များကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ 'ဒက္ခတိ'သည် ရူပသိဒ္ဓိအလို ဒိသဓာတ်+ဝတ္တမာန်ဝိဘတ်ဖြင့် ရုပ်ပြီးသောပုဒ် ဖြစ်၏။
မောဂ္ဂလ္လာန်, သဒ္ဒနီတိတို့အလိုကား ဘဝိဿန္တိ သတိဝိဘတ်ဖြင့် ရုပ်ပြီးသောပုဒ် ဖြစ်၏၊ ''ဒိသ+သတိ''ဟုဖြစ်နေရာ၌ ဒိသဓာတ်ကို ဒက္ခ-ပြု၊ ထို ဒက္ခ-အပြုမှ နောက်ဖြစ်သော သတိဝိဘတ်၏ သ-ကို ချေ၍ ရုပ်ပြီးပါသည်။
အထက်ပါ ရုပ်ပြီးပုံ နှစ်မျိုးတို့တွင် ဝတ္တမာန် ''ဒက္ခတိ (ဒက္ခန္တိ)''တို့နှင့် ရောယှက်ဖွယ်ရှိသောကြောင့် ''ဒက္ခိတိ (ဒက္ခိန္တိ)''ဟူသော ရူပသိဒ္ဓိ ရုပ်ပြီးပုံကို ဆရာမြတ်တို့ ပိုမိုနှစ်ခြိုက်တော်မူကြပါသည်။

၄၇၂၊ ၅၃၀။ ဗျဥ္ဇနန္တသ စော ဆပ္ပစ္စယေသု စ။ (၃၂၅)

မေး။ ဆပစ္စည်း တစ်မျိုးတည်းဖြစ်၍ ''ဆပ္ပစ္စယေ''ဟု ဧကဝုစ်ဖြင့် ဆိုသင့်ပါလျက် မဆိုဘဲ

http://www.dhammadownload.com

''ဆပ္ပစ္ဆယေသု''ဟု ဗဟုဝုစ်ဖြင့် ဆိုရပုံကို ရှင်းပြပါ။

ဖြေ။ ဆပစ္ဆည်း တစ်မျိုးတည်းဖြစ်၍ ''ဆပ္ပစ္ဆယေ''ဟု ကေဝုစ်ဖြင့် ဆိုသင့်သော်လည်း ''လစ္ဆတိ၊ ရလတ္တံ့။ ဝစ္ဆတိ၊ နေလတ္တံ့။ ရုစ္ဆတိ၊ ဝိလတ္တံ့''စသော ပြယုဂ်တို့၌ သတိစသော ဝိဘတ်၏ အစိတ်ဖြစ်သော သ–ကို ပြုထားသည့် ''အာဒေသ ဆ''ကိုလည်း ယူစေလို သောကြောင့် ''ဆပ္ပစ္ဆယေသု''ဟု ဗဟုဝုစ်ဖြင့် ဆိုထားခြင်းဖြစ်ပါသည်။

နိဒ္ဒေသဋ္ဌကား – တိဇဂုပ သုတ်ဖြင့် သက်သော 'အတုမိစ္ဆတ္တ သ'၊ ဘုဇယသ သုတ်ဖြင့် သက်သော 'တုမိစ္ဆတ္တ သ'၊ ထို သ–နှစ်မျိုးကို ယူစေလိုသောကြောင့် ''ဆ ပ္ပစ္ဆယေသု''ဟု ဗဟုဝုစ်ဖြင့် ဆိုရခြင်းဖြစ်ကြောင်း ဖွင့်ဆိုပါသည်။

ဆပ္ပစ္ဆယေသူတိတ္ထေ ဗဟုဝစနေန ''လစ္ဆတိ''တိအာဒိသု ပစ္ဆယေကဒေသဘူတဿာ ဒေသဿာပိ ဂဟဏံ ဝေဒိတဗ္ဗံ။ (ဋီ၊ ၂၀၅)။ ယင်း၌ သတိ–စသောဝိဘတ်ကိုပင် ''ပစ္ဆယ''ဟုဆိုထားကြောင်း သိပါ။

မှတ်ချက်။ ။ နိဒ္ဒေသဋ္ဌ ''ပစ္ဆယ သဒ္ဒါဖြင့် အာဒေသ ဆ–ကို နစ်စေ၏''ဟု ဆိုသည်။ ထိုအဆိုကို လစ္ဆတိ, ဝစ္ဆတိ, ရုစ္ဆတိ–ပုဒ်များ၌ ရူပသိဒ္ဓိရုပ်တွက်ပုံနှင့် အထက်ပါ ရူပသိဒ္ဓိဋီကာဖွင့်တို့ဖြင့် စဉ်းစားပါ။ ''အာဒေသ ဆ–ကို၊ နစ်စေလို၊ မိန့်ဆို ပစ္ဆယ''ဟု စာမေးပွဲတို့၌ ဖြေဆိုရန်သာ မှတ်သားပါလေ။

မေး။ ဤသုတ်ပါ စ–သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါ ဆပစ္ဆည်းမှတစ်ပါးသော ပစ္ဆည်းတို့ကို နစ်စေခြင်း နိဝတ္တာပနာဝဓာရဏာ အနက် ရှိပါသည်။

သာဓက။ ။ အဝဓာရဏော – ဗျဥ္ဇနန္တသ္သ စော ဆပစ္ဆယေသု စ၊ ဆပစ္ဆယေဝါတိ အတ္ထော။ (ရူဋီ၊ ၈၀။ နေပါတိကပဒဝဏ္ဏနာ။)

၄၇၄၊ ၃၅၅။ ဟရဿ ဂိ သေ။ (၃၂၇)

မေး။ ဇိဂီသတိ–ကိုရုပ်တွက်ရာ၌ 'ဂိ'သည် ဓာတ်မဟုတ်ပါဘဲလျက် ''ဂိဂိ''ဟု ဒွေးဘော် ပြုရခြင်း အကြောင်းကို ရေးပါ။

ဖြေ။ ''ဟရ+သ''မှ ဟရဓာတ်ကို 'ဂိ'ပြု၍ 'ဂိသ'ဟုဖြစ်နေသောအခါ 'ဂိ'သည် ဓာတ်မဟုတ် သော်လည်း ဌာန, အာဒေသီဖြစ်သော ''ဟရ''ဓာတ်၏ ဓာတ်ဟူသောအမည်ကို ဌာနီ, အာဒေသဖြစ်သော 'ဂိ'အပြုပေါ်၌ တင်စား၍ ဌာနူပစာအားဖြင့် ဂိအပြုကိုလည်း ''ဓာတ်'' ဟုခေါ်ဝေါ်နိုင်သောကြောင့် ကွစာဒိဝဏ္ဏာန စသောသုတ်ဖြင့် 'ဂိဂိ'ဟု ဒွေးဘော်ပြုရခြင်း ဖြစ်ပါသည်။

ဟရ ဂိ
↑ ↑
ဌာန = အာဒေသီ ဌာနီ = အာဒေသ

မှတ်ချက်။ ။ ဂဏ္ဌိ၌ ''ဟရ'' ကို ကာရီ = ဌာနီ = အာဒေသီ။ ''ဂိ'' ကို ကာရိယ = ဌာန = အာဒေသဟု ယူ၍ 'ဌာနူပစာ'ဟု ဆိုသည်။

http://www.dhammadownload.com

မေး။ ''ဂိသေ''ဟူသော ယောဂဝိဘာဂ၏ အကျိုးကိုရေးခဲ့ပါ။

ဖြေ။ ''ဂိသေ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် ''ဝိဇိဂီသတိ'' ပြယုဂ်၌ ဇိဓာတ်ကိုလည်း ဂိ-ပြုရခြင်း အကျိုးရှိပါသည်။

မေး။ ဝိဇိဂီသတိ-ကို ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ ဝိ-ဇိ+သ၊ ဟရဿ ဂိသေ သုတ်၌ ဂိသေ-ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် နောက် သပစ္စည်းကြောင့် ဇိ ဓာတ်ကို ဂိ ပြု (ဝိ-ဂိ+သ)၊ ဂိ-ကို ဂီဂိ-ဟု ဒွေးဘော်ပြု၊ ရှေ့ ဂိ-ကို အဇ္ဈာသအမည်မှည့်၊ အဇ္ဈာသ၌ဖြစ်သော ဤ-ကို ဣရဿပြု၊ ကဝဂ် ဂ-ကို စဝဂ် ဇ-ပြု (ဝိ-ဇိဂီသ)၊ တိဝိဘတ်သက်၊ ပြီး၏။

မေး။ 'ဇိဂီသတိ'နှင့် 'ဝိဇိဂီသတိ'တို့၏ ခြားနားချက်ကို ဖော်ပြပါ။

ဖြေ။ 'ဇိဂီသတိ'သည် ဟရဿ ဂိသေ သုတ်ဖြင့် ဟရဓာတ်ကို ဂိ-ပြု၍ ရုပ်ပြီးသောပုဒ် ဖြစ်၏၊ ''ဆောင်ခြင်းငှါ အလိုရှိ၏ = ဆောင်လို၏''ဟု အနက်ပေးရ၏။

'ဝိဇိဂီသတိ'ကား ယင်းသုတ်၌ 'ဂိသေ'ဟူသော ဒွိဓာရဏ ယောဂဝိဘာဂဖြင့် ဇိဓာတ်ကို ဂိ-ပြု၍ ရုပ်ပြီးသောပုဒ် ဖြစ်၏၊ ''အောင်ခြင်းငှါအလိုရှိ၏=အောင်လို၏''ဟု အနက်ပေးရ၏။ ဤသို့ ခြားနားပါသည်။

- ဟရိတု မိစ္ဆတိ ဇိဂီသတိ။ - ဝိဇေတု မိစ္ဆတိ ဝိဇိဂီသတိ။

၄၇၅၊ ၄၆၅။ ဗြူဘူနမာဟာဘူဝါ ပရောက္ခာယံ။ (၂၇၆)

မေး။ 'အာဟ'ကို ရုပ် ၂-နည်း တွက်ပြခဲ့ပါ။

ဖြေ။ ဗြူဓာတ်တည်၊ ပရောက္ခာ အ ဝိဘတ်သက်၊ ဗြူဘူနမာဟာဘူဝါ ပရောက္ခာယံ သုတ်ဖြင့် ဗြူဓာတ်ကို အာဟ-ပြု၊ 'အာဟ' ပြီး၏။

(တစ်နည်း) ဗြူဓါတ်တည်၊ ဝတ္တမာန် တိဝိဘတ်သက်၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဗြူဓာတ်မှ နောက်ဖြစ်သော တိဝိဘတ်ကို အ-ပြု၊ ဗြူဓာတ်ကိုလည်း အာဟပြု၊ ခွင်းချေ ကပ်၊ 'အာဟ' ပြီး၏။

မေး။ 'အာဟု' ကို ရုပ် ၂-နည်းတွက်ပြပါ။

ဗြူဓာတ်တည် ပရောက္ခာ ဥ ဝိဘတ်သက်၊ ဗြူဘူနမာဟာဘူဝါ ပရောက္ခာယံ သုတ်ဖြင့် ဗြူဓာတ်ကို အာဟပြု၊ ခွင်း, ချေ, ကပ်၊ ပြီး၏။

(တစ်နည်း) ဗြူဓာတ်တည် ဝတ္တမာန် အန္တိ ဝိဘတ်သက်၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဗြူဓာတ်မှ နောက်ဖြစ်သော အန္တိဝိဘတ်ကို ဥ-ပြု၊ ဗြူဓာတ်ကိုလည်း အာဟပြု၊ ခွင်း, ချေ, ကပ်၊ ပြီး၏။

မေး။ 'အာဟ'သည် ရုပ် ၂-နည်းပြီးနိုင်သော ပုဒ်ဖြစ်ရာ ယင်း အာဟ ၂-မျိုးတို့၏ အထူးကို ရေးပါ။

ဖြေ။ 'ဝတ္တမာန်ဝိဘတ်ဖြင့်ပြီးသော အာဟ'သည် ပစ္စုပ္ပန်ရုပ်ဖြစ်၍၊ ပရောက္ခာ အ ဝိဘတ် ဖြင့်ပြီးသော အာဟ'သည် အတိတ်ရုပ် ဖြစ်ပါသည်။

http://www.dhammadownload.com

ကျမ်းဂန်တို့၌ 'ကွာဒါနိ ... အာဟ'ဟုရှိလျှင် ပစ္စုပ္ပန်ရုပ်ဖြစ်၍၊ ကွာဒါနိ–မပါဘဲ 'အာဟ' သက်သက်သာရှိလျှင် အတိတ်ရုပ် ဖြစ်သည်–ဟု ခွဲခြားရပါသည်။

မေး။ ဗြုဝန္တိ–ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ ဗြူဓာတ်တည် + အန္တိဝိဘတ်သက်၊ ဗြဴ ခွင်း ဦ ကြွင်း, ဦ ကို လ အမည်မှည့်၊ ဗျလာနမိယုဝါ သရေ ဝါ သုတ်ဖြင့် နောက်အသရကြောင့် ဦ ကို ဥဝ ပြု၊ ဗြဴ ဥ သို့ကပ်၊ ဝခွင်း, ချေ, ကပ်၊ ဗြုဝန္တိ–ကား ပြီး၏။

၄၇၆၊ ၄၄၂။ ဂမိဿန္တော ဧွော ဝါ သဗ္ဗာသု။ (၂၆၄)

မေး။ ''ဂမု သပ္ပ ဂတိမှိ''ဟု ဓာတ်နက်ကြားပုံနှင့် စပ်၍ သိမှတ်ဖွယ်ကို ရေးသားဖော်ပြပါ။

ဖြေ။ **မူရင်း**ဖြစ်သော **''ပါဏိနီယ ဓာတုပါဋ္ဌ**''ခေါ် ဓာတ်ကျမ်း၌ ဂမုဓာတ်နှင့် သပ္ပဓာတ်တို့ကို **တွဲလျက်** ဖော်ပြထားသောကြောင့် ထိုကျမ်းလာအတိုင်း ရူပသိဒ္ဓိဆရာတော် ဖော်ပြထားခြင်း ဖြစ်ပါသည်။ (၄င်းကျမ်း ဓာတ်နံပါတ်–၁၀၀၇၊ ၁၀၀၈။)

မှတ်ထိုက်။ ။ ဘာသာဋီကာဆရာတော်က **"ဓာတ်နှစ်မျိုးလုံး၏ အနက်ချင်းတူသော ကြောင့် ဂမု သပ္ပဟု ပေါင်းပြထားသည်"**ဟု ဆိုထားရာ ထိုအဆိုကို မဟုတ်ကြောင်း ကျေးဇူးရှင် အဘယဒ်ရာမဆရာတော် ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ က မိန့်ပါသည်။ ယင်းသို့ အနက်တူလို့ ပေါင်းပြစတမ်းဆိုလျှင် ဂတိအနက်ဟော ဓာတ်အားလုံးကို ဤနေရာ၌ တစ်ပေါင်းတည်း ပြရပါလိမ့်မည်–တဲ့။

မေး။ ''ဂမိဿန္တော ဧွော ဝါ ဝိဘတ္တိသု''ဟု မတည်ဘဲ 'သဗ္ဗာသု'သဒ္ဒါထည့်၍ သုတ်တည်ရ ကျိုးကို ရေးပါ။

ဖြေ။ ''ဂမိဿန္တော ဧွောဝါ ဝိဘတ္တိသု''ဟု မတည်ပဲ 'သဗ္ဗာသု'သဒ္ဒါထည့်၍ သုတ်တည်ခြင်း ကြောင့် ထို သဗ္ဗ–သဒ္ဒါဖြင့် ဝိဘတ်တို့ကိုသာမက မာန, အန္တ, ယ ပစ္စည်း, ကာရိုက် ပစ္စည်းများကိုပါ ယူနိုင်ရကား ထိုပစ္စည်းတို့ကြောင့်လည်း ဓာတွန် မ်–ကို ဆ္ဆ–ပြုရခြင်း အကျိုးရှိပါသည်။

ပုံစံများ– ဂစ္ဆမာနော, ဂစ္ဆန္တော (မာန, အန္တ)
ဂစ္ဆီယတေ (ယ)
ဂစ္ဆာပေတိ (ကာရိုက်ဏာပေ)

မေး။ ဂမိဿန္တော ဧွော ဝါ သဗ္ဗာသု–သုတ်၌ နိမိတ်ဖြစ်ထိုက်သော ဝိဘတ်နှင့် ပစ္စည်းတို့ကို ဖော်ပြပါ။ (သဗ္ဗာသု–ကို သဗ္ဗာသု ဝိဘတ္တိသု ပစ္စယေသု–ဟု ဖွင့်ရာ ယင်း၌ ဝိဘတ်အရှန့် ပစ္စယအရတို့ကို ဖော်ပြပါ။)

ဖြေ။ ပရောက္ခာမှ ကြွင်းသော အာချာတ်ဝိဘတ်တို့နှင့် မာန, အန္တ, ယ, ကာရိုက်ပစ္စည်းများ ဖြစ်ပါသည်။

မေး။ ဤသုတ်ပါ ဝါသဒ္ဒါ၏ အနှက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ ဝါသဒ္ဒါ ဝဝတ္ထိတဝိဘာသာအနက်ရှိပါသည်။

ထိုဝါသဒ္ဒါက ကတ္တားအနက်၌ စီရင်အပ်သော မာနပစ္စည်း, အန္တပစ္စည်းတို့ကြောင့် ဓာတွန် မ်–ကို အမြဲ ဆ္ဆ–ပြုရခြင်းဟူသော နိစ္စဝိဓိ။

http://www.dhammadownload.com

မာန, အန္တပစ္စည်းမှ တစ်ပါးသော ယ ပစ္စည်း, (ကာရိုက်ပစ္စည်း), ကတ္တား အနက်၌ စီရင်အပ်သော ဝတ္တမာန်စသော ဝိဘတ်တို့ကြောင့် ဓ္ဆ-အပြု မမြဲခြင်းဟူသော အနိစ္စဝိဓိ။ ပရောက္ခာဝိဘတ်ကြောင့် လုံးဝ ဓ္ဆ-မပြုရခြင်းဟူသော အသန္တဝိဓိ။ ဤဝိဓိ (၃)မျိုးကို ပိုင်းခြားသတ်မှတ်ပြပါသည်။

မေး။ ဂစ္ဆရေ-ကို ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ ဂမုဓာတ်သည် ဓာတွန် အ-ကိုခေျ၊ အပစ္စည်းသက်, အန္တိဝိဘတ်သက်၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဂရုရွေ့ရှိသော ရဿမှ နောက်ဖြစ်သော အန္တိဝိဘတ်ကို ရေ-ပြု ဆ္ဆ အ သို့ ကပ်၊ ပြီး၏။

မှတ်ချက်။ ။ ဝတ္တမာန်သာမက ဘဝိဿန္တိဝိဘတ် သန္တိ, သန္တေ-တို့မှ နွိ, န္တေ တို့ ကိုလည်း ''ရေ'' ပြုရသည်။ ဘဝိဿရေ, ဂမိဿရေ-စသည်တည်း။

မေး။ ကွစိ ဓာတု သုတ်ကြီးဖြင့် ရေ-ပြုရသော ဝိဘတ်များကို ရေးသားဖော်ပြပါ။

ဖြေ။ ဝတ္တမာန် အန္တိ, အန္တေ၊ ဘဝိဿန္တိ သန္တိ, သန္တေ ဝိဘတ်တို့ ဖြစ်ပါသည်။ (အခြားဝိဘတ်များလည်း ရှိသေး၏။)

မေး။ ''ဂရု ပုဗ္ဗ၊ ရဿနောက်ရှိ၊ အန္တိ, အန္တေ၊ ဤနှစ်ထွေ ရေ-သာအပြုများသတည်း'' ဟူသော နိယံကို ရှင်းပြပါ။

ဖြေ။ ဂစ္ဆန္တိ၊ ဂစ္ဆန္တေ - ပြယုဂ်များဝယ် 'ဂစ္ဆ' ၌ ဂ-သည် ဒုမှိ ဂရု သုတ်အရ ဂရု ဖြစ်၏။ 'ဂစ္ဆ' ၌ရှိသော အ-သရကား ထိုဂရုရွေ့ရှိသော ရဿသရ ဖြစ်၏။ ဤသို့ ဂရုရွေ့ရှိသော ရဿသရနောင် ဝတ္တမာန်ဝိဘတ် ပဌမပုရိသ်ဗဟုဝုစ်ဖြစ်သော အန္တိ, အန္တေ တို့၏ နွိ, န္တေ တို့ကို များသောအားဖြင့် ရေ-ပြုရ၏ဟု ဆိုလိုပါသည်။

မေး။ ဓာတုနိဒ္ဒေသ (ဓာတုနိဒ္ဒိဋ္ဌ) အက္ခရာများကို စုံလင်စွာ ဖော်ပြပါ။

ဖြေ။ ၁။ ဣအက္ခရာ ဂမိဿ။
၂။ ဥ အက္ခရာ ခဆသေသု အဝဏ္ဏဿ။
ဣကာရော သဂုဗ္ဗဿ ဤ။
၃။ ဏာ ။ ပစ္စာသုဏာ။
၄။ ဣဏာ ။ အနုပတိဂိဏာ
၅။ တိ ။ ဟနတျာဒီနံ

ဣကာရော ဓာတုနိဒ္ဒေသေ၊ ဝိကရဏာန္တိတော တိ စ။
ဘဝန္တေတ္ထ ဂမိဿာဒိ၊ ဟနတျာဒီတိ ဉာပကာ။ (ရူ၊ ၄၂၁။)

၄၇၇၊ ၄၇၉။ ဝစဿစ္ဓတနိမှိ မကာရော ဩ။ (၂၈၈)

မေး။ အဝေါစုမှ-ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ ဝစ+မှာ၊ ဓာတ်အမည်မှည့် စသည်၊ အကာရာဂမော သုတ်ဖြင့် ဓာတ်၏ အစ၌ အ အက္ခရာလာ (အ ဝစ် မှာ)၊ ဤသုတ်ဖြင့် ဝ ၏ အ ကို ဩပြု (အဝေါစ် မှာ) ကွစိ ဓာတု သုတ်ကြီးဖြင့် နောက် မှာ-ဝိဘတ်ကြောင့် ရှေ့၌ ဥအက္ခရာလာ, မှာ-၌ အာ ကိုလည်း အရဿပြု (အဝါစ် + မှာ)၊ စ ဥ သို့ကပ်၊ 'အဝေါစုမှ' ပြီး၏။

http://www.dhammadownload.com

မေး။ (က) အဝေါစုမှ၊ ဥကာရာဂမော။ (လက်ရှိဆဋ္ဌမ္ပ)
(ခ) အဝေါစုမှ၊ ဥတ္တံ ။ (သီမုနှင့် ဋီကာ၊ ၁၉၃။)
အထက်ပါ ၂–မျိုးတို့တွင် သင့်မြတ်သောပါဠိကို အကြောင်းယုတ္တိဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ အထက်ပါ ၂–မျိုးတို့တွင် စာကိုယ် ကွစ် ဓာတုသုတ် (စာ၊ ၂၆၂)၌ ''ဥ စာဂမော ဝါ ဣမေသု'' ဟုရှိသောကြောင့်လည်းကောင်း၊ ၎င်းအဖွင့်ဋီကာ(စာ–၁၉၅)၌လည်း ''ဥ စာဂမော ဝါ ဣမေသူတိ ဣမေသု ဝါ ဥကာရာဂမော စ ဟောတီတိအတ္ထော'' ဟု ဖွင့်သော ကြောင့်လည်းကောင်း၊ ''ဥတ္တံ (=ဥပြု)'' ဟူသော အဒေသသည် အာဒေသီ, ကာရီရှိမှ ဖြစ်နိုင်၍ ဤ၌ အာဒေသီ, ကာရီ မရှိသောကြောင့်လည်းကောင်း ''ဥကာရာဂမော'' ပါဠိသာ သင့်ပါသည်။

မမှတ်ထိုက်။ ။ ''ဥတ္တံ၊ ဥ ၏အဖြစ်သည်၊ ဝါ၊ ဥ လာသည်။ (ဟော်တိ)'' ဟူသော ဘာသာဋီကာအနက်နှင့် [''ဒွိတ္တံ–၌ '၂–လုံး၏အဖြစ်'ဟူသည် နောက်တစ်လုံး လာခြင်း ဖြစ်သကဲ့သို့ ဤ ဥတ္တံ–၌လည်း ဥ ၏အဖြစ် ဟူသည် ကွစ် ဓာတုဖြင့် ဥလာခြင်း ပင်တည်း]'' ဟူသော ဖွင့်ဆိုရေးသားချက်တို့ကို မမှတ်ထိုက်။ ဒွိတ္တံ–သည် အတ္တံ, ကာသတ္တံ စသည်တို့နှင့် အလားတူဖြစ်ကြောင်း သတိပြုပါ။ ဒွေးဘော်၏ အာဂမဝိဓိမဟုတ်, အာဒေသဝိဓိဖြစ်ကြောင်းကို ကွစာဒိဝဏ္ဏာန မေကာသရာနံ ဒွေဘာဝေါ သုတ်၌ ရေးပြခဲ့ပြီ။ ပြန်ကြည့်ကြပါလေ။

မေး။ အဝေါစ–ကို ရှုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ ဝစ+အာ၊ ရှေ့၌ အ–အက္ခရာလာ (အ ဝစ အာ)၊ ဤသုတ်ဖြင့် ဝ ၏ အ ကို ဩပြု (အဝေါစ် အာ)၊ ကွစ် ဓာတု သုတ်ကြိုးဖြင့် အာ–ကို အရဿပြု၊ စ် အသို့ကပ်၊ ပြီး၏။

မှတ်ချက်။ ။ ရူအလို အဝေါစ–၌ အာဝိဘတ်ဖြစ်သော်လည်း မောဂ္ဂလ္လာန် (၆၊ ၂၁) ၌ကား 'ဤ'ဝိဘတ်ဖြင့် အဝေါစ–ပြီးအောင် ရှုပ်တွက်ပြထားသည်။ ''အဝေါစ၊ အဝေါစုံ'' ဟု ပုံစံထုတ်ပြသော ကစ္စည်းအလိုလည်း 'ဤ'ဝိဘတ်ပင် ဖြစ်ဖွယ်ရှိပါသည်။

မေး။ (က) အဝုစ္စိတ္ထ (ဆဋ္ဌ) (ခ)အဝစိတ္ထ (သီမု) ဟူသော ရှုပ် ၂–မျိုးတို့ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဝစ+ယ+အာ၊ အဇ္ဇတနီ အတ္တနောပုဒ် အာဝိဘတ်ကို ထွ–ပြု၊ ကျလာ၍ ''အဝုစ္စိတ္ထ'' ဟု ပြီးသည်။ ယ ပစ္စည်းကို ချေလျှင် သီမုအတိုင်း ''အဝစိတ္ထ''ဟုလည်း ဖြစ်နိုင်သည်။ ''ဆိုအပ်ပြီ''ဟု အနက်ပေးပါ။

မေး။ အဇ္ဇတနီ ဝိဘတ်ဖြင့် ဝစဓာတ်၏ ကတ္တုရူပ်ပဒမာလာကို သိသာရုံမျှ ရေးပြပါ။

ဖြေ။ အဝေါစိ၊ အဝေါစုံ။ အဝေါစော၊ အဝေါစုတ္ထ။ အဝေါစိံ၊ အဝေါစုမှ့။ (ပရဿပုဒ်)
အဝေါစ၊ အဝေါစု–စသည် (အတ္တနောပုဒ်)

၄၇၉၊ ၄၅၂။ ဟိလောပ် ဝါ။ (၂၆၉)

မေး။ ဟိလောပ် ဝါ–၌ 'ဟိ'အရကို အတိအကျ ဖော်ပြပါ။

ဖြေ။ 'ဟိ'အရ အ–အက္ခရာမှ နောက်ဖြစ်သော ဟိဝိဘတ်ကိုသာ ယူရပါမည်။

မေး။ 'ဟောဟိ'ပြယုဂ်၌ ဟိလောပ် ဝါ သုတ်ဖြင့် ဟိဝိဘတ်ကို အဘယ့်ကြောင့် မချေရပါသနည်း၊ စိစစ်ဖြေဆိုပါ။

http://www.dhammadownload.com

ဖြေ။ ဟိလောပံ ဝါ သုတ်၌ 'ဟိ'အရ အ–အက္ခရာမှ နောက်ဖြစ်သော 'ဟိ'ကိုသာ ယူရပါသည်။ ဤ'ဟောဟိ' ပြယုဂ်၌ 'ဟိ'သည် အ–အက္ခရာနောင် မနောင်းသောကြောင့် 'ဟောဟိ'ပြယုဂ်၌ ဟိလောပံ ဝါ သုတ်ဖြင့် ဟိဝိဘတ်ကို မချေရခြင်း ဖြစ်ပါသည်။

၄၈၀၊ ၄၉၀။ ဟောတိဿရေ'ဟောဟေ ဘဝိဿန္တိမိဿဿ စ။ (၂၉၀)

မေး။ ဟောတိဿရေဟောဟေ–စသောသုတ်၌ ဒွိဓာကရဏ ယောဂဝိဘာဂ၏ အကျိုးကို ရေးပြပါ။

ဖြေ။ ''ဘဝိဿန္တိမိ ဿဿ စ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် ''ဒက္ခိတိ, ဒက္ခိန္တိ'' စသောပြယုဂ်တို့၌လည်း ''ဿ''ကို ချေရခြင်း အကျိုးရှိပါသည်။

မေး။ (က) ဟောန္တိ (ခ) အဟုဝါ (ဂ) အဟု (ဃ) အဟုံ–တို့ကို ရှုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ (က) ဟူ+အ+အန္တိ၊ လောပဥွေတ္တမကာရော–သုတ်ဖြင့် အ ပစ္စည်းကို ချေ။ အညေသု စ–သုတ်ဖြင့် ဥ ကို ဩဝုဒ္ဓိပြု (ဟောအန္တိ) ကွစိ ဓာတု သုတ်ကြီးဖြင့် နောက်အသရကိုချေ။ 'ဟောန္တိ' ပြီး၏။

(ခ) ဟူဓာတ်တည်၊ ဟိယျတ္တနီ အာဝိဘတ်သက်၊ အ ပစ္စည်းသက် (ဟူ အ အာ)၊ ရှေ့၌ အ–လာ (အ ဟူ အ အာ)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဥ–ကို ဥဝ–ပြု၊ ဟ် ဥ သို့ကပ် (အဟုဝ အာ)၊ ဝ ခွင်း ချေ ကပ်၊ 'အဟုဝါ' ပြီး၏။

(ဂ) ဟူဓာတ်တည်၊ အဇ္ဇတနီ ဤဝိဘတ်သက် (အ ဟူ ဤ)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဟူဓာတ်နောင် ဤ ကို ချေ၊ ဟူ–၌ ဥ ကိုလည်း ဥရဿပြု၊ 'အဟု' ပြီး၏။

(ဃ) ဟူဓာတ်တည်၊ အဇ္ဇတနီ ဣံဝိဘတ်သက် (အ ဟူ ဣံ)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် နောက် ဣသရကို ချေ၊ ဥ ကိုလည်း ဥရဿပြု (သီဟိဠ်ဋီကာချာအလို – ဝါ ပရော အသရူပါ သုတ်ဖြင့် ချေ၊ ရဿံ သုတ်ဖြင့် ရဿပြု။) (နိဂ္ဂဟိတ်သည် အလိုလို ဥသရသို့ ရောက်၍) ''အဟုံ''ဟု ပြီး၏။

မေး။ အဟောသိ–ကို ရှုပ် ၂–နည်း တွက်ပြခဲ့ပါ။

ဖြေ။ ဟူဓာတ်တည်၊ အဇ္ဇတနီ ဤဝိဘတ်သက်၊ အ–လာ (အဟူဤ)၊ ကရဿ ကာသတ္တမဇ္ဇတနီမှိ သုတ်၌ သတ္တမဇ္ဇတနီမှိ–ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် သ လာ၊ ဥ ကို ဩဝုဒ္ဓိပြု (အဟောသ်–ဥ)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဤကို ဤရဿပြု၊ သ် ဤသို့ကပ်၊ ပြီး၏။

(တစ်နည်း) ဟူဓာတ်တည်၊ အဇ္ဇတနီ ဩဝိဘတ်သက်၊ အ–လာ (အဟူဩ)၊ သ လာ၊ ဥ ကို ဩဝုဒ္ဓိ ပြု (အဟောသ် ဩ)။ ကွစိ ဓာတု သုတ်ကြီးဖြင့် ဩဝိဘတ်ကို ဤပြု၊ သ် ဤသို့ကပ်၊ ပြီး၏။

အဟောသုံ – ဥဝိဘတ်သက်၊ 'အဟောသုံ'ဟု ဖြစ်သောအခါ ကွစိ ဓာတု သုတ်ကြီးဖြင့် ဩ–ကို ဇ–ပြု၊ ပြီး၏။

မေး။ 'အဟူယတ္ထ'နှင့် 'အဟူယိတ္ထ'တို့၏ ခြားနားချက်ကို ဖော်ပြပါ။

ဖြေ။ 'အဟူယတ္ထ'သည် ဟူဓာတ်၊ ဟိယျတ္တနီ အတ္တနောပုဒ် တ္ထဝိဘတ်ဖြင့် ရုပ်ပြီးသောပုဒ် ဖြစ်၍၊ 'အဟူယိတ္ထ'ကား အဇ္ဇတနီ အတ္တနောပုဒ် တ္ထဝိဘတ်ဖြင့် ရုပ်ပြီးသောပုဒ် ဖြစ်၏။

http://www.dhammadownload.com

ဟိယျတ္တနီဝိဘတ်နှောင်းရာ၌ ဣ မလာနိုင်သောကြောင့် 'အဟူယတ္ထ'ဟု ရုပ်ပြီး၍၊ အဇ္ဇတနီဝိဘတ်နှောင်းရာ၌ကား ဣ လာနိုင်သောကြောင့် 'အဟူယိတ္ထ'ဟု ရုပ်ပြီးပါသည်။

မှတ်ချက်။ ။ သီမူ၌ ''အဟဝိတ္ထ''ဟု ရှိသည်။ ''အဟဝုံ''ကို လက်ခံလျှင် ''အဟဝိတ္ထ'' ကိုလည်း လက်ခံရမည်ဟု ဆရာမြတ်တို့ မိန့်တော်မူကြပါသည်။

၄၈၁၊ ၅၂၄။ ကရဿ သပ္ပစ္စယဿ ကာဟော။ (၂၈၇-၈၊ ၃၂၀-၁)

မေး။ ဤသုတ်၌ပါသော သပ္ပစ္စယဿ-၌ 'ပစ္စယ'အရကို ဖော်ပြပါ။

ဖြေ။ ဘဝိဿန္တီဝိဘတ်၏ အစိတ်ဖြစ်သော ''ဿ''ကို ယူရပါမည်။ ဆရာမြတ်တို့ကား သြပစ္စည်းကို ယူကြပါသည်။

စိစစ်ချက်။ ။ သပ္ပစ္စယဿ-၌ 'ပစ္စယ'အရ ဘဝိဿန္တီဝိဘတ်ကို ယူရမည် ဖြစ်ကြောင်း နိဒ္ဒေသစသည်တို့၌ ဖွင့်ပြကြသည်။ ဘာသာဋီကာဆရာတော်ကား ကရဓာတ်သည် တနာဒိဂိုဏ်းဖြစ်၍ သြပစ္စည်းကို 'ပစ္စယ'အရ ယူစေလိုသည်။ သို့သော် ''ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာ''သုတ်အရ ဝိဘတ်တို့ကိုလည်း ''ပစ္စယ''ဟုဆိုနိုင်သောကြောင့် လည်းကောင်း၊ ကစ္စည်းဖွင့်ပြသည့် ''သပ္ပစ္စယဂ္ဂဟဏေန အညေဟိပိ ဘဝိဿန္တိယာ ဝိဘတ္တိယာ ခါမိ ခါမ ဆာမိ ဆာမ ဣစ္စေတေ အာဒေသာ ဟောန္တိ''ဟူသော စကားရပ်ကို သေသေ ချာချာ စဉ်းစားကြည့်လျှင် ကစ္စည်းဆရာသည် ဘဝိဿန္တီဝိဘတ်ကိုပင် ပစ္စည်းဟု ဆိုလိုကြောင်း ထင်ရှားပေါ်လွင်နေသောကြောင့်လည်းကောင်း၊ ရူပသိဒ္ဓိဋီကာ ဗျဥ္ဇနန္တဿ စော ဆပ္ပစ္စယေသုစ-သုတ်အဖွင့်၌ ''ဝစ္ဆတိ(ဝသ+ဿတိ)''ဝယ် ဿ-၏ ဆ-အပြုကို''ပစ္စယေကဒေသဘူတဿာဒေသဿာပိ''ဟု ဖွင့်ပြထားသောကြောင့်လည်းကောင်း၊ နိဒ္ဒေသစသည်တို့ဝါဒသာ အမှန်ဖြစ်ဖွယ်ရှိပါသည်။

မေး။ ဟောတိဿရေဟောဟေ ဘဝိဿန္တိမှိ ဿဿ စ-သုတ်မှ ''ဿဿ စ''ပုဒ် လိုက်လာသောကြောင့် ဤသုတ်၌ သပ္ပစ္စယ-သဒ္ဒါမပါဘဲ ပြီးနိုင်ပါလျက် ထည့်ဆိုခြင်းသည် ပိုလွန်၏။ ထိုသပ္ပစ္စယသဒ္ဒါပို၏ အကျိုးကို ဖြေဆိုပါ။

ဖြေ။ ထိုသပ္ပစ္စယသဒ္ဒါပိုဖြင့် ဝစ, မုစ, ဘုဇ စသောဓာတ်တို့နောင် ဿ-ကို ခ-ပြုရခြင်း၊ ဝသ, ဆိဒိ, လဘ စသော ဓာတ်တို့နောင် ဿ-ကို ဆ-ပြုရခြင်း အကျိုးရှိပါသည်။

ပရိဘာသာ - သဒ္ဒါဓိကာ အတ္ထာဓိကော။

ပုံစံများ - ဝက္ခတိ (၂၈၈)၊ မောက္ခတိ (၃၀၈)၊
ဘောက္ခတိ (၃၀၈)၊ ဝစ္ဆတိ (၂၈၈)၊
ဆေစ္ဆတိ (၃၀၇)၊ လစ္ဆတိ (၂၈၇)၊ ရုစ္ဆတိ (၂၈၈)။

မှတ်ချက်။ ။ ဝစ မုစ ဘုဇာဒိတော-၌ အာဒိသဒ္ဒါဖြင့် ဟနဓာတ်ကိုယူ (ဋီ၊ ၁၉၈)၊ မောဂ်၊ ၆၊ ၆၇-ဟနာ ဆခါ-သုတ်၊ ဝဓော ဝါ သဗ္ဗတ္ထ သုတ်များလည်းကြည့်။

တတိယကဏ္ဍပြီး၏ ။

http://www.dhammadownload.com

စတုတ္ထကဏ္ဍ

၄၈၂၊ ၅၀။ ဒါဒန္တသဿ မိမေသ။ (၃၀၄)

မေး။ (က) ဒီယတေ (ခ) ဒီယျတေ တို့ကို ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ (က) ဒါဓာတ်တည်၊ယ ပစ္စည်းသက်၊ယမှိဒါဓာမာစသော သုတ်ဖြင့် ဤလာ၊ ဒ ခွင်း ချေ
ကပ်၊ တေဝိဘတ်သက်၊ 'ဒီယတေ' ပြီး၏။

(ခ) ယ-ကို သဒိသဒွေးဘော်ပြုလျှင် 'ဒီယျတေ' ပြီး၏။

မှတ်ချက်။ ။ ယ-သံယုဂ်ကြောင့် ဤ ကို ဣရသပြုလျှင် ''သုယျတေ''ကဲ့သို့
''ဒီယျတေ''ဟုလည်း ပြီးနိုင်၏။

၄၈၄၊ ၅၄၂။ ဃဋာဒီနံ ဝါ။ (၃၃၂)

မေး။ ဃဋ ဓာတ်၏ ဓာတ်နက်ကိုဖော်ပြပါ။

ဖြေ။ ဤဟာ (=အားထုတ်ခြင်း) အနက် ဖြစ်ပါသည်။

မေး။ ဤသုတ်ကို မိန့်ဆိုရပုံကို ရှင်းပြပါ။

''ဂစ္ဆန္တိ, ဂန္တုံ ဝါ ပယောဇေတိ'' ဟူသောအနက်၌ ဂမုဓာတ်နောင် ဏော ဏယစသော
ပစ္စည်းများသက်၍ ''ဂမ်+ဏော''၊ ''ဂမ်+ဏယ'' စသည်ဖြစ်သောအခါ အသံယောဂန္တသ
ဝုဒ္ဓိ ကာရိတေ သုတ်ဖြင့် ဝုဒ္ဓိအပြုရောက်လုလတ်သော် ထိုဝုဒ္ဓိအပြုကို တားမြစ်ခြင်းအကျိုးငှါ
ဤသုတ်ကို မိန့်ဆိုရခြင်းဖြစ်ပါသည်။

-ဃဋာဒီနံ ဝါ သုတ်၌ ဝါသဒ္ဒါက တားမြစ်သောကြောင့် ယင်းပုံစံများ၌ ဝုဒ္ဓိမပြုရ-
ဟူလို။

မေး။ အာဒိသဒ္ဒါ၏ အနက်ကို ရေး၍၊ ထိုအာဒိသဒ္ဒါဖြင့် ယူရမည့်ဓာတ်တို့ကိုလည်း ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါ ပကာရ(အတ္ထ)ဟူသောအနက် ရှိပါသည်။ ထိုအာဒိသဒ္ဒါဖြင့် ဃဋ္ဋကဲ့သို့ ဝုဒ္ဓိအပြု
မမြခြင်းတူသော ဂမု, ဂဏ, ကမု, ခမု, သမု စသောဓာတ်တို့ကို ယူရပါမည်။
၄င်းဓာတ်တို့ကို ''**ဃဋ္ဋာဒိဂဏ်းဓာတ်**''ဟု သိပါ။ (ရူ၊ ၃၂၃။)

မေး။ ဤသုတ်ပါ ဝါသဒ္ဒါ၏အနက်နှင့် သတ်မှတ်ချက်ကိုဖော်ပြပါ။

ဖြေ။ ဝါ သဒ္ဒါ ဝဝတ္ထိတဝိဘာသာအနက် ရှိပါသည်။

ထိုဝါသဒ္ဒါက 'ဃဋ္ဋေတိ, ဥဋ္ဌိဋ္ဌေတိ၊ အတိက္ကမေန္တော, အတိက္ကာမေန္တော' စသော
ပြယုဂ်တို့၌ ရံခါ ဝုဒ္ဓိပြုရခြင်း အနိစ္စဝိဓိ။

'ဂမေတိ, ဂမေန္တော'စသော ကာရိုက်ရုပ်၊ 'ဒမေန္တော, သမေန္တော'စသော စုရာဒိရုပ်တို့၌
ဝုဒ္ဓိ လုံးဝမပြုရခြင်း အသန္တဝိဓိတို့ကို သတ်မှတ်ပြပါသည်။

၄၈၅၊ ၄၃၄။ အညေသု စ။ (၂၆၁)

မေး။ အညအပါဒါန်, အညအုရတို့ကို ရေးပါ။

http://www.dhammadownload.com

ဖြေ။ အညအပါဒါန် – ကာရိုက်ပစ္စည်းများ ဖြစ်ပါသည်။
အညအရကားး အခြားသော ပစ္စည်းများ ဖြစ်ပါသည်။

မေး။ ဤသုတ်ပါ စသဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါ ဏုပစ္စည်းကိုဆည်းခြင်း အဝုတ္တသမုစ္စည်းအနက်ရှိပါသည်။
သုဏောတိ–စသော ပြယုဂ်တို့၌ ဤသုတ်ဖြင့် ဏု ပစ္စည်းကို ဝုဒ္ဓပြုရမည်–ဟူလို။

မေး။ ဃဋ္ဌာဒီနံဝါ သုတ်မှ လိုက်လာသော ဝါသဒ္ဒါ၏အနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ ဝါသဒ္ဒါ ဝဝတ္ထိတဝိဘာသာ အနက်ရှိပါသည်။
ထို ဝါသဒ္ဒါကြောင့် –

၁။ ဇိ, နီ စသော ဏေသရ ဣဝဏ္ဏန္တဓာတ်၊
သု, ဘူ စသော ဏေသရ ဥဝဏ္ဏန္တဓာတ်များနှင့် ဣသ, လိဟ, ဂုသ စသော အနေကဿရ လဟုပန္တဓာတ်တို့၏အဆုံး ဣဝဏ်, ဥဝဏ်တို့ကိုသာ ဝုဒ္ဓိပြုရပါသည်။ (နိစ္စဝိဓိ)

၂။ (က) ဣဝဏ်, ဥဝဏ်တို့မှ တပါးသော အ–အက္ခရာကို ဝုဒ္ဓိ မပြုရပါ။ (အသန္တဝိဓိ)
(ခ) ဣဝဏ်, ဥဝဏ်ပင်ဖြစ်သော်လည်း ယ, ဏု, ဏာ, နာ ပစ္စည်း၊ အချို့သော 'နိဋ္ဌာ'ခေါ် တ, တဝန္တု, တာဂီပစ္စည်း, ကိတ်ပစ္စည်းတို့နောင်းရာ၌ ဝုဒ္ဓိ မပြုရပါ။ (အသန္တဝိဓိပင်)
(ဂ) ဝိကရဏ အ–ပစ္စည်းကြောင့် တုဒါဒိဂဏိကဓာတ်များကိုလည်း ဝုဒ္ဓိ မပြုရပါ။ (အသန္တဝိဓိပင်)

၃။ ဆေတွာ, ဆိန္နိတွာ၊ ဘေတွာ, ဘိန္နိတွာ၊ ဇိတွာ, ဇေတွာ၊ ဆိန္နိတုံ, ဆေတ္တုံ စသည်တို့၌ကား ဝိကပ်အားဖြင့် ဝုဒ္ဓိ ပြုရပါသည်။ (အနိစ္စဝိဓိ)

ဣဝဏ္ဏုဝဏ္ဏန္တာနဉ္စ၊ လဟုပန္တာန ဓာတူနံ။
ဣဝဏ္ဏုဝဏ္ဏာနမေဝ၊ ဝုဒ္ဓိ ဟောတိ – ။ (နိစ္စဝိဓိ)
ပရဿ (အကာရဿ) နံ။ (အသန္တဝိဓိ)
ယုဝဏ္ဏာနမ်ိ ယ ဏုဏာ–နာနိဋ္ဌာဒီသု ဝုဒ္ဓိ နံ။ (။)
တုဒါဒိဿာဝိကရဏေ၊ နံ။ (။)
ဆေတွာဒီသု ဝါ သိယာ။ (အနိစ္စဝိဓိ)

ပြယုဂ်များ–

(၁) အတွက် ဇေတိ, ဇယတိ၊ နေတိ, နယတိ (ဇိ၊ နီ)
သဝတိ၊ ဘဝတိ။ (သု၊ ဘူ)
သေတိ၊ လေဟတိ၊ အက္ကောသတိ၊ (ဣသ၊ လိဟ၊ ဂုသ)

(၂) (ခ) အတွက် ဇီယတိ, နီယတိ, သူယတိ, အဘိဘူယတိ။ (ယပစ္စည်းနောင်းရာ)
သုဏောတိ၊ သုဏာတိ၊ ဇိနာတိ။ (ဏု, ဏာ, နာပစ္စည်းနောင်းရာ)
ဇိတော့, ဇိတဝါ, ဇိတာဝီ၊ ဟုတော၊ ဟုတဝါ, ဟုတာဝီ
ဘူတော။ (နိဋ္ဌာပစ္စည်းနောင်းရာ)

(၂) (ဂ) အတွက် တုဒတိ စသည်။

မေး။ လဟုပန္တာန ဓာတူနံ–၌ ''လဟုပန္တ''အဓိပ္ပါယ်ကို ရှင်းပြပါ။

http://www.dhammadownload.com

ဖြေ။ ဥပဂတော အန္တော ယဿာတိ ဥပန္တော၊
ရှေးသရဏ်အနီးသို့ ကပ်ရောက်သော အဆုံးဝဏ္ဏရှိသော လဟုသရသည် ''ဥပန္တ'' မည်၏။ လဟု ဥပန္တော ယေသန္တိ လဟုပန္တာ = ရှေ့သရဏ်အနီးသို့ ကပ်ရောက်သော အဆုံးဝဏ္ဏရှိသည့် လဟုရှိသော ဣသ, ကုသ စသော အနေကသရဓာတ်တို့သည် ''လဟုပန္တ'' တို့ မည်ကုန်၏။

ထပ်ဆင့်ရှင်းချက်။ ။ ဣသ, ကုသဓာတ်တို့၌ သ အက္ခရာသည် ဣ, ဥ ဟူသော ရှေ့သရဏ်၊ အနီးသို့ကပ်ရောက်သော အဆုံးဝဏ္ဏတို့တည်း။ ဣ, ဥတို့ကား ထိုအဆုံးဝဏ္ဏရှိသည့် လဟုသရများ ဖြစ်ကြ၏။ ဣသဓာတ် ကုသဓာတ်တို့ကား ထိုလဟုသရများရှိသော ဓာတ်တို့တည်း။ အထက်ပါ ဝိဂ္ဂဟနှင့် အဓိပ္ပါယ်သည် ''လဟုဿုပန္တဿ'' ဟူသော မောဂ္ဂလ္လာန် (၅-ကဏ္ဍ၊ ၈၃) သုတ်, ဝုတ္တိ, ပဋိကာတို့နှင့် အညီဖြစ်၏။ ဂဏ္ဌိနှင့်ဋီကာတို့၌ တစ်မျိုးစီကြဲကြသည်။ ထိုအကြဲတို့သည် ကျမ်းဆရာ၏ အာဘော်ကျဖွယ် မရှိပါ။

ဆက်ဦးအုံ - ဤ''ဥပန္တ'' ဟူသော အမည်သည် ''စန္ဒြဗျာကရဏ''ခေါ် ''စန်းကျမ်း'' ၌သုံးသော အသုံးဖြစ်၏။ ယင်းအသုံးသည် **ပါဏိနီကျမ်းစသည်၌သုံးသည့်** ''ဥပဓာ'' ဟူသောအမည်နှင့် အတူတူပင်ဖြစ်၏။ **စန်းကျမ်း**ဆရာက ပါဏိနီ စသည်တို့နောက်သို့ မလိုက်ဘဲ ထွင်သုံးထားခြင်း ဖြစ်ပေသည်။ ဤသို့လျှင် 'ဥပန္တ'နှင့် 'ဥပဓာ'တို့သည် အမည်သာခြား၍ အနက်အရအားဖြင့် အတူတူပင် ဖြစ်သောကြောင့် ''ဥပန္တ''အရ လဟုသရ ရအောင် ဝိဂ္ဂဟပြုပြီးမှ ''လဟုပန္တာန ဓာတူနံ''နှင့်အညီ ဓာတ်ရအောင် တဖန် အသတ္ထိတဒ္ဓိတ် ထပ်ဆင့်သော အထက်ပါ ဘာသာဋီကာနည်းသည်သာ ကျမ်းဆရာ၏ အာဘော်ကျပါလိမ့်မည်။

'လဟုပန္တာနံ' ဖြင့် သိစေအပ်သောအဓိပ္ပါယ် - 'လဟုပန္တာနံ'ပါ၌ဖြင့် ''ဇိဝတိ ပူရတိ''စသော ပြယုဂ်တို့၌ ဥပန္တဖြစ်သော်လည်း လဟုပန္တမဟုတ်ဘဲ ဒီဃုပန္တဖြစ်နေသောကြောင့် ဤ, ဦ တို့ကို ဝုဒ္ဓိမပြုရ-ဟု သိစေပါသည်။ (ဋီ၊ ၁၈၄။)

မေး။ 'နိဋ္ဌာဒီသု ဝုဒ္ဓိ န'ဟုဆိုသောကြောင့် 'နိဋ္ဌာပစ္စည်းနှောင်းလျှင် ဝုဒ္ဓိ လုံးဝမပြုရ'ဟု မှတ်ရပါမည်လော? ရှင်းပြပါ။

ဖြေ။ သယိတံ (ဘောဟော တပစ္စည်း)၊ သယိတံ ဘဝတာ (ကံဟော တပစ္စည်း)၊
ရောစိတံ (ကံဟော တပစ္စည်း)၊ သုဂေါပိတော (ကံဟော တပစ္စည်း)၊
ဤပြယုဂ်တို့၌ ဘော, ကံဟော နိဋ္ဌာ တပစ္စည်းနှောင်းလျက် ဝုဒ္ဓိပြုထားသောကြောင့် 'နိဋ္ဌာပစ္စည်းနှောင်းလျှင် ဝုဒ္ဓိ လုံးဝမပြုရ'ဟု မှတ်ရပါ။ (ရူ၊ ၃၈၁၊ ၃၈၄၊ ၃၈၉။)

မေး။ နိဋ္ဌာဒီသု ဝုဒ္ဓိ န-ဝယ် နိဋ္ဌာဒီသု-၌ အာဒီသဒ္ဒါဖြင့် ယူရမည့် ပစ္စည်းတို့ကို ဖော်ပြပါ။

ဖြေ။ အာဒီသဒ္ဒါဖြင့် တိပစ္စည်း စသည်တို့ကို ယူရပါမည်။
သဝဏ် သုတိ၊ နယနံ, နီယတိ တောယာတိ ဝါ နီတိ (ရူ၊ ၃၇၁။)
မုနာတီတိ မုနိ (ရူ၊ ၄၁၈။)

မေး။ သုတိ, နီတိ, မုနိ-ပြယုဂ်တို့၌ အဘယ့်ကြောင့် ဝုဒ္ဓိမပြုရပါသနည်း ဖြေဆိုပါ။

ဖြေ။ ဃဋ္ဌာဒီနံ ဝါ သုတ်မှ လိုက်လာသော ဝါ သဒ္ဒါတားမြစ်သောကြောင့် ဝုဒ္ဓိမပြုရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

၄၈၆၊ ၅၄၃။ ဂုဟဒုသာနံ ဒီဃံ။ (၃၃၃)

မေး။ ဤသုတ်ကို အဘယ်အကျိုးငှါ တည်ရပါသနည်း ဖြေဆိုပါ။

ဖြေ။ ကာရိုက်ပစ္စည်းနှောင်းရာ၌ အသံယောဂန္တသ ဂုဒ္ဓိ ကာရိတေ သုတ်ဖြင့် ဂုဟဓာတ်, ဒုသဓာတ်တို့၏ ဂုဒ္ဓိအပြုကို တားမြစ်ခြင်းအကျိုးငှါ ဤသုတ်ကို တည်ရခြင်းဖြစ်ပါသည်။

မှတ်ချက်။ ။ ဤသုတ်က ''ကာရိုက်ပစ္စည်းနှောင်းရာ၌သာ ဒီဃပြု''ဟုဆိုသော်လည်း ''ဂူဟနံ၊ စောင့်ရှောက်ခြင်း။ ဝါ လျှို့ဝှက်ခြင်း'' စသည်၌ ကာရိုက်ပစ္စည်းမနှောင်းပဲလည်း ဒီဃပြုရပါသည်။ မောဂ္ဂလ္လာန်၌လည်း ဂုဟဓာတ်၌ ကာရိုက်ပစ္စည်းနှောင်းခြင်းကို မဆို၊ ''ဂုဟိဿ သရေ'' သုတ်တည်၍ သရနှောင်းခြင်းကိုသာ ဆိုသည်။ ဒုသဓာတ်၌ကား ကာရိုက်ပစ္စည်းနှောင်းမှပင် ဒီဃပြုရန် တညီတညွတ်တည်း ဆိုကြသည်။ ကာရိုက်ပစ္စည်း မနှောင်းလျှင် ''ဒုဿနံ၊ ပဒုဿတိ''စသည်ဖြင့် ဒီဃမပြုရ။

မေး။ ဂုဟဓာတ်, ဒုသဓာတ်တို့၏ အနက်ကို ဖော်ပြပါ။

ဖြေ။ ဂုဟဓာတ်သည် သံဝရဏ (=စောင့်ရှောက်ခြင်း, ပိတ်ပင်ခြင်း)အနက်ကို ဟောဏ်။ ဒုသဓာတ်သည် အပ္ပီတိ (=မနှစ်သက်ခြင်း, ဖျက်ဆီးခြင်း)အနက်ကို ဟောဏ်။

၄၈၇၊ ၄၇၈။ ဝစဝသဝဟာဒီနမုကာရော ဝဿ ယေ။ (၂၈၇)

မေး။ ''ဝစ ဝိယတ္တိယံ ဝါစာယံ''နှင့်စပ်၍ သိမှတ်ဖွယ်များကို ရေးသားဖော်ပြပါ။

ဖြေ။ ရှေးဆရာတော်များက ''ဝစ၊ ဝစဓာတ်သည်။ ဝိယတ္တိယံ၊ လိမ္မာသောသူ၏ ဥစ္စာဖြစ်သော။ ဝါစာယံ၊ စကား၌''ဟု အနက်ပေးတော်မူကြပါသည်။ ယင်းအနက်ကို ဘာသာဋီကာဆရာတော်က မကြိုက်။ ထို့ကြောင့် အခြေပြုသဒ္ဒါ၌ – **"ဝိယတ္တိယံ၊ အက္ခရာထင်ရှားသော။ ဝါစာယံ၊ စကားပြောခြင်း၌"ဟု အနက်ပေး၍၊ "ဝိယတ္တိယံ၊ လိမ္မာသောသူ၏ ဥစ္စာဖြစ်သော"ဟု အနက်ပေးကြသည်မှာ မသင့်၊ "နှင့်အမေ ငါ"စသည်ဖြင့် ကလော်ရာ၌လည်း ဝိယတ္တိယံ ဝါစာယံပင်တည်း"**ဟု ရေးတော်မူသည်။

ဘာသာဋီကာဆရာတော် မကြိုက်သော်လည်း ရှေးဆရာတော်တို့၏ အနက်သည် ''ဝိယတ္တသ သော ဝိယတ္တိ၊ တိသံ ဝိယတ္တိယံ ဝါစာယံ၊ ဝိယတ္တာယံ ဝါစာယန္တိ အဓိပ္ပါယော''ဟူသော သဒ္ဒနီတိ ဓာတုမာလာ (၃၁)နှင့် အညီပင် ဖြစ်၏။ ''လိမ္မာ''ဟူရာ၌ မိုက်မဲခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော လိမ္မာခြင်းကို မယူဘဲ 'ကျွမ်းကျင်ခြင်း'ကို ယူလျှင် ''အက္ခရာတို့၌ ကျွမ်းကျင်သောသူ၏စကား''ဟု အဓိပ္ပာယ်ရပါသည်။ ''အက္ခရာတို့၌ ကျွမ်းကျင်သောသူ၏စကား''ဟူသည် ''အက္ခရာ ထင်ရှားသောစကား''ပင်ဖြစ်၍ ရှေးဆရာတို့ပေးသောအနက်မှာ အနက်မှန်ပင် ဖြစ်သည်ဟု ဆိုရပါမည်။ သီဟိဠ်ဗျာချာ၌ ''ဝိယတ္တိယံ၊ ဗျတ္တဖြစ်သော။ ဝါစာယံ၊ စကား၌''ဟု ပေး၏။ အတူတူပင် ဖြစ်ပါသည်။

မေး။ ဝစဝသဝဟာဒီနံ–၌ အာဒိသဒ္ဒါဖြင့် ယူရမည့်ဓာတ်ကို အတိအကျ ဖော်ပြပါ။

ဖြေ။ 'ဝဓုဓာတ်' ဖြစ်ပါသည်။ ဝဓုဓာတ်၏ ဝ ကို ဥ–ပြုပါ ဟူလို။

မေး။ ဤသုတ်ပါ 'ဝဿ'ပုဒ်နှင့် စပ်၍ သိမှတ်ဖွယ်ရာများကို စုံလင်စွာ ရှင်းပြပါ။

ဖြေ။ ''ဝဿ'' ၌ 'ဝ'တစ်လုံးတည်းမဟုတ်၊ ''ဝဿ အ ဝ'' ဟူသော ဆဋ္ဌီတပ္ပု ရိသ်သမာသ်ဝစနတ္ထအရ ဒုတိယ 'ဝ'တစ်လုံးကိုလည်း အလိုရှိအပ်ပါသည်။ ထိုပဌမ, ဒုတိယ 'ဝ'

http://www.dhammadownload.com

၂-လုံးကို ကေသေသနည်း, တန္ဆနည်းအားဖြင့် 'ဝ'တစ်လုံးတည်းပြု၍ ''ဝဿ''ဟု ဆိုထားခြင်းဖြစ်ပါသည်။ ပထမ 'ဝ'မှာ 'ဝ'ဟုပင် အနက်ထွက်သော 'ဝ'အက္ခရာသက်သက်ဖြစ်၍၊ ဒုတိယ 'ဝ'ကား 'ဝ၏ အ'ဟုအနက်ထွက်သော သမာသ်ပုဒ် 'ဝ' အက္ခရာဖြစ်၏။ ထို့ကြောင့် ဤသုတ်ဖြင့် ဝ-နှင့် ဝ၏အဆုံး အ သရ၊ ၂ -မျိုးလုံးကိုပင် ဥ ပြုရမည်ဟု ဆိုလိုပါသည်။

ကေသေသနည်း-''ဂေါ စ ဂေါ စ ဝဝ''ဟုဆိုသင့်လျက် ဝ-တစ်လုံးကိုချေ၍ ဝ တစ်လုံးတည်းကြွင်းအောင် ပြုသောနည်းသည် ''ကေသေသနည်း'' မည်၏။

တန္ဆနည်း- ယက်ကန်းတစ်ချက် ခတ်လိုက်လျှင် အတိုင်ချည်, အဖေါက်ချည် ၂-မျှင် တပြိုင်နက် ထပ်သွားသကဲ့သို့ တစ်ပုဒ်တည်းဖြစ်လျက် အနက် ၂-မျိုးရသော နည်းသည် ''တန္ဆ''နည်း မည်၏။ (ကေသေသနည်းသည် သဒ္ဒါကို အစွဲပြု၍ ခေါ်သော နည်းဖြစ်၍၊ တန္ဆနည်းကား အနက်ကို အစွဲပြု၍ ခေါ်သောနည်းဖြစ်၏။)

ကောယေဝ ဒုဝေ အတ္ထေ၊ ပရိဒီပေတိ **ဘူတ**တော။
တန္ဆနယောတိ သော ဥပေယျော၊ ဝသ **ဝါဝေ**တ္ထ ဉာပကံ။ (ဇာလိနီ)

မေး။ ဤသုတ်ဖြင့် အဘယ်အရာများကို ဥ-ပြုရမည်နည်း ဖြေဆိုပါ။

ဖြေ။ ဤသုတ်ဖြင့် 'ဝ'ကိုလည်းကောင်း၊ ဝ-၏အဆုံး အသရကိုလည်းကောင်း ဥ-ပြုရပါမည်။

မေး။ ဝစ ဝသ-စသောသုတ်ဖြင့် (၁) ဝ ကို ဥပြု (၂) ဝ ၏ အဆုံး အ ကို ဥ ပြု-ဟု ပက္ခ ၂-မျိုးရှိရာ ထိုပက္ခ ၂-မျိုးတို့၏ ထူးခြားချက်ကို ရှင်းပြပါ။

ဖြေ။ (၁) 'ဝ ကို ဥ ပြု'ဟူသော ပုရိမပက္ခ၌ ''ဝစ် + ယ+ တေ''မှ ဝ် ဗျည်းကိုသာ ဥ ပြုရကား (ဥ အ စ် ယ တေ)ဟု ဝ် ၏ မှီရာ အသရကျန်နေသောကြောင့် ဝါ ပရော အသရွှပါ-သုတ်, သို့မဟုတ် ကွစိ ဓာတု သုတ်ကြီးဖြင့် နောက်အသရကို ချေရပါသေးသည်။

(၂) 'ဝ ၏ အ ကို ဥ ပြု'ဟူသော ပစ္ဆိမပက္ခ၌ကား အ သရ မကျန်တော့ပြီ ဖြစ်သော ကြောင့် ချေဖွယ်မလိုတော့ပါ။

မေး။ ဝစ ဝသ-စသော သုတ်ကိုသာ ရွှအလိုက္ခ အနက်ယောဇနာပြပါ။

ဖြေ။ ယေ၊ ဘော, ကံဟော ယပစ္စည်းကြောင့်၊ ဝစ ဝသဝဟာဒီနံ၊ ဝစ ဝသ ဝဟ အစရှိသော ဓာတ်တို့၏။ ဝဿ၊ ဝ, ဝ၏အဆုံးဖြစ်သော အ အက္ခရာ၏။ ဥကာရော၊ ဥအက္ခရာ အပြုသည်။ ဟောတိ၊ ဖြစ်၏။

မှတ်ချက်။ ။ ''ဝဿ၊ ဝ ၏။ (တစ်နည်း) ဝဿ၊ ဝ ၏ အ ၏''ဟု ဝဿ-ပုဒ်ကို နှစ်ခါ ရွတ်ပြီး အနက်မပေးရ၊ တစ်ခါတည်းသာရွတ်၍ အနက်နှစ်ထပ်ပေးရမည်-ဟုမှတ်ပါ။

မေး။ ဝစ ဝသဝဟာဒီန မုကာရော ဝဿ-ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂ၏ အကျိုးကို ရေးပြပါ။

ဖြေ။ ထိုယောဂဝိဘာဂဖြင့် ''ဥပဝုဒ္ဓော = ဆောင်ယူပြီ''ဟူသောပုံစံ၌ တ ပစ္စည်းကြောင့်လည်း ဝဟဓာတ်၏ ဝ, (တစ်နည်း) ဝ ၏ အဲ ကို ဥ ပြုရခြင်း အကျိုးရှိပါသည်။

http://www.dhammadownload.com

၄၈၈၊ ၄၈၁။ ဟဝိပရိယယော လော ဝါ။ (၂၈၉)

မေး။ 'ဟဝိပရိယယ'၏ အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ ဟအက္ခရာ၏ ယ အက္ခရာနှင့် ရှေ့, နောက် အထက်, အောက် ပြန်ခြင်းကို ''ဟဝိပရိ–ယယ''ဟု ဆိုပါသည်။

မေး။ ဤသုတ်ပါ ဝါသဒ္ဒါ၏ အနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ ဝါ သဒ္ဒါ ဝဝတ္ထိတဝိဘာသာအနက် ရှိပါသည်။
ထိုဝါသဒ္ဒါကြောင့် ''ဂယှတိ''စသောပြယုဂ်တို့၌ ယ ကို လ မပြုရခြင်း (အသန္ဓဝိဓိ) ''ဝုလှတိ, ဝုယှတိ''စသောပြယုဂ်တို့၌ကား ရံခါ လ ပြုရခြင်း (အနိစ္စဝိဓိ)ဟု သတ်မှတ်ပြပါသည်။ (နိစ္စဝိဓိ မရှိပါ။)

မေး။ ဤသုတ်ဖြင့် လ ပြုရမည့်အရာကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ သုတ်၌ ''လော ဝါ = အဆို့ လ ပြု''ဟု သာမညဆိုထားသော်လည်း လိုက်လာသော 'ယေ'အရ လိုက်လာသည့် နိမိတ်ဖြစ်သော ယ–ကိုသာ ကြားနေရ တွေ့မြင် နေရသော ကြောင့် ထိုနိမိတ်ဖြစ်သော ယ–ပစ္စည်းကိုသာ လ ပြုရပါမည်။

မေး။ 'ဟဝိပရိယယော'ဟူသော ဒွိဓာကရဏယောဂဝိဘာဂ၏ အကျိုးကို ရေးပါ။

ဖြေ။ ''သန္ဓယှတိ''ဟူသော ပြယုဂ်၌ ''သံ+နဟ+ယ+တိ''ဟု ဖြစ်နေသောအခါ ဤ ယောဂဝိဘာဂဖြင့် ဟ နှင့် ယ ကို ရှေ့, နောက်ပြန်ရခြင်း အကျိုးရှိပါသည်။

၄၉၁၊ ၅၂၃။ ကရဿ ကာသတ္တ မဇ္ဈတနိမ္မိ။ (၃၂၀)

မေး။ ''ကရဿ ကာသော အဇ္ဈတနိမ္မိ''ဟုဆိုလျှင် ''အဇ္ဈတနီ ဝိဘတ်ကြောင့် ကရဓာတ်ကို ကာသပြု'' ဟူသော အနက်အဓိပ္ပါယ်ပြီးစီးပါလျက် ယင်းသို့ မဆိုပဲ ''ကာသတ္တံ''ဟု ဘာဝနိဒ္ဒေသ တ္တပစ္စည်းဖြင့် ဆိုရခြင်းအကျိုးကို ရေးပါ။

ဖြေ။ ယင်းသို့ဆိုခြင်းကြောင့် 'ဂမု' စသော အခြားသော ဓာတ်တို့နောင်လည်း သ လာရခြင်း အကျိုးရှိပါသည်။

မေး။ ဤသုတ်ကို (က) ကရဿ (ခ) သတ္တမဇ္ဈတနိမ္မိ–ဟု ယောဂဝိဘာဂ ၂–မျိုး ကြိုလျှင် ဖြစ်ပေါ်လာသော အနက်အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ ယင်းသို့ကြိုလျှင်–
(က) မည်သည့်ဝိဘတ်ကြောင့်ဖြစ်စေ ကရဓာတ်ကို ကာ–ပြု၊
(ခ) မည်သည့်ဓာတ်နောင်ဖြစ်စေ အဇ္ဈတနီဝိဘတ်ကြောင့် သ လာ– ဟု အနက်အဓိပ္ပါယ် ဖြစ်ပေါ်လာပါသည်။

မေး။ ဤသုတ်ကို (က) ကရဿ ကာ (ခ) သတ္တမဇ္ဈတနိမ္မိ ဟု ၂– မျိုးကြိုလျှင် ရရှိနိုင်သော အကျိုးကို ရေးပြခဲ့ပါ။

ဖြေ။ (က) ''ကရဿ ကာ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် ''အကာ–ပြုပြီ'' စသော ပြယုဂ်တို့၌ ဟိယျတ္တနီဝိဘတ်ကြောင့်လည်း ကရဓာတ်ကို ကာ–ပြုရခြင်း အကျိုးရှိပါသည်။

http://www.dhammadownload.com

(ခ) ''သတ္တမဇ္ဇတနိမှိ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် ''အဂမာသိ''စသော ပြယုဂ်တို့၌ ဂမု စသောအခြားသောဓာတ်တို့နောင်လည် သ လာရခြင်း အကျိုးရှိပါသည်။

မေး။ ''သတ္တမဇ္ဇတနိမှိ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် သလာရာဌာနကို ဖော်ပြပါ။

ဖြေ။ ''ယောဂဝိဘာဂတော ဣဌပသိဒ္ဓိ = ယောဂဝိဘာဂကြောင့် အလိုရှိအပ်သော ပြယုဂ် ပြီးစီးသည်''ဟု ပရိဘာသာလာရကား များသောအားဖြင့် ဒီဃသရနောက်၌သာ သ လာရပါသည်။

မေး။ ''ကရဿ ကာ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် ဟိယျတ္တနီဝိဘတ်ကြောင့် ကာ-ပြုရပုံကို ပြည့်စုံစွာ ရေးပြပါ။

ဖြေ။ ''ကရဿ ကာ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် အာ, တ္ထ, အံ, မှာ, တ္ထ, မှသေ-ဟူသော ဟိယျတ္တနီဝိဘတ် ၆-လုံးတို့နှောင်းရာ၌သာ ကရဓာတ်ကို ကာ ပြုရပါသည်။

မေး။ ကရဿ ကာသတ္တမဇ္ဇတနိမှိ-သုတ်ကို ရူပသိဒ္ဓိနှင့်အညီ အနက် ၂-နည်း ယောဇနာ ပြပါ။

ဖြေ။ အဇ္ဇတနိမှိ၊ အဇ္ဇတနီဝိဘတ်ကြောင့်။ ကရဿ၊ ကရဓာတ်၏။ ကာသတ္တံ၊ ကာသ အဖြစ်သည်။ ဝါ-အချို့။ ဟောတိ၊ ဖြစ်၏။

(တစ်နည်း) ကရဿ၊ ကရဓာတ်၏။ ကာ၊ ကာ အပြုသည်။ ဟောတိ၊ ဖြစ်၏။ အဇ္ဇတနိမှိ၊ အဇ္ဇတနီဝိဘတ်ကြောင့်။ သတ္တဥ၊ သ ၏အဖြစ်သည်လည်း။ ဝါ- သ လာသည်လည်း။ ဝါ၊ အချို့။ ဟောတိ၊ ဖြစ်၏။ (သုတ်ကို ကရဿ ကာ + သတ္တမဇ္ဇတနိမှိ-ဟု ခွဲလိုက်ခြင်းဖြစ်သည်။)

မေး။ ကုဗ္ဗန္တိ-ကို အာချာတ်ရုပ်ကျဉ်း စီရင်ပြပါ။

ဖြေ။ ကရ် + ဩ + အန္တိ၊ ဥတ္တမောကာရော သုတ်ဖြင့် ဩ ကို ဥ ပြု (ကရ်-ု - နွှိ) က် ခွင်း အ ကြွင်း၊ ကရဿာကာရောစ သုတ်ဖြင့် ကရ်ဓာတ်၏ အစ အကို ဥ ပြု၊ က် ဥ သို့ကပ်၊ (ကုရ် ု - နွှိ)၊ ဥ ကို လ အမည်မှည့်၊ ယဝကာရာ စ သုတ်ဖြင့် ပုဒ်အဆုံး မဟုတ်သော နောက် ဥ ကို ဝ ပြု (ကုရ် ဝ် - နွှိ)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် နောက် ဝ်-ကြောင့် ဓာတွန် ရ် ကိုချေ (ကု ဝ် - နွှိ)၊ ပရ ဒွေဘာဝေါ ဌာနေ သုတ်ဖြင့် ဝ် ကို သဒိသဒွေးဘော် ဝွ်-ပြု (ကု ဝွ် - နွှိ)၊ဒေါ ဓဿ စ သုတ်၌ ''ဗ္ဗော ဝွဿ'' ဟူသော သုတ္တဝိဘာဂဖြင့် ဝွ် ကို ဗ္ဗ် ပြု (ကုဗ္ဗ် - နွှိ) ဗ္ဗ် အ သို့ကပ်၊ ကုဗ္ဗန္တိ-ကား ပြီး၏။

မေး။ 'ကယိရတိ'ကို ကတ္တုရုပ်,ကမ္မရုပ် ၂-မျိုးကြံ၍ ဝါကျတည်ဆောက်ပြပါ။

ဖြေ။ ပုရိသော ကမ္မံ ကယိရတိ။ (ကတ္တရုပ်)
ကရိယတိ ကဋ္ဌော တေန။ (ကမ္မရုပ်)
ကုဋ္ဌိ မေ ကယိရတိ အဒေသိတဝတ္ထကာ (ကမ္မရုပ်)။ (နီတိဓာတု၊ ၂၆၆-လည်းကြည့်။)

မေး။ (က) ကုဗ္ဗေထ (ခ) ကြုဗ္ဗေထ တို့ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ (က) ကရ + ဩ + ဇေထ၊ ဥတ္တမောကာရော သုတ်ဖြင့် ဩ ကို ဥ ပြု၊ ကရဿာကာရော စ သုတ်ဖြင့် ကရဓာတ်၏ အ ကို ဥ ပြု၊ (ဩ ကို ပြုထားသော) ဥ ကို လ

http://www.dhammadownload.com

အမည်မှည့်၊ ယဝကာရာ စ သုတ်ဖြင့် ပုဒ်အဆုံးမဟုတ်သော နောက် ဥ ကို ဝ ပြု။ ကွစိ ဓာတု သုတ်ကြီးဖြင့် ဓာတွန် ရဲ ကို ချေ၊ ဝ ကို သဒိသဒွေးဘော် ဝ ပြု၊ ဝ ကို ဗ ပြု (ကုဗ္ဗ ထေ)၊ ဗ ခွင်း ချေ ကပ်၊ ''ကုဗ္ဗေထ'' ပြီး၏။

(ခ) ကွစိ ဓာတု သုတ်ကြီးဖြင့် က ကို ကြ ပြုလျှင် ''ကြုဗ္ဗေထ'' ပြီး၏။

မေး။ ကရဓာတ်နောင် (က) သြပစ္စည်း (ခ) ယိရပစ္စည်းများ သက်၍ သတ္တမီဝိဘတ်ဖြင့် ကတ္တုရူပ်ပဒမာလာ စဉ်ပြပါ။

ဖြေ။ (က) ကရေ, ကရေယျ၊ ကုဗ္ဗေ, ကုဗ္ဗေယျ။ ကရေယျုံ, ကုဗ္ဗေယျုံ။ ကရေယျာသိ, ကုဗ္ဗေယျာသိ၊ ကရေယျာထ, ကုဗ္ဗေယျာထ။ ကရေယျာမိ, ကုဗ္ဗေမိ၊ ကရေယျာမ ကုဗ္ဗေယျာမ။ (ပရသပုဒ်)

(ခ) ကယိရာ, ကယိရုံ။ ကယိရာသိ, ကယိရာထ။ ကယိရာမိ၊ ကယိရာမ။ (ပရဿပုဒ်) ကယိရာထ, ကုဗ္ဗေထ, ကရေထ, ကြုဗ္ဗေထ၊ ကြုဗ္ဗေရုံ။ ကြုဗ္ဗေထော, ကြုဗ္ဗေယျာဝေါ၊ ကြုဗ္ဗေယျံ, ကြုဗ္ဗေယျာမှေ။ (အတ္တနောပုဒ်)

မေး။ (က) ကရေ (ခ) ကုဗ္ဗေ (ဂ) ကယိရာ (ဃ) ကယိရာထ–တို့ကို ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ (က) ကရ် + သြ + ယေျ၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ယေျဝိဘတ်ကို ဇ–ပြု, သြပစ္စည်း ကိုလည်း ချေ၊ ပြီး၏။

(ခ) ကရ် + သြ + ယေျ၊ သြ ကို ဥ ပြု၊ ကရဓာတ်၏ အ ကို ဥ ပြု၊ ဥ ကို လ အမည် မှည့်၊ ဝ ပြု၊ ဒွေးဘော်ပြု၊ ဝ ကို ဗ ပြု၊ ယေျဝိဘတ်ကို ဇ ပြု၊ ဗ္ဗ ခွင်း ချေ ကပ်၊ ပြီး၏။

(ဂ) ကရ် + ယိရ + ယေျ၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ယိရ ပစ္စည်းနောင် ယေျဝိဘတ်ကို အာ ပြု၊ ဓာတွန် ရဲ ကိုလည်း ချေ၊ ရဲ ခွင်း ချေ ကပ်၊ ပြီး၏။

(ဃ)ကရ် + ယိရ + ထေ၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ယိရပစ္စည်းနောင် ထေဝိဘတ်၏ အစ ဇ–ကို အာ ပြု၊ ရဲ ခွင်း ချေ ကပ်၊ ပြီး၏။

မေး။ ကရဓာတ်နောင် သြပစ္စည်းသက်၍ ဟိယျတ္တနီဝိဘတ်ဖြင့် ကတ္တုရူပ်ပဒမာလာစဉ်ပြပါ။

ဖြေ။ အကာ, အကရာ၊ အကရှ။ အကရော၊ အကတ္ထ, အကရောတ္ထ။။ အကံ, အကရံ၊ အကမှ, အကရမှ။

အမှာ။ ။ ကရဓာတ်၏ ပဒမာလာများကို (ရှ၊ ၃၁၈)စသည်တို့၌ ရှုပါ။

မေး။ (က) အကာ (ခ) အကရာ တို့ကို ရုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ (က) ကရ် + သြ + အာ၊ အ လာ၊ ကရဿ ကာသတ္တုမဇ္ဈတနိမ္မိ သုတ်၌ ''ကရဿ ကာ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် ကရ်–ကို ကာ ပြု၊ က် ခွင်း, ချေ, ကပ်၊ ကွစိ ဓာတု သုတ်ကြီးဖြင့် သြပစ္စည်းကို ချေ၊ ပြီး၏။

(ခ) ကာ မပြုလျှင် ''အကရာ''ဟု ပြီး၏။

၃မး။ အကာသိ ကို ရုပ် ၂– နည်း တွက်ပြခဲ့ပါ။

၃ဖြ။ ကရ် + သြ + ဏ္ဍ၊ အ လာ (အ ကရ် ဇ–၁ ဦ)၊ ကရဿ သတ္တုမဇ္ဈတနိမ္မိ–သုတ်ဖြင့် ကရ်ဓာတ်ကို ကာသ် ပြု (အကာသ ဇ–၁–ဦ)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် သြ ပစ္စည်းကိုချေ၊

http://www.dhammadownload.com

ဤ ကိုလည်း ဣရဿပြု (အကာသ ဒီ)၊ သ် ဣသို့ကပ်၊ ''အကာသီ'' ပြီး၏။

(တစ်နည်း) ကရ် + ဩ + ဩ၊ အ လာ (အ ကရ် ဧ–ာ ဧ–ာ)၊ ကရဓာတ်ကို ကာသ်ပြု (အကာသ် ဧ–ာ ဧ–ာ)၊ ကွစိဓာတုသုတ်ကြီးဖြင့် ဩပစ္စည်းကိုချေ၊ ဩဝိဘတ် ကိုလည်း ဣပြု (အကာသ် ဒီ)၊ သ် ဣသို့ကပ်၊ ''အကာသီ'' ပြီး၏။

၄၉၂၊ ၄၉၉။ အသသ္မာ မိမာနံ မိမွာန္နလောပေါ စ။ (၃၀၀)

မေး။ အသဓာတ်ကို (က) ဝတ္တမာန် (ခ) ပဋမိဝိဘတ်တို့ဖြင့် ကတ္တုရူပ်ပဓမာလာ စဉ်ပြပါ။

ဖြေ။ (က) အတ္ထိ၊ သန္တိ၊ အသိ၊ အတ္ထ၊ အမှိ၊ အသ္မိ၊ အမှ၊ အသ္မ။
(ခ) အတ္ထု၊ သန္တု၊ အာဟိ၊ အတ္ထ၊ အသ္မိ၊ အသ္မ။

မေး။ ပဋမိ ဟိ ဝိဘတ်ဖြင့် ပြီးသော အဟိ–ပုဒ်ကို ရူပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ အသဓာတ်တည်၊ ဟိဝိဘတ်သက်, အပစ္စည်းသက် (အသ် အ ဟိ)၊ သိမှိ စ သုတ်၌ စသဒ္ဒါဖြင့် ဓာတွန် သ် ကို ချေ (အ အ ဟိ)၊ လောပဥ္စေတ္တ မကာရော သုတ်ဖြင့် အ ပစ္စည်းကို ချေ၊ 'အဟိ' ပြီး၏။

– သိဟိသ္မွန့် (မောဂ်၊ ၆၊ ၅၃။) – သိဟိသု စ။ (နီတိ၊ သုတ္တ၊ ၉၉၂။)

အာဟိ မဟုတ်။ ။ ''**အာသီ**တိ ထွေ ''သရာ သရေ လောပန္တိ ပုဗ္ဗသရေ လုတ္တေ ''ဒီဃ''န္တိ ပရသရဿ ဒီဃော''ဟူသော ရူဋ္ဌီကာ(၁၉၇။)လာ ပါဠို၌ 'အာသီတိ'ကို 'အာဟိတိ'ဟု ပြင်၍ (အ အ ဟိ)–ဟု ဖြစ်နေသောအခါ သရာ သရေ လောပ် သုတ် ဖြင့် နောက်အသရကြောင့် ရှေ့ အသရကိုချေ၊ ဒီဃ် သုတ်ဖြင့် အ ကို အာဒီဃပြု၊ 'အာဟိ' ပြီး၏–ဟု ရူပ်တွက်ကြသည်။

သေသေချာချာ ကြည့်လျှင် အထက်ပါ ရူဋ္ဌီကာ စာပိဒိသည် အာဟိ–ကို ရူပ်တွက်ပြ သောစာပိဒိ မဟုတ်၊ ''အာသိ''ကို ရူပ်တွက်ပြသော စာပိဒိသာ ဖြစ်သည်။ ဘာ့ကြောင့် နည်း? စာကိုယ်လာ ''အသတော ယျောဒိနံ သဓာတွန္တာနံ''ရှိ အသတော–ပုဒ်ကို ''အသတောတိ အသဓာတုတော''ဟု ဖွင့်ပြီးမှ ''အာသီတိ''စသည်ဖြင့် ဖွင့်ပြထားသော စာပိဒိဖြစ်သောကြောင့်တည်း။ (အဟိ–သည် အသတော–စသော စကားရပ်၏ ရှေ့မှာ ရှိနေသည်ကို သတိပြု)။

မေး။ (က) အာသိ၊ အာသိ်သု, အာသုံ (ခ) အာသိ၊ အာသိ၊ အာသိတ္ထ–တို့၌ ''အာသိ''တို့ကို ရူပ်ကျဉ်း စီရင်ပြခဲ့ပါ။

ဖြေ။ (က) အသဓာတ်တည်၊ အဇ္ဇတနီ ဤဝိဘတ်သက်၊ (အသ် ဤ)၊ အကာရာဂမော သုတ်ဖြင့် ဓာတ်၏အစ၌ အ–လာ (အ အသ် ဤ)၊ သရာ သရေ လောပ် သုတ်ဖြင့် နောက် အသရ ကြောင့် ရှေ့ အသရကို ချေ၊ ဒီဃ် သုတ်ဖြင့် နောက်အသရကို အာဒီဃပြု၊ (အာသ် ဤ)၊ ဤ ကို ဣရဿပြု၊ သ် ဣ သို့ကပ်၊ 'အာသိ' ပြီး၏။

(တစ်နည်း) အသဓာတ်တည်၊ အဇ္ဇတနီ ဩဝိဘတ်သက်၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဩ ကို ဣ–ပြုရခြင်းသာ ထူး၏။

http://www.dhammadownload.com

၄၉၇၊ ၄၇၇။ လဘသ္မာ ဤ ဣံနုံ ထ္ထ တ္ထံ။ (၂၈၆)

မေး။ လဘဓာတ်နောင် ဘဝိဿန္တီ ဿတိ ဝိဘတ်ဖြင့် ပြီးနိုင်သော ရုပ်များကိုဖော်ပြ၍၊ ရုပ်ကျဉ်းလည်း စီရင်ပြပါ။

ဖြေ။ လစ္ဆတိ၊ လဘိဿတိ။

လဘဓာတ်တည်၊ အပစ္စည်းသက်, ဿတိဝိဘတ်သက်၊ ကရဿ သပစ္စယဿ ကာဟော သုတ်၌ သပစ္စယသဒ္ဒါပိုဖြင့် လဘဓာတ်နောင် ဿတိ ဝိဘတ်၏ ဿ-ကို ဆ-ပြု၊ ဗျဉ္စနန္တဿ စော ဆပစ္စယေသု စ သုတ်ဖြင့် ဓာတွန် ဘ်ကို စ် ပြု၊ စ် ဆ သို့ကပ် 'လစ္ဆတိ' ပြီး၏။

ဿ-ကို ဆ မပြုလျှင် ဣလာ၍ 'လဘိဿတိ'ဟု ပြီး၏။

၄၉၈၊ ၄၈၀။ ကုသသ္မာ ဒီ စ္ဆိ။ (၂၈၈)

မေး။ (က) ကုသသ္မာ ဒီ စ္ဆိ (ခ) ကုဓသ္မာ ဒီ စ္ဆိ ၂-မျိုးတို့တွင် သင့်မြတ်သောပါဌ်ကို ဆုံးဖြတ်ပါ။

ဖြေ။ ကစ္စည်းသုတ်စဉ် သရုပ်ခွဲ၌ ရေးခဲ့ပြီ။ ကြည့်ပါ။

မေး။ (က) အက္ကောစ္ဆိ (ခ) အက္ကောသိ တို့ကို ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ (က) အာ-ကုသ် + ဤ၊ က ကို သဒိသဒ္ဒေဘော် ဣပြု (အာ ဣုသ် -ီ)၊ ရဿံ သုတ်ဖြင့် အာ ကို အ ရဿပြု၊ (အ ဣုသ် -ီ) အပစ္စည်းသက်၊ အညေသု စ သုတ်ဖြင့် ဣု-၌ ဥ ကို ဩဝုဒ္ဓိပြု (အက္ကောသ်-ီ)၊ လောပဥ္စေတ္တမကာရော သုတ်ဖြင့် အပစ္စည်းကို ချေ (အက္ကောသ်-ီ)၊ ဤသုတ်ဖြင့် ကုသဓာတ်နောင် ဤဝိဘတ်ကို စ္ဆိ ပြု, ဓာတွန် သ်ကိုလည်း ချေ၊ 'အက္ကောစ္ဆိ' ပြီး၏။

(ခ) ဤဝိဘတ်ကို စ္ဆိ မပြုပဲ ကွစိ ဓာတု သုတ်ကြီးဖြင့် ဤဝိဘတ်ကို ဣရဿပြု (အက္ကောသ်-ီ)၊ သ် ဣသို့ကပ်၊ 'အက္ကောသိ' ပြီး၏။

၄၉၉၊ ၅၀၇၊ ဒါဓာတုဿ ဒဇ္ဇံ။ (၃၀၄)

မေး။ (က) ဒါ ဓာတုဿ ဒဇ္ဇံ (ခ) ဒါ ဓာတုဿ ဒဇ္ဇံ ဝါ ၂-မျိုးတို့တွင် သင့်မြတ်သောပါဌ်ကို စိစစ်ဆုံးဖြတ်ပါ။

ဖြေ။ မဏ္ဍူကဂတိယာ ''ဝါ'' တိ ဝတ္တတေ-ဟူသော ယခုလက်ရှိ ဆဋ္ဌမူအလို ဝါ သဒ္ဒါ မပါသော (က)အမှတ်ပြပါဌ် သင့်ပါသည်။

၄င်း စာပိုဒ်မပါသော သီဟိုင်ဋ္ဌမူ ရူပသိဒ္ဓိ၊ ''မဏ္ဍူကဂတိယာ 'ဒါဓာတုဿ ဒဇ္ဇံ ဝါ' တိ ဣတော''ဟူသော ဋီကာ (စာပိုဒ်၊ ၄၆၉)နှင့် ''ဒါ ဓာတုဿ ဒဇ္ဇံ ဝါ''တိ ဣတော 'ဝါ'တိ ဝတ္တတေ'' ဟူသော ဋီကာ (စာပိုဒ်၊ ၄၈၅)တို့အလို ဝါ သဒ္ဒါပါသော (ခ) အမှတ်ပြပါဌ် သင့်ပါသည်။

မေး။ ဤသုတ်ပါ ဝါ သဒ္ဒါ၏အနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ ဝါ သဒ္ဒါသည် ဝဝတ္ထိတဘာသာ အနက်ရှိ၏။

http://www.dhammadownload.com

ထို ဝါ သဒ္ဒါကြောင့် 'မာန, အန္တပစ္စည်းနှင့် ကတ္တားအနက်၌သက်သော တိဝိဘတ်စသည် နှောင်းရာ၌ ရံခါ ဒဇ္ဇ ပြုရခြင်း (အနိစ္စဝိဓိ)။

ဥပသာရ ရှေးရှိရာ, ကံအရာတို့၌ လုံးဝမပြုခြင်း (အသန္တဝိဓိ)တို့ကို သတ်မှတ်ပြပါသည်။

မေး။ ဒါ ဓာတ်ကို ဒဇ္ဇပြုရာ၌ အသရ ပါ/ မပါ အကြောင်းပြ ဆုံးဖြတ်ပါ။

ဖြေ။ အပစ္စယလောပေါ ''ဒဇ္ဇတိ, ဒဇ္ဇန္တိ''ဟု ရူပသိဒ္ဓိဖွင့်ဆိုထားသောကြောင့် ဒဇ္ဇအပြု၌ အသရ ပါ ပါသည်။

မေး။ ဒဇ္ဇာ-ပုဒ်၏ ရုပ်ပြီးပုံ ၃-နည်းကို ဖော်ပြပါ။

ဖြေ။ ၁။ ဒါ + ယျေ၊ ယျေဝိဘတ်ကို အာပြု။

- ဒဇ္ဇာ ပုရိသော ဒါနံ (၃၊ ၆။ ၃၆၂။)

၂။ ဒါ + တွာ၊ ဒါဓာတ်ကို ဒဇ္ဇာ ပြု၊ ကွစိ ဓာတု သုတ်ကြီးဖြင့် တွာကို ချေ၊ ခွင်း ချေ ကပ်၊ ပြီး၏။

- အယံ သော ကုန္ဒကော ယကွော၊ ဒတွာ ဒါနံ ပရိတ္တကံ။ (ခု၊ ၂။ ၁၆၀။)

၃။ ဒါ + ဏျ၊ ဒါ ဒါ-ဟု ဒွေးဘော်ပြု၊ **ရှေ့ ဒါ** ကို အဗ္ဘာသ အမည်မှည့်၊ ရဿပြု၊ ဏ်အနုဗန်ကို ချေ၊ ကွစိ ဓာတု **သုတ်ကြီး**ဖြင့် ဒါဓာတ်၏ အာ ကို ချေ၊ ဒျ ကို ဇ ပြု၊ ဇ-ဒွေးဘော်ပြု၊ အာပစ္စည်းသက်။ နာမ်ငဲ့ သိသက် ချေ၊ ပြီး၏။

- ပေတာနံ ဒက္ခိဏာ ဒဇ္ဇာ။ (၃၊ ၂။ ၁၃၁။)

မေး။ (က) ဒဇ္ဇုံ (ယျုံ) (ခ) ဒဇ္ဇံ (ယျောမိ)တို့၏ ရုပ်ပြီးပုံကို ရှင်းပြပါ။

ဖြေ။ (က) ဒါ ဓာတ်တည် ယျုံဝိဘတ်သက်၊ ဒါဓာတုဿ ဒဇ္ဇံ သုတ်ဖြင့် ဒါဓာတ်ကို ဒဇ္ဇပြု၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ယျုံ ဝိဘတ်၏ ယျေ-ကို ချေ၊ ဇ္ဇံ ခွင်း ချေ, ကပ်၊ 'ဒဇ္ဇုံ' ပြီး၏။

(ခ) ဒါ ဓာတ်တည်၊ ယျောမိဝိဘတ်သက်၊ ဒါဓာတ်ကို ဒဇ္ဇ ပြု၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ယျောမိဝိဘတ်ကို အံ-ပြု၊ ခွင်း, ချေ, ကပ်၊ 'ဒဇ္ဇံ' ပြီး၏။

၅၀၀၊ ၄၈၆။ ဝဒဿ ဝဇ္ဇံ (၂၉၁)

မေး။ ရူပသိဒ္ဓိဝုတ္တိ-၌ ''သဗ္ဗာသု ဝိဘတ္တိသု''ဟု ထည့်ဖွင့်နိုင်ပုံကို ရှင်းပြပါ။

ဖြေ။ ဤသုတ်သို့ ဝိဘတ္တိ-သဒ္ဒါလိုက်လာသောကြောင့် ''သဗ္ဗာသု''ဟူ၍ အနက်အားဖြင့် ပြီးစီးပါသည်။ ထို့ကြောင့် ''သဗ္ဗာသု ဝိဘတ္တိသု''ဟု ဖွင့်ဆိုနိုင်ခြင်း ဖြစ်ပါသည်။ (သီဟိုဋ္ဌ ဗျာချာ၊ ဆရာတော်ဦးဗုစ်၊ စည်ရှင် ရူနိဿယ၊ ဂဏ္ဌိတို့အလို ဖြစ်၏။)

ဘာသာဋီကာ၌ကား - ''ဝိဘတျာဓိကာရတ္တာ၊ ဝိဘတ်အရာ၏အဖြစ်ကြောင့်'' ဟု အနက်ပေး၍ ''ကစ္စည်းသုတ်စဉ်၌ တဿ တ္ထတ္ထံ'' မှစ၍ ''ကုသသ္မာ ဒီ စ္ဆိ'' တိုင်အောင် ဝိဘတ်များကို စီရင်သောသုတ်များ ဖြစ်၏။ ထိုသုတ်များ၏ အရာဌာနဝယ် ''ဒါဓာတုဿ ဒဇ္ဇံ, ဝဒဿ ဝဇ္ဇံ''ဟူသော ဤသုတ်များကို ဆိုထား၏။ ဤသို့ ဝိဘတ်စီရင်သော အရာဝယ် ဤသုတ်ကို ဆိုထားသောကြောင့် ဤသုတ်သည် ဝိဘတ်နှောင်းရာ၌ စီရင် သောသုတ်ဟု သိသာ၏။ ထိုသို့ ဝိဘတ်နှောင်းရာ၌ စီရင်လျှင် မည်သည်ဝိဘတ်ဟု သတ်မှတ်ချက် မပါရကား ''သဗ္ဗာသု၊ ဝိဘတ်အားလုံးတို့ကြောင့်''ဟူသော အနက်လည်း

http://www.dhammadownload.com

အထူးမပြောရပဲ ပြီးနိုင်၏။ ထိုသို့ပြီးနိုင်သောကြောင့် ''သဗ္ဗာသု''ဟု ဖွင့်ရသည် ဟူလို-ဟု ရေးသားပါသည်။

စိစစ်ချက်။ ။ အထက်ပါ ၂-ဝါဒတို့တွင် သီဟိုဠ်ဗျာချာစသည်တို့ ဝါဒသာ အမှန်ဖြစ်ဖွယ်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော်- ရူပသိဒ္ဓိဆရာသည် လိုက်ပုဒ်, လိုက်သုတ်တို့ကိုပြရာ၌ ''အဓိကာရ''သဒ္ဒါကို အသုံးပြု၍၊ ''အရာဌာန''ကို ဆိုလိုရာ၌ ''ပကရဏ'' သဒ္ဒါကို အသုံးပြုလေ့ရှိသောကြောင့်တည်း။''သဒ္ဒဝိဓိနိသေဓပ္ပရဏတော'' (သန္ဓိ၊ အတိဿ စန္တဿ သုတ်အဖွင့်၊ စာ-၁၅)၊ ''ဝိကရဏကာရိယဝိဓိပ္ပကရဏတော''(အာချာတ်၊ လောပ-ဥေတ္တမကာရော သုတ်အဖွင့်၊ စာ-၂၉၁။) စသည်။)

မေး။ (က) ဝဇ္ဇေသိ (ခ) ဝဇ္ဇသိတို့ကို ရုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ (က) ဝဒဓာတ်တည်၊ အပစ္စည်းသက်, သိဝိဘတ်သက်၊ ဝဒဓာတ်ကို ဝဇ္ဇပြု၊ လောပဥေတ္တ မကာရော သုတ်ဖြင့် အပစ္စည်းကို ဇ ပြု၊ ဇ္ဇ် ခွင်း, ချေ, ကပ်၊ 'ဝဇ္ဇေသိ' ပြီး၏။

(ခ) ဝဒဓာတ်တည်၊ အပစ္စည်းသက်, ဃျောသိဝိဘတ်သက်၊ ဝဒဓာတ်ကို ဝဇ္ဇပြု၊ လောပဥေတ္တမကာရောသုတ်ဖြင့် အပစ္စည်းကို ချေ၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဃျောသိဝိဘတ်၏ ဃျေ ကို ချေ၊ ဇ္ဇ် ခွင်း, ချေ, ကပ်၊ 'ဝဇ္ဇာသိ' ပြီး၏။

– ဝဇ္ဇာသီတိ ဇတ္ထ ဃျေဿ လောပေါ၊ (ရူ၊ ဋီ၊ ၁၉၆။)

မေး။ ''ဒဇ္ဇာသိနှင့် ဒဇ္ဇေသိ၊ ဝဇ္ဇာသိနှင့် ဝဇ္ဇေသိကား၊ ဝိဘတ်မလွဲ၊ ရုပ်သာကွဲသည်၊ မှတ်စွဲသတိရှိစေသတည်း''ဟူသော ဘုရားကြီးနိယံနှင့်အညီ ဝဇ္ဇေသိ-ကို ရုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ ဝဒ + အ + ဃျောသိ ဝိဘတ်သက်၊ ဝဒဓာတ်ကို ဝဇ္ဇ ပြု လောပဥေတ္တ မကာရောသုတ်ဖြင့် အပစ္စည်းကို ဇ ပြု (ဝဇ္ဇ ဇ ဃျောသိ)၊ ဇ္ဇ် ခွင်း, ချေ, ကပ် (ဝဇ္ဇေ ဃျောသိ) ကွစိ ဓာတု သုတ်ကြီးဖြင့် ဃျောသိဝိဘတ်၏ ဃျေကို ချေ, အာကိုလည်း ချေ၊ 'ဝဇ္ဇေသိ' ပြီး၏။

မေး။ ရူပသိဒ္ဓိ (၂၉၂) ၌ ''ဝဇ္ဇေယျာသိ, ဝဇ္ဇေသိ, ဝဒေယျာသိ''ဟုရှိနေရာ အမှန်ရှိသင့်သော ရုပ်အနေအထားကို သာဓကထုတ်ဆောင်ကာ ဆုံးဖြတ်ပါ။

ဖြေ။ ''ဝဇ္ဇာသီတိ ဇတ္ထ ဃျေဿ လောပေါ''ဟု ရူပသိဒ္ဓိဋီကာ (၁၉၆) ဖွင့်ပြထားသောကြောင့် ''ဝဇ္ဇေယျာသိ, ဝဇ္ဇာသိ, ဝဒေယျာသိ''ဟု ရှိသင့်ပါသည်။

မေး။ ဝဇ္ဇေသိ-ပုဒ်၌ ဖြစ်ထိုက်သော ဝိဘတ် ၂-မျိုးကို ဖော်ပြပါ။

ဖြေ။ (က) ဝတ္တမာန် သိဝိဘတ် (ခ) သတ္တမီ ဃျောသိဝိဘတ်တို့ ဖြစ်ပါသည်။

၅၀၂၊ ၄၉၃။ ယမှိ ဒါဓာမာဌာဟာပါမဟမထာဒီနမီ။ (၂၉၈)

မေး။ ဤသုတ်ပါ ယမှိ-အရကို ရေးပြပါ။

ဖြေ။ ဘော, ကံအနက်၌ သက်သော ယပစ္စည်းကို ယူရပါမည်။

မေး။ ဤသုတ်ကို အဘယ်အကျိုးငှါ အားထုတ်ရပါသနည်း။

ဖြေ။ ဌာစသောဓာတ်တို့၏ အဆုံးအာသရကို အမြဲ ဤပြုရခြင်းအကျိုးငှါ ဤသုတ်ကို အားထုတ်ရခြင်းဖြစ်ပါသည်။

http://www.dhammadownload.com

ရှင်းချက်။ ။''ဥပ+ ဌာ + ယ + တေ''ဟု ဖြစ်နေရာ၌ ကွဝဏ္ဏာဂမော ဝါ သုတ်ဖြင့် ဣလောလျှင် ''ဥပဋ္ဌိယတိ''စသောရုပ်များ ပြီးနိုင်ပါသော်လည်း ''ဥပဋ္ဌိယတိ''အပြင် ယင်းသုတ်ဖြင့် ကွလာ၍ ''ဥပဋ္ဌိယတိ''စသော ရုပ်များလည်း ဖြစ်ဖွယ်ရှိပါသည်။ ထိုကြောင့် ဘောက်ဟော ယပစ္စည်းနောင်းရာ၌ ဌာစသော ဓာတ်တို့၏ အဆုံး အာသရကို အမြဲဣပြု၍ ''ဥပဋ္ဌိယတိ''စသည်ဖြင့် ရုပ်ဖြစ်စေခြင်း အကျိုးငှါ ဣသုတ်ကို အားထုတ်ရသည်ဟူလို။

မေး။ 'ဒိယတိ, ဓိယတိ'စသည်ဖြင့် ရုပ်ရှိနိုင်/မရှိနိုင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ ယမို ဒါဓာတွာ စသောသုတ်က ဘောက်ဟော ယပစ္စည်းနောင်းရာ၌ ဒါ, ဓာ စသော ဓာတ်တို့၏ အဆုံးအာကို အမြဲ ဣပြုသောကြောင့် ယင်းသို့ရုပ်များ မရှိနိုင်ပါ။

မေး။ ''အန္တသ ဣကာရော''ဟု ဆဋ္ဌီ ကာရီ, ပဌမာ ကာရိယဖြင့် ဖွင့်ဆိုထိုက်ပါလျက် မဖွင့်ဆိုပဲ ''အန္တော ဣကာရမာပဇ္ဇတေ''ဟု ဖွင့်ဆိုရပုံကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''အန္တသ ဣကာရော''ဟု ဆဋ္ဌီ ကာရီ, ပဌမာ ကာရိယဖြင့် ဆိုထိုက်သော်လည်း ''သစ္ဆန္ဒတော ဟိ ဝစနာနံ ပဝတ္တိ = မိမိ (ကျမ်းပြုဆရာ)၏ အလိုဆန္ဒအားဖြင့်သာလျှင် သဒ္ဒါတို့၏ ဖြစ်ခြင်းသည် ဖြစ်၏''ဟူသော **ပရိ**ဘာသာနည်းအားဖြင့် ''ပဌမာ ကာရီ, ဒုတိယာ ကာရိယလည်း ရှိနိုင်သေး၏''ဟု သိစေခြင်းအကျိုးငှါ ''အန္တော ဣကာရ မာပဇ္ဇတေ''ဟု ဖွင့်ဆိုရခြင်း ဖြစ်ပါသည်။

၅၀၃၊ ၄၈၅။ ယဇဿာဒိဿိ။ (၂၉၁)

မေး။ (က) ယဇ ဒေဝပူဇာသင်္ဂတိကရဏာဒါနေသု (ခ) ယဇ ဒေဝပူဇာသင်္ဂတကရဏာဒါနေသု ဟူသော ပါဠိ ၂-မျိုးတို့တွင် သင့်မြတ်သောပါဠိကို ဆုံးဖြတ်၍၊ အနက်ကိုလည်း ညွှန်ပြပါ။

ဖြေ။ 'သင်္ဂတိ'နှင့် 'သင်္ဂတ'သည် တိပစ္စည်းနှင့် တပစ္စည်းသာ ကွာခြား၍ အနက်အားဖြင့် မထူးခြားသောကြောင့် ပါဠိ ၂-မျိုးလုံးပင် သင့်ပါသည်။ ဘာသာဋီကာ၌ သဒ္ဒနီတိသို့လိုက်၍ ''သင်္ဂတကရဏာ''ဟု ပါဠိမှန်ရှိစေ-ဟု ဆိုထားရာ ထိုအဆိုသည် မူရင်းဖြစ်သော ပါဏိနီယ ဓာတုပါဌကျမ်းကို မတွေ့၍ ဆိုထားသော အဆိုမျှသာ ဖြစ်ပါသည်။ မူရင်းဖြစ်သော ပါဏိနီယ ဓာတုပါဌကျမ်း၌ 'သင်္ဂတိ'ပုဒ်နှင့် (က)အမှတ်ပြအတိုင်း ရှိသောကြောင့် ထို ပါဠိသည်သာ အကောင်းဆုံး ဖြစ်ပါသည်။

မေး။ ကွဇ္ဇတေ-ကို ရူဆရာအလိုကျ ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ ယဇ တည်၊ ယဇ ဒေဝပူဇာသင်္ဂတိကရဏာဒါနေသု ဓာတ်နက်ကြား၊ ဓာတ်အမည်မှည့်၊ အတ္တနောပုဒ် တေ ဝိဘာတ်သက်၊ ဘာဝကမ္မေသု ယော သုတ်ဖြင့် ယပစ္စည်းသက်၊ ယ ခွင်း အ ကြွင်း၊ ယဇဿာဒိဿိ သုတ်ဖြင့် နောက် ယပစ္စည်းနောင်းသောကြောင့် သရမဖက် သက်သက်သော ယ် အက္ခရာကို ကွ-ပြု (ကွ-ဇ်ယတေ)၊ ဝါ ပရော အသရူပါသုတ်ဖြင့် ကွသရမှ နောက်ဖြစ်သော အ သရကို ဣ၊ တဿ စဝဂ္ဂ သုတ်ဖြင့် ဓာတွန်နှင့်တကွ ယ ကို ဇ-ပြု၊ ၄င်းကို သဒိသဒွေးဘော်ပြု၊ 'ကွဇ္ဇတေ' ပြီး၏။

မှတ်ချက်။ ။ ''သရလောပေါ၊ ယဇဓာတ်၏ ယ-၌တည်သော အ သရ၏ ကျေခြင်းသည်''ဟု အနက်ပေးပါ။ ဘာသာဋီကာဆရာတော်ကား ဝစဝသ သုတ်တုန်းကအတိုင်း ''ပရလောပေါ''ဟု ရှိစေချင်သည်။

http://www.dhammadownload.com

၅၀၄၊ ၄၇၀။ သဗ္ဗတော ဥံ ကံ့သု (၂၇၈)

မေး။ ''သဗ္ဗတော ဥံ''ဟူသော ယောဂဝိဘာဂ၏ အကျိုးကို ရေးပြပါ။

ဖြေ။ ''သဗ္ဗတော ဥံ''ဟူသော ယောဂဝိဘာဂဖြင့် ဥံ ဝိဘတ်ကို အံသု, အာသုံ ပြုရခြင်း အကျိုး ရှိပါသည်။

မေး။ အဇ္ဇတနီ ''ဥံ''ဝိဘတ်၏ ကာရိယများကို ဖေါ်ပြပါ။

ဖြေ။ ကံ့သု, အံသု, အာသုံ, ကြသုံ-တို့ ဖြစ်ပါသည်။

၅၀၅၊ ၄၈၂။ ဧရမရာနံ ဇီရဇီယျ မိယျာ ဝါ။ (၂၈၉)

မေး။ (က) ဇီယျတိ (ခ) ဇီယတိ-တို့ကို ရုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ (က) ဧရ + ယ + တိ၊ ဤသုတ်ဖြင့် ဧရဓာတ်ကို ဇီယျပြု၊ 'ဇီယျတိ' ပြီး၏။
(ခ) ကွစိ ဓာတု သုတ်ကြီးဖြင့် ယ-တစ်လုံးကို ချေ။ 'ဇီယတိ' ပြီး၏။
အမှာ။ ။ 'မီယျတိ၊ မီယတိ'လည်း နည်းတူ သိပါ။

၅၀၆၊ ၄၉၆။ သဗ္ဗတ္ထာသဿာဒီလောပေါ စ။ (၂၉၉)

မေး။ သဗ္ဗတ္ထ-အရကို ဖေါ်ပြပါ။

ဖြေ။ အလုံးစုံသော ဝိဘတ်, ပစ္စည်းတို့ကို ယူရပါမည်။

မေး။ (က) ဝိဘတ် (ခ) ပစ္စည်းတို့ကြောင့် အသဓာတ်၏ အစ အ-ကို ချေထားသော ပုံစံများကို ဖေါ်ပြပါ။

ဖြေ။ (က) သန္တိ၊ သန္တု၊ သိယာ၊ သိယုံ။ (အန္တိ၊ အန္တု၊ ယျ၊ ယျုံ)
(ခ) သန္တော၊ သမာနော။ (အန္တ၊ မာန)

မေး။ ဧရမရာနံ-စသောသုတ်မှ ဤသုတ်သို့ လိုက်လာသော ဝါသဒ္ဒါ၏ အနက်နှင့် သတ်မှတ်ချက်ကို ဖေါ်ပြပါ။

ဖြေ။ ဝါ သဒ္ဒါ ဝဝတ္ထိတဝိဘာဿာ အနက်ရှိပါသည်။
ထိုဝါသဒ္ဒါက အန္တပစ္စည်း, မာနပစ္စည်း၊ အန္တိဝိဘတ်, အန္တုဝိဘတ်၊ ကျယာ, ကျယုံ အပြုတို့ကြောင့် အသဓာတ်၏ အစ အ-ကို အမြဲချေရခြင်း ဟူသော နိစ္စဝိဓိ၊ ကြွင်းသော ဝိဘတ်, ပစ္စည်းတို့ကြောင့် အ-ကို လုံးဝမချေရခြင်းဟူသော အသန္တဝိဓိတို့ကို သတ်မှတ်ပြပါသည်။ (အနိစ္စဝိဓိ မရှိပါ)
သန္တော၊ သမာနော သန္တိ၊ သန္တု၊ သိယာ, သိယုံ။
အတ္ထိ၊ အသိ။ (တိဝိဘတ်, သိဝိဘတ်)
နန္တမာနန္တိယိယုံသွာဒီလောပေါ။ (မောဂ်၊ ၅။ ၁၃၈။)

မေး။ အတ္ထိ, အတ္ထု-စသောပြယုဂ်တို့၌ အသဓာတ်၏ အစ အ-ကို အဘယ့်ကြောင့် မချေရပါသနည်း ဖြေဆိုပါ။

ဖြေ။ အတ္ထိ, အတ္ထု-စသောပြယုဂ်တို့၌ အသဓာတ်၏ အဆုံးဖြစ်သော သ-ချေခြင်းကို စီရင်ခြင်း၏

http://www.dhammadownload.com

အစွမ်းသတ္တိကြောင့် အစဖြစ်သော အ-ကို မချေရကော့ခြင်း ဖြစ်ပါသည်။

သာဓက - ''အတ္ထိ, အတ္ထူ''တိအာဒီသု အန္တလောပဝိဓာနသာမတ္ထိယတော အာဒီလောပေါ နု ဟောတိ။ (ဋီကာ။ ၁၉၇။)

မေး။ အသဓာတ်နောင် ယျ စသောဝိဘတ် ၆-လုံးတို့ဖြင့် ပြီးနိုင်သောရုပ်များကို ရေးသား ဖော်ပြပါ။

ဖြေ။

သိယာ၊ အဿ၊	(ယျ)
သိယုံ၊ အဿု၊	(ယျုံ)
အဿ၊	(ယျာသိ)
အဿထ၊	(ယျာထ)
အဿံ၊	(ယျာမိ)
အဿာမ၊	(ယျာမိ)

မေး။ အဿ-ကို ရုပ် ၂-နည်း တွက်ပြခဲ့ပါ။

ဖြေ။ အသဓာတ်တည်၊ ယျ ဝိဘတ်သက်၊ ကွစိ ဓာတု သုတ်ကြီးဖြင့် အသဓာတ်နောင် ယျဝိဘတ်ကို ဓာတွန် သ်နှင့်တကွ 'ဿ'ပြု၊ ပြီး၏။

(တစ်နည်း) အသဓာတ်တည်၊ ယျာသိ ဝိဘတ်သက်၊ ကွစိ ဓာတုသုတ်ကြီးဖြင့် အသဓာတ်နောင် ယျာသိဝိဘတ်ကို ဓာတွန် သ်နှင့်တကွ 'ဿ'ပြု၊ ပြီး၏။

မေး။ 'အာသိ'ကို ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ အသဓာတ်တည်၊ အဇ္ဇတနီ ဉ္ဉဝိဘတ်သက် (အသ် + ဉ္ဉ)၊ အကာရာဂမော- စသော သုတ်ဖြင့် အစ၌ အ အက္ခရာလာ (အ အသ် ဉ္ဉ)၊ သရာ သရေ လောပ် သုတ်ဖြင့် ရှေ့အသရကိုချေ။ ဒီဃ သုတ်ဖြင့် အ ကို အာဒီဃပြု (အာ သ် ဉ္ဉ)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဉ္ဉကို ဣရသပြု၊ 'အာသိ' ပြီး၏။

၅၀၉၊ ၅၁၆။ နာဿ လောပေါ ယကာရတ္တံ။ (၃၁၅)

မေး။ လိုက်လာသော ဝါသဒ္ဒါ၏ အနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိပါသည်။ ထိုဝါသဒ္ဒါသည် ယျဝိဘတ်၏ ဉာအပြုကြောင့် နာပစ္စည်းကို အမြဲချေရခြင်း (နိစ္စဝိဓိ)

အဇ္ဇတနီ, ဘဝိဿန္တိ, ကာလာတိပတ္တိ ဝိဘတ်သုံးသွယ်တို့ကြောင့် နာပစ္စည်းကို ရံခါ ချေရခြင်း (အနိစ္စဝိဓိ)

ဝတ္တမာန် စသော အခြားဝိဘတ်တို့ကြောင့် နာပစ္စည်းကို လုံးဝ မချေခြင်း (အသန္တဝိဓိ) တို့ကို သတ်မှတ်ပြပါသည်။ ၄င်းအပြင် ထို ဝါသဒ္ဒါက ဉာဓာတ်၏ နာ-အပြုနောင် တိဝိဘတ်နောင်းရာ၌သာ နာပစ္စည်းကို ယပြုရမည်ဟုလည်း သတ်မှတ်ပြပါသည်။

မေး။ ဉာမှိ နိစ္စဉ္စ နာလောပေါ-ဟူသော ရူပသိဒ္ဓိစကားသည် နေရာတိုင်း နှံ့/ မနှံ့ ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ ''ဇညူ''စသော ပြယုဂ်တို့၌ ''ဉ''အပြုစသည်တို့ကြောင့်လည်း နာပစ္စည်းကို

http://www.dhammadownload.com

ချေရသေးသောကြောင့် ''ဉာမှိ နိစ္စဥ နာလောပေါ = ဉာ အပြုကြောင့် နာပစ္စည်းကို အမြဲချေ''ဟူသော စကားသည် နေရာတိုင်း၌ မနှံ-ဟု ဆရာမြတ်တို့ မိန့်တော်မူကြပါသည်။

(တစ်နည်း) 'ဉာမှိ'ကို ဥပလက္ခဏနည်းကြံ၍ ဉာ-အပြု၌ ဥု-အပြု စသည်တို့ကိုလည်း ထည့်ယူရသည်-ဟု ယူရပါမည်။

မေး။ ဝိဇာနေမု-ကို ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ ဝိ-ဉာ + နာ + ဇယျာမ၊ ဉာသ ဇာဇံနာသုတ်ဖြင့် ဉာဓာတ်ကို ဇာပြု (ဝိ ဇာ နာ ဇယျာမ)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဇယျာမဝိဘတ်ကို ဇမု-ပြု (ဝိ ဇာ နာ ဇမု)၊ နိ ခွင်း, ချေ, ကပ်၊ 'ဝိဇာနေမု' ပြီး၏။

မေး။ (က) ပညာယိဿတိ (ခ) ပညာယိဟိတိ တို့ကို ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ (က) ပ-ဉာ + နာ + ဿတိ၊ နာဿ လောပေါ ယကာရတ္တံသုတ်ဖြင့် နာပစ္စည်းကိုချေ၊ ဘာဝကမ္မေသု ယောသုတ်ဖြင့် ယ ပစ္စည်းသက် (ပ ဉာ ယ ဿ တိ)၊ ဣကာရာဂမော အသဗ္ဗဓာတုကမှိ သုတ်ဖြင့် ဣလာ၊ ယ ခွင်း, ချေ, ကပ်၊ ဉ-ကို သဒိသဒ္ဒေဘော် ည-ပြု၊ 'ပညာယိဿတိ' ပြီး၏။

(ခ) ကွစိ ဓာတုသုတ်ကြီးဖြင့် ဿတိ-မှဿ-ကို ဟိ-ပြု၊ 'ပညာယိဟိတိ' ပြီး၏။

၅၁၀၊ ၄၈၇။ လောပဥေတ္တမကာရော (၂၉၁)

မေး။ ဤသုတ်ပါ အကာရော-အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဝိကရဏပစ္စည်း၏ ကာရိယကို စီရင်သောသုတ်တို့၏ အရာဌာနဖြစ်သောကြောင့် အကာရော-အရ ဝိကရဏ အပစ္စည်းကိုသာ ယူရပါမည်။

ရှင်းချက်။ ။ ရှေ့ဖြစ်သော 'နာဿ လောပေါ ယကာရတ္တံ'သုတ်သည် ဝိကရဏ နာပစ္စည်းကို စီရင်သောသုတ်ဖြစ်၏။ ထိုသို့ ဝိကရဏပစ္စည်းကို စီရင်သောသုတ်၏ အရာဌာန၌ ဤသုတ်ကို ဆက်ဆိုထားသောသောကြောင့် -ဟူလို။

မေး။ လိုက်လာသော ဝါ သဒ္ဒါ၏အနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိပါသည်။ ထို ဝါ သဒ္ဒါက ဟူ, ဘူ, သီ စသော ဟူဝါဒိ(ဘူဝါဒိ) ဂိုဏ်းဓာတ်မှလည်းကောင်း, ဇုဟောတျာဒိဂိုဏ်းဓာတ်မှ လည်း ကောင်း နောက်ဖြစ်သော အ ပစ္စည်းကို အမြဲချေရပါသည် (နိစ္စဝိဓိ)။ [အချို့သောဓာတ်တို့မှ နောက်ဖြစ်သော အပစ္စည်းကို ရံခါ ချေရပါသည်။ (အနိစ္စဝိဓိ)]။ တစ်ပါးသော သဝုဒ္ဓိက ဘူဝါဒိဂိုဏ်းဓာတ်, တုဒါဒိဂိုဏ်းဓာတ်တို့မှ နောက်ဖြစ်သော အပစ္စည်းကို မချေရပါ (အသန္တဝိဓိ)

ဝဒ-စသော သဝုဒ္ဓိက ဘူဝါဒိဂိုဏ်းဓာတ် အချို့မှသာ နောက်ဖြစ်သော အပစ္စည်းကို ဇ-ပြုရပါသည်။

ဟောတိ (စာ-၂၉၄)၊ ဇုဟောတိ (၃၁၃)။
သေတိ, သယတိ (၂၉၆)။
ဘဝတိ၊ တုဒတိ (၂၆၂၊ ၂၆၃)

http://www.dhammadownload.com

မေး။ လောပဠွေတ္တမကာရော သုတ်ဖြင့် အဘယ် အ-ပစ္စည်းကိုသာ ဇ-ပြုရပါမည်နည်း အကြောင်းနှင့်တကွ ဖေါ်ပြပါ။

ဖြေ။ ဤသုတ်ဖြင့် ဇ- အပြုကို ''မည်သည့်ဓာတ်နောင်ပြု'' ဟု သတ်မှတ်ချက်မရှိသော်လည်း ''တဒနုပရောဓေန'' ပရိဘာသာ လာသောကြောင့် ဝဒဓာတ်စသော သဝုဒ္ဓိကဘူဝါဒိဓာတ် အချို့မှသာ နောက်ဖြစ်သော အ-ပစ္စည်းကိုသာ ဇ ပြုရပါမည်။

ပုံစံ- ဝဇ္ဇေတိ၊ ဝဒေတိ (၂၉၈)။

မေး။ ရူပသိဒ္ဓိ ဂါထာ-၌ ဆဋ္ဌမူဝယ် ''ဘူဝါဒိတော''ဟု ရှိ၍ သီဟိဠ်မူ၌ ''ဟူဝါဒိတော''ဟု ရှိရာ အဘယ်ပါဠိသာအမှန်ဖြစ်သည်-ဟု သာဓကဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ **ဟူ ဘူ** သတ္တာယံ၊ တျာဒျုပ္ပတ္တိ 'ဘူဝါဒိတော အ'ကျတိ အပစ္စယော၊ 'ဝါ'တိ အဓိကိစ္စ ''လောပဠွေတ္တ မကာရော''တိ ဘူဝါဒိတော ပရဿ အပစ္စယဿ လောပေါ-ဟူသော ရူပသိဒ္ဓိ စာမျက်နှာ (၂၉၄) အဖွင့်နှင့်ညီသောကြောင့် သီဟိဠ်မူပါဠိသာ အမှန်ဖြစ်ပါသည်။ (ဘူဝါဒိတော-နေရာ၌ ဟူဝါဒိတော-ဟု ရှိစေရပါမည်။)

မေး။ နာညော၊ ဝဝတ္ထိတဝိဘာသတော-ဟူသော ရူပသိဒ္ဓိဂါထာ၌ အညအပါဒါန်, အည-အရတို့ကို မှန်ကန်စွာ ကောက်ပြခဲ့ပါ။

ဖြေ။ 'အညအပါဒါန်'မှာ - ဟူဝါဒိဂိုဏ်းဓာတ်, ဇုဟောတျာဒိဂိုဏ်းဓာတ်တို့မှ နောက်ဖြစ်သော အ ပစ္စည်းဖြစ်၍၊ 'အည'အရမှာ တပါးသော သဝုဒ္ဓိက ဘူဝါဒိဂိုဏ်းဓာတ်, တုဒါဒိဂိုဏ်းဓာတ်တို့မှ နောက်ဖြစ်သော အ ပစ္စည်း ဖြစ်ပါသည်။

မှတ်ချက်။ ။ ''နာညော သဝုဒ္ဓိကဘူဝါဒိတော တုဒါဒိတော စ ပရော အပစ္စယော လောပမာပဇ္ဇတိတိ အတ္ထော''ဟူသော ဋီကာပါဌ် (၁၉၄)၌ ''သဝုဒ္ဓိကဘူဝါဒိတော'' ကို ''အဝုဒ္ဓိကဘူဝါဒိတော''ဟု ဆရာမြတ်တို့ ပြင်ကြသည်။ လက်ရှိ ဆဋ္ဌမူဋီကာရှိတိုင်း ''သဝုဒ္ဓိကဘူဝါဒိတော''သာ အမှန်ဟု မှတ်ပါ။ ရှေ့၌လည်း ရှင်းပြခဲ့ပြီ၊ ပြန်ကြည့်ပါလေ။

ထို့ပြင် ''ဘူ''ဓာတ်သည် သဝုဒ္ဓိက ဘူဝါဒိ, ဇုဟောတျာဒိ ၂-မျိုးလုံး၌ ပါကြောင်း ကိုလည်း သတိပြုပါ။ သဝုဒ္ဓိကဘူဝါဒိအခိုက်၌ ဩဝုဒ္ဓိပြု၊ ဩကို အဝပြု၍ ''အနုဘဝတိ'' စသည်ဖြင့် ရုပ်ပြီးဇ၏။ ဟူဝါဒိအခိုက်၌ကား အပစ္စည်းကိုချေ၍ ''အနုဘောတိ'' စသည်ဖြင့် ရုပ်ပြီးရသည်။

၅၁၁၊ ၅၂၁။ ဥတ္တမောကာရော။ (၃၁၈)

မေး။ လိုက်လာသော ဝါသဒ္ဒါ၏ အနက်နှင့် သတ်မှတ်ချက်ကို ဖေါ်ပြပါ။

ဖြေ။ ဝါ သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိပါသည်။ ထို ဝါ သဒ္ဒါက အတ္တနောပုဒ် ဝိဘတ်တို့ကြောင့် ဩပစ္စည်းကို အမြဲ ဥ-ပြုရခြင်းဟူသော နိစ္စဝိဓိ။ ပရဿပုဒ် ဝိဘတ်တို့ကြောင့် ရံခါ ဥ-ပြုရခြင်းဟူသော အနိစ္စဝိဓိ။ သကဓာတ်, အပဓာတ် စသည်တို့နောင် ဩပစ္စည်းကို လုံးဝ ဥ-မပြုရခြင်းဟူသော အသန္တဝိဓိတို့ကို သတ်မှတ်ပြပါသည်။

မေး။ ဩကာရော-အရကို ကောက်ပြပါ။

ဖြေ။ ဝိကရဏပစ္စည်း၏ အပြုကာရိယကို စီရင်သောသုတ်တို့၏ အရာဖြစ်သောကြောင့် (''အတ္ထပ္ပကရဏလိင်္ဂါ၊ ဩစိတျာ ကာလဒေသတော'' စသော ပရိဘာသာနှင့်အညီ)

http://www.dhammadownload.com

သြကာရော အရ– တနု စသောဓာတ်တို့မှ နောက်ဖြစ်သော ဝိကရဏာ သြပစ္စည်းကို ယူရပါမည်။ (ထို့ကြောင့် ''သြကာရပ္ပစ္စယော''ဟု ဝုတ္တိဋ္ဌ ဖွင့်ဆိုခြင်း ဖြစ်ပါသည်။)

မေး။ (က) တန္ဓန္တေ (ခ) ပတာယတေ တို့ကို ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ (က) တနု + သြ + အန္တေ၊ ဥတ္တမောကာရော သုတ်ဖြင့် သြကို ဥ–ပြု၊ လ အမည်မှည့်၊ ယဝကာရာ စ သုတ်ဖြင့် လအမည်ရှိသော ဥ ကို ဝ ပြု (တန် ဝ – န္တေ၊ ဝခွင်း, ချေ, ကပ် (တန် ဝ န္တေ)၊ နှ် ဝ သို့ကပ်၊ 'တန္ဓန္တေ' ပြီး၏။ (တန္ဓေကို နည်းတူတွက်ပါလေ။)

(ခ) ပ–တနု + ယ + တေ၊ ပ တန် ယ တေ၊ ကွစိဓာတုသုတ်ကြီးဖြင့် ယ ပစ္စည်း ကြောင့် ဓာတွန် နှ် ကို အာပြု၊ တ် ခွင်း, ချေ, ကပ်၊ 'ပတာယတေ' ပြီး၏။

မေး။ တနုဓာတ်နောင် ဝတ္တမာန် အတ္တနောပုဒ် ဝိဘတ်သက်၍ ကမ္မရုပ်ပဒမာလာ စဉ်ပြပါ။

ဖြေ။ ပတာယတေ၊ ပတာယန္တေ၊ ပတာယတိ၊ ပတာယန္တိ။ (အာ မပြုလျှင်) ပတည္တိ၊ ပတည္တန္တိ–စသည်။

၅၁၂၊ ၅၂၂။ ကရဿာကာရော စ။ (၃၁၈)

မေး။ လိုက်လာသော ဝါသဒ္ဒါ၏ အနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိပါသည်။ ထိုဝါသဒ္ဒါက – မာနပစ္စည်း, အတ္တနောပုဒ် ဝိဘတ်တို့နောင်းရာ၌ ကရဓာတ်၏ အ–ကို များသောအားဖြင့် ဥ–ပြု၊ ပရဿပုဒ် ဝိဘတ်နောင်းရာ ကတ္တားအနက်၌ အနည်းငယ်သာ ဥ–ပြု၊ ကံအနက်၌ မပြုရ–ဟု သတ်မှတ်ပြပါသည်။

၅၁၃၊ ၄၃၅။ သြ အဝ သရေ။ (၂၆၂)

မေး။ ဤသုတ်ဖြင့် သြ–ကို အဝ–ပြုရာ၌ သရ ပါ / မပါ ရှုဆရာအလိုကျ စိစစ်ဖြေဆိုပါ။

ဖြေ။ ''ဗဟုမှိ ဝတ္တဗ္ဗေ ဗဟုဝစန''ဆို ဝတ္တမာနပရဿပဒပဋမပုရိသဗဟုဝစနံ အန္တိ၊ ပုရေ ဝိယ အပ္ပစ္ဆယဝုတ္ထိအဝါဒေသာ, သရလောပါဒိ''–ဟု အဝ–ပြုပြီးနောက် သရချေရန် ရူပသိဒ္ဓိဆရာ ညွှန်ပြထားသောကြောင့် သရ ပါပါသည်။

၅၁၄၊ ၄၉၁။ ဓ အယ။ (၂၉၆)

မေး။ (က) သိ သယေ (ခ) သီ သယေ ၂–မျိုးတို့တွင် သင့်မြတ်သောပါဠိကို ဆုံးဖြတ်ပါ။

ဖြေ။ မူရင်းဖြစ်သော ပါဏိနီယ ဓာတုပါဌ်၌ ''သီ သုပိနေ''ဟု ဤကာရန္တနှင့် ရှိ၍၊ ၄င်းကို မှီသော သဒ္ဒနီတိ ဓာတုမာလာ (၁၇)၌ ''သီ သယေ''ဟုပင် ရှိပါသည်။ မောဂ္ဂလ္လာန်ပဋိကာ (၉၊ ၉၀)သုတ်အဖွင့်၌လည်း ''သီ သယေ''ဟုပင် ရှိပါသည်။ ထို့ကြောင့် အားလုံး တစ်ညီထည်းဖြစ်အောင် ရူပသိဒ္ဓိလည်း ''သီ သယေ''ဟု ရှိစေသင့်ပါသည်။ သို့မဟုတ် –ရူပသိဒ္ဓိအလို ''သီ သယေ''အသင့်ဟု ဆိုရပါတော့မည်။

http://www.dhammadownload.com

၅၁၅၊ ၅၄၁။ တေ အာဝါယာ ကာရိတေ။ ၃၃၀)

မေး။ တေ-အရ ယူရမည့် ၎, ဩတို့ကို ဖော်ပြပါ။

ဖြေ။ ဓာတွန် ဖြစ်သော ၎, ဩတို့ကို ယူရပါမည်။

မေး။ တေ ဓာတွန္တဘူတာ ဩကာရောကာရာ-ဟု ဖွင့်ဆိုပုံကို ရှင်းပြပါ။

ဖြေ။ ဩ အဝ သရေ, ၎ အယ သုတ်တို့မှ ''ဩ, ၎''ဟု သာမညလိုက်လာသော်လည်း ကာရိတေ-ဟူသော သတ္တမီနိမိတ်ကို ယူခြင်း၏ အစွမ်းသတ္တိကြောင့် ယင်း ဩ, ၎တို့သည် ဓာတွန်များဖြစ်ကြောင်း သိနိုင်ပါသည်။ ထိုကြောင့် ''ဓာတွန္တဘူတာ''ဟု ထည့်၍ ဖွင့်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ ''တေ အာဝါယာ''ဟူသော ဒွိဓာကရဏယောဂဝိဘာဂ အကျိုးကို ရေးပြပါ။

ဖြေ။ ဒွိဓာကရဏယောဂဝိဘာဂဖြင့် ကာရိုက်ပစ္စည်းမနှောင်းရာ၌လည်း 'စျော်' စသောဓာတ်တို့၏ ၎, ဩတို့ကို အာယ, အာဝပြုရခြင်း အကျိုးရှိပါသည်။

မှတ်ချက်။ ။ စျောအာဒီနံ-၌ **အာဒိသဒ္ဒါ**ဖြင့် ဂေဓာတ်, ဝေဓာတ်တို့ကိုယူပါ။ ဆရာမြတ်တို့ကား ဂေဓာတ်ကိုသာ **ယူစရာရှိ**သည်-ဟု မိန့်ကြသည်။

သာဓက - ဝေ တန္တသန္တာနေ၊ တန္တံ့ အဝါယိ, ဝါယိဿတီတိ ဝါ တန္တဝါယော၊ ''တေ အာဝါယာ ကာရိတေ''တိ အာယာဒေသော၊ ဝါကျေ ပနေတ္ထ ('အဝါယိ' စသည်၌) ''တေ အာဝါယာ'' တိယောဂဝိဘာဂေန အာယာဒေသော။ (ရူ၊ ၃၄၉။)

မေး။ (က) တန္တဝါယော (ခ) အဝါယိ, ဝါယတိ, ဝါယိဿတိတို့၌ ဝါ-ဓာတ်၏ အာကို အဘယ်သုတ်ဖြင့် အာယ ပြုရပါသနည်း ခွဲခြားဖြေဆိုပါ။

ဖြေ။ (က) ၌ တေ အာဝါယာ ကာရိတေ သုတ်ရင်းဖြင့် အာယပြုရပါမည်။
(ခ) ၌ 'တေ အာဝါယာ' ဟူသော ဒွိဓာကရဏယောဂဝိဘာဂဖြင့် အာယပြုရပါမည်။

၅၁၆၊ ၄၆၆။ ဣကာရာဂမော အသဗ္ဗဓာတုကမှိ။ (၂၇၆)

မေး။ ဤသုတ်ဖြင့် အသဗ္ဗဓာတ်ဝိဘတ်နှောင်းတိုင်း ဣလာရပါမည်လော ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ကွစိ ဓာတု သုတ်ကြီးမှ သီဟဂတိက အဓိကာရနည်းအားဖြင့် ကွစိသဒ္ဒါ လိုက်လာသောကြောင့် အစ၌ ဗျည်းရှိသော တ္ထ, မှ, သတိ, သဿစသော အသဗ္ဗဓာတ် ဝိဘတ်နှောင်းရာ၌သာ ဤသုတ်ဖြင့် ဣအက္ခရာ လာရပါမည်။ (အ, ဤ-စသော အစ၌ သရရှိသော အသဗ္ဗဓာတ် ဝိဘတ်များနှောင်းရာ၌ ဣ မလာရပါ။)

'တဒနုပရောဓေန' ပရိဘာသာကြောင့် အစ၌ ဗျည်းရှိသော အသဗ္ဗဓာတ် ဝိဘတ်နှောင်းသော်လည်း ''ဒဿတိ''စသော အချို့သော ပြယုဂ်တို့၌ ဣ မလာရပါ။

ဘာသာဋီကာအဆို - သရဝိဘတ်, သဓာဒိဝိဘတ်များနှောင်းရာ၌ ကပ်ဖွယ်သရ မရှိသဖြင့် ''ဗဘူဝ, ဗဘူဝိ''ဟု ရှုပ်ပြီးနိုင်၍၊ ဗျဥ္ဇနာဒိဝိဘတ်နှောင်းရာ၌ ''ဗဘူဝ် + ထ္ထ''ဟု ဖြစ်သည့်အခါ (ဝ်)၏ ကပ်ရာသရ မရှိသဖြင့် ပါဠိနှင့်လျော်အောင် ရှုပ်မပြီးနိုင်သောကြောင့် ဗျဥ္ဇနာဒိဝိဘတ်နှောင်းရာ၌သာ ဣလာရသည်ဟု ဆိုသည်။

ထိုအဆိုသည် ယုတ္တိရှိသည်ဟု ဆိုဖွယ်ရှိသော်လည်း ''ဘူသဒ္ဒဿ ဘူဝ အာဒေသော၊

http://www.dhammadownload.com

သရလောပေါ မာဒေသပစ္စယာဒိမိုတိ အာဒိနာ သရလောပါဒိ''ဟူသော စာကိုယ်နှင့် မညီပါ၊ ၄င်း စာကိုယ်အလို ဘူ-ကို ဘူဝ-ပြုသည့်အခါ ဝ-၌ သရပါသည်ဟု သိပါ။

မေး။ အသဗ္ဗဓာတ်ဝိဘတ် ၃-မျိုးကို ဖေါ်ပြပါ။

ဖြေ။ ၁။ သရဝိဘတ် - အ, ဥ စသည်။
၂။ သရာဒိဝိဘတ် - အံ, ဉံ စသည်။
၃။ ဗျဉ္ဇနာဒိဝိဘတ် - ထ္ထ, မှ, ဿတိ စသည်။

မှတ်ချက်။ ။ ဘာသာဋီကာ၌ အထက်ပါအတိုင်းဖြစ်သင့်သည်အား‌လျော်စွာ အသဗ္ဗဓာတ်ဝိဘတ် ၃-မျိုးခွဲခြားပြထား‌သည်။ ''ဗျဉ္ဇနာဒိမှေဝါတိ ''ထ္ထ မှ ဿတိ ဿာ''တိ ဧဝံအာဒိကေ ဗျဉ္ဇနပုဗ္ဗကေ ဧဝ အသဗ္ဗဓာတုဝိဘတ္တိမှိ ပရေ အယံ ကာရာဂမော ဘဝတိ, နှ ပန သရာဒိကေ အ ဤ ဧဝမာဒိကေ ဝိဘတ္တိကေ ဝစနေ ပရေ'' ဟူသော ဋီကာ (၁၉၁) အလို (၁) ဗျဉ္ဇနာဒိဝိဘတ် (၂) သရာဒိဝိဘတ်ဟု ၂-မျိုးသာ ခွဲခြားရပါမည်။

''သရသက်သက်၊ ဆယ့်နှစ်တွက်၊ ဗျည်းနှင့်ရောယှက်၊ တံပိုးတက်၊ ဗျည်းသက်သက်မှာ၊ ခြောက်ဆယ်သာ၊ သုံးဖြာဝိဘတ်၊ ကျမ်းအာ‌ချာတ်''ဟူသော ဦးရန်ကုန်နိယံအလိုကား- (၁) သရဝိဘတ် (၂) ဗျဉ္ဇနမိဿကဝိဘတ် (၃) ဗျဉ္ဇနဝိဘတ် ဟု ၃-မျိုး ခွဲရပါမည်။

မေး။ အသဗ္ဗဓာတ် အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ''ဟိယျတ္တနီ သတ္တမီ ပဉ္စမီ ဝတ္တမာနာ သဗ္ဗဓာတုကံ''ဟု ဟိယျတ္တနီ စသော ဝိဘတ် ၄-သွယ်တို့ကို သဗ္ဗဓာတ်အမည်ဖြင့် ဆိုအပ်သောကြောင့် ထိုသဗ္ဗဓာတ်ဝိဘ**တ်တို့**မှ တပါးတခြားဖြစ်သော ပရောက္ခာ, အဇ္ဇတနီ, ဘဝိဿန္တီ, ကာလာတိပတ္တိဝိဘတ် ၄-သွယ်တို့ကို (အဝုတ္တသိဒ္ဓိနည်း, အတ္ထာပန္နနည်းအားဖြင့်၊ တစ်နည်း-ဗျတိရေကနည်းအားဖြင့်) 'အသဗ္ဗဓာတ်ဝိဘတ်'ဟု ခေါ်ဆိုရပါသည်။ (နှ-သဒ္ဒါ အညအနက်ဟောတည်း။ ''တဒညာ'' ကို ထောက်ပါ။ ဗာလာဝတာရ၌လည်း ''တဒညေ အသဗ္ဗဓာတုကံ''ဟု အလားတူပင် ဖွင့်သည်။)

ဋီကာဆရာအလိုကား - နှ သဒ္ဒါ သဒ်သအနက်ဟောဖြစ်၍ ''သဗ္ဗဓာတ်ဝိဘတ်များ အာ‌ချာတ်ဝိဘတ်ချင်းတူသောကြောင့် ပရောက္ခာ စသော ဝိဘတ် ၄-သွယ်တို့ကို ''အသဗ္ဗဓာတ်ဝိဘတ်''ဟု ခေါ်ဆိုရပါသည်။

သာဓက - နှ သဗ္ဗဓာတုကံ အသဗ္ဗဓာတုကန္တိ ဝိဘတ္တိဘာဝေန သဗ္ဗဓာတုကသဒ်သာ ပရောက္ခာ အဇ္ဇတနီ ဘဝိဿန္တီ ကာလာတိပတ္တိယော စ ဝုစ္စန္တိ ''နှ'' ဣတိ နိပါတသ ''အမနုဿော''တိအာဒိသု ဝိယ သဒ်သတ္ထဝုတ္တိတောတိ ဒဋ္ဌဗ္ဗံ။ (ဋီကာ၊ ၁၉၀)။

၅၁၇၊ ၄၈၈။ ကွစိ ဓာတုဝိဘတ္တိပစ္စယာနံ ဒီဃဝိပရိတာဒေသလောပါဂမာ စ။ (၂၉၂)

မေး။ ကွစိ ဓာတု သုတ်ကြီးဖြင့် စီရင်ရာနယ်ပယ်ကို ဖေါ်ပြပါ။

ဖြေ။ ဓာတ်အရာဖြစ်သော အာ‌ချာတ်, ကိတ်၌သာ စီရင်ရပါသည်။

မေး။ ဤသုတ်၌ပါသော ဝိဘတ္တိ, ပစ္စယ အရတို့ကို အကြောင်းနှင့်တကွ ဖေါ်ပြပါ။

http://www.dhammadownload.com

ဖြေ။ ဓာတုသဒ္ဒါနှင့်တွဲဖက်၍ ''ဓာတုဝိဘတ္တိပစ္စယာနံ''ဟု ဆိုသောကြောင့် သဟစရဏနည်းအားဖြင့် ''ဝိဘတ္တိ''အရ ဓာတ်နှင့်ဆိုင်သော အာချာတ်ဝိဘတ်တို့ကို ယူရပါမည်။

ပစ္စယ-အရ ဓာတ်အရာ၌ စီရင်အပ်သော (အ)စသော အာချာတ်ပစ္စည်း, အန္တ စသော ကိတ်ပစ္စည်းများကိုသာ ယူရပါမည်။

မေး။ ဤသုတ်ပါ ''ဝိပရိတ''ဟူသည် အဘယ်နည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''ဒီဃတဇ္ဇိပရိတ''ဟု စာကိုယ်၌ ဖွင့်ပြသောကြောင့် ဤသုတ်၌ ''ဝိပရိတ''ဟူသည် ဒီဃ၏ပြောင်းပြန်ဖြစ်သော ရဿတည်း။ ''ဒီဃကို ရဿ ပြုခြင်းသည် ဝိပရိတ-မည်၏'' ဟူလို။

မှတ်ချက်။ ။ ''တဇ္ဇိပရိတူပပဒေ ဗျဉ္ဇနေ စ''သုတ်၌ သြပြုထားသော ဥ-ကို ''ဝိပရိတ''ဟုဆိုသည်။ သဘောတူပင်။

မေး။ ကွစိ ဓာတု သုတ်ကြီးဖြင့် စီရင်သော ကာရိယ ၅-ခုတို့ကို ထင်ရှားပေါ်လွင်အောင် ရေးပြပါ။

ဖြေ။ **၁။ ဒီဃ**

(က) ယ ပစ္စည်းကြောင့် သုဓာတ် **ဝိဓာတ်**တို့၏ ရဿသရကို ဒီဃပြု။
- သူယတေ (စာ၊ ၃၁၁)၊ ဇီယတေ။

(ခ) ပရောက္ခာဝိဘတ်ကြောင့် အဇ္ဇသ မဟုတ်သော ဂမုဓာတ်၏ အသရကို အာဒီဃပြု။
- ဇဂါမ, ဇဂါမု (စာ၊ ၂၇၅)။

၂။ ဝိပရိတ (ရဿ)

(က) နာ ပစ္စည်းကြောင့် ကီ, လူ ဓူ စသော ကိယာဒိဓာတ်တို့၏ ဒီဃသရကို ရဿပြု။
- ကိဏာတိ (၃၁၃)၊ လုနာတိ (၃၁၆)၊ ဓုနာတိ (၃၁၆)၊ တဿာ ပုဏ္ဏံ ကုမ္ဘမိမံ ကိဏာထ (၃၊ ၅။ ၃၆၁)

(ခ) ဿတိ စသော ဝိဘတ်တို့၏ ဿ နှင့် တွဘပစ္စည်းစသော သံယုဂ်ကြောင့် ကိယာဒိဓာတ်မှ တပါးသော ဒါ, ဓာ, ဌာ စသော ဓာတ်တို့၏ အာဒီဃသရကို အရဿပြု။
- ဒဿတိ (၃၀၅)၊ ဓဿတိ (၃၀၆)၊ ဌဿတိ (၂၉၈)

(ဂ) ဟိယျတ္တနီ, အဇ္ဇတနီ အာ, ဤ, ဦ ဝိဘတ်တို့ကိုလည်းကောင်း၊ ဟိယျတ္တနီ, အဇ္ဇတနီ မှာဝိဘတ်၊ ကာလာတိပတ္တိ ဿာ (ဿာမှာ)ဝိဘတ်တို့၏ အဆုံးအာ ကိုလည်းကောင်း ဝိကပ် ရဿပြု။ (လက်ာ်၌ ''ဿာ, ဿာမှာ''ဝိဘတ်များ မပါ။)

- အဘာဝ, အဘာဝါ။ အဘာဝိ, အဘာဝီ။ အဘာဝု, အဘာဝူ။ (စာ၊ ၂၇၈။)
- အဘာဝိမှ, ဘာဝိမှ, အဘာဝိမှာ, ဘာဝိမှာ။ (စာ၊ ၂၇၈။)
- အဘာဝိဿ, ဘာဝိဿ, အဘာဝိဿာ, ဘာဝိဿာ။ (စာ၊ ၂၈၃။)
- အဘာဝိဿာမှ, ဘာဝိဿာမှ, အဘာဝိဿာမှာ, ဘာဝိဿာမှာ။ (စာ၊၂၈၃။)

http://www.dhammadownload.com

၃။ အာဒေသ

(က) အဇ္ဇတနီဝိဘတ်ကြောင့် ဂမုဓာတ်မှ ဖြစ်သော စ္ဆကို ဥ ပြု။
– အဂဥ္ဆိ၊ ဂဥ္ဆိ။ (စာ၊ ၂၇၉။)

(ခ) အဇ္ဇတနီဝိဘတ်ကြောင့် ဂမုဓာတ် (ဂမ်)ကို ဝိကပ် ဂါ–ပြု။
– အဇ္ဇဂါ။ (စာ၊ ၂၈၀။)

(ဂ) ဃျေ, ဃျောသိ, ဃျောမိဝိဘတ် ၃–လုံးကို ဝိကပ် ဧ–ပြု။
– ဘဝေ, ဘဝေယျ စသည်။ (စာ၊ ၂၇၁။)

(ဃ) ကာလာတိပတ္တိ ဿေ–ဝိဘတ်၏ ဧ–ကို အ–ပြု။
– အဘဝိဿ, ဘဝိဿ, အဘဝိဿေ။ (စာ၊ ၂၈၃။)

(င) ဟိယျတ္တနီ, အဇ္ဇတနီ ဩဝိဘတ်တို့ကို ဝိကပ် အ, ဣ ပြု။
– အဘဝ, အဘဝတ္ထ။ (စာ၊ ၂၇၃။ ဟိယျတ္တနီ ဩ ဝိဘတ်ကို အ ပြု၍ 'အဘဝ'ဟု ရုပ်ပြီးသည်။)
– အဘဝိ, ဘဝိ, အဘဝေါ, ဘဝေါ။ (စာ၊ ၂၇၈။ အဇ္ဇတနီ ဩဝိဘတ်ကို ဣ ပြု၍ 'အဘဝိ၊ ဘဝိ'ဟု ရုပ်ပြီးသည်။)

(စ) အဇ္ဇတနီ အတ္တနောပုဒ် အာဝိဘတ်ကို တ္ထ ပြု။
– အဘဝိတ္ထ, ဘဝိတ္ထ, အဘဝါ, ဘဝါ။ (စာ၊ ၂၇၈။)
ဟိယျတ္တနီ အတ္တနောပုဒ် တ္ထဝိဘတ်ကို ထ ပြု။
– အနွဘူယထ, အနုဘူယထ။ (စာ၊ ၂၇၃။)

(ဆ) ဗြူဓာတ်မှနောက်ဖြစ်သော တိဝိဘတ်ကို အ ပြု၊ အန္တိဝိဘတ်ကို ဥ ပြု၊ ဗြူဓာတ်ကိုလည်း အာဟပြု။
– အာဟ၊ အာဟု။ (စာ၊ ၃၀၁။)

၄။ လောပ

(က) ဧ, ဩ အက္ခရာတို့မှ နောက်ဖြစ်ခြင်း၊

(ခ) ဝိဘတ် ပစ္စည်းတို့၏ အစလည်း ဖြစ်ခြင်း၊

(ဂ) သံယောဂန္တလည်း ဖြစ်ခြင်း။ ဤအဂါ ၃–ချက်နှင့်ညီသော အ အက္ခရာကို အမြဲ ချေရပါသည်။
– ဝဇ္ဇေန္တိ, ဝဒေန္တိ။ (စာ၊ ၂၉၂။)
– ပါလေန္တိ၊ ကရောန္တိ။ ပါလေန္တော၊ ကရောန္တော။ (ဋီ၊ ၁၉၆။)

၅။ အာဂမ

အဇ္ဇတနီ တ္ထ, မှာ ဝိဘတ်တို့ကြောင့် ဂမုဓာတ်နောင် ဝိကပ် ဥ လာရ၏။ (လက်ာ၌ ''ဟိယျဇ္ဇတ်ပါ၊ တ္ထ နှင့် မှာကြောင့်''ဟု ဆိုထားသည်။)
– အဂမိတ္ထ, ဂမိတ္ထ၊ အမုတ္ထ, ဂမုတ္ထ။
– အဂမုမှ, ဂမုမှ၊ အဂမိမှာ, ဂမိမှာ။ (စာ၊ ၂၈၀။)

မေး။ (က) ဇဂါမ (ခ) ဇဂါမု–တို့ကို ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ (က) ''ဂဂမ'' ဟု ဖြစ်သောအခါ အဗ္ဘာသမဟုတ်သော နောက် ဂ–၏ အ ကို အာပြု၊ (ကဝဂ္ဂဿ စဝဂ္ဂေါ သုတ်ဖြင့် အဗ္ဘာသ၌ ဖြစ်သော ဂ ကို ဇ ပြု)၊ 'ဇဂါမ' ပြီး၏။

http://www.dhammadownload.com

မေး။ ''တဏှာနံ ခယမဂ္ဂါ'' အဂ္ဂါ-ပုဒ်ကို အာချာတ်ရုပ်ကျဉ်း တွက်ပြခဲ့ပါ။

ဖြေ။ အဓိပုဗ္ဗ ဂမုဓာတ်တည်၊ ဓာတွန် ဥ ကိုချေ၊ အဇ္ဇတနီ အာဝိဘာတ်သက် (အဓိ ဂမ် -ဘ)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် နောက် အဇ္ဇတနီ အာဝိဘာတ်ကြောင့် ဂမ်-ကို ဂါ-ပြု၊ နောက် အာသရကို ချေ (အဓိဂါ)၊ အဓိ ကို အဂ္ဂ ပြု၊ ပြီး၏။

မေး။ ဝဇ္ဇန္တိ - ပြယုဂ်၌ ကွစိဓာတုသုတ်ကြီးဖြင့် အပစ္စည်းချေရပုံကို ရှင်းပြခဲ့ပါ။

ဖြေ။ ''ဝဒ + အ + အန္တိ''၊ ဝဒ ဓာတ်ကို ဝဇ္ဇ ပြု၊ အပစ္စည်းကို ပြေ၊ ဝဇ္ဇ + ဧ + အန္တိ = ဝဇ္ဇေ + အန္တိ''ဟု ဖြစ်သောအခါ အ-သည် ဧ-မှလည်းနောက်ဖြစ်, အန္တိဝိဘာတ်၏ အစလည်း ဖြစ်, န္တ သံယုဂ်လည်းရှိသောကြောင့် ဤသုတ်ကြီးဖြင့် ၄င်း အ ကို ချေရခြင်း ဖြစ်ပါသည်။

မေး။ (က) ဟိယျဇ္ဇတ် အာ၊ ဤ ဦ မှာကို၊ ရဿာ ပြုရ။
(ခ) ဟိယျဇ္ဇတ်ပါ၊ ထ္ထ နှင့် မှာကြောင့်၊ ဥ လာရဘိ-ဟူသော လက်ာတို့နှင့် စပ်၍ သိမှတ်ဖွယ်များကို ရေးပြပါ။

ဖြေ။ (က) လက်ာ၌ ''ဿာ-ကို ရဿပြု''ဟူသောအချက် ကျန်နေသည်။
(ခ) လက်ာ၌ ''ဟိယျဇ္ဇတ်ပါ၊ ထ္ထ နှင့် မှာ ကြောင့်''ဟုဆိုသော်လည်း အဇ္ဇတနီ ထ္ထ, မှာ တို့ကြောင့်သာ ဥ လာရသည်။ ဓာတ်တိုင်းနောင် လာရသည်လည်း မဟုတ်, ဂမုဓာတ် နောင်သာ လာရပါသည်။ ထို့ကြောင့် ''အဇ္ဇတနီ ပါ၊ ထ္ထ နှင့် မှာကြောင့်၊ ဥ လာရ ဘိ''ဟု ဆိုသင့်ပါသည်။

မေး။ ကွစိ ဓာတု သုတ်ကြီးပါ စ သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ ကွစိ ဓာတုသုတ်၌ စ သဒ္ဒါသည် 'ဝိပရိယယ'ကို ဆည်းခြင်း သမုစ္စည်း အနက်ရှိပါသည်။ ဆရာမြတ်တို့ကား ''ဒီဃပြုခြင်း စသော ကာရိယ ၅-ခုကို အချင်းချင်း ပေါင်းသော သမ္ဘိဏ္ဍန၊ တစ်နည်း - အညမညသမုစ္စည်းအနက်ရှိ၏''ဟု ဆိုကြပါသည်။
- ကြကာရာဂမေ ကွစိ ဓာတု ကွစွာဒိသုတ္တေ စဂ္ဂဟဏေန ယရာနံ ဝိပရိယယော။ (စာ၊ ၃၁၉။)

၅၁၈၊ ၄၄၆။ အတ္တနောပဒါနိ ပရဿပဒံ။ (၂၆၆)

မေး။ ဤသုတ်ဖြင့် အတ္တနောပုဒ်ကို ပရဿပုဒ်ပြန်ရမည့် အရာကို အကြောင်းနှင့်တကွဖော်ပြပါ။

ဖြေ။ ကတ္တားမဟုတ်သော ဘော, ကံ အရာ၌သာ ဤသုတ်ဖြင့် အတ္တနောပုဒ်ကို ပရဿပုဒ် ပြန်ရပါမည်။ အကြောင်းမှာ - ''ကတ္တရိ ပရဿပဒံ''သုတ်ဖြင့် ကတ္တားအနက်၌ ပရဿပုဒ်ဝိဘတ် တိုက်ရိုက်သက်နိုင်ရကား ပရဿပုဒ် ပြန်ဖွယ်မလိုသောကြောင့်တည်း။
- ''ကတ္တရိ ပရဿပဒ''န္တိ ကတ္တရိ ပရဿပဒဿ သိဒ္ဓတ္တာ အကတ္တရိယေဝေတံ အတ္တနောပဒါနံ ပရဿပဒတ္တာဝိဓာနန္တိ ဝိညာယတိ (ဋီကာ၊ ၁၈၆။)

၅၁၉၊ ၄၅၇။ အကာရာဂမော ဟိယျတ္တနီ အဇ္ဇတနီ ကာလာတိပတ္တီသု။ (၂၇၃)

မေး။ ဤသုတ်ဖြင့် ဓာတ်၏အဆုံး၌ အ အက္ခရာ လာသင့်ပါလျက် မလာဘဲ အဘယ့်ကြောင့် ဓာတ်တို့၏ အစ၌ လာရပါသနည်း။

http://www.dhammadownload.com

ဖြေ။ ဓာတ်တို့၏အဆုံး၌ ပစ္စည်းသရ, ဝိဘတ်သရ, အာဂုံသရများရှိပြီးဖြစ်ပါလျက် တစ်ဖန် ထပ်၍ အ အက္ခရာလာခြင်းသည် အကျိုးမရှိသောကြောင့် တဒနုပရောဓေန–ဟူသော ပရိဘာသာသုတ်အရ ပြယုဂ်အားလျော်စွာ ဓာတ်တို့၏အစ၌သာ အ အက္ခရာ လာရပါသည်။

မေး။ ရူပသိဒ္ဓိလာ ''သတိဿရေပိ ဓာတွန္တေ''အရ ဓာတ်တို့၏ အဆုံး၌ သရရှိနေပုံကို ရှင်းပြပါ။

ဖြေ။ ဘူဝါဒိ, ရုဓာဒိ ဂိုဏ်းဓာတ်တို့၏ အဆုံး၌ ''ဘူ + အ + တိ''၊ ''ရုဓ် + အ + တိ'' စသည်ဖြင့် အပစ္စည်းဟူသော သရရှိနေသည်။ အခြားဓာတ်များ၏ အဆုံး၌လည်း ဟိယျတ္တနီ အာ, ဦ၊ အဇ္ဇတနီ ဤ ဉ်– စသော ဝိဘတ်သရများနှင့် အဇ္ဇတနီ, ကာလာတိပတ္တိဝိဘတ်တို့ နှောင်းရာ၌ ဣကာရာဂမော အသဗ္ဗဓာတုကမှိ သုတ်ဖြင့် လာထားသော ဣအာဂုံ သရများရှိနေကြပါသည်။

၅၂၀၊ ၅၀၂။ ဗြူတော ဤတိမှိ။ (၃၀၁)

မေး။ 'ဗြူတိ'ပြယုဂ်၌ ဗြူဓာတ်၏ ဦ ကို အဘယ့်ကြောင့် သြဝုဒ္ဓိ မပြုရပါသနည်း ရှင်းပြပါ။

ဖြေ။ ''ဗြူ + အ + တိ''မှ အ ပစ္စည်းကို ချေ၍ ''ဗြူတိ''ဟု ဖြစ်သောအခါ အညေသု စ သုတ်၌ လိုက်လာသော ဝဝတ္ထိတဝိဘာသတ္ထ ဝါ သဒ္ဒါ၏ သတ်မှတ်တားမြစ်ချက်အရ ဝဂ်ဗျည်း (တ်–ဗျည်း) နှောင်းရာ၌ ဗြူ ဓာတ် ဦ ကို သြဝုဒ္ဓိမပြုရခြင်း ဖြစ်ပါသည်။

မေး။ ဗြူဓာတ်ကို ဝတ္တမာန်ဝိဘတ်ဖြင့် ကတ္တုရုပ်ပဒမာလာ စဉ်ပြပါ။

ဖြေ။ ဗြဝီတိ၊ ဗြူတိ၊ အာဟ။ ဗြုဝန္တိ၊ (ဗြုန္တိ)၊ အာဟု။ ဗြူသိ၊ ဗြူထ။ ဗြူမိ၊ ဗြူမ။ ဗြူတေ၊ ဗြုဝန္တေ။ ဗြူသေ၊ ဗြူဝှေ၊ (ဗြူဝဝှေ)။ ဗြုဝေ၊ ဗြူမှေ။

မှတ်ချက်။ ။ ဗျည်းနှောင်းရာ၌ 'ဥဝ' မပြုရ၊ ထို့ကြောင့် ဆဋ္ဌမူဝယ် 'ဗြူဝှေ' နေရာ၌ 'ဗြူဝဝှေ'ဟု ရှိသည်ကို ဆရာတို့ မနှစ်သက်ကြပါ။

မေး။ (က) ဗြုဝန္တိ (ခ) ဗြုန္တိ တို့ကို အာချတ်ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ (က) ဗြူ + အ + အန္တိ၊ အပစ္စည်းကို ချေ၊ (ဗြူ– န္တိ)၊ စျလာနမိယုဝါ သရေ ဝါ သုတ်ဖြင့် ဦ ကို ဥဝ ပြု (ဗြ ၊ ဝ – န္တိ)၊ ဗြ ဥ သို့ကပ်၊ ဝ် ခွင်း, ချေ, ကပ်၊ ပြီး၏။

(ခ) ဗြူ + အ + အန္တိ၊ အပစ္စည်းကို ချေ၊ ဦ ကို ဥ ရဿပြု၊ နောက် အသရကို ချေ၊ ပြီး၏။ (ဤရုပ်ကို ရူပသိဒ္ဓိ၌ မပြသော်လည်း ''ဝိဇာနန္တာ နော ပဗြုန္တိ''ဟု မဇ္ဇိမ ပဏ္ဏာသပါဠိတော် ဝဏ္ဏိသုတ်၌ ရှိ၏။)

၅၂၁၊ ၄၂၅၊ ဓာတုဿန္တော လောပေါ'နေကရဿ။ (၂၅၈)

မေး။ ကွစိ ဓာတုသုတ်မှ လိုက်လာသော ကွစိသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ ကွစိသဒ္ဒါသည် ''မဟီယတိ, သမထော''အစရှိသော ပြယုဂ်တို့၌ မဟဓာတ်, သမဓာတ် စသည်တို့သည် အနေကသရဓာတ်ဖြစ်သော်လည်း ဓာတွန်မချေရဟု နစ်စေခြင်း၊ တားမြစ်ခြင်း နိဝတ္တာပနာဝဓာရဏအနက် ရှိပါသည်။

http://www.dhammadownload.com

မှတ်ချက်။ ။ ''မဟီယတိ, သမထော''တိအာဒီသု-၌ အာဒိသဒ္ဒါဖြင့် မထီယတိ, ဒမထော, ဒရထော ကေလာယတိ, ဂိလာယတိ-စသည်တို့ကို ယူပါ။ မထ, ဒမ ဒရ စသော ဓာတ်များနှင့် ကေလေ, ဂိလေ စသော ကောရန္တဓာတ်တို့၏ ဓာတွန်ကိုလည်း မချေရ-ဟူလို။

ကေလေ ဂိလေ မိလေ ဩမာ၊ စိနေ ဟရေ စ သံကသေ။
ကွစိပ္ပလာ အလုတ္တန္တာ၊ ယပရာ စ မဟာဒယော။

မေး။ ရူပသိဒ္ဓိ (၂၅၉)လာ ဓာတွာဓိကာရဝိဟိတာနေကပစ္စယပသင်္ဂေ-အရ ဓာတ်အရာ၌ စီရင်အပ်သော ပစ္စည်း ဝိဘတ်များကို ဖော်ပြပါ။

ဖြေ။ ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာ-သုတ်ဖြင့် ဓာတ်လိင်တို့နောင် သက်သော ဝိဘတ် ပစ္စည်း များနှင့် ဓာတူဟိ ဏေ ဏယ ဏာပေ ဏာပယာ ကာရိတာနိ ဟေတွတ္ထေ သုတ်ဖြင့် သက်သော ဏေ, ဏယ, ဏာပေ, ဏာပယပစ္စည်း၊ ဓာတုယာ ကမ္မာဒိမှိ ဏော သုတ် ဖြင့်သက်သော ဏပစ္စည်း စသည်တို့ ဖြစ်ပါသည်။

၅၂၂၊ ၄၇၆။ ဣသုယမူန မန္တော စ္ဆော ဝါ။ (၂၈၅)

မေး။ (က) ဣသုယမူန မန္တော စ္ဆော ဝါ (ခ) ဣသုယမာန မန္တော စ္ဆော ဝါ-ဟု ၂-မျိုးရှိရာ သင့်ရာပါဌ်ကို အကြောင်းပြ၍ ဆုံဖြတ်ခဲ့ပါ။

ဖြေ။ ဣသုယမု ဣစ္စေတေသံ ဓာတူနံ အန္တော-ဟု ဖွင့်သော ကစ္စည်းနှင့် ရူပသိဒ္ဓိတို့အလို (က)အတိုင်း ရှိရပါမည်။ ''ဣသု စ ယမော စာတိ ဣသုယမာ၊ တေသံ''ဟု ဖွင့် သော ရူဋီကာ (၁၉၂)အလိုကား (ခ)အတိုင်း ရှိပါမည်။ သီမူ၌လည်း ၄င်းအတိုင်းပင် ရှိပါသည်။

မေး။ ဣသု, ယမုဓာတ်တို့၏ ဓာတ်နက်ကို ဖော်ပြပါ။

ဖြေ။ ဣသုဓာတ်သည် ဣစ္ဆာ (လိုချင်ခြင်း), ကန္တိ (နှစ်သက်ခြင်း)အနက်တို့ကို ဟောပါသည်။ နိပုဗ္ဗ ယမုဓာတ်သည် ဥပရမ (ရှောင်ကြဉ်ခြင်း)အနက်ကို ဟောပါသည်။
– ဣသု ဣစ္ဆာကန္တီသု။ ယမု ဥပရမေ နိပုဗ္ဗော။

မေး။ ဤသုတ်ပါ ဝါသဒ္ဒါ၏ အနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ ဝါ သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိပါသည်။ ထိုဝါသဒ္ဒါက – ဣစ္ဆတိ, သေတိ၊ နိယစ္ဆတိ, နိယမတိ စသည်တို့၌ ရံခါ စ္ဆ-ပြုရခြင်းဟူသော အနိစ္စဝိဓိ။
''သညမတိ''စသော သံရှေးရှိသော ပြယုဂ်များ၌ကား ''စ္ဆ'' လုံးဝ မပြုရခြင်းဟူသော အသန္တဝိဓိတို့ကို သတ်မှတ်ပြပါသည်။

မှတ်ချက်။ ။ ဂဏ္ဌိ (ဒု၊ ၂၃၉)၌ကား ''ဝဝတ္ထိတဝိဘာသာဖြင့် ဝိဓိသုံးမျိုး ပိုင်းခြားပုံကို ဂမိဿန္တော စ္ဆော ဝါ သုတ်၌ ဝါသဒ္ဒါကဲ့သို့ သိလေ''ဟု ဆိုပါသည်။

မေး။ ဣသုယမူနံ-ကို ဖြုတ်၍ ''အန္တော စ္ဆော ဝါ''ဟု ဒွိဓာကရဏယောဂ ကြံလျှင် ရရှိနိုင်သော အကျိုးကိုရေးပါ။

ဖြေ။ ထို ယောဂဝိဘာဂဖြင့် 'အစ္ဆတိ'စသောပြယုဂ်တို့၌ အာသဓာတ်၏ အဆုံး သ် ကိုလည်း စ္ဆ ပြုရခြင်း အကျိုးရှိပါသည်။

http://www.dhammadownload.com

မေး။ အစ္ဆတိ–ကို အာချာတ်ရုပ်ကျဉ်း တွက်ပြခဲ့ပါ။

ဖြေ။ အာသဲ တည်၊ အာသ ဥပဝေသနေ ဓာတ်နက်ကြား၊ ဓာတ်မှည့်၊ အဆုံးသရရေ၊ တိဝိဘတ်သက်၊ အ ပစ္စည်းသက်၊ ကွသုယမှုန္ဒ မန္တော ဧော ဝါ–သုတ်၌ 'အန္တော ဧော ဝါ''ဟူသော နိဓာကရဏ ယောဂဝိဘာဂဖြင့် အာသဓာတ်၏ ဓာတွန် သ် ကို စ်ဆ်–ပြု (အာစ်ဆ် – တိ)၊ စ်ဆ် အ သို့ကပ် (အာစ္ဆတိ)၊ ကွစာဒိမဏ္ဍဂ္ဂရာနံ့ စသောသုတ်ဖြင့် အာ–ကို အရသပြု။ ပြီး၏။ (ကွစိ ဓာတုသုတ်ကြီးဖြင့်လည်း ပြုကြသည်။ သန္ဓိစပ်သောအရာ မဟုတ်သောကြောင့် ရသံ သုတ်ဖြင့် မပြုရ–ဟု ဘာသာဋီကာ၌ ဆိုသည်။)

မေး။ (က) ကွစ္ဆတိ–၌ ကွ ကို ဝေုဒ္ဓိ မပြုရခြင်း အကြောင်း၊

(ခ) သေတိ–၌ ကွ ကို ဝေုဒ္ဓိ ပြုရခြင်းအကြောင်းတို့ကို ရေးခဲ့ပါ။

ဖြေ။ (က) ကွစ္ဆတိ–၌ ကွသည် သံယောဂန္တ ဖြစ်နေသောကြောင့် ဥပန္တဖြစ်သော ကွ ကို ဝေုဒ္ဓိ မပြုရခြင်း ဖြစ်ပါသည်။

(ခ) သေတိ–၌ကား ဓာတွန် သ်ကို စ္ဆ မပြုသဖြင့် သံယောဂန္တ မဟုတ်သောကြောင့် ကွ ကို ဝေုဒ္ဓိ ပြုရခြင်း ဖြစ်ပါသည်။

စတုတ္ထကဏ္ဍ ပြီး၏။

၆–အာချာတကပ္ပ (အာချာတကဏ္ဍ)ပြီး၏။

http://www.dhammadownload.com

၇-ကိဗ္ဗိဓနကပ္ပ (ကိဗ္ဗိဓနကဏ္ဍ)

ပဌမကဏ္ဍ

မေး။ အာချာတကဏ္ဍ (အာချာတကပ္ပ)၏ အခြားမဲ့၌ ကိဗ္ဗိဓနကဏ္ဍ (ကိဗ္ဗိဓနကပ္ပ)ကို အားထုတ်ရပုံကို ရှင်းပြပါ။

ဖြေ။ အာချာတကဏ္ဍ (အာချာတကပ္ပ)၏ အခြားမဲ့၌ ဓာတ်တို့မှနောက်၌ပင် ဘော, ကံ, ကတ္တား, ကရိဏ်းအစရှိသော သာဓနတို့နှင့်တကွဖြစ်သောဖြစ်သော ကိဗ္ဗိဓနကဏ္ဍ (ကိဗ္ဗိဓနကပ္ပ)ကို အားထုတ်တော်မူရပါသည်။

မေး။ ''ကိဗ္ဗိဓန''ပုဒ်ကို ဝစနတ္ထပြု၍ အဓိပ္ပါယ်ရေးပြီးလျှင်၊ ယင်းပုဒ်နှင့် စပ်၍ သိအပ်သမျှကို ရှင်းပြပါ။

ဖြေ။ ကိတာနံ ဝိဓာနံ ကိဗ္ဗိဓာနံ။ (ကိသ ဝိဓာနံ-ဟုလည်း ပြုကြ၏။)

ကိတ်အမည်ရသော ပစ္စည်း, ကိစ္စအမည်ရသော ပစ္စည်းတို့ကို စီရင်ရာဖြစ်သော ကျမ်း (အခန်းကဏ္ဍ)သည် ''ကိဗ္ဗိဓန''မည်၏။

''ကိဗ္ဗိဓာနံ ကိတကပ္ပဿ ဝိဓာနံ ကိတကပ္ပန္တိ အတ္ထော''ဟူသော ရူပသိဒ္ဓိကာ (၂၁၄)အလိုကား -- ကိတ်ကျမ်း၏ အစီရင်သည် ''ကိဗ္ဗိဓန'' မည်ပါသည်။

ဆရာမြတ်တို့က - ''ကိတ် + ဝိဓာနံ''မှ ဝ ကို ဒွေးဘော်ပြု၊ ဝွ ၂-လုံးကို ဗ္ဗ ၂-လုံးပြု၍ ''ကိတ္တဗ္ဗိဓာနံ''ဟု ရုပ်ပြီးစေလိုကြသည်။

သို့သော် တိကိစ္စာသိဒ္ဓေ-သုတ်၌ 'တိကိစ္စ'ပုဒ်ကဲ့သို့ ''ကိတ် + ဝိဓာန''မှ ဝ် ကို ဗ် ပြု၊ ကွစိ ဓာတု သုတ်ကြောင့် တ် ကို ပရရုပ် ဗ် ပြု၊ ဗ်, ဗ်သို့ကပ်၍ ''ကိဗ္ဗိဓာန''ဟု ပြီးခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။

သာဓက - တိကိစ္စာတော့ထ ကိတ်တိ တကာရဿ ကွမိနာ နိပါတနေန စကာရော။ (ရူပ်၊ ၂၂၇)။

မေး။ ကိဗ္ဗိဓာန-၌ 'ကိတ'အရကို ဖော်ပြပါ။

ဖြေ။ 'ကိတ'အရ ကိတ်ပစ္စည်း, ကိစ္စပစ္စည်း ၂-မျိုးလုံးကို ယူရပါမည်။

ရှင်းချက်။ ။''ကိတ(ကိတ်)''ဟူသော အမည်သည် ဏ စသော် တေကာလိက ပစ္စည်းတို့၏ အမည်ဖြစ်၏။ သို့သော် တဇ, အနိယစသော ကိစ္စပစ္စည်းတို့သည်လည်း (ကိတ)ဟူသော အမည်ကို ရနိုင်သောကြောင့် ကိတ-အရတွင် ပါဝင်နိုင်ကြပါသည်။ (များရာသို့ လိုက်၍ ဆိုသော ''ယေဘုယျနည်း''အားဖြင့် ပါဝင်နိုင်ကြသည်ဟု ဆရာမြတ်တို့ မိန့်ကြ၏။) ထို့ကြောင့် ''ကိတ''အရ ကိတ်ပစ္စည်း ကိစ္စပစ္စည်း ၂-မျိုးလုံးကို ယူရပါမည်။

- ဇတ္ထ ကိစ္စာနမ္မိ ကိတကဝေါဟာရလာဘတော သင်္ဂဟော ဒဋ္ဌဗ္ဗော။ (ဋီကာ၊ ၂၁၄)။

မေး။ ရူပသိဒ္ဓိကျမ်း၌ ကိစ္စပစ္စည်းတို့ကို အဘယ့်ကြောင့် ရှေးဦးစွာ ဖွင့်ပြရပါသနည်း။

ဖြေ။ ကိဗ္ဗိဓာနကဏ္ဍဝယ် ကိစ္စပစ္စည်း, ကိတပစ္စည်းဟု ပစ္စည်း ၂-မျိုး ရှိရာတွင် ကစ္စည်းကျမ်း၌

http://www.dhammadownload.com

''တေ ကိစ္စာ၊ အညေ ကိတ်''ဟု ကိစ္စအမည်ကို ရှေးဦးစွာ ဆိုထားသောကြောင့် လည်းကောင်း၊ ကိစ္စပစ္စည်းတို့က ကိတ်ပစ္စည်းအောက် နည်းသောကြောင့်လည်းကောင်း ရူပသိဒ္ဓိကျမ်း၌ ကိစ္စပစ္စည်းတို့ကို ရှေးဦးစွာ ဖွင့်ပြခြင်းဖြစ်ပါသည်။

၅၂၄၊ ၅၆၁။ ဓာတုယာ ကမ္မာဒိမှိ ဏော။ (၃၄၈)

မေး။ ''ကမ္မာဒိ''ပုဒ်ကို ဝစနတ္ထပြု၍၊ အဓိပ္ပါယ်လည်း ရေးပြပါ။

ဖြေ။ ကမ္မဥ္စ တံ အာဒိ စာတိ ကမ္မာဒိ၊ တသ္မိ''။ ကံပုဒ်ဟူသော အစသည် ''ကမ္မာဒိ''မည်၏။

မေး။ ဓာတုယာ ကမ္မာဒိမှိ ဏော သုတ်ကို ရူပသိဒ္ဓိဆရာအလိုကျ အနက်ပေးပြပါ။

ဖြေ။ ကမ္မာဒိမှိ၊ ကံပုဒ်ဟူသော အစသည်။ သတိ၊ ရှိလတ်သော်။ ဓာတုယာ၊ မှ။ ပရော၊ နှောင်းသည်ဖြစ်၍။ ဏော၊ သည်။ ဟောတိ၊ ဖြစ်၏။

၅၂၅၊ ၅၆၅။ သညာယ မ'နု (၃၄၉)။

မေး။ ဤသုတ်ကို ရူဆရာအလိုကျ ကျနစွာအနက်ပေးပြပါ။

ဖြေ။ ကမ္မာဒိမှိ၊ ဥပပဒကံပုဒ်ဟူသော အစသည်။ သတိ၊ သော်။ သညာယ၊ အမည်သညာကို။ ဂမျမာနာယ်၊ သော်။ ဓာတုယာ၊ မှ။ ပရော၊ ၍။ အ၊ အပစ္စည်းသည်။ ဟောတိ၊ ၏။ နု၊ ဥပပဒကံပုဒ်၏အဆုံး၌ နု အက္ခရာလာသည်လည်း။ ဟောတိ၊ ၏။

မေး။ ဤသုတ်ဖြင့် နုအက္ခရာ လာရာဌာနကို အကြောင်းနှင့်တကွ ဖော်ပြ၍၊ လာချိန်ကာလ ကိုလည်း ညွှန်ပြခဲ့ပါ။

ဖြေ။ ''နု နိဂ္ဂဟီတံ ပဒန္တေ''သုတ်၌ ''ပဒန္တေ''ဟုဆိုသောကြောင့် ''အရိ'' စသော အနီးပုဒ်၏ အဆုံး၌သာ နုအက္ခရာလာရပါသည်။

ဥပပဒဖြစ်သော နာမ်ပုဒ်နှင့် ဓာတ်ကို သမာသ်တွဲစပ်၍ ဥပပဒနာမ်ပုဒ်၏ ဝိဘာတ်ကို ချေပြီးသောအခါမှသာ နုအက္ခရာ လာရပါသည်။

''အရိ+ဒမ'' ကို သမာသ်စပ်၍ ဒုတိယာတပ္ပုရိသ် အမည်မှည့်၊ သမာသ် အမည်မှည့်၊ အရိ–ဟူသော အနီးပုဒ်၌ အံ ဝိဘာတ်ကိုချေ။ ပကတိပြု၍ ''အရိဒမ''ဟုဖြစ်သောအခါမှသာ နုအက္ခရာ လာရမည်–ဟူလို။

၅၂၆၊ ၅၆၇။ ပုရေ ဒဒါ စ ဏ္ဍံ။ (၃၅၀)

မေး။ ဤသုတ်၌ 'ဒဒဓာတ်'အရ ယူရမည့်ဓာတ်ကို ဖော်ပြပါ။

ဖြေ။ 'ဒဒဓာတ်'အရ ''ဓာရဏ''အနက်ဟော ဒဒဓာတ်ကို မယူရ၊ ''ဒါန''အနက်ဟော ဒဒဓာတ်ကိုသာ ယူရပါမည်။

မေး။ ဤသုတ်ဖြင့် ပုရသဒ္ဒါ၏ ''အ''ကိုသာ ဏ္ဍံပြုရခြင်းအကြောင်းကို ရေးပြပါ။

ဖြေ။ ''တဒနုပရောဓေန''ဟု ပရိဘာသာလာသောကြောင့် ပါဠိတော်ပြယုဂ်အားလျော်စွာ ပုရသဒ္ဒါ၏ အဆုံးဖြစ်သော အ ကိုသာ ဤသုတ်ဖြင့် ဏ္ဍံ ပြုရပါသည်။ (ဒဒ ဓာတ်၏ အ ကို ဏ္ဍံ မပြုရပါ။)

http://www.dhammadownload.com

မေး။ ပုရေ ဒဒါ စ ကံ့ သုတ်ဖြင့် အပစ္စည်းသက်ရာကာလကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ အပစ္စည်းသည် ဏာဒိပစ္စည်းတွင်ပါဝင်၍ ''ဏာဒယော တေကာလိကာ''သုတ်အရ ကာလသုံးပါး၌ သက်ခွင့်ရှိသော်လည်း ''ပုရေ''ဟူသော အနီးပုဒ်၏ ''ရှေး၌'' ဟူသော အနက်အထူးကြောင့် အတိတ်ကာလ၌သာ သက်ရပါသည်။

မေး။ 'ပုရိန္ဒဒေါ'ပုဒ်ကို ပစ္စယတ္ထအားလျော်စွာ ဝိဂြိုဟ် မှန်ကန်စွာ ဆိုပြပါ။

ဖြေ။ ဏ–ပစ္စည်း အတိတ်ကာလ၌ သက်သောကြောင့် ''ပုရေ ဒါနံ အဒါသိတိ ပုရိန္ဒဒေါ'' ဟု အတိတ်ကြိယာဖြင့် ဝိဂြိုဟ်ဆိုရပါသည်။

မှတ်ချက်။ ။ ရှေးမူ ကစ္စည်းသဒ္ဒါကြီး ပါဠိတို့၌ ''ပုရေ ဒါနံ ဒဒါတိတိ ပုရိန္ဒဒေါ'' ဟုပစ္စုပ္ပန်ကြိယာဖြင့် ဝိဂြိုဟ်ဝါကျရှိခဲ့သည်။ ယခုလက်ရှိ ဆဋ္ဌမ္ပဋ္ဌကား အထက်ပါအတိုင်း အတိတ်ကြိယာဖြင့် ရှိနေပါပြီ။ ပုရေ ဒါနံ အဒဒိတိ ပုရိန္ဒဒေါ။ (ရူ၊ ၃၅၀)။

မေး။ ဤသုတ်ဖြင့် ကံ့ ပြုချိန်ကာလကို ဖော်ပြပါ။

ဖြေ။ ဤသုတ်၌လည်း သမာသ်တွဲစပ်၍ ဥပပဒနာမ်ပုဒ်၏ ဝိဘတ်ကို ချေပြီးသောအခါမှသာ ကံ့ ပြုရပါမည်။

၅၂၇၊ ၅၆၀။ သဗ္ဗတော ဏ္ဍုတ္တာဝီ ဝါ။ (၃၅၀)

မေး။ ဤသုတ်ပါ ဝါသဒ္ဒါ၏အနက်ကို ရေးပါ။

ဖြေ။ ဝါသဒ္ဒါသည် တိုက်ရိုက်မဆိုအပ်သေးသော ''အကမ္မာဒိမှိ''ဟူသော အနက်တစ်မျိုးကို အထူးကြဲခြင်း၊ စီရင်ခြင်း အတ္ထန္တရဝိကပ်အနက် ရှိပါသည်။

မှတ်ချက်။ ။ ''ကမ္မာဒိမှိ''ပုဒ်သည် ရှေ့ ''ဓာတုယာ ကမ္မာဒိမှိ ဏော'' သုတ်မှ လိုက်လာသည့် တိုက်ရိုက်ဆိုအပ်သောပုဒ် ဖြစ်၏။ အကမ္မာဒိမှိ–ပုဒ်ကား မည်သည့် သုတ်မှာမှ မဆိုအပ်သေးသောပုဒ် ဖြစ်၏။

မေး။ သဗ္ဗတော ဏ္ဍုတ္တာဝီ ဝါ သုတ်ဖြင့် အပစ္စည်းသက်ရာ သာဓနကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ယသ္မာ ဒပေတိ–သုတ်၌ ဘယသဒ္ဒါသည် ''ဘယနံ ဘယော''ဟု ဘာဝသာဓန ဝစနတ္ထပြုရသော, ဤသုတ်ဖြင့် ဘီဓာတ်နောင် ဘောအနက်၌ အပစ္စည်းသက်၍ ပြီးသော ပုဒ်၏။ ထိုဘယသဒ္ဒါကို ထောက်ထား၍ အ–ပစ္စည်းသည် ကံ, ကရိဏ်းစသော ကြွင်းသော သာဓနတို့၌လည်း သက်နိုင်ကြောင်းသိရပါသည်။ (ဏ္ဍု, တု အာဝီပစ္စည်းတို့ကား ကတ္တု သာဓန၌သာ သက်ပါသည်။)

မေး။ ''ကတ္တရိ ကိတ်''ဟူသော သတ်မှတ်ချက် မြဲ/ မမြဲကို အထောက်သာဓကဖြင့် ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ ယသ္မာ ဒပေတိ–စသောသုတ်၌ ''ဘယ'' သဒ္ဒါသည် ဘာဝသာဓန၌ ကိတ်အမည်ရသော အပစ္စည်းသက်၍ ပြီးသောပုဒ် ဖြစ်၏။ ''ဝိနယ''သဒ္ဒါသည်လည်း ကရဏ, အဓိကရဏ သာဓနတို့၌ ကိတ်အမည်ရသော အပစ္စည်းသက်၍ ပြီးသောပုဒ် ဖြစ်၏။ ထိုကြောင့် ''ကတ္တရိ ကိတ်=ကတ္တား အနက်၌ ကိတ်ပစ္စည်းသက်''ဟူသော သတ်မှတ်ချက်သည်

http://www.dhammadownload.com

မမြဟု သိရပါသည်။

– နီ ပါပုဏ္ဏေ ဝိပုဗ္ဗော၊ ဝိနေသိ, ဝိနေတိ, ဝိနေဿတိ ဧတေန ဧတ္ထာတိ ဝါ ဝိနယော။ (ရူ၊ စာကိုယ်၊ ၃၅၁။)

မေး။ သဗ္ဗတော ဏ္ဍုတ္တာဝီ ဝါ သုတ်ဖြင့် ဏ္ဍုပစ္စည်းသက်ရာ အနက်ကို ဖော်ပြပါ။

ဖြေ။ ''ဏ္ဍုပစ္စယေ – ရထံ ကရောတီတိ---ကတ္တာရိယေဝ ဘဝတိ''ဟု ရူစာကိုယ် ဖွင့်ပြသော်လည်း ''အထဝါ ဟရိတမ္ပန္တိ ဟာရကံ ဥပနိက္ခိဝိတမ္ပန္တိ အတ္ထော''ဟူသော ကခ်ီအဋ္ဌကထာ, ပါရာဇိကဏ် အဋ္ဌကထာ စသည်တို့ကိုထောက်၍ ဏ္ဍုပစ္စည်းသည် ကံအနက်၌လည်း သက်သေးဇ်ဟု သိရပါသည်။

မှတ်ချက်။ ။ မောဂ္ဂလ္လာန် (၅၊ ၃၃) ၌လည်း ''ဗဟုလမိတ္ထေဝ? ပါဒေဟိ ဟရီယတီတိ ပါဒ–ဟာရကော၊ ဂလေ စုပ္ပတေတိ ဂလစောပကော''ဟု ဆိုပါသည်။

မေး။ နိဿယော–ပုဒ်ကို ရနိုင်သမျှ ဝိဂ္ဂဟပြုပြခဲ့ပါ။

ဖြေ။ (၁) နိဿီယိတ္ထ, နိဿီယတိ, နိဿီယိဿတိတိ ဝါ နိဿယော။ (ဝုတ္တကမ္မသာဓန)
(၂) နိဿာယ နံ ဝဿတီတိ နိဿယော။ (အဝုတ္တကမ္မသာဓန)

၅၂၈၊ ၅၇၇။ ဝိသရူပေဒါဒိတော ဏ။ (၃၅၇)

မေး။ ဏ်သုတ်ဖြင့် ဏပစ္စည်းသက်ရာ သာဓနကို ရူပသိဒ္ဓိဆရာအလိုကျ ဖော်ပြပါ။

ဖြေ။ ဏ်သုတ်ဖြင့်သက်သော ဏပစ္စည်းသည် ကိတ်အမည်ရသောကြောင့် ''ကတ္တရိ ကိတ်'' သုတ်နှင့်အညီ ကတ္တုသာဓန၌ သက်ရပါသည်။

မေး။ ဝိသရူပဒါဒိတော ဏ သုတ်ဖြင့် ဏပစ္စည်းသက်နိုင်သမျှ သာဓနတို့ကို ရှင်းလင်းဖော်ပြပါ။

ဖြေ။ ရူ၌ ''သော စ ကိတ်သညတ္တာ ကတ္တရိ ဘဝတိ''ဟု သတ်မှတ်ထားသော်လည်း ''ဏမို ရန္ဓသ ဇော ဘာဝကရဏေသု''သုတ်ဖြင့် ကရိဏ်းအနက်၌သက်သော ဏပစ္စည်း နှောင်းရာဝယ် ရန္ဓဓာတ်၏ နွ ကို ဇ အပြု စီရင်ခြင်းကြောင့် ဏ်ဝိသရူပဒါဒိတော ဏ သုတ်ဖြင့် ကတ္တုသာဓနမှ တစ်ပါးသော ကမ္မ, ကရဏ, (သမ္ပဒါန), အပါဒါန, အဓိကရဏ သာဓနတို့၌လည်း ဏပစ္စည်းသက်နိုင်ကြောင်း သိရပါသည်။ ဘာဝသာဓနမှတစ်ပါး ကတ္တုစသော သာဓန(၆)ပါး၌ သက်သည်–ဟူလို။ (ဘာဝသာဓန၌ကား ဘာဝေ စ သုတ်ဖြင့် သက်ရမည်။)

ဏမို ရန္ဓသ ကရဏေ၊ ဇာဒေသသ ဝိဓာနတော။
အကတ္တရိပိ ဝိညေယျော၊ ကာရကော ဏသ သမ္ဘဝေါ။ (ရူ)

မေး။ 'ဖဿ'ပုဒ်၏ ဝစနတ္ထများကို ရေးသားဖော်ပြ၍၊ ရုပ်ပြီးပုံကိုလည်း ရှင်းပြပါ။

ဖြေ။ အဖုသိ သမ္မယုတ္တဓမ္မာ ဧတေနာတိ ဖဿော။
ဖုသတိ သမ္မယုတ္တဓမ္မာ ဧတေနာတိ ဖဿော။
ဖုသိဿတိ သမ္မယုတ္တဓမ္မာ ဧတေနာတိ ဖဿော။
ဖုသန္တိ သမ္မယုတ္တဓမ္မာ ဧတေနာတိ ဖဿော။
ဖုသ+ဏ၊ ဏ်အနုဗန်ကိုချေ။ ဏပစ္စည်းနှောင်းသော်လည်း သံယောဂန္တ ဖြစ်သောကြောင့်

http://www.dhammadownload.com

ဖု-၌ ဥ ကို ဩဝုဒ္ဓိ မပြုရ။ ကွစိ ဓာတု သုတ်ကြီးဖြင့် ဖုသ-ကို ဖဿ-ပြု၊ သ် ခွင်း, ချေ, ကပ်၊ ပြီး၏။

မေး။ ဝိသရုဇပဒါဒိတော ဏ သုတ်ဖြင့် ဏပစ္စည်းသက်ရာလိင်ကို ရှင်းလင်းဖော်ပြပါ။ (ပုလ္လိင်၌ သက်သော ပစ္စည်းများကို စုံလင်ကုန်စင်အောင် ဖော်ပြပါ။)

ဖြေ။ ဇိ, နီ, သု, ဘူ စသော ဣဝဏ္ဏန္တ, ဥဝဏ္ဏန္တ ဓာတ်များနှင့် ဝရ, ဝိသ, ရုဇ, ပဒ စသော ဓာတ်များနောင် သဗ္ဗတော ဏ္ဍုတွာဝီ ဝါ သုတ်ဖြင့် သက်ရသောအပစ္စည်း၊ ဤ ဝိသရုဇပဒါဒိတော ဏ သုတ်နှင့် ဘာဝေ စ သုတ်တို့ဖြင့် သက်ရသော ဒုတိယဏပစ္စည်း, သညာယံ ဒါဓာတော ဣ (မုနာဒီဟိ စိ)သုတ်ဖြင့် သက်ရသော ဣပစ္စည်းတို့သည် ပုလ္လိင်၌ ဖြစ်ကြပါသည်။

ကိတကာ'ဘိဓေယျလိဂ်၊ ဣယုဝဏ္ဏဝရာဒိဇော
အပစ္စယော ဏော ဒုတိယော၊ ဣပစ္စယော ပုမေ သိယုံ။ (ကစ္စာယနသာရ)

မေး။ ''အ, ဣ ပစ္စယ၊ ဒုတိယ ဏော၊ ဤသဘော၊ အဟော ပုလ္လိင်သာ''ဟူသော နိယံ၌ 'ဒုတိယ ဏော'၏ အဓိပ္ပါယ်ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဓာတုယာ ကမ္မာဒိမှိ ဏော-သုတ်ဖြင့် သက်သော ဏပစ္စည်းကို ထောက်၍ နှစ်ခုမြောက်ဖြစ် သောကြောင့် ဤ ဝိသရုဇပဒါဒိတော ဏ သုတ်ဖြင့်သက်သော ဏပစ္စည်းကို ''ဒုတိယ ဏ''ဟု ခေါ်ဆိုရပါသည်။

(တစ်နည်း) အနီးကပ် ဆက်စပ်လျက်ရှိသော ဝိသရုဇပဒါဒိတော ဏ, ဘာဝေ စ ၂-သုတ်ကိုသာ ကြည့်ပြီး ဝိသရုဇ သုတ်ဖြင့် သက်သော ဏပစ္စည်းကို ထောက်၍ နှစ်ခုမြောက်ဖြစ်သောကြောင့် ဘာဝေ စ သုတ်ဖြင့် သက်သော ဏပစ္စည်းကိုလည်း ''ဒုတိယ ဏ''ဟု ခေါ်ဆိုကြပါသည်။ (ဇူ၊ ၂။ ၁၂၈။-ကြည့်။)

– စကာရာ 'ပဒရုဇ' (၃၊ ၃၊ ၁၆) ဣတိ ဃဉ် (ဏော)။ ဒါယော ထေယျော ဣစ္စာဒေါ'သညာယံ ဝိဟိတာ အပိ ဂယှန္တေ။ (အမရကောသ ဗျာချာသုဓာဋီကာ။)

၅၃၀၊ ၅၈၄။ ကွိ စ။ (၃၆၁)

မေး။ ဤသုတ်ဖြင့် ကွိပစ္စည်းသက်ရာသာဓနကို ရူဆရာအလိုကျ ဖော်ပြခဲ့ပါ။

ဖြေ။ ကွိပစ္စည်းသည် ကိတ်အမည်ရသော ပစ္စည်းဖြစ်သောကြောင့် အလုံးစုံသော ဓာတ်နောင် ကတ္တုသာဓနဉ် သက်ပါသည်။

မေး။ ''ကွိပစ္စည်း ကတ္တုသာဓနဉ် သက်''ဟူသောစကားကို မုချအားဖြင့် မှတ်သင့် / မမှတ်သင့် ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''ကွိပစ္စည်း ကတ္တုသာဓနဉ် သက်''ဟူသော စကားကို မုချအားဖြင့် မမှတ်သင့်ပါ။ ''ဘတ္တံ ဂသန္တိ ဂဏှန္တိ ဝါ ဧတ္ထာတိ ဘတ္တဂ္ဂံ = ဆွမ်းစားရာ, ယူရာ ဆွမ်းစားဇရင် ကျောင်း''စသောပြယုဂ်များကို ထောက်၍ ''ကွိ ပစ္စည်း ကတ္တုသာဓနဉ် သက်'' ဟူသော ရူပသိဒ္ဓိစကားကို မုချအားဖြင့် မမှတ်သင့်ပါ။ ယေဘုယျစကားဟုသာ မှတ်သားရပါမည်

http://www.dhammadownload.com

ဘတ္တာဂ-နှင့် အလားတူပုံစံများ-

သလာကဂ္ဃ = စာရေးတံမဲ ယူရာအရပ်၊
ဥပေါသထဂ္ဃ = ဥပုသ် အိမ်, သိမ်, တန်ဆောင်း။
ဒါနဂ္ဃ = အလှူဝတ္ထုကို ခံယူရာ အလှူမဏ္ဍပ်။
ထို့ပြင် ကွိပစ္စည်းကို ကိတန္တ နိစ္စသမာသ်အရာ၌သာ သက်ရမည်ဟုလည်း မှတ်ပါ။
အမှာ။ ။ ကွိပစ္စည်းသက်ရာ သာဓနများနှင့် ပြယုဂ်များကို ကွိလောပေါ စ သုတ်၌ လှမ်း ကြည့်ပါ။

၅၃၁၊ ၅၈၉။ ဓရာဒီဟိ ရမ္မော။ (၃၆၄)

မေး။ ''ဓမ္မ''ပုဒ်၏ ရနိုင်သမျှ ဝစနတ္ထများနှင့် အရကောက်များကို ဖော်ပြပါ။
ဖြေ။ ၁။ အပါယေသုပတမာနေ အဓိဂတမဂ္ဂါဒိကေ. သတ္တေ ဓာရေတီတိ ဓမ္မော။ (ဓရ + ရမ္ဘ၊ ကတ္တုသာဓန) မဂ်တရား၊ ဖိုလ်တရားတို့ကို ရ၏။
၂။ ဓရန္တိ တေနာတိ ဓမ္မော။ (ကရဏ) ပရမတ္ထ သဘောတရားကိုရ၏။
၃။ သလက္ခဏံ ဓာရေတီတိ ဓမ္မော။ (ကတ္တု)
မိမိဆိုင်ရာ သဘောလက္ခဏာရှိသော ပရမတ္ထသဘာဝဖြပ်ကို ရ၏။
၄။ ပစ္စယေဟိ ဓရီယတီတိ ဓမ္မော။ (ကမ္မ၊ ဘာဝ)
နိဗ္ဗာန်ပညတ်မှတစ်ပါးသော သင်္ခတဓမ္မတို့ကို ရ၏။

မေး။ ရမ္ဘပစ္စည်းသက်ရာ သာဓနကို အထောက်သာဓနနှင့်တကွ ဖော်ပြပါ။
ဖြေ။ 'ဘာဝကမ္မေသု တ'သုတ်၌ ကမ္မသဒ္ဒါသည် ''ကရီယတီတိ ကမ္မံ''ဟူသော ဝစနတ္ထနှင့် အညီ ကရဓာတ်နောင် ကံအနက်၌ ရမ္ဘပစ္စည်းသက်၍ ပြီးသော်သဒ္ဒါ ဖြစ်၏။ ထို 'ကမ္မ'သဒ္ဒါကို ထောက်ထား၍ ဤသုတ်ဖြင့် သက်သော ရမ္ဘပစ္စည်းသည် ကတ္တုကာရက (သာဓန)မှတစ်ပါးသော ကမ္မကာရက(သာဓန) စသည်တို့၌လည်း သက်၏ဟု သိရပါသည်။

သော စ-
ကမ္မဂ္ဂဟဏတော ဘာဝ-ကမ္မေသုတော္ထ ဝေဒိယော
အကတ္တရိပိ ဟောတိတိ၊ ကာရကေ ရမ္ဘပစ္စယော။

မေး။ ဘာဝကမ္မေသု-၌ ရမ္ဘပစ္စယန္တ ကမ္မသဒ္ဒါကို ညွှန်ပြရပုံကို ရှင်းပြပါ။
ဖြေ။ ရမ္ဘပစ္စည်းသည် ''ကိတ်''အမည်ရသော ပစ္စည်းဖြစ်သောကြောင့် ''ကတ္တရိ ကိတ်'' ဟူသော သတ်မှတ်ချက်အရ ကတ္တားအနက်၌သာ သက်ရသည်ဟု ယုံမှားသံသယ ဖြစ်ဖွယ်ရှိ၏။ ထိုယုံမှားသံသယကို ပယ်ရှားခြင်းအကျိုးငှါ ''ဘာဝကမ္မေသု''ဟု ရမ္ဘပစ္စည်း အဆုံးရှိသော ''ကမ္ဘ''သဒ္ဒါကို ညွှန်ပြခြင်းဖြစ်ပါသည်။ ''ယင်းသတ်မှတ်ချက် မမြဲသောကြောင့် ကတ္တားအနက်မှတစ်ပါး ကံစသောအနက်တို့၌လည်း ရမ္ဘပစ္စည်းသက်၏-ဟူလို။

သာဓက - ရမ္ဘပစ္စယော်ယံ ကိတသညတ္တာ ကတ္တရိ ကိတိတိ နိယမတော ကတ္တရိယေဝ ဘဝတီတိ သင်္ခံ အပနေတုံ ''ဘာဝကမ္မေသူတိ'' ဣတ္ထ ရမ္ဘပစ္စယန္တံ ကမ္မဂ္ဂဟဏံ နိဒဿိတံ၊ တေန ဝုတ္တံ ''အကတ္တရိပိ ကာရကေ ဟောတေဝါ တိ။'' (ဋီ၊ ၂၂၄။)

http://www.dhammadownload.com

၅၃၂၊ ၅၉၀။ တဿီလာဒီသု ဏီတ္တာဝိ စ။ (၃၆၄)

မေး။ တဿီလာဒီသု ဏီတ္တာဝိ စ သုတ်ကို ရှုပသိဒ္ဓိအလိုက္ခ အနက်ယောဇနာ ပြပါ။

ဖြေ။ တဿီလာဒီသု၊ တဿီလအစရှိသော အနက်တို့ကို။ ဝါ၊ တဿီလ, တဒ္ဓမ္မ, တဿာဓုကာရီ အနက်တို့.ကို။ ဂမျမာနေသု၊ သိအပ်ကုန်သည်ရှိသော်။ သဗ္ဗဓာတူဟိ၊ တို့မှ။ ပရ၊နောင်း ကုန်သည်ဖြစ်၍။ ကတ္တရိ၊ ၅၅။ ဏီတ္တာဝိ စ၊ ဏီပစ္စည်း, တုပစ္စည်း, အာဝိပစ္စည်းတို့သည် လည်း။ ဟောန္တိ၊ ကုန်၏။ (သဗ္ဗဓာတူဟိ၊ သကမ္မက, အကမ္မအားဖြင့် အလုံးစုံသော ဓာတ်တို့.မှ။ – သီဟိုဠ် ဗျာချာ။)

မေး။ တဿီလ, တဒ္ဓမ္မ, တဿာဓုကာရီ–တို့၏အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ''သီလံ ပကတိ''ဟူသည်နှင့်အညီ တစ်ဦးတစ်ယောက်တည်း၏ ပင်ကိုယ်သဘော (ပင်ကိုယ် အလေ့အထ) သည် ''တဿီလ'' မည်၏။

တစ်ဆွေတစ်မျိုးလုံး, တစ်ကျောင်းတိုက်လုံး, တစ်ဂိုဏ်းလုံး, တစ်သာသနာလုံး စသည်ဖြင့် လူအများ, သံဃာအများ၏ကျင့်ဝတ် (ထုံးတမ်းစဉ်လာ ဓမ္မတာ)သည် ''တဒ္ဓမ္မ'' မည်၏။

ထိုပင်ကိုယ်သဘောဖြစ်သော၊ သို့မဟုတ်–အများ၏ ထုံးတမ်းစဉ်လာ ဓမ္မတာဖြစ်သော ချီးမွမ်းခြင်း, ကျင့်ခြင်း, ဆွမ်းခံခြင်းစသောအမှုဌ် ကောင်းစွာပြုခြင်း၊ ရှိရှိသေသေ လေးလေး စားစား ပြုခြင်းသည် ''တဿာဓုကာရီတာ'' မည်၏။

ဝိဂ္ဂဟ – တမေဝ သီလံ တဿီလံ။ တမေဝ၊ ထိုချီးမွမ်းခြင်းသည်ပင်။ **သီလံ**၊ ပင်ကိုယ်သဘောတည်း (အလေ့အထတည်း)။ တဿီလံ၊ ထိုချီးမွမ်းခြင်းသည်ပင် ပင်ကိုယ်သဘော (ပင်ကိုယ် အလေ့အထ)။

ရူဋီ (၂၂၄) ၌ ''တံ သီလံ ပကတိ တေဿာတိ တဿီလော''ဟု ပြုသည်။

– သောယေဝ ဓမ္မော တဒ္ဓမ္မော။ သောယေဝ၊ ထိုချီးမွမ်းခြင်းသည်ပင်။ ဓမ္မော၊ ကျင့်ဝတ် (ထုံးစံတည်း)။ တဒ္ဓမ္မော၊ ထိုချီးမွမ်းခြင်းသည်ပင် ကျင့်ဝတ် (ထုံးစံ)။

– တသ္မိ သာဓုကာရိတာ တဿာဓုကာရိတာ။ တသ္မိ၊ ထိုချီးမွမ်းခြင်း၌။ သာဓုကာရိတာ၊ ကောင်းစွာပြုလေ့ရှိသူ၏ အဖြစ်တည်း။ တဿာဓုကာရိတာ၊ အဖြစ်။ 'တဿီလ'စသည်၌ 'တ'အရ – ထိုထိုဓာတ်နက်ကြိယာဖြစ်သော ချီးမွမ်းခြင်း၊ ကျင့်ခြင်း စသည်ကို ကောက်ယူရ၏။

သာဓက – သီလံ ပကတိ သဘာဝေါ၊ သာဓု ကုသလော၊ ဓမ္မော ကုလာစာရော (မောဂ်ပ္ပလ္လိကာ၊ ၅၊ ၃၃။)

သီလံ သဘာဝေါ၊ ဓမ္မော အာစာရော၊ သာဓု ကုသလော (ဗာလာဝတာရ)။

အဋ္ဌကထာ, ဋီကာများအဆို –

'ဘိက္ခု'ပုဒ်၌ ဆွမ်းခံခြင်း (ဆွမ်းခံ၍ အသက်မွေးခြင်း) အလေ့သည် 'သီလ'မည်၏။ တစ်သာသနာလုံးနှင့် ဆိုင်သောဆွမ်းခံခြင်း အကျင့်သဘောသည် 'ဓမ္မ' မည်၏။ ထိုဆွမ်းခံခြင်းအကျင့်၌ မမေ့မလျော့ခြင်းသည် 'သာဓုကာရိတာ' မည်၏။

(မ၊ ၌၊ ၁။ ၁၅၂။ မ၊ ဋီ၊ ၁။ ၅၀။)

(တစ်နည်း) ပင်ကိုယ်သဘောသည် 'သီလ' မည်၏။

ဘိက္ခု–ပုဒ်၌ကား ဆွမ်းခံခြင်းအလေ့ကို ဆောက်တည်ထားခြင်းသည် 'သီလ'မည်၏။

http://www.dhammadownload.com

ကျင့်ဝတ်သည် 'ဓမ္မ'မည်၏။

အပရေဆရာတို့အလို –

ကျင့်ဝတ်ကို ဆောက်တည်ထားခြင်းသည် 'သီလ'မည်၏။

ဆရာ, မိဘ စသည်စဉ်ဆက် မပျက်မယွင်း သက်ဆင်းလာခဲ့သော အကျင့်ထုံးစံသည် 'ဓမ္မ'မည်၏။

ရိုရိုသေသေလေးလေးစားစားပြုခြင်းသည် 'သာဓုကာရိတာ' မည်၏။ (မ၊ ဋီ၊ ၁။ ၅၀။)

မှတ်ချက်။ ။ သဒ္ဒါကျမ်းများအဆိုနှင့် သဘောတူပင်တည်း။

မေး။ တုပစ္စည်း, အာဝီပစ္စည်းတို့ကို သဗ္ဗတော ဏ္ဍုတ္တာဝိ ဝါ သုတ်၌ ဆိုအပ်ခဲ့ပြီးပါလျက် ဤသုတ်၌ အဘယ်အကျိုးငှါ ထပ်ဆိုရပြန်ပါသနည်း။

ဖြေ။ တုပစ္စည်း, အာဝီပစ္စည်းတို့ကို ''သဗ္ဗတော ဏ္ဍုတ္တာဝိ ဝါ''သုတ်၌ ဆိုအပ်ခဲ့ပြီး ဖြစ်ပါသော်လည်း။ တသီလ, တဒ္ဓမ္မ, တသာဓုကာရီ ဟူသော ဇောတကအနက်ထူးတို့ကို သိစေခြင်းအကျိုးငှါ ဤသုတ်၌ ထပ်၍ဆိုရခြင်း ဖြစ်ပါသည်။

မေး။ ဤသုတ်ဖြင့် သက်သည် ဏီစသောပစ္စည်းတို့၏ သက်ရာသာဓနကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ''တသီလတဒ္ဓမ္မတသာဓုကာရီသွတ္ထေသု ဂမျမာနေသု = တသီလ တဒ္ဓမ္မ တသာဓုကာရီအနက်တို့ကို သိအပ်ကုန်သည်ရှိသော်''ဟု ဖွင့်သောကြောင့် ဏီ, တု, အာဝီ ပစ္စည်းတို့က တသီလစသောအနက်ကို မဟောပါ၊ ထိုအနက်တို့ကို သုဏန္တ ပုဂ္ဂိုလ်တို့သိနိုင်လောက်အောင် ထွန်းပြရုံသာ ထွန်းပြပါသည်။ ဏီ စသော ပစ္စည်းတို့ဟောသောအနက်မှာ ကတ္တားအနက်သာ ဖြစ်ပါသည်။ (ထိုကြောင့် စာကိုယ်၌ ''ကတ္တရိ ဏီ ပစ္စယော''ဟု ဆက်လက်ဖွင့်ပြထားခြင်း ဖြစ်သည်။)

မေး။ ဏီ စသောတသီလာဒိပစ္စည်းတို့ကို ကတ္တုသာဓနိ၌ သက်သည်ဟု ဆိုရခြင်းအကြောင်းကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ တသီလစသော အနက်၌ သက်သည့် ဏီစသော ပစ္စည်းတို့သည် ဝါကျဝိုက်၌ ''ယသ''ဟူသော သမ္ဘန်အနက်ကို ဟောသောကြောင့် သာဓန ခုနစ်ပါးမှ အလွတ်ဖြစ်သော်လည်း ထိုပစ္စည်းတို့သက်ရာ တသီလစသော အနက်တို့သည် ဓာတ်နောင်သက်ရသော ကိတ်ပစ္စည်း၏ အနက်ဖြစ်သောကြောင့်လည်းကောင်း၊ ချီးမွမ်းခြင်းစသော ကြိယာကို ပြုတတ်ပြီးစေတတ်သည့်အတွက် ကတ္တားအရာ၌တည်သောကြောင့်လည်းကောင်း၊ တသီလစသောအနက်၌ သက်သော ဏီစသောပစ္စည်းများသည် ကတ္တုသာဓနိ၌ ဖြစ်၏ဟု ရှေးဆရာမြတ်တို့ အသိအမှတ်ပြုတော်မူကြပါသည်။

မေး။ ပိယံ ပသံသ–ပုဒ်နောင် ဏီပစ္စည်းသက်ရာ၌ 'ပိယပါသံသီ'ဟု ရုပ်မဖြစ်ရခြင်း အကြောင်းကို ဖြေဆိုပါ။

ဖြေ။ ''ပိယပသံသ + ဒီ''ဟု ဖြစ်သောအခါ သံ–၌ နိဂ္ဂဟိတ်နှင့် သိဗျည်းအကြား သရအခြားအကွယ်မရှိရကား ''သရာနန္တရိတာနိ ဗျဉ္ဇနာနိ သံယောဂေါ''အရ သံယုဂ်အဆုံးရှိ၏ဟု ဆိုရပါသည်။ ထိုသို့ သံယုဂ်အဆုံးရှိသောကြောင့် ပ–၌ အ ကို အာဝုဒ္ဓိ မပြုရပါ။

http://www.dhammadownload.com

(ထိုကြောင့်) ''ပိယပါသံသီ''ဟု ရုပ်မဖြစ်ခြင်းဖြစ်ပါသည်။ (သန်သ=သန္သ၊ -သက္ကတ)

မေး။ တဿီလာဒိ ဝိဂြိုဟ်ဆိုနည်း (၉)မျိုးကို အကျဉ်းချုပ် ဖော်ပြပါ။

ဖြေ။ 'ပသံသိတုံ' စသည်ဖြင့် တုံပစ္စယန္တပုဒ်နှင့် (၃) နည်း။
'ပသံသနံ' စသည်ဖြင့် ယုပစ္စယန္တပုဒ်နှင့် (၃) နည်း။
'ပသံသိ'စသည်ဖြင့် အာချာတ်ပုဒ်ဖြင့် (၃) နည်း။ ပေါင်း (၉)နည်း ဖြစ်ပါသည်။

မေး။ ပိယပသံသီ-ပုဒ်ကို ဝိဂြိုဟ် (၉)မျိုး ဆိုပြပါ။

ဖြေ။ (၁) ပိယံ ပသံသိတုံ သီလံ ယဿာတိ ပိယပသံသီ။
(၂) ပိယံ ပသံသနသီလောတိ (ပိယပသံသနသီလောတိ) ပိယပသံသီ။
(၃) ပိယံ ပသံသိ, ပသံသတိ, ပသံသိဿတိ ဝါ သီလေနာတိ ပိယပသံသီ။[တဿီလ]
(၄) ပိယံ ပသံသိတုံ ဓမ္မော ယဿာတိ ပိယပသံသီ။
(၅) ပိယံ ပသံသနဓမ္မောတိ (ပိယပသံသန ဓမ္မောတိ) ပိယပသံသီ။
(၆) ပိယံ ပသံသိ, ပသံသတိ, ပသံသိဿတိ ဝါ ဓမ္မေနာတိ ပိယပသံသီ။ [တဒ္ဓမ္မ]
(၇) ပိယံ ပသံသိတုံ သာဓုကာရိတာ ယဿာတိ ပိယပသံသီ။
(၈) ပိယံ ပသံသနေ (ပိယပသံသနေ) သာဓုကာရီတိ ပိယပသသံသီ။
(၉) ပိယံ ပသံသိ, ပသံသတိ ပသံသိဿတိ ဝါ သာဓူတိ ပိယပသံသီ။
[တဿာဓုကာရီ]

မေး။ ပိယံပသံသိ-ပုဒ်ကို ဝိဂြိုဟ်ဆိုရာဝယ် ပိယံ ပသသနသီလော, ပိယံ ပသသနဓမ္မော, ပိယံ ပသံသနေ-ဟု ဆဋ္ဌမူ၌ ရှိနေရာ ယင်းစာအနေအထားနှင့် စပ်၍ သိမှတ်ဖွယ်များကို ရေးသားဖော်ပြပါ။

ဖြေ။ ဆရာမြတ်တို့က ''ပသံသန-၌ ယုပစ္စည်းသည် များသောအားဖြင့် ဆဋ္ဌီကံကိုသာ ငဲ့သောကြောင့် ''ပိယံ ပသံသနသီလော၊ ပိယံ ပသသနဓမ္မော၊ ပိယံ ပသံသနေ'' တို့ကို မကြိုက်ကြ။ ''ပိယပသံသနသီလော၊ ပိယပသံသနဓမ္မော၊ ပိယပသံသနေ သာဓုကာရီ'' ဟု ရှိစေလိုကြသည်။ ချာသ၌ ဤအတိုင်းပင် ရှိသည်။ သို့သော် ဆရာမြတ်တို့အဆို၌ ''များသောအားဖြင့်''ဟူသောစကားဖြင့်ပင် ''ပိယံ''ဟု ဒုတိယာဖြင့် ရှိနိုင်ကြောင်း ထင်ရှားနေပြီးဖြစ်သောကြောင့်လည်းကောင်း ''ဏွုတွန္တဿ တု ကမ္မတ္ထေ၊ ဆဋ္ဌီ ဘဝတိ ဧကဒါ'' ဟု ဘေဒစိန္တာ ဆိုသောကြောင့်လည်းကောင်း ယခုလက်ရှိ ဆဋ္ဌမူအတိုင်းလည်း ဖြစ်နိုင်သည်သာ ဖြစ်ပါသည်။

မေး။ ပိယံ ပသံသိတုံ သီလံ ယဿ-၌ ယဿ-ပုဒ်၏အနက်ကို စိစစ်ဖြေဆိုပါ။

ဖြေ။ ''ယဿ = အကြင်သူအား''ဟု သမ္မဒါန်အနက် ပေးကြပါသည်။ သို့သော် ''တဿီလာဒီသု တဿီလတဒ္ဓမ္မတဿာဓုကာရိတာအတ္ထေသု ပဝတ္တပစ္စယေ သတ္တသာဓနမုတ္တေပိ ယဿာတိ သာမျတ္ထေ ပဝတ္တမာနေပိ''ဟူသော သဒ္ဒတ္ထဘေဒစိန္တဒီပနီ စသည် တို့ကို ထောက်လျှင် ''၏''ဟူ၍ သမ္မန်အနက်သာ ဖြစ်သင့်ပါသည်။

ယှဉ်ကြည့်ရန် - ဗဟုနာရိကောတိ ဆဋ္ဌီဗဟုဗ္ဗိဟိနာ သိဒ္ဓံ။ (ရူ၊ ၂၀၄။)
ဗဟူ နာရိယော ယဿာတိ ဗဟုနာရိကော-ဟုပြု။

http://www.dhammadownload.com

မေး။ ဤသုတ်ပါ စသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါ 'အတ္တမာန'အနက်ကို ဆည်းခြင်း အဝုတ္တသမုစ္စည်းအနက် ရှိပါသည်။ ထိုကြောင့် ''ပဏ္ဍိတံ အတ္တာနံ မညတိတိ ပဏ္ဍိတမာနီ''စသောပြယုဂ်များဝယ် အတ္တမာန အနက်၌လည်း ဏီပစ္စည်းသက်ရခြင်း အကျိုးရှိပါသည်။ ('အတ္တမာန'ဟူသည် မိမိကိုယ်ကို အထင်ကြီးခြင်းတည်း။) ဗဟုသုတံ အတ္တာနံ မညတိတိ ဗဟုသုတမာနီ။

မေး။ ''ပသယ္ယပဝတ္တာ''ကို ဝိဂ္ဂဟပြု၍ ဓာတ်+ပစ္စည်းလည်း ဝေဖန်ပြီးလျှင်၊ ဖြစ်နိုင်သမျှ အနက် ယောဇနာပြပါ။

ဖြေ။ ပသယ္ယ ပဝတ္တိတုံ သီလံ ယဿာတိ ပသယ္ယပဝတ္တာ။ ပသယ္ယ သဒ္ဒါပဒ ပ–ပုဗ္ဗ ဝတု ဓာတ် + တုပစ္စည်း။

(တစ်နည်း) ပသယ္ယသဒ္ဒါပဒ ပ–ပုဗ္ဗ ဝစ ဓာတ် + တုပစ္စည်း။

မှတ်ချက်။ ။ ဝတုဓာတ်, ဝစဓာတ်တို့သည် ဘုဇာဒိဂိဏ်းဓာတ်များဖြစ်သောကြောင့် ဓာတွန် တ်, စ် တို့ကို ချေ၍ တုပစ္စည်းမှ တ–ကို သဒိသဒ္ဒေးဘော် ပြုရသည်။

''ပသယ္ယပဝတ္တာ၊ လွှမ်းမိုးနိုပ်စက်၍ ဖြစ်လေ့ရှိသော မင်း။ ဝါ၊ လွှမ်းမိုနှိပ်စက်၍ ပြောဆိုလေ့ရှိသော မင်း''ဟု အနက်နှစ်မျိုး ပေးရပါမည်။

မေး။ တဿီလ နှစ်မျိုးကို ဆိုင်ရာ ဝိဂ္ဂဟများနှင့်တကွ ဖော်ပြပါ

ဖြေ။ တဿီလ–သည် (၁) တဒ္ဓိတ် တဿီလ (၂) ကိတ်တဿီလ–ဟု နှစ်မျိုး ရှိပါသည်။

(၁) တဒ္ဓိတ်တဿီလ = ပံသုကူလံ ဓာရေတိ သီလေနာတိ ပံသုကူလိကော။
(ပံသုကူလ+ဏိက)

(၂) ကိတ်တဿီလ = ပိယံ ပသံသိတုံ သီလံ ယဿာတိ ပိယပသံသီ
(ပိယ–ပ–သံသ + ဏီ)။

မေး။ ''တဒ္ဓိတ်နှင့် ကြေတ်၊ ထိုနှစ်ပုဒ်လည်း ပြယုဂ်တဿီလ ထင်သတည်း''ဟူရာ၌ ''ကြေတ်''၏ အဓိပ္ပါယ်ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''ကြေတ်''ဟူသော စကားလုံးသည် သက္ကတ = က တ (ကိရိတ)မှ ရိသရသည် ရရစ် သို့ပြောင်း၊ တစ်ချောင်းငင်ဝင် တ–ပေါ် အသက်တင်၍ ဖြစ်ပေါ်လာသော မြန်မာစကားလုံး ဖြစ်ပါသည်။ ဥပမာ – အမတ (အမရိတ)မှ အမြေိက်ဟု ဖြစ်လာသကဲ့သို့ပင် ဖြစ်ပါသည်။ သက္ကတ က တ ကို ပါဠိပြန်လျှင် 'ကိတ'ဟု ဖြစ်ပါသည်။ ထို့ကြောင့် ''ကြေတ်''ဟူသည် ''ကိတ်''ပင် ဖြစ်ပါသည်။

၅၃၃၊ ၅၉၁။ သဒ္ဒကုဓလမတ္ထတ္ထရုစာဒီဟိ ယု။ (၃၆၅)

မေး။ သဒ္ဒတ္ထ, ကုဓတ္ထ, စလတ္ထ, မတ္ထတ္ထ အရတို့ကို အသီးသီးဖော်ပြပါ။

ဖြေ။ သဒ္ဒတ္ထ အရ– အသံပြုခြင်းအနက်ရှိသော ဃုသဓာတ်, ဘာသဓာတ် စသည်တို့ကို ရပါ သည်။

ကုဓတ္ထ အရ– အမျက်ထွက်ခြင်း၊ (စိတ်ဆိုးခြင်း) အနက်ရှိသော ကုဓဓာတ်, ရုသဓာတ် စသည်တို့ကို ယူရပါမည်။

စလတ္ထ အရ – တုန်လှုပ်ခြင်းအနက်ရှိသော စလဓာတ်, ကပိဓာတ်, ဖဒိဓာတ်

http://www.dhammadownload.com

စသည်တို့ကို ရပါမည်။

မဏ္ဍတ္ထ အရ– တန်ဆာဆင်ခြင်းအနက်ရှိသော မဋိဓာတ်, ဘူသဓာတ် စသည်တို့ကို ယူရပါမည်။

မေး။ ရုစာဒီဟိ–၌ အာဒိသဒ္ဒါဖြင့် ယူရမည့် ဓာတ်တို့ကို ဖော်ပြပါ။

ဖြေ။ ဇုတဓာတ်, ဝုဓာတ်စသည်တို့ ဖြစ်ပါသည်။

မေး။ ကမ္ပနော–ကို ရုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ ကပိဓာတ်တည်၊ ယုပစ္စည်းသက်၊ ဓာတွန် ဣကို ချေ ယုပစ္စည်းကို အနပြု ကွစိ ဓာတု သုတ်ကြီးဖြင့်, (တစ်နည်း) နိဂ္ဂဟိတဉ္စ သုတ်ဖြင့် ကပိဓာတ်နောင် နိဂ္ဂဟိတ်လာ၊ ပဝဂ္ဂန္တ မ် ပြု, မ် အ သို့ကပ်, ပ မသို့ကပ်၊ နာမ်ငဲ့, သိသက်, သြပြု၊ ခွင်း, ချေ, ကပ်, 'ကမ္ပနော' ပြီး၏။

မေး။ ''ဣ အက္ခရာ၊ အစဉ်ပါလတ်၊ ယင်းသည် ဓာတ်မှာ ဗိန္ဒုလာ''ဟူသော နိယံကို ပုံစံထုတ်၍ ရှင်းပြပါ။

ဖြေ။ ကမ္ပနော, ဖန္ဒနော, မဏ္ဍနော–စသော ပြယုဂ်တို့၌ ကပိ, ဖဒိ, မဋိ စသော ဓာတို့သည် ဣအက္ခရာ အနုဗန်ပါရှိသော ဓာတ်တို့ ဖြစ်ကြ၏၊ ထိုဓာတ်၏ အနုဗန် ဣ အက္ခရာကို ဓာတုဿန္တော သုတ်ဖြင့် ချေပြီးနောက် ကပ, ဖဒ, မဋ စသည်ဖြစ်သောအခါ ၎င်းတို့နောင် ကွစိ ဓာတု သုတ်ကြီးဖြင့် ဖြစ်စေ, နိဂ္ဂဟိတဉ္စသုတ်ဖြင့် ဖြစ်စေ နိဂ္ဂဟိတ်လာရမည်–ဟု ဆိုလိုပါသည်။

၅၃၄၊ ၅၉၂။ ပါရာဒိ ဂမိမှာ ရူ။ (၃၆၆)

မေး။ 'ပါရာဒိဂမိမှာ'ပုဒ်ကို ဝစနတ္ထပြု၍၊ အဓိပ္ပါယ်လည်း ရှင်းပြပါ။

ဖြေ။ ပါရော အာဒိ ယေသံ တေ ပါရာဒယော၊

ပါရာဒီဟိ ဂမိ ပါရာဒိဂမိ၊ တသ္မာ ပါရာဒိဂမိမှာ။

ပါရ–သဒ္ဒါဟူသော အစရှိသော အန္တ, ဝေဒ, အဒ္ဓ စသော အနီးပုဒ်တို့သည် ''ပါရာဒိ'' မည်ကုန်၏။

ထိုအနီးပုဒ်တို့၏ နောက်ဖြစ်သော ဂမုဓာတ်သည် ''ပါရာဒိဂမိ'' မည်၏။

ပုံစံ–ဘဝပါရဂူ၊ အန္တဂူ၊ ဝေဒဂူ၊ ၏အဒ္ဓဂူ–စသည်။

ကစ္စည်းအလို– ပါရော အာဒိ ယဿ သောတိ ပါရာဒိ၊ ပါရာဒိ စ သော ဂမိ စာတိ ပါရာဒိဂမိ။

ပါရသဒ္ဒါဟူသော အစရှိသော (အစ၌ ပါရသဒ္ဒါပါရှိသော်) ဂမုဓာတ်သည် ''ပါရာဒိ, ပါရာဒိဂမိ'' မည်၏။

မှတ်ချက်။ ။ ဂမိ–၌ ဣ သည် ဂမုဓာတ်ကို ညွှန်ပြသော ဓာတုနိဒ္ဒိဋ္ဌတည်း။

မေး။ ပါရာဒိဂမိမှာ ရူ–သုတ်ကို (က) ရူအလို (ခ) ကစ္စည်းအလို အနက်နှစ်မျိုး ယောဇနာပြပါ။

ဖြေ။ (က) တဿီလာဒီသု၊ တို့ကို။ ဝါ၊ တို့ကို။ ဂမျမာနေသု၊ သော။ ပါရာဒိဂမိမှာ၊ ပါရသဒ္ဒါ ဟူသော အစရှိသော အနီးပုဒ်တို့မှ နောက်ဖြစ်သော ဂမုဓာတ်မှ။ ပရော၊ နှောင်းသည်

http://www.dhammadownload.com

ဖြစ်၍ (ကတ္တရိယော၀၊ ၌သာလျှင်)။ ရူ၊ ရူပစ္စည်းသည်။ ဟောတိ၊ ၏။
(ခ) တသိလာဒီသု၊ တို့၌။ ၀ါ၊ တို့၌။ ပါရာဒိကမ္မာ၊ ပါရသဒ္ဒါဟူသော အစရှိသော ဂမုဓာတ်မှ၊ ပရော၊ ၍။ ရူ၊ သည်။ ဟောတိ၊ ၏။

မေး။ ပါရာဒိ–၌ အာဒိအရနှင့် ယင်းအာဒိသဒ္ဒါဖြင့် ယူရမည့်ပုဒ်များကို ဖော်ပြပါ။
ဖြေ။ ''ပါရော အာဒိ ယေသံ တေ ပါရာဒယော''ဟူသော ၀စနတ္ထနှင့်အညီ ပါရာဒိ–၌ 'အာဒိ'အရမှာ ပါရသဒ္ဒါပင် ဖြစ်ပါသည်။
ယင်းအာဒိသဒ္ဒါဖြင့် အန္တ, ဝေဒ, အဒ္ဓ စသောအနီးပုဒ်တို့ကို ယူရပါမည်။
မှတ်ချက်။ ။ အာဒိသဒ္ဒါ ပကာရအနက်ဟောဟု ဆိုကြသည်။ ပဌမ အနက်ဟောပင် ဖြစ်သင့်မည် ထင်ပါသည်။

၅၃၅၊ ၅၉၃။ ဘိက္ခာဒိတော စ။ (၃၆၆)

မေး။ ဘိက္ခု–သဒ္ဒါကို ရနိုင်သမျှ ဝိဂြိုဟ်ဆိုပြခဲ့ပါ။
ဖြေ။ ဘိက္ခိတုံ သီလံ ယဿာတိ ဘိက္ခု။
အဘိက္ခိ, ဘိက္ခတိ, ဘိက္ခိဿတိ သီလေနာတိ ၀ါ ဘိက္ခု။
ဘိက္ခနဓမ္မောတိ ၀ါ ဘိက္ခု။
ဘိက္ခနေ သာဓုကာရီတိ ၀ါ ဘိက္ခု။
သံသာရေ ဘယံ ကြက္ခတီတိ ဘိက္ခု။

မေး။ ဘိက္ခု–သဒ္ဒါ၏ ဝစနတ္ထအားလျော်စွာ ရုပ်ပြီးပုံ နှစ်မျိုးကိုလည်း ရေးပြပါ။
ဖြေ။ ''ဘိက္ခ+ရူ''၊ ရ် အနုဗန်ကိုချေ (ဘိက္ခ် + ူ)။ ကွစိ ဓာတုသုတ်ကြိုးဖြင့် ဦကို ဥရဿ ပြု၊ က္ခ် ဥကိုကပ်၊ ပြီး၏။
(တစ်နည်း) ''ဘယ+ကြက္ခ+ရူ''၊ ရ်အနုဗန်နှင့်တကွ အသရကို ချေ၊ ကွစိ ဓာတုသုတ်ကြိုးဖြင့် ဦကို ဥရဿပြု။ (ဘယ+ိက္ခ) ဒုတိယာတပ္ပုရိသ်စပ် စသည် စီရင်၊ သုတ်ကြိုးဖြင့် ဘယ–၌ ယ–ကို ချေ၊ ဘ, ခွင်း ချေ ကပ်, ပြီး,၏။
(''ဘီ သဒ္ဒံ ပုရိမံ ကတွာ၊ ကြက္ခဓာတုဝသေန စ''ဟူသော သဒ္ဒနီတိဓာတုမာလာအလိုကား ''ဘီ + ကြက္ခ''တည်၍ တွက်ပါလေ။)

မှတ်ချက်။ ။ ရ်အနုဗန်ကို ချေရာဝယ် ရှာသ, ရူတို့၌ ရမှိ ရန္တော ရာဒိ နော သုတ်ဖြင့် ချေကြ၏။ ဆရာမြတ်တို့ကား ခပစ္စည်း၏ ခ်အနုဗန်ကို ချေရာ၌ ကွစိ ဓာတု သုတ်ကြိုးဖြင့် ချေသကဲ့သို့ ဤ ရ်အနုဗန်ကိုလည်း ကွစိ ဓာတု သုတ်ကြိုးဖြင့်ပင် ချေစေလိုကြသည်။

မေး။ ဘိက္ခာဒိတော–၌ အာဒိသဒ္ဒါဖြင့် ယူရမည့်ဓာတ်တို့ကိုဖော်ပြပါ။
ဖြေ။ ဝိ–ပုဗ္ဗ ဉာဓာတ်၊ သဗ္ဗသဒ္ဒူပပဒ ဉာဓာတ်စသည်တို့ကို ယူရပါမည်။
ပုံစံ – ဝိညူ၊ သဗ္ဗညူ စသည်။

မေး။ သဗ္ဗညူ–ပုဒ်ကို ''သဗ္ဗံ ဇာနာတီတိ သဗ္ဗညူ''ဟု ဖွင့်ပြရာ၌ သိသင့်သိထိုက်သော အဓိပ္ပာယ်များကို ရေးသားဖြေဆိုပါ။

http://www.dhammadownload.com

ဖြေ။ ယင်းသို့ ''သီလေန''စသည် မပါဘဲ ဖွင့်ပြရာ၌ တသီလာဒီသု-ပုဒ် အလိုက်ကို ကြဉ်သော ဝိနာဓိကာရယောဂဝိဘာဂဖြင့် တသီလစသောအနက် မရှိရာ ကတ္တားအနက်၌ လည်း ဘိက္ခာဒိတော စ သုတ်ဖြင့် ရှုပစ္စည်း သက်နိုင်၏-ဟု သိရပါသည်။

တစ်နည်းအားဖြင့် 'သီလေန, ဓမ္မေန, သာဓု'ပုဒ်တို့ကို သိလောက်ပြီးဖြစ်၍ မထည့်ဘဲ လဟုကနည်းဖြင့် ဝိဂြိုဟ်ဝစနတ္ထကို ဖွင့်ပြထားခြင်း ဖြစ်သည်ဟု သိရပါမည်။

၅၃၅၊ ၅၉၃။ ဟနတျာဒီနံ ဏုကော (၃၆၇)

မေး။ ဝုတ္တိ-၌ ''အန္တေ''ဟု ထည့်ဖွင့်ရပုံကို ရေးပြပါ။

ဖြေ။ ဟနတျာဒီနံ-၌ ဆဋ္ဌီဝိဘတ်သည် အန္တာပေက္ခာဆဋ္ဌီဖြစ်သောကြောင့် သုတ်၌ ''ဟနတျာဒီနံ''ပုဒ်ကို ဝုတ္တိ၌ ''ဟနတျာဒီနံ ဓာတူနမန္တေ''သဒ္ဒါထည့်ဖွင့်ဆိုနိုင်ခြင်း ဖြစ်ပါသည်။

မေး။ ဟနတျာဒီနံ-ကို ပုဒ်ဖြတ်၍၊ ဟနတိ-၌ တိ-သည် အဘယ်အရာ ဖြစ်ကြောင်း ဖေါ်ပြပါ။

ဖြေ။ ဟနတျာဒီနံ-ကို ''ဟနတိ + အာဒီနံ''ဟု ပုဒ်ဖြတ်ရပါမည်။

ဟနတိ-၌ 'တိ' သည် ဟနဓာတ်ကို ညွှန်ပြသော ဓာတုနိဒ္ဒိဋ္ဌ ဖြစ်ပါသည်။

ဣကာရော ဓာတုနိဒ္ဒေသေ၊ ဝိကရဏာန္ဒိတော တိ စ။
ဘဝန္တေတ္ထ ဂမိဿာဒိ၊ ဟနတျာဒိတိ ဥပကာ။

မေး။ ဏုကော-၌ ဏ် အနုဗန် ထည့်ဆိုရခြင်း အကျိုးကို ရေးပြပါ။

ဖြေ။ ဏုကော-၌ ဏ်အနုဗန်ကို ထည့်ဆိုခြင်းသည် ဝုဒ္ဓိပြုရခြင်း အကျိုးရှိပါသည်။

မေး။ ဘီရုကော-ကို ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ ဘီ+ဏုက၊ ဏ် အနုဗန်ကို ဧ၊ ကွစ် ဓာတု သုတ်ကြီးဖြင့် ရိ-လာ၍ ''ဘီရုကော'' ဟု ပြီးပါသည်။

၅၃၈၊ ၅၉၅။ သံဟနာညာယ ဝါ ရော ယော။ (၃၆၇)

မေး။ ဤသုတ်ပါ ဝါသဒ္ဒါ၏ အနက် ၂-မျိုးကို ဖေါ်ပြပါ။

ဖြေ။ ဝါသဒ္ဒါသည် သံရှေးရှိသော ဟနဓာတ်အပေါ်၌ ခနု, ကရစသော တစ်ပါးသော ဓာတ်တို့ကို ပေါင်းခြင်း, ရပစ္စည်းအပေါ်၌ ဟနဓာတ်၏ ယ-အပြုကိုပေါင်းခြင်း သမ္ဘိဏ္ဍန အနက် ရှိပါသည်။

(တစ်နည်း) သံရှေးရှိသော ဟနဓာတ်နောင် ရ-ပစ္စည်းသက်ခြင်း၊ ဟနဓာတ်ကို ယ-ပြုခြင်းတို့သည် နိစ္စဝိဓိမဟုတ်, အချို့မျှသာ ဖြစ်၏ဟု အထူးကြဲခြင်း ဝိကပ်အနက်ရှိပါသည်။

မေး။ ဝါသဒ္ဒါ၏ အနက် ၂-မျိုးအားလျော်စွာ ဤသုတ်ကို သုတ်နက်ပေးပြပါ။

ဖြေ။ သံဟနာ၊ သံ-ရှေ့ရှိသော ဟနဓာတ်မှလည်းကောင်း။ အညာယ ဝါ၊ တစ်ပါးသော ဓာတ်မှလည်းကောင်း။ ပရော၊ ဖြစ်၍။ ရော၊ ရ-ပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။ ဟနဿ၊ ဟန-ဓာတ်၏။ ယော ဝါ၊ ယ အပြုသည်လည်း။ ဟောတိ၊ ၏။

http://www.dhammadownload.com

(တစ်နည်း) သံဟနာ၊ မှလည်းကောင်း။ အညာယ၊ မှလည်းကောင်း။ ပရော၊ ဖြစ်၍။ ရော၊ သည်လည်းကောင်း။ ဟနဿ၊ ၏။ ယော၊ သည်။ လည်းကောင်း။ ဝါ၊ အချို့။ ဟောတိ၊ ၏။

မေး။ ဝါသဒ္ဒါကို ဝိကပ်အနက်ကြဲခြင်းကြောင့် ရရှိသောအကျိုးကို ရေးပါ။

ဖြေ။ ဝါသဒ္ဒါကို ဝိကပ်အနက်ကြဲခြင်းကြောင့် သံရေးရှိသော ဟနဓာတ်နောင် ရ–ပစ္စည်းလည်း မသက်, ဟနဓာတ်ကို ဃ–လည်း မပြုဘဲ ဘောအနက်၌ ဏ ပစ္စည်းသက်, ဟနဿ ဃာတော–သုတ်ဖြင့် ဟနဓာတ်ကို ဃာတ–ပြု၍ ''သဃ်ာတော''ရုပ် ပြီးခြင်း အကျိုးရှိပါသည်။

မေး။ ဤသုတ်ဖြင့် သံပုဗ္ဗ ဟနဓာတ်နှင့် တစ်ပါးသော ဓာတ်တို့နောင် ရ–ပစ္စည်း သက်ပါလျက် ဃ–ပြုရာ၌ ဟနဓာတ်ကိုသာ ဃ–ပြုရပုံကို ရှင်းပြပါ။

ဖြေ။ ဤသုတ်ဖြင့် သံပုဗ္ဗ ဟနဓာတ်နှင့် တစ်ပါးသောဓာတ်တို့နောင် ရ–ပစ္စည်း သက်ပါသော်လည်း ဃ–ပြုရာ၌ကား တဒနုပရောဓေန–ဟူသော ပရိဘာသာအရ အဘိဓာနခေါ် ပါဠိတော်ပြယုဂ်အားလျော်စွာ ဟနဓာတ်ကိုသာ ဃ–ပြုရခြင်း ဖြစ်ပါသည်။

မေး။ သံဟနာညာယ ဝါ ရော ယော–သုတ်အရ သံရှေးရှိသော ဟနဓာတ်နောင်သာ ရ ပစ္စည်း သက်ရမည်ဟု မှတ်ရပါမည်လော ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မမှတ်ရပါ။ ဤသုတ်၌ ''သံဟနာ ရော = သံရှေးရှိသော ဟနဓာတ်နောင် ရ ပစ္စည်း သက်''ဟု ဆိုထားသော်လည်း ပါဠိတော်ပြယုဂ်အားလျော်စွာပင် သံရှေးမရှိသော ဟနဓာတ်နောင်လည်း ရပစ္စည်း သက်နိုင်ပါသည်။ ထို့ကြောင့် ပဋိရှေးရှိသော ဟနဓာတ်နောင် ရပစ္စည်းသက်၊ ဟနဓာတ်ကို ဃ–ပြု၍ ''ပဋိဃော'ဟုလည်း ရုပ်ပြီးပါသည်။

မေး။ (က) သံရှေးရှိသော ဟနဓာတ်နောင် ရပစ္စည်းသက်ထားသောပုံစံ
(ခ) သံရှေးမရှိသော ဟနဓာတ်နောင် ရပစ္စည်းသက်ထားသော ပုံစံများကို ထုတ်ပြပါ။

ဖြေ။ (က) သံဃော (ခ) ပဋိဃော

မေး။ သံဟနာညာယ ဝါ၌ အည–အရ ယူရမည့် ဓာတ်များကို ဖော်ပြပါ။

ဖြေ။ အည–အရ ပရိ, အန္တ စသော သဒ္ဒါများ ရှေ့ရှိသည့် ခန, ကရစသော တစ်ပါးသော ဓာတ်များကို ယူရပါမည်။ ''ပဋိဃော''စသော ပြယုဂ်ကို ထောက်၍ သံမှတစ်ပါး ပဋိ စသော သဒ္ဒါရှေးရှိသော ဟနဓာတ်ကိုလည်း ထည့်သွင်းယူရပါမည်။

မေး။ ''သံဃော''ပုဒ်ကို ဝစနတ္ထ ၂– မျိုးပြု၍ ရှင်းပြခဲ့ပါ။

ဖြေ။ ၁။ သံဟနတိ သမဂ္ဂံ ကမ္မံ သမုပဂစ္ဆတီတိ သံဃော။
၂။ သမ္မဒေဝ ကိလေသဒရထေ ဟနတီတိ ဝါ သံဃော။
ပထမနည်းအလို – သံပုဗ္ဗ ဟနဓာတ်၊ ဂတိအနက်ဟော၊ သံ ဥပသာရပုဒ်သည် ဓာတွတ္ထာနုဝတ္တက။ အညီအညွတ် ကံသို့ ကပ်ရောက်တတ်သော ပုထုဇဉ်, အရိယာသံဃာအားလုံးကို ရ၏။
ဒုတိယနည်းအလို – သံဥပသာရပုဒ်သည် သမ္မာအနက်ဟော၊ ဟနဓာတ်သည် ဟိံသာ(ညှင်းဆဲခြင်း) အနက်ဟော။ ကိလေသာအပူကင်းဖို့ရာ အားထုတ်နေသော

http://www.dhammadownload.com

ယောဂီနှင့် အရိယာသံဃာကို ရ၏။ (**သာဓက** - ဟန ဟိ'သာဂတိသု။)

၅၃၉၊ ၅၅၈။ ရမိ ရန္တော ရာဒိနော။ (၃၄၅)

မေး။ ဤသုတ်၏ ဆိုလိုရင်းအဓိပ္ပါယ်ကိုရေးပါ။

ဖြေ။ ရ် အနုဗန်ရှိသော ပစ္စည်းနှောင်းလျှင် ထို ရ်အနုဗန်နှင့်တကွ ဓာတွန်အားလုံး (အချို့အရာ၌ သရနှင့်တကွ ဓာတွန် ဗျည်း၊ အချို့အရာ၌ ဓာတွန်သရ)ကို ချေပါဟု ဆိုလိုပါသည်။

ဥပမာ-"ကရ + ရိစ္စ"၌ ရ် အနုဗန်ရှိသော ရိစ္စပစ္စည်းကြောင့် ထိုရ်အနုဗန်နှင့်တကွ ကရတတ်၏ ဓာတွန် ရ တစ်ခုလုံးကို၊ "ဂမု + ဏ္ဍ"၌ ရ် အနုဗန်နှင့်တကွ ဓာတွန် မု တစ်ခုလုံးကို၊ "ဘိက္ခ+ဏ္ဍ"၌ ရ် အနုဗန်နှင့်တကွ ဓာတွန် အသရကို ချေရပါမည်။

မေး။ (က) ရမိ (ခ) ရာဒိ-ပုဒ်တို့ကို ဝစနတ္ထပြု၍ အရလည်း ကောက်ပြပါ။

ဖြေ။ (က) ရော အဿ အတ္ထိတိ ရော၊ တသ္မိ ရမိ (ရ-ပုဒ်နောင် အဿတ္ထိအနက်၌ ဏပစ္စည်းသက်)။

ရ် အနုဗန်ရှိသော ရိစ္စ, ရ္ဆစသော ပစ္စည်းများနှင့် ရိဋ္ဌစသော အာဒေသတို့ကို ရ၏။

(ခ) ရော အာဒိ (မရိယာဒေါ) ယဿာတိ ရာဒိ။ (ဗဟုဗ္ဗီဟိသမာသ်)

ရ် အနုဗန်ဟူသော အပိုင်းအခြားရှိသော ဓာတွန် ရ်-စသည်ကို ရ၏။

(ရ်အနုဗန်နှင့်တကွ ဓာတွန် ရ် စသည်ကို ရ၏၊-ဟူလို။)

ရှင်းချက်။ ။ ရမိ-ကို "ရကာရာနုဗန္ဓေ ပစ္စယေ"ဟု ဖွင့်၏။ ယင်းအဖွင့်ဖြင့် ရော-၌ ရ ပုဒ် + ဏပစ္စည်း အနိပ္ဖန္နအခိုက်၌ ရ-အရ ရ်အနုဗန်ကို ယူရမည်ဟုလည်းကောင်း၊ ဏပစ္စည်း အဿတ္ထိအနက်၌ သက်၏ဟုလည်းကောင်း သိစေသည်။ ထိုကြောင့် ရမိ-ကို အထက်ပါအတိုင်း အဿတ္ထိတဒ္ဓိတ်ဝိဂ္ဂဟ ပြုရခြင်းဖြစ်သည်။

ရာဒိ-ကို "ပစ္စယရကာရမရိယာဒေါ"ဟု ဖွင့်၏။ ယင်းအဖွင့်ဖြင့် 'ရာဒိ (ရ+အာဒိ)'၌ 'ရ'အရ ပစ္စည်းဖြစ်သော (ပစ္စည်း၌ပါသော) ရ်အနုဗန်အက္ခရာကို ယူရမည်ဟု လည်းကောင်း၊ အာဒိသဒ္ဒါ မရိယာဒအနက်ဟောဟုလည်းကောင်း၊ 'ရ' နှင့် 'အာဒိ'ပုဒ်တို့ကို ဗဟုဗ္ဗီဟိသမာသ် တွဲစပ်ရမည်ဟုလည်းကောင်း သိပါ။

မေး။ "ရန္တော"ပုဒ်နှင့်စပ်၍ သိမှတ်ဖွယ်များကို ရေးပြပါ။

ဖြေ။ "ရ်+အန္တော"ဟု ပုဒ်ဖြတ်၊ ရ် ကား သုခုစ္စာရဏအကျိုးငှါ ယဝမဒန-စသောသုတ်ဖြင့် လာသော အာဂုံတည်း။ ရန္တော-ကို "သဗ္ဗေဿ ဓာတွန္တော"ဟု ဖွင့်၏။ ထိုအဖွင့်ဖြင့် သုတ်၌ 'အန္တော'အရ သရနှင့်တကွဖြစ်သော ဓာတ်၏အဆုံးဗျည်း (ဓာတွန်တစ်ခုလုံး)ကို ယူရမည်ဟု သိစေသည်။ **ဥပမာ**- 'ကရ + ရိစ္စ'၌ အသရနှင့်တကွဖြစ်သော ရ် ဗျည်း (ရ-တစ်ခု လုံး)ကို၊ "ပါရ+ဂမု+ဏ္ဍ"၌ ဥသရနှင့်တကွဖြစ်သော မ် ဗျည်း ('မု'တစ်ခုလုံး)ကို ယူရမည်- ဟူလို။

မှတ်ချက်။ ။ ဤ ရ်-အနုဗန်ရှိသော ပစ္စည်းနှောင်းရာ၌ ဓာတုသန္တော သုတ်ဖြင့် ဓာတွန်ကို မချေရ၊ ဤသုတ်ဖြင့်သာ ချေရမည်-ဟု မှတ်ပါ။ ဤကား ဗာလာဝတာရ ဋီကာသစ်အလိုတည်း။ - **စတ္ထ ဘိက္ခဓာတုယာ အန္တော အကာရော ဧဝ ရေန သဟ**

http://www.dhammadownload.com

လုပွတေ။ ၄င်း၊ ရမိ် ရန္တော သုတ်။)

သပြေကန်နိသယအဆို – သပြေကန်နိသယ၌ ''ဘဝပါရ+ဂမ်+ရှ''၌ ဓာတ်၏ အဆုံးဖြစ်သော မ် နှင့် ဂ–၌ အသရကို ယူရမည်–ဟု ဆိုသည်။ ထိုအဆိုကို နောက်ဆရာတို့ မနှစ်သက်ကြပါ။

ဂဏ္ဌိနှင့် ဘာသာဋီကာတို့ အဆို – ဂဏ္ဌိ (ဒု၊ ၄၀၈)၌ သံဟနာညာယ ဝါ ရော ယော–သုတ်မှ ဝါသဒ္ဒါကို လိုက်စေ၍ ထိုဝါသဒ္ဒါကို သမ္ပိဏ္ဍနတ္ထကြံပြီးလျှင် ရ်အနုဗန်ရှိသော ပစ္စည်း၌ ရ် အနုဗန်ကို ချေ။ ကရ စသော အ၌သော အနေကာသရဓာတ်မှာ ဓာတွန်ကို ချေ။ ဘိက္ခစသော အ၌သော အနေကာသရဓာတ်, ကေသရဓာတ်တို့မှာ ဓာတွန် မချေရ–ဟု တစ်နည်း ကြံထားသည်။

ဘာသာဋီကာကား ''ဘိက္ခ+ရှ''၌ ဓာတွန် အသရကို ဓာတုသင်္ကော ဖြင့်ချေ၍ ''ဘိက်္ခ+ရှ''ဟု ဖြစ်ပြီးနောက် ရ် အနုဗန်ကို ကွစ် ဓာတု ဖြင့် ချေစေလိုသည်။

ဗာလာဝတာရဋီကာသစ်အတိုင်း ကြံလိုက်လျှင် ဂဏ္ဌိကဲ့သို့ ကပ်ကပ်သတ်သတ် ကြဖွယ်မလိုတော့။ ဘာသာဋီကာကဲ့သို့ ကွစ် ဓာတုဖြင့် ချေဟုလည်း ကြဖွယ်မလိုတော့ပါ။ 'ရာဒိလောပေါ်'ဟု ချာသ, ရူပသိဒ္ဓိတို့ ဆိုသည့်အတိုင်း ရမိ် ရန္တော သုတ်ဖြင့် ချေရန်သာ ဖြစ်ပါသည်။ ထိုသို့ ချေရာဝယ် ''ဘိက္ခ+ရှ''၌ ရ်အနုဗန်နှင့်တကွ ဓာတွန် က္ခ–၏ အ သရကို၊ ''သံဃ+ရ''၌ ရ်အနုဗန်နှင့်တကွ ဃ–၏ အ သရကို၊ ''ဝိ–ဉာ+ရှ''၌ ရ်အနုဗန်နှင့်တကွ ဓာတွန် အာ သရကို ချေရမည်ဟု သိပါ။

မေး။ ရမိ်, ရန္တော, ရာဒိ–တို့၌ 'ရ' ၃–ခုတို့၏ အထူးကို ရေးပါ။

ဖြေ။ ရမိ်–၌ 'ရ'ကား ရ် အနုဗန်ရှိသောပစ္စည်းနှင့် အာဒေသတို့ ဖြစ်ကြ၏။
ရန္တော– ၌ 'ရ'ကား အာဂုံ 'ရ်' ဖြစ်၏။
ရာဒိ–၌ 'ရ'ကား ပစ္စည်း, အာဒေသတို့၌ ပါရှိသော 'ရ်'အနုဗန် ဖြစ်၏။ ဤသို့ ထူးပါသည်။

မေး။ ရာဒိ–၌ အာဒိသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါ မရိယာဒအနက် ဖြစ်ပါသည်။

မေး။ ဤသုတ်နှင့် စပ်၍သိအပ်သော 'နော' ၆–မျိုးကို ဖော်ပြ၍၊ ဤသုတ်၌ လိုအပ်သော နော–ကိုလည်း ညွှန်ပြပါ။

ဖြေ။
၁။ အမှသဒ္ဒါ၏ ကာရိယဖြစ်သော နော
၂။ ဝိဘတ်၏ ကာရိယဖြစ်သော နော
၃။ ပဋိသေဓဝါစက နော
၄။ ပုစ္ဆာဝါစက နော
၅။ နာသနတ္ထဝါစက နော
၆။ အဝဓာရဏတ္ထဝါစက နော

ထို ၆–မျိုးတို့တွင် ဤသုတ်၌ နာသနတ္ထ (လောပတ္ထ) ဝါစက နော ကို ယူရပါမည်။ (နဿတီတိ နော–ဟု ဝစနတ္ထပြုပါ။)

http://www.dhammadownload.com

၅၄၀၊ ၅၄၅။ ဘာဝကမ္မေသု တဗ္ဘာနိယာ (၃၃၇)

မေး။။ ဘာဝကမ္မေသု တဗ္ဘာနိယာ–သုတ်ကို ရှုပသိဒ္ဓိနှင့်အညီ အနက်ပေးပြပါ။

ဖြေ။။ ဘာဝကမ္မေသု၊ တို့ကို။ အဘိဓေယျေသု၊ ဟောအပ်ကုန်သည်ရှိသော်။ သဗ္ဘာဓေတူဟိ၊ တို့မှ။ ပရာ၊ ကုန်သည်ဖြစ်၍။ တဗ္ဘာနိယာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

– ဘဝနံ ဘာဝေါ၊ ကရိယတီတိ ကမ္မံ။ ဘာဝေါ စ ကမ္မဉ္စ ဘာဝကမ္မာနိ၊ တေသု၊ အဘိဓေယျေသူတိ အတ္ထော (ရူ–ဋီ ၂၁၅။)

မေး။။ ဤသုတ်၌ ဘာဝကမ္မေသု–ကို ဖြုတ်၍ တဗ္ဘာနိယာ–ဟု ဒွိဓာကရဏာ ယောဂဝိဘာဂ ကြဲလျှင် ရနိုင်သောအကျိုးကိုဖော်ပြပါ။

ဖြေ။။ ထိုယောဂဝိဘာဂဖြင့် ကတ္တု၊ ကရဏ၊ သမ္ပဒါန, အပါဒါန အဓိကရဏ–ဟူသော အခြားသာဓနတို့၌လည်း တဗ္ဘာ, အနိယ ပစ္စည်းများ သက်ရခြင်း အကျိုးရှိပါသည်။

ပုံစံ– နိယျာတီတိ နိယျာနိကော၊ မဂ္ဂေါ။ (အနိယ ကတ္တု။)
ဂစ္ဆတီတိ ဂမနိယာ၊ ဘောဂေါ။ (အနိယ ကတ္တု။)
နဟာယတိ ဧတေနာတိ နဟာနိယံ၊ စုဏ္ဏံ။ (အနိယ ကရဏ)
ဒီယတေ အဿတိ ဒါနိယော၊ ဘိက္ခု။ (အနိယ သမ္ပဒါန)
သမ္မာ ပဝတ္တိ တေသ္မာတိ သမ္မဝတ္တနိယော၊ ဂရု။ (အနိယ အပါဒါန)
တိဋ္ဌတိ တ္ထောတိ ဌာနိယော၊ ဒေသော။.(အနိယ အဓိကရဏ)

မေး။။ ''ဘဝိတဗ္ဗံ ဘဝတာ ပညေန''ဝယ် ဘဝိတဗ္ဗံ–၌ ပဌမာ ဧကဝုစ်သိဝိဘတ်သာ သက်ရခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။။ ဘောဟူသည်မှာ တစ်ခုတည်းဖြစ်သောကြောင့် ဘဝိတဗ္ဗံ–၌ ပဌမာဧကဝုစ် သိဝိဘတ်သာ သက်ရခြင်း ဖြစ်ပါသည်။

မေး။။ ''အဘိဘဝိတဗ္ဗော ကောဓော ပဏ္ဍိတေန''ဝယ် ကောဓ–ပုဒ်၌ ဒုတိယာ မသက်ပဲ အဘယ့်ကြောင့် ပဌမာသာ သက်ရပါသနည်း ဖြေဆိုပါ။

ဖြေ။။ ကံအနက်ကို တဗ္ဘပစ္စည်းက ဟောပြီးဖြစ်၍ ဒုတိယာဝိဘတ်ဟောဖို့ရာ ကံအနက်မရှိတော့ပြီဖြစ်သောကြောင့် ဒုတိယာဝိဘတ် မသက်ပဲ (လိင်္ဂထွမျှကို ထွန်းပြဖို့ရာ) ပဌမာဝိဘတ်သာ သက်ရခြင်း ဖြစ်ပါသည်။

အမှာ။။ ။ ဝိနိစ္ဆိနိတဗ္ဗံ၊ ဝိနိစ္ဆနနိယံ–တို့နှင့်စပ်၍ သိမှတ်ဖွယ်များကို အာချာတ် ကိယာဒိတော နာ–သုတ်၌ ရေးပြခဲ့ပြီ။ ပြန်ကြည့်ကြပါလေ။

မေး။။ ကိစ္စပစ္စည်းတို့သက်ရာ ဓာတ်နှင့် အနက်များကို ရေးသားဖော်ပြပါ။

ဖြေ။။ ကိစ္စပစ္စည်းတို့သည် – ဘူစသော အကမ္မကဓာတ်တို့နောင် ဘောအနက်၌ သက်ပါသည်။ (ဘဝိတဗ္ဗံ၊ ဖြစ်ခြင်း, ဖြစ်ရာ၏။)

– ကရ စသော သကမ္မကဓာတ်တို့နောင် ကံအနက်၌သက်ပါသည်။
(ကတ္တာဗ္ဗံ ကုသလံ။ ကုသလံ၊ ကုသိုလ်ကို။ ကတ္တာဗ္ဗံ၊ ပြုအပ်၏။)

– သကမ္မကဓာတ်နောင်လည်း ကံကို မဆိုလိုလျှင် ဘောအနက်၌ပင် သက်ပါသည်။
(ဒေဝဒတ္တေန ဂေဟေ ပစိတဗ္ဗံ။ ဒေဝဒတ္တေန၊ ဒေဝဒတ်သည်။ ဂေဟေ၊ အိမ်၌။

http://www.dhammadownload.com

ပစိတဗ္ဗံ၊ ချက်ရာ၏။)

– ကိစ္စပစ္စည်းတို့သည် ထိုဘော, ကံအနက်များအပြင် ''ထိုက်, သင့်''ဟူသော အရဟအနက်၊ ''စွမ်းနိုင်''ဟူသော သက္ကအနက်များကိုလည်း အပို ထွန်းပြနိုင်ပါသေးသည်။

(ကတ္တဗ္ဗံ ရဇ္ဇံ ဘဝတာ။ ဘဝတာ၊ အရှင်သည်။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကတ္တဗ္ဗံ၊ ပြုသင့်, ပြုထိုက်၏။

ဝဟိတဗ္ဗော ဘာရော ဘဝတာ။ ဘဝတာ၊ အရှင်သည်။ ဘာရော၊ ဝန်ကို။ ဝဟိတဗ္ဗော၊ ဆောင်ရွက်နိုင်၏။) (ကရဏီယံ ကုသလံ ဘဝတာ၊ ပစနီယံ ဘတ္တံ ဘဝတာ–တို့ကိုလည်း ထုတ်ပါ။)

မေး။ ''အရဟသက္ကတ္ထဒီပကာ=တဗ္ဗ, အနီယစသော ကိစ္စပစ္စည်းတို့သည် မူလဘော, ကံအနက်များအပြင် အရဟသက္ကအနက်များကိုလည်း ထွန်းပြကြသေး၏'' ဟူသော ရူပသိဒ္ဓိအဆို၌ အဘယ်ဓာတ်နောင် ထွန်းပြသည်ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဘုရားကြီးနိယံက ''ကံရှိဓာတ်နောက်၊ ကိစ္စရောက်၊ ထွန်းတောက်အရဟ, သက္ကတ္ထ'' ဟု သကမ္မကဓာတ်နောင်သာ ထွန်းပြကြောင်း ဆိုသည်။ ရူပသိဒ္ဓိဂဏ္ဌိကလည်း ထို့အတူပင် ဆိုသည်။ ရူပသိဒ္ဓိဋ္ဌီကာ, မောဂ္ဂလ္လာန်, သာရသွတစသည်တို့အလိုကား–အကမ္မက ဓာတ်နောင်လည်း ထွန်းပြကြသည်ပင်။ ''ဘဗ္ဗော ကုသလပုတ္တော၊ အဘဗ္ဗော ပုန ဝိရုဇ္ဇိယာ၊ အဘဗ္ဗော တဿ ပဋ္ဌိစ္ဆဒါယ'' စသော ပါဠိရပ်တို့ကို ထောက်ပါ၊ (ဘဝတီတိ ဘဗ္ဗော၊ န ဘဗ္ဗော အဘဗ္ဗော)။ (ရူဋ္ဌီ၊ ၂၁၅။ မောဂ်၊ ၅၊၃၂။)

– ယေ ဇတေ ဘာဝကမ္မေသု ဝိဟိတာ တဗ္ဗာဒယော၊ တေ အရဟဝိဓီသု စ ဝတ္တတေ။ (သာရသွတ)

မေး။ ကိစ္စပစ္စည်းအနက် ၉–ချက်တို့ကို ဖော်ပြပါ။

ဖြေ။

ကတ္တဗ္ဗံ ကရဏီယံ၊ ပြုခြင်း, ပြုရာ၏။	(ဘောအနက်)
ပြုအပ်၏	(ကံအနက်)
ပြုထိုက်၏။	(အရဟအနက်)
ပြုသင့်၏။	(ယုတ္တအနက်)
ပြုစွမ်းနိုင်၏, ပြုကောင်း၏။	(သက္ကအနက်)
ပြုလော့, (ပြုရမည်)။	(ပေသအနက်)
ပြုလိုပြုတော့။	(အတိသဂ္ဂ)
ပြုချိန်တန်ပါပြီ။	(ပတ္တကာလ)
မချွတ်မယွင်း ပြုအပ်၏။	(အဝဿက)

''**အပ်, သင့်, လို, ထိုက်၊ နက်ဆိုက် ၄င်း၊ ကောင်း, ရမည်, လေ၊ နက် သတ္တေ၊ ထွန်းလေမြဲမုချ**'' ဟူသော ရွှေရေးဆောင်နိယံအလို– အပ် (ကမ္မတ္ထ)၊ သင့် (ယုတ္တတ္ထ) လို၏။ (ပတ္တကာလတ္ထ)၊ ထိုက်၏။ (အရဟတ္ထ)၊ ကောင်း၏။ (သက္ကတ္ထ)၊ ရမည် (ပေသတ္ထ)၊ လေ (အတိသဂ္ဂတ္ထ)ဟု မှတ်ပါ။

http://www.dhammadownload.com

၅၄၁၊ ၅၅၂။ ဏျော စ။ (၃၄၂)

မေး။ စသဒ္ဒါ၏ အနက်ကို ဖေါ်ပြပါ။

ဖြေ။ စသဒ္ဒါ ဉာတေယျံ, ဒိဋ္ဌေယျံ, ပတ္တေယျံ စသော ပြယုဂ်တို့၌ တေယျ ပစ္စည်းသက်ရခြင်းကို ဆည်းခြင်း အဝုတ္တသမုစ္စည်းအနက် ရှိပါသည်။ ('တဗျပစ္စည်းကိုလည်း ဆည်း၏'ဟု ဆို၍ ''ဘူတဂါမပါတဗျတာယ ပါစိတ္တိယံ (မာ ပစ္ဆိမာ ဇနတာ ပါဏေသု ပါတဗျတံ အာပဇ္ဇိ''စသည်တို့ကို ထုတ်ပြကြပါသည်။)

၅၄၂၊ ၅၅၇။ ကရမှာ ရိစ္စ။ (၃၄၅)

မေး။ ''ရိစ္စ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂ၏ အကျိုးကို ရေးပြပါ။

ဖြေ။ ''ရိစ္စ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် 'ဘရ'စသော ဓာတ်တို့နောင်လည်း ရိစ္စ ပစ္စည်း သက်ရခြင်း အကျိုးရှိပါသည်။

ပုံစံ - ဘရီယတီတိ ဘစ္စော၊ သရလောပေါ။
ဣဂတိမှိ၊ ပတိ ဇောဗ္ဗောတိ ပဋိစ္စော။

မေး။ ဘစ္စော-ကို ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ ဘရ + ရိစ္စ၊ ရမှိ ရန္တော သုတ်ဖြင့် ရ် အနုဗန်နှင့်တကွ ဓာတွန် ရ ကိုချေ (ဘ ိ စ္စ)၊ ကွစိ ဓာတု သုတ်ကြီးဖြင့်, (တစ်နည်း) ဝါပရော အသရူပါ သုတ်ဖြင့် ဣသရကိုချေ (ဘစ္စ)၊ နာမ်ငဲ့စသည်။ ပြီး၏။

မေး။ ဏျော စ သုတ်မှ ဤသုတ်သို့ လိုက်လာသော စ သဒ္ဒါ၏အနက်ကို ဖေါ်ပြပါ။

ဖြေ။ ထိုစသဒ္ဒါသည် ဘာဝကမ္မေသု တဗ္ဗာနီယာ သုတ်မှ တဗ္ဗ, အနီယပစ္စည်းတို့ကို ပေါင်းဆည်းခြင်း သမုစ္စည်းအနက် ရှိပါသည်။ (ဋီကာ၊ ၂၁၈။)

ကရ+ရိစ္စ	=	ကိစ္စံ။
ကရ+တဗ္ဗ	=	ကတ္တဗ္ဗံ။
ကရ+အနီယ	=	ကရဏီယံ။

၅၄၃၊ ၅၅၅။ ဘူတောဗ္ဗ (၃၄၃)

မေး။ ဘူတောဗ္ဗ-သုတ်ကို ရူပသိဒ္ဓိဆရာအလိုကျ အနက်ပေးပြခဲ့ပါ။

ဖြေ။ ဘူတော၊ ဘူဓာတ်မှ။ ပရဿ၊ သော။ ဏျဿ၊ ၏။ အန္တေန၊ ဓာတွန် ဦသရနှင့်။ သဟ၊ တကွ။ အဗ္ဗ၊ အဗ္ဗ အပြုသည်။ ဟောတိ၊ ၏။

၅၄၄၊ ၅၅၆။ ဝဒမဒဂမုယုဇဂရဟာ ကာရာဒီဟိ ဇ္ဇမ္ဗဂ္ဂယှေယျာ ဂါရော ဝါ။ (၃၄၃)

မေး။ ဝဒ မဒ စသောသုတ်ဖြင့် ယထာက္ကမပြုပုံကို ရေးပြပါ။

ဖြေ။ ဝဒ, မဒ-စသော ဒကာရန္တဓာတ်တို့နောင် ဏျပစ္စည်းကို ဓာတွန်နှင့်တကွ ဇ္ဇ ပြု။
ဂမု-စသော မကာရန္တဓာတ်တို့နောင် ဏျပစ္စည်းကို ဓာတွန်နှင့်တကွ မ္မ ပြု။
ယုဇ-စသော ဇကာရန္တဓာတ်တို့နောင် ဏျပစ္စည်းကို ဓာတွန်နှင့်တကွ ဂ္ဂ ပြု။

http://www.dhammadownload.com

ဂရဟ–စသော ဟကာရန္တဓာတ်တို့နောင် ဏျပစ္စည်းကို ဓာတွန်နှင့်တကွ ယု ပြု။
ပါ, ဟာ, မာ, ဉာ–စသော အာကာရန္တဓာတ်တို့နောင် ဏျပစ္စည်းကို ဓာတွန်နှင့်တကွ ဃျ ပြု။

မေး။ ဤသုတ်ဖြင့် ဂါရပြုရမည့် ဂရ ကို ဖော်ပြပါ။
ဖြေ။ ဂရဟဓာတ်၏ ဂရ ကိုသာ ဂါရ ပြုရပါမည်။

မေး။ ဤသုတ်ပါ ဝါသဒ္ဒါ၏အနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။
ဖြေ။ ဝါ သဒ္ဒါ ဝဝတ္ထိတဝိဘာသာအနက်ရှိပါသည်။

ထိုဝါသဒ္ဒါက – ဝဇ္ဇံ, မဇ္ဇံ စသည်တို့၌ ဝဒ, မဒ ဓာတ်စသည်တို့မှ နောက်ဖြစ်သော ဏျပစ္စည်းကို ဓာတွန်နှင့်တကွ အမြဲ ဇ္ဇ–ပြုရခြင်းဟူသော နိစ္စဝိဓိ။

ယောဂ္ဂံ, နိယောဇ္ဇော စသည်တို့၌ ယုဇဓာတ်စသည်တို့မှ နောက်ဖြစ်သော ဏျပစ္စည်းကို ဓာတွန်နှင့်တကွ ရံခါ ဂ္ဂ–ပြုရခြင်းဟူသော အနိစ္စဝိဓိ။

ဘောဇ္ဇံ–၌ အန္ဒ (အစာ)အနက်ဟော ဘုဇဓာတ်မှ နောက်ဖြစ်သော ဏျပစ္စည်းကို ဓာတွန်နှင့်တကွ ဂ္ဂ–လုံးဝမပြုရခြင်းဟူသော အသန္တဝိဓိတို့ကို သတ်မှတ်ပြပါသည်။

မှတ်ချက်။ ။ ''အစာ'' အနက်မှတစ်ပါး စောင့်ရှောက်အပ်, ခံစားအပ်သော ဝတ္ထုကို ဟောလျှင်ကား ''ဘောဂ္ဂံ''ဟု ဖြစ်၏။

မေး။ ''ဝဇ္ဇ ဝဒနီယံ၊ ရဿတ္တံ''ဟူသော ရူပသိဒ္ဓိစာကိုယ်ပါဦနှင့်စပ်၍ သိမှတ်ဖွယ် အဆိုအမိန့်များကို ရေးသားဖော်ပြပါ။

ဖြေ။ ဆရာတော်ဦးဗုဒ္ဓ နိဿယဝယ် ''နိ–၌ ဤ ကို ရဿပြု''ဟု အနက်ပေးပါသည်။ ထိုအနက်ကို ဆရာမြတ်တို့ နှစ်သက်တော် မမူကြပါ။ အဘယ့်ကြောင့်ဆိုသော် – ဝဇ္ဇံ ပုဒ်ကို ရုပ်တွက်ရာ၌ ဏျပစ္စည်းကြောင့် ဝဒဓာတ်ဝယ် ဝ–၏ အသရကို အာဝုဒ္ဓိပြု၊ ဓာတွန် ဇ နှင့်တကွ ဏျပစ္စည်းကို ဇ္ဇ–ပြု၊ ထို ဇ္ဇ သံယုဂ်ကြောင့် ဝါ–၌ အာ ကို အရဿ တစ်ဖန် ပြန်ပြုရန် ရူပသိဒ္ဓိကျာ၌ ဖွင့်ပြထားသောကြောင့်တည်း။

စည်ရှင် ရူပသိဒ္ဓိနိဿယ၌ကား ''စင်စစ်မှာ ရဿတ္တံ–ပင် ဤသုတ်တွင် မပါဝင်သင့်ဟု ထင်၏။ ဤသုတ်သည် ဝုဒ္ဓိပြု, ဒျ ကို ဇ, ဒွေးဘော်, ရဿပြုစသော ဂါရဝသိဒ္ဓိကို တားမြစ်၍ လာဃဝသိဒ္ဓိကို ပြသောသုတ်တည်း။ ဝုဒ္ဓိပြုရဦးမည်ဖြစ်လျှင် ဂရ ကိုလည်း ဂါရ ပြုဖွယ်မရှိ၊ သတိပြုကြရန်''ဟု ဆိုသည်။ ထိုအဆို ကောင်းသော်လည်း ယခုလက်ရှိ စာကိုယ်နှင့် မြီကာတို့အဆိုအတိုင်း ဝုဒ္ဓိပြုပြီးမှ ရဿတစ်ဖန် ပြန်ပြုခြင်းသည်သာ ''ဝါဒျံ'' ဟူသော သက္ကတပုဒ်နေနှင့် သင့်လျော်၍ စနစ်လည်း ကျသည်ဟု ထင်မိပါသည်။

မေး။ ဝဇ္ဇံ–ပုဒ်ကို စနစ်တကျ ရုပ်တွက်ပြခဲ့ပါ။
ဖြေ။ ''ဝဒဓာတ်တည်၊ ဏျပစ္စည်းသက်၊ ကာရိက်အမည်မှည့်၊ ဏ်အနုဗန်္ဓကို ချေ၊ ဏျပစ္စည် နောင်းသောကြောင့် ဝ–၏ အ ကို အာဝုဒ္ဓိပြု (ဝါဒ် ယ)၊ ဤသုတ်ဖြင့် ဓာတွန် ဇ်နှင့်တကွ ဏျပစ္စည်းကို ဇ္ဇ–ပြု (ဝါဇ္ဇ)၊ (ဤ၌၌ ဏ်အနုဗန်္ဓကို ချေပြီးနောက် ကျန်နေသော ယ–ကိုပင် ဘူတပုဗ္ဗဂတိကနည်းဖြင့် 'ဏျပစ္စည်း'ဟု ဆိုခြင်းဖြစ်သည်ဟု မှတ်ပါ။) သ တတိယပိုင်း ရဿံ သုတ်ဖြင့် (ကွစိ ဓာတု သုတ်ကြီးဖြင့်) ဝါ–၌ အာ ကို အရဿပြု နာမ်ငဲ့, သိသက်, အံပြု, ချေ, ကပ်၊ 'ဝဇ္ဇံ'ပြီး၏။

http://www.dhammadownload.com

မှတ်ချက်။ ။ ဋ္ဌီကာ (၂၁၈)၌ ရဿံ–သုတ်ဖြင့်ရဿပြုရန် ဖွင့်ပြထားသည်။ ဘာသာဋ္ဌီကာ, ဂဏ္ဌိတို့၌ကား ကွစိ ဓာတု သုတ်ကြီးဖြင့် ရဿပြုကြ၏။

မေး။ (က) ဝဇ္ဇံ ဒေါသော (ခ) အဝဇ္ဇံ ဒေါသော ဟူသော ပါဠိ နှစ်ထွေတို့တွင် သင့်မြတ်သော ပါဠိကို ဆုံးဖြတ်ပါ။

ဖြေ။ အထက်ပါ ပါဠိ နှစ်ထွေတို့တွင် ''အဝဇ္ဇံ ဒေါသော'' သာ မူလပါဠိဟောင်း ဖြစ်ဖွယ်ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် ဗာလာဝတာရဋ္ဌီကာသစ်၌ ''ဝဒ ဝိယတ္တိယံ ဝါစာယံ၊ ဝတ္တာဗ္ဗံ အဝဇ္ဇိတ္ထ ဝဇ္ဇတိ ဝဇ္ဇိဿတီတိ ဝါ ဝဇ္ဇံ, အဝဇ္ဇံ ဒေါသောတိ မဟာရူပသိဒ္ဓိယံ ဝုတ္တံ''စသည်ဖြင့် ဖွင့်ပြထားသောကြောင့်တည်း။ သီမုဠ္ဠလည်း ''အဝဇ္ဇံ ဒေါသော'' ဟုပင် ရှိပါသည်။

မေး။ (က) ဝဇ္ဇံ (ခ) အဝဇ္ဇံ သဒ္ဒါ ၂မျိုးလုံး ''အပြစ်''ဟူသောအနက်ကိုဟော၏–ဟုဆိုရာ သက်ဆိုင်ရာ သာဓကပြယုဂ်များကို ထုတ်ပြပါ။

ဖြေ။ (က) ဝဇ္ဇပဋိစ္စာဒိကာ၊ အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ–စသည်။
(ခ) အနဝဇ္ဇသုခံ၊ အနဝဇ္ဇာနိ ကမ္မာနိ၊ ကုသလံ အနဝဇ္ဇသုခဝိပါကလက္ခဏံ–စသည်။
- ဝဇ္ဇမေဝ အဝဇ္ဇံ၊ န အဝဇ္ဇံ အနဝဇ္ဇံ–ဟု ဝစနတ္ထပြု။
- အဝဇ္ဇသဒ္ဒေါ ဒေါသတ္ထော ဂါရယှပရိယာယတ္ထော အသဒ္ဒသ စ တဗ္ဘာဝတ္ထိတောတိ အာဟ ''သာဝဇ္ဇာ သဒေါသာ''တိ။ (ဒီ၊ ဋ္ဌီသစ်၊ ၂။ ၃၅၁။)
- အဝဇ္ဇံ ဝုစ္စတိ ဂရဟိတဗ္ဗံ။ (မ၊ ဋ္ဌီ၊ ၃။ ၁၆။)
- နပုဗ္ဗဿ ဝဒဿ အဝဇ္ဇမိတိ နိပါတျတော ဂါရယှတ္ထော၊ အဝဇ္ဇံ ဂါရယှံ။ (ကာတန္တ၊ ကိတ်၊ ၁။ ၉၉။)

မေး။ ဝဒဓာတ်ဖြင့် ဒကာရန္တဓာတ်အားလုံးကို သိမ်းကျုံးယူနိုင်ပါလျက် ''ဝဒ မဒ''ဟု မဒဓာတ်ကို သီးခြားဆိုရခြင်း၏ အကျိုးကို ဖော်ပြပါ။

ဖြေ။ ယင်းသို့သီးခြားဆိုသဖြင့် ကရဏသာဓနဒ္ဒလည်း ဏျပစ္စည်းသက်ရခြင်း အကျိုးရှိပါသည်။
- အမဇ္ဇိတ္ထ, မဇ္ဇတေ, မဇ္ဇိဿတိ တေနာတိ မဇ္ဇံ။

သီမုတ်ဖွယ်။ ။ ''မဇ္ဇ''ဟူသည် စိတ်စေတနာ မရှိသော သေရည်အရက်တည်း။ စိတ်စေတနာ မရှိသောကြောင့် ကိုယ်တိုင် ယစ်မူးတတ်သော ကတ္တုသတ္တိ မရှိ။ ထို သေရည်အရက်ဖြင့် ပုဂ္ဂိုလ်သာ ယစ်မူးတတ်ရကား ယစ်မူးကြောင်း ကရဏသတ္တိသာ ရှိ၏။ ထို့ကြောင့် မဒဓာတ်နောင် ကရိဏ်းအနက်၌ ဏျပစ္စည်းသက်၍ ''မဇ္ဇ''ဟု ရုပ်ပြီးစေရသည်။

မေး။ ဂရဟကာရာဒီဟိ–၌ အာဒိသဒ္ဒါဖြင့် ယူရမည့်ဓာတ်များကို ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါဖြင့် ဝဒ, မဒ, ဂမု, ယုဇ, ဂရဟဓာတ်တို့မှတပါးသော ဒ, မ, ဇ, ဟ အဆုံးရှိသော ဓာတ်တို့ကို ယူရပါမည်။

ဂဇ္ဇံ, ပဇ္ဇံ, ခဇ္ဇံ	(ဒကာရန္တ ဂဒ၊ ပဒ၊ ခဒဓာတ်)။
ဒမ္မော	(မကာရန္တ ဒမုဓာတ်)။
ဘောဂ္ဂံ	(ဇကာရန္တ ဘုဇဓာတ်)။
ဂယှံ	(ဟကာရန္တ ဂဟဓာတ်)။

http://www.dhammadownload.com

အနက် – ဂဇ္ဇံ၊ ရွက်ဆိုအပ်–ထိုက်သော ပုဒ်အပေါင်း (စုဏ္ဍိယဝါကျ)။
ပဇ္ဇံ၊ လှည့်ပြောင်းရွက်ဆိုအပ်–ထိုက်သော ဝါကျအထူး (ဂါထာ)။
ခဇ္ဇံ၊ ခဲစားအပ်သော ခဲဖွယ်။
ဒမ္မော၊ ဆုံးမအပ်–ထိုက်သောသူ။
ဘောဂ္ဂံ၊ စောင့်ရှောက်အပ်, ခံစားအပ်သော ဝတ္ထု။
ဂယှံ၊ ယူအပ်–ထိုက်သော ဝတ္ထု။

မေး။ ရူပသိဒ္ဓိ၌ ''ဘုဇ ပါလနဗျဝဟရဏေသု အဘုဇ္ဇိတ္ထ, ဘုဇ္ဇတိ, ဘုဇ္ဇိဿတိတိ ဘောဂ္ဂံ ဘောဇ္ဇံ ဝါ''ဟု ဖွင့်ပြထားသောကြောင့် ဘုဇဓာတ်နောင် ဏျပစ္စည်းကို ဓာတွန်နှင့်တကွ ဝိကပ် ဂ္ဂ ပြုရသည်ဟု မှတ်ရပါမည်လော ရှင်းပြပါ။ ('–ဘျဝဟရဏေသု'ဟု ရှိသင့်ကြောင်း ရှေ့၌ ရေးပြခဲ့ပြီ။)

ဖြေ။ ရူပသိဒ္ဓိ၌ ယင်းသို့ဖွင့်ပြထားသော်လည်း ''ဝါသဒ္ဒဿ ဝဝတ္ထိတဝိဘာသတ္တာ ဘောဇ္ဇန္တိ ဇတ္ထ အာဒေသော နဟောတိ၊ ဝဇ္ဇမိစ္စာဒီသု နိစ္စံ ဟောတိ''ဟူသော ဋီကာ (၂၁၈)နှင့် ''ဘုဇာန္ဒေ – ဘောဇ္ဇော ဩဒနော၊ ဘောဇ္ဇာ ယာဂု၊ ဘောဂ္ဂမည်''ဟူသော မောဂ္ဂလ္လာန် (၅၊ ၃၀)တို့အဆိုအရ စောင့်ရှောက်အပ်, ခံစားအပ်သောဝတ္ထုကိုဟောရာ၌သာ ဘုဇဓာတ်နောင် ဏျပစ္စည်းကို ဓာတွန်နှင့်တကွ ဂ္ဂ ပြု၍ ''ဘောဂ္ဂ''ဟု ရုပ်ပြီးပါသည်။ 'အန္ဒ (အစာ)'ဟူသော အနက်ကိုဟောရာ၌ ''ဘောဂ္ဂ''ဟု ရုပ်မပြီး, ''ဘောဇ္ဇ''ဟုသာ ရုပ်ပြီးပါသည်။ ထိုကြောင့် 'ဝိကပ် ဂ္ဂ ပြုရသည် (အနိစ္စဝိဓိ)'ဟု မမှတ်ရပါ၊

မေး။ (က) ဘောဇ္ဇံ (ခ) ဘောဂ္ဂံ–တို့၏ ခြားနားချက်ကို ရေးပြပါ။

ဖြေ။ (က) ဘောဇ္ဇံ – သည် စားအပ်သော အစာဖြစ်၍
(ခ) ဘောဂ္ဂံ – ကား စောင့်ရှောက်အပ်, ခံစားအပ်သောဝတ္ထု ဖြစ်၏။ ဤသို့ ထူးပါသည်။

– ဘောဂ္ဂမည့န္တိ အန္ဒတော ဘုဉ္ဇိတဗ္ဗံ ဥပဘောဂါရဟံ ဘောဂ္ဂံ။ (မောဂ်၊ပဉ္စိကာ၊ ၃၁၁)။
– ဘောဇ္ဇံ ဘကျွေ။ (ပါ၊ ၇၊ ၃၊ ၆၉။)
– ဘောဂ္ဂမည် ဣတိ ပါလနီယံ ဥပဘောဂ္ဂံ စေတျတ္ထော။ (တတွဗောဓိနီ)။

မေး။ ဘောဇ္ဇံ–ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ ဘုဇ + ဏျ၊ ဏ်အနုဗန်ကို ချေ၊ အဆုံး၌ ဦ ကို ဩဝုဒ္ဓိပြု၊ ဤဝဒမဒ သုတ်၌ ကာရသဒ္ဒါဖြင့် ယပစ္စည်းကို ဇ ပြု, ကပ်၊ (ဘောဇ္ဇ)၊ နာမ်ငဲ့ သိသက်, အံပြု, ချေ, ကပ်၊ ပြီး၏။ (ဂဏ္ဌိ၊ သီမူအတိုင်း ရုပ်တွက်ပုံဖြစ်၏။)

ဘာသာဋီကာဝယ် ယဝတံ သုတ်၌ ကာရသဒ္ဒါဖြင့် ယပင့်ရှိသော ဇ် (ဇျ)ကို ဇ ပြု ဟု ဆိုသည်။

(တစ်နည်း) ပုဗ္ဗရူပဥ္စ သုတ်ဖြင့် ယပစ္စည်းကို ပုဗ္ဗရုပ် ဇ် ပြု, နောက် ဇ သို့ကပ် (ဘောဇ္ဇ)၊ နာမ်ငဲ့စသည်။

မေး။ (က) ကာရဂ္ဂဟဏေန ယဿ ဇကာရော (သီမူ)
(ခ) ပုဗ္ဗရူပဥ္စာတိ ယဿ ဇကာရော (ရှေးမြန်မာမူ)

ဖြေ။ နှစ်မျိုးလုံးပင် အပြစ်မလွတ်သော်လည်း မြန်မာမူ ပါ၌ဟောင်းဖြစ်မည်ဟု ဂဏ္ဌိ၌ ဆုံးဖြတ်တော်မူသည်။

http://www.dhammadownload.com

မေး။ ဒါနီယံ–ပုဒ်ကို စနစ်တကျ ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ ဒါ+အနီယ၊ သရလောပေါ သုတ်ဖြင့် ရှေ့သရကျေခြင်း ရောက်လုလတ်သော ထိုသုတ်၌ ပင် တုသဒ္ဒါဖြင့် တားမြစ်၍ သရာ သရေ လောပ် သုတ်ဖြင့် ဒါ–၌ အာသရကို ချေ။ ဒီဃံ သုတ်ဖြင့် ရှေ့အာသရ ကျေပြီးသည်ရှိသော် နောက် အသရကို အာဒီဃပြု၊ ဒ် အာ သို့ကပ်၊ ပြီး၏။

မေး။ မာတဗ္ဗံ, မိနိတဗ္ဗံ, မေတဗ္ဗံ–တို့၏ ရုပ်ပြီးပုံများကို ရေးသားဖြေဆိုပါ။

ဖြေ။ – မာဓာတ်နောင် တဗ္ဗပစ္စည်းသက်၍ ''မာတဗ္ဗံ''ဟု ရုပ်ပြီးပါသည်။

– မာဓာတ်+ တဗ္ဗပစ္စည်း၊ ကွစိ ဓာတု သုတ်ကြီးဖြင့် မာဓာတ်၏ အာ ကို ကွ ပြု၊ 'ကိယာဒိတော နာ'ဟူသော ဝိနာဓိကာရယောဂဝိဘာဂဖြင့် နာပစ္စည်းသက်၊ ယထာဂမ မိကာရော သုတ်ဖြင့် ကွအက္ခရာလာ၍၊ ''မိနိတဗ္ဗံ''ဟု ရုပ်ပြီးပါသည်။

– မာဓာတ်+တဗ္ဗ၊ ကွအက္ခရာလာ (မာ ဒီ ကဗ္ဗ)၊ သရာ သရေ လောပ် သုတ်ဖြင့် ရှေ့ အာသရကို ချေ။ ကွစာသဝဏ္ဏံ လုတ္တေ သုတ်ဖြင့် ရှေ့အာသရကျေပြီးသည်ရှိသော် နောက် ကွသရကို အေသဝဏ်ပြု၍ ''မေတဗ္ဗံ''ဟု ရုပ်ပြီးပါသည်။ (ဋီကာ၊ ၂၁၈။)

မေး။ (က) ဝိဇာနနီယံ (ဆဋ္ဌ) (ခ) ဝိဇာနီယံ (သီ၊ က)ဟူသော ပါဠိနှစ်ထွေတို့တွင် သင့်မြတ် သောပါဠိကို သုံးသပ်ဆုံးဖြတ်ပါ။

ဖြေ။ ဘာသာဋီကာ၌ ''နာပစ္စည်း မသက်လျှင် 'ဇာဒေသော နာမိ'ဟု ဆိုသောကြောင့် ဇာ မပြုနိုင်၊ ထိုကြောင့် ရူပသိဒ္ဓိအလို ''ဝိဇာနနီယံ''ဟုသာ ရှိသင့်၏–ဟု ဆိုသည်။ ''သို့သော် စာတို့၌ နာပစ္စည်းမပါပဲ ''ဝိဇာနီယံ''ဟု ချည်းရှိသည်။ ထိုသို့ရှိရာ၌ နာပစ္စည်းကို ချေ''ဟုလည်း ဆက်မိန့်သည်။

ရူပသိဒ္ဓိဋီကာအလို ''နာပစ္စည်းနှောင်းရာ၌ ဉာဓာတ်ကို ဇာ ပြု'' ဟူသော သတ်မှတ်ချက် သည် အာချာတ်အရာ၌သာ ဖြစ်၏။ ကိတ်အရာ၌ကား နာ ပစ္စည်းမနှောင်းသော်လည်း ဇာ ပြုနိုင်သည်။ ထိုကြောင့် သီမူ, ရှေးမူတို့အတိုင်း ''ဝိဇာနီယံ'' ဟု နာပစ္စည်း မသက် ဘဲရှိသော ရုပ်ကိုသာ အတည်ပြုသင့်ပါသည်။ (ရူဋီ၊ ၂၀၁။)

၅၄၅၊ ၅၄၈။ တေ ကိစ္စာ။ (၃၃၈)

မေး။ ကိစ္စပစ္စည်းသရုပ်ကို ထုတ်ပြပါ။

ဖြေ။ ကစ္စည်းကျမ်း, ရူပသိဒ္ဓိကျမ်းတို့၌ တဗ္ဗ, အနီယ, ဏျ, တေယျ, ရိစ္စ–ဟု ကိစ္စပစ္စည်း (၅) ပစ္စည်း ပြဆိုထားပါသည်။

ဆရာမြတ်တို့က 'တဗျ'ပစ္စည်းကို ထည့်၍ (၆) ပစ္စည်းဟုမိန့်တော်မူကြပါသည်။ (ကရတော ရိရိယ သုတ်ဖြင့် သက်သော ရိရိယပစ္စည်းကိုလည်း ထည့်သွင်း၍ ယူကြသည်။)

မေး။ ရူပသိဒ္ဓိကျမ်း၌ ကိစ္စပစ္စည်းတို့ကို ရှေးဦးစွာဖွင့်ပြရခြင်းအကြောင်းကို ဖြေဆိုပါ။

ဖြေ။ ကိဗ္ဗိဓာနကဏ္ဍဝယ် ကိစ္စပစ္စည်း, ကိတပစ္စည်းဟုပစ္စည်း ၂–မျိုးရှိရာတွင် ကစ္စည်းကျမ်း၌ ''တေ ကိစ္စာ, အညေ ကိတ်''ဟု ကိစ္စအမည်ကို ရှေးဦးစွာဆိုထားသောကြောင့်လည်းကောင်း၊ ကိစ္စပစ္စည်းတို့က ကိတ်ပစ္စည်းအောက် နည်းသောကြောင့်လည်းကောင်း ရူပသိဒ္ဓိကျမ်း၌ ကိစ္စပစ္စည်းတို့ကို ရှေးဦးစွာ ဖွင့်ပြရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ တဗွ, အနီယ စသောပစ္စည်းတို့ကို ဂ, ပ, ဈ, လတို့ကဲ့သို့ လဟုသညာ မမှည့်ပဲ ''ကိစ္စ''ဟူ၍ ဂရုသညာမှည့်ရကျိုးကို ဖော်ပြပါ။

ဖြေ။ ဂရုသညာကို မှည့်ရခြင်းသည် ကိစ္စပစ္စည်းအဆုံးရှိသောပုဒ်တို့၏ ''ကရဏီယ= ပြု ထိုက်, ပြုသင့်, ပြုစွမ်းနိုင်''ဟူသော ဇောတကအနက် ရှိသည်၏အဖြစ်ကို သိစေ ရခြင်း အကျိုးရှိပါသည်။ (ဋီကာ၊ ၂၁၅။)

မေး။ ဘဝိတဗ္ဗ–ပုဒ်ကို ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ ဘူဓာတ်တည်၊ တဗွပစ္စည်းသက်၊ ယထာဂမမိကာရော သုတ်ဖြင့် ဘူ ၌ ဦကို ဩဝုဒ္ဓိပြု, ဩ ကို အဝ ပြု, ဘ် အ သို့ကပ်၊ ဝ် ခွင်း ချေ ကပ် (ဘဝိတဗ္ဗ)၊ တေ ကိစ္စာ သုတ်ဖြင့် တဗွပစ္စည်းကို ကိစ္စအမည်မှည့်၊ တဒ္ဓိတသမာသ စသောသုတ်၌ စသဒ္ဒါဖြင့် ဘဝိတဗ္ဗ–ဟူသော ကိစ္စပစ္စယန္တသဒ္ဒါကို နာမ်ကိုကဲ့သို့ ငဲ့၊ သိသက်, အံ ပြု, ခွင်း ချေ ကပ်၊ ပြီး၏။

မေး။ ကိစ္စပစ္စည်းအဆုံးရှိသော သဒ္ဒါတို့ကို အဘယ်သုတ်ဖြင့် နာမ်ငဲ့ရပါသနည်း၊ အကြောင်းပြဖြေဆိုပါ။

ဖြေ။ ''အညေ ကိတ် = ကိစ္စပစ္စည်း ၅–ပစ္စည်းမှ တစ်ပါးသော ပစ္စည်းတို့သည် ကိတ်မည်ကုန်၏'' ဟုဆိုသောကြောင့် ကိစ္စပစ္စည်းတို့သည် ကိတ်အမည် မရနိုင်ရကား ထိုကိစ္စပစ္စည်း အဆုံးရှိသောသဒ္ဒါတို့ကို တဒ္ဓိတ သမာသ–စသောသုတ်ရင်းဖြင့် နာမ်မငဲ့နိုင်ပါ။ ထိုကြောင့် ယင်းသုတ်၌ စသဒ္ဒါဖြင့် နာမ်ငဲ့ရပါသည်။

မေး။ ''ဘဝိတဗ္ဗာနီ''ဟု ရုပ်ဖြစ်နိုင်/ မဖြစ်နိုင် အကြောင်းခိုင်လုံစွာပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ ဘဝိတဗ္ဗ–ဟူသည် ဘဝသရုပ်ဖြစ်၏။ ဘောဟူသည် ကြိယာဖြစ်၍ လူပေါင်း သိန်းသန်းပင်ဖြစ်သော်လည်း တစ်ခုတည်း တစ်မျိုးတည်းသာဖြစ်သောကြောင့် ဘောအနက်၌ ''ဘဝိတဗ္ဗံ''ဟု ကေဝုစ်သာ ဖြစ်ရပါမည်။''ဘဝိတဗ္ဗာနီ''ဟု ဗဟုဝုစ်ရုပ် မဖြစ်နိုင်ပါ။

မေး။ ဘဝိတဗ္ဗံ–ပုဒ်ကို နာမပဒမာလာ စဉ်ပြပါ။

ဖြေ။ ဘဝိတဗ္ဗံ။ ဘော ဘဝိတဗ္ဗေ၊ ဘဝိတဗ္ဗာ။ ဘဝိတဗ္ဗံ။ ဘဝိတဗ္ဗေန။ ဘဝိတဗ္ဗဿ။ ဘဝိတဗ္ဗာ, ဘဝိတဗ္ဗသ္မာ, ဘဝိတဗ္ဗမ္မာ။ ဘဝိတဗ္ဗဿ။ ဘဝိတဗ္ဗေ, ဘဝိတဗ္ဗသ္မိံ, ဘဝိတဗ္ဗမ္ဟိ။ (နပုလ္လိင် စိတ္တာဒိဂိုဏ်း)

မှတ်ချက်။ ။ ပထမာဝိဘတ်နှင့် ''ဘဝိတဗ္ဗံ''ဟုဇ ကဝုစ်တစ်မျိုးသာ ရသောကြောင့် ဒုတိယာစသည်တို့၌လည်း ဇကေဝုစ်သာ ဖြစ်ရပါမည်။ သို့ဖြစ်၍ အထက်ပါအတိုင်း နာမပဒမာလာ စဉ်ရခြင်းဖြစ်သည်။

မေး။ ဘဝိတဗ္ဗံ–ပုဒ်နှင့်စပ်၍ သိအပ်သိထိုက်သော သဒ္ဒါကျမ်းများ၏ အဆိုကို ရေးပြပါ။

ဖြေ။ ၁။ ဘောအနက်၌ 'ဘဝိတဗ္ဗံ'ပုဒ်သည် ဝဒ (သက္ကတ)ကျမ်း၌လည်းကောင်း၊ ပါဠိ ပိဋကတ်၌လည်းကောင်း၊ ကာရကအမျိုးမျိုးမရှိ၊ အမြဲတမ်း နပုံလိင်, ပဌမာ ဇကေဝုစ်သာ ဖြစ်၏။

၂။ ဝိဘတ်အမျိုးမျိုးသက်၍ နာမပဒမာလာလည်း မစဉ်နိုင်၊ ၄င်းကို ''ဇဝံ ဘဝိတဗ္ဗံ,

http://www.dhammadownload.com

သဒါ ဘဝိတဗ္ဗံ'' စသည်ဖြင့် ဇေ၀, သဒါ စသောပုဒ်တို့နှင့်လည်းကောင်း၊ ''သဒ္ဓမ္မ-ဂရုကေန ဘဝိတဗ္ဗံ၊ နော အာမိသဂရုကေန''စသော တတိယန္တ အဝုတ္တကတ္တားပုဒ်တို့နှင့်လည်းကောင်း ယှဉ်စေရ. တွဲစပ်၍ သုံးရပါမည်။

မေး။ ဘဝနီယံ-၌ ကွမလာရခြင်း အကြောင်းကို ဖြေဆိုပါ။

ဖြေ။ အနီယပစ္စည်းသည် အစဉ် ဗျည်းရှိသော ပစ္စည်းမဟုတ်သည့်အတွက် လိုက်စေအပ်သော ကွစိသဒ္ဒါ၏ တားမြစ်ချက်ကြောင့် ယထာဂမိကာရော သုတ်ဖြင့် ကွမလာရခြင်း ဖြစ်ပါသည်။

မေး။ ကိစ္စ ပစ္စည်းတို့၏ လိင်ကိုဖော်ပြပါ။

ဖြေ။ ဘောအနက်၌သက်သော ကိစ္စပစ္စည်းတို့သည် နပုံလိင်၊ ကံအနက်သက်သော ကိစ္စပစ္စည်းတို့ကား တိလိင် ဖြစ်ပါသည်။

ဘော - ဘဝိတဗ္ဗံ, ဘဝနီယံ ဘဝတာ ပညေန။ (နပုလ္လိင်)

ကံ - အဘိဘဝိတဗ္ဗော, အဘိဘဝနီယော ကောဓော ပဏ္ဍိတေန။ (ပုလ္လိင်)

- အဘိဘဝိတဗ္ဗာ, အဘိဘဝနီယာ တဏှာ ပဏ္ဍိတေန။ (ကွတ္ထိလိင်)

- အဘိဘဝိတဗ္ဗံ, အဘိဘဝနီယံ ဒုက္ခံ ပဏ္ဍိတေန။ (နပုံလိင်)

အမှာ။ ။ ပုရိသ, ကည, စိတ္တ တို့အတိုင်း နာမပဒမာလာ စဉ်ပါ။

မေး။ ''အဘိဘဝိတဗ္ဗော ကောဓော ပဏ္ဍိတေန'' ဝယ် ''ကောဓ'' ပုဒ်၌ ဒုတိယာဝိဘတ် မသက်ပဲ ပဌမာဝိဘတ်သာ သက်ရခြင်းအကြောင်းကို ဖြေဆိုပါ။

ဖြေ။ အထက်ပါ ပုံစံဝယ် ကံအနက် (လွှမ်းမိုးခြင်းကြိယာဖြင့်ရောက်အပ်သော ကြိယာပါပုဏ္ဏသတ္တိ)ကို တဗ္ဗပစ္စည်းကဟောပြီးဖြစ်၍ မိမိဟူသော ဒုတိယာဝိဘတ်က ဟောသင့်ဟော ထိုက်သော ကံအနက်မရှိတော့ပြီဖြစ်သောကြောင့် ကောဓပုဒ်နောင် ဒုတိယာဝိဘတ် သက်ခွင့်မရပါ။ (လိင်အနက်မျှကို ထွန်းပြခြင်းအကျိုးငှါ) ပထမာဝိဘတ်သာ သက်ရခြင်း ဖြစ်ပါသည်။

၅၄၆၊ ၅၆၂။ အညေ ကိတ်။ (၃၄၈)

မေး။ ''ကိတ်ပစ္စည်း''ဟူသည် အဘယ်ကဲ့သို့သော ပစ္စည်းများ ဖြစ်ကြောင်း ဖြေဆိုပါ။

ဖြေ။ ''ကိတ်ပစ္စည်း''ဟူသည် တတိယဓာတွာဓိကာရ (သုံးခုမြောက်ဓာတ်အရာ)၌ စီရင်အပ်သော ကိစ္စပစ္စည်း ၅-ပစ္စည်းမှ တစ်ပါးသော ပစ္စည်းတို့ ဖြစ်ပါသည်။ (ကိတ် ပထမကဏ္ဍ, ဒုတိယာကဏ္ဍလာ ပစ္စည်းအားလုံး ဖြစ်သည်။)

မေး။ ဓာတွာဓိကာရ ၃-မျိုးကို ဖော်ပြပါ။

ဖြေ။ ၁။ ပထမဓာတွာဓိကာရ - ဓာတုလင်္ဂဟိ ပရာ ပစ္စယာ သုတ်၌ ဆိုအပ်သော ဓာတ်အရာ

၂။ ဒုတိယာဓာတွာဓိကာရ - ဓာတူဟိ ဏော ဏာယ ။ပ။ ဟေတွတ္ထေသုတ်၌ ဆိုအပ်သော ဓာတ်အရာ။

၃။ တတိယဓာတွာဓိကာရ-ဓာတုယာကမ္မာဒိမှိ ဏော သုတ်၌ ဆိုအပ်သော ဓာတ်အရာ။

http://www.dhammadownload.com

မေး။ အညေ ကိတ်၌ ''ကိတ်''ဟူသော ပုဒ်ကို ဝစနတ္ထပြု၍ ရုပ်ပြီးပုံကိုလည်း ဖော်ပြပါ။

ဖြေ။ ကတ္တာဒိအတ္ထံ ကရောတိ ဝဒတီတိ ကိတ်။

ကတ္တားအစရှိသော အနက်ကို ဟောတတ်သောကြောင့် ''ကိတ်'' မည်၏။

ကရဓာတ်တည်၊ ကတ္တရိ ကိတ် ဟူသော နိပါတန ဉာပကသုတ်ဖြင့်၊ သို့မဟုတ်-ယဒါဒိ သုတ်ကြီးဖြင့် ကတ္တားအနက်၌ 'ရိတ်'ပစ္စည်းသက်၊ ရမို့ ရန္တော ရာဒိ နော သုတ်ဖြင့် ဓာတွန် ရိနှင့်တကွ ရိအနုဗန်ကို ချေ (က+ိတ်)၊ က် ခွင်း, ချေ,ကပ် ''ကိတ်'' ပြီး၏။

မှတ်ချက်။ ။ သိဿာနံ ကခံ ကိရတိ အပနေတိတိ ကိတံ၊ စာသင်သား တပည့်အများတို့၏ ယုံမှားသံသယကို ပယ်ဖျောက်တတ်သောကြောင့် ''ကိတ်''မည်၏-ဟုလည်း ဖွင့်ဆိုကြပါသည်။

မေး။ ကိတ်ကျမ်းလာ ပစ္စည်းအမျိုးအစားကို ခွဲခြားပြပါ။

ဖြေ။ ကစ္စည်း, ရူပသိဒ္ဓိတို့နှင့် သက္ကတသဒ္ဒါကျမ်းများအလို ကိတ်ကျမ်း၌ (၁) ကိစ္စပစ္စည်း (၂) ကိတပစ္စည်းဟူ၍ နှစ်မျိုးသာ ဖြစ်ပါသည်။

နိဒ္ဒေသ စသည်တို့၌ကား (၁) ကိစ္စပစ္စည်း (၂) ကိတပစ္စည်း (၃) ကိစ္စ ကိတပစ္စည်းဟု သုံးမျိုး သုံးစား ခွဲခြားပြကြပါသည်။

မေး။ (က) ကိစ္စ (ခ) ကိတ (ဂ) ကိစ္စကိတ ပစ္စည်းတို့၏ သက်ရာဝိသယ (သာဓန)တို့ကို ဖော်ပြပါ။

ဖြေ။ (က) ကိစ္စပစ္စည်း ၆-ပစ္စည်းတို့သည် ဘော, ကံအနက်တို့၌ သက်ကြ၏။

(ခ) ကိတပစ္စည်း ၁၃-ပစ္စည်းတို့သည် ကတ္တားအနက်၌သာ သက်ကြ၏။

(ဂ) ကိစ္စကိတ ပစ္စည်း ၁၅-ပစ္စည်းတို့ကား သာဓန ၎-ပါးလုံး၌ သက်ကြ၏။

၅၄၈၊ ၅၉၇။ ကတ္တုကရဏာပဒေသေသု ၈။ (၃၆၈)

မေး။ ဤသုတ်၌ ''ပဒေသ''ဟူသည် အဘယ်နည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''ပဒေသ''သဒ္ဒါသည် ''တည်ရာအရပ်ဒေသ''ကို ဟော၏။ ''အဓိကရဏ''သဒ္ဒါသည်လည်း ထိုတည်ရာအနက်ကိုပင် ဟော၏။ ထိုကြောင့် ''ပဒေသ''ဟူသည် အဓိကရဏသာဓန ဖြစ်ပါသည်။

မေး။ ဤသုတ်ပါ စသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါ သမ္ဗဒါန်, အပါဒါန် အနက်တို့ကို ဆုံးခြင်း အဝုတ္တသမုစ္စည်းအနက် ရှိပါသည်။ ထိုအနက်တို့၌လည်း ယုပစ္စည်း သက်ပါ-ဟူလို။

မေး။ သဒ္ဒကုဓ စသောသုတ်ဖြင့် သက်သော ယုပစ္စည်းနှင့် ကတ္တုကရဏာပဒေသေသု စ သုတ်ဖြင့် သက်သော ယုပစ္စည်း ၂-မျိုးတို့၏ အထူးကို ဖြေဆိုပါ။

ဖြေ။ သဒ္ဒကုဓ စသောသုတ်ဖြင့်သက်သော ယုပစ္စည်းသည် တဿီလာဒိ ကတ္တားအနက်၌ ဖြစ်၍၊ ကတ္တုကရဏာပဒေသေသု စ သုတ်ဖြင့်သက်သော ယုပစ္စည်းမှာ တဿီလာဒိမဖက် ကတ္တားအနက်သက်သက်၌ ဖြစ်၏။ ဤသို့ ထူးပါသည်။

http://www.dhammadownload.com

မေး။ ယုပစ္စည်း သက်ရာသာဓနများနှင့် လိင်တို့ကို ဖော်ပြပါ။

ဖြေ။ နန္ဒာဒီဟိ ယု – ဘာဝ, ကမ္မသာဓန (၂)။
ကတ္တုကရဏပဒေသေသု စ – ကတ္တု, ကရဏ, အဓိကရဏ သာဓန (၃)။
၄င်းသုတ် စသဒ္ဒါ – သမ္ပဒါန, အပါဒါန သာဓန (၂)ပါး။ ပေါင်း သာဓန ၇–ပါးလုံး၌ပင် သက်ပါသည်။
ကတ္တုသာဓန ၌သက်သော ယုပစ္စည်းမှာ လိင် ၃–ပါးဖြစ်၍၊ ကြွင်းသာဓန ၆–ပါးတို့၌ သက်သော ယုပစ္စည်းကား များသောအားဖြင့် နပုလ္လိင် ဖြစ်ပါသည်။

မေး။ ယုပစ္စည်း၏ သာဓန ၇–ပါးတို့၌ သက်ပုံ ဥဒါဟရဏ်များကို ဖော်ပြပါ။

ဖြေ။

၁။ ကတ္တု	–	ရဇံ ဟရတီတိ ရဇောဟရဏံ။
၂။ ကမ္မ	–	နန္ဒိတဗ္ဗန္တိ နန္ဒနံ။
၃။ ကရဏ	–	ကရောတိ တေနာတိ ကရဏံ။
၄။ သမ္ပဒါန	–	သမ္မာ ပကာရေန ဒဒါတိ အဿာတိ သမ္ပဒါနံ။
၅။ အပါဒါန	–	အပေစ္စ တေသ္မာ အာဒဒါတီတိ အပါဒါနံ။
၆။ အဓိကရဏ	–	အဓိကရိယတိ တ္ထောတိ အဓိကရဏံ။ တိဋ္ဌတိ တသ္မိန္တိ ဌာနံ။
၇။ ဘာဝ	–	နန္ဒီယတေ နန္ဒနံ။

သတိပြုဖွယ်။ ။ ကရဏ, သမ္ပဒါန, အပါဒါန, အဓိကရဏသာဓနတို့၏ ပုံစံများမှာ 'ကရဏ'စသော ၄င်းသဒ္ဒါများပင် ဖြစ်ကြောင်း သတိပြုပါ။

မေး။ စျာနံ–ပုဒ်ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ ဈေ ဓာတ်တည်၊ ကတ္တုကရဏပဒေသေသု စ သုတ်ဖြင့် ယုပစ္စည်းသက်၊ ယုကို အနပြု၊ ကွစိ ဓာတုသုတ်ကြီးဖြင့် ဧ ကို အာ ပြု၊ စ်ျ ခွင်း, ချေ, ကပ်၊ နာမ်ငဲ့ စသည်၊ ပြီး၏။

၅၄၉၊ ၅၅၀။ ရဟာဒိတော ဏ။ (၃၄၀)

မေး။ ရဟာဒိတော ဏ သုတ်ကို သုတ်နက်ပေး၍၊ အဓိပ္ပါယ်ကိုလည်း ရေးပြပါ။

ဖြေ။ ရဟာဒိတော၊ ရအက္ခရာ, ဟအက္ခရာ အစရှိသောအက္ခရာတို့ အဆုံးရှိသောဓာတ်တို့မှ။ ပရဿ၊ နောက်ဖြစ်သော။ နဿ၊ နဝယ်၏။ ဏ၊ ဏကြီးအပြုသည်။ ဟောတိ၊ ၏။ ကရ, သရ စသော ရ အက္ခရာအဆုံးရှိသော ဓာတ်၊ ဂဟစသော ဟအက္ခရာ အဆုံးရှိသော ဓာတ်တို့နောင် ယုပစ္စည်းကို ပြုထားသော အနနှင့် အနီယပစ္စည်းစသည်တို့၏ နအက္ခရာကို ဏပြုပါ–ဟူလို။

မေး။ ရဟာဒိတော–၌ 'ရဟာဒိ''အရကို ကောက်ပြခဲ့ပါ။

ဖြေ။ ''ရကာရဟကာဒျန္တေဟိ ဓာတူဟိ''ဟု ဖွင့်သောကြောင့် ''ရဟာဒိ''အရ ရအက္ခရာ, ဟအက္ခရာ စသည် အဆုံးရှိသောဓာတ်တို့ကို ယူရပါမည်။
ဝိဂ္ဂဟ – ရော စ ဟော စ ရဟာ၊ ရဟာ အာဒိ ယေသန္တေ ရဟာဒယော။

http://www.dhammadownload.com

မေး။ ရဟာဒိတော-၌ အာဒိသဒ္ဒါဖြင့် ယူရမည့်ဓာတ်များကို ဖော်ပြပါ။ (အာဒိသဒ္ဒါ၏ အာဒိဝန်ကို ဖော်ပြပါ။)

ဖြေ။ ရူအလို - ရဟာဒိတော ၌ အာဒိသဒ္ဒါဖြင့် ရမု, အပ, ဥ, တာ စသော ဓာတ်များကို ယူရပါမည်။
ကစ္စာယနဝဏ္ဏနာအလို- လဘိ, သုဘ, မာ စသောဓာတ်များကိုလည်း ယူရပါမည်။ သမဏော, လက္ခဏံ-စသောပြယုဂ်များ အထင်အရှားရှိသောကြောင့် သမု, လက္ခ စသော ဓာတ်များကိုလည်း ယူရပါမည်။

မေး။ (က) ဘဒ္ဒန္တ ဥဏ (ခ) ဘဒ္ဒန္တ ဥန - ဟု ရေးထုံးနှစ်မျိုး ရှိနေရာ မည်သည့်ရေးထုံးသာ ပေါရာဏက မာဂဓာနုလောမ ဖြစ်သည်ဟု ရူပသိဒ္ဓိ ဆရာအလိုကျ စိစစ်ဆုံးဖြတ်ခဲ့ပါ။

ဖြေ။ သက္ကတသဒ္ဒါကျမ်းများအလို ဥဓာတ်နောင် ယုပစ္စည်းကို ပြုထားသော အန-၏ နကို ဏကြီးပြန်စရာ အကြောင်းမရှိသောကြောင့် ဒန္တဇ နဝယ်နှင့် ဥန-ပါဌ်သာ သင့်သည်ဟု ယူဆ၍ ရွှေကျင်နိကာယဝင် ဆရာ, တပည့် အစဉ်အဆက်တို့က ''ဘဒ္ဒန္တ ဥန''ဟု ရေးထုံးပြုတော်မူကြပါသည်။

ရူပသိဒ္ဓိအလိုကား ''အာဒိသဒ္ဒေန ရမု အပ ဥ တာဒိတောပိ''ဟု ဖွင့်ဆိုထားသဖြင့် ဥဓာတ်နောင် ယုပစ္စည်းကို ပြုထားသော အန-၏ နကိုလည်း ဏပြန်ရမည် ဖြစ်သောကြောင့် မုဒ္ဓဇ ဏ ကြီးနှင့် ''ဘဒ္ဒန္တ ဥဏ'' ပါဌ်သာ ပေါရာဏက မာဂဓာနုလောမ ဖြစ်ပါသည်။ (အာဒိသဒ္ဒေန ဥကာရံ သင်္ဂဏ္ဍာတိ၊ တေန ဝိညာဏန္တျာဒီသု နကာရဿ ဏကာရော ဟောတိ-ဟူသော ဧာသအလိုလည်း ''ဥဏ''ပါဌ်သာ မာဂဓာနုလောမ ဖြစ်ပါသည်။)

ရှင်းလင်းချက်။ ။ သက္ကတဘာသာ၌ ''ဇ်ဥန = ဥန''ဟု ဒန္တဇ နဝယ်နှင့် ရှိခြင်းသည် ထိုဘာသာ၏ ဝိသေသလက္ခဏာဖြစ်၍ ပါဠိဘာသာ၌ ''ဥဏ''ဟု မုဒ္ဓဇ ဏကြီးဖြင့် ရှိခြင်းသည်လည်း ထိုဘာသာ၏ ဝိသေသလက္ခဏာ ဖြစ်၏။ ပြာကြိုင့်ခေါ် ပါကတဘာသာ၌ ပုဒ်ဟူသမျှ နဝယ်ဖြင့် လုံးဝမရှိဘဲ ဏကြီးဖြင့်သာ ရှိရခြင်းသည်လည်း ထိုဘာသာ၏ ဝိသေသလက္ခဏာပင် ဖြစ်သည်။ သို့ဖြစ်၍ သက္ကတ၌ နဝယ်ဖြင့်ရှိသောကြောင့် ပါဠိ၌လည်း နဝယ်ဖြင့် ရှိရမည်-ဟု မဆုံးဖြတ်သင့်ကြောင်း မိမိတို့၏ ကျေးဇူးရှင် မန္တလေးမြို့ အဘယာရာမ ရွှေဂူတိုက် နာယကဆရာတော် **ဘဒ္ဒန္တ သီလာနန္ဒာဘိဝံသ** (ယခု အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ကမ္ဘာ့ဗုဒ္ဓသာသနာပြု) က မိန့်တော်မူပါသည်။ **အထူးသတိပြုဖွယ် အချက်တစ်ချက်မှာ** ရူပသိဒ္ဓိကျမ်းပြုဆရာ အရှင်ဗုဒ္ဓပိုယသည် အိန္ဒိယနိုင်ငံသားဖြစ်၍ သက္ကတဘာသာကို တကယ်တတ်ကျွမ်းသူ ဖြစ်ပါလျက် သက္ကတနောက် မလိုက်ခဲ့-ဟူသော အချက်ပင် ဖြစ်ပါသည်။

မေး။ ရဟာဒိတော ဏသုတ်ဖြင့် ဏကြီးပြုရမည့် နဝယ်ကို ဖော်ပြပါ။

ဖြေ။ ''ရအက္ခရာ, ဟအက္ခရာ စသည်အဆုံးရှိသော ဓာတ်တို့မှနောက်ဖြစ်သော နဝယ်ကို ဏကြီးပြု''ဆိုရာ၌ ရကာရန္တ, ဟကာရန္တ ဓာတ်စသည်တို့နောင် တစ်စုံတစ်ခုသော အက္ခရာမခြားပဲ ဆက်စပ်နေသော နအက္ခရာမရှိသောကြောင့် (၁) ယုပစ္စည်းကို ပြုထားသော အန-၏ နဝယ်၊ (၂) အနီယပစ္စည်း၏ နဝယ်စသည်တို့မှတစ်ပါး အခြား နဝယ် မဖြစ်သင့်ခြင်းဟူသော (အညထာနုပပတ္တိ သာမတ္ထိယ)အားဖြင့် ထိုနဝယ်များကိုသာ

http://www.dhammadownload.com

ဏကြီး ပြုရပါမည်။

မှတ်ချက်။ ။ ''အနာနိယာဒိ-၌ အာဒိသဒ္ဒါဖြင့် ကိဓာတ်နောင် နာပစ္စည်းကို ယူ'' ဟု ဘာသာဋီကာ၌ ဆို၏။ သို့သော် ထိုနာပစ္စည်းကို ကွစိ ဓာတု သုတ်ကြီးဖြင့် ဏပြုရန် ရှုပသိဒ္ဓိ၌ ဖွင့်ပြလျက်ရှိပါသည်။

မေး။ ''သာမထျာယံ ဏကာရတာ''၌ ''သာမထျ (သာမတ္ထိယ)''၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ''သာမထျ (သာမတ္ထိယ)''ဟူသည် အညတ္တာနုပပတ္တိနည်း ဖြစ်ပါသည်။

အန, အနိယတို့မှ နအက္ခရာသည် ''ကရ် + အန၊ ကရ် + အနိယ''စသည်ဖြင့် အသရစသည် ခြားနေသော်လည်း ထို နအက္ခရာမှတစ်ပါး အခြား နအက္ခရာမဖြစ်သင့်တော့ခြင်းကို ''အညထာနုပပတ္တိ''ဟု ဆိုပါသည်။ (အညထာ၊ တစ်ပါးသော အခြင်းအရာအားဖြင့်။ အနုပပတ္တိ၊ မသင့်လျော်ခြင်း, မဖြစ်သင့်ခြင်း။)

မေး။ ရဟာဒိတော ဏ သုတ်ဖြင့် ''နယ်ကို ဏကြီးပြန် ဥပဒေ''ကို သိသာရုံမျှ ရေးပြပါ။

ဖြေ။ ''ရိ-သရ, ရိ ဗျည်း, မုဒ္ဓဇ သ ဗျည်းတို့နောင် နယ် ရောက်လာသည်ရှိသော် သရ ၈-လုံး, ဟ, ယ, ဝ-နှင့် ကဝဂ်, ပဝဂ်တို့ ခြားနေသော်လည်း ဤ ရဟာဒိတော ဏ သုတ်ဖြင့် နယ်ကို ဏကြီး ပြန်ရမည်''ဟူသော ဥပဒေ ဖြစ်ပါသည်။

- ကရ် + အနိယ = ကရဏိယ၊ ရိ ဗျည်းနောင် ဖြစ်သောကြောင့် အ သရ ခြားလျက် နကို ဏ ပြုရသည်။
- ဂဟ် + အနိယ = ဂဟဏိယ၊ မူလဓာတ်ရင်း၌ 'ဂြဟ'ဟု ရိ ဗျည်းနောင် ဖြစ်သောကြောင့် ဟ် ဗျည်းခြားလျက် နကို ဏ ပြုရသည်။
  ["တိဏဂဟနံ၊ မြက်အရှုပ်အထွေး၊ ဝနဂဟနံ၊ တောအရှုပ်အထွေး ''စသည်တို့၌ကား ဂြဟ-ဓာတ် မဟုတ် 'ဂါဟ (ဂါဟ္ဟ)'ဓာတ်ဖြစ်သောကြောင့် နကို ဏ မပြုရ။]
- ရမု + အနိယ = ရမဏိယ၊ ရ နောင် ဖြစ်၍ ပဝဂ် (မ) အက္ခရာခြားလျက် နကို ဏ ပြုရသည်။

မေး။ (က) သင်္ကဏ္ဏိယော (ဆဋ္ဌ၊ ၃၄၀)။ သင်္ကဏ္ဏနီယော (သဒ္ဒ၊)

(ခ) ပါပုဏဏိယော (ဆဋ္ဌ၊ ၃၄၁)။ ပါပုဏနီယော-တို့၌ အမှားအမှန်ကို ဝေဖန် သုံးသပ် ဆုံးဖြတ်ပါ။

ဖြေ။ ၁။ သံ-ဂဟ+ဏှာ+အနိယ၊ ဟ် ကို ချေ, သထက်၌ နိဂ္ဂဟိတ်ကို ကဝဂ္ဂန္တ င် ပြု၊ (သင်္ကဏှာ+အနိယ)၊ ဤ၌ ဟ နောင် ''ဏှာ+အ'' ၂-လုံး ခြားနေသောကြောင့် နကို ဏ မပြုရ၊ သို့ဖြစ်၍ ''သင်္ကဏှနီယော''ဟု သိမှုအတိုင်းသာ ရှိသင့်၏။

၂။ ပ-အပ+ဥဏှာ+အနိယ၊ ပ-၏ အ ကို ချေ၊ နောက် အ ကို အာဒီဃပြု၊ ပ်, အာသို့ ကပ် (ပါပုဏှာ+အနိယ)၊ ဤ၌ ''ဏှာ+အ'' ၂လုံးခြား နေသောကြောင့် နကို ဏ မပြုရ၊ သို့ဖြစ်၍ ''ပါပုဏနီယော''ဟု သိမှုအတိုင်းသာ ရှိသင့်၏။ ဤသို့ ဆရာမြတ်တို့ ဆုံးဖြတ်တော်မူကြပါသည်။

ပထမကဏ္ဍပြီး၏။

http://www.dhammadownload.com

ဒုတိယကဏ္ဍ

၅၅၀၊ ၅၄၆။ ဏာဒယော တေကာလိကာ။ (၃၃၈)

မေး။ တေကာလိကာ–ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ အရလည်း ကောက်ပြပါ။

ဖြေ။ တိကာလေ နိယုတ္တာ တေကာလိကာ၊

တတိယဓာတွာဓိကာရ၌ စီရင်အပ်သည့် တိုက်ရိုက်မညွှန်ပြအပ်သော ကာလရှိသော ဏ–စသော ပစ္စည်းတို့ကို ရ၏။

''ဏာဒယော ပစ္စယာ ယုပစ္စယန္တာ တေကာလိကာတိ ဝေဒိတဗ္ဗာ''ဟု ဖွင့်သော ကစ္စည်းဝုတ္တိအလို ကိတ် ပထမပိုင်းလာ ဏ–အစ ယု–အဆုံး (၁၇)လုံးသော ပစ္စည်း တို့ကိုသာ ရ၏။ ရူပသိဒ္ဓိအလိုကား **ဒုတိယပိုင်းလာ** ပစ္စည်းများကိုလည်း ရ၏။

အမှာ။ ။ တတိယာဓာတွာဓိကာရကို ''အညေ ကိတ်''သုတ်၌ ပြန်ကြည့်ပါ။

မေး။ ''တေကာလိကပစ္စည်း''သရုပ်ကို **ဖော်ထုတ်ရေတွက်ပြပါ။**

ဖြေ။ ကစ္စည်းအလို – ဏ, အ, ဏ္ဍု, **တု, အာဝီ, ကွိ, ရမ္မ, ဏီ,** ယု, ရူ, ဏုက, ရ, တဗ္ဗ, အနီယ, ဏျ, တေယျ, ရိစ္စ ဟူ၍ (၁၇) **ပစ္စည်း** ရှိပါသည်။

ရူပသိဒ္ဓိအလိုကား–ဒုတိယပိုင်းလာ ပစ္စည်းများလည်း ပါဝင်ပါသည်။

၅၅၁၊ ၅၉၈။ သညာယံ ဒါဓာတော ဣ။ (၃၆၉)

မေး။ ဤသုတ်ဖြင့် ဣပစ္စည်းသက်ရာ သာဓနများကို ဖော်ပြပါ။

ဖြေ။ ''ဘာဝကမ္မာဒိအဓိကာရေ ဇေါယံ''ဟူသော ရူပသိဒ္ဓိအဆိုနှင့်အညီ ကစ္စည်း, ရူပသိဒ္ဓိ တို့၌လာသော ပြယုဂ်များကို ထောက်ထားလျှင် ဤသုတ်ဖြင့် ဘာဝ, ကမ္မ, ကတ္တု, အဓိကရဏဟူသော သာဓန ၄–ပါးတို့၌ ဣပစ္စည်းသက်ကြောင်းသိရပါသည်။ ပြယုဂ် တွေ့သမျှ ရေတွက်လျှင်ကား သမ္ပဒါနသာဓနမှ တစ်ပါး သာဓန ၆–ပါး၌ သက်ပါသည်။

ပဌမံ အာဒီယတီတိ အာဒိ။ (ကမ္မသာဓန)
ဥဒကံ ဒဓာတီတိ ဥဒဓိ။ (ကတ္တုသာဓန)
ဝါလာနိ ဒဓာတီ တသ္မိန္တိ ဝါလဓိ။ (အဓိကရဏသာဓန)
ဝိဓာနံ ဝိဓိ။ (ဘာဝသာဓန)
အာဒီယတိ အညပဒတ္ထော ဂယှတိ
ဇတ္ထေ ပဒေ သမီပဘာဝေနာတိ အာဒိ။ (သမီပအနက်ဟော–အာဒိ) (အဓိကရဏ)။
အာဒီယတိ အညပဒတ္ထော ဂယှတိ
ဇတသ္မာ ပဒတော သီမဘာဝေနာတိ အာဒိ။ (သီမာအနက်ဟော– အာဒိ) (အပါဒါန)။
အာဒီယတိ ယံ ပဒံ ဂယှတိ အညပဒတ္ထသာ
အဝယဝဘာဝေနာတိ အာဒိ။ (အဝယဝအနက်ဟော–အာဒိ) (ကမ္မ)။
အာဒီယတိ အညပဒတ္ထော ဂယှတိ ဇေတန
ပဒေန ပကာရဘာဝေနာတိ အာဒိ။ (ပကာရအနက်ဟော–အာဒိ) (ကရဏ)။

http://www.dhammadownload.com

မေး။ ဥဒမိ–ကို ရုပ်ကျဉ်းတွက်ပြခဲ့ပါ။

ဖြေ။ ဥဒက သဒ္ဒါပဟဒ ဓာ ဓာတ်တည်၊ ကပစ္စည်းသက်၊ မ် ခွင်း ချေ၊ ကပ်၍ ''ဥဒကမိ'' ဟု ဖြစ်နေသောအခါ တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် ဥဒက–ကို ဥဒ–ပြု၊ နာမ်ငဲ့ စသည်၊ ပြီး၏။

၅၅၂၊ ၆၀၉။ တိကိစ္ဆာ'သိဒ္ဓေ။ (၃၇၄)

မေး။ (က) တိ ကိစ္ဆာ'သိဒ္ဓေ (ရှု)။ (ခ) တိ ကိတ် စာ'သိဒ္ဓေ (ကစ္စည်း)–ဟူသော ပါဠိ နှစ်ထွေတို့တွင် သင့်မြတ်သောပါဠိကို သာဓကယုတ္တိဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ ''တိ ကိစ္ဆာ''တိဇ္ဈ ''ကိတ်''တိ တကာရဿ ကမိနာ နိပါတနေန စကာရော–ဟု ဖွင့်သော ရူပသိဒ္ဓိဋီကာ(၂၂၇) အလို – ''တိ + ကိတ် + စ + အာသိဒ္ဓေ''ဟု ပုဒ်ဖြတ်၊ ''ကိစ္ဆ''ဟူသော ဤနိပါတနဖြင့်ပင် 'ကိတ်'၌ တ် ကို စ် ပြု၊ စ် ကို နောက် စ သို့ကပ် (တိကိစ္ဆ+အာသိဒ္ဓေ)၊ စ္ဆ ခွင်း, ချေ, ကပ်၍ ''တိ ကိစ္ဆာ'သိဒ္ဓေ''ဟု ရုပ်ပြီးသောကြောင့် ၄င်းပါဠိသာ သင့်မြတ်ပါသည်။

(ဆဋ္ဌမူ သဒ္ဒါကြီးပါဠိ၌ ''တိ ကိတ် စာ'သိဒ္ဓေ''ဟုရှိ၏။ သိလွယ်သော်လည်း ရှေးမူလ ပါဠိဟောင်းကား မဟုတ်–ဟု မှတ်ပါ။)

မေး။ ဤသုတ်ကို ရူပသိဒ္ဓိအဖွင့်နှင့်အညီ အနက်ပေးပြပါ။

ဖြေ။ သညာယံ၊ အမည်ကို။ အဘိဓေယျာယံ၊ ဟောအပ်သည်ရှိသော်။ အာသိဒ္ဓေ၊ တောင့်တခြင်း အနက်ကို။ ဂမျမာနေ၊ သိအပ်သည်ရှိသော်။ ဓာတူဟိ၊ တို့မှ။ ပရော၊ နှောင်းသည်ဖြစ်၍။ တိ၊ သည်။ ဟောတိ၊ ၏။ ကိတ် စ၊ ကိတ်ပစ္စည်းသည်လည်း။ ဟောတိ၊ ၏။

မေး။ ဤသုတ်၏ အဂ်ီ ၂–ပါးကို ရေးသားဖော်ပြပါ။

ဖြေ။ ၁။ အမည်သညာဟောဖြစ်ခြင်း။

၂။ အာသိဒ္ဓအနက်ကို သိအပ်ခြင်းဟူ၍ အဂ်ီ ၂–ပါး ရှိပါသည်။

မေး။ 'ဇိနဗုဒ္ဓိ'စသောသဒ္ဒါတို့သည် အမြဲတမ်း အမည်သညာဟောသဒ္ဒါများ ဖြစ်ကြပါသလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ 'ဇိနဗုဒ္ဓိ' စသော သဒ္ဒါများကို အမည်ဟောအဖြစ် ဤသုတ်၌ ထုတ်ပြထားသော်လည်း ယင်းသဒ္ဒါတို့သည် အမြဲတမ်း အမည်သညာဟောများ မဟုတ်ကြပါ။ အာသီသ အနက်ကို ဟောသော အချိုအရာ၌သာ အမည်သညာကို ဟော၍ များစွာသော အရာတို့၌ကား ''ဘုရား၏ + သိခြင်း''စသည်ဖြင့် ကြိယာစသောအနက်တို့ကို ဟောပါသည်။

– ဇိနဗုဒ္ဓိတိ အာသီသတ္ထေ စ ကွစိ သညာ။ (ဋီကာ၊ ၂၂၇။)

၅၅၂၊ ၅၉၉။ ဣတ္ထိယမတိယဝေါ ဝါ။ (၃၇၀)

မေး။ ဤသုတ်ကို ပုဒ်ဖြတ်ပြပါ။

ဖြေ။ ဣတ္ထိယံ + အတိယဝေါ + ဝါ။

မေး။ 'အတိယဝေါ' ပုဒ်ကို ဝိဂ္ဂဟပြုပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ အ စ တိ စ ယု စ အတိယဝေါ။

မေး။ အ, တိ, ယု ပစ္စည်းတို့၏ သက်ရာသာဓနများကို ဖော်ပြပါ။

ဖြေ။ ကတ္တု, ကမ္မ, ကရဏ, အဓိကရဏ, ဘာဝသာဓန ၅-မျိုးတို့ ဖြစ်ပါသည်။

ပုံစံများ

အပစ္စည်း

ဇိရတိ, ဇိရဏန္တိ ဝါ ဇရာ (ဇရ+အ, အာ၊ ကတ္တု, ဘာဝ)
ပဋိပဇ္ဇတိ တောယာတိပဋိပဒါ (ပဋိ-ပဒ+အ, အာ၊ ကရဏ)
သိက္ခနံ, သိက္ခိယတိတိ ဝါ သိက္ခာ (သိက္ခ+အ, အာ၊ ဘာဝ, ကမ္မ)
သမ္မာ စျာယတိ ဇ္ဈာတိ သဇ္ဈာ (သံ-ဈေ+အ, အာ၊ အဓိကရဏ)
[ကတ္တု, ကမ္မ, ကရဏ, အဓိကရဏ, ဘာဝ ၅-ပါး]

တိပစ္စည်း

သမ္မာဝနံ သမ္မာတိ။ (သံ-ဘူ+တိ၊ ဘာဝ)
သဝဏ်ံ သုတိ။ (သု + တိ၊ ဘာဝ)
နယနံ, နီယတိ ဇောယတိ ဝါ နီတိ (နီ+တိ၊ ဘာဝ, ကရဏ)
မညတိတိ မတိ (မန+တိ၊ ကတ္တု)
ဂမနံ, ဂန္တုဗ္ဗာတိ ဝါ ဂတိ (ဂမု+တိ၊ ဘာဝ, ကမ္မ)
[ကတ္တု, ကမ္မ, ကရဏ, ဘာဝ ၄-ပါး]

ယုပစ္စည်း

စေတယတိတိ စေတနာ။ (စိတိ+ယု၊ ကတ္တု)
ဒေသီယတိတိ ဒေသနာ။ (ဒိသီ+ယု၊ ကမ္မ)

မေး။ တိပစ္စယန္တပုဒ်တို့၏ လိင်ကို ဖော်ပြပါ။

ဖြေ။ ကွတ္တိလိင် ဖြစ်ပါသည်။

မေး။ ''ဥပဇ္ဈာ''ပုဒ်၏ လိင်ကို စိစစ်ဖြေဆိုပါ။

ဖြေ။ ရူပသိဒ္ဓိဆရာသည် ''ဥပဇ္ဈာ''ပုဒ်ကို ကွတ္တိလိင်-ဟု ဆိုလို၏။ ထိုအဆိုသည် ''ဥပဇ္ဈာတိ ဥပဇ္ဈာယသဒ္ဒသမာနတ္ထော အာကာရန္တော ဥပဇ္ဈာသဒ္ဒေါတိ ဒဿေတိ'' ဟူသော ဝိမတိဝိနောဒနီဋီကာ (၂။ ၁၃၂။) ပထမနည်းနှင့် အညီဖြစ်ပါသည်။

''ဥပဇ္ဈာယသဒ္ဒေါ ဇဝ ဝါ ဥပဇ္ဈာ၊ ဥပယောဂပစ္စတ္ထဝစနေသု ယကာရလောပံ ကတ္တာဇံ ဝုတ္တော၊ ကရဏဝစနာဒီသု ဥပဇ္ဈာယသဒ္ဒသ ပယောဂါဘာဝါတိ ဒဋ္ဌဗ္ဗံ'' ဖွင့်သော ၄င်းဒုတိယနည်းအလိုကား ပုလ္လိင် ဖြစ်ပါသည်။ ဥပဟု ဈေဓာတ်+ဏ ပစ္စည်းဖြင့် ''ဥပဇ္ဈာယ'' ဖြစ်ပြီးမှ ယ-ကို ချေ၍ ''ဥပဇ္ဈာ''ဟု ရှုပ်ပြီးနေခြင်း ဖြစ်ပါသည်။

မေး။ သမ္မာတိ, သုတိ, နီတိ-ပြယုဂ်တို့၌ ဝုဒ္ဓိမပြုရခြင်း အကြောင်းကို ဖြေဆိုပါ။

ဖြေ။ ထိုပြယုဂ်တို့၌ အညေသု စ သုတ်သို့ ယဋ္ဌာဒီနံ ဝါ သုတ်မှ လိုက်လာသော ဝါသဒ္ဒါက တားမြစ်သောကြောင့် ဝုဒ္ဓိမပြုရခြင်း ဖြစ်ပါသည်။

မေး။ (က) ဘုတ္တိ, ယုတ္တိ (ခ) သမာပတ္တိ, သမ္မတ္တိ တို့၏ ရှုပ်ပြီးပုံများကို ရေးပြပါ။

http://www.dhammadownload.com

ဖြေ။ (က) ဘုဇာတ်, ယုဇာတ်၊ ဤသုတ်ဖြင့် တိပစ္စည်းသက်၊ 'ဘုဇာဒီနမန္တော နော ဒွိ စ သုတ်ဖြင့် ဓာတွန် ဇကိုချေ တပစ္စည်းကိုလည်း ဒွေးဘော်ပြု၊ နာမ်ငဲ့စသည် ပြီး၏။

(ခ) သံ အာ ပုဗ္ဗ ပဒဓာတ်၊ သံ ပုဗ္ဗ ပဒဓာတ်၊ ဤသုတ်ဖြင့် တိပစ္စည်းသက်၊ ဂုပါဒီနဥ္စ သုတ်ဖြင့် ဓာတွန် ဒ် ကို ချေ၊ တပစ္စည်းကိုလည်း ဒွေးဘော်ပြု၊ နာမ်ငဲ့စသည်၊ ပြီး၏။

မေး။ ဟာနိ, ဇာနိ–တို့ကို ရုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ ဟာဓာတ်တည်၊ ဤသုတ်ဖြင့် တိပစ္စည်းသက် ကွစိ ဓာတု သုတ်ကြီးဖြင့် ဟာဓာတ်နောင် တိပစ္စည်းကို နိ–ပြု၊ နာမ်ငဲ့စသည်၊ 'ဟာနိ' ပြီး၏။

ဇာဓာတ်တည်၊ ဤသုတ်ဖြင့် တိပစ္စည်းသက်၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဇာဓာတ်နောင် တိပစ္စည်းကို နိ–ပြု၊ နာမ်ငဲ့စသည်၊ 'ဇာနိ' ပြီး၏။

သီဟိုဠ် ဗျာချာအလိုကား နှစ်ရုပ်လုံး၌ ဟာဓာတ်ပင် တည်၊ တိပစ္စည်းသက် ဟာ ကို ဇာ ပြု၍ 'ဇာနိ'ဟု ပြီးပါသည်။

မှတ်ချက်။ ။ ''ဇဟာဟိ နိ (၅၊ ၅၀)''ဟူသော မောဂ္ဂလ္လာန်အလိုကား ဟာဓာတ်, ဇာဓာတ်တို့နောင် နိ ပစ္စည်းသက်၍ ''ဟာနိ၊ ဇာနိ''ဟု ရုပ်ပြီးပါသည်။

၅၅၄၊ ၆၀၀။ ကရတော ရိရိယ။ (၃၇၂)

မေး။ ''အနိတ္ထိယံ''အရကို သာဓကဖြင့် ဖော်ပြပါ။

ဖြေ။ ''ကရဏီယံ ကိရိယံ''ဟူသော ပုံစံကို ထောက်၍ ''အနိတ္ထိယံ'' အရ နပုလ္လိင်ကိုသာ ယူရမည်ဟု နိဒ္ဒေသစသည်တို့၌ ဖွင့်ပြကြပါသည်။

တိပိဋကာ ပါဠိမြန်မာအဘိဓာန်၌ (ထိ၊ နဲ)ဟု ပြပါသည်။

ဘာသာဋီကာဆရာတော်ကား ''ပါပကော အကုသလော ဓမ္မော အကိရိယော ဝဒါမိ'' ဟူသော ပါရာဇိကဏ် ဝေရဉ္ဇကဏ္ဍ ပါဠိတော်ကိုထောက်၍ ပုလ္လိင်, နပုလ္လိင်ကို ယူရမည်ဟု ဆိုပါသည်။

၅၅၅၊ ၆၁၂။ အတီတေ တတဝန္တု တာဝီ။ (၃၇၅)

မေး။ အတီတေ တ တဝန္တုတာဝီ သုတ်ကို ရှုပသိဒ္ဓိ, ၄င်းဋီကာတို့နှင့်အညီ အနက်ပေးပြပါ။

ဖြေ။ အတီတေ၊ အတိတ်ဖြစ်သော။ ကာလေ၊ ကာလကို။ ဂမျမာနေ၊ သိအပ်သည်ရှိသော်။ ကတ္တရိ၊ ကို။ အဘိဓေယျ၊ ဟောအပ်သည်ရှိသော်။ သဗ္ဗဓာတူဟိ၊ တို့မှ။ ပရာ၊ နောင်းကုန်သည်ဖြစ်၍။ တ တဝန္တုတာဝီ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ (ရူ၊ ၄င်းဋီကာ၊ ၂၂၅)။

မေး။ တ, တဝန္တု, တာဝီ–ပစ္စည်းတို့၏ အမည်ထူးကိုဖော်ပြ၍၊ ထိုအမည်သည် သကသမညာလော? ပရသမညာလော? ရှင်းပြပါ။

ဖြေ။ အမည်ထူးမှာ ''နိဋ္ဌာ'' ဖြစ်ပါသည်။

တ, တဝန္တု တို့နှင့်တူသော က္တ, က္တဝန္တုပစ္စည်းတို့ကို ''ပါဏိနိ''ခေါ် သက္ကတသဒ္ဒါကျမ်းကြီး၌ ''က္တက္တဝန္တူ နိဋ္ဌာ (ပါ၊ ၁၊ ၁၊ ၂၆။)''ဟူသောသုတ်ဖြင့် ''နိဋ္ဌာ''အမည်

http://www.dhammadownload.com

မှည့်ထားသည်။ ထို့ကြောင့် ဤ ''နိဗ္ဗာ''ဟူသော အမည်သည် သကသမညာ မဟုတ်၊ ''ပရသမညာ''သာ ဖြစ်ပါသည်။

"နိဗ္ဗာ"ဟု အာကာရန္တရေးမှ အမှန်။ ။ ကွက္ကဝန္တူ နိဗ္ဗာ (ပါ၊ ၁၊ ၁၊ ၂၆။ ကာတန္တ ကိတ်၊ ၈၄)။

ဧတေ နိဗ္ဗာသညာ ဘဝန္တိ။ (သိဒ္ဓါန္တကောမုဒီ)

နိဗ္ဗာ (ပါ၊ ၃၊ ၂၊ ၁၀၂၊ ကာတန္တကိတ်–၂၄၃။) ဘူတေ ဝတ္ထုမာနာ ဓာတုမှာ နိဗ္ဗာ ဘဝတိ (ဂင်း)။

အထက်ပါ သာဓကတို့ကို ထောက်ထား၍ ''နိဗ္ဗာ''ဟု အာကာရန္တနှင့် ရေးမှ အမှန်ဖြစ်ကြောင်း သိပါ။ ရှုပသိဒ္ဓိစာကိုယ်နှင့်တကွ စာအုပ်တို့၌ ''နိဗ္ဗ''ဟုအာကာရန္တနှင့် ရှိကြ ရေးကြပါသည်။

မေး။ ''နိဗ္ဗာ''ဟူသောအမည်သည် အနွတ္ထသညာလော? ရဂ္ဂိသညာလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''နိဗ္ဗာ''သဒ္ဒါသည် ''ပြီးပြီ''ဟူသော အတိတ်ကာလအနက်ကို ဟော၏။ ဤ တစသော ပစ္စည်းများသည် ''ပြီးပြီ''ဟူသော အတိတ်ကာလ အနက်ကိုပင် ဟောကြ၏။ ထို့ကြောင့် ''နိဗ္ဗာ''ဟူသော အမည်သည် အနက်အားလျော်သော ''အနွတ္ထသညာ'' ဖြစ်ပါသည်။

မေး။ နိဗ္ဗာ–မည်သော တ, တဝန္တု, တာဝီပစ္စည်းတို့၏ သက်ရာသာဓနကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ထို တ, တဝန္တု, တာဝီပစ္စည်းတို့သည် ''ကတ္တရိ ကိတ်''သုတ်ဖြင့် ''ကိတ်'' အမည်ရသော ကြောင့် ကတ္တုသာဓနာ၌ သက်ကြပါသည်။

မေး။ ဘူတော, ဟုတော–စသော ပြယုဂ်တို့၌ ဦ, ဥ တို့ကို အဘယ်ကြောင့် ဝုဒ္ဓိမပြုရပါသနည်း ရှင်းပြပါ။

ဖြေ။ အညေသု စ သုတ်၌ လိုက်လာသော ဝါသဒ္ဒါက ''ယုဝဏ္ဏာနမ်ဓိ ယ ဏု ဏာ နာ–နိဗ္ဗာဒီသု ဝုဒ္ဓိ နဲ''ဟု နိဗ္ဗာ–ဟူသော တ တဝန္တု တာဝီ ပစ္စည်းတို့နောင်းရာ၌ ဝုဒ္ဓိမပြုရန် တားမြစ်ထားသောကြောင့် ''ဘူတော, ဟုတော'' စသည်တို့၌ ဦ ဥ တို့ကို ဝုဒ္ဓိမပြုရခြင်း ဖြစ်ပါသည်။

မှတ်ချက်။ ။ ဟုတာဝိ–၌ 'သုခကာရိ ဒါနံ'ကဲ့သို့ ဤကို ကူရသပြု။

၅၅၆၊ ၆၂၂။ ဘာဝကမ္မေသု တ။ (၃၈၀)

မေး။ တပစ္စယန္တ သဒ္ဒါတို့၏ လိင်ကို ဖော်ပြပါ။

ဖြေ။ ဘောအနက်၌သက်သော တပစ္စည်း (တပစ္စည်းအဆုံးရှိသောသဒ္ဒါ)မှာ နပုလ္လိင်ဖြစ်၍၊ ကံအနက်၌သက်သော တပစ္စည်းကား လိင်သုံးပါး ဖြစ်ပါသည်။

အမှာ။ ။ တပစ္စည်းသည် အခြားသောသာဓနတို့၌လည်း သက်သောကြောင့် ''ဘောမှ ကြွင်းသော သာဓန ၆–ပါးတို့၌သက်သော တပစ္စည်းသည် လိင်သုံးပါး''ဟု ဖြည့်စွက်မှတ်သားကြပါလေ။

http://www.dhammadownload.com

မေး။ ယုပစ္စည်း, ကိစ္စပစ္စည်း, တပစ္စည်းတို့၏ သာဓနနှင့် လိင်များကို သိသာထင်ရှားအောင် ရေးသားဖြေဆိုပါ။

ဖြေ။ ယုပစ္စည်းသည် ကတ္တုသာဓနၭ သုံးလိင်, ကြွင်းသော သာဓန ၆-ပါးတို့၌ နပုလ္လိင်။
ကိစ္စပစ္စည်းတို့သည် ဘာဝသာဓနၭ နပုလ္လိင်, ကမ္မသာဓနၭ သုံးလိင်။
တပစ္စည်းသည် ဘာဝသာဓနၭ နပုလ္လိင်၊ ကြွင်းသော သာဓန ၆-ပါးတို့၌ သုံးလိင်ဖြစ်ပါသည်။

ပစ္စည်း	သာဓနနှင့် လိင်	သာဓနနှင့် လိင်
ယု	ကြွင်းသာဓန ၆-ပါး နပုလ္လိင်	ကတ္တု သုံးလိင်
ကိစ္စ	ဘာဝသာဓန ။	ကမ္မ ။
တ	ဘာဝသာဓန ။	ကြွင်းသာဓန ။

မေး။ ဘာဝကမ္မေသု တ-သုတ်၌ ဘာဝကမ္မေသု-ပုဒ်ကို ဖြုတ်ထားသည့် ''တ''ဟူသော ဒ္ဒါဓာကရဏ ယောဂဝိဘာဂ၏အကျိုးကို ရေးပြပါ။

ဖြေ။ ''တ''ဟူသော ဒ္ဒါဓာကရဏ ယောဂဝိဘာဂဖြင့် အစလန (မလှုပ်ရှားခြင်း) အနက်ရှိသော ဓာတ်၊ ဂတိအနက်ရှိသော ဓာတ်၊ ဘောဇန (စားခြင်း) အနက်ရှိသော ဓာတ်တို့နောင် အဓိကရဏသာဓနၭလည်း တပစ္စည်း သက်ရခြင်း အကျိုးရှိပါသည်။ (အဓိကရဏောပိ-ၭ ပိသဒ္ဒါဖြင့် ကတ္တု, ကမ္မ,ဘာဝတို့ကို ဆည်း၏။)

မေး။ (က) အစလနတ္ထဓာတ် (ခ) ဂတျတ္ထဓာတ် (ဂ) ဘောဇနတ္ထဓာတ်တို့ကို ဖော်ပြပါ။

ဖြေ။ (က) အစလနတ္ထဓာတ်-ဟူသည် မလှုပ်ရှားဘဲ နေခြင်း, ရပ်တည်ခြင်း, ထိုင်ခြင်း, အိပ်ခြင်း အနက်ရှိသော အာသဓာတ်, ဌာဓာတ်, နိပုဗ္ဗ သဒဓာတ်, နိပုဗ္ဗ ပဒဓာတ် စသည်တို့ ဖြစ်ပါသည်။
(ခ) ဂတျတ္ထဓာတ်-ဟူသည် ယာ ဂတိပါပုဏာနေ, ဂမု ဂတိမှိ စသောဓာတ်တို့ ဖြစ်ပါသည်။
(ဂ) ဘောဇနတ္ထဓာတ်-ဟူသည် စားမျိုခြင်း, သောက်ခြင်းအနက်ရှိသော ဘုဇဓာတ်, ပါဓာတ် စသည်တို့ ဖြစ်ပါသည်။

၅၅၇၊ ၆၀၆။ ဗုဓဂမာဒိတ္ထော ကတ္တာရိ။ (၃၇၃)

မေး။ ဤသုတ်ကို ရှုပသိဒ္ဓိ, ၄င်းဋီကာတို့အလိုကျ အနက်ပေးပြပါ။

ဖြေ။ ၄င်းတို့အလို ''ဗုဓဂမာဒိတ္ထော + ကတ္တာရိ''ဟု ၂-ပုဒ်ရှိသောသုတ် ဖြစ်၏။
ဗုဓဂမာဒိတ္ထော၊ ဗုဓ, ဂမု အစရှိသော ဓာတ်တို့၏ သိခြင်း, သွားခြင်း (ဂတိ)အစရှိသော အနက်ကို။ ဂမျမာနေ၊ သိအပ်သည်ရှိသော်။ (ဗုဓဂမာဒိဟိ၊ ဗုဓ, ဂမု အစရှိသော ဓာတ်တို့မှ။ ပရော၊ ဖြစ်၍) သဗ္ဗကာလေ၊ အလုံးစုံသော ကာလ၌။ ကတ္တာရိ၊ ကတ္တားအနက်၌။ တ၊ တပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

မှတ်ချက်။ ။ ချာသ, နိဒ္ဒေသ စသည်တို့အလိုကား - ''ဗုဓဂမာဒိ + အတ္ထော + ကတ္တာရိ''ဟု ၃-ပုဒ်ရှိသောသုတ်တည်း။

http://www.dhammadownload.com

ယူဆဖွယ်။ ။ ထို ၂-မျိုးတို့တွင် ကစ္စည်း, ရူအဖွင့်များကို စဉ်းစားဆင်ခြင်သော် ၃-ပုဒ်ရှိသောသုတ်ဟူသော ချာသစသည်တို့ အလိုသာ သဘာဝကျသည်ဟု ယူဆဖွယ်ရှိပါသည်။

မေး။ ဤသုတ်ဝုတ္တိဒ္ဌ ''ဗုဓဂမုက္ကစ္ဆေဝမာဒီဟိ ဓာတူဟိ''ဟု ထည့်ဖွင့်နိုင်ပုံကို ရှင်းပြပါ။

ဖြေ။ ''ဗုဓဂမာဒိတ္ထေ''ဟူသောပါဠိက ''ဗုဓ, ဂမု အစရှိသောဓာတ်တို့၏ သိခြင်း, သွားခြင်း စသောအနက်ကို သိအပ်သည်ရှိသော် တပစ္စည်းသက်''ဟု တိုက်ရိုက်ပြ၏။ ယင်းသို့ပြသဖြင့် ထိုသိခြင်း, သွားခြင်း စသောအနက်ရှိသည့် ဗုဓ, ဂမုစသော ဓာတ်တို့နောင် တပစ္စည်းသက်ရကြောင်းကို သာမတ္ထိယအာဖြင့် ပြပြီး ဖြစ်ပါတော့သည်။ ထို့ကြောင့် ရူပသိဒ္ဓိစာကိုယ်၌ ''ဗုဓဂမုက္ကစ္ဆေဝမာဒီဟိ ဓာတူဟိ''ဟု ထည့်ဖွင့်နိုင်ခြင်း ဖြစ်ပါသည်။

မှတ်ချက်။ ။ ''သိခြင်းအနက်ရှိသောဓာတ်''ဟူသည် ဗုဓ, ဉာဏ အစရှိသော ဓာတ်တို့တည်း။ ''ဂတိအနက်ရှိသောဓာတ်'' ဟူသည် ဂမု, ဣ အစရှိသော ဓာတ်တို့တည်း။

မေး။ ဗုဓဂမာဒိ-၌ အာဒိသဒ္ဒါဖြင့် ယူရမည့်ဓာတ်များကို ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါဖြင့် စိန္တ, သန္ဒ စသောဓာတ်တို့ကို ယူရပါမည်။

မေး။ စိတ္တံ-ပုဒ်ကို ရုပ် ၂-နည်း တွက်ပြခဲ့ပါ။

ဖြေ။ စိန္တဓာတ်တည်၊ ဗုဓဂမာဒိတ္ထေ ကတ္တရိ သုတ်ဖြင့် တပစ္စည်းသက်၊ ဂုပါဒိနဋ္ဌ သုတ်ဖြင့် ဓာတွန် နှင့် ကို ချေ, တကို သဒိသဒ္ဒေဘော် တ္တ-ပြု၊ ပြီး၏။ (ရူ၊ ၃၇၄။)

(တစ်နည်း) စိန္တဓာတ်တည်၊ တ ပစ္စည်းသက် (စိန္တ်+တ)၊ သုတ်ကြီးဖြင့် နှ် ကို နိဂ္ဂဟိတ်ပြု၊ ဗျဉ္ဇနေ စ သုတ်ဖြင့် ထိုနိဂ္ဂဟိတ်ကို ချေ (စိ တ် တ)၊ တ် တသို့ကပ်၊ နာမ်ငဲ့ စသည်၊ ပြီး၏။ (ရူ၊ ၄၁၁။)

မေး။ 'သတ္တော'ပုဒ်ကို-ဝိဂြိုဟ်ဆိုရာ၌ ''ရူပါဒီသု အသဇ္ဈိ, သဇ္ဈတိ, သဇ္ဈိသတီတိ ဝါ သတ္တော'' ဟု ဆဋ္ဌမူ ရူပသိဒ္ဓိ၌ ရှိနေရာ ယင်းပါဠိ သင့်/ မသင့်ကို စိစစ်ဆုံးဖြတ်ပါ။

ဖြေ။ ''သန္ဒ သင်္ဂေ''ဟူသော ဓာတ်သည် ဘူပါဒိဂိဏ်းဖြစ်လျှင် ''အသဇ္ဈိ'' စသည်ဖြင့် ရုပ်မပြီးနိုင် သဇ္ဈဓာတ်ဖြင့်သာ ယင်းသို့ ပြီးနိုင်ပါသည်။ ထို့ကြောင့် ''အသဇ္ဇိ''စသည်ဖြင့် ဆရာမြတ်တို့ ပြင်တော်မူကြသည်။ အခြားကျမ်းတို့၌လည်း ''ရူပါဒီသု သဇ္ဇတိတိ သတ္တော'' ဟုပင်ရှိသောကြောင့်လည်းကောင်း၊ ရန္ဒဓာတ်ဖြင့် ''ရဇ္ဇတိ''ဟုရုပ်ပြီးသည်ကို ထောက်၍လည်းကောင်း ဆရာမြတ်တို့ ပြင်ဆင်သည့်အတိုင်းသာ ရှိသင့်ပါသည်။

၅၅၉၊ ၆၀၃။ သုပတော စ။ (၃၇၂)

မေး။ ဤသုတ်ဖြင့် ကွန ပစ္စည်း သက်ရာသာဓနတို့ကို သာဓကဖြင့် ဖော်ပြပါ။

ဖြေ။ ''သုပတိ, သုပန္တိ ဝါ သုပိနော, သုပိနံ''တို့ကိုထောက်၍ ကတ္တုသာဓန, ဘာဝသာဓနတို့ ဖြစ်ပါသည်။

၅၆၀၊ ၆၀၃။ ဤသံဒုဿုဟိ စ။ (၃၇၂-၃)

မေး။ ဤသုတ်ကို ရူပသိဒ္ဓိဆရာအလိုကျ အနက်ပေးပြပါ။

http://www.dhammadownload.com

ဖြေ။ ဤသံဒုသူဟိ၊ ဤသံ, ဒု, သု ဟူသော ဥပပဒတို့မှ (ပရေဟိ၊ နောက်ဖြစ်ကုန်သော။ ဓာတူဟိ၊ ဓာတ်တို့မှ။ ပရော၊ ဖြစ်၍။) ခ၊ ခ ပစ္စည်းသည်။ ဟောတိ၊ ၏။

မေး။ ဤသုတ်ဖြင့်သက်သော 'ခ'ပစ္စည်း၏အနက်ကို အထောက်သာဓကဖြင့် ဖော်ပြပါ။

ဖြေ။ ''ဘာဝကမ္မေသု ကိစ္စက္ကခတ္ထာ''ဟူသော နိယမသုတ်ကို ထောက်၍ ဤသုတ်ဖြင့် သက်သော 'ခ' ပစ္စည်းသည် ဘော, ကံ အနက်တို့၌ သက်ပါသည်။

မေး။ ဤသုတ်ဖြင့် ခ ပစ္စည်းသက်ရသော သဒ္ဒါတို့၏ အနက်များကို ရေးသားဖြေဆိုပါ။

ဖြေ။ ဒုသဒ္ဒါသည် ကိစ္ဆ (= ဒုက္ခ = အာယာသ) အနက်ကို ဟော၍၊ ဤသံသဒ္ဒါ, သုသဒ္ဒါတို့သည် အကိစ္ဆ (= သုခ = အနာယာသ) အနက်ကို ဟောကြပါသည်။

မေး။ ''ဤသဿယော ဘဝတာ''ကို အနက်မှန် ပေးမြဲ၍၊ ''စဉ်းငယ်အိပ်ခြင်း''ဟု အနက်ပေးသင့် / မပေးသင့် နှိုင်းချင့်ဆုံးဖြတ်ပါ။

ဖြေ။ ဘဝတာ၊ အရှင်သည်။ ဤသဿယော၊ မငြိုငြင် မပင်ပန်းသဖြင့် (လွယ်ကူသဖြင့်) အိပ်ခြင်း။

ဤသံသဒ္ဒါသည် အပ္ပ (= အနည်းငယ် = စဉ်းငယ်)ဟူသော အနက်ကို မဟော၊ အကိစ္ဆ (= သုခ = အနာယာသ)အနက်ကိုသာ ဟောကြောင်း သက္ကတသဒ္ဒါကျမ်းတို့၌ ဖွင့်ပြထားသောကြောင့် ''စဉ်းငယ်အိပ်ခြင်း''ဟု မပေးသင့်ပါ။

သာဓကများ - ဤသံသဒ္ဒေါ ထ္ထေ သုကရတ္ထေ။ (မောဂ် ပဋိကာ၊ ၅။ ၄၄။)
ဤသံသဒ္ဒေါ ထ္ထေ သုကရတ္ထော၊ န အပ္ပတ္ထော။ (ပဒသာဓနဋီကာ၊ ၅၁၄။)
ပါဏိနီ၊ ၃၊ ၃၊ ၁၂၆။ ၄င်း ကာသိကာဝုတ္တိ။ ဗာလမနောရမာဋီကာ၊ တတွဗောဓိနီ။ ကာတန္တ၊ ကိတ်၊ ၄၁၉-သုတ်များလည်း ကြည့်ပါ။

အနက်များ။ ။ ''ဒုဿယော၊ ငြိုငြင်ပင်ပန်းသဖြင့် (ခဲယဉ်းသဖြင့်) အိပ်ခြင်း။ သုဿယော၊ မငြိုငြင် မပင်ပန်းသဖြင့် (ချမ်းသာသဖြင့်) အိပ်ခြင်း''ဟု ပေးပါ။

မေး။ (က) ဤသက္ကရံ ကမ္မံ ဘဝတာ (ခ) ဒုက္ကရံ ဟိတံ ဘဝတာ (ဂ) သုကရံ ပါပံ ဗာလေန-ဝါကျတို့ကို အနက်ပေးပြခဲ့ပါ။

ဖြေ။ (က) ဘဝတာ၊ အရှင်သည်။ ကမ္မံ၊ အမှုကို။ ဤသက္ကရံ၊ မငြိုငြင် မပင်ပန်းသဖြင့် (လွယ်ကူသဖြင့်) ပြုအပ်၏။

(ခ) ဘဝတာ၊ သည်။ ဟိတံ၊ အစီးအပွားကို။ ဒုက္ကရံ၊ ငြိုငြင်ပင်ပန်းသဖြင့် (ခဲယဉ်းသဖြင့်) ပြုအပ်၏။

(ဂ) ဗာလေန၊ လူမိုက်သည်။ ပါပံ၊ မကောင်းမှုကို။ သုကရံ၊ မငြိုငြင် မပင်ပန်းသဖြင့် (ချမ်းသာလွယ်ကူသဖြင့်) ပြုအပ်၏။

မေး။ ဤသဿယော-ကို ရုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ ဤသံ-သီ + ခ၊ ခ် အနုဗန်ကို ချေ အညေသု စ သုတ်ဖြင့် သီ-၌ ဤ ကို ဇေဒ္ဓိပြု၊ ၄ ကို အယ ပြု၊ သ် အသို့ကပ် (ဤသံသယ)၊ ကမ္မဓာရည်းသမာသ်စပ်၊ သုတ်ကြီးဖြင့် (ဗျဉ္ဇနေ စ သုတ်ဖြင့် - ဘာဋီ) နိဂ္ဂဟိတ်ကို ချေ၊ သသဒိသဒွေးဘော် ဿ-ပြု၊

http://www.dhammadownload.com

နာမ်ငဲ့စသည်၊ ''ဤသဿယော'' ပြီး၏။

၅၆၁၊ ၆၃၆။ ကျစ္ဆတ္ထေသု သမာနကတ္တုကေသု တဝေတုံ ဝါ။ (၃၉၀)

မေး။ ဤသုတ်ကို ရှုဆရာအလိုကျ အနက်ပေး၍၊ ဆိုလိုရင်းအဓိပ္ပါယ်ကိုလည်း ရေးပြပါ။

ဖြေ။ ကျစ္ဆတ္ထေသု၊ ကျစ္ဆာအနက်ရှိသော ဓာတ်တို့သည်။ သမာနကတ္တုကေသု၊ တူသော ကတ္တားရှိကုန်သည်။ သန္တေသု၊ ဖြစ်ကုန်လတ်သော်။ သဗ္ဗဓာတူဟိ၊ တို့မှ။ ပရာ၊ နှောင်းကုန်သည်ဖြစ်၍။ ကတ္တရိ၊ ကတ္တားအနက်၌။ တဝေတုံ၊ တဝေ ပစ္စည်း, တုံပစ္စည်းတို့သည်။ ဝါ၊ အချို့။ ဟောန္တိ၊ ကုန်၏။

ကျစ္ဆာအနက်ရှိသော(အလိုရှိခြင်း လိုလားခြင်းအနက်ဟော)ဓာတ်များသည် မိမိတို့တွဲဖက်ဓာတ်များနှင့် ကတ္တားတူ သမာနကတ္တုကဖြစ်ခဲ့သော် တွဲဖက်ဓာတ်များနောင် ကတ္တားအနက်၌ တဝေ, တုံပစ္စည်းများ သက်ပါ–ဟူလို။

မေး။ ကျစ္ဆတ္ထေသု–ပုဒ်ကို ဝစနတ္ထပြု၍၊ အရလည်း ကောက်ပြပါ။

ဖြေ။ ကျစ္ဆာ အတ္ထော ယေသံ တေ ကျစ္ဆတ္ထာ။
ကျစ္ဆာအနက်ရှိသော ကျသု, ကမု, အာပုဗ္ဗ ကခ်, အဘိပုဗ္ဗ ကခ်–စသော ဓာတ်တို့ကို ရပါသည်။

မေး။ ''သမာနကတ္တုက'' အဓိပ္ပါယ်ကို ရှင်းလင်းဖော်ပြပါ။

ဖြေ။ ''သော ပုညာနိ ကာတဝေ ကျစ္ဆတိ''ပြယုဂ်ဝယ် ကာတဝေ ၌ ကရ ဓာတ်၏ ကတ္တားသည် ''သော'' ဖြစ်၏။ ကျစ္ဆတိ–၌ ကျသုဓာတ်၏ ကတ္တားလည်း ''သော''ပင် ဖြစ်၏။ (ပြုသောသူလည်း ထိုသူ၊ အလိုရှိသောသူလည်း ထိုသူပင် ဖြစ်၏။) ဤသို့ တူသော ကတ္တားရှိသည်ကို ''သမာနကတ္တုက''ဟု ဆိုရပါသည်။

မေး။ ဤသုတ်ဖြင့် သက်သော တဝေ, တုံပစ္စည်းတို့၏ သာဓနအနက်များကို ဖော်ပြပြီးလျှင်၊ ကာတဝေ, ကာတုံတို့ကိုလည်း အနက်ပေးပြပါ။

ဖြေ။ **ကစ္စည်း, ရူပသိဒ္ဓိတို့အလို** – တဝေ, တုံပစ္စည်းတို့သည် ကတ္တရိ ကိတ်သုတ်ဖြင့် ကိတ်အမည်ရသော ပစ္စည်းများဖြစ်သောကြောင့် ကတ္တားအနက်၌ သက်ကြပါသည်။

မောဂ္ဂလ္လာန်အလိုကား – တဝေ, တုံ, တာယေပစ္စည်း အနာဂတ်ကာလဝယ် ဘောအနက်၌ သက်ကြောင်းဆို၏။

စာလိနီအလို – ''ကိ မယာ ကာတုံ သက္ကာ''ဟူသော ခန္ဓဝိဘင်း ပါဠိတော်ကိုထောက်၍ ကံအနက်၌လည်း တဝေ, တုံ စသော ပစ္စည်းများ သက်သည်–ဟု ဆိုပါသည်။

ကာတဝေ, ကာတုံ၊ ပြုတတ်ဖို့ရာ, ပြုဖို့ရာ၊ (ကတ္တားအနက်၊ ကစ္စည်း, ရူပသိဒ္ဓိ။)
ကာတဝေ, ကာတုံ၊ ပြုခြင်းငှ်။ (ဘောအနက်၊ မောဂ္ဂလ္လာန်။)

မေး။ ''တဝေ, တုံ ဝါ'' ဟူသော ယောဂဝိဘာဂ၏ အကျိုးကို ဖြေဆိုပါ။

ဖြေ။ ''ကျစ္ဆတ္ထေသု သမာနကတ္တုကေသု''ကို ဖြုတ်ထားသည့် ''တဝေ တုံ ဝါ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် တဒတ္ထကြိယာကို သိအပ်သည် ရှိသော် အကျိုးကြိယာအနက်ဟောဓာတ်နောင်လည်း တုံပစ္စည်းသက်ရခြင်း အကျိုးရှိပါသည်။

ပြယုဂ်– သုဗုဒ္ဓါ ဝက္ခာမိ၊ ဘောတ္တုံ ဝဇတိ။

http://www.dhammadownload.com

ဒဋ္ဌုံ ဂစ္ဆတိ၊ ဂန္တုမာရဘတိ။
ဂန္တုံ ပယောဇယတိ၊ ဒဿေတုမာဟ-အစရှိသည်တည်း။

မေး။ ဤသုတ် ရူပသိဒ္ဓိအဖွင့်လာ ''တဒတ္ထကြိယာ''ဟူသည် အဘယ်နည်း ရှင်းလင်းဖြေဆိုပါ။
ဖြေ။ အကျိုးကြိယာရှိသော အကြောင်းကြိယာသည် ''တဒတ္ထကြိယာ'' ဖြစ်ပါသည်။

ရှင်းချက်။ ။''သုဗုဒ္ဓုံ ဝက္ခာမိ''၌ သန္ဓိကျမ်းကို ဆိုခြင်းသည် အကြောင်း ကြိယာတည်း၊ ဆိုသဖြင့် စာသင်သားတို့ လွယ်ကူစွာသိရခြင်းသည် အကျိုးကြိယာတည်း။ သို့ဖြစ်၍ ဝက္ခာမိ-အရ ဆိုခြင်းဟူသော အကြောင်းကြိယာသည် လွယ်ကူစွာသိရခြင်း ဟူသော အကျိုးကြိယာရှိသောကြောင့် ''တဒတ္ထကြိယာ(=ကြိယတ္ထကြိယာ)'' မည်ပါသည်။
ထိုအကြောင်းကြိယာကို သိအပ်ရာ၌ အကျိုးကြိယာအနက်ဟော ဓာတ်နောင် တဝေ, တုံ ပစ္စည်းများ သက်ပါ-ဟု ဆိုလိုသည်။

မေး။ (က) သုဗုဒ္ဓုံ ဝက္ခမိ (ခ) ဘောတ္တုံ ဝဇတိ တို့ကို အနက်မှန်ကန်စွာပေးပြပါ။
ဖြေ။ (က) သုဗုဒ္ဓုံ၊ လွယ်ကူစွာသိဖိုရာ၊ လွယ်ကူစွာ သိခြင်းငှါ။ ဝက္ခာမိ၊ ဆိုပေအံ့။
(ခ) ဘောတ္တုံ၊ စားဖိုရာ၊ စားခြင်းငှါ။ ဝဇတိ၊ သွား၏။

မေး။ တဝေ, တုံ ပစ္စယန္တပုဒ်စသည်တို့နောင် သက်ရမည့်ဝိဘတ်ကို စိစစ်ဖြေဆိုပါ။
ဖြေ။ စာကိုယ်၌ ''တတော နိပါတတ္တာ တဝေတုနမန္တတော ''သဗ္ဗာသမာဝုသော''တိ အာဒိနာ ဝိဘတ္တိလောပေါ''ဟု ဝိဘတ်ချေရန် သာမညဆိုသော်လည်း၊ နာမ် နေပါတိကပဒ အခန်း၌ ''တဝေ, တုံပစ္စယန္တာ စတုတ္ထိယာ''ဟု ဆိုခဲ့သောကြောင့် တဝေ, တုံ ပစ္စည်း ယန္တပုဒ်စသည်တို့နောင် စတုတ္ထီဝိဘတ်သက်ပြီး, ချေပစ်ရမည်-ဟု ဘာသာဋီကာ၌ ဆိုပါသည်။
ရူပသိဒ္ဓိဂဏ္ဌိ၌ကား ''သမ္ပဒါနကာရကကို တုံပစ္စည်းသည် ဟောအပ်သည်၏ အဖြစ်ကြောင့် တစ်ဖန် စတုတ္ထီဝိဘတ်သည် ဟောအပ်သောအနက် မရှိသည်ဖြစ်၍ ပဌမာ ဝိဘတ်သက်''ဟု ဆိုပါသည်။

မေး။ ရုန္ဓိတုံ၊ ဘုဉ္ဇိတုံ၊ သိဗ္ဗိတုံ-တို့ကို ရုပ်ကျဉ်းတွက်ပြခဲ့ပါ။
ဖြေ။ ရုန္ဓိတုံ, ဘုဉ္ဇိတုံ-တို့၌ တုံပစ္စည်းကြောင့် ရုဓာဒိတော နိဂ္ဂဟိတပုဗ္ဗဥ-ဟူသော ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် အပစ္စည်းသက်, ရှေ့၌ နိဂ္ဂဟိတ်လည်း လာ၊ ဣလာ၊ ရှေ့အသရကို ချေ၊ (ရုံမ်-ိတုံ) နိဂ္ဂဟိတ်ကို တဝဂ္ဂန္တ နဲ ပြု, ၎င်းကို စဝဂ္ဂန္တ ဉ် ပြု၊ နာမ်ငဲ့ သ သက်(သိ သက်)စသည်၊ ပြီး၏။
သိဗ္ဗိတုံ-၌ ဒိဝါဒိ ယပစ္စည်းသက်၍ တွက်ပါ။

၅၆၂၊ ၆၃၈။ အရဟတဏ္ဍာဒီသု စ (၃၉၁)

မေး။ အာဒိသဒ္ဒါဖြင့် ယူရမည့်သဒ္ဒါများကို ဖော်ပြပါ။(အာဒိသဒ္ဒါ၏ အာဒိဝန္တ အရကို ဖော်ပြပါ)
ဖြေ။ အာဒိသဒ္ဒါဖြင့် ဘဗ္ဗ, အနုစ္ဆဝိက, အနုရူပ စသောအနက်တို့ကို ယူရပါမည်။ ထိုအနက် တို့ရှိရာ၌လည်း အလုံးစုံသော ဓာတ်တို့နောင် တုံပစ္စည်းသက်ပါ-ဟူလို။ (ပုံစံများ ကြည့်၍ အပြည့်အစုံ ဖြေဆိုတတ်ပါစေ။)

http://www.dhammadownload.com

ပုံစံများ– ကော တံ နိန္ဒိတု နရဟတိ။ (အရဟ)
သက္ကာ ဇေတုံ ဓနေန ဝါ။ (သက္က)
ဘဗ္ဗော နိယာမံ သြက္ကမိတုံ။ (ဘဗ္ဗ)
အနုစ္ဆဝိကော ဘဝံ ဒါနံ ပဋိဂ္ဂဟေတုံ။ (အနုစ္ဆဝိက)
ကွဒံ ကာတုံ အနုရူပ်ံ။ (အနုရူပ်)
ဒါနံ ဒါတုံ ယုတ္တံ။ (ယုတ္တ)
ဒါတုံ ဝတ္တုံ္ စ လဘတိ။ (လဘတိ)
ဇေံ ဝဋ္ဋတိ ဘာသိတုံ။ (ဝဋ္ဋတိ)
ဆိန္ဒိတုံ နု စ ကပ္ပတိ။ (ကပ္ပတိ)

မေး။ ဤသုတ်ပါ စသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါ ကာလ, သမယ, ဝေလာ စသောသဒ္ဒါတို့ကို ဆည်းခြင်း အဝုတ္တသမုစ္စည်း အနက်ရှိပါသည်။ ထိုသဒ္ဒါတို့ ယှဉ်ရာ၌လည်း တုံပစ္စည်းသက်ပါ–ဟူလို။

ကာလော ဘုဉ္ဇိတုံ (ကာလ)
သမယော ဘုဉ္ဇိတုံ (သမယ)
ဝေလာ ဘုဉ္ဇိတုံ (ဝေလာ)

မေး။ ''စသဒ္ဒေန ကာလသမယဝေလာဒီသု''၌ အာဒီသဒ္ဒါ ပါသင့်/ မပါသင့် အထောက်သာကေဖြင့် ဖြေဆိုပါ။

ဖြေ။ ဝေလာ–တိုင်အောင်သာ ပုံစံထုတ်ပြထားသောကြောင့်လည်းကောင်း၊ ပါဏိနီ၌ ''ကာလသမယဝေလာသု တုမုန်(ပါ၊ ၃၊ ၃၊ ၁၆၇)''ဟု အာဒိ သဒ္ဒါ မပါသောကြောင့်လည်းကောင်း၊ ''ကာလသမယဝေလာဒီသုပိ'' ၌ အာဒီသဒ္ဒါ ပါသည်ကို ဆရာမြတ်တို့ နှစ်သက်တော်မမူကြ၊ သို့သော် ပါဏိနိသုတ်၌ အာဒိသဒ္ဒါ မပါသော်လည်း ၄င်းအဖွင့် သိဒ္ဓါန္တကောမုဒီ၌ ''ပရိယာယောပါဒါနမတ္ထောပလက္ခဏတ္ထံ။ ကာလတ္ထေသူပပဒေသု တုမုန် သိယာ၊ ကာလော, သမယော, ဝေလာ, အနေဟာ ဝါ ဘောတ္တုံ''ဟု ဖွင့်ပြထားပါသည်။ ယင်း၌ 'အနေဟာ'သဒ္ဒါသည် ကာလအနက်ဟောတည်း၊ (ကာလော ဒိဋ္ဌော'ပျနေဟာပိ၊ –အမရကောသ)။ ယင်းအဖွင့်အရ အာဒိသဒ္ဒါဖြင့် ကာလအနက်ဟော သဒ္ဒါအားလုံးကို ယူနိုင်သောကြောင့် ယခုလက်ရှိ ဆဋ္ဌမူအတိုင်း အာဒိသဒ္ဒါပါသော ပါဠိသာ အမှန်တည်း–ဟု သန္နိဋ္ဌာန်ကျ မှတ်သားကြရပါမည်။

၅၆၃၊ ၆၃၉။ ပတ္တဝစနေ အလမတ္ထေသု စ။ (၃၉၂)

မေး။ ဤသုတ်၏ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ အလ်သဒ္ဒါ၏ အနက် ၃–ချက်တို့တွင် ပတ္တ (သင့်လျော်လျောက်ပတ်=စွမ်းနိုင်) ဟူသော အနက်ကိုဟောသည့် အလ်, ပရိယတ်, သမတ္ထ, ပရိယတ္တ စသောသဒ္ဒါများရှိလျှင် ခပ်သိမ်းသောဓာတ်တို့နောင် တုံပစ္စည်း သက်ပါ–ဟူလို။ (ဘာသာဋီကာ၌ ''အလ်သဒ္ဒါရှိလျှင်''ဟု အလ်သဒ္ဒါ တစ်ခုတည်းကိုသာ ပြဆိုထားသည်။)

ပုံစံများ – အလမေဝ ဒါနာနိ ဒါတုံ။
အလမေဝ ပုညာနိ ကာတုံ။

http://www.dhammadownload.com

ပါရယတိ ဘောတ္တုံ, ပဟု ဘောတ္တုံ။
ပရိယတ္တော ဘောတ္တုံ (ကာတန္တ၊ ကိတ်၊ ၄၂၄-သုတ်)။

မေး။ အလံသဒ္ဒါ၏ အနက် ၃-ချက်တို့ကို ဖော်ပြပါ။

ဖြေ။ ၁။ ဘူသန = တန်ဆာဆင်ခြင်း။
၂။ ပရိယတ္တိ = သင့်လျော်လျောက်ပတ်ခြင်း, စွမ်းနိုင်ခြင်း။
၃။ နိဝါရဏ = တားမြစ်ခြင်းတို့ ဖြစ်ပါသည်။

မေး။ ''ပတ္တဝစန''ဟူသည် အဘယ်နည်း။

ဖြေ။ ''ပတ္တဿ ဝစနံ ပတ္တဝစနံ''ဟူသော ဝစနတ္ထနှင့်အညီ ''သင့်လျော်လျောက်ပတ်''ဟူသော (ပရိယတ္တိ)အနက်ကို ဟောသောသဒ္ဒါသည် ''ပတ္တဝစန'' မည်၏။

မှတ်ချက်။ ။ ''ပတ္တ (သင့်လျော်လျောက်ပတ်)''နှင့် ''ပရိယတ္တိ (စွမ်းနိုင်)''ဟူသော အနက်နှစ်မျိုးကို အတူတူပင်ဖြစ်သည်-ဟု မှတ်ပါ။ ''သင့်လျော်လျောက်ပတ်'' ဟူသည် စွမ်းနိုင်ခြင်းပင်တည်း-ဟူလို။

မေး။ အလံသဒ္ဒါအနက် ၃-ချက်တို့တွင် ပရိယတ္တိအနက်နှင့် ပရိယတ္တအနက်တို့ တူ/ မတူ ရှင်းပြပါ။

ဖြေ။ ''ပတ္တဝစနေအလမတ္ထေသု စ''ဟူသော ဤကစွည်းသုတ်နှင့် ''ပရိယတ္တိဝစနေသွ' လမတ္ထေသု''ဟူသော ပါဏိနီ(ပါ၊ ၃၊ ၄၊ ၆၆။)သုတ်တို့ကို ယှဉ်ကြည့်လျှင် 'ပတ္တ'နှင့် 'ပရိယတ္တိ'တို့ အတူတူပင်ဖြစ်ကြောင်း သိသာသည်။ 'ပရိယတ္တိ'နှင့် 'ပရိယတ္တ'လည်း အနက်တူပင် ဖြစ်ပါသည်။ ပရိ ပုဗ္ဗ အပဓာတ်ချည်း ဖြစ်၍ တိပစ္စည်းနှင့် တပစ္စည်းသာ ကွာပါသည်။

မေး။ (က) သမ္ပတ္တမေဝ (ခ) သမတ္ထမေဝ ပါဠ် ၂-ထွေတို့တွင် အမှား အမှန်ကို ဆုံးဖြတ်ပါ။

ဖြေ။ ဆဋ္ဌမူ ရူပသိဒ္ဓိစာကိုယ်၌ ''သမ္ပတ္တမေဝ ပရိယတ္တမေဝါတိ အတ္ထော''ဟု ပါဠ်ရှိ၏။ ဘာသာဋီကာ၌ ''သမတ္ထမေဝ ပရိယတ္တမေဝ၊ စွမ်းနိုင်သည်သာ''ဟု သမတ္ထမေဝ-ပုဒ်ကို အနက်ယောဇနာ ပြထားသည်။ ထို ၂-မျိုးတို့တွင် အောက်ပါ ဏာသအဖွင့်များကို ထောက်၍ လက်ရှိဆဋ္ဌမူအတိုင်း ''သမ္ပတ္တမေဝ''ပါဠ်သာ အမှန်ဟု ဆုံးဖြတ်ရပါမည်။ ပတ္တ, သမ္ပတ္တ, ပရိယတ္တိ, ပရိယတ္တ သဒ္ဒါတို့သည် ပရိယာယ်သဒ္ဒါတို့တည်း။

- ဇွေ စ ပတ္တဝစနန္တိ ပရိယတျတ္ထမာဟု၊ ပတ္တဿ ဝစနံ ပတ္တဝစနံ၊
ဇွေ စ ပတ္တတ္ထော နာမ သမ္ပတ္တတ္ထော အနုစ္ဆဝိကတ္ထော အနုရူပတ္ထော။
ဒါနာနိ ဒါတုံ အလံ ပတ္တာ သမ္ပတ္တာ အနုစ္ဆဝိကာ အနုရူပါ။ (ဏာသ)

၅၆၄၊ ၅၄၀။ ပုဗ္ဗကာလေက ကတ္တုကာနံ တုနတွာန တွာ ဝါ။ (၃၉၂)

မေး။ (က) ပုဗ္ဗကာလ (ခ) ဧကကတ္တုက-တို့၏ အဓိပ္ပါယ်များကို ရေးသားဖြေဆိုပါ။

ဖြေ။ (က) ရှေ့, နောက်ကြိယာ ၂-မျိုးတို့တွင် ရှေ့ကြိယာသည် 'ပုဗ္ဗကာလ'ဖြစ်ပါသည်။
(ခ) ''သော ကာတုန ကမ္မံ ဂစ္ဆတိ''ဟူသော ပြယုဂ်ဝယ် ကာတုန-၌ ကရဓာတ်, ဂစ္ဆတိ-၌ ဂမုဓာတ်ဟု ၂-မျိုးရှိရာ ထိုဓာတ် ၂-မျိုးတို့၏ ကတ္တားသည် ''သော''

http://www.dhammadownload.com

တစ်ခုတည်း ဖြစ်၏။ ဤသို့လျှင် တူသော ကတ္တားရှိသောကြောင့် ထိုကရဓာတ်, ဂမုဓာတ် ၂–မျိုးတို့ကို ''ဇကကတ္တုက'' ဟု ဆိုရပါသည်။ (ကေသဒ္ဒါ သမာန အနက်ဟောထည်း။ ထိုကြောင့် ''ဇကကတ္တုကာနံ သမာနကတ္တုကာနံ'' ဟု ဖွင့်၏)။

မှတ်ချက်။ ။ အဓိပ္ပါယ်ရေးစာအုပ်တို့၌ ''ပြုလုပ်သောသူလည်း သွားသောသူ, သွားသောသူလည်း ပြုလုပ်သောသူဖြစ်၍ 'ဇကကတ္တုက' ဖြစ်ပါသည်'' ဟု ရေးကြသည်။ သဘောတူပင် ဖြစ်၏။ ဤစ္ဆတ္ထေသု သမာနကတ္တုကေသုတဝေတုံ ဝါ –သုတ်လာ ''သမာနကတ္တုက'' အဓိပ္ပါယ်နှင့် ယှဉ်ကြည့်ပါ။ အောက် မေး+ဖြေကိုလည်း ကြည့်ပါ။

မေး။ ''ဇကကတ္တုကာနံ'' ပုဒ်ကို ဝစနတ္ထပြု၍ အရလည်း မှန်ကန်စွာ ကောက်ပြခဲ့ပါ။

ဖြေ။ ဇကော ကတ္တာ ယေသံ တေ ဇကကတ္တုကာ၊ တေသံ ဇကကတ္တုကာနံ။
ကရ, ဂမုစသော ဓာတ်တို့ကို ရ၏။

မှတ်ချက်။ ။ ဇကကတ္တုက'အရ ဓာတ်တို့ကို ရသောကြောင့် ၄င်း၏အဓိပ္ပာယ်ကို ရေးရာ, ပြောရာ၌ ဓာတ်ကို ကိုင်ပြီး ရေးမှ, ပြောမှသာ သဘာဝကျမည်ဖြစ်ကြောင်း သတိပြုပါ။

မေး။ ပုဗ္ဗကာလေက–စသောသုတ်ကို ရူပသိဒ္ဓိနှင့်အညီ အနက်ပေး၍၊ အဓိပ္ပါယ်လည်း ရေးပြပါ။

ဖြေ။ ဇကကတ္တုကာနံ၊ တူသောကတ္တားရှိသော ဓာတ်တို့တွင်။ ပုဗ္ဗကာလေ၊ ရှေးကြိယာ၌။ (ဝတ္တမာနဓာတုမှာ၊ ဖြစ်သောဓာတ်မှ။ ပရာ၊ နောင်းကုန်သည်ဖြစ်၍။) တုနတွာနတွာ၊ တုန ပစ္စည်း, တွာနပစ္စည်း, တွာပစ္စည်းတို့သည် ဝါ၊ အချို့သဖြင့်။ (ဝဝတ္ထိတဝိဘာသာ အားဖြင့်။) ဟောန္တိ၊ ကုန်၏။

တူသောကတ္တားရှိသော ဓာတ် ၂–မျိုးတို့တွင် ရှေးကြိယာ၌ဖြစ်သော ဓာတ်နောင် ဤသုတ်ဖြင့် တုန, တွာန, တွာပစ္စည်းများ သက်ပါ–ဟူလို။

ပုံစံများ– သော ကာတုန ကမ္မံ ဂစ္ဆတိ။
အကာတုန ပုညံ ကိလိဿန္တိ သတ္တာ။ (တုန)
ကမ္မံ ကတွာန ဘဒြကံ။ (တွာန)
ဒါနာဒီနိ ပုညာနိ ကတွာ သဂ္ဂံ ဂစ္ဆတိ။ (တွာ)
မေတ္တံ ဘာဝေတွာ, ဘာဝယိတွာ၊
ဝိဟာရံ ကာရေတွာ, ကာရယိတွာ,
ကာရာပေတွာ, ကာရာပယိတွာ သဂ္ဂံ ဂမိဿန္တိ။ (ကာရိတပစ္စယန္တပုဒ်နောင် သက်ပုံ။)

မေး။ ဇကကတ္တုကာနံ–ပုဒ်ကို ''တူသောကတ္တားရှိသော ဓာတ်တို့တွင်'' ဟု နိဒ္ဓါရဏာ အနက်ပေးရပုံကို ရှင်းပြပါ။

ဖြေ။ ''ဇကကတ္တုကာနံ သမာနကတ္တုကာနံ ဓာတူနမန္တရေ'' ဟု ''ဇကကတ္တုကာနံ'' ဟူသော ဆဋ္ဌန္တပုဒ်နောင် ''အန္တရေ'' ပုဒ်ကို ထည့်ဖွင့်သောကြောင့် ''ဇကကတ္တုကာနံ'' ဟူသော ဆဋ္ဌန္တပုဒ်ကို ''တို့တွင်'' ဟု နိဒ္ဓါရဏာအနက် ပေးရခြင်းဖြစ်ပါသည်။ (မဇ္ဈ–ပုဒ် ထည့်ဖွင့်လျှင်လည်း နည်းတူပင် ပေးရမည်။)

(ဆောင်) ဆဋ္ဌန္တ၊ ပုဒ်ပဒကို၊ မဇ္ဈ အန္တရ၊ သွင်း ဖွင့်ပြ၊ အတ္ထ နိဒ္ဓါရဏာ။

http://www.dhammadownload.com

မေး။ ဤသုတ်ပါ ဝါသဒ္ဒါ၏ အနက်နှင့်သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ ဝါသဒ္ဒါ ဝဝတ္ထိတဝိဘာသာအနက်ရှိပါသည်။
ထိုဝါသဒ္ဒါက ''တုနပစ္စည်းသည် အချို့သောအရာဌာန သက်၏''ဟု သတ်မှတ်ပြပါသည်။

မေး။ တုန, တွာန, တွာပစ္စည်းတို့၏ သက်ရာသာဓနအနက်(ဝါစ္စတ္ထ)ကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဤသုတ်ဖြင့်သက်သည့် တုန, တွာန, တွာ (စသော) ပစ္စည်းတို့သည်လည်း ကတ္တရိကိတ် သုတ်အရ ကိတ်အမည်ရှိကြသောကြောင့်လည်းကောင်း၊ သုတ်၌ပင် ''ဇကကတ္တုကာနံ=တူကုန်သော ကတ္တားရှိကုန်သော''ဟု ဆိုထားသောကြောင့်လည်းကောင်း ကတ္တားအနက် (ကတ္တုသာဓန)၌သာ သက်ကြပါသည်။

မှတ်ချက်။ ။ မောဂ္ဂလ္လာန်၌ကား ''ဘော''အနက်၌သက်၏''ဟု ဆိုသည်။ ကာလကား အတိတ်ကာလချည်းသာ။

မေး။ တုနာဒိပစ္စည်းတို့၏ သက်ရာဌာန ဝိသယတ္ထကို ဖေါ်ပြပါ။

ဖြေ။ တုန စသော ပစ္စည်းတို့၏ သက်ရာဌာန ဝိသယတ္ထများမှာ– ပုဗ္ဗကာလကြိယာ, အပရကာလကြိယာ, သမာနကာလကြိယာ, လက္ခဏအနက်, ဟိတ် အနက်တို့ ဖြစ်ပါသည်။

ပုဗ္ဗကာလကြိယာ – သော ကာတုန ကမ္မံ ဂစ္ဆတိ။
ဥပဂစ္ဆိတွာ နိရုဇ္ဈတိ။

အပရကာလကြိယာ – ဒွါရံ ပိဓာယ နိက္ခမိ။

သမာနကာလကြိယာ– ဒဏ္ဍော ဓက္ကစ္စ ပတတိ။
ကံသော စျာနက္ကစ္စ ပတတိ။
အန္ဓကာရံ နိဟန္ဒာန၊ ဥဒိတော'ယံ ဒိဝါကရော။
အက္ခီနိ နိမ္မိလိတွာ သုပတိ။ (= မျက်စိတို့ကို မှိတ်၍ အိပ်၏။)
မုခံ ဗျာဒါယ သုပတိ (= ပါးစပ်ကို ဟ၍ အိပ်၏။)

လက္ခဏအနက်– သိဟံ ဒိသွာ ဘယံ ဟောတိ ။
(ဋီကာများအလို ဟိတ်အနက်လည်း ဖြစ်သင့်၏။)
သက္ကော ဟုတွာ နိဗ္ဗတ္တိ။

ဟိတ်အနက် – ဃတံ ပိတွာ ဗလံ ဟောတိ။ ဒိသွာနဿ ဇေတဒေဟာသိ။

မေး။ သိဟံ ဒိသွာ ဘယံ ဟောတိ (လက္ခဏ, ဟေတု)။
ဃတံ ပိတွာ ဗလံ ဟောတိ (လက္ခဏ, ဟေတု)–ဟူသော ပြယုဂ်တို့၌ အဘယ်သုတ်ဖြင့် တွာပစ္စည်းသက်ရပါမည်နည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အထက်ပါ လက္ခဏ, ဟေတု ပုံစံနှစ်ခုတို့၌ ဒိသွာ, ပိတွာ–တို့၏ ကတ္တားသည် ပုရိသော၊ ဟောတိ–၏ ကတ္တားသည် ဘယံ, ဗလံ–တို့ဖြစ်၍ ဇကကတ္တုက မဖြစ်သောကြောင့် ဤသုတ် သုတ်ရင်းဖြင့် တွာပစ္စည်း မသက်နိုင်၊ ''တုနတွာနတွာ ဝါ''ဟူသော ဒွိဓာကရဏ်ယောဂဝိဘာဂဖြင့် သက်ရပါမည်။ ဘာသာဋီကာ အလိုကား သုတ်ရင်းဖြင့်ပင် သက်ရပါမည်၊

– ဝါကာရေန ဘိန္နကတ္တုကေသုပိ ဝဒ္ဒန္တိ၊
ယထာ သိဟံ ဒိသွာ ဘယံ ဥပဂစ္ဆတိ''တျာဒိ။ (ဗာလာဝတာရ)

http://www.dhammadownload.com

မေး။ ''သီဟံ ဒိသွာ ဘယံ ဟောတိ''နှင့်စပ်၍ သိမှတ်ဖွယ်များကို ရေးသားဖော်ပြပါ။

ဖြေ။ ''သီဟံ ဒိသွာ ဘယံ ဟောတိ''ကို သဒ္ဒါကျမ်းတို့၌ လက္ခဏပုံစံအဖြစ် ထုတ်ပြထားပါသည်။ သုဒိန္ဓကဏ္ဍသာရတ္ထဋီကာ၌မူ ဟေတု ပုံစံအဖြစ် ဖွင့်ပြထားသည်။ ထို့ကြောင့် ကတ္တားကွဲရာ၌ လက္ခဏအနက်, ဟိတ်အနက် နှစ်နက်လုံးသင့်သလို သုံးနိုင်၏ဟု သိမှတ်ရပါမည်။

မေး။ ကတ္တားကွဲရာ၌ တွာဒိပစ္စည်းတို့၏ သဘောသဘာဝကို ပုံစံနှင့်တကွ ရှင်းပြပါ။

ဖြေ။ ''ပုရိသော၊ ယောက်ျား၏။ သီဟံ၊ ခြသေ့ကို။ ဒိသွာ၊ တွေ့မြင်ရသောကြောင့်။ (တွေ့မြင်ရခြင်းကြောင့်။) ဘယံ၊ ကြောက်ခြင်းသည်။ ဟောတိ၊ ၏။''

ပုရိသော၊ ၏၊ ဃတံ၊ ထောပတ်ကို။ ပိတွာ၊ သောက်ရသောကြောင့်။ (သောက်ရခြင်းကြောင့်)။ ဗလံ၊ အားသည်။ ဟောတိ၊ ၏။

ဤပုံစံတို့၌ ဒိသွာ, ပိသွာ ဟောတိ–ဟူသော ကြိယာ ၂– ခုတို့ ဧကကတ္တုကမဖြစ်ပဲ ကတ္တား ကွဲနေပါသည်။ ထိုကတ္တားကွဲနေရာ၌ တွာပစ္စည်းကို ဟိအနက်၌သက်၍၊ မိမိဟူသော တွာပစ္စယန္တပုဒ်၏ ကတ္တားကို သမ္ဗန် ထားပြီး အနက်ယောဇနာရပါမည်။ ဤကား ကတ္တားကွဲရာ၌ တွာဒိပစ္စည်းတို့၏သဘော ဖြစ်ပါသည်။

မေး။ ''ဇဝနမ္ပိ အနုပ္ပဇ္ဇိတွာ ဒွတ္တိက္ခတ္တုံ ဝေါဌဗ္ဗနမေဝ ပဝတ္တတိ''ကို အကြောင်းနှင့်တကွ အနက်မှန်ကန်စွာ ပေးပြပါ။

ဖြေ။ ယင်းပုံစံ၌ အနုပ္ပဇ္ဇိတွာ–ကြိယာ၏ ကတ္တားသည် ဇဝနမ္ပိ–ဖြစ်၍ ပဝတ္တတိ–ကြိယာ၏ ကတ္တားသည် ဝေါဌဗ္ဗနမေဝ ဖြစ်၏။ ထိုသို့ ''ဧကကတ္တုက မဖြစ်ဘဲ နာနာကတ္တုက ဖြစ်နေရာ၌ တွာဒိပစ္စည်းကို ဟိတ်အနက်သက်၍ မိမိဟူသော တွာဒိပစ္စယန္တပုဒ်၏ ကတ္တားကို သမ္ဗန်ထားပြီး အနက်ယောဇနာရမည်''ဟု သဒ္ဒါကျမ်းတို့၌ သတ်မှတ်မိန့်ဆို ထားသောကြောင့်–

''ဇဝနမ္ပိ = ဇဝနဿ အပိ၊ ဇော၏လည်း။ အနုပ္ပဇ္ဇိတွာ= အနုပ္ပဇ္ဇနတော။ မဖြစ်ခြင်းကြောင့်။ ဒွတ္တိက္ခတ္တုံ၊ နှစ်ကြိမ် သုံးကြိမ်။ ဝေါဌဗ္ဗနမေဝ၊ ဝုဌောသည်သာလျှင်။ ပဝတ္တတိ၊ ဖြစ်ရ၏''ဟု အနက်ပေးရပါမည်။

မေး။ တုနာဒိပစ္စယ်နွှပုဒ်နောင် ကျေသောဝိဘတ်ကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ''ကာတုန''စသော တုနာဒိပစ္စယန္တပုဒ်တို့သည် လိင်, သချာ အထူးမရှိသော နိပါတ်ပုဒ်များဖြစ်သောကြောင့် ၎င်းတို့နောင် သိဝိဘတ်သက်ပြီးနောက် ''သဗ္ဗာသမာဝုသော–သုတ်ဖြင့် ချေပစ်ရပါမည်။ (နိပါတတ္တာ သိလောပေါ။)

မေး။ ဇာယိတွာ–ကို ရုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ ဇန + ယ+ တွာ၊ ဇာနာဒီန မာ တိမှိ စ–သုတ်၌ ''ဇာနာဒီနမာ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် နောက် ယပစ္စည်းကြောင့် ဓာတွန် နဲ ကို အာပြု (ဇာယတွာ)၊ ယထာဂမ မိကာရေ၏ာ သုတ်ဖြင့် ဣအက္ခရာလာ၊ ပြီး၏။

မေး။ ''ပဌတိ ပစတိ''ပုံစံ၌ ပဌဓာတ်နောင် တုနာဒိပစ္စည်း မသက်ရခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။ ''(သော၊ ထိုသူသည်။) ပဌတိ၊ ရွတ်လည်း ရွတ်ဆို၏။ ပစတိ၊ ချက်လည်း ချက်၏''။ ဤပုံစံ၌ ရွတ်သူနှင့် ချက်သူတစ်ယောက်တည်းဖြစ်၍ ဧကတ္တုကဖြစ်သော်လည်း ရွတ်ခြင်း

http://www.dhammadownload.com

ကြိယာနှင့် ချက်ခြင်းကြိယာသည် တစ်ပြိုင်နက်ဖြစ်ရကား ရွတ်ခြင်းကြိယာ၏ ပုဗ္ဗကာလ အဖြစ် မရှိသောကြောင့် ပဌဓာတ်နောင် တုနစသောပစ္စည်းများ မသက်ရခြင်းဖြစ်ပါသည်။

မေး။ ''ပုဗ္ဗကာလေတိ ကိမတ္တံ? ပဌတိ၊ ပစတိ''ဟူသော ရူပသိဒ္ဓိ၌ ရှိသင့်သော စာအနေ အထားကို ရေးသားဖြေရှင်းပါ။

ဖြေ။ လက်ရှိဆဋ္ဌမူ ရူပသိဒ္ဓိစာအုပ်၌ ပဌတိ–နောင် တစ်ချောင်းပိုဒ်ပါနေသည်ကို တွေ့ရသည် ''ပုဗ္ဗာတိ ကိံ ! ဘုဥ္ဇတိ စ ပစတိ စ''ဟူသော မောဂ္ဂလ္လာန်စာသွားနှင့် ''တ္တေ ကေ–ကတ္တုကတ္တ မတ္တိ၊ ကေကာလတာယ ပန ပုဗ္ဗဘာဝေါ နတ္တိ''ဟူသော ၎င်း ပဉ္စိကာ အဖွင့်များကို ထောက်ထား၍ ပဌတိ–နောင် တစ်ချောင်းပိုဒ်မပါဘဲ ရှိသင့်ပါသည်။

မေး။ ''ဘုတ္တေ ဒေဝဒတ္တေ ယညဒတ္တော ဝဇတိ''ပုံစံဝယ် ရှေ့ကြိယာ၌ဖြစ်သော ဘုဇဓာတ်နောင် တုနာဒိပစ္စည်း မသက်ရခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။ ''ဒေဝဒတ္တေ၊ ဒေဝဒတ်သည်။ ဘုတ္တေ၊ စာအပ်သည်ရှိသော်။ယညဒတ္တော၊ ယညဒတ်သည်။ ဝဇတိ၊ သွား၏''။

ဤပုံစံ၌ ဘုဇဓာတ်၏ ကတ္တားသည် ဒေဝဒတ်ဖြစ်၍ ဝဇဓာတ်၏ ကတ္တားကား ယညဒတ် ဖြစ်၏။ ဤသို့လျှင် ကတ္တားကွဲလျက်ရှိသောကြောင့် (ကေကတ္တုက မဖြစ်သောကြောင့်) ရှေ့ကြိယာ၌ ဖြစ်သော ဘုဇဓာတ်နောင် တုနစသောပစ္စည်းများ မသက်ရခြင်း ဖြစ်ပါသည်။

မေး။ အပရကာလကြိယာ မရှိဘဲ ကေကတ္တုက, ပုဗ္ဗကာလအဖြစ်ကို သိနိုင်ပုံကို ပုံစံထုတ်၍ ရှင်းပြပါ။

ဖြေ။ ''အပတွာန နဒီ ပဗ္ဗတော၊ အတိက္ကမ္မ ပဗ္ဗတံ နဒီ'' ဝါကျတို့၌ 'အပတွာန'၊ 'အတိက္ကမ္မ' ဟု ကြိယာတစ်ခုစီသာ ရှိ၏။ အပရကာလကြိယာ မရှိ။ အပရကာလကြိယာ မရှိလျှင် ထို အပတွာန, အတိက္ကမ္မ ကြိယာတို့သည် အဘယ်သို့လျှင် အပရကာလကြိယာနှင့် ကေကတ္တုက ဖြစ်နိုင်ပါအံ့နည်း?ဟု စောဒနာဖွယ်ရှိသောကြောင့် ''အပတွာန (ပ) ဂမျတေ'' ဟူသော ဝါကျကို မိန့်ဆိုခြင်းဖြစ်သည်။

ယင်းဝါကျတို့၌ အပရကာလကြိယာ တိုက်ရိုက်မပါမရှိသော်လည်း ''ဘူကရာ သဗ္ဗ ဓာတွတ္ထဗျာပကာ'' ဟူသော ပရိဘာသာနှင့်အညီ အကမ္မကဓာတ် အရာတိုင်း၌ ဘူဓာတ်၏ အနက်ပါဝင်နိုင်ရကား ''ဘဝတိ''ဟူသော အပရကာလကြိယာကို ထည့်စပ်ရသောကြောင့် အပတွာန, အတိက္ကမ္မ ကြိယာတို့၏ ကေကတ္တုအဖြစ်, ပုဗ္ဗကာလကြိယာအဖြစ်ကို သိအပ် သိနိုင်ပါသည်။

အနက်– ပဗ္ဗတော၊ တောင်သည်။ နဒီ၊ မြစ်သို့။ အပတွာန၊ မရောက်မူ၍။ ဘဝတိ၊ ဖြစ်၏။ ။ ပဗ္ဗတံ၊ တောင်ကို။ အတိက္ကမ္မ၊ ကျော်လွန်၍။ နဒီ၊ မြစ်သည်။ ဘဝတိ၊ ဖြစ်၏။

ယှဉ်ကြည့်ရန်– ဘဝတိဿ သဗ္ဗတြ သမ္ဘဝါ ကေကတ္တုကတာ, ပုဗ္ဗကာလတာ စ ဒုက္ခပတိပတ္တိဂမျာ ဣတိ ဝစနံ။ (ကာတန္တ၊ ကိတ်၊ ၄၃၄။ ''ပရာဝရယောဂေ''သုတ်)။

မေး။ ''စက္ခုဥ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ''ပြယုဂ်၌ ပဋိစ္စကြိယာ၏ ပုဗ္ဗကာလအဖြစ်ကို သိမှတ်ရပုံကို ရှင်းပြပါ။

ဖြေ။ ဤဝါကျ၌ ပဋိစ္စကြိယာနှင့် ဥပ္ပဇ္ဇတိကြိယာနှစ်ပါးတို့ တပြိုင်နက်တည်းဖြစ်၍ သမာန

http://www.dhammadownload.com

ကာလ ဖြစ်သော်လည်း ရှေ့ကြိယာကဲ့သို့ ဆိုလိုခြင်းဟူသော ''ပုဗ္ဗကာဝစနိစ္ဆာ''၏ အစွမ်းဖြင့် ပဋိစ္စကြိယာ၏ ပုဗ္ဗကာလအဖြစ်ကို မှတ်ရပါမည်။

– ပဋိစ္စာတိ ''စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏ''နှိ့အာဒီသု ပုဗ္ဗကာလ ဝစနိစ္ဆာဝသေန ပုဗ္ဗကာလတာ ဒဋ္ဌဗ္ဗာ။ (ဋီကာ။ ၂၂၇။)

၅၆၅၊ ၄၆၄။ ဝတ္တမာနေ မာနန္တာ။ (၃၉၆)

မေး။ ဤသုတ်ကို ရူပသိဒ္ဓိဆရာအလိုကျ အနက်ယောဇနာပြခဲ့ပါ။

ဖြေ။ ဝတ္တမာနေ၊ ဝတ္တမာန်ကာလကို။ ဝါ။ ဖြစ်ဆဲဖြစ်တုန်း မပြီးဆုံးသေးသောကြိယာကို။ (ဂမျမာနေ၊ သိအပ်သည်ရှိသော်။ သဗ္ဗဓာတူဟိ၊ တို့မှ။ ပရာ၊ နှောင်းကုန်သည်ဖြစ်၍။ ကတ္တရိ၊ ကတ္တားအနက်၌။) မာနန္တာ၊ မာနပစ္စည်း, အန္တပစ္စည်းတို့သည်။ ဟောန္တိ၊ ကုန်၏။

မေး။ ''ဝတ္တမာန်''၏ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ စတင်အားထုတ်အပ်သည်ဖြစ်၍ ဖြစ်ဆဲ ဖြစ်တုန်း မပြီးဆုံးသေးသော အနက်(ကြိယာ) သည် ''ဝတ္တမာန်'' မည်ပါသည်။

ဝတ္တတိတိ ဝတ္တမာနော–ဟု ဝစနတ္ထပြုပါ။

မေး။ မာန, အန္တပစ္စည်းတို့၏ သက်ရာအနက်များကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ မာန, အန္တပစ္စည်းတို့သည် ကိတ်အမည်ရသောကြောင့် ''ကတ္တရိ ကိတ်''ဟူသော ပရိ ဘာသာသုတ်နှင့်အညီ ကတ္တားအနက်၌ သက်ကြပါသည်။

မာနပစ္စည်းကား ပရသမညာ၏အစွမ်းဖြင့် အတ္တနောပုဒ်အမည်ရသောကြောင့် ''အတ္တနောပဒါနီ ဘာဝေ စ ကမ္မနိ''သုတ်နှင့် အညီ ဘော, ကံ အနက်တို့၌လည်း သက်ပါသည်။

(အန္တပစ္စည်းသည် ကတ္တားအနက်၌သက်၍၊ မာနပစ္စည်းသည်ကား ဘော, ကံ, ကတ္တား အနက်သုံပါး၌ သက်၏–ဟူလို။)

မေး။ မာန, အန္တပစ္စည်းတို့၏ သက်ရာကာလနှင့် အနက်များကို ပြည့်စုံစွာ ဖော်ပြပါ။

ဖြေ။ မာန ပစ္စည်းသည် ပစ္စုပ္ပန်, အနာဂတ်ကာလ၊ ဘော, ကံ, ကတ္တားအနက်များ၌ သက်ပါသည်။

အန္တ ပစ္စည်းသည် ပစ္စုပ္ပန်, အတိတ်, အနာဂတ် ကာလသုံးပါး၊ ကတ္တားအနက်၌ သက်ပါသည်။

ထိုပစ္စည်းတို့သည် လက္ခဏအနက်, ဟိတ်အနက်တို့၌လည်း သက်ပါသည်။

ပုံစံ – ဂစ္ဆန္တော ဘာရဒ္ဒါဇော တေ၊ အဒ္ဒသ အစ္စုတံ ဣသိ။
(အန္တပစ္စည်း ပစ္စုပ္ပန်ကာလ၊ လက္ခဏအနက်)
ဒဿေန္တော အာဟ။ (အန္တပစ္စည်း ဟိတ်အနက်)
ဝိဘာဝယံ ကရိဿာမိ။ (အန္တပစ္စည်း အနာဂတ်ကာလ။)
ဝိဘာဝယံ–၌ ကာမတ္တ ('အလို'ဟူသော) အနက်လည်း ဖြစ်နိုင်ပါသည်။

မေး။ မာန, အန္တပစ္စည်းနှောင်းရာ၌ ဝိကရဏပစ္စည်းများ သက်ရပုံကို ရှင်းလင်းဖြေဆိုပါ။

http://www.dhammadownload.com

ဖြေ။ ''ပရသမညာ ပယောဂေ''ဟူသော ပရိဘာသာသုတ်အရ ပရသမာညာ၏ အစွမ်းဖြင့် အန္တပစ္စည်းသည် ပရဿပုဒ်, မာနပစ္စည်းသည် အတ္တနောပုဒ်အမည်ရသောကြောင့် တိစသော အာချာတ်ဝိဘတ်တို့နောင်းရာ၌ အ-စသော ဝိကရဏပစ္စည်းများ သက်ရသကဲ့သို့ ထိုအန္တ, မာန ပစ္စည်းတို့ နောင်းရာ၌လည်း အ စသော ဝိကရဏပစ္စည်းများ သက်ရပါသည်။

မှတ်ချက်။ ။ ''ကလာပ်''ခေါ် ''ကာတန္တ''ကျမ်း၌ မာနပစ္စည်းနှင့် အလားတူပစ္စည်းကို အတ္တနောပုဒ်၊ အန္တပစ္စည်းနှင့် အလားတူပစ္စည်းကို ပရဿပုဒ် အမည်မှည့်ထား၏။

မေး။ မာနပစ္စည်းကို အန္တပြန်ရပုံကို ပုံစံနှင့်တကွ ထုတ်ပြခဲ့ပါ။

ဖြေ။ အာချာတ်ကျမ်းလာ အတ္တနောပုဒ်ဝိဘတ်တို့ကိုသာ ပရဿပုဒ်ပြန်ရသည် မဟုတ်၊ ကိတ်ကျမ်းလာ မာနပစ္စည်းသည်လည်း ပရသမညာ၏အစွမ်းဖြင့် အတ္တနောပုဒ် အမည်ရသောကြောင့် ၄င်းမာနပစ္စည်းကိုလည်း ပရဿပုဒ်အမည်ရသော အန္တပစ္စည်း ပြန်ရပါသည်။

ပုံစံ- ဒိဿမာနော၊ ဒိဿန္တော၊ (တွေ့မြင်အပ်၏။)

ရူပသိဒ္ဓိအလို ဒိဿအပြုသည် ကံအနက်၌သာ ဖြစ်သောကြောင့် ကံအနက်၌သက်သော မာနကို အန္တပြန်၍ ''ဒိဿန္တော''ဟု ပြီး၏။

အသဲမနုဘာသွန္တသ၊ ဥတ်, ကမ္မဝါစာဖြင့် **မဆိုမဆုံးမအပ်**သော ရဟန်း၏။ (သံယဘေဒကသိက္ခာပုဒ် စသည်။)

၅၆၆၊ ၅၇၄။ သာသာဒီဟိ ရတ္ထု။ (၃၅၆)

မေး။ သာသာဒီဟိ-ပုဒ်ကို ဝစနတ္ထပြု၍၊ အာဒီသဒ္ဒါဖြင့် ယူရမည့်ဓာတ်များကိုလည်း ဖော်ပြပါ။

ဖြေ။ သာသ အာဒိ ယေသံ ၎တေ သာသာဒယော၊ တေဟိ သာသာဒီဟိ။

အာဒီသဒ္ဒါဖြင့် ယူရမည့်ဓာတ်တို့ကို စာကိုယ်၌ မပြသော်လည်း သသု (ဟိံသာယံ-ဟူသော)ဓာတ်, ဝသ (နိဝါသေ-ဟူသော)ဓာတ်တို့ကို ယူရမည်ဟု ဆရာမြတ်တို့ မိန့်တော်မူကြသည်။

သို့သော် ''ဝသ နိဝါသေ၊ ဝသတိ ထ္ထေ ဖလံ တဒါယတ္တဝုတ္တိတာယာတိ ဝတ္ထု၊ ကုစိဓာတူတိ အာဒိနာ သတကာရသံယောဂသ ထ္ထာဒေသော''ဟု ဟနာဒီဟိ ဏုနတဝေါ-သုတ်၌ ဖွင့်သောကြောင့်လည်းကောင်း၊ သက္ကတအဘိဓာန်တို့၌လည်း ''ဝသ+တုန်'' ဟု ပြထားသောကြောင့် လည်းကောင်း၊ ဂိဏ်းမှာလည်း သတ္ထာဒိဂိဏ်း မဟုတ်, နပုလ္လိင် ရတ္တာဒိဂိဏ်းသာ ဖြစ်သောကြောင့်လည်းကောင်း၊ ဝတ္ထု-၌ ဝသဓာတ် + တု ပစ္စည်းသာဖြစ်၍ ဤသုတ်၌ အာဒိသဒ္ဒါဖြင့် ဝသဓာတ်ကို မယူသင့်ပါ။

(ဆောင်) သသွာ, ဟနာ၊ အာဒိလာ၊ တု-မှာ ဘိက္ခုဂိဏ်း။
ရတ္ထု, ရာတု၊ ရိတု-တု၊ မှတ်ရှု သတ္ထုဂိဏ်း။

မေး။ သတ္ထာ-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြု၍၊ ဓာတ်, ပစ္စည်း ဝေဖန်ပြပါ။

ဖြေ။ သဒေဝကံ လောကံ ဒိဋ္ဌဓမ္မိကာဒိဝသေန သာသတီတိသတ္ထာ။ (သာသဓာတ်+ရတ္ထုပစ္စည်း)
ကိလေသေ သသတိ ဟိံသတီတိ သတ္ထာ။ (သသဓာတ်+ရတ္ထုပစ္စည်း)

မေး။ သတ္ထာ, သတ္ထံ, သတ္ထော - ဟူသော ပုဒ်တို့နှင့်စပ်၍ သိမှတ်ဖွယ်ရာများကို ရေးသားဖော်ပြပါ။

http://www.dhammadownload.com

ဖြေ။ သတ္ထာ–သည် မြတ်စွာဘုရား, ဆရာ ဟူသော အနက်တို့ကို ဟောဇ်။။
(သာသဓာတ်+ ရတ္ထု ပစ္စည်း, သသုဓာတ်, ရတ္ထုပစ္စည်းတို့ဖြင့် ပြီးသော) သတ္ထာဒိဂုဏ်း ပုလ္လိင်သဒ္ဒါ ဖြစ်ပါသည်။

သတ္ထံ–သည် ကျမ်းဂန်, လက်နက်ဟူသော အနက်တို့ကို ဟောဇ်။။
ကျမ်းဂန်အနက်ကို ဟောရာ၌ သာသဓာတ်+ထပစ္စည်းဖြင့် ရုပ်ပြီးသော စိတ္တာဒိဂုဏ်း နပုလ္လိင်သဒ္ဒါ ဖြစ်သည်။ လက်နက်အနက်ကို ဟောရာ၌ သာသဓာတ်+ထပစ္စည်း, သုဓာတ်+ထ (တ)ပစ္စည်းဖြင့် ရုပ်ပြီးသော စိတ္တာဒိဂုဏ်း နပုလ္လိင်သဒ္ဒါပင် ဖြစ်ပါသည်။

သတ္ထော–သည် ကုန်သည်အနက်ကိုဟောရာ၌ ပုလ္လိင်ပုရိသာဒိဂုဏ်း ပုလ္လိင်သဒ္ဒါ ဖြစ်ပါသည်။ (သဟ အတ္ထေန ယော ဝတ္တတီတိ သတ္ထော–ဟု ဝစနတ္ထပြု။)

(ဆောင်) – ဘုရား, ဆရာ၊ ဟောသောအခါ၊ ဂုဏ်းမှာ သတ္ထာဒိ။
– ကျမ်းဂန်, လက်နက်၊ ဤနှစ်ချက်၊ မိန်းမွှက် စိတ္တာဒိ။
– ကုန်သည် ဟောရာ၊ ပုရိသာ၊ သေချာ မှတ်ကုန်ဘိ။

၅၆၇၊ ၅၇၅။ ပါဒိတော ရိတု (ရူပသိဒ္ဓိ) (၃၅၇)
ပါတိတော ရိတု (ကစ္စည်း)

မေး။ (က) ပါဒိတော ရိတု (ခ) ပါတိတော ရိတု–ဟု ၂–မျိုးရှိရာ သင့်မြတ်သောပါဠိကို ယုတ္တိဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ ရူအလို အာဒိသဒ္ဒါဖြင့် ဓရဓာတ်ကို ယူရမည်ဖြစ်သောကြောင့် ''ပါဒိတော ရိတု'' သင့်ပါသည်။

ကစ္စည်းအလိုကား ဓရဓာတ်ကို မာနာဒီဟိ ရာတု သုတ်၌ အာဒိသဒ္ဒါဖြင့် ယူလတ္တံ့ဖြစ်၍ ဤသုတ်၌ အာဒိသဒ္ဒါဖြင့် ယူစရာဓာတ် မရှိသောကြောင့် တိကာရန္တ ဓာတုနိဒ္ဒိဋ္ဌဖြင့် ''ပါတိတော ရိတု''သာ အသင့်ဖြစ်ပါသည်။

မေး။ ပါဒိတော–၌ အာဒိသဒ္ဒါ၏ အာဒိဝန္တအရကို ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါ၏ အာဒိဝန္တအရကား ဓရဓာတ် ဖြစ်ပါသည်။

မေး။ (က) ပိတာ (ခ) ဓီတာ–တို့ကို ဝိဂြိုဟ်ဆို၍၊ ရုပ်အကျဉ်းလည်း စီရင်ပြခဲ့ပါ။

ဖြေ။ (က) ပုတ္တံ ပါတီတိ ပိတာ။
(ခ) မာတာပိတူဟိ ဓရီယတီတိ ဓီတာ။
(က) ပါဓာတ်တည်၊ ဤသုတ်ဖြင့် ရိတု ပစ္စည်းသက်၊ ရ် အနုဗန်ကို ချေ၊ ခွင်း, ချေ, ကပ်၊ နာမ်ငဲ့စသည်၊ ''ပိတာ''ကား ပြီး၏။
(ခ) ဓရဓာတ်တည်၊ ဤသုတ်ဖြင့် ရိတုပစ္စည်းသက်၊ ရ်အနုဗန်နှင့်တကွ ဓာတွန် ရ်ကိုချေ (ဓ–တု)၊ ကွစိ ဓာတု သုတ်ကြောင်းဖြင့် ဣ ကို ဤဒီဃပြု၊ ဓ်.ခွင်း, ချေ, ကပ်၊ 'ဓီတု' ဟုဖြစ်၏၊ နာမ်ငဲ့စသည် စီရင်၊ ပြီး၏။

မှတ်ချက်။ ။ ကစ္စည်းအလို မာနာဒီဟိ ရာတု သုတ်ဖြင့် သက်ရပါမည်။

http://www.dhammadownload.com

၅၆၈၊ ၅၇၆။ မာနာဒီဟိ ရာတု။ (၃၅၇။)

မေး။ မာနာဒီဟိ–၌ အာဒိသဒ္ဒါဖြင့် ယူရမည့်ဓာတ်များကို ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါဖြင့် ဘာသဓာတ်, ဇနဓာတ်, နဟဓာတ် စသည်တို့ကို ယူရပါမည်။

ပုံစံ – ပုဗ္ဗေ ဘာသတီတိ ဘာတာ။ (အစ်ကို)
ပစ္ဆာ ဘာသတီတိ ဘာတာ။ (ညီ)
ပပုတ္တေ ဇနေတီတိ ဇာမာတာ။ (သားမတ်)
နဟီယတိ ဗန္ဓီယတိ ပေမေနာတိ နတ္တာ။ (မြေး)

၅၆၉၊ ၆၁၀။ အာဂမာ တုကော

မေး။ ဤသုတ်ဖြင့် တုကပစ္စည်းသက်ရာအနက်ကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ တုကပစ္စည်းသည်လည်း ကိတ်အမည်ရသောကြောင့် ကတ္တားအနက်၌ပင် သက်ပါသည်။
အာဂစ္ဆတီတိ အာဂန္ဆုကော။ အာ – ဂမု + တုက။

ဒုတိယကဏ္ဍပြီး၏။



တတိယကဏ္ဍ

၅၇၁၊ ၆၂၄။ ပစ္ဆယာ ဒနိဋ္ဌာ နိပါတနာ သိဒ္ဓန္တိ။ (၃၈၁)

မေး။ ဤသုတ်ကို ရှုပသိဒ္ဓိဆရာအလိုကျ အနက်ပေးပြပါ။

ဖြေ။ ဣဓ၊ ဤကစ္စည်းကျမ်း၌။ ပစ္ဆယာ (သပစ္ဆယာ)၊ ပစ္ဆည်းနှင့်တကွ ဖြစ်ကုန်သော။ ယေ သဒ္ဒါ၊ အကြင်သဒ္ဒါတို့သည်။ (ပစ္ဆယေဟိ၊ ပစ္ဆည်းတို့ကြောင့်။) အနိဋ္ဌာ၊ အပြီးသို့ မရောက်ကုန်သေး။ တေ သဒ္ဒါ၊ ထိုသဒ္ဒါတို့သည်။ နိပါတနာ၊ ဤနိပါတနသုတ်ကြီးဖြင့်။ ဝါ၊ ကြောင့်။ သိဒ္ဓန္တိ၊ ပြီးကြရကုန်၏။

ရှင်းချက်။ ။ ရှေ့၌ 'ပစ္ဆယာ'ကို 'သပစ္ဆယာ သဒ္ဒါ'ဟု ဖွင့်၍၊ 'ပစ္ဆယေဟိ'ပုဒ်ကို ပက္ခိပနဝုတ္တိအဖြစ် ထည့်ဖွင့်သည်ဟု–မှတ်ပါ။ ဆရာမြတ်တို့ကား သက္ကတ၌ ''ပစ္ဆယာတ်'' ဟူသော သွာဝစနန္တပုဒ်နှင့် အလားတူပုဒ်သည် နောက်ပုဒ်နှင့် သန္ဓိစပ်သောအခါ (ဒ်) ဖြစ်၍ စပ်ရိုးတည်း။ ထိုကြောင့် ''ပစ္ဆယာ''သည် ဟိတ်အနက်ဟော သွာဝစနန္တပုဒ်သာ ဖြစ်ထိုက်သည်''ဟုဆို၍ ''ပစ္ဆယာ၊ ပစ္ဆည်းကြောင့်''ဟု သုတ်နက်ပေးတော်မူကြသည်။ ပညာရှင်တို့ ဆင်ခြင်တော်မူကြပါကုန်။

http://www.dhammadownload.com

၅၇၂၊ ၆၂၅။ သာသဒိသတော တဿ ရိဋ္ဌော စ။ (၃၈၁)

မေး။ ဤသုတ်ပါ စသဒ္ဒါ၏အကျိုးကို ရေးပြပါ။

ဖြေ။ စ သဒ္ဒါဖြင့် သာသဓာတ်, ဒိသဓာတ်တို့နောင် တိပစ္စည်းကို ရိဋ္ဌ–ပြုရခြင်း၊ ဒိသဓာတ်နောင် တဗ္ဗ, တေယျ–ဟူသော ကိစ္စပစ္စည်းတို့၏ တ–ကို ရဋ္ဌ–ပြု၊ တုံပစ္စည်းကို ရဋ္ဌုံ–ပြု၊ တွာ ပစ္စည်းကို ရဋ္ဌု, ရဋ္ဌာ–ပြုရခြင်း အကျိုးရှိပါသည်။

အနုသိဋ္ဌ	– အနု,	သာသ + တိ၊	(တိ > ရိဋ္ဌ)
ဒိဋ္ဌ	–	ဒိသ + တိ၊	(″)
ဒဋ္ဌဗ္ဗံ	–	ဒိသ + တဗ္ဗ	(တ > ရဋ္ဌ)
ဒဋ္ဌေယျံ	–	ဒိသ + တေယျ	(″)
ဒဋ္ဌုံ	–	ဒိသ + တွာ,တုံ	(တွာ, တုံ > ရဋ္ဌုံ)။
ဒဋ္ဌာ	–	ဒိသ + တွာ	(တွာ > ရဋ္ဌာ)

မေး။ 'ဒဋ္ဌုံ' ၂–မျိုးကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''ဒဋ္ဌု ဂစ္ဆတိ''၌ 'ဒဋ္ဌု' ကို 'ပသိတုံ' ဟု အနက်ဖွင့်သောကြောင့် ယင်း 'ဒဋ္ဌု'သည် ဒိသဓာတ်နောင် တုံပစ္စည်းကို 'ရဋ္ဌုံ' ပြု၍ ရုပ်ပြီးသောပုဒ် ဖြစ်၏။ ''ရဋ္ဌု၊ ဖူးမြင်ခြင်းငှါ။ ဂစ္ဆတိ၊ သွား၏''ဟု အနက်ပေးရမည်။

''နေက္ခမံ ဒဋ္ဌုံ'' ၌ 'ဒဋ္ဌု'ကိုကား 'ပသိတွာ'ဟု အနက်ဖွင့်သောကြောင့် ဒိသဓာတ် နောင် တွာပစ္စည်းကို 'ရဋ္ဌုံ' ပြု၍ ရုပ်ပြီးသောပုဒ် ဖြစ်၏။ ''နေက္ခမံ၊ ရဟန်းအဖြစ်ကို။ (ခေမတော၊ ဘေးမဲ့အားဖြင့်) ဒဋ္ဌု၊ မြင်၍''ဟု အနက်ပေးရမည်။

သိမှတ်ဖွယ်။ ။ ''နေက္ခမံ ဒဋ္ဌု ခေမတော''ဟူသော သုတ္တန်ပါတ် ပဗ္ဗဇ္ဇာသုတ်၌ကား ဂါထာအရာဖြစ်၍ ဆန္ဒာနုရက္ခဏာအကျိုးငှါ ''ဒဋ္ဌုံ''မှ နိဂ္ဂဟိတ်ကို ဗျဉ္ဇနေ စ သုတ်ဖြင့် ချေထားသည်ဟု မှတ်ပါ။

မေး။ တုံပစ္စည်း ဟောနိုင်သောအနက်များကို စုံလင်စွာ ဖော်ပြပါ။

ဖြေ။ တွာပစ္စည်းအနက်, သမ္ပဒါန်အနက်, ကတ္တားအနက်, ကံအနက်တို့ ဖြစ်ပါသည်။

နေက္ခမံ ဒဋ္ဌုံ။	(တွာပစ္စည်းအနက် = ၍)
ဒဋ္ဌု ဂစ္ဆတိ။	(သမ္ပဒါန်အနက် = ငှါ)
ကာတုံ ဝဋ္ဋတိ။	(ကတ္တားအနက်)
ကာတုံ လဗ္ဘတိ။	(ကံ အနက်)

မေး။ အနုသာသိတံ, အနုသာသိတဗ္ဗံ, အနုသာသိတုံ, အနုသာသိတွာ, ဒဿိတံ စသော ပြယုဂ်တို့၌ အဘယ့်ကြောင့် တပစ္စည်း၏ ရိဋ္ဌ စသောအပြုများ မဖြစ်ပါသနည်း။

ဖြေ။ ဣ အာဂုံ ခြားကွယ်နေသောကြောင့် ဖြစ်ပါသည်။

၅၃၇၊ ၆၂၆။ သာဒိ သန္တ ပုစ္ဆဘန္တဟန္တာဒိဟိ ဋ္ဌော (၃၈၂)

မေး။ 'သာဒိ'ပုဒ်ကို ဝစနတ္ထပြု၍၊ အနက်ပေးပြီးလျှင်၊ အဓိပ္ပါယ်ကိုလည်း ရေးပြပါ။

ဖြေ။ အာဒိနာ သဟ ယော ဝတ္တတိတိ သာဒိ။ (အညပဒတ္ထ အဗျယီဘောသမာသ်ဟုဆိုကြ၏)။ ယော၊ အကြင် တပစ္စည်းသည်။ အာဒိနာ၊ **အနိုးအစဖြစ်သော** ဓာတုန်ဗျည်းနှင့်။ သဟ၊

http://www.dhammadownload.com

တကွ။ ဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ သော၊ ထို တပစ္စည်းသည်။ သာဒိ၊ သာဒိ-မည်၏။

တပစ္စည်း၏ အနီးအစဖြစ်သော ဓာတွန်ဗျည်းသည် ''အာဒိ''မည်၏။

ထိုအနီးအစ (အာဒိ)ဖြစ်သော ဓာတွန်ဗျည်းနှင့်တကွ ဖြစ်သောကြောင့် တပစ္စည်းသည် ''သာဒိ'' မည်၏။ ဥပမာ- ''တုသ် + တ''၌ 'သ်'ဗျည်းသည် တပစ္စည်း၏ အနီးအစဖြစ်သော 'အာဒိ'တည်း။ ထိုအနီးအစ (အာဒိ) ဖြစ်သော ဓာတွန် သ် ဗျည်းနှင့်တကွ ဖြစ်သောကြောင့် တပစ္စည်းသည် ''သာဒိ'' မည်၏။

ဆိုလိုရင်းကား- ဓာတွန်ဗျည်းနှင့်တကွဖြစ်သော တပစ္စည်း (သ်+တ-စသည်)ကို ၌ ပြုပါ-ဟူ၍ ဖြစ်၏။

မေး။ 'သာဒိ'ပုဒ်နှင့် စပ်၍ သိမှတ်ဖွယ်များကို ရေးသားဖြေဆိုပါ။

ဖြေ။ ''အာဒိနာ သဟ ဝတ္တတီတိ သာဒိ''ဟု ဝစနတ္ထပြုပြသော စာကိုယ်အလို 'သာဒိ'ကို 'တဿ-၏ ဝိသေသန'ဟု ဆိုရပါမည်။ သို့သော် ''သဟာဒိဗျဥ္ဇနေန ဓာတွန္တေန ၌ ဒေသော ဟောတိ''ဟူသောအဖွင့်ကို ကြည့်လျှင်ကား ''သဟ အာဒိနာတိ သာဒိ'' ဟု ဝစနတ္ထပြု၍ 'ဌော-၌ ဝိသေသန'အဖြစ်ဖြင့် စပ်ရမည်ဟု ယူဆဖွယ်ရှိပါသည်။

'သာဒိ'ပုဒ်ကို ပထမာဗဟုဗ္ဗီဟိသမာသ်ပုဒ်ဟု ဆရာမြတ်တို့ဆိုကြသော်လည်း သီဟိုဠ် ရူပသိဒ္ဓိနိဿယ, ၎င်းကို မှီသော ရူပသိဒ္ဓိဂဏ္ဌိတို့၌ ''ဥမ္မတ္တဂဂ်''စသည်တို့ကဲ့သို့ ''အညပဒတ္ထ အဗျယီဘောသမာသ်''ဟု ဆိုကြ၏။ ''အညသ္မာ လောပေါ စ''သုတ်ဖြင့် သာဒိ နောင် သဝိဘတ်ကို ချေထားသည် ဟူ၏။ ၎င်းတို့အလို - သာဒိပုဒ်သည် ရှေ့သုတ်မှ လိုက်လာသော ''တဿ''ပုဒ်၏ ဝိသေသန ဖြစ်ပါသည်။

သာဒိ-သည် တဿ-၏ ဝိသေသနဖြစ်လျှင် ''အနီးအစ ဓာတွန်နှင့် တကွဖြစ်သော တပစ္စည်းသည် ''သာဒိ'' မည်၏-ဟု အဓိပ္ပါယ်ရပါသည်။

ဌော-ပုဒ်၏ ဝိသေသနဖြစ်လျှင် ''အနီးအစ ဓာတွန်နှင့်တကွ''ဟုသာ အဓိပ္ပါယ်ရပါသည်။ အနီးအစ ဓာတွန်နှင့် တကွ ၌ ပြုပါ-ဟူလို။

မေး။ ဤသုတ်ကို အနက် ၂-နည်း ပေးပြခဲ့ပါ။

ဖြေ။ သန္တပုစ္ဆဘန္ဇဟန္သာဒီဟိ၊ သအက္ခရာအဆုံးရှိသောဓာတ်; ပုစ္ဆ, ဘန္ဇ, ဟန္သအစရှိသော ဓာတ်တို့မှ။ ပရဿ၊ နောက်ဖြစ်သော။ သာဒိ၊ အနီးအစ ဓာတွန်ဗျည်းနှင့် တကွဖြစ်သော။ တဿ၊ တပစ္စည်း၏။ ဌော၊ သည်။ ဟောတိ၊ ၏။

(တစ်နည်း) သန္တပုစ္ဆဘန္ဇဟန္သာဒီဟိ၊ တို့မှ။ ပရဿ၊ သော။ တဿ၊ ၏။ သာဒိ၊ နှင့်တကွ။ ဌော၊ သည်။ ဟောတိ၊ ၏။

မေး။ ဟန္သဓာတ်သည် သအက္ခရာအဆုံးရှိသော ဓာတ်ဖြစ်၍ သန္တ-အရတွင် ပါဝင်နိုင်ပါလျက် အဘယ်အကျိုးငှါ သီးခြားထည့်ဆိုရပါသနည်း။

ဖြေ။ သန္တ အရတွင် ပါဝင်နိုင်သော်လည်း ဟနဓာတ်မှတပါးသော အချို့သော သကာရန္တဓာတ်တို့၌ ၌-အပြု မမြဲကြောင်းကို ပြခြင်းအကျိုးငှါ ဟန္သဓာတ်ကို သီးခြားဆိုရခြင်းဖြစ်ပါသည်။ (ဟန္သဓာတ်၌ကား ၌ အပြု မြဲ၏-ဟူလို။)

ထို့ကြောင့် 'ဝိဒ္ဓသ္တော, ဥတြသ္တော' စသောပြယုဂ်တို့၌ ဓာတွန်သ်နှင့်တကွ တပစ္စည်းကို ၌ မပြုရပါ။

http://www.dhammadownload.com

မေး။ သာဒိ သန္တ–သုတ်လာ ဝိဓိ ၃–မျိုးကို ရေးသားဖြေဆိုပါ။

ဖြေ။ –ဟန္သဓာတ်နောင် တပစ္စည်းကို အမြဲ ဠ ပြုရခြင်းသည် နိစ္စဝိဓိ၊ (ဟဠ္ဒော)။

–ဟန္သဓာတ်မှတစ်ပါး တုသ, ဘသ, ဒိသ, ဖုသ, ကွသုစသော အချို့သော သကာရန္တ ဓာတ်တို့နောင် တပစ္စည်းကို ရံခါ ဠ ပြုရခြင်းသည် အနိစ္စဝိဓိ၊ (တုဠ္ဒော, သန္တုသိတော၊ ဘဠ္ဒော, ဘာသိတော၊ ဒဠ္ဒော, ဒုံသိတော၊ ဖုဠ္ဒော, ဖုသိတော၊ ကွဠ္ဒော, ကွစ္ဆိတော, ဒေသိတော။)

–ဓံသ, တြသစသော ဓာတ်တို့နောင် တပစ္စည်းကို လုံးဝ ဠ မပြုရခြင်းသည် အသန္တဝိဓိ၊ (ဝိဒွတ္ထော၊ ဥတြတ္ထော။)

မေး။ (က) ဒုံသိတော (ခ) ဝိဒွတ္ထော (ဂ) ဥတြတ္ထော–တို့ကို ရုပ်ကျဉ်း စီရင်ပြပါ။

ဖြေ။ (က) ဒံသ် + တ၊ ကွအာဂုံလာ၊ သ် ကွသို့ကပ် (ဒံသိတ)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဒ ကို ဒု ပြု၊ ပြီး၏။

(ခ) ဝိ–ဓံသ် + တ၊ သ် ဗျည်းကို နောက် တ သို့ကပ် (ဝိဓံတ္ထ)၊ ဗျဥ္ဇနေ စ သုတ်ဖြင့် နိဂ္ဂဟိတ်ကို ဓွေ (ဝိဓတ္ထ)၊ ဓ ကို အသဒိသဒ္ဒေဘော် (ဒ္ဒ) ပြု၊ နာမ်ငဲ့စသည်၊ ပြီး၏။

(ဂ) ဥ–တြသ် + တ၊ သ် ဗျည်းကို နောက်တ သို့ကပ် (ဥတြတ္ထ)၊ နာမ်ငဲ့စသည်၊ ပြီး၏။

မေး။ ဟန္သာဒီဟိ–၌ အာဒိသဒ္ဒါဖြင့် ယူရမည့်ဓာတ်များကို ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါဖြင့် ယဇဓာတ်, သဇဓာတ်, မဇဓာတ် စသည်တို့ကို ယူရပါမည်။

မေး။ သန္တုသိတော–စသောပြယုဂ်ဟို၌ ဤသုတ်ဖြင့် ဠ မပြုရခြင်း အကြောင်းကို ဖြေဆိုပါ။

ဖြေ။ ကွ အာဂုံခြားနေသောကြောင့် ဠ မပြုရခြင်း ဖြစ်ပါသည်။

မေး။ 'ဘဠ္ဒော'နှင့် 'ဘဒ္ဒ' တို့၏ ခြားနားပုံကို ဖော်ပြပါ။

ဖြေ။ ''ဘဠ္ဒော'' သည် ရူအလို ဘသဓာတ် + တပစ္စည်းဖြစ်၍၊ ကစ္စည်းအလို ဘန္ဓဓာတ် + တပစ္စည်း ဖြစ်၏။ ''ဘဒ္ဒ'' ကား ဘန္ဓဓာတ် + တပစ္စည်း ဖြစ်ပါသည်။

မေး။ (က) သဇ ဝိသဂ္ဂေ သံပုဗ္ဗော (ခ) သဇ္ဇ ဝိသဂ္ဂေ သံပုဗ္ဗော ၂–မျိုးတို့တွင် အဘယ်ကသာ၍ ကောင်းသည်ဟု ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ရူပသိဒ္ဓိ၌ ''သဇ''ဟုရှိသော်လည်း ဓာတ္ဝတ္ထသင်္ဂဟ၌ကား ''သဇ္ဇ''ဟု ဇ္ဇဒွေးဘော်နှင့် ရှိ၏။ သက္ကတဓာတုပါဌ၌ ''သဇဇ (သ်ရိဇ)''ဟု ရိသရနှင့်ရှိသောကြောင့် ယင်း ''သဇ္ဇ'' ဓာတ်သာ ကောင်းပါသည်။ မဇဓာတ်၌လည်း နည်းတူပင်။ (သဇဇ > သဇ် > သဇ္ဇ။ မဇဇ > မဇ် > မဇ္ဇ)

မေး။ ဤသုတ်သို့လိုက်လာသော တသ–အရ ယူရမည့် တ–ကို ပြည့်စုံစွာ ဖော်ပြပါ။

ဖြေ။ တသ–အရ တပစ္စည်း၊ တဗ္ဗစသော ကိစ္စပစ္စည်းတို့၏ တ နှင့် တုံ, တိ စသော ပစ္စည်းတို့မှ တ–ဟို့ကို ယူရပါမည်။

ပုံစံ– တုဠ္ဒော (တုသ + တ)
တောဠ္ဍံ (တုသ + တဗ္ဗ)

http://www.dhammadownload.com

အဘိဟဋ္ဌုံ (အဘိ-ဟရ+တုံ)
တုဋ္ဌ (တုသ + တ)

မေး။ (က) အဘိဟဋ္ဌုံ (ခ) အဘိဟဋ္ဌုံ ဟူသော ပါဠိ ၂-ထွေတို့တွင် သင့်မြတ်သောပါဠိကို ရှင်းလင်းဆုံးဖြတ်ပါ။

ဖြေ။ ''အဘိဟရိတုံ အဘိဟဋ္ဌုံ''ဟု ဖွင့်သော ရူပသိဒ္ဓိအလို ''အဘိ-ဟရ်+တုံ''၊ သာဒိသန္တပုစ္ဆာနန္တဟန္သာဒီဟိ ဌော သုတ်ဖြင့် ဓာတွန် ရ်နှင့်တကွ တုံပစ္စည်းမှ တ ကို ဋ္ဌ ပြု၍ ရုပ်ပြီးသောကြောင့် ''အဘိဟဋ္ဌုံ''ပါဠိ သင့်ပါသည်။

အခ္ခိုဆရာတို့ကား ဒွေးဘော်မဲ့ မုဒ္ဓဇ ပဌမက္ခရာ ဋ္ဌ နှင့် 'အဘိဟဋ္ဌုံ' ပါဠိသာသင့်ကြောင်း ဆုံးဖြတ်ကြပါသည်။ သို့သော် မောဂ္ဂလ္လာန် (၅၊ ၁၆၅) နှင့် ၄င်းပဋိကာတို့၌လည်း တွာပစ္စည်းဖြင့် ''အဘိဟဋ္ဌုံ'' ရုပ်ပြီးပုံကို ဖွင့်ပြသောကြောင့် ''အဘိဟဋ္ဌုံ'' ပါဠိကိုသာ အမှန်ဟု ကေန်မုချ ဆုံးဖြတ်ချက်ချသင့်ပါသည်။ ရှေးမူများနှင့်တကွ သီဟိုဠ်, ယိုးဒယား စသော မူများအားလုံး၌ ''အဘိဟဋ္ဌုံ ပဝါရေယျ''ဟုသာ တစ်ညီတညီးရှိနေကြပါသည်။

၅၇၄၊ ၆၁၃။ ဝသတော ဥတ္ထ (၃၇၅-၆)

မေး။ ဤသုတ်ကို အဘယ်အကျိုးငှါ တည်ရပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဝသဓာတ်သည် သကာရန္တဓာတ်ဖြစ်၍ သာဒိသန္တ စသော သုတ်ဖြင့် ဋ္ဌ-အပြုရောက်လာဖွယ်ရှိသောကြောင့် ထို ဋ္ဌ-အပြုကို တားမြစ်ခြင်းအကျိုးငှါ ဤသုတ်ကို မိန့်ဆိုရခြင်း ဖြစ်ပါသည်။ ဝသဓာတ်နောင် တပစ္စည်းကို သာဒိသန္တ စသောသုတ်ဖြင့် ဋ္ဌ မပြုဘဲ ဤသုတ်ဖြင့် ဓာတွန် သ်ဗျည်းနှင့်တကွ တပစ္စည်းကို ဥတ္ထ ပြုပါ-ဟူလို။

မေး။ ရူပသိဒ္ဓိ၌ ''ဝသံတော ဥတ္ထ''ဟု ဒန္တဇ ထ္ထ နှင့်ရှိ၍ ကစ္စည်း၌ စသတော ဥဋ္ဌ-ဟု မုဒ္ဓဇ ဋ္ဌ နှင့် ရှိနေရာ ရူပသိဒ္ဓိဆရာအလို အဘယ်ပါဠိသာ သင့်မြတ်သည်ဟု ရှင်းလင်းဆုံးဖြတ်ပါ။

ဖြေ။ ''သကာရန္တတ္တာ 'သာဒိ သန္တ'ဣစ္စာဒိနာ ဋ္ဌာဒေသေ သမ္ပတ္တေ --- ဥတ္ထာဒေသော ဟောတိ = ဝသဓာတ်သည် သကာရန္တဓာတ်ဖြစ်၍ သာဒိသန္တ စသောသုတ်ဖြင့် ဋ္ဌ အပြု ရောက်လုလတ်သော် ထို ဋ္ဌ အပြုကို တားမြစ်၍ ဤသုတ်ဖြင့် ဥတ္ထပြု'' ဟု ရူပသိဒ္ဓိ၌ ဖွင့်ဆိုသောကြောင့် ၄င်းအလို ဒန္တဇ 'ထ္ထ' နှင့် ''ဝသတော ဥတ္ထ''ပါဠိသာ သင့်ပါသည်။

- သာဒိ သန္တသုတ်ဖြင့် ဝသဓာတ်နောင် တပစ္စည်းကို ''ဋ္ဌ'' အပြုစီရင်လျှင် ''(ဝဿံ) ဝုဋ္ဌော''ဟု မုဒ္ဓဇ ''ဋ္ဌ''နှင့် ရုပ်ပြီးရလိမ့်မည်။ ထိုသုတ်အစီအရင်ကို တားမြစ်လို၍ ဤသုတ်ကို မိန့်ဆိုခြင်းဖြစ်ရကား ယင်းသို့ ရုပ်မပြီးသင့်ပေ။ ထိုကြောင့် ဤသုတ်၌ ဒန္တဇ ''ထ္ထ''နှင့် ''ဝသတော ဥတ္ထ'' ပါဠိသာ အမှန်ဖြစ်၏-ဟု ဆိုလိုပါသည်။

အဘယရာမဆရာတော်ဘုရားကြီးကား မောဂ္ဂလ္လာန်နိဿယ၌ မုဒ္ဓဇ ဋ္ဌ နှင့် 'ဥဋ္ဌ' ပါဠိ သင့်ကြောင်း ဆုံးဖြတ်တော်မူပါသည်။ ထိုနိဿယ၌ ရှုကြပါကုန်။

မေး။ အဘယ်နေရာ၌ 'ဝုဋ္ဌ'ဟု မုဒ္ဓဇ ဋ္ဌ နှင့်ရှိသင့်၍၊ အဘယ်နေရာမျိုး၌ ဝုတ္ထ-ဟု ဒန္တဇ ထ္ထ နှင့် ရှိသင့်ပါသ်နည်း? ဝုတ္ထ နှင့် ဝုဋ္ဌ ခွဲထားကို ရေသားဖြေဆိုပါ။

ဖြေ။ 'မိုးရွာခြင်း'အနက်ကို ဟောရာ၌ 'ဝုဋ္ဌ' ဟု မုဒ္ဓဇ ဋ္ဌ နှင့် ရှိသင့်၍၊ 'နေခြင်း'အနက်ကို

http://www.dhammadownload.com

ဟောရာ၌ 'ဝုတ္ထ'ဟု ဒန္တဇ ဏ္ဍ နှင့် ရှိသင့်ပါသည်။

မေး။ (က) ဝုတ္ထော (ခ) အဓိဝတ္ထာ (ဂ) ဝတ္ထဗ္ဗံ–တို့ကို ရုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ (က) ဝသ်+တ၊ ဤသုတ်ဖြင့် အနီးအစ ဓာတွန် သ်ဗျည်း နှင့်တကွ တပစ္ဆည်းကို ဥတ္ထပြု (ဝ ဥတ္ထ)၊ သရလောပေါ် သုတ်ဖြင့် ဝ ၏ အ ကို ချေ၊ ဝ် နောက် ဥ သို့ကပ်၊ နာမ်ငဲ့ စသည်၊ 'ဝုတ္ထော' ပြီး၏။

(ခ) အဓိ–ဝသ်+တ၊ ဤသုတ်ဖြင့် နည်းတူ ဥတ္ထ ပြု(အဓိ ဝ ဥတ္ထ)၊ သရလောပေါ် သုတ်၌ တုသဒ္ဒါက တားမြစ်သောကြောင့် ရှေ့သရ မ့ကျေရာ၌ ဝါ ပရော အသရူပါ သုတ်ဖြင့် နောက်ဥသရကို ချေ (အဓိဝတ္ထ)၊ အာ ပစ္စည်းသက်၊ နာမ်ငဲ့ သိသက် ချေ၊ 'အဓိဝတ္ထာ' ပြီး၏။

(ဂ) ဝသ် + တဗ္ဗ၊ ဤသုတ်ဖြင့် ဥတ္ထပြု (ဝ ဥတ္ထ ဗ္ဗ)၊ နောက် ဥသရကို ချေ၍ 'ဝတ္ထဗ္ဗ' ဟု ဖြစ်၏။ နာမ်ငဲ့, သိသက်, အံပြု၊ ချေ, ကပ်၊ 'ဝတ္ထဗ္ဗံ' ပြီး၏။

မေး။ ဝုသိတော, ဝုသိတာဝိ, ဝုသိတာဝီ–တို့၌ ဥတ္ထ မပြုရခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ယင်းပြဃုဂ်တို့၌ ''ဝသ် ိ တ'' စသည်ဖြင့် ဣအာဂုံခြားနေသောကြောင့် ဓာတွန် သ်နှင့်တကွ တပစ္ဆည်းကို ဥတ္ထ မပြုရခြင်း ဖြစ်ပါသည်။

၅၇၅၊ ၆၁၄။ ဝဿ ဝါ ဝု (၃၇၆)

မေး။ (က) ဝဿ ဝါ ဝု (ခ) ဝသ ဝါ ဝု ၂–မျိုးတို့တွင် သင့်မြတ်သောပါဠိကို ယုတ္တိဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ ''ဝသတော ဥတ္ထ''သုတ်မှ 'ဝသတော'ပုဒ်သည် 'ဝဿဿ'ဟု ဝိဘတ်ပြန်၍ လိုက်လာသော ကြောင့်. ''ဝဿဿ၊ ဝသ ဓာတ်၏။ ဝဿ၊ ဝအက္ခရာ၏။ ဥ၊ ဥ အပြုသည်။ ဟောတိ၊ ၏''ဟုသာ အနက်အဓိပ္ပါယ် ဖြစ်သင့်ပါသည်။ ''ဝဿဿ၊ ဝသ ဓာတ်၏။ ဝဿ၊ ဝသ ဓာတ်၏''ဟု အနက်အဓိပ္ပါယ် မဖြစ်သင့်ပါ။ ထိုကြောင့် ''ဝဿ ဝါ ဝု'' ပါဠိသာ သင့်ပါသည်။

အဖွင့်၌ မှတ်ဖွယ်။ ။ ဝုတ္တိ၌ ''ဝသက္ကစ္စေတဿ ဓာတုဿ''သည် လိုက်လာသော ''ဝဿဿ'' ၏အဖွင့်၊ 'ဝကာရဿ'သည် ဤသုတ်ပါ 'ဝဿ' ၏ အဖွင့်ဟု မှတ်ပါ။ ''ဝု (ဝ+ဥ)'' ၌ ဝ–ကိုကား ဝကာရာဂမော စ–ဟု ဖွင့်သည်။

မေး။ ဝဿ ဝါ ဝု–သုတ်ကို ပုဒ် ၂–မျိုးဖြတ်၍ အနက် ၂–နည်း ပေးပြပါ။

ဖြေ။ ၁။ ဝဿ + ဝါ + ဝ + ဥ။

၂။ ဝဿ + ဝါ + ဥ။ (ဝ် ကား အာဂုံတည်း။)

၁။ (တမှိ၊ နိဋ္ဌာမည်သော တပစ္ဆည်းကြောင့်။ ဝသဿ၊ ဝသဓာတ်၏။) ဝဿ၊ ဝ အက္ခရာ၏။ ဥ၊ ဥ အပြုသည်။ ဟောတိ၊ ၏။ ဝ၊ ဝ–အက္ခရာလာသည်လည်း။ ဝါ၊ အချို့။ ဟောတိ၊ ၏။

၂။ (တမှိ၊ ကြောင့်။ ဝသဿ၊ ဝသဓာတ်၏။) ဝဿ၊ ဝ, ဝ၏ အစိတ် အ အက္ခရာ၏။ ဥ၊ သည်။ ဝါ၊ ချို့။ ဟောတိ၊ ၏။

http://www.dhammadownload.com

မေး။ ဝဿ ဝါ ဝု-သုတ်သည် တိပဒဝိဓိသုတ်လော? စတုပ္ပဒဝိဓိသုတ်လော? စိစစ်ဖြေဆိုပါ။

ဖြေ။ ''ဝဿ + ဝါ + ဥ''ဟု ပုဒ်ဖြတ်လျှင် တိပဒဝိဓိသုတ်ဖြစ်၍၊ ''ဝဿ + ဝါ + ဝ + ဥ'' ဟု ပုဒ်ဖြတ်လျှင် စတုပ္ပဒဝိဓိသုတ်ဖြစ်ပါသည်။

မေး။ ''ဝဿ + ဝါ + ဥ''ဟု ပုဒ်ဖြတ်သောနည်း၌ ဝဿ-ပုဒ်နှင့်စပ်၍ သိမှတ်ဖွယ်ရာများကို စုံလင်စွာ ရေးပြပါ။

ဖြေ။ ဝဿ-၌ 'ဝ'တစ်လုံးတည်း မဟုတ်၊ တန္တနည်းအားဖြင့် ဒုတိယ 'ဝ'တစ်လုံးကိုလည်း အလိုရှိအပ်ပါသည်။ ပထမ 'ဝ' သည် 'ဝ'ဟုပင် အနက်ထွက်၍ ဒုတိယ 'ဝ' ကား (''ဝဿ + အ ဝ''ဟူသော ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထအရ) 'ဝ၏ အ'ဟု အနက်ထွက်၏။

ထို့ကြောင့် ဤသုတ်ဖြင့် '' ဝ-ကိုသာမက ဝ-၏အစိတ် အ ကိုလည်း ဥ ပြု'' ဟူသော အနက်အဓိပ္ပါယ် ပြီးပါသည်။ ဝ-ကိုလည်း ဥ ပြု, ဝ-၏အစိတ် အ အက္ခရာကိုလည်း ဥ ပြုပါ-ဟူလို။

အမှာ။ ။ ''တန္တနည်း''အဓိပ္ပါယ်ကို ဝစဝသဝဟာဒိန မုကာရော ဝဿ ယေ-သုတ်၌ ပြနိုင်ကြည့်ပါ။ အချို့သော အမေး+အဖြေ စာအုပ်တို့၌ ရေးသားပုံမှာ မှားယွင်းလျက်ရှိသည်။ သတိပြုကြပါလေ။

မေး။ (က) ဥသိတော (ခ) ဝုသိတော-တို့ကို ရှုပ်ကျဉ်း စီရင်ပြခဲ့ပါ။

ဖြေ။ ဝသဓာတ် + တပစ္စည်း၊ ဝ ကို ဥ-ပြုသောအခါ ''ဥသိတော'' ဟုရှုပ်ပြီးပါသည်။
ဝ ၏ အစိတ် အ ကို ဥပြုသောအခါ 'ဝုသိတော'ဟု ရှုပ်ပြီး ပါသည်။
- ဥသိတော ဗြဟ္မစရိယံ ဝုသိတော။

မှတ်ချက်။ ။ ဤဒုတိယနည်းအလို ဝ-သည် အာဂုံမျှသာဖြစ်၍ အနက်မရှိသောကြောင့် 'ဝကာရာဂမော စ' ဟု ဖွင့်ဖွယ် မလိုတော့ပေ။

မေး။ ဝဿ ဓါ ဝု-သုတ်၌ နိမိတ်ဖြစ်ထိုက်သော 'တ' ကို ဖော်ပြပါ။

ဖြေ။ ဤသုတ် နိမိတ်ဖြစ်ထိုက်သော 'တ'မှာ 'နိဋ္ဌာ'အမည်ရသော တ, တဝန္တ္၊ တာဝီ ပစ္စည်းတို့၏ တ-အက္ခရာဖြစ်ပါသည်။ ထို တ-အက္ခရာနှောင်းရာ၌သာ ဤသုတ်ဖြင့် ဥ ပြုပါ-ဟူလို။

၅၇၆၊ ၆၀၇။ ဓမ္မဟေဟိ ဓမ္မာ ၈။ (၃၇၃)

မေး။ ဤသုတ်၌ 'ယထာဂ္ဂမံ'အရ အစဉ်တကျပြုပုံကို ရှုဆရာအလိုကျအောင် ရေးပြပါ။

ဖြေ။ ၈, ပကာရန္တဓာတ်တို့နောင် ပစ္စည်းတွင်ပါဝင်သော တ-အက္ခရာကို အစဉ်အတိုင်း ၈, ပ ပြု။

ဘ, ဟကာရန္တဓာတ်တို့နောင် ပစ္စည်းတွင် ပါဝင်သော တ-အက္ခရာကို အစဉ်အတိုင်း ၈, ပပြု။

မှတ်ချက်။ ။ ဆရာမြတ်တို့က ''**-ဓအောက်ခြိုက် ဘ၊ ထို့နောက် တ၊ ဓအောက်ခြိုက် သာပြု။ -ပရေမ္ဟတ်, ဟ၊ ထိုနောက် တ၊ ပရေမ္ဟတ်သာပြု**''ဟု ဆိုကြသည်။ ထိုအဆိုသည်

http://www.dhammadownload.com

ယထာက္ကမဖြစ်သည်ဟု ဆိုနိုင်သော်လည်း ''ဓပန္တ ဘဟန္တေဟိ ဓာတူဟိ''ဟု ဖွင့်သော ရူပသိဒ္ဓိနှင့် မညီပါ။

မေး။ ''ဓပန္တ ဘဟန္တေဟိ ဓာတူဟိ''၌ ဟန္တ-အရ ယူရမည့်ဓာတ်တို့ကို အတိအကျ ညွှန်ပြခဲ့ပါ။

ဖြေ။ ဟန္တေဟိ ဟော ဟဿ ဌော ဝါ အဒဟနဟာနံ-ဟု ဆိုလတ္တံ့ဖြစ်သောကြောင့် ''ဓပန္တ ဘဟန္တေဟိ ဓာတူဟိ''၌ ဟန္တ-အရ ဒဟဓာတ်, နဟဓာတ် ၂-မျိုးကိုသာ ယူရပါမည်။

မေး။ ဤသုတ်သို့ လိုက်လာသော 'တဿ'အရကို ဖော်ပြပါ။

ဖြေ။ ဤသုတ်သို့ လိုက်လာသော 'တဿ'အရ တပစ္စည်း တစ်မျိုးတည်းကိုသာမက တုံ, စ္စာ-စသော ပစ္စည်းတို့၌ ပါဝင်သည့် တ အက္ခရာကိုပါ ယူရပါမည်။

မေး။ ဤသုတ်ဖြင့် ဓ, ပကာရန္တဓာတ်တို့နောင်သာ တပစ္စည်းကို ဓ ပြုရပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ယင်းသို့ မမှတ်ရပါ။ ''ဟစတုတ္ထာန မန္တာနံ ဒေါ ဓေ''သုတ်ဝယ် ''ဓ-အပြုနှောင်းရာ၌ ဓာတွန် ဟအက္ခရာနှင့် စတုတ္ထက္ခရာတို့ကို ဒ-ပြု''ဟု ဟ-အက္ခရာကို ထည့်ဆိုထားသောကြောင့် ''သန္ဒဒ္ဓါ'' စသော အချို့သောပြယုဂ်တို့၌ ဟကာရန္တဓာတ်နောင်လည်း တပစ္စည်းကို ဓ-ပြုရပါသေးသည်။

မေး။ ဤသုတ်ဖြင့် ဓ, ပ ပြုရာ၌ တစ်စုံတစ်ခု ခြားကွယ်နေလျှင် ပြုနိုင် / မပြုနိုင် ခိုင်လုံသော သာဓကများဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ ''တပစ္စည်းကို ဓ, ပ ပြု''ဆိုရာ၌ ဓာတ်နှင့် တ အက္ခရာတို့အကြား ပစ္စည်း, အာဂုံများ ခြားကွယ်မှု မရှိရာ၌သာ ပြုရပါမည်။ ထို့ကြောင့် ''ရုန္ဓတိ, အာရာဓိတော, ဝဓိတော, လဟိတွာ, ဂဟိတော''စသော ပြယုဂ်တို့၌ အ ပစ္စည်း, ဣအာဂုံများ ခြားကွယ်နေသောကြောင့် ဤသုတ်ဖြင့် တပစ္စည်းကို ဓ, ပ မပြုရပါ။

မှတ်ချက်။ ။ ရုန္ဓတိ-၌ ''ရုဓ် + အ + တိ''ဟု ဖြစ်သောအခါ ဓ်-နှင့် တ-အကြား အပစ္စည်း ခြားနေသည်။ အာရာဓိတော-၌ ''အာ-ရာဓ် + ဳ + တ''ဟု ဖြစ်သောအခါ ဓ်-နှင့် တ အကြား ဣအာဂုံ ခြားနေသည်။ ဝဓိတော-စသည်တို့၌ နည်းတူသိပါ။

၅၇၈၊ ၅၆၀။ ဘုစာဒိန မန္တော နော ဒ္ဒိ စ။ (၃၄၆)

မေး။ ဤသုတ်သို့ လိုက်လာသော 'တဿ' အရကိုဖော်ပြပါ။

ဖြေ။ တဗ္ဗ, တေယျ-ဟူသော ကိစ္စပစ္စည်းတို့၏ တ အက္ခရာ၊ တ, တဝန္တု, တာဝီ, တု-စသော ကိတ်ပစ္စည်းတို့၏ တအက္ခရာကို ယူရပါမည်။

၅၇၉၊ ၆၂၉။ ဝစ ဝါ ဝု။ (၃၈၄)

မေး။ ဤသုတ်သည် တိပဒဝိဓိသုတ်လော? စတုပ္ပဒဝိဓိသုတ်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဤသုတ်သည် ရူပသိဒ္ဓိအလို ''ဝစ + ဝါ + ဝ + ဥ''ဟူ၍ လေးပုဒ်ရှိသော စတုပ္ပဒဝိဓိသုတ် ဖြစ်ပါသည်။

ဓာသအလိုကား ''တိပဒဝိဓိသုတ်'' ဖြစ်ပါသည်။

မှတ်ချက်။ ။ ဓာသ၌ ''တိပဒံ''ဟု ဖွင့်သည်ကို မကြိုက်၍ ရူပသိဒ္ဓိဆရာတော်က

http://www.dhammadownload.com

''စတုပ္ပဒမိဒံ''ဟု ဖွင့်ခြင်းဖြစ်သည်။ ရှာသအလို ''ဝု''သည် ''ဝဿ ဥ ဝု''ဟု ဝစနတ္ထပြုရသော ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ် တစ်ပုဒ်တည်း ဖြစ်၏။ ရှုအလိုကား ဝ နှင့် ဥ ၂-ပုဒ်ကို သန္ဓိစပ်ထားခြင်း ဖြစ်သည်။

မေး။ ဤသုတ်ပါ ဝါ သဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ ဝါ သဒ္ဒါသည် ဝ ကို ဥ ပြုခြင်း, ဓာတွန်ကိုချေခြင်း, တပစ္စည်းကို ဒွေးဘော်ပြုခြင်းဟူသော အစီအရင် ၃-မျိုးလုံး မြဲ၏-ဟု ပိုင်းခြားသတ်မှတ် ဆုံးဖြတ်သော သန္နိဋ္ဌာဝဓာရဏာ အနက်ရှိပါသည်။

မှတ်ချက်။ ။ နိဒ္ဒေသဒ္ဒ်ကား ဝိကပ်-ဟုဆိုသည်။ ဝစဓာတ်+တပစ္စည်းဖြင့် ''ဝတ္တံ၊ ပြောဆိုကြောင်းခံတွင်း ပါးစပ်''ဟုအဘိဓာန်ရှိသောကြောင့်လည်းကောင်း။ တပစ္စည်းအရ တအက္ခရာပါသော တဗ္ဗပစ္စည်းကိုပါယူလျှင် ''ဝတ္တဗ္ဗံ''၌ ဥ အပြု မရှိသောကြောင့် လည်းကောင်း ထိုနိဒ္ဒေသအဆိုကိုလည်း ဆရာမြတ်တို့ နှစ်လိုတော်မူကြပါသည်။

မေး။ ဤသုတ်ကို ရှုပသိဒ္ဓိဆရာတော်အလိုကျ အနက်ပေးပြပါ။

ဖြေ။ ဝစ၊ ဝစဓာတ်၏။ ဝ၊ ဝ အက္ခရာ၏။ ဥ၊ ဥ အပြုသည်။ ဟောတိ ဝါ၊ ဖြစ်သည် သာလျှင်တည်း။ အန္တော စ၊ ဓာတွန် စ် ဗျည်းသည်လည်း။ နော၊ ကျေသည်၌ ဟောတိ ဝါ၊ ဖြစ်သည်သာလျှင်တည်း။ တဿ၊ တ-ပစ္စည်း၏။ ဒ္ဝိ စ၊ ဒွေးဘော်ပြုသည်လည်း။ ဟောတိဝါ၊ ဖြစ်သည်သာလျှင်တည်း။

မေး။ ဝုတ္တံ-ကို ရုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ ဝစ် + တ၊ ဤသုတ်ဖြင့် ဝ ကို ဥ ပြု, ဓာတွန် စ် ကိုလည်း ချေ, တပစ္စည်းကိုလည်း သဒိသဒွေးဘော်ပြု၊ (-ုတ္တ)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဓာတ်၏အစ၌ ဝ-လာ၊ ဝ် ခွင်း, ချေ, ကပ်၊ ပြီး၏။ (ရှာသ၌ တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် ဝ လာသည်။)

၅၈၀၊ ၆၃၀။ ဂုပါဒိနဋ္ဌ (၃၈၄)

မေး။ ဤသုတ်၌ အာဒိသဒ္ဒါဖြင့် ယူရမည့်ဓာတ်များကို ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါဖြင့် လိပ လိမ္မနေ, တပ သန္တာပေ, ဒီပ ဒိတ္တိမှိ, အပ ပါပုဏနေ, မဒ ဥမ္မာဒေ, သုပ သယနေ-စသော ဓာတ်တို့ကို ယူရပါမည်။

မေး။ (က) အာဒိတ္တော (ခ) သုဂေါပိတော-တို့ကို ရုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ (က) အာ-ဒီပ် + တ၊ ဓာတွန် ပ် ကိုချေ၊ တပစ္စည်းကို ဒွေးဘော်ပြု၍ ''အာဒီတ္တ'' ဟုဖြစ်သောအခါ ကွစိ ဓာတု သုတ်ကြီးဖြင့် ဒ-၌ ဤ ကို ကွရသပြု၊ နာမ်ငဲ့စသည်၊ 'အာဒိတ္တော' ပြီး၏။

(ခ) သု-ဂုပ် + တ၊ ယထာဂမမိကာရော သုတ်ဖြင့် ကွအာဂုံလာ (''သု ဂုပ် + ဳ + တ)၊ ကွအာဂုံခြားနေသောကြောင့် ဓာတွန် ပ် ကို မချေရ၊ အညေသု စ သုတ်သို့ လိုက်လာသော ဝါ သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိသောကြောင့် ''နိဋ္ဌာ'' မည်သော တပစ္စည်းနှောင်းရာ၌လည်း ဂု ၌ ဥ ကို ဩဂုဒ္ဓိပြု၊ နာမ်ငဲ့စသည်၊ 'သုဂေါပိတော' ပြီး၏။

http://www.dhammadownload.com

၅၈၁၊ ၆၁၆။ တရာဒီဟိ ကွဏ္ဍော။ (၃၇၇)

မေး။ သံပုဏ္ဍော–ကို ရုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ သံ–ပူရ + တ၊ ဤသုတ်ဖြင့် တပစ္စည်းကို ကွဏ္ဍပြု, ဓာတွန် ရ်ကိုလည်း ချေ (သံပူကွဏ္ဍ)၊ (သရလောပေါ သုတ်၌ ဝါသဒ္ဒါက တားမြစ်သောကြောင့် ရှေ့သရကို မချေရ။) ဝါ ပရော အသရူပါသုတ်ဖြင့် နောက်ကွသရကို ချေ။ (သံပူဏ္ဍ)၊ သံယုဂ်ကြောင့် ဦ ကို ဥရဿပြု၊ နာမ်ငဲ့စသည်၊ ပြီး၏။

မှတ်ချက်။ ။ နိဂ္ဂဟိတ်ကို ပဝဂ္ဂန္တ မပြုလျှင် သမ္ပုဏ္ဍော–ဟု ပြီး၏။

မေး။ (က) နဒ ခေပေ၊ ပနုဇ္ဇိတ္ထာတိ ပဏ္ဍုန္နော၊ နဿ ဏတ္တံ ပနုဒိတော။ (ဆဋ္ဌမူ၊ ၃၈၅။)

(ခ) နဒ ခေပေ၊ ပနုဇ္ဇိတ္ထာတိ ပနုဏ္ဍော၊ ပနုဒိတော–ဟူသောပါဋ် ၂–မျိုးတို့တွင် သင့်မြတ်သောပါဋ်ကို စိစစ်ဆုံးဖြတ်ပါ။

ဖြေ။ -ထို မူ ၂–မျိုးတို့တွင် ရှေးမူသည်သာ ''စရ စရဏော၊ အာစရီယိတ္ထာတိ စိဏ္ဍော ခမ္မော၊ ကွဏ္ဍာဒေသော၊ စရိတော ဝါ။ ဧဝံ ပုဏ္ဍော, ပူရိတော''ဟု ဧဝံသဒ္ဒါဖြင့် ညွှန်းလျက် အထက်၌ ပြဆိုခဲ့သောစကားရပ်နှင့် ရှေ့နောက် လျော်ညီကာ ရူပသိဒ္ဓိဆရာ၏ အာဘော် ကျဖွယ် ရှိပါသည်။ ထိုကြောင့် ရူအလို (ခ)အမှတ်ပြပါဋ်သာ သင့်ပါသည်။

မေး။ (က) အာဒီယိတ္ထာတိ အာဒိဏ္ဍော။

(ခ) အာဒီယိတ္ထာတိ အာဒိန္နော–ဟူသော ပါဋ် ၂–မျိုးတို့တွင် သင့်မြတ်သောပါဋ်ကို စိစစ်ဆုံးဖြတ်ပါ။

ဖြေ။ ရူပသိဒ္ဓိ ရှေးမူအလို အာပုဗ္ဗ ဒါဓာတ်+တပစ္စည်း၊ တရာဒီဟိ ကွဏ္ဍော သုတ်ဖြင့် တပစ္စည်း ကို ကွဏ္ဍ ပြု၍ ရုပ်ပြီးသောကြောင့် (က) အမှတ်ပြပါဋ် သင့်ပါသည်။

ယခုလက်ရှိ ဆဋ္ဌမူအလိုကား - ဘိဒါဒိတောသုတ်ဖြင့် တပစ္စည်းကို ကွန္ဒ ပြု၍ ရုပ်ပြီးသောကြောင့် (ခ)အမှတ်ပြပါဋ် သင့်ပါသည်။

ရူပသိဒ္ဓိဆရာသည် ဤပြယုဂ်ကို ဘိဒါဒိတော သုတ်၌ ထည့်မပြပဲ စိဏ္ဍော, ပုဏ္ဍော ပြယုဂ်တို့၏ နောက်၌ တစ်ဆက်တည်း သီးခြားပြဆိုထားသောကြောင့် (က)အမှတ်ပြ ရှေးမူသာ အမှန်ဖြစ်ဖွယ် ရှိပါသည်။

မှတ်ချက်။ ။ ဘာသာဋီကာ, ဂဏ္ဌိတို့၌လည်း ယင်းရှေးမူပါဋ်ကိုသာ အနက်ပေးပြတော်မူကြသည်။

စောဒနာဖွယ်။ ။ ''အာဒိဏ္ဍော–ပါဋ် သင့်သည်ဆိုလျှင် ဒါဓာတ်ချင်း တူပါလျက် အဘယ့်ကြောင့် 'ဒိန္နော၊ အာဒိဏ္ဍော'ဟု နှစ်မျိုးနှစ်စား ကွဲပြားခြားနားနေရပါသနည်း''ဟု စောဒနာဖွယ်ရှိ၏။ ထိုသို့ ကွဲပြားခြားနားနေခြင်းကိုကား ''ချွင်းချက်''ဟုသာ မှတ်ရတော့မည် –ဟု ကျေးဇူးရှင် အဘယာရာမဆရာ မဟာထေရ်မြတ်က မိန့်တော်မူပါသည်။

မေး။ (က) ပနုဏ္ဍော (ခ) အာဒိဏ္ဍော (ဂ) အတ္ထော–တို့ကို ရုပ်ကျဉ်း စီရင်ပြခဲ့ပါ။

ဖြေ။ (က) ပ–နုဒ် + တ၊ တရာဒီဟိ ကွဏ္ဍော သုတ်ဖြင့် နုဒဓာတ်မှ နောက်ဖြစ်သော တ ပစ္စည်းကို ကွဏ္ဍ ပြု, ဓာတွန် ဒ် ကိုလည်း ချေ (ပနု ² ဏ္ဍ)၊ ဝါ ပရော အသရူပါသုတ်ဖြင့် ဥသရမှနောက်ဖြစ်သော ကွသရကို ချေ။ နာမ်ငဲ့စသည်၊ ပြီး၏။

http://www.dhammadownload.com

(ခ) အာ-ဒါ + တ၊ ရှေးနည်းတူ ကွဏ္ဏ ပြု၊ (အာဒါ ိ ဏ္ဏ)၊ ခွင်း, ချေ, ကပ်၊ နာမ်ငဲ့စ သည်၊ ပြီး၏။

(ဂ) အာ-ဒါ+တ၊ ကွစိ ဓာတု သုတ်ကြိုးဖြင့် ဒါဓာတ်ကို တပြု (အာ တိ တ)၊ တိ တ သို့ ကပ် (အာတ္တ)၊ အာ ကိုလည်း အရဿပြု၊ နာမ်ငဲ့စသည် ပြီး၏။ (တ-ကို ကွဏ္ဏမပြုသော ဝိကပ်ရုပ် ဖြစ်၏)

၅၈၂၊ ၆၃၁။ ဘိဒါဒိတော ကွန္ဒ အန္ဒ ဤဏာ ဝါ။ (၃၈၅)

မေး။ ဤသုတ်ပါ ဝါ သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ ဝါ သဒ္ဒါ ဝဝတ္ထိတဝိဘာသာအနက် ရှိပါသည်။ (နျာသ, နိဒ္ဒေသတို့၌ကား ဝိကပ်-ဟု ဆိုပါသည်။)

မေး။ (က) ပဟီနော (ခ) ပဟီဏော-ဟူသော ပါဠိ ၂-မျိုးတို့တွင် သင့်မြတ်သောပါဠိကို အကြောင်းပြ ဆုံးဖြတ်ပါ။

ဖြေ။ ပ-ဟာ+တ၊ ဘိဒါဒိတော ကွန္ဒ အန္ဒ ဤဏာ **ဝါ** သုတ်ဖြင့် ဟာဓာတ်နောင် တပစ္စည်းကို ဤဏာပြု၊ (ပ ဟာ ိဏာ)၊ ကွစိ ဓာတု သုတ်ကြိုးဖြင့် ဤဏာ-အပြုံ့ ဏာကြိုးကို နငယ်ပြု၊ ဟ် ခွင်း, ချေ, ကပ် (ပဟီန)၊ နာမ်ငဲ့ သိသက် ဩပြု ချေ ကပ်၍ ရှပ်ပြီးသောကြောင့် ''ပဟီနော''ပါဠိသာ သင့်ပါသည်။

အမှာ။ ။ ''ဟာ စာဂေ၊ 'ကွစိဓာတူ'တိအာဒိနာ ဟာဒိတော ဤဏာဒေသေ ဏကာရဿ နတ္တံ၊ ပဟီယိတ္ထာတိ ပဟီနော''။ ဤသို့ ရူပသိဒ္ဓိဖွင့်သောကြောင့် ဤဏာအပြုမှ ဏာကြိုးကို နငယ်ပြန်၍ပြီးသော ''ပဟီနော''ပါဠိသာ သင့်ပါသည်''ဟုလည်း အာဂမ ယုတ္တိပြ၍ ဆုံးဖြတ်နိုင်ပါသည်။

မေး။ ''ဒိ ဇယေ၊ ဒိယိတိ ဒိနော ဝိတ္တမနုသောစတိ''နှင့် စပ်၍ သိမှတ်ဖွယ် အဆုံးအဖြတ်ကို ရေးသားဖော်ပြပါ။

ဖြေ။ ဘာသာဋီကာ၌ ''ဒိ ဇယေ-အောင်ခြင်း, ရှုံးခြင်း၏။ ဒိယိ-ရှုံးပြီ။ ကွတိ ဒိနော-၏။ ဝိတ္တံ-ဥစ္စာကို။ ဒိနော-ရှုံးသူသည်။ အနုသောစတိ-ဝမ်းနဲရ၏။ ဒိတော ဝါ-၏''ဟု အနက်ပေး၍ ''ပရာ ရှေးမရှိသော်လည်း ဤနေရာ၌ 'ရှုံးခြင်း'ကို ဟောသည်၊ 'ဒိနော= ပရာဒိတော-ဋီကာ''ဟု ဆက်လက်ရေးပြထားသည်။

ဂဏ္ဌိဆရာတော်ကား ''ဒိ၊ သည်။ ဇယေ၊ အောင်ခြင်း၌။ ဝတ္တတိ၊ ၏။ ဒိယိ၊ အောင်အပ်ပြီ။ ကွတိ၊ ကြောင့်။ ဒိနော၊ မည်၏။ (တစ်နည်း) သော၊ ထိုသူကို။ အညေန၊ တစ်ပါးသောသူသည်။ ဒိယိ၊ အောင်အပ်ပြီ။ ကွတိ၊ ကြောင့်။ ဒိနော၊ မည်၏။ ဒိနော၊ သူတပါးသည် အောင်အပ်သောသူသည်။ ဝိတ္တံ၊ ဥစ္စာကို။ အနုသောစတိ၊ စိုးရိမ်ရ၏။ ဝါ၊ ကား။ ဒိတော၊ ရှုံးသူ (အဓိပ္ပါယ်နက်)''ဟုအနက်ပေးပြီးနောက် သုတ်ပါထေယျ အဋ္ဌကထာ (ဒီ၊ ဋ္ဌ၊ ၃။ ၁၂၉။)အဖွင့်နှင့် ပါဠိတော်များကို ကိုးကား၍ ''ဒိ ဘူ ကိ ဇယ ပရာဇယေ''ဟုဓာတ်နက်ကြားရန် မလို၊ ''ဒိ ဘူ ကိ ဇယေ''ဟု ဓာတ်နက်ကြားရမည်''ဟု ဆက်လက်ရေးပြသည်။

''ဒိတော ပရာဒိတော''ဟူသော ဋီကာအဖွင့်ကိုလည်း ''ဒိတော-၌ ဒိ ဓာတ်သည်

http://www.dhammadownload.com

အောင်ခြင်းအနက်၌ ဖြစ်၏။ ''သူတပါး၏ အောင်နိုင်ခြင်းကို ခံရသောသူသည် ရှုံးသော သူမည်၏''ဟု သိစေလိုခြင်း ဇိတော ကို ပရာဇိတော–ဟု ဋီကာဖွင့်သည်''ဟုလည်းရှင်းပြထားသည်။

မိမိအထင်။ ။ ထိုနှစ်ဝါဒတို့တွင် ''ဇိနောတိ အညေန ဇိတော သမာနော''စသော အဋ္ဌကထာအဖွင့်၌ ''အညေန''ဟူသော အဝုတ္တကတ္တားကို ထောက်လျှင် ''ဇိနော (ဇိတော)''သည် ကမ္မရူပ်သာ ဖြစ်သင့်သောကြောင့် ဂဏ္ဌိဆရာတော်ဝါဒသာ ကောင်း၏–ဟု ထင်ပါသည်။

''ဇိနော ဝိတ္တမနုသောစတိ''ဟူသော ပါဠိတော်ကိုလည်း ''ဇိနော၊ သူတပါးသည် အောင်အပ်သောသူသည် (သဒ္ဒတ္ထ)၊ ဝါ၊ ရှုံးသူသည် (အဓိပ္ပါယတ္ထ)။ ဝိတ္တံ၊ ဥစ္စာကို၊ အနုသောစတိ၊ စိုးရိမ်ရ၏ (ဝမ်းနည်းရ၏)''ဟုပေးမှ အဋ္ဌကထာဖွင့်နှင့် ညီပါမည်။

မေး။ (က) ပိနော (ခ) ပိဏော ဟူသော ပါဠိ ၂–မျိုးတို့တွင် သင့်မြတ်သော ပါဠိကို စိစစ်ဆုံးဖြတ်ပါ။

ဖြေ။ ဘာသာဋီကာ၌ ''***ပိနော၊ နှစ်သက်ပြည့်ဖြိုးသူ။ ဝါ–ဝသူ''ဟု အနက်ပေး၍ ''သက္ကတ၌ ပြီ'ဓာတ်ဖြစ်သောကြောင့် ရနောင် နှ ကို ဏပြုန်၍ ''ပိဏော''ဟု ဖြစ်သင့်၏။ ဓာတွတ္ထ သင်္ဂဟ၌ကား ပိဏ'ဓာတ်ဟု ကြံလေ၏***'' ဟူ၍ ရေးသည်။

ယင်းသို့ရေးသော်လည်း ရူပသိဒ္ဓိ၌ နငယ်ကို ဏကြီးပြန်ရန် အထူးတလည့် ညွှန်ကြားချက် မရှိသောကြောင့် ကိနော, ဇိနော, ဒိနော–စသော ပုဒ်များနည်းတူ ''ပိနော''ဟုသာ ရှိသင့်ပါသည်။

သက္ကတ၌ကား ''ပြည့်ဖြိုးသူ(ဝသူ)''အနက်ဟော ''ပိန''ပုဒ်သည် ဘာသာဋီကာ ဆရာတော်ပြောသလို ပြီ(ပရိ) ဓာတ်ဖြင့်ပြီးသောပုဒ် မဟုတ်၊ ''ပျာယီ ဝုဒ္ဓိယံ'' ဟူသော ဓာတ်ဖြင့် ပြီးသောပုဒ် ဖြစ်၏။ ''ပျာယ–ကို ပိ–ပြု''ဟု ဆိုသည်။ ပါဠို၌ကား 'ပါယီ ဓာတ်'တည်း။

ပိနောရက္ခံသဗာဟု။ ။ ''ပိနောရက္ခံသဗာဟု'' ဟူသော ကစ္စည်း အညပဒတ္ထေသု ဗဟုဗ္ဗီဟိ သုတ်လာ ပြယုဂ်၌လည်း ရှေးမူတို့၌ နငယ်ဖြင့် ရှိခဲ့ကြ၏။ ယခု ဆဋ္ဌမူနှင့်တကွ မူအားလုံးတို့၌ ဏကြီးဖြင့် ရှိနေသည်ကို တွေ့ရသည်။ ယင်း၌လည်း ရှေးမူအတိုင်း နငယ်ဖြင့်သာ ရှိစေသင့်ပါသည်။

၅၈၃၊ ၆၁၇။ သုသ ပစ သကတော် ကွ ဏ္ဍာ စ။ (၃၇၈)

မေး။ ဤသုတ်ပါ စ သဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါ ''သြမုဏ္ဍ''စသောပြယုဂ်တို့၌ မုစ–အစရှိသောဓာတ်တို့မှ နောက်ဖြစ်သော တပစ္စည်း၏ ဏ္ဍ–အပြုကိုဆည်းခြင်း အဝုတ္တသမုစ္စည်းအနက် ရှိပါသည်။

မေး။ ပစိတုံ, ပစိတဗ္ဗံ–စသောပြယုဂ်တို့၌ အဘယ့်ကြောင့် တပစ္စည်းကို ကွ, ဏ္ဍ မပြုရပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ ပစိတုံ, ပစိတဗ္ဗံ–စသောပြယုဂ်တို့၌ ပစဓာတ်နှင့် တအက္ခရာတို့ အကြား ဏ္ဍအာဂုံခြား နေသောကြောင့် တ ကို ကွ, ဏ္ဍ မပြုရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ သက်ဆိုင်ရာသုတ်တို့ဖြင့် အစီအရင်များ မဖြစ်အောင် ပြုတတ်သော အရာများကို ဖော်ပြပါ။

ဖြေ။ အလယ်၌ရှိနေသော ပစ္စည်း, အာဝုံတို့ ဖြစ်ပါသည်။

၅၈၄၊ ၆၁၈။ ပက္ကမာဒီဟိ နွှော စ။ (၃၇၈)

မေး။ ပက္ကမာဒီဟိ-၌ အာဒိသဒ္ဒါ၏ အာဒိဝန်ကို ဖော်ပြပါ။

ဖြေ။ မ အက္ခရာအဆုံးရှိသော ဓာတ်များ ဖြစ်ပါသည်။

မေး။ ဤသုတ်သို့လိုက်လာသော ''တဿ (တပစ္စယဿ)''အရ ယူရမည့် တပစ္စည်းကို သာဓကနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဤသုတ်၌ ''တဿ (တပစ္စယဿ)''အရ အတီတေ တတဝန္တု တာဝီ သုတ်ဖြင့် သက်သည့် ကတ္တားဟော တပစ္စည်းသာမက, ဘာဝကမ္မေသု တ သုတ်ဖြင့် သက်သည့် ဘော ကံဟော တပစ္စည်းကိုပါ ယူရပါမည်။

ပုံစံ- ပက္ကမီတိ ပက္ကန္တော။ (ကတ္တား)
ဝမီယိတ္ထာတိ ဝန္တံ။ (ကံ) (ရူ၊ ၃၈၆)

မေး။ ဤသုတ်ပါ စသဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါသည် သင်္ခ်န္တိ, ခန္တိ, သန္တိ-စသော ပြယုဂ်တို့၌ ကမုစသော ဓာတ်တို့မှပင် နောက်ဖြစ်သော တိပစ္စည်း (ကစ္စည်းအလို တ-ပစ္စည်း)၏ နှိုအပြုကို ဆည်းခြင်း အဝုတ္တ သမုစ္စည်းအနက် ရှိပါသည်။

၅၈၅၊ ၆၁၉။ ဇနာဒီနမာ တိမှိ စ။ (၃၇၉)

မေး။ ''ဇနာဒီနမာ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂအကျိုးကို ရေးခဲ့ပါ။

ဖြေ။ ''ဇနာဒီနမာ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် တ ပစ္စည်း, တိပစ္စည်းတို့မှတစ်ပါး ယပစ္စည်းကြောင့်လည်း ဇန-စသော ဓာတ်တို့၏ ဓာတွန် န ကို အာပြုရခြင်း အကျိုးရှိပါသည်။

ပုံစံ - ဇာယတိ, ဇာယန္တိ။ (ရူ၊ စာ-၃၁၀)
ဇာယံ, ဇာယမာနော။ (ဂင်း၊စာ-၄၀၀)

မေး။ သာသဒိသတော တဿ ရိဒ္ဓော စ-သုတ်မှ လိုက်လာသော 'တဿ'အရတွင် တိပစ္စည်းလည်း ပါဝင်နိုင်ပါလျက် ''တိမှိ စ''ဟု သီးခြားထုတ်ဖော်၍ ဆိုရကျိုးကို ရေးခဲ့ပါ။

ဖြေ။ ''တိမှိ စ''ဟု သီးခြားထုတ်ဖော်၍ ဆိုခြင်းကြောင့် ရှေ့မှလိုက်လာသော တပစ္စည်းနှင့် ဤ တိပစ္စည်းမှတစ်ပါး အခြား တအက္ခရာ ပါသော ပစ္စည်းများ နှောင်းရာ၌ ဓာတွန် န ဗျည်း၏ အာ အပြုကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

ပုံစံ - ဇန္တု စသည်တည်း။ (ဇန် + တု)

သတိပြု။ ။ ပြယုဂ်ထုတ်ရာ၌ ကစ္စည်းနှင့် မတူသည်ကို သတိပြု။

မေး။ ဇနိတွာ, ဇနိတုံ-စသောပြယုဂ်တို့၌ အာဂယ်ကြောင့် ဓာတွန် န ကို အာ မပြုရပါသနည်း။

http://www.dhammadownload.com

ဖြေ။ ထိုပြယုဂ်တို့၌ ကွအာဂုံခြားနေသောကြောင့် ဖြစ်ပါသည်။

မှတ်ချက်။ ။ ကစ္စည်းအလိုကား 'တိမှိ'ဟု သီးခြားဆိုထားသောကြောင့် ဖြစ်ပါသည်။

၅၈၆၊ ၆၀၀။ ဂမခနဟနရမာဒီန မန္တော။ (၃၇၁)

မေး။ ဤသုတ်ပါ အာဒိသဒ္ဒါ၏အနက်ကို ဖော်ပြ၍၊ ထိုအာဒိသဒ္ဒါဖြင့် ယူရမည့် ဓာတ်များကိုလည်း ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါ ပကာရအနက်ရှိပါသည်။

ထိုအာဒိသဒ္ဒါဖြင့် မအက္ခရာ, နအက္ခရာ, အဆုံးရှိခြင်းတူသော တနု, ယမု စသောဓာတ်တို့ကို ယူရပါမည်။

ပုံစံများ– တနု ဝိတ္ထာရေ၊ တနုနံ တနု။
ယမု ဥပရမေ၊ နိယမနံ နိယဟိ။

မေး။ ရမတော ရမတိ–တို့၌ အဘယ့်ကြောင့် ဓာတွန် မ် ကို မချေရပါသနည်း။

ဖြေ။ ဤပုံစံတို့၌ ''ရမု+အ+အန္တ''၊ ''ရမု+အ+တိ''ဟု ဝိကရဏ အ ပစ္စည်း ခြားနေသောကြောင့် ဓာတွန် မ် ကို မချေရခြင်း ဖြစ်ပါသည်။

မေး။ ရမတော–ကို ရှုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ ရမ်–အ+အန္တ၊ ဂမခနဟနရမာဒီန မန္တော သုတ်ဖြင့် နောက်အန္တပစ္စည်းကြောင့် ဓာတွန် မ် ကို ချေသင့်ငြားသော်လည်း (နိမိတ်နှင့် ကာရီတို့အကြား) အပစ္စည်းခြားနေသောကြောင့် မချေရ။ သရလောပေါ–သုတ်ဖြင့် နောက် အန္တပစ္စည်းကြောင့် ဝိကရဏ အပစ္စည်းကို ချေ (ရ မ် အန္တ)၊ မ် အသို့ကပ် (ရမန္တ)၊ နာမ်ငဲ့ သသက်၊ သေသေသု န္တု၀ သုတ်ဖြင့် န္တ ကို န္တုကဲ့သို့ငဲ့ (ရမန္တု+သ)၊ တောတိတာ သသို့နာသု သုတ်ဖြင့် သဝိဘတ်နှင့်တကွ န္တုပစ္စည်းကို တော–ပြု၊ ပြီး၏။

ဘာသာဋီကာအဆို။ ။ ဘာသာဋီကာဌကား ''အကာရဗျဝဟိတတ္တာတိ ဝိကရဏ ပစ္စယဘူတေန အကာရေန ဗျဝဟိတတ္တာ''ဟု ဋီကာဖွင့်သောကြောင့် 'ရမတော–မွေ့လျော်၏။ ရမတိ–၏'တို့ အာချာတ်ပုဒ်များ ဖြစ်သည်။ ရမတော–ဟု ရှိသည်ကား ပါဠိပျက်''ဟု မိန့်တော်မူသည်။

၅၈၈၊ ၆၂၀။ ဌာပါန မိဉ္ဇ် စ။ (၃၇၉)

မေး။ ဤသုတ်ပါ စသဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါသည် တဝန္တု, တွာ စသော တပါးသောပစ္စည်းတို့နှောင်းရာ၌လည်း ကု, ဤအပြုကို ဆည်းခြင်း အဝုတ္တသမုစ္စည်းအနက် ရှိပါသည်။

ပုံစံ–	ဌိတဝါ	(ဌာ + တဝန္တု)
	အဓိဋ္ဌတွာ	(အဓိ–ဌာ+တွာ)
	ယာဂုံ ပိတဝါ	(ပိ + တဝန္တု)
	ပိတွာ	(ပိ + တွာ)

http://www.dhammadownload.com

မေး။ ရူပသိဒ္ဓိ၌ ''ပါ ပါနေ အပါယိတိ **ပိတာ**''ဟုရှိနေရာ အဘယ်သို့ရှိသင့်သည်-ဟု ဖြေဆိုပါ။

ဖြေ။ ပိတော-ဟု ရှိသင့်ပါသည်။

၅၈၉၊ ၆၂၁။ ဟန္တေဟိ ဟော ဟသ ဌော ဝါ အဒဟနဟာနံ။ (၃၇၉)

မေး။ ဟန္တေဟိ-အရ ယူရမည့် ဟကာရန္တဓာတ်တို့ကို သိသာရုံမျှ ဖော်ပြပါ။

ဖြေ။ ရှဟ ဇနနေ, ဂါဟု ဝိလောဠနေ, ဗဟ ဝုဒ္ဓိမှိ, မုဟ ဝေစိတ္တေ, ဂျဟ သံဝရဏေ, ဝဟ ဗါဟုဏနေ-စသော ဟအက္ခရာအဆုံးရှိသော ဓာတ်တို့ကို ယူရပါမည်။

မေး။ ဤသုတ်ဖြင့် ဟကာရန္တဓာတ်တို့နောင် တပစ္စည်းကို ဟပြုရခြင်းအကျိုးကို ဖော်ပြပါ။

ဖြေ။ ဟကာရန္တဓာတ်နောင် တပစ္စည်းကို ဟပြုခြင်းသည် ဓဟဘဟေတိ ဓဟ စ သုတ်ဖြင့် တပစ္စည်း၏ ဗ-အပြုကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

သာဓက - ဗတ္တာပဝါဒေါ'ယံ။ (စာကိုယ်)
ဗတ္တာပဝါဒေါယံ ဟကာရဝိဓိ။ (ဋီကာ)

မေး။ ဓဟဘဟေတိ ဓဟ စ သုတ်ကို တားမြစ်သောသုတ်ကို ဖော်ပြပါ။

ဖြေ။ ဟန္တေဟိ ဟော ဟသ ဌော ဝါ အဒဟနဟာနံ-သုတ် ဖြစ်ပါသည်။

မေး။ (က) အာရုဏ္ဍော (ခ) အာရုလ္ဟော-ဟူသော ပါဠိ ၂-မျိုးတို့တွင် သင့်ရာပါဠိကို အကြောင်းပြ ဆုံးဖြတ်ပါ။

ဖြေ။ အာပုဗ္ဗ ရုဟဓာတ်+တပစ္စည်း၊ ဟန္တေဟိ ဟော-စသောသုတ်ဖြင့် ရုဟဓာတ်နောင် တပစ္စည်းကို ဟ ပြု, ဓာတွန် ဟ်ကို ဠပြု၍ ရုပ်ပြီးသောကြောင့် (က) အမှတ်ပြုပါဠိ သင့်ပါသည်။

လဠာနမဝိသေသော-ဟုဆိုသောကြောင့် (ခ) အမှတ်ပြုပါဠိလည်း သင့်ပါသည်။

မေး။ (က) အာရုဏ္ဍော (ခ) အာရူဠ္ဍော-ပါဠိတို့တွင် သင့်ရာပါဠိကို ရှင်းလင်းဆုံးဖြတ်ပါ။

ဖြေ။ ချာသ ရူပသိဒ္ဓိတို့အလို အာပုဗ္ဗ ရုဟဓာတ် + တပစ္စည်း၊ ဟန္တေဟိ ဟော စသော သုတ်ဖြင့် တပစ္စည်းကို ဟပြု, ဓာတွန် ဟ်ကို ဠပြု၍ ရုပ်ပြီးသောကြောင့် 'အာရုဏ္ဍော'ပါဠိ သင့်ပါသည်။ မောဂ္ဂလ္လာန်အလိုလည်း ''မူဠ္ဍော, ဂူဠ္ဍော, ဗာဠ္ဍော, ဝူဠ္ဍော''တို့၌ ဉီဒီဃနှင့် ရှိ၍ ''အာရုဏ္ဍော''၌ကား ဥ ရဿနှင့်ပင် ရှိရပါမည်။

အချို့သော ပါဠို, အဋ္ဌကထာ, ဋီကာတို့၌ ''အာရူဠ္ဍော''ဟု ဒီဃနှင့် ရှိ၏။ ထိုသို့ရှိလျှင် ဥ ကို ဉီဒီဃပြု၍ ရုပ်ပြီးသည်-ဟု မှတ်ရပါမည်။ ယင်းပါဠိသည် သက္ကတနှင့် အညီ ဖြစ်ပါသည်။ (အာရူဗ, ရူဗ, ရူဗိ-သက္ကတ)။ နိရုတ္တိဒီပနီ၌လည်း ဒီဃနှင့်ပင် ပြပါသည်။

မေး။ (က) ဗာဠ္ဍော (ခ) မူဠ္ဍော (ဂ) ရူဠ္ဆံ-တို့၌ ထူးခြားသော အစီအရင်မျှကိုသာ ဖော်ပြပါ။

ဖြေ။ ကွစိ ဓာတု သုတ်ကြီးဖြင့် အကို အာဒီဃ, ဥ ကို ဉီဒီဃပြုရခြင်း ဖြစ်ပါသည်။

မေး။ ဤသုတ်ပါ အဒဟနဟာနံ ပါဠိ, ဝါသဒ္ဒါတို့ဖြင့် သိစေအပ်သော အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ အဒဟနဟာနံ-ပါဠိဖြင့် ''ဒဟော, သန္ဒဒ္ဓေါ'' ပြယုဂ်တို့၌ ဒဟဓာတ်, နဟဓာတ်ဖြစ်၍ ''အဒဟနဟ'' မဟုတ်သောကြောင့် ဤသုတ်ဖြင့် မစီရင်ရ-ဟူသော အဓိပ္ပါယ်ကို

http://www.dhammadownload.com

သိစေပါသည်။

ဝါသဒ္ဒါဖြင့် ''ဒုဒ္ဒေါ, သိနိဒ္ဒေါ'' ပြယုဂ်တို့၌ ဒုဟဓာတ်, သိနိဟဓာတ်တို့သည် ဒဟဓာတ်, နဟဓာတ်မှ တစ်ပါးသော ဟကာရန္တ ဓာတ်ဖြစ်သော်လည်း ဝါသဒ္ဒါတားမြစ်သောကြောင့် ဤသုတ်ဖြင့် မစီရင်ရ-ဟူသော အဓိပ္ပါယ်ကို သိစေအပ်ပါသည်။

မေး။ ဤသုတ်ပါ ဝါသဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ ''ဝါတိ ကိမတ္ထံ၊ ဒုဒ္ဒေါ၊ သနိဒ္ဒေါ''ဟူသော စကားရပ်ကို ထောက်၍ ရူပသိဒ္ဓိအလို ဝါသဒ္ဒါ ဝိကပ်အနက် ရှိပါသည်။

နိဿယတို့၌ကား များသောအားဖြင့် ဒုတိယတ္ထသမ္ပိဏ္ဍန ကြံ၍ အနက်ပေးကြပါသည်။

ဗာလာဝတာရဋီကာ၌ကား ဝဝတ္ထိတဝိဘာသာ-ဟု ဆိုပါသည်။

မေး။ ဤသုတ်လာ ဝိဓိ ၃-မျိုးတို့ကို ဖော်ပြပါ။

ဖြေ။ ၁။ အာရုဋ္ဌော-၌ နိစ္စဝိဓိ။

၂။ မူဋ္ဌော, မုဒ္ဒေါ-တို့၌ အနိစ္စဝိဓိ။

၃။ ဒုဒ္ဒေါ, သိနိဒ္ဒေါ-တို့၌ အသန္တဝိဓိတို့ ဖြစ်ပါသည်။

မေး။ ဂဟိတံ, မဟိတံ-စသောပြယုဂ်တို့၌ ဤသုတ်ဖြင့် မစီရင်ရခြင်း အကြောင်းကို ဖြေဆိုပါ။

ဖြေ။ ဤ ဂဟိတံ, မဟိတံ-စသော ပြယုဂ်တို့၌ (ဂဟ ိ တ၊ မဟ ိ တ)ဟု ဣအာဂုံ ခြားနေသောကြောင့် ဤသုတ်ဖြင့် မစီရင်ရခြင်း ဖြစ်ပါသည်။

တတိယကဏ္ဍပြီး၏ ။



စတုတ္ထကဏ္ဍ

၅၉၀၊ ၅၇၉။ ဏမှိ ရန္ဓဿ ဇော ဘာဝကရဏေသု (၃၅၈)

မေး။ ဤသုတ်ပါ ဏမှိ-အရကို ကောက်ပြပါ။

ဖြေ။ ဏမှိ-အရ ဏပစ္စည်း တစ်မျိုးကိုသာ ယူရမည် မဟုတ်၊ ''ဏကာရဝတိပ္ပစ္စယေ ပရေ'' ဟု ရူပသိဒ္ဓိ၌ ဖွင့်သောကြောင့် ဏ်အနုဗန်ရှိသော ပစ္စည်းအားလုံးကို ယူရပါမည်။

မေး။ ဤသုတ်ဖြင့် သိစေအပ်သော အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ဤသုတ်ဖြင့် ကရိဏ်းအနက်၌ သက်သော ဏပစ္စည်းနှောင်းရာဝယ် ရန္ဓဓာတ်၏ နွ ကို ဇ အပြုစီရင်ခြင်းကြောင့် ဝိသရုဇပဒါဒိတော ဏ-သုတ်ဖြင့် ကတ္တုကာရကမှတစ်ပါးသော ကမ္မ, ကရဏ, အပါဒါန, အဓိကရဏ ကာရက (သာဓန)တို့၌လည်း ဏပစ္စည်း သက်နိုင်၏ ဟူသော အနက်အဓိပ္ပါယ်ကို သိရပါသည်။

http://www.dhammadownload.com

မေး။ ဤသုတ်ဖြင့် သက်သော ဏပစ္စည်း၏ သက်ရာသာဓနများကို ပြယုဂ်များနှင့်တကွ ဖော်ပြပါ။

ဖြေ။ ၁။ ကတ္တုသာဓန – ပဝိသတီတိ ပဝေသော။
ရဥ္ဇတီတိ ရာဂေါ။
၂။ ကမ္မသာဓန – ဘုဇ္ဇတီတိ ဘောဂေါ။
– လဗ္ဘတီတိ လာဘော။
၃။ ကတ္တုဂဗ္ဘကရဏသာဓန – ရန္ဇန္တိ အနေနာတိ ရာဂေါ။
ကမ္မဂဗ္ဘ ကရဏသာဓန – ရဥ္ဇိယတိ အနေနာတိ ဝါ ရာဂေါ။
၄။ အပါဒါနသာဓန – ဝိဟညတိ တေသ္မာတိ ဝိယာတော။
၅။ အဓိကရဏသာဓန – ဝိဟရန္တိ တ္ထောတိ ဝိဟာရော။
၆။ ဘာဝသာဓန – ရဥ္ဇနံ ရာဂေါ။ ဘူယတေ, ဘဝနံ ဝါ ဘာဝေါ။

မေး။ ''ဏမိ ရန္ဇသ ဇော''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂ၏အကျိုးကို ရေးပြပါ။

ဖြေ။ ထိုယောဂဝိဘာဂဖြင့် 'သယံ ရဥ္ဇတီတိ ရာဂေါ'ပြယုဂ်ဝယ် ကတ္တုသာဓန၌ သက်သော ဏပစ္စည်းကြောင့် ရန္ဇဓာတ်၏ နွ ကို ဇ ပြုရခြင်း အကျိုးရှိပါသည်။

မေး။ အောက်ပါဝါကျတို့၌ပါသော ရာဂေါ–ပုဒ်တို့၏ ခြားနားချက်ကို ရှင်းလင်းဖြေဆိုပါ။
(က) ရဥ္ဇနံ ရာဂေါ (ခ) ရန္ဇန္တိ အနေနာတိ ရာဂေါ။
(ဂ) ရဥ္ဇိယတေ အနေနာတိ ရာဂေါ (ဃ) ရဥ္ဇတီတိ ရာဂေါ။

ဖြေ။ (က)၌ ရာဂေါ–သည် ဘာဝသာဓန၌ ဏပစ္စည်းဖြင့် ရုပ်ပြီးနေသောပုဒ် ဖြစ်ပါသည်။
(ခ) ၌ ရာဂေါ–သည် ကတ္တုဂဗ္ဘ ကရဏသာဓနအနက်၌ ဏပစ္စည်းဖြင့် ရုပ်ပြီးနေ သောပုဒ် ဖြစ်ပါသည်။
(ဂ) ၌ ရာဂေါ–သည် ကမ္မဂဗ္ဘ ကရဏသာဓနအနက်၌ ဏပစ္စည်းဖြင့် ရုပ်ပြီးနေသောပုဒ် ဖြစ်ပါသည်။
(ဃ)၌ ရာဂေါ–သည် ကတ္တုသာဓနအနက်၌ ဏပစ္စည်းသက်၍ ရုပ်ပြီးနေသောပုဒ် ဖြစ်ပါသည်။
(က) (ခ) (ဂ) တို့၌ သုတ်ရင်းဖြင့် စီရင်၍ (ဃ) ၌ ယောဂဝိဘာဂဖြင့် စီရင်ရပါသည်။

အမှာ။ ။ ''ရာဂေါ–ပုဒ်ကို ရုပ် ၂–နည်း တွက်ပြပါ''ဟူသော အမေးကို ဖြေတတ်ပါစေ။

မေး။ ''ဇရီယတိ အနေနာတိ ဇာရော၊ ဝေံ ဒါရော''၌ ဇရီယတိနှင့်စပ်၍ သိမှတ်ဖွယ်များကို ရေးပြပါ။

ဖြေ။ နိဿယဟောင်း, ဂဏ္ဌိတို့၌ ''ဇရီယတိ၊ အရွယ်မှ ယုတ်၏''ဟု အနက်ပေးကြပါသည်။ ဝိသုဒ္ဓါရုံ ရူပသိဒ္ဓိနိဿယ၌ ''အိုတတ်၏''ဟု ပေးပါသည်။ ပယောဂသိဒ္ဓိနိဿယ၌ ''အိုမင်းတတ်၏''ဟု ပေးပါသည်။

ဘာသာဋီကာဆရာတော်ကား မောဂ္ဂလ္လာန် နိဿယသို့လိုက်၍ ''ဇီရတိ''ဟု ပြင်ပြီး ''အိုလွယ်၏''ဟု ပေးပါသည်။ (မောဂ္ဂလ္လာန် နိဿယ၌ ''ဇီရတိ၊ အရွယ်မှ ယုတ်၏'' ဟု နိဿယဟောင်း, ဂဏ္ဌိတို့ နည်းတူ ပေးပါသည်။)

''ဇေတန ဒရီယတေ ယေဟိ တေ ဒါရာ၊ ဇရီယတေ အနေနာတိ ဇာရော။ ဣတျဏျန္တေဟိယေဝ ကရဏေ ဃဉ် အတ္ထု''ဟူသော သိဒ္ဓါန္တကောမုဒီအဖွင့် တတွ

http://www.dhammadownload.com

ဗောဓိနီနှင့် ''ဇီယျတေ အနေန၊ ဇရ–ကရဏေ ဃဉ်''ဟူသော ထောမနိမိ အဘိဓာန်တို့ကို ထောက်လျှင် 'ဇရီယတိ'သည် ကမ္မရှုပ်ဖြစ်၍ ''အိုအောင် ပြုအပ်၏''ဟု အနက်ပေးရဖွယ် ရှိပါသည်။

၅၉၁၊ ၅၄၄။ ဟနဿ ဃာတော။ (၃၃၄)

မေး။ ဤသုတ်သို့ လိုက်လာသော ဏမှိ–အရကို ဖော်ပြပါ။

ဖြေ။ ဏ်အနုဗန်ရှိသော ပစ္စည်းအားလုံးကို ယူရပါမည်။

မေး။ (က) ဏကာရဝတိကာရိတပ္ပစ္စယေ ပရေ။ (မြန်မာမူ ရူပသိဒ္ဓိ)
(ခ) ဏကာရဝတိပ္ပစ္စယေ ပရေ။ (သီဟိုဠ်မူ ရူပသိဒ္ဓိ)

ဖြေ။ မြန်မာမူ ရူပသိဒ္ဓိ၌ ''ဃာတေတိ၊ ဃာတယတိ'' စသည်ဖြင့် ကာရိုက်ပြယုဂ်များကိုသာ ထုတ်ပြထားသောကြောင့် ''ဏကာရဝတိကာရိတပ္ပစ္စယေ ပရေ''ဟု ပြင်ကြဟန် တူပါသည်။ ကစ္စည်း၌ ''ဥပဃာတော၊ ဂေါဃာတကော''စသော ရိုးရိုးဏပစ္စယန္တပုဒ်တို့ကို ထုတ်ပြထားသောကြောင့် ''ဏကာရဝတိပ္ပစ္စယေ ပရေ''ဟူသော သီဟိုဠ်မူသာ အမှန်ဖြစ်ဖွယ်ရှိပါသည်။

၅၉၂၊ ၅၁၃။ ဝဓော ဝါ သဗ္ဗတ္ထ။ (၃၀၂)

မေး။ ဤသုတ်ပါ သဗ္ဗတ္ထ–အရကို ဖော်ပြပါ။

ဖြေ။ သဗ္ဗတ္ထ–အရ အလုံးစုံသော ဝတ္တမာန် စသောဝိဘတ်, ကိစ္စပစ္စည်း, ကိတပစ္စည်းတို့ကို ယူရပါမည်။

ပုံစံ– ဝဓေတိ၊ ဝဓေတု၊ ဝဓေယျ–စသည်။ (ဝိဘတ်)
ဝဓိတဗ္ဗံ၊ ဝဓိတွာ။ (ပစ္စည်း)

မေး။ ဤသုတ်ပါ ဝါသဒ္ဒါ၏ အနက်နှင့် သတ်မှတ်ချက်များကို ဖော်ပြပါ။

ဖြေ။ ဝါသဒ္ဒါ, ဝဝတ္ထိတဝိဘာသာအနက်ရှိပါသည်။

ထိုဝါသဒ္ဒါက ဝဓေတိ, ဟနတိ၊ အဝဓိ, အဟနိ–စသော ပြယုဂ်တို့၌ ဟနဓာတ်ကို ရံခါ ဝဓပြုရခြင်းဟူသော အနိစ္စဝိဓိ။

ပဋိဟခါမိ, ပဋိဃော, သံဃော–စသောပြယုဂ်တို့၌ ဟနဓာတ်ကို လုံးဝ ဝဓ မပြုရခြင်းဟူသော အသန္တဝိဓိတို့ကို ပိုင်းခြားသတ်မှတ်ပြပါသည်။

မေး။ 'ပဋိဟခါမိ'ဟူသော အာချာတ်ပုဒ်ကို ရုပ်ကျဉ်းတွက်ပြပါ။

ဖြေ။ ပတိ–ဟန+ဿာမိ၊ (ဤသုတ်ဖြင့် ဟနဓာတ်ကို ဝဓ မပြုရာ၌) ကရဿ သပစ္စယဿ ကာဟော သုတ်၌ သပစ္စယသဒ္ဒါပိုဖြင့် ဟနဓာတ်နောင် ဿ ကို ခ ပြု (ပတိဟနခါမိ)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဟနဓာတ်၏ ဓာတွန် နဲ ကို နိဂ္ဂဟိတ်ပြု (ပတိဟံခါမိ)၊ နိဂ္ဂဟိတ်ကို ကဝဂ္ဂန္တ င်–ပြု၊ င် ခါသို့ကပ် (ပတိဟခါမိ)၊ ကွစိ ပတိပဋိဿ သုတ်ဖြင့် ပတိ ကို ပဋိ ပြု၊ ''ပဋိဟခါမိ'' ပြီး၏။

အာဟဉ္ဆံ (အဟည်) ပုဒ်ရုပ်ပြီးပုံ

''အန္ဓီဘူတမှိ လောကသ္မိံ၊ အဟည်ံ အမတဒုန္ဒုဘိံ။ (ဝိနည်းမဟာဝါ ပါဠိတော်)။ ရှေးမူတို့၌ အထက်ပါအတိုင်း ''အဟည်ံ''ဟု ရှိခဲ့သည်။ ပထမ အဘယာရာမဆရာတော်

http://www.dhammadownload.com

ဘုရားကြီးက မောဂ္ဂလ္လာန် နိဿယသစ်၌ ယင်းသို့ အတိတ် မရှိရ။ ''အာပုဗ္ဗ ဟန+သဿ'' ၌ သ ကို ဆ ပြု၊ န ကို နိဂ္ဂဟိတ်ပြု၊ ၄င်းကို စဝဂ္ဂန္တ ဉ်ပြု၊ အာဟဉ်္ဆု တီးခတ်ပေအံ့'' ဟု အနာဂတ်ရုပ် ရှိသင့်ကြောင်း ဆုံးဖြတ်တော်မူသည်။

(ဆောင်) ''အာ-ဟန+သဿ''၊ ရုပ်နေဟန်တွင်၊ သဿ ၌ သကို၊ ဆပြုဆို၍၊
န ကို ဗိန္ဒု၊ ဆက်မူ ဝဂ္ဂန်၊ ''အာဟဉ်္ဆ''၊ အမှန် ပြီးရသည်။
-ဟနာ ဆခါ။ ။ ဟနာ သဿ ဆ ခါ ဝါ ဟောန္တိ။ ဟဉ္ဆာမိ ဟနိဿာမိ၊
ပဋိသင်္ခါမိ, ပဋိဟနိဿာမိ။ (မောဂ်၊ ၆၊ ၆ဂု။)

၅၉၃၊ ၅၆၄။ အာကာရန္တာနံ မာယော (၃၄၉)

မေး။ ''အာကာရာန မာယော''ဟု သုတ်မတည်ပဲ ''အာကာရန္တာနမာယော''ဟု အန္တသဒ္ဒါ ထည့်တည်ရကျိုးကို ရေးပြပါ။

ဖြေ။ ''အာ အက္ခရာတိုင်းကို အာယ မပြုရ၊ ဓာတ်၏အဆုံး (အစိတ်) ဖြစ်သော အာ ကိုသာ အာယ-ပြုရမည်''ဟု သိစေခြင်းအကျိုးငှါ ''အာကာရာန မာယော''ဟု သုတ်မတည်ဘဲ ''အာကာရန္တာနမာယော''ဟု အန္တသဒ္ဒါတည့်၍ သုတ်တည်ရခြင်း ဖြစ်ပါသည်။

မေး။ ''အန္ဒဒါယိကာ (ကညာ)''ပုဒ်ကို ရုပ်ကျဉ်း စီရင်ပြခဲ့ပါ။

ဖြေ။ အန္ဒသဒ္ဒါပဒ ဒါ ဓာတ်တည်၊ ဏ္ဍုပစ္စည်းသက်၊ အနကာ ယုဏ္ဍုနံ သုတ်ဖြင့် ဏ္ဍုပစ္စည်းကို အက ပြု၊ အာကာရန္တာန မာယောသုတ်ဖြင့် ဒါဓာတ်၏ အဆုံး အာ ကို အာယပြု (အန္ဒဒါယ-အက= အန္ဒဒါယက)၊ နာမ်ငဲ့, ဣတ္ထိလိင် အာပစ္စည်းသက်၊ က် ခွင်း, ချေ, ကပ် (အန္ဒဒါယ့ကာ)၊ တေသု ဝုဒ္ဓိ သုတ်ကြောင့်ဖြင့် ယ ၏ အ ကို ဣ ပြု၊ ပြီး၏။

၅၉၄၊ ၅၈၂။ ပုရသမုပပရိဟိ ကရောတိဿ ခဓရာ ဝါ တပစ္စယေသု စ။ (၃၆၀)

မေး။ ''တပစ္စယေ''ဟု ကေဝုစ်ဖြင့် မညွှန်ပြဘဲ ''တပစ္စယေသု''ဟု ဗဟုဝုစ်ဖြင့် ညွှန်ပြရခြင်း၏ အကျိုးကို ရေးပြပါ။

ဖြေ။ ''တပစ္စယေသု'' ဟု ဗဟုဝုစ်ဖြင့်ညွှန်ပြရခြင်းကြောင့် ''အဘိသခံရိတုံ, အဘိသခံရိတွာ, ပုရက္ခတွာ''စသော ပြယုဂ်တို့၌ တ-အက္ခရာပါသည့် တုံ, တွာစသော ပစ္စည်း တို့ကြောင့်လည်း ကရဓာတ်ကို ခ, ခရ ပြုရခြင်း အကျိုးရှိပါသည်။

မေး။ ''သခိရော'' ပြယုဂ်၌ ဤသုတ်ဖြင့် ကရ ကို ခရ ပြု၍ ''သံခရ''ဟု ဖြစ်သောအခါ ခရ သည် ဓာတ်မဟုတ်တော့ပါဘဲလျက် အဘယ့်ကြောင့် အသံယောဂန္တသ ဝုဒ္ဓိ ကာရိတေ သုတ်ဖြင့် ဝုဒ္ဓိပြုနိုင်ပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ခရ သည် ဓာတ်မဟုတ်တော့သော်လည်း ဌာနဖြစ်သော ကရ၏ ''ဓာတ်''ဟူသော အမည်ကို ဌာနီဖြစ်သော 'ခရ'အပြု၌ တင်စား၍ 'ခရ'အပြုကိုလည်း ဌာနူပစာအားဖြင့် 'ဓာတ်'ဟု ခေါ်နိုင်သောကြောင့် ခရ အပြုကို (ခရ အပြုဝယ် ခ ၌ အ ကို) အသံယောဂန္တသ ဝုဒ္ဓိ ကာရိတေ သုတ်ဖြင့် အာဝုဒ္ဓိ ပြုနိုင်ခြင်း ဖြစ်ပါသည်။

ဌာန အာဒေသီ - ကရဓာတ်
ဌာနီ အာဒေသ - ခရအပြု

http://www.dhammadownload.com

မှတ်ချက်။ ။ ဂဏ္ဌိ၌ကား ''ဌာနျူပစာ''ဟု ဆိုသည်။ ဟရဿ ဂီသေ သုတ်လည်း ပြန်ကြည့်ပါ။

မေး။ ''ပုရသမုပပရီဟိ ကရောတိဿ ခခရာ ဝါ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂ၏ အကျိုးကို ရေးပြပါ။

ဖြေ။ ''အဘိသခ်ရောတိ (အဘိ-သံ-ကရ+သြ+တိ)''စသော ပြယုဂ်တို့၌ တပစ္စည်း, ဏပစ္စည်း မနှောင်းဘဲ တိ စသော ဝိဘတ်များနှောင်းရာ၌လည်း ''တပစ္စယေသု စ''ကိုဖြုတ်ထားသည့် ''ပုရသမုပပရီဟိ ကရောတိဿ ခ ခရာ ဝါ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် ကရဓာတ်ကို ခရပြုရခြင်း အကျိုးရှိပါသည်။

မေး။ ''ပုရေက္ခာရော''ပုဒ်နှင့်စပ်၍ သိမှတ်ဖွယ်ရာများကို ရေးပြပါ။

ဖြေ။ ပုရ-ကရ+ဏ၊ ဤသုတ်ဖြင့် ကရဓာတ်ကို ခရ ပြု၊ ခ ကို အသဒိသဒွေးဘော်ပြု၊ အ ကို အာဝုဒ္ဓိပြု၍ ''ပုရက္ခာရ''ဟုဖြစ်သောအခါ ကွစိ ဓာတု သုတ်ကြီးဖြင့် ပုရသဒ္ဒါ၏ အ ကို ၉ ပြု၍ ''ပုရေက္ခာရော''ဟု ပြီး၏။

မောဂ္ဂလ္လာန် (၅၊ ၁၃၄။)၌ကား ပုရာနိပါတ်ပုဒ်နောင် ကရဓာတ် ခ ပြု၍ ''ပုရာက္ခာရ'' ဟုပြီးသောအခါ တဒမိနာဒီနိ သုတ်ကြီးဖြင့် အာ ကို ၉ ပြု၍ ''ပုရေက္ခာရ''ဟု ပြီးစေသည်။

ဘာသာဋီကာ၌ကား ''ပုရေ''၌ သို့ဝိဘတ်မကျေသော အလုတ္တသမာသ်ဟု ဆိုသည်။

မေး။ ဤသုတ်ပါ စသဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါ တပစ္စည်းအပေါ်၌ ဏပစ္စည်းကို ပေါင်းခြင်း ဒုတိယတ္ထသမ္ပိဏ္ဍနအနက် ရှိပါသည်။

၅၉၅၊ ၆၃၇။ တဝေတုနာဒီသု ကာ။ (၃၉၀)

မေး။ ဤသုတ်၌ အာဒိသဒ္ဒါဖြင့် ယူရမည့်ပစ္စည်းများကို ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါဖြင့် တုံ, တွာန, တွာ, တဗ္ဗစသော ပစ္စည်းများကို ယူရပါမည်။ ထိုပစ္စည်းတို့ကြောင့်လည်း ဏ ပြုပါ-ဟူလို။

သိမှတ်ဖွယ်။ ။ အာဒိသဒ္ဒါဖြင့် တွာန, တွာပစ္စည်းတို့ကို ထည့်ပြထားသော်လည်း ၄င်းတို့အတွက် ပြယုဂ်ကို ပြမထားပေ။ မောဂ္ဂလ္လာန်၌လည်း ၄င်း ၂-ပစ္စည်းတို့ကြောင့် ကာ-အပြုကို မပြ။ ''တုံတုနတဗ္ဗေသု ဝါ(၅၊ ၁၁၉)''ဟု သုတ်တည်ထားသည်ကို တွေ့ရသည်။ ထို ၂-ပစ္စည်းတို့ နှောင်းရာ၌ ကရဓာတ်ကို ကာ-မပြုဘဲ ဓာတွန် ရ် ကို ချေ၍ ''ကတွာန, ကတွာ''ဟုသာ ရုပ်ပြီးပါသည်။ (ရူ၊ ၃၉၃ ကြည့်။)

၅၉၆၊ ၅၅၁။ ဂမခနဟနာဒီနံ တုံတဗ္ဗာဒီသု နဿ။ (၃၄၁)

မေး။ ဤသုတ်၌ အာဒိသဒ္ဒါဖြင့် ယူရမည့်ပစ္စည်းများကို ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါဖြင့် အစ၌ တ-အက္ခရာပါသည့် တဝေ, တုန, တွာန, တွာ စသော ပစ္စည်းများကို ယူရပါမည်။

မေး။ ဂမိတုံ, ခနိတုံ-စသောပြယုဂ်တို့၌ ဓာတွန်မချေရခြင်း အကြောင်းကို ဖြေဆိုပါ။

http://www.dhammadownload.com

ဖြေ။ ဂမိတုံ, ခနိတုံ-စသော ပြယုဂ်တို့၌ ဣအက္ခရာနှင့်ယှဉ်သော တပစ္စည်း နှောင်းရကား ''နမကာရာန''စသောသုတ်က တားမြစ်အပ်သောကြောင့် ဓာတွန်ကို မချေရခြင်း ဖြစ်ပါသည်။

၅၉၇၊ ၆၄၁။ သဗ္ဗေဟိ တုနာဒီနံ ယော (၃၉၃)

မေး။ ဤသုတ်၌ သဗ္ဗေဟိ-အရ ယူရမည့်ဓာတ်များကို ဖော်ပြပါ။

ဖြေ။ ဥပသာရပုဒ်ရှိသောဓာတ်, ဥပသာရပုဒ်မရှိသောဓာတ် အားလုံးကို ယူရပါမည်။

မေး။ (က) အဘိဘုယျ (ခ) နိဿာယ (ဂ) အာဒိယိတွာ-ပုဒ်တို့ကို ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ (က) အဘိပုဗ္ဗ ဘူဓာတ်+တွာပစ္စည်းသက်၊ ဤသုတ်ဖြင့် တွာပစ္စည်းကို ယ ပြု၊ ယ ကို ဒ္ဝေဘော်ပြု (အဘိဘူယျ)၊ ရဿံ သုတ်ဖြင့် ဦကို ဥရဿပြု၊ နာမ်ငဲ့စသည်၊ ပြီး၏။

(ခ) နိ-သိ+တွာ၊ တွာပစ္စည်းကို ယပြု၊ သ ကို ဒ္ဝေဘော်ပြု (နိဿိယ)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဣကို အာပြု နာမ်ငဲ့စသည်၊ ပြီး၏။

(ဂ) အာ-ဒါ+တွာ၊ ဒါဝါဒိ ယပစ္စည်းသက် (အာဒါယတွာ)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဒါဓာတ်၏ အဆုံး အာ ကို ဣပြု (အာဒိယတွာ) ယထာဂမ မိကာရော သုတ်ဖြင့် ဣ လာ၊ နာမ်ငဲ့စသည်၊ ပြီး၏။

၅၉၈၊ ၆၄၃။ စနန္တေဟိ ရစ္ဆံ။ (၃၉၄)

မေး။ စနန္တေဟိ-ကိုဖြုတ်၍ ''ရစ္ဆံ''ဟု ဒွိဓာကရဏ ယောဂဝိဘာဂကြွလျှင် ရရှိနိုင်သော အကျိုးကို ရေးသားဖြေဆိုပါ။

ဖြေ။ ''ရစ္ဆံ''ဟု ဒွိဓာကရဏ ယောဂဝိဘာဂကြွလျှင် ''ပဋိစ္ဆ၊ အဝေစ္ဆ၊ ဥပေစ္ဆ''စသော ပြယုဂ်တို့၌ စကာရန္တ, နကာရန္တဓာတ်တို့မှတစ်ပါး ''ဣ''စသော ဓာတ်တို့နောင်လည်း တုန စသော ပစ္စည်းတို့ကို ရစ္ဆ-ပြုရခြင်း အကျိုးရှိပါသည်။

မေး။ ''ပဋိစ္ဆော''နှင့် ''ပဋိစ္ဆ''တို့၏ ခြားနားချက်ကို ဖော်ပြပါ။

ဖြေ။ ''ပဋိစ္ဆော''သည် ပဋိပုဗ္ဗ ဣဓာတ်နောင် ရိစ္ဆပစ္စည်းဖြင့် ရုပ်ပြီးသောပုဒ် ဖြစ်၏။
''ပဋိစ္ဆ''ကား ပဋိပုဗ္ဗ ဣဓာတ်နောင် တွာပစ္စည်းကို စနန္တေဟိ ရစ္ဆံ သုတ်၌ 'ရစ္ဆံ'ဟူသော ယောဂဝိဘာဂဖြင့် ရစ္ဆ ပြု၍ ရုပ်ပြီးသောပုဒ် ဖြစ်၏၊ ဤသို့ ခြားနားပါသည်။

မေး။ ဤသုတ်သို့လိုက်လာသော ဝါသဒ္ဒါ၏အနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ လိုက်လာသော ဝါသဒ္ဒါ ဝဝတ္ထိတဝိဘာသာအနက် ရှိပါသည်။
ထိုဝါသဒ္ဒါက ဝိဝိစ္ဆ, ဝိဝိစိတွာ-စသော ပြယုဂ်တို့၌ အနိစ္ဆဝိဓိ၊ အဝမည, အဝမညိတွာ, မန္တာ-စသောပြယုဂ်တို့၌ အသန္တဝိဓိတို့ကို သတ်မှတ်ပြပါသည်။

မေး။ (က) အဝမည (ခ) အဝမညိတွာ-တို့ကို ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ (က) အဝ-မန+တွာ၊ တွာ ကို ယ ပြု (အဝမန်ယ)၊ နှ် ယ သို့ကပ်၊ ယဝတံ သုတ်ဖြင့် ဣ ကို ဉ်ပြု၊ ဉ် ကို သဒိသဒ္ဒေဘော် ညပြု၊ နာမ်ငဲ့စသည်၊ ပြီး၏။

http://www.dhammadownload.com

(ခ) အဝ–မန+တွာပစ္စည်း သက်၊ ဒိဝါဒိ ယပစ္စည်းသက်၊ နိ ယသို့ကပ် (အဝ မချတွာ) ယဝတံ သုတ်ဖြင့် ချ ကို ဉ်ပြု၊ ဉ်ကို သဒိသဒွေးဘော်ညပြု (အဝမညတွာ)၊ ယထာဂမမိကာရော သုတ်ဖြင့် ဣလာ၊ နာမ်ငဲ့စသည်၊ ပြီး၏။

၅၉၉၊ ၆၄၄။ ဒိသာ သွာနသွာန္တလောပေါ စ။ (၃၉၅။)

မေး။ ဤသုတ်သို့ လိုက်လာသော ဝါသဒ္ဒါ၏ အကျိုးကို ဖော်ပြပါ။

ဖြေ။ လိုက်လာသော ဝါသဒ္ဒါဖြင့် ဒဋ္ဌံ, ဒဋ္ဌာ–စသော ပြယုဂ်တို့ဝယ် သွာန, သွာ အပြုတို့ကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

မှတ်ချက်။ ။ ဤသုတ် ဝါသဒ္ဒါဖြင့် မြစ်ပြီးနောက် သာသဒိသတော တဿ ရိဋ္ဌော စ သုတ်၌ စသဒ္ဒါဖြင့် ရဋ္ဌံ, ရဋ္ဌာ–ပြုပါ။

မေး။ ဒိသဓာတ်နောင် တွာပစ္စည်းဖြင့် ပြီးနိုင်သောရုပ်များကို စုံလင်စွာ ဖော်ပြပါ။

ဖြေ။ ဒိသွာန၊ ဒိသွာ၊ ဒဋ္ဌံ၊ ဒဋ္ဌာ၊ ပဿိယ၊ ပဿိတွာ။

၆၀၀၊ ၆၄၅။ မဟဒဘေဟိ မ္ဓ ယှ ဇ္ဇ ဗ္ဘ ဒ္ဓါ စ (၃၉၅)

မေး။ ဤသုတ်ဖြင့် တုနာဒိပစ္စည်းတို့ကို ယထာက္ကမပြုရပုံကို ဖော်ပြပါ။

ဖြေ။ မကာရန္တဓာတ်နောင် တုနာဒိပစ္စည်းကို မ္ဓ–ပြု။
ဟကာရန္တဓာတ်နောင် တုနာဒိပစ္စည်းကို ယှပြု။
ဒကာရန္တဓာတ်နောင် ။ ဇ္ဇပြု။
ဘကာရန္တဓာတ်နောင် ။ ဗ္ဘ, ဒ္ဓ(ဒ္ဓါ) ပြု။

မှတ်ချက်။ ။ ရူပသိဒ္ဓိ၌ ''ဒ္ဓါ''အပြုဟု ဆိုသည်။

ပြယုဂ်များ

မကာရန္တဓာတ်နောင်–

အာဂမ္မ – အာ – ဂမု + တွာ။
ဩက္ကမ္မ – အဝ – ကမု + တွာ။
နိက္ခမ္မ – နိ – ကမု + တွာ။
အဘိရမ္မ – အဘိ – ရမု + တွာ။

–ဝိကပ်ဖြစ်၍ ''အာဂမိတွာ''စသည်ဖြင့်လည်း ရှိနိုင်သည်ဟု သိပါ။

ဟကာရန္တဓာတ်နောင်–

ပဂ္ဂယှ – ပ – ဂဟ + တွာ။
သမ္မုယှ – သံ – မုဟ + တွာ။
အာရုယှ – အာ – ရုဟ + တွာ။
ဩဂယှ – အဝ – ဂဟ + တွာ။

ဒကာရန္တဓာတ်နောင်–

ဥပ္ပဇ္ဇ – ဥ – ပဒ + တွာ။

http://www.dhammadownload.com

ပမဇ္ဇ – ပ – မဒ + တွာ။
ဥပသမ္ပဇ္ဇ– ဥပ–သံ ပဒ + တွာ။
အစ္ဆိဇ္ဇ – အာ – ဆိဒိ + တွာ။

ဘကာရန္တဓာတ်နောင်–

အာရဗ္ဘ – အာ – ရဘ + တွာ။
အာရဗ္ဘိ – အာ – ရဘ + တွာ။
ဥပလဗ္ဘ – ဥပ – လဘ + တွာ။
ဥပလဗ္ဘိ – ဥပ – လဘ + တွာ။

မေး။ သမ္မုယှိတွာ–ကို ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ ''သံ–မုဟ+တွာ''၊ ဒဓာန္တတော ယော ကွစိ သုတ်၌ ''ယော ကွစိ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် ယ–လာ (သံ မုဟယတွာ)၊ ဟ ဝိပရိယယော လော ဝါ–သုတ်ဖြင့် ဟ နှင့် ယ ကို ရှေ့နောက်ပြန် (သံမုယှတွာ)၊ ဣအာဂုံလာ၊ နိဂ္ဂဟိတ်ကို ပဝဂ္ဂန္တ မ် ပြု၊ ပြီး၏။

၆၀၁၊ ၃၃၄ တဒ္ဓိတသမာသကိတကာ နာမံဝါ'တဧတုနာဒီသု စ။ (၁၇၉။)

မေး။ ဤသုတ်သည် သုတ် ၆–မျိုးတို့တွင် မည်သည့်သုတ် ဖြစ်ပါသနည်း။

ဖြေ။ ဤသုတ်သည် အတိဒေသသုတ် ဖြစ်ပါသည်။ အတိဒေသသုတ် ၆–မျိုးတို့တွင်ကား ဗျာပဒေသာတိဒေသသုတ် ဖြစ်ပါသည်။

မေး။ ဤသုတ်ကို မိန့်ဆိုရပုံကို ရှင်းပြပါ။

ဖြေ။ ဥပနဂရ, ရာဇပုတ္တ–စသော သမာသ်ပုဒ်များသည် မိမိတို့ ကိုယ်ပိုင်အနက်မှ ကင်းသဖြင့် လိင်အဖြစ်မရှိ (လိင်အမည် မရ)သောကြောင့် [တဒ္ဓိတ်, ကိတ်ပုဒ်တို့သည်လည်း ပစ္စည်း အဆုံးရှိသည်ဖြစ်၍ လိင်အမည် မရသောကြောင့်] ဝိဘတ်သက်ခွင့် မရှိသကဲ့သို့ ဖြစ်နေရကား ထိုသမာသ်, တဒ္ဓိတ်, ကိတ်ပုဒ်တို့နောင် ဝိဘတ်သက်နိုင်ခြင်းအကျိုးငှါ ဤဗျာပဒေသာတိဒေသသုတ်ကို မိန့်ဆိုရခြင်းဖြစ်ပါသည်။ (''လိင်' နာမံ သမံ''ဟူသော ပရိဘာသာ နှင့် အညီ နာမ် နှင့် လိင်မှာ သဘောတူပင်ဖြစ်သောကြောင့် နာမ်ငဲ့လိုက်သောအခါ ''လိင်'' လည်း မည်ပါတော့သည်။)

မေး။ ဤသုတ်၌ သမာသသဒ္ဒါ ထည့်ဆိုရကျိုးကို ရေးပြပါ။

ဖြေ။ သမာသ်ပုဒ်သည် ကိုယ်ပိုင်အနက်မှကင်းသဖြင့် လိင်ငဲ့ရခြင်းအကျိုးငှါ ဤသုတ်၌ ''သမာသ''သဒ္ဒါကို ထည့်ဆိုရခြင်း ဖြစ်ပါသည်။

အပရေဆရာတို့အလိုကား– ''ဒြပ်အနက်ကိုဟောသော ပုဒ်အပေါင်းတို့ကို နာမ်ငဲ့ခြင်း (နာမ်အမည်ပေးခြင်း)သည် သမာသ်အတွက်သာ ဖြစ်၏။ ဝါကျအတွက် မဟုတ်'' ဟု သတ်မှတ်ခြင်းအကျိုးငှါ ဤသုတ်၌ သမာသသဒ္ဒါကို ထည့်ဆိုရခြင်း ဖြစ်ပါသည်။

မှတ်ချက်။ ။ ဒြပ်အနက်ကို ဟောသောပုဒ်အပေါင်းသည် ''ရညော+ပုရိသော'' စသည်တို့ကဲ့သို့ ဝါကျလည်း ရှိ၏။ ''ရာဇပုရိသ''စသည်တို့ကဲ့သို့ သမာသ်လည်း ရှိ၏။

http://www.dhammadownload.com

ထိုတွင် သမာသ်ကိုသာ ''နာမ်''အမည်ပေးရမည်။ ဝါကျကို 'နာမ်'အမည်မပေးရ–ဟု ဆိုလိုပါသည်။ (အဓိပ္ပါယ်အယူအဆ အလွန်ခဲကတ်သော နေရာဖြစ်၍ အထူးသတိပြုကာ မှတ်သားကြပါလေ။)

–အတ္ထဝတံ သမုဒါယာနံ သမာသဂ္ဂဟဏံ နိယမတ္ထံ။

–အတ္ထဝတံ သမုဒါယာနံ သမာသဂ္ဂဟဏံ နိယမတ္ထံ ဘဝိဿတိ သမာသော ဝေ အတ္ထဝတံ သမုဒါယာနံ ပါတိပဒိကသညော ဘဝတိ, နာညော ဣတိ။ (မဟာဘာဿ၊ ၁၊ ၂၊ ၄၅။)

–သမာသဂ္ဂဟဏဿ နိယမတ္ထတ္တာ ဝါကျဿတ္ထဝတော သညာ နဘဝတိ။ (ကာသိကာဝုတ္တိ)

–အညထာ ''ဒေဝဒတ္တ ဂဝံ အဘျာဇ သုဏ္ဏံ ဒဏ္ဍေန''ဣစ္စာဒိဝါကျဿပိ ပါတိပဒိက–တ္တာပတ္တိယံ ဝိဘတ္တိလောပေါ သိယာ။ (ဗာလမနောရမာ)

မေး။ ဤသုတ်ပါ စသဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါသည် ကိစ္စပစ္စည်းအဆုံးရှိသော သဒ္ဒါ၊ အာ, ဤ, ဣနီ ဣတ္ထီပစ္စည်း အဆုံးရှိသော သဒ္ဒါ၊ ခ–စသော ဓာတုပစ္စည်း အဆုံးရှိသော သဒ္ဒါ၊ အက္ခရေဟိ ကာရ သုတ်ဖြင့် သက်သည့် ကာရပစ္စည်း အဆုံးရှိသောသဒ္ဒါတို့ကို ဆည်းခြင်း အဝုတ္တသမုစ္စည်း အနက်ရှိပါသည်။ ထိုသဒ္ဒါတို့ကိုလည်း နာမ်ငဲ့ရသည်–ဟူလို။

မေး။ တဝေ, တုန စသော ပစ္စည်းအဆုံးရှိသောသဒ္ဒါတို့ကို အဘယ့်ကြောင့် နာမ်မငဲ့ရပါသနည်း။

ဖြေ။ တဝေ, တုနစသောပစ္စည်းအဆုံးရှိသော သဒ္ဒါတို့သည် နိပါတ်ပုဒ်များဖြစ်၍ ထိုသဒ္ဒါတို့နောင် တတော စ ဝိဘတ္တိယော သုတ်၌ စသဒ္ဒါဖြင့် ဝိဘတ်သက်နိုင်သောကြောင့် နာမ်မငဲ့ရခြင်း ဖြစ်ပါသည်။ (တတော စ ဝိဘတ္တိယောသုတ်၊ စာ–၄၂။)

မေး။ တဝေ, တုန စသောပစ္စည်းအဆုံးရှိသောပုဒ်များ နိပါတ်ပုဒ်အဖြစ် ပြီးစီးရပုံကို ရှင်းပြပါ။

ဖြေ။ တဒ္ဓိတသမာသကိတကာ နာမံ'ဝါ'တဝေတုနာဒီသု စ သုတ်၌ ''အတဝေတုနာဒီသု'' ဟူ၍ နာမ်ငဲ့ခြင်းကို တားမြစ်ထား သောကြောင့် ထိုတဝေ, တုနစသော ပစ္စည်းအဆုံးရှိသော ပုဒ်တို့၏ နိပါတ်ပုဒ်အဖြစ် ပြီးစီးပါတော့သည်။

– တဒ္ဓိတသမာသကိတကာ နာမံဝါ တဝေတုနာဒီသု စာတိ ဟွေ'' ''အတဝေတုနာဒီသူ''တိ နာမဗျပဒေသဿ နိသေဓနတော တဒန္တာနံ နိပါတတ္တံ သိဒ္ဓံ ဟောတိ။ (စာ၊ ၃၉၀။)

၆၀၂၊ ၆။ ဒုမှိ ဂရူ။ (၅)

မေး။ 'ဒုမှိ'ပုဒ်ကို ဝစနတ္ထပြု၍၊ အဓိပ္ပါယ်ကိုလည်း ရှင်းပြပါ။

ဖြေ။ ဒွိန္နံ သမူဟော ဒု၊ တသ္မိံ ဒုမှိ။

နှစ်လုံးသော အက္ခရာတို့၏အပေါင်း (နှစ်လုံးတွဲ သံယုဂ်အက္ခရာ)သည် ''ဒု'' မည်၏။ ထိုသံယုဂ် အက္ခရာကြောင့် ရှေ့ရဿအက္ခရာကို ''ဂရူ'' အမည်မှည့်ပါ–ဟူလို။

http://www.dhammadownload.com

၆၀၃၊ ၇။ ဒီဃော စ။ (၅)

မေး။ ရူပသိဒ္ဓိဆရာအလို ဒုမို ဂရု သုတ်နှင့် ဒီဃော စ သုတ်တို့သည် အဘယ်သုတ်များ ဖြစ်ကြပါသနည်း? ဖြေဆိုပါ။

ဖြေ။ သညာသုတ်များ ဖြစ်ကြပါသည်။

မေး။ ကစ္စည်းကျမ်းလာ ဂရု ၂-မျိုးကို ဖော်ပြပါ။

ဖြေ။ ၁။ သံယောဂါဒိ ဂရု – ဒတွာ၊ ဟိတွာ၊ သုတွာ။
၂။ ဒီဃဂရု – နာဝါ၊ နဒီ၊ ဝဓူ၊ ဒွေ၊ တယော။

၆၀၄၊ ၆၈၄။ အက္ခရေဟိ ကာရ။ (၄၂၁)

မေး။ ဤသုတ်ပါ အက္ခရ-အရကို ဖော်ပြပါ။

ဖြေ။ အက္ခရ အရ- အက္ခရာအနက်ကို ဟောသည့် အ, အာ၊ က, ခ-စသော ဝဏ္ဏတို့ကို ယူရပါမည်။

မေး။ အကာရစသော ကာရပစ္စယန္တပုဒ်တို့ကို အဘာယ့်ကြောင့် နာမ်ငဲ့ရပါသနည်း? ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ ''အ'' သည် ပုဒ်မဟုတ်၍ ''အကာရ''သည် ပုဒ်နှင့်ပစ္စည်းချဉ်းသော တဒ္ဓိတ် မဟုတ်၊ ဓာတ်နှင့် ပစ္စည်းချဉ်းသော ကိတ်လည်း မဟုတ်၊ သမာသ်လည်း မဟုတ်၊ ကာရ ပစ္စည်းဆုံးနေသည့် ပစ္စယန္တနာမ်ပုဒ်တစ်မျိုးဖြစ်သောကြောင့် တဒ္ဓိတသမာသ-စသောသုတ်၌ စသဒ္ဒါဖြင့် နာမ်ငဲ့ရခြင်း ဖြစ်ပါသည်။

မေး။ ''ဧကာရော၊ ဓိကာရော'' စသောပြယုဂ်တို့၌ ကာရသည် အက္ခရေဟိ ကာရ သုတ်ဖြင့် သက်ထားသော ကာရပစ္စည်း ဟုတ် / မဟုတ် ရှင်းချက်ထုတ်ခဲ့ပါ။

ဖြေ။ ''ဧကာရော၊ ဓိကာရော၊ ဟုံကာရော၊ သာဓုကာရော''စသော ပြယုဂ်တို့၌ ဧ၀, ဓိ, ဟုံ, သာဓု-စသော သဒ္ဒါတို့သည် အက္ခရာများ မဟုတ်ကြ၊ ပုဒ်များဖြစ်၍ ထိုပုဒ်တို့နောင် ဤ ''အက္ခရေဟိ ကာရ'' သုတ်ဖြင့် ကာရပစ္စည်း မသက်နိုင်ပေ။ ထို့ကြောင့် ကာရပစ္စည်း မဟုတ်ကြပါ။

ယင်းပုဒ်တို့၌ ''ဓာတူနံ အနေကတ္ထတ္တာ'' ပရိဘာသာအရ ကရဓာတ်၏ ဥစ္စာရဏာ (ရွတ်ဆိုခြင်း)အနက်ကို ယူ၍ ''ကရီယတိ ဥစ္စာရီယတီတိ ကာရော ၊(ရွတ်ဆိုအပ်သော သဒ္ဒါ)၊ ဧ၀ စ သော ကာရော စာတိ ဧကာရော'' ဟု ဝစနတ္ထပြုပြီး ''ဧ၀သည်ပင် ရွတ်ဆိုအပ်သော သဒ္ဒါ = ဧ၀သဒ္ဒါ''စသည်ဖြင့် အဓိပ္ပါယ် မှတ်ရပါမည်။

မေး။ အကာရော-၌ ကာရ နှင့် ဧကာရော-၌ ကာရ တို့၏အထူးကို ရေးသားဖြေဆိုပါ။

ဖြေ။ အကာရော-၌ ''ကာရ''သည် ပစ္စည်းဖြစ်၍၊ ဧကာရော-၌ ''ကာရ''ကား ရွတ်ဆိုအပ်သော သဒ္ဒါ ဖြစ်၏။ ဤသို့ ထူးပါသည်။

၆၀၅၊ ၅၄၇။ ယထာဂမဓိကာရော။ (၃၃၈)

မေး။ ယထာဂမံ-၌ ''အာဂမ''ဟူသည် အဘယ်နည်း? ဖြေဆိုပါ။

http://www.dhammadownload.com

ဖြေ။ ''အာဂမိယန္တိ (အာဂမိသန္တိ) ဇတ္ထ ဇတေန ဝါ အတ္ထာတိ အာဂမော'' ဟူသော ဝစနတ္ထနှင့်အညီ ''မိမိ, သူတပါး အကျိုးစီးပွားတို့၏ လာရာ, လာကြောင်းဖြစ်သော 'ပရိယတ်' ခေါ် ဘုရားဟောပါဠိတော်ကို ''အာဂမ''ဟု ခေါ်ဆိုရပါသည်။

မေး။ ကွအက္ခရာလာရာ၌ နိမိတ်ဖြစ်ထိုက်သော ပစ္စည်းများကို ဖော်ပြပါ။

ဖြေ။ အစ၌ ဗျည်းရှိသော ကိစ္စ, ကိတပစ္စည်းများ ဖြစ်ပါသည်။

မေး။ ယထာဂမံ-ဟု ဆိုခြင်းကြောင့် ရရှိသောအကျိုးကို ဖော်ပြပါ။

ဖြေ။ ယထာဂမံ-ဟု ဆိုရခြင်းကြောင့် ''အသူယိတ္ထ, သူယတေ, သူယိဿတေတိ သော-တဗ္ဗော''ဟူသော ပြယုဂ်၌ ကွအက္ခရာ မလာရခြင်း အကျိုးရှိပါသည်။ (စာ-၃၃၉)။

မေး။ ဒဓာန္တတော ယော ကွစိ-သုတ်မှ သိဟဂတိက အဓိကာရနည်းဖြင့် လိုက်လာသော ကွစိသဒ္ဒါ၏ ကန့်သတ်တားမြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ရူပသိဒ္ဓိ၌ ကွစိသဒ္ဒါကို ''ဗျဥ္ဇနာဒိကေသု ကိစ္စကိတကေသု''ဟု ဖွင့်သည်။ ထိုကြောင့် ကွစိသဒ္ဒါက အစသော သရပစ္စည်း, အနီယ စသော အစ၌ သရရှိသော သရာဒိပစ္စည်းတို့နှောင်းရာ၌ ကွမလာရ-ဟု ကန့်သတ်တားမြစ်ပါသည်။

မေး။ ဤသုတ်အဖွင့်အရ သိရသော ပစ္စည်း ၃-မျိုးကို ဖော်ပြပါ။

ဖြေ။ ၁။ သရပစ္စည်း - အ, ကွ စသည်။
၂။ သရာဒိပစ္စည်း - အနီယ စသည်။
၃။ ဗျဥ္ဇနာဒိပစ္စည်း - တဗ္ဗ-စသည်။

မေး။ ဘဝနီယံ-ပြယုဂ်၌ အဘယ်ကြောင့် ကွ မလာရပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ ''ဘဝနီယံ=ဘူ+အနီယံ''၌ အနီယပစ္စည်းသည် အစ၌ ဗျည်းရှိသော ကိစ္စပစ္စည်းမဟုတ်သည့်အတွက် လိုက်လာသော ကွစိသဒ္ဒါ၏ တားမြစ်ချက်ကြောင့် ကွမလာရခြင်း ဖြစ်ပါသည်။

၆၀၆၊ ၆၄၂။ ဒဓာန္တတော ယော ကွစိ။ (၃၉၄)

မေး။ ဤသုတ်ပါ ကွစိ-အရကို အဲ့ကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ''ကွစိ=တုနာဒိသု ပစ္စယေသု''ဟု ဖွင့်သောကြောင့် ကွစိ-အရ တုနအစရှိသော ပစ္စည်းတို့ကို ယူရပါမည်။

မေး။ ဝိဝိစ္စ နှင့် ဝိဝိစ္စိတွာ-တို့၏ ခြားနားချက်ကို ရှင်းလင်းဖော်ပြပါ။

ဖြေ။ ''ဝိဝိစ္စ''သည် ဝိပုဗ္ဗ ဝိစရတ် + တွာပစ္စည်း၊ ဤသုတ်ဖြင့် စကာရန္တဖြစ်သော ဝိစရတ်နောင် တွာပစ္စည်းကို ရစ္စပြု၍ ပြီးသောပုဒ် ဖြစ်၏။

ဝိဝိစ္စိတွာ-ကား ဝိပုဗ္ဗ ဝိစရတ်နောင် တွာပစ္စည်းကို ယ မပြုဘဲ ''ဒဓာန္တတော ယော ကွစိ''သုတ်၌ ''ယော ကွစိ''ဟူသော ဒ္ဝိဓာကရဏ ယောဂဝိဘာဂဖြင့် ယလာ၍ ရုပ်ပြီးသောပုဒ် ဖြစ်၏။ ဤသို့ ခြားနားပါသည်။ ('ဝိဝိစ်ယတွာ'ဟု ဖြစ်သောအခါ ယဝတံသုတ်၌ ကာရသဒ္ဒါဖြင့် စ်ယ(စ္ယ) ကို စ ပြု၊ စ ကို သဒိသဒ္ဒေးဘော် စ္ဆ-ပြု၊ ကွလာ၍ ရုပ်ပြီးစေပါသည်။)

http://www.dhammadownload.com

မေး။ (က) သမာပဇ္ဇိတွာ (ခ) ဗုဇ္ဇိယ-တို့ကို ရုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ (က) သံ- အာ- ပဒ် + တွာ၊ ဤသုတ်ဖြင့် နောက်တွာပစ္စည်းကြောင့် ဒကာရန္တဖြစ်သော ပဒဓာတ်နောင် ယ-အက္ခရာလာ (သံအာပဒ်ယတွာ)၊ ယဝတံ သုတ်ဖြင့် ယအက္ခရာရှိသော ဒ် (ဒျ) ကို ဇ-ပြု၊ ဇ ကို သဒိသဒွေးဘော် ဇ္ဇ ပြု (သံအာပဇ္ဇတွာ)၊ ယထာဂမမိကာရော သုတ်ဖြင့် ဣလာ၊ ဇ္ဇ် ခွင်း, ချေ, ကပ် (သံအာပဇ္ဇိတွာ)၊ နိဂ္ဂဟိတ်ကို ပဝဂ္ဂန္တ မ် ပြု၊ နောက် အာ-သို့ကပ်၊ ပြီး၏။

(ခ) ဗုဓ် + တွာ၊ ဒိဝါဒိတော ယော သုတ်ဖြင့် ယပစ္စည်းသက် (ဗုဓ်ယတွာ)၊ သဗ္ဗေဟိ တုနာဒီနံ ယော သုတ်ဖြင့် တွာပစ္စည်းကို ယ ပြု (ဗုဓ်ယယ)၊ တထာ ကတ္တရိ စ သုတ်ဖြင့် ဓာတွန် ဓ်နှင့်တကွ ယပစ္စည်း (ချ) ကို ဈ ပြု၊ ဈ ကို အသဒိသဒွေးဘော် ဇ္ဇ ပြု (ဗုဇ္ဇယ)၊ ဣလာ၊ ပြီး၏။

မေး။ ဒဓာန္တတော-ကို ဖြုတ်၍ ''ယော ကွစိ''ဟု ဒ္ဒိဓာကရဏ ယောဂဝိဘာဂကြံလျှင် ရနိုင်သော အကျိုးကိုရေးပြပါ။

ဖြေ။ ထိုယောဂဝိဘာဂဖြင့် ''ဝိဝိစိတွာ''စသော ပြယုဂ်တို့၌ တစ်ပါးသော စကာရန္တဓာတ် တို့နောင်လည်း ယ အက္ခရာလာရခြင်း အကျိုးရှိပါသည်။

စတုတ္ထကဏ္ဍပြီး၏ ။



ပဉ္စမကဏ္ဍ

၆၀၇၊ ၅၇၈။ နိဂ္ဂဟိတ သံယောဂါဒိ နော။ (၃၅၈)

မေး။ (က) နိဂ္ဂဟိတ သံယောဂါဒိ နော (ခ) နိဂ္ဂဟိတံ သံယောဂါဒိ နော ၂-မျိုးတို့တွင် အဘယ်ကို အတည်ယူသင့်ပါသနည်း? ဖြေဆိုပါ။

ဖြေ။ သီဟိုင်မူ ကစ္စည်းသဒ္ဒါကြီးပါ၌၌ ''နိဂ္ဂဟိတံ''ဟုရှိ၏။ လက်ရှိမြန်မာမူ ကစ္စည်းသဒ္ဒါကြီး ပါ၌တို့၌ကား ''နိဂ္ဂဟိတ ဣတိ အဝိဘတ္တိက နိဒ္ဒေသေန ဝုတ္တံ''ဟူသော နိဒ္ဒေသနှင့်အညီ ''နိဂ္ဂဟိတ''ဟု ရှိနေကြသည်။ နှစ်မျိုးလုံးပင် မှန်သည်ဟုဆိုရမည်ဖြစ်သော်လည်း ''နိဂ္ဂဟိတ သံယောဂါဒိ နော''ဟူသော ဗိန္ဒုမဲ့ပါ၌ကိုသာ အတည်ယူသင့်ပါသည်။

အမှာ။ ။နိဂ္ဂဟိတ + နိဂ္ဂဟိတ-အဆုံးအဖြတ်ကို ''အံ ဣတိ နိဂ္ဂဟိတံ'' သုတ်၌ ရေးခဲ့ပြီ။

မေး။ 'သံယောဂါဒိ'ပုဒ်ကို ဝစနတ္ထပြု၍၊ အဓိပ္ပါယ်လည်း ရေးပြပါ။

ဖြေ။ သံယောဂသို့ အာဒိ သံယောဂါဒိ။

''နွ''ဟူသော သံယုဂ်၌ အစဖြစ်သော ''နဲ''အက္ခရာသည် ''သံယောဂါဒိ'' မည်၏။ ထို နဲ အက္ခရာကို နိဂ္ဂဟိတ်ပြုပါ-ဟူလို။

မေး။ သံယောဂါဒိ-၌ သံယောဂ-အရ အဘယ်သံယုဂ်ကို ယူရပါမည်နည်း။

http://www.dhammadownload.com

ဖြေ။ ဝုတ္တိ၌ ''သံယောဂသို့ အာဒိဘူတော''ဟု သာမညဖွင့်သော်လည်း ''ဓာတုယာ'' ပုဒ်လိုက်လာသောကြောင့် ဓာတ်နှင့်စပ်သော သံယုဂ်ကိုသာ ယူရပါမည်။
– သံယောဂသို့နှိ ကိဥာပိ အဝိသေသေန ဝုတ္တံ။ တထာပိ ''ဓာတုယာ''တိ အဓိကာရ–တော ဓာတုသမ္ဗန္ဓိနိ သံယောဂေတိ ဂဟေတဗ္ဗံ။ (ဋီ၊ ၂၂၃။)

မေး။ ''နိဂ္ဂဟီတသ ဝဂ္ဂန္တတ္တံ၊ ဇကာရသ ဂတ္တံ''ဟု ဆဋ္ဌမူ၌ ရှိနေရာ ဆရာမြတ်တို့က အဘယ်သို့ မိန့်ဆိုကြပါသနည်း? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဇ ကို ဂ ပြုခြင်းသည် ဓာတ်နှင့်ဆိုင်သော အစီအရင်ဖြစ်၍ ပဓာနဖြစ်သောကြောင့်လည်းကောင်း၊ ဝဂ္ဂန္တပြုခြင်းကား သန္ဓိအစီအရင်ဖြစ်၍ အပဓာနဖြစ်သောကြောင့်လည်းကောင်း ''ဇကာရသ ဂတ္တံ၊ နိဂ္ဂဟီတသ ဝဂ္ဂန္တတ္တံ''ဟု ပြောင်းပြန်ရှိသင့်ကြောင်း ဘာသာဋီကာ၌ မိန့်ပါသည်။

၆၀၈၊ ၆၂၃။ သဗ္ဗတ္ထ ဂေ ဂီ။ (၃၈၀)

မေး။ ဂီ ပြုရာ၌ နိမိတ်ဖြစ်ထိုက်သော ပစ္စည်းများကို ဖော်ပြပါ။

ဖြေ။ တ–ပစ္စည်း, တိ–ပစ္စည်းတို့ ဖြစ်ပါသည်။ (သဗ္ဗတ္ထ–အရဟု မေးလျှင် 'တပစ္စည်း, တိပစ္စည်းနှောင်းရာ အလုံးစုံသော ဌာနကို ယူရပါမည်'ဟု ဖြေပါ။)

ပြယုဂ်များ

ဂါယနံ, အဂါယိတ္ထာတိ ဝါ ဂီတံ။ (ဂေ+တ)
ဂါယနံ, ဂါယိတဗ္ဗာတိ ဝါ ဂီတိ။ (ဂေ+တိ)

မေး။ ''ဂါယနံ အဂါယိတ္ထာတိ ဝါ''၌ အဂါယိတ္ထ–ကို အဘယ်သို့ အနက်ပေးရပါမည်နည်း? အကြောင်းပြ ဖြေဆိုပါ။

ဖြေ။ 'ဘာဝေ တာဝ'ဟု ဆိုသောကြောင့် ''အဂါယိတ္ထ၊ ရှေ့၌ သီဆိုခြင်း''ဟု ဘောအနက်ပေးရပါမည်။

၆၀၉၊ ၄၈၄။ သဒသ သီဒတ္တံ။ (၂၉၀)

မေး။ ဤသုတ်သို့လိုက်လာသော 'သဗ္ဗတ္ထ'အရ ယူရမည့်အရာများကို ဖော်ပြပါ။

ဖြေ။ လိုက်လာသော 'သဗ္ဗတ္ထ'အရ အလုံးစုံသော အာချာတ်ဝိဘတ်, ကိတ်ပစ္စည်းတို့ကို ယူရပါမည်။

မေး။ သဒဓာတ်၏ ဓာတ်နက်နှင့်စပ်၍ သိမှတ်ဖွယ်များကို ရေးသားဖော်ပြပါ။

ဖြေ။ **ဆဋ္ဌမူ ရူပသိဒ္ဓိ**၌ ''သဒ ဝိသရဏဂတျာဝသာနေသု''ဟု (သဒ္ဒနီတိ ဓာတုမာလာအတိုင်း) ပြဆိုထားပါသည်။ **ဘာသာဋီကာ**၌ ''ဝိသရဏဂတျာဝသာဒနေသု''ဟု ပါဋိရှိ၍ ''ညှင်းဆဲခြင်း, ဂတိအနက်, နစ်မြုပ်ခြင်းအနက်တို့၌''ဟု ပေးပါသည်။ **ဂဏ္ဌိ**၌ ပါဋိမှာ ဘာသာဋီကာနှင့် အတူတူပင်ဖြစ်၍ ''ရွေ့ရှားခြင်း, လားခြင်း, နစ်မြုပ်ခြင်းတို့၌''ဟု ပေးပါသည်။ မူရင်းဖြစ်သော **ပါဏိနီယ ဓာတုပါဌ**၌ကား ''**သဒ ဝိသရဏဂတျဝသာဒနေသု**''ဟု ရှိပါသည်။

http://www.dhammadownload.com

အနက်ဖွင့်ရာ၌ ခီရတရင်္ဂိဏီကျမ်းတွင် ''ဝိသရဏံ သာတနံ၊ အဝသာဒေါ'နုဿာဟော'' ဟုလည်းကောင်း၊ တတွဗောဓိနီကျမ်းတွင် ''ဝိသရဏံ အဝယဝါနံ ဝိသိလေသော၊ အဝသာဒနံ နာသော''ဟုလည်းကောင်း ဖွင့်ပြထားကြသည်။ အင်္ဂလိပ်ပြန်ကျမ်းတို့၌ကား ''to break, to go, to weary''ဟု ပြန်ကြပါသည်။ ''ဒလ ဝိသရဏေ''ဟူသော ဓာတ်နက်၌ ဝိသရဏေ-ကို ဝိဒါရဏေ-ဟု ဖွင့်၍ အင်္ဂလိပ်လို ''to break, to split''ဟု ဖွင့်ပြသည်။ (ကဝိကပ္ပဒ္ဒုမ-ခေါ် ဓာတ်ကျမ်း၌ ''သဒ ဝိသာဒေ သရဏေ ဂတိမှိ''ဟု ဓာတ်နက်ကြား၍ ''ဝိသာဒေါ အာကုလီဘာဝေါ၊ သရဏံ ဟိသာ''ဟု ဖွင့်ပြထားပါသည်)။ လာဗူနိ သီဒန္တိ-စသော ပါဠိတို့၌ သဒဓာတ်သည် နစ်မြုပ်ခြင်း အနက်ကို ဟောပါသည်။

ဖော်ပြပါ စကားရပ်အားလုံးကို ခြုံငုံသုံးသပ်၍ **"သဒ ဝိသရဏဂတျဝသာဒနေသု"**ဟု မူရင်းအတိုင်း ပါဠိမှန်ရှိစေ၍၊ ''ဝိသရဏ = ဖျက်ဆီးခြင်း, ညှင်းဆဲခြင်း။ ဂတိ = သွားခြင်းစသည်။ အဝသာဒန = ပင်ပန်းခြင်း, နစ်မြုပ်ခြင်း''ဟု အနက်မှတ်သင့်ပါသည်။

မေး။ ရူပသိဒ္ဓိစသောကျမ်းတို့ဝယ် **တ္တပစ္စည်း**ဖြင့်ဖွင့်ပြရာ၌ အာဒေသ-ဟု ယူရမည်လော? အာဂမ-ဟု ယူရမည်လော? အငြင်းမပွားရအောင် ရှင်းလင်းရေးသားပါ။

ဖြေ။ သဒဿ သီဒတ္တံ-သုတ်ပါ သီဒတ္တံ-ကို ''သီဒါဒေသော ဟောတိ''ဟု ကစ္စည်း, ရူပသိဒ္ဓိ တို့၌ ဖွင့်ပြထားသောကြောင့်လည်းကောင်း၊ ပဉ္စာဒီန မတ္တံ, မာတုလာဒီန မာနတ္တ မီကာရေ, အတ္တန္တော ဟိသ္မိ မနတ္တံ, ကရဿ ကာသတ္တ မဇ္ဇတနိမှိ-စသောသုတ်တို့သည် အာဒေသ ဝိဓိသုတ်များသာ ဖြစ်သောကြောင့်လည်းကောင်း၊ **''အာဒေသတ္တာချာပနတ္တံ တ္တဂ္ဂဟဏံ = အာဒေသ၏ အဖြစ်ထင်ရှားစေခြင်းအကျိုးငှါ တ္တပစ္စည်းကို ယူခြင်းဖြစ်၏''**ဟု မောဂ္ဂလ္လာန် ဩတ္တာသုံ (၆၊ ၄၀။)သုတ်အဖွင့်၌ ဖွင့်ဆိုထားသောကြောင့်လည်းကောင်း တ္တပစ္စည်း ဖြင့်ဖွင့်ရာ၌ **အာဒေသဟုသာ** ကိန်းသေမုချ မှတ်ယူရပါမည်။

မှတ်ချက်။ ။ ''ဒ္ဓိတ္တံ''ဟူသော ရူပသိဒ္ဓိအသုံးအနှုန်းကို ထောက်၍ ဒွေးဘော်ကို အာဂမဟု မိန့်ဆိုကြသော ဆရာမြတ်တို့၏ ရေးသား ဆုံးဖြတ်ချက်ကို ဆင်ခြင်ပါ။

မေး။ နိသဇ္ဇတေ-၌ သီဒ မပြုရခြင်းအကြောင်းကို ဖော်ပြပါ။

ဖြေ။ ဒဓာန္တတော ယော ကွစိ-သုတ်မှ မဏ္ဍူကဂတိကနည်းဖြင့် လိုက်လာသော ကွစိသဒ္ဒါကြောင့် နိသဇ္ဇတေ-၌ သဒဓာတ်ကို သီဒမပြုရခြင်း ဖြစ်ပါသည်။

နိ-သဒ+ယ+တေ = နိသဇ္ဇတေ။

၆၁၂၊ ၆၁၅။ ဆော ပကာရေ။ (၃၇၇)

မေး။ (က) ဝုဗော (ခ) ဗုဗော-တို့ကို ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ (က) ဝဗုတည်၊ တပစ္စည်းသက်၊ ဓဘဟေဟိ ဓဟာ စ သုတ်ဖြင့် တ ကို ပ ပြု၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဝ ၏ အ ကို ဥ ပြု၊ ၌ ကို ချေ (ဝုပပ)၊ ဆော ပကာရေ-သုတ်ဖြင့် ရှေ့ ပ ကို ဒု ပြု၊ နာမ်ငဲ့, သိသက်, ခွင်း, ချေ, ကပ်၊ ဝုဗောကားပြီး၏။

(ခ) ဝုဗော-ဖြစ်ပြီးသောအခါ ''ဗ္ဗော ဝွဿ'' ဖြင့် ဝ ကို ဗပြုလျှင် ''ဗုဗော''ဟု ပြီး၏။

http://www.dhammadownload.com

မေး။ (က) ဝုပော (ခ) ဗုပော–တို့တွင် အမှားအမှန်ကို ဆုံးဖြတ်ပါ။

ဖြေ။ ဝပုဓာတ်+တပစ္စည်းဖြင့် 'ဝုပော'ဟု ဖြစ်ပြီးနောက် ဗွေ ဝွဿ–သုတ်ဖြင့် ဝ ကို ဗ ပြုလျှင် 'ဗုပော'ဟု ပြီး၍၊ မပြုလျှင် 'ဝုပော'ဟု ပြီးပါသည်။ ထို့ကြောင့် ၂–မျိုးလုံးသင့်ပါသည်။

၆၁၄၊ ၅၈၁။ ဒဟဿ ဒေါ လံ။ (၃၅၉)

မေး။ ကစ္စည်း၌ ဌကြီးဖြင့်ရှိရာ မဆန့်ကျင်အောင် ညှိပြပါ။

ဖြေ။ ''လဌာန မဝိသေသော''ဟုဆိုထားသောကြောင့် မဆန့်ကျင်ပါ။

၆၁၇၊ ၆၃၃။ နမကာရာန မန္တာနံ နိယုတ္တတမှိ။ (၃၈၇။)

မေး။ ဤသုတ်ကို မိန့်ဆိုရပုံကို ရှင်းပြပါ။

ဖြေ။ ဂမခနဟနရမာဒီန မန္တော–စသောသုတ်တို့ဖြင့် ဣအက္ခရာ အာဂုံနှင့် ယှဉ်သော ''ဂမိတော'' စသော ပြယုဂ်တို့၌ ဓာတွန်ချေမှု ရောက်လုလတ်သော် ထိုကို တားမြစ်ခြင်းအကျိုးငှါ ဤသုတ်ကို မိန့်ဆိုခြင်းဖြစ်ပါသည်။

မေး။ ဤသုတ်ဖြင့်တားမြစ်အပ်သော သုတ်များကို ရှင်းလင်းချက်နှင့် တကွဖော်ပြပါ။

ဖြေ။ ဤသုတ်သည် ဂမခနဟနရမာဒီန မန္တော, ရကာရော စ–ဟူသော ၂–သုတ်ကိုသာ တားမြစ်လျှင် ''နမရာနမန္တာနံ နိယုတ္တတမှိ'' ဟုဆိုရာ၏။ ထိုသို့မဆိုဘဲ ''နမကရာနမန္တာနံ နိယုတ္တတမှိ''ဟု 'က'ကို ထည့်၍ဆိုသောကြောင့် ဣအက္ခရာနှင့် ယှဉ်သော တပစ္စည်းနှောင်းရာဝယ် သုသပစသကတော ကွက္ကာ စ သုတ်ဖြင့် သကဓာတ်နောင် တပစ္စည်းကို ဣပြု၍ ဓာတွန် က် ကို ချေခြင်း ဟူသော အစီအရင်ကို ဥပလက္ခဏပြု၍ အလုံးစုံသော ဓာတွန်ချေခြင်းကို စီရင်သောသုတ်တို့ကို တားမြစ်၏–ဟု သိရပါသည်။

ထိုကြောင့် ဤသုတ်သည် ဂမခနဟနရမာဒီန မန္တော၊ ရကာရော စ၊ သာသဒိသတော တဿ ရိဌော စ၊ သာဒိ သန္တ ပုစ္ဆ ဘန္ဓ ဟနာဒီဟိ ဌော၊ ဝသတော ဥတ္ထ၊ ဝဟဘဟေဟိ ဝဟ စ၊ ဘုဇာဒီန မန္တော နော ဒွိ စ၊ ဂုပါဒီနဥ၊ သုသပစသကတော ကွက္ကာ စ၊ ဇနာဒီန မာ တိမှိ စ၊ ဒိသာ သွာနသွာန္တလောပေါ စ၊ မဟဒဘေဟိ မ္ဗ ယှ ဇ္ဇ ဗ္ဘ ဒ္ဒါ စ သုတ်တို့ကို တားမြစ်သောသုတ် ဖြစ်ပါသည်။

မှတ်ချက်။ ။ ဤသုတ်၌ က–ပါသင့် မပါသင့်ကို ကစ္စည်းသုတ်စဉ် သရုပ်ခွဲကျမ်းနှင့် ကြခတ်ဝိုင်းကစ္စည်းသုတ်နက်ကျမ်းတို့၌ ဆုံးဖြတ်ထားပါသည်။

မေး။ နိဟိတော–ကို ရုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ နိ–ဓာ+တ၊ နမကရာနမန္တာနံ သုတ်ဖြင့် ဓာတွန်ကိုချေခြင်းကို မြစ်မြဲမြစ်သင့်သော်လည်း ဓာတွန်ဗျည်း မဟုတ်သောကြောင့် မမြစ်ရ၊ ယထာဂမိကာရော သုတ်ဖြင့် ဣလာ၊ ဓ် ခွင်း, ချေ, ကပ် (နိဓိတ)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဓိ ကို ဟိ ပြု (သီမူအလို–ဓာ ကို ဟိ ပြု၊ ၎င်းသည် ''ဓာဿဟိ''ဟူသော မောဂ္ဂလ္လာန် ၅၊ ၁၀၈–သုတ်နှင့် ညီ၏။) နာမ်ငဲ့စသည်၊ ပြီး၏။

မေး။ ''အပါစီယိတ္ထာတိ ပါစိတော ဩဒနံ ယညဒတ္တော ဒေဝဒတ္တေန'' ပြယုဂ်နှင့် စပ်၍ သိမှတ်ဖွယ်ရာများကို ရေးသားတင်ပြပါ။

http://www.dhammadownload.com

ဖြေ။ သီဟိုင်္ဌမူ, ရှေးမူတို့၌ ''ပါစိတော သြဒနော ဒေဝဒတ္တေန''ဟု ရှိ၏။ သြဒန သည် ကာရိုက်ကံ မဟုတ်, ဓာတ်ကံတည်း၊ ''ကာရိုက်ပစ္စည်းနှင့်ယှဉ်ရာ၌ ကာရိုက်ကံကို သော်လည်းကောင်း၊ ဓာတ်ကံကိုသော်လည်းကောင်း ဝုတ္တကံ လုပ်နိုင်၏'' ဟု အဆိုရှိ သော်လည်း ထိုအဆိုသည် ရူပသိဒ္ဓိဆရာ၏ဝါဒ မဟုတ်၊ ''ကာရိတေ သုဒ္ဓကတ္တာ စ၊ ကမ္မမာချာတ ဂေါစရံ''ဟု သုဒ္ဓကတ္တားကို (ယညဒတ္တော သြဒနံ ပစတိ-၌ ယညဒတ္တော ကဲ့သို့သော ကတ္တားကို) ဝုတ္တကံဟု ဆိုခဲ့၏။ ထိုကြောင့် ''ပါစိတော သြဒနံ ယညဒတ္တော ဒေဝဒတ္တေန''ဟုရှိမှ ရူပသိဒ္ဓိအလိုကျမည်-ဟု ဘာသာဋ္ဌီကာ၌ ဆိုသည်။ ထိုအဆိုသို့ လိုက်၍ ဆဋ္ဌမူ၌ ပြင်ထားဟန်တူသည်။

ဂဏ္ဌိဆရာတော်ကား ''အပါစီယိတ္ထာတိ ပါစိတော သြဒနော ဒေဝဒတ္တေန''ဟု စာရှိတိုင်း ပါဌ်မှန်ဖြစ်၏။ သြဒနော-ကား ဓာတ်ကံတည်း။။ (အနက်ပေးရာ၌ ထည့်ပေးထားသော) ယညဒတ္တေန-ကား ကာရိုက်ကံ, ဓာတ်ကတ္တားတည်း။ ''ကာရိတေ သုဒ္ဓကတ္တာ စ၊ ကမ္မမာချာတဂေါစရံ''ဟူသော စကားသည် ''ဂတိဗုဒ္ဓိ ။ပ။ ကာရိတေ ဝါ'' သုတ်၌လာသော ဓာတ်ကိုသာ ဆိုသည်။ ၎င်းသုတ်၌ မလာသော ပစ-စသောဓာတ်တို့မှာ ကာရိုက်ပစ္စည်းနှင့် ယှဉ်သော်လည်း ဓာတ်ကံကိုသာ ဟော၏-ဟု မှတ်လေ။ အာချာတ် ကာရိုက်ကို ပြရာ၌လည်း ''ကမ္မေ - သြဒနော ပါစီယတေ တေန''ဟု ဆိုခဲ့ပြီ''ဟု မိန့်သည်။ (ဆဋ္ဌမူ၊ ၃၃၂-၌ကား ''ကမ္မေ - သော သြဒနံ ပါစီယတိ တေန''ဟု ပြင်ထားသည်။)

မေး။ ''ဣဝဏ်ငှက်မြတ်၊ သုတ်တုံလတ်၊ ငုပ်ဓာတ်ပေါ်သည်ချည်း'' ဟူသော ဦးရန်ကုန်နိယံကို ရှင်းပြပါ။

ဖြေ။ ''ယထာဂမ မိကာရော သုတ်ဖြင့် ဣအက္ခရာ (ဤအက္ခရာ)လာရာတို့၌ ဓာတွန်ကို မချေရ၊ သူ့အတိုင်း ပေါ်လျက်ရှိနေရမည်''ဟု ဆိုလိုပါသည်။

မေး။ ''အန္တာနံ နိယုတ္တတမှိ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂ၏ အကျိုးကို ရေးပြပါ။

ဖြေ။ ''အန္တာနံ နိယုတ္တတမှိ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် ''ဘုဒ္ဓိတဗ္ဗ (ဘုဇ်+ိ+တဗ္ဗ)''စသော ပြယုဂ်တို့၌ ဣအက္ခရာနှင့်ယှဉ်သော တ-ပစ္စည်းကြောင့် ဓာတွန် ဇ် ဗျည်းကို ချေခြင်းအစရှိသည်ကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

၆၁၈၊ ၅၇၁။ နကဂတ္တံ စဇာ ဏွုမှိ။(၃၅၄)

မေး။ ဤသုတ်ကို မိန့်ဆိုရပုံကို ရေးပါ။

ဖြေ။ ပါစကော, ယာဇကော-ပြယုဂ်တို့၌ ကဂါ စဇာနံ သုတ်ဖြင့် ဓာတွန် စ်, ဇ် တို့ကို က်, ဂ် ပြုလုလတ်သော် ထိုသုတ်အစီအရင်ကို တားမြစ်ခြင်းအကျိုးငှါ ဤသုတ်ကို မိန့်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ ဏွုမှိ-ကိုဖြုတ်၍ ''နကဂတ္တံ စ ဇာ''ဟု ဒွိဓာကရဏ ယောဂဝိဘာဂပြုလျှင် ရရှိမည့် အကျိုးကို ရေးပြပါ။

ဖြေ။ ''နကဂတ္တံ စ ဇာ''ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် ''ဘာဇီ, ဘာဇိ''စသော ပြယုဂ်တို့၌ '' ဘဇ + ဏီ ဘဇ ိ '' '' ဘဇ + ဃိဏ် ဘဇ ိ ''ဟု ဖြစ်နေသော အခါ သစဇာနံ ကဂါ ဏာနုဗန္ဓေ-သုတ်ဖြင့် ဇ ၏ ဂ အပြုကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

http://www.dhammadownload.com

၆၁၉၊ ၅၃၇။ ကရဿ စ တတ္တံ တုသ္မိံ။ (၃၅၅)

မေး။ စသဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါ ဘရ, ဟရ–စသော ဓာတ်တို့ကို ဆည်းခြင်း သမုစ္စည်းအနက်ရှိပါသည်။ တုပစ္စည်းကြောင့် ထိုဓာတ်တို့၏လည်း ဓာတွန် ရ် ကို တ ပြုပါ–ဟူလို။

မေး။ (က) ဘေတ္တာ (ခ) ဘေဒိတာ–တို့ကို ရုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ (က) ဘိဒိ ဓာတ်တည်၊ ဓာတွန် ဣ ကို ချေ၊ အညေသု စ သုတ်ဖြင့် ဘိ–၌ ဣ ကို ဝုဒ္ဓိပြု၊ ဤသုတ်၌ စသဒ္ဒါဖြင့် ဒ် ကို တ် ပြု၊ တ် တု သို့ကပ် (ဘေတ္တု)၊ နာမ်ငဲ့, သိသက်, ဥ ကို အာပြု, သိဝိဘတ်ကိုလည်း ချေ၊ 'ဘေတ္တာ' ပြီး၏။

(ခ) ဓာတွန် ဒ် ကို တ် မပြုလျှင် ယထာဂမမိကာရော သုတ်ဖြင့် ဣလာ၍ ''ဘေဒိတာ'' ပြီး၏။

၆၂၁၊ ၅၅၃။ ကာရိတံ ဝိယ ဏာနုဗန္ဓော။ (၃၄၂)

မေး။ ဏာနုဗန္ဓော–ပုဒ်ကို ဝစနတ္ထပြု၍၊ အဓိပ္ပါယ်လည်း ရေးပြပါ။

ဖြေ။ ဏော အနုဗန္ဓော တေဿာတိ ဏာနုဗန္ဓော။
ဏ် အနုဗန်ရှိသော ဏ, ဏေ, ဏယ စသောပစ္စည်းတို့သည် ''ဏာနုဗန္ဓ'' မည်ပါသည်။

မေး။ ''အနုဗန်''ဟူသည် အဘယ်နည်း? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''အနုဗန်'' ဟူသည် ဏ စသော ပစ္စည်းတို့၌ အစဉ်ဖွဲ့စပ်လျက်ပါသော်လည်း ပါဠိ ပြယုဂ်တို့၌ ယှဉ်စပ်သုံးစွဲရခြင်း (ပါဝင်ခြင်း) မရှိသော အက္ခရာ ဖြစ်ပါသည်။

ဥပမာ – 'ကုမ္ဘကာရော' ၌ ကုမ္ဘ–ကရ + ဏ ပစ္စည်း (ဏ်အနုဗန်ရှိသော အ–ပစ္စည်း) တည်း၊ ယင်း ဏ်အနုဗန်သည် ရုပ်တည်စဉ်က ပါဝင်သော်လည်း ကုမ္ဘကာရော ဟု ပုဒ်ပြီးသောအခါ ယှဉ်စပ်ပါဝင်ခြင်း မရှိတော့ပေ။ သို့ဖြစ်၍ ဏ် အစရှိသည်တို့ကို ''အနုဗန်''ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

သာဓကများ – အနုဗန္ဓော အပ္ပယောဂီ။ (ရူ စာကိုယ်)
န ပယောဂီ အပ္ပယောဂီ၊ အနုဗန္ဓော နာမ ဏာဒိပစ္စယေသု ဒိဿတိ၊ န တဿ သုတ္တန္တေသု ပယောဂေါ အတ္ထီတိ အပ္ပယောဂီ၊ ယထာ – ကုမ္ဘကာရော။ (ရူဋီ၊ ၂၁၇။)

မေး။ 'ဏ်'စသည်တို့ကို အဘယ်ကြောင့် ''အနုဗန်''ဟု ခေါ်ဆိုရပါသနည်း? ဖြေဆိုပါ။

ဖြေ။ ''ကာရိယဝသေန အနု ပစ္ဆာ ဗန္ဓီယတေတိ အနုဗန္ဓော''ဟူသော ဝစနတ္ထနှင့်အညီ အပြု အစီအရင် (ရုပ်စီရင်ခြင်း)နှင့် စပ်သဖြင့် အပိုနောက်ထပ် စပ်အပ်, ထည့်ထားအပ်သောကြောင့် ဏ် စသည်တို့ကို ''အနုဗန်''ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

သာဓက – ကာရိယဝသေန အနု ပစ္ဆာ ဗန္ဓီယတေတိ အနုဗန္ဓော။ အနုဗန္ဓော ယော, သော အပ္ပယောဂီ အနုစ္စာရဏီယော။ (ကာတန္တ၊ ၄၃၅။)

မေး။ အနုဗန်သရုပ်ကို သက်ဆိုင်ရာ ပြယုဂ်များနှင့်တကွ ကုန်စင်အောင် ထုတ်ပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ ၁။ က် အနုဗန် – ကမ္မနိ ဒုတိယာယ ကွော။
၂။ ခ် အနုဗန် – ဤသံဒုသူဟိ ခ။
၃။ ဃ် အနုဗန် – ဘဝိဿတိ ဃမာဒိဟိ ဏိဃိဏ်။
၄။ ဏ် အနုဗန် – ဝါ ဏာ' ပစ္စေ။
၅။ န် အနုဗန် – ချာဒိဟိ မန် မ စ တော ဝါ။
၆။ ရ် အနုဗန် – ရမြိ ရန္တော ရာဒိ နော။

၆၂၂၊ ၅၇၀။ အနကာ ယုဏ္ဍူနံ။ (၃၅၃)

မေး။ ဤသုတ်ဖြင့် ဏ္ဍုပစ္စည်းကို ပြုထားသော 'အက'နှင့် စပ်၍ ထူးခြားသော သိမှတ်ဖွယ်ကို ရေးသားဖော်ပြပါ။

ဖြေ။ ဤသုတ်ဖြင့် ဏ္ဍုပစ္စည်းကို အက–ပြုရာ၌ ကွတ္ထိလိင်ဖြစ်လျှင် ထို အက–မှ အ ကို တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် ကွပြုရခြင်း ဖြစ်ပါသည်။

ပုံစံ – အန္ဓဒါယကော ပုရိသော (ပုလ္လိင်)။
အန္ဓဒါယိကာ ကညာ (ကွတ္ထိလိင်)။
အန္ဓဒါယကံ ကုလံ (နပုလ္လိင်)။

မေး။ ''ဒါယကာ, ဒါယိကာမ''ဟူသော အသုံးအနှုန်းနှင့် စပ်၍ သိမှတ်ဖွယ်ကို ရေးပါ။

ဖြေ။ ပုလ္လိင်, နပုလ္လိင်၌ အနကာ ယုဏ္ဍူနံ သုတ်ဖြင့် ဏ္ဍုပစ္စည်းကို အကပြုပြီးနောက် ဘာမျှ ထပ် မပြုရတော့ပါ။ ကွတ္ထိလိင်၌ကား အက–မှ အ ကို တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် ကွ ထပ်ပြုရသေးသည်။ ထို့ကြောင့် ''ဒါယကာ, ဒါယိကာမ''ဟု လိင်ကွဲပြားအောင် ရေးသား သုံးနှုန်းရခြင်း ဖြစ်ပါသည်။

မေး။ (က) ''ဥပါသကာ, ဥပါသိကာ'' ဟူ၍လည်းကောင်း၊
(ခ) ''ဥပသကာ ဥပသကီ''ဟူ၍လည်းကောင်း ရေးသားပြောဆိုနေကြရာ အမှန်ကို ဝေဖန်သုံးသပ် ဆုံးဖြတ်ပါ။

ဖြေ။ သဒ္ဒါနည်းအရ ဥပပုဗ္ဗ အာသဓာတ်+ဏ္ဍုပစ္စည်း၊ ပခွင်း, ချေ, ကပ် (ဥပါသ ဏ္ဍု)၊ ပုလ္လိင်၌ **အနကာ ယုဏ္ဍူနံ** သုတ်ဖြင့် ဏ္ဍုကို အက–ပြုလျှင် ''ဥပါသကာ''ဟု ဖြစ်၏။ ကွတ္ထိလိင်၌ကား အက–ပြုပြီးနောက် အ ကို တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် ကွပြု၍ ဥပါသိကာ–ဟု ပြီး၏။ ထိုကြောင့် ''ဥပါသကာ ဥပါသိကာ''ဟု ရေးသားပြောဆိုခြင်းသာ အမှန် ဖြစ်ပါသည်။

ပဋ္ဌမကဏ္ဍပြီး၏။

http://www.dhammadownload.com

ဂ-ဥဏ္ဍာဒီကပ္ပ (ဥဏ္ဍာဒီပစ္ဆယန္တနယ)

မေး။ ''ဥဏ္ဍာဒီကပ္ပ''ဟူရာ၌ 'ဥဏ္ဍာဒီ'ဟူသောအမည်သည် သကသမညာလော? ပရသမညာလော? ဖြေဆိုပါ။

ဖြေ။ 'ဥဏ္ဍာဒီ'ဟူသော အမည်သည် သကသမညာ, ပရသမညာ နှစ်မျိုးတို့တွင် တစ်ပါးသော သက္ကတကျမ်းတို့၌ လာသော ပရသမညာ ဖြစ်ပါသည်။

မေး။ ''ဥဏ္ဍာဒီကပ္ပ''ဟူရာ၌ 'ဥဏ္ဍာဒီ'ဟူသည် အဘယ်နည်း? ဖြေဆိုပါ။

ဖြေ။ 'ဥဏ္ဍာဒီ'ဟူသည် မုနာဒီဟိ စိ-သုတ်ဖြင့် သက်သော ဏ္ဍုပစ္စည်း၊ ကာလေ ဝတ္တမာနာ တီတေ ဏ္ဍာဒယော သုတ်ဖြင့်သက်သော ဏုပစ္စည်း စသည်တို့ ဖြစ်ပါသည်။

မေး။ ''ဥဏ္ဍာဒီကပ္ပ''၏ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ဏ္ဍ, ဏုစသော ပစ္စည်းတို့ကို စိရင်ရာကျမ်းဖြစ်သောကြောင့် ''ဥဏ္ဍာဒီကပ္ပ''ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ 'ဥဏ္ဍာဒီ'ပုဒ်ကို ဝစနတ္ထပြု၍၊ သိမှတ်ဖွယ်ရာများကိုလည်း ရေးပြပါ။

ဖြေ။ ဥဏ္ဍ အာဒိ ယေသန္တေ ဥဏ္ဍာဒယော။

ယေသံ၊ **အကြင်**ပစ္စည်းတို့သည်။ ဥဏ္ဍ၊ ဥဏ္ဍ-ဟူသော။ ဝါ၊ **ဏ်အနုဗန်ရှိသော** ဥပစ္စည်း (ဏ္ဍုပစ္စည်း)ဟူသော။ အာဒိ၊ အစသည်။ အတ္ထိ၊ ရှိ၏။ ဏ္ဍတိ၊ ကြောင့်။ **တေ**၊ ထိုပစ္စည်းတို့သည်။ ဥဏ္ဍာဒယော၊ 'ဥဏ္ဍာဒီ'တို့ မည်ကုန်၏။

ကစ္စည်းဝုတ္တိ၌ ''ကာရဂျ''ပုဒ်ကို ရှေးဦးစွာ ထုတ်ပြထားသည်ကိုလည်းကောင်း၊ ရူပသိဒ္ဓိ စာကိုယ် (၄၀၃-၄) ၌ ''ကာလေ ဝတ္တမာနာတီတေ ဏ္ဍာဒယော''သုတ်ကို ရှေးဦးစွာ ပြထားသည်ကိုလည်းကောင်း၊ ''ဥဏ္ဍာဒီတိ ပရသမညာဝသေန ဏ္ဍဏုအာဒိပစ္စယာန မေဝါဓိဝစနံ''ဟူသော ရူပသိဒ္ဓိဋီကာအဖွင့်ကိုလည်းကောင်း၊ **မောဂ္ဂလ္လာန်**၌ **ဤအခန်း**မျိုးကို ''ဏ္ဍာဒီ''ဟု ဆိုထားသည်ကိုလည်းကောင်း ထောက်၍ ယင်းသို့ ဝစနတ္ထပြု၍ အဓိပ္ပါယ်ယူရခြင်း ဖြစ်ပါသည်။ (အခြေပြု၌ကား တစ်မျိုးဆိုထားပါသည်။)

မှတ်ချက်။ ။ သက္ကတသဒ္ဒါကျမ်းတို့၌ ''ဥဏ္ဍာဒိဝုတ္တိ''ဟူသော အသုံးအနှုန်းရှိ၏။ ထိုအသုံးအနှုန်းသို့ လိုက်၍ ''ဥဏ္ဍာဒီကပ္ပ''ဟု ကစ္စည်းဆရာက မှည့်ခေါ်ထားခြင်း ဖြစ်ဟန်ရှိပါသည်။

၆၂၄၊ ၅၆၃။ ကတ္တာရိ ကိတ်။ (၃၄၈)

မေး။ ဤသုတ်သည် အဘယ်သုတ်ဖြစ်ပါသနည်း? ရူပသိဒ္ဓိဆရာအလိုကျ ဖော်ပြပါ။

ဖြေ။ ဤသုတ်သည် ရူပသိဒ္ဓိအလို ကတ္တုကာရက (ကတ္တားအနက်)၌ ကိတ်ပစ္စည်းသက်ရမည်ဟု သတ်မှတ်ပြသော ''နိယမသုတ်'' ဖြစ်ပါသည်။ (ပစ္စည်းသက်သော ပစ္စယဝိဓိသုတ်

http://www.dhammadownload.com

မဟုတ်ပါ။)

၆၂၅၊ ၆၀၅။ ဘာဝကမ္မေသု ကိစ္စကွ္ဆခတ္ထာ။ (၃၇၃)

မေး။ (၁) ဘာဝကမ္မေသု **ကိစ္စကွ္ဆကွ္ခတ္ထာ**။

(၂) ဘာဝကမ္မေသု **ကိစ္စကွ္ဆခတ္ထာ**–ဟူသော ပါဠိနှစ်ထွေတို့တွင် သင့်မြတ်သောပါဠိကို သာဓကယုတ္တိဖြင့် နှိုင်းညှိဆုံးဖြတ်ပါ။

ဖြေ။ ကစ္စည်း သီဟိုဠ်မူ, မြန်မာရှေးမူတို့၌ အမှတ် (၁)အတိုင်း ''ကွ္ခတ္ထာ''ဟု ရှိ၏။ ဆဋ္ဌမူ ရူပသိဒ္ဓိ၌လည်း အမှတ် (၁)အတိုင်းပင် ရှိနေသည်။ ရူပသိဒ္ဓိ၌ကား (၂၂၆)၌လည်း ''ကိစ္စာ စ ကွ္ဆာ စ ကွ္ခာ စာတိ ကိစ္စကွ္ဆကွ္ခာ၊ တေသံ အတ္ထာ တထာ ဝုတ္တာ'' ဟု ရှိ၏။ သို့သော် ''ဤသံဒုသူဟိ ခ''သုတ်ဖြင့် သက်သော ပစ္စည်းသည် 'ခ' ပစ္စည်းသာဖြစ်၍ ကွ ပစ္စည်း မဟုတ်သောကြောင့် ကစ္စည်းဆဋ္ဌမူ၌ အမှတ် (၂)အတိုင်း က် ကိုဖြုတ်၍ ''ခတ္ထာ''ဟု ပြင်ဆင်တော်မူကြခြင်းဖြစ်ပါသည်။ က်–ပါစေ၍ 'ကွ်–အနုဗန်'ဟု ကြံဖွယ်ရှိသော်လည်း ''အချို့သောပေတို့၌ ကွ္ဆတ္ထာ–ဟု ကသံယုဂ်နှင့် ရှိတတ်၏။ ခအက္ခရာသော်မှလည်း အနုဗန်မှုဖြစ်၍ မရှိသင့်ပြီ''ဟု သဒ္ဒါကြီးဂဏ္ဌိ၌ ဆိုသောကြောင့် အမှတ် (၂)ပါဠိကိုသာ အသင့်ဟု ဆိုထိုက်ပါတော့သည်။

မေး။ ဘာဝကမ္မေသု ကိစ္စကွ္ဆခတ္ထာ–သုတ်သည် အဘယ်သုတ်ဖြစ်ပါသနည်း? ရူပသိဒ္ဓိဆရာ အလိုကျ ဖော်ပြပါ။

ဖြေ။ ဤသုတ်သည်လည်း ရူပသိဒ္ဓိအလို ''ဘောအနက်, ကံအနက်တို့၌ ကိစ္စ, ကွ္ဆ, ခ ပစ္စည်းများ သက်ရမည်''ဟု ကိစ္စ, ကွ္ဆ, ခ ပစ္စည်းတို့၏ သာမနအနက်ကို သတ်မှတ်ပြသော ''နိယမသုတ်''ပင် ဖြစ်ပါသည်။ (ယင်းပစ္စည်းများ သက်သော ပစ္စယဝိဓိသုတ် မဟုတ်ပါ။)

မေး။ ကိစ္စကွ္ဆခတ္ထာ–ပုဒ်နှင့် စပ်၍ သိမှတ်ဖွယ်များကို ရေးပြပါ။

ဖြေ။ ကိစ္စာ စ ကွ္ဆာ စ ခေါ စ ကိစ္စကွ္ဆခါ။

ကိစ္စကွ္ဆခါနံ အတ္ထာ ကိစ္စကွ္ဆခတ္ထာ။

''ဒွန်၏နောက်၌၊ ရှိသောပိဒ်၊ ယှဉ်လိုက်ပုဒ်တိုင်းသာ''ဟူသည်နှင့်အညီ ''ကိစ္စကွ္ဆခ'' ဟူသော ဒွန်သမာသ်ပုဒ်နောင်ရှိသော 'အတ္ထ' ကို 'ကိစ္စကွ္ဆခ' ဟူသော ရှေ့ပုဒ်များနှင့်တွဲ၍ ''ကိစ္စတ္ထ, ကွ္ဆတ္ထ, ခတ္ထ''ဟု မှတ်ရပါမည်။

မေး။ (က) ကိစ္စတ္ထ (ခ)ကွ္ဆတ္ထ (ဂ) ခတ္ထ တို့၏အရကို အသီးသီး ကောက်ပြခဲ့ပါ။

ဖြေ။ (က) ကိစ္စတ္ထ အရ – ပေသာတိသဂ္ဂပတ္တကာလေသု ကိစ္စာ သုတ်ဖြင့် ပြအပ်သော ပေသ, အတိသဂ္ဂ, ပတ္တကာလအနက်များကိုလည်းကောင်း၊ ထိုအနက်များရှိသော တဗ္ဗ, အနီယ, ဏျ, တေယျ, ရိစ္စပစ္စည်းတို့ကိုလည်းကောင်း ယူရပါသည်။

(ခ) ကွ္ဆတ္ထ အရ – ဘျာဒီဟိ မတိပုဓိပူဇာဒီဟိ စ ကွ္ဆာ သုတ်ဖြင့်ပြအပ်သော ကြောက်ခြင်း, သိခြင်း, ပူဇော်ခြင်းစသောအနက်များကိုလည်းကောင်း၊ ထိုအနက်များရှိသော ကွ္ဆ (က်အနုဗန်ရှိသော တ)ပစ္စည်းကိုလည်းကောင်း ယူရပါသည်။

(ဂ) ခတ္ထ အရ – ဤသံဒုသူဟိ ခ သုတ်ဖြင့် ပြအပ်သော ဤသံ, ဒု, သုသဒ္ဒါတို့၏ (ကိစ္ဆ, အကိစ္ဆ) အနက်များကိုလည်းကောင်း၊ ထိုအနက်များရှိသော ခပစ္စည်း (ခ်,

http://www.dhammadownload.com

အနုဗန်ရိသော အပစ္စည်း)ကိုလည်းကောင်း ယူရပါသည်။

မေး။ ''ကိစ္စ ကွ ခတ္ထ ကွစ္စေတေ ပစ္စယာ''ဟူသောစကားရပ်ကို ရှင်းပြပါ။

ဖြေ။ ''ကိစ္စကွခတ္ထ''အရ ကိစ္စပစ္စည်း, ကွပစ္စည်း, ခပစ္စည်းတို့၏အနက်ကို မုချအားဖြင့် ရသော်လည်း ကာရဏူပစာအားဖြင့် ကိစ္စအနက်ရှိသော ပစ္စည်း, ကွအနက်ရှိသောပစ္စည်း, ခ အနက်ရှိသော ပစ္စည်းများကို ကောက်ယူရပါသည်။ ထိုကြောင့် ''ကိစ္စကွခတ္ထကွစ္စေတေ ပစ္စယာ''ဟု ဖွင့်ဆိုခြင်းဖြစ်ပါသည်။

၆၂၆၊ ၆၃၄။ ကမ္မနိ ဒုတိယာယ ကွော။ (၃၈၈)

မေး။ ''ကတ္တရိ ကိတ်''သုတ်မှ မဏ္ဍူကဂတိကနည်းဖြင့် ကတ္တရိ သဒ္ဒါ လိုက်လာသောကြောင့် ''ကွော''ဟု သုတ်တည်လျှင် ပြီးနိုင်ပါလျက် 'ကမ္မနိ ဒုတိယာယ'ပုဒ်တို့ကို ထည့်၍ သုတ်တည်ရပုံကို ရှင်းပြပါ။

ဖြေ။ ''ကတ္တရိ ကိတ်''သုတ်မှ မဏ္ဍူကဂတိကနည်းဖြင့် ကတ္တရိ သဒ္ဒါ လိုက်လာသောကြောင့် ''ကွော''ဟု သုတ်တည်လျှင် ပြီးနိုင်၏။ ထို့ပြင် ကံအနက်၌ ဒုတိယာဝိဘတ် သက်ရကြောင်းမှာ ကမ္မတ္ထေ ဒုတိယာ သုတ်ဖြင့်ပင် သိသာထင်ရှားပြီးဖြစ်၏။ သို့သော် သမာသ်, တဒ္ဓိတ်, အာချာတ်, ကိတ်ဟူသော ဝါစကကြီး ၄-ပါးတို့သည် ဟောအပ်ပြီးသော အဘိဟိတ(ဝုတ္တ)ကံစသောအနက်၌ ဒုတိယာစသောဝိဘတ်တို့ မသက်ရကြောင်းကို သိစေလိုသောကြောင့် ''ကမ္မနိ ဒုတိယာယ''ဟူသော စကားကို ထည့်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ (က) အဘိဟိတေ ကမ္မာဒိမှိ (ခ) ဒုတိယာဒိနံ-တို့၌ပါသော အာဒိသဒ္ဒါတို့ဖြင့် ယူရမည့် အရာများကို ဖော်ပြပါ။

ဖြေ။ (က) ကတ္တား, ကရိဏ်း, သမ္ပဒါန်, အပါဒါန်, အဓိကရဏအနက်တို့ကို ယူရပါမည်။
(ခ) တတိယာမှ စ၍ သတ္တမီတိုင်အောင်သော ဝိဘတ်တို့ကို ယူရပါမည်။

မေး။ ရူပသိဒ္ဓိလာ ''ကွဒမေဝ ဝစနံ ဥပကံ''စသောဝါကျ၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ဘာဝကမ္မေသု ကိစ္စကွခတ္ထာ။
ကမ္မနိ ဒုတိယာယ ကွော။
အထက်ပါ ၂-သုတ်ကို ယှဉ်ကြည့်ပါ။ ရှေ့သုတ်က ''ဘော, ကံအနက်တို့၌ ကွပစ္စည်း သက်ပါ''ဟု သတ်မှတ်ပြ၏။ နောက်သုတ်က ''ကံအနက်၌ ဒုတိယာဝိဘတ် သက်ထားလျှင် (ထိုကံအနက်၌ ကွပစ္စည်း မသက်တော့ဘဲ) ကတ္တားအနက်၌ ကွပစ္စည်း သက်ပါ''ဟု ဆိုပြန်၏။

ထိုစကား ၂-ရပ်ကို ဆက်စပ်ကြည့်လိုက်သောအခါ ''ကံအနက်၌ သက်'' ဟု ဆိုသော်လည်း ကံအနက်ကို ဒုတိယာဝိဘတ်က ဟောပြီးဖြစ်နေလျှင် ထိုကံအနက်ကို ကွပစ္စည်းက ထပ်၍ မဟောနိုင်သောကြောင့် ကံအနက်၌ ကွပစ္စည်း မသက်ရတော့။ ကတ္တားအနက်၌သာ သက်ရသည်'' ၊ အဓိပ္ပါယ် ထွက်လာသည်။

ထိုအဓိပ္ပါယ်ကို ပြောင်းပြန်လှန်၍ ယူလိုက်လျှင် ''တေဝိဘတ်, တပစ္စည်း စသော အာချာတ်, ကိတ်, သမာသ်, တဒ္ဓိတ် ဝါစကကြီးတို့က ကံအနက်ကို ဟောပြီးဖြစ်နေပြန်မူ ထိုကံအနက်၌ ဒုတိယာဝိဘတ် မသက်ရ၊ လိင်္ဂတ္ထမျှကို ထွန်းပြခြင်းအကျိုးငှါ ပထမာ

http://www.dhammadownload.com

ဝိဘတ်သာ သက်ရတော့၏''။

''တိ ဝိဘတ်, တပစ္စည်း စသော ဝါစကကြီးတို့က ကတ္တားအနက်ကို ဟောပြီးဖြစ်နေလျှင် ထိုကတ္တားအနက်၌ တတိယာဝိဘတ် မသက်ရ။ လိင်္ဂတ္ထမျှကို ထွန်းပြခြင်းအကျိုးငှါ ပထမာဝိဘတ်သာ သက်ရတော့၏''စသည်ဖြင့် အဓိပ္ပါယ် ထွက်လာပါသည်။ ထို့ကြောင့် ပြောင်းပြန်ဖြစ်သော အဓိပ္ပါယ်ကို ''ကမ္မနိ ဒုတိယာယ ကွော''ဟူသောစကားက သွယ်ဝိုက်သောနည်းအားဖြင့် သိစေပါသည်။ (အသိခက်သော နေရာဌာနဖြစ်၍ ထပ်ကာ ထပ်ကာ ကြည့်ရှုစဉ်းစား မှတ်သားကြပါလေ။)

မေး။ ''ဒါနံ ဒိန္ဒော ဒေဝဒတ္တော''ကို အနက်ပေးပြ၍၊ ထိုအနက်အားလျော်စွာ ဒိန္ဒော–ပုဒ်ကို ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ ဒါနံ၊ အလှူကို။ ဒိန္ဒော၊ ပေးလှူခဲ့ပြီ။
ဒါဓာတ်တည်၊ ဤသုတ်ဖြင့် ကတ္တားအနက်၌ ကွပစ္စည်းသက်၊ ကွစိ ဓာတု သုတ်ကြီးဖြင့် က် အနုဗန်ကို ချေ (ဒါတ)၊ တပစ္စည်းကို ကွန္ဒပြု (ဒါ – ိ န္ဒ)၊ ဒ် ခွင်း, ချေ, ကပ် (ဒိန္ဒ)၊ နာမ်ငဲ့ စသည်၊ 'ဒိန္ဒော' ပြီး၏။

၆၂၇၊ ၆၅၂။ ချာဒီဟိ မန် မ စတော ဝါ။ (၄၀၅)

မေး။ ဤသုတ်ပါ ဝါသဒ္ဒါ၏အနက်နှင့် သတ်မှတ်ချက်ကို ဖော်ပြပါ။

ဖြေ။ ဝါသဒ္ဒါ ဝဝတ္ထိဝိဘာသာအနက် ရှိပါသည်။
ထိုဝါသဒ္ဒါက အဒဓာတ်မှ နောက်ဖြစ်သော မန်ပစ္စည်း၏ မ–အက္ခရာကိုသာ တ–ပြု၊ ထိုအဒဓာတ်မှတစ်ပါး အခြားဓာတ်မှ နောက်ဖြစ်သော မအက္ခရာကို တ–မပြုရဟု သတ်မှတ်ပြပါသည်။

မေး။ ချာဒီဟိ–၌ အာဒိသဒ္ဒါဖြင့် ယူရမည့်ဓာတ်များကို သိသာရုံမျှ ဖော်ပြပါ။

ဖြေ။ ဘီ ဘယေ, သု အဘိသဝေ, ရု ဂတိမှိ, ဟု ဒါနာဒနဟဗျပ္ပဒါနေသု, ဝါ ဂတိဂန္ဓနေသု စသောဓာတ်တို့ကို ယူရပါမည်။

မေး။ (က) ခေမော (ခ) ဘီမော–တို့ကို ရုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ (က) ခီ + မန်၊ ကွစိ ဓာတု သုတ်ကြီးဖြင့် နှ် အနုဗန်ကို ချေ၊ အညေသု စ သုတ်ဖြင့် ဤ ကို ဝေဒ္ဓိပြု၊ နာမ်ငဲ့စသည်၊ ပြီး၏။
(ခ) ဘီ + မန်၊ နှ် အနုဗန်ကို ချေ၊ အညေသု စ ၌ လိုက်လာသော ဝါသဒ္ဒါက တားမြစ်သောကြောင့် ဤကို ဝေဒ္ဓိမပြုရ။ နာမ်ငဲ့စသည်၊ ပြီး၏။

မေး။ (က) အတ္တာ (ခ) အာတုမာ တို့ကို ရုပ်ကျဉ်း စီရင်ပြခဲ့ပါ။

ဖြေ။ (က) အဒဓာတ်တည်၊ ဤသုတ်ဖြင့် မန်ပစ္စည်းသက်, မ ကိုလည်း တ–ပြု၊ ကွစိ ဓာတု သုတ်ကြီးဖြင့် နှ် ကိုချေ (အဒ်တ)၊ ''တော ဒဿ''ဟူသော သုတ္တဝိဘာဂဖြင့် ဒ် ကို တ် ပြု၊ တ် တ–သို့ကပ် (အတ္တ)၊ နာမ်ငဲ့၊ သိသက်, အာပြု, သိဝိဘတ်ကို ချေ၊ ပြီး၏။
(ခ) အဒ+မန်၊ ''အဒ်မ''ဟုဖြစ်သောအခါ ဤသုတ်၌ ဝါသဒ္ဒါမြစ်သောကြောင့် မ ကို

http://www.dhammadownload.com

တ မပြုရ၊ ''တော ဒဿ'' ဖြင့် ဒ် ကို တ် ပြု (အတ်မ)၊ ကွစ် ဓာတု သုတ်ကြီး ဖြင့် အ ကို အာဒီဃပြု, ဥအက္ခရာလည်း လာ (အာတုမ)၊ နာမ်ငဲ့ စသည်၊ ပြီး၏။

မေး။ ရောမ, လောမ–ပုဒ်တို့၏ လိင်ကို ဖော်ပြပါ။

ဖြေ။ ရဝတိ ဂစ္ဆတီတိ ရောမော၊ လုနိတဗ္ဗောတိ လောမော–ဟူသောကစ္စည်းနှင့် ''ရု ဂတိမှိ၊ ရောမော''၊ ''လူ ဆေဒနေ လူယတီတိ လောမော''ဟူသော ရူပသိဒ္ဓိတို့အလို ပုလ္လိင် ဖြစ်ပါသည်။ အဘိဓာန်ကျမ်းတို့၌ကား နပုလ္လိင်–ဟု ဆိုကြပါသည်။ (လောမံ တနု ရုဟံ ရောမံ–အဘိဓာန်။)

၆၂၈၊ ၆၅၃။ သမာဒီဟိ ထမော။ (၄၀၅–၆)

မေး။ ဥသ္မာသုတ်ဖြင့် ထပစ္စည်း, မပစ္စည်းသက်ရသော ဓာတ်များကို သိသာရုံမျှ ဖော်ပြပါ။

ဖြေ။ ထပစ္စည်းသက်ရသော ဓာတ်များမှာ – သမ ဥပသမေ, ဒမ ဒမနေ, ဒရ ဒါဟေ, ရဟ ဥပါဒါနေ စသောဓာတ်များ ဖြစ်ပါသည်။

မပစ္စည်းသက်ရသော ဓာတ်များမှာ – ဒု ဂတိဝုဒ္ဓိမှိ, ဟိ ဂတိမှိ, သိ ဗန္ဓနေ, ဒါ အဝခဏ္ဍနေ စသောဓာတ်များ ဖြစ်ပါသည်။

မေး။ (က) ရထော (ခ) ယူထော (ဂ) သိမာ (ဃ) ဘသ္မာ (င) ဗြဟ္မာပုဒ်တို့ကို ရုပ်ကျွဲးစီရင်ပြခဲ့ပါ။

ဖြေ။ (က) ရဟာဓာတ်တည်၊ ဥသ္မာသုတ်ဖြင့် ထပစ္စည်းသက်၊ ကွစ် ဓာတုသုတ်ကြီးဖြင့် ဓာတွန်ဟ ကို ဈေ နာမ်ငဲ့စသည်၊ ပြီး၏။

(ခ) ယု + ထ၊ ကွစ် ဓာတုဖြင့် ဥကို ဦဒီဃပြု။

(ဂ) သိ + မ၊ ကွစ် ဓာတုဖြင့် ကွကို ဥဒီဃပြု၊ အာပစ္စည်းသက်, နာမ်ငဲ့စသည်။

(ဃ) ဘသ + မ၊ ဓာတွန် အ ကိုဈေ၊ သ် မ–သို့ကပ် (ဘသ္မ)၊ နာမ်ငဲ့ သိ သက်၊ ဗြဟ္မာဒိ (ရာဇာဒိ)ဂိဏ်းဖြစ်သောကြောင့် သျာ စ သုတ်ဖြင့် သိဝိဘတ်ကို အာပြု။

(င) ဗဟ် + မ၊ ဗြဟ္မတ္တသခရာဇာဒိတော အမာနံ သုတ်၌ ''ဗြဟ္မ''ဟူသော နိပါတနဖြင့် ဗ ကို ဗြ ပြု (ဗြဟ်မ)၊ ဟ် မသို့ကပ် (ဗြဟ္မ)၊ နာမ်ငဲ့,သိသက်, အာပြု။ ပြီး၏။

မေး။ ဥသ္မာ–ပုဒ်၏လိင်ကို ဖော်ပြပါ။

ဖြေ။ ''တတြ ယာယံ ဥသ္မာ၊ သာ တတ္ထော ဝူပသမေယျ'' ဟူသော သံယုတ်ပါဠိတော် (သံ၊ ၁။ ၃၁၀)ကိုထောက်၍ ''ဥသ္မာ''သည် ကွတ္ထိလိင် ဖြစ်ပါသည်။

မေး။ (က) သိမာ (ခ) သိမာ ပါဠိတို့တွင် သင့်မြတ်သော ပါဠိကိုခိုင်လုံသော ယုတ္တိသာဓကဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ ဤရူပသိဒ္ဓိကျမ်း၌ ''သိမ တီတိ သိမာ၊ ဒီယော''ဟု ဒီယပြုရန် အထူးညွှန်ပြထားသောကြောင့်လည်းကောင်း၊ ''ဥဏာဒိဝုတ္တိ''ခေါ် သက္ကတသဒ္ဒါကျမ်း (၄၊ ၁၅၀) ၌လည်း ''သိနောတိသ ဒီယတ္တံ''ဟု ရူပသိဒ္ဓိအတူပင် ဒီယပြုရန် အထူးညွှန်ပြထားသောကြောင့်လည်းကောင်း၊ ''သိမ သိမာ ထိယံ ဥဘော = သိမန်သဒ္ဒါ, သိမာသဒ္ဒါ နှစ်ခုတို့သည် ကွတ္ထိလိင်၌ ဖြစ်ကုန်၏''ဟု အမရကောသအဘိဓာန်၌ ဒီယဖြင့်ပြဆိုထားသောကြောင့်

http://www.dhammadownload.com

လည်းကောင်း ''သီမာ''ပါဠိသာ သင့်ပါသည်။

၆၂၉၊ ၅၆၉။ ဂဟဿုပဓ'သေ ဝါ။ (၃၅၂)

မေး။ ''ဥပဓာ''ဟူသည် အဘယ်နည်း? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''ဥပဓာ''ဟူသည် တစ်ပါးသော သက္ကတကျမ်းတို့၌ မှည့်ထားသည် အဆုံးအက္ခရာမှ ရှေ့ဖြစ်သော အက္ခရာ၏ အမည် ဖြစ်ပါသည်။
ဤသုတ်၌ 'ဂဟ'ဝယ် 'ဂ'၌ရှိသော အသရတည်း။

ရှင်းချက်။ ။ 'ဂဟ'၌ ဟ–သည် အဆုံးအက္ခရာ ဖြစ်၏။ ထိုအဆုံးအက္ခရာ၏ ရှေ့ဖြစ်သော အက္ခရာကား 'ဂ'၌ အသရတည်း။ (ဂ် အ ဟ)။ ထို အအက္ခရာ (အသရ) ကဲ့သို့သော သရမျိုးကို ''ဥပဓာ''ဟု သက္ကတသဒ္ဒါကျမ်းတို့၌ အမည် မှည့်ထားပါသည်။ ဤကစ္စည်းကျမ်း၌ကား ပရသမညာ ပယော ဂေ–သုတ်ဖြင့် ဥပဓာအမည် မှည့်ရပါသည်။

မေး။ ဥပဓာ–ပုဒ်ကို ဝစနတ္ထပြု၍ အနက်လည်း ပေးပြခဲ့ပါ။

ဖြေ။ ဥပေစ္စ ဓီယတေတိ ဥပဓာ၊
(အန္တဝဏ္ဏာ၊ **အဆုံးဝဏ္ဏမှ**။ ပုဗ္ဗော၊ ရှေ့ဖြစ်သော။ ယော၊ **အကြင်အက္ခရာကို**။ ဥပေစ္စ၊ အဆုံးအက္ခရာသို့ ကပ်၍။ ဓီယတေ၊ ထားအပ်, ရွတ်ဆိုအပ်၏။ ကွတိ၊ ကြောင့်။ သော၊ ထိုအက္ခရာသည်။ ဥပဓာ၊ ''ဥပဓာ'' မည်၏။
– အန္တဝဏ္ဏာ ပုဗ္ဗော'ပေစ္စ၊ ဓီယတေ'တ္တု'ပဓာ မတော။
– အလော'န္တာ ပုဗ္ဗော ဥပဓာ။ (ပါဏိနီ၊ ၁။ ၁၊၆၅)
– အန္တာ ပုဗ္ဗော ဥပဓာ။ (ကာတန္တ၊ ၂။ ၁။ ၁၁)

မေး။ ဂဟဿုပဓသေ ဝါ–သုတ်၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ဂဟဓာတ်၏ ဥပဓာဖြစ်သော ဂ ၏ အ–ကို ဧ ပြုဟု ဆိုလိုရင်းဖြစ်ပါသည်။

မေး။ ဂဟဿုပဓသေ ဝါ–သုတ်၌ ဝါသဒ္ဒါ၏အနက်ကို သာဓကဖြင့် ဖော်ပြပါ။

ဖြေ။ ဂယှတီတိ ဂေဟံ, ဂဟံဝါ (ရှု)။
ဒဗ္ဗသမ္ဘာရံ ဂဏှာတီတိ ဂေဟံ, ဂဟံ (ကစ္စည်း)–တို့ကို ထောက်၍ ဝါသဒ္ဒါ ဓိကပ် အနက် ဖြစ်ပါသည်။
ဂဟ–၌ ဥပဓာဖြစ်သော အ ကို ဧ ပြုသောအခါ ''ဂေဟ''ဟုဖြစ်၍ ဧ မပြုသောအခါ ''ဂဟ''ဟု ဖြစ်သည်–ဟူလို။

မေး။ ဂေဟ, ဂဟ–တို့နှင့်စပ်၍ သိမှတ်ဖွယ်ကို ရေးပြပါ။

ဖြေ။ သဒ္ဒနီတိ၌ ''ဂဟဿုပဓသေတ္တံ၊ အသမာသေ နိစ္စံ''ဟု သုတ်တည်ပါသည်။
ယင်းသုတ်နှင့်အညီ သမာသ်မဟုတ်ရာဝါကျ၌ ဂဟဓာတ်၏ ဥပဓာဖြစ်သော အ ကို အမြဲ ဧ ပြု၍ 'ဂေဟ'ဟု ဖြစ်ရပါသည်။ သမာသ်အရာ၌ကား 'ဂဟကာရံ, ဂဟပတိ' စသည်ဖြင့် ဥပဓာဖြစ်သော အ ကို ဧ မပြုဘဲ 'ဂဟ'ဟု ရှိရပါမည်။

၆၃၀၊ ၆၅၄။ မသုဿ သုဿ ဆ္ဆရ ဆ္ဆရာ။ (၄၀၆)

မေး။ 'မသု'သည် ဓာတ်လော? ပါဋိပဒိကလော? ဖြေဆိုပါ။

http://www.dhammadownload.com

ဖြေ။ ကစ္စည်းအလို 'မသု'သည် ပါဠိပဒိက ဖြစ်၍၊ ရှုပသိဒ္ဓိအလို ဓာတ် ဖြစ်ပါသည်။

၆၃၁၊ ၆၅၅။ အာပုဗ္ဗ စရဿ စ။ (၄၀၆)

မေး။။ ဤသုတ်ပါ စသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါ အာပုဗ္ဗ စရဓာတ်၏ 'ဆ္ဌရိယ'အပြုကို ဆည်းခြင်း အဝုတ္တသမုစ္စည်း အနက်ရှိပါသည်။ (ကစ္စည်းဌ်ကား မသုဓာတ်၏ သု–ကိုလည်း ဆ္ဌရိယပြု–ဟု ဆိုသည်။)

မေး။။ 'အစ္ဆရိယံ'ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ ဓာတ်+ပစ္စည်းလည်း ခွဲပြပါ။

ဖြေ။ အာ ဘုသော စရဏံ အစ္ဆရိယံ (အစ္ဆရံ၊ အစ္ဆေရံ)၊ လွန်စွာ ဖြစ်ခြင်း။။ ဝါ၊ အံသြဖွယ်။ အာ ပုဗ္ဗ စရဓာတ် + ကိုပစ္စည်း။။

မှတ်ချက်။။ ။ အာဥပသာရပုဒ်သည် ဘုသအနက်ကို ဟောဇ်။။ စရဓာတ်ကား ''ဂတိဘက္ခနေသု'' ဟူသောအနက် ၂–မျိုးတို့တွင် ဂတိအနက်ဟောတည်း။။

မေး။။ အစ္ဆရိယံ–ကို ရှုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ အာပုဗ္ဗ စရဓာတ်တည်၊ ကိုပစ္စည်းသက်၊ အာပုဗ္ဗ စရဿ စ သုတ်၌ စသဒ္ဒါဖြင့် စရ ဓာတ်ကို ဆ္ဌရိယ–ပြု (အာ–ဆ္ဌရိယ)၊ ကစ္စည်း, ဏ္ဍသတို့အလို ဤသုတ်ဖြင့်ပင် အာ ကို အရဿပြု၊ နာမ်ခဲ့စသည်၊ ပြီး၏။။

မှတ်ချက်။။ ။ ဆရာမြတ်တို့ကား ''အာ နှင့် ဆ္ဌရိယ''စသည်ကို ကမ္မဓာရယ် သမာသ် စပ်ရဦးမည်ဖြစ်၍ သမာသ်အလယ်၌ ကွစာဒိမဏ္ဍတ္တရာနံ သုတ်ဖြင့် ရဿပြုသင့် ကြောင်း မိန့်၏။။

မေး။။ အစ္ဆရိယ–ပုဒ်ကို ရနိုင်သမျှ ဝိဂ္ဂဟပြု၍၊ ရှင်းချက်ထုတ်ခဲ့ပါ။။

ဖြေ။ ၁။ အာ ဘုသော စရဏံ အစ္ဆရိယံ။။

၂။ အစ္ဆရံ ပဟရိတုံ ယုတ္တာန္တိ အစ္ဆရိယံ။။

အမှတ် ၁–အလို 'အစ္ဆရိယံ'သည် အာပုဗ္ဗ စရဓာတ် + ကိုပစ္စည်းဖြင့် ရုပ်ပြီးသော ကိတ်ပုဒ်ဖြစ်ပါသည်။ **အမှတ် ၂–အလို** အစ္ဆရ–ပုဒ်နောင် ပဟရိတုံ ယုတ္တ အနက်၌ ဏ္ဍယပစ္စည်း၊ တစ်နည်း–ဏျပစ္စည်းဖြင့် ရုပ်ပြီးသော တဒ္ဓိတ်ပုဒ် ဖြစ်ပါသည်။ (ဏျပစ္စည်းဟု ကြံရာ၌ ဝေယျတ္တိယံ–စသည်တို့၌ကဲ့သို့ တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် ယ ကြောင့် ဣလာပါ၊ ဆရာတို့ကား ရ–ဇ၏ အ ကို ဣ ပြုဟု ဆိုကြပါသည်။)

မေး။။ ရှုပသိဒ္ဓိ၌ ဤသုတ်တွင် ထုတ်မပြသော်လည်း ကစ္စည်း၌ ထုတ်ပြထားသော 'မစ္ဆရိယ'ပုဒ် နှင့် စပ်၍ သိမှတ်ဖွယ်များကို ရေးသားဖြေဆိုပါ။

ဖြေ။ ၁။ 'မစ္ဆရိယ'သည် ကစ္စည်းအလို မသု–ပါဠိပဒိကပုဒ်+ကိုပစ္စည်း၊ အာပုဗ္ဗစရဿ စ သုတ်၌ စသဒ္ဒါဖြင့် မသု–ပါဠိပဒိကပုဒ်၏ သု–ကို ဆ္ဌရိယ–ပြု၍ ရုပ်ပြီးသော ကိတ်ပုဒ် ဖြစ်ပါသည်။

၂။ မာ–ဟူသောပဋိသေဓိပါတ်ပုဒ်နှင့် အစ္ဆရိယ–ပုဒ်တို့ကို ကမ္မဓာရည်းသမာသ် တွဲစပ် လျှင်လည်း ''မာ အစ္ဆရိယန္တိ မစ္ဆရိယံ''ဟု ဖြစ်၏။။ ''အစ္ဆရိယံ၊ ဤအံ့သြဖွယ်သည်။ (ပရေသံ၊ သူတစ်ပါးတို့အား, သူတစ်ပါးတို့အတွက်) မာ (ဟောတု)၊ မဖြစ်ပါစေ သတည်း။။ ဣတိ၊ ဤသို့ဖြစ်သောကြောင့်။ မစ္ဆရိယံ၊ မစ္ဆရိယ မည်၏''ဟုအနက်ပေးပါ။။

http://www.dhammadownload.com

၃။ ရူပသိဒ္ဓိ တဒ္ဓိတ်ခန်း၌ 'မစ္ဆရဿ ဘာဝေါ မစ္ဆရိယံ'ဟု ဘာဝတဒ္ဓိတ်ဝိဂြိုဟ် ဆိုပြထား ပါသည်။ ထိုအလို မစ္ဆရ-ပုဒ်နောင် ဏျပစ္စည်ဖြင့် ရုပ်ပြီးသော တဒ္ဓိတ်ပုဒ် ဖြစ်ပါသည်။ (တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် ယ ကြောင့် ဣလာ၍ မစ္ဆရိယပုဒ် ပြီး၏။)

ထို့ကြောင့် 'မစ္ဆရိယ'ပုဒ်သည် (၁) သမာသ်ပုဒ် (၂) တဒ္ဓိတ်ပုဒ် (၃) ကိတ်ပုဒ်ဟု ၃-မျိုး ရှိကြောင်း သိရပါသည်။

၆၃၂၊ ၆၅၆။ အလကလသလေဟိ လယာ။ (၄၀၇)

မေး။ အလ, ကလ, သလဓာတ်တို့၏ ဓာတ်နက်ကို ဖော်ပြ၍၊ ''သလ ဂတိမှိ''ဟု မဆိုဘဲ ''သလ, ဟုလ, ပဒ ဂတိမှိ''ဟု ဆိုရပုံကိုလည်း ရှင်းပြပါ။

ဖြေ။ အလဓာတ်သည် ပရိသမတ္တိအနက်ကို ဟော၏။
ကလဓာတ်သည် သဉ်္ဂာန အနက်ကို ဟော၏။
သလဓာတ်သည် ဂတိအနက်ကို ဟော၏။
ဟုလဓာတ်, ပဒဓာတ်တို့သည် သလဓာတ်နှင့် ဂတိအနက်ဟောခြင်းတူသောကြောင့် 'ပါဏိနီဓာတုပါဌ'၌ လာသည့်အတိုင်း ၄င်းဓာတ်တို့နှင့် တွဲဖက်၍ ''သလ ဟုလ ပဒ ဂတိမှိ''ဟု ပြဆိုထားခြင်း ဖြစ်ပါသည်။

မေး။ အလကလသလေဟိ လယာ-သုတ်ဆိုင်ရာ ပြယုဂ်များကို ရေးသားဖော်ပြပါ။

ဖြေ။ အလတိ သမတ္ထေတီတိ အလ္လံ၊ အလျံ။ (အလ+လ, ယ)။
ကလျန္တေ သဉ်္ဂယန္တေ အနေနာတိ ကလ္လံ၊ ကလျံ။ (ကလ+လ, ယ)။
ကလိတဗ္ဗံ သဉ်္ဂာတဗ္ဗန္တိ ကလ္လံ, ကလျံ။ (ကစ္စည်း)
သလတိ အာသု ဂစ္ဆတီတိ သလ္လံ, သလျံ။ (သလ+လ,ယ)
သလတိ ဂစ္ဆတိ ပဝိသတီတိ သလ္လံ, သလျံ။ (ကစ္စည်း)

၆၃၃၊ ၆၅၇။ ယာဏ လာဏာ။ (၄၀၇)

မေး။ 'ပဋိသလ္လာဏော' နှင့် 'ပဋိသလ္လာဏံ'တို့၏ ထူးခြားချက်ကို ဖော်ပြပါ။

ဖြေ။ 'ပဋိသလ္လာဏော'သည် ယာဏလာဏာ သုတ်ဖြင့် ပဋိပုဗ္ဗ သလဓာတ်နောင် လာဏ ပစ္စည်းသက်၍ ပြီးသောပုဒ် ဖြစ်ပါသည်။ 'ပဋိသလ္လာဏံ'ကား ပဋိပုဗ္ဗ ''လီ သိလေသနေ'' ဟူသောဓာတ်နောင် ဘောအနက်၌ ယုပစ္စည်းဖြင့် ပြီးသောပုဒ် ဖြစ်ပါသည်။

မေး။ ပဋိသလ္လာဏံ-ကို ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ ပတိ-သံ-လီ + ယု၊ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ သုတ်၌ပါသော ဝါသဒ္ဒါဖြင့် သထက်၌ရှိသော နိဂ္ဂဟိတ်ကို လ်-ပြု၊ လ်, လီ သို့ကပ်၊ ယုပစ္စည်းကို အန-ပြု၊ နကို ဏ ပြု၊ အညေသု စ သုတ်ဖြင့် လီ ၌ ဤကို ဧဝုဒ္ဓိပြု၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဧ ကို အာ ပြု၊ လ္လ်, အာသို့ကပ် (ပတိသလ္လာဏ)၊ ကွစိ ပဋိ ပတိဿ သုတ်ဖြင့် ပတိကို ပဋိပြု၊ နာမ်ငဲ့စသည်၊ ပြီး၏။ (စာကိုယ်၌ ''ကွစိ ဓာတူတိ အာဒိနာ အတ္တဥ''ဟု ရှိနေသည်။ ''အာတ္တဥ''ဟု ရှိမှ မှန်မည်။)

http://www.dhammadownload.com

၆၄၃၊ ၆၅၈။ မထိသ ထသ လော စ။ (၄၀၇)

မေး။ ဤသုတ်ပါ စသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါ အလကလသလေဟိ လယာ-သုတ်မှ လပစ္စည်းကို ဆည်းခြင်း သမုစ္စည်းအနက် ရှိပါသည်။ ကစ္စည်းဝုတ္တိဋ္ဌကား လ-နောင် က-လာခြင်းကို ဆည်း၏ ဟု ဆိုပါသည်။

မေး။ မလ္လကော-ပုဒ် ရှုပ်ပြီးပုံကို ဖော်ပြပါ။

ဖြေ။ မထဓာတ်တည်၊ မထိသ ထသ လော စ သုတ်ဖြင့် ထ ကို လ ပြု၊ စသဒ္ဒါဖြင့် လပစ္စည်းလည်း သက် (မလ္လ)၊ သဗ္ဗတော ကော သုတ်၌ သဗ္ဗတော သဒ္ဒါဝိုဖြင့် မလ္လ ပုဒ်နောင် က-လာ၊ နာမ်ငဲ့စသည်၊ ပြီး၏။ (ကစ္စည်းဝုတ္တိအလိုကား မထိသ ထသ လော စ-၌ စသဒ္ဒါဖြင့် က-လာရပါမည်။)

၆၃၅၊ ၅၁၉။ ပေသာတိသဂ္ဂပတ္တကာလေသု ကိစ္စာ။ (၃၄၅)

မေး။ ဤသုတ်၌ပါသော ''ပေသ, အတိသဂ္ဂ, ပတ္တကာလ''တို့၏ အဓိပ္ပါယ်ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ (က) အာဏာပန (= သင်သည် ဤအမှုကို ပြုထိုက်၏၊ ပြုရမည်၊ ပြုပါ-ဟု အထက်လူက အောက်လူကို အမိန့်ပေးခြင်း, စေခိုင်းခြင်း)။

(ခ) အဇ္ဈေသန (= အရှင်သည် ဤအမှုကို ပြုထိုက်၏၊ ပြုတော်မူပါဟု အောက်လူက အထက်လူကို တိုက်တွန်းတောင်းပန်ခြင်း)။ ဤ ၂-မျိုးသည် 'ပေသ'' မည်ပါသည်။

အကျွန်ုပ်သည် ဤအမှုကို ပြုထိုက်ပါသလော (ပြုရမှာလား)ဟု မေးလာသူအားသော်လည်းကောင်း၊ ''သတ္တဝါကို မသတ်ထိုက်''စသည်ဖြင့် ကျင့်ဝတ်ပဋိပတ်ကို ညွှန်ပြခြင်းကို အဦးပြုသဖြင့်သော်လည်းကောင်း, ပြုသင့်ပြုထိုက်သော အမှုကိစ္စကို ခွင့်ပြုခြင်းသည် ''အတိသဂ္ဂ'' မည်ပါသည်။ (လိုရင်းကား -''ပြုသင့်ပြုထိုက်သောအမှုကိစ္စကို ခွင့်ပြုခြင်းသည် အတိသဂ္ဂမည်၏-ဟူ၍ ဖြစ်သည်)။

မိမိကိစ္စ ပြုလုပ်ရမည့် အချိန်အခါကို မစူးစမ်း မဆင်ခြင်ဘဲ အမှတ်တမဲ့နေလျက် မပြုလုပ်သောသူအား ရောက်လာသော အချိန်အခါကို ပြောကြားခြင်းသည် ''ပတ္တကာလ'' မည်ပါသည်။

မေး။ အတိသဂ္ဂေါ နာမ ''ကိမိဒံ မယာ ကတ္တဗ္ဗ'' န္တိ ပုဋ္ဌသ ဝါ ''ပါဏော နု ဟန္တဗ္ဗော''တိ အာဒိနာ ပဋိပတ္တိဒဿနမုခေန ဝါ ကတ္တဗ္ဗသ အနုညာ-ဝါကျ၌ အယူအဆ ကွဲပြားနေကြရာ ထိုအယူအဆများကို စိစစ်ပြပါ။

ဖြေ။ **ဘာသာဋ္ဌကာ၌** ''ပုဋ္ဌသ ဝါ၊ မေးအပ်သောအမှုကိုသော်လည်းကောင်း။--- ကတ္တဗ္ဗသ ဝါ၊ ပြုထိုက်သောကိစ္စကိုသော်လည်းကောင်း''ဟု ဝါသဒ္ဒါကို အဋ္ဌာနပယုဂ် ကြံကာ ကတ္တဗ္ဗသ-နောင်ထိုင်စေလျက် အနက်ပေးသည်။ ပယောဂသိဒ္ဓိနိဿယဋ္ဌီလည်း နည်းတူပေးသည်ကို တွေ့ရသည်။

ဆရာတော်ဦးဗုဒ်နိဿယ, ဂဏ္ဌိတို့၌ကား ''ပုဋ္ဌသ ဝါ၊ မေးသောသူအား လည်းကောင်း။ (ဝါ ဖြင့် အပုဋ္ဌသ-ကိုယူ။) ပဋိပတ္တိဒဿနမုခေန ဝါ၊ အကျင့်ကိုပြခြင်းကို အရင်းပြု သဖြင့်လည်းကောင်း။ (ဝါ သဒ္ဒါဖြင့် အပဋိပတ္တိနိဒဿနမုခကို ယူ)ဟု ပေးသည်။

http://www.dhammadownload.com

ထို၂-မျိုးတွင် ''ကာမာစာရနုညာ အတိသင်္ဂေါ''ဟူသော မောဂ္ဂလ္လာန်ပဠိကာ (၅၊ ၃၂)။ ကာမာစာရနုညာတိ ကတ္တုမိစ္ဆတော ယထိစ္ဆိတမနုဇာနနံ အတိသင်္ဂေါ နာမာတိ အတ္ထော''ဟူသော ၄င်းဋီကာတို့ကို ထောက်လျှင် ရူပသိဒ္ဓိ၌ ''အတိသင်္ဂေါ နာမ ကတ္တုဗ္ဘသ အနုညာ''သာ လိုရင်းဖြစ်ကြောင်း ထင်ရှားပါသည်။ ထိုကြောင့် ကတ္တုဗ္ဘသ-နောင် ဝါ-သဒ္ဒါကို ပြောင်းရွှေ့၍ မထိုင်စေသင့်၊ စာရှိအတိုင်းသာ ပဋိပတ္တိဒဿနမုခေန-နောင် ဝါ သဒ္ဒါကို ထိုင်စေလျက် အနက်ပေးသင့်ပါသည်။ ပုဗ္ဗသ-ကိုလည်း ကတ္တားအနက်သာ ပေးသင့်သည်။ သို့ဖြစ်၍ ဤနေရာ၌ ဘာသာဋီကာနှင့် ပယောဂသိဒ္ဓိနိဿယတို့ ပေးသောအနက်နှင့် ရေးသောအဓိပ္ပါယ်များကို မမှတ်သားဘဲ ဆရာတော် ဦးဗုဒ္ဓိနိဿယနှင့် ဂဏ္ဌိတို့ပေးသော အနက်ကိုသာ မှတ်သားသင့်ပါသည်။ အဓိပ္ပါယ်ကိုလည်း အထက်၌ ရေးပြထားသည့်အတိုင်းသာ မှတ်သားသင့်ပါသည်။ (ပယောဂသိဒ္ဓိစာကိုယ်ပါဠိ၌ ဝါသဒ္ဒါများကို မတွေ့ရ။)

မေး။။ ရူပသိဒ္ဓိ၌ ''ယော အတ္တနော ကိစ္စကရဏသမယ မနုပဝရိကို့တွာ နု ကရောတိ၊ တဿ သမယာရောစနံ''ဟုရှိ၍ ပယောဂသိဒ္ဓိ၌ ''ယော ကိစ္စကရဏသမယံ ဥပဝရိကို့တွာ ကရောတိ''ဟု ရှိနေရာ အမှန်ရှိသင့်သောပါဠိကို ဆုံးဖြတ်ပါ။

ဖြေ။။ ရူပသိဒ္ဓိစကားရပ်သည် နှာသကိုမှီသော စကားရပ်ဖြစ်၍ နှာသအဆိုနှင့်အညီ ဖြစ်ပါသည်။ ထိုကြောင့် ပယောဂသိဒ္ဓိ၌ ရူပသိဒ္ဓိအတိုင်း ရှိစေသင့်ပါသည်။ သို့မှသာ မူလမှီရာ နှာသနှင့်ညီ၍ အနက်မှန် အဓိပ္ပါယ်မှန် ဖြစ်ပါလိမ့်မည်။ (သဒ္ဒနီတိသုတ္တမာလာ ၁၂၄၄-၌လည်း နှာသနည်းတူပင်ရှိပါသည်)။

မေး။။ ''ကတ္တုဗ္ဘံ ကမ္မံ ဘဝတာ''ဝါကျကို ပေသ, အတိသဂ္ဂ, ပတ္တကာလ အနက် ၃-မျိုး ပေါ်လွင်အောင် ပေးပြပါ။

ဖြေ။။ ဘဝတာ၊ သင်သည်။ ကမ္မံ၊ အမှုကို။ ကတ္တုဗ္ဘံ၊ ပြုရမည်, ပြုလော, ပြုပါ။ (အာဏာပန = ပေသ)။

ဘဝတာ၊ အရှင်သည်။ ကမ္မံ၊ ကို။ ကတ္တုဗ္ဘံ၊ ပြုတော်မူပါ။ (အဇ္ဈေသန = ပေသ)။

ဘဝတာ၊ သင်သည်။ ကမ္မံ၊ ကို။ ကတ္တုဗ္ဘံ၊ ပြုလို ပြုတော့။ ပြုလိုက ပြုနိုင်ပါသည်။ ပြုပါလေ။ (အတိသဂ္ဂ)

ဘဝတာ၊ သင်သည်။ ကမ္မံ၊ ကို။ ကတ္တုဗ္ဘံ၊ ပြုချိန်ရောက်ပြီ။ ပြုချိန်တန်ပြီ။ (ပတ္တကာလ)

မှတ်ချက်။။ ''ကရီယတု ဘဝတာ ကမ္မံ''ဟူသော အနက်ဖွင့်ဝါကျကိုရှု၍ ''ကတ္တုဗ္ဘံ၊ ပြုအပ်လော = အာဏာပန၊ ပြုအပ်ပါလော = အဇ္ဈေသန''ဟုလည်း ပေးတော်မူကြပါသည်။

မေး။။ ''အပ်, သင့်, လို, ထိုက်၊ နက်ဆိုက် ၄င်း၊ ကောင်း, ရမည်, လေ၊ နတ် သတ္တော့၊ ထွန်းလေ မြဲမုချ''ဟူသော စံကျောင်းနိယံကို ရှင်းပြခဲ့ပါ။

ဖြေ။။ ကိစ္စပစ္စည်းတို့သည် အပ်, သင့် စသောအနက် ၇-မျိုးတို့ကို ထွန်းပြကြသည်ဟု ဆိုလိုပါသည်။

၁။ အပ် = ကမ္မတ္ထ ၂။ သင့် = ယုတ္တတ္ထ ၃။ လို = ပတ္တကာလတ္ထ
၄။ ထိုက် = အရဟတ္ထ ၅။ ကောင်း = သက္ကတ္ထ ၆။ ရမည် = ပေသတ္ထ။
၇။ လေ = အတိသဂ္ဂတ္ထ တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

ဘဝတာ၊ သင်သည်။ ကမ္ဘံ၊ အမှုကို။ ကတ္တုဗ္ဗံ၊ ပြုအပ်၏။ ပြုသင့်၏။ ပြုလိုပြုတော့။ ပြုထိုက်၏။ ပြုကောင်း၏။ ပြုရမည်။ ပြုလေ။

မေး။ ဤသုတ်ဖြင့်သက်သော ကိစ္စပစ္စည်းတို့၏ သက်ရာသာခနေကို ဖော်ပြပါ။

ဖြေ။ ဘာဝသာခနနှင့် ကမ္မသာခနတို့ ဖြစ်ပါသည်။ (ဘာဝကမ္မေသု ကိစ္စကတ္တခတ္ထာ–သုတ်ကို ထောက်ပါ။)

၆၃၆၊ ၆၅၉။ အဝဿကာဓိကောသု ဏီ စ။ (၄၀၇)

မေး။ ဤသုတ်၏ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ အဝဿက, ဓမိဏ အနက်တို့ကို သိအပ်ရာဝယ် ကတ္တုသာခနဒ္ဒ ဏီပစ္စည်း၊ ဘော, ကံ အနက်တို့ဒ္ဒ ကိစ္စပစ္စည်းများ သက်ပါ–ဟု ဆိုလိုပါသည်။

မေး။ အဝဿက, အဓမိဏ–တို့၏ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ 'မချုတ်ကေန် အမှန်မုချ'ဟူသောအနက်သည် ''အဝဿက'' မည်ပါသည်။
'ယုတ်ညံ့သော ကြွေးမြီရှိသူ (မြီးစား)'ဟူသောအနက်သည် ''အဓမိဏ'' မည်ပါသည်။

မေး။ ဤသုတ်ပါ စသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါသည် ပေသာတိသဂ္ဂပတ္တကာလေသု ကိစ္စာ–သုတ်မှ 'ကိစ္စ' ပုဒ်ကို ဆွဲငင်ခြင်း အနုကမုနအနက် ရှိပါသည်။

မေး။ (က) ကာရီသိ မေ ကမ္မံ အဝဿံ (ခ) ဒါယီသိ မေ သတံ ကုဏ်–တို့ကို အနက်ပေးပြပါ။

ဖြေ။ (က) (တွံ၊ သင်သည်။) မေ၊ ငါ၏။ ကမ္မံ၊ အမှုကို။ အဝဿံ၊ မချုတ်ကေန် အမှန်မုချ။ ကာရီ၊ ပြုသင့်သူသည်။ အသိ၊ ဖြစ်၏။ (အဝဿကအနက်)
(ခ) (တွံ၊ သင်သည်။) မေ၊ ငါ၏။ သတံ၊ တစ်ရာသော။ ဂုဏ်၊ ကြွေးမြီကို။ ဒါယီ၊ ပေးဆပ်သင့်သူသည်။ အသိ၊ ဖြစ်၏။ (အဓမိဏ အနက်)

မေး။ (က) ကတ္တုဗ္ဗံ (ကရဏီယံ ကာရိယံ) မေ ဘဝတာ ဂေဟံ။
(ခ) ဒါတဗ္ဗံ (ဒါနီယံ ဒေယျံ) မေ ဘဝတာ သတံ–တို့ကို အဝဿက, အဓမိက အနက်များ ပေါ်လွင်အောင် အနက်ပေးပြပါ။

ဖြေ။ (က) ဘဝတာ၊ အရှင်သည်။ မေ၊ ငါ၏။ ဂေဟံ၊ အိမ်ကို။ ကတ္တုဗ္ဗံ (ကရဏီယံ, ကာရိယံ)၊ မချုတ်ကေန် ပြုထိုက်၏။ (တဗ္ဗ, အနီယ, ဏျ ပစ္စည်း–အဝဿကအနက်)
(ခ) ဘဝတာ၊ သည်။ မေ၊ ၏။ သတံ၊ တစ်ရာသော ကြွေးမြီကို။ ဒါတဗ္ဗံ၊ (ဒါနီယံ, ဒေယျံ)၊ ပေးထိုက်၏။ (တဗ္ဗ, အနီယ, ဏျပစ္စည်း–အဓမိဏအနက်) (ရူ ၊ ၃၄၇)၊

၆၃၇၊ ၀။ အရဟသဏ္ဍာဒီဟိတုံ။

ဤသုတ်ကို ရူပသိဒ္ဓိ၌ မဖွင့်ပါ။

၆၃၈၊ ၆၆၀။ ဝစာဒီဟိ ပဗ္ဗစ္စာဒယော နိပစ္စန္တေ။ (၄၀၈)

မေး။ အာကတိဂဏောယံ–ဟုဖွင့်သော ရူပသိဒ္ဓိဆရာ၏ အလိုကို ရှင်းပြပါ။

http://www.dhammadownload.com

ဖြေ။ ဝဇဓာတ်ကဲ့သို့ ရုပ်ပြီးပုံ အခြင်းအရာတူသောအားဖြင့် ယူရသော သဒ္ဒါအပေါင်းသည် ''ဝဇာဒိအာကတိဂိဏ်း'' မည်၏–ဟု ဆိုလိုပါသည်။

မေး။ ကစ္စည်း၌ 'နိပ္ပဇ္ဇန္တေ'ဟု ရှိ၍ ရူပသိဒ္ဓိ၌ 'နိပစ္စန္တေ' ရှိနေရာ ၄င်းပုဒ်များကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ရူပသိဒ္ဓိ၌ ''နိပါတျန္တေ''ဟူသော သက္ကတရုပ်သို့လိုက်၍ နိပုဗ္ဗ ပတဓာတ်+ဏျပစ္စည်း+အန္တေဝိဘတ်ဖြင့် ''နိပစ္စန္တေ''ဟု ပြဆိုကြခြင်း ဖြစ်ပါသည်။

ကစ္စည်း၌ကား နိပုဗ္ဗ+ပဒဓာတ်+ယပစ္စည်း+အန္တေ ဝိဘတ်ဖြင့် ''နိပ္ပဇ္ဇန္တေ''ဟု ပြဆိုထားခြင်း ဖြစ်ပါသည်။

ပတဓာတ်, ပဒဓာတ် နှစ်မျိုးလုံး ဂတိအနက်ကိုဟောခြင်းအားဖြင့် တူသောကြောင့် ပါဠိနှစ်ထွေလုံးကိုပင် အသင့်ဟု ဆိုရပါမည်။ ထိုတွင် ''နိပ္ပဇ္ဇန္တေ''သာ ပါဠိဟောင်း ဖြစ်ဖွယ်ရှိပါသည်။

မေး။ ဤသုတ်၏ အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ဝဇ အစရှိသော ဓာတ်တို့နောင် ပစ္စည်းသက်ခြင်း, အာဒေသပြုခြင်း, ချေခြင်း, လာခြင်း, တားမြစ်ခြင်း, လိင်ပြောင်းလွဲခြင်း အစရှိသောအစီအရင်ဖြင့် ပြယုဂ်အားလျော်စွာ ပဗ္ဗဇ္ဇာ–စသောသဒ္ဒါတို့ကို ပြီးစီးစေကြပါ–ဟု ဆိုလိုပါသည်။

မေး။ (က) ပဗ္ဗဇ္ဇာ (ခ) ကုဇ္ဇာ (ဂ) သမဇ္ဇာ–တို့ကို ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ (က) ပ–ဝဇတည်၊ ဏျပစ္စည်းသက်၊ ကာရိုက်မှည့်, ဏ် အနုဗန်ကိုချေ, ့ ကို သဒိသ ဒွေးဘော် ပြု၊ (ပဗ္ဗဇျ)၊ ဤသုတ်ကြီးဖြင့် ဇျ ကို ဇ္ဇ–ပြု၊ ဝ နှစ်လုံးကိုလည်း ဗ နှစ်လုံးပြု (ပဗ္ဗဇ္ဇ)၊ ဏ် အနုဗန်ရှိသော ဏျပစ္စည်းကြောင့် ဝုဒ္ဓိပြုသင့်သော်လည်း ဤသုတ်ကြီးက မြစ်သောကြောင့် မပြုရ၊ နပုလ္လိင်ကို ကွတ္ထိလိင်ပြု၊ ကွတ္ထိလိင် အာပစ္စည်းသက်, နာမ်ငဲ့စသည်၊ ပြီး၏။

(ခ) ကုဉ္ဇ + ဏျ၊ ကာရိုက်အမည်မှည့်, ဏ်အနုဗန်ကိုချေ ဉ္ဇ ကို ဇ္ဇ ပြု၊ ဝုဒ္ဓိအပြုကို မြစ် ''ကုဉ္ဇ'' ဟူသော နပုလ္လိင်ရုပ်ကို ဤသုတ်ဖြင့် ကွတ္ထလိင်ပြု၊ ကွတ္ထိလိင် အာပစ္စည်းသက်၊ နာမ်ငဲ့စသည်၊ ပြီး၏။

(တစ်နည်း) ယဇ + ဏျ၊ ယဇဿာဒိဿိ သုတ်ဖြင့် ယ ကို ကုပြု၊ ကြွင်းနည်းတူ။

(ဂ) သံ–အဇ+ဏျ၊ ဉ္ဇ ကို ဇ္ဇ ပြု၊ ဝုဒ္ဓိ အပြုကို မြစ်၊ 'သံကုဉ္ဇ'ဟူသော နပုလ္လိင်ရုပ်ကို ကွတ္ထိလိင်ပြု၊ ကွတ္ထိလိင် အာပစ္စည်းသက်၊ နာမ်ငဲ့စသည်၊ ပြီး၏။

မေး။ (က) ဝဇ္ဇော (ခ)ဝဇ္ဇာ ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ (က) ဟန + ဏျ၊ ဝဓော ဝါ သဗ္ဗတ္ထ သုတ်ဖြင့် ဟနဓာတ်ကို ဝဓပြု၊ ဓျ ကို ဤသုတ်ဖြင့် ဇ္ဈ ပြု၊ နာမ်ငဲ့ စသည်၊ ပြီး၏။

(ခ) ကွတ္ထိလိင် အာပစ္စည်းသက် ၊ပြီး၏။

မေး။ (က) သေယျာ (ခ) သဒ္ဒါ တို့ကို ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ (က) သီ + ဏျ၊ အသံယောဂန္တသ ဝုဒ္ဓိ ကာရိတေ သုတ်ဖြင့် ဤ ကို ဧဝုဒ္ဓိပြု၊ ယကို ,ဒွေးဘော်ပြု၊ ဤသုတ်ကြီးဖြင့် ကွတ္ထိလိင်ပြု၊ အာပစ္စည်းသက်၊ နာမ်ငဲ့ စသည်၊ ပြီး၏။

http://www.dhammadownload.com

(ခ) သံ–ဓာ၊ ကွတ္ထိယမတိယဝေါ ဝါ သုတ်ဖြင့် အ–ပစ္စည်းသက် (သံ–ဓာ+အ)၊ အာပစ္စည်း လည်းသက်၊ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တပြု၍ ''သန္ဒာ''ဟုဖြစ်သောအခါ ဤသုတ်ကြီးဖြင့် န ကို ဒ ပြု (သဒ္ဒါ)၊ နာမ်ဒဲ့ စသည်၊ ပြီး၏။

မေး။ (က) ရုဏ္ဍာ (ခ) ရုဇာ–တို့ကို ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ (က) ရုဇ ဓာတ်တည်၊ ဤသုတ်ကြီးဖြင့် ဆပစ္စည်းသက် (ရုဇ်ဆ)၊ ဗျဥ္ဇနန္တသ စော ဆပစ္စယေသု စ သုတ်ဖြင့် ဓာတွန် ဇ် ကို စ် ပြု၊ စ်, ဆသို့ကပ် (ရုဏ္ဍ)၊ အာ ပစ္စည်းသက် စသည်၊ ပြီး၏။

(ခ) ရုဇ ဓာတ်တည်၊ ကွတ္ထိယမတိယဝေါ ဝါ သုတ်ဖြင့် အပစ္စည်းသက်၊ ကွတ္ထိလိင် အာပစ္စည်းလည်းသက်၊နာမ်ဒဲ့စသည်၊ ပြီး၏။

မေး။ မုဏ္ဍာ–ကို ရုပ်၂–နည်း တွက်ပြခဲ့ပါ။

ဖြေ။ မုဟ+ဆ၊ ဗျဥ္ဇနန္တသ စော ဆပစ္စယေသု စ သုတ်ဖြင့် ဓာတွန် ဟ် ကို စ် ပြု၊ စ် ဆသို့ကပ် (မုဏ္ဍ)၊ ဤသုတ်ဖြင့် ကွတ္ထိလိင်ပြု၊ အာပစ္စည်းသက်၊ နာမ်ဒဲ့ စသည်၊ ပြီး၏။

(တစ်နည်း) မုဏ္ဍ ဓာတ်တည်၊ ကွတ္ထိယမတိယဝေါ ဝါ သုတ်ဖြင့် အပစ္စည်းသက်၊ ကွတ္ထိလိင် အာပစ္စည်းသက်၊ နာမ်ဒဲ့စသည်၊ ပြီး၏။

မေး။ (က) သာကစ္ဆာ (ခ) ဗျာပဇ္ဈာ–တို့ကို ရုပ်ကျဉ်း စီရင်ပြခဲ့ပါ။

ဖြေ။ (က) သံ–ကထ+ဏျ၊ ဤသုတ်ဖြင့် ထျ ကို စ္ဆပြု, သံ ကိုလည်း သာပြု (သာကစ္ဆ)၊ အာ်ပစ္စည်းသက် စသည်၊ ပြီး၏။

(ခ) ဝိ–အာ–ပဒ+ဏျ၊ ဝိ– ၌ ဣ ကို ယ ပြု၊ ဝ ကို ဗ ပြု၊ (ဗျာပဒ်ယ)၊ ဏျပစ္စည်း ကြောင့် ပ–၌ အ ကို အာဝုဒ္ဓိပြု၊ အာပစ္စည်းသက် (ဗျာပါဒျာ)၊ ဤသုတ်ကြီးဖြင့် ဒျ ကို ဇ္ဈ ပြု, ပါ–၌အာကိုလည်း အရဿပြု (ဗျာပဇ္ဈာ)၊ နာမ်ဒဲ့ စသည်၊ ပြီး၏။

မေး။ (က) မစ္ဆော (ခ) မစ္ဆု–တို့ကို ရုပ်ကျဉ်း စီရင်ပြခဲ့ပါ။

ဖြေ။ (က) မရ ဓာတ်တည်၊ ဤသုတ်ဖြင့် မရဓာတ်နောင် တျ ပစ္စည်းသက် (မရ်တျ)၊ ဓာတွန် ရ် ကိုချေ (မတျ)၊ ယဝတံ စသောသုတ်ဖြင့် တျ ကို စ ပြု၊ စ ကို ဒွေးဘော်ပြု၊ နာမ်ဒဲ့ စသည်၊ ပြီး၏။

(ခ) မရဓာတ်တည်၊ ဤသုတ်ဖြင့် မရဓာတ်နောင် တျ ပစ္စည်းသက် (မရ်တျ)၊ ဓာတွန် ရ် ကိုချေ (မတျ)၊ ယဝတံ စသောသုတ်ဖြင့် တျ ကို စ ပြု၊ စ ဒွေးဘော်ပြု၊ နာမ်ဒဲ့ စသည်၊ ပြီး၏။

မေး။ (က) သစ္စံ (ခ) နိစ္စံ–တို့ကို ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ (က) သတ ဓာတ်တည်၊ ဤသုတ်ဖြင့် ယပစ္စည်းသက် (သတ်ယ)၊ တျ ကို စ ပြု၊ ဒွေးဘော်ပြု၊ နာမ်ဒဲ့ စသည်၊ ပြီး၏။

(ခ) နိတိ + ယ၊ ဓာတွန် ကွကိုချေ (နိတျ)၊ တျ ကို စ ပြု ဒွေးဘော်ပြု၊ နာမ်ဒဲ့ စသည်၊ ပြီး၏။

မေး။ (က) ဇာယာ (ခ) ကညာ (ဂ) ပုညံ–တို့ကို ရုပ်ကျဉ်းစီရင်ပြပါ။

ဖြေ။ (က) ဇန ဓာတ်တည်၊ ဤသုတ်ဖြင့် ယပစ္စည်းသက်၊ ဇနာဒီနမာတိမို့ စ သုတ်၌ 'ဇနာဒီနမာ'

http://www.dhammadownload.com

ဟူသော ယောဂဝိဘာဂဖြင့် ဓာတွန် နဲ ကို အာ ပြု (ဇာယ)၊ အာပစ္စည်းသက်၊ နာမ်ငဲ့ စသည်၊ ပြီး၏။

(ခ) ကနဓာတ်တည်၊ ဤသုတ်ဖြင့် ယ ပစ္စည်းသက်၊ ဓာတွန် အ ကို ချေ (ကနျ)၊ နျ ကို ဥ ပြု၊ ဥ ကိုဒွေးဘော်ပြု (ကည)၊ အာပစ္စည်းသက်၊ နာမ်ငဲ့စသည်၊ ပြီး၏။

(ဂ) ပူဇဓာတ်တည်၊ ဤသုတ်ဖြင့် ယပစ္စည်းသက်၊ နဲ အက္ခရာလည်းလာ (ပူနျ)၊ ပူ ၌ ဦ ကို ဥရဿပြု (ပုနျ)၊ နျ ကို ဥ ပြု၊ ဥ ကို ဒွေးဘော်ပြု (ပုည)၊ နာမ်ငဲ့စသည်၊ ပြီး၏။

၆၃၉၊ ၅၈၅။ ကွိလောပေါ စ။ (၃၆၁)

မေး။ ကွိပစ္စည်းသက်ရာ သာဓနများကို အထောက်သာဓကဖြင့် ဖော်ပြခဲ့ပါ။

ဖြေ။ သမ္ဘဝတီတိ သမ္ဘူ၊ ဝိဘဝတီတိ ဝိဘူ (ကတ္တုသာဓန)၊ ဣမမိဝ နံ အပဿိ, ပဿတိ, ပဿိဿတီတိ, အယမိဝ, ဒိဿတီတိ ဝါ ဤဒိသော (ကမ္မသာဓန)၊ သဟ, သင်္ဂမ္မ ဝါ ဘန္တိ, ဘာသန္တိ ဝါ တ္ထောတိ သဘာ (အဓိကရဏသာဓန)၊ ဘုသော စရဏန္တိ အစ္ဆရိယံ (ဘာဝသာဓန)။

ဤပြယုဂ်များကိုထောက်၍ ကွိပစ္စည်းသည် သာဓန ခုနစ်ပါးလုံး၌ သက်၏–ဟု မိန့်ဆိုကြပါသည်။

မေး။ ''သဘာ''ပုဒ်ကို ဝိဂ္ဂဟ ၄–မျိုးပြု၍၊ ရုပ်ပြီးပုံကိုလည်း ရေးပြပါ။

ဖြေ။ ၁။ သဟ ဘန္တိ တ္ထောတိ သဘာ။

၂။ သင်္ဂမ္မ ဘန္တိ တ္ထောတိ သဘာ။

၃။ သဟ ဘာသန္တိ တ္ထောတိ သဘာ။

၄။ သင်္ဂမ္မ ဘာသန္တိ တ္ထောတိ သဘာ။

၁။ သဟ + ဘာ၊ ကွိ ပစ္စည်းသက်၊ ၄င်းကို ချေ သဟ ကို သ ပြု (သဘာ)၊ နာမ်ငဲ့ စသည်၊ ပြီး၏။

၂။ သံ + ဘာ၊ သအထက်၌ နိဂ္ဂဟိတ်ကို ချေရခြင်းသာ ထူး၏။

၃။ သဟ + ဘာသ၊ ကွိပစ္စည်းသက်၊ ဓာတွန္တသ လောပေါ ကွိမှိ သုတ်ဖြင့် ဓာတွန် သ် ကိုချေ၊ ကြွင်းအမှတ် (၁) နှင့် တူ၏။

၄။ သံ + ဘာသ + ကွိ၊ ဓာတွန် သ် ကိုချေ ကြွင်းအမှတ် (၂) နှင့် တူ၏။

မှတ်ချက်။ ။ဂဏ္ဌိ၌ ''ပုန စ နိပ္ပဇ္ဇန္တေ''ဟူသော ကစ္စည်း ဝုတ္တိနှင့်အညီ ဤ ကွိလောပေါ စ သုတ်ဖြင့်ပင် သဟ သဒ္ဒါကို သ ပြုခြင်း, သအထက်၌ရှိသော နိဂ္ဂဟိတ်ကို ချေခြင်းတို့ကို စီရင်၏။ ''တ္ထေ ပုန နိပ္ပဇ္ဇန္တေတိ ဣမိနာ ကွိလောပဌာနေပိ အန္တရဝိဓာနံ ဟောတီတိ ဒဿေတိ။ (သုတ္တနိဒ္ဒေသ)။

ဘာသာဌီကာ၌ကား တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် သဟ သဒ္ဒါကို သပြု၍၊ နိဂ္ဂဟိတဉ္စ သုတ်ဖြင့် နိဂ္ဂဟိတ်ကို ချေသည်။

မေး။ ကွိပစ္စည်းကိုချေမှုနှင့် စပ်၍ သိမှတ်ဖွယ်များကိုရေးပြပါ။

ဖြေ။ ကေက္ခရဓာတ်တို့နောင် ကွိပစ္စည်းကိုသာ ချေရပါသည်။ အနေကက္ခရဓာတ်တို့နောင်ကား

http://www.dhammadownload.com

ဓာတွန်ကို ချေ၍၊ ကိုပစ္စည်းကိုလည်း ချေရပါသည်။

၆၄၀၊ ဝ။ သစဇာနံ ကဂါ ဏာနုဗန္ဓေ။

ဤသုတ်ကိုလည်း ရူပသိဒ္ဓိ၌ မဖွင့်ပါ။

၆၄၁၊ ၅၇၂။ နုဒါဒီဟိ ယုဏ္ဍူနမနာနနာကာနနကာ သကာရိတေဟိ စ။ (၃၅၄)

မေး။ အနကာ ယုဏ္ဍူနံ သုတ်ဖြင့် ယုဏ္ဍုပစ္စည်းတို့၏ အန, အက အပြုကို ဆိုပြီးဖြစ်ပါလျက် ဤသုတ်ကို အဘယ်ကြောင့် ထပ်မံ၍ ဆိုရပြန်ပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အနကာ ယုဏ္ဍူနံ သုတ် အစီအရင်က မည်သည့်ဓာတ်နောင်ဟု သတ်မှတ်၍ မပြသဖြင့် သာမညဝိဓိ ဖြစ်၏။ ဤသုတ်က နုဒစသောဓာတ်, သကာရိတဓာတ်နောင်ဟု သတ်မှတ်ပြသဖြင့် ဝိသေသဝိဓိ ဖြစ်၏။ ဝိသေသဝိဓိ က သာမညဝိဓိထက် အားကြီးသောကြောင့် ဤသုတ်၌ အန, အက အပြုများမပါလျှင် ''နုဒစသောဓာတ်, သကာရိတ ဓာတ်တို့နောင် ယု, ဏ္ဍု ပစ္စည်းတို့ကို အန, အက မပြုရ၊ အာနန, အာနနကသာ ပြုရမည်''ဟု ယုံမှားသံသယ ပသဂ်ဖြစ်ဖွယ် ရှိ၏။ ထိုယုံမှားသံသယ ပသဂ်ကို တားမြစ်ခြင်းအကျိုးငှါ ဤသုတ်ကို (ဤသုတ်ဖြင့် အန, အက အပြုတို့ကို) ထပ်မံ၍ ဆိုရခြင်း ဖြစ်ပါသည်။

မေး။ ''တိတိက္ခာပေ'' စသည့် ကာရိုက်ပစ္စည်းနှင့်တကွဖြစ်သော ဓာတုပစ္စယန္တ သဒ္ဒါတို့နောင် တဗ္ဗ, အနီယစသော ကိစ္စ, ကိတပစ္စည်းများ သက်နိုင်, မသက်နိုင် (တိတိက္ခာပေတဗ္ဗော စသည်ဖြင့် ရုပ်ရှိနိုင်/ မရှိနိုင်) ခိုင်လုံသော အကြောင်းယုတ္တိဖြင့် ဆုံးဖြတ်ပါ။

ဖြေ။ နုဒါဒီဟိ–စသောသုတ်က ကာရိုက်ပစ္စည်းအဆုံးရှိသော နုဒစသောဓာတ်တို့နောင် ယုပစ္စည်း၏ အန, အာနန၊ ဏ္ဍုပစ္စည်း၏ အက, အာနနက အပြုကို စီရင်ခြင်းကြောင့် ကာရိုက်ပစ္စည်းနှင့် ဓာတုပစ္စည်းချင်းတူသည့် ခ–စသော ပစ္စည်းတို့ဆုံးသော သဒ္ဒါတို့မှ နောက်၌လည်း ယု, ဏ္ဍုတို့နှင့် ဓာတ်နောင် သက်ရသည့် ပစ္စည်းချင်းတူသော ကိစ္စ, ကိတပစ္စည်းများ သက်နိုင်ကြောင်းကို သိအပ်ပါသည်။ ထိုကြောင့် ''တိတိက္ခာပေ'' စသည့် ကာရိုက်ပစ္စည်းနှင့် တကွဖြစ်သော ဓာတုပစ္စယန္တသဒ္ဒါတို့နောင် တဗ္ဗ, အနီယ စသော ကိစ္စ, ကိတပစ္စည်းများ သက်နိုင်ပါသည်။ (တိတိက္ခာပေတဗ္ဗော–စသော ရုပ်များ ရှိနိုင်ပါသည်။)

မေး။ (က) ပနူဒကော (ခ) ဇာနနကော (ဂ) သဏ္ဌာနနကော–တို့ကို ရုပ်ကျဉ်းစီရင်ပြခဲ့ပါ။

ဖြေ။ (က) ပ–နုဒ + ဏ္ဍု၊ ဤသုတ်ဖြင့် ဏ္ဍုပစ္စည်းကို အကပြု၊ ဒ အ သို့ကပ် (ပနုဒက)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် နုဒ်ဓာတ်၏ ဥ ကို ဦ ဒီဃပြု၊ နာမ်ငဲ့ စသည်၊ ပြီး၏။

(ခ) ဉာ+နာ+ဏ္ဍု၊ ဤသုတ်ဖြင့် ဏ္ဍုပစ္စည်းကို အာနနကပြု၊ (ဉာနာ+ာနနက)၊ ဉာဿ ဇာဇံနာ သုတ်ဖြင့် ဉာဓာတ်ကို ဇာပြု၊ (ဇာနာ–ာနနက)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် နာပစ္စည်းကိုချေ၊ ဇ် ခွင်း, ချေ, ကပ်၊ နာမ်ငဲ့ စသည်၊ ပြီး၏။

(ဂ) သံ–ဉာ+နာ+ဏာပေ၊ ဏ်အနုဗန်ကိုချေ, နှ် ခွင်း, ချေ, ကပ် (သံဉာနာပေ)၊ ဏ္ဍု ပစ္စည်းသက်၊ ဤသုတ်ဖြင့် အာနနကပြု (သံဉာနာပေ အာနနက)၊ နိဂ္ဂဟိတ်ကို

http://www.dhammadownload.com

စဝဂ္ဂန္တ ဉ–ပြု (သဉ် ဉနာပေ အာနနက)၊ ဉာဓာတ်ကို ဇာ ပြု၊ ဉ် ဇာ သို့ကပ် (သဉ္ဇာနာပေ အာနနက)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဝိကရဏနာပစ္စည်းနှင့် တကွ ကာရိုက် အာပေ ကိုချေ (သဉ္ဇာအာနနက)၊ ခွင်း, ချေ, ကပ် (သဉ္ဇာနနက)၊ နာမ်ငဲ့ စသည်၊ ပြီး၏။

၆၄၂၊ ၅၈၈။ ဣယတမကိစ္စောနမန္တသရော ဒီဃံ ကွစိ ဒိသဿ ဂုဏ် ဒေါ ရံ သ ကွိ စ။ (၃၆၂)

မေး။ ဤသုတ်၌ ''ဒုသဿ''ဟုလည်းကောင်း ''ဒိသဿ''ဟုလည်းကောင်းရှိရာ ရှေ့ဆရာအလို အဘယ်သို့ ရှိရပါမည်နည်း? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''ကွစိ ဒုသက္ကစ္စေတဿ ဓာတုဿ ဥကာရော ဂုဏာမာပဇ္ဇတေ''ဟုဖွင့်သော ကစ္စည်း အလို ''ဒုသဿ''ဟု ရှိရပါမည်။ ''ဒိသဿ ဓာတုဿ ဂုဏာဘူတာနံ''ဟု ဖွင့်သော ရှေ့ပသိဒ္ဓိအလိုကား ''ဒိသဿ''ဟု ရှိရပါမည်။

မေး။ ဤသုတ်ကို ရှေ့ပသိဒ္ဓိဆရာအလိုကျ အနက်ပေးပြပါ။

ဖြေ။ ဒိသဿ၊ ဒိသဓာတ်၏။ ဂုဏ်(=ဂုဏာဘူတာနံ)၊ ဥပမာန ဥပဓအဖြစ်ဖြင့် ဂုဏ် ဝိသေသန ဖြစ်၍ ဖြစ်ကုန်သော။ ကွယတမကိသောနံ၊ ကွမ, ယ, တ, အမှ, ကိ, ဇတ, သမာန–ဟူသော သဗ္ဗနာမ်ပုဒ်တို့၏။ အန္တဿရော၊ အဆုံးသရသည်။ ကွစိ၊ ၌။ ဒီဃံ၊ ဒီဃအဖြစ်သို့။ အာပဇ္ဇတေ၊ ရောဂ်၏။ ဓာတွန္တဿ၊ ဓာတွန် သ၏။ သ ကွိ စ၊ သ–အပြု, ကွ–အပြု, ဤ–အပြုတို့ သည်လည်း။ ဟောန္တိ၊ ကုန်၏။ (ဒိသဿ၊ ၏။) ဒေါ၊ ဒအကွရာသည်လည်း။ ရံ၊ ရ အဖြစ်သို့။ အာပဇ္ဇတေ၊ ရောဂ်၏။

မေး။ ဤသုတ်ဖြင့် တားမြစ်အပ်သော သုတ်ကို ဖော်ပြပါ။

ဖြေ။ ဓာတွန္တဿ လောပေါ် ကွိမှိ–သုတ် ဖြစ်ပါသည်။ (ဤသုတ်သည် ဓာတွန္တဿ လောပေါ် ကွိမှိ သုတ်ဖြင့် ကွိပစ္စည်းကြောင့် ဒိသ်ဓာတ်၏ ဓာတွန် သ်ကိုချေလုလတ်သော် မချေရ–ဟု တားမြစ်၍ သ, ကွ, ဤ–ပြုသောသုတ် ဖြစ်၏။)

မေး။ ဤသုတ်၏ အစီအရင် (၃) မျိုးကို ဖော်ပြပါ။

ဖြေ။ ၁။ ကွမ, ယ, တ, အမှ, ကိ, ဇတ, သမာန တို့၏ အဆုံးသရကို ဒီဃပြု။
၂။ ဒိသဓာတ်၏ အဆုံးဖြစ်သော သ်ဗျည်းကို သ, ကွ, ဤ–ပြု။
၃။ ဒိသဓာတ်၏ ဒ ကို အချို့သော ပြယုဂ်၌ ရ–ပြုတို့ ဖြစ်ပါသည်။

မေး။ ကွ, မ, ကိ, ဇ, သ–တို့၏ အရကို ဖော်ပြပါ။

ဖြေ။ ကွမ, အမှ, ကိ, ဇတ, သမာန–ဟူသော သဗ္ဗနာမ်ပုဒ်တို့မှ ဖြစ်လာသော ကွ, မ, ကိ, ဇ, သတို့ကို ယူရပါမည်။

မှတ်ချက်။ ။ သမာန–သဒ္ဒါသည် သဗ္ဗနာမ်ပုဒ် မဟုတ်သော်လည်း ကွမ စသော သဗ္ဗနာမ်ပုဒ်တို့က များသောကြောင့် ယေဘုယျနည်းအားဖြင့် ''သဗ္ဗနာမ်'ဟု ဆိုထားခြင်း ဖြစ်သည်ဟု မှတ်ပါ။

http://www.dhammadownload.com

မေး။ ကွစိ ဒိသဿ ဂုဏ်–၌ ''ဂုဏ''၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

ဖြေ။ ''ဣမ+ဒိသ''ဟု ပကတိပြုထားရာ၌ ဣမ–သည် (ဣမမိဝ နံ အပသိ–စသော အနက် ဖွင့်နှင့်အညီ) ဒိသဓာတ်၏ ဥပမာနလည်း ဟုတ်၏။ ဒိသဓာတ်၏ အနှီး၌ တည်သောကြောင့် ဥပပဒလည်း ဟုတ်၏။ ဤသို့ စသည်ဖြင့် ဥပမာန, ဥပပဒ ဖြစ်သည်ကို ''ဂုဏ (=ဝိသေသန)''ဟု ဆိုပါသည်။

မေး။ ''ဂုဏ= ဂုဏ်''ဟူသည် အဘယ်နည်း၊ ကစ္စည်းအလို, ရူပသိဒ္ဓိဆရာ၏ အလိုအားဖြင့် ခွဲခြားဖော်ပြပါ။

ဖြေ။ **ကစ္စည်းအလို** – ဒုသဓာတ်၏ ဥ–ကို ပြုထားသော ''ဣ''ကို ''ဂုဏ်''ဟု ခေါ်၍၊ **ရူပသိဒ္ဓိဆရာအလို** – ဒိသဓာတ်၏ ဝိသေသနဖြစ်ကြသော ဣမ, ယ, တ, အမှ, ကိ, ဧတ, သမာန–ဟူသော သဗ္ဗနာမ်ပုဒ်များကို ''ဂုဏ်''ဟု ခေါ်ပါသည်။

ဣမ–စသည်တို့. "ဂုဏ=ဝိသေသန"ဖြစ်ပုံ။ ။ ''ဒိသ=ရူအပ်''ဟူရာ၌ ဘာကဲ့သို့ ရူအပ်–ဟု မသိသာ၍ သာမညဖြစ်နေသောကြောင့် ''ဣမ = ဤသူကဲ့သို့ ရူအပ်''ဟု အထူးပြုရကား ''ဣမ''ကို ''ဂုဏ = ဝိသေသန''ဟု ဆိုရပါသည်။ ယ–စသည်တို့၏ ''ဂုဏ = ဝိသေသန''ဖြစ်ပုံကိုလည်း နည်းတူ သိပါ။

ဂုဏ သဒ္ဒါသည် ဝိသေသန သဒ္ဒါ၏ ပရိယာယ်

ဂုဏော ဝိသေသနံ ဘောဒေါ။ ဝိသေသော အနုဝါဒကော။
အပ္ပဓာနမုပါယော စ၊ သကတ္ထောတိ စိမေ သမာ။ (ကစ္စာယနသာရ။)

မေး။ ''ဂုဏ်''ကို ''ဂုဏဘူတာနံ''ဟု ရူပသိဒ္ဓိဆရာဖွင့်ရာ၌ သိအပ်သော အဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ဂုဏ်–ကို ဂုဏဘူတာနံ–ဟု ဖွင့်သောကြောင့် ''ဂုဏ်''ပုဒ်သည် ဆဋ္ဌီ ဗဟုဝစနန္တ နံ ဝိဘတ်မှ ဒုတိယာ ဧကဝစနန္တ အံဝိဘတ်သို့ ပြန်နေသော 'ဝိဘတ္တိဝစနဝိပလ္လာသပုဒ် ဖြစ်၏' ဟု သိအပ်ပါသည်။

မေး။ အန္တော သရော ဒီဃ မာပဇ္ဇတေ–၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ရေးပြပါ။

ဖြေ။ ''ဣမ, ယ, တ, အမှ, ကိ, ဧတ, သမာန သဗ္ဗနာမ်ပုဒ်တို့၏ အဆုံးသရကို **ဒီဃပြု**'' ဟူရာ၌ ဣမ–သဒ္ဒါကို ဣ–ပြု စသည်ဖြင့် စီရင်ပြီးဖြစ်သောကြောင့် ထို ဣ, ယ, တ, မ, ကိ, ဧ, သ သဒ္ဒါတို့၏ အဆုံးဖြစ်သော ဣသရ, အ သရတို့ကို ဒီဃပြုရမည်–ဟု ဆိုလိုရင်း ဖြစ်ပါသည်။

ဇမေး။ ဤဒိသော–ပုဒ်ကို ရနိုင်သမျှ ဝိဂ္ဂဟပြုပြု၍၊ သာဓနအမည်များကိုလည်း ညွှန်းပါ။

ဖြေ။ ဣမမိဝ နံ အပသိ, ပသတိ, ပသိသိတိတိ ဤဒိသော။ (အဝုတ္တကမ္မသာဓန)
အယမိဝ ဒိသတိတိ ဝါ ဤဒိသော။ (ဝုတ္တကမ္မသာဒန)

မှတ်ချက်။ ။ သုတ်နက်ဂဏ္ဌိ၊ ရူပသိဒ္ဓိဂဏ္ဌိ စသည်တို့၌ ရှေ့ဝိဂ္ဂဟကို အဝုတ္တကမ္မသာဓနဟု ဆို၍၊ ဘာသာဋီကာ၌ကား ကတ္တုသာဓနဟု ဆိုသည်။ ရှေ့အဆိုသာ အမှန်ဟု မှတ်ကြပါလေ။

မေး။ ဤဒိသော–ပုဒ်ကို စနစ်တကျ ရုပ်တွက်ပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ ''ကျမ+ကျဝ+ဒိသ''တည်၊ ကျမနောင် အံသက်၊ ခွင်း, ချေ, ကပ်၊ 'ကျမံ'ပြီး၏။ ကျဝနောင် သိသက်, ချေ၊ ဒိသ ကို ဓာတ်အမည်မှည့်, ဓာတွန် အသရကိုချေ၊ ကွိပစ္စည်းသက် (ကျမံ ကျဝ ဒိသ် + ကွိ)၊ ဤသုတ်ဖြင့် ကွိပစ္စည်းကြောင့် ဒိသဓာတ်၏ ဓာတွန် သ်ကို သ ပြု၊ ကွိလောပေါ စ သုတ်ဖြင့် ကွိပစ္စည်းကို ချေ၊ ကျမံ နှင့် ဒိသဓာတ်ကို သမာသ်စပ်၍ တပ္ပုရိသ်အမည်မှည့်၊ သမာသ်အမည်မှည့်၊သမာသ်၏ ဝိဘတ်တို့ကို ချေ၊ ကျဝ သဒ္ဒါကို လည်း ချေ၊ ''ကျမဒိသ''ဟု ပကတိပြု၊ ဤသုတ်ပါ ''ကျ''ဟူသော နိပါတနဖြင့် ကျမ-သဒ္ဒါကို ကျ-ပြု။ (ဂဏ္ဌိ၌ ကွစိ ဓာတု သုတ်ကြီးဖြင့် ပြု၏) ဤသုတ်ဖြင့် ၎င်းကို ဤဒီဃပြု (ဤဒိသ)၊ နာမ်ငဲ့, သိသက်, ဩပြု၊ ခွင်း, ချေ, ကပ်၊ 'ဤဒိသော' ပြီး၏။

အမှာ။ ။ ဝုတ္တကမ္မသာဓနပြုသောအခိုက်၌ ''ကျမ + ကျဝ + ဒိသ''တည်၊ ''အယံ ကျဝ ဒိသ''ဟု ကိတန္တသမာသ်ဝါကျပြု၊ ကမ္မဓာရည်းသမာသ်အမည်မှည့်၊ ဤမျှသာ ထူးပါသည်။

မေး။ ဤသုတ်၌ ကျ, မ, ကိ, ဇ, သ-ပြုရာဝယ် အဘယ်အရာကို အဘယ်သုတ်ဖြင့် ပြုရ ပါမည်နည်း၊ ဖြေဆိုပါ။

ဖြေ။ 'ကျ' ဟူသော နိပါတနဖြင့် ကျမ သဒ္ဒါကို ကျ-ပြု။
'မ' ဟူသော နိပါတနဖြင့် အမှ သဒ္ဒါကို မ-ပြု။
'ကိ' ဟူသော နိပါသတဖြင့် ကိ သဒ္ဒါကို ကိ-ပြု။
'ဇ' ဟူသော နိပါတနဖြင့် ဇတ သဒ္ဒါကို ဇ-ပြု။
'သ' ဟူသော နိပါတနဖြင့် သဟ သဒ္ဒါကို သ-ပြုရပါမည်။

မေး။ ဤသုတ်ပါ စသဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါ တုမှ-စသော ဥပပဒတို့ကိုဆည်းခြင်း သမုစ္စည်းအနက် ရှိပါသည်။

၆၄၃၊ ၆၃၅။ ဘျာဒီဟိ မတိဗုဓိပူဇာဒီဟိ စ ကွော။ (၃၈၉)

မေး။ ဤသုတ်ဖြင့် ကွပစ္စည်းသက်ရာ သာဓနကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ''ဘာဝကမ္မေသု ကိစ္စကွခတ္ထာ''ဟု မိန့်ဆိုသတ်မှတ်ထားသောကြောင့် ဤသုတ်ဖြင့် ကွပစ္စည်းသည် ဘာဝသာဓန, ကမ္မသာဓနတို့၌ ဖြစ်ပါသည်။

မေး။ (က) ဘျာဒိဓာတ် (ခ) မတျာဒိဓာတ် (ဂ) ဗုဓျာဒိဓာတ်တို့ကို အသီးသီး ဖော်ပြပါ။

ဖြေ။ (က) ''ဘျာဒိဓာတ်''ဟူသည် - ဘီ ဘယေ၊ သုပ သယေ၊ အသ ဘောဇနေ-စသောဓာတ်တို့ ဖြစ်ပါသည်။
(ခ) ''မတျာဒိဓာတ်''ဟူသည် - မန ဥဏေ၊ ကပ္ပ တက္ကနေ၊ ဓရ ဓာရဏေ-စသော ဓာတ်တို့ ဖြစ်ပါသည်။
(ဂ) ''ဗုဓျာဒိဓာတ်''ဟူသည် - ဗုဓ အဝဂမနေ၊ ကျ အဇ္ဇယနေ၊ ကျ ဂတိမှိ၊ ဝိဒ ဥဏေ၊ ဥ အဝဗောဓနေ၊ ဝိဓ ဝေဓနေ၊ တက္က ဝိတက္ကေ စသောဓာတ်တို့ ဖြစ်ပါ သည်။

မေး။ မတျာဒိဓာတ်နှင့် ဗုဓျာဒိဓာတ်တို့၏ အထူးကို ရေးပါ။

http://www.dhammadownload.com

ဖြေ။ မန–စသော မတျာဒိဓာတ်တို့သည် လိုလားနှစ်သက်ခြင်းအနက်ရှိကြ၍၊ ဗုဓ–စသော ဗုဓျာဒိဓာတ်တို့ကား (တတ်သိနားလည်သော–ထိုးထွင်းသောအားဖြင့်) သိခြင်းအနက်ရှိကြ၏။ ဤသို့ထူးပါသည်။

မေး။ ပူဇနတ္ထဓာတ်များကို စွမ်းနိုင်သမျှဖော်ပြပါ။

ဖြေ။ ပူဇ ပူဇာယံ၊ စာယ သန္တာနပူဇနေသု အပ ပုဗ္ဗော၊ မာန ပူဇာယံ၊ စိ စယေ၊ ဝိန္ဒ အဘိဝန္ဒနေ၊ ကရ ကရဏေ၊ သက္ကာရ ပူဇာယံ စသောဓာတ်တို့ ဖြစ်ပါသည်။

မေး။ ပူဇနတ္ထဓာတ်တို့နှင့် စပ်၍ သိမှတ်ဖွယ်များကို ရေးသားဖော်ပြပါ။

ဖြေ။ ပါရာဇိကဏ်အဋ္ဌကထာ ဝိဟာရကာရသိက္ခာပုဒ်အဖွင့်ဝယ် ''ဂါမေန ပူဇိတံ၊ ဂါမဿ ဝါ ပူဇိတံ''ဟု ပူဇဓာတ် ကွ(တ) ပစ္စည်း၏ ယှဉ်ရာ၌ တတိယာ, ဆဋ္ဌီ နှစ်မျိုး ဖွင့်ပြထား၍၊ ၄င်း၏အဖွင့် သာရတ္ထဒီပနီဋီကာ၌လည်း ''ပူဇာဝစနယောဂေ ကတ္တရိ သာမိဝစနသ္သာပိ ဣစ္ဆိတတ္တာ အာဟ ''ဂါမဿ ဝါ ပူဇိတ''န္တိ။ လက္ခဏံ ပန သဒ္ဒသတ္ထာနုသာရတော ဂဟေတဗ္ဗံ''ဟု ဖွင့်ပြထားသည်။

ယင်း၌ ''သဒ္ဒသတ္ထ''ဟူသည် ပါဏိနီသက္ကတသဒ္ဒါကျမ်းဖြစ်၍ ''လက္ခဏ(သုတ်)'' ဟူသည် ''ကွ်ဿ စ ဝတ္တမာနေ (ပါ။ ၂၊ ၃၊ ၆၈)'' နှင့် ''န လောကဝျယနိဋ္ဌာ ခလတ္ထာနံ (ပါ။ ၂၊ ၃၊ ၆၉)သုတ်များ ဖြစ်ကြ၏။ ယင်းသုတ်တို့၏ အဓိပ္ပါယ်ကား – ''မတျာဒိဓာတ်နောင် ပစ္စုပ္ပန်အနက်၌ သက်သော ကွ်ပစ္စည်းနှင့် ယှဉ်ရာ၌ ''ရည် မတော, ရည် ဗုဒ္ဓေါ, ရည် ပူဇိတော''ဟု ဆဋ္ဌိဝိဘတ် သက်ရမည်။ နိဋ္ဌာ (အတိတ်) အနက်စသည်၌ သက်သော ကွ်ပစ္စည်းနှင့် ယှဉ်ရာ၌ကား ဆဋ္ဌိဝိဘတ်ကို တားမြစ်၍ တတိယာဝိဘတ်သာ သက်ရမည်''ဟူ၍ ဖြစ်ပါသည်။

၆၄၄၊ ၆၆၁။ ဝေပု သီ ဒဝ ဝပု ကု ဒါ ဘူ ဟွာဒီဟိ ထု ဏ္ဍိ မ ဏိမာ နိဗ္ဗတ္တေ။ (၄၁၀)

မေး။ ဤသုတ်ကို ပုဒ် ၂–နည်းဖြတ်၍၊ ရုပ်ပြီးပုံကိုလည်း ရှင်းပြပါ။

ဖြေ။ ၁။ ဝေပု သီ ဒဝ ဝပု ကု ဒါ ဘူ ဟွာဒီဟိ + ထုတ္တိမဏိမာ + နိဗ္ဗတ္တေ။
၂။ ဝေပု သီ ဒဝ ဝပု ကု ဒါ ဘူ ဟွာဒီဟိ + အထုတ္တိမဏိမာ + နိဗ္ဗတ္တေ။
အမှတ် (၁) အတိုင်း ပုဒ်ဖြတ်ရာ၌ ရုပ်ပြီးအောင် အထူးစီရင်ဖွယ် မလိုပါ။
အမှတ် (၂) အတိုင်း ပုဒ်ဖြတ်ရာ၌ ဝါ ပရော အသရွှပါသုတ်ဖြင့် နောက်သရကို ချေ၍ ရုပ်ပြီးစေရပါသည်။

မေး။ ဤသုတ်ဖြင့် ယထာကမ္မ (ကစ္စည်းအလို – ယထာသမ္ဘဝ) ပစ္စည်းသက်ပုံကို ရေးပြပါ။

ဖြေ။ ဝေပု, သီ, ဒဝ, ဝမု ဓာတ်တို့နောင် ထုပစ္စည်း (တစ်နည်း) အထုပစ္စည်း၊ ကု, ဒါ, ဘူ ဓာတ်တို့နောင် တ္တိမပစ္စည်း၊ ဟု အစရှိသော ဓာတ်တို့နောင် ဏိမပစ္စည်း သက်ရပါမည်။

မေး။ 'ဝေပထု'ကို ရုပ် ၂–နည်း တွက်ပြခဲ့ပါ။

ဖြေ။ ဝေပုဓာတ်တည်၊ ဓာတွန် ဥ ကိုချေ ဤသုတ်ဖြင့် ထု ပစ္စည်းသက်၊ ကွစ် ဓာတု သုတ်ကြီးဖြင့် အ လာ၊ ပ် အ သို့ကပ် (ဝေပထု)၊ နာမ်ငဲ့ သိသက်, ချေ၊ ပြီး၏။

http://www.dhammadownload.com

(တစ်နည်း) ဝေပုဓာတ်တည်၊ ဓာတွန် ဥ ကိုချေ အထု ပစ္စည်းသက်၊ ပ် အ သို့ကပ် (ဝေပထု)၊ နာမ်ငဲ့, သိသက်, ချေ။ ပြီး၏။

မေး။ ကုတ္တိမံ–ကို ရှပ်ကျဉ်း စီရင်ပြခဲ့ပါ။

ဖြေ။ 'ကရ' ဓာတ်တည်၊ ဓာတွန် အသရကို ချေ။ ဘောအနက်၌ ယုပစ္စည်းသက်၊ အန–ပြု၊ ကရဏံ–ဟု ပြီးစေ၊ ''ကရဏောန နိဗ္ဗတ္တံ''ဟု တဒ္ဓိတ်ဝါကျပြု၊ ဤသုတ်ဖြင့် နိဗ္ဗတ္တအနက်၌ တ္တိမ ပစ္စည်းသက် (ကရဏောန နိဗ္ဗတ္တ + တ္တိမ)၊ နာဝိဘတ်, သိဝိဘတ်, နိဗ္ဗတ္တ ပုဒ်တို့ကို ချေ။ ''ကရဏတ္တိမ''ဟု ပကတိပြု၊ ဤသုတ်၌ ''ကု''ဟူသော နိပါတနဖြင့် ကရဏ ကို ကု–ပြု (ဂဏ္ဌိ၌ ကွစိ ဓာတု သုတ်ကြီးဖြင့် ပြု၏။) (ကုတ္တိမ)၊ နာမ်ငဲ့, သိသက်, အံပြု၊ 'ကုတ္တိမံ' ပြီး၏။

မေး။ ဝေပထု, သယထု–စသည်တို့သည် တဒ္ဓိတ်ပုဒ်လော? ကိတ်ပုဒ်လော? နာနာဝါဒ ဖော်ပြဖြေဆိုပါ။

ဖြေ။ ရူပသိဒ္ဓိဂဏ္ဌိဆရာတော်က ဝေပထု, သယထု–စသည်တို့ကို တဒ္ဓိတ်ပုဒ်များ ဟု ယူဆပါသည်။ ဆရာတော်က ''ဝေပုသီဒဝ'' စသောသုတ်ဝယ် ''နိဗ္ဗတ္တတ္ထေ''ကို (ဂမ္မမာနေ–ဟု ထည့်မဖွင့်ဘဲ) ဝိသယအဖြစ်ဖြင့် ဖွင့်ပြထားသောကြောင့်လည်းကောင်း။ ''သီ သယေ၊ သယေန နိဗ္ဗတ္တော သယထု''စသည်ဖြင့် ကိတ်ပစ္စည်းဖြင့်ပြီးသော သယ–စသောပုဒ်နှင့် နိဗ္ဗတ္တအနက်၌သက်သော ထုပစ္စည်းတို့ စပ်၍ ရှုပ်ပြီးသောကြောင့် လည်းကောင်း သယထု–စသည်ကို တဒ္ဓိတ်ပုဒ်ဟု ယူဆတော်မူခြင်း ဖြစ်ပါသည်။

သပြေကန်နိသယ၌ ''ဝေပနံ ဝေပေါ၊ တေန နိဗ္ဗတ္တော ဝေပထု–စသည်ကား ဝိဂြိုဟ် တုတည်း။ --- 'တေန နိဗ္ဗတ္တ'ကို အထု,တ္တိမ, ဏိမ ပစ္စည်းတို့၏ ဝိသယထွက်ကို ထင်ရှားစေလို၍ ဆိုသည်၊ နိဗ္ဗတ္တတဒ္ဓိတ်ကို ပြသည်မဟုတ်''ဟု ဆိုသည်။

ကစ္စည်းဘာသာဋီကာ၌လည်း ''နိဗ္ဗတ္တအနက်၌ 'အထု'စသောပစ္စည်းသက်–ဟု ဆိုသောကြောင့် နိဗ္ဗတ္ထတဒ္ဓိတ်ဟု ထင်မှားဖွယ်ရှိ၏။ သို့သော် ပုဒ်နှင့် ပစ္စည်းစပ်မှသာ တဒ္ဓိတ်ဖြစ်နိုင်၍ ဓာတ်နှင့် ပစ္စည်းစပ်ရာ၌ ကိတ်သာဖြစ်နိုင်ရကား ''ဝေပထု''စသော ပုဒ်အားလုံးသည် ကိတ်ပုဒ်ချည်းသာတည်း၊ ကိတ်ပုဒ်ဖြစ်လျှင် ''ဝေပေန နိဗ္ဗတ္တံ'' စသော ဝါကျသည် ဝိဂြိုဟ်စစ် မဟုတ်, ဝိဂြိုဟ်ပြုရန်နည်းပြသော ဝိဂြိုဟ်ပြဝါကျများဟု သိသာ၏။ ထိုကြောင့် ဝေပထု စသည်၌ ဆိုင်ရာသာဓနသို့သွင်း၍ ဝိဂြိုဟ်စစ်လုပ်ရလိမ့်မည်''ဟု ဆိုပါသည်။

၆၄၅၊ ၆၆၂။ အက္ကောသေ နမှာနိ။ (၄၁၀)

မေး။ ဤသုတ်ကို ရှုအလိုက္ခ အနက်ပေးပြခဲ့ပါ။

ဖြေ။ နမှိ၊ န နိပါတ်ဟူသောအနိုးပုဒ်သည်။ သတိ၊ ရှိလတ်သော်။ အက္ကောသ၊ ဆဲရေးခြင်း အနက်ကို။ ဂမ္မမာနေ၊ သိအပ်သည်ရှိသော်။ ဓာတူဟိ၊ ဓာတ်တို့မှ။ ပရော၊ ဖြစ်၍။ အာနိ၊ အာနိပစ္စည်းသည်။ ဟောတိ၊ ၏။

မေး။ ဤသုတ်ဖြင့် အာနိပစ္စည်းသက်ရာ၌ အဂိါ ၂–ချက်ကို ဖော်ပြပါ။

ဖြေ။ ၁။ ဆဲရေးခြင်းအနက်ကို သိအပ်ခြင်း။

http://www.dhammadownload.com

၂။ နှ နိပါတ်ပုဒ် အနီးရှိခြင်းတို့ ဖြစ်ပါသည်။

မေး။ အဂမာနိ–ကို ရုပ်ကျဉ်း စီရင်ပြခဲ့ပါ။

ဖြေ။ နဂမု၊ **နှ** နောင် သိသက်, ချေ။ ''ဂမု ဂတိမှိ''အနက်၌ ဓာတ်အမည်မှည့်စသည်။ ဤသုတ်ဖြင့် ဂမုဓာတ်နောင် အာနိပစ္စည်းသက် (နှ ဂမာနိ)၊ သမာသ်စပ်, ကမ္မဓာရည်းမှည့်, သမာသ်အမည် မှည့်, တပ္ပုရိသ်လည်း မှည့်၊ အတ္တံ နသ္သ တပ္ပုရိသေ သုတ်ဖြင့် နှ ကို အ ပြု၊ နာမ်ငဲ့, သိသက်, ချေ။ ပြီး၏။

မေး။ (က) ဝိပတ္တိ တေ (ခ) အဂတိ တေ–တို့၌ ဤသုတ်ဖြင့် အာနိပစ္စည်း မသက်ရခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။ (က) ၌ နနိပါတ်ပုဒ်မရှိသောကြောင့် အာနိပစ္စည်းမသက်ရခြင်း ဖြစ်ပါသည်။
(ခ) ၌ ဆဲရေးခြင်းအနက် မဟုတ်သောကြောင့် အာနိ ပစ္စည်းမသက်ရခြင်း ဖြစ်ပါသည်။

၆၄၉၊ ၄၁၉။ ကောဒိတော သကိဿ ကွတ္တုံ။။ (၂၅၄)

မေး။ ဤသုတ်ကို ရူပသိဒ္ဓိဆရာအလိုကျ အနက်ပေးပြ၍၊ အဓိပ္ပါယ်ကိုလည်း ရေးပြပါ။

ဖြေ။ ကောဒိတော၊ ကေ–အစရှိသောသဒ္ဒါသဒ္ဒါမှ။ (ပရဿ၊ နောက်ဖြစ်သော) သကိဿ၊ သကိနိပါတ်ပုဒ်၏။ (ဌာနေ၊ အရာ၌။ ဝါရတ္ထေ၊ အကြိမ်ဟူသောအနက်၌။) ကွတ္တုံ၊ ကွတ္တုံ၊ ပစ္စည်းသည်။ ဟောတိ၊ ၏။

ကေ, ဒ္ဓိ, တိ အစရှိသော သဒ္ဒါသဒ္ဒါနောင် သကိသဒ္ဒါရှိသင့် ရှိထိုက်ရာဝယ် သကိသဒ္ဒါ မရှိတော့သဖြင့် ဝါရ–အနက်၌ ကွတ္တုံ၊ ပစ္စည်းသက်–ဟု အဓိပ္ပါယ် ရပါသည်။

မေး။ ကောဒိတော သကိဿ ကွတ္တုံ–သုတ်သည် အာဒေသဝိဓိသုတ်လော? ပစ္စယဝိဓိသုတ်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ **ရူပသိဒ္ဓိအလို** – ကေအစရှိသော သဒ္ဒါသဒ္ဒါမှ နောက်ဖြစ်သော သကိသဒ္ဒါ၏နေရာဝယ် ဝါရအနက်၌ ကွတ္တုံ၊ ပစ္စည်းသက်သော ''ပစ္စယဝိဓိ''သုတ် ဖြစ်ပါသည်။

ကစ္စည်းအလိုကား – ကေအစရှိသော သဒ္ဒါသဒ္ဒါမှ နောက်ဖြစ်သော သကိ နိပါတ်ပုဒ်ကို ကွတ္တုံ–ပြုသော ''အာဒေသဝိဓိ''သုတ် ဖြစ်ပါသည်။

မှတ်ချက်။ ။ ဤသုတ်ကို ကစ္စည်းက ဥဏာဒိကျမ်းတွင် ပြထားသော်လည်း ရူပသိဒ္ဓိဆရာတော်က အဗျယတဒ္ဓိတ်ခန်းတွင် ပြထားသည်။

မေး။ ကေကွတ္တုံ–စသည်၌ ဝိဘတ်သက်ဖွယ် လို / မလို အကြောင်းပြ ဖြေဆိုပါ။

ဖြေ။ ''သဗ္ဗာသမာဝုသောတိအာဒိနာ သိလောပေါ''ဟု ရူပသိဒ္ဓိ၌ ဖွင့်သောကြောင့် ကေကွတ္တုံ–စသောပုဒ်တို့နောင် သိဝိဘတ် သက်ရပါမည်။

၆၄၇၊ ၆၆၃။ သုနသုနသောဏဝါနုဝါနုနနုဏာနာ။။ (၄၁၁)

မေး။ ၁။ – ဝါနုဝါ**နုနုနုဏာန** ၂။ ဝါနုဝါ**ရူနုနုနုနာနာ** – ပါဠိနှစ်မျိုး တွေ့မြင်နေရရာ သင့်မြတ်သောပါဠိကို အကြောင်းပြ ဆုံးဖြတ်ပါ။

http://www.dhammadownload.com

ဖြေ။ ရူပသိဒ္ဓိ၌ အမှတ် (၁) အတိုင်း ဥရသနှင့်လည်းကောင်း၊ ဏ–ကြီးနှင့်လည်းကောင်း ရှိ၍။ ကစ္စည်း၌ အမှတ် (၂) အတိုင်း ဦဒီဃနှင့်လည်းကောင်း နှ–ငယ်နှင့်လည်း ကောင်း ရှိ၏။ ဝုတ္တိဖွင့်ရာ၌လည်း ရူပသိဒ္ဓိဝယ် ''ဩဏ ဝါန ဥဝါန **ဥန** ဥနဒ **ဥဏ** အာ အာန ဣစ္စေတေ အာဒေသာ''ဟု ဖွင့်၍၊ ကစ္စည်းဝယ် ''ဩဏ ဝါန ဥဝါန **ဦန** ဥနဒ **ဥန** အာ အာနာဒေသာ''ဟု ဖွင့်ပါသည်။ ထို့ကြောင့် သူ့အယူအဆနှင့် သူ သင့်မြတ်သည်ချည်းသာ ဟု ဆိုရပါမည်။

မေး။ သုနသုနသောဏ–၌ သမ္ဗန် + သမ္ဗန္ဓိတို့ကို ခွဲခြားပြခဲ့ပါ။

ဖြေ။ ''သုန''ဟူသော် ပါဠိပဒိကပုဒ်သည် သမ္ဗန် ဖြစ်၍၊ ၄င်း၏ အဆုံးဖြစ်သော ''ဥန''သည် သမ္ဗန္ဓိ ဖြစ်ပါသည်။

မေး။ ဤသုတ်လာ ခွေးအနက်ဟော ဓ–ပုဒ်ကို ထုတ်ပြပါ။

ဖြေ။ သောဏော၊ သွာနော၊ သုဝါနော၊ သုနော (သူနော–ကစ္စည်း)၊ သုနခေါ၊ သုဏော (သုနော–ကစ္စည်း)၊ သာ၊ သာနော။

သိမှတ်ဖွယ်။ ။ ''သုဝါနော''သည် သက္ကတသဒ္ဒါကျမ်းများအလို ''သွရဘက္တိနည်း (သရဘက္တိနည်း)အားဖြင့် ''သွာနော (သ်ဝါနော)''ဝယ် သ် ၌ ဥသရကို ထည့်စွက်၍ ပြီးသောပုဒ် ဖြစ်၏။

၆၄၈၊ ၆၆၄။ တရုဏာသ သုသု စ။ (၄၁၁)

မေး။ တရုဏ–ပုဒ်သည် မည်သည့်ပုဒ်မျိုး ဖြစ်ပါသနည်း? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဝုတ္တိအဖွင့်၌ ပါဠိပဒိကဿ–ဟု မပါသော်လည်း ''ဗာလဘာဝံ တရတီတိ တရုဏော'' ဟူသော ဝစနတ္ထအရ တရဓာတ်နောင် ဥနပစ္စည်းသက် (နှ ကို ဏ ပြု)၍ ဖြစ်သော နိပ္ပန္နပါဠိပဒိကပုဒ်မျိုး ဖြစ်ပါသည်။

မေး။ ဤသုတ်ပါ စသဒ္ဒါ၏ အနက်ကို ဖော်ပြ၍၊ ထိုအနက်နှင့်စပ်၍ သိမှတ်ဖွယ်များကိုလည်း ရေးပြပါ။

ဖြေ။ စသဒ္ဒါ သုသု–အပြုမှမြဲကြောင်းကို ပြခြင်း 'အနိယမအနက်' ရှိပါသည်။ 'အနိယမ အနက်'ဟူသည် ဝိကပ်အနက်နှင့် အတူတူပင် ဖြစ်ပါသည်။ ထိုကြောင့် သုသု–မပြုသောအခါ ''တရုဏော''ဟု မူလရုပ်နေအတိုင်းပင် ရှိရပါသည်။

၆၄၈၊ ၆၆၅။ ယုဝဿု ဝဿုဝုဝါနုန္နနာ။ (၄၁၁)

မေး။ ယုဝ–သဒ္ဒါ၏ ဥဝ–၏ ကာရိယများကို ဖော်ပြ၍၊ သက်ဆိုင်ရာ ပုံစံများကိုလည်း ရေးပြပါ။

ဖြေ။ ဥဝ, ဥဝါန, ဥန, ဦန–တို့ ဖြစ်ပါသည်။

ပုံစံ – ယုဝါ၊ ယုဝါနော၊ ယုနော၊ ယူနော။

မှတ်ချက်။ ။ ဤသုတ်၌ ဥဝ–ကို ဥဝ–ထပ်ပြုခြင်းကြောင့် ''ယုဝါနော ယုနော, ယူနော''တို့အပြင် ''ယုဝါ''ဟုလည်း ရှိနိုင်သေး၏ ဟု သိစေပါသည်။

http://www.dhammadownload.com

၆၅၀၊ ၆၅၁။ ကာလေ ဝတ္တမာနာတီတေ ဏွာဒယော။ (၄၀၄)

မေး။ ဏွာဒယော–၌အာဒိသဒ္ဒါဖြင့် ယူရမည့်ပစ္စည်းများကို ဖော်ပြပါ။

ဖြေ။ အာဒိသဒ္ဒါဖြင့် ယု, ဏ္ဍ, မိ–စသော ပစ္စည်းများကို ယူရပါမည်။(ကစ္စည်း၌ကား ယု, တ ပစ္စည်းများကို ယူ–ဟု ဖွင့်သည်။ ဏ္ဍ နှင့် တ – အတူတူပင်။)

မေး။ (က) တာလု (ခ) ကရဏာ – ပုဒ်တို့ကို ရုပ်ကျဉ်း စီရင်ပြခဲ့ပါ။

ဖြေ။ (က) တရဓာတ်တည်၊ ဤသုတ်ဖြင့် ဏုပစ္စည်းသက်၊ ရ ကို လ ပြု နာမ် ငဲ့စသည်၊ ပြီး၏။

(ခ) ကရဓာတ်တည်၊ ယုပစ္စည်းသက်၊ ယုပစ္စည်းကို အန ပြု၊ န ကို ဏ ကြီးပြန်၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ကရဓာတ်၏ အ ကို ဥ ပြု(ကရုဏ)၊ ဣတ္ထိလိင် အာပစ္စည်းသက်၊ နာမ်ငဲ့ စသည်၊ ပြီး၏။

မေး။ ဝိစက္ခဏော–ပုဒ်၌ ''ဝိပုဗ္ဗ စက္ခဓာတ် + ဏ ပစ္စည်း''ဟု အချို့ဆရာတို့ ဆိုကြရာ ဟုတ်/ မဟုတ် စစ်တမ်းထုတ်ခဲ့ပါ။

ဖြေ။ ကာလေ ဝတ္တမာနာတီတေ ဏွာဒယော–သုတ်ဝယ် စန္ဒနံ, ဘုဝနံ–စသည်တို့ကဲ့သို့ ယုပစ္စည်းဖြင့်ပြီးသော ပုဒ်တို့၏အရာ၌ ''ဝိစက္ခဏော''ပုဒ်ကို ထုတ်ပြထားသောကြောင့် ဏပစ္စည်း မဟုတ်ပါ၊ ယုပစ္စည်းသာ ဖြစ်ပါသည်။

မေး။ (က) ဂရု (ခ) ဂုရု ၂–မျိုးတို့တွင် ရှုပသိဒ္ဓိဆရာအလို အဘယ်သို့ ရုပ်ပြီးပါသနည်း ဖြေဆိုပါ။

ဖြေ။ ''မရာဒီနံ ပနေတ္ထ ဏုမှိ ''ဃဋ္ဋာဒီနံ ဝါ''တိ ဇတ္ထ ဝါသဒ္ဒေန နှ ဝုဒ္ဓိ = ဃဋ္ဋာဒီနံ ဝါ သုတ်၌ ဝါသဒ္ဒါ တားမြစ်သောကြောင့် ဏုပစ္စည်း နှောင်းရာဝယ် မရ–စသောဓာတ်တို့၏ အ–သရကို ဝုဒ္ဓိ မပြုရ''ဟု ရှုပသိဒ္ဓိဆရာ ဖွင့်ဆိုထားသောကြောင့် ၄င်းအလို (ဂါရု–ဟုပင် ရုပ်မရှိနိုင်ရကား) (က)အမှတ်ပြု ''ဂရု''သာ အမှန် ဖြစ်ပါသည်။

၆၅၁၊ ၆၄၇။ ဘဝိဿတိ ဂမာဒီဟိ ဏိ ဃိဏ်။ (၄၀၁)

မေး။ ဏိ, ဃိဏ်–တို့၌ ဏ် အနုဗန်တို့၏ အကျိုးကို ဖော်ပြပါ။

ဖြေ။ ဝုဒ္ဓိပြုရခြင်းအကျိုး ရှိပါသည်။

အမှာ။ ။ 'ဘဝိဿတိ' ရုပ်ပြီးပုံကို သေသေသပ်ပ္ပ မာနာနာ–သုတ်၌ ကြည့်ပါ။

မေး။ (က) ဂါမိ (ခ) ဂါမိ–တို့ကို ရုပ်ကျဉ်း စီရင်ပြခဲ့ပါ။

ဖြေ။ (က) ဂမုဓာတ်တည်၊ ဤသုတ်ဖြင့် ဏိပစ္စည်းသက်၊ ဂ ၌ အ ကို အာဝုဒ္ဓိပြု၊ ဏ် အနုဗန်ကို ချေ (ဂါမိ)၊ နာမ်ငဲ့စသည်၊ ပြီး၏။

(ခ) ဂမုဓာတ်တည်၊ ဃိဏ်ပစ္စည်းသက်၊ ဏ် အနုဗန်ကိုချေ၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဃ်အနုဗန်ကိုလည်း ချေ (ဂါမိ)၊ နာမ်ငဲ့ စသည်၊ ပြီး၏။

မေး။ ဘာဇိ, ဘာဇိ–ပြယုဂ်တို့၌ သစဇာနံ ကဂါ ဏာနုဗန္ဓေ သုတ်ဖြင့် ဇ ကို ဂ မပြုရခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။ ဤပြယုဂ်တို့၌ ''နှ ကဂတ္တံ စဇာ ဏွမှိ''သုတ်၌ ''နှ ကဂံတ္တံ စဇာ''ဟူသော ဒွိဓာကရဏာ

http://www.dhammadownload.com

ယောဂိဘာဂ က တားမြစ်သောကြောင့် ''သစဇာနံ ကဂါ ဏာနုဗန္ဓေ''သုတ်ဖြင့် ဇ ကို ဂ မပြုရခြင်း ဖြစ်ပါသည်။

မေး။ 'တဿီလာဒီသု ဏီတွာဝိ စ' သုတ်ဖြင့် သက်သော ဏီပစ္စည်း နှင့် 'ဘဝိဿတိ ဂမာဒီဟိ ဏီ ဃိဏ်'သုတ်ဖြင့် သက်သော ဏီပစ္စည်းတို့၏ အထူးကို ရေးပါ။

ဖြေ။ 'တဿီလာဒီသု ဏီ တွာဝိ စ' သုတ်ဖြင့် သက်သော ဏီပစ္စည်းသည် ကာလသုံးပါးတို့၌ ဖြစ်၏။ 'ဘဝိဿတိ ဂမာဒီဟိဏီ ဃိဏ်'သုတ်ဖြင့်သက်သော ဏီပစ္စည်းကား အနာဂတ်ကာလ၌ ဖြစ်၏။ ဤသို့ ထူးပါသည်။

မေး။ တဿီလာဒီသု ဏီ တွာဝိ စ သုတ်ဖြင့် ပြီးနိုင်ပါလျက် ဤသုတ်ကို အဘယ့်ကြောင့် ထပ်မံ အားထုတ်ရပြန်ပါသနည်း? ဖြေဆိုပါ။

ဖြေ။ တဿီလာဒီသု ဏီတွာဝိ စ သုတ်ဖြင့်ပြီးနိုင်သော်လည်း ဂမုစသောဓာတ်တို့နောင် ဏီပစ္စည်းသည် အနာဂတ်ကာလ၌သာ သက်၏ ဟု သတ်မှတ်ပြခြင်းအကျိုးငှါ ဤသုတ်ကို ထပ်မံ အားထုတ်ရပြန်ခြင်း ဖြစ်ပါသည်။

၆၅၂၊ ၆၄၈။ ကီရိယာယံ ဏွုတဝေါ။ (၄၀၂)

မေး။ ကစ္စည်း၌ ''ကြိယာယံ''ဟုရှိ၍ ရူပသိဒ္ဓိ၌ ''ကီရိယာယံ''ဟုရှိရာ ထိုနှစ်မျိုးကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ကရဓာတ်နောင် ရိရိယ–ပစ္စည်းသက်၍ ဓာတွန် ရ ကိုချေလျှင် ''ကိရိယာ''ဟု ရုပ်ပြီး၏။ က–၌ ကွ ကို ချေ၍ နောက် ရ သို့ကပ်လျှင် ''ကြိယာ''ဟု ရုပ်ပြီး၏။ ထို ၂–မျိုးတို့တွင် ''ကြိယာ''ပုဒ်သည် သက္ကတဆန်သည်ဟု ယူဆ၍ နောက်ဆရာတော်တို့က ''ကီရိယာယံ''ဟု ပြင်ဆင်ကြခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ အဘိဓမ္မတ္ထသင်္ဂဟပါဠိ၌လည်း မိမိတို့ ငယ်စဉ်က စာအုပ်များ၌ ''ကြိယစိတ္တံ''ဟု ရိုက်ခဲ့၍ ယခုအခါ ''ကိရိယစိတ္တံ''ဟု ပြင်ထားကြသည်ကို တွေ့ရပါသည်။

မေး။ ဤသုတ်ကို ရူပသိဒ္ဓိအလိုက္ခ အနက်ယောဇနာပြပါ။

ဖြေ။ ကရိယာယံ၊ ကြိယာဟူသော အကျိုးရှိသော အကြောင်းကြိယာကို။ ဂမ္ဓမာနာယံ၊ သိအပ်သည်ရှိသော်။ ဘဝိဿတိ၊ အနာဂတ်ဖြစ်သော။ ကာလေ၊ ၌။ (ဓာတူဟိ၊ တို့မှ။ ပရာ၊ နောင်းကုန်သည်ဖြစ်၍။) ဏွုတဝေါ၊ ဏွုပစ္စည်း, တုပစ္စည်းတို့သည်။ ဟောန္တိ၊ ကုန်၏။

မေး။ ဤသုတ်၏ အဂ်ါ ၂–ပါးကို ဖော်ပြပါ။

ဖြေ။ ၁။ ကြိယာဟူသော အကျိုးရှိသော အကြောင်းကြိယာ ဖြစ်ခြင်း။
၂။ ကြိယာအကျိုးရှိခြင်း။ (ရည်ရွယ်ချက် အကျိုးကြိယာရှိခြင်း)

မှတ်ချက်။ ။ ဂဏ္ဌိ၌ ''အနာဂတ်ကာလဖြစ်ခြင်း''ဟု ဆိုသည်။

မေး။ ကိရိယာယံ–၌ ကိရိယာ–အရကို ဖော်ပြပါ။

ဖြေ။ ကိရိယာ–အရ ပြုလုပ်ခြင်း, ချက်ခြင်း, စားခြင်းစသော အကျိုးကြိယာရှိသော သွားခြင်းဟူသော အကြောင်းကြိယာကို ယူရပါမည်။

http://www.dhammadownload.com

မေး။ ကိရိယာယံ–၌ ကိရိယာ အရကို ပုံစံနှင့်တကွ ရှင်းပြ၍၊ ဤသုတ်၏ ဆိုလိုရင်း အဓိပ္ပါယ် ကိုလည်း ရေးပြပါ။

ဖြေ။ ''ကာရကော ဝဇတိ၊ ကတ္တာ ဝဇတိ = ပြုလုပ်အံ့ဟု, ပြုလုပ်မည်ဟု ကြံ၍ သွား၏''။ ဤပုံစံတို့၌ သွားသူသည် တစ်စုံတစ်ခုကို ပြုလုပ်မည်ဟူသော ရည်ရွယ်ချက်ရှိ၏။ ထို ရည်ရွယ်ချက်ဖြစ်သော ပြုလုပ်ခြင်းကြိယာသည် အကျိုးတည်း၊ သွားခြင်းကား အကြောင်း ကြိယာဖြစ်၏။ ထိုပြုလုပ်ခြင်းဟူသော ရည်ရွယ်ချက်အကျိုးကြိယာရှိသော သွားခြင်းဟူသော အကြောင်းကြိယာသည် ဤသုတ်၌ ''ကိရိယာ''အရ ဖြစ်ပါသည်။

ထိုသွားခြင်းဟူသော အကြောင်းကြိယာကို သိအပ်သည်ရှိသော် ကရဓာတ်နောင် ဏွာ, တုပစ္စည်းများ သက်–ဟု ဆိုလိုပါသည်။

၆၅၃၊ ၃၀၆။ ဘာဝဝါစိမှိ စတုတ္ထီ။ (၁၅၆။)

မေး။ ဘာဝဝါစိမှိ–၌ 'ဘာဝ'ဟူသည် အဘယ်နည်း? ဖော်ပြ၍၊ ဤသုတ်၏ဆိုလိုရင်း အဓိပ္ပါယ်ကို လည်း ရေးပြပါ။

ဖြေ။ ''ဘဝနံ ဘာဝေါ''ဟူသော ဝစနတ္ထနှင့်အညီ 'ဘာဝ'ဟူသည် ချက်ခြင်း, ခံစားခြင်း စသောကြိယာ ဖြစ်ပါသည်။

အနာဂတ်ကာလကို သိအပ်သည်ရှိသော် ကြိယာကိုဟောသောသဒ္ဒါနောင် စတုတ္ထီ ဝိဘတ်သက်ဟု ဆိုလိုရင်း ဖြစ်ပါသည်။

မှတ်ချက်။ ။ ကစ္စည်းက ဤသုတ်ကို ဥဏာဒိကပ္ပ၌ ပြထားသော်လည်း ရူပသိဒ္ဓိ ဆရာကား ကာရကကဏ္ဍ စတုတ္ထီဝိဘတ်အခန်း၌ ပြတော်မူပါသည်။

၆၅၄၊ ၆၄၉။ ကမ္မနိ ဏော။ (၄၀၂)

မေး။ ဤသုတ်၌ 'ကမ္မနိ'အရကို ဖော်ပြ၍၊ ဤသုတ်ဖြင့် ဏပစ္စည်းသက်ရပုံကိုလည်း ရှင်းပြပါ။

ဖြေ။ 'ကမ္မနိ'အရ အနိဒ္ဓိဖြစ်သော အဝုတ္တကံပုဒ်ကို ယူရပါမည်။

နဂရကာရော–ပုံစံ၌ နဂရ–သည် ကရဓာတ်၏ အနိဒ္ဓိဖြစ်သော အဝုတ္တကံပုဒ်တည်း။ ထိုကံပုဒ်ရှိလတ်သော် ကရဓာတ်နောင် ဏပစ္စည်းသက်၍ ''နဂရကာရော''ဟု ရုပ်ပြီးပါသည်။

၆၅၅၊ ၆၅၀။ သေသေ သဿန္ဟုမာနာနာ။ (၄၀၂)

မေး။ ဤသုတ်၌ ''သေသ''ဟူသည် အဘယ်နည်း? ရှင်းပြပါ။

ဖြေ။ အပရိသမတ္တတ္တ = အပြည့်အစုံ အကုန်အစင် မဟုတ်သော (တစ်ပိုင်းတစ်စိတ်သာ ပြုရ သေးသည်ဖြစ်၍ အပြီးအဆုံးသို့ မရောက်သေး ကြွင်းကျန်နေသေးသော) အနက်သည် ''သေသ'' မည်ပါသည်။

မေး။ ဤသုတ်ဖြင့် သက်သောပစ္စည်းသည် သဿ ပစ္စည်း, နှုပစ္စည်းလော? သန္ဟု ပစ္စည်းလော? ရှင်းပြပါ။

ဖြေ။ ရူပသိဒ္ဓိ၌ ၂–မျိုးလုံးပင် ဖွင့်ပြထားပါသည်။

http://www.dhammadownload.com

ကရိသံ – ကရ + သံ၊ ဣလာ၊ နာမ်ငဲ့ သိသက်, ချေ၊

ကရောန္တော – ကရ + သြ + နှု၊ သိမှိ ဝါ သုတ်ဖြင့် နှု ပစ္စည်း၏ အဆုံး ဥ ကို အ ပြု (ကရောန္တ)၊ နာမ်ငဲ့စသည်။

ဤနည်းအလို သံပစ္စည်း + နှုပစ္စည်း ဟု ၂–မျိုး ဖြစ်ပါသည်။

(တစ်နည်း) ဘဝိသတိ ဂမာဒီဟိ ဏီ ဃိဏ်–သုတ်၌ ''ဘဝိသတိ''ပုဒ်သည် ဘူဓာတ်+သနှုပစ္စည်းဖြင့် ပြီးသော ''ဘဝိသနှု'' ပုဒ်နောင် သို့ဝိဘတ်သက်၊ ''ဂျဏဝတိ'' ကဲ့သို့ သို့ဝိဘတ်နှင့်တကွ နှုပစ္စည်းကို တိ ပြု၍ ပြီးသောပုဒ် ဖြစ်၏။ ထို ''ဘဝိသတိ'' ပုဒ်ကို ထောက်၍ 'သနှု ပစ္စည်း တစ်မျိုးတည်းသာ'ဟု မှတ်ထိုက်ကြောင်း တစ်နည်း ဖွင့်ဆိုခြင်း ဖြစ်ပါသည်။

မေး။ ဒုတိယနှည်းအလို 'ကရိသံ'ကို ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ ကရ် + သနှု၊ ဣ လာ (ကရိသနှု)၊ နာမ်ငဲ့, သိသက်၊ သိမှိ ဝါ သုတ်ဖြင့် နှု ၏ အဆုံး ဥ ကို အပြု၊ ''နှသဒ္ဒေါ အံ''ဟူသော ယောဂဝိဘာဂဖြင့် နှ သဒ္ဒါကို အံပြု၊ သိဝိဘတ်ကိုလည်း, ချေ၊ ပြီး၏။

မေး။ ကမ္မံ နှင့် ကရိသံ ကို သမာသ်စပ်၍ ''ကမ္မကရိသံ''ဟု ဖြစ်နိုင် / မဖြစ်နိုင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ဆုံးဖြတ်ချက်ချခဲ့ပါ။

ဖြေ။ ''ကမ္မံ ကရိသံ ဝဇတိ'' ၌ ကရိသံ–သည် သူ့ချည်းမပြီး၊ ''ပြုလတ္တံ့ဖြစ်၍ =ပြုဦးမည်ဖြစ်၍ + သွား''ဟု ဝဇတိကြိယာကို ငဲ့လျက်ရှိ၏။ ထိုသို့ ပုဒ်တစ်ပါးကို ငဲ့နေသောကြောင့် ကမ္မံ နှင့် သမာသ်စပ်၍ ''ကမ္မကရိသံ''ဟု မဖြစ်နိုင်ပါ။

၆၅၆၊ ၆၆၆။ ဆဒါဒီဟိ တတြဏ်။ (၄၁၁)

မေး။ (က) ဆတ္တံ (ခ) ဆတြံ–တို့ကို ရုပ်ကျဉ်း စီရင်ပြခဲ့ပါ။

ဖြေ။ (က) ဆဒ (အပဝါရဏော) + တ၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဓာတွန် ဒ် ကို တ် ပြု။ တ် တ–သို့ ကပ် (ဆတ္တ)၊ နာမ်ငဲ့ စသည်၊ 'ဆတ္တံ' ပြီး၏။

(ခ) ဆဒ် + တြဏ်၊ ဓာတွန် ဒ် ကို တ် ပြု၊ ဏ်အနုဗန်ကို ချေ (ဆတ္တ)၊ ဗျည်း ၃–လုံးတို့တွင် သုတိတူ တ–ဗျည်း တစ်လုံးကို ချေ (ဆတြ)၊ နာမ်ငဲ့စသည်၊ ပြီး၏။

မေး။ **စိတ္တံ**–ကို ရုပ် ၂–နည်း တွက်ပြခဲ့ပါ။

ဖြေ။ စိန္တ+တ၊ နိဂ္ဂဟိတ သံယောဂါဒိ နော သုတ်ဖြင့် နှသံယုဂ်၌ အစဖြစ်သော နှ် ကို နိဂ္ဂဟိတ်ပြု၊ ဗျဉ္ဇနေ စ သုတ်ဖြင့် ၎င်းကို ချေ (စိတ် + တ = စိတ္တ)၊ နာမ်ငဲ့ စသည်၊ ပြီး၏။ (၄၁၁)

(တစ်နည်း) စိန္တ်+တ၊ ဂုပါဒီနဥ သုတ်ဖြင့် ဓာတွန် နှ်ကိုချေ, တ ကိုလည်း သဒိသ ဒွေးဘော် တ္တ–ပြု၊ နာမ်ငဲ့, သိသက်, အံပြု၊ ခွင်း, ချေ, ကပ်၊ ပြီး၏။ (၃၇၄)

မေး။ (က) သုတ္တံ (ခ) ပဝိတ္တံ (ဂ) မတ္တာ–တို့၌ ဓာတ်ပစ္စည်းဝေဖန်၍ ထူးခြားသော ရုပ်ပြီးပုံမျှကိုသာ ညွှန်ပြပါ။

ဖြေ။ (က) 'သု အဘိသဝေ'ဟူသော ဓာတ် + တပစ္စည်း၊ တ ကို ဒွေးဘော်ပြု၍ ရုပ်ပြီးပါသည်။

http://www.dhammadownload.com

(တစ်နည်း) 'သူဒ ပဍ္ဍရဏော'ဟူသောဓာတ်+တပစ္စည်း၊ ဦကို ဥရသပြု ဘုဇာဒိဂိဏ်းဖြစ်သောကြောင့် ဒ ကို ဓွေ့။ တ ကို ဒွေးဘော်ပြု၍ ရုပ်ပြီးပါသည်။

(ခ) 'ပပုဇ္ဇ ဝိဒ မင်္ဂလ္လေ'ဟူသောဓာတ်+တပစ္စည်း၊ ဒ ကို တ ပြု၍ ရုပ်ပြီးပါသည်။ (တစ်နည်း) 'ပူ ပဝနေ'ဟူသော ဓာတ်+တပစ္စည်း၊ ဣအာဂုံလာ၊ ဦကို သြဝုဒ္ဓိပြု၊ သြ ကို အဝ ပြု၊ တ ကို ဒွေးဘော်ပြု၍ ရုပ်ပြီးပါသည်။

(ဂ) 'မာ ပရိမာဏေ'ဟူသော ဓာတ်+တပစ္စည်း၊ တ ကို ဒွေးဘော်ပြု၊ မာ-၌ အာကို အရသပြု၍ ရုပ်ပြီးပါသည်။

မေး။ (က) ဂေါတ္တံ (ခ) ဂေါတြံ (ဂ) ဂတ္တံ-တို့၏ ရုပ်ပြီးပုံခြားနားချက်ကိုဖော်ပြပါ။

ဖြေ။ (က) 'ဂေါတ္တံ'သည် 'ဂုပ သံဝရဏေ'ဓာတ်+ တပစ္စည်း၊ ဂုပါဒိနဥ္စသုတ်ဖြင့် ဓာတွန် ပ ကိုခွေ့။ တ ကို ဒွေးဘော်ပြု၍ ရုပ်ပြီးသောပုဒ် ဖြစ်၏။

(ခ) 'ဂေါတြံ'သည် တြဏ်ပစ္စည်းဖြင့် ရုပ်ပြီးသောပုဒ် ဖြစ်၏။

(ဂ) 'ဂတ္တံ'ကား ဂေါတ္တံ နည်းတူ ရုပ်ပြီးသောပုဒ် ဖြစ်၏။ ကွစိ ဓာတု သုတ်ကြီးဖြင့် ဥ ကို အ ပြုရခြင်းသာ ထူးပါသည်။

၆၅၇၊ ၆၆၇။ ဝဒါဒီဟိ ဏိတ္တော ဂဏော။ (၄၁၃)

မေး။ ဤသုတ်ကို ရူပသိဒ္ဓိအလိုကျ အနက်ပေးပြပါ။

ဖြေ။ ဂဏော၊ အပေါင်းဟူသောအနက်ကို။ ဂမ္ဗမာနေ၊ သိအပ်သည်ရှိသော်။ ဝဒါဒီဟိ၊ ဝဒ အစ ရှိသော ဓာတ်တို့မှ။ ပရော၊ နှောင်းသည်ဖြစ်၍။ ဏိတ္တော၊ ဏိတ္တပစ္စည်းသည်။ ဟောတိ၊ ၏။

မေး။ ဝါဒိတ္တ-စသောပုဒ်တို့သည် တဒ္ဓိတ်ပုဒ်လော? ကိတ်ပုဒ်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ''ဂဏော ဂမ္ဗမာနေ''ဟု ဂဏော-ပုဒ်၏ စပ်ရာ ဂုမ္ဗမာနေ-ပုဒ်ကို ထည့်စွက်၍ ဖွင့်ပြထားသဖြင့် 'ဂဏ'သည် ဏိတ္တပစ္စည်းသက်ရာ ဝိသယတ္ထ မဟုတ်သောကြောင့်လည်းကောင်း၊ 'ဝဒိတ'ပုဒ်နှင့် ဏိတ္တ ပစ္စည်းတို့ကို စပ်၍ ''ဝဒိတိတ္တ''ဟု ရုပ်ပြီးသည်မဟုတ်, ဝဒဓာတ်နှင့် ဏိတ္တပစ္စည်းကို စပ်၍ ''ဝါဒိတ္တ''ဟု ရုပ်ပြီးသော်လည်းကောင်း ဝါဒိတ္တ-စသည်တို့သည် တဒ္ဓိတ်ပုဒ် မဟုတ်, ကိတ်ပုဒ်များသာ ဖြစ်သည်ဟု မိန့်ဆိုကြပါသည်။

မေး။ (က) ဝါဒိတ္တံ (ခ) စာရိတ္တံ (ဂ) ဝါရိတ္တံ-ပုဒ်တို့ကို ဝစနတ္ထပြုပြခဲ့ပါ။

ဖြေ။ (က) ဝဒိတာနံ ဂဏော ဝါဒိတ္တံ၊ မြည်သော ဝတ္ထုတို့၏ အပေါင်း (ဂဏ္ဌိ)။
ဝါဒိယတေတိ ဝါဒိတ္တံ၊ မြည်စေအပ် တီးမှုတ်အပ်သော တူရိယာ။

(ခ) စရိတာနံ ဂဏော စာရိတ္တံ၊ ကျင့်အပ်သောသိက္ခာပုဒ်တို့၏ အပေါင်း (ဂဏ္ဌိ)။
စရိယတေတိ စာရိတ္တံ၊ ကျင့်အပ်သော သီလ။ (ဘာသာဋီကာ)၊
အထ ဝါ စရန္တိ တသ္မိ ပရိပူကာရိတာယာတိ စာရိတ္တံ။

(ဂ) ဝရိတာနံ ဂဏော ဝါရိတ္တံ၊ မြစ်အပ်သော သိက္ခာပုဒ်တို့၏အပေါင်း (ဂဏ္ဌိ)။
ဝရိယတေ တေနာတိ ဝါရိတ္တံ၊ တားမြစ်အပ်ကြောင်း သီလ။ (ဘာသာဋီကာ)
ဝါရိတံ တာယန္တိ ဇတ္ထ, တေနာတိ ဝါ ဝါရိတ္တံ။

မေး။ စာရိတ္တံ-ကို ရုပ် ၂-နည်း စီရင်ပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ စရဓာတ်တည်၊ ဤသုတ်ဖြင့် ဏိတ္တပစ္စည်းသက်၊ ဏ်အနုဗန်ကို ချေ။ စ ၌ အ ကို အာဝုဒ္ဓိပြု၊ နာမ်ငဲ့ စသည်၊ ပြီး၏။

(တစ်နည်း) စရဓာတ်တည်၊ တပစ္စည်းသက်၊ တ ကို ဒွေးဘော်ပြု၊ ဣလာ၊ စ ၌ အ ကို အာဝုဒ္ဓိပြု၊ နာမ်ငဲ့စသည်၊ ပြီး၏။

မေး။ ရူပသိဒ္ဓိ ဤသုတ်အဖွင့်ပါ ''အထ ဝါ''စသောဝါကျနှင့် စပ်၍ သိမှတ်ဖွယ်များကို ရေးသား ဖြေဆိုပါ။

ဖြေ။ ရူပသိဒ္ဓိဘာသာဋီကာ၌ ''ဤ အထ ဝါ တက်သောနည်းကား ဤသုတ်နှင့်မဆိုင်, အခြားနည်းအရ ပြသော ဝါကျတည်း''ဟုဆို၍၊ ဂဏ္ဌိ၌ကား ''အထ ဝါ တက်သော ''စရန္တိ တသ္မိ ပရိပူရကာရိတာယာတိ စာရိတ္တံ'' ဝါကျလည်း ဤသုတ်၏ အစီအရင် ပင်တည်း။ ရှေးဝါကျများကား ဇောတကတ္ထ ထင်အောင်ပြသည်။ ဤ ''စရန္တိ တသ္မိ ။ပ။ စာရိတ္တံ''ဝါကျကား ဝါစွတ္ထထင်အောင် ပြသည်။ ''ဝါရိတံ တာယန္တိ ဇတ္ထ, ဇေနာတိ ဝါ ဝါရိတ္တံ''ကား ဝါရိတ သဒ္ဒါပဒဒ, တာဓာတ်၊ အပစ္စည်း၊ ကိတန္တသမာသ်၊ ဤသုတ် အစီအရင် မဟုတ်''ဟု ဆိုပါသည်။

၆၅၈၊ ၆၆၈။ မိဒါဒီဟိ တ္ထိတိယော။ (၄၁၃)

မေး။ မိဒါဒီဟိ–၌ အာဒိသဒ္ဒါဖြင့် ယူရမည့်ဓာတ်များကို ဖော်ပြ၍၊ မေတ္ထိ–ပုဒ်ရှုပ်ပြီးပုံကိုလည်း ရေးပြပါ။

ဖြေ။ အာဒိသဒ္ဒါဖြင့် ပဒ, ရန္ဓ, တန္, ဓာ စသောဓာတ်တို့ကို ယူရပါမည်။
မိဒဓာတ် + တ္ထိပစ္စည်း၊ ဓာတွန် ဒ်ကို ချေ၊ နာမ်ငဲ့ စသည်၊ ပြီး၏။

၆၅၉၊ ၆၆၉။ ဥသုရန္ဓဒံသာနံ ဒံသဿ ဒမော ပဌာစ။ (၄၁၃)

မေး။ ဥသုရန္ဓဒံသာနံ–၌ ဝိဘတ္တိတ္ထကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ''ဥသုရန္ဓဒံသက္ကစ္စေတေသံ ဓာတူနံ အန္တရေ''ဟု ''အန္တရေ''ပုဒ်ကို ထည့်ဖွင့် ထားသော ကြောင့် ဥသုရန္ဓဒံသာနံ–၌ ဆဋ္ဌီဗဟုဝုစ် နံဝိဘတ်သည် နိဒ္ဓါရဏ အနက်၌ သက်ထားသော ဝိဘတ် ဖြစ်ပါသည်။

မေး။ ဤသုတ် ဝုတ္တိဖွင့်ဆိုချက်နှင့် စပ်၍ သိမှတ်ဖွယ်ကို ရေးပြပါ။

ဖြေ။ ဤသုတ် ဝုတ္တိဖွင့်ပုံသည် မြန်မာဆင်ဌမူနှင့် သီဟိုဠ်မူတို့ မတူကြပါ။ ဂဏ္ဌိ (ဒု၊ ၆၀၀) ၌ သီဟိုဠ်မူသို့ လိုက်၍ ''ဥသုရန္ဓံသက္ကစ္စေတေဟိ ဓာတူဟိ ပဌက္ကစ္စေတေ ပစ္စယာ ဟောန္တိ။ ဒံသဿ ဒဗာဒေသော စ။ ---။ ဒံသ ဒံသနေ (ပပစ္စယော)၊ ကွိပစ္စယော။ ကွိလောပေါ ဝါ၊ ဒံသဿ ပဗာဒေသော၊ ပလောပေါ စ ဒဗုံ''ဟု ပါဠိရှိရမည်ဖြစ်ကြောင်း မိန့်၍ ယင်းပါဠိကိုပင် အနက်ပေးပြထားသည်။

မေး။ ဥသုရန္ဓဒံသာနံ–စသော သုတ်ကို ရူပသိဒ္ဓိနှင့်အညီ အနက်ပေးပြပါ။

ဖြေ။ ဥသုရန္ဓဒံသာနံ၊ ဥသုဓာတ်, ရန္ဓဓာတ်, ဒံသဓာတ်တို့တွင်။ ဒံသဿ၊ ဒံသဓာတ်၏။ ဒဗော၊ ဒဗု–အပြုသည်။ ဟောတိ၊ ၏။ (သေသေဟိ၊ ကြွင်းကုန်သော။ **ဓာတူဟိ**၊

http://www.dhammadownload.com

ဥသုဓာတ်, ရန္ဓဓာတ်တို့မှ။ ပရာ၊ နှောင်းကုန် သည်ဖြစ်၍။) ပဌာ စ၊ ပပစ္စည်း, ဌပစ္စည်း တို့သည်လည်း။ ဟောန္တိ၊ ကုန်၏။

မေး။ (က) ဥဗျော (ခ) ရဋ္ဌံ (ဂ) ဒဗုံ-တို့ကို ရုပ်ကျဉ်းစီရင်ခဲ့ပါ။

ဖြေ။ (က) ဥသု (ဒါဟေ) တည်၊ ဤသုတ်ဖြင့် ဥသုဓာတ်နောင် ပ ပစ္စည်းသက်၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဓာတွန် သ် ကိုချေ၊ ပ ကိုလည်း အသဒိသဒွေးဘော် ဗု ပြု (ဥဗု)၊ နာမ်ငဲ့ စသည်၊ ပြီး၏။

(ခ) ရန္ဓ (ရာဂေ) တည်၊ ဤသုတ်ဖြင့် ဌ ပစ္စည်းသက်၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဓာတွန် န္ဓ် ကို ချေ, ဌ ကိုလည်း အသဒိသဒွေးဘော် ဌ-ပြု (ရဌ)၊ နာမ်ငဲ့ စသည်၊ ပြီး၏။

(ဂ) ဒံသ (ဒံသနေ) တည်၊ ကွိပစ္စည်းသက်, ချေ (ဒံသ)၊ ဤသုတ်ဖြင့် ဒံသ ကို ဒဗု ပြု၊ နာမ်ငဲ့ စသည်၊ ပြီး၏။

၆၆၀၊ ၆၇၀။ သူဝုသာန မူဝုသာန မတော ထော စ။ (၄၁၃)

မေး။ (က) သတ္ထံ (ခ) ဝတ္ထံ (ဂ) အတ္ထော-ပုဒ်တို့ကို ရနိုင်သမျှ ဝိဂ္ဂဟပြု၍၊ ထို ဝိဂ္ဂဟတို့အားလျော်စွာ ရုပ်ပြီးပုံများကိုလည်း ရေးသားဖော်ပြပါ။

ဖြေ။ (က) - သဝတိ ဟိသတိ ဇေတနာတိ သတ္ထံ (ကစ္စည်း)။
သူဓာတ်၊ ဤသုတ်ဖြင့် ဦ ကို အတ ပြု, ထပစ္စည်းသက်၊ နာမ်ငဲ့ စသည်၊ ပြီး၏။

- သသတီတိ သတ္ထံ။
သသုဓာတ်တည်၊ ဓာတွန် ဥ ကိုချေ၊ သမာဒီဟိ ထမာ သုတ်ဖြင့် ထပစ္စည်းသက် (သသ် +ထ)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဓာတွန် သ် ကိုချေ (သထ)၊ ဝဂ္ဂေ ဃောသာဃောသာနံ သုတ်ဖြင့် ထ ကို အသဒိသဒွေးဘော်ပြု၊ နာမ်ငဲ့ စသည်၊ ပြီး၏။

(ခ) - ဟိရောတ္တပ္ပံ သံဝရတိ ဇေတနာတိ ဝတ္ထံ။ (ကစ္စည်း)
ဝုဓာတ်တည်၊ ဤသုတ်ဖြင့် ဥ ကို အတ-ပြု၊ တပစ္စည်းလည်း သက်။

- ဝသီယတီတိ ဝတ္ထံ။
ဝသဓာတ်တည်၊ ထပစ္စည်းသက်၊ သတ္ထံ-နည်းတူ ပြီး၏။

(ဂ) - သဒ္ဒါနုရူပံ အသတိ ဘဝတီတိ အတ္ထော။ (ကစ္စည်း)
အသဓာတ်တည်၊ ဤသုတ်ဖြင့် အသကို အတ-ပြု၊ ထ ပစ္စည်းလည်း သက်။

- အရီယတီတိ အတ္ထော။ သတ္ထံ နည်းတူ ပြီး၏။

၆၆၁၊ ၆၇၁။ ရန္ဓုဒါဒီဟိ ဓဒိဒ္ဒကိရာ ကွစိ ဇဒလောပေါ စ။ (၄၁၄)

မေး။ (က) ရုဒ္ဒေါ (ခ) လုဒ္ဒေါ-တို့၏ ရုပ်ပြီးပုံကို ရေး၍ (ဂ) သုက္ကံ (ဃ) ဝက္ကံ-တို့၌ ရနိုင်သမျှ ဓာတု, ပစ္စယ ဝေဖန်ပြခဲ့ပါ။

ဖြေ။ (က) ရုဒိဓာတ်တည်၊ ဓာတွန် ဣ ကိုချေ ဤသုတ်ဖြင့် ဒ ပစ္စည်းသက် (ရုဒ္ဒ) နာမ်ငဲ့ စသည်၊ ပြီး၏။

http://www.dhammadownload.com

(ခ) ကွစိ ဓာတုသုတ်ကြီးဖြင့် ရ ကို လ ပြုလျှင် လုဒ္ဒေါ–ဟု ပြီး၏။
(ဂ) 'သုသ သောသနေ' ဟူသောဓာတ် + ကပစ္စည်း။
'သုစ သောကေ' ဟူသောဓာတ် + ကပစ္စည်း။
(ဃ) 'ဝစ ဝိယတ္တိယံ ဝါစာယံ' ဟူသောဓာတ် + ကပစ္စည်း။
'ဝက အာဒါနေ'ဟူသောဓာတ် + ကပစ္စည်း။

မေး။ (က) သရီရံ (ခ) သရိရံ–ဟုပါ၌ နှစ်မျိုးကို တွေ့မြင်နေရရာ အမှား/ အမှန်ကို ဆုံးဖြတ်ပါ။

ဖြေ။ မြန်မာမူ ရူပသိဒ္ဓိအလို – 'သရ ဟိသာယံ' ဟူသောဓာတ်+ ဣရပစ္စည်းဖြင့် ရုပ်ပြီးသော ကြောင့် (ခ)အတိုင်း 'သရိရံ'ပါ၌သာ အမှန် ဖြစ်ပါသည်။

သီဟိုဠ်မူအလိုကား ဣ ကို ဤဒီဃပြု၍ (က)အတိုင်း 'သရီရံ'ဟု ရုပ်ပြီးရပါမည်။

ဏွာဒိမောဂ္ဂလ္လာန် (၁၆၉) သုတ်အလိုလည်း သရဓာတ်+ကီရပစ္စည်းဖြင့် ရုပ်ပြီးသော ကြောင့် ''သရီရံ''ဟုပင် ဒီဃနှင့် ရှိရပါမည်။

အဘိဓာန်နှင့် အဘိဓာန်ဋီကာတို့အလိုလည်း သရဓာတ်+ဤရပစ္စည်းဖြင့် ရုပ်ပြီးသော ကြောင့် ''သရီရံ''ဟုပင် ရှိရပါမည်။

မြန်မာမူ၌ ''သရ ဟိသာယံ သရီရံ''ဟု ရှိစေ၍ ဣကို ဤဒီဃပြု–ဟု ကြံလိုက် လျှင်ကား အားလုံးအတူတူပင် ဖြစ်သွားပါမည်။

မေး။ (က) ကလိလံ (ခ) သလိလံ–ပုဒ်တို့ကို ဓာတု+ပစ္စယ ဝေဖန်ပြ၍၊ ရုပ်ပြီးပုံကိုလည်း သိသာရုံမျှ ဖော်ပြပါ။

ဖြေ။ (က) ကလ (သချာနေ) + ဣရ၊ ရ ကို လ ပြု။
(ခ) သလ (ဂမနေ) + ဣရ၊ ရ ကို လ ပြု။

၆၆၂၊ ၆၇၂။ ပဋိတော ဟိဿ ဟေရဏ် ဟီရဏ်။ (၄၁၅)

မေး။ (က) ပါဋိဟေရံ (ခ) ပါဋိဟီရံ (ဂ) ပါဋိဟာရိယံ–ပုဒ်တို့ကို ဝစနတ္ထပြု၍၊ ရုပ်ပြီးပုံကိုလည်း ဖော်ပြပါ။

ဖြေ။ (က) (ခ) ပဋိပက္ခေ မဒ္ဒိတွာ ဂစ္ဆတီတိ ပါဋိဟေရံ, ပါဋိဟီရံ။

ပဋိပုဗ္ဗ ဟိဓာတ်တည်။ ကွိပစ္စည်းသက်၊ ကွိပစ္စည်းကို ချေ၊ ဤသုတ်ဖြင့် ဟိဓာတ်ကို ဟေရဏ်ပြု, ဟိရဏ်ပြု၊ ဏ်အနုဗန်ကို ချေ (ပဋိဟေရ, ပဋိဟီရ)၊ တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် ပဋိသဒ္ဒါ၏ အ ကို အာဝုဒ္ဓိပြု (ပါဋိဟေရ, ပါဋိဟီရ)၊ နာမ်ငဲ့ စသည်၊ ပြီး၏။

(ဂ) ပဋိပက္ခေ ဟရတီတိ ပါဋိဟာရိယံ။

ပဋိပုဗ္ဗ ဟရဓာတ်တည်၊ ဏျပစ္စည်းသက်။ ကာရိုက်အမည်မှည့်, ဏအနုဗန်ကို ချေ၊ အသံယောဂန္တသ ဝုဒ္ဓိ ကာရိတေ သုတ်ဖြင့် ဟ–၌ အ ကို အာဝုဒ္ဓိပြု၊ တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့် ပ–၌ အ ကို အာဝုဒ္ဓိပြု၊ ယထာဂမမိကာရော သုတ်ဖြင့် ဣလာ (ပဋိဟာရိယ)၊ နာမ်ငဲ့ စသည်၊ ပြီး၏။

၆၆၃၊ ၆၇၃။ ကချာဒီဟိ တော။ (၄၁၅)

မေး။ ကဏ္ဍော–ကို ရုပ်ကျဉ်းစီရင်ပြပါ။

http://www.dhammadownload.com

ဖြေ။ ကဠိတည်၊ ကဠိ၊ သည်။ ဆေဒနေ၊ ၌။ ဝတ္တတိ၊ ၏။ ဓာတွန် ဣ ကို ချေ၊ ဤသုတ်ဖြင့် ကပစ္စည်းသက် (ကဠိက)၊ ကွစိ ဓာတုသုတ်ကြီးဖြင့် ဖြစ်စေ, နိဂ္ဂဟိတ၌ သုတ်ဖြင့်ဖြစ်စေ ဣကာရန္တဓာတ်၏ အစ က–အထက်၌ နိဂ္ဂဟိတ်လာ (ကံဠိက)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် က်အနုဗန်ကို ချေ (ကံ ဠိ –)၊ ဠိ အ သို့ကပ်၊ ဝဂ္ဂန်္တ ဝါ ဝဂ္ဂေ သုတ်ဖြင့် နိဂ္ဂဟိတ်ကို ဋ္ဌဝဂ္ဂန္တ ဏ် ပြု၊ ဏ် ဒ္ဝ သို့ကပ် (ကဏ္ဍ)၊ နာမ်ငဲ့, သိသက်, သြပြု၊ ချေ, ကပ်၊ 'ကဏ္ဍော' ပြီး၏။

မေး။ ကဠိ–စသော ဣအက္ခရာ အနုဗန်ပါသော ဓာတ်တို့နှင့်စပ်၍ သိမှတ်ဖွယ်ကို ရေးပြပါ။

ဖြေ။ ကွစိ ဓာတု သုတ်ကြီးဖြင့် ဖြစ်စေ, နိဂ္ဂဟိတ်၌ သုတ်ဖြင့်ဖြစ်စေ နိဂ္ဂဟိတ် (ဗိန္ဒု) လာရခြင်း ဖြစ်ပါသည်။

(ဆောင်) – ဣအက္ခရာ၊ အစဉ်ပါလတ်၊ ယင်းသည့်ဓာတ်မှာ၊ ဗိန္ဒုလာ။
– ဣကာရန္တမှိ ဓာတုသို့၊ နိစ္စံ နိဂ္ဂဟိတာဂမော။
– ဣကာရန္တမှိ ဓာတုသို့၊ နိစ္စံ ဘွာဒိ စုရာဒိကေ။ (ဓာတွတ္ထသင်္ဂဟ)

၆၆၄၊ ၆၇၄။ ခါဒါမဂမာနံ ခန္ဓန္ဓဂန္ဓာ။ (၄၁၆)

မေး။ (က) ခန္ဓ (ခ) ဂန္ဓ–ပုဒ်တို့၏ ၂–မျိုးစီဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ (က) ခန္ဓ–ပုဒ်သည် ''ဇာတိဇရာမရဏာဒီဟိ သံသာရဒုက္ခေဟိ ခဇ္ဇတီတိ ခန္ဓော'' ဟူသော ဝစနတ္ထနှင့် အညီ ခါဒဓာတ် + ကပစ္စည်းဖြင့် ရုပ်ပြီးသော နိပ္ပန္နပါဠိပဒိကပုဒ် ဖြစ်ပါသည်။ (ခါဒဓာတ်တည်၊ ဤသုတ်ဖြင့် ကပစ္စည်းသက်, ခါဒ–ကို ခန္ဓ–ပြု၊ ကွစိ ဓာတု သုတ်ကြီးဖြင့် က် အနုဗန်ကို ချေ (ခန္ဓ–)၊ န္ဓ ခွင်း, ချေ, ကပ် (ခန္ဓ)၊ နာမ်ငဲ့စသည်၊ ပြီး၏။ (ရှာသဒ္ဒကား ကိုပစ္စည်းသက်၌ ရုပ်ပြီးစေပါသည်။)
တစ်နည်းအားဖြင့် – ခန္ဓသဒ္ဒါသည် ဓာတ်, ပစ္စည်းဖြင့်ပြီးသောပုဒ် မဟုတ်, ရာသိ အနက်ကိုဟောသော အနိပ္ပန္နပါဠိပဒိကပုဒ် ဖြစ်ပါသည်။

(ခ) ဂန္ဓ–ပုဒ်သည် ဂမုဓာတ် ကပစ္စည်းဖြင့်လည်းကောင်း၊ 'ဂန္ဓ သူစနေ' ဟူသောဓာတ် အပစ္စည်းဖြင့်လည်းကောင်း ရုပ်ပြီးသောပုဒ် ဖြစ်ပါသည်။ (ဂမုဓာတ်တည်၊ ဓာတွန် ဥ ကိုချေ၊ ဤသုတ်ဖြင့် ကပစ္စည်းသက်, ဂမ ကို ဂန္ဓ ပြု၊ က် အနုဗန်ကို ချေ၊ နာမ်ငဲ့ စသည်၊ ('ဂန္ဓဓာတ်+အပစ္စည်း'ဟု ကြံရာ၌ ဓာတွန် အ ကိုချေ၍၊ နောက် အ သို့ကပ်၊ နာမ်ငဲ့ စသည်၊ ပြီး၏။)
– ဂန္ဓဓာတ်ဟု ကြံရာ၌ ''အတ္တနော နိဿယံ ဂန္ဓေတီ သူစေတီတိ ဂန္ဓော''ဟု ဝစနတ္ထပြု။

မေး။ (က) ခန္ဓကော (ခ) အန္ဓကော–တို့၌ ဓာတု+ပစ္စယ ဝေဖန်ပြ၍၊ ရုပ်ပြီးပုံကိုလည်း သိသာရုံမျှ ဖော်ပြပါ။

ဖြေ။ (က) ခါဒဓာတ် + ကပစ္စည်း။
(ခ) အမဓာတ် + က ပစ္စည်း။
ကွစိ ဓာတု သုတ်၌ ကွစိသဒ္ဒါမြစ်သောကြောင့် က်အနုဗန် မကျေလျှင် 'ခန္ဓကော, အန္ဓကော'ဟု ရုပ်ပြီးပါသည်။

http://www.dhammadownload.com

မေး။ ဤသုတ်ဖြင့် ခန္ဓ–စသည်ပြုရာ၌ သရပါ/ မပါ စိစစ်ဆုံးဖြတ်ပါ။

ဖြေ။ ''ကွစိ ဓာတု သုတ်၌ ကွစိသဒ္ဒါမြစ်သောကြောင့် ကံအနုဗန် မကျေလျှင် ''ခန္ဓကော'' စသည် ဖြစ်၏''ဟူသော စကားကို ထောက်၍ ခန္ဓ–သည် ပြုရာဝယ် နွ–၌ သရပါသည်ဟု သိရပါသည်။ မှန်၏– သရ မပါလျှင် ကပ်ဖွယ်သရ မရှိရကား 'ခန္ဓကော' စသည်ဖြင့် ရှုပ်မပြီးနိုင်ပါ။

၆၆၅၊ ၆၇၅။ ပဋ္ဌာဒီဟျလံ။ (၄၁၆)

မေး။ ပဋ္ဌလံ–စသည်တို့သည် ကိတ်ပုဒ်လော? တဒ္ဓိတ်ပုဒ်လော? စိစစ်ဖြေဆိုပါ။

ဖြေ။ ကတ္တုသာဓန ဝါစွတ္ထကို ငဲ့၍ ''ပဋ္ဌတိ ဝုဒ္ဓိ ဂစ္ဆတီတိ ပဋ္ဌလံ၊ သမူဟော''ဟု ဝစနတ္ထပြု ဤအလို ပဋ္ဌဓာတ်နောင် အလပစ္စည်းသက်၍ ရှုပ်ပြီးသော ကိတ်ပုဒ် ဖြစ်၏။ ''ပဋ္ဌေ အလံ သမတ္ထံ'' ကား ဇောတကတ္ထပြု ဝါကျဖြစ်သည်ဟု ယူရပါမည်။

''ပဋ္ဌေ အစ္ဆာဒနဝသနကိစ္စေ၊ ဖုံးလွှမ်းခြင်း, အဝတ်ဝတ်ခြင်း ကိစ္စ၌။ အလံ သမတ္ထံ၊ စွမ်းနိုင်သည်တည်း။ ပဋ္ဌလံ၊ သည်''။ ဤအလို့သင့် ပဋ္ဌ–ဟူသော နိပ္ပန္နပါဠိပဒိကပုဒ်နောင် သမတ္ထအနက်၌ အလပစ္စည်းသက်၍ ပြီးသော တဒ္ဓိတ်ပုဒ် ဖြစ်ပါသည်။

– ပဋ္ဌဓာတ် + အလပစ္စည်း = ပဋ္ဌလံ။
– ပဋ္ဌ ပုဒ် + သမတ္ထ အနက်၌ အလပစ္စည်း = ပဋ္ဌလံ။

မေး။ 'ပဋ္ဌလံ'ပုဒ်ကို ကိတ်ရုပ်, တဒ္ဓိတ်ရုပ် ၂–မျိုး စီရင်ပြခဲ့ပါ။

ဖြေ။ ပဋ္ဌတည်၊ ပဋ္ဌ၊ သည်။ ဂတိမှိ၊ ၌။ ဝတ္တတိ၏။ ဓာတွန် အ သရကို ချေ၊ ပဋ္ဌေ ကြိုးပွားခြင်း သို့ရောက်ခြင်း၌။ အလံ သမတ္ထံ၊ စွမ်းနိုင်၏။ ဣတိ အတ္ထေ၊ ၌။ ပဋ္ဌာဒီဟျလံ –ဟူသောသုတ်ဖြင့် သမတ္ထကို ထွန်းပြလျက် ကတ္တုကာရကဒ္ဒ အလ ပစ္စည်းသက် (ပဋ္ဌအလ)၊ ဋ္ဌ အ သို့ကပ်၊ နာမ်ငဲ့, သိသက်, အံ–ပြု၊ 'ပဋ္ဌလံ' ပြီး၏။ – ဤကား ကိတ်ရုပ် စီရင်ပုံတည်း။

(တစ်နည်း) ပဋ္ဌတည်၊ ဤသုတ်ဖြင့် ပဋ္ဌ–ဟူသော ပါဠိပဒိကပုဒ်နောင် သမတ္ထအနက်၌ အလ ပစ္စည်းသက်၊ သရလောပေါ သုတ်ဖြင့် ချေ, ကပ်, (ပဋ္ဌလ)၊ နာမ်ငဲ့ စသည်၊ ပြီး၏။ – ဤကား တဒ္ဓိတ်ရုပ် စီရင်ပုံတည်း။

မှတ်ချက်။ ။ ''ပဋ္ဌက္ကစ္စေဝမာဒီဟိ ဓာတူဟိ, ပါဠိပဒိကေဟိ''ဟူသော အဖွင့် နှင့် အညီ ဓာတုသိဒ္ဓ, ပါဠိပဒိကသိဒ္ဓ ရှုပ်နှစ်မျိုး ပြီးပြရခြင်းဖြစ်သည်။ ဏာသဒ္ဒလည်း နှစ်မျိုးပင် ပြ၏။

မေး။ 'ကုသလ'ပုဒ်၏ ဝစနတ္ထ ၄–မျိုးကို ရှုပ်ပြီးပုံ အကျဉ်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ၁။ ကုသ ဆေဒနဘူတဒါနသဗ္ဗဃေသု၊
ပါပကေ အကုသလေ ဓမ္မေ ကုသတိ ဆိန္ဒတီတိကုသလံ၊
ယုတ်မာသော အကုသိုလ်တရားတို့ကို ဖြတ်တတ်သော ကုသိုလ်။
– ကုသဓာတ် + အလပစ္စည်းဖြင့် ပြီး၏။

(တစ်နည်း) ကုသေ = ယထာသဘာဝဓမ္မေ, ဥဒ္ဒိဿ ဒါနေ ဝါ သဗ္ဗဃေ ဓမ္မ–သမုဒါယေ ဝါ အလန္တိ ကုသလံ။ ဟုတ်မှန်တိုင်းသော သဘောတရား၌၊ (ဝါ)

http://www.dhammadownload.com

ရည်မှန်း၍ လျှဒါနိုးခြင်း၌။ (ဝါ) ဆည်းပူးအပ်သော တရားအပေါင်း၌ စွမ်းနိုင်သော ကုသိုလ်။

– ကုသ – ပါဠိပဒိကပုဒ် + အလပစ္စည်းဖြင့် ပြီး၏။

၂။ ကုစ္ဆိတေ သလယတိ စလယတီတိ ကုသလံ၊
(ကုစ္ဆိတာနံ နာသေတွာ သလတိ ဂစ္ဆတီတိ ကုသလံ၊ – ဂဏ္ဌိ)။
စက်ဆုပ်အပ်သော အကုသိုလ်တရားတို့ကို လှုပ်ရှားစေတတ် ဖျက်ဆီးတတ်သော ကုသိုလ်။ (စက်ဆုပ်အပ်သော အကုသိုလ်တို့ကို ဖျက်ဆီး၍ ဖြစ်တတ်သော ကုသိုလ်)

– ကု သဒ္ဒူပပဒ သလဓာတ် + သဗ္ဗတော ဏွတွာဝိ ဝါ သုတ်ဖြင့် အပစ္စည်းသက်၍ ရုပ်ပြီး၏။

၃။ ကုသေ လုနာတိ ဆိန္ဒတိ ကုသလံ။
ကုသမည်သော အကုသိုလ်တရားတို့ကို ဖြတ်တောက်တတ်သော ကုသိုလ်မည်၏။
(တစ်နည်း) ကုသော ဝိယ လုနာတိ ဆိန္ဒတီတိ ကုသလံ။ ကိုင်သူ့လက်ကို ဖြတ်တတ် ရှတတ်သော သမန်းမြက်ကဲ့သို့ ဥပ္ပန္နကိလေသာ, အနုပ္ပန္နကိလေသာ နှစ်ဖို့လုံးကို ဖြတ်တောက်တတ် ရှတတ်သော ကုသိုလ်။

– ကုသ သဒ္ဒူပပဒ လူ ဆေဒနေ ဟူသောဓာတ် + အပစ္စည်း၊
(တစ်နည်း) ကပစ္စည်းဖြင့် ရုပ်ပြီး၏။

၄။ ကုသေန လာတပ္ပန္ဓိ ကုသလံ။
ကုသမည်သော ဉာဏ်သည် ယူအပ်သော ကုသိုလ်။

– ကုသ သဒ္ဒူပပဒ လာ အာဒါနေဟူသောဓာတ် + အပစ္စည်း၊
(တစ်နည်း) ကပစ္စည်းဖြင့် ရုပ်ပြီး၏။

မှတ်ချက်။ ။ ဤဝစနတ္ထနှင့် ရုပ်ပြီးပုံ ၄-မျိုးတို့တွင် အမှတ် (၁)မျိုးသာ ဤပဋ္ဌာဒီဟျလံ သုတ်နှင့် ဆိုင်၏။ ကျန် (၃) မျိုးကား ဤသုတ်အစီအရင် မဟုတ်ပါ။

မေး။ (က) မုလာလံ (ခ) စဏ္ဍာလော-တို့ကို ဓာတု+ပစ္စယ ဝေဖန်၍ ရုပ်ပြီးပုံကိုလည်း သိသာရုံမျှ ဖော်ပြပါ။

ဖြေ။ (က) 'မူလ ပတိဋ္ဌာယံ'ဟူသောဓာတ် + အလပစ္စည်း၊
မူ-၌ ဦ ကို ဥရဿပြု၍ ရုပ်ပြီးပါသည်။
(ခ) 'စဒ္ဓိ စဏ္ဍိက္ကေ'ဟူသောဓာတ် + အလပစ္စည်း၊ ဏ္ဍ-၌ အ ကို အာဒီဃပြု၍ ရုပ်ပြီးပါသည်။

မေး။ (က) ဂေါတ္တလော (ခ) ပုထုလော-တို့ကို ဖြစ်နိုင်သမျှ ရုပ်တွက်ပြခဲ့ပါ။

ဖြေ။ (က) ဂေါတ္တဓာတ်တည်၊ ပဋ္ဌာဒီဟျလံ သုတ်ဖြင့် အလပစ္စည်းသက်၊ နောက် အသရကိုချေ နာမ်ခဲ့ စသည်၊ ပြီး၏။
(တစ်နည်း) ဂေါတ္တသဒ္ဒူပပဒ လာဓာတ် + အပစ္စည်း၊ လ်-ခွင်း, ချေ, ကပ်၊ နာမ်ခဲ့စသည်၊ ပြီး၏။
(ခ) ပုထုဓာတ်တည်၊ အလပစ္စည်းသက်၍ ပြီး၏။
(တစ်နည်း) ပုထုသဒ္ဒူပပဒ လာဓာတ် + အပစ္စည်းသက်၍ ပြီး၏။

http://www.dhammadownload.com

၆၆၆၊ ၆၇၆။ ပုထဿ ပုထု ပထာမော ဝါ။ (၄၁၇)

မေး။ ပုထ–သည် ဓာတ်လော? ပါဠိပဒိကလော? ဖြေဆိုပါ။

ဖြေ။ ပုထ–သည် ရူပသိဒ္ဓိအလို ဓာတ်ဖြစ်၍၊ ကစ္စည်းအလို ပါဠိပဒိကပုဒ် ဖြစ်ပါသည်။

မေး။ ဤသုတ်ပါ ဝါသဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ ဤသုတ်၌ ဝါသဒ္ဒါသည် ကွစိအနက် ရှိပါသည်။
(အခြားအခြားသုတ်တို့၌ ဝါသဒ္ဒါ၏ အနက်ဆိုလျှင် ဝဝတ္ထိတဝိဘာသာ အနက်သာ များ၏။)

မေး။ (က) ပုထဝီ (ခ) ပထဝီ (ဂ) ပဌဝီ (ဃ) ပဓဝီ–တို့၏ ရုပ်ပြီးပုံများကို ဖော်ပြပါ။

ဖြေ။ (က) (ခ) ပုထ ဝိတ္ထာရေ ဟူသောဓာတ် + ကွိပစ္စည်း၊ ဤသုတ်ဖြင့် ပုထကို ပုထုပြု, ပထပြု၊ ကွိပစ္စည်းကို ဣ (ပုထု, ပထ)၊ ဤပစ္စည်းသက်၊ သြသရေ စ သုတ်၌ စသဒ္ဒါ ဖြင့် ဥ ကို အဝ ပြု, အ ကို အဝပြု (ပုထဝီ, ပထဝီ)၊ နာမ်ငဲ့ စသည်၊ ပြီး၏။
(ဂ) (ဃ) ပထဝီ–မှ ထ ကို ဋ–ပြုလျှင် ''ပဋဝီ''ဟု ရုပ်ပြီး၍၊ ဓ–ပြုလျှင် 'ပဓဝီ'ဟု ပြီးပါသည်။

မေး။ (က) ပုထဝီ၊ ပထဝီ၊ ပဓဝီ ထဿ ဓတ္တံ့။
(ခ) ပုထဝီ၊ ပဋဝီ၊ ထဿ ဋတ္တံ့– ဟူသော စာအနေအထားများကို ရှင်းလင်းပြပါ။

ဖြေ။ (က) သည် မြန်မာမူဖြစ်၍ (ခ)သည် သီဟိုဠ်မူ ဖြစ်၏။ ဘာသာဋီကာ, ဂဏ္ဌိတို့၌ သီဟိုဠ်မူအတိုင်းသာ အနက်ပေးပြကြပါသည်။

မေး။ ဤသုတ်ဖြင့် ပုထု, ပထ ပြုရပုံများကို ရှင်းပြပါ။

ဖြေ။ ကွိပစ္စည်းနောင်းရာ၌ ပုထု, ပထနှစ်မျိုး ပြုရ၍၊ အမပစ္စည်း နောင်းရာ၌ ပထသာ ပြုရပါသည်။

မေး။ (က) ပဌမ (ခ) ပထမ ဟု အမျိုးမျိုးရေးသားနေကြရာ သင့်မြတ်သောပါဠိကို ခိုင်လုံသော သာဓကဖြင့် ဆုံးဖြတ်ချက်ချခဲ့ပါ။

ဖြေ။ ''ပုထဿ ပုထု ပထာမော ဝါ''ဟူသော ကစ္စည်းသုတ်၊ ''ပထမေ ဇာတော ပထမော'' ဟူသော ၄င်းဂုတ္တိအဖွင့်။ ''အမပစ္စယေ ပထာဒေသော၊ ပထမော''ဟူသော ရူပသိဒ္ဓိ။ ''ပြထာ အမစ်''ဟူသော ဥဏှာဒီဂုတ္တိ၊ ''ပြထဓာတ် + အမစ် ပစ္စည်း''ဟုဖွင့်ပြသော ထောမနိဓိ အဘိဓာန်တို့အလို ''ပထမ''ပါဠိ သင့်ပါသည်။
''ပဌစရာ အဓိမာ'' ဟူသော မောဂ္ဂလ္လာန် ဏ္ဍာဒီကဏ္ဍလာ သုတ်နှင့် ''သက္ကတ၌ ဒန္တဇ တ, ထတို့သည် မာဂဓ၌ မုဒ္ဓဇ ဋ, ဌ များအဖြစ် ပြောင်းလဲလေ့ရှိသည်'' ဟူသော ဆရာမြတ်တို့အလို ''ပဌမ''ပါဠိသာ သင့်ပါသည်။

မှတ်ချက်။ ။ ယခုလက်ရှိ ဆဋ္ဌမ္ပ ပါဠို, အဋ္ဌကထာ, ဋီကာ အားလုံးတို့၌ 'ပဌမာ' ဟု မုဒ္ဓဇ ဋ–ဖြင့်ချည်းရှိပါသည်။ မြန်မာစကားလုံး အနေအားဖြင့် အသုံးပြုရာ၌ကား 'ပထမ'ဟု ထ–နှင့် ရေးသားသုံးနှုန်းကြပါသည်။

http://www.dhammadownload.com

၆၆၇၊ ၆၇၇။ သသွာဒီဟိ တုဒဝေါ။ (၄၁၇)

မေး။ သတ္တု-ပုဒ်ကို ဝစနတ္ထပြု၍၊ ဓာတ်, ဓာတ်နက်တို့ကို ဖော်ပြပြီလျှင်၊ ရုပ်ပြီးပုံကိုလည်း ရေးပြပါ။

ဖြေ။ အညေ သတ္တေ သသတိ ဟိသတီတိ သတ္တု။
သသုဓာတ်, ဟိသာဂတိ အနက်တို့ ဖြစ်ပါသည်။
သသုဓာတ် + တု၊ ဓာတွန် ဥ ကို ချေ (သသ်တု)၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဓာတွန် သ် ကို တ် ပြု၊ တ် တု သို့ ကပ် (သတ္တု)၊ နာမ်ငဲ့, သိသက်, ချေ၊ ပြီး၏။

၆၆၉၊ ၆၇၉။ မုနာဒီဟိ စိ။ (၄၁၈)

မေး။ ဤသုတ်ပါ စသဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ စသဒ္ဒါ မဟာလ, ဘဒ္ဒါလ စသော ပါဋိပဒိကပုဒ်တို့ကို ဆည်းခြင်း အဝုတ္တသမုစ္စည်း အနက်ရှိပါသည်။ (ထိုပါဋိပဒိကပုဒ်တို့နောင်လည်း ''ဣ''ပစ္စည်း သက်ပါ-ဟူလို။)

မေး။ မုနိ-ပုဒ်၌ အဘယ့်ကြောင့် ဥ ကို ဩဝုဒ္ဓိ မပြုရပါသနည်း? ဖြေဆိုပါ။

ဖြေ။ အညေသု စ-သုတ်မှ လိုက်လာသော ဝါသဒ္ဒါက တားမြစ်သောကြောင့် မုနိ-၌ ဥကို ဩဝုဒ္ဓိ မပြုရခြင်း ဖြစ်ပါသည်။

မေး။ မုနာဒီဟိ စိ သုတ်ဖြင့် (က) ဓာတ်နောင် (ခ) ပါဋိပဒိကနောင် ဣပစ္စည်းသက်သော ပြယုဂ်များကို အသီးသီး ထုတ်ပြပါ။

ဖြေ။ (က) မုနိ, ယတိ, အဂ္ဂိ-စသည်။
(ခ) မဟာလိ, ဘဒ္ဒါလိ, မဏိ-စသည်တို့ ဖြစ်ပါသည်။

၆၇၀၊ ၆၈၀။ ဝိဒါဒီဟျူရော။ (၄၁၈)

မေး။ မြန်မာမူ၌ ''ဝိဒူရော, ဝိဇ္ဇူရော ဝါ''ဟု ရှိ၍ သီဟိုဠ်မူ၌ ''ဝိဒူရော, ဝိဌူရော ဝါ'' ဟု ရှိရာ ၎င်းနှင့်စပ်၍ သိမှတ်ဖွယ်များကို ရေးပြပါ။

ဖြေ။ 'ဗုဗ္ဗုဒက'မှ ဒ ကို ဌ ပြု၍ 'ဗုဗ္ဗုဌက'ဟု ရုပ်ဖြစ်သကဲ့သို့ ဒ ကို ဌ ပြု၍ ရုပ်ပြီးသင့် သောကြောင့် ''ဝိဌူရော ဝါ''ဟူသော သီဟိုဠ်မူကိုသာ ဆရာမြတ်တို့ နှစ်သက်တော်မူ ကြပါသည်။

မေး။ 'ဝိဒူရော' နှင့် 'ဝေဒူရော'တို့၏ ခြားနားချက်ကို ဖော်ပြပါ။

ဖြေ။ 'ဝိဒူရော'သည် ဤဝိဒါဒီဟျူရော သုတ်ဖြင့် ဝိဒ လာဘေ-ဟူသော ဓာတ်နောင် ဦရ ပစ္စည်းသက်၍ ပြီးသောပုဒ် ဖြစ်၏။ 'ဝေဒူရော'ကား ဤသုတ်နှင့်မဆိုင်၊ ဏ ရာဂါ တဿေဒ-စသောသုတ်ဖြင့် ဝိဒူရ-ပုဒ်နောင် ဇာတအနက်၌ ဏပစ္စည်းသက်၍ ပြီးသော တဒ္ဓိတ်ပုဒ် ဖြစ်၏။ ဤသို့ ခြားနားပါသည်။

- ဝိဒူရ၊ ဝေးသောအရပ် (ဝိဒူရတောင်)
- ဝေဒူရ၊ ဝေးသောအရပ် (ဝိဒူရတောင်)၌ ဖြစ်သော ပတ္တမြား။

http://www.dhammadownload.com

မေး။ ''ဝိဒူရေ ဇာတော ဝေဒူရော၊ မဏိ'' ဟူသော ဝါကျနှင့် စပ်၍ သိမှတ်ဖွယ်များကို ဖွေးပြပါ။

ဖြေ။ ''ဝေဒူရော'' ဟူသောပြယုဂ်ကို တွေ့သောအခါ တပည့်များ တွေဝေမှု မဖြစ်စေခြင်း အကျိုးငှါ ''ဝိဒူရဋ္ဌာနေ ဇာတော ဝေဒူရော'' ဟူသော ဝါကျကို ထည့်ပြထားခြင်းဖြစ်ကြောင်း ရှာသဋ္ဌ ဖွင့်ဆိုပါသည်။

ဂဏ္ဌိဒ္ဌကား – ''ဝိဒူရေ ဇာတော–ကား အတ္ထစရိကျ။ ဝေဒူရော–ကား နိပ္ပန္န၊ မဏိ ကား အရကို ပြသည်'' ဟူသော သီဟိဠ်သန္နအဆိုသို့ လိုက်၍ ''ဝေဒူရော'' ကို ဤသုတ်ဆိုင်ရာ ပြယုဂ်ဟု ယူပြီး ဝိဒဓာတ် ဦရပစ္စည်းဖြင့် ရုပ်စီရင်ပြသည်။ (အညေသု စ ဖြင့် ဣ ကို ဧဝုဒ္ဓိပြုပါ။)

မေး။ မယူရော–ပုဒ် ရုပ်ပြီးပုံ ၂–မျိုးကို ဖွေးပြပါ။

ဖြေ။ မယ ဂတိမှိ–ဟူသော ဓာတ်နောင် ဤသုတ်ဖြင့် ဦရပစ္စည်းသက်၍ ''မယူရ'' ဟု ပြီး၏။

(တစ်နည်း) မဟိယံ ရဝတီတိ မယူရော။

မဟိသဒ္ဒူပပဒ ရုဓာတ် + ကွိပစ္စည်း။ ''မဟိရု'' ဟု ဖြစ်သင့်လျက် တေသု ဝုဒ္ဓိ သုတ်ကြောင့်ဖြင့် ဟ–ကို ယ–ပြု၊ ဤ–ကို ဦ–ပြု၊ ကွစိ ဓာတု သုတ်ကြောင့်ဖြင့် ရု–၌ ဥ ကို အ ပြု၍ ''မယူရ'' ဟု ပြီး၏။

မေး။ ''နိရုတ္တိနည်း'' ဟူသည် အဘယ်နည်း? ဖြေဆိုပါ။

ဖြေ။ ''ဝဏ္ဏာဂမော ဝဏ္ဏဝိပရိယယော စ'' စသော နိရုတ္တိလက္ခဏာသို့ အစဉ်လိုက်၍ တေသု ဝုဒ္ဓိ သုတ်ကြောင့်ဖြင့် ဖြစ်စေ, ကွစိ ဓာတု သုတ်ကြောင့်ဖြင့်ဖြစ်စေ ရုပ်ပြီးစေခြင်းကို ''နိရုတ္တိနည်း'' ဟု ဆိုပါသည်။

မေး။ နိရုတ္တိနည်း ၅–မျိုးကို သက်ဆိုင်ရာ ပြယုဂ်များနှင့်တကွ ရှင်းလင်းဖော်ပြပါ။

ဖြေ။ ၁။ အက္ခရာလာခြင်းကို စီရင်သောနည်းသည် ''ဝဏ္ဏာဂမ နိရုတ္တိနည်း'' မည်၏။

ပြယုဂ်ကား – နက္ခတ္တရာဇာရိဝ တာရကာနံ–အစရှိသည်တည်း။

ဤ၌ ''နက္ခတ္တရာဇာရိဝ'' ဟူသောနည်းသည် ရ–အက္ခရာလာခြင်းကို စီရင်သောကြောင့် ''ဝဏ္ဏာဂမ နိရုတ္တိနည်း'' မည်၏။

[ဒွါရေ နိယုတ္တော ဒေါဝါရိကော–ကိုလည်း ထုတ်၊ ဒ နှင့် ဝ တို့၏ အကြားဌ် သြ အက္ခရာလာ။ မောဂ်ပဋိကာ၊ ၁၊ ၄၇။]

၂။ အက္ခရာ ရှေ့နောက်ပြန်သောနည်းသည် ''ဝဏ္ဏဝိပရိယယနည်း'' မည်၏။

ပြယုဂ်ကား – ''ဟံသတိတိ သီဟော'' အစရှိသည်တည်း။

ဤ၌ ''သီဟော'' ဟူသောနည်းသည် ဟအက္ခရာကို နောက်, သအက္ခရာကို ရှေ့အားဖြင့် ပြန်သောကြောင့် ''ဝဏ္ဏဝိပရိယယနည်း'' မည်၏။

(ဟံသတိတိ သီဟောတိ ဟိသိသ္မာ အပ္ပစ္စယေ ဟသာနံ ဝိပလ္လာသော စ ဗိန္ဒုလောပဒီဃာ။ – မောဂ်ပဋိကာ။)

၃။ အက္ခရာဖောက်ပြန်သောနည်း (ဝဏ္ဏတစ်ပါးကို ဝဏ္ဏတစ်ပါးပြုသောနည်း)သည် ''ဝဏ္ဏဝိကာရနည်း'' မည်၏။

ပြယုဂ်ကား – ''နိယကော'' အစရှိသည်တည်း။

ဤ၌ ''နိယကော'' ဟူသောနည်းသည် တ–အက္ခရာသည် က–အက္ခရာအားဖြင့် ဖောက်ပြန်သောကြောင့် ''ဝဏ္ဏဝိကာရနည်း'' မည်၏။

http://www.dhammadownload.com

၄။ အက္ခရာကို ချေသောနည်းသည် ''ဝဏ္ဏနာသနည်း'' မည်၏။ (ဝဏ္ဏလောပနည်း-ဟုလည်း ဆိုကြသည်။)
ပြယုဂ်ကား - ''မေဟနဿ ခဿ မာလာ မေခလာ'' အစရှိသည်တည်း။
ဤ၌ 'မေခလာ'ဟူသောနည်းသည် ဟအက္ခရာ, နအက္ခရာ, မာအက္ခရာတို့ကို ချေသောကြောင့် ''ဝဏ္ဏနာသ (ဝဏ္ဏလောပ) နည်း'' မည်၏။

၅။ ဓာတ်၏ ဟောမြွအနက်မှ လွန်သော ထူးသောအနက်နှင့် ယှဉ်သောနည်းသည် ''အတ္ထာတိသယ''နည်း မည်၏။
ပြယုဂ်ကား - ''မဟိယံ ရဝတိတိ မယူရော'' အစရှိသည်တည်း။
ဤ၌ ''မဟိယံ ရဝတိ'' ဟူသောနည်းသည် ရုဓာတ်၏ အသံပြုခြင်း သာမညတည်း ဟူသော ဟောမြွအနက်မှ ဥဒေါင်းဟူသော သတ္တဝါအထူး၏ အသံပြုခြင်းဟူသော လွန်သော ထူးသောအနက်နှင့် ယှဉ်သောကြောင့် ''အတ္ထာတိသယနည်း''မည်၏။

မေး။ အတ္ထာတိသယနည်းနှင့် စပ်၍ သိမှတ်ဖွယ်များကို ပြည့်စုံအောင် ရှင်းပြပါ။

ဖြေ။ ''မဟိယံ ရဝတိ''ဟူသောပြယုဂ်၌ ရုဓာတ်၏ 'အသံပြုခြင်း သာမည'တည်းဟူသော ဟောမြွအနက်မှ 'ဥဒေါင်းဟူသော သတ္တဝါအထူး၏ အသံပြုခြင်း'ဟူသော လွန်သော ထူးသော အနက်နှင့် ယှဉ်ခြင်းကို ''အတ္ထာတိသယနည်း''ဟု **မောဂ္ဂလ္လာန် ပဋိကာ** (၁၊ ၄၇) ၌ ဆိုသည်။

'ကာသိကာဝိဝရဏ ပဋိကာ'၌ ရုဓာတ်၏ အသံပြုခြင်းဟူသော ဟောမြွအနက်မှ ပျော်မြူးခြင်းဟူသော လွန်သော ထူးသောအနက်နှင့်ယှဉ်ခြင်းကို ''အတ္ထာတိသယနည်း'' ဟု ဆိုပါသည်။

ပုဒ်စစ်၌ကား ''မယဓာတ်၏ ဂတိတည်းဟူသော ဟောမြွအနက်မှ သဒ္ဒတည်းဟူသော လွန်သောအနက်နှင့် ယှဉ်သောကြောင့် အတ္ထာတိသယနည်းမည်၏''ဟုဆိုသည်။ ထိုအဆိုကို ဆရာမြတ်တို့ နှစ်သက်တော်မမူကြပါ။ အကြောင်းကား ''မဟိယံ ရဝတိ''၌ မယဓာတ် မဟုတ်, မဟိသဒ္ဒူပပဒ ရုဓာတ်သာ ဖြစ်သောကြောင့်တည်း။

အဋ္ဌကထာ, ဋီကာတို့၌ ဝိသေသတ္ထ (ထူးသောအနက် = အနက်ထူး)ကို အတ္ထာတိသယ-ဟု ဆိုပါသည်။ ဥပမာ-''သတ္ထဟာရကံ ဂါဿ ပရိယေသေယျ''ဝယ် ပရိယေသေယျ-၌ ပရိပုဗ္ဗ သေဓာတ်၏ 'ရှာမှီးခြင်း'ဟူသော ထင်ရှားသောအနက်မှ ထူးသော 'ဥပနိက္ခိပန(ချထားခြင်း)'အနက်ကို ဟောခြင်းသည် အတ္ထာတိသယနည်း မည်၏။ (အပိုဖြစ်သောအနက်တစ်ခုကို ဟောခြင်း မဟုတ်။ -ဝိ၊ ဋ္ဌ၊ ၂။ ၄၁။ (သီဋီသစ်၊ ၂။ ၂၂၃။ ကြည့်)။ **ယနုကာလ**၌ကား ဓာတ်၏ ဟောရင်းအနက်ကို လက်မလွတ်ပဲ အပိုအနက် အစွန်းထွက်အောင်ပေးခြင်းကို အတ္ထာတိသယ-ဟု ဆိုကြပါသည်။ ဥပမာ - ''ပရိယေသေယျ။ ရှာမှီး၍ အနီးဥ်ချထားငြားအုံ'' စသည်။

၆၇၁၊ ၆၈၁။ ဟနာဒီဟိ ထုနုတဝေါ (၄၁၉)

မေး။ (က) ဟဏာ နှင့် ဟန (ခ) ဇာဏာ နှင့် ဇာန တို့ကို ရှင်းပြခဲ့ပါ။

ဖြေ။ (က) ဤသုတ်၌ ''ဟန ဟိံသာဂတီသု၊ ဟနတီတိ ဟဏာ''ဟု မုဒ္ဓဇဏာနှင့် ပြသော်လည်း

http://www.dhammadownload.com

ကာလေ ဝတ္တမာနာ'တီတေ ဏွာဒယော သုတ်၌ ''ဟနု''ဟု ဒန္တဇ နှင့် ပြခဲ့သည်။

(ခ) ဇနဓာတ် + ဏုပစ္စည်း၊ 'ဇနာဒီန မာ'ဟူသော ယောဂဝိဘာဂဖြင့် ဓာတွန် နှ ကို အာ–ပြု၊ ဇ် ခွင်း, ချေ, ကပ်၊ နာမ်ငဲ့, သိသက်, ချေ၍ ''ဇာဏု''ဟု ပြီး၏။

ဤသုတ်၌ ဤသို့ မုဒ္ဓဇ ဏ နှင့် 'ဇာဏု'ဟု ပြသော်လည်း ကာလေ ဝတ္တမာနာ'တီတေ ဏွာဒယော သုတ်၌ကား ''ဇနီယတီတိ ဇာနု၊ ဇယ်ာသန္ဓိ''ဟု ဒန္တဇ နှ ဖြင့် ပြခဲ့ပါသည်။ ယင်းသုတ်အလို ဇနဓာတ် + ဏုပစ္စည်း။ ဏ်အနုဗန် ကိုချေ၊ ဇ–၌ အ ကို အာဝုဒ္ဓိပြု၊ နှ ဥ သို့ကပ်၍ ရုပ်ပြီးစေရပါမည်။

မေး။ (က) ဘာဏုနှင့် ဘာနု (ခ) ဝေနု နှင့် ဝေဏု တို့ကို ရှင်းပြပါ။

ဖြေ။ (က) ဏုပစ္စည်းနေရာ၌ ''ဘာ ဒိတ္တိမှိ၊ ဘာတီတိ ဘာဏု''ဟု ပြ၍၊ နုပစ္စည်းနေရာ၌လည်း ''ဘာတီတိ ဘာနု''ဟု ထပ်ပြပြန်သည်။ ထိုကြောင့် ၂–မျိုးလုံးပင် အသုံးရှိသည်ဟု မှတ်ယူရပါမည်။

(ခ) ''နုပစ္စယေ – ဝေ တန္တသန္တာနေ၊ ဝါယတီတိ ဝေနု, ဝေဏု ဝါ''ဟု ရူပသိဒ္ဓိ ဆရာ ဖွင့်ဆိုသောကြောင့် ဒန္တဇ, မုဒ္ဓဇ ၂–မျိုးလုံးပင်ရှိသည်ဟု မှတ်ယူရပါမည်။

မေး။ သသွာဒီဟိ တုဒဝေါ သုတ်နှင့် ဟနာဒီဟိ ဏုနုတဝေါ သုတ်တို့ဖြင့် သက်သော တုပစ္စည်း ၂–မျိုးတို့၏ အထူးကို ရေးပြခဲ့ပါ။

ဖြေ။ သသွာဒီဟိ တုဒဝေါ သုတ်ဖြင့် သက်သော တုပစ္စည်းဖြင့် ရုပ်ပြီးရာ၌ ''သတ္တု, ဇတ္တု'' စသည်ဖြင့် သဒိသဒွေးဘော်နှင့် ရှိရသည်။ ဟနာဒီဟိ ဏုနုတဝေါ သုတ်ဖြင့် သက်သော တုပစ္စည်းဖြင့် ရုပ်ပြီးရာ၌ကား – ''ဓာတု, သေတု''စသည်ဖြင့် လည်းကောင်း၊ ဇန္တု, တန္တု စသည်ဖြင့်လည်းကောင်း ရှိရပါသည်။ ဤသို့ ထူးပါသည်။

မေး။ ဝတ္ထု–ပုဒ်ကို ဝစနတ္ထပြု၍၊ အနက်ပေးပြီး ရုပ်ပြီးပုံကိုလည်း ဖော်ပြပါ။

ဖြေ။ ဝသ နိဝါသေ၊ ဝသတိ ဧတ္ထ ဖလံ တဒါယတ္တဝုတ္တိတာယာတိ ဝတ္ထု။

တဒါယတ္တဝုတ္တိတာယ၊ ထိုအကြောင်းနှင့် စပ်သောဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ ဧတ္ထ၊ ဤအကြောင်း၌။ ဖလံ၊ အကျိုးသည်။ ဝသတိ၊ တည်နေတတ်၏။ ဣတိ၊ ကြောင့်။ ဝတ္ထု၊ ဝတ္ထု–မည်၏။

ဝသ် + တု၊ ကွစိဓာတုသုတ်ကြီးဖြင့် 'သ္တ' သံယုဂ်ကို 'တ္ထ' ပြု၍ ''ဝတ္ထု''ဟု ရုပ်ပြီးပါသည်။

၆၇၂၊ ၆၈၂။ ကုဋ္ဌာဒီဟိ ဌော။ (၄၂၀)

မေး။ (က) ကုဌော (ခ) ကောဌော–တို့ကို ဝိဂြိုဟ်ဆို၍၊ ရုပ်ပြီးပုံကိုလည်း အသီးသီး ရေးပြပါ။

ဖြေ။ (က) ကုဋ္ဌ ဆေဒနေ၊ ကုဋ္ဌတိ ဆိန္ဒတီတိ ကုဌော။ နူနာကို ရ၏။

ကုဋ္ဌ + ဌ၊ ဋ္ဌ ကို ဌ သို့ကပ် (ကုဌ)၊ နာမ်ငဲ့စသည်၊ 'ကုဌော' ပြီး၏။

(ခ) ကုသ ဆေဒနပူရဏဂန္ဓေသု၊ ကုသတီတိ ကောဌော။ ဝမ်းဗိုက်ကို ရ၏။

(ကုသတိ၊ ပြည့်တတ်၏–ဟုပေး။)

http://www.dhammadownload.com

ကုသ် + ၌၊ ဓာတွန် သ် ကို ချေ၊ ကု–၌ ဥ ကို ဩဝုဒ္ဓိပြု၊ ၌ ကို အသဒိသဒွေးဘော် ၌–ပြု (ကောဌ)၊ နာမ်ငဲ့စသည်၊ 'ကောဌော' ပြီး၏။

၆၇၃၊ ၆၈၃။ မနုပူရသုဏာဒီဟိ ဥဿနုသိသာ (၄၂၀)

မေး။ (က) မနူသော (ခ) မာနုသော–တို့ကို ဝိဂြိုဟ်ဆို၍၊ ရုပ်ပြီးပုံကိုလည်း ရေးပြပါ။

ဖြေ။ (က) မနတေ ဇာနာတီတိ မနုသော။

မနဓာတ်တည်၊ ဓာတွန် အ ကိုချေ၊ ဤသုတ်ဖြင့် ဥဿ ပစ္စည်းသက်၊ နု ဥသို့ ကပ် (မနုဿ)၊ နာမ်ငဲ့စသည်၊ ပြီး၏။

(ခ) ဝိဂြိုဟ်တူ။

မနဓာတ်တည်၊ ဓာတွန် အ ကိုချေ၊ နုသ ပစ္စည်းသက်၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ဖြစ်စေ, ဇနာဒီန မာ–ဟူသော ယောဂဝိဘာဂဖြင့် ဖြစ်စေ ဓာတွန် နှ် ကို အာ ပြု (ဘာသာဋ္ဌီကာ)၊ ဤသုတ်ဖြင့်ပင် ဓာတွန် နှ် ကို အာ ပြု (ဂဏ္ဌိ)၊ နာမ်ငဲ့စသည်၊ ပြီး၏။

မှတ်ချက်။ ။ ကစ္စည်းဝုတ္တိလာ ''ပုန နိပ္ပဇ္ဇန္တေ'' နှင့် ''ပုန အက္ခရလောပါဒိဝ သေန နိပ္ပဇ္ဇန္တေတိ ဥာပနတ္ထံ''ဟူသော ချာသအဖွင့်တို့ကို ထောက်၍ ဤသုတ်ဖြင့်ပင် ဓာတွန် နှ်–ကို အာ–ပြုဟု ဂဏ္ဌိ၌ ဆိုခြင်းဖြစ်သည်။

မေး။ 'ပုရိသော'ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြုပြ၍၊ သိအပ်, သိထိုက်သည်ကိုလည်း ရှင်းပြပါ။

ဖြေ။ ၁။ ပူရတီတိ ပုရိသော။ ဤသုတ်ဖြင့် ပူရဓာတ်နောင် ဣသပစ္စည်းသက်၍ ရုပ်ပြီး၏။ (ကွစိ ဓာတု သုတ်ဖြင့် ပူ ၌ ဦ ကို ဥရဿပြုပါ။)

၂။ ပုရေ ဥစ္စေ ဌာနေ သေတီတိ ပုရိသော။ ပူရဓာတ်နောင် ဤသုတ်ဖြင့် ဣသပစ္စည်း ဖြင့်ပြီးသော တဒ္ဓိတ်ပုဒ်–ဟု ဂဏ္ဌိ၌ ဆိုသည်။

ဘာသာဋ္ဌီကာ၌ကား – ပုရိ သဒ္ဒူပပဒ သိဓာတ်+အပစ္စည်း၊ ဤသုတ်နှင့် မဆိုင်–ဟု ဆိုပါသည်။

မေး။ ပေါသော–ပုဒ်ကို ရုပ်ကျဉ်း စီရင်ပြခဲ့ပါ။

ဖြေ။ ပူရဓာတ် ဣသပစ္စည်း၊ ကွစိ ဓာတု သုတ်ကြီးဖြင့် ရ် နှင့် ဣ ကိုချေ (ပူသ)၊ အညေသု စ သုတ်ဖြင့် ဦ ကို ဩဝုဒ္ဓိပြု (ပေါသ)၊ နာမ်ငဲ့ စသည်၊ 'ပေါသော' ပြီး၏။

မေး။ ကရီသံ–ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ ရုပ်ပြီးပုံကိုလည်း ရေးပြပါ။

ဖြေ။ ကဝီယတီတိ ကရီသံ၊ မလံ။

ကုဓာတ်တည်၊ ဤသုတ်ဖြင့် ဣသပစ္စည်းသက်၊ ကွစိ ဓာတု သုတ်ကြီးဖြင့် (ဂဏ္ဌိ–အလို ဤသုတ်ဖြင့်) ကုဓာတ်ကို ကရ ပြု၊ ဣ ကိုလည်း ဤဒီဃပြု၊ ရ် ခွင်း, ချေ, ကပ် (ကရီသ)၊ နာမ်ငဲ့, သိသက်, အံပြု, ချေ, ကပ်၊ ကရီသံ ပြီး၏။

မေး။ သုရိယော–ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ ရုပ်ပြီးပုံကိုလည်း ဖော်ပြပါ။

ဖြေ။ အန္တကာရဝိဓမနေန သတ္တာနံ ဘယံ ဟိသတီတိ သုရိယော၊ သု + ဣသ၊ တေသု ဝုဒ္ဓိ သုတ်ကြီးဖြင့်ဖြစ်စေ, ယဝမဒန–သုတ်ဖြင့် ဖြစ်စေ ရ်–အက္ခရာလာ၊ ရ်, ဣ သို့ကပ်၊

http://www.dhammadownload.com

ကွစိ ဓာတု သုတ်ကြီးဖြင့် သ ကို ယ ပြု (သုရိယ)၊ နာမ်ငဲ့ စသည်၊ ပြီး၏။ (ဂဏ္ဌိ၌ ဤသုတ်ဖြင့်ပင် ရ လာ၍ သ ကို ယ ပြု၏။)

သူရိယော။ ။ ကစ္စည်း၌ **သူရိယော**–ဟု ရှိ၏။ ဥ ကို **ဦ ဒီဃပြုဟု** ကြံ၊ ''သူရံ **ဇနေတိ** သူရိယော''ဟု ဝစနတ္ထပြုလျှင် သူရ ပုဒ်နောင် **ဇနေတိ**–အနက်၌ ဏ္ဍယပစ္စည်းဖြင့် ပြီးသော 'ဇနေတိ' တဒ္ဓိတ်ပုဒ် ဖြစ်၏။

မေး။ မဟိသော–ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြု၍၊ ရုပ်ပြီးပုံကိုလည်း ရေးပြပါ။

ဖြေ။ မဟတီတိ မဟိသော။ မဟတိ၊ အရှင်ကို လုပ်ကျွေးသောအားဖြင့် ပူဇော်တတ်၏–ဟု အနက်ပေးပါ။

မဟာဓာတ် + ဏ္ဍသပစ္စည်းဖြင့် ရုပ်ပြီးပါသည်။

မဟိယံ သေတိတိ မဟိသော၊

မဟိသဒ္ဒူပပဒ သိဓာတ် + အပစ္စည်း၊ ဟိ ၌ ဤ ကို ဏ္ဍရဿပြု၊ သိ ခွင်း, ချေ, ကပ် (မဟိသ)၊ နာမ်ငဲ့စသည်၊ 'မဟိသော' ပြီး၏။ နိဂ္ဂဟိတ်လာလျှင် ''မဟိံသော'' ဟု ပြီး၏။ (ဘာသာဋ္ဌီကာအလို)

ဂဏ္ဌိ၌ကား – မဟီပုဒ်+ဏ္ဍသပစ္စည်း၊ သေတိ တဒ္ဓိတ်ပုဒ်–ဟု ဆိုပါသည်။ ဘာသာဋ္ဌီကာအလို ဒုတိယနည်းသည် ဤသုတ်နှင့် မဆိုင်ပေ။ ဂဏ္ဌိအလိုကား ဤသုတ်ဆိုင်ရာ ပြယုဂ်ပင်တည်း။

မှတ်ချက်။ ။ ကစ္စည်း၌ ''မဟိတမ္ဘော ပူဇေတမ္ဘောတိ မဟိသော''ဟု ကမ္မသာဓနဝစနတ္ထ ပြုပြု၏။

မေး။ သိသံ–ပုဒ်ကို ဝစနတ္ထပြု၍၊ ရုပ်ပြီးပုံကိုလည်း ရေးပြပါ။

ဖြေ။ သိယတိ ဗန္ဓီယတီတိ သိသံ။

သိ + ဏ္ဍသ၊ သိ–၌ ဏ္ဍ ကိုခေျ။ ဏ္ဍသ–၌ ဏ္ဍ ကို ဤဒီဃပြု (သီသ)၊ နာမ်ငဲ့, သီသက်, အံပြု၊ 'သီသံ' ပြီး၏။

မေး။ ''ကိတသင်္ဃ''ဟူသည် အဘယ်နည်း? ဖြေဆို၍၊ ကိတသင်္ဃ ၆–မျိုးကိုလည်း ရေတွက်ပြပါ။

ဖြေ။ ကိတ်ပစ္စည်းတို့ကို သိမ်းယူရာအခန်းကို ''ကိတသင်္ဃ''ဟု ခေါ်ပါသည်။

၁။ တဗ္ဘာဒိ (ကိစ္စ) ပစ္စယန္တနယ၊ ၄။ တဝေတုနာဒိပစ္စယန္တနယ၊
၂။ ဏာဒိ (တေကာလိက) ပစ္စယန္တနယ ၅။ မာနာန္တာဒိပစ္စယန္တနယ၊
၃။ နိဋ္ဌာ (အတီတ) ပစ္စယန္တနယ၊ ၆။ ဥဏာဒိပစ္စယန္တနယ။

၇–ကိဗ္ဗိဓာနကပ္ပ (ကိဗ္ဗိဓာနကဏ္ဍ) ပြီး၏။

http://www.dhammadownload.com

နိဂမန

မေး။ ရူပသိဒ္ဓိကျမ်းလာ သဒ္ဓိအပြား ၃-ပါးနှင့် ပုဒ် ၄-မျိုးတို့ကို ဖော်ပြပါ။

ဖြေ။ ၁။ သရသန္ဓိ ၂။ ဗျဉ္ဇနသန္ဓိ ၃။ နိဂ္ဂဟိတသန္ဓိ
(တစ်နည်း)
၁။ လောပသန္ဓိ ၂။ အာဒေသ သန္ဓိ ၃။ အာဂမသန္ဓိ။

၁။ နာမ်ပုဒ် ၂။ အာချာတ်ပုဒ်
၃။ နိပါတ်ပုဒ် ၄။ ဥပသာရပုဒ်။

မေး။ နာမ်အပြား ၄-ပါး၊ ၅-ပါးတို့ကို ရေတွက်ပြပါ။

ဖြေ။ နာမ်အပြား ၄-ပါး ၁။ ဇာတိနာမ် ၂။ ဂုဏနာမ်
၃။ ကြိယာနာမ် ၄။ ယဒိစ္ဆာနာမ်

နာမ်အပြား ၅-ပါး ၁။ ကွာတ္ထိလိင်နာမ် ၂။ ပုလ္လိင်နာမ်
၃။ နပုလ္လိင်နာမ် ၄။ အနိယတလိင်နာမ်
၅။ အလိင်နာမ်

အမှာ။ ။ သဗ္ဗစသော သဗ္ဗနာမ်ပုဒ်များကို ''အနိယတလိင်နာမ်''၊ တုံမှ, အမှ စသည်တို့ကို ''အလိင်နာမ်''ဟုမှတ်ပါ။

မေး။ ရူပသိဒ္ဓိ နိဂုံးကပြောသော ရူပသိဒ္ဓိဆရာတော်၏ အကြောင်း အတ္ထုပ္ပတ်ကို ထုတ်ဖော်ပြပါ။

ဖြေ။ ရူပသိဒ္ဓိဆရာတော်၏ ဆရာသည် သီဟိုဠ်ကျွန်း၌ တံခွန်သဖွယ် ဝင့်ထယ်မြင့်မား ထင်ရှားသော ''အရှင်အာနန္ဒာမထေရ်'' ဖြစ်ပါသည်။

ကျမ်းပြုဆရာတော်ကား ဒမိဋ္ဌ (စောင်)တိုင်း၌ ''ဒီပင်္ကရ'' ဟူသောအမည်ဖြင့် ထင်ရှားခဲ့၍ ရူပသိဒ္ဓိကျမ်းပြုချိန်ဝယ် သီဟိုဠ်ကျွန်း၌ ''အရှင်ဗုဒ္ဓပိယ''ဟု ထင်ရှားသော မထေရ် ဖြစ်ပါသည်။

ထိုမထေရ်သည် ''ဗာလာဒိစ္စ (ဗာလာဒိတိ)''မည်သော် ကျောင်းတိုက်နှင့် ''စူဠမဏိကမ္မ'' မည်သော ကျောင်းတိုက် ၂-တိုက်ကို အုပ်ချုပ်နေထိုင်စဉ် ဤရူပသိဒ္ဓိကျမ်းစာကို ရေးသားတော်မူခဲ့ခြင်းဖြစ်ပါသည်။

"ကြဓတ်ဝိုင်း ရူပသိဒ္ဓိရှင်းတမ်း" ပြီး၏။



http://www.dhammadownload.com

ကြဲခတ်ဝိုင်း ရူပသိဒ္ဓိရှင်းတမ်း
ကျမ်းပြီးနိဂုံး



ဂန္ဆကာရဿ ဓိရဿ၊ သာသနဇ္ဇောတကာရိနော။
ကြဲခတ်ဝိုင်းတိ ဝိဿုတဿ၊ တဿ သဒ္ဓိဝိဟာရိန၁။

အဘယာရာမဝါသိဿ၊ တိရောရဋ္ဌေပိ ကိတ္တိနော။
နာနာဂန္ထေ'တိဆေကဿ၊ ထေရဿာဘျာသစာရိန၁၊

မုနိန္ဒာဘိဘိဝံသေန၊ ပထမကျော်တျူပါဓိန၁။
ကတော' ယံ နိဋ္ဌိတော ဂန္ထော၊ ရူပသိဒ္ဓတ္ထဒီပကော။

ဂန္ထကာရဿ၊ လူရွှင်အများ၊ သိဉာဏ်ပွားဖို့၊ စိတ်ထားရည်သန်၊ ကျမ်းဂန်စုစု၊ ရေးသားပြုသဖြင့်၊ ကျမ်းပြုဆရာတော်လည်း ဖြစ်တော်မူပါပေထသော။ ဓိရဿ၊ လောကုတ် လောကီ၊ နှစ်လိုနှစ်ဘက်၊ စုံသည့်တွက်ကြောင့်၊ ထက်မြက်သော ပညာရှင်လည်း ဖြစ်တော်မူပါပေထသော။ သာသနဇ္ဇောတကာရိနော၊ အပါးတစ်ထောင်ကျော်၊ သံဃာတော်အများ၊ စားဝတ်နေရေး၊ ပညာရေးနှင့်၊ အရေးအထွေထွေ၊ ပြည့်ဝစေဖို့၊ မနေမနား၊ လုံ့လထားလျက်၊ ကြိုးစားတွင်တွင်၊ မြတ်ရှင်ပင်၏၊ သုံးအင်သာသနာ၊ နေရောင်ဝါသို့၊ ပမာမယွင်း၊ လင်းထက်လင်းအောင်၊ ဆောင်ရွက်ပြုစုလေ့ရှိပေထသော။ ကြဲခတ်ဝိုင်းတိ ဝိဿုတဿ၊ ဌာနအမည်၊ ဌာနီမှာထင်လျက်၊ မြန်ပြည်တစ်ခွင် သာသနာ့သမိုင်းမှာ၊ ''ကြဲခတ်ဝိုင်း–ကြဲခတ်ဝိုင်း'' ဟု၊ ပေါ်လွင်ထင်ရှား ကျော်ကြားတော်မူပါပေထသော။ တဿ၊ ဆိုအပ်ခဲ့ပြီး၊ ပွားစီးစုံလင်၊ များဂုဏ်အင်နှင့်၊ ထို့ပြင် ထွေပြား၊ ''အဘိဓေ မဟာရဋ္ဌဂုရု၊ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဇာဒါဒါစရိယ'' ဟူသော ဂုဏ်တော်များ၏တည်ရာ၊ ထိုဆရာသခင်၊ ကျေးဇူးရှင် မဟာထေရ မြတ်ကြီး၏။ သဒ္ဓိဝိဟာရိန၁၊ ကလေးအရွယ် ဟိုအငယ်မှ၊ ပြည့်ကြွယ်ဂုဏ်၊ ယခုကျအောင်၊ တကွမသွေ၊ အတူနေတပည့် ဖြစ်ပေထသော။

အဘယာရာမဝါသိဿ၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်အပါ၊ အဘယာရာမ၊ နာမထင်ပေါ်၊ ကျောင်းတိုက်တော်၌၊ ညီလျော်ယာပိုက်၊ နှစ်ခြိုက်ရှင်ပြုး၊ သီတင်းသုံးနေတော်မူလေ့ရှိပေထသော။ (ကွဒါနိ၊ ဤကျမ်းစာကို ရိုက်နှိပ်ထုတ်ဝေရာ ယခုအခါကာလ၌။ အမေရိကန်နာမကေ ရဋ္ဌေ၊ ကမ္ဘာနိုင်ငံ အတန်တန်၌ ပြိုင်စံမပေါ် ''အမေရိကန်'' ဟုခေါ်သော နိုင်ငံတော်ကြီး၌။ ဝါသိဿ၊ ဗုဒ္ဓမြတ်စွာ၊ သာသနာအရေး၊ မျှော်တွေးမွေ့လျော်၊ သီတင်းသုံးနေထိုင်တော်မူပေထသော။) တိရောရဋ္ဌေပိ၊ အမေရိကန်၊ အင်္ဂလန်မှ၊ စ၍တန်တန်၊ နိုင်ငံရပ်ခြား၊ တိုင်းတစ်ပါး၌လည်း။ ကိတ္တိနော၊ ကျောင်းတိုက်တည်ထောင်၊ မြတ်ဘုန်းခေါင်၏၊ ထွန်းပြောင်သာသနာ၊ ပြန့်စိမ့်ငှါလျှင်၊ စာပေသင်ပြ၊ တရားပြသဖြင့်၊ ထာဝရမြင့်ကြွယ်၊ ထင့်တယ်ဂုဏ်သတင်း၊ ကျော်စောခြင်းငှံ့ ကော်မူပါပေထသော။ နာနာဂန္ထေ၊ ပါဠိ အဋ္ဌကထာ၊ ဋီကာ မက၊ သက္ကတနှင့်၊ ပါကဟတစ်ပြာ

http://www.dhammadownload.com

အင်္ဂလိပ်စာဟု, ဘာသာပုံယင်, ကျမ်းအစုံအလင်၌။ အတိဆေကဿ၊ အထက်နှင့် အောက်, ရှေ့နှင့် နောက်ဟု, မွှေနှောက်ကုန်စင်, အလွန်လျှင်ကျွမ်းကျင်တော်မူပါပေထသော။ ထေရဿ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ D. Litt.၊ ဘွဲ့တံဆိပ်တော်အတန်တန်, အလှူခံရရှိ, ကြီးဘိဂုဏ်ရောင်, ပြည်ထောင်စုမြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်, သမုတ်တင်ထ, ''ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ''မည်ခေါ်, မထေရ်ကျော်၏။ အဘျာသစာရိနာ၊ အထံတော်တွင်, ချဉ်းကပ်ဝင်လျက်, များဖြင်ကျမ်းဂန်, တတ်သိရန်ဖို့, နည်းခံသင်ကြား, တပည့်တစ်ပါးလည်း ဖြစ်ပေထသော။

ပထမကျော်တျူပါဓိနာ၊ ပဲခူးမြို့ ဝိနယာဓိကပရိယတ္တိ ပထမကျော်, နိုင်ငံတော်အစိုးရ ပထမကျော်, သကျသီဟ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ, စေတိယင်္ဂဏ ပရိယတ္တိဓမ္မာစရိယ ဂဏဝါစက, နိုင်ငံတော်အစိုးရ သာသနဓဇဓမ္မာစရိယ, အင်္ဂုတ္တရနိကာယပါဠိပါရဂူ, ဒီဃဘာဏက၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ–ဟူသော, ဘွဲ့ထူးများကို, ဆွတ်ခူးရရှိပေထသော။ မုနိန္ဒာဘိဘိဝံသေန၊ ''မုနိန္ဒာဘိဝံသ'' အမည်ရသော ရဟန်းတော်သည်။ ကတော၊ ရေးသားတီထွင်, စီရင်အပ်သော။ ရူပသိဒ္ဓျတ္ထဒီပကော၊ ရူပသိဒ္ဓိ, မည်ရှိခေါ်မှန်း, လက်သုံးကျမ်း၏, အဆန်းတကြယ်, နက်ဓိပ္ပာယ်ကို, အလွယ်သိရန်, နည်းတန်တန်ဖြင့်, ဝေဖန်ရှင်းဘိ ဗျုပ္ပတ္တိကြောင့်, **''ကြခတ်ဝိုင်းရူပသိဒ္ဓိရှင်းတမ်း''**, အသွင်ဆန်းဖြင့်, တင့်လျှမ်းဝေဆာ, အမည်သာသော။ အယံ ဂန္ထော၊ ဤကျမ်းစာသည်။ နိဋ္ဌိတော၊ ၁၃၆၃ ခု, ဥတုဂိမှန္တ, ပြာသိုလဆန်း ၁၄–ရက်နေ့၌, ဘေးမတွေ့ရန်မသီ, ကြံစည်သလောက်, ခရီးပေါက်၍ ပြီးမြောက်အောင်မြင်ခဲ့လေပြီ။ (တနင်္ဂနွေနေ့၊ နံနက် ၇–နာရီ မိနစ် ၃၀။)

သုကတေန သုပုညေန၊ သုခဗောဓာယ သောတုနံ။
သုသုခေနေဝ ဇောတေယျံ၊ သုခန္ဒဒဿ သာသနံ။

သောတူနံ၊ ရူပသိဒ္ဓိ–မည်သာ, ကျမ်းအရာတွင်, ကျွမ်းကျင်လိုငြား, စာသင်ငယ် အများတို့၏။ သုခဗောဓာယ၊ မပင်မပန်း, ချမ်းချမ်းသာသာ, လွယ်ကူစွာ သိကြပါစေခြင်းအကျိုးငှါ။ သုကတေန၊ **''ကြခတ်ဝိုင်းရူပသိဒ္ဓိရှင်းတမ်း''**, အဖွင့်ကျမ်းကို, ကြိုးပမ်းတီတွင်, စီရင်ပြုစုရ ခြင်းကြောင့်။ (အဓိဂတေန၊ ကိုယ်ပိုင်ဆတ်ဆတ်, ရရှိအပ်သော။) သုပုညေန၊ ကောင်းမှုတကာ, မယှဉ်သာသည့်, အတိဥက္ကဋ္ဌ, လွန်မြတ်ဘိတောင်း, ကုသိုလ်ကောင်းမှုကြောင့်။ သုခန္ဒဒဿ၊ လူ–နတ်–ဗျာန်မှတ်, ဝိပဿနာ, တစ်ဖြာ မဂ္ဂ, ဖလ–နိဗ္ဗာန်, အတန်တန်သော ချမ်းသာကို, ကောင်းစွာပေးတတ်, ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ သာသနံ၊ သုံးရပ်မှန်စွာ, အဆုံးအမသာသနာ တော်ကို။ သုသုခေနေဝ၊ နှောင့်ယှက်ခပင်း, အကုန်ရှင်းလျက်, ပြည့်တင်းကျန်းမာ, အလွန် ချမ်းသာစွာမြင့်သာလျှင်။ ဇောတေယျံ၊ မိုက်မှောင်တွေကင်း, လင်းထက်လင်းအောင်, မယွင်းပုံသေ, ပြုစုနိုင်ရစေသား, အရှင်မြတ်ကြီးဘုရား။

"ကြခတ်ဝိုင်း ရူပသိဒ္ဓိရှင်းတမ်း"
အားလုံး ပြီးစီးအောင်မြင်ပါပြီ။